www.burmeseclassic.com

# သုတေသန
# အဘိဓာန်များမှတ်စု

ဒေါက်တာရီရီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ သုတေသနအသင်း

ဒေါက်တာ ရီရီ

# သုတေသနအဘိဓာန်များမှတ်စု

သုတေသနစာစဉ်သစ် ၁၃

အောက်တိုဘာ၊ ၁၉၇၄

www.burmeseclassic.com

www.burmeseclassic.com

## သုတေသနအဘိဓါန်များမှတ်စု

ရေးသူ ဒေါက်တာဒေါ်ရီရီ၊ အကြီးတန်းသုတေသနမှူး

နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန၊

စာပေပညာရှင် သုတေသီများအတွက် မြန်မာမှုဆိုင်ရာ သုတေသနအဘိဓါန်များ လွန်စွာနည်းပါးလှသည်။ အင်္ဂလိပ်ဘာသာ ဘိဝံသပြုစု၍ ဦးဖိုးလတ်တည် ဖြတ်သော သုတေသနသရုပ်ပြအဘိဓါန်မျိုးကား ရှိ၏။ သို့သော် နိုင်ငံခြားမှထုတ်ဝေသော A Dictionary of National Biography (အမျိုးသားအတ္ထုပ္ပတ္တိ အဘိဓါန်) A Dictionary of Pali Proper Names (ပါဠိအမည်များအဘိဓါန်) Hobson Jobson: A Glossary of Anglo-Indian Words and Phrases (အင်္ဂလိပ်-အိန္ဒိယဝေါဟာရအဘိဓါန်) ကဲ့သို့သော အဘိဓါန်မျိုးကား မြန်မာနိုင်ငံတွင် မြန်မာမှုဆိုင်ရာ မြန်မာဘာသာဖြင့် မရှိသေးချေ။ အထက်ဖော်ပြပါ အဘိဓါန်များသည် သုတေသီများအဖို့ လွန်စွာအသုံးဝင်ကြပေရာ မြန်မာမှုဆိုင်ရာ အဘိဓါန်များ မြန်မာဘာသာဖြင့်လည်း ရှိအပ်လှပေသည်။ ယင်းသို့သော သုတေသနအဘိဓါန်များမရှိသဖြင့် မြန်မာမှုဆိုင်ရာများကို လေ့လာသည့်အခါ အခက်အခဲအနည်းနှင့်အများ ကြုံတွေ့တတ်ကြပေသည်။ ထို့ကြောင့် သုတေသနအဘိဓါန်များ ရှိသင့်သည်ကိုကား သုတေသီအများစုက လက်ခံကြပေသည်။ သို့သော် ယင်းလုပ်ငန်းမှာ နှစ်ရှည်လများ လူအင်အားအများနှင့် အချိန်ပြည့် ဆောင်ရွက်ရသော လုပ်ငန်းမျိုးဖြစ်သဖြင့် သုတေသီတို့သည် သုတေသန အဘိဓါန်များ ပြုစုကောင်းသည်ကို သိလျက် မပြုစုနိုင်ခဲ့ခြင်းဖြစ်ပေသည်။

BURMESE CLASSIC .com

စာပေသုတေသီတို့သည် မြန်မာမှုအဝင်အပါ နိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှုကဏ္ဍကို လေ့လာသုတေသနပြုရာ၌ မြန်မာမှုနှင့်ဆိုင်သော အထက်ဖော်ပြပါ အဘိဓါန်မျိုး မရှိသေးသဖြင့် အကြိမ်ကြိမ် အခက်အခဲနှင့် ရင်ဆိုင်ခဲ့ကြရပေသည်။ ယနေ့လည်း ယင်းအခက်အခဲကို ရင်ဆိုင်ရဆဲပင်ဖြစ်ပေသည်။ ထို့ကြောင့် ယင်းသို့ ရင်ဆိုင်နေရသော အခက်အခဲများ တစိတ်တဒေသမျှ ပြေလည်သွားစေရန် ရည်သန်၍ သုတေသနအဘိဓါန်များပြုစုရန် ကြိုးစားခဲ့ပါသည်။ သို့ရာတွင် ပင်မလုပ်ငန်းတာဝန်များ ရှိနေသဖြင့် သုတေသနအဘိဓါန်များ ပြုစုရေးကို အချိန်ပြည့် မဆောင်ရွက်နိုင်ပါ။ အားလပ်ချိန်များတွင်သာ "သုတေသနအဘိဓါန်များ" ပြုစုရန်အတွက် မှတ်စုမှတ်ရာများလောက်သာ စုဆောင်းနိုင်ခဲ့သည်။ ယခုစုဆောင်းရရှိပြီး မှတ်စုများအနက် တစိတ်တဒေသကို သုတေသနအဘိဓါန်များ မပြုစုနိုင်သေးမီ၊ အထိုက်အလျောက်သုံးစွဲလိုသူတို့ သုံးစွဲနိုင်ရေးအတွက် တင်ပြပါမည်။ နောင်လည်း အခွင့်သာတိုင်း ဤကဲ့သို့ သုတေသနအဘိဓါန်များမှတ်စုများ တင်ပြသွားရန် ရည်သန်ပါသည်။ ဤနည်းအားဖြင့် သုတေသနအဘိဓါန်များမှတ်စု များပြီးလာသည့်အခါ သုတေသနအဘိဓါန်များ ဖြစ်မြောက်လာလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုတင်ပြသည်တို့မှာ သုတေသနအဘိဓါန်များ ဖြစ်မြောက်ရေးအတွက် သော မှတ်စုများသာဖြစ်သဖြင့် အကြောင်းအချက်များ ပြည့်ပြည့်စုံစုံ ဖော်ပြနိုင် သေးပေ။

ရှေးဦးစွာ ရှေးခေတ်အမည်များနှင့် ရှေးသုံးစကားများဆိုင်ရာ မှတ်စုများကို တင်ပြပါမည်။ ဤသို့ သုတေသန အဘိဓါန်များမှတ်စုများကို ကြိမ်ဖန်များစွာ တင်ပြခြင်းအားဖြင့် အကြောင်းအချက်များသည် တဖြည်းဖြည်းပြည့်စုံလာ၍ ရှေးခေတ်အမည်များ မှတ်စုများသည် အမျိုးသားအတ္ထုပ္ပတ္တိအဘိဓါန်၊ ရှေးခေတ် ပထဝီဝင်အမည်များ အဘိဓါန်၊ ရှေးခေတ်အဆောက်အဦများအဘိဓါန်စသည့် အဘိဓါန်များ၊ ရှေးသုံးစကားမှတ်စုများမှ ရှေးသုံးဝေါဟာရအဘိဓါန်၊ ရှေးခေတ်အုပ်ချုပ်ရေး ဝေါဟာရများ အဘိဓါန်များစသည်ဖြင့် အဘိဓါန်များဖြစ်မြောက်လာပါမည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# အတိုမှတ်စာရင်း

ကဘဆ။ ။ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဟံသာဝတီ ပိဋကတ်စာပုံနှိပ်တိုက်၊ မန္တလေး၊ ၁၂၈၄-၅)

ဂဇက်။ ။*Gazetteer of Upper Burma and the Shan States* (J.G. Scott and J.P Hardiman. Rangoon 1901.)

စာရင်း။ ။*A List of Inscriptions found in Burma* Part I (Rangoon Supdt. Government Printing. Burma. 1921.)

စမ္မူ။ ။စမ္မူဒိပ ဥဆောင်ကျမ်း။ ။(သတိုးသိရိသုဓမ္မ ဒေါက်တာ ဂျေ အက်စ် ဖာနိဗဲလ်နှင့် ဒေါက်တာဖေမောင်တင် တည်းဖြတ်နိဒါန်းရေးသည်။ မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်၊ ၁၉၆၀)

ဆိုးမစာ။ ။ဆိုးမစာပေါင်းချုပ် (နန်းညွန့်ဆွေ တည်းဖြတ်သည်။ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၁)

တိလောက။ ။တိလောကစေတီကျောက်စာ (မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မုံရွေးရွာဇေတဝန်ကျောင်း။ ၂ မျက်နှာ)

တံတားဦး။ ။တံတားဦး မင်္ဂလာစေတီ မော်ကွန်း (သျှင်မဟာရဋ္ဌသာရ ရေး)

ပဇပ်။ ။ပဇပ်ရာဇဝင် (မော်ပီဆရာသိန်းကြီးရေး၊ ဒေါ်အုန်းသင်နှင့် သားများ၊ ၂၅၂ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့)

ပေါင်းချောင်။ ။စလင်းမင်း မောင်ပေါင်းချောင် ချင်း (ရွှေတောင် နန္ဒမိတ်ရေး၊ ဦးဖေမောင်တင် တည်းဖြတ်သည်။ ယဉ်ကျေးမှုဌာန၊ ၁၉၆၂)

ပုံ။ ။မြန်မာတိုင်းရင်းသား ကျောက်စာများ (Oxford University Press, London, Humphrey Milford)

ဗောဓိကုန်းဂူ။ ။မန္တလေး ဗောဓိကုန်း ဆွေတော်မျိုးတော် သင်းချိုင်းမှတ်စာများ။

www.burmeseclassic.com

www.burmeseclassic.com



မနုကျယ်။ ။မနုကျယ်ဓမ္မသတ် (ဟံသာဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၀၃)

မမမ။ ။မြန်မာ မဟာမင်္ဂလာ မင်းခမ်းတော် (မြန်မာဘာရာသာတင်းစာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၀၅)

မသဂ။ ။မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် (မြန်မာနိုင်ငံ သုတေသနအသင်း၊ ရန်ကုန်မြို့၊ မျက်နှာမဲ့ဂဏန်းများသည် အတွဲနံပတ်ကိုညွှန်းသည်)

မုနိနောက်။ ။(မန္တလေးမြို့ မဟာမုနိဘုရားရှိ အနောက်ဖက်ကျောက်စာရုံမှ ကျောက်စာစု)

မုနိရှေ့။ ။(မန္တလေးမြို့ မဟာမုနိဘုရားရှိ အရှေ့ဖက်ကျောက်စာရုံမှ ကျောက်စာစု)

မယ်နု။ ။နန်းမတော်မယ်နု(မောင်ဗိ ဆရာသိန်းကြီးရေး၊ ဒေါ်အုန်းသင်နှင့် သားများ၊ ၂၅၂ ဆူးလေဘုရားလမ်း၊ ရန်ကုန်)

BURMESE CLASSIC .com

မင်းရွှေရေး။ ။(မင်းရွှေရေးချောင်းရွှေတောင်နန္ဒမိတ်ရေးလက်ရေးမူ)

မြန်မာစာ။ ။မြန်မာစာပေသမိုင်း (ဦးဘေမောင်တင်၊ သုံးဓမ္မဝတီ ကျောင်းသုံးစာအုပ်ထုတ်ဝေသောဌာန ၁၃၁၇-ခုနှစ်၊ စတုတ္ထနှိပ်ခြင်း)

မြန်မာမင်း။ ။မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ် (ခေါ်) အမိန့်တော်ထမ်းကြီး(ပုဂံဝန်ထောက် ဦးတင်ရေး၊အစိုးရ ပုံနှိပ်တိုက်၊ရန်ကုန်၊ ၁၂၉၃-၉၅)

ရဟာအမတ။ ။အမိန့်တော်များ (ရှေးဟောင်းသုတေသနဌာန စာစုမှလက်ရေးမူ စာအုပ်ကြီး)

ရှေးဖြစ်။ ။ရှေးဖြစ်စာတမ်း (မောင်ဗိဆရာသိန်းကြီးရေး)

ရွှေနန်းသုံး။ ။ ရွှေနန်းသုံး ဝေါဟာရ အဘိဓါန် ( ဝန်ထောက် ဦးမောင်မောင်တင်ရေး၊ ဖယောင်းရိုက်မူ)

ရွှေဘိုဇက်။ ။ *Burma Gazetteer. Shwebo District* Vol. A. (A. Williamson, 1929 Government Printing and Stationery, Rangoon, Reprint 1963)

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုံနိဒါန်း။ ။ရွှေဘုံနိဒါန်း (ဇေယသင်္ခယာဘွဲ့ရ မြဝတီမင်းကြီး ဦးစရေး၊ ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက် အောင်ဆန်းလမ်း၊ မန္တလေး၊ ၁၉၅၅)

သကဗဟ။ ။လောကဗျူဟာ (အင်ရုံ ရွာစား ဝန်ကြီး သီရိဥဇနာရေး၊ ဦးဖိုးလတ် တည်းဖြတ်၊ ယဉ်ကျေးမှုဌာန ဒုတိယနှိပ်ခြင်း၊ ၁၉၆၂)

လဗစ။ ။လွှတ်တော်ဖြတ်စာများ (ရွှေပြည် ဦးဘတင် စာစု လက်ရေးမူ၊ မြန်မာ နိုင်ငံ သမိုင်းကော်မရှင် စာကြည့်တိုက်)

လွှယ်အိတ်။ ။အရှူးလွယ်အိတ် (မောင်ပီဆရာသိန်းကြီးရေး၊ မောင်ပီဆရာသိန်းကြီး စာအုပ်တိုက်၊ ရန်ကုန်)

ဝန်သို။ ။ဝန်သိုမြို့နယ် စစ်တမ်းများ (မြန်မာနိုင်ငံ သမိုင်းကော်မရှင် စာကြည့်တိုက် အမှတ် ၆၃၄၅၊ လက်နှိပ်စက် ဖရောင်းလိပ်)

အမေ့မှု။ ။အမေ့မှုခဏ်း ဓမ္မသတ်ကျမ်းကြီး (ကင်းဝန်မင်းကြီး ပြုစုသည်၊ မြန်မာပြည် အစိုးရ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၆၀ ပြည့်)

အလမ။ ။အလောင်းမင်းတရားကြီး အရေးတော်ပုံ (မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် စာကြည့်တိုက် စာစုပေမူ၊ မြန်မာနိုင်ငံ သမိုင်း ကော်မရှင် စာကြည့်တိုက် လက်နှိပ်စက်မူ)

အလမအ။ ။အလောင်းမင်းတရားကြီး အမိန့်တော်များ (ဒေါ်ခင်ခင်စိန် တည်းဖြတ်သည်။ ယဉ်ကျေးမှုဌာန ၁၉၆၄)

အိုအာခ်။ ။(Dalrymple's *Oriental Repertory*, 1791-7, Government Printing, Burma 1926)

www.burmeseclassic.com

www.burmeseclassic.com



## ရှေးခေတ်အမည်များ

### [ က ]

( င ) က။ ။ဆင်တဲရွာမြေတိုင်။ ၎င်းမျိုးရိုးမှာ အဖိုးမြေတိုင်ကြီး ငစံဘော်၊ အဖ မြေတိုင်ကြီး ငရွှေတုတ် အမိ မိအိုတို့ဖြစ်၏။ ငကေ၏အဖမှာ ငစံသူမယား မိမှုံဖြစ်၍ အကိုမှာ ငရွှေဖြစ်၏။ သက္ကရာဇ် ၁၁၆၄ ခု ကဆုန်လတွင် ငကေသည် ကန္ဒိမြို့ကျေး ဆင်တဲရွာ၌ မြေတိုင်အရာနှင့် တိုင်ဆော်ကြီးစိုးနေသည်ကို တွေ့ရှိရ၏။

၁။ လ ပ စ ၂၁

**ကစကောင်းရွာ။** ။တူရွင်းတိုင်မြို့နယ်။ ကစကောင်းရွာသည် တူရွင်းတိုင်မြို့နယ် အနောက်မျက်နှာနယ်စပ်တွင်ရှိ၍ စဥ့်ကူ၊ ရွာသာ၊ ပုဂံမြို့ကျေး ညောင်ပင်ရွာတို့နှင့် ကျောခိုင်းဖြစ်သည်။

၁။ မသဂ ၄၄။ ၁ ဂ၁

**ကစပိုရွာ။** ။တူရွင်းတိုင်မြို့နယ်။ ကစပိုရွာ၏ နယ်မြေအပိုင်းအခြားမှာ အရှေ့ကို လက်ဝဲ ရေဝေလမ်းမ။ အရှေ့တောင်ကို ပန်းသုံးချောင်း ဇီးချင်းကန်နှင့် စဥ့်ကူ။ တောင်ကို စမ်းစိမ့်စမ်းရိုး၊ ထနောင်းဥက္ကာကျောက်ပုံ။ အနောက်တောင်ကို မြင်းမအိုင်။ အနောက်ကို တောင်ပျို၀။ မြောက်ကို ကြခပ်ဝန်း မြေဖြူ မြေဝါလမ်း။ အရှေ့မြောက်ကို ချောင်းဖီလာ မြက်ခါးကြီးတော ရေဝေကုန်းတို့ဖြစ်၏။ ကစပိုရွာ နယ်မြေအလုံးသည် ပုဂံရွှေကျောင်းဝတ်မြေချည်းဖြစ်၍ ၁၁၆၄ ခုတွင် ရွာသူကြီးမှာ အသက် ၃၅ နှစ်ရှိသော သောကြွာသား ငမြတ်ဖြစ်သည်။

၁။ ကစပိုစစ်တန်း ၆၄ ခု။

**ကစိန်ကလက်အင်း။** ။ကောလိယမြို့ကျေး။ ကစိန်ကလက်အင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့ကျေး၌ ရှိသည်။ ထိုအင်းတွင် ငါးရှာသူတို့သည် လုပ်အားခလျှင် အခွန်မငွေရွက်နီ ၃ ရေးစား ၁ မတ် ဆော်စား ၁ မတ် ပေးဆောင်ကြရသည်။

၁။ မသဂ ၆၊ ၂၂၁

**ကတတ်ချောင်း။** ။ဟံသာဝတီမြို့နယ်။ ကတတ်ချောင်းသည် ဟံသာဝတီ မြို့နယ်၏ အရှေ့တောင်ဖက်နယ်ခြားဖြစ်၍ မုတ္တမကျေး တိုက်ကုလားနယ်စပ်၌ရှိသည်။

၁။ ဟံသာဝတီ ၃၂ မြို့တော်စစ်တန်း ၆၄ ခု။

www.burmeseclassic.com

www.burmeseclassic.com



ကတုတ်ချောင်းအင်း။ ။ကောလိယမြို့ကျေး။ ကတုတ်ချောင်းအင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့ကျေး၌ရှိ၍ ၎င်းအင်းတွင် ငါးရှာသူတဦးလျှင် ခွန်မငွေ ရွက်နီ ၃ိ၊ ရေးစား ဆော်စား ၁ိ ပေးဆောင်ရ၏။[၁]

၁။ မသဂ ၆။ ၂၂၂

ကတုံရွာ။ ။ပုဂံမြို့အဝင်၊ ကတုံရွာနယ်မြေသည် ရှေ့ကို လက်ပံခမြေအထိ၊ တောင်ကို တရာနိုင်ငံမြေထိ၊ အနောက်ကို စချိရွာမြေထိ၊ မြောက်ကို နဘဲရွာမြေအထိ ဖြစ်၏။ ကတုံရွာသည် ချောင်းရှည်ရွာ၏ တောင်ဖက်၊ ကမြဲရွာ၏ အရှေ့ဖက်တို့၌ရှိသည်။ သက္ကရာဇ် ၁၁၄၅ ခု စစ်တန်း ရေးစစ်သိမ်းခံချိန်တွင် သူကြီးမှာ အသက် ၄၅ နှစ်အရွယ် ကြာသပတေးသမီး မိယဖြစ်၏။[၁]

၁။ ( ၄၅ ခု ချောင်းရှည်ရွာ၊ ကမြဲရွာ၊ ကတုံရှည်ရွာစစ်တန်းများ )

ကနောင်မင်းသား။ ။သိရိမ္မရာဇာဘွဲ့ခံ၊ ကနောင်မင်းသားသည် ဗဒုံမင်းနှင့် တောင်ဆောင်တော်မိဖုရားတို့၏ သားတော်ဖြစ်၍ သက္ကရာဇ် ၁၁၄၉ ခုတွင် ဖွါးမြင်သည်။ ငယ်မည် သာယွန်းအောင်ဖြစ်၏။ အမိခြား ကုပ်ရွာစား မင်းသမီးနှင့်သင့်သည်။[၁]

၁။ ပဇပ် ၂၆၃

ကနောင်မြို့စား။ ။မဟာဇေယျသူရ၊သက္ကရာဇ် ၁၁၄၉ ခုတွင် ဗဒုံမင်းသည်မဟာဇေယျသူရအား ကနောင်မြို့ကို စားစေ၍ အသည်ဝန်ကြီးခန့်တော်မူသည်။ ထိုဝန်ကြီး၏သားတဦးသည် နန်းလျှာစကိုင်းမင်းအိမ်တော်တွင် ဆင်ရင်ရွာစား ၄၀ တော် သွေးသောက်ကြီးဖြစ်၍ လက်ဝဲရွှေတောင်ဘွဲ့နှင့် ကွမ်းရေလည်းကိုင်ရသည်။[၁]

၁။ မသဂ ၄၅။ ၁၅၉

ကနောင်မြို့စား။ ။စကိုင်းမင်း၏ အလယ်နန်းမတော်မိဖုရား။ ၎င်းသည် မိုးကောင်းမြို့ဝန်ဦးစံသာ သမီးဖြစ်၍ ကနောင်မြို့နှင့် ကျောက်မော်မြို့များကိုစားရသည်။[၁]

၁။ မသဂ ၄၅။ ၁၅၄

ကပျစ်ချောင်း။ ။တောင်ဆင်းမြို့ကျေး၊ ကပျစ်ချောင်းသည် တောင်ဆင်းမြို့ကျေး တောင်ဖက်နယ်နိမိတ်ဖြစ်၍ တူရွင်းတိုင်ကျေး ရွှေကျောင်းမြေစပ်တွင်ရှိသည်။[၁]

၁။ တောင်ဆင်းမြို့စစ်တန်း ၄၅ ခု

www.burmeseclassic.com


ကပြူရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကပြူရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာအဝင် ဖြစ်သည်။[၁]

၁။ ကျောက်ဆောက်မြို့စစ်တန်း

ကဘတ်ရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကဘတ်ရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာ အဝင်သည်။[၁]

၁။ ကျောက်ဆောက်မြို့စစ်တန်း

ကမာတပေါ။ ။ကောလိယမြို့ကျေး။ ကမာတပေါသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယ မြို့ကျေး၏ အရှေ့တောင်နယ်မြေအခြား၊ စစ်တောင်းမြို့နယ်မြေနှင့်အစပ်တွင် ရှိသည်။[၁]

၁။ မသက ၆။ ၂၂၂

ကမန်ကျော်။ ။အမှုထမ်းသက္ကရာဇ် ၁၁၁၉-ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ဟံသာဝတီ နေပြည်တော်ကို သိမ်းယူပြီးနောက် စေတီပုထိုးရွှေငွေတို့ကို သိမ်းယူပြင်ဆင်သန့်ရှင်းစေရာ၌ ထိန်ချန်ဖျက်ဆီးမှုနှင့် ကမန်ကျော်အား ရင်စာထိုးစေရသည်။[၁]

၁။ ကဘဆ ၁။ ၂၅၆

ကမန်ကျော်ထင်။ ။မြေတ်။သက္ကရာဇ် ၁၁၁၉-ခုတွင် အလောင်းမင်းတရားကြီးသည် ဟံသာဝတီ မြို့၌ စံနေတော်မူစဉ် ပန်းတည်းမြေတ်ကို ကမန်ကျော်ထင် အမည် သနားတော်မူသည်။[၁]

၁။ ကဘဆ ၁။ ၂၅၆

ကမြဲရွာ။ ။ပုဂံမြို့ကျေး။ ကမြဲရွာနယ်မြေသည် အရှေ့ကို ကတုံရွာမြေထိ၊ တောင်ကိုအလယ်ရွာ မြေထိ။ အနောက်ကို စချီရွာမြေထိ။ မြောက်ကို ငြင်ရွာမြေထိဖြစ်၏။
ကမြဲရွာသည် နဘဲရွာနှင့် တောင်နောက်ရွာတို့၏ တောင်ဖက်တွင်ရှိသည်။
ကမြဲရွာသူကြီးရိုးမှာ လှေ၊ ငင်းသား ငကျော်၊ ငင်းသား ငမြေတ်တို့ဖြစ်၏။ သက္ကရာဇ် ၁၁၄၅-ခု စစ်တန်းရေးစစ်သည့် သူကြီးမှာ အသက် ၅၀-ရွယ်ရှိ တနင်္ဂနွေသား ငမြေတ် ဖြစ်၏။[၁]

၁။ ကမြဲရွာ၊ နဘဲရွာနှင့် အနောက်အုံရွာ ၄၅ ခု စစ်တန်းပျာ

ကရဝိတ်တံခါး။ ။ရတနာသိင်္ဃမြို့တော်။ အလောင်းမင်းတရားကြီး သက္ကရာဇ် ၁၁၁၅-ခုတွင် ရတနာသိင်္ဃမြို့တော်ကို တည်ထောင်ရာ၌ မြို့တော်အနောက်မျက်နှာတံခါး ၃-ပေါက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကရဝိတ်တံခါးမှာ အလယ်တံခါးဖြစ်၏။ ၎င်းတဖက်တချက်တွင် ဇေယျာတံခါးနှင့် ရန်ကြီးအောင်တံခါးများရှိသည်။

၁။ ကဘဆ ၁။ ၇၀

ကရက်လက်တက်အင်း။ ။ကောလိယမြို့ကျေး။ ကရက်လက်တက်အင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့နယ်၌ ရှိသည်။ ယင်းအင်း၌ ငါးရှာသူတို့သည် တကိုယ်လျှင် ခွန်မငွေရွက်နီ ၃ ၊ ရေးစားဆော်စား ၁ မတ် ပေးဆောင်ရ၏။

၁။ မသက ၆။ ၂၂၁-၂

( င ) ကလေ။ ။ကုတ်ပို့။ ပုဂံမြို့အဝင် ကုတ္တိ ၄ ရပ်မှ အောင်သာကူးတို့ကို ၁၁၂၆-ခုနှစ်မှ စ၍ ကူးတို့ပို့သည်။

၁။ မသက ၃၂။ ၅၅

ကလေးနယ်။ ။သီပေါမင်းလက်ထက် ၁၀ ခရိုင် သတ်မှတ်ဖွဲ့စည်းရာ၌ ကလေးနယ်သည် သတ္တမ ဌာန ချင်းတွင်းကြောင်းခရိုင်တွင် ပါ၏။

၁။ မြန်မာမင်း ၂။ ၁၁၁

ကလေးမြို့စား။ ။သတိုးမင်း မင်းလှရဲကျော်စွာ။ အလောင်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့၏သားငယ်။ ပုခန်းကြီးမြို့နှင့် ကလေးမြို့များကို စားရ၏။

၁။ ကဘဆ ၁။ ၃၃၀

ကလံပွားမြင်းစီး။ ။သိမ်နရာ။ အလောင်းမင်းတရားကြီးအမိန့်တော်အရ သိမ်နရာနှင့် မင်းရဲကောင်းပုံတို့သည် သက္ကရာဇ် ၁၁၁၇ ခု နယုန်လတွင် လှေတော် ၂ စင်းနှင့် ဟိုင်းကြီးကျွန်းသို့ သွားရောက်ခဲ့ရ၏။

၁။ ကဘဆ ၁။ ၁၄၇

ကလံရွာ။ ။တောင်တွင်းကြီးမြို့ကျေး။ ကလံရွာသည် တောင်တွင်းကြီးမြို့နယ်နှင့် စလေမြို့ကျေး ခွေးချီနယ်စပ်တွင် ရှိသည်။

၁။ ခွေးချီရွာစစ်တန်း ၄၆ ခု

www.burmeseclassic.com

www.burmeseclassic.com



ကလျာဏီရွှေကျောင်း။ ။မုံ့ရွေးရွာ။လက်ဝဲသုန္ဒရ၊လက်ဝဲနေဒ်ရထာ၊ စည်သူကျော်ထင်ဟူသော အမည်များကို အဆင့်ဆင့် ရရှိခဲ့သော အမတ်သည် မိမိ၏ ဇာတိချက်မြှုတ် မုံ့ရွာခရိုင် မုံ့ရွေးရွာတွင် တည်ထားသော ကျောင်းဖြစ်သည်။ ဒီပဲယင်းမင်းသည် ထိုကျောင်းကို ကလျာဏီရွှေကျောင်းဟူသော ဌာနတံဆိပ် ကပ်လှူတော်မူခဲ့သည်။[၁]

၁။ တိလောက မျက် ၄၀

ကဝိန္ဒ။ ။စတုတ္ထကျော်အောင်စံထားဆရာတော်၏ ရဟန်းဘွဲ့။[၂]

၁။ ရွှေးဖြစ် ၁၇၁

ကဝိန္ဒဓဇမဟာဓမ္မရာဇာဂုရု။ ။ကျော်အောင်စံထားဆရာတော်။ သာယာဝတီမင်းသည် စတုတ္ထ ကျော်အောင်စံထားဆရာတော်အား ကပ်လှူသောတံဆိပ်တော်ဖြစ်သည်။[၁]

၁။ ရွှေးဖြစ် ၁၇၁

ကသာမိဖုရား။ ။မြတ်စွာဝတီ။ကသည်းဝန် မင်းကြီး ဇေယသူသမီး။ငင်းနှင့် ဗဒုံမင်းသင့်ရာတွင် သားတော် ကသာမင်းသားနှင့် ငယ်ကလွန် သားတော်သမီးတော် ၃ ပါး ပေါင်း ၄ ပါး ထွန်းကားသည်။[၁]

၁။ ပဇပ် ၂၇၀

ကသာမင်းသား။ ။မင်းရဲရွှေတောင်။ ဗဒုံမင်းနှင့် ကသာမိဖုရားတို့မှ သက္ကရာဇ် ၁၁၆၄ ခုတွင် ဖွားမြင်သော သားတော်ဖြစ်၍ ၁၁၇၀ ပြည့်တွင် ကံကုန်သည်။[၁]

၁။ ပဇပ် ၂၇၀။ မသက ၄၅။၁၄၇

ကသည်း။ ။သီပေါမင်းလက်ထက် ၁၀ ခရိုင် သတ်မှတ်ဖွဲ့ စည်းရာ၌ ဒသမဌာန အညာမြစ်စဉ် ခရိုင်တွင် ပါဝင်၏။[၁]

၁။ မြန်မာမင်း ၂။ ၁၁၁

(ရှင်) ကသည်း။ ။သီရိမဟ္မဝတီ၊ ဗဒုံမင်း နှင့် စောလှမြို့စားတို့ သင့်ရာတွင် မြင်သည့် သမီးတော်ဖြစ်၍ အမိခြား မောင်တော် သကျင်သံရွာစားနှင့် သင့်၏။[၁]

၁။ ပဇပ် ၂၆၇

www.burmeseclassic.com

www.burmeseclassic.com



ကသည်းမြင်းဝန်။ ။အမည်မသိ။ ၎င်းအား သာယာဝတီမင်းလက်ထက်တွင် အက္ကပတ် မြင်းဝန်၊ နောက်ပန်းဘဲဝန်၊ ပုဏ္ဏားဝန်၊ ကသည်းဝန်၊ ကွမ်းရေခေါင်း၊ နောက်အတွင်းဝန် အသီးသီး ခန့်တော်မူသည်။ နောင်တွင် မြေတောင်မင်းကြီးဖြစ်၏။ ႑

၁။ မသက ၄၅။ ၁၅၉

ကသည်းဝန်။ ။မင်းကြီးဇေယသူ။ ၎င်း၏သမီးသည် ဗဒုံမင်း၏ ကသာမိဖုရား မြတ်စွာဝတီ ဖြစ်သည်။ ႑

၁။ ပဇပ ၂၇၀

( ဦး ) ကာ။ ။မင်းကြီးမဟာမင်းလှရာဇာ။ဦးကာသည် သရက်မြို့သူကြီးသားဖြစ်၍ ပုဂံမင်း အိမ်တော်စံစဉ်က အတွင်းဝန်၊ နောက် စားတော်အတွင်းဝန်၊ နောက် ဝန်ကြီး ခေတ္တ ခန့်သည်။ မနောက် ၁၂၀၇-ခုတွင် ဝန်ကြီးထပ်မံခန့်တော်မူပြန်သည်။ မင်းတုန်းမင်း လက်ထက်တွင် ၎င်းအား အတွင်းဝန်ခန့်၍ ဝက်မစွတ်မြို့ကို စားစေသည်။ နောက် မင်းကြီးမဟာမင်းလှရာဇာဘွဲ့ ချီးမြှင့်၍ ဇင်းမယ်ဝန် ခန့်တော်မူပြန်သည်။ ႑

၁။ မသက ၄၅။ ၁၅၈

( င ) ကာကလေး။ ။စာရေး။ ငကာကလေးသည် သက္ကရာဇ် ၁၁၆၈-ခု ဝါခေါင်လတွင် လွှတ်တော်စာရေးကြီး လက်ဝဲဇေယကျော်သူထံ စာရေးအဖြစ် ထမ်းရွက်လျက်ရှိ၏။ ႑

၁။ လဖစ ၉

( င )ကာကြီး။ ။စာရေးကြီး။ ငကာကြီးသည် သက္ကရာဇ် ၁၁၆၉-ခုတွင် စာရေးကြီး အရာ နှင့် ထမ်းရွက်လျက်ရှိသည်။ ႑

၁။ လဖစ ၆

ကာမဏိစန္ဒ။ ။မြို့ဝန်။ ဗဒုံမင်းသည် ကင်းလတ်ဗိုလ်မှူး အမှုထမ်းဟောင်း ကာမဏိစန္ဒကို မြို့ဝန်၊ နောက်လက်ျာဝင်းမှူး၊ အသီးသီးခန့်တော်မူသည်။ ႑

၁။ မသက ၄၅။ ၁၅၂၊ ၁၅၃

ကာမမြို့စား။ ။နန္ဒယော်ဓါ။မဟာဓမ္မရာဇာဓိပတိသည်နန်းတက်ပြီးနောက်၊ကျွန်တော်ဟောင်း မြင်းဝန်နန္ဒယော်ဓာအား ကာမမြို့ကို စားစေသည်။ ႑

၁။ မသက ၄၅။ ၁၄၄

www.burmeseclassic.com

www.burmeseclassic.com


**ကာမမြို့စား။** ။ဗဒုံမင်း၏ မြောက်ရွှေခရးဆောင်တော် မိဖုရားဖြစ်သည်။

၁။ ပဇပ် ၂၆၄

**ကာမမြို့စား။** ။သုသီရိမဟာရာဇာဘွဲ့ခံ။ ဗဒုံမင်းနှင့် ကိုယ်လုပ်တော် ရှင်မင်းစီတို့၏ သားတော် ငယ်မည် မောင်ရွှေအူ။ ကာမမြို့ကို စားကျေးမြို့ရွာအဖြစ် ချီးမြှင့်ခြင်းခံရသည်။

၁။ ပဇပ် ၂၆၁

**ကိခီရာဌတိုင်း။** ။ဗဒုံမင်းလက်ထက်တွင် ကချင်သိမ်းပေါ လူမျိုးတို့နေရာကို ကိခီရာဌတိုင်း ခေါ်တွင်၏။

၁။ မြန်မာမင်း ၂။ ၀၄

**ကိရာဌတိုင်း။** ။ဗဒုံမင်းလက်ထက်တွင် ကရင်လူမျိုးတို့နေရာကို ကိရာဌတိုင်းခေါ်တွင်၏။

၁။ မြန်မာမင်း ၂။ ၀၄

( င ) **ကုလား။** ။ကျွန်။ သက္ကရာဇ် ၆၃၁-ခုတွင် ဇေယဝတ္တနာသည် ကုလားအား ကျွန် အဖြစ် လှူသည်။ ၎င်းညီမျာမှာ ပြည့်ဝ နှင့် မဲအိုတို့ဖြစ်ကြ၏။

၁။ ပုံ ၂၂၇

( င ) **ကုလား။** ။စလေမြို့သူကြီး။ ကုလားသည် မဟာသမန်ရိုးဖြစ်၍ ညောင်ရမ်းနှောင်း ခေတ်တွင် စလေမြို့သူကြီးအရာနှင့် ထမ်းရွက်ခဲ့၏။

၁။ စလေမြို့စစ်တန်း ၄၅ ခု

( င ) **ကုလား။** ။ပွဲစားရိုး။ ပုဂံမြို့ စီရင်စုတွင် ပွဲစား ၄ ရိုးရှိသည်အနက်၊ ကုန်းဘောင် ခေတ်ဦးတွင် ပြက်ကောက်ရသော ပွဲစားတဦးဖြစ်သည်။

၁။ မသဂ ၃၃။ ၅၄

( င ) **ကုလား။** ။ပြင်းပင်ရွာ ကျိစ္စသူကြီး။ ၎င်းသားကောင်းသည်လည်း အဖကုလား လွန်ပြီးနောက် ပြင်းပင်ရွာကို သူကြီးအရာနှင့် ဆက်ခံကြီးစိုး စီရင်သည်။

၁။ ပြင်းပင်ရွာစစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



( င ) ကုလား။ ။မဟာဥတ္တမသကြုံ။ ဗဒုံမင်းလက်ထက်တွင် ဦးကုလားအား အနောက်ဝင်းမှူးခန့်၍ မဟာဥတ္တမသကြုံဘွဲ့ကို ချီးမြှင့်တော်မူသည်။°

၁။ မသဂ ၄၅။ ၁၄၉

( မိ ) ကုလား။ ။သူကြီးမ။ မိကုလားသည် ညောင်ရမ်းနှောင်းခေတ်တွင် ပုဂံမြို့ကျေးရေမျက်ရွာသူကြီးမအဖြစ် ထမ်းရွက်ခဲ့သည်။°

၁။ မသဂ ၃၃။ ၂၃၆

( ဦး )ကုလား။ ။မင်းကြီးကျော်ထင်။ ဒိပဲယင်းမင်းသည် ဦးကုလားအား မင်းကြီး ကျော်ထင်ဘွဲ့နှင့် ဝန်ကြီးခန့်သည်။ စိုင်နံ့ရွာကို စားစေသဖြင့် စိုင်နံ့ဝန်ကြီးတွင်သည်။°

၁။ မသဂ ၄၅။ ၁၄၆

ကုလားကန်ရွာ။ ။တောင်တွင်းကြီးမြို့ကျေး။ ကုလားကန်ရွာသည် ခွေးချိုရွာနှင့် တောင်တွင်းကြီးမြို့နယ် စပ်ရာတွင် တည်ရှိသည်။°

၁။ ခွေးချိုရွာစစ်တန်း ၆၄ ခု

ကုလားဗိုလ်။ ။သေနစက်။ ဟံသာဝတီဘုရင်၊ ဗြမိုင်းမိရာဇာသေနာဓိပတိယံတွင် ကုလားဗိုလ်အဖြစ် ထမ်းရွက်ရာမှ ၁၁၁၉ ခုတွင် အလောင်းမင်းတရားကြီးထံ ဝင်ရောက်လာသည်။°

၁။ ကဘဆ ၁။ ၂၄ဂ

ကုလားဝန်။ ။သီရိဇေယကျော်ထင်။ တနင်္ဂနွေမင်းသည် သီရိဇေယကျော်ထင်အား အိမ်ရှေ့ပါ သွေးသောက်မြင်းစုဝန်၊ ကုလားဝန်၊ မြို့လပ်ငန်အသီးသီးခန့်တော်မူသည်။°

၁။ မသဂ ၄၅။ ၁၄၃

ကုသိနာရုံ။ ။မုတ္တမ ၃၂ မြို့နယ်၏။ မြောက်ဖက်မြေခြား°

၁။ စမ္ပူ ၁

ကူတော်ဘုရား။ ။သကျင်ရွာ။ အနော်ရထာမင်းစောသည် သက္ကရာဇ် ၄၂၆ ခုတွင် တည်ထားဆောက်လုပ်သောကူဖြစ်သည်။ ထိုကူအား လှူဒါန်းခဲ့သောဝတ်မြေများကား အင်းမတွင်လယ်ကြီးတပယ်စသော၊ ကွေ့ယ်တိုင်အောင်၊ သန်လယ်ကား တောင်ပျိုးခင်းကြီးစသောမြောက်ပေါက်ပင်ငယ်တိုင်အောင်၊ အထက်ကျုတ်တပယ် စသည်များဖြစ်၏။ ထိုကူ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို နရပတိစည်သူမင်း သက္ကရာဇ် ၅၃၇ ခုတွင် ဝတ်မိုးဝတ်မြေ ထပ်မံလှူပြန်သည်ကား သကျင် အရှေ့ဖျား၌ သန်လယ် ၂ ပယ်ခွဲ၊ အင်ကြင်းတွင်ရ ပယ်ခွဲ၊ ပဲခင်းအဝန်း ရေစင်ကြီး ရေစင်ငယ်၊ တောင်မှာ သင်ပုတ်ငယ် ၃ စိတ် စသည်တို့ဖြစ်၏။ ထိုဘုရားကို ငနီတွတ် စရွတ်လယ်လှူ၏။ အိမ်ပြည့်ဝလည်း ထိုဘုရားအား ထန်းတပင်၊ တောင်ရွာကြီး၊ အနောက်ရွာကြီး၊ အုန်းနှံ့ပင်စသည်များကို လှူဒါန်းခဲ့၏။ ဤသို့ အသီးသီး လှူဒါန်းခဲ့သည်များကို သက္ကရာဇ် ၁၁၄၇ ခု သတင်းကျွတ်လတွင် ဗဒုံမင်း ထပ်ဆင့်လှူဒါန်းပြန်သည်။

၁။ စာရင်း ၄၂၉

**ကူထွတ်မြို့။** ။မြန်အောင်မြို့။ ကူထွတ်နယ်မြေသည် အရှေ့ကို ရောဝတီမြစ်ထိ၊ တောင်ကို ကညင်ချောင်းထိ။ အနောက်ကို နဂါးရစ်အထိ၊ မြောက်ကို ဘားတရှည်ချောင်းအထိဖြစ်၏။ ကူထွတ်ကို လွန်ဆေးဟူ၍လည်း ခေါ်သည်။ ထိုမြို့ကို အလောင်းမင်းတရားကြီး သိမ်းမြန်းတော်မူသောအခါ မြန်အောင်မြို့ သမုတ်တော်မူသည်။ 'ကူထွတ်လွန်ဆေး၊ ယခင်ရှေးကို၊ နောက်ပေးမြန်အောင်၊ မော်ကွန်းဆောင်၍'

၁။ စမ္ပူ ၇၊ ကဘဆ ၁၊ ၁၃၇။ ပေါင်းချောင်ပိုဒ် ၃၃

**ကူရွာ။** ။တောင်ရွှေရွာ စီရင်စု။ တူရှင်းတိုင်မြို့ သူကြီးလက်အောက်ခံ တောင်ရွှေရွာပြည်စိုးကြီးစိုးသည့်ရွာတရွာ ဖြစ်သည်။

၁။ တောင်ရွှေရွာစစ်တန်း ၄၅ ခု

**( ဦး )ကူး။** ။မင်းလှကျော်စွာ။ဗဒုံမင်းသည် ကျွန်တော်ရင်းဦးကူးအားမင်းလှကျော်စွာဘွဲ့နှင့် အတွင်းဝန်ခန့်တော်မူသည်။

၁။ မသက ၄၅။ ၁၅၂

**ကေတုမတီ။** ။တောင်ငူ၏ပါဠိဘွဲ့။ ယင်းဒေသကို ဇေယဝစ္စံနတိုင်းဟူ၍လည်းခေါ်သည်။

**ကေနင်။** ။အရပ်အမည်။ စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် ကေနင်အရပ်၌ မြေ ၁၀၀၀ ကို နတ်ထမင်းရသော သခင်ထံပါးအား လှူတော်မူသည်။

၁။ ပုံ ၂၂ဂ ခ ?

**ကေလာ။** ။ရှင်အောင်။ မဏိပူရမင်းမျိုးဖြစ်သော ရှင်အောင်ကို ဗဒုံမင်းသည် ကိုယ်လုပ်တော်ပြုသောအခါ ကေလာဟူသောဘွဲ့ကို ချီးမြှင့်၏။

၁။ ပဇပ ၂၇၅

www.burmeseclassic.com

www.burmeseclassic.com



ကေသာ။ ။ရှင်အေး။ ရာဇဝေသူသမီး ကေသာဘွဲ့ခံ ရှင်အေးသည် ပဒုံမင်းကိုယ်လုပ်တော်ဖြစ်၏။ ၎င်းသားတော်သမီးတော်တို့မှာ ငယ်ကပင်လွန်ကြလေကုန်၏။°

၁။ ပဇပ် ၂၇၇

ကော်ဓော်ရန္တမိတ်။ ။နေမျိုးသခ်ယာ။ ဂမြတ်သာသည်အလောင်းမင်းတရားကြီးမြင်းရည်တက် ၆ဂ အဝင်အပါဖြစ်၍ရွှေဦးစွာ ဇေယကျော်ထင်ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။ ၎င်းနောက် ကော်ဓော်ရန္တမိတ်၊ ၎င်းနောက် နေမျိုးသခ်ယာဘွဲ့များကိုလည်း အသီးသီးချီးမြှင့်ခြင်းခံရ၏။°

၁။ ကဘဆ ၁။ ၃၁

ကောတွန်ရွာ။ ။မအူမြို့ကျေး။ ကောတွန်ရွာသည် ဟံသာဝတီ ၃၂ မြို့အဝင် မအူမြို့ကျေးတွင်ရှိသည်။ ထိုရွာကို မအူမြို့သူကြီး တေပ် ပြုစုသည်။°

၁။ မသဂ ၆။ ၂၂၃

ကောဓာရန္တသူ။ ။သွေးသောက်ကြီး။ ဗဒုံမင်းသည် ကောဓာရန္တသူနှင့် အရည်တူ ၂၁ ကို ငါးဆယ်တော် ကောဓာရန္တသူသွေးသောက်ဖွဲ့တော်မူ၍ ကောဓာရန္တသူကို သွေးသောက်ကြီးခန့်တော်မူသည်။°

၁။ ရွှေနန်းသုံး ခန်း ၂၅

ကောလိယချောင်း။ ။ကောလိယမြို့နယ်။ ကောလိယချောင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့နယ်၌ ရှိ၏။ ယင်းချောင်းအနီး၌ ကရင်နှင့် ဇပိန်တို့နေထိုင်၍ ၎င်းတို့သည် တအိမ်မှတနှစ်လျှင် ဇပိန်ခွန်မငွေ ၁ဝ ပိုဆောင်ဝန်ရေး ၁၊ ကရင်တအိမ်လျှင် ခွန်မငွေ ၉ ပိုဆောင်ဝန်ရေး ၉။ စိပေးဆောင်ကြရသည်။°

၁။ မသဂ ၆။ ၂၂၂

ကောလိယမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ကောလိယမြို့ကို ရာဇာဓိရာဇ်မင်းလက်ထက်၌ တည်ထောင်ခဲ့သည်။ ၎င်းနယ်မြေအပိုင်းအခြားသည်အရှေ့ကိုအန်းမြို့တလခွါမြေ၊ကျိုက်မလဲခွါဘုရားထိ၊ အရှေ့တောင်ကို တလန္တမ်းချောင်း ကောက်ကောက်စင်းမင်း စစ်တောင်းမြို့မြေ ကမာတပေါထိ၊ တောင်ကို ဟံသာဝတီမြို့မမြေ ဝေါဘုရား၊ ကျိုက်လပ္ပိ ဘုရားထိ၊ အနောက်တောင်ကို ထန်းတောကြီးမြို့ မြေထိ၊ အနောက်ကို ဇောင်းတူမြို့မြေထိ၊ အနောက်မြောက်ကို ရဲန္တဲမြို့မြေနှင့် အစပ်၊ မြောက်ကို ဝါးတောကြီး၊ တုံခန်း၊ ရဲန္တဲ၊ ရဲလှမြို့မြေနှင့်အစပ် ကျိုပံတောဦးဘုရားထိ၊ အရှေ့မြောက်ကို ရွှေကျင်မြေနှင့်အစပ်၊ ညောင်လေးပင်ထိ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကောလိယမြို့နယ်တွင်း ဘောနီချောင်း၊ ပွဲတမော့ချောင်း၊ မယာမ်းချောင်း၊ ကောလိယ ချောင်း၊ ပိုင်းတာချောင်း၊ ပွတ်ကျားချောင်း၊ဆင်ချောင်း၊ ကျားချောင်းများတွင် ကရင်နှင့် ဇပိန်လူမျိုးတို့ နေထိုင်ကြ၏။ ဇပိန်တအိမ်သည် တနှစ်လျှင် ခွန်မငွေ ၁ဝိ၊ ပို့ဆောင်ဝန်ရေး ၁ိ၊ ကရင်တအိမ်လျှင် ခွန်မ ၉ိ ပို့ဆောင်ဝန်ရေး ၉ျူစိ မြို့သူကြီးတို့အား ပေးသွင်းရ၏။မြို့သူကြီးကလည်း ကောက်ခံရ ကရင်နှင့် ဇပိန်ခွန်များကို ရန်ကုန်မြို့ ရုံးတော် အခွန်ဝန်၊အခွန်ဝန်စာရေးတို့ထံ ပေးပို့ရ၏။

ကောလိယမြို့တွင် ကတုတ်ချောင်းအင်း၊ပကိုင်းချောင်းအင်း၊ မာလကာချောင်းအင်း၊ အပကိုင်းချောင်းအင်း၊ ပိုင်းတာချောင်းအင်း၊ တောင်မင်းချောင်းအင်း၊ ပြွန်တဆာချောင်းအင်း၊ ဒရယ်ခရာချောင်းအင်း၊ ကစိန်ကလပ်အင်း၊ ကရလက်အင်း၊ စသည်ဖြင့် အင်းများရှိ၏။ ၎င်းအင်းများတွင် ငါးရှာသူတို့သည် လုပ်သား ၁ လျှင် ခွန်မငွေ ရွက်နီ ၃ိ၊ ရေးဆော် ၁ မတ်စီ ပေးရ၏။ အစွတ်လယ်ယာလုပ်သားတို့မှာ ကျွဲတရှဉ်းလုပ်လျှင် စပါး ၅ဝ တင်းစီ မြို့သူကြီးအား ပေးရ၍ မြို့သူကြီးက ယင်းစပါးများကို မြို့စားအား ပေးချိန်ရ၏။ မြို့စားခန့်ထားခြင်းမရှိသည့်အခါ ထိုစပါးများကို အခွန်ဝန်၊ အခွန်ဝန်စာရေးများထံပေးသွင်းရသည်။

သက္ကရာဇ် ၁၁၆၄ ခုနှစ်တွင် ကောလိယမြို့နယ်၌ အသည်အိမ် ၄ဝ၊ ဇပိန်အိမ် ၄ဝ၊ ကရင်အိမ် ၆၂ စုစုပေါင်း အိမ် ၁၄၂ ရှိ၍ ယောကျာ်းကြီး ၁၈၇၊ မိန်းမကြီး ၁၈၈၊ ယောကျာ်းလေး ၁ဝ၁၊ မိန်းကလေး ၅၅၊ စုစုလူ ၅၂၄ ရှိခဲ့၏။

သက္ကရာဇ် ၁၁၆၄ ခုတွင် ကောလိယမြို့နယ်ကို ကြီးစိုးလျက်ရှိသော အသက် ၅၅ နှစ်ရွယ် စနေသားမြို့သူကြီး ဗညားအိန္ဒကျော်သည် မြို့သူကြီးရိုးမဟုတ်ပေ။[၁]

၁။ မသက ၆။ ၂၂၁-၂

ကောလင်း။ ။သီပေါမင်းလက်ထက် ၁ဝ ခရိုင်သတ်မှတ် ဖွဲ့စည်းရာ၌ ကောလင်းသည် နဝမဌာနရတနာသိဿခရိုင်တွင် ပါဝင်သည်။[၁]

၁။ မြန်မာမင်း ၂။ ၁၁၁

ကောလင်းမင်းကြီး။ ။မင်းရာဇာ။ ဦးအုပ်အား ဗဒုံမင်းလက်ထက်တွင် နေမျိုးဇေယကျော်စွာဘွဲ့နှင့် အိမ်ရှေ့အတွင်းဝန် ခန့်တော်မူသည်။ နောက် စကိုင်းမင်း နန်းတက်သောအခါ ၎င်းအား မင်းရာဇာဘွဲ့နှင့် အတွင်းဝန်ခန့်တော်မူ၍ ကောလင်းမြို့ကို စားစေသည်။ နောက် ဝန်ကြီးခန့်တော်မူပြန်၏။ ဝန်ကြီးအရာ၌ပင် သက္ကရာဇ် ၁၁၈၇ ခုတွင် နာ၍အနိစ္စရောက်လေ၏။[၁]

၁။ မသက ၄၅။ ၁၅၄

www.burmeseclassic.com

www.burmeseclassic.com



ကောလင်းမင်းသား။ ။ဗဒိုမင်းသားတော်။ ကောလင်းမင်းသားသည်ဆင်ဖြူရှင်မြေတူးမင်းနှင့် ကိုယ်လုပ်တော် ရှင်ရွှေဥတို့၏သမီးတော် ရှင်မင်းလုံးနှင့်သင့်၏။°

၁။ ကဘဆ ၁။ ၅၂၄

ကောလင်းမြို့စား။ ။ရွှေလှံဗိုလ်။ မင်းတုန်းမင်းလက်ထက်တွင် မန္တလေးရွှေမြို့တော်ဝန် ရွှေလှံဗိုလ်မှာ ကောလင်းမြို့စားဖြစ်၏။ ၎င်း၏သမီးတယောက်မှာ ခင်ခင်လတ်ဖြစ်၍၊ ဝက်မစွတ်မြို့စား ဝန်ထောက်၏သား မောင်မောင်ကြီးနှင့်သင့်၏။°

၁။ ဗေါဓိကုန်းဂူ ၁၁

( င ) ကယ်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၁၁ ခုနှစ်တွင် လှူဒါန်းသည့် ကျွန်များတွင် ဝေမ်းဖြည့်၏သား ငကယ်လည်း အပါအဝင်ဖြစ်သည်။°

၁။ ပုံ ၂၂၇[၃]

( အို ) ကယ်ဖ။ ။ငပသင်သမီး။ ၎င်းတို့မိသားစုသည် လောင်သည်ရွာ မြောက်ဖက် ကန်သုံးဆင့် တကန်နှင့် ဝက်ကူးအမည်ရှိသော သန်လယ်မြေ ၅၀ ကို သက္ကရာဇ် ၆ ( ၃ ) ၃ပြည့်တွင် ငဖုန်းသင်လင်မယားအား သက်သေများ ရှေ့မှောက် အဖိုးငွေ ၃၅ ပိသာနှင့် နွား ၇ကောင်နှင့် ရောင်းခဲ့၏။°

၁။ ပုံ ၂၂၇[၁၇]

( င ) ကဲ။ ။ဘုရားကျွန်။ သက္ကရာဇ် ၆၃၂ ခုတွင် သူကြွယ်ငမြတ်သင် သမထီးကျောင်းအရှေ့ဖက် မတ်ရပ်ကိုယ်တော်အား ငကဲကို ကျွန်အဖြစ်လှူသည်။ ၎င်းမယားမှာ အိုမြဲဖြစ်သည်။°

၁။ ပုံ ၂၂၈[၁၇]

( င ) ကဲ။ ။အဆောင်ကိုင်။ သက္ကရာဇ် ၁၁၆၄ခု တန်ဆောင်မုန်းလတွင် ငကဲသည်မင်းနေမျိုးရာဇကျော်ထင်၏ အဆောင်ကိုင်အဖြစ် ထမ်းရွက်လျက်ရှိသည်။°

၁။ လဖစ ၁၆

( င ) ကဲဖ။ ။ကလန်သံပျင်။ သက္ကာဇ် ၆၂၅ ခုတွင် ဝေမ်းဖြည့်သင် မြေရောင်းရာ၌ ငကဲဖသည် သက်သေအဖြစ်ပါဝင်သော လောင်သည်ကလန်သံပျင်တဦးဖြစ်၏။°

၁။ ပုံ ၂၂၄[၆]

www.burmeseclassic.com

www.burmeseclassic.com



( င ) ကို။ ။ဘုရားကျွန်။ ဇေယဝဍ္ဎနာ သက္ကရာဇ် ၆၂၁ ခုတွင် လှူသည့် ဘုရားကျွန်တဦး ဖြစ်သည်။

၁။ ပုံ ၂၂၆[၁၆]

( င ) ကိုယ်ရုံ။ ။ကျောင်းကျွန်။ ဇေယဝဍ္ဎနာ သက္ကရာဇ် ၆၂၁ ခုတွင် လှူသော ကျောင်းကျွန်တဦးဖြစ်၍ ၎င်း၏အကိုမှာ ငမြောင်းဆုံဖြစ်၏။

၁။ ပုံ ၂၂၆[၁၇]

ကိုးခရိုင်။ ။ကျောက်ဆည်။မင်းတုန်းမင်းလက်ထက်တွင်ကိုးခရိုင်နယ်၌သသဿမေစအခွန်တော်ထမ်း အိမ်ခြေ ၁၄၀၀၀ ကျော်ရှိ၍ သီပေါမင်းလက်ထက်တွင်မူ ၉၀၀၀ ကျော်သာ ရှိ၏။

၁။ မြန်မာမင်း ၂။ ၁၂၇

ကိုးပင်ရွာ။ ။ရွှေဘိုခရိုင်။ ကိုးပင်ရွာသည် ပိတ္တောရွာအနီး၌ ရှိ၏။ အလောင်းမင်းတရားကြီး သည် ညီတော် သတိုးသိင်္ခသူအား ၁၁၁၆ ခု ဝါဆိုလဆန်းတွင် ပိတ္တောကိုးပင်ရွာကို အသုံး ကံကျွေးပေးတော်မူသည်။

၁။ ကဘဆ ၁။ ၁၀၄

ကိုးသင်းမြင်းဝန်။ ။နေမျိုးဇေယပတေ့။ဦးတုတ်ကြီးသည်ဆင်ဖြူရှင်မြေတူးမင်းလက်ထက်တွင်၊ နေမျိုးဇေယပတေ့ဘွဲ့နှင့် ကိုးသင်းမြင်းဝန်အဖြစ် ထမ်းရွက်ရသည်။နောက်ယိုးဒယားမြို့ကို ဇင်းမယ်ကြောင်း ဗိုလ်ချုပ်အရာနှင့် ဆက်သသဖြင့်၊ မဟာသေနာပတိဘွဲ့နှင့် ဝန်ကြီး မြင်းစုကြီးဝန် ခန့်တော်မူသည်။

၁။ မသက ၄၅။ ၁၄၇

ကုက္ကိုရွာ။ ။ပုဂံမြို့စီရင်စု။ကုက္ကိုရွာသည် တောင်ဖက်တန်း ၂၇ ရွာအဝင်ဖြစ်၍ ၎င်းနယ်မြေ အပိုင်းအခြားသည် အရှေ့ကို သရေချောက်မြေထိ။ အရှေ့တောင်ကို စွယ်တော်ရှင်မြေထိ၊ အနောက်တောင်ကို တူရွင်းတိုင်မြေထိ၊ မြောက်ကို ကူရွာမြေထိ၊ အရှေ့အနောက် ၂ တိုင်၊ တောင်မြောက် တာ ၇၀၀ ဖြစ်၏။ ၎င်းရွာ မြေအလုံးကို အနော်ရထာမင်းစော သက္ကရာဇ် ၄၂၁ ခုတွင် တူရွင်းစွယ်တော်ရှင် ဘုရားအား ဝတ်မြေအဖြစ် လှူခဲ့သည်။

ကုက္ကိုရွာ၌ သန်မုရင်းလယ် မရှိ၊တောင်ယာ ပဲခင်းသာရှိ၍ ယင်းမှ အခွန်မှာ ၁၀၀ လျှင် ခွန်မ ၁၀၊ရေးစားတိုင်စား ၁ တင်း အပိုအကဲမရှိဖြစ်၏။နွားရောင်းဝယ်လျှင် ဖရောင်းခွန်မှာ

www.burmeseclassic.com



ငွေ ၁ ပဲဖြစ်၍၊ ကျွဲနွားသေလျှင် ရွာသူကြီးသည် ဆင်ကုန်းတင်သား၊ လည်ချောင်းအနံ့ စားသုံးရ၏။ သက္ကရာဇ် ၁၁၂၇ ခုတွင် ၎င်းရွာကို တောင်ဖက်တန်းခေါင်း ရာဇစက္ကဗိုလ်ခံ ငအောင်ခဲ ကြီးစိုးလျက်ရှိ၏။"

၁။ မသဂ ၃၃။ ၄၀—၁

( င ) ကောက်။ ။ဒရာရွှာထောင်မှူးသူကြီး။ င ကောက်သည်သက္ကရာဇ် ၁၁၄၅ ခု ဒရာရွှာစစ်တန်းစာရင်းဆက်သွင်းသည့် ထောင်မှူးသူကြီး ပေါက် အဖဖြစ်သည်။ င ကောက်အဖမှာ ဥက္ကာဖြစ်၏။"

၁။ ဒရာရွှာစစ်တမ်း ၄၅ ခု

ကင်းသာမြို့။ ။ရွှေဘိုခရိုင်။ ကင်းသာမြို့ကို ဒီပဲယင်းမြို့နှင့် တပြိုင်တည်း တချိန်တည်း တည်ထောင်သည်ဟု ဆိုစမှတ်ပြု၏။ ကင်းသာမြို့ တည်နေရာမှာ ပူးတိမ်ချောင်းအလယ် ကျွန်းငယ်တခုဖြစ်၍ မြို့ရာသာရှိတော့၏။"

၁။ ရွှေဘိုဂဇက် ၄၄

ကောင်ဟန်ဝန်။ ။အောက်မားဝန်။ ဦးကျော်ခေါင်သည် ဗဒုံမင်းလက်ထက်တွင် ရှေးဦးစွာ ဝေါကြီးမှူး၊ နောက် ကောင်းဟန်ဝန်၊ နောက် အောက်မားဝန်အဖြစ် အသီးသီး ထမ်းရွက်ရ၏။"

၁။ မသဂ ၄၅။ ၁၅၀

( င ) ကောင်း။ ။ မြင်းရည်တက် ၆ဂ အဝင်။ င ကောင်းသည် အလုံမြို့နယ် သာစည်ရွာဇာတိဖြစ်၏။ အလောင်းမင်းတရားကြီး မင်းအဖြစ်ကိုခံယူပြီးနောက်၊ဘွဲ့ဦးရ ချီးမြှင့်သောအခါ င ကောင်းသည် မင်းကျော်ပျံ ချီဘွဲ့ကို ရ၏။ ၎င်းနောက် သေနတ်ဝန်၊ မင်းလှ မင်းခေါင်၊နောက် မင်းလှ မင်းလှခေါင်ကျော်၊ နောက် မဟာသေနာပတိ၊ နောက် အဂ္ဂမဟာသေနာပတိဘွဲ့များကို အဆင့်ဆင့် ချီးမြှင့်ခြင်း ခံရ၏။ သက္ကရာဇ် ၁၁၁ဂ ခု ဝါဆိုလပြည့်ကျော် ၃-ရက်နေ့ သန်လျင်တိုက်ပွဲတွင် ပြောင်းသင့်၍ ကျဆုံးသည်။ စစ်သူကြီးအင်္ဂါနှင့် ပြည့်စုံ၏။"

၁။ ကဘဆ ၁။ ၂၉။ အလမ ငါးစမ်း။ မသဂ ၄၅။ ၁၄၇ မြန်မာမင်း ၁ ခန်း ၁၁၆

( င ) ကောင်း။ ။သေနတ်လက်ကောင်း။ င ကောင်းနှင့် အရည်တူ လူ ၁၂၀ ကို အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခု ကဆုန်လတွင် ရွှေနန်းတော်သေနတ်ဖွဲ့စည်းခဲ့၏။"

၁။ ကဘဆ ၁။ ၃၃

www.burmeseclassic.com

www.burmeseclassic.com



( င ) ကောင်း။ ။ပြင်းပင်ရွာသူကြီး။ ငကောင်းသည် သူကြီးငကုလားသားဖြစ်၍၊သက္ကရာဇ် ၁၁၄၅ ခု စစ်တမ်းရေး စစ်ချိန်တွင် အသက် ၅၀ ရှိလေ၏။ ငကောင်းကား ကြာသပတေး သားတည်း။°

၁။ ပြင်းပင်ရွာစစ်တမ်း ၄၅ ခု

( မိ ) ကောင်း။ ။သူကြီးမ။ မိကောင်းသည် သူကြီးမ မိကုလားသမီးဖြစ်၍၊ အလောင်းမင်းတရားကြီး လက်ထက်တွင် ပုဂံမြို့စီရင်စု ရေပျက်ရွာကို ကြီးစိုးစီရင်သည်။ ၎င်း၏ သမီး မိငြိမ်းမယ်သည် သက္ကရာဇ် ၁၁၂၇ ခုတွင် ရေပျက်ရွာ စစ်တမ်းစာရင်း ဆက်သွင်း၏။°

၁။ မသဂ ၃၃။ ၂၃၆

( မိ ) ကောင်းညို။ ။တောင်ဘီလူးရွာသူကြီးမ။ မိကောင်းညိုသည် တောင်ဘီလူးရွာကို အလောင်းမင်းတရားကြီး လက်ထက်တွင် ကြီးစိုးခဲ့၏။°

၁။ တောင်ဘီလူးရွာစစ်တမ်း ၄၅ ခု

ကောင်းတော်စစ်ရွာ။ ။ပုဂံမြို့စီရင်စု။ ကောင်းတော်စစ်ရွာနယ်မြေသည် အရှေ့ကို နတ်ပလ္လင်ကန်တွင်းတောင်ရှေ့မြေနှင့် ကျောခိုင်း။ တောင်ကို နတ်ပလ္လင်ချောင်း ပုဂံမြို့မမြေနှင့် အစပ် အနောက်ကို သပ္ပတ်ပင်ထိ၊ မြောက်ကို ဉသျှစ်တောရွာလမ်းမြေထိ ဖြစ်၏။

ရွာသူကြီးရိုးမှာ ငစံညွန့်၊ ၎င်းသား င အောင်မြင်၊ ၎င်းသား ငညိုတုပ်တို့ ဖြစ်သည်။ ၁၁၄၅ ခု စစ်တမ်းရေးစစ်သူသည် အသက် ၅၃ နှစ်ရွယ်ရှိသောစနေသား ငညိုတုပ်ဖြစ်၏။°

၁။ ကောင်းတော်စစ်ရွာစစ်တမ်း ၄၅ ခု

ကောင်းတုံမြို့စား။ ။သဘိုးမင်းရဲရာဇာ။ ၎င်းအား ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားလက်ထက်တွင် အတွင်းဝန်၊နောက် ဝန်ကြီး၊နောက်ကောင်းတုံမြို့စားခန့်သည်။°

၁။ မသဂ ၄၅။ ၁၅၁

( င ) ကောင်းပုံ။ ။ကွ ရွာသူကြီး။ ၎င်းသည် အလောင်းမင်းတရားကြီးလက်ထက်၌ ပုဂံမြို့စီရင်စု ကွ ရွာသူကြီးဖြစ်ဟန်တူသည်။ ၎င်း၏သား ငသူသည် သက္ကရာဇ် ၁၁၂၇ ခု တွင် ကွ ရွာစစ်တမ်းစာရင်း ဆက်သွင်း၏။°

၁။ မသဂ ၃၃။ ၂၅၆

( င ) ကောင်းပြည့်။ ။ညောင်လှရွာသူကြီး။ ငကောင်းပြည့်သည် ပုဂံမြို့စီရင်စု ညောင်လှရွာကို အဖိုးငဖြူထံမှ ဆက်ခံကြီးစိုးသည်။ သက္ကရာဇ် ၁၁၂၇ ခု စစ်တမ်းရေးစစ်သိမ်းခံ ချိန်တွင် အသက် ၂၅ နှစ်ရှိသော အင်္ဂါသားဖြစ်၏။°

၁။ မသဂ ၃၃။ ၂၃၂

www.burmeseclassic.com

www.burmeseclassic.com



( င ) ကောင်းယန်။ ။ကျောင်းကျွန်။ သက္ကရာဇ် ၆၂၁ ခုတွင် ဇေယျဝဍ္ဎနာ ကျောင်းကို လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းသားများမှာ ငဖွါးနှင့်ငကြောင်တို့ဖြစ်၏။ °

၁။ ပုံ ၂၂၆ °၄

ကိုင်းကြီး။ ။ကျော်စည်တိုက်အဝင်။ ကိုင်းကြီးသည်စုန်းမြို့နယ်၏အရှေ့မျက်နှာမိုးထိတောင်နှင့် ကျောခိုင်းဖြစ်၏။ °

၁။ မြန်မာမင်း ၂။ ၁၇၀

ကိုင်းမားရွာစား။ ။ဗဒုံမင်း၏ယောက္ခမတော် ကိုင်းမားရွာစား သမီးရှုစီယဝတီ(ပေါက်မြိုင်မြို့စား)မှာ ဗဒုံမင်းကိုယ်လုပ်တော်ဖြစ်သည်။ °

၁။ ပဇပ် ၂၇၀ ၁

ကိုင်းရွာ။ ။ကျောက်ဆောက်မြို့အဝင်။ ကိုင်းရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာအဝင် အပါ ရွာတရွာဖြစ်သည်။ °

၁။ ကျောက်ဆောက်မြို့စစ်တန်း ၆၄ ခု

ကတ္တူတင်ချောင်း။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ကတ္တူတင်ချောင်းသည် ဟံသာဝတီမြို့နယ်၏ အနောက်မြေနယ်ခြား၊ ဓနုဖြူနှင့် ဇလွန် မြို့မြေစပ်၌ ရှိသည်။ °

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ကိုတ္တိရဲ။ ။ရဲအာမခံ။ ကိတ္တိရဲသည် သက္ကရာဇ် ၁၁၁၉ ခု တပို့တွဲလပြည့်ကျော် ၆ ရက်နေ့ (၂၉-၁-၁၇၅၈) ကွေလဝတို့ကို တိုက်ခိုက်ရန် အုတ်ဖိုကြောင်းချီရာတွင် ပါဝင်ခဲ့သည်။ °

၁။ ကဘဆ ၁။ ၂၇၆

ကန့်ကောရွာ။ ။ပခုက္ကူခရိုင်။ ကန့်ကောရွာနယ်မြေနှင့်ထီးလင်းလောင်တောင်နယ်မြေအခြားမှာ ဝန်တောင်ထိပ်ဖြစ်၏။ ၎င်းတောင်အင်နောက်ဖက်ကို ကန့်ကောရွာနယ်မြေဖြစ်စေဟု အမိန့်တော်နှင့် ၁၁၆၄ ခုတွင်၊ ပိုင်းခြားသည်။ ကန်ရွာ၊ မိုးစိုရွာတို့မှာ ကန့်ကောရွာစီရင်စု ဖြစ်သည်။ သက္ကရာဇ် ၁၁၆၇ ခုတွင် ကန့်ကောရွာမ သူကြီးမှာ လွန်းကျော်ဖြစ်၏။ °

၁။ ရတ အမက ၆၉

( မိ ) ကန်။ ။သူကြီးမ။ မိကန်သည် ပုဂံမြို့စီရင်စု အညာ ၉ ရွာသူကြီးမဖြစ်၍၊ ၎င်းခင်ပွန်းမှာရာဇနန္ဒဖြစ်သည်။ မိကန်၏မျိုးရိုးမှာ အမိသူကြီးမ မိဖြူ၊ ၎င်းအမိသူကြီးမ မိလှပုံ၊ ၎င်းအမိသူကြီးမ မိအိမ်သာတို့ဖြစ်သည်။ မိကန်သည် သက္ကရာဇ် ၁၁၂၇ ခု စစ်တန်းကို ဆက်သွင်း၏။ °

၁။ မသက ၃၃။ ၂၅၃

www.burmeseclassic.com

www.burmeseclassic.com



ကန်ကွဲရွာ။ ။ရွာသာမြို့ကျေး။ ကန်ကွဲရွာသည် ရွာသာမြို့၏အနောက်တောင်ဖက် နယ်မြေအစပ်၌ရှိသည်။ ၁

၁။ ရွာသာမြို့စစ်တန်း ၄၅ ခု

ကန်စောင်းရွာ။ ။တောင်ရွှေပြည်စိုးစီရင်စု အဝင်အပါ။ ၎င်းရွာသည် ပုဂံမြို့ကျေး၊ ပွန်ရွာ နယ်မြေစပ်၌ရှိသည်။ ၁

၁။ တောင်ရှေ့ရွာစစ်တန်း၊ ပွန်ရွာစစ်တန်း ၄၅ ခု

ကန္တရာရွာ။ ။တလုပ်မြို့ကျေး?။ ၎င်းနယ် မြေအပိုင်းအခြားသည် အရှေ့ကို ရိုးဆောက်မြေထိ၊ တောင်ကို အင်ကြင်ပင်ကြီးအခြား ရွှေကျောင်းမြေထိ၊ အနောက်ကို သန့်စင်ကုန်းတန်း အခြားတဖက် တလုပ်မြို့ကျေး ရန်းစန်းသူကြီးမြေထိ၊ မြောက်ကို ရှားလေးခွ တလုပ်မြို့ကျေးသစ်တောင့်သူကြီးမြေထိဖြစ်၍၊ အရှေ့အနောက် တာ ၁၃၀၀ ခန့်၊ တောင်မြောက် ၁၅၀၀ ခန့်ဖြစ်သည်။

သက္ကရာဇ် ၁၁၄၅ ခု စစ်တန်းရေးစစ်ချိန်တွင် ရွာသူကြီးမှာ အသက် ၆၀ ရှယ် သောကြာသား ငအောင်သူဖြစ်၏။ ၁

၁။ ကန္တရာရွာစစ်တန်း ၄၅ ခု

ကန်တရာအင်း။ ။စုန်းမြို့နယ်။ ကန်တရာအင်းသည် ကျော်စည်တိုက် စုန်းမြို့နယ်တွင်ရှိ၍၊ ၎င်း အင်းအပါအဝင်အင်းများကို မြို့သူကြီးနှင့်မြေတိုင်ငယ်များ တိုင်ဆော်လျက် တနှစ်လျှင် မည်မျှဟူ၍ အခွန်ကောက်ခံသည်။ ၁

၁။ မြန်မာမင်း ၂။ ၁၇၁–၂

(င) ကန်တူ။ ။အတွင်းရွေး။ ငကန်တူသည် သက္ကရာဇ် ၆၃၂ ခုတွင် အတွင်းရွေးအဖြစ် ထမ်းရွက်လျက်ရှိသည်။ ၁

၁။ ပုံ ၂၂၈ ၁ ''

ကန်တူရွာ။ ။ရွှေဘိုခရိုင်။ ကန်တူရွာသည် အလောင်းမင်းတရားကြီး ဦးစွာစုစည်းသော ၄၆ ရပ် အပါအဝင်ဖြစ်၍ ထိုအချိန်က ကန်တူရွာခေါင်းမှာ ဘုမ္မဇေယဖြစ်၏။ ၆

၁။ ကဘဆ ၁။ ၃၄

ကန်တူနွားကြီး။ ။ဟုန်းမလင်းနယ်။ ယခုအခါ ရေပေါ်မိုးရွာကို ပင်ဆိုလိုသည်။ နွားပေါက် ကျယ်ရှိသူတို့ကိုရွေးဆရတို့က နွားကြီးခေါ်၏။ နွားပေါက်ကျယ်နှင့်ကန်တူးတို့ နေထိုင် သောဖြစ်၍ ကန်တူနွားကြီးခေါ်ခြင်းဖြစ်တန်ရာသည်။ ၇

၁။ မြန်မာမင်း ၂။ ၁၀၁–၁၀၂

www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ဘုရား။ ။ရွာသာမြို့။ကန်တော်ဘုရားသည် ရွာသာမြို့ အရှေ့မြောက်ထောင့်နှင့် ဘူးရိုးရွာ မြေစပ်တွင် ရှိသည်။

၁။ ရွာသာမြို့စစ်တန်း ၄၅ ခု

ကန်တော်မင်းကျောင်း ဆရာတော်။ ။မြင်းမူမြို့နှင့် ၂ တိုင်ခန့်ကွာ ထီးဆောင်းရွာ မြောက်ဖက် ကန်တော်ရွာတွင် မွေးဖွါးသည်။မိဖမည်ရည်နှင့် မွေးသက္ကရာဇ် အသေအချာ မသိရသော်လည်း ဒုတိယ မင်းခေါင် နှင့် ရွှေနန်းကြော့ရှင် မင်းများ လက်ထက်တော်တွင် ထင်ရှား၏။ လောကကြောင်း၊ ဓမ္မကြောင်း ကျွမ်းကျင်သည်။

"အရိုးတော်ဆရာ၊ မဟာထေရ်ကျော်၊ ကန်တော်မင်းကျောင်း" ချီ သြဝါဒ မေတ္တာစာ၊ "ကြွားပိမ့်သူမြတ်၊ အမြဲမှတ်စိမ့်၊ ဟိတတ္တိက" ချီ လောကသာရပျို့ စသည်တို့ကို ရေးသားခဲ့သည်။

၁။ မြန်မာစာ ၆၉ ဆုံးမစာ ၃၀။ ၄၆

ကန်တော်ရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကန်တော်ရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာ အပါအဝင်ဖြစ်သည်။

၁။ စလက်သူရွာစစ်တန်း ၄၅ ခု

ကန်ရွာ။ ။ပခုက္ကူခရိုင်။ ကန်ရွာသည် ကန့်ကောရွာ ကျေးလက်ဖြစ်သည်။

၁။ ရဟ အမတ ၆၉

ကန္ဒီ။ ။သီပေါမင်းလက်ထက် ၁၀ ခရိုင် သတ်မှတ်ဖွဲ့စည်းရာ၌ ကန္ဒီသည် သတ္တမဌာနချင်းတွင်းကြောင်းခရိုင်တွင် ပါရှိ၏။

၁။ မြန်မာမင်း ၂။ ၁၁၁

ကံ့ကော်ကျွန်း။ ။ပုပ္ပဝတီ။အလောင်းမင်းတရားကြီးသည် အညာမြစ်စဉ်သို့ချီတက်ရာသက္ကရာဇ် ၁၁၁၅ ခု တပေါင်းလတွင် ကောင်းတုံအနီး ကံ့ကော်ကျွန်းကိုပုပ္ပဝတီသမုတ်တော်မူသည်။

၁။ မြန်မာပင်း ၃။ ၁၇

( ဦး ) ကံ။ ။မြို့ဝန်။ကျောက်ဆည်ဝန် ဦးကံကို စကိုင်းမင်းလက်ထက်တွင်မင်းရဲ ဇေယကျော်ဘွဲ့နှင့် မြို့ဝန်ခန့်သည်။

၁။ မသဂ ၄၅။ ၁၅၆

www.burmeseclassic.com

www.burmeseclassic.com



**ကမ္ဘောဇတိုင်း။** ။မိုးနဲ၊ ညောင်ရွှေ၊ ယောက်ဆောက်၊ မိုးမြဲ၊ သိန္နီ၊ ကိုင်းမား သီပေါ၊ မိုးမိတ်၊ မိုင်းလုံ၊ သုံးဆယ်၊ အုန်းဘောင် ဟူသော စော်ဘွားတို့ နေရာဒေသကို ကမ္ဘောဇတိုင်း ခေါ်ဝေါ်သည်။°

၁။ မြန်မာမင်း ၂ ၈၀၊ ၈၁၊ ၈၂၊ ၈၅၊

**ကျပင်းမြို့စား။** ။သီရိမဟာရာဇာဘွဲ့ခံ။ကျပင်းမြို့စားသီရိမဟာရာဇာသည်မင်းတုန်းမင်းတရားကြီး၏ သားတော်တပါးဖြစ်၏။°

၁။ ဗောဓိကုန်းဂူ ၃၉

**( င ) ကျား။** ။တရားမြို့သူကြီး။ ဗန့်ကျိတိုက်အဝင် တရားမြို့၌ ၁၁၆၈ ခုတွင် မြို့မြေတိုင် ငအောင်အား ရာဇဝတ်စီရင်သဖြင့် မြေတိုင်အရာ လစ်လပ်သည်။ထိုအခါငကျားက တရားမြို့မှ ဆက်သရန်ကျန်ရှိနေသည့် ဒသမဘာပ ငွေတော် ဂဝိ ကို အပြေဆက်သပါမည်ဟု ငွေကိုပြ၍ မြေတိုင်ခန့်ထားပါမည့် အကြောင်း လျှောက်ထားလေလျှင် မဏ္ဍာရမင်းဝန် အကြီး စာရေးတို့က ငကျားအား ခန့်ထားရန် လွှတ်တော်သို့ အစီရင်ခံကြ၏။ ထို့ကြောင့်၊ သက္ကရာဇ် ၁၁၆၈ ခု တန်ခူးလပြည့်ကျော် ၅ - ရက်နေ့ ( ၂၇-၃-၁၈၀၇ )တွင် လွှတ်တော်မှ သူကြီးတံဆိပ်စာအပ်စေဟု အမိန့်တော်ချမှတ်၍ ၁၁၆၉ ခု ကဆုန်လဆန်း ၅ - ရက်နေ့ (၁၀-၄-၁၈၀၇)တွင် စာရေးကြီး လက်ဝဲဇေယကျော်ကငကျားကို တံဆိပ်စာအပ်ရသည်။°

၁။ လဖစ ၃

**ကျေးညိုရွာ။** ။မေဃဝတီမြို့ကျေး။ သက္ကရာဇ် ၁၁၆၈ ခုတွင် ကျေးညိုရွာသူကြီးမှာ င သော်အောင်ဖြစ်သည်။°

၁။ လဖစ ၁

**ကျော်ခေါင်။** ။ဝေါကြီးမှူး။ဗဒုံမင်းလက်ထက်တွင်ဦးကျော်ခေါင်ကိုရှေးဦးစွာ ဝေါကြီးမှူး နောက် ကောင်းဟန်ဝန် ခန့်ထားသည်။ နောက်တဖန်၊ အောက်မားဝန်ခန့်ပြန်သည်။°

၁။ မသက ၄၅။ ၁၅၀

**ကျော်စည်တိုက်။** ။မတ္တရာနယ်။ ကျော်စည်တိုက်တွင် စုန်းမြို့ စသည့် မြို့များ ပါရှိ၏။°

၆။ မြန်မာမင်း ၂။ ၁၇၉ ၁၈၀

**( စတုတ္ထ ) ကျော်အောင်စံထားဆရာတော်။** ။ရှင်ကဝိန္ဒ။°

၁။ ရှေးဖြစ် ၁၈၀

www.burmeseclassic.com

www.burmeseclassic.com



ကျိုပန်တောဦးဘုရား။ ။ကောလိယမြို့နယ်။ ကျိုပန်တောဦးဘုရားသည် ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့စီရင်စုတွင် ရှိသည်။ မြို့မှ တာ ၂၀၀၀၀ ခန့် ကွာဝေး၍၊ ကောလိယ မြို့နယ်၏ မြောက်ဖက်နယ်ခြားဖြစ်၏။ ၎င်းတည်ရှိရာသည် ကောလိယမြို့ တုံခန်းမြို့၊ ရဲလှမြို့ မြေစပ်ဖြစ်သည်။[၁]

၁။ ' ပသာက ၆။ ၂၂၂

ကျောက်ကာရွာ။ ။ကျောက်ဆောက်မြို့ကျေး။ ကျောက်ကာရွာသည် ကျောက်ဆောက်မြင်း ၄၄ ရွာအဝင် ဖြစ်သည်။[၁]

၁။ ကျောက်ဆောက်မြို့စစ်တမ်း ၄၅ ခု

ကျောက်ခဲ။ ။ဇာတ်တော်ကြီးဆရာ။ဦးကျောက်ခဲသည် လက်ဝဲသုန္ဒရ (ဦးမြတ်စံ) နှင့် ဒေါ်ရွှဲတို့၏ သားဖြစ်သူ တရားသူကြီး ဦးအေး၏ သားဖြစ်သည်။ နန်းတွင်း ဇာတ်တော်ကြီး ဆရာဖြစ်သည်။[၁]

၁။ လွယ်အိတ် ၂။ ၁၃၂

ကျောက်ခဲ။ ။မင်းရဲသိခ်ါတ္တခံ။ မောင်ကျောက်ခဲသည် ဗဒုံမင်းနှင့်ကိုယ်လုပ်တော် မင်္ဂလာမဟေတို့၏သားကျောက်ပန်းတောင်းမြို့စားမင်းရဲသိခ်ါဖြစ်၍သီရိသာမာဝတီနှင့်သင့်သည်။[၁]

၁။ ပဇပ် ၂၃၂

ကျောက်ခွန်ဝန်။ ။သီရိဇေယကျော်ထင်။ ၎င်းသည် စနေမင်းလက်ထက်တွင်၊ မြို့လပ်ဝန်အရာနှင့်ထမ်းရွက်ရာမှ ကျောက်ခွန်ဝန်အရာ၊ ၎င်းနောက် အဝေးကျိုဝန်အရာ အဆင့်ဆင့်ခန့်ထားခြင်းခံရသည်။[၁]

၁။ မသာက ၂၅။ ၁၄၃

ကျောက်ချောရွာ။ ။ပြင်စည်မြို့ကျေး။ကျောက်ချောရွာသည် တောင်ဖက်ပြင်စည်မြင်း ၃၆ စီးအဝင်ဖြစ်သည်။[၁]

၁။ ကျောက်ဆောက်မြို့စစ်တန်း

ကျောက်စရစ်တောင်။ ။ရွှာသာမြို့စီရင်စု။ ကျောက်စရစ်တောင်သည် ရွှာသာမြို့၏ အနောက်နယ်မြေအခြား၊ ပုဂံမြို့စီရင်စု အကြေ ၉ ရွာနယ်မြေနှင့် စပ်လျက်ရှိသည်။[၁]

၁။ ရွှာသာမြို့စစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စောင်းရွာ။ ။တူးရှင်းတိုင်မြို့ကျေး။ ကျောက်စောင်းရွာသည် ရှာမိန်းရွာအနောက် တောင်အခြား နတ်ပလ္လင်ဝတောင်ရိုးရေဝေအနီးတွင် ရှိသည်။^၁

၁။ ရှာမိန်းရွာစစ်တန်း ၆၄ ခု

နောင်တွင်၊ ကျောက်စောင်းရွာသည် ပုဂံမြို့စီရင်စုတွင် ပါဝင်၍၊ ဗြိတိသျှအစိုးရ အုပ်ချုပ်သည်အထိ ကျောက်စောင်းရွာကို ကြီးစိုးစီရင်သည်သူကို ကျောက်စောင်းမြေ တိုင် ခေါ်သည်။^၁

၁။ မြန်မာမင်း ၂။ ၁၇၅

ကျောက်စစ်ကုန်းပေါင်။ ။လောင်းသည်ရွာ။ ကျောက်စစ်ကုန်းပေါင်သည် လောင်းသည်ရွာ မြောက်ဖက်တွင်ရှိသော ဝက်ကူးသန်လယ်၏ တောင်ဖက်မြေနယ်အခြားဖြစ်သည်။^၁

၁။ ပု ၂၂၄^၁၅

ကျောက်စစ်ကုန်းမြင့်။ ။လောင်းသည်ရွာ။ ကျောက်စစ်ကုန်းမြင့်သည် လောင်းသည်ရွာ မြောက်ဖက်တွင်ရှိသော ဝက်ကူးသန်လယ်၏အနောက်ဖက် မြေအပိုင်းအခြားဖြစ်သည်။^၁

၁။ ပု ၂၂၄^၁၅

ကျောက်ဆောက်မင်းသမီး။ ။မောင်ရွှေညိုဇနီး။ ကျောက်ဆောက်မင်းသမီးသည်မဟာဝိဇယရံသီ ပုထိုးတော်ကြီးဒါယကာ စကိုင်းမင်းနှင့်ကိုယ်လုပ်တော် သီရိအာသာမဟေတို့၏သမီးတော် ဖြစ်၍ ဟံသာဝတီမြို့ဝန်သား မောင်ရွှေညိုနှင့်သင့်သည်။^၁

၁။ နန်မယ်နု ၂၀၅

ကျောက်ဆောက်မြို့။ ။ကျောက်ဆောက်မြို့ကို ကျေးလက် ၅၅ ရွာနှင့်တကွ ဒုတ္တပေါင်မင်းကြီး တည်ထောင်ခဲ့သည်ဟု ဆိုရိုးရှိသည်။ ကျောက်ဆောက်မြို့၏ မူရင်းနယ်မြေအပိုင်းအခြား မှာ အရှေ့ကို ပြဦးရေဝေကုန်းတန်းလမ်းမ၊ ထိန်ကန်အခြားတဖက် ညောင်အုတ်မြို့မြေ၊ ပင်းတလဲမြို့မြေများနှင့် ကျောခိုင်း။ အရှေ့တောင်ကို သိကျော်ပုံဘုန်းကြီးရေကန်အခြား တဖက်၊ ပင်းတလဲမြို့မြေနှင့်ကျောခိုင်း၊ တောင်ကို ကျောက်သားရေချောင်းအခြားတဖက် ပင်း၊ တောင်ဆင်းမြေနှင့်ကျောခိုင်း။ အနောက်တောင်ကို ငါးရံ့ချောင်းအခြားတဖက် ပုဂံမြို့ကျေး ညောင်များရွာမြေနှင့်ကျောခိုင်း၊ အနောက်ကို အင်ကြင်းခြေပေါ် ကျောက် တံခါးအခြားတဖက် ယေရောက်မြို့မြေနှင့် ကျောခိုင်း။ အနောက်မြောက်ကို အင်းချောင်း ကမ္ဘချောင်းအခြားတဖက် တလုပ်မြို့မြေနှင့်ကျောခိုင်း၊ မြောက်ကို ပျဉ်မျောချောင်းအခြား တဖက် ပြင်စည်မြို့နှင့်ကျောခိုင်း၊ အရှေ့မြောက်ကို လှမ်းမကူးကျောက်ပုံ အခြားတဖက် ပြင်စည်မြို့မြေနှင့်ကျောခိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောက်မြို့ ၁၅ရွာအနက်ပင်းယာဥဇနာမင်းသည် ၄၄ ရွာကို ကျောက်ဆောက် မြင်း ၄၄ စီး ဖွဲ့တော်မူသည်။ ၎င်းကျောက်ရင်းဟောင်သာရွာကိုနယ်မြေနှင့်တကွ အင်းဝ ဘုရင် ဒုတိယမင်းခေါင်းသည် ကျောက်ဆောက်မြို့မှနုတ်၍ တံတားဦးမင်္ဂလာစေတီကို လှူတော်မူသည်။ တဖန် ကေ့မျှောင်၊ သဖန်းခေါင်း၊ ရုံးစဉ်ငယ်၊ ပေါင်းအိုး၊ တယ်ရေ ထွက်၊ မြင်းဦးလှည့်ကျေးရွာ ၆ ရွာကို ပင်းတလဲမြို့ကနုတ်ယူပြန်၍ နွားပြင်ရွာကို ပြင်စည် မြို့မှ၎င်း နှမ်းရွာကိုရွာလပ်ဝန်က၎င်း အသီးသီးနုတ်ယူကြပြန်သည်။

ဤကဲ့သို့ မြို့နယ်နိမိတ်မရှင်းမလင်းရှိနေသည် သက္ကရာဇ် ၁၁၆၄ ခုတွင် ဘုရင်အမိန့်တော် မြွတ်နှင့်နယ်မြေပိုင်းခြားသည်ကား အရှေ့ကို ပြဉ်းရေဝေကုန်းလမ်း ကထိန်ကန် ပင်းတလဲ မြို့မြေနှင့်ကျောခိုင်း။ အရှေ့တောင်ကို ဒွေးလှ၏ သစ်ကျောက်ပုံ ဘုန်းကြီးရေကန်အခြား တဖက် ပင်းတလဲမြို့မြေနှင့် ကျောခိုင်း။တောင်ကို ကျောက်သားရေချောင်းအခြားတဖက် ပင်း၊ တောင်ဆင်းမြေနှင့်ကျောခိုင်း။အနောက်တောင်ကိုငါးရံ့ချောင်းကျောက်ပြယ်ကန် အခြားတဖက် ပုဂံမြို့ကျေး ညောင်များရွာမြေ၊ပုပ္ပါးမြို့မြေများနှင့်ကျောခိုင်း။အနောက် ကို အင်ကြင်းခြေပေါ် ပြာပုံကမ်းပြတ်အခြားတဖက် သရေခေတ်မြို့မြေနှင့် ကျောခိုင်း။ အနောက်ကို အင်ချောင်း၊ ကမ္ဘချောင်း။ မြင်းကျချောင်းတဖက် ပုဂံမြို့ကျေး၊ လက်ထုပ် ရွာမြေနှင့်ကျောခိုင်း။ မြောက်ကို မြင်းကပါ ကျောက်တိုင် ပျဉ်မျောချောင်းအခြား တဖက် ပြင်စည်မြို့မြေနှင့်ကျောခိုင်းဖြစ်၏။

ကျောက်ဆောက်မြို့မှ ပေးသွင်းရသော အခွန်မှာ ၁၀၀ လျှင် ၁၀ အပို အကဲမရှိ ဖြစ်၏။ တရားကွမ်းဘိုးမှာ မြို့သူကြီးနှင့် မြင်းစီးသူကြီးတို့က စီရင်၍ တဝက်ကိုစားသုံးရလျက် ကျန် တဝက်ကိုဆိုင်ရာမြို့စားထံတွင် ဆက်သွင်းရ၏။ ကျန်အခွန်အကောက်များမှာ ကျွန်းရောင်း ဝယ်လျှင် ငွေ ၂ မတ်၊ကျွဲရောင်းဝယ်လျှင် ငွေ ၁ မတ်၊ နွားရောင်းဝယ်လျှင် ငွေ ၁ မူး၊ ထန်း တပင်တက်လျှင် ထန်းလျက် ၂၅ ကျပ်သား၊ဆီတဆုံကြိတ်လျှင် ဆီ ၅ ကျပ်သားပေးဆောင် ရ၏၊ ရာဇဝတ်ခိုးသေးမီးပွါး ပေါ်ပေါက်သည့်အခါ ကျောက်ဆောက်မြို့ရုံးမှာ စီရင်ရ သည်။မြင်းစီးမရှိ အရိုးပြတ်လပ်လျှင် မြို့သူကြီးက ထိန်းအုပ် စီရင်ရမြဲ ဖြစ်ပေသည်။

သက္ကရာဇ် ၁၁၆၄ ခု စစ်တန်းရေး စစ်ချိန်တွင် သူကြီးအဖြစ် ထမ်းရွက်လျက်ရှိသူမှာ ငရွှဲသား အသက် ၃၅-နှစ်ရွယ်ရှိ ကြာသပတေးသား ငငယ်ဖြစ်၏။[၁]

၁။ ကျောက်ဆောက်မြို့စစ်တန်း ၆၄ ခု

**ကျောက်ဆောက်မြို့စား ဝန်ကြီး။** ။မင်းကြီးမဟာစည်သူ။ ယင်းတော်မြို့ဇာတိ ဦးမေ့သည် ရှေးဦးစွာ လွှတ်တော်တွင် ဝန်ထောက် ဦးကျော်ခိုင်ထံ၌ စာရေးအဖြစ် ထမ်းရွက်သည်။ ၎င်းနောက် အသုံးစာရေး၊ စာရေးကြီး အဆင့်ဆင့်ဖြစ်သည်။ ဗဒုံမင်း လက်ထက်တွင် နေမျိုးစည်သူနော်ရထာဘွဲ့နှင့် ဝန်ထောက်ခန့်ခြင်း ခံရသည်။ စစ်ကိုင်းမင်း နန်းတက် သောအခါတွင်၊ ၎င်းအား မဟာစည်သူဘွဲ့နှင့် ဝန်ထောက်ခန့်ပြန်၍၊ ကျောက်ဆောက်မြို့

www.burmeseclassic.com



ကိုလည်း စားစေသည်။ ၎င်းနောက် သက္ကရာဇ် ၁၁၉၁ ခုတွင် မင်းကြီးမဟာစည်သူဘွဲ့နှင့် ဝန်ကြီးခန့်ပြန်သည်။ သက္ကရာဇ် ၁၁၉၇ ခုတွင် ကျောက်ဆောက်ဝန်ကြီး ကွယ်လွန်လေ၏။°

၁။ မသက ၄၅။ ၁၅၂၊၁၅၅

ကျောက်ဆောက်ရွာ။ ။ကျောင်းဆတ်မြေ။ စလင်းမင်း သိန်ပတေ့သည် သက္ကရာဇ် ၇၆၉ ခုနှစ်တွင် ကျောက်ဆောက်ရွာကို ရွာလက်နှင့် တကွ ကျောင်းဝတ္ထုအဖြစ် လှူလေ၏။°

၁။ (သဲမောင်းကန် ရန်အောင်မြင်ကျောက်စာကြီး ကျော.ª)

ကျောက်ဆည်စာဒရေး။ ။ဗဒုံမင်းယောက္ခမတော်။ အမည်မသိ။ ၎င်းသမီး သုဇာလီခံ ရှင်သူနှင့် ဗဒုံမင်းသင့်ရာတွင်၊ သားတော် တောင်သာမင်းသား၊ သမီးတော် အုန်းတောအောင်သာမင်းသမီးနှင့် အခြားသားတော် သမီးတော် ၃ ပါး ပေါင်း ၅ ပါး ထွန်းကားသည်။°

၁။ ပဇပ် ၁၇၃

ကျောက်ဆည်မြို့။ ။သီပေါ မင်းလက်ထက် ၁၀ ခရိုင် သတ်မှတ်ဖွဲ့စည်းရာ၌၊ ကျောက်ဆည်သည် ဒုတိယဌာန အင်းဝမြို့ခရိုင်တွင် ပါဝင်သည်။°

၁။ မြန်မာမင်း ၂။ ၁၁၁

ကျောက်ဆည်ဝန်။ ။ဒီပဲယင်းမင်းယောက္ခမ။ အမည်မသိ။ ၎င်းသမီး ရာဇာဒေဝီနှင့် ကန်တွင်းစည်းခုံဒါယကာ ဒီပဲယင်းမင်း သင့်ရာတွင် သား ငယ်ကလွန် တပါးဖွားမြင်သည်။°

၁။ ကဘဆ ၁။ ၃၅၅

ကျောက်ဆည်ဝန်။ ။မင်းရဲဇေယကျော်။ ကျောက်ဆည်ဝန် ဦးကံအားစကိုင်းမင်းလက်ထက်တွင် မင်းရဲဇေယကျော်ဘွဲ့နှင့် မြို့ဝန်ခန့်တော်မူသည်။°

၁။ မသက ၄၅ ၁၅၆

ကျောက်တလုံးကင်း။ ။ရေကြောင်းကင်း။ ကျောက်တလုံးကင်းမှ ရရှိသော အခွန်များကို ဗဒုံမင်းလက်ထက် ၁၁၆၇ ခု တပို့တွဲလပြည့်ကျော် ၄ ရက်နေ့တွင် သီရိသုကေသာအား သနားတော်မူသည်။°

၁။ ရဟ အမတ ၆၄

ကျောက်တလုံးမင်းသား။ ။မင်းရဲမင်းလှ။ ကျောက်တလုံးမင်းသားသည် ဗဒုံမင်းနှင့် ကိုးဇီလုပ်တော် ရှင်ညွန့်တို့၏ သားတော်ဖြစ်၍၊ ခမည်းတော်လက်ထက်တွင် မင်းရဲမင်းလှဘွဲ့ ရ၏။

www.burmeseclassic.com



မင်းတုန်းမင်းတရား လက်ထက်တွင် မင်းလှမင်းထင်ဘွဲ့ကို အသနားတော်မြတ်ခံရသည်။ ၎င်းသည် ခမည်းတော် ဗဒုံမင်းနှင့် တရုပ်မြော် မိဖုရားတို့ကမွင် မြင်သည့် သမီးတော် သီရိမုတ္တာဝတီဘွဲ့ခံ မင်းချစ်စုနှင့် သင့်သည်။"

၁။ ပဇပ် ၂၆၇-၂၇၄

ကျောက်ထရန်။ ။ဖေါင်းလင်းမြို့ကျေး။ ကျောက်ထရန်သည် ဟံသာဝတီ ၃၂ မြို့ အဝင် ဖေါင်းလင်းမြို့၏ အရှေ့မြောက်နယ်ခြား ထန်းတောကြီးနယ်စပ်၌ ရှိ၏။"

၁။ မသဂ ၈။ ၄၉

ကျောက်ထန်ပါ။ ။ဖေါင်းလင်းမြို့ကျေး။ ကျောက်ထန်ပါသည် ဟံသာဝတီ ၃၂ မြို့ အဝင် ဖေါင်းလင်းမြို့၏ အနောက်နယ်မြေအခြား၊ တပင်တိုင်တောင်ရိုး မော်ဘီမြို့ မြေစပ်၌ ရှိသည်။"

၁။ မသဂ ၈။ ၄၈

ကျောက်ပန်းတောင်းမြို့။ ။ကျောက်ပန်းတောင်းမြို့သည် မင်းတုန်းမင် လက်ထက်တွင် ပင့်၊ နတ်မောက်၊ ကျောက်ပန်းတောင်း ၃ မြို့ဝန် လက်အောက်ခံဖြစ်ရာမှ သီပေါမင်းလက်ထက် တွင် ၁၀ ခရိုင် သတ်မှတ် ဖွဲ့စည်းသောအခါ စတုတ္ထဌာန တောင်တွင်းကြီး ခရိုင်၌ ပါဝင်သည်။"

မြန်မာမင်း ၂။ ၁၁၁

ကျောက်ပန်းတောင်းမြို့စား။ ။မင်းရဲသိခ်ါ။ ၎င်းသည် ဗဒုံမင်းနှင့် ကိုယ်လုပ်တော် မင်္ဂလာ မဟေတို့၏ သား မောင်ကျောက်ခဲဖြစ်၍ သီရိသာမာဝတီနှင့် သင့်သည်။"

၁။ ပဇပ် ၂၇၂

ကျောက်မော်မြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ထိုမြို့ကို သက္ကရာဇ် ၅၁၇ ခုတွင် သမလမင်း တည်ထောင်ခဲ့သည်။ ကျောက်မော်မြို့နယ် အပိုင်းအခြားမှာ အရှေ့ကို သံလွင်မြစ်အထိ ဇင်းမယ်မြေနှင့်အစပ်၊ အရှေ့တောင်ကို မဲစောင်းချောင်းအထိ တဖက် ရှေကျင်မြေ ယွန်းစလင်းမြေနှင့် ကျောခိုင်း။ တောင်ကို ဒုံးစရစ်မြို့၊ ရှေကျင်မြေအထိ၊ အနောက် တောင်ကို မတောက်ချောင်းဝ၊ အင်းချောင်း၊ ပြွန်တစာ၊ ရဲနွယ်ချောင်း ညောင်ပင်သာ မြေခြား၊ ကောလိယမြေနှင့်အစပ်။ အနောက်ကို ကျဲမကူးအင်း၊ ကျောက်လုံးကြီး၊ ဇဟာတန်လောင်းချောင်းအခြား၊ တဖက်တောင်ငူမြို့မြေနှင့်အစပ်၊ မြောက်ကို ကြွက်တိုက် ညောင်ပင် ကုလားသေ ယောက်သဝချောင်းကောက်ကောက်စင်းစင်းတဖက်တောင်ငူမြို့

www.burmeseclassic.com

www.burmeseclassic.com



မြေနှင့်အစပ်၊အရှေ့မြောက်ကို ယောက်သဝချောင်းဖျားမဲခွာချောင်းဆုံ ကျောက်လုံးကြီး သရေထိုးတောင်ကြီးနှင့် ပေါ်လောတောင်ကြီးအခြား တဖက် တောင်ငူမြို့မြေနှင့် အစပ်ဖြစ်သည်။

ကျောက်မေဒ်မြို့နယ်မြေတွင် လယ်ကွဲတရှဉ်းလုပ်ကို အခွန် ၁၀ တင်း၊ ကြီးစား ၁တင်း၊ ဝန်စား ၁ တင်း၊ ရေးစား ၂ စိတ်၊ ဆော်စား ၁ စိတ်၊ ပေးရ၍ ကိုင်းခွန်မှာ လုပ်သား ထားမတစင်းကို ငွေ ၂ မတ်ဖြစ်သည်။ အင်းဆည်လုပ်သူများမှာ တကိုယ်လျှင် ငွေ ၂ိ ပေးဆောင်ကြရ၏။ ပိုက်ဖြင့် ငါးရှာသူများမှာ ပိုက်တဖောင်လျှင် ၂ိ။ ကွန်ပြစ်သူတို့မှာ ကွန် ၁ လျှင် အခွန်ငွေ ၁ိ ပေးကြရ၏။ သစ်ရင်းခွန်မှာ လှည်းလှေ ၁၀ လျှင် ၁ စီး၊ အခွန်ငွေ ၁ဝိလျှင် ကြီးစား ၁ိ၊ ဝန်စား ၁ိ။ ရေးစား ၂မတ်၊ ဆော်စား ၁ မတ် ဖြစ်၏။ ကင်းခွန်မှာ ဆင်စွယ်၊ ဖယောင်း၊ ခဲ၊ ကွမ်းသီး၊ အချိန် ၁၀၀ လျှင် အခွန်ငွေ ၂ိ၊ တိုင်စား ၂မူး၊ ရေးစား ၁ မူးဖြစ်၏။ တိုက်ကုန်ချိတ်ကုန်ထိုးဝါးတလုံးလျှင် အခွန်ငွေ ၂ မတ် ကောက်ခံရသည်။ ကွမ်းသီးခွန်မှာ ခွန်သေ ၁၆၀၀ ဖြစ်၍၊ ကရင်မြေခွန်မှာ ငွေ ၃၅ဝိ၊ အခွန် ၁၀၀လျှင် ကြီးစား ၁ဝိ၊ ဝန်စား ၁ဝိ၊ ရေးစား ၅ိ၊ ဆော်စား ၂ိ-၅ မူးဖြစ်ပေသည်။ သက္ကရာဇ် ၁၁၆၄ ခုနှစ် မြို့သူကြီးအဖြစ် ထမ်းရွက်လျက်ရှိသူမှာ ငဆုတောင်းဖြစ်၏။ိ

ကျောက်မေဒ်မြို့စစ်တန်း ၆၄ ခု

**ကျောက်ရဲရွာ။** ။စလေမြို့နယ်။ ကျောက်ရဲရွာတွင် ကြီးစိုးသူများသည် မိန်းမများဖြစ်၏။ိ

မြန်မာ့မင်း ၂။ ၁၆၉

**ကျောက်အိုးကန်။** ။တူရွင်းတိုင်မြို့ကျေး။ ကျောက်အိုးကန်သည် ရှာမိန်ရွာ၏ အနောက်မြောက် နယ်စပ်တွင် ရှိသည်။ိ

ရှာမိန်ရွာစစ်တန်း ၆၄ ခု

**ကျောက်အိုးအင်း။** ။စုန်းမြို့နယ်။ ကျောက်အိုးအင်းသည် ကျော်စည်တိုက် စုန်းမြို့နယ်တွင်ရှိ၍ ယင်းမှတနှစ်လျှင် ခွန်ဘောမည်မျှဟူ၍ ပေးဆောင်ရသည်။ိ

မြန်မာ့မင်း ၂။ ၁၇၁

**ကျောက်အိပ်မိုး။** ။မြို့နယ်အတိအကျမသိ။ ၎င်းသည် ညောင်ပင်ရွာ၏ တောင်ဖက်တွင်၎င်း၊ ရွာသာမြို့၏ တောင်ဖက်တွင်၎င်း၊ တူရွင်းတိုင်မြို့၏ အနောက်ဖက်တွင်၎င်းရှိသည်။ိ

၁။ ညောင်ပင်ရွာ၊ ရွာသာမြို့၊ တူရင်းတိုင်မြို့စစ်တန်းများ ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ဇွဲမရိဘုရား။ ။တပင်တိုင်တောင်ရိုး။ ကျိုက်ဇွဲမရိဘုရားသည် ဟံသာဝတီ ၃၂ မြို့အဝင် ဖောင်းလင်းမြို့နှင့် မော်ပီမြို့မြေစပ်၊ တပင်တိုင်တောင်ရိုး၌ ရှိသည်။

၁။ မသဂ ဂ။ ၄ဂ

( အို ) ကျောင်း။ ။( ကျောင်း ) ကျောင်းကျွန်။ဇေယဝဍ္ဍနသည် သက္ကရာဇ် ၆၂၁ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပု ၂၂၆

ကျိုင်းရုံး။ ။ကျိုင်းရုံးနယ်ကို မဟာနဂရတိုင်းဟူ၍၎င်း၊ ဇောတိနဂရတိုင်း ဟူ၍၎င်း အသီးသီး ရေးသားထားခဲ့သည်။

၁။ မြန်မာမင်း ၂။ ဂ၅

ကျပ်ပြင်။ ။သီပေါမင်းလက်ထက်တွင် ၁၀ ခရိုင် သတ်မှတ်ဖွဲ့စည်းသောအခါ ကျပ်ပြင်သည် ဒသမဌာန အညာမြစ်စဉ်ခရိုင်၌ ပါဝင်လေသည်။

၁။ မြန်မာမင်း ၂။ ၁၁၁

ကျုံးကတိမ်။ ။ဝါးရင်းတုတ်အဝင်။ သက္ကရာဇ် ၆၃၃တွင် စချိဗိုလ်သည် ရတနာ ၃ ပါးအား ကျုံးကတိမ်တောင်မြေ ၂၀၀ လှူ၏။ ထိုမြေကို ပဒေသာသည်ထံမှ ရရှိသည်။

၁။ ပု ၂၃၂ ၁၁၀၆

( င ) ကြာ။ ။လွှတ်လုင်။ငကြာသည်သက္ကရာဇ် ၁၁၆ဂ ခုတွင်လွှတ်လုင်အဖြစ်ထမ်းရွက်လျက် ရှိသည်။

၁။ လဖစ ၁

( င ) ကြာညို။ ။အမှုထမ်း။ သက္ကရာဇ် ၁၁၆ဂ ခု တန်ဆောင်မုန်းလတွင် ငကြာညိုသည် ဝန်ထောက်နေမျိုးနော်ရထာထံ၌ လုင်အဖြစ် အမှုထမ်းလျက်ရှိသည်။

၁။ လဖစ ၂

ကြာပင်ရွာ။ ။သီပေါမင်းလက်ထက် ၁၀ခရိုင် ဖွဲ့စည်းသတ်မှတ်ရာ၌၊ ရွှေကြိုးသတ်ခေါ်သော မြို့တော်ဆင်ခြေဖုံးအပါအဝင်ဖြစ်သော ကြာပင်ရွာသည် ပထမဌာန ရွှေမြို့တော်ခရိုင်တွင် ပါရှိလေ၏။

၁။ မြန်မာမင်း ၂။ ၁၁၁

www.burmeseclassic.com

www.burmeseclassic.com



ကြာမိ။ ။ဘုရားကျွန်။ သက္ကရာဇ် ၆၃၁ ခုတွင် သူကြွယ်ဝေမ်းပြည့်သင်သည် မိမိပြုလုပ်သော ကူဘုရား၌ လှူသောကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၅[၅]

ကြာအို။ ။ပနန်ခရိုင်အဝင်။သက္ကရာဇ် ၆၃၃ ခုတွင် စချီဗိုလ်သည် ပဒေသာသည်ထံမှရရှိသော ပနန်ခရိုင်အဝင် ကြာအိုလယ် ၄၀ ကို လှူတော်မူ၏။

၁။ ပုံ ၂၃၂[၁၁၊၁၃]

(င) ကြီး။ ။သူကြီးသား။ ငကြီးသည် ဗန့်ကျီတိုက်အဝင် တရားမြို့သူကြီးငအောင်၏ သားဖြစ်၏။ ၎င်းအဖအား ရာဇဝတ်စီရင်သောအခါ ငကြီးသည် သူကြီးအရာကို လျှောက်ထား၏။ သို့သော် မရရှိချေ။

၁။ လဖစ ၁၈

ကြော့ ၁၀ ရွာ။ ။အနောက်ဖက်တိုက်အဝင်။ သက္ကရာဇ် ၁၁၆၃ ခုတွင် ကြော့ ၁၀ ရွာသူကြီးမှာ ငစံရာဖြစ်သည်။

၁။ လဖစ ၁၄

(င) ကြီးစင်။ ။ကျွန်။ မင်းမယားစချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ငကြီးစင်အား ရတနာ ၃ ပါးကို လှူတော်မူ၏။ ငကြီးစင်၏ညီများမှာ ငနောင်ခင်နှင့် ငလှတို့ ဖြစ်ကြ၏။

၁။ ပုံ ၂၃၂[၉]

(င) ကြက်စင်။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်ဖြစ်သည်။ ငကြက်စင်သားမှာ ငပုကံဖြစ်၏။

၁။ ပုံ ၂၂၆[၂၄]

ကြက်စင်ကျွန်း။ ။ဩဝတီမြို့ကျေး။ ကြက်စင်ကျွန်းသည် ဩဝတီမြို့စီရင်စုရှိ ကျွန်းများ အနက် ကျွန်းတကျွန်းဖြစ်သည်။

၁။ လဖစ ၁၀

www.burmeseclassic.com

www.burmeseclassic.com



ကြက်ရိုးရွာ။ ။ခမဿဝတီမြို့ကျေး။ သက္ကရာဇ် ၁၁၆၈ ခုတွင် ကြက်ရိုးရွာသူကြီးမှာ ငဦးညိုဖြူ ဖြစ်၏။[၁]

၁။ လဖစ ၁

(င) ကြောင်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင်ကျောင်းကိုလှူသော ကျွန်ဖြစ်၏။ ငကြောင်၏အကိုမှာ ငဖွားဖြစ်၍ ၎င်းတို့အဖမှာ ငကောင်းယန်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၀၁]

(င) ကြောင်သင်။ ။လောင်းသည်ရွာ ကလန်သံပျင် တဦး။ သက္ကရာဇ် ၆၂၅ ခုတွင် ဝမ်းပြည့်သင် မြေရောင်းရာ၌ ငကြောင်သင်သည် သက်သေအဖြစ်ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၅]

(အို) ကြောင်သင်။ ။မင်းမယား။ အိုကြောင်သင်သည် သူကြွယ်ငမြတ်သင်နှမဖြစ်၍ စည်သူ (တရုပ်ပြေး)၏ မိဖုရားလည်း ဖြစ်၏။ သက္ကရာဇ် ၆၂၇ ခု တပို့တွဲလပြည့် နေ့တွင် ၎င်းသည် သမထီးအရပ်၌ မိမိမောင် ငမြတ်သင်တည်ထားသော ကျောင်းကို ခရမ်းရွာမြေကျက် ၁၅၀ လှူသည်။[၁]

၁။ ပုံ ၂၂၉[၀၅]

ကြည်းမြင့်။ ။ထမောင်းကာအဝင်။ ကြည်းမြင့်မြေ ၁၀၀ ကို မင်းမယား စချိပိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူ၏။ ထိုမြေကား ပဒေသာသည်ထံမှ ရရှိသော မြေများဖြစ်သည်။[၁]

၁။ ပုံ ၂၃၂[၀၃၊၀၆]

ကြံတူ။ ။အနိမ့်အမြင့်၏ရှေးမည်။ စစ်သူကြီး လက္ခဏာလက်ဝဲသည် သက္ကရာဇ် ၅၉၀ ပြည့်တွင် တကောင်းကို စစ်ထိုးရာ၌ အောင်မြင်သောအခါ၊ နားတောင်းများမင်းကြီးက ကြံတူ အရပ်တွင် ပန်းတိန်နွယ်ကန်မြေ ၁၇၃ ပယ်နှင့် ရေ့တပိုကန်မြေ ၂၇ ပယ် ပေါင်းပယ်၂၀၀ ရဲဆုချီးမြှင့်တော်မူ၏။ ထိုမြေများကို လက္ခဏာလက်ဝဲသည် (စသင်ဂူ?) ဘုရားအား လှူလေသည်။[၁]

၁။ ပုံ ၂၃၁ ခ[၂]

www.burmeseclassic.com

www.burmeseclassic.com



( င ) ကွ။ ။ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်၏။ ◦

၁။ ပုံ ၂၂၆၊

( င )ကွ။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဖိုလ် သက္ကရာဇ် ၆၃၃ ခု၌ ရတနာ ၃ ပါးအား လှူတော်မူသော ကျွန်တယောက် ဖြစ်သည်။ ငကွသည် ငတောင်ဖ၏ သားဖြစ်၍၊ ၎င်း၏အကိုများမှာ ပန်စင်နှင့် ငခင်ဖတို့ဖြစ်ကြ၏။ ◦

၁။ ပုံ ၂၃၂၀

( အို ) ကွယ်။ ဘုရားကျွန်။ သက္ကရာဇ် ၅၅၀ ပြည့်တွင် စည်သူမင်းကြီး နတ်ထမင်းရသော သခင်ထံပါး ဘုရားအား ကျွန်များလှူရာ၌ အိုကွယ်နှင့် ၎င်းသမီး အိုလုင်တို့လည်း ပါဝင်ကြ၏။ ◦

၁။ ပုံ ၂၂၀ ခ

ကွန်းသာယာ။ ။ကျော်စည်တိုက်။ ကွန်းသာယာသည် စုန်းမြို့နယ်၏ အရှေ့မြောက်ဖက်နယ်နှင့် ကျောခိုင်းလျက်ရှိသည်။ ◦

၁။ မြန်မာမင်း ၂။ ၁၀၁

ကျွဲချေပေါက်။ ။မကွေ့တရာနယ်။ ကျွဲခြေပေါက်သည် ကျော်စည်တိုက်၊ စုန်းမြို့နယ် မကွေ့ တရာရွာ၏ အနောက်ဖက်နယ်ခြားဖြစ်သည်။ ◦

၁။ မြန်မာမင်း ၂။ ၁၀၀

ကျွဲလူးအိုင်ကြီး။ ။စုန်းမြို့နယ်။ ကျွဲလူးအိုင်ကြီးသည် ကျော်စည်တိုက်အဝင် စုန်းမြို့နယ်၏ အရှေ့မြောက် နယ်ခြားတခုဖြစ်သည်။ ◦

၁။ မြန်မာမင်း ၂။ ၁၀၁

( အို ) ကြွက်။ ။ဘုရားကျွန်။ သက္ကရာဇ် ၆၂၁ ခုတွင် ဇေယဝဍ္ဍနာ ဘုရားအား ကျွန်များ လှူရာ၌ အိုကြွက်နှင့်သမီးအိုမျိုးတို့လည်း အပါအဝင်ဖြစ်၏။ ◦

၁။ ပုံ ၂၂၆၊

www.burmeseclassic.com

www.burmeseclassic.com



[ ခ ]

ခတျော၀ါဒဆုံးမစာ။ ။ဆီးပန်းနီသရာဘဘ်ခရေး ဆုံးမစာ။ "မင်္ဂလာမြို့သည်၊ သုံးမိုးရည်ဖြင့်၊ မြင့်ရှည်ကမ္ဘာ၊" ချီ။

၁။ ဟံသာဝတီဆုံးမစာပေါင်းချုပ် ၃၄၇ ၁ ၆၆

ခပေါင်းမြစ်။ ။ကန္ဒီမြို့ကျေးရှိမြစ်တခု။ "ကန်နီနောက်ပြင်၊ တပ်ဝန်းကျင်နှင့်၊ ကြည်လင်ပေါင်းလောင်း၊ မြစ်ခပေါင်းတို့၊ လမ်းကြောင်းတံဘား၊ ခင်းစေငြားလျက်။"

၁။ ပေါင်းချောင်၊ ပို်ဒ် ၅၃

ခရုတုတ်။ ။အမြောက်အမည်။ ခရုတုတ်အမြောက် နောက်ဘိုးအမြောက် စသောအမြောက်များနှင့် အမြောက်စုအမှုထမ်းတို့ကို အမြောက်ဝန်က အမြဲမပြတ် ကြည့်ရှုစောင့်ရှောက်ရသည်။

၁။ ရွှေနန်းသုံးခန်း ၁၁၀

ခရမ်းရွာ။ ။မြို့ကျေးအမည်မသိ။ တရုပ်ပြေးမင်းသည် ထိုရွာပါမြေ ၄၀၀ကို ဇေယပတိအား ပေးသနားတော်မူသည်။ ထိုမြေများကို ဇေယပတိ ရောင်းသောအခါ မင်းမယား အိုကြောင်သင်ဝယ်ယူ၍ သမတီးအရပ် သူကြွယ်ငမြတ်သင်ကျောင်းအား မြေကျက် ၁၅၀ လှူတော်မူ၏။

၁။ ပို ၂၂၉

(င) ခူ။ ။ဗဒိုမင်းသည် ကျွန်တော်ရင်း ငခူကို သူရဲဝန် ခန့်တော်မူသည်။

၁။ မယက ၄၅။ ၁၄၇

ခူရာလက်ပ။ ။မင်းရဲစည်သူ။ မဏိပူရပြည့်ရှင် ဂါရစ်နဝါစ်၏သား ခူရာလတ်ပကို သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် မဟာဓမ္မရာဇာဓိပတိက မင်းရဲစည်သူဘွဲ့ချီးမြှင့်သည်။

၁။ ကဘဆ ၁။ ၂၃၄

ခေမာရဋ္ဌတိုင်း။ ။ခုန်ပြည်။ ညောင်ရမ်းခေတ်က ခုန်ပြည်ကို ခေမာရဋ္ဌတိုင်း ခေါ်သည်။ မြို့တော်မှာကျိုင်းဘုံဖြစ်၏။ကျိုင်းတုံစော်ဘွားသည်ရှေးအစဉ်အဆက်ကပင်နန်းအိမ်ဦးတွင် ရာဇပလ္လင်တည်၍ ထီးဖြူလေးစင်း၊ ယမားသံလျက် ခင်းကျင်းသည်။

၁။ လကဗ ၂၃၃

www.burmeseclassic.com

www.burmeseclassic.com



ခေမာဝရတိုင်း ။ ။ကျိုင်းတုံ။ သက္ကရာဇ် ၁၁၃၆ခု ကျောက်စာတချပ်အရ ကျိုင်းတုံ အစရှိသော ပြည်ကြီးတို့၏ တည်ရာကို ခေမာဝရတိုင်းဟု ဆိုသည်။

၁။ တိလောကမျက် ၂၄

ခဲတောင်ကြီးကျောင်း။ ။အမြင့်မြို့။ပုဂံပြည် နားတောင်းများမင်း၏ ဆရာတော် ပရိသတ္တိသီဟ မဟာဥပါလိ ပုဂ္ဂိုလ်သူမြတ်သည် မန်းစက်တော်ရာသို့ အဖူးအမြော် ကြွတော်မူရာမှ အပြန်တွင် စကုမြို့သို့ရောက်လတ်သော်၊ မေ့လျော်တော်မူသဖြင့်သိတင်းသုံးနေတော်မူ၏။ ဝါကျွတ်သောအခါ၊ နားတောင်းများမင်းကြီး ပင့်တော်မူသဖြင့်၊ သခင်မဟာဥပါလိပုဂံ မြို့သို့ရောက်ရပြန်၏။ ကျစွာမင်းသက်ထက်ရောက်သောအခါ သခင်မဟာဥပါလိထေရ်သည် ဘုရင်အား ပန်ကြား၍ စကုမြို့သို့ကြွလျက် သိတင်းသုံးပြန်လေသည်။ ထို့ကြောင့်၊ ကျစွာမင်းကြီးသည် ဇေယကျော်ထင်နှင့် နန္ဒမိတ် အမတ် ၂ဦးကို စေလွှတ်၍ ခဲတောင်ကြီး အရပ်ရှိ ပြာသာဒ် ကျောင်းကြီးတဆောင် ကြပ်မဆောက်လုပ်စေ၏။ ကျောင်းပြီး မြောက်သောအခါ မဟာဥပါလိ မထေရ်အား တင်လှူစေ၍ ကျောင်းပရဝုဏ်မြေလည်း လှူတော်မူ၏။ ကျောင်းအလုပ်အကျွေး သန်လျင်ထမ်းကျွန် ၇ ယောက်လည်း လှူတော်မူ၏။ တဖန်၊ သက္ကရာဇ် ၇၉၂ ခုတွင်မိုးညှင်းမင်းတရားကြီးသည် ခဲတောင်ကြီး ကျောင်း ပရဝုဏ်မြေကိုကျစွာမင်းကြီးလှူရင်းတိုင်း ယပ်ဆင့်လှူဒါန်းပြန်တော်မူသည်။ထို့နောက် သက္ကရာဇ် ၁၁၄၇ ခု ရောက်လတ်သော်၊ ဗဒုံမင်းသည်လည်း အထက်မင်းများလှူရင်းတိုင်း မြေများကို ခဲတောင်ကြီးကျောင်းအား လှူဒါန်းတော်မူပြန်သည်။[၁]

၁။ စာရင်း ၁၉၃ ပုန်ရွှေ ၁၄

( အို ) ခေါ။ ။ကျွန်။ သက္ကရာဇ် ၆၃၁ ခုနှစ်တွင် ဇေယတ္တနာလှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇[၁၁]

( င ) ခဲရှာ။ ။ပိဋကတ်ကျွန်။ ခဲရှာသည် သူကြွယ်မြတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်းအား ပိဋကတ်အလုပ်အကျွေးအဖြစ် လှူဒါန်းသော ကျွန်တယောက် ဖြစ်သည်။ ၎င်းမယားလည်း ပိဋကတ်အလုပ်အကျွေးဖြစ်၏။

၁။ ပုံ ၂၂၉[၂၁]

( အို ) ခင်။ ။ဘုရားကျွန်။ စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သခင်ထံပါးဘုရားအား လှူသောကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၈ ခ[၉]

www.burmeseclassic.com

www.burmeseclassic.com



( အို ) ခင်။ ။ကျောင်းကျွန်။ ဇေယျသင်္ခယာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းအား လှူသောကျွန်တယောက်ဖြစ်၍၊ ၎င်းသမီးမှာ အိုမောက်ဖြစ်၏။

၁။ ပုံ ၂၂၆

ခင်ခင်လတ်။ ။ရွှေလှဗိုလ်သမီး။ မင်းတုန်းမင်းလက်ထက် မန္တလေးရွှေမြို့တော်ဝန် ကောလင်းမြို့စား ရွှေလှဗိုလ်သမီးဖြစ်၍ ဝက်မစွတ်ဝန်ထောက်သား မောင်မောင်ကြီးနှင့် သင့်၏။ ခင်မောင်ကြီးအမည်ရှိသော သားတယောက်ထွန်းကားသည်။

၁။ ဗေဒါစီကုန်းဂူ ၁၁။ ၅၅

( င ) ခင်ဖ။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသောကျွန်တယောက် ဖြစ်သည်။ ၎င်းသည် ငတောင်ပ၏သားဖြစ်၍ အကိုမှာ ပန်စင်၊ ညီမှာ ငကွတို့ဖြစ်ကြ၏။

၁။ ပုံ ၂၃၂

ခင်မောင်ကြီး။ ။တရားမမြို့အုပ်။ မန္တလေးရွှေမြို့တော်ဝန် ကောလင်းမြို့စား ရွှေလှဗိုလ်၏ သမီး ခင်ခင်လတ်နှင့် ဝက်မစွက်ဝန်ထောက်၏သား မောင်မောင်ကြီးတို့ သင့်ရာတွင် မြင်သောသားဖြစ်သည်။ ဘီအေဘွဲ့ရ၍ တရားမမြို့အုပ်ဖြစ်သည်။

၁။ ဗေဒါစီကုန်းဂူ ၁၁။ ၅၅

ခေါင်းလောင်းကျွန်း။ ။ဧည့်ဝတီမြို့ကျေး။ ခေါင်းလောင်းကျွန်းသည် ဧည့်ဝတီမြို့အဝင် ကျွန်းများအနက် ကျွန်းတကျွန်းဖြစ်သည်။

၁။ လဟစ ၁၀

( င ) ချေး။ ။( ဦယ်) ကျွန်သင်လျှင်။ ဇေယျဝဍ္ဍနာသက္ကရာဇ် ၆၂၁ ခုတွင် စည်ဘသင်၌ လှူသော ကျွန်သင်လျှင်ဖြစ်၏။ ၎င်း၏ သားများမှာ ငလောင်သင်နှင့် ဝမ်းဖြည့်သင်တို့ ဖြစ်သည်။

၁။ ပုံ ၂၂၆

ချင်ပြစ်။ ။မြို့ကျေးအမည်မသိ။ ။ဇေယျဝဍ္ဍနာသည် သက္ကရာဇ် ၆၂၁ ခုတွင် ချင်ပြစ်အရပ်၌ လယ် ၃၀၀ကို ပုဂံမြို့ရှိ တောင်ကျောင်းနှင့်ဘုရားအား လှူ၏။

၁။ ပုံ ၂၂၆

www.burmeseclassic.com

www.burmeseclassic.com



( အို ) ချင်း။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁'ခု ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၆[၁၇]

( င ) ချောင်းပါ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခု ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၆[၁၂]

( အို ) ချစ်စု။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်၊ ၎င်းသမီးမှာ ဝါသနာ အမည်ရှိ၏။

၁။ ပုံ ၂၂၆[၂၀]

( အို ) ချစ်ထိုက်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၆[၁၁]

( င ) ချစ်ဖွယ်။ ။( ချတ်ဖွဲ ) ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကို လှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်း၏ အကိုများမှာ လေ့၊ ဝေမ်းဖြည့်၊ တေပါး၊ နောင်ငယ်တို့ဖြစ်၍ ညီမှာ ငဦးဖိးဖြစ်၏။ ၁

၁။ ပုံ ၂၂၆[၂၈]

( အို )ချစ်ဦး။ ။( ချတ်ဦ ) ကျောင်းကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၆[၂၀]

( အို ) ချမ်းသာ။ ။ကျောင်းကျွန်။ စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်း ရသောသခင်ထံပါး ကျောင်းကိုလှူသောကျွန်တယောက်ဖြစ်သည်။ ၁

၁။ ပုံ ၂၂၈ ၁၉

( အို ) ချမ်းသာသင်။ ။ပိဋကတ်ကျွန်။ သူကြွတ်မြေတ်သင် သက္ကရာဇ် ၆၂၁ ခုတွင် သမင်း ကျောင်း၌ ပိဋကတ်အလုပ်အကျွေးအလို့ငှာ လှူသော ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၆[၁၈]

www.burmeseclassic.com

www.burmeseclassic.com



ခြင်သေ့။ ။လောင်သည့်ရွာကလန်သံပျင်။ ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေရောင်းရာ၌ ခြင်သေ့သည် သက်သေအဖြစ်ပါဝင်၏။°

၁။ ပုံ ၂၂၄

(ကူခန်း) ခြင်သေ့။ ။မြေပိုင်ရှင်။ ဇေယဝတ္တနာသည် သက္ကရာဇ် ၆၂၁ ခုတွင် ကုခန်းခြင်သေ့ထံမှ မြေသယ် ၂၀ ဝယ်၍ ပုဂံမြို့ရှိ တောကျောင်းနှင့် ဘုရားအား လှူတော်မူ၏။°

၁။ ပုံ ၂၂၆

(င) ခွေး။ ။မဲနေရွာသူကြီး။ ၎င်းသည် သူကြီးအရိုး သားမြေးမဟုတ်ပဲလျက် သူကြီးအရာကို လှည့်ဖြား၍စီရင်သည်။ သက္ကရာဇ် ၁၁၆၇ ခုတွင် လွှတ်တော်မှ ငခွေးသည် သူကြီးရိုးမဟုတ်ကြောင်း သိရှိသဖြင့် အရာမှနုတ်၍ သူကြီးတံဆိပ်စာများကို ရုပ်သိမ်းစေသည်။

၁။ လဖဓ ဂ

[ ဂ ]

ဂဇဗလ။ ။ရွှေတောင်သိခ်ဝေ။ အလောင်းမင်းတရားကြီး၏ မြင်းရည်တက် ၆ဂ ယောက်အဝင် ငသာဦးသည် ရှေးဦးစွာ ဂဇဗလဘွဲ့ကို ရ၏။ ၎င်းနောက် ရွှေတောင်သိခ်ဝေဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။°

၁။ ကဘဆ ၁။ ၃၁

ဂဇရဲ။ ။ရဲအာမခံ။သက္ကရာဇ် ၁၁၁၉ ခု တပို့တွဲလတွင် ကွေ့လဝတို့ကို နှိမ်နင်းရန် အလောင်းမင်းတရားကြီးတပ်ပျားချီတက်သောအခါ ရဲအာမခံ ဂဇရဲလည်းလိုက်ပါထမ်းရွက်ရသည်။°

၁။ ကဘဆ ၁။ ၂၇၆

ဂဇဝေရ။ ။ငဘိုလူး။ အလောင်းမင်းတရားသည် သက္ကရာဇ် ၁၁၁၉ ခု ဝါဆိုလဆန်း ၁၄ - ရက်နေ့တွင် ငဘိုလူးကို ဂဇဝေရအမည် သနားတော်မူသည်။°

၁။ ကဘဆ ၁။ ၂၅၇

ဂဇသိရိ။ ။မင်းရွာခေါင်း။ အလောင်းမင်းတရားကြီးသည် ၄၆ ရပ်ခေါင်းများကို ဘွဲ့အမည် ချီးမြှင့်သောအခါ မင်းရွာခေါင်းကို ဂဇသိရိအမည် သနားတော်မူသည်။°

၁။ ကဘဆ ၁။ ၃၃

www.burmeseclassic.com

www.burmeseclassic.com



ဂဇသူရ။ ။ရွှေတောင်စံထား။အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၉ ခု ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ဂဇသူရကို ရွှေတောင်စံထားအမည် သနားတော်မူသည်။

၁။ ကဘဆ ၁။ ၂၅၆

ဂုဏာစာရ။ ။ဒုတိယ ကျော်အောင်စံထား ဆရာတော်ဘုရား၏ ရဟန်းဘွဲ့ဖြစ်၏။

၁။ ရှေးဖြစ် ၁၄၆

ဂုဏာဘိလင်္ကာရ။ ။တုံရွာဆရာတော်။အလောင်းမင်းတရားကြီးသည် အယူမညီသော ရဟန်းတို့ကိုလည်းမိမိတို့အယူဝါဒအသုံးအဆောင်များကို ပယ်စေ၍ ဂုဏာဘိလင်္ကာရအမည်ရှိသော တုံရွာဆရာတော်၏ အယူဝါဒ အသုံးအဆောင်တို့ကို သုံးဆောင်ဆောက်တည်စေသည်။

၁။ ကဘဆ ၁။ ၇၁

ဂင်္ဂါကူးတို့။ ။ပုဂံမြို့ကျေး။ဂင်္ဂါကူးတို့သည် ပုဂံမြို့ရှိ ကူးတို့ ၄ တွင် တခုအပါအဝင်ဖြစ်၏။

၁။ မသဂ ၃၂။ ၅၅

ဂန္ဓရဲ။ ။လှေစွဲသူရဲ။ သက္ကရာဇ် ၁၁၁၉ ခု တပို့တွဲလတွင် ကွေ့လဝတို့ရှိရာသို့ အုတ်ဖိုကြောင်းချီ တပ်တော်များတွင် ရွှေလှေတော်စွဲ ရဲစုအကြီး ဂန္ဓရဲလည်း ပါဝင်သည်။

၁။ ကဘဆ ၁။ ၂၇၆

[ င ]

ငစုံတံပိုကန်။ ။ကြံတူအရပ်။လက္ခဏလက်ဝဲသည် သက္ကရာဇ် ၅၉၀ ပြည့်တွင် တကောင်းကိုစစ်ထိုးရာ၌ အောင်မြင်သဖြင့် ငစုံတပိုကန်လယ် ၂၇ ပယ်ကို ရဲဆုအဖြစ် ရရှိ၏။ ယင်းသည်ကို (စာသင်ဂူ)ဘုရားအား လှူ၏။

၁။ ပုံ ၂၃၁ ခ

ငနက်ငယ်ရွာ။ ။ရငုန်ခရိုင်။မင်းမယား စချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ဆားချက် ငနက်ငယ်ရွာတောင်စည်သပင်ရွာပါး၌ရှိမြေ ၃၀ ကိုလှူ၏ထိုမြေများကိုပဒေသာသည်ထံမှရရှိ၏။

၁။ ပုံ ၂၃၂ ၁၂၊၁၆

ငါးစင်းရိုင်းချောင်းကျွန်း။ ။ဧည့်ဝတီမြို့ကျေး။ယင်းစီရင်စုမှ ကျွန်းတကျွန်းဖြစ်သည်။

၁။ လဖဆ ၁၀

www.burmeseclassic.com

www.burmeseclassic.com



ငါးပတ်ချောင်းမင်းသမီး။ ။သီရိသုသာမာဝတီ။ ရှင်မင်းအေးသည် ဗဒုံမင်းနှင့် သီရိနန္ဒာတို့ သင့်ရာတွင်မြင်သည့် သမီးတော်ဖြစ်၍ သီရိသုသာမာဝတီဘွဲ့နှင့် ငါးပတ်ချောင်းကို စားရသည်။ ကျောက်ပန်းတောင်းမင်းသားနှင့် သင့်၏။[၁]

၁။ ပဇပ် ၂၃၂

[ စ ]

စချီဗိုလ်။ ။မင်းမယား။ စည်သူ ၄ (တရုပ်ပြေး)၏ မယားတယောက်ဖြစ်သည်။ စချီဗိုလ်သည် ရတနာ ၃ ပါးထားအုံသော ၄ ဘာ အုတ်အတိပြီးသော တံတိုင်းဆောက်၏။ ထိုတံတိုင်းအတွင်း တရုပ်ပြေးမင်းကိုယ်တိုင် လက်တော်ဖြင့် ရွှေခွက်တွင် ပျိုးပေးတော်မူသော မြတ်စွာဘုရား ပွင့်တော်မူသည့် ညောင်ဗုဒ္ဓဟေပင်မှ အစေ့ကို ရွှေခွက်နှင့်ပင် စိုက်၏။ ထိုတံတိုင်းအတွင်း၌ ရတနာ စကြံ့လည်း ပြုလုပ်၍၊ ထိုစကြံ့တွင် ဖလ်အဆင်းနှင့်တူသော ဂူလည်းပြု၏။ ရတနာ အများစီချယ်သော ဘုရားကြီးလည်း ပြု၏။ ထိုနောက် ရာနာ ၃ ပါးအား ရည်စူး၍ သက္ကရာဇ် ၆၃၃ ခု ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင်၊ ကျွန် ၂၂ ယောက်နှင့် မြေ ၁၁၃၅ ပယ် ရေနံ့သာ ဥယျာဉ် ၁ တို့ကို လှူ၏။

စချီဗိုလ်လှူသည့် မြေ ၁၁၃၅ ပယ်အနက်၊ မြေ ၁၀၅၅ ပယ်ကို စည်သူမင်းအား ပုန်ကန်သော ပဒေသာသည်(ပတည်သာသည်)ထံမှ ရရှိ၏။ ရရှိပုံမှာ ပုန်ကန်သော ပဒေသာသည် သည် လက်ရဖမ်းမိသောအခါ၊ မင်းမယား စချီဗိုလ်အား ချဉ်းကပ်လျက်၊ မင်းကြီးထံ အပြစ်လွတ်ရေး လျှောက်ထားပေးရန် ပန်ကြား၏။ စချီဗိုလ်၏ ကျေးပမ်းချက်ကြောင့် လွတ်မြောက်မူ လက်ဆောင်(တံစိုး)အဖြစ် ငွေ ၁၀၀၀ လည်း ပေးမည်ဆို၏။ မင်းမယား စချီဗိုလ်လည်း ပဒေသာသည် လွတ်မြောက်ရေး မင်းကြီးထံတွင် လျှောက်ထားလေလျှင်၊ မင်းကြီးက လွတ်စေဟု အမိန့်တော်ချမှတ်သဖြင့်၊ ပဒေသာသည် လွတ်မြောက်၏။

ပဒေသာသည်လည်း ကတိအတိုင်းပေးမည်ဟု ခံဝန်ထားသော ငွေ ၁၀၀၀ အစား မြေပယ် ၁၀၅၅ ပယ်ပေး၏။[၁]

၁။ ပုံ ၂၃၂

(င) စနေ။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသောကျွန်တယောက် ဖြစ်သည်။ ၎င်းသားမှာ ငတလဖြစ်၏။[၂]

၁။ ပုံ ၂၂၄

(အို) စရစ်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၄

www.burmeseclassic.com

www.burmeseclassic.com



စလေမြို့သူကြီး။ ။သက္ကရာဇ် ၁၁၄၅၊ ၁၁၆၄ ခု စစ်တန်း စစ်သိမ်းချိန်တွင် ပုညသမန်နှင့် မဟာသမန်ဟူ၍ မြို့သူကြီး ၂ ရိုး ရှိသည်။ သက္ကရာဇ် ၁၁၆၈ ခုရောက်လတ်သော် ပုညသမန်သားမျိုးက မဟာသမန်သားစေမင်းထံမှ တံဆိပ်စာချွန် စစ်တန်းစာရင်းများကို နှုတ်သိမ်းပေးပါရန် လွှတ်တော်တွင် လျှောက်ထား၏။

၁။ လဖစ ၆

စားတော်အတွင်းဝန်ကြီး။ ။ဦးကာ။သရက်မြို့သူကြီးသား။၎င်းအား ပုဂံမင်းအိမ်တော်စံစဉ်က အတွင်းဝန်၊ နောက် စားတော်အတွင်းဝန်ကြီး ခေတ္တခန့်သည်။ နောက် သက္ကရာဇ် ၁၂၀၇ ခုတွင် ဝန်ကြီးခန့်ပြန်သည်။

၁။ မသဂ ၄၅။ ၁၅၈

စောလှမြို့စား။ ။ဗဒုံမင်းကိုယ်လုပ်တော်။ ဗဒုံမင်းနှင့်သင့်ရာတွင် သီရိဓမ္မဝတီအမည်ခံ သမီးရှင်ကသည်းကို ဖွားမြင်သည်။

၁။ ပဇပ် ၂၆၈

(င) စင်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၆-၆

စင်ကြယ်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအားလှူသော တောင်တွင်းကျွန်မတယောက် ဖြစ်၏။ ၎င်းအဖ အမြိုက်၊ အမိ အိုထန်၊ ဦးလေး ငဝတို့ဖြစ်ကြ၏။

၁။ ပုံ ၂၃၂-၅

စိုင်နံ့ဝန်ကြီး။ ။မင်းကြီးမင်းကျော်ထင်ရှု။

စဉ့်ကိုင်ရွာ။ ။တောင်ဖက်အဝင်။ စဉ့်ကိုင်ရွာ၊ ထိန်ရွာ ၂ ရွာ မြေတိုင်သူကြီး ငထွန်းသည် သက္ကရာဇ် ၁၁၆၈ ခုခန့်တွင် အမှုတော်ကောင်းရာ လိုက်ပါထမ်းရွက်ရင်း သေဆုံးသည်။ သားမြေး အဆက်အခံမရှိသဖြင့် ရွာစောင့်အဖြစ် ကျန်ခဲ့သူ ယောက်ဖငတောင့်က မိမိအား မြေတိုင်ဘုကြီးခန့်ထားရန် လွှတ်တော်သို့ လျှောက်ထားသဖြင့် လွှတ်တော်မှ ငတောင့်ကို စဉ့်ကိုင်ရွာ ထိန်ရွာ မြေတိုင်သူကြီးခန့်ထားသည်။

၁။ လဖစ ၄

www.burmeseclassic.com

www.burmeseclassic.com



**စည်သဘင်ရွာ။** ။ရငုန်ခရိုင်။ ဇေယျဝဍ္ဍနာသည် သက္ကရာဇ် ၆၂၁ ခုတွင် စည်သဘင်ရွာ လယ် ၂၁ ကို ပုဂံမြို့ရှိ တောကျောင်းနှင့် ဘုရားအား လှူ၏။ ၎င်းပြင် စည်သဘင်ရွာမှ ကျွန်သင်လျင် ၄ ချေး၊သား ၄ လောင်သင်၊ညီ ဝမ်းဖြည့်သင်၊ သား ၄ နှာဖူးတို့ကိုလည်း ဘုရားအားလှူ၏။[၁]

မင်းမယား စချီဗိုလ်လည်း သက္ကရာဇ် ၆၃၃ ခုတွင် ပဒေသာသည်ထံမှ ရရှိသော လယ် အနက် ဆားချက်နေက်ရွာ တောင်စည်သဘင်ရွာပါး၌ရှိ မြေ ၃၀ ကိုရတနာ ၃ ပါးအား လှူ၏။[၂]

၁။ ပုံ ၂၂၆[၄၊၁၃] ၂။ ပုံ ၂၃၂[၁၃]

**စည်သူဂူဘုရား။** ။ဆားထုပ်ရွာ။နရပတိစည်သူမင်းကြီးသည် ဆားထုပ်ရွာတောင်တွင် ဂူဘုရား ပြုလုပ်၍ ဆိမ်းဝတ် သင်ပုတ်ဝတ် ဖြစ်စိမ့်သောငှာ သက္ကရာဇ် ၅၃၂ ခု ကဆုန်လဆန်း ၈ ရက် နေ့တွင် ဝတ်မိုးဝတ်မြေ လှူတော်မူသည်။လှူသည် မြေများကား ငဖုံဆင်တို ကျေက်တာက် ၁၅ ပယ်။ အင်းမုရင်း ၁၀ ပယ်၊ တန်ဆယ်ရှေ့ အင်းတော်တောင်မြင့်လယ်နှင့် တောင်ရွာ ၁၅ ပယ်၊ ဆားမြေလယ်နှင့်သော် တောင်ကုန်းထိပ်၊ မြောက်ကုန်းထိပ်၊ လမ္ဘူချောင်း၊ မြေခြားကား တောင်ကိုရာဆင်းလင်း၊အနောက်ကိုချောင်း၊ မြောက်ကိုရေမျက်ချောင်းဆုံ၊ အရှေ့ကို တောင်ရင်းသရက်ကန်တမ္ဗန်ကျွေချောင်းတည်း။

သက္ကရာဇ် ၇၁၁ ခုတွင် စည်သူဂူအား ဘုမ္မစည်းက မြေ ၄ ပယ်၊ မမြစ်ဖိုးက ၅ ပယ်၊ အင်္ဂဗိုလ်က ၄ ပယ်၊ သုဘဏ်က ခွဲလယ်၊ ခေါင်းနင်းက ၅ ပယ် အသီးသီး လှူကြပြန်သည်။ ၎င်းပြင် အရာတော်မြေလည်း လှူ၏။အရှေ့ကို ကန်စင်ကြယ်၊တောင်ကို ခရီးမ၊ အနောက် ကို ဒေါင်း၊ မြောက်ကို ခရီးမ မြေခြားဖြစ်၏။ ၄ ပေါက်သင်လည်း ပဲခင်းအဝန်းလှူ၏။ ဤသို့ အသီးသီးလှူဒါန်းခဲ့သည်များကို သက္ကရာဇ် ၁၁၅၇ ခုတွင် ဗဒုံမင်းသည် ထပ်ဆင့် လှူဒါန်းပြန်သည်။[၁]

၁။ စာရင်း ၆၂၉။ မုနိရှေ့ ၁၅

**စေတ္တာပိုလ်။** ။မြေပိုင်ရှင်။ သူကြွယ်မြတ်သင် (မင်းမယား အို ကြောင်သင်၏ မောင်) သည် စေတ္တာပိုလ်ထံမှ သက္ကရာဇ် ၆၃၂ ခုတွင် ကျုံးလယ် ၅ ပယ်ကို ငွေ ၅၀ နှင့် ဝယ်ယူ၏။[၁]

၁။ ပုံ ၂၂၆[၁၅]

**စံထွန်းအောင်။** ။မင်းဆိပ်ရွာသူကြီး။ စံထွန်းအောင်သည် မေဃဝတီမြို့ကျေး မင်းဆိပ်ရွာ သူကြီးဖြစ်၍ သက္ကရာဇ် ၁၁၆၄ ခုတွင် စစ်တန်းစာရင်းဆက်သွင်းသည်။[၁]

၁။ လဖစ ၁

www.burmeseclassic.com

www.burmeseclassic.com



စံပ။ ။ကျောင်းကျွန်။ဇေယျဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင်ကျောင်းကိုလှူသည့် ကျွန်တယောက်ဖြစ်သည်။ ¹

၁။ ပုံ ၂၂၆ ²

စံမင်း။ ။စလေမြို့သူကြီး။စလေမြို့သူကြီး မဟာသမန်သား စလေမြို့သူကြီး ဖြစ်သည်။ ၎င်း၏ မြို့သူကြီးတံဆိပ်စာချွန်များကို နှုတ်သိမ်းရန် လွှတ်တော်မှ သက္ကရာဇ် ၁၁၆၈ ခု ဝါခေါင်လဆန်း ၁၁ ရက်နေ့(၂၅-၇-၁၈၀၆)တွင် အမိန့်တော်ချမှတ်သည်။ ¹

၁။ လဖစ ၉

စံမြဲ။ ။ကျောင်းကျွန်။ ဇေယျဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။စံမြဲသည် စလေသားဖြစ်၍ ၎င်းသားမှာ ငဖုန်းစားဖြစ်၏။ ¹

၁။ ပုံ ၂၂၆ ³

စံသာ။ ။မိုးကောင်းမြို့စား။ ၎င်း၏ သမီးသည် စကိုင်းမင်း၏ အလယ်နန်းတော် မိဖုရားဖြစ်၍ ကနောင်နှင့် ကျောက်မော်မြို့များကို စားရ၏။ ¹

၁။ မသက ၄၅ ၁၅၄

(င)စိမ်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချီဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းမှာ ငဦးပီး၏ သားဖြစ်သည်။ ¹

၁။ ပုံ ၂၃၂ ⁹

(င)စိမ်။ ။ဘုရားကျွန်။ သူကြွယ်မြေတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်းဘုရားကြီးအား သင်ပုတ်ဝတ်၊ဆီမီးဝတ် လုပ်ကျွေးစိမ့်သောငှါ လှူသည့် ကျွန်တယောက်ဖြစ်သည်။ ၎င်းမယားမှာ အို နှမဖြစ်၏။ ¹

၁။ ပုံ ၂၂၉ ³⁶

(အို)စုံ။ ။ဘုရားကျွန်။စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သင်္ခင်ထံပါးဘုရားအား လှူသော ကျွန်တယောက်ဖြစ်သည်။ ¹

၁။ ပုံ ၂၂၈ ၁⁹

www.burmeseclassic.com

www.burmeseclassic.com



စွန်ပါ။ ။ဝါဂရူမြို့သူကြီး။မုတ္တမ ၃၂ မြို့အဝင် ဝါဂရူမြို့သူကြီး ဖြစ်သည်။ ၎င်း၏ အကို အဲမွန် တယာခံ ငထော်နာသည် ယိုးဒယားမြို့မှာ နေသူတို့နှင့် ရာဇဝတ်မကောင်းသည့်စကား ကမ်းလှမ်းသဖြင့် င စွန်ပါကို ကွပ်မျက်တော်မူသည်။˚

၁။ လဖစ ၂

[ ဆ ]

ဆနာဟံ။ ။ကသည်းမင်းသား။ ဆနာဟံသည် အဖ ဂါရစ်နာဝါစ်ကိုလုပ်ကြံ၍ နန်းတက်သည်။ မကြာမီ ညီတော်ခူရာလတ်ပက အဖသတ်မင်းဆို၍ ဆနာဟံကို နန်းမှချကာမင်းပြုပြန်သည်။˚

၁။ ကဘဆ ၁။ ၂၃၄

ဆရည်ဝတီ။ ။ကသည်းမင်းသမီး။ ဆာနာဟံသည် မဟာဒေဝီ၏ ညီမတော် ဆရည်ဝတီကို အလောင်းမင်းတရားကြီးအား ဆက်သသောအခါ ရာဇာဒေဝီအမည်နှင့် သူကောင်းပြုတော်မူသည်။˚

၁။ ကဘဆ ၁။ ၂၃၅။ ၂၃၆

ဆလင်းကိုင်ရွာစား။ ။မင်းထင်မင်းလှ။မဟာဓမ္မရာဇာဓိပတိသည် ဇေယျကျော်စွာအား မင်းထင်မင်းလှဘွဲ့နှင့် ဆလင်းကိုင်ရွာကို စားစေသည်။˚

၁။ မသဂ ၄၅။ ၁၄၄

ဆားခါးတောင်ပုလု။ ။ရွာသာမြို့ကျေး။ဆားခါးတောင်ပုလုသည် ရွာသာမြို့နယ် အနောက်မြောက်နယ်စပ်၊ ပုဂံမြို့ကျေး အကြေ ၉ ရွာနှင့် ကျောခိုင်းလျက်ရှိ၏။˚

၁။ ရွာသာမြို့စစ်တန်း ၄၅ ခု

ဆားလင်းကုန်းဗိုလ်မှူး။ ။ဗလနန္ဒစည်သူ။ အလောင်းမင်းတရားကြီးသည် ဆားလင်းကုန်းဗိုလ်မှူး ဗလနန္ဒစည်သူအား သက္ကရာဇ် ၁၁၁၉ ခုဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ပုခန်းကြီးမြို့ကို သနားတော်မူသည်။˚

၁။ ကဘဆ ၁။ ၂၅၆

( င )ဆုတောင်း။ ။သီရိသီဟသူ။ငဆုတောင်းသည်အလောင်းမင်းတရားကြီး၏မြင်းရှည်တက် ၆ဂ အဝင်အပါဖြစ်၍ ၊ ရှေးဦးစွာ တုလွတ်ကျော်ဘွဲ့ကို သနားတော်မူသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



မင်းငယ်ဗလ နောက် သက်ရှည်ကျော်ထင်၊ နောက် သီရိသီဟသူ၊ နောက် နေမျိုးသီဟကျော်ထင်၊ ကျိုင်းသည်မြို့ဝန်၊ နောက် လက်ျာဝင်းတော်မှူး အသီးသီးခန့်အပ်ခြင်း ခံရသည်။ ◦

၁။ ကဘဆ ၁။ ၃၂

ဆုတောင်းပြည့်ဘုရား။ ။ပုဂံမြို့စီရင်စု ရေမျက်ရွာ။ ပုဂံ စောရဟန်းမင်းလက်ထက်တွင် ယင်းဘုရားအား မြေတပယ်နှင့်လေးရွာနယ်တွင်း ထန်းတရင်းတက်လှူခဲ့၏။ ◦

၁။ စာရင်း ၈၂၇ ကျော ၁၃၊ ၁၄

(င)ဆက်။ ။တရုတ်မြို့ အသည်ကြီးစာရင်းဝင်။ ဗန်းကျိုတိုက်အဝင် တရုတ်မြို့ အသည်ကြီး စာရင်းဦးပါသူ ငပါ၏သားဖြစ်သည်။ သက္ကရာဇ် ၁၁၆၈ ခုတွင် တရုတ်မြို့သူကြီးအရာ လစ်လပ်သောအခါ၊ ငဆက်သည် မိမိအား မြို့သူကြီးခန့်ထားရန် လွှတ်တော်သို့ လျှောက်ထား၏။ သို့သော် ၎င်းအား လွှတ်တော်မှ မြို့သူကြီးအရာ မခန့်မထားချေ။ ◦

၁။ လဗစ ၃

(င)ဆန်။ ။ကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသောကျွန်တယောက်ဖြစ်၏။ ◦

၁။ ပုံ ၂၂၇

[ ဇ ]

ဇနကပျို့။ ။ပျို့သုံးစောင်။ဇနကပျို့ စုစုပေါင်း သုံးစောင်ရှိ၏။ ယင်းတို့ကား (၁)အမြင့်မြို့ဇာတိ ဦးနိုး စီရင်သောပျို့၊ (၂) ပညာရှိ ဆီမီးခုံရွာစား မဟာမင်းလှမင်းခေါင် ဦးရွန်း စီရင်သောပျို့နှင့် (၃)မောင်းထောင်ကြီးရွာဇာတိ တွင်းသင်းတိုက်ဝန် မင်းကြီး မဟာစည်သူစီရင်သောပျို့တို့ဖြစ်ကြ၏။ ◦

၁။ လွယ်အိတ် ၂။ ၁၂၆

ဇပိန်။ ။လူမျိုးတမျိုး။ ယင်းတို့ကို ဇယိန်ဟူ၍လည်း ခေါ်သည်။ ဟံသာဝတီ ၃၂ မြို့အဝင် ကောလိယမြို့၊ ဘောင်းလင်းမြို့၊ ထန်းတောကြီးမြို့စသည်များတွင် နေထိုင်ကြ၏။

"သောနီချောင်း၊ ပွဲတမော့ချောင်း၊ မယမ်းချောင်း၊ ကောလိယချောင်း၊ ပိုင်းတာချောင်း။ ပွတ်ကျားချောင်း၊ ဆပ်ချောင်း၊ ကျားချောင်းများတွင် နေထိုင်သည့် ဇပိန်တို့မှာ တနှစ်လျှင် တအိမ်ကို ဇပိန်ခွန်မ ၁ဝ၊ ပိုဆောင်ဝန်ရေး ၁၊ ကျွန်တော်မြို့သူကြီးတို့က ရှိုးဆော်တောင်းခံ၍ ရန်ကုန်မြို့ရုံးတော်မှာ အခွန်ဝန် အခွန်စာရေးတို့ထံ ပေးရိုးရှိပါသည်"◦

www.burmeseclassic.com

www.burmeseclassic.com



"အခွန်တော်ထမ်း ကရင် ဇပိန်တို့မှာ တအိမ်လျှင် အခွန်မ ၉ိ ၂ံ၊ ပိုကဲ ၄ိ ၂ံ ၂စု ၁၄ိ ၂ံ စီ ကျခံ၍ အခွန်ဝန် အခွန်စာရေးတို့ထံ ပေးချိန်ဆောင်ရွက်ရပါသည်။ ငွေခွန်တော်ထမ်း ဇပိန် ၁၀၂...."၂

၁။ မသဂ ၆။ ၂၂၂။ ၂။ မသဂ ဂ။ ၄၉

ဇရစ်ဆရာတော်။ ။ဇမ္ဗူဒီပ အနန္တဓဇ မဟာဓမ္မရာဇဂုရု ရှု။၁

ဇရွှံမင်းသမီး။ ။သီရိသုသာမာဝတီ။ ရွှေနန်းရစ်သည် ဗဒုံမင်းနှင့် ကိုယ်လုပ်တော် ဇရွှံမိဖုရားတို့သင့်ရာတွင် မြင်သည့်မီးတော်တပါး ဖြစ်၏။ သီရိသုသာမာဝတီဘွဲ့နှင့် ဇရွှံမြို့ကို စား၍၊ အမိခြားမောင်တော် သီပေါမင်းသားနှင့်သင့်၏။၁

၁။ ပဇပ် ၂၆ဂ

ဇလပ်ပြင်ရွာ။ ။မေဃဝတီမြို့စီရင်စု။သက္ကရာဇ် ၁၁၆ဂ ခုတွင် ငအောင်ခဲမှာ ဇလပ်ပြင်ရွာသူကြီးအဖြစ် ထမ်းရွက်လျက်ရှိသည်။၁

၁။ လဖစ ၁။

ဇိနအောင်ချာရွှေဘုံသာစေတီ။ ။တကောင်းမြို့ အလောင်းမင်းတရားကြီးသည် တကောင်းမြို့ဟောင်းတော်ကျအရပ်၌ တည်သောစေတီကို သက္ကရာဇ် ၁၁၁၅ ခု တန်ခူးလပြည့်နေ့တွင် ဇိနအောင်ချာ ရွှေဘုံသာဟူသော ကျောက်ကမ္ပည်းနာမံ လှူတော်မူသည်။၁

၁။ ကဘဆ ၁။ ဂ၃

ဇေယကျော်ထင်။ ။မောင်မြတ်သာ။ အလောင်းမင်းတရား မြင်းရည်တက် ၆ဂ ယောက်ဖွဲ့စည်းရာတွင် ပါဝင်သည်။ ရှေဦးစွာ ဇေယကျော်ထင်ဘွဲ့ ရရှိ၏။ ၎င်းနောက် ကော်မော်ရန္တမိတ်၊ ၎င်းနောက် နေမျိုးသခ်ယာ ဘွဲ့များကို အသီးသီး ရရှိ၏။၁

၁။ ကဘဆ ၁။ ၃၁

ဇေယပတိ။ ။အမတ်။ တရုပ်ပြေးမင်းလက်ထက်က အမတ်တဦး ဖြစ်သည်။ ၎င်းအား တရုပ်ပြေးမင်းသည် ခရမ်းရွာအနီး၌ မြေ ၄၀၀ သနားတော်မူသည်။ ထိုမြေများကို ဇေယပတိ ရောင်းသောအခါ မင်းမယား အိုကြောင်သင် ဝယ်ယူသည်။၁

၁။ ပုံ ၂၂၉၁

www.burmeseclassic.com



ဇေယဝတ္တနာ။ ။သူလဖရစ်သား။ ဇေယဝတ္တနာသည် သက္ကရာဇ် ၆၂၀ ခု တပေါင်းလဆန်း ၁၂ ရက် အင်္ဂါနေ့တွင် ပုဂံမြို့၌ တောကျောင်းနှင့်ဘုရားအား လယ် ၅၅၀၊ ဥယျာဉ်၊ ကျွန်နှင့်နွားအများအပြားလှူ၏။ ထို့နောက် သက္ကရာဇ်၆၃၀ခုနှစ်နတ်တော်လပြည့်ကျော် ၉ ရက် တနင်္ဂနွေနေ့တွင်၊ ထိုတောကျောင်းနှင့် ဘုရားကိုပင် ကျွန်များ ထပ်၍ လှူပြန်သည်။[1]

၁။ ပုံ ၂၂၆၊ ၂၂၇

ဇင်းမယ်ဝန်။ ။မင်းကြီးမဟာမင်းလှရာဇာ ရှု။

ဇမ္ဗူဒီပအနန္တဇေမဟာဓမ္မရာဇဂုရု။ ။ဇရစ်ဆရာတော်။အလောင်းမင်းတရားကြီးသည်သက္ကရာဇ် ၁၁၁၈ ခု တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ဇရစ်ရွာ ဇာတိ ပထမကျော်ဆရာတော် သက်တော် ၅၇၊ ဝါတော် ၃၆၊ နံတော် အင်္ဂါသားကို 'ဇမ္ဗူဒီပအနန္တဇေမဟာဓမ္မရာဇဂုရု တံဆိပ်တော်ကို လှူတော်မူသည်။[1]

၁။ ကဘဆ ၁။ ၂၄၅

## [ ည ]

ညာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု။ ။မောင်းထောင် ဆရာတော်၏ဘွဲ့ ဖြစ်သည်။[1]

၁။ မသက ၄၅။ ၁၅၃

( င ) ညို။ ။ဘုရားကျွန်။ သူကြွယ်ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၃၀ ခုနှစ်တွင် ကူဘုရား ပြုလုပ်၍ ယင်းကူဘုရားအား လှူသောကျွန်တယောက်ဖြစ်သည်။[1]

၁။ ပုံ ၂၂၅

( င ) ညိုခဲ။ ။အာမခံ။ ကျွန်တော်ရင်း ဘုန်းတော်ဖြစ်စုက ညိုခဲနှင့် လူ ၁၆ တို့ကို အလောင်းမင်းတရားကြီး ရွေးချယ်တော်မူ၍ သက္ကရာဇ် ၁၁၁၈ ခု ဝါဆိုလပြည့်ကျော်တွင် သန်လျင်မြို့ကို တက်စေသည်။[1]

၁။ ကဘဆ ၁။ ၁၀၅

ညိုမင်း။ ။ငန်ကြီး။ မြင်းရည်တက်စာရင်းဝင် ညိုမင်းသည် မင်းကျော်ရွှေတောင်ဘွဲ့နှင့် အလောင်းမင်းတရားကြီး လက်ထက်မှသည် သားတော် ဒိပဲယင်းမင်းလက်ထက်တိုင် ဝန်ကြီးအဖြစ် ထမ်းရွက်လေ၏။[1]

၁။ ကဘဆ ၁။ ၄၂ မသက ၄၅။ ၁၄၆

www.burmeseclassic.com

www.burmeseclassic.com



( င ) ညိုမှန်။ ။သေနတ်ခေါင်း။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခု ကဆုန်လတွင် ညိုမှန်နှင့် ငဖျော်တို့ကို ခေါင်းခန့်၍ ကိုယ်ရံတော် သက်တော်စောင့် ရွှေနန်းတော်သေနတ် ဖွဲ့တော်မူသည်။

၁။ ကဘဆ ၁။ ၃၃

ညိုသူ။ ။ရွှေဝင်းတော်မှူး။ မြင်းရည်တက်စာရင်းဝင် ညိုသူသည်ရှေးဦးစွာ လက်ျာဘီလူးဘွဲ့ နောက် မင်းထင်နော်ရထာဘွဲ့နှင့် ရွှေဝင်းတော်မှူး ခန့်တော်မူသည်။

၁။ ကဘဆ ၁။ ၃၂

ညောင်ချစ်ရွာ။ ။တောင်ဖက်တန်း ၂၇ ရွာအဝင်။ ပုဂံမြို့စီရင်စု တောင်ဖက်တန်း ၂၇ ရွာအဝင် ရွာတရွာဖြစ်၏။ ညောင်ချစ်ရွာနယ်မြေသည် အရှေ့ကို ဘွဲ့ဆွဲချောင်း၊ တလုပ်မြို့ကျေး ရန်းစမ်းမြေနှင့်အစပ်၊ အရှေ့တောင်ကို ဆင်ခေါင်းကုန်း၊ အင်တိုင်းရွာမြေနှင့် အစပ်၊ တောင်ကို ခင်ရာကုန်းတန်း အင်တိုင်းမြေနှင့်အစပ်။ အနောက်ကို ကမ္ဘာနီမြေစပ်၊ အနောက်မြောက်ကို ပလင်ရွာမြေနှင့်အစပ်။ မြောက်ကို ဘွဲ့ဆွဲချောင်း၊ တလုပ်မြို့ကျေး ရန်းစမ်းမြေနှင့်အစပ် ဖြစ်သည်။ နယ်မြေအကျယ်အဝန်းမှာ အရှေ့အနောက် တတိုင်နှင့် ၂ ရာတွင်း၊ တောင်မြောက် ၁ တိုင် ဖြစ်၏။ မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၇၆ ခုတွင် ညောင်ချစ်ရွာမြေအလုံးကို ပုဂံရွှေကျောင်းအား ဝတ်မိုးဝတ်အဖြစ် လှူဒါန်းခဲ့၏။

ညောင်ချစ်ရွာ၌ လယ်မရှိ၊ တောင်ယာများသာ ရှိ၏။ ယင်းတွင် ပဲ၊ လူး ပြောင်းများ စိုက်ပျိုးသည်။ အခွန်မှာ ဆယ်ခိုင်တခိုင်၊ ရေးစား ၁-ပဲ၊ တိုင်စား ၁ ိ အပိုအကဲမရှိဖြစ်၏။ ယင်းပေးဆောင်ရအခွန်များကို ဝတ်သိမ်းတို့အား ပေးချိန်ရ၏။ တပေါင်းလတိုင် ရောက်လျှင်ထန်းတက်သမားတို့သည် ထန်းတက်ရပါမည့်အကြောင်း ဝတ်သိမ်းကျောင်းသို့ မုန့် ၁၅ ရှက်ပေး၍ အခွင့်တောင်းရသည်။ ရွာသူကြီးပိုင်ထန်းမှာလည်း ၄င်းနည်းတူ ဖြစ်သည်။

အပေါ် ဝန်အကောက်အစားတရားကွမ်းဘိုးဆင်လဲ့မြင်းမတ် ကျွဲဝင်နွားဝင်ကျွန်ခေါင်း ကျွဲမြီးနွားမြီးမှာ အရာတော်တဝက်၊ ထိန်းသူ သူကြီးတဝက် ကောက်စားရသည်။ ရပ်ရွာတွင် ကျွဲနွားသေသောအခါ အနံတင်သားဆင်ကုန်းနှင့် လည်ချောင်းကို သူကြီး ကောက်စားရိုးရှိသည်။

၁။ မသဂ ၃၃။ ၄၄-၅

www.burmeseclassic.com

www.burmeseclassic.com



( င ) ညွန့်။ ။အဝဗိုလ်မှူး။မြင်းရည်တက်စာရင်းဝင် ညွန့်သည် အလောင်းမင်းတရားကြီး ခယ်မတော်ခင်ပွန်း ဖြစ်၏။မင်းလှကျော်သူ၊နောက် မင်းရဲကျော်သူဘွဲ့များသနားတော်မူ၍ အဝဗိုလ်မှူးခန့်တော်မူသည်။ ၀

၁။ ကဘဆ ၁။ ၂၉

[ တ ]

တကောင်း။ ။ပုဂံပြည်စစ်သူကြီး လက္ခဏာလက်ဝဲသည် သက္ကရာဇ် ၅၉၀ ပြည့်တွင် တကောင်းကို စစ်ထိုးရာ တကောင်းစစ်သည်တို့ အရေးနိမ့်၏။ ၀

၁။ ပုံ, ၂၃၁ ခ

( အို ) တကောင်း။ ။ကျောင်းကျွန်။ ဇေယျဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။ ၀

၁။ ပုံ ၂၂၆၁

တဏှက်ရာဘုရား။ ။ဘုရားနှစ်ကျိပ်ဆူအဝင်။တဏှက်ရာဘုရားသည် သာရမဏ္ဍကမှာ၌ ပွင့်တော်မူသော ဘုရားလေးဆူအနက် တဆူဖြစ်၏။

( င ) တပါး။ ။ဘုရားကျွန်၊ဇေယျဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကို လှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်းအကိုများမှာ ပသာသည် င ဖုန်းရှိ၊ င ပန်းတူနှင့် တေန်ခူးတို့ ဖြစ်သည်။ ၀

၁။ ပုံ ၂၂၆၂

( င ) တပါး။ ။ဘုရားကျွန်။ဇေယျဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန် တယောက် ဖြစ်သည်။ ၎င်းအကိုများမှာ ငလဲ့နှင့် ငဝမ်းပြည့်တို့ဖြစ်၍ ညီများမှာ င နောင် ငယ်၊ချေစ်ဖွယ်၊ငဦးပိတို့ ဖြစ်သည်။ငတပါးတွင် သားနို့စို့တယောက်လည်း ရှိ၏။ ၀

၁။ ပုံ ၂၂၆၂

( င ) တပါး။ ။ကျွန်။ ဇေယျဒတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။ ၀

၁။ ပုံ ၂၂၇

www.burmeseclassic.com

www.burmeseclassic.com



( င ) တပါး။ ။လက္ခဏာသက်ဝဲ မြေး။ လက်ဝဲသည် ဒလတွင် မြေးတေပါးတင်ကို ခေါင်းအုံး လျက် သေဆုံးအံ့ဆဲဆဲ အခါ၌ ကျွန် ငရခိုင်နှင့် ငသောင်ကာတို့အား မိမိကိုယ်စား (စာသင် ဂူ?) ဘုရားကို လုပ်ကျွေးစိမ့်သောငှါ လှူကြောင်း မြေးတေပါးအား မှာကြားခဲ့၏။

၁။ ပုံ ၂၃၁ ခ ၁၂-၁၄

( င ) တပို။ ။ကျောင်းကျွန်။ ဇေယျဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တစ်ယောက် ဖြစ်သည်။ ယင်း၌ အငယ် မည်သော သားတယောက်ရှိ၏။

၁။ ပုံ ၂၂၆၁၇

တပင်တိုင်တောင်ရိုး။ ။ဘောင်းလင်းမြို့နယ်။ တပင်တိုင်တောင်ရိုးသည် ပံသာဝတီ ၃၂ မြို့အဝင် ဘောင်းလင်းမြို့နယ် အနောက်နယ်မြေအခြားဖြစ်၍ မော်ဘီမြေနှင့် စပ်နေ၏။

၁။ မသဂ ဂ။ ၄ဂ

( င ) တမှတ်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၃၂၉

တရားမြို့။ ။ဗန်းကျိတိုက်အဝင်။ တရားမြို့တွင် မြို့သူကြီးငမြတ်သာ၏ သား ငပိုက်သည် အဖအရာကို ဆက်ခံကြီးစိုးတိုင်ဆော်သည်။ သက္ကရာဇ် ၁၁၆၄ ခုတွင် လွှတ်တော်မှ ငပိုက်ကို မကြီးစိုးစေနှင့်။ ပြည်စိုးရိုး ငအောင်ကို မြေတိုင်သူကြီးခန့် အမိန့်တော်ချမှတ်သဖြင့် ငပိုက်အစား ငအောင် ကြီးစိုးတိုင်ဆော် စီရင်ရသည်။ ထို့နောက် ငအောင်အပြစ်ရှိသဖြင့် သက္ကရာဇ် ၁၁၆ဂ ခုတွင် ရာဇဝတ်တော်နှင့် စီရင်ရ၏။

လစ်လပ်သည့် မြေတိုင်သူကြီးနေရာကို ငအောင်၏သား ငကြီးကရင်း၊ ၁၁၄၅ ခု တံဆိပ်တော်ရ သူကြီး ငမြတ်သာ၏ မြေး ငကျားကရင်း၊ အသည်ကြီးစာရင်းဦးပါသူ ငပါသား ဆက်ကရင်း၊ ရယူလိုကြသဖြင့် လွှတ်တော်တွင် အသီးသီးလျှောက်ထားကြရာ မက္ခရာ မင်းသားဝန် အကြီးစာရေးတို့က ၁၁၄၅ ခု တံဆိပ်တော်ရသူကြီးမြေး ငကျားအား မြို့သူကြီးခန့်ထားကြသည်။

၁။ လဖစ ၁ဂ

တရုပ်မြွှော်မိဖုရား။ ။ဗဒုံမင်း၏ မိဖုရားတပါး။ ဂင်းတို့ သမီးတော်မှာ သီရိသုမင်္ဂလာဝတီဘွဲ့ခံ မင်းချစ်စုဖြစ်သည်။

၁။ ပဇပ် ၂၆၇၊၂၇၄

www.burmeseclassic.com



( င ) တလ။ ။ကျွန်။ဇေယဝဍ္ဎနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသည့် ကျွန်တယောက်ဖြစ်၏။ ၎င်းသည် င စနေ၏သားဖြစ်သည်။[၁]

၁။ ပုံ ၂၂၇[၉]

တဝစိုး။ ။သက်သေ။ ငဖုန်းဆုံသင် လင်မယား သက္ကရာဇ် ၆ ( ၃ ) ၀ ပြည့်တွင် ဝက်ကူး ခေါ် မြေရပ်ကို ဝယ်ယူရာတွင် သက်သေတဦးအဖြစ် ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၂၀]

တုပဖ။ ။လောင်းသည်ရွာ ကလန်သံပျင်တဦး။ ငဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေ ရောင်းရာ၌ သက်သေအဖြစ် ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၅]

( င )တို။ ။ကျောင်းကျွန်။ ဇေယဝဍ္ဎနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသောကျွန် တယောက် ဖြစ်သည်။[၁]

၁။ ၂၂၆[၀၈]

တောကျောင်းဘုရား။ ။မြင်းမူမြို့။ မင်းသဒ္ဒါသည် သက္ကရာဇ် ၅၅၅ ခုတွင် တောကျောင်း ဘုရားကိုတည်ထား၍ စည်သူမင်းကြီးအား ပန်ကြားကာ၊ မြေလှူသည်ကား သန်မုရင်း ၁၅ ပယ်တရင်၊ ယာ ၂ ခင်း တရပ်၊ မိုးရေတင်လယ် ၁၀ ပယ်တရပ်၊ ကုန်း ၁၀ ပယ်တရပ်၊ စသည်တို့ဖြစ်၏။ ထို့နောက် နှစ်ကာလရှည်ကြာသောအခါ အဝဘုရင် ထူပါရုံဒါယကာ နရပတိသည် ထိုဘုရားကို မြေနှင့်ထန်း လှူဒါန်းပြန်သည်။ ဤသို့ အဆက်ဆက်လှူခဲ့သည် များကို သက္ကရာဇ် ၁၁၄၇ ခုတွင် ဗဒုံမင်း ထပ်ဆင့်၍ လှူဒါန်းပြန်၏။[၁]

၁။ စာရင်း ၇၇၁

တောတူရွာ။ ။မေဃဝတီမြို့ကျေး။ သက္ကရာဇ် ၁၁၆၇ ခုတွင် ပေွတ်တံသည် တောတူရွာသူကြီး အဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လဗစ ၁

( င )တောင့်။ ။စဉ့်ကိုင်ရွာ မြေဘိုင်။ တောင်ဖက်စဉ့်ကိုင်ရွာ ထိန်ရွာ မြေတိုင်သူကြီး ငထွန်း အမှုတော်ကောင်းရာ လိုက်ထမ်းသောအခါ အရာခံသားမြေးမရှိသဖြင့် ယောက်ဖငတောင့် ကို ရွာစောင့်ထားခဲ့၏။ ငထွန်းအမှုတော်ကောင်းရာတွင် သေဆုံးသောအခါ သားမြေး

www.burmeseclassic.com

www.burmeseclassic.com



အဆက်အခံမရှိသဖြင့်၊ ငတောင့်က ဒသမင္ဂတော်ကို ပြေလည်အောင်ဆက်သွင်းမည် ဖြစ်သောကြောင့် မိမိအား မြေတိုင်သူကြီးခန့်ထားရန် လွှတ်တော်တွင် လျှောက်ထား၏။ လျှောက်သည့်အတိုင်းလည်း မြေတိုင်သူကြီးအရာကို ရရှိသည်။ ထို့ကြောင့် သက္ကရာဇ် ၁၁၆၉ ခု နယုန်လပြည့်ကျော် ၉ ရက် သောကြာနေ့ ( ၂၉-၅-၁၈၀၇ )တွင် လွှတ်တက် မင်းသားပုဂံမင်းကသူကြီးတံဆိပ်စာချွန်ပေးအပ်ရန်အမိန့်တော်ရှိ၍ဒိုင်းဝန်မင်းဆင့်ဆိုရ၏။ ဆင့်ဆိုချက်အတိုင်း လုင်ဝေကက ချမှတ်ရသည်။°

၁။ လဗဝ ၄

တောင်တွင်း။ ။ပဒေသာသည်ထံမှရရှိသော တောင်တွင်းမြေ ၆၀၀ နှင့် တောင်တွင်းကျွန် အမြိုက်၊ ၎င်းမယား အိုထန်၊ သမီး အိုစင်ကြယ်၊ အိုထန်မောင် ဝေတို့ကို မင်းမယား စချီ ဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူ၏။°

၁။ ပုံ ၂၃၂ [၁၄,၁၆]

( င )တောင်ပ။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချီဗိုလ် သက္ကရာဇ် ၆၃၃ ခု တွင် ရတနာ ပါးအား လှူသောကျွန်တယောက် ဖြစ်သည်။ ၎င်း၏သားများမှာ ပန်စင် ခေင်နှင့်ကွ တို့ဖြစ်၏။°

၁။ ပုံ ၂၃၂ ၇[၉-၁၀]

တောင်ရင်ကျွန်း။ ။ဧည့ဝတီမြို့အဝင် ကျွန်းတကျွန်း ဖြစ်သည်။°

၁။ လဗဝ ၁၀

တောင်ရွာ။ ။မေဃဝတီမြို့ကျေး။ ငအောင်တိုင်သည် တောင်ရွာသူကြီးအဖြစ် သက္ကရာဇ် ၁၁၆၀ ခု တွင် ထမ်းရွက်လျက်ရှိသည်။°

၁။ လဗဝ ၁

တောင်သာမင်းသား။ ။ဗဒုံမင်း၏သားတော်။ ၎င်း၏မယ်တော်မှာ ကိုယ်လုပ်တော် သုဇာလီ ဖြစ်၍၊ နှမတော်မှာ အုန်းတောအောင်သာမင်းသမီးဖြစ်၏။°

၁။ ပဇဝ် ၂၇၃

( င )တည်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုနှစ်တွင် လှူသည့်ကျွန်တယောက်ဖြစ် သည်။ ငရောက်သစ်မှာ တည်၏သားဖြစ်၏။°

၁။ ပုံ ၂၂၇[၃]

www.burmeseclassic.com

www.burmeseclassic.com



(ဦး)တုတ်ကြီး။ ။မြင်းစုကြီးဝန်။ ဆင်ဖြူရှင် မြေတူးမင်းလက်ထက်တွင် ရှေးဦးစွာ နေမျိုးဇေယပတေ့ဘွဲ့နှင့် ကိုးသင်းမြင်းဝန်အဖြစ် ထမ်းရွက်ရသည်။ ၎င်းနောက် ယိုးဒယားကိုဇင်းမယ်ကြောင်းဗိုလ်ချုပ်အရာနှင့် တိုက်ယူဆက်သသဖြင့်၊ မဟာသေနာပတိဘွဲ့နှင့် ဝန်ကြီးမြင်းစုကြီးဝန်ခန့်တော်မူသည်[၁]

၁။ မသဂ ၄၅။ ၁၄၇

(င)တန်ခူး။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအားလှူသောကျွန်တယောက် ဖြစ်သည်။ ၎င်း၏အကိုများမှာ ပသာသည်ဖုန်းရှိနှင့်ပန်းတူ၊ ညီငယ်မှာ တေပါးတို့ဖြစ်ကြ၏။[၁]

၁။ ပုံ ၂၂၆[၁၂]

(င)တန်ခူး။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏ညီများမှာ မေည်းနှင့်သေတင်းတို့ဖြစ်ကြ၏။[၁]

၁။ ပုံ ၂၂၇[၆]

တန်ဆယ်။ ။လောင်းသည်ရွာအနီး။ "တန်ဆယ်သည် လောင်းသည်ရွာမြောက်ဖက်တွင်ရှိသော ဝက်ကူးမြေ၏ အရှေ့ဖက်နယ်ခြားဖြစ်၏။[၁]

၁။ ပုံ ၂၂၆[၁၄]

တန်ရောက်။ ။မြို့ကျေးမသိ။ ဇေယဝတ္တနာသည် သက္ကရာဇ် ၆၂၁ ခုတွင် တန်ရောက်အရပ် လယ် ၁၀ ကို သေနွေးသင်သမီးထံမှဝယ်ယူ၍ ပုဂံမြို့ရှိ တောကျောင်းဘုရားအားလှူခဲ့သည်။[၁]

၁။ ပုံ ၂၂၆[၉]

(အို)တန်လိုင်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသောကျွန်တယောက်ဖြစ်သည်။ ၎င်း၏ယောကျ်ားမှာ စကုကျွန် သူငယ်ဖထွေးဖြစ်၏။

၁။ ၂၂၆[၁၆]

(င)တုန်။ ။စကုကျွန်။ တေုန်သည် ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော စကုကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇[၇]

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ဝန်။ ။မယ်ဇလိရွာစား။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် တံဆိပ်ဝန်မှာ မယ်ဇလိရွာစားဖြစ်၏။

၁။ လဖစ ၇

တံငါပေါင်းမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ၎င်းမြို့ကို ဗညားဦးလက်ထက်တည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

တုံခန်းမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ၎င်းမြို့ကို ဗညားဦးလက်ထက်တွင် တည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

( င )တုံစု။ ။အထရုံမြို့သူကြီး။ ငတုံစုကို သက္ကရာဇ် ၁၁၆၄ ခုခန့်တွင် ရာဇဝတ်စီရင်သည်။

၁။ လဖစ ၁၇

( င )တုံထမ်း။ ။ကျောင်းကျွန်။ ဇေယျဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသောကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၆[၁၂]

[ ထ ]

( သခင် )ထမင်းကာ။ ။သက်သေ။လက္ခဏာလက်ဝဲ သက္ကရာဇ် ၅၉၀ ပြည့်တွင် (စာသင်ဂူ?) ဘုရားအား မြေလှူရာ၌ သက်သေအဖြစ် ပါဝင်သူတယောက်ဖြစ်သည်။

၁။ ပုံ ၂၃၁ ခ[၅]

ထမောင်းကာ။ ။အရပ်အမည်။ မင်းမယားစချီဗိုလ်သည့်သက္ကရာဇ် ၆၃၃ခုတွင် ပဒေသာသည် ထံမှ ရရှိသော ထမောင်းကာအရပ်အဝင် ကြည်းမြင့်မြေ ၁၀၀ နှင့် ဒဟတ်မြေ ၅၀ ကို လှူ၏။

၁။ ပုံ ၂၃၂[၁၄]

( င ) ထော်နာ။ ။အဲမွန်တယာ။ ဝါဂရုမြို့သူကြီး ငမွန်ပါ၏အကို အဲမွန်တယာဘွဲ့ခံ ငထော်နာသည် ဗဒုံမင်းလက်ထက်တွင် ယိုးဒယားမြို့ရှိသူတို့နှင့် ရာဇဝတ်မကောင်းသောစကား

www.burmeseclassic.com



ကမ်းလှမ်းပြောဆိုသဖြင့် ညီဖြစ်သူ ဝါဂရူမြို့သူကြီး ရာဇဝတ်သင့်၍ အဆုံးစီရင်ခြင်း ခံရသည်။

၁။ လဖဓ ၂

(င) ထော်ရ။ ။ရွာသူကြီး။ တောင်တက်စည်ရွာ သူကြီးဟောင်းဖြစ်၏။

၁။ လဖဓ ၈

(င) ထော်လဲ။ ။ဝါဂရူမြို့သူကြီး။ မုတ္တမ ၃၂ မြို့အဝင် ဝါဂရူမြို့၌ မြို့သူကြီးငစွန်ပါသည် အစ်ကို အဲမွန်တယာခံ ငထော်နာအမှုနှင့်ကွပ်မျက်ခြင်းခံရသောအခါ၊ မြို့သူကြီးအရာ လစ်လပ်၏။ ထိုအခါ မြို့ရွာမှ ငထော်လဲအား မြို့သူကြီးခန့်ထားပါမည့်အကြောင်း၊ မုတ္တမမြို့ရုံးသို့ လျှောက်ထားကြသဖြင့်၊ ငထော်လဲအား ဝါဂရူမြို့သူကြီး ခန့်လိုက်၏။ ထို့နောက်၊ ဝန်ရှင်တော် မဟာမင်းခေါင်က ထပ်မံ၍ မြို့သူကြီးခန့်စာချွန် ပေးအပ်သည်။ ထို့နောက် လွှတ်တက်မင်းသားများကလည်း သူကြီးတကာနည်း တံဆိပ်စာအပ်၍ ကြီးစိုးစေဟု သက္ကရာဇ် ၁၁၆၉ ခု တန်ခူးလဆန်း ၁၄ ရက် စနေနေ့ (၂၁-၃-၁၈၀၇)တွင် အမိန့်တော်ချမှတ်ကြ၏။ သက္ကရာဇ် ၁၁၆၉ ခု တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက်နေ့ (၁၆-၁၁-၁၈၀၇) တွင် ငထော်လဲကို သူကြီးတံဆိပ်စာချွန် အပ်သည်။

၁။ လဖဓ ၂

(အို) ထန်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချီဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအားလှူသော တောင်တွင်းကျွန်တယောက်ဖြစ်၏။ ၎င်းလင်မှာ အမြိုက်ဖြစ်၍ သမီးမှာ အိုစင်ကြွယ်ဖြစ်၏။ အိုထန်၌ ငဝအမည် မောင်လည်းရှိ၏။

၁။ ပုံ ၂၃၊ [22]

ထိန်တိုင်ကျွန်း။ ။ဓညဝတီမြို့အဝင်။ ထိန်တိုင်ကျွန်းသည် ဓညဝတီမြို့ကျေး ကျွန်းများအနက် ကျွန်းတကျွန်းဖြစ်၏။

၁။ လဖဓ ၁၀

ထိန်ရွာ။ ။တောင်ဖက်အဝင်။ စဥ့်ကိုင်ရွာရှ။

(အို) ထံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကို လှူသော ကျွန်တယောက် ဖြစ်၏။

၁။ ပုံ ၂၂၆ [23]

www.burmeseclassic.com

www.burmeseclassic.com



( သခင် ) ထံပါး။ ။နတ်ထမင်းရသော သခင်ထံပါး။ စည်သူမင်းကြီးသည် သက္ကရာဇ် ၅၅၀ပြည့်နှစ်တွင် သခင်ထံပါးအား ပုတက်မြေ ၈၀၊ မြေထိန်းလက်ျာသခ်ါနှင့်တကွ၊ မြို့က်ခမြာ ၈၀၊ မြေထိန်းဥတ္တပကြံနှင့်တကွ၊ဒီပဲယင်းမြေ ၅၀၀၊ မြေထိန်းဖုမ္မဗိုလ်နှင့်တကွ။ ထံပါးတပင်မြေ ၃၀၀၊ မြေထိန်းဥတ္တဖရစ်နှင့်တကွနှင့် ကေနင်မြေ ၁၀၀၀ တို့ကို လှူတော်မူ၏။ စည်သူမင်းကြီးလှူတော်မူခဲ့သည့်မြေရပ်များကို ဥဇနာမင်းကြီး(နားတောင်းများ) သားတော်မင်းကြီး (နရသီဃ်ဥဇနာ) လက်ထက်တွင် ပျက်ဆီးလေရကား သခင်ထံပါး မင်းကြီးထံတော်၌ အမိဖုရားနှင့် အရိးစော တောထွက်တို့ရှေတွင် မေတ္တာရပ်ခံတော်မူ၏။ မင်းကြီးလည်း သခင်ထံပါး၏စကားကိုကြားလေလျှင် ဥတ္တမဖရစ်နှင့် မင်းမယားအိုညယ် စွန်တို့ကို ခေါ်တော်မူ၍ ကျောက်စာတွင်အမည်နှင့်တကွ ပါရှိသမျှကျွန်တို့ကို သားမြေးနှင့် တကွလွှတ်(လှူ)စေဟု သွေတော်ချတော်မူ၏။

၁။ ပုံ ၂၂၇ ခ[၂-၃]

ထံပါးတပင်။ ။အရပ်အမည်။ စည်သူမင်းကြီးသည် သက္ကရာဇ် ၅၅၀ ပြည့်တွင် တံပါးတပင် အရပ်၌ မြေ ၃၀၀ ကို မြေထိန်းဥတ္တဖရစ်နှင့်တကွ နတ်ထမင်းရသောသခင်တံပါးအား လှူတော်မူ၏။

၁။ ပုံ ၂၂၇ ခ[၃]

( အို ) ထံမာ။ ။အိမ်နေကျွန်။ စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သခင်ထံပါးအား လှူသောအိမ်နေကျွန်ဖြစ်၏။

၁။ ပုံ ၂၂၇ ခ[၉]

( င ) ထွန်း။ ။လွှတ်လုင်။ ငထွန်းသည် သက္ကရာဇ် ၁၁၆၇ ခုတွင် လွှတ်လုံင်အဖြစ် ထမ်းရွက် လျက်ရှိသည်။

၁။ လဖစ ၃

( င ) ထွန်း။ ။မြေတိုင်သူကြီး။ တောင်ဖက်အဝင် စဥ့်ကိုင် ထိန်ရွာ မြေတိုင်သူကြီးဖြစ်၍ အမှုတော်ကောင်းရာ လိုက်ပါထမ်းရွက်ရင်း သေဆုံး၏။ သားမြေး အဆက်အခံမရှိသဖြင့် ငယောက်ဖ ရွာစောင့် ငတောင့်က သက္ကရာဇ် ၁၁၆၉ ခုတွင် မြေတိုင်သူကြီးအရာကို ဆက်ခံသည်။

၁။ လဖစ ၄

www.burmeseclassic.com

www.burmeseclassic.com



ဒလ။ ။ဒလအရပ်၌ တကောင်းကိုစစ်ထိုး၍ အောင်နိုင်သူစစ်သူကြီး လက္ခဏာလက်ဝဲသေဆုံးသည်။

၁။ ပုံ ၂၃၁ ခ

ဒဟတ်။ ။ထမောင်ကာ အရပ်အဝင်။ မင်းမယား စချီဗိုလ်သည် ပဒေသာသည်တံမှရရှိသော ဒဟတ်မြေ ၅ဝ ကို သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူ၏။

၁။ ပုံ ၂၃၂

ဒိပဲယင်း။ ။(ထိပေသ္ဘာ်ချင်) စည်သူမင်းကြီးသည် ဒိပဲယင်းအရပ်မှ မြေ ၅ဝဝ ကို မြေထိန်းဖုမ္မဝိုလ်နှင့်တကွ သက္ကရာဇ် ၅၅ဝ ပြည့်တွင် သခင်ထံပါးအား လှူတော်မူ၏။

၁။ ပုံ ၂၂၈ ခ

ဒေစပ်အစိုင်ချောင်း။ ။ဟံသာဝတီမြို့နယ်။ ဒေစပ်အစိုင်ချောင်းသည် ဟံသာဝတီ ၃၂ မြို့နယ်နှင့်သန်လျင်မြို့နယ်မြေအစပ်၌ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

[ ဓ ]

ဓညဝတီမြို့။ ။၎င်းမြို့စီရင်စုတွင် ကြက်စင်ကျွန်း၊ သလွန်တောင်ကျွန်း၊ ရိုးကျွန်း၊ ဝင်ကျွန်း၊ ပိန္နဲကျွန်း၊ ထိန်တိုင်ကျွန်း၊ ပြည်စိုးကြီးကျွန်း၊ သူယယ်တော်ကျွန်း၊ ပေကျွန်း၊ လောင်းကြက်ကျွန်း၊ တောင်ရင်းကျွန်း၊ တောင်တက်ကျွန်း၊ ငါးစင်ရိုင်းချောင်းကျွန်း၊ ခေါင်းလောင်းကျွန်း စသည်တို့ရှိသည်။

၁။ လဖစ ၁ဝ

ဓညဝတီမြို့စာရေး။ ။ငရှင်။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၈ ခုတွင် ဓညဝတီမြို့စာရေးမှာ ငရှင်ဖြစ်၏။

၁။ လဖစ ၁ဝ

ဓညဝတီမြို့သူကြီး။ ။ငရှင်။ ဓညဝတီမြို့စာရေး ငရှင်ကို သက္ကရာဇ် ၁၁၆၈ ခုတော်သလင်းလပြည့်ကျော် ၁ ရက်နေ့ (၂၈-၈-၁၈ဝ၆)တွင် လွှတ်တော်မှ မြို့သူကြီးခန့်လိုက်သည်။

၁။ ပသဂ ၁၃။ ၂၄၈

www.burmeseclassic.com

www.burmeseclassic.com



ညောဝတ္တနာ။ ။ဝမ်းပြည့်ရှာသူကြီး။ ညောဝတ္တနာသည် ပုဂံမြို့စီရင်စု ဝမ်းပြည့်ရှာကို သက္ကရာဇ် ၁၁၁၇ ခုနှစ်ကစ၍ ကြီးစိုးစီရင်သည်။ ညောဝတ္တနာ၏အကိုမှာ မြေတ်သူဖြစ်၍ ၎င်းတို့အဖမှာ ငပုဖြစ်၏။¹

၁။ မသက ၄၄။ ၂၄၈

ဓနုစက်။ ။ရွှေလေမှူး။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် မုဆိုးဘို နေရင်းအမှုထမ်းများကို လက်ဝဲကြောင်းလေးမှူး ဓနုစက်နှင့် ရွှေလေး ၅၀၀ ဖွဲ့တော်မူသည်။¹

သက္ကရာဇ် ၁၁၁၆ ခု တပို့တွဲလတွင် အလောင်းမင်းတရားကြီး ပြည်မြို့သို့ချီတက်ရာ၌ ရွှေလေးမှူးဓနုစက်လည်း ပါဝင်သည်။²

၁။ ကဘဆ ၁။ ၅၈ ၂။ ကဘဆ ၁။ ၁၂၂

ဓနုဇေယ။ ။ဗိုလ်မှူး။ ။အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၈ ခု နတ်တော်လဆန်း ၈ ရက်နေ့ညတွင် ဟိမ်ကြွားနဟ်နှင့် ဓနုဇေယတို့ကို ယေနတ်စွဲ သူရဲတထောင်ပေးအပ်လျက် ပဲခူးမြို့မြောက်မျက်နှာဆုံကုန်းတပ်ကို တိုက်ခိုက်စေရာ အောင်နိုင်၏။¹

၁။ ကဘဆ ၁။ ၂၁၃

ဓနုဖြူမင်းသမီး။ ။ဗဒုံမင်းသမီးတော်။ ၎င်းမယ်တော်မှာ မိုးမိတ်မိဖုရား ဖြစ်သည်။ ဓနုဖြူမင်းသမီးသည် အမိခြားမောင်တော် ဒုတိယ အလယ်နန်းတော်၏သား လိုင်မင်းသားနှင့် ရွှေဦးစွာသင့်၍ ၎င်းကံကုန်သောအခါ၊ နောင်တော်မက္ခရာမင်းသားနှင့်သင့်ပြန်သည်။¹

၁။ ပဇပ် ၂၆၂

ဓနုဖြူမြို့စား။ ။တောင်ဆောင်မိဖုရား။ ဗဒုံမင်းသည် တောင်ဆောင်ကော်မိဖုရားအား ဓနုဖြူနှင့်စလေမြို့များကို ကံကျေးခံစေသည်။¹

၁။ ပဇပ် ၂၆၃

ဓနုဖြူမြို့စား။ ။အနောက်နန်းမိဖုရား။ သီရိမလ္လာရတနာမဟေမှာ အကောက်ဝန်မာလိန်ဖြူ ဂျန်စီ သမီးဖြစ်၍၊ စကိုင်းမင်းသည် သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင်၊ ၎င်းအား အနောက်နန်းတင်သည်။ ဓနုဖြူမြို့ကို စားကျေးသနားတော်မူ၏။ ၎င်းသည် မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၂၅ ခု တပေါင်းလတွင် ကံကုန်သည်¹

၁။ မမမ ၂၂၇၊ မယ်နု ၂၀၅



www.burmeseclassic.com

www.burmeseclassic.com



ဓမနုရန်အောင်ကျော်။ ။ရွှေလေးမှူး။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် မုလိုးဘိုနေရင်းအမှုထမ်းတို့မှ ဓနုရန်အောင်ကျော်နှင့် လေးသမားများကို လက်ျာကြောင်းမှ ရွှေလေး ၅၀၀ ဖွဲ့တော်မူသည်။[၁]

၁။ ကဘာဆ ၁။ ၅၈

ဓမ္မဒေဝီ။ ။အိမ်ရှေ့မိဖုရား။ မြောက်ဖက်တိုက်ဝန်သမီးသည် ဗဒုံမင်း သားတော် အိမ်ရှေ့မင်း ရွှေတောင်စားနှင့် သင့်ရာတွင် ဓမ္မဒေဝီဘွဲ့ကို ရရှိ၏။[၁]

၁။ ဂဇပ် ၂၆၀

ဓမ္မသေနာပတိ။ ။ကန္နီမြို့စား။ မဟာဓမ္မရာဇာဓိပတိမင်းသည် နတ်ရှင်ကြီးအား ဓမ္မသေနာပတိဘွဲ့၊ နောက် သီရိဇေယျကျော်စွာဘွဲ့များချီးမြှင့်၍ ကန္နီမြို့ကို စားစေသည်။[၁]

၁။ မသဂ ၄၅။ ၁၄၄၊၁၄၅

## [ န ]

နဂါးဆိပ်။ ။ဟံသာဝတီမြို့။ နဂါးဆိပ်သည် ဟံသာဝတီမြို့ကျုံးအနောက်နားတွင် တည်ရှိသည်။ သက္ကရာဇ် ၁၁၁၈ ခု သတင်းကျွတ်လတွင် အလောင်းမင်းတရားကြီးသည် မင်းကျော်တမှုတ်နှင့်ရွှေတောင်ရာဇာတပ်များကို နဂါးဆိပ်တိုင်အောင် အစုံအစမ်း ချီစေခဲ့သည်။ ထိုနေရာကို ရယူပြီးနောက် ဗိုလ်မှူးကျော်ထင်ကို သစ်တပ်တည်၍ နေစေခဲ့၏။ ၎င်းနောက် ပြာသိုလပြည့်ကျော် ၄ ရက်နေ့တွင် သစ်တပ်အစား အုတ်မြို့တည်စေပြန်သဖြင့် တည်ဆောက်ရ၏။[၁]

၁။ ကဘာဆ ၁။ ၂၁၁၊ ၂၃၇

နဂါးပိုရွာ။ ။ကျောက်ဆောက်မြို့ကျေး။ နဂါးပိုရွာသည် ကျောက်ဆောက်မြင်း ၄၄ စီးအဝင် မြင်းရွာတရွာဖြစ်၏။[၁]

၁။ စလင်္ကာသူရွာစစ်တန်း ၄၅ ခု

နန္ဒင်းကိုင်မင်းသမီး။ ။မယ်မငြိး။ သီရိသုမင်္ဂလာခံမယ်မငြိးသည် ဗဒုံမင်းနှင့် ပေါက်မြိုင်မြို့စားတို့သင့်ရာတွင် သက္ကရာဇ် ၁၁၄၇ ခု ၌ မြင်သည့်သမီးတော်ဖြစ်၏။ နန္ဒင်းကိုင်ကို စားရသည်။ အမိခြားမောင်တော် ဇရွှီမိဖုရားသားတော် ကလေးမင်းသား မင်းရဲနရာနှင့်သင့်၏။[၁]

၁။ ပဇပ် ၂၆၈၊ ၂၇၁

www.burmeseclassic.com

www.burmeseclassic.com



နန္ဒင်းတက်ရွာ။ ။တူရွင်းတိုင်မြို့ကျေး။ နန္ဒင်းတက်ရွာသည် တူရွင်းတိုင်မြို့အဝင် တောင်ရွှေရွာ ပြည်စိုး ကြီးစိုးစီရင်နက်ရွာငယ်ဘာခုဖြစ်၏။

၁။ တောင်ရွှေရွာစစ်တန်း ၄၅ ခု

နဘဲရွာ။ ။ပုဂံမြို့ကျေး။ နဘဲရွာနယ်မြေသည် အရှေ့ကို ချောင်းရှည်ရွာမြေထိ၊ တောင်ကို မလည်ချောင်း၊ ကမြဲမြေထိ၊ အနောက်ကို စချီရွာမြေထိ၊ မြောက်ကို ဆိပ်ခေါ ချောင်းထိဖြစ်၏။

နဘဲရွာသူကြီးရိုးမှာ ငကြက်၊ ၎င်းနောက် သားငထွန်းအောင်၊ နောက်သား ငသာ၊ နောက်သား ငနေထွန်းတို့ဖြစ်၍၊ ၁၁၄၅ ခု စစ်တန်းရေးစစ်ချိန်တွင် နဘဲရွာသူကြီး တနင်းလာသား ငနေထွန်းသည် အသက် ၆၅ နှစ်ရှိလေပြီ။ ငနေထွန်း၏သား ငလောက် သည် ၁၁၆၄ ခု စစ်တန်းရေးစစ်ချိန်တွင် တရပ်တကျေးသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိ၏။

၁။ နဘဲရွာစစ်တန်း ၄၅ ခု၊ ၆၄ ခု

နရအိန္ဒသူ။ ။ရှမ်းအစီရင်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၉ ခု ဝါဆိုလဆန်း ၁ ရက်နေ့တွင် ငအောင်ခိုင်ကို နရအိန္ဒသူအမည်နှင့် ရှမ်းအစီရင် သနားတော်မူသည်။

၁။ ကဘာဆ ၁။ ၂၅၅

နရပတေ့သီဟပကြံ။ ။ပုဂံမြို့စချီ။ နရပတေ့သီဟပကြံသည် ပုဂံမြို့စချီ ၄ ရိုးအနက် စချီတရိုးဖြစ်၍ ပုဂံမြို့မြောက်မျက်နှာတွင် တာဝန်ထမ်းဆောင်ရ၏။ သောအောင်၏ မြေး၊ ချောင်း၏ သားအသက် ၅၂နှစ်ရွယ်ရှိ ကြာသပတေးသား ငအောင်ကျော်ဖြစ်သည်။ သက္ကရာဇ် ၁၁၂၄ ခုနှစ်မှစ၍ နရပတေ့သီဟပကြံအမည်နှင့် စချီရာထူးကို ဆက်ခံခဲ့၏။

၁။ မသက ၃၂။ ၅၄၊ ၅၈

နရာပျံချီကျော်။ ။ရွှေတောင်ဇေယကျော်။ ငရွှေရည်သည် အလောင်းမင်းတရားကြီးမြင်းရည် တက် ၆၈ အဝင်အပါဖြစ်၍ ရှေးဦးစွာ နရာပျံချီကျော်ဘွဲ့ကို ရရှိ၏။ ၎င်းသည် ကျောက်မြောင်းမှ တသပုန်းလေ့တပ်ကို တွန်းလှန်သည့်လေ့ ၃၆ စင်းတွင်၎င်း၊ ပြည်မြို့သို့ ချီတက်တိုက်ခိုက်ရာတွင်၎င်း ပါဝင်ခဲ့၏။ ၎င်းနောက် ရွှေတောင်ဇေယကျော်ဘွဲ့ကိုလည်း ရရှိလေသည်။

၁။ ကဘာဆ ၁။ ၃၁ ၆၅ ၁၁၉

www.burmeseclassic.com

www.burmeseclassic.com



**နရာပြန်စ**။ ။တောင်ဘက်မြင်းဝန်။ ဗဒုံမင်းသည် နရာပြန်စကို တောင်ဘက်မြင်းဝန်ခန့်တော်မူ၏။ ိ

၁။ မသဂ ၄၅ ၁၄ဂ

**နရာသိခ်ကျော်**။ ။ကျော်ထင်ရွှေတောင်။ ပေန်းညိုသည် အလောင်းမင်းတရားကြီး မြင်းရည့်တက် ၆ဂ စာရင်းဝင်ဖြစ်၍ ရှေးဦးစွာ နရာသိခ်ကျော်ဘွဲ့ကိုရရှိ၏။ ၎င်းနောက်ကျော်ထင်ရွှေတောင်ဘွဲ့ကိုလည်းရရှိသည်။ ိ

၁။ ကဘဆ ၁။ ၃၀

**နားခံစမြောင်မှူး**။ ။ဘယကျော်ထင်။ ၎င်းသည် သက္ကရာဇ် ၁၁၆ဂ ခုတွင် နားခံစမြောင်မှူးကြေ့ာကြီးမှူးအဖြစ် ထမ်းရွက်လျက်ရှိ၏။ ိ

၁။ လဗစ ၉

( င ) နာမိ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသောကျွန်တယောက်ဖြစ်၏။ ငနာမိသားမှာ ငလုံးကြီးဖြစ်၏။ ိ

၁။ ပုံ ၂၂၆ ^၁၄^

( င ) နားခုံ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသောကျွန်တယောက်ဖြစ်သည်။ ငရောက်လွယ်မှာ ငနားခုံ၏ညီဖြစ်၏။ ိ

၁။ ပုံ ၂၂၆ ^၁၂^

**နေမျိုးစည်သူနော်ရထာ**။ ။ဦးမှေး ရှု။

**နေမျိုးဇေယကျော်စွာ**။ ။မင်းရာဇာ ရှု။

**နေမျိုးဇေယပတေ့**။ ။ဦးတုတ်ကြီး ရှု။

**နေမျိုးနော်ရထာ**။ ။ဝန်ထောက်။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆ဂ ခုတွင် ဝန်ထောက်အဖြစ် ထမ်းရွက်လျက်ရှိသည်။ ိ

၁။ လဗစ ၂။

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးသခ်ယာ။ ။မောင်မြတ်သာ။ အလောင်းမင်းတရားကြီး မြင်းရည်တက် ၆၀ ယောက် အဝင်ဖြစ်၍ ရွှေဦးစွာ ဇေယျကျော်ထင်ဘွဲ့ကိုရ၏။ ၎င်းနောက် ကော်ဓော်ရန္တမိတ်၊ ၎င်းနောက် နေမျိုးသခ်ယာဘွဲ့များကို အသီးသီးရ၏။

၁။ ကဖစ ၁။ ၃၁

( င ) နောင်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဖိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးကို လှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းမှာ ပေန်စင်၏သား ဖြစ်၏။

၁။ ပုံ ၂၃၂

( င ) နောင်ခင်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဖိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအားလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၌ ကြေးစင်အမည်ရှိသော အစ်ကိုနှင့် လေ့အမည်ရှိသောညီရှိ၏။

၁။ ပုံ ၂၃၂

( င ) နောင်ငယ်။ ။ဘုရားကျွန်။ ဇေယာတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသည့် ကျွန်တယောက်ဖြစ်သည်။ ။၎င်းအကိုများမှာ လေ့၊ ငမ်းဖြည့်နှင့် တေပါးတို့ဖြစ်ကြ၍ ညီများမှာ ချေစ်ဖွယ်နှင့်ငဦးပီးတို့ဖြစ်၏။

၁။ ပုံ ၂၂၆

နန္ဒယော်ဓာ။ ။ကာမမြို့စား။ မဟာဓမ္မရာဇာဓိပတိသည်နန်းတက်ပြီးနောက်ကျွန်တော်ဟောင်း မြင်းဝန် နန္ဒယော်ဓာအား ကာမမြို့ကို သနားတော်မူသည်။

၁။ မသဂ ၄၅။ ၁၄၄

နန္ဒရာဇာ။ ။အညာ ၉ ရွာသူကြီး။ ပုဂံမြို့စီရင်စု အညာ ၉ ရွာသူကြီးမ မိဏန်၏ယောက်ျား ဖြစ်သည်။ ၎င်းတို့ သက္ကရာဇ် ၁၁၂၇ ခုတွင် စစ်တန်းစာရင်း ထွက်ဆို၏။

၁။ မသဂ ၃၃။ ၂၅၃

နန္ဒသူရ။ ။လွှတ်တော်စာရေးကြီး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၀ ခုတွင် ၎င်းသည် လွှတ်တော်စာရေးကြီးအဖြစ် ထမ်းရွက်လျက်ရှိ၏။

၁။ လဖစ ဂ။

www.burmeseclassic.com

www.burmeseclassic.com



( အို ) နုပ။ ။ဘုရားကျွန်။ သူကြွယ်မြေတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်း ဘုရားကြီးကို သင်ပုတ်ဝတ် ဆီမီးဝတ် လုပ်ကျွေးစိမ့်ငှာလှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းလင်မှာ ငစိမ်ဖြစ်၏။

၁။ ပုံ ၂၂၉ [၁၆]

နှမကြည့်ဘုရား။ ။ဒရာရွာမ သီဟပတေ့သည် သက္ကရာဇ် ၇၆၈ ခုတွင် ဒရာရွာနယ်တွင် ထန်းတရင်းတက်နှင့် ညောင်ပင်ရွာနယ်တွင် ထန်းတရင်းတက်များကို နှမကြည့်ဘုရားအား လှူ၏။

၁။ စာရင်း ၇၂၇ ကျော [၁၁-၁၂]

( င ) နာဖူး။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် စည်သခင်၌ ဘုရားကို လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏အဖိုးမှာ ကျွန်သင်လျင် ငချေး၊ ဘကြီးမှာ ငလောင်သင်နှင့်အဖမှာ ငဝမ်းဖြည့်သင်တို့ဖြစ်ကြ၏။

၁။ ပုံ ၂၂၆ [၂၄]

[ ပ ]

( လောင်သည် ) ပကြံ။ ။လောင်သည် ကလန်သံပျင်တဦး။ ငဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေရောင်းရာ၌ သက်သေအဖြစ်ပါဝင်သည်။

၁။ ပုံ ၂၂၄ [၄]

ပဒေသာသည်။ ။သူပုန်။ စည်သူ ၄ ခေါ် နရသီဟပတေ့မင်းလက်ထက်တွင် ပဒေသာသည် ပုန်ကန်သဖြင့် စည်သူမင်းကြီး သူပုန်များကို အောင်မြင်စွာ နှိမ်နင်းရာ၌၊ ပဒေသာသည် သည်အား လက်ရဖမ်းမိသည်။ ထိုအခါ ပဒေသာသည်က မင်းမယား စချီဗိုလ်အား စည်သူမင်းကြီးထံ မိမိကိုအပြစ်မှလွှတ်ရန် လျှောက်ထားပေးရန် ပန်ကြား၏။ လွှတ်မြောက်လျှင် တံစိုး (လက်ဆောင်) ငွေ ၁၀၀၀ ပေးမည်ဟူ၍လည်း ခံဝန်သည်။ စချီဗိုလ်၏ လျှောက်ထားချက်ကြောင့် စည်သူမင်းကြီးက ပဒေသာသည်ကိုလွှတ်စေဟု အမိန့်တော် ချမှတ်၏။ ထို့ကြောင့် ပဒေသာသည်လည်း ခံဝန်ချက်အတိုင်း စချီဗိုလ်အား ငွေ ၁၀၀၀ ပေးရမည်ဖြစ်၏။ သို့သော် ငွေမပေးနိုင်၍ မြေအရပ်ရပ် ပယ်ပေါင်း ၁၀၅၅ ကို စချီဗိုလ် အား ပေးလိုက်ရ၏။

၁။ ပုံ ၂၃၂ [၁၃-၁၈]

www.burmeseclassic.com

www.burmeseclassic.com



ပနန်။ ။လယ်တွင်း ၁၁ ခရိုင် အဝင်အပေါ။ မင်းမယား စဂျိုဗိုလ်သည် ပဒေသာသည်ယံမှ ရရှိသော ပနန်ခရိုင်အဝင် ကြာအိုးလယ် ၄၀ ကို သက္ကရာဇ် ၆၃၃ ခုတွင် ရတနာဥပ္ပါးအား လှူတော်မူ၏။

၁။ ပုံ ၂၃၂

( င ) ပသင်။ ။မြေပိုင်ရှင်။ ငပသင်လင်မယား၊ သမီးအိုကယ်ဖ လင်မယားနှင့် မောင်ပန် စင်ထက် မိသားစု ၁၂ ယောက်တို့သည် သက္ကရာဇ် ၆(၃)ဝပြည့်တွင်လောင်းသည်ရွာမြောက် ရှိ ကန်သုံးဆင့်တကန်နှင့် ဝက်ကူးအမည်ရှိသော သန်လယ်မြေ ၅၀ တို့ကို သက်သေများ ရှေ့၌ ငဖုန်းသင်သင်မယားအား အဖိုးခွက် ၃၅ ပိဿာ နွား ၇ ကောင်နှင့် ရောင်းကြ၏။

၁။ ပုံ ၂၂၄

( င ) ပေါ။ ။အသည်ကြီး။ ပေါသည် ဗန်ကျိုတိုက်အဝင် တရားမြို့မှ အသည်ကြီးစာရင်းဦးပေါ သူဖြစ်၏။ ၎င်း၏သား ဆေကသည် သက္ကရာဇ် ၁၀၆၇ ခုတွင် မိမိအား တရားမြို့သူကြီး ခန့် ထားရန် လွှတ်တော်သို့ လျှောက်ထား၏။

၁။ လ၀၀ ၃

( အို ) ပိ။ ။ဘုရားကျွန်။စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ယမင်းရသော သခင် ထံပါးဘုရားကို လှူသော ကျွန်တယောက်ဖြစ်၏။

၁။ ပုံ ၂၂၀ ၁

( င ) ပုကံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအား လှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းမှာ ငကြက်စင်၏ သားဖြစ်သည်။

၁။ ပုံ ၂၂၆

ပုခန်းကြီးမြို့စား။ ။ကလေးမြို့စား ရှု၏။

ပုညသမန်။ ။စလေမြို့သူကြီး။စလေမြို့တွင် မြို့သူကြီး ၂ ရိုးရှိသည့်အနက် မြို့သူကြီးရိုးတရိုးကို ပုညသမန်ရိုးဟု ခေါ်သည်။ ပုညသမန်ရိုး စလေမြို့သူကြီးသည် ၄၅ ခု၊ ၆၄ ခု စစ်တမ်း စာရင်းများ ဆက်သွင်းခဲ့ကြ၏။ ထိုမြို့သူကြီး၏ သားမှာ ငမြိုဖြစ်သည်။

၁။ လ၀၀ ၆

www.burmeseclassic.com

www.burmeseclassic.com



ပုတက်။ ။စည်သူမင်းကြီးသည် သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သခင်ကံ၊ ပါး ဘုရားအား မြေထိန်းလက်ျာသိမ်ါနှင့် ဟက္ခ ပုတက်မြေ ၇၀ ကို လှူတော်မူ၏။

၁။ ပု ၂၂၇ ၁

(င) ပုရင်။ ။ရတနာ ၃ ပါးကျွန်။မင်းမယား စချီဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင်ရတနာ ၃ ပါး အား လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းသား ရမ်ဖြစ်၏။

၁။ ပု ၂၃၂

(အို) ပုရစ်။ ။ကျောင်းကျွန်။သူကြွယ်ငမြတ်သင် သက္ကရာဇ် ၆၃၂ ခုတွင်သမထိးကျောင်းနေ အရိယာတို့အတွက် ဝတ်ချက်စိမ့်သောငှာလှူသော ကျွန်ဖြစ်သည်။

၁။ ပု ၂၂၉

ပုလဲ၀။ ။အရပ်အမည်။ဇေယဝတ္တနာသည် အက္ကပတော့ထံမှရရှိသော ပုလဲဝအရပ်မှ ဥယျာဉ် ၁ ကို သက္ကရာဇ် ၆၂၁ ခုတွင် တောကျောင်းနှင့် ဘုရားအား လှူ၏။

၁။ ၂၂၆

ပေကျွန်း။ ။ညောဝတီမြို့စီရင်စုရှိ ကျွန်းတကျွန်းဖြစ်သည်။

၁။ လဗဓ ၁၀

(င) ပေသီး။ ။မြို့သူကြီး။ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် မေဃဝတီ မြို့သူကြီး အဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လဗဓ ၁

(င) ပို။ ။စာရေး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် လွှတ်တော် စာရေးကြီး မင်းနန္ဒသူရ၏ စာရေးအဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လဗဓ ၇

ပေါက်မြိုင်မြို့စား။ ။ရှုစိယဝတီ ရှု။

ပုဏ္ဏားဝန်။ ။မြတောင်မင်းကြီး။သာယာဝတီ မင်းလက်ထက်တွင် ရှေ့ဦးစွာ အက္ကပတ် မြင်းဝန် အဖြစ် ထမ်းရွက်သည်။၎င်းနောက် ပန်းဘဲဝန်၊ပုဏ္ဏားဝန်၊ကသည်းမြင်းဝန်၊ကွမ်းရေခေါင်း

www.burmeseclassic.com

အသီးသီး ခန့်ထားခြင်းခံရ၏။ နောက် အတွင်းဝန် ခန့်ထားခြင်းခံရပြန်သည်။ နောင် မြဲတောင်မင်းကြီးဖြစ်၏။

၁။ မသက ၄၅။ ၁၅၉

ပန်စင်။ ။ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်း၌ လေ့မ်းအမည်ရှိ အကိုတယောက်နှင့် သေံဖါ အမည်ရှိသော တူတယောက်ရှိ၏။

၁။ ပုံ ၂၂၆

ပန်စင်။ ။ရတနာ ၃ ပါးကျွန်။မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော ကျွန်တယောက် ဖြစ်၏။ ၎င်း၌ င နောင်အမည်ရှိသော သားတယောက်နှင့် သေံဖအမည်ရှိသော တူတယောက်လည်း ရှိသည်။

၂။ ပုံ ၂၃၂

ပန်စင်။ ။ရတနာ ၃ ပါးကျွန်။မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသောကျွန်တယောက် ဖြစ်၏။၎င်းမှာ တောင်ပ၏သား ဖြစ်၍၊ခေင်ဖနှင့် ကေ့အမည်ရှိ ညီ ၂ ယောက် ရှိ၏။

၂။ ပုံ ၂၃၂

ပန်ခင်းထက်။ ။ပေသင်သား။၎င်းတို့မိသားစုသည် သက္ကရာဇ် ၆(၃)ဝပြည့်တွင်လောင်းသည်ရွာ မြောက်ဖက်ရှိ ကန် ၃ ဆင့်တကန်နှင့် ဝက်ကူးအမည်ရှိသော သန်လယ်မြေ ၅ဝ ကို အဖိုးခွက် ၃၅ ပိဿာ၊ နွား ၇ ကောင်နှင့် သက်သေများရှေ့တွင် င ဖုန်း သင် လင် မ ယား အား ရောင်း၏။

၂။ ပုံ ၂၂၄

ပန်တိုင်းကြား။ ။လောင်းသည်ရွာ ကာလန်သံချင်တဦး။ ဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခု တွင် မြေရောင်းရာ၌ သက်သေအဖြစ် ပါဝင်သည်။

၁။ ပုံ ၂၂၄

(င)ပန်းဘူ။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအားလှူသောကျွန် တယောက် ဖြစ်၏။ ၎င်း၏အကိုကြီးမှာ ပတ်သာသည် ဖေုန်းရှိဖြစ်၍ ညီငယ်များမှာ တေန်ခူးနှင့်တေပါးတို့ဖြစ်သည်။

၁။ ပုံ ၂၂၆



www.burmeseclassic.com

www.burmeseclassic.com



( င )ပန်းတူကြီး။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင်၊ ကျောင်းကို လှူသောကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၆ ၁၅

ပန်းတိမ်းနွယ်ကန်။ ။ကြံတူအရပ်။ နားတောင်းများမင်းကြီးသည် လက္ခဏာလက်ဝဲအား သက္ကရာဇ် ၅၉၀ တွင် တကောင်းစစ်ကိုအောင်မြင်သဖြင့် ကြံတူအရပ် ပန်းတိမ်းနွယ် ကန်လယ် ၁၇၃ ပယ် ရဲဆုချီးမြှင့်၏။ လက္ခဏာလက်ဝဲလည်း ထိုမြေတို့ကို ဘုရားအား လှူ၏။

၁။ ပုံ ၂၃၁ ခ

ပန်းဘဲဝန်။ ။ပုဏ္ဏားဝန် ရှု။

ပိန်ကျော်။ ။စာရေး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၉ ခုတွင် တံဆိပ်ဝန်ထံ၌ စာရေးအဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လဖစ ၇။

ပိန္နဲချောင်းကျွန်း။ ။ဓညဝတီမြို့စီရင်စုအဝင် ကျွန်းတကျွန်းဖြစ်၏။

၁။ လဖစ ၁၀

ပုပ္ပါးကျောင်း။ ။ပုဂံမြို့စီရင်စု ရေမျက်ရွာ၌ ပုပ္ပါးကျောင်းဝတ် ထန်းတရင်းတက်ရှိ၏။

၁။ စာရင်း ဂ၂၇။ ကျော ၁၄-၁၅

( င )ပုံခြေထိုင်။ ။သက်သေ။ ငဖုန်းသင် လင်မယား သက္ကရာဇ် ၆ ( ၃ )၀ ပြည့်တွင် ဝက်ကူး အမည်ရှိ လယ်မြေရပ်ကို ရောင်းရာ၌ သက်သေတဦးအဖြစ် ပါဝင်သည်။

၁။ ပုံ ၂၂၄ ၁၂

( မိ )ပျိုဥ။ ။မြေတိုင်နှမ။ မဟာဒါန်တိုက် ရွှေယင်းမာအဝင် မဲနေ့ရွာမြေတိုင် ငမြတ် ပေး၏ နှမဖြစ်သည်။ ငမြတ်ပေးသည် အမှုတော်ကောင်းရာလိုက်ထမ်း၍ မိုးနဲ့တပ်တော် တွင်သေဆုံးလျှင် မိပျိုဥယောကျာ်း ငခွေးက မြေတိုင်အရာကို လုဆိုစီရင်သည်။

၁။ လဖစ ဂ

www.burmeseclassic.com

www.burmeseclassic.com



( င )ပျင်ခုံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းအမိမှာ အိုမုံဖြစ်သည်။°

၁။ ပုံ ၂၂၆ [၁၅]

ပျင်ရွာ။ ။မြင်းခုံတိုင်ခရိုင်။ မင်းမယား စချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် မြင်းခုံတိုင်ခရိုင် အိုဆေးသစ်ရွာအနောက် ပျင်ရွာအရှေ့ မြေ ၂၅ ပယ်ကို လှူ၏။°

၁။ ပုံ ၂၃၂ [၁၂]

( င )ပြည့်။ ။ကျောင်းကျွန်။ သူကြွယ်မြတ်သင် သက္ကရာဇ် ၆၃၂ တွင် သမထီးကျောင်းကို ထေရအလုပ်အကျွေးဖြစ်စိမ့်သောငှာလှူသော ကျွန်ဖြစ်၏။°

၁။ ပုံ ၂၂၉ [၂၀]

( င )ပြည့်။ ။ရတနာ ၃ ပါးကျွန်။ မင်းမယား စချီဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအားလှူသော ကျွန်တယောက်ဖြစ်၏။°

၁။ ပုံ ၂၃၂ [၇]

( င )ပြည့်စုံ။ ။ဘုရားကျွန်။ သူကြွယ်ဝမ်းဖြည့်သင် သက္ကရာဇ် ၆၃၁ ခုတွင် ကူဘုရားပြုလုပ်၍လှူသော ကျွန်တယောက်ဖြစ်သည်။°

၁။ ပုံ ၂၂၅ [၁၁]

( အို )ပြည့်စုံ။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင်လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၇ [၁၂]

( အို ) ပြည့်စုံ။ ။ ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၌မိဦးအမည်တွင်သော သမီးရှိ၏။°

၁။ ပုံ ၂၂၆ [၂၆]

( င )ပြည့်ရာသင်။ ။သက်သေ။ သက္ကရာဇ် ၆၃၃ ခု ဆတင်းကျွတ်လဆန်း ၅ ရက် ကြာသပတေး နေ့တွင် အဝီစိငရဲကျရောက်မည်ကို စိုးရွံ၍၊ လက္ခာလက်ဝဲသည် နားတောင်များမင်းထံမှ

www.burmeseclassic.com

www.burmeseclassic.com



ရရှိသော ကျွန်များကို ဘုရားကြီးအား လှူလျက်၊ ၎င်းဆရာတော်ထံ အပ်နှံကြောင်းကို သိရှိသည်ဟု ပြေည့်ရာသင် ထွက်ဆိုသည်။

၁။ ပုံ ၂၃၁ ခ

(င) ပြည့်ဝ။ ။ကျွန်။ ယေဇဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းတွင် ငကုလားအမည်ရှိသော အစ်ကိုတယောက်နှင့် ငမအိုအမည်ရှိသော ညီတယောက်ရှိ၏။

၁။ ပုံ ၂၂၄

(င) ပြည့်ဝ။ ။သံချောင်းရွာသူကြီး။ ၎င်းသည် သက္ကရာဇ် ၁၁၆၇ ခုတွင် အဖသူကြီးငစင်ဖြူ အရာကို ဆက်ခံကြီးစိုးသည်

၁။ လဖစ ၁၁

(အို) ပြည့်ဝ။ ။ဘုရားကျွန်။ သူကြွည်မြေတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်း၌ သူကြွယ်မငယ်ပြုလုပ်သော မတ်ရပ်ကိုယ်တော်အား လှူသောကျွန်ဖြစ်၏။

၁။ ပုံ ၂၂၉

(အို) ပြည့်သင်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၆

ပြည်။ ။မင်းမယား စချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ပြည်မြေပယ် ၁၀၀ ကို ရတနာ ၃ ပါးအား ဝတ်မိုးဝတ်မြေအဖြစ် လှူတော်မူခဲ့၏။

၁။ ပုံ ၂၃၂

(အို) ပြည်။ ။ကျွန်။ ဇေယာတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၄

ပြည်စိုးကြီးကျွန်း။ ။ဧည့ဝတီမြို့ စီရင်စုအဝင်အပါ ကျွန်းတကျွန်းဖြစ်၏။

၁။ လဖစ ၁၀

www.burmeseclassic.com

www.burmeseclassic.com



( င ) ပွေ။ ။(ပုယ်) ရတနာ ၃ ပါးကျွန်။ မင်းမယား စချိဖိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးကို လှူသောကျွန်တယောက် ဖြစ်သည်။°

၁။ ၂၃၂

( င ) ပွတ်တံ။ ။တောတူရွာသူကြီး။ ငပွတ်တံကား မေဃဝတီမြို့ကျေး တောတူရွာ ၁၀၆၄ ခု စစ်တန်းစာရင်း ဆက်သွင်းသူဖြစ်၏။°

၁။ လဗဓ ၁။

[ ဖ ]

( ရှင် ) ဖယုံ။ ဗဒုံမင်း ယောက္ခမတော်။ လှံပါရွာသူ ရှင်ဖယုံသည် သပွတ်တောကျေးကိုင် မောင်မြတ်ထွန်းနှင့်သင့်ရာတွင် သက္ကရာဇ် ၁၁၀၇ ခုနှစ်၌ မယ်လွန်းသူအမည်ရှိ သမီး တယောက် ထွန်းကား၏။ မယ်လွန်းသူ ကြီးပြင်းသောအခါ ဗဒုံမင်း၏ မြောက်နန်း မိဖုရားဖြစ်ပေသည်°။

၁။ ပဇပ် ၂၅၉

( ရှင် ) ဖယုံ။ ။ကိုယ်လုပ်တော်။ ရှင်ဖယုံသည် ဗဒုံမင်းအိမ်တော်စံစဉ်က ကိုယ်လုပ်တော် ဖြစ်သည်။ ၎င်း၌ ဝန်သိုမင်းသားနှင့် ငယ်ကလွန် သားတော်တပါး ထွန်းကားသည်။°

၁။ ပဇပ် ၂၆၉

( ဦး ) ဖိုးရောက်။ ။တောင်နန်းမတော်ဝန်။သီပေါမင်းနန်းတက်စတွင်အဝမြို့ဝန်ဦးဖိုးရောက်ကို အငမြို့ဝန်အရာနှင့်လဲ၍၊ တောင်နန်းမတော်ဝန် ခန့်သည်။ နောက်တလရှိသောအခါ၊ ဦးဖိုးရောက်သည် တောင်နန်းမတော်ဝန်အရာမှ 'ကေျ' ကျရှာတော့၏။°

၁။ မြန်မာမင်း ၂။ ခန်း ၂၆၉ က။

( မောင် ) ဖိုးလှ။ ။သန်လျင်မင်းသား။ မောင်ဖိုးလှသည် ဗဒုံမင်းနှင့် တောင်ဆောင်တော် မိဖုရားတို့မှ သက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် ဖွားမြင်သော သားတော်ဖြစ်သည်။ သီရိသုဓမ္မ မဟာရာဇာဘွဲ့နှင့် သန်လျင်မြို့ကို စားရသည်။ စစ်ကိုင်းမင်း နန်းတက်ပြီးနောက် ဖိထွေးတော် သန်လျင်မင်းသားကို ရှုတ်ချတော်မူ၍၊ ညောင်ရမ်းဝန်ကြီးထံ အပ်ထား၏။°

၁။ ပဇပ် ၂၆၃

www.burmeseclassic.com

www.burmeseclassic.com



(င) ဖိုးတူ။ ။ရေနံချောင်းမြို့သူကြီး။ ငဖိုးတူသည် သက္ကရာဇ် ၁၁၆၇ ခုနှစ်တွင် မင်းမှုတော်ကျရောက်သည်များကို ပြေကုန်အောင်မဆောင်ရွက်နိုင်သည့်ပြင် ဒသမဘာဂငွေတော်များလည်း ကုန်စင်အောင် မဆက်သွင်းနိုင်သောကြောင့် အရာမှ နုတ်ပယ်ခြင်းခံရသည်။[၁]

၁။ လဖစ ၇

(င) ဖုန်းစား။ ။ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၀ ခုတွင်ကျောင်းကိုလှူသည့်ကျွန်တယောက် ဖြစ်သည်။ ၎င်းမှာ စလေသား ငစံမြ၏သား ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၁၄]

(အို) ဖုန်းစို။ ။ဝတ်ချက်ကျွန်။ သူကြွယ်မြတ်သင်သက္ကရာဇ် ၆၃၂ခုတွင် သမထီးကျောင်းကို အရိယာတို့၏ ဝတ်ချက်စိမ့်သောငှာလှူသော ကျွန်ဖြစ်၏။[၁]

၁။ ပုံ ၂၂၈[၂၁]

(င) ဖုန်းစုံသင်။ ။လယ်ပိုင်ရှင်။ ၎င်းတို့ဇနီးမောင်နှံသည် သက္ကရာဇ်၆(၃)၀ ပြည့်နှစ်တွင် ငပသင်မိသားစု ၅ ယောက်ထံမှ လောင်းသည်ရွာမြောက်ဖက်ရှိ ကန်သုံးဆင့်တကန်နှင့် ဝက်ကူးအမည်ရှိသော သန်လယ်မြေ ၅၀ ကို ခွက် ၃၅ ပိဿာ နွား ၇ ကောင်နှင့် သက်သေများရှေ့တွင် ဝယ်ယူ၍ သခင်သုတိသာဂရကို လှူတုံ၏။[၁]

၁။ ပုံ ၂၂၇[၁၉၊၂၂]

(အို) ဖုန်းဆုံ။ ။ဘုရားကျွန်။ သူကြွယ်မြတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်း၌ သူကြွယ်မကြီးပြုလုပ်သော မတ်ရပ်ကိုယ်တော်အားလှူသော ကွမ်းသီးတည်သည့်ကျွန် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၈[၁၇]

(င) ဖုန်းရှိ။ ။ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၀ ခုတွင် ကျောင်းကိုလှူသည့် ကျွန်တယောက်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၁၁]

(င) ဖုန်းရှိ။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၀ ခုတွင် ဘုရားကို လှူသည့်ကျွန်တယောက် ဖြစ်သည်။ ၎င်းမှာ ပတ်သာသည်ဖြစ်၍၊ ငပန်းတူ၊ ငတန်ခူး၊ ငတပါးအမည်ရှိ ညီ ၃ ယောက်ရှိ၏။[၁]

၁။ ပုံ ၂၂၆[၂၁]

www.burmeseclassic.com

www.burmeseclassic.com



ဖုမ္မပိုလ်။ ။မြေထိန်း။ စည်သူမင်းကြီးသည်သက္ကရာဇ် ၅၅၀ပြည့်နှစ်တွင်နတ်ထမင်းရသောသခင် ထံပါးဘုရားအား ဒီပဲယင်းအရပ်ရှိ မြေ ၅၀၀နှင့် မြေထိန်းဖုမ္မပိုလ်တို့ကို လှူတော်မူ၏။°

၁။ ပု° ၂၂၈ ခ°

(င) ဖြစ်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသောကျွန် တယောက်ဖြစ်၍ ၎င်း၌ ငမုရာအမည်ရှိသော သားတယောက်ရှိ၏။°

၁။ ပု° ၂၂၄°

(င) ဖွား။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းမှာ ငကောင်ယန်သားဖြစ်၍ ညီငယ်မှာ ငကြောင်ဖြစ်၏။°

၁။ ပု° ၂၂၆°°

(အို) ဖွား။ ။ဘုရားကျွန်။ သူကြွယ်ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၃၁ ခုတွင် ကူဘုရား ပြုလုပ်၍ ၎င်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။°

၁။ ပု° ၂၂၅°

[ ဗ ]

ဗညားဒေါက။ ။မိဖုရားရှင်စောပု။ ဗညားဒေါက အမည်ရှိသော ဟံသာဝတီပြည့်ရှင် မိဖုရား ရှင်စောပုသည် ဝင်ပြိုမြို့ကို တည်ထောင်ပြုစုခဲ့၏။°

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ဗာရာဏအင်း။ ။ဟံဘာဝတီမြို့နယ်တွင်ရှိသည်။°

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ဗိုင်းဒါမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ထိုမြို့ကို ရာဇာဓိရာဇ်မင်းလက်ထက် တည်ထောင် ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ဗုဒ္ဓလင်္ကာရေ ညာဏရံသီ။ ။ရဟန်းသင်္ကေသ။ ကျစွာမင်းကြီး သက္ကရာဇ် ၆၀၇ ခုနှစ်တွင် ကောင်းစင်မဟာသမန်နှင့် မနော်ရာဇာတို့အား (စာသင်ဂူ)ဘုရားဝတ်မိုးဝတ်မြေများကို

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးစေရာ၌၊ ဗုဒ္ဓလက်ခံရေ ညာဏရံသီက လက္ခဏာလက်ငံဘုရားကို မြေ ၂၀၀ လျှုသည်မှာ ဟုတ်မှန်ကြောင်းကျိန်ဆိုသည်။

၁။ ပုံ ၂၃၁ ခ

ဗန့်ကျီတိုက်။ ။ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် ဗန့်ကျီတိုက်ကို မက္ခရာ မင်းသားဝန်၊ အကြီးစာရေးတို့စီရင်ကြသည်။ရင်းစီရင်စုတွင် တရားမြို့ပါဝင်သည်။

၁။ လဗစ ၃

ဗာဟုဂုတ္တ။ ။နန္ဒဗာဟု။အလောင်းတရားကြီးသည် ရန်ကုန်မြို့၌ စံနေစဉ် သက္ကရာဇ် ၁၁၁၉ခု ဝါဆိုလဆန်း ၅ ရက်နေ့တွင် နန္ဒဗာဟုကို ဗာဟုဂုတ္တအမည် သနားတော်မူသည်။

၁။ ကဘဆ ၁။ ၂၆၄

[ ဘ ]

ဘမယာစား။ ။ သုဝဏ္ဏဂန္ဓါ။ ဘမယာစား သုဝဏ္ဏဂန္ဓါသည် ဗဒုံမင်း၏ ကိုယ်လုပ်တော် တယောက်ဖြစ်၏။

၁။ ပဇပ် ၂၇၆

ဘယကာမဏိ။ ။မင်းရွှာဗိုလ်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၈ ခု သတင်းကျွတ်လတွင် တပ်တော်များကို ကမာပီသို့ ကြည်းကြောင်းချီစေရာ၌၊ မင်းရွှာဗိုလ် ဘယကာမဏိသည် တပ်မှူးတယောက်အဖြစ်ပါဝင်သည်။

၁။ ကဘဆ ၁။ ၁၉၄

ဘယကျော်ထင်။ ။ တပ်မှူး။ ဘယကျော်ထင်သည် အလောင်းမင်းတရားကြီး၏ တပ်မှူး တယောက်ဖြစ်၏။

၁။ ကဘဆ ၁။ ၉၅

ဘယကျော်ထင်။ ။ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် နှာခံစမြောင်မှူး အဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လဗစ ၉။ ၁၀။ ၁၂

www.burmeseclassic.com

www.burmeseclassic.com



ဘယကျော်သူ။ ။ပဒေသရာဇာ။ ကြာသပတေးမင်း (ဝါ) မဟာဓမ္မရာဇာဓိပတိသည် နောင်ဝန်ကြီးပဒေသရာဇာဖြစ်မည့်သူကို ရှေးဦးစွာ ဘယကျော်သူဘွဲ့နှင့် အတွင်းဝန်ခန့်သည်။°

၁။ မသဂ ၄၅။ ၁၄၅

ဘယဇေယျ။ ။သွေးသောက်ကြီး။ မဟာဓမ္မရာဇာဓိပတိသည် သက္ကရာဇ် ၁၁၀၉ ခုနှစ်တွင် ဘယဇေယျကို သွေးသောက်ကြီးခန့်သည်။°

၁။ လကဗဟ ၂၉ဂ

ဘယဒေဝ။ ။စာရေးကြီး။ ဗဒုံမင်းသည် ဘယဒေဝကို နန္ဒမိတ်ကျော်ထင်၊ ရဋ္ဌမိတ်၊ ငပွိုင်းတို့နှင့်အတူ စာရေးကြီးခန့်တော်မူသည်။°

၁။ မသဂ ၄၅။ ၁၄ဂ

ဘယရန္တသူ။ ။ရင်းတော်ရွာခေါင်း။ အလောင်းမင်းတရားကြီးသည် ၄၆ ရပ်ခေါင်းများကို ဘွဲ့အမည်များ ချီးမြှင့်ရာ၌၊ ရင်းတော်ရွာခေါင်းအား ဘယရန္တသူအမည် သနားတော်မူသည်။°

၁။ ကဘဆ ၁။ ၃၃

ဘယသေန။ ။ဗာဟုဂုတ္တ။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၉ ခု၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့တွင် ဗာဟုဂုတ္တကို ဘယသေနအမည် သနားတော်မူသည်။°

၁။ ကဘဆ ၁။ ၂၆၆

ထို့နောက် သက္ကရာဇ် ၁၁၂၀ ပြည့်နယုန်လဆန်း ၁၀ ရက် အင်္ဂါနေ့တွင်ဘယသေနအား ထားဆင်အိမ်ဆင်စွယ် ဆောက် ခွေးမ ခွေးငယ် နောက်ပိတ်။ ရွှေတဘက် ၇ တန်၊ ဆင်စွယ်ယပ်အရိုး ဆင်စွယ်အရွက် ထု မြောက်ဇာပေါက် အနားရွှေကွပ် သနားတော်မူ၍ ဆောင်လုပ်စေသည်။°

၁။ အလမအ ၂၂၅

ဘားကူးချောင်း။ ။မအူမြို့နယ်။ ဘားကူးချောင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် မအူမြို့နယ် အရှေ့တောင် နယ်မြေအခြား ပကိုးမြစ်တဖက်တွင် ရှိ၏။°

၁။ မသဂ ၆။ ၂၂၂

www.burmeseclassic.com

www.burmeseclassic.com



( င ) ဘီလူး။ ။တရာနိုင်ငံရွာသူကြီး။စနေသား ငဘီလူးသည် ထူရှင်းတိုင်မြို့အဝင် တရာနိုင်ငံရွာသူကြီးဖြစ်၍၊၁၁၆၄ ခုနှစ် စစ်တန်းရေးစစ်ချိန်တွင် အသက် ၃၀ ရှိ၏။ ၎င်း၏ မျိုးရိုးမှာ ဘိုး ငသာနိုး၊ ဘေး ငအောင်၊ ဘိုး ငချော၊ ဘ ငစံဝင်း၊ သား ငဘီလူး ဖြစ်ပေသည်။[၁]

၁။ တရာနိုင်ငံရွာစစ်တန်း ၆၇

( င ) ဘောသင်။ ။လောင်းသည်ရွာ ကလန်သံပျင်တဦး။ ငဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅-ခုနှစ်တွင် မြေရောင်းရာ၌ သက်သေအဖြစ်ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၁]

ဘုမ္မသိဒ်ါ။ ။လောင်းသည်ရွာ ကလန်သံပျင်တဦး။ ငဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေရောင်းရာ၌၎င်း၊ သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင် ပေသင် မိသားစု မြေရောင်းရာ၌၎င်း၊ သက်သေအဖြစ် ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၁၊၂၀]

ဘုမ္မိမုဋ္ဌေဘုရား။ ။ဟံသာဝတီမြို့နယ်။ ထိုဘုရားသည်ဟံသာဝတီ ၃၂ မြို့မြောက်နယ်မြေအဆုံး၊ ဖြူးချောင်း ဇေယ်ဝတီကုန်း တောင်ငူမြို့နယ် မြေစပ်တွင်တည်ရှိ၏။[၁]

၁။ ဟံသာဝတီစစ်တန်း ၆၄ ၃

[ မ ]

မစယ်။ ။အရပ်အမည်။ဇေတဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် မစယ်အရပ် လယ် ၁၀၀ ကိုပုဂံမြို့ရှိ တောကျောင်းနှင့်ဘုရားအားလှူ၏။[၁]

၁။ ပုံ ၂၂၆[၁]

( င ) မတင်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသည့် ကျွန်တယောက်ဖြစ်၍ ၎င်းအဖမှာ လေက်စွဲဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၁၆]

မဟာကသပအရပ်။ ။ထိုအရပ်၌ အစောကြွမ်းမင်းသမီး ကျောင်းတိုက်ကြီး ပြုလုပ်ခဲ့၏။[၁]

၁။ ပုံ ၂၂၄[၁၂]

မဟာစည်သူ။ ။ဦးမှေး ရှု။

www.burmeseclassic.com

www.burmeseclassic.com



မဟာဇေယျသူရ။ ။ကနောင်မြို့စား ရှု။

မဟာဒါန်တိုက်။ ။ယခုကျောက်ဆည် ခရိုင်အတွင်း ရှိခဲ့ဟန်တူသည်။ ၎င်း စီရင်နက်တွင် ရွှေယင်းမာပါဝင်သည်။ ရွှေယင်းမာတွင် မဲနေဘွာ ပါဝင်သည်။°

၁။ လဗစ ၈

မဟာပိန္နဲဘုရား။ ။ရွာလင်းရွာ။အနော်ရထာမင်းစောသည် သထုံမှရရှိသော ဆံတော်ရှင်ဓါတ်ကို မဟာပိန္နဲဘုရားတွင် ဌာပနာ၍တည်ထားသည်။ ထိုဘုရားကို ဝတ်မိုးဝတ်မြေလှူသည် ကားစစ်သား ၄ရွာနှင့်တကွဆပ်သွားကြီးလယ်ပယ် ၄၀စသည်တို့ဖြစ်၏။အလောင်းစည်သူမင်းကြီးလည်း ထိုဘုရားကို တောင်ပုရွာနှင့် အခြား မြေများလှူခဲ့၏။ နရပတိစည်သူမင်းကြီးကမူ မဟာပိန္နဲဘုရားကို ရွှေလုံးတော်ပြည့် ထည့်တော်မူ၍၊ အထက်လှူခဲ့သည့် ကျွန်များ ကျောက်အုတ်အင်္ဂတေလုပ်စိမ့်သောငှာ တိုင်ကားစသည်တို့ကို လွတ်ငြိမ်းစေ၏။ ဗဒုံမင်းသည် အဆက်ဆက်သော မင်းတို့ လှူဒါန်းခဲ့သည့် အတိုင်း သက္ကရာဇ် ၁၁၄၇ ခုတွင် ထပ်ဆင့်၍ လှူဒါန်းပြန်သည်။°

၁။ စာရင်း ၁၆

မဟာမင်းခေါင်။ ။ဝန်ကြီး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၄ ခုနှစ်တွင် ဝန်ရှင်တော်မင်းကြီးအဖြစ် ထမ်းရွက်လျက်ရှိသည်။°

၁။ လဗစ ၂

မဟာသမန်။ ။မြို့သူကြီး။စလေမြို့တွင် မြို့သူကြီး ၂ ရိုးရှိရာ တရိုးမှာ မဟာသမန်ဖြစ်၍၊တရိုးမှာ ပုညသမန်ဖြစ်၏။ မဟာသမန်သည် သက္ကရာဇ် ၁၁၆၄ ခုနှစ်တွင် စစ်တန်းစာရင်းထွက်ဆိုခဲ့၍ ၎င်းသားမှာ ငစံမင်းဖြစ်၏။°

၁။ လဗစ ၉

မဟာသေနာပတိ။ ။မင်းကျော်ပျံချီ ရှု။

မတာသေနာပတိ။ ။နေမျိုးဇေယပတေ့ ရှု။

မဟာဥတ္တမသင်္ကြံ။ ။ မောင်ကုလား။ ဗဒုံမင်း လက်ထက်တွင် မောင်ကုလားအား မဟာဥတ္တမသင်္ကြံအမည်နှင့် အနောက်ဝင်မှူးအရာကို ချီးမြှင့်တော်မူ၏။°

၁။ မသပ ၄၅။ ၁၄၉

www.burmeseclassic.com

www.burmeseclassic.com



(င) ပုရာ။ ။ကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုနှစ်တွင် လှူသည့် ကျွန်တယောက် ဖြစ်သည်။ ၎င်းမှာ ငဖြစ်၏လှာဖြစ်၏။[၁]

၁။ ပုံ ၂၂၇

မေဃဝတီမြို့။ ။မာန်အောင်ကျွန်း။ ဗဒုံမင်းလက်ထက်တွင် မေဃာဝတီမြို့ကျေး အဝင်အပါ ရွာများမှာ တောတူရွာ၊ ဇလပ်ပြင်ရွာ၊ ကျေးညိုရွာ၊ တောင်ရွာ မင်းပြင်ရွာ၊ မင်းရပ်ရွာ၊ ကြက်ရိုးရွာ၊သစ်ပုံရွာ၊မင်းဆိပ်ပြင်ရွာစသည်တို့ဖြစ်၏။သက္ကရာဇ် ၁၁၆၇ ခုတွင် မေဃာဝတီ မြို့သူကြီးအဖြစ် ထမ်းရွက်နေသူမှာ ငပေသီးဖြစ်သည်။[၁]

၁။ . လဖစ ၁

မေရဥ္စာယမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။မေရဉ္စယမြို့ကို ဗညားဦးလက်ထက်တွင် တည်ထောင် ပြုစုသည်။ ၎င်းနောက် ကာလကြာမြင့်စွာ တောကြီးမြက်ရှည်ဖြစ်နေသဖြင့် သက္ကရာဇ် ၁၁၄၅ ခုတွင် စစ်တန်းစာရင်းဆက်သွင်းရာ မပါဝင်ချေ။ ထို့နောက် အခွန်ဝန် အခွန် စာရေးတို့က ချေမ်းဆိုသူအား အခွန်တော်ဆက် ကရင်ဇယိန်တို့ကို အုပ်ထိန်း၍ စည်ပင် ဖြစ်ပွါးအောင် ပြုစုသိမ်းသွင်းစေသည်။

မေရဉ္စမြို့ နယ်မြေအပိုင်းအခြားသည်အရှေ့ကို ကျိုက်ဒေစည်ဘုရား စစ်တောင်းမြစ်ထိ။ တဖက် ဘန်မြို့မြေနှင့် ကျောခိုင်း။အရှေ့တောင်ကို စစ်တောင်းမြစ်ထိ တဖက် စစ်တောင်မြို့ မြေ၊ဟံသာဝတီမြို့မမြေနှင့် ကျောခိုင်း။ တောင်ကို ကျိုက်ဒေစံဘုရား မိုးနတ်ထိ၊ တဖက် ဟံသာဝတီမြို့မြေ အပိုင်းရွာမြေနှင့် ကျောခိုင်း၊ အနောက်တောင်ကို နောင်အင်းဘုရား အထိ တဖက်ထန်းတောကြီးမြို့မြေနှင့် ကျောခိုင်း။အနောက်ကို ဇရွှဲအင်းက ပွတ်ထိ တဖက် ထန်းတောကြီးမြို့မြေနှင့် ကျောခိုင်း၊ အနောက်မြောက်ကို ဗိုင်းတာမြို့မြေနှင့် ကျောခိုင်း၊ မြောက်ကို ကျိုက်ဒတ်လက္ကန်းမနော အထိ တဖက် ဘန်မြို့မြေနှင့် ကျောခိုင်းဖြစ်၏။

၎င်းနယ်မြေအတွင်း ဘုရားကျောင်းဝတ်မြေ ကျောက်စာသမိုင်း မရှိချေ။

မရဥ္စာယမြို့နယ်ရှိ မိုးယွန်းကြီးအင်း၊ မိုးယွင်းငယ်အင်း၊ ကတုတ်ချောင်းအင်း၊ ဇွဲကတိုအင်း၊ အဘာထိအင်းတို့မှ အင်းလုပ်အားတို့တကိုယ်လျှင် အခွန်ငွေ ၅ ိဆက်သွင်းရမြဲ ဖြစ်၏။

လယ်လုပ်သားတို့မှာ လယ်ကျွဲတရှဉ်းလုပ်ကို စပါးတင်း ၅၀ စီ ဟံသာဝတီမြို့ဝန်၊ ရေဝန်၊ အခွန်ဝန်စသည်တို့ ဆင့်ဆိုရာနာခံ၍ ဟံသာဝတီမြို့ ကျီတော်မှာ ဆက်သွင်းရ၏။

သက္ကရာဇ် ၁၁၆၄ ခုတွင် စစ်တန်းစာရင်းဆက်သွင်းသည့် မေရဥ္စာယ မြို့သူကြီးမှာ အသက် ၃၅နှစ်ရှိသူ တနလ်ာသား ချေမ်းဖြစ်၏။[၁]

၁။ မသဂ ၈။ ၅၂

www.burmeseclassic.com

www.burmeseclassic.com



မယ်ဇလီစား။ ။တံဆိပ်ဝန်။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၈ ခုတွင် တံဆိပ်ဝန်အဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လဖစ ၈

မဲနေ့ရွာ။ ။မဟာဒါန်တိုက် ရွှေယင်းမာအဝင်။ မဲနေ့ရွာသူကြီးမြေတ်ပေးသည် သက္ကရာဇ် ၁၁၆၇ ခုနှစ်တွင် သူကြီးတကာနည်း မိုးနဲ့မကြောင်းချီတပ်တော်မှာ လိုက်ပါထမ်းရင်း သေဆုံး၏။ မြေတ်ပေးသေလျှင် ငမြေတ်ပေးနှမ မိပျိုဉလင် ငခွေးက မဲနေ့ရွာကို လုယူကြီးစိုးသည်။ ထိုအခါ မြေတ်ပေးမယား မိလုံးက ငခွေးကြောင့် အရာခံသား ငရွှေယောက် မကြီးစိုးရကြောင်း လွှတ်တော်တွင် လျှောက်ထားလေရာ လွှတ်တော်မှ ငရွှေယောက်ကို သက္ကရာဇ် ၁၁၆၈ ခုတွင် မဲနေ့ရွာမြေတိုင်သူကြီး ခန့်ထားလိုက်၏။

၁။ လဖစ ၈။

မိုးကောင်းမြို့စား။ ။ဦးစံသာ ရှု။

မိုးစိုရွာ။ ။ပခုက္ကူခရိုင်။ ကန့်ကောရွာကျေးလက် ရွာတရွာဖြစ်သည်။

၁။ ရဟ၊ အမတ ၆၉

မိုးစည်ကျွန်း။ ။ညောဝတီမြို့ကျေးအဝင်အပါ ကျွန်းတကျွန်းဖြစ်သည်။

၁။ လဖစ ၁၀

မက္ခရာမင်းသား။ ။သီရိမဟာဓမ္မရာဇာ။ မင်းတုန်းမင်းတရား၏ သားတော်ကြီးတပါးဖြစ်၏။ မက္ခရာမင်းသား၏ သားတော်သမီးတော်တို့ကား မန္တလေးမြို့ ငွေတိုက်ဝန်ထောက်မင်း ကျုံးသရေဆောင် ရွှေစလွယ်ရမင်း ထိတ်တင်နှင့် သိန္နီထိပ်တင်မလေးတို့ဖြစ်၏။

၁။ ဗောဓိကုန်းဂူ ၂၈၊ ၃၉

(အို) မောက်။ ။ကျောင်းကျွန်။ ဇေယဝဍ္ဎနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ကျောင်းကို လှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းမှာ အိုခင်သမီးဖြစ်သည်။

၁။ ပုံ ၂၂၆

မင်္ဂလာမဟေ။ ။ကိုယ်လုပ်တော်။ မင်္ဂလာမဟေသည် ဗဒုံမင်းကိုယ်လုပ်တော်ဖြစ်၍၊ မင်းရဲ သိင်္ခါခံ ကျောက်ပန်းတောင်းမြို့စား မောင်ကျောက်ခဲ၏ မယ်တော်ဖြစ်၏။

၁။ ပဇပ် ၂၃၂

www.burmeseclassic.com

www.burmeseclassic.com



(င) မင်းကောင်း။ ။ရတနာ ၃ ပါးကျွန်။ မင်းမယားစချီဗိုလ် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် ရတနာ ၃ ပါးကိုလှူသော ကျွန်တယောက်ဖြစ်၏။ မင်းကောင်း၏ သား ၂ယောက်ကိုလည်း ၎င်းနှင့်အတူတပါတည်းလှူ၏။

၁။ ပုံ ၂၃၂ ၇၊ ၁၁

မင်းကျော်ပျံချီ။ ။မြင်းရည်တက်စာရင်းဝင်။ အလောင်းမင်းတရားကြီး သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် မြင်းရည်ဟက် ၆၈ ယောက် ဖွဲ့စည်းရာ၌၊ ကောင်းလည်း ပါဝင်၏။ အလောင်းမင်းတရားကြီးဘွဲ့ဦးများ ချီးမြှင့်ရာတွင် ကောင်းကို မင်းကျော်ပျံချီဘွဲ့ သနားတော်မူသည်။ ၎င်းနောက် သေနတ်ဝန်၊ မင်းလှမင်းခေါင်၊ မင်းလှမင်းခေါင်ကျော်၊ မဟာသေနာပတိ၊ အဂ္ဂမဟာသေနာပတိဟူသော ဘွဲ့များကို အဆင့်ဆင့် ရရှိခဲ့ပေသည်။ ၎င်းသည် သက္ကရာဇ် ၁၁၁၈ ခု ဝါဆိုလပြည့်ကျော် ၃ ရက်နေ့ သန်လျင်တိုက်ပွဲတွင် ပြောင်းသင့်၍ အနိစ္စရောက်သည်။ ၎င်းကား အလုံမြို့စိုးရင်စု သာစည်ရွာဇာတိဖြစ်၏။ စစ်သူကြီးအင်္ဂနှင့်လည်း ပြည့်စုံသည်။

၁။ ကဘဆ ၁ ၂၉။ မသက ၄၅။ ၁၄၇။ မြန်မာမင်း ၁။ ခန်း ၁၁၆

မင်းကြီးဧယျသူ။ ။ကသည်းဝန်။ ၎င်းသမီး မြတ်စွာဝတီသည် ဗဒုံမင်း၏ ကသာမိဖုရားဖြစ်သည်။

၁။ မသက ၄၅၊ ၁၄၈

မင်းကြီးမဟာစည်သူ။ ။ဦးမှေး ရှု။

မင်းကြီးမဟာမင်းလှနော်ရထာ။ ။ယင်းခဲမြို့စား ငယ်မည်မောင်ကောက်။ ပုဂံမင်းလက်ထက်တွင် ဦးကောက်အား အတွင်းဝန်ခန့်သည်။

၁။ မသက ၄၅။ ၁၆၁

မင်းကြီးမဟာမင်းလှရာဇာ။ ။မောင်ကာ။ သရက်မြို့သူကြီးသား ဖြစ်သည်။ မင်းတုန်းမင်းတရားလက်ထက်တွင် အတွင်းဝန် ဝက်မစွက်မြို့စားခန့်သည်။ ၎င်းနောက် မင်းကြီးမဟာမင်းလှရာဇာဘွဲ့ပေး၍ ဇင်းမယ်ဝန်ခန့်ပြန်သည်။

၁။ မသက ၄၅။ ၁၅၈

မင်းကြီးမဟာသီဟသူ။ ။ကျီဝန်။ စကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၉၅ ခုနှစ်တွင် အတွင်းဝန် ကျီဝန်အဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ ဝန်သို ၃၄

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးမင်းကျော်ထင်။ ။ဦးကုလား။ ဒီပဲယင်းမင်းလက်ထက်တွင် မင်းကြီးမင်းကျော်ထင်ဘွဲ့နှင့် ဝန်ကြီးခန့်သည်။ စိုင်နံ့ရွာကို စားကျေးပေးသဖြင့် စိုင်နံ့ဝန်ကြီးတွင်၏။

၁။ မသဂ ၄၅။ ၁၄၆

မင်းချစ်စု။ ။သီရိမုတ္တဝတီ ရှု။

မင်းဆိပ်ပြင်ရွာ။ ။မေဃဝတီမြို့စီရင်စု။ သက္ကရာဇ် ၁၁၂၈ ခုတွင် မင်းဆိပ်ပြင်ရွာသူကြီးမှာ ငစံထွန်းအောင်ဖြစ်သည်။

၁။ လဗစ ၁

မင်းပြင်ရွာ။ ။မေဃဝတီမြို့စီရင်စု။ သက္ကရာဇ် ၁၁၆၈ခုနှစ်တွင် မင်းပြင်ရွာသူကြီးမှာ ငလှတော်ဖြစ်သည်။

၁။ လဗစ ၁

မင်းရာဇာ။ ။ဝန်ကြီး။ ဦးအုပ်ကို ဗဒုံမင်းလက်ထက်တွင်၊ နေမျိုးဇေယျကျော်စွာဘွဲ့နှင့် အိမ်ရှေ့အတွင်းဝန်ခန့်သည်။ နောက် စကိုင်းမင်းနန်းတက်သောအခါ မင်းရာဇာဘွဲ့နှင့် အတွင်းဝန်ခန့်၍ ကောလင်းမြို့ကို စားစေသည်။ နောက် ဝန်ကြီးခန့်သည်။ ဝန်ကြီးအရာနှင့်ပင် သက္ကရာဇ် ၁၁၇၇ ခုနှစ်တွင်၊ နာ၍လွန်သည်။

၁။ မသဂ ၄၅။ ၁၅၄

မင်းရဲကောင်းပုံ။ ။သံအရာရှိ။ မင်းရဲကောင်းပုံနှင့် ကလန်ပွားမြင်းစီး သိခ်နရာတို့ကို သက္ကရာဇ် ၁၁၁၇ ခုနှစ် နယုန်လတွင် အင်္ဂလိပ်မင်းတရားကြီး ဟိုင်းကြီးကျွန်းသို့ သွားရောက်စေသည်။

၁။ ကဘဆ ၁။ ၁၄၇

မင်းရဲဇေယျကျော်။ ။မြို့ဝန်။ ကျောက်ဆည်ဝန်ဦးကံကို စကိုင်းမင်းလက်ထက်တွင် မင်းရဲဇေယျကျော်ဘွဲ့နှင့်မြို့ဝန်ခန့်သည်။

၁။ မသဂ ၄၅။ ၁၅၆

မင်းရဲမင်းလှ။ ။ဗဒုံမင်းနှင့် ကိုယ်လုပ်တော်ရှင်ညွန့်တို့၏သားတော်။ ၎င်းသည် ခမည်းတော်ဗဒုံမင်းနှင့် တရုပ်မြော်မိဖုရားတို့၏သမီးတော်သီရိမုတ္တဝတီနှင့်သင့်သည်။ မင်းတုန်းမင်းတရားသည် မင်းရဲမင်းလှအား မင်းလှမင်းထင် ဘွဲ့ချီးမြှင့်၏။

၁။ ပဇပ ၂၆၇၊ ၂၇၄

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲရွှေတောင်။ ။ကလာမင်းသား ရှ။

ပင်းရဲသိင်္ခ။ ။ကျောက်ပန်းတောင်းမြို့စား။ ဗဒုံမင်းနှင့်မင်္ဂလာမဟေတို့၏ သားတော်ဖြစ်၍ ယဉ်မည် မောင်ကျောက်ခဲဖြစ်သည်။ သီရိသာမာဝတီနှင့်သင့်၏။ ¹

၁။ ပဇပ် ၂၇၂

မင်းရဲလှမြို့။ ။ဟံသာဝတီမြို့ ၃၂ မြို့အဝင်။ မင်းရဲလှမြို့ကို ဟံသာဝတီပြည့်ရှင် ဗညားဦး လက်ထက် တည်ထောင်ပြုစုသည်။ မင်းရဲလှမြို့ နယ်မြေအပိုင်းအခြားမှာ အရှေ့ကို ပေါင်လောင်မြစ်အခြား တဖက် သံဆိပ်ရွာမြေနှင့်အစပ်၊ အရှေ့တောင်ကို ဆဲ့လှဲ့မတောင် တဖက်ရွှေကျင်မြေနှင့်ကျောခိုင်း၊ တောင်ကို ပွန်တစာတီတဖက် ကောလိယမြေနှင့်အစပ်၊ အနောက်တောင်ကို သရက်ကိုင်း ကြိုးကံတားပြတ်အထိ တဖက် ဟံသာဝတီမြေနှင့်အစပ်၊ အနောက်တောင်ကို မင်းကန်ရိုးထိ တဖက် တုံခန်မြေနှင့်အစ၊ အနောက်မြောက်ကို ရေနဲချောင်းထိ၊ တုံခန်းမြေနှင့်အစပ်၊ မြောက်ကို သဲဖြူချောင်းထိ တဖက် ကျောက်စရစ်မြို့ မြေနှင့်အစပ်၊ အရှေ့မြောက်ကို အင်းကြီးဝထိ တဖက် ကျောက်စရစ်မြို့မြေနှင့်အစပ်ထိ ဖြစ်၏။ ထိုနယ်မြေအတွင်း လယ်လုပ်သားတို့မှာ ကျဲတရှဉ်းလုပ်ကို ခွန်မစပါး ၁၀ တင်း၊ ကြွက်စား ၁ တင်း၊ ဝန်စာ ၁ တင်း၊ ကျီစိုးစား ၁ တင်း၊ ကျီစာရေး ၁ ခွဲ ပေးဆောင်ရ၏။ အင်းလုပ်သားတို့မှာ တကိုယ်လျှင် ခွန်မငွေရွက်နီ ၂ိ၊ ဝန်စား ၂ိ ပျ၊ တိုက်စိုး ၃ မူး၊ စာရေး ၃ မူးပေးဆောင်ရ၏။ ကိုင်းလုပ်သားတို့မှာ ထားမတစင်းလျှင် အခွန်ငွေ ၂ မတ်၊ ထမ်းဆောင်ရ၏။

သက္ကရာဇ် ၁၁၄၇ ခုတွင်၊ မင်းရဲလှမြို့သူကြီးမှာ သူရိန်ကျော်သူဖြစ်၏။ နောင်တွင် ၎င်းသား ငရွှေအုပ်က မြို့သူကြီးမပြုလုပ်လိုသဖြင့် ဟံသာဝတီမြို့သူကြီး၊ မြို့စာရေးတို့ရှေ့ တွင် မြို့သူကြီးအရာကို ဒေအိပ်ပန်အား စာချုပ်စာတန်းနှင့် လွှဲအပ်သည်။ ထို့ကြောင့် သက္ကရာဇ် ၁၁၆၄ ခုစစ်တန်းစာရင်း ဆက်သွင်းသူမှာ အသက် ၃၅ နှစ်အရွယ် တနင်္ဂနွေသား ဒေအိပ်ပန်ဖြစ်၏။ ¹

၁။ မင်းရဲလှမြို့စစ်တန်း ၆၄ ခု

မင်းရပ်ရွာ။ ။မေဃဝတီမြို့ကျေး။ သက္ကရာဇ် ၁၁၆၀ ခုတွင် ထိုရွာသူကြီးမှာ ငအောင်စံရီ ဖြစ်သည်။ ¹

၁။ လဖစ ၁

မင်းလှကျော်စွာ။ ။ငယ်မည်မောင်ကူ။ ဗဒုံမင်းသည် မင်းလှကျော်စွာအား အတွင်းဝန် ခန့်တော်မူသည်။ ¹

၁။ မသက ၄၅။ ၁၅၂

www.burmeseclassic.com

www.burmeseclassic.com


မင်းလှမင်းခေါင်။ ။မင်းကျော်ပျံ့ချီ ရှု။

မင်းလှမင်းခေါင်ကျော်။ ။မင်းကျော်ပျံ့ချီ ရှု။

မင်းလှမင်းထင်။ ။မင်းရဲမင်းလှ ရှု။

မောင်မောင်ကြီး။ ။ဝက်မစွက်ဝန်ထောက်သား။ ၎င်းသည် ကောလင်းမြို့စား မန္တလေးရွှေမြို့တော်ဝန် ရွှေလှံဗိုလ်သမီး ခင်ခင်လတ်နှင့်အကြောင်းပါ၍၊ ခင်မောင်ကြီးအမည်ရှိ သားတဦးထွန်းကားသည်။

၁။ မော်ဓိကုန်းဂူ ၁၁။ ၅၅

မိုင်းရှမ်း။ ။သန်လျင်မြစ်တဖက်တွင် ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တမ်း ၆၄ ခု

(င)မည်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင်လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏အကိုမှာ ၁တန်ခူးဖြစ်၍ ညီမှာ သေတင်းဖြစ်သည်။

၁။ ပုံ ၂၂၇

မန်ကျည်း။ ။(မင်ကြည်) အရပ်အမည်။ ဇေယဝတ္တနာသည် သက္ကရာဇ် ၆၂၁ ခုတွင် ထိုအရပ်၌ လယ် ၁၀၀ ကို ပုဂံမြို့ရှိ တောကျောင်းနှင့်ဘုရားအား လှူ၏။

၁။ ပုံ ၂၂၆

မန်းချောင်း။ ။ဟံသာဝတီ ၃၂ မြို့မြေနှင့် သန်လျင်မြို့ နယ်မြေအခြားဖြစ်သည်။

၁။ ဟံသာဝတီမြို့စစ်တမ်း ၆၄ ခု

(အို)မုံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအား လှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏ သမီးမှာ ပျဉ်ခုန်ဖြစ်သည်။

၁။ ပုံ ၂၂၆ ၁၁

(အို)မျိုး။ ။(မိလ္လင်)ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအားလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏သမီးမှာ အိုကြွက်ဖြစ်သည်။

၁။ ပုံ ၂၂၆ ၁၂


www.burmeseclassic.com

www.burmeseclassic.com



မြကျောင်ရိ။ ။သစ်ပုံရွာသူကြီး။ မေဿဝတီမြို့ကျေး သစ်ပုံရွာသူကြီးဖြစ်၍ သက္ကရာဇ် ၁၁၆၄ ခု စစ်တန်း ဆက်သွင်းသူဖြစ်သည်။[၁]

၁။ လဖစ ၁

မြတောင်မင်းကြီး။ ။အတွင်းဝန်။ သာယာဝတီမင်းလက်ထက်တွင် ၎င်းအား အက္ကပတ်မြင်းဝန် ခန့်သည်။ ၎င်းနောက် ပန်းဘဲဝန်၊ ပုဏ္ဏားဝန်၊ ကသည်းမြင်းဝန်၊ ကုမ်းရေခေါင်း၊ အတွင်းဝန်အသီးသီး ခန့်အပ်ခြင်းခံရသည်။ နောင်တွင် မြတောင်မင်းကြီးဖြစ်သည်။[၁]

၁။ မသဂ ၄၅။ ၁၅၉

(အို) မြေပုံ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၅၁ ခုတွင် ကျောင်းကိုလှူသည့် ကျွန်မတယောက်ဖြစ်သည်။ အို မြေပုံသည် ဦးဖွဲ့သည်ဖြစ်၍၊ ၎င်း၏သမီးများမှာ မိဦးနှင့် အိုလတ်တို့ဖြစ်ကြ၏။[၁]

၁။ ပုံ ၂၂၆[၁၈]

မြို့လပ်ဝန်။ ။သီရိဇေယျကျော်ထင် ရှု။

မြောက်ရွှေရေးဆောင်မိဖုရား။ ။ကာမမြို့စား ရှု။

မြို့က်။ ။အရပ်အမည်။ စည်သူမင်းကြီးသည် သက္ကရာဇ် ၅၅၀ ပြည့်တွင် နတ်ထမင်းရသော သခင်ထံပါးအား မြို့က်အရပ်မှ မြေ ၁၀၀ ကို လှူတော်မူ၏။ ထိုမြေကို ထိန်းအုပ်စေရန် ဥတ္တပကြံအားလည်း ကျွန်အဖြစ်လှူတော်မူ၏။[၁]

၁။ ၂၂၈ ခ[၅]

မြင်းခုန်တိုင်။ ။လယ်တွင်း ၁၁ ခရိုင်အဝင်အပါ။ မင်းမယား စချိဗိုလ်သည် သက္ကရာဇ်၆၃၃ခုတွင် မြင်းခုန်တိုင်အဝင် အိုဆေးသစ်ရွာအနောက်၊ ပျင်ရွာအရှေ့တွင်ရှိ မြေ ၂၅ ပယ်နှင့် အိုဆေးငယ်မှ မြေ ၅၀ ကို လှူ၏။ ထိုမြေများကို စချိဗိုလ်သည် ပဒေသာသည့်ထံမှ ရရှိ၏။[၁]

၁။ ပုံ ၂၃၂[၂၁]

(င) မြောင်းဆုံ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင်ဘုရားအားလှူသည့် ကျွန်တယောက်ဖြစ်သည်။ ၎င်းတွင် ငကိုယ်ရံအမည်ရှိ ညီတယောက်ရှိ၏။[၁]

၁။ ပုံ ၂၂၆[၁၆]

www.burmeseclassic.com

www.burmeseclassic.com



(င) မြတ်။ ။ကမန်ကျော်ထင် ရှု။

မြတ်ကျော်။ ။ရွာမြေတိုင်။ ငမြတ်ကျော်သည် သက္ကရာဇ် ၁၁၆၆ ခုတွင် အဖ ငချင်း၏ အရာ ဖြစ်သော ပုခန်းကြီးမြို့ကျေး သဖန်းဖင်ရွာ မြေတိုင်းအရာကို ဆက်ခံတိုင်ဆော်သည်။[၁]

၁။ လဖစ ၂၂

မြတ်စွာဝတီ။ ။ကသာမိဖုရား။ ကသည်းဝန်သမီးဖြစ်၍ ဗဒုံမင်း၏မိဖုရားငယ်တပါးဖြစ်သည်။ ၎င်းတွင် ကသာမင်းသား (၁၁၆၄-၇၀) နှင့် သမီးတော် ငယ်လွန် ၃ ပါး ပေါင်း ၄ ပါး ထွန်းကားသည်။[၁]

၁။ ပဇပ် ၂၇၀

(င) မြတ်ပေး။ ။မဲနေ့ရွာမြေတိုင်။ ငမြတ်ပေးသည် မဟာဒါန်တိုက် ရွှေယင်းမာအဝင် မဲနေ့ရွာမြေတိုင်ဖြစ်သဖြင့် သက္ကရာဇ် ၁၁၆၇ ခုတွင် မြေတိုင်သူကြီး တကာနည်း မိုးနဲ့ကြောင်းစစ်ချီတက်ရာသို့ တပ်တော်တွင် လိုက်ပါထမ်းရွက်ရသည်။ ယင်းတွင်ပင် သေဆုံးသောအခါ သားရွှာစောင့် ငရွှေယောက်သည် အရာခံရမည်ဖြစ်လျက်၊ ငမြတ်ပေးနှမ မိပျိုဥလင် ငချေးသည် မြေတိုင်အရာကိုလုံ၍ တိုင်ဆော်သောကြောင့်၊ ငမြတ်ပေး မယား မိလုံးကလွှတ်တော်တွင်လျှောက်ထားတိုင်တန်း၏။ ထိုအခါတွင်မှ ငရွှေယောက်ကို မြေတိုင်ခန့်လိုက်သည်။[၁]

၁။ လဖစ ၈

(င) မြတ်ရာ။ ။တရားမြို့သူကြီး။ ငမြတ်ရာသည် ဗန္ဓကျီတိုက်အဝင် တရားမြို့၏ ၁၁၄၅ ခု စစ်တမ်းစာရင်းဆက်သွင်းသော မြို့သူကြီးဖြစ်သည်။ ၎င်း၏မြေး ငကျားသည်သက္ကရာဇ် ၁၁၆၈ ခုတွင်မိမိအား မြို့သူကြီးခန့်ပါမည့်အကြောင်း လွှတ်တော်တွင် လျှောက်ထားသဖြင့် မြို့သူကြီးအဖြစ် ခန့်ထားလိုက်၏။[၁]

၁။ လဖစ ၃

(င) မြတ်သာ။ ။နေမျိုးသခ်ယာ။ အလောင်းမင်းတရားကြီး သက္ကရာဇ် ၁၁၁၄ ခုတွင် မြင်းရည်တက် ၆၈ ယောက် ဖွဲ့ရာတွင်ပါဝင်၍ ရွှေဦးစွာ ဇေယျကျော်ဘွဲ့ချီးမြှင့်ခြင်း ခံရသည်။ ၎င်းနောက် ကော်ဓော်ရန္တမိတ်၊ ၎င်းနောက် နေမျိုးသခ်ယာဘွဲ့များကို အဆင့်ဆင့် ချီးမြှင့်ခြင်းခံရ၏။[၁]

၁။ ကဘဆ ၁။ ၃၁

www.burmeseclassic.com

www.burmeseclassic.com



( င ) မြတ်သူ။ ။လွှတ်တော်စာရေး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၉ ခုတွင် မြတ်သူသည် လွှတ်တော်စာရေးအဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လဖစ ၇

( င ) မြတ်သင်။ ။သူကြွယ်။ မြတ်သင်သည် ပုဂံမြို့သမထီးဇရပ်၌၊ ကျောင်းဆောက်လုပ်၍ သက္ကရာဇ် ၆၃၂ ခု နယုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ရတနာ ၃ ပါးအား ရည်စူးလျက် လယ် ၃၅ ပယ်နှင့် ကျွန် ၁၄ ယောက် လှူခဲ့၏။ မြတ်သင်တွင် ဇနီး ၂ ယောက် (အမည်မသိ) ရှိ၏။ ၎င်း၏နှမ အိုကြောင်သင်မှာ နရသီဟပတေ့မင်း၏ မင်းမယား ဖြစ်သည်။[၁]

၁။ ပုံ ၂၂၉ ၁၊၀၁၇

( င ) မွန်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇ ၇

( အို ) မွန်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇ ၀၀

( င ) မွန်ကြီး။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းတွင် လေ့အမည်ရှိ ညီတယောက်ရှိသည်။[၁]

၁။ ပုံ ၂၂၆ ၁၅

( ဦး ) မေး။ ။ကျောက်ဆောက်ဝန်ကြီး။ ယင်းတော်မြို့ဇာတိဖြစ်၍၊ ရှေးဦးစွာ ဝန်ထောက် ဦးကျော်ခိုင်ထံတွင် စာရေးအဖြစ် ထမ်းရွက်သည်။ ၎င်းနောက် အသုံးစာရေး၊၎င်းနောက် စာရေးကြီးအဖြစ် အဆင့်ဆင့် ထမ်းရွက်သည်။ ၎င်းအား ဗဒုံမင်းလက်ထက်တွင် နေမျိုးစည်သူနော်ရထာဘွဲ့နှင့် ဝန်ထောက်ခန့်တော်မူသည်။ ၎င်းနောက် စစ်ကိုင်းမင်း နန်းတက်သောအခါ မဟာစည်သူဘွဲ့နှင့် ဝန်ထောက်ခန့်ပြန်သည်။ သက္ကရာဇ် ၁၁၉၁ ခုတွင် မင်းကြီးမဟာစည်သူဘွဲ့နှင့် ဝန်ကြီးအရာ ချီးမြှင့်ခြင်းခံရ၏။ ကျောက်ဆောက်မြို့လည်း စားရသည်။ သက္ကရာဇ် ၁၁၉၇ ခုတွင် ဝန်ကြီးအဖြစ်နှင့်ပင် သေလွန်သည်။[၁]

၁။ မသဂ ၄၅။ ၁၅၂ ၁၅၅

www.burmeseclassic.com

www.burmeseclassic.com



(င) မိုး။ ။ပုညသမန်သား။ စလေမြို့တွင် ပုညသမန်၊ မဟာသမန်ဟူ၍ မြို့သူကြီး ၂ ရိုး ရှိသည့်အနက် ငမိုးသည်ပုညသမန်သား ဖြစ်၏။ စလေမြို့ ဆက်စုသင့် ဒသမဘာဂ ငွေတော်ကို အပြေဆက်သွင်းနိုင်လျှင် ပုညသမန်သား ငမိုးကို မြို့သူကြီးခန့်ဟူသော အမိန့်တော်နှင့်အညီ၊ ငမိုးသည် ဒသမဘာဂကို အပြေအလည်ဆက်သွင်းခဲ့၏။ ထို့နောက် မြို့သူကြီး မဟာသမန်သား ငစံမင်းတွင်ရှိသည့် တံဆိပ်စာချွန်ကို မိမိအား သနားတော်မူပါမည့်အကြောင်း လွှတ်တော်တွင် လျှောက်ထားသဖြင့် သက္ကရာဇ် ၁၁၆၇ ခု ဝါခေါင်လဆန်း ၁၁ ရက် နေ့ ( ၂၅-၇-၁၈၀၆ ) တွင် လွှတ်တော်မှ မြို့သူကြီးခန့် တံဆိပ်စာချွန် ပေးအပ်စေ အမိန့်တော်ချမှတ်သည်။[၁]

၁။ လဖစ ၉

(မိ) မို။ ။ငစံသူမယား။ ၁၁၆၄ ခု စစ်တန်းစာရင်း ဆက်သွင်းသော ဆင်ကျေးတိုက်အောင်ဆင်တဲရွာပြည်စိုး ငရွှေတုတ်နှင့်မိအိုသမီးဖြစ်၍၊ ၎င်း၏အကိုမှာ ငရွှေနှင့်ငကတို့ဖြစ်ကြ၏။[၁]

၁။ လဖစ ၂၁

(အို) မှန်ဖ။ ။သက်သေ။ ငဖုန်းဆုံသင်လင်မယား သက္ကရာဇ် ၆(၃) ဝပြည့်နှစ်တွင် ဝက်ကူးမြေကို ဝယ်ရာတွင် သက်သေတဦးအဖြစ် ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၂၀]

(အို) မြှ။ ။ဘုရားကျွန်။ သူကြွယ်မြေတ်သင် သက္ကရာဇ် ၆၃၂ ခု တွင် သမထီးကျောင်းအရှေ့ဇက် မတ်ရပ်ကိုယ်တော်အား လှူသော ကျွန်ဖြစ်၏။ ၎င်း၏လင်မှာ ငကဲဖြစ်သည်။[၁]

၁။ ပုံ ၂၂၉[၁၇]

[ ယ ]

(မိ) ယ။ ။ကတုံရွာသူကြီးမ။ ကြာသပတေးသမီး အသက် ၄၅ နှစ်ရွယ် မိယသည် သက္ကရာဇ် ၁၁၄၅ ခုတွင် ကတုံရွာသူကြီးမအဖြစ် ကြီးစိုးစီရင်လျက်ရှိသည်။[၁]

၁။ ကတုံရွာစစ်တန်း ၄၅ ခု

ယပတေ့။ ။မြေရပ်အမည်။ သခင်သုတိသာဂရနှင့် သခင်ဓမ္မဂုရုတို့သည် သက္ကရာဇ် ၆၂၅ ခုတွင် ငဝမ်းဖြည့်သင်ထံမှ အင်းမဖျားရှိ ယပတေ့မည်သော မြေ ၅၀ ကို ခွက် ၁၄၆ ပိဿာနှင့် ဝယ်ယူ၍ မဟာကဿပအရပ် ကြွမ်းသခင်ကျောင်းတိုက်တွင် ကျောင်း ၂ ဆောင် ဆောက်လုပ်ခါ ထိုကျောင်းနေသင်္ဃာတို့အား ယပတေ့မြေကို သင်္ဃာစာလှူဒါန်းကြ၏။[၁]

၁။ ပုံ ၂၂၄[၇၊ ၁၁-၁၄]

www.burmeseclassic.com

www.burmeseclassic.com



ယောချောင်း။ ။ရွာသာမြို့ကျေး။ ယောချောင်းသည်ရွာသာ မြို့ကျေး၏အနောက်နယ်မြေခြား စဉ့်ကူမြို့မြေနှင့်စပ်လျက်ရှိသည်။[၁]

၁။ ရွာသာမြို့စစ်တန်း ၆၄ ခု

ယောစော်ဘွား။ ။ငအောင်မှိုင်း။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၉ ခု ဝါဆိုလဆန်း ၁ ရက်နေ့တွင် ယောငအောင်မှိုင်းကို ယောစော်ဘွားခန့်တော်မူသည်။[၁]

၁။ ကဘဆ ၁။ ၂၂၅

ယောမင်းသမီး။ ။သီရိဥပ္ပလဝတီ။ ယောမင်းသမီးသည် ဗဒုံမင်းနှင့်တောင်ဆောင်တော်မိဖုရား တို့တွင် သက္ကရာဇ် ၁၁၄၁ နှစ်ဖွါး သမီးတော်ဖြစ်၏။ သီရိဥပ္ပလဝတီဘွဲ့ခံ၍ အမိခြား မောင်တော် ပုသိန်မင်းနှင့်သင့်သည်။[၁]

၁။ ပဇပ် ၂၆၃

ယောမြို့စား။ ။နောက်ဝင်းမှူး။ ဗဒုံမင်းသည် နေမျိုးသခ်ယာဘွဲ့ခံ ဦးကျော်မဲ၊ ယောမြို့စား ကို နောက်ဝင်းမှူး ခန့်တော်မူသည်[၁]

၁။ မသက ၄၅။ ၁၅၃

ယောမြို့စား။ ။မဟာမင်းလှမင်းထင်။ မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၂၃ ခု တန်ဆောင် မုန်းလတွင် မဟာမင်းလှမင်းထင်သည် အတွင်းဝန်ယောမြို့စားမင်းရွှေ သံတော်ဆင့် ရွှေပန်းချီအုပ်အဖြစ် ထမ်းရွက်လျက်ရှိသည်။[၁] ယောမြို့စားအတွင်း ဝန် ကတော်သည် အနောက်ကတော်ကြီးတယောက်ဖြစ်၏။[၂]

၁။ ရွှေနန်းသုံး ခန်း ၁၆ ၂။ ရွှေနန်းသုံး ခန်း ၁၅

ယောမြို့စားမင်းကြီး။ ။ဗိုလ်မှူး။ သီပေါမင်းလက်ထက် ရှမ်းပြည်တွင် အနိစ္စရောက်သော ဗိုလ်မှူးယောမြို့စားမင်းကြီးသည် ရုံးဆော်အဖြစ်ဖြင့်စ၍ အမှုထမ်းရာမှ ကံဥာဏ်ဝီရိယ အလျောက် အဆင့်ဆင့်ချီးမြှင့်ခြင်းခံခဲ့ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၂

ယင်းခဲမင်းသမီး။ ။ရတနာမလ္လာ။ ယင်းခဲမင်းသမီးသည် ဗဒုံမင်းနှင့်ကိုယ်လုပ်တော် သိင်္ဂါ မင်္ဂလာတွင်မြင်သည့် သမီးတော် ရတနာမလ္လာဖြစ်၍ အမိခြားမောင်တော် တောင်သာ မင်းသားနှင့် သင့်သည်။[၁]

၁။ ပဇပ် ၂၇၄

www.burmeseclassic.com

www.burmeseclassic.com



ယင်းခဲမြို့စား။ ။ဦးကောက်။ ၎င်းအား ပုဂံမင်းလက်ထက်တွင် မင်းကြီးမဟာမင်းလှနော်ရထာ အမည်နှင့် အတွင်းဝန်ခန့်သည်။°

၁။ မသဂ ၄၅။ ၁၆၁

ယင်းတော်မိဖုရား။ ။ဗဒုံမင်းမိဖုရား။ မရွှေမြသည် သက္ကရာဇ် ၁၁၁၆ ခုတွင် ဖွါးမြင်တော်မူသော အလောင်းမင်းတရားကြီး သမီးတော်တပါးဖြစ်၍ ဗဒုံမင်း၏ ယင်းတော်မိဖုရားဖြစ်၏။ ၎င်း၌ ငယ်ကလွန်သားတော် သုံးပါးဖွါးမြင်သည်။°

၁။ ပဇပ ၂၆၂

ယင်းတော်မြို့စား။ ။သက်ရှည်ကျော်ထင်။ သီရိဇေယျသင်္ခယာသည် မင်းရဲကျော်ထင် လက်ထက်တွင် အဝေးကျိဝန်၊ နောက် ယင်းတော်မြို့စားခန့်အပ်ခြင်းခံရသည်။ နောက် တနင်္ဂနွေမင်းလက်ထက်တွင် သက်ရှည်ကျော်ထင်ဘွဲ့နှင့် ကင်းဝန်အဖြစ် ထမ်းရွက်ရသည်။°

၁။ မသဂ ၄၅။ ၁၄၃

ယင်းဘာရွာခေါင်း။ ။တုရင်စက္က။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် ၄၆ ရပ်ခေါင်းတို့ကို ဘွဲ့အမည်အရည်များ ချီးမြှင့်ရာ၌ ယင်းဘာရွာခေါင်းကို တုရင်စက္ကဘွဲ့ သနားတော်မူသည်။°

၁။ ကဘဆ ၁။ ၃၄

ယင်းမာကန်မိုလ်။ ။မင်းလှမင်းကျော်စွာ။ ယင်းမာကန်မိုလ် မင်းလှမင်းကျော်စွာသည် သက္ကရာဇ် ၁၁၁၆ ခုတွင် ဟံသာဝတီတပ်များနှင့်တိုက်ခိုက်ရာ၌ တလုပ်မြို့တိုက်ပွဲတွင် လက်နက်သင့်၍သေချေ၏။°

၁။ ကဘဆ ၁။ ၇၉

## [ ရ ]

( င )ရခိုင်။ ။ဘုရားကျွန်။ လက်ဝဲသည် ဒလတွင် သေအံ့ဆဲဆဲအခါ ဘုရားအားလှူခဲ့သော ကျွန်တယောက်ဖြစ်သည်°

၁။ ပုံ ၂၃၁ ခ

www.burmeseclassic.com



ရင့်နီ။ ။လယ်တွင်း ၁၁ ခရိုင်အဝင်။ မင်းမယား စချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ရင့်နီခရိုင် သားချက် နေကိုယ်ရွာတောင် စည်သဘင်ရွာပါး၌ မြေ ၃၀ ကို လှူတော်မူ၏။ ထိုမြေများကို စချိဗိုလ်သည် ပဒေသာသည်ထံမှ ရရှိ၏။

၁။ ပုံ ၂၃၂

ရမံ။ ။ကျွန်။ရမံသည် မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။ငင်းသည် ပေုရင်၏ သားဖြစ်၏။

၁။ ပုံ ၂၃၂

ရမံကြီး။ ။ကျွန်။မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၃၂

ရာဇဒေဝီ။ ။ကျောက်ဆည်ဝန်သမီး ဒီပဲယင်းမင်း၏ မိဖုရားတပါး။

၁။ ကဘဆ ၁။ ၃၅၅

ရာဇဝေသူ။ ။ဗဒုံမင်း ယောက္ခမတော်။ငင်း၏ သမီး ယေမည် ရှင်အေးနှင့် ဗဒုံမင်းသင့်သည်။

၁။ ပဇပ် ၂၇၅

ရာဇာဓိရာဇ်။ ။ဟံသာဝတီဘုရင်။ ထိုမင်းလက်ထက်တွင် ဟံသာဝတီ ၃၂ မြို့အဝင် ဖြစ်သည့် ကောလိယမြို့နှင့် ဗိုင်းဒါမြို့များကို တည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ရုစိယဝတီ။ ။ဗဒုံမင်းကိုယ်လုပ်တော်။ကိုင်းမားရွာစားသမီးဖြစ်သည်။ဗဒုံမင်းသည် ငင်းအား ပေါက်မြိုင်မြို့ကို စားစေ၏။

၁။ ပဇပ် ၂၇၀

ရေနံ့သာ။ ။ငင်းအရပ်ရှိ ဥယျာဉ်တခုကို စချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါး အားလှူ၏။

၁။ ပုံ ၂၃၂

www.burmeseclassic.com



ရေနံချောင်းမြို့။ ။သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် ရေနံချောင်းမြို့သူကြီး ငဖိုးတူသည် မင်းမှုတော်ရပ်များကိုလည်း ကုန်တွင်အောင်မဆောင်မရွက်နိုင်သည့်ပြင် ဒသမဘာဂ ငွေတော်ကိုလည်း ပြေကုန်အောင် မဆက်မသွင်းရှိသည်။ ထိုအခါတွင်းကြီး င ရွှေလုပ်က ဒသမဘာဂ ငွေတော်ကို မိမိအပြေအလည်ဆက်သွင်းမည် ဖြစ်သဖြင့် မိမိအား မြို့သူကြီးခန့်ထားပါရန်လွှတ်တော်တွင် လျှောက်ထားသဖြင့် လွှတ်တော်မှ ငရွှေလုပ်အား ရေနံချောင်းမြို့သူကြီးခန့်ထားလိုက်သည်။[၁]

၁။ လဖစ ၇

(င) ရေမြန်း။ ။(ရိယ်ဖျန်)ကျောင်းကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသည့် ကျွန်တယောက်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ [၁၅]

ရဲနွဲမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်အပါ။ ၎င်းမြို့ကို ဟံသာဝတီဘုရင် ပညာဦးလက်ထက်တွင် တည်ထောင်ပြုစုသည်။[၁]

၁။ ဟံသာဝတီစစ်တန်း ၆၄ ၃

ရောအုတ်။ ။(ရစ်ဥတ်)ကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇ [၁၀]

ရိုးကျွန်း။ ။ဓညဝတီမြို့ကျေး။ ရိုးကျွန်းသည် ဓညဝတီမြို့ကျေးတွင်ရှိ ကျွန်းတကျွန်းဖြစ်သည်။[၁]

၁။ လဖစ ၁၀

(အို) ရောက်လွှယ်။ ။ကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသည့် ကျွန်မတယောက်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇ [၁၂]

(င) ရောက်လွှယ်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းတွင် နှောင်းခံ အမည်ရှိ အကိုတယောက်ရှိ၏။[၁]

၁။ ပုံ ၂၂၆ [၁၂]

www.burmeseclassic.com

www.burmeseclassic.com



(င) ရောက်သစ်။ ။ကျွန်။ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသည့် ကျွန်တယောက်ဖြစ်သည်။ ၎င်းမှာ ပတည်၏သားဖြစ်၏။

၁။ ပုံ ၂၂၇ ^၁

(င) ရောက်သည်။ ။ဘုရားကျွန်။သူကြွယ်ငမ်းဖြည့်သင် သက္ကရာဇ် ၆၃၁ ခုနှစ်တွင် ကူဘုရားပြုလုပ်၍ ထိုဘုရားသို့ လှူသော ကျွန်ဖြစ်သည်။

၁။ ၂၂၅ ^၄

(င) ရန်ချင်း။ ။လောင်းသည့်ရွာ ကလန်သံပျင်တဦး။ သက္ကရာဇ် ၆၂၅ ခုတွင် ငဝမ်းဖြည့်သင် မြေရောင်းရာ၌ သက်သေအဖြစ်ပါဝင်သည်။

၁။ ၂၂၄ ^၁

(အို) ရံ။ ။ကျောင်းကျွန်။ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသည့် ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၆ ^၁၁

ရွှံကလပ်မြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်အပါ။ ထိုမြို့ကို ဟံသာဝတီဘုရင် ဗညားဦး လက်ထက် တည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ရှင်စောပု။ ။ဗညားဒေါက။ဟံသာဝတီပြည့်ရှင် ဘုရင်မဖြစ်သည်။ ၎င်းလက်ထက်တွင် ဝင်ပြိုမြို့ကို တည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

ရှင်ညွန့်။ ။ဗဒုံမင်းကိုယ်လုပ်တော်။ ၎င်းတွင် မင်းရဲလှအမည်ရှိသော သားတော်တပါး ထွန်းကားသည်။

၁။ ပဇပ် ၂၆၇၊ ၂၇၄

ရှင်မင်းစိ။ ။ဗဒုံမင်းကိုယ်လုပ်တော်။ ၎င်းတွင် မောင်ရွှေအု အမည်ရှိ သားတော်တပါး ထွန်းကားသည်။ မောင်ရွှေအု ကြီးပြင်းလာသောအခါ သုသိရိမဟာဓမ္မရာဇာဘွဲ့နှင့် ကာမမြို့ကို စားရသည်။

၁။ ပဇပ် ၂၆၁

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းလုံ။ ။မြေတူးမင်း၏သမီးတော်။ ရှင်မင်းလုံကို ဆင်ဖြူရှင်မြေတူးမင်းနှင့် ကိုယ်လုပ်တော် ရှင်ရွှေဥတို့သင့်ရာတွင် ဖွားမြင်သည်။ ၎င်းသည် ဖထွေးတော် ဗဒုံမင်း၏သားတော် ကောလင်းမင်းသားနှင့်သင့်သည်။

၁။ ကဘဆ ၁။ ၅၂၄

ရှင်ရွှေဥ။ ။မြေတူးမင်းကိုယ်လုပ်တော်။ ရှင်ရွှေဥသည် ဆင်ဖြူရှင်မြေတူးမင်း၏ ကိုယ်လုပ်တော် ဖြစ်၍ ၎င်း၌ ရှင်မင်းလုံအမည်ရှိ သမီးတော်တပါး ထွန်းကားသည်။

၁။ ကဘဆ ၁။ ၅၂၄

ရှင်သူ။ ။သုဇာလီ။ ကျောက်ဆည်စာရေး၏သမီး ရှင်သူသည် ဗဒုံမင်း၏ ကိုယ်လုပ်တော် ဖြစ်သောအခါ သုဇာလီဘွဲ့နှင့် ချီးမြှင့်ခြင်းခံရသည်။ ၎င်းတွင် သားတော် သမီးတော် ၅ ပါး ထွန်းကား၏။

၁။ ပဇပ် ၂၃၃

ရှင်အေး။ ။ဗဒုံမင်းကိုယ်လုပ်တော်။ ရာဇဝေသူသမီး ရှင်အေးသည် ဗဒုံမင်းနှင့်သင့်သောအခါ ကေသာဟူသောအမည် သနားတော်မြတ်ခံရသည်။ ၎င်း၌ သမီးတော် ငယ်ကလွန်တပါး ဖွားမြင်သည်။

၁။ ပဇပ် ၂၃၅

ရှင်အောင်။ ။ဗဒုံမင်းကိုယ်လုပ်မတော်။ မဏိပူရမင်းမျိုးဖြစ်၍ ကိုယ်လုပ်တော်ဖြစ်သောအခါ ကေသာဘွဲ့ကို သနားတော်မြတ်ခံရသည်။

၁။ ပဇပ် ၂၅၃

( င ) ရှမ်း။ ။( ယှံ ) ကျောင်းကျွန်။ ဇေယဝတ္ထနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၆

( အို ) ရှမ်း။ ။( ယှလ၂န် ) ကျွန်။ စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်တွင်နတ်ထမင်းရသော သခင်ထံပါးအား လှူတော်မူသော ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၀ ခု

www.burmeseclassic.com



(ပုဂံ) ငွေဂူဘုရား။ ။စာသင်ဂူ ဘုရားကြီးကို လက္ခဖောလက်ဝဲ မြေ ၂၀၀ လှူခဲ့သည်မှာ မှန်ကန်ကြောင်း ငွေဂူဘုရားတွင် ဗုဒ္ဓလင်္ကာရညာဏရံသိ သူမြတ်သည် ကျိန်ဆို၏။

၁။ ပုံ ၂၃၁ ခ

(င) ရွှေညို။ ။ဟံသာဝတီမြို့ဝန်သား။ ၎င်းသည် စကိုင်းမင်း၏သမီးတော် ကျောက်ဆောက်မင်းသမီးနှင့် သင့်သည်။

၁။ မယ်နု ၂၀၅

(လက်ပံကျင်း) ရွှေပုငွေဘုရား။ ။(သကျင်ရွာ)ကူတော်ဘုရား ရှု။

ရွှေမင်း။ ။၎င်းသည် ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၀ ခုတွင် လွှတ်စာရေးအဖြစ် ထမ်းရွက်လျက်ရှိသည်။

၁။ လဖစ ၉

(ပုခန်းမြို့) ရွှေမြင်စိုင်းဘုရား။ ။အမတ်ဝတ္တလက်သူသမီးမောင်နှံသည် သက္ကရာဇ် ၇၂၈ခုနှစ် နယုန်လဆန်း ၅ ရက်နေ့တွင် ရတနာ ၃ ပါးအား ပစ္စည်း ၄ ပါးဖြစ်စိမ့်သောငှာ ပုခန်းမြို့ ရွှေမြင်းစိုင်းဘုရားကို အင်းထက်မြောက် အနောက်ပြောက်ကုန်း၊ ရေန်ရွာစား လယ်သန် မှုရင်း ၃၅ ပယ်နှင့် ထောက်လှော်ကားရွှေ တောင်ပိုသည်ာထည်ဝတ်ရွှေစပ်လျက် လယ် ၇ ပယ်လှူခဲ့၏။ တဖက် သက္ကရာဇ် ၇၃၆ ခုတွင် တွေလက်သူသမီးမောင်နှံသည် ထိုဘုရားအား မြောင်ယ်အနောက် အင်းမရွှေ တလင်းကိုယ်ရံစားငယ် ဘလူးကန်လုံး အောက်အထက် သန်မှုရင်း ၅၀ နှင့် နွယ်နီမြေလယ်သန်မှုရင်း ၇၀ လှူကြပြန်၏။

၁။ မုနိရွှေ အမှတ် ၁၇၊ စာရင်း ၆၃၆ ၏ အဆင့်

(င) ရွှေယောက်။ ။မဲနေ့ရွာသူကြီး။ မဟာဒါန်တိုက် ရွှေယင်းမာအဝင် မဲနေ့ရွာသူကြီး မြတ်ပေးသည် သားငရွှေယောက်ကို ရွှာစောင့်ထားခဲ့၍ သူကြီးတကာနည်းမိုးနဲ့ကြောင်း အမှုတော်ကောင်းရာပါ၍ ယင်းတွင်ပင် သေဆုံးသည်။ ထိုအခါ ယောက်ဖ ငခွေးသည် လွှတ်တော်တွင် လျှောက်ထား၍ မဲနေ့ရွာသူကြီးအရာ လုဆိုစိရင်သဖြင့် ငမြတ်ပေးမယား မိလုံးက မိမိသား ရွာစောင့် ငရွှေယောက်သာလျှင် အဖငမြတ်ပေးအရာကို ဆက်ခံ သင့်ကြောင်း လွှတ်တော်တွင် လျှောက်ထား၏။ မိလုံး၏ လျှောက်ထားချက်အရ လွှတ်တက်သော အိမ်ရှေ့စံစကိုင်းမင်းသည် ငရွှေယောက်အား သက္ကရာဇ် ၁၁၆၇ ခု ဝါဆို လပြည့်ကျော် ၄ ရက်နေ့တွင် မဲနေ့ရွာသူကြီး ခန့်ထားလိုက်၏။

၁။ လဖစ ၇

www.burmeseclassic.com

www.burmeseclassic.com



ရွှေယင်းမာ။ ။မဟာဒါန်တိုက်အဝင်။ ရွှေယင်းမာကျေးလက်တွင် မဲနေသွားလည်း အပါအဝင်ဖြစ်သည်။[၁]

၁။ လဖစ ဂ

ရွှေလေး။ ။ငရွှေလေးသည် ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၄ ခုတွင် လုင်ခေါင်းအဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လဖစ ၂၁

( င ) ရွှေလုပ်။ ။ရေနံချောင်းမြေဘိုင်သူကြီးရေနံချောင်းမြို့သူကြီး ငဖိုးတူသည်ဒသမဘာဂ ငွေတော်ကို ပြေကုန်အောင်မဆက်မသွင်းနိုင်သောအခါ တွင်းကြီးငရွှေလုပ်က ဒသမဘာဂ ငွေတော်ကို အပြေအလည် ဆက်သွင်းပါမည် မိမိအား မြို့သူကြီးခန့်တော်မူပါရန် လွှတ်တော်တွင်လျှောက်ထားသဖြင့် လွှတ်တော်မှသူကြီးခန့်ရန် အမိန့်တော်ထုတ်ပြန်လိုက်သည်။ ငရွှေလုပ်သည် ရေနံချောင်း မြို့သူကြီးဖြစ်လျှင် ဒသမဘာဂငွေတော်များကို အပြေအကြေ ဆက်သွင်း၍ မြို့သူကြီးတံဆိပ်စာချွန်ကယ်မသနားတော်မူရန် လွှတ်တော်သို့ လျှောက်ထားသဖြင့် သက္ကရာဇ် ၁၁၆၉ ခု ဝါဆိုလဆန်း ၉ ရက်စနေနေ့ (၁၃-၆-၁၈၀၇) တွင် ငရွှေလုပ်အား မြေတိုင်မြို့သူကြီးတံဆိပ်စာအပ်ရန် လွှတ်တက်သော ပုဂံမင်းက အမိန့်တော်ချသည်။[၁]

၁။ လဖစ ၇

ရွှေလှံဗိုလ်။ ။ကောလင်းမြို့စား။ ရွှေလှံဗိုလ်သည် မန္တလေး ရွှေမြို့တော်ဝန် ကောလင်းမြို့စားလည်း ဖြစ်သည်။ ၎င်း၏သမီး ခင်ခင်လတ်သည် ဝက်မစွတ် မြို့စားဝန်ထောက်သား မောင်မောင်ကြီးနှင့်သင့်သည်။[၂]

၁။ ဗောဓိကုန်းဂူ ၁၁။ ၅၅

ရွှေအူ။ ။သုသီရိမဟာရာဇာ။ မောင်ရွှေအူသည် ဗဒုံမင်းနှင့်ကိုယ်အပ်တော် ရှင်မင်းစိတို့၏ သားဖြစ်၍ သုသီရိမဟာရာဇာဘွဲ့နှင့် ကသာမြို့ကို စားရသည်။[၁]

၁။ ပဇပ် ၂၆၁

ရွှေဦး။ ။ကန္နီမြို့သူကြီး။ ငရွှေဦးသည် ကန္နီမြို့သူကြီးအရာနှင့် ထမ်းရွက်နေရာမှ အရာမှ နုတ်ပယ်ခြင်းခံရသည်။ ၎င်းနေရာတွင် ခန့်ထားသောသူကြီးမြေတိုင် ငသာလှသည် မြို့သူကြီး ၏တာဝန်ဝတ္တရားများကို ကြေပြွန်စွာမထမ်းဆောင်နိုင်သောကြောင့် ကန္နီမြို့ ကြေးထမ်းကြီးများက ၎င်းအားမြို့သူကြီးအရာမှနုတ်၍ ကျန်ရှိနေသော ဒသမဘာဂ

www.burmeseclassic.com



ငွေတော် ၅၀ိကို ဆက်သွင်းနိုင်မည့်မြို့သူကြီးဟောင်း ငရွှေဦးကို ကန္ဒီမြို့သူကြီးအရာ ပြန်လည်ခန့်ထားပါရန်လွှတ်တော်တွင် လျှောက်ထားကြသဖြင့် လွှတ်တက်သောပုဂ္ဂိုလ်ခင်းက သက္ကရာဇ် ၁၁၆၉ ခု နယုန်လပြည့်ကျော် ၁၁ ရက်နေ့ (၁၁-၆-၁၈၀၇) တွင် ငရွှေဦးအား ကန္ဒီမြို့သူကြီးခန့်ရန် အမိန့်တော်ရှိသည်။ ထိုအမိန့်တော်ကို စာရေးကြီးမောင်ကာကြီးက လပြည့်ကျော် ၁၅ ရက်နေ့ (၅-၇-၁၈၀၇) တွင် အမိန့်တော်ချသည်။°

၁။ လဖစ ၅၆

( မိ ) ရွဲ။ ။ဦးမြဘ်စံ၏ဇနီး။ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံနှင့် ဒေါ်ရွဲတို့တွင် မောင်အေးအမည်ရှိ သားတယောက်ရှိရာ ထိုသူသည် စကိုင်းမင်း(ဘကြီးတော်)လက်ထက်တွင် တရားသူကြီး အရာနှင့် ထမ်းရွက်လျက်ရှိသည်။°

၁။ လွှယ်အိတ် ၂။ ၁၃၂

( င ) ရှင်။ ။ညောင်ဝတီမြို့သူကြီး။ ငရှင်သည် သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင်ညောင်ဝတီမြို့စာရေးအဖြစ် ထမ်းရွက်နေရာမှ ဒသမဘာဂ ငွေတော် ၃၅ ကို ဆက်သွင်းပြီးလျှင် ကျန်ငွေကိုလည်း ၂၅ ရက်နှင့် အပြေဆက်သွင်းပါမည် မြို့သူကြီးခန့်တော်မူရန် လွှတ်တော် သို့လျှောက်ထားသဖြင့် သက္ကရာဇ် ၁၁၆၈ ခု တော်သလင်းလပြည့်ကျော် ၁ ရက်နေ့တွင် လွှတ်တော်မှ ငရှင် အား ညောင်ဝတီမြို့သူကြီးခန့်ရန် အမိန့်တော်ချမှတ်သည်။°

၁။ လဖစ ၁၀

( င ) ရှန်း။ ။ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် လွှတ်လုလင်အဖြစ် ထမ်းရွက် လျက်ရှိသည်။°

၁။ လဖစ ၂

## [ လ ]

လက္ခန်းဗျည်းမြို့။ ။မုတ္တမ ၃၂ မြို့အဝင်။ ၎င်းနယ်မြေ အပိုင်းအခြားသည် အရှေ့ကို သဇိုင်မြို့ မြေစပ်။ အရှေ့တောင်ကို ဇာကောလှာမြေစပ်၊ တောင်ကို ဇာလှာကွန်မြေစပ်၊ အနောက် တောင်ကို ဇာလက္ခန်မြေစပ်၊ အနောက်ကို အိပြစ်မြို့မြေစပ်၊ အနောက်မြောက်ကို အိဝဲမြို့ မြေစပ်၊ မြောက်ကို ၄ တိုင်ကွာဘင်လှိုင်မြို့မြေစပ်၊ အရှေ့မြောက်ကို မြိုင်မြို့မြေစပ်တို့ ဖြစ်ပေသည်။

လက္ခန်းဗျည်း မြို့ နယ် အ တွင်း ဇရွဲကမင်းဘုရား ဝတ်မြေရှိရာ ထိုမြေအတွင်း လုပ်ဆောင်သူတို့မှာ အဖိုးအခွန် မပေးမဆောင်ရချေ။ ဘုရားရှင်ပွဲတော် ကာလရောက်မှ ဆီးမီးဝတ်သင်ပုတ်ဝတ် လှူဒါန်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လက္ခန်းဗျည်းမြို့နယ်တွင်း၌ အခွန်အတုတ် အမျိုးမျိုးရှိ၏။ အိမ်ခွန်မှာ ငွေရွက်နီတကျပ်၊ ကျွဲခေါင်းခွန်မှာ ကျွဲရှိနည်းများမဆို ငွေရွက်နီတကျပ်၊ ဝန်စာရေးစား ထက်ဝက်၊ ကိုင်းခွန်မှာ အလျား ၁၀ တာ အနံ ၁၀ တာကို ငွေတကျပ်တို့ ဖြစ်ကြပေသည်။

သက္ကရာဇ် ၁၁၄၆ ခုနှစ် စစ်တန်းရေးစစ်ချိန် အခါက လက္ခန်ဗျည်းမြို့နယ်တွင်း လူရှိရွာများမှာ အဒ္ဓွရွာ၊ ဝင်ကျူရွာ၊ ခူပိရွာ၊ ယားကတိုရွာများဖြစ်၏။ ထိုအချိန်က စစ်ဟန်းစာရင်းဆက်သွင်းသည့်အသက် ၆၉ နှစ်ရှယ် အင်္ဂါသားမြို့သူကြီး မင်းရာဇာသည် သူကြီးရိုးမဟုတ်၊ ဆင်ဖြူရှင် မြေတူး မင်းလက်တွင် ခန့်အပ်ထားသည့် မြို့သူကြီးဖြစ်ပေသည်။°

၁။ ပုတ္တမမြို့စစ်တန်း ၄၆ ခု

( အို ) လိုင်။ ။ကျွန်။စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် နတ်ထမင်းရသော သခင်ထံပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။အိုလိုင်သည် အိုကွယ်၏ သမီးဖြစ်သည်။°

၁။ ပုံ ၂၂၇ ၁°

( င ) လူ။ ။စာရေး။ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၉ ခုနှစ်တွင် ငလူသည် လွှတ်တော်စာရေးကြီး လက်ဝဲဇေယျကျော်ထံ စာရေးအဖြစ် အမှုထမ်းလျက်ရှိသည်။°

၁။ လဖစ ၇

လက္ခဏလက်ဝဲ။ ။စစ်သူကြီး။ လက္ခဏလက်ဝဲသည် သက္ကရာဇ် ၅၉၀ ပြည့်တွင် တကောင်းကို စစ်ထိုး၍အောင်နိုင်သောအခါ နားတောင်းများ မင်းကြီးသည် ကြံတူအရပ်မှမြေ ၂၀၀ ကို ရဲဆုပေး၏။ ထိုမြေအရပ်များကို လက္ခဏလက်ဝဲသည် (စာသင်ဂူ?) ဘုရားကြီးအား သခင်ထမင်ကာ။ သခင်သရပ္ပေ၊ သခင်ဝိနည်းမိုရ်တို့ ရှေ့မှောက်၌ လှူ၏။ တဖန်တုံလည်း နားတောင်းများမင်းကြီးထံမှ ရဲဆုအဖြစ် ရရှိသော ကျွန်ခပင်းကိုလည်း (စာသင်ဂူ?) ဘုရားကြီးကိုလှူပြန်၏။°

၁။ ပုံ ၂၃၁ ခ°-၅¹°°

( င ) လက်စွဲ။ ။ကျောင်းကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၌ ငမေတင်အမည်ရှိသော သားတယောက်ရှိ၏။°

၁။ ပုံ ၂၂၆°⁶

လကျ်ာဝင်းမှူး။ ။ကာမဏိစန္ဒ ရှု။

www.burmeseclassic.com

www.burmeseclassic.com



လက်ျာသိခ်ါ။ ။ကျွန်။ စည်သူမင်းကြီး သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် နတ်ထမင်းရသော သခင်ထံပါးအား ပုတက် မြေ ၇၁ နှင့်တကွ လှူသော ကျွန်ဖြစ်သည်။

၁။ ပုံ ၂၂၇ ခ[၁]

လက်ဝဲကျော်ထင်။ ။အထရုံမြို့စား။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၄ ခုတွင် အထရုံမြို့စား အဖြစ်နှင့် တည်ရှိနေသည်။[၁]

၁။ လဖစ ၁၇

လက်ဝဲဇေယျကျော်။ ။လွှတ်တော်စာရေးကြီး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇-၉ ခုနှစ်များတွင် လက်ဝဲဇေယျကျော်သည် လွှတ်တော်စာရေးကြီးအဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လဖစ ၃၊၇

လက်ဝဲဇေယျသူ။ ။လွှတ်တော်စာရေးကြီး။ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုတွင် လက်ဝဲဇေယျသူသည် လွှတ်တော်စာရေးကြီးအဖြစ် ထမ်းရွက်လျက်ရှိသည်။[၁]

၁။ လဖစ ၂

လက်ဝဲရွှေတောင်။ ။အိမ်ရှေ့ကွမ်းရေကိုင်။ ၎င်းသည်ကနောင်မြို့စား အသည်ဝန်ကြီးသားဖြစ်၍၊ ဗဒုံမင်းလက်ထက်တွင် အိမ်ရှေ့အိမ်တော်၌ ဆင်ရှင်ရွာစား ၄၀ တော် သွေးသောက်ကြီး အဖြစ် ထမ်းရွက်ရသည်။ လက်ဝဲရွှေတောင် အမည်နှင့် ကွမ်းရေလည်း ကိုင်ရသည်။[၁]

၁။ မသက ၄၅။ ၁၅၉

(င) လောင်သင်။ ။ဘုရားကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားအားလှူသော စည်သဘင်ကျွန်တယောက်ဖြစ်သည်။ ၎င်းသည် ကျွန်သင်လျင် ငချေးသားဖြစ်၍၊ ငဝမ်း ဖြည့်သင်အမည်တွင်သော ညီတယောက်ရှိ၏။[၁]

၁။ ပုံ ၂၂၆[၁၂]

လောင်းကြက်ကျွန်း။ ။ညောင်ဝတီမြို့ကျေး။ ညောင်ဝတီမြို့နယ်တွင်းရှိ ကျွန်များအနက်ကျွန်းတကျွန်း ဖြစ်သည်။[၁]

၁။ လဖဆ ၁၀

www.burmeseclassic.com

www.burmeseclassic.com



လောင်းရှည်မိ။ ။တရုပ်ပြေးမင်းချီးမြှင့်သည့် ပုဂ္ဂိုလ်တယောက်။စည်သူမင်း(တရုပ်ပြေး)သည် လောင်းရှည်မိအား ကျုံးလယ်များပေးတော်မူသည်။ထိုမြေအနက် ကျုံးလယ်ပယ် ၃၀ ကို လောင်းရှည်မိသည် သူကြွယ်မြတ်သင်အား ငွေ ၂၉ဝိ နှင့်ရောင်း၏။[1]

၁။ ပုံ ၂၂၉ [21]

လောင်းသည်ပကြံ။ ။လောင်းသည်ရွာ ကလန်သံပျင်တဦး။ သက္ကရာဇ် ၆၂၅ ခုနှစ်တွင် ဝေမ်းဖြည့်သင်မြေရောင်းသောအခါ၊လောင်းသည်ပကြံသည် သက်သေအဖြစ် ပါဝင်သည်။[1]

၁။ ပုံ ၂၂၄ [9]

လိုင်မြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင် မြို့တမြို့ဖြစ်သည်။[1]

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

(အို) လတ်။ ။ကျောင်းကျွန်။ဇေယဂတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက်ဖြစ်သည်။၎င်းသည် ဦးဖွဲ့သည်အိုမြေပုံသမီးဖြစ်၍၊၎င်းအမမှာမိဦးဖြစ်၏။[1]

၁။ ပုံ ၂၂၆ [10]

(င) လတ်။ ။ကျွန်။ မင်းမယား စချီပိုလ် သက္ကရာဇ် ၆၃၃ ခုတွင်၊ ရတနာ ၃ ပါးအား လှူသည့် ကျွန်တယောက်ဖြစ်သည်။[1]

၁။ ပုံ ၂၃၂ [1]

(င) လိမ္မာ။ ။ကျွန်။ဇေယဗတ္တနာ သက္ကရာဇ် ၆၃၃ ခုနှစ်တွင် လှူသော ကျွန်တယောက်ဖြစ်သည်။[1]

၁။ ပုံ ၂၂၇ [2]

(င)လုံး။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင်လှူသော ကျွန်တယောက်ဖြစ်သည်။[1]

၁။ ပုံ ၂၂၇ [1]

(မိ) လုံး။ ။မဲနေ့ာရွာသူကြီးမယား။ မိလုံးသည် မဟာဒါန်တိုက် ရွှေယင်းမာအဝင် မဲနေ့ာရွာသူကြီးမြတ်ပေး မယားဖြစ်သည်။ မြတ်ပေးသည် မိုးကောင်းရွှေသင်း အမှုတော်ကောင်းရာတွင် လိုက်ပါထမ်းရွက်သေဆုံးသောအခါ၊ မိလုံးက မိမိတို့သား ရွှာစောင့်ရွှေယောက်သည်မဲနေ့ာရွာသူကြီးအရာကို ဆက်ခံထိုက်ကြောင်း လွှတ်တော်တွင်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထား၏။ ထို့ကြောင့် လွှတ်တော်မှ ငရွှေယောက်အား မဲနေရှာသူကြီး ခန့်သည်။[၁]

၁။ လဖစ ၈

(င) လုံးကြီး။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသောကျွန်တယောက်ဖြစ်သည်။ ၎င်းသည် နောမိ၏သားဖြစ်၏။[၁]

၁။ ပုံ ၂၂၆[၁၄]

(င) လျှောင်။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၈]

(င) လျှောင်ကြီး။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော စကုသား ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၁၃]

(င) လွှဲ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၄ ခုတွင် ဘုရားကို ငလွှဲနှင့်ဆွေမျိုး အချို့ကို ကျွန်အဖြစ်လှူသည်။ လှူသည်တို့ကား ငလွှဲ၏သား ၂ ယောက်ဖြစ်သော ငဦးလှနှင့် ငသံဖာ၊ ငလွှဲဖတ္တေးများဖြစ်သည့် ငဝမ်းဖြည့်၊ ငတပါး၊ ငနောင်ငယ်၊ ငချစ်ဖွယ်နှင့်ငဦးဖီး၊ ညီဝမ်းကွဲဖြစ်သော ငတပါးသားနို့စို့တို့ဖြစ်၏။[၁]

၁။ ပုံ ၂၂၆[၁၂]

(အို) လွှတ်။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ [၁၅]

(င) လွန်းကျော်။ ။ကန့်ကောသူကြီး။ ငလွန်းကျော်သည် ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၆၇ ခုနှစ်တွင် ပခုက္ကူခရိုင်ကန့်ကောရွာမ သူကြီးအဖြစ် ကြီးစိုးစီရင်လျက်ရှိသည်။[၂]

၁။ အမတ ၆၉

www.burmeseclassic.com

www.burmeseclassic.com



( င ) လှ။ ။ကျောင်းကျွန်။ ဇေယျဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ကျောင်းကိုလှူသည့် ကျွန်တယောက် ဖြစ်သည်။ မေ့နှံကြီးမှာ လှေ၏အကို ဖြစ်သည်။°

၁။ ပုံ ၂၂၆ [၁၅]

( င ) လှ။ ။ကျွန်။ မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော ကျွန်တယောက်ဖြစ်သည်။ ငကြီးစင်နှင့် ငနောင်ခင်တို့မှာ လှေ၏ အကိုများ ဖြစ်ကြ၏။°

၁။ ပုံ ၂၄၂ [၉]

( အို ) လှပုံ။ ။ကျွန်။ ဇေယျဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသည့်ကျွန်များတွင် အိုလှပုံ သားအမိလည်း ပါဝင်သည်။°

၁။ ပုံ ၂၂၇ [၁၁]

( င ) လှပြည့်။ ။ကျွန်။ ဇေယျဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသည့် ကျွန်တယောက် ဖြစ်၏။°

၁။ ပုံ ၂၂၇ [၆]

လှဖော်ဦး။ ။မင်းပြင်ရွာသူကြီး။ လှေဖော်ဦးသည် မေဃဝတီမြို့ကျေး မင်းပြင်ရွာ ၁၁၆၄ ခု စစ်တန်းစာရင်းများ ဆက်သွားသည့် သူကြီးဖြစ်လည်း။°

၁။ လဖစ ၁

( င ) လှယန်။ ။ကျွန်။ ဇေယျဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။ လှေယာန်မှာ ငကိုက်၏သား ဖြစ်၏။°

၁။ ပုံ ၂၂၇ [၉]

( င ) လှိ။ ။ကျောင်းကျွန်။ ဇေယျဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်း၌ သွေးဌေးအမည်တွင်သော အကိုတယောက်ရှိ၏။°

၁။ ပုံ ၂၂၆ [၁၆]

( အို ) လှောက်ဖ။ ။ပိဋကတ်ကျွန်။ သူကြွယ်မြတ်သင် သက္ကရာဇ် ၆၃၂ ခုနှစ်တွင် သာသ္တိ ကျောင်း ပိဋကတ်ကို အလုပ်အကျွေးအဖြစ်လှူသော ကျွန်ဖြစ်သည်။°

၁။ ပုံ ၂၂၉ [၂၀]

www.burmeseclassic.com

www.burmeseclassic.com



(င) လွှမ်း။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ကျောင်းကို လှူသည့် ကျွန်တယောက် ဖြစ်သည်။ လွှမ်း၏သားသည် သော်ဖာဖြစ်၏။ ပေန်းစင်မှာ လွှမ်း၏ညီဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ [၁၇]

[ ဝ ]

(င) ဝ။ ။တောင်တွင်းကျွန်။ စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် ရတနာ ၃ ပါးအား လှူသော တောင်တွင်းကျွန်တယောက်ဖြစ်သည်။ ၎င်း၏ ယောက်ဖမှာ အမြို့က်ဖြစ်၏။[၁]

၁။ ပုံ ၂၃၃ [၁၄]

ဝါဂရူမြို့။ ။မုတ္တမ ၃၂ မြို့အဝင်။ ဝါဂရူမြို့နယ်မြေသည် အရှေ့ကို ဝင်ယော်မြို့မြေစပ်၊ အရှေ့တောင်ကို လမိုင်းမြို့မြေစပ်၊ တောင်ကို လမိုင်းမြို့မြေစပ်။ အနောက်တောင်ကို လမိုင်းမြို့မြေစပ်၊ အနောက်ကို ပင်လယ်ထိ၊ အနောက်မြောက်ကို ကျိုက်ခမီဘုရားအထိ၊ အရှေ့မြောက်ကို ကလိန်အောင်ချောင်းထိ ဖြစ်ပေသည်။

ဝါဂရူမြို့နယ်အတွင်း ကျိုက်ခမီဘုရား၊ စေထိဘုရား၊ ကျိုက်ခရိုင်၊ တင်ခရှုဘုရား၊ ကျိုက်တောင်ပိုဘုရား၊ ကျိုက်သင်ဘုရား၊ ကျိုက်တုရင်ဘုရား၊ ကျိုက်တရော်ဘုရား၊ ကျိုက်သနဘုရားတို့၏ ဝတ်မြေများရှိသည်။ ဝတ္တကံမိုးမြေများတွင်၊ နေထိုင်လုပ်စားသူတို့သည် အဖိုးအခွန်မဆက်သွင်းရသော်လည်း၊ ဘုရားပွဲတော်ကာလတွင် ဘုရားကို သဒ္ဓါသမျှဆွမ်းပန်းလုပ်ကျွေးရ၏။ ဝါဂရူမြို့ ၁၁၄၆ ခုစစ်တန်း စာရင်းဆက်သွင်းသည့် အသက် ၄၆ နှစ်ရှိသူ တနလ်ာသား ဝါဂရူမြို့သူကြီးစေွန်ပါသည် အရိုးသားမြေမဟုတ် ဆင်ဖြူရှင် မြေတူးမင်းလက်ထက်က ခန့်ထားသူဖြစ်သည်။[၁]

သက္ကရာဇ် ၁၁၆၇ ခုခန့် ရောက်လတ်သော်၊ စေွန်ပါအကို အမှန်တရာခံ ထော်နာသည် ယိုးဒယားမြို့ရှိသူများနှင့် ရာဇဝတ်တော်မလွတ်မကင်းသောစကားများ ကမ်းလှမ်းသဖြင့် မြို့သူကြီးစေွန်ပါအား ကွပ်မျက်တော်မူလေသည်။ ထို့ကြောင့် သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် မြို့ရွာ၏ဆန္ဒအရ မုတ္တမမြို့ရုံးမှ ထော်လဲအား ဝါဂရူမြို့သူကြီးခန့်ထား၏။[၂]

၁။ ပုတ္တမ ၃၂ မြို့စစ်တန်း ၄၅ ၃ ၂။ လဖဖ ၂

ဝါသနာ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်းအမိမှာ အိုချစ်စုဖြစ်၏။[၁]

၁။ ပုံ ၂၂၆ [၂၀]

www.burmeseclassic.com

www.burmeseclassic.com



**ဝါရင်းတုတ်။** ။အရပ်အမည်။ ဝါးရင်းတုတ်အဝင် ကျုံးကတိမ်မြေ ၂၀၀ ကို မင်းမယား စချီဗိုလ်သည် ပဒေသာသည်ထံမှရသဖြင့် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် ရတနာ ၃ ပါးအား လှူတော်မူ၏။[၁]

၁။ ပု ၂၃၂ [၁၃]

**ဝိနိဝိုရ်။** ။သက်သေ။ လက္ခဏလက်ဝဲ သက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် (စသင်ဂူ?) ဘုရားအား မြေလှူရာ၌ သက်သေအဖြစ်ပါဝင်သည်။[၁]

၁။ ပု ၂၃၁ ခ[၅]

**ဝက်ကူး။** ။လယ်မြေရပ်အမည်။ ငပယင်းမိသားစုတို့သည် သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင်၊ လောင်းသည်ရွာမြောက်ရှိ ဝက်ကူးအမည်ရှိသော သန်လယ်မြေ ၅၀ ကို ငဖုန်းစုံသင် လင်မယားအား ခွက် ၃၅ ပိဿာ၊ နွား ၇ ကောင်နှင့်ရောင်းသည်။

ဝက်ကူးမြေ၏အပိုင်းအခြားမှာ အရှေ့ကို တန်ဆယ်၊ တောင်ကို ကျောက်စစ်ကုန်းဘောင်၊ အနောက်ကို ကျောက်စစ်ကုန်းမြင့်ကြည်း၊ မြောက်ကို ပေါက်ပင်၊ လိန်ပင်၊ နှမ်းပဲပင်တို့ဖြစ်၏။[၁]

၁။ ပု ၂၂၄ [၁၀၊၂၄၊၆]

**ဝက်မစွတ်မြို့စား။** ။မင်းကြီးမဟာမင်းလှရာဇာ။ သရက်မြို့သူကြီးသား ဦးကာကို မင်းတုန်းမင်းလက်ထက်တွင် အတွင်းဝန်ဝက်မစွတ်မြို့စားခန့်သည်။ ၎င်းနောက် မင်းကြီးမင်းလှရာဇာ ဘွဲ့နှင့် ဇင်းမယ်မြို့ဝန်ခန့်တော်မူသည်။

၁။ မသဂ ၄၅။ ၁၅၈

**ဝင်ကျွန်း။** ။ဓညဝတီမြို့အဝင်။ ဓညဝတီမြို့နယ်တွင်းရှိ ကျွန်းများအနက် ကျွန်းတကျွန်း ဖြစ်သည်။[၁]

၁။ လဖစ ၁၀

**ဝင်ပြိုမြို့။** ။ဟံသာဝတီ ၃၂ မြို့အဝင်။ ဝင်ဖြိုမြို့ကို ဟံသာဝတီဘုရင်မ ဗညားဒေါကြခံ ရှင်စောပု လက်ထက်တွင် တည်ထောင်ပြုစုခဲ့သည်။[၁]

၁။ ဟံသာဝတီမြို့စစ်တန်း ၄၆ ခု

www.burmeseclassic.com

www.burmeseclassic.com



ဝင်လေးကျွန်း။ ။ဒေသစပ်အစိုင်ချောင်းအနီး။ ဟံသာဝတီ ၃၂ မြို့နယ်နှင့် သန်လျင်မြို့နယ်ခြား အမရမ်းချောင်းဝ ဒေးဇတ်အစိုင်ချောင်းတို့နှင့် ဝင်လေးကျွန်းသည် စပ်လျက်ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

(အို)ဝန်တိ။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုနှစ်တွင်လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၇ [၁၃]

(အို)ဝန်တိကြီး။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ဘုရားကိုလှူသည့် ကျွန်တယောက်ဖြစ်သည်။

၁။ ပုံ ၂၂၆ [၂၂]

ဝန်တောင်။ ။တောင်အမည်။ ပခုက္ကူခရိုင် ကန့်ကောရွာနှင့် ထီးလင်းကျေး လောင်တောင် ရွာနယ်မြေများ၏ နယ်ခြားသည် ဝန်တောင်ရိုးဖြစ်သည်။

၁။ ရဟာ အမတ ၆၉

( င ) ဝမ်းဖြည့်။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကို လှူသည့် ကျွန်တယောက်ဖြစ်သည်။၎င်းတွင် လေ့အမည်ရှိ အကိုတယောက်နှင့် တေပါ၊နောင်ငယ်၊ ချစ်ဖွယ်နှင့် ဦးပီးအမည်ရှိ ညီများရှိသည်။

၁။ ပုံ ၂၂၆ [၂၂]

( င ) ဝမ်းဖြည့်သင်။ ။မြေပိုင်ရှင်။ဝမ်းဖြည့်သင်သည် သက္ကရာဇ် ၆၂၅ ခုတွင် အင်းမဖျားရှိ ယပတေ့မည်သော မြေ ၅၀ ကို သခင်မွေဂုရုနှင့် သခင်သုတိသာဂရတို့အား ခွက် ၁၄၆ ပိဿာနှင့် လောင်းသည်ရွာ ကလန်သံပျင်တို့ရှေ့မှောက်တွင် ရောင်းသည်။

၁။ ပုံ ၂၂၄ [၆]

( င ) ဝမ်းဖြည့်သင်။ ။သူကြွယ်။ ဝမ်းဖြည့်သင်သည်သက္ကရာဇ် ၆၃၁ ခုတွင် ကူဘုရားပြုလုပ်၍ ပျက်စီးသည့်အခါ ပြုပြင်စိမ့်သောငှာ ကျွန်၊ ဥယျာဉ်၊ စပါး စသည်များကို လှူသည်။

၁။ ပုံ ၂၂၅ [၂]

( င ) ဝမ်းဖြည့်သင်။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် စည်သူတင်၍ ဘုရားကို လှူသည့် ကျွန်တယောက် ဖြစ်သည်။ ဝမ်းဖြည့်သင်၏ အကိုမှာ ငလောက်သင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍၊ ၎င်းတို့သည် ကျွန်သင်လျှင်ချေး၏ သားများဖြစ်သည်။ ဝေမ်းပြည့်သင်၌ နွားဖူ အမည်ရှိ သားတယောက်ရှိ၏။

၁။ ပုံ ၂၂၆ [၂၉]

[ သ ]

(အလယ်ရွာ) သကြားတောင်ဘုရား။ ။ထိုဘုရားကို နရပတိစည်သူမင်းလက်ထက်၌ တည်ထား၍၊ အလယ်ရွာတွင် ထန်းတရင်းတက်၊ တောင်ရှေနယ်တွင် ထန်းတရင်းတက်များလှူ၏။

၁။ မှန်ရှေ ၁၇ ကျော [၁၅-၁၇] စာရင်း ဂ၂၇

သတိုးမင်းရဲရာဇာ။ ။ဝန်ကြီး။မင်းတုန်းမင်းတရား လက်ထက်တွင် သတိုးမင်းရဲရာဇာ အားအတွင်းဝန်၊ ၎င်းနောက် ဝန်ကြီး၊ ၎င်းနောက် ကောင်းတုံမြို့စား အသီးသီးခန့်ထားသည်။

၁။ မသဂ ၄၅ ၁၅၁

သတိုးမင်းလှမင်းရဲကျော်စွာ။ ။ကလေးမြို့စား ရှု။

( င ) သတင်း။ ။ကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၁၁ ခုတွင် လှူသည့် ကျွန်တယောက်ဖြစ်သည်။ ၎င်း၌ တန်းခူးနှင့် မည်းအမည်ရှိသော အကိုနှစ်ယောက်ရှိ၏။

၁။ ပုံ ၂၂၇ [၆]

သမထီး။ ။ပုဂံမြို့အဝင်။သူကြွယ် မြေတ်သင်သည် သမထီးအရပ်၌ ကျောင်းဆောက်လုပ်ထားရကား ထိုကျောင်းသို့ နှမဖြစ်သူ မင်းမယားအိုကြောင်သင်သည် သက္ကရာဇ် ၆၂၇ ခု တပို့တွဲလတွင် ခရမ်းရွာ မြေကျက် ၁၅၀ လှူ၏။

၁။ ပုံ ၂၂၈ [၂]

သမလမင်း။ ။ဟံသာဝတီဘုရင်။သမလမင်းသည် သက္ကရာဇ် ၅၁၇ ခုတွင် ဟံသာဝတီ ၃၂ မြို့အဝင် ကျောက်မော်မြို့၊ဒုံးစရစ်မြို့၊ကြည်းကူးမြို့နှင့် အမ်းမြို့များကိုတည်ထောင်ပြုစုသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

သမန်။ ။ကလန်သံပျင်တယောက်။ ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုတွင် မြေရောင်းရာ၌၎င်း ပေသင်မိသားစု သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင် မြေရောင်းရာ၌၎င်း လောင်းသည်ရွာ ကလန်သံပျင်တဦးဖြစ်သည့် သမန်သည် သက်သေအဖြစ် ပါဝင်သည်။

၁။ ပုံ ၂၂၉ [၉၊၂၀]

www.burmeseclassic.com

www.burmeseclassic.com



သယောင်ပြောင်းရွာ။ ။သင်ဟောင်အဝင်။ မင်းမယားစချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် သယောင်ပြောင်းရွာ မြေ ၈၀ ကို ရတနာ ၃ ပါးအားလှူ၏။[၁]

၁။ ပုံ ၂၃၂ ၃

(င) သလုံ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ ၁၆

(အို) သလုံ။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇ ၁၂

သလုံးမိ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသောကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ ၂၆

သလွန်တောင်ကျွန်း။ ။ညောင်ဝတီမြို့ကျေး။ ညောင်ဝတီမြို့နယ်ရှိ ကျွန်များအနက် ကျွန်းတခု ဖြစ်သည်။[၁]

၁။ လဖဗ ၁၀

(သခင်) သရပို။ ။သက်သေ။ လက္ခဏာလက်ဝဲ သက္ကရာဇ် ၅၉၀ ပြည့်တွင် ဘုရားအား မြေလှူသောအခါ သခင်သရပိုသည် သက်သေအဖြစ် ပါဝင်သည်။[၁]

၁။ ပုံ ၂၃၁ ခ၄

(အို) သာ။ ။ကျောင်းကျွန်။ သူကြွယ်မြတ်သင် သက္ကရာဇ် ၆၃၂ ခုတွင် သမထီးကျောင်းနေ အရိယာတို့ အတွက် ဝတ်ချက်စိမ့်သောငှာလှူသော ကျွန်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၈ ၂၁

သာထွန်းအောင်။ ။ကနောင်မင်းသား ရှု။

(သခင်) သုတိသာဂရ။ ။ပုဂံမှ ရဟန်းတပါး။ သက္ကရာဇ် ၆၂၅ ခုတွင် သခင်သုတိသာဂရနှင့် သခင်ဓမ္မဂုရုတို့သည် ယပတော မည်သော မြေ ၅၀ ကို ဝဝမ်းဖြည့်သင်ထံမှ ခွက် ၁၀ဖြင့်ဝယ်၍ ပေးသော

www.burmeseclassic.com

www.burmeseclassic.com



ပေး၍ ဝယ်ယူပြီးလျှင်၊ 'ပုဂံ'မြို့ မဟာကဿပအရပ်ရှိ ကြွမ်းသခင်ကျောင်းဝင်းအတွင်း ကျောင်းတဆောင်စီ ဆောက်လုပ်လျက်၊ ကျောင်းနေသဃ်ာစား လှူဒါန်းကြ၏။ ငဖုန်းသင်ဇနီးမောင်နှံသည် သက္ကရာဇ် ၆၃၀ပြည့်တွင် ပေသင်မိသားစုထံမှလောင်းသည်ရွာ မြောက်ဖက်တွင်ရှိ ဝက်ကူးသန်လယ် ၇၀ ကို ဝယ်၍ သခင်သုတိသာဂရအား လှူဒါန်း ကြသောအခါ သခင်သုတိသာဂရသည် ထိုမြေများကို မိမိတည်ဆောက်ထားသော ကျောင်းသို့ လှူဒါန်းပြန်၏။

၁။ ပုံ ၂၂၄ ^၁၂၂၉

(င) သာလူ။ ။ကန္ဒီမြို့မြေတိုင်သူကြီး။ သောလူသည် ဒသမဘာဂအခွန်တော်ဆက်ရန်ဆို၍ ဆင်းရဲသားတို့ထံမှ ကြေးငွေများကောက်ခံပြီးလျှင်၊ မဆက်မသွင်းသုံးစားသည့်ပြင်၊သူခိုး ထားပြိများ လက်ခံကျွေးမွေးလျက် သူကြီးမဟုတ်သူတို့ကိုသူကြီးဖြစ်လေဟန် စာရင်းများ ပေးဆက်သည်။ တပ်ရှောင်လူများကိုလည်း အပ်နှင်းရမည်ဟူသည့် အမိန့်တော်ကို ဖီဆန်၍၊ မအပ်မနှင်းနေသောကြောင့်ကန္ဒီမြို့ကြေးထမ်းကြီးငယ်များက လွှတ်တော်တွင်သံတော်ဦး တင်ကြရာ သောလူကို ရာဇဝတ်စီရင်ရန် အကျဉ်းထား၏။ ထိုအတွင်း ဆင်ဖြူသိမ်းပွဲ၌ အရပ်ရပ် ထောင်တန်းရှိသမျှလူတို့ကို ချမ်းသာပေးရာတွင်၊ သောလူလည်း အသက် ချမ်းသာခွင့်ရ၏။ ထိုအခါ ကန္ဒီမြို့ ကြေးထမ်းကြီးများက ဒသမဘာဂ အမှုကို လွှတ်တော်သို့ တဖန်လျှောက်ထားကြပြန်ရာ၊ သောလူသည် အစစ်အကြော မခံဝံ့သဖြင့် ထွက်ပြေး တိမ်းရှောင်လေရာ သက္ကရာဇ် ၁၁၆၉ ခု နယုန်လပြည့်ကျော် ၁၁ ရက်နေ့ (၃၁-၆-၁၈၀၇) တွင် လွှတ်တော်မှ သောလူထံတွင်ရှိသည့် သူကြီးတံဆိပ်စာချွန်များ တောင်း၍သွင်းဟု အမိန့်တော်ချသည်။

၁။ လဖစ ၇၆

သီရိဇေယကျော်ထင်။ ။မြို့လပ်ဝန်။ သီရိဇေယကျော်ထင်ကို စနေမင်းလက်ထက်တွင်မြို့လပ်ဝန်မှ သည် ကျောက်ခွန်ဝန်အရာ၊ ၎င်းနောက် အဝေးကျိုဝန်ခန့်သည်။ တနင်္ဂနွေမင်းလက်ထက် တွင် ၎င်းကို အိမ်ရှေ့ပါသွေးသောက်မြင်းစုဝန်၊ ၎င်းနောက် ကုလားဝန် မြို့လပ်ဝန် အသီးသီး ခန့်ပြန်သည်။

၁။ မသဂ ၄၇ ၁၄၃

သီရိဓမ္မရာဇာ။ ။ကနောင်မင်းသား ရှု။

သီရိဓမ္မဝတီ။ ။ရှင်ကသည်း။ ဗဒုံမင်းနှင့် ကိုယ်လုပ်တော် စောလှမြို့စားတို့သမီးဖြစ်၍ သံကျွင် သံရွာစားနှင့်သင့်သည်။

၁။ ပဇပ ၂၆ဂ

www.burmeseclassic.com

www.burmeseclassic.com



**သီရိမဟာရာဇာ**။ ။ကျပင်းမြို့စား။ မင်းတုန်းမင်းတရားကြီး၏ သားတော်တပါးဖြစ်သည်။

၁။ မော်ဓိကုန်း၇ ၃၉

**သီရိသုမာဝတီ**။ ။မင်းရဲသိင်္ခါဇနီး၊ မင်းရဲသိင်္ခါ ရှု။

**သီရိသုကေသာ**။ ။ကင်းစား။ သက္ကရာဇ် ၁၁၆၇ခု တပို့တွဲလပြည့်ကျော် ၄ ရက်နေ့တွင် ဗဒုံမင်းသည် သီရိသုကေသာအားကျောက်တလုံးကင်းကိုသနားတော်မူသည်ဟုအမိန့်တော်ရှိ၏။

၁။ ရဟာ။ အပတ ၆၄

**သီရိသုမုတ္တာ**။ ။မင်းချစ်စု။ ဗဒုံမင်းနှင့် တရုပ်မြော်မိဖုရားတို့၏ သမီးတော်ဖြစ်၍ အမိခြားမောင်တော် မင်းရဲမင်းလှနှင့် သင့်သည်။

၁။ ပဇပ် ၂၆၇

**သီရိအာသာမဟေ**။ ။စကိုင်းမင်း၏ ကိုယ်လုပ်တော် တပါးဖြစ်၍၊ ၎င်း၏ သမီးတော်မှာ ကျောက်ဆောက်မင်းသမီးဖြစ်၏။

၁။ မယ်နု ၂၀၅

**သုဇာလီ**။ ။ဗဒုံမင်းကိုယ်လုပ်တော်။ ကျောက်ဆည်စာရေးသမီး ရှင်သူသည် ဗဒုံမင်းနှင့် သင့်ရာတွင် သုဇာလီဘွဲ့ချီးမြှင့်ခြင်း ခံရသည်။ ၎င်း၏သားတော် သမီးတော်တို့သည် တောင်သာမင်းသား၊ အုန်းတောအောင်သာမင်းသမီးနှင့် အခြားသားတော် သမီးတော် ၃ ပါးတို့ဖြစ်၏။

၁။ ပဇပ် ၂၇၃

( င ) **သုဖြစ်**။ ။(သုဖ္လစ်) ကျောင်းကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၀ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၆

**သုရှင်တကာရွတ်ပိ**။ ။ဟံသာဝတီဘုရင်။ ၎င်းမင်းလက်ထက်တွင် ဟံသာဝတီ ၃၂ မြို့ အပြင် ဟံသာဇိုင်ဂနိုန်မြို့ကို တည်ထောင်သည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



သုသိရိမဟာရာဇာ။ ။မောင်ရွှေအူ။ ဗဒုံမင်းနှင့် ရှင်မင်းစီတို့သား မောင်ရွှေအူသည် သုသိရိမဟာရာဇာဘွဲ့နှင့် ကာမမြို့ကို စားရသည်။ ᐤ

၁။ ပဇပ် ၂၆၇

(င) သူ။ ။ညောင်စောက်မြင်းစီး။ မြောက်ဖက်ကိုးသင်းမြင်းအဝင် ညောင်စောက်မြင်းစီးသူသည်နာမကျန်းဖြစ်၍ မင်းမှုတော်ရပ်များကို မထမ်းဆောင်နိုင်သောအခါ အရာခံသားမြေးလည်းမရှိသည်နှင့် ရွာနေ မြင်းပေါင် ငရွှေရွဲကို ရိုးရာနှင့်တကွ မြင်းခွင်ကိုပါလွဲအပ်ပါရမည့်အကြောင်း သက္ကရာဇ် ၁၁၆၉ ခုတွင် လွှတ်တော်၌ လျှောက်ထားအစီရင်ခံ၏။ လျှောက်ချက်အတိုင်းလည်း လွဲအပ်ခွင့်ရသည်။ ᐤ

၁။ လဖစ ၂၃

သူငယ်တော်ကျွန်း။ ။ညောဝတီမြို့ကျေးရှိ ကျွန်များအနက် ကျွန်းတကျွန်းဖြစ်သည်။ ᐤ

၁။ လဖစ ၁ဝ

သူငယ်ဖွေ့။ ။(သငယ်ဖုယ်) ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသည့် ကျွန်တယောက် ဖြစ်သည်။ ᐤ

၁။ ပုံ ၂၂၆ ᐟ ၁

(င) သူဌေး။ ။(သုထိယ်)ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ခုတွင် ကျောင်းကိုလှူသည့် ကျွန်တယောက် ဖြစ်သည်။ ၎င်း၏ညီမှာ လှော်ဖြစ်၏။ ᐤ

။၁ ပုံ ၂၂၆ ᐟ ၁

သေနစက်။ ။ကုလားဗိုလ်။ ဟံသာဝတီဘုရင်၏အမတ် ကုလားဗိုလ် သေနတ်စက်သည် သက္ကရာဇ် ၁၁၁၉ခု ကဆုန်လတွင် အလောင်းမင်းတရားကြီးထံ၌ ဝင်ရောက်၍အမှုတော်ထမ်းသည်။ ᐤ

၁။ ကဘဆ ၁။ ၂၄၇

သေနတ်ဝန်။ ။မင်းကျော်ပျံချီ ရှု။

(င) သော်အောင်။ ။ရွာသူကြီး။ မေဃဝတီ မြို့ကျေးကျေးညိုရွာကြီး ငသော်အောင်သည် သက္ကရာဇ် ၁၁၆၄ ခုနှစ် စစ်တန်းစာရင်းဆက်သွင်းသူ သူကြီးဖြစ်သည်။ ᐤ

၁။ လဖစ ၁

www.burmeseclassic.com

www.burmeseclassic.com



(လေးရှာ) သခ်ယာဂူဘုရား။ ။ထိုဘုရားအား သီဟပတေ့မင်းမောင်နှံသည် သက္ကရာဇ် ၇၆၈ ခုနှစ်တွင် လေးရှာနယ်မှ ထန်းတရင်းတက်၊ တရုနိုင်ငံမှ ထန်းတရင်းတက်လှူခဲ့၏။[၁]

၁။ စာရင်း ၈၂၇[၀၂-၁၃]

သင်တောင်။ ။ခရိုင်။ မင်းမယား စချိဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် သင်တောင်ခွင်အဝင် သမယောင်ပြောင်းမြေ ၈၀ ကို ရတနာ ၃ ပါးအားလှူ၏။[၁]

၁။ ပုံ ၂၃၂[၁]

(င) သင်လည်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၃ ခုတွင် လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇[၁၀]

သိခ်နရာ။ ။ကလံပွားမြင်းစီး။ အလောင်းတရားကြီးအမိန့်တော်အရ သက္ကရာဇ် ၁၁၁၇ ခုနယုန်လတွင် မင်းရဲကောင်းပုံနှင့် ကလံပွားမြင်းစီး သိခ်နရာတို့သည် လှေတော် ၂၀င်းနှင့် ဟိုင်းကြီးကျွန်းသို့ ချီတက်ရသည်။[၁]

၁။ ကဘဆ ၁။ ၁၄၇

(င) သောင်ကာ။ ။ဘုရာကျွန်။ လက္ခဏလက်ဝဲ ဒလတွင် မြေးတောပါးကင်ကို ခေါင်းအုံးလျက် သေအံ့ဆဲဆဲတွင် ဘုရားအားလှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၃၁ ခ[၁၃]

သစ်ပုံရွာ။ ။မေဃဝတီမြို့ကျေး။ သစ်ပုံရွာသည် မေဃဝတီမြို့အဝင်ဖြစ်၍ သက္ကရာဇ်၁၆၈ခုတွင် ရွာသူကြီးအဖြစ် ထမ်းရွက်လျက်ရှိသူမှာ ငမြကျော်ရီဖြစ်၏။[၁]

၁။ လဖစ ၁

သန်လျင်မြို့။ ။သန်လျင်မြို့နှင့် ဟံသာဝတီ ၃၂ မြို့နယ် မြေအခြားမှာ စစ်တောင်းမြစ်ဝကသည် အမရခချောင်းဝထိ ဝင်လေးချောင်း၊ ဒေးစပ်အစိုင်ချောင်းများဖြစ်သည်။ သန်လျင်မြို့မြေမှာ ဒလမြို့နယ်နှင့်လည်း စပ်လျက်ရှိသည်။[၁]

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



သိန်ပတေ့။ ။စလင်းမင်း။ သိန်ပတေ့သည် သက္ကရာဇ် ၇၆၉ ခုနှစ်တွင် ကျောက်ဆောက် ရွာလက်နှင့်တကွ မြေများကို ကျောင်းဝတ္တုဖြစ်စိမ့်သောငှာ လှူတော်မူ၏။[၁]

၁။ သဲမောင်ကန်ရန်အောင်မြင်ကျောက်စာကြီးကျော်[၆]

သံချောင်းရွာ။ ။လောင်းရှည်မြို့ကျေး။ သံချောင်းရွာသူကြီး ငစင်ဖြူသည် သက်ရှယ်ကြီးရင့် သဖြင့်သူကြီးတာကာနည်း မိုးနဲကြောင်းအမှုတော်ကောင်းရာသို့ မလိုက်ထမ်းနိုင်သောအခါ အရာခံသား ငပြည့်ဝကို ကိုယ်စားထည့်လိုက်၍သားငယ်ငနေထွန်းကို ရွာစောင့်ထားသည်။ သက္ကရာဇ်၁၁၆၇ခုတွင် ငစံဖြူအနိစ္စရောက်သောအခါ လောင်းရှည်မြို့စာရေး ငမြတ်သာနှင့် ရွာစောင့်ငနေထွန်းတို့က မိုးနဲကြောင်းလိုက်ပါထမ်းရွက်နေသည့် ငပြည့်ဝအားသံချောင်း ရွာသူကြီးခန့်ရန် လွှတ်တော်သို့ လျှောက်ထားကြ၏။[၁]

၁။ လဖစ ၁၁

( င ) သံတိုင်။ ။ကျွန်။ မင်းမယားစချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးကို လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၃၂[၁]

( င ) သံဖါ။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက် ဖြစ်၏။ ၎င်းအဖေမှာ လေ့မ်းဖြစ်၍ ဖထွေးမှာ ပန်စင်ဖြစ်သည်။[၁]

၁။ ပုံ ၂၂၆[၁၊၃]

( င ) သံဖါ။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ဘုရားကိုလှူသော ကျွန်တယောက် ဖြစ်သည်။ ၎င်းသည် ငလွဲ၏သားဖြစ်၍ ငဦးလှအမည်ရှိအကိုတယောက်၎င်း ငဝမ်းပြည့်၊ ငတပါး၊ ငနောင်ငယ်၊ ချစ်ဖွယ်အမည်ရှိ ဖထွေးများ ၎င်းရှိ၏။[၁]

၁။ ပုံ ၂၂၆[၂၂]

(တူရွင်းတိုင်) သိမ်ကျောင်းဘုရား။ ။ပထမမင်းခေါင် အထိန်းတော် တူရွင်းတိုင်စား သမီး မောင်နှံသည် တူရွင်းတိုင်မြို့ကျေး တလိုင်းသရက်အရပ်၌ သိမ်နှင့် ကျောင်းပြုလုပ်၍ ရတနာ ၃ ပါးအား ပစ္စည်း ၄ ပါး အထောက်အပံ့ ဖြစ်စိမ့်သောငှာ ချောင်းဖက်နယ် အတွင်း မြေလှူသည်။ ထိုမြေ၏အပိုင်းအခြားကား၊ အရှေ့ကို တောဖျား၊ တောင်ကို ချောင်း အနောက်ကို တောပု၊ မြောက်သို့ ချောင်းမအထိဖြစ်၏။ ထိုမြေအတွင်းရှိ ထန်း ၂ရင်းတက်

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လှူခဲ့၏။ တူရှင်းတိုင်စား သမီးမောင်နှံ လှူဒါန်းခဲ့သည် အတိုင်း ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၇ ခုတွင် ထပ်ဆင့်၍လှူဒါန်းပြန်သည်။

၁။ စာရင်း ၇၂၇ ကျော်

[ ဟ ]

ဟာခန်း။ ။ရန်မျိုးအောင်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၅ ခု တပေါင်းလတွင် ဆင်ဘို မှန်ကင်းသို့ ချီရာ၌ ဟာခန်းအောက်ကျွန်းကို ရန်မျိုးအောင် သမုတ်၍စံတော်မူသည်။

၁။ ကဘဆ ၁။ ၇၃

ဟသ်တမင်းသမီး။ ။ဗဒုံမင်းသမီးတော်။ ဗဒုံမင်းနှင့် အလယ်နန်းမတော် မိဖုရားတို့မှ သက္ကရာဇ် ၁၁၂၃ ခုနှစ်တွင် ဖွားမြင်သည့်သမီးတော်ဖြစ်၍ ငယ်မည်မှာ မမင်းတုတ်ဖြစ်၏။ သီရိမဟာရတနာဒေဝီဘွဲ့ခံ၍ ဟသ်တမြို့နှင့် တလုပ်မြို့များကို ကံကျေးခံရသည်။ မမင်းတုတ်သည် ဗဒုံမင်းအိမ်တော်စံစဥ်က သမီးတော်အကြီးဆုံးဖြစ်၏။ ဘုံကျော်အောင်သာ ကျောင်းဒါယကာမလည်းဖြစ်၏။

၁။ ပဇပ် ၂၆၁၊ ၂၇၇

ဟသ်တမြို့စား။ ။လက်ျာရန္တမိတ်။ စနေမင်းလက်ထက်တွင်ဇေယတမန်ကို လက်ျာရန္တမိတ်ဘွဲ့နှင့် ဟသ်တမြို့ကို စားစေသည်။

၁။ မသက ၄၅။ ၁၄၃

ဟသ်တမြို့စား။ ။မိဖုရား။ စကိုင်းပင်းသည် အဝနန်းကို သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် တက်သိမ်းသောအခါ မင်းကြီးမင်းခေါင်သမီးကို မြောက်နန်း မိဖုရားထား၍ မိတ္တိလာမြို့နှင့် ဟသ်တမြို့များကို စားစေသည်။

၁။ မသက ၄၅။ ၁၅၀

ဟိုင်းကြီးကျွန်း။ ။ပုသိမ် ၃၂ မြို့အဝင်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၇ ခုနှစ် နယုန်လတွင် မင်းရဲကောင်းပုံနှင့် ကလံပွားမြင်းစီး သိခ်နရာတို့ကို လှေတော် ၂ စင်းနှင့် ဟိုင်းကြီးကျွန်းသို့ ချီစေသည်။ ထိုအခါက ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ် အရှေ့ အိန္ဒိယကုပ္ပဏီမှ ကိုယ်စားလှယ်များ အခြေစိုက်လျက်ရှိ၏။

၁။ ကဘဆ ၁။ ၁၄၇

www.burmeseclassic.com

www.burmeseclassic.com



သီရိမဟာရာဇာ။ ။ကျိုင်းပြည်မြို့စား။ မင်းတုန်းမင်းတရားကြီး၏ သားတော်တပါးဖြစ်သည်။

၁။ မော်ဝိကုန်းဂူ ၃၉

သီရိသုမာဝတီ။ ။မင်းရဲသိင်္ခါဇနီး၊ မင်းရဲသိင်္ခါ ရှု။

သီရိသုကေသာ။ ။ကင်းစား။ သက္ကရာဇ် ၁၁၆၇ခု တပို့တွဲလပြည့်ကျော် ၄ ရက်နေ့တွင် ဗဒုံမင်းသည် သီရိသုကေသာအားကျောက်တလုံးကင်းကိုသနားတော်မူသည်ဟုအမိန့်တော်ရှိ၏။

၁။ ရဟ။ အမတ ၆၄

သီရိသုမုတ္တာ။ ။မင်းချစ်စု။ ဗဒုံမင်းနှင့် တရုပ်မြော်မိဖုရားတို့၏ သမီးတော်ဖြစ်၍ အမိခြားမောင်တော် မင်းရဲမင်းလှနှင့် သင့်သည်။

၁။ ပဇပ် ၂၆၇

သီရိအာသာမဟော။ ။စကိုင်းမင်း၏ ကိုယ်လုပ်တော် တပါးဖြစ်၍၊ ၎င်း၏ သမီးတော်မှာ ကျောက်ဆောက်မင်းသမီးဖြစ်၏။

၁။ မယ်နု ၂၀၅

သုဇာလီ။ ။ဗဒုံမင်းကိုယ်လုပ်တော်။ ကျောက်ဆည်စာရေးသမီး ရှင်သူသည် ဗဒုံမင်းနှင့် သင့်ရာတွင် သုဇာလီဘွဲ့ချီးမြှင့်ခြင်း ခံရသည်။ ၎င်း၏သားတော် သမီးတော်တို့သည် တောင်သာမင်းသား၊ အုန်းတောအောင်သာမင်းသမီးနှင့် အခြားသားတော် သမီးတော် ၃ ပါးတို့ဖြစ်၏။

၁။ ပဇပ် ၂၃၃

(င) သုဖြစ်။ ။(သုပ္ပစ်) ကျောင်းကျွန်။ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကို လှူသော ကျွန်တယောက် ဖြစ်သည်။

၁။ ပုံ ၂၂၆၀၀

သုရှင်တကာရွှတ်ပိ။ ။ဟံသာဝတီဘုရင်။ ၎င်းမင်းလက်ထက်တွင် ဟံသာဝတီ ၃၂ မြို့ ထင်း ဟံသာဇိုင်ဂနိုန်မြို့ကို တည်ထောင်သည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



ဒဂုံပေါက်အသံချောင်းထိ တဖက်ထန်းတောကြီးမြို့မြေနှင့် ကျောခိုင်း။ အရှေ့မြောက်ကို အသံချောင်းထိ တဖက်ထန်းတောကြီးမြို့မြေနှင့် ကျောခိုင်းဖြစ်၏။ နယ်ဂရပ်သတ်မှတ်ထားသည့်အတွင်း စီရင်စုရွာငယ် ၁၀ ရွာရှိသည့်အနက် မဇင်တောင်ရွာ၊ မြောက်ရွာ၊ အုတ်ဖိုရွာ၊ ကောဗျည်းရွာ၊ ကျိုက်ဒေးရုံရွာ၊ သဲဖြူချောင်းမြောက်ဖက်ရွာ၊ ၆ ရွာတွင်သာ လူနေရှိ၍ ဥယျဉ်ကြီးရွာ၊ သာရတရွာ၊ မအူပင်ရွာ၊ ရွာ ၄ ရွာတို့တွင် လူနေမရှိချေ။

နယ်ဂရပ်အတွင်း စပါး ကျွဲယှဉ်း ၅၀၀ (?) လုပ်ရှိ၍ တယှဉ်းလျှင် မျိုး ၁၅ တင်းကျ လုပ်ဆောင်၏။ မြို့ဝန်၊ အခွန်ဝန်၊ ရေဝန်၊ အကောက်ဝန်တို့က အခွန်ရေးစစ်သိမ်းခံလျှင် ကျွဲတယှဉ်းလုပ်ကို အခွန်စပါးတင်း ၅၀ ကျ ဟံသာဝတီမြို့ကျီတော်မှာ ဆက်သွင်းရသည်။ ကွမ်းပင်စိုက်သူတို့မှာ တကိုယ်လျှင် အခွန်တော်ငွေ ၅ ိ ဆက်သွင်းရမြဲဖြစ်၏။ ဟံသာဇိုင်းဂနိန်မြို့နယ်တွင် ဆိပ်တည်ပွဲ ကင်းကူးတို့ မရှိချေ။

သက္ကရာဇ် ၁၁၄၅ ခု စစ်တန်း စာရင်းရေးစစ်ချိန်တွင် ဟံသာဇိုင်းဂနိန်မြို့သည် တောကြီးမြက်ရှည်ဖုံးလွှမ်း၍ ရိုးရာဆက်ခံသူမရှိသဖြင့် စစ်တန်းမဆက်သွင်းရပေ။ ထို့ကြောင့် သက္ကရာဇ် ၁၁၅၉ ခုနှစ်တွင် ဟံသာဝတီမြို့ဝန်သည် သီရိကျော်သူအား ဟံသာဇိုင်းဂနိန်မြို့ကို ကြီးစိုးပြုစုရန် ခန့်အပ်၏။ သီရိကျော်သူလည်း ၎င်းနောက်မြို့သူကြီးအရာကို သားငရွှေဘီအား လွှဲအပ်သည်။ သက္ကရာဇ် ၁၁၆၄ ခု စစ်တန်းရေးစစ်သောအခါ တနင်္ဂနွေသားမြို့သူကြီး ငရွှေဘီသည် အသက် ၂၅ နှစ်ရှိပေပြီ။ ထိုအချိန်က ဟံသာဇိုင်ဂနိနိန်မြို့သည် ပြုစု တည်ထောင်စမြို့ဖြစ်သဖြင့် ဥကင်တော်ဖွင့် နှစ်သစ်၊ ဝါဝင်၊ ဝါကျွတ် ကန်တော့ လက်ဆောင်တော်များ မဆက်သရချေ။ ²

၁။ မသာဂ ဂ။ ၅၁

[ အ ]

အကရိချောင်း။ ။ဟံသာဝတီ ၃၂ မြို့အဝင် ထန်းတောကြီးမြို့နယ်နှင့် ဟံသာဝတီမြို့နယ် အကြားတွင် ရှိသည်။ ¹

၁။ မသာဂ ဂ။ ၄ဂ

အကဝက်ချောင်း။ ။မအူမြို့နယ်။ အကဝက်ချောင်းသည် ဟံသာဝတီ ၃၂ မြို့အဝင် မအူမြို့နယ်တွင် ရှိသည်။ ¹

၁။ မသာဂ ၆။ ၂၂၂

www.burmeseclassic.com

www.burmeseclassic.com



အကြေ။ ။မြစ်ကြီးနားခရိုင်။ အကြေရွာသည် ဧရာဝတီမြစ်ကမ်းဘေးရှိသည့် ကချင်ရွာဖြစ်၍ ကျောက်များသဖြင့် သင်္ဘောများဆိုက်ကပ်ခြင်းမပြုနိုင်ချေ။ အေဒီ ၁၈၉၀ တွင် အကြေရွာ၌ ကချင်အိမ်ခြေ ၁၄ နှင့် လူဦးရေ ၈၄ ရှိသည်။

၁။ ဂဇက် ၂။ ၁။ ၄

အကြေ၉ရွာ။ ။ပုဂံမြို့ကျေး။ အကြေ ၉ ရွာသည် ပုဂံမြို့စီရင်စု အပါအဝင်ဖြစ်၍ ဧရာဝတီမြစ် အနောက်ဖက်ကမ်း ယောချောင်းရိုးတလျှောက်တွင်ရှိသည်။ ယင်းတို့ကား စခန်းရွာ၊ ရွာမရွာ၊ စိုင်ဖြူရွာ၊ မြောက်မောင်းရွာ၊ ကဝိုင်ရွာ၊ စေသာရွာ၊ လယ်ကျင်းရွာ၊ ချိုင်ရွာ၊ ရွာဒူရွာများဖြစ်၏။ အကြေ ၉ ရွာများ၌ မင်းမြေသာရှိ၍ တနှစ်လျှင် မြေခွန်ငွေ ၅၅ ကသောင်းမြောင်တိုက်သို့ ပေးဆောင်ရသည်။

၁။ မသဂ ၃၂။ ၁။ ၅၈

အကြေပန်ရွာ။ ။ထီးလင်းမြို့စီရင်စု။ အကြေပန်ရွာသည် ပခုက္ကူခရိုင် ပေါက်ဆပ်ဒီဗီဇံ ထီးလင်းမြို့စီရင်စုတွင် ရှိသည်။ အေဒီ ၁၈၉၁ ခုတွင် လူဦးရေ ၃၃၆ ရှိ၍ အခွန်တော်ငွေကျပ် ၆၀ဝ ပေးဆောင်ရ၏။

၁။ ဂဇက် ၂။ ၁။

အကြည်ရွာ။ ။လောင်ရှည်မြို့နယ်။ အကြည်ရွာသည် ပခုက္ကူခရိုင် ယောတွင်းဆပ်ဒီဗီဇံ လောင်ရှည်မြို့နယ် အကြည်စီရင်စုရှိ ရွာတရွာဖြစ်သည်။ ထိုရွာတွင် အေဒီ ၁၈၉၁ ခုက လူ ၂၀၄ ယောက်ရှိ၍ အခွန်တော်ငွေ ၄၂၀ ပေးဆောင်ရသည်။

၁။ ဂဇက် ၂ ၁ ၄

အခပြင်ရွာ။ ။ဖောင်းလင်းမြို့ကျေး။ အခပြင်ရွာသည် ဟံသာဝတီ ၃၂ မြို့အဝင် ဖောင်းလင်းမြို့စီရင်စုတွင် ရှိသည်။

၁။ မသဂ ၈။ ၄၉

အခရိန်မြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ အခရိန်မြို့မြေသည် အရှေ့ကို လကွန်းပျည်းချောင်း မြေခွန်ဘုရားထိ၊ တောင်ကိုမအူမြို့မြေနှင့်ကျောခိုင်း။အနောက်ကို ဖောင်းလင်းချောင်းထိ၊ မြောက်ကို မြေတိုင် ရဲလှအာဏာ ကြီးစိုးသည့် မဟူရာမြေစပ်ထိဖြစ်၏။ ၎င်းနယ်တွင် အိမ်ခြေ ၂၅ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၁၆၄ ခု စစ်တန်းရေးစစ်ချိန်တွင် အခရိန်မြို့သူကြီးမှာ ရိုးရာသူကြီး ငထော်ကလိုဖြစ်၏။ ၎င်း၏အဖမှာ ငအောင်ကျော်ဖြစ်၍၊ အဖိုးမှာ နေပလာပါသုံးနှင့် အဘေးမှာ ငထော်ကလိုတို့ဖြစ်ကြ၏။[၁]

၁။ အခရိန်မြို့စစ်တန်း ၆၄

အငယ်။ ။ကျောင်းကျွန်။ ဇေယဝဍ္ဍနာ သက္ကရာဇ် ၆၂၁ ခုတွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်းသည် တေပို၏သားဖြစ်သည်။[၁]

၁။ ပုံ ၂၂၆ [၁၇]

အစုကြီး။ ။ထီးချိုင့်မြို့နယ်။အစုကြီးသည် ကသာခရိုင် ကသာဆပ်ဒီဗီဇံ ထီးချိုင့်မြို့နယ်တွင်းမှ ရွာ ၄ ရွာပါ ရွာစုဖြစ်သည်။ ထိုရွာသားတို့သည် ရွှေလီမြစ် အစုကြီးရွာမှ ပြောင်းရွှေ့ နေထိုင်လာသော ရှမ်းမြန်မာ အိမ်ခြေ ၁၀၆ ဖြစ်၍ ကုန်သွယ်လယ်လုပ်များဖြစ်၏။[၁]

၁။ ဂဇက် ၂။ ၁။ ၂၉

အစေခံ။ ။အရပ်အမည်။ အစေခံအရပ်သည် စကိုင်းမြို့ ရောဝတီမြစ်ကမ်းဘေး၌ရှိ၍ မြန်မာ မင်းများ ကောင်းစားစဉ်က လေှမှူထမ်းများနေထိုင်ရာဖြစ်၏။ မြဝတီမင်းကြီးငယ်စဉ်က ထိုအရပ်တွင် ပန်းတိမ်လုပ်ကိုင်ခဲ့သည်။[၁]

၁။ မသဂ ၄၅။ ၁၅၅

အစောကြွပ်း။ ။ကျောင်းတကာမ။ အစောကြွမ်းသည် ပုဂံမြို့ ဖုန်းမြတ်ကြီးမဟာကဿပ အရပ်၌ ကျောင်းကြီးပြုလုပ်ခဲ့သည်။[၁]

၁။ ပုံ ၂၂၄ [၁၂]

အစောစလာကဒေဝီ။ ။မင်းကြီးစွာစော်ကဲသမီးတော်။ အစောစလာကဒေဝီ သမီးမောင်နှံ သည် သက္ကရာဇ် ၇၃၆ ခု နယုန်လဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့တွင် အမြင့်မြို့အရှေ့၌ မဟာ ဝိဟာရကျောင်းကြီးပြုလုပ်လျက် ပစ္စည်း ၄ ပါးစီးပွားချမ်းသာဖြစ်စိမ့်သောငှာ ဝတ္ထုကံ မိုးမြေအများအပြား လှူတော်မူ၏။[၁]

၁။ စာရင်း ၆၇၄

အဇပုက္ခ ိ။ ။ဘီလူးမ။ စန္ဒမုက္ခ ိဟူ၍လည်းခေါ်သည်။ ၎င်းအား စူဠသမ္ဘဝ၊ မဟာသမ္ဘဝ ညီနောင်တို့ ဖောင်နှင့် စုံဆင်းရာတွင် တွေ့၍ မျက်စိအလင်းရကြသည်။[၁]

၁။ ရာဇဝံသတေး ပိုဒ် ၂၁

www.burmeseclassic.com



အဇာတသတ်မင်း။ ။ဗိမ္ဗိသာရသား။ အဖသတ်မင်း ဖြစ်၏။ ပဌမ သင်္ဂါယနာလည်း တင်သည်။

၁။ ရာဇဝံသပျို ပိုဒ် ၃။ ပလိပ်စား ပိုဒ် ၁၆။ မင်းဆက်ချောင်း ပိုဒ် ၆၇

အဇိတ။ ။ရဟန္တာ။ ဗာဝရီရသေ့၏တပည့် ၁၆ ယောက်တွင် တယောက်ဖြစ်၍ မြတ်စွာဘုရားအား ဖူးမျှော်ပြီးနောက် ရဟန္တာဖြစ်သည်။ မြန်မာပြည်၌ အသိတီရုပ်များ ထုလုပ်သည့်အခါ အဇိတရုပ်ထုလည်း ပါဝင်သည်။

၁။ တိလောက ကျော ၁၁

အဇိတဇိန။ ။ဗာရာဏသီပြည့်ရှင် မင်းတပါး။

၁။ ပလိပ်စား ပိုဒ် ၉

အဇေဌမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ စစ်ကဲချောင်းခိုလမ်းမသည် အဇေဌမြို့မြေနှင့် ထန်းတောကြီးမြို့ အရှေ့မြောက် မျက်နှာတို့၏ နယ်မြေခြားဖြစ်၏။

၁။ မသဂ ဂ။ ၄ဂ

အညာကိုင်း။ ။မတ္တရာမြို့နယ်။ အညာကိုင်းသည် မန္တလေးခရိုင် မတ္တရာမြို့နယ် တောင်ပြန်းငယ် အရှေ့တိုက် ဇီးကုန်းရွာတောင်ဖက်တွင်ရှိသည့် ရွာငယ်တခုဖြစ်သည်။ အညာကိုင်းရွာ၌ အေဒီ ၁ဂ၉၇ခုတွင် အိမ်ခြေ ၂၅နှင့် လူဦးရေ ၁၀၀ ရှိ၍ ရွာသားတို့မှာ လယ်လုပ်နှင့် ဝန်ထမ်းသာ များသည်။

၁။ ဂဇက် ၂။ ၁။ ၂ဂ

အညာတော။ ။ရေစကြိုမြို့နယ်။ အညာတောရွာသည် ပခုက္ကူဆပ်ဒီဗီဇ ရေစကြိုမြို့နယ်၊ သပြေတိုက်တွင်ရှိ၏။ အေဒီ ၁ဂ၉၁ ခုတွင် အညာတော၏ လူဦးရေမှာ ၂၇၆ ဖြစ်သည်။ အေဒီ ၁ဂ၉၇ခုနှစ်တွင် သဿမေဓ ငွေ ၉၁၀ ပေးဆောင်ရသည်။

၁။ ဂဇက် ၂။ ၁။ ၂၇

အညာတော။ ။မြိုင်မြို့နယ်။ အညာတောသည် ပခုက္ကူဆပ်ဒီဗီဇ မြိုင်မြို့နယ်၊ ပြုကန်တိုက်၌ရှိ၍ အေဒီ ၁ဂ၉၁ တွင် လူဦးရေ ၁၁၅ ရှိသည်။ ထိုနှစ်တွင် အညာတောမှသဿမေဓ ငွေ၁၀၅ ပေးဆောင်ခဲ့သည်။

၁။ ဂဇက် ၂။ ၁။ ၂ဂ

www.burmeseclassic.com

www.burmeseclassic.com



**အညာတော**။ ။ခုနစ်ရွာမြို့နယ်။ အညာတောသည် ပခုက္ကူခရိုင်၊ ကန့်ကောဆပ်ဒီဗီဇ° ခုနစ်ရွာမြို့နယ် တောမတိုက်တွင်ရှိသည်။ အေဒီ ၁၈၉၁ တွင် လူဦးရေမှာ ၅၀ ဖြစ်၍ ၁၈၉၇-၈ ခုတွင် ပေးဆောင်ရသော သဿမေဓ ငွေတော်မှာ ၁၁၀ိဖြစ်၏။°

၁။ ဂဇက် ၂။ ၁။ ၂၇

**အညာပန်း**။ ။ထီးလင်းမြို့နယ်။ အညာပန်းသည် ပခုက္ကူခရိုင်၊ ပေါက်ဆပ်ဒီဗီဇ° ထီးလင်းမြို့နယ်တွင် ရှိ၏။ အေဒီ ၁၈၉၁ ခုတွင် လူဦးရေ ၁၄၁ ဖြစ်၍ ၁၈၉၇ ခုတွင် ပေးဆောင်ရသော သဿမေဓမှာ ငွေ ၁၈၀ ဖြစ်၏။°

၁။ ဂဇက် ၂။ ၁။ ၂၇

**အတိတျာ**။ ။သမုဒ္ဒရိသား။ သရေခေတ္တရာမင်းဆက်မှ မင်းတပါး။°

၁။ ရာဇဝံသမျိုး ပိုဒ် ၆။ မင်းဆက်ချောင်း ပိုဒ် ၂၀။ ရာဇဝံသတေး ပိုဒ် ၂၆

**အတုလကုမ္ဘဇာတ်**။ ။ရေးသူ မောင်မောင်ကလေး။ အတုလကုမ္ဘဇာတ်ကို သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် ရန်ကုန်မင်းကြီး ဦးအုပ်သား မောင်မောင်ကလေးရေးသည်။ ပညာရှိများ နှစ်သက်၍ ရဟန်းတော်တို့ အသုံးများသည်။ အလွန်မှတ်သားဖွယ်ကောင်း၍ ပထမ ပုံနှိပ်စဉ်က စာအုပ် ၅၀၀ အဖိုးနှုန်း ၁ိ စီနှင့်ရောင်းရသည်။°

၁။ လွယ်အိတ် ၁။ ၂၇ ၁၈၂

**အတုလစန္ဒာ**။ ။မိဖုရားကြီး။ အတုလဆန္ဒာသည် ပင်းယငါးစီးရှင်မင်းကြီး၏ မိဖုရားကြီးဖြစ်၍၊ ရွှေအိမ်သည်အမည်ရှိသော သမီးတော်တပါး ထွန်းကားသည်။°

၁။ ပေါင်းချောင် ပိုဒ် ၁၃

**အတုလဆရာတော်**။ ။ရှင်ယသ။ အတုလဆရာတော်၏ ငယ်မည်မှာ ဦးပန်းထွေးဖြစ်၍ ရဟန်းဘွဲ့ ရှင်ယသဖြစ်သည်။ ၎င်းသည် အတင်ဂိုဏ်းခေါင်းဆောင်ဖြစ်၍ အလောင်းမင်းတရားကြီး လက်ထက်တွင် အထူးကိုးကွယ်ခြင်းခံရသည်။

**အတုလဆရာတော်**။ ။ခင်ကြီးဖျော်။ အတုလဆရာတော်သည် ပုတ္တောဝါဒဆုံးမစာကို ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အတုလဒေဝီ။ ။မင်းရဲကျော်စွာသမီး။ အတုလဒေဝီသည် ပထမမင်းခေါင်း၏သား မင်းရဲကျော်စွာနှင့် ကူခန်းသီဟပတေ့၏သမီးတို့ သင့်ရာတွင်မြင်သည့် သမီးတော်ဖြစ်သည်။ ကြီးပြင်းသောအခါ သာယာဝတီ မင်းရဲကျော်စွာနှင့်သင့်၏။[၁]

၁။ ပေါင်းချောင် ပိုဒ် ၁၇။ မင်းရွှေရေး ပိုဒ် ၅

အတုလမဟာဝမ္ဗဒေဝီ။ ။ဒုတိယမင်းခေါင်၏ မိဖုရားကြီးဖြစ်၏။

၁။ တံတားဦးတည် ပိုဒ် ၂ (ဂ)

အတိတ်နိမိတ်ကျမ်း။ ။ဤကျမ်းကို ရာဇကျော်ထင် ခေါ် ရွှေတောင်နန္ဒမိတ် ရေးသည်။ စစ်တွက်ခါနီး နိမိတ်ကောက်ယူပုံ စသည်တို့ ပါရှိသည်။[၁]

၁။ နဝဒေး မေ၁၉၆၂ စာပျက်နှာ ၁၂၇-၃၀

အထရံမြို့။ ။မုတ္တမ ၃၂ မြို့အဝင်။ အထရံမြို့နယ် အပိုင်းအခြားမှာ အရှေ့ကို ကျုံ့တေတရပ်ချောင်းဖျားထိ။ ယိုးဒယားမြေနှင့်အစပ်၊ တောင်ကို အနန်ပင်နှင့် ကရံဝင် ကမချောင်းဖျားထိ မော်လမြိုင်မြို့မြေနှင့်အစပ်၊ အနောက်တောင်ကို ဘုရားနှစ်ဆူထိ မော်လမြိုင်မြို့မြေနှင့်အစပ်၊ အနောက်တောင်ကို မဟာဥပရာဇာလမ်းမထိ မော်လမြိုင်မြို့မြေနှင့်အစပ်၊ အနောက်မြောက်ကို တဝိပလွန်အင်း မဟာဥပရာဇာလမ်းထိ ဇာရဲဇ မြေနှင့်အစပ်၊ မြောက်ကို သိမ်ကြီးရုံဒေသ လွန်ချောင်းထိ မော်လမြိုင်မြေနှင့်အစပ်၊ အရှေ့မြောက်ကို တမောဘော် ကျောက် သုံး ပုံ ထိ ဇာရဲဇ မြေနှင့်အစပ်ဖြစ်သည်။ ထိုနယ်ဂရပ်အတွင်း ရွာပေါင်း ၉ ရွာရှိသော်လည်း သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ရွာများ၌လူနေမရှိချေ။ ထိုအချိန်က အထရံမြို့သူကြီးမှာ အသက် ၄၈ နှစ်ရှိ စနေသားဗညားစက်ဖြစ်၏။[၁]

အထရံမြို့နယ်ကို သက္ကရာဇ် ၁၁၆၄ ခုနှစ်တွင် မော်လမြိုင်မြို့စား မြို့သူကြီးတို့က လုယူစီရင်ကြသဖြင့် အထရံမြို့စား လက်ဝဲကျော်ထင်သည် အထက်အထရံမြို့စား နတ်ထင်လှသူနည်း အထရံမြို့နယ်ကို မစီရင်ရကြောင်း လွှတ်တော်တွင်လျှောက်ထားရာ လွှတ်တော်မှ မော်လမြိုင်စား မြို့သူကြီးတို့အား အထရံမြို့ကို မနှောက်ယှက်ကြနှင့်ဟု အမိန့်တော်ထုတ်ပြန်၏။[၂]

၂။ လဖစ ၁၇ ၁။ လဖစ ၁၇

အထရံမြို့စား။ ။လက်ဝဲကျော်ထင်က သက္ကရာဇ်၁၁၆၄ ခုတွင် ၎င်း၏နယ်မြေကို မော်လမြိုင်မြို့စား မြို့သူကြီးတို့က နှောက်ယှက်လုယူသည်ဆို၏။[၁]

၁။ လဖစ ၁၇

www.burmeseclassic.com

www.burmeseclassic.com



**အထရံမြို့ပူဆောင်။** ။သက္ကရာဇ် ၁၁၆၄ ခုတွင် မြေတ်လှုဖြစ်သည်။

၁။ လဖစ ၁၇

**အထရံမြို့သူကြီး။** ။တည်။ အထရံမြို့သူကြီး တော်စုအား ရာဇဝတ်တော်နှင့်စီရင်သောအခါ အထရံမြို့သူကြီးအရာ လစ်လပ်သဖြင့် အထရံမြို့စား လက်ဝဲကျော်ထင်က တည်အား မြို့သူကြီးခန့်သင့်ကြောင်းလျှောက်ထားရာ လွှတ်တော်မှတည်ကို အထရံမြို့သူကြီးခန့်လိုက်၏။

၁။ လဖစ ၁၇

**အထက်ကြယ်တိုခြင်း။** ။ဤ သီချင်းကြီး၏အစ "အထက်ကယ်စူဠ၊ စွယ်တဲ့စွယ်လကျာ" ဖြစ်သည်။

၁။ ရှေးသီချင်းကြီးများ ၁၄

**အထက်ငြင်။** ။ပုဂံမြို့နယ်။ အထက်ငြင်သည် မြင်ခြံခရိုင် ပုဂံမြို့နယ်တွင်ရှိသည်။ အေဒီ ၁၈၉၅-၆ ခုတွင် အထက်ငြင်လူဦးရေမှာ ၂၉၀ ဖြစ်၍ ပေးဆောင်ရသောသဿမေဓအခွန်တော်မှာ ငွေ ၄၈၆° ဖြစ်၏။ ထို့ပြင် မြေခွန် ၄၆၄° ၉ပဲ ၃ ပိုင်လည်း ပေးဆောင်ရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၉

**အထက်စသာ။** ။မင်းခင်းမြို့နယ်။ အထက်စသာသည် အထက်ချင်းတွင်းခရိုင် မင်းခင်းမြို့နယ်တွင်ရှိ၍ အေဒီ ၁၈၉၇ ခုတွင် သဿမေဓငွေတော် ၃၈၀ ပေးဆောင်ရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၉

**အဓိပတိပြဟ္မာ။** ။အဝမ္မ ပုဏ္ဏားတော်ကြီး။ အဓိပတိပြဟ္မာသည် သက္ကရာဇ် ၁၁၁၃ ခုတွင် မဟာဓမ္မရာဇာဓိပတိနှင့် အတူ ဟံသာဝတီသို့ပါသွား၍ ဟံသာဝတီဘုရင်ထံတွင် အမှုတော်ထမ်းရ၏။ ဟံသာဝတီဘုရင်သည် အလောင်းမင်းတရားကြီးအား သမီးကညာဆက်ရန် စီစဉ်သောအခါ အဓိပတိပြဟ္မာကို အခါနေ့ရက်ရွေးချယ်ရန် အလောင်းမင်းတရားကြီးထံ စေရသည်။

၁။ ကဘဆ ၁။ ၂၂၅။ ၂၂၇

**အခွန်ရွာ။** ။ပဲကူးမြို့ကျေး။ အခွန်ရွာသည် ပဲကူးမြို့နှင့် မနီးမဝေးတွင်ရှိ၍ ယင်း၌ သက္ကရာဇ် ၁၁၁၈ ခုတွင် အလောင်းမင်းတရားကြီးနှင့် ဟံသာဝတီတပ်များတိုက်ပွဲဖြစ်ပွားကြသည်။

၁။ ကဘဆ ၁။ ၂၂၁

www.burmeseclassic.com

www.burmeseclassic.com



အနောက်ကိုင်းရွာ။ ။တောင်တွင်းချောင်မြို့ကျေး။ အနောက်ကိုင်းရွာသည် အထက်ချင်းတွင်းခရိုင် မင်းဝင်းဆပ်ဒိဗိဇ် တောင်တွင်းချောင်းမြို့ စီရင်စုတွင်ရှိ တိုက်နယ်တခုဖြစ်သည်။ အနောက်ကိုင်းရွာမှ အေဒီ ၁၇၈၇ ခုတွင် အခွန်တော်ငွေ ၁၀၀ိ ပေးဆောင်ရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၅

အနောက်ကုန်း။ ။ပခုက္ကူမြို့နယ်။ အနောက်ကုန်းသည် ပခုက္ကူမြို့နယ်၊ ကျပ်ရွာတိုက်အဝင် ရွာတရွာဖြစ်၍ အေဒီ ၁၇၈၃ ခုတွင် လူဦးရေ ၃၂၀ ရှိလျက် အခွန်တော်ငွေ ၆၀ိ ပေးဆောင်ရ၏။

၁။ ဂဲဇက် ၂။ ၁။ ၂၅

အနောက်ကမ်းဖြူ။ ။ဆိပ်ဖြူမြို့နယ်။အနောက်ကမ်းဖြူသည်ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် အနောက်ကမ်းဖြူတိုက်အဝင် ရွာတရွာဖြစ်၏။ အေဒီ ၁၇၈၃ ခုတွင် လူဦးရေ ၁၈၄ ရှိသည်။ အေဒီ ၁၇၈၇ ခုတွင် သဿမေဓ ငွေတော် ၈၁၀ိ ဆက်သွင်းရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၅

အနောက်ကျပ်အိုး။ ။ပခုက္ကူမြို့နယ်။ အနောက်ကျပ်အိုးသည် ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကျပ်အိုးရွာတိုက်အဝင် ရွာတရွာဖြစ်သည်။ အေဒီ ၁၇၈၃ ခုတွင် လူဦးရေ ၂၇၁ ရှိ၍ အခွန်တော် ငွေ ၄၅၀ိ ပေးဆောင်ရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၅

အနောက်ကျွန်း။ ။ကျိုက်ပကစ်အထက်တွင် ရှိသည်။

၁။ ကဘဆ ၁။ ၂၁၀

အနောက်စု။ ။ရေစကြိုမြို့နယ်။အနောက်စုသည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၊ ခွေးတောင်တိုက်အဝင် ရွာတရွာဖြစ်သည်။အေဒီ ၁၇၈၃ တွင် လူဦးရေ ၃၂၂ ရှိ၍ အခွန်တော်ငွေ ၆၈၀ိ ပေးသွင်းရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၆

အနောက်စု။ ။မြိုင်မြို့နယ်။အနောက်စုသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကွန်လပ်တိုက်အဝင် ရွာငယ်တခုဖြစ်သည်။ အေဒီ ၁၇၈၃ ခုတွင် ထိုရွာ၏ လူဦးရေမှာ ၂၇၈ ဖြစ်၍ အခွန်တော်ငွေ ၅၄၀ိ ပေးဆောင်ရသည်။

၁။ ဂဲဇက် ၂။ ၁။ ၂၅

www.burmeseclassic.com

www.burmeseclassic.com



အနောက်တော။ ။ပခုက္ကူမြို့နယ်။အနောက်တောသည် ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကျပ်ရွာ တိုက်အဝင် ရွာငယ်တရွာဖြစ်၍ အေဒီ ၁၈၉၁ ခုတွင် လူဦးရေ ၁၄၄ မျှသာဖြစ်၏။ အခွန် တော်ငွေ ၃၆ဝိ ပေးဆက်ရသည်။

၁။ ဂဇက် ၂။ ၁။ ၂၅

အနောက်တော။ ။မြိုင်မြို့နယ်။အနောက်တောသည် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ချောင်းဆုံကြီး တိုက်အဝင် ရွာငယ်တခုဖြစ်သည်။ အေဒီ ၁၈၉၁ တွင် လူဦးရေ ၈ဝ ရှိ၍ အခွန်တော်ငွေ ၁၃ဝိ ပေးဆောင်ရ၏။

၁။ ဂဇက် ၂။ ၁။ ၂၅

အနောက်ဒေါင်းမ။ ။မြိုင်မြို့နယ်။အနောက်ဒေါင်းမသည် ပခုက္ကူခရိုင်၊မြိုင်မြို့နယ်။ဗျသီးတိုက် အဝင် ရွာငယ်တခုဖြစ်သည်။အေဒီ ၁၈၉၁ ခု သန်းခေါင်စာရင်းအရ အနောက်ဒေါင်းမ၏ လူဦးရေသည် ၈၂ ဖြစ်၏။ ယင်းမှ အေဒီ ၁၈၉၇ ၈ တွင် သဿမေဓအခွန်တော်ငွေ ၃၆ပိ ပေးဆောင်ရ၏။

၁။ ဂဇက် ၂။ ၁။ ၂၅

အနောက်ဝင်းမှူး။ ။မဟာဥတ္တမသကြံ ရှု။

အနောက်အုံ့ရွာ။ ။ပုဂံမြို့ကျေး။အနောက်အုံ့ရွာသည် စချီရွာတောင်ဖက်တွင်ရှိသည်။ သက္ကရာဇ် ၁၁၄၅ ခုတွင် အနောက်အုံ့ရွာစစ်တန်းစာရင်း ဆက်သွင်းသည့်သူကြီးသည် မိချင်းဖြစ်၏။

၁။ အနောက်အုံ့ရွာစစ်တန်း ၃၅ ခု

အမရံချောင်း။ ။နယ်ခြား။ အမရံချောင်းသည် ဟံသာဝတီ ၃၂ မြို့နယ်နှင့် သန်လျင်မြို့နယ် အစပ် စစ်တောင်းမြစ်၊ ဝင်းလေးချောင်း၊ ဒေးစပ်အစိုင်ချောင်းအစပ်တွင် ရှိသည်။

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

အမင်း။ ။ဇေယျဝတ္တနာသား။ အမင်းသည် သက္ကရာဇ် ၆၂၁ ခုတွင် ပုဂံမြို့ရှိ တောကျောင်းနှင့် ဘုရားအား မြေကျွန်စသည်များကို ဖခင်နှင့် အတူ လှူဒါန်း၏။

၁။ ပုံ ၂၂၆ ၊၊

www.burmeseclassic.com

www.burmeseclassic.com



အမြိုက်။ ။တောင်တွင်းကျွန်။ မင်းမယား စချိဗိုလ် သက္ကရာဇ် ၆၃၃ ခုတွင် ရတနာ ၃ ပါးအား လှူသော တောင်တွင်းကျွန်တယောက်ဖြစ်၏။ အမြိုက်မယားမှာ အိုထန်၊ သမီးမှာ စင်ကြယ်နှင့် ယောက်ဖမှာ ငဝတို့ဖြစ်ကြသည်။[၁]

၁။ ပုံ ၂၇၂ [၁၄-၁၅]

အသားမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ အသားမြို့ကို ဟံသာဝတီပြည့်ရှင် ဝိမလဘုရင် လက်ထက်တွင် တည်ထောင်ပြုစုသည်။[၁]

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

(နွယ်နီ) အသည်ကျောင်း။ ။အဓတ်ဝတ္တသက်သူ သမီးမောင်နှံတို့သည် အသည်ကျောင်း တည်ဆောက်၍ တရားဝတ်ဖြစ်စိမ့်သောငှာ သက္ကရာဇ် ၇၃၃ ခု နယုန်လဆန်း ၉ ရက်တွင် လကြပ်၊ လယ်တွင်း။ ညောင်ပင်ရှေ့ကိုယ်ရုံမြေများ လှူခဲ့၏။[၁]

၁။ မုန်ရွေ ၁၈ ကျော [၁-၆]

အသည်ဝန်ကြီး။ ။ကနောင်မြို့စား ရှု။

(င) အိ။ ။လွတ်လုင်။ ငအိသည် သက္ကရာဇ် ၁၁၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်နေ့တွင် လွတ်လုင်အဖြစ် အမှုထမ်းလျက်ရှိသည်။[၁]

၁။ လဖစ ၅

(င) ဦး။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ နှစ်တွင်လှူသော ကျွန်တယောက် ဖြစ်သည်။[၁]

၁။ ပုံ ၂၂၇ [၆]

(င) ဦး။ ။တောင်ဖလူကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ခုနှစ်တွင်လှူသော ကျွန်များတွင် ငဦးအမည်ရှိ တောင်ဖလူ ကျွဲထိန်းလည်း တယောက်အပါအဝင်ဖြစ်သည်။ ငလုံးကြီးမှာ ငဦး၏ညီ ဖြစ်၏။[၁]

၁။ ပုံ ၂၂၇

www.burmeseclassic.com

www.burmeseclassic.com



(မိ) ဦး။ ။ကျောင်းကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ကျောင်းကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၌ အိုလက်အမည်ရှိသော ညီမရှိ၍၊ ထိုညီအမတို့သည် ဦးဖွဲ့သည်အိုမြေပုံသမီးများဖြစ်ကြ၏။ ၁

၁။ ပုံ ၂၂၆၂၆

မိဦးကြီး။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုနှစ်တွင် လှူသော ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၇၁၀

ဦးညိုဖြူ။ ။ရွာသူကြီး။ ဦးညိုဖြူသည် မေဃဝတီမြို့ကျေး ကြက်ရိုးရွာသူကြီးဖြစ်၍၊ ၁၁၆၄ ခုစစ်တန်းစာရင်းဆက်သွင်း၏။ ၁

၁။ လဖစ ၁

(င) ဦးပိး။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်၏။ ၎င်းအာကိုများမှာ လွဲ၊ ဝမ်းဖြည့်၊ တပါး နောင်ငယ်နှင့် ချေစ်ဖွယ်တို့ဖြစ်ကြသည်။ ၁

၁။ ပုံ ၂၂၆၂၃

(င) ဦးပိး။ ။ကျွန်။ မင်းမယား စချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် ရတနာ ဥပါးကို လှူသော ကျွန်တယောက်ဖြစ်၏။ ငဦးပိးသည် ငစိမ်း၏သား ဖြစ်သည်။ ၁

၁။ ပုံ ၂၃၂၀၁၉

(င) ဦးလွယ်။ ။ကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၃၁ ခုတွင်လှူသည့် ကျွန်တယောက် ဖြစ်သည်။ ၁

၁။ ပုံ ၂၂၇၁

(င) ဦးလွယ်။ ။ဘုရားကျွန်။ ဇေယဝတ္တနာ သက္ကရာဇ် ၆၂၁ ခုနှစ်တွင် ဘုရားကိုလှူသော ကျွန်တယောက်ဖြစ်သည်။ ၎င်း၏ညီမှာ သံဖာဖြစ်၍၊ ဖထွေးများမှာ ဝမ်းဖြည့်၊ တပါး၊ နောင်ငယ်၊ ချေစ်ဖွယ်တို့ဖြစ်၏။ ၁

၁။ ၂၂၆၂၁

www.burmeseclassic.com

www.burmeseclassic.com



အဲမွန်တရာ။ ။ငထော်နာ ရှု။

အိုဆေးငယ်။ ။မြင်းခုန်တိုင်အဝင်။ မင်းမယား စချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် အိုဆေးငယ်လယ် ၅၀ လှူသည်။ ထိုမြေများကို ပဒေသာသည်ထံမှ ရရှိ၏။[၁]

၁။ ၂၃၂[၁၂]

အိုဆေးသစ်။ ။မြင်းခုန်တိုင်အဝင်။ မင်းမယား စချီဗိုလ်သည် သက္ကရာဇ် ၆၃၃ ခုနှစ်တွင် မြင်းခုန်တိုင်ခရိုင် အိုဆေးသစ်ရွာအနောက် ပျင်ရွာအရှေ့မှ မြေ ၂၅ ပယ်လှူ၏။ ထိုမြေများကို ပဒေသာသည်ထံမှ ရရှိသည်။[၁]

၁။ ပုံ ၂၃၂[၁၂၊၁၅]

အက္ကပတ်မြင်းဝန်။ ။အတွင်းဝန်။ ၎င်းကို သာယာဝတီမင်းလက်ထက်တွင် အက္ကပတ်မြင်းဝန်၊ နောက်ပန်းပဲဝန်၊ ပုဏ္ဏားဝန်၊ ကသည်းမြင်းဝန်၊ ကွမ်းရေခေါင်း၊ အတွင်းဝန် အဆင့်ဆင့် ခန့်ထားချီးမြှင့်ခြင်းခံရသည်။ နောင်တွင် မြဲတောင်မင်းကြီးဖြစ်၏။[၁]

၁။ မသက ၄၅။ ၁၅၉

အဂ္ဂမဟာသေနာပတိ။ ။မင်းကျော်ပျံချီ ရှု။

အင်းနိုင်ငံ။ ။လောင်သည် ရွာကလန်သံပျင်တဦး။ ဝေမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုနှစ်တွင် မြေရောင်းရာ၌ သက်သေအဖြစ်ပါဝင်သည်။[၁]

၁။ ပုံ ၂၂၄[၆]

(င) အောင်။ ။တရားမြို့သူကြီး။ ဗန်ကျိတိုက်အဝင် တရားမြို့သူကြီး င အောင် သည် သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် ရာဇဝတ်တော်နှင့် စီရင်ခြင်းခံရသည်။ ငအောင်၏သားမှာ ငကြီးဖြစ်၏။[၁]

၁။ လပစ ၃

(င) အောင်ခဲ။ ။ဇလပ်ပြင်ရွာသူကြီး။ မေဃဝတီမြို့ကျေး ဇလပ်ပြင်ရွာသူကြီး ငအောင်ခဲသည် ဇလပ်ပြင် ၁၁၆၄ ခုနှစ် စစ်တန်းများဆက်သွင်းသည်။[၁]

၁။ လပစ ၁

www.burmeseclassic.com

www.burmeseclassic.com



(င)အောင်စင်။ ။ကျွန်။ ဇေယျဝဍ္ဍနာ သက္ကရာဇ် ၆၃၁ ခုနှစ်တွင်လှူသည့် ကျွန်များတွင် ငမအိုသား ငအောင်စင်လည်း အပါအဝင်ဖြစ်သည်။

၁။ ပုံ ၂၂၇

အောင်စံရှိ။ ။မင်းရပ်ရွာသူကြီး။ မေဓာဝတီမြို့ကျေး မင်းရပ်ရွာသူကြီး ငအောင်စံရှိသည် မင်းရပ်ရွာ ၁၁၆၄ ခုနှစ်စစ်တန်းစာရင်းများ ဆက်သွင်း၏။

၁။ လပစ ၁

(င)အောင်တိုင်။ ။တောင်ရွာသူကြီး။ မေဓာဝတီမြို့ကျေး တောင်ရွာသူကြီး ငအောင်တိုင်သည် တောင်ရွာသက္ကရာဇ် ၁၁၆၄ ခုနှစ် စစ်တန်းစာရင်းများ ဆက်သွင်း၏။

၁။ လပစ

(င)အောင်မှန်။ ။လောင်းသည်ရွာ ကလန်သံပျင်တဦး။ ဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုနှစ်တွင် မြေရောင်းရာ၌ သက်သေအဖြစ် ပါဝင်သည်။

၁။ ပုံ ၂၂၄

အောင်သာကူးတို့။ ။ပုဂံမြို့ဘဝင်။ အောင်သာကူးတို့သည် ပုဂံမြို့တွင်ရှိ ကူ တို့ ၄ ခုအနက် တခုဖြစ်၏။

၁။ ပသဂ ၃၂။ ၅၅

(င)အုန်းရင်။ ။လောင်းသည်ရွာ ကလန်သံပျင်တဦး၊ ဝမ်းဖြည့်သင် သက္ကရာဇ် ၆၂၅ ခုနှစ်တွင် မြေရောင်းရာ၌ သက်သေအဖြစ်ပါဝင်သည်။

၁။ ပုံ ၂၂၄

အုန်းတောအောင်သာမင်းသမီး။ ။ဗဒုံမင်းသမီးတော်။ အုန်းတောအောင်သာမင်းသမီးသည် ဗဒုံမင်းနှင့်ကိုယ်လုပ်တော်သုဇာလီတို့ သင့်ရာတွင် မြင်သည့်သမီးတော်ဖြစ်၍ ၎င်း၏မောင်တော်မှာ တောင်သာမင်းသားဖြစ်သည်။

၁။ ပဇပ ၂၃၃

www.burmeseclassic.com

www.burmeseclassic.com



( ဦး )အုပ်။ ။ဝန်ကြီး။ ဦးအုပ်အားဗဒုံမင်းသည်နေမျိုးဇေယကျော်စွာဘွဲ့နှင့်အိမ်ရှေ့အတွင်းဝန်ခန့်သည်။ စကိုင်းမင်းနန်းတက်သောအခါ ဦးအုပ်ကို မင်းရာဇာဘွဲ့နှင့် ကောလင်းမြို့စားအတွင်းဝန်ခန့်သည်။ နောက် ဝန်ကြီးခန့်တော်မူပြန်သည်။ ၎င်း သည် ဝန်ကြီးအရာနှင့်ပင် သက္ကရာဇ် ၁၁၈၇ ခုနှစ်တွင်နာ၍ လွန်သည်။[၁]

၁။ မသဂ ၄၅။ ၁၄၅

ဥတ္တပကြုံ။ ။ကျွန်။ စည်သူမင်းကြီးသည် သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် မြို့က်အရပ်ရှိ မြေ ၁၀၀ ကို နတ်ထမင်းရသော သခင်ထံပါးအား လှူသောအခါ ဥတ္တပကြုံကိုလည်း မြေထိန်းစိမ့်သောငှါ လှူလိုက်သည်။[၁]

၁။ ပုံ ၂၂၀ ခ

ဥတ္တဖရစ်။ ။ကျွန်။ စည်သူမင်းကြီးသည် သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် ထံပါးတပင်အရပ်ရှိ မြေ ၃၀ ကို နတ်ထမင်းရသောသခင်ထံပါးအား လှူသောအခါ ဥတ္တဖရစ်ကိုလည်း မြေထိန်းစိမ့်သောငှါ လှူလိုက်။[၁]

၁။ ပုံ ၂၂၀ ခ

အမ်းမြို့။ ။ဟံသာဝတီ ၃၂ မြို့အဝင်။ ဟံသာဝတီဘုရင် သမလင်းလက်ထက်တွင် အမ်းမြို့ကို တည်ထောင်ပြုစုသည်။[၁]

၁။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



## ရှေးသုံးစကားများ

## [ က ]

**ကကြိုးတန်ဆာ**။ ။ကကြိုးတန်ဆာများသည် ဆင်မြင်းတို့တွင် တပ်ဆင်ရသော တန်ဆာဖြစ်သည်။ စီးနင်းသူ၏ ရာထူးအနိမ့်အမြင့်အလိုက် ကွဲပြားသည်။

ထို့နောက် ရတနာကိုးပါးတို့ဖြင့် ချယ်စီချုပ်လုပ်အပ်သော လျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက်အရောင်ရှိသော ရတနာ ရွှေကြိုး ရွှေက တို့ဖြင့် တန်ဆာဆင်အပ်သော အတိုင်းသုံးထောင်တမိုက်ရှိသော မြင်းတော်နတ်ယဉ်ကျော်ကို စီးတော်မူသည်။[1]

အိမ်ရှေ့မင်းမှာမြင်းက ညောင်ရွက် ၉ ချပ်၊ကကိုင်း ရွှေပုဇွန်ခွံမှမ်း၍အပြောက်ထုံသည်။ တမြုံကို ဟင်္သာပတားသုတ်သည်။ ကတောင်းဆွဲ ရက်ဖေါက် သံပုရာခွံ အုပ်ခက် ပါးကာကို ရွှေပုဇွန်ခွံကပ်သည်။ နှင်းနှင်းသိပ် အိမ်မြှောင်ရင်ဘတ်ကွင်းတွင် ဆက်ကို ရွှေဇဝါထည့်သည်။ ကတောင် မည်သရီမှမ်း၍ အနားကို ရွှေရွက်ပြားကပ်သည်။ မြင်းကြိုးမည်သရီမှမ်း၍ ရွှေကြယ်တပ်သည်။ တင်ရန်း၊ ညောင်ရွက် ၃ ဆင့်နှင့် မည်သရီမှမ်းသည်။ အောင်းပန်းပွားကို ပိုးစုကိုထည့်၍ ပေးသည်ကို စီးသည်။[2]

မြင်းတော်သည်တို့မှာ မြင်းက အနက်သုတ်၊ ညောင်ရွက် ၃ ချပ်၊ ကကိုင် ကတောင်ဆွဲ ရက်ဖေါက်သံပုရာခွံ၊ နှင်းနှင်းသိပ်၊ အိမ်မြှောင်ဇက်က ငွေဇဝါ၊ ကတောင်အနက်သုတ်၊ မြင်းကြိုးမှာ ရွှန်ရက်ကြိုးစီးနှိုးဘက်ဝန်း၊ နီပါးထည်မှမ်း၊ တင်ရန်းကစုတ်ရက်ကို စီးသည်၊မြင်းကြိုးက ရွှေဇဝါပေး၍ စီးနင်းရသည်။[3]

၁။ ကဘဆ ၁။ ၁၂၀ ၂။ လကဗဟ ၂၃၁ ၃။ လကဗဟ ၂၃၁

**ကစားလောင်းစား**။ ။ ကစားလောင်းစားခြင်း မရှိစေရန် မြို့ဝန်မင်းများက တာဝန်တရပ်အနေနှင့် ကြည့်ရှုစောင့်ရှောက်ရသည်။

ကစားလောင်းစား မထွက်၊ ဘိန်းဘင်းအရက် ထန်းရည်မပေါ်စေရ ထိန်းသိမ်းခြင်း။[1]

၁။ စာရင်း ၁၁၁၇ ^၁၀

www.burmeseclassic.com

www.burmeseclassic.com



ကဇော်။ ။သေရည်တမျိုး။

ကျောင်းပတ်လည် ၅၀၀ တာအတွင်းတွင် ထန်းရည်အရက် ကဇော် လော်ဆာ သားထိုး နွားသတ် ကျေးငှက်သားငါး သတ္တဝါအပေါင်းတို့ကို သတ်ညှစ်ဖန်ယူခြင်း ရှာနေတို့ ကြည်ရှောင်ကြအံ့မိန့်တော်¹

မြို့တော်မှစ၍ နိုင်ငံတော်ပတ်လည် မြို့ရွာများတွင် အရက်၊ ကဇော် လော်ဇာ စသော မကောင်းသော အမှုအရာတို့ကိုလည်း မသတ်မညှစ် မသောက်မစား မကိုးမကွယ်စေရ။²

၁။ ရွှေနန်းသုံး ခန်း ၈၁ ၂။ ကဘဆ ၁။ ၇၁

ကညာဖျက်ဆီးမှု။ ။ကညာဖျက်ဆီးမှုအမျိုးမျိုးရှိသည်။

ကညာဖျက်ဆီးမှုနှင့်စပ်၍ အာဏာရဘေဒအားဖြင့် ကညာ ၄ ပါး ၅ ပါး ၉ ပါး။ ပဘေဒအားဖြင့် ကညာ ၅ ပါး ၉ ပါး၊ မိဿကဘေဒအားဖြင့် ကညာ ၂၁ ပါး ၂၂ ပါး။ ရောရှက်ကျူးလွန်ပုံ အခြင်းအရာ ၄ ပါး ၅ ပါး စသဖြင့် အရာမက သော ကညာဖျက်ဆီးမှု တရားစကား။¹

၁။ ရွှေနန်းသုံး ခန်း ၈၈

ကညစ်။ ။ကညစ်သည် စာရေး အင်္ဂါတွင်ရင်း၊ ဆေးသမား အင်္ဂါတွင်ရင်း ပါဝင်သည်။

ကညစ် ကံ့ကူမမ်သစ္စေ ရွှေရေမိးစာမှောင်စာ ကျေဒ္ဒုဂဏန် သုဝဏ္ဏလိပ် စသပ် စာရေး၏ အင်္ဂါတိုပ်နိုက်လည်ကောင်¹

သူနာခေါ်ရာလိုက်လေ၏။ ထိုသမားသည် ကညစ်၊ ထားယယ်ကိုင်၍ လက်သုံး လှေကားသို့တက်လျှင်ပင်၊ လူနာသည် ချမ်းသာရနှင့်အံ့။ ငွေငါးကျပ် ပူဇော် စေရမည်။ ငါးကျပ်ကသည် လွတ်လိုသော်။ သုံးကျပ်ပူဇော်စေရမည်။²

၁။ တိလောက မျက် ၂၉ ၂။ မနုကျယ် ၄၆

www.burmeseclassic.com

www.burmeseclassic.com



ကတီ။ ။မင်းခမ်းမင်းနားများတွင် သုံးသည့်ခွက်ယော် တမျိုး။

သက္ကရာဇ် ၁၁၉၅ ခုနှစ်တွင် ညောင်ရမ်းမင်းနားထွင်း သျှောင်ထုံးစဉ်က ရွှေတိုက်တော်က ရွှေကတီအချိန်လေးကျပ်ရှစ်မူးနှင့်ငွေကတီအချိန် ခုနှစ်ကျပ်တမူး တပဲလေးရွေးကို ထုတ်ပေးရ၏။[၁]

၁။ ညောင်ရမ်း ၄၁ကျော

ကတော်ကြီး။ ။မန္တလေး ရတနာပုံခေတ်တွင် အနောက်ပွဲတက်ကန်တော့ခံ အခမ်းအနားသို့ တက်ရောက်နိုင်သည့် ကတော်ကြီး ၁၆ ယောက်သာ ရှိသည်။ ယင်းတို့မှလွဲ၍ ကျန်မှူးမတ်တို့၏ ဇနီးများကို ကတော်ဟု မခေါ်ရချေ။

တနိုင်ငံလုံးတွင် ၎င်း ကတော်ကြီး နေရာနေမှုသာလျှင်။ မင်းကတော်ဟု ခေါ်ဝေါ်ရေးသားရသည်။[၁]

မင်းတုန်းမင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၂၂၃ ခု ခန့်တွင် ကတော်ကြီးတို့မှာ (၁) မြို့တောင်ဝန်ကြီးကတော်၊ (၂) လောင်းရှည်ဝန်ကြီး ကတော်၊ (၃) ရွှေတိုက်ဝန်ကတော်၊ (၄) ရွှေဝင်းမှူးကတော်၊ (၅) နောက်ဝန်းကျင်ဝန်ကတော်၊ (၆) လက်ဝဲဝင်းမှူးကတော်၊ (၇) ဗန်းမော်အတွင်းဝန်ကတော်၊ (၈) ယောအတွင်းဝန်ကတော် (၉) လကျ်ာဝင်းမှူးကတော်၊ (၁၀) ရေနံချောင်းအတွင်းဝန် ကတော်၊ (၁၁) မယ်တော်ဘုရားဝန်ကတော်၊ (၁၂) မြို့သာမြို့စား မြို့ဝန်ကတော်၊ (၁၃) မြို့သစ်မြို့စားဝန်ကတော်၊ (၁၄) လယ်ကိုင်းမြို့စားကတော်တို့ ဖြစ်ကြ၏။ ၎င်းတို့ရရှိသောအဆောင်အရွက် အစီးအနင်းများမှာ—

မုတ်လှုခွက်ဦးတဘက်ပါ။ အပေါင်း အခွက် အနီ။ ကမွတ်ဇတာအိမ်။ အတွင်းမှော်ရွှေ ထောင်ပြေပန်းဆုပ်။ ပန်းသွန်းစိန်တောင်ရွှေ ၂ စု။ အနီ တစု။ ဘိနပ်ဆင်ခြေဘုံး။ ထုပြောက်ကြာဘောင်းသင်းချော။ ပန်းလှကြာနု။ အ ထက် အမိုး အုံနီး အချက် အထွက် ရွှေ။ ချင် ပိတ် မှော် တန်း ဝတ် ဆံ ရွှေ။ သတောင်းလည်ကြာနုဝတ်ဆံရွှေ။ ထောင့်ပြေခြီး။ တော်ရနောင်စိုက်ရွှေ ၂ စု။ အနီတစု။ အဆော်တင် အပြောက်သရက်ကင်းရွှေ ၂ စု။ အနီတစု။ ကန္တဝါတိုင် မှုတ်ရိုး ပွတ်ခံအနီသုတ်။ အကာကတ္တီပါ ကမွတ်တဆင့်သတ်။ ကျိုင်းအချက် အထွတ် ရွှေ ၂။ အအုံအရွက် အရိုး အနီသုတ်။ ယာဉ်လည်ပေါ်ရွှေ ၂ စု။ အစိမ်း တစု။ အကာကတ္တီပါ ရွှေယက်ပြားတဆင့် သတ်။ အဆင်တန်ဆာ မြိတ်ရစ်မြိတ်ခံ ဂုံးကတ္တီပါနက်။ အနားရွှေဇာ ပစဉ်းတောင် နှစ်ဆင့်သတ်။ ရွှေသားပန်းစုံဘော ပေါက်။အတွင်းရောင်ပြား အနီခံ။စိန်တောင် ၁၅။အနားသရက်ကင်းထုပြောက်။

၁။ ရွှေနန်းသုံး ခန်း ၁၂

www.burmeseclassic.com

www.burmeseclassic.com



အလယ်ဗိလား ဆံထိုး ဆံကျင် ၄ မျက်နှာ ညောင်ရွက်သရက်ကင်း ထုပြောက်။ ရောင်ပြား အနီခံ။ အတွင်း အလယ် ရောင်လင်း။ မြို့တ်ကွင်း သရက်ကင်း၊ ရွှေနောက် ရွှေသား ကုလားပန်း ထုပြောက်။ အတွင်းရောင်ပြား အနီခံ။ အလယ်ရောင်လင်း။ ဆံထိုးတိုင် ရွှေသား ဇာပေါက်ရောင်ပြားအနားခံ။ ရွှေနား ဘောင်း မီးတွင်းဆူး ၂ ထပ်။ တုရင်သင်တိုင်း ကတ္တီပါစိမ်း လက်ရင်း လက်ဖျား ခါးအောက် အနားပတ် ရွှေဇာတပ္ပူပြား ၂ ဆင့် အတွန့်ပိန္နဲဆူးတပ်။ ရွှေပုဇွန်ဆီခံ။ ချင်းစိမ်းတက်သတ်။ ချုပ်ရိုးချုပ်ကြောင်း ဇာအတွန့်သတ်။ ခါးရမ်းကြိုး ကတ္တီပါ ၃ ဆင့်။ အထက်အဝါ။ အလယ်နီ။ အောက်အစိမ်း။ ရွှေဇာ ၃ ဆင့် အတွန့် ပိန္နဲဆူးတပ်။ အောက်ဆင့် ပုဇွန်ဆီ ချင်းစိမ်းတက်သတ်။ ရင်လွှမ်းကတ္တီပါဝါ ကတ္တီပါစိမ်း အတောင်တပ်။ ရွှေဇာတပ္ပူပြားအတွန့်ပိန္နဲဆူး ၃ ဆင့်။ ပစဉ်း တောင်သတ်။ ရှေ့ဘုံး ၃ ဆင် အထက် ကတ္တီပါနီ။ အလယ် ကတ္တီပါစိမ်း။ ဇာတာအိမ် ရွှေဇာ ၂ ဆင့်။ ပစဉ်းတောင် တဆင့်သတ်။ အနား ကြက်လည် ဆံတပ်။ စုလျား ကတ္တီပါစိမ်း။ အနား ပစဉ်းတောင် ရွှေဇာ ၂ ဆင့်သတ်။ အလယ် ကြယ်ဘောက်အမြိတ် ၂ ဘက် ပုဇွန်ဆီ တခထောင့်တမိုက် ကြယ်ဘောက်။ ကြက်လယ်ဆံတပ်။ ဒက်ဘရက်စည်ဘောင်း-လည်ရွဲတန်ဆာ ရွှေသား ဇာဘောက် ရောင်ပြား အနီခံ။ ဒွါဒရာ ပုဇွန်ဆီခံ ၁၂ တန့် ကြယ်တောင်ဘောက်။ ပိုးရည် တောင် ဇာခြယ်။ အမြိတ်ကြက်လည်ဆံ သုံးဆင့်သတ်။ တဘီဖဲးစပ်။ အနား ပိုးစုံသတ်။ လက်လိုက် ပန်းတီး။ ကွ ံးခွက်။ လဘက်အိုး တကောင်းပိတ် ရှစ်ထောင့်ပယင်းတပ်။ ကွံးလိပ်သုံးမြွာ ပယင်းတပ်။ မိုးကြိုး ထွေးအင်။ ဆောင်း ရွှေထီးသနားတော်မူသည်။ ၂

၂။ ရွှေနန်းသုံး ခန်း ၁၅

ကတော်စရေး။ ။အနောက်အတွင်းတော်နှင့်ဆိုင်သည့် အနောက်ဝန်၏ လက်အောက်ခံစာရေး တမျိုး။

မင်းခမ်းမင်းနား အလုပ်အဆောင်တော်များတွင်။ မင်းမိဘုရားသမီးတော်၊ အပျိုတော် ကတော်စာရေးတို့ကို စေလွှတ် တင်လျှောက်နှိုးဆော် ဆင့်ဆိုသင့်သည် ဖြတ်ိုက်တော်က ဆင့်ဆိုလျှင်။ အနောက်ဝန် တင်လျှောက် ဆင့်ဆိုသည့်အရာ။ အနောက်ဝန်စာရေး ကတော်စာရေးတို့ကို စေလွှတ် တင်လျှောက် နှိုးဆော် ဆင့်ဆိုသင့်သည့်အရာများကို။ ၁

၁။ ရွှေနန်းသုံး ခန်း ၇၅

www.burmeseclassic.com



ကတော်စာရေးတို့သည် နေရာတော်နေ ကတော်မယားတို့မှာ။ လောကီ လောကုတ္တရာ အခမ်းအနားနှင့်စပ်၍ သဘင်မင်းပွဲသို့ ဝင်ရောက်ခွင့်နှင့်တကွ။ အနောက်ပွဲတက် ကန်တော့ခံ အခမ်းအနားများမှာလည်း ချထားရင်း နေရာတော်ကို ပြုပြင်ပြောင်းလဲတော်မူသည် မမူသည်ကို ကြည့်ရှု၍ ကတော်မယားတို့ကို နှိုးဆော်ရသည်။ ကတော်စာရေး ၄ တို့မှာ တလလျှင် လစာငွေတော် ၈ဝ သနားတော်မျတ်ခံရသည်။[၂]

၂။ ရွှေနန်းသုံး ခန်း ၈၇

ကတော်မယား။ ။မှူးမတ်တိုင်း၏ဇနီးကို မြန်မာမင်းများလက်ထက်က ကာတော်ခေါ်ဝေါ်ခြင်း မရှိချေ၊ ကတော်ဘွဲ့ပေးမှသာ ကတော်ခေါ်ဆိုနိုင်သည်။

မှူးတော်မတ်တော်၏မယားဖြစ်သော်လည်း မည်သည့်နေရာနေစေ သနားတော်မူသည့် အမိန့်တော် စာချွန်ရမှသာလျှင် အစီးအနင်း အဆောင်အရွက် မြိတ်ရစ်မြိတ်ခံ အဆင်တန်ဆာများကို ဆင်ယင်ခွင့်ရ၍ အနောက်ပွဲတက်ကန်တော့ ခံတော်မူသည့်အခါ ကန်တော့ဝင်ခွင့်ရသည်၊ ကတော်ကြီးနေရာနေမှသာလျှင်။ မင်းကတော်ဟုခေါ်ဝေါ်ရေးသားရသည်။ကျန် မှူးတော်မတ်တော်တို့ မယားကို ကတော်မခေါ်ရ။ ထို့ကြောင့် ရာဇဝင်များတွင် ကတော်မယား တို့ဟူသော စကားကို ဆိုခြင်းဖြစ်သည်။[၁]

မင်းသမီးကတော်မယားတို့မှာလည်း သနားတော်မြတ်ခံရသည့် မြိတ်ရစ်မြိတ်ခံ အဆင်တန်ဆာများကို ဆင်ယင်ပြီးလျှင်၊ စည်၊လုံလင်စဉ်။ဆောင်ထီး ကွမ်းခံခွက်။ လဘက်အိုး။ တကောင်းပိတ်။ ယာဉ်ရထား အဆောင်အရွက်များကို ခင်းကျင်း ကျပေလျက် နေအိမ်က ရွှေနန်းတော်ကြီးအနောက် တံခါးတော်အရောက် မှတ်လှ စီးနင်း၍ မှူးတော်မတ်တော်တို့နည်း အရာနိမ့်မြင့်အလျောက် ရွှေနောက်စီစဉ် ဝင်ထွက်ကြရသည်။[၂]

ကတော်မယား သမီးကညာတို့နေရာများမှာ ဖျင်နီကွပ်သင်ဖြူး။[၃]

၁။ ရွှေနန်းသုံး ခန်း ၁၂ ၂။ ရွှေနန်းသုံး ခန်း ၁၀

၃။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ကို အနောက်အတွင်းတော်မှာ သဘင်စုံခံ၍ မှူးတော်မတ်တော်ကတော်မယားတို့ ကန်တော့ဆက်ရသည်။[၄]

၄။ လကဗဟ ၃၂၀

ကတိုး။ ။မြန်မာမင်းတို့ အဆက်အသခံသော အမွေးအကြိုင်တမျိုးဖြစ်သည်။

ရွှေလက်ရောက်ရှင့်၊ စိန်ကျောက်ပတ္တမြား၊ မြက်ကိုးပါးတိ၊ ဆန်းပြားပုဆိုး အုပ်ထည်မျိုးနှင့်၊ ကတိုးကရက်၊ သက္ကလတ်တိ။[၁]

ကျိုင်းသည်စော်ဘွားကလာ လူကြီးငယ် တရာနှစ်ဆယ်။ အုပ်မျိုးထည်မျိုး၊ သိုးကတိုး အောင်းများစွာနှင့် ဆက်ရောက်သည်။[၂]

၁။ ပေါင်းချောင်ပိုဒ် ၃၉ ၂။ ကဘဆ ၂၅၅

ကတန်။ ။အထောက်တမျိုး။

နန်းပြာသဒ်မောက်။ ရွှေကွန်းပြောက်တွင်။ အထောက်ကတန်။ ရှစ်ချက်ရန်၍။ တောင်သန်သိုထိုး။ ရေမုတ်ရိုးလည်း။[၁]

ပြာသဒ်ဆောင်တွင် ရှစ်မျက်နှာထောက်ခံသည်ကိုလည်း ကတံခေါ်ဝေါ်သည်။[၂]

၁။ ကုသ ပိုဒ် ၁၁ ၂။ ရွှေဘုံနိဒါန်း ခန်း ၁

ကထိန်အလှူတော်။ ။နှစ်စဉ်တန်ဆောင်မုန်းလတွင် နန်းတော်၌ ကျင်းပသော အလှူတော် တမျိုး။

ဖလ်ချက်ဝန်သည် ကထိန်အလှူတော်မှစ၍ အလိုတော် ရှိသည့်အခါ ကျောက်မြောင်း မြို့နယ် ရွှေတိုက် နွယ်ငြိမ်း ရွှေခွန်ရွာ ကျေးရွာများတွင် လုပ်ဆောင်သော စဉ့်အိုး မြေအိုးကြီးငယ်။ စဉ့်အင်မြေအင်ကြီးငယ်များကို ငွေတော်နှင့်သွင်းရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၃၀

www.burmeseclassic.com

www.burmeseclassic.com



ကနက္ကဒါန်ထီး။ ။ထီးဖြူတော်ငါးပါးအဝင်အပါ။ ထိုထီးဖြူတော်ကို သမ္မဒေဝနတ်သမီး စောင့်သည်ဆို၏။

ကနကဒဏ်ထီးမှာ သုဒ္ဓဿနစကြာမင်းလက်ထက် ကျွန်းဦး ဇမ္ဗူ့သပြေရွှေကို ထီးအရိုးလုပ်သဖြင့်ကနကဒဏ်ခေါ်ရသည်ဆိုသည်။ကနကဒဏ္ဍ=ရွှေရိုးဆိုလိုသည်။ ထီးဆိုသမျှသည် ရွှေသား ဗုဇ္ဇန်ခွံမွှမ်း ရွှေရိုးလုပ်သည်တွင် ဂုဏ်ထူး၍ ပကတိ ရွှေသား အရိုးလုပ်လေသောကြောင့် ကနကဒဏ် ခေါ်ဝေါ်သမုတ်သည်လည်း ဆိုသည်။ ကေရာဇ်မင်းမြတ်တို့သည် ကနကဒဏ်ရိပ်ကို မပြတ်ခိုရာ၏ဆိုသည့်အတိုင်း ဉာဏ်မှတ်ထွတ်အနီး၌ ကနကဒဏ်ထီးကို လက်ရင်းထားလေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၉

ကမကော်လှေ။ ။မင်းသုံးလှေတော်တမျိုး။

ယင်းကမှ အိကင်း။ သာရကာ။ သာရဗိမာန်။ ကမကော်။ လှေတော် လေးစင်းတွင် မင်္ဂလာစည်တော်စုံ ရွှမ်းလျက်လိုက်ရသည်။[၁]

ရှုးပျံနားလျက်ရှိသည့်အကိုင်းကို ရမည်တိုင်းသားတို့ လုပ်ဆောင်ရသော ကြောင့် ထိုလှေကို ကမကော် ခေါ်ဝေါ်သမုတ်လေသည်။ ရှုးပျံကို ရာမည တိုင်းသားတို့မှာ ကမကော် ခေါ်ဝေါ်သည်။ ကျားမျက်နှာနှင့်တူသည့် သတ္တဝါ ဆိုလိုသည်။ ရှည်လျား၍ ကမကော် ခေါ်ဝေါ်သမုတ်သည်၊ က-မှာ ငါးဆိုသည်၊ မကော်မှာ-ကဗ္ဗိဆိုသည်၊ ကမ္ဗာငါးကြီးမျိုးသည်။ ကမကော်လှေ နှစ်နည်း အကြောင်းရှိသည်တွင် သူရာငါးကြင်းရုပ် လှေတော်လည်းရှိသည်ဖြစ်၍ ကမ္ဗာ ငါးကြီးဆိုသည့်စကားနှင့်ညီလျော်သည်။[၂]

၁။ ကဘသ ၁။ ၁၂၂ ၂။ ရွှေဘုံနိဒါန်း ခန်း ၇၂

ကမိလရသေ့။ ။ကမိလရသေ့နတ်။ ဗဒုံမင်းလက်ထက်တွင် အိန္ဒိယပြည်မှ ဆောင်ယူလာသော ကျမ်းများကို မြန်မာပြန်စေ၍ ယင်းကျမ်းဂန်ထွက်အတိုင်း လိုက်နာကျင့်သုံးသည်။ လောကီကျမ်းစာများကိုလိုက်နာပြီးလျှင်။ ပိဋကတ်ကျမ်းဂန်မှာမပါသော။ ဟိန္ဒူအယူဖြစ်သော ကမိလရသေ့ရုပ်။ သကန္တနတ်ရုပ်။ စိတ္တရပလိမာန်နတ်ရုပ်။ စသောနတ်ရုပ်များကို ပူဇော်တင်မြှောက်သည်။[၁]

၁။ မြန်မာပင်း ၃ ခန်း ၃၅၄

www.burmeseclassic.com

www.burmeseclassic.com



ကရနက်။ ။အမြောက်တမျိုး။ (Carronade)

ရထားတစီးလျှင် အမြောက်သုံး သံကရနက် တဆယ် ရှမ်းတဆယ်ကျစီ ရဲတင်း ပုဆိန်တဆယ့်နှစ် နားပန်းစောင့်သေနတ်နှစ်ဆယ်။ ရထား ကံ ကျွေး ငါးဆယ်စီ။

၁။ ကဘဘ ၁ ၂၀၀

ကရဝိတ်ပေါင်။ ။ကရဝိတ်ငှက်ပုံသဏ္ဌာန်ပြုလုပ်ထားသော မင်းစီးဖေါင်တော်တမျိုး။

အမတ်နန္ဒသူရ စီရင်ကြပ်မကျလုပ်သည့် ကရဝိကဖိုမ ပြာသာဒ်သုံးဆောင်ဘုံကိုး ဆင့် ဖေါင်တော်ကြီးကိုသိမ်းတော်မူ၍....ရွှေလှော်ကား လက်ဝဲလက်ျာရှစ်စင်းစီ ငင်ရသည်။

ကရဝိတ်ပေါင်ပြတ်။ ။ ခံပြာသာဒ်ထက်၊ သုဒ္ဓသန၊ အယုဇ္ဈဝယ်၊ ဒေဝ အချာ၊ အသူရာကို၊ စကြာနေဟန်၊ တိုက်မည်ဖြန့်သို့။

ရွှေဘောင်ပြိုးညိတ်၊ ကရဝိတ်ယက်၊ ရွှေဗိမာန်ဆီ။

ပြည်ကြီးမှန်ဘောင်တော် ကရဝိတ်ဘောင်တော် သက်နက် စသော ဘောင်တော်ကြီးများမှာ မြစ်နားဆိပ်နားတွင်ဖြစ်၍ဦးပဲ့ကြိုးကျားခိုင်လုံအောင် တည်ထားစေရသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ပရက | ၃။ | ငငဝပ်း၊ | ငငကျော | ၂။ | ပေါင်းချောင် | ပိုဒ် | ၃၀ |
| ၃။ | ယင်းပိုဒ် | ၄၉ | | | ၄။ | ရွှေနန်းသုံး | ခန်း | ၁၂၆ |

ကရဝိတ်ရုပ်ကွမ်းအုပ်။ ။မင်းသုံးမင်းဆောင်တရပ်။ ကရဂိတ်ကွမ်းအုပ် စတင်ဖြစ်ပေါ်လာပုံကို ရွှေဘုံနိဒါန်း၌ ဆိုသည်ကား သိရိဓမ္မာသောကဧ မိပုရေးကြီး အသန္ဓိမိတ္တာ သည် ကရဝိတ်ငှက် ကျူးရင့်သံကို ကြားတော်မူသောအခါ ကရဝိတ်သံသည် ဤမျှနာဖွယ်ရာဖြစ်လျှင် မြတ်စွာဘုရားသခင့် အသံတော်သည် မည်မျှနာဖွယ်ရာ ရှိမည်နည်းဟု နှလုံးထားသဖြင့်ပီတိဖရဏာစေတနာကြောင့် သောတာပန် တည် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်နိမိတ်ကိုအကြောင်းပြုသဖြင့် ကရဝိက်ငှက်သဏ္ဌာန် ရွှေကို ကွမ်းအုပ်လုပ်၍ တည်ထားလေသည်ဆိုသည်။ ကရဝိတ်ကွမ်းအုပ်ကို မင်းတို့သုံးဆောင်ကြောင်း ကိုလည်း ပညာရှိတို့စပ်ဆိုသည်မှာ....လှတင့်ရောင်ထိတ်၊ ပြောင်ပြောင်ဘိတ်သည်၊ ကရဝိတ်ကွမ်းအုပ် စံချုပ်မျက်ချည်၊ ရွှေတော်တည်၍ဟု စပ်ဆိုလေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၇

ကရား။ ။ကရားသည် ဗဒုံမင်းလက်ထက်တွင် လကျာတော်မင်းခမ်းအဝင်ဖြစ်၍ စကိုင်းမင်း လက်ထက်မှသည် မင်းတုန်းမင်းလက်ထက်တော်တိုင် လက်ဝဲတော်မင်းခမ်းအဝင် ဖြစ်၏။[၁]

ရွှေကရားမှာ မင်းတို့ အစဉ်သုံးဆောင်ရာဖြစ်သည် ယူရန်ရှိသည်၊ အကြောင်း ကိုထောက်လျှင် နန္ဒရာဇ်မင်းသား ဥယျာဉ်ကျောက်ဖျာပေါ်တွင် တကိုယ်တည်း တည်နေသည့်ကာလ ရထားဆိုက်ရောက်လျှင် မင်းဝတ်မင်းစားကို မှူးမတ်တို့က ပြသည့် အဝတ်ဆန်ဆာကိုမဆင် မှူးမတ်တို့တွင်ပါသည့် ရွှေကရားဖြင့် မိဌာန်၍ ရေသွန်းပြီးလျှင် ရှေးပြုဘူးသော ပုညသမ္ဘာရတို့သည် အချိန်ရောက်ပြီဖြစ်၍ ပဒေသာပင်ပေါက်သည်၊ ပဒေသာပင်က အဝတ်တန်ဆာကို ဆင်ယင်သည်ကို ထောက်လျှင် ရွှေကရားသည် မင်းတို့ အစဉ်သုံးဆောင်မြဲဖြစ်သည် ယူဆရမည်။[၂]

ငါအောင်မြင်တော်မူသည် ဖြစ်စေသောဟု သစ္စာဓိဋ္ဌာန်တော်မူ၍ ရွှေကရား နှင့် ရေသွန်းတော်မူသည်။[၃]

သင္ဘေးတို့ကို အဆောင်ပေးသည်ကား ငွေကွမ်းအင် မိုးကြိုးကြုတ်ခွက် ပိုးကြိုး ကရားကိုပေး၍ သည်နောက် မိုးကြိုးကွမ်းအင် ကြုတ်ခွက်ရွှေ မိုးကြိုးကရား အထွတ်ရွှေကိုပေး၍ဆောင်သည်။[၄]

၁။ မုဒ္ဒါ ပိုဒ် ၂၁။ ကုသပျို ပိုဒ် ၁၃။ အဘိရူက ပိုဒ် ၁၅၇

၂။ ရွှေဘုံနိဒါန်း ခန်း ၁၅ ၃။ အလဘာ ၅၆ ၄။ လကဗဟ ၂၂၀-၉

ခြသေ့်ခံကရား။ ။ခြသေ့်ခံကရားသည် လက်ဝဲတော်မင်းခမ်းတော်ဖြစ်သည်ဟု စာဆိုအများက ယူကြ၏။ သို့သော် မှန်းရွှေးဆရာတော်ကမူ လကျာတော်မင်းခမ်း ၁၃ တွင် ပါဝင်သည်ဟုဆို၏။[၁]

၁။ မုဒ္ဒါ ပိုဒ် ၂၁။ သုတ ပိုဒ် ၂၅။ ဂိတ ၃၀။ မဃဒေဝ ပိုဒ် ၆၆။ ကုသ ပိုဒ် ၁၃

www.burmeseclassic.com

www.burmeseclassic.com



(မကန်း)ကရား။ ။ ၎င်းကို စာဆိုအများက လကျာ်တော်မင်းခမ်းတွင် ထည့်သွင်းကြ၏။ သို့သော် တွင်းသင်းတိုက်ဝန် မဟာစည်သူက မကန်းကရားကို မဟာဇနကပျို ၌ လက်ဝဲတော် လကျာ်တော်မင်းခမ်း ၂မျိုးလုံးတွင် ထည့်၏။¹

၁။ ဇနကပျို ပိုဒ် ၇၁။ ဂီတ ၃၇။ သုတသောမ ပိုဒ် ၂၆။ မဃဒေဝ ပိုဒ် ၆၆

ကရင်ခွန်။ ။ဟံသာဝတီ ၃၂ မြို့နှင့် တောင်ငူမြို့နယ်ရှိ ကရင်တို့ ထမ်းရွက်ရသော အခွန်။

ဘောနီချောင်း၊ ပွဲတမောချောင်း၊ မယမ်းချောင်း၊ ကောလိယချောင်း၊ ပိုင်းတာချောင်း၊ပွတ်ကျားချောင်း၊ ဆပ်ချောင်း၊ ကျားချောင်းများတွင် နေထိုင်သည့် ကရင်တို့မှာ တနှစ်လျှင် တအိမ်ကို ခွန်မ ၉°။ ပို့ဆောင်ဝန်ရေး ၉ူစိကြ။ ကျွန်တော် မြို့သူကြီးတို့က နှိုးဆော်တောင်းခံ၍ ရန်ကုန်မြို့ရုံးတော်မှာ အခွန်ဝန် စာရေးတို့ထံ ပေးရိုး။¹

ရှားသစ်ကြီးကရင် အရွေစည်ပင် မည်ဖြူ ကန္ဒီကွမ်းအုံ ကရင်များက တကိုယ် လျှင် အခွန်တော် စပါးတတင်းကျစီ ကရင်အမှုဆောင်တို့ နှိုးတော်၍ ကရင် ကိျတော်သို့ သွင်းရပါသည်။²

၁။ မသဂ။ ၆။ ၂၂၂ ၂။ တောင်ငူမြို့စစ်တန်း ၄၅ ခု

ကရတ်။ ။နိုင်ငံခြားဖြစ် အထည်အလိပ်တမျိုး။

သားတော်ညီတော်တို့ ဝေပလာရလျှင် ပေးသည့် အဆောင်နီတွင် နှ ကဝိုင်၊ ကယပ် ပါသည်မှာ ကယပ် ဆိုသည်မှာ ပုဆိုး အထည်အလိပ် ဖြစ်သည်။¹

ဆန်းပြားပုဆိုး၊အုပ်ထည်မျိုးနှင့်၊ကတိုး ကရတ်၊သက္ကလတ်ဖြင့်။²

၁။ ရွှေဘုံနိဒါန်း ခန်း ၃၀ ၂။ ပေါင်းချောင် ပိုဒ် ၃၉

ကရွတ်။ ။ရေအိုးအောက်ခံ။

ကပိုင်ဆိုသည်မှာ ကရွတ်ဖြစ်သည်၊ ရွှေအိုးသင်းချော အမုံပါ ဂုံစယပ်စည်း၍ ချိပ်တိုက်သစ်သား ကရွတ်နှင့် သောက်ရေစောင်၍ ပါသည့်အိုးဖြစ်သည်။ သောက်ရေဆောင်အိုးခေါ်သည်။¹

၁။ ရွှေဘုံနိဒါန်း ခန်း ၃၀

www.burmeseclassic.com

www.burmeseclassic.com



ကလယ်။ ။အိန္ဒိယတောင်ပိုင်းမှ ကုလားတမျိုး။

ဗိသုကာ သင်းဘောသူကြီး ကလယ် ကုလားမျိုးအစုံနှင့်။ သင်းဘောပြည်က ခန့်ထားသူ။ ကုမ္ပဏီနှင့် ကုလားပေါင်း တထောင်ကျော်ရတော်မူသည်။[၁]

ရန်ကုန်မြို့သို့ရောက်တော်မူလျှင် ပသီ။ ဘယင်ဂျိ ကပ္ပလီ ကလယ်တို့ကိုရွေးစစ်တော်မူ၍ ရသမျှလူငါးရာငါးဆယ်ကို ကိုယ်ရံသေနတ်စု ဘွဲ့တော်မူသည်။[၂]

၁။ ကဘဆ ၁။ ၁၈၇ ၂။ ကဘဆ ၁။ ၁၈၈-၉

ကလောင်။ ။တိုင်းရင်းသား လူမျိုးတမျိုး။

ရှေးအထက်ကာလက ဘွဲ့စည်းထမ်းရွက်စေသည့် ယွန်း ကလောင် လူမျိုးတို့ ကာလရှည်ကြာ၍။ ယွန်းအစုအမှုထမ်း ဘွဲ့ပြီးလျှင်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၁၃

ကလပ်။ ။ကလပ်မှာ ရာမညတိုင်း မင်းတို့အဆောင်ဖြစ်သည်။[၁]

ရွှေသား ကလပ်။ ငွေသား ကလပ်။[၂]

အတင်တော်မှာ ကလပ် ခြေမြင်းကဲ့သို့ ရွှေကိုလုပ်၍ အတင်တော်ခေါ်သည်။[၃]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၅ ၂။ ကဘဆ ၁။ ၂၀၀
၃။ လကဗဟ ၂၂၂

ကလျား။ ။ခွင်ကတမျိုး။

သည်နောက် ဝင်းဆင် ကလျား တင် ၁ စီး၊ အရှေ့ဝင်းကောင်ဟန် ၁၀၀၊ ဆင်ခြေဘုံး လိုက်ရသည် ဆင်တပ် ၁ တပ်(၅)။

သည်နောက် လက်ျာဝင်း ကိုယ်ရံတော် ၂၅၀၊ သည်နောက် သေနတ်လက်ခွင် ၂၅၊သည်နောက် အမြောက်စုသား ၂၀၊အမြောက် ၁၀ စင်း။

www.burmeseclassic.com

www.burmeseclassic.com



သည်နောက် ဝင်းဆင် ကလျား တပ်ဆင် ၁ စီး၊ လက်ျာဝင်း ကောင်ဟန် ၁၀၀ ဆင်ခြေဘုံးလိုက်ရသည် ဆင်တပ် ၁ တပ် (၆) တပ်။

၁။ လကဗဟ ၁၅၂

ကဝါဖွပ်။ ။အဝတ်လျှော်။

အကြွင်သူသည်၊ အခကိုလို၍ ဝဝါဖွပ်မည် ယူသောအခါ၊ အထည်ကိုရေ၍ မှတ်မှတ်သားသား သိထား၍၊ကောင်းမွန်စွာ လက်ပံပျဉ်၌ ဖွပ်အပ်၏။ ကောင်းစွာ မဖွပ်ဘဲ၊ စုတ်ရှက်ခွဲသော်၊ အခမရအပ်။ အစားပေးစေ။ လူကိုငှား၍ဝတ်စား စေသော်ငှင်း၊ ကိုယ်ဝတ်သော်ငှင်း၊ အခမရသတည်း။ ကောင်းစွာမထားဘဲ ပျောက်ခဲ့မူကား၊ အစားလျှော်စေရာသတည်း။ ခိုးသူခိုးခဲ့သော်၊ မီးလောင်ခဲ့သော်၊ အစားလျှော်ရာသတည်း။

၁။ ပနုကျယ် ၄၆

ကဝါအမှုထမ်း။ ။အကည်အလိပ် အသုံးအဆောင်တော် အများပင်ရှိသဖြင့် ၎င်း အသုံးအဆောင်တော်များကို ဖြူစင်အောင် ဖွတ်လျှော်ပြီးမှ ပြန့်ဖြူးစွာရှိစေအောင် မီးကြွေတိုက်ရန် ကဝါအမှုထမ်း ၆ ကိုကား၍ ထမ်းရွက်စေသည်။ ၎င်း ကဝါ အမှုထမ်း ၆ တို့မှာ တလလျှင် စပါးတော် ၆၆ တင်း သနားတော်မြတ်ခံရသည်။

၁။ ရွှေနန်းသုံး ခန်း ၂၃၄

ကဝိုင်။ ။အိုးအောက်ခံ။မင်းသားကြီးတို့ အဆောင်အရွက်တွင်ပါသည်။

သားတော်ညီတော်တို့ ဝေါပလာရလျှင် ပေးသည့်အဆောင်နိတွင် နှု ၊ ကဝိုင်၊ ကယပ်ပါသည်မှာ နှု ဆိုသည်ကား အိုးဆိုသည်။ ကဝိုင် - ဆိုသည်မှာ ကရွတ် ဖြစ်သည်။ ကယပ်-ဆိုသည်မှာ ပုဆိုး အထည်အလိပ်ဖြစ်သည်။ ရေအိုးသင်းချော အမှုပါ ဂုံစယပ်စည်း၍ ချိပ်တိုက်သစ်သား ကရွတ်နှင့် သောက်ရေစောင်၍ ပါသည့် အိုးဖြစ်သည်။ သောက်ရေဆောင်အိုးခေါ်သည်။

အိမ်ရှေ့မင်း အဆောင်နိကား နှုးကဝိုင်း မီးအိုးနှင့် ၁၊ သောက်ရေစောင် မြူတာနှင့် ပဝါနီအုပ်၍ ၂။

၁။ ရွှေဘုံနိဒါန်း ခန်း ၃၀ ၂။ လကဗဟ ၂၂၂

www.burmeseclassic.com

www.burmeseclassic.com



ကသောင်းမြောက်တိုက်။ ။ကောက်ခံရရှိသော အခွန်အတုတ် အမျိုးမျိုးထားရာဌာနဖြစ်သည်။ ထိုတိုက်တွင် ဝတ်မိုး ဝတ်မြေမှရရှိသည့် အခွန်အတုတ်များကိုလည်း သိမ်းဆည်းထားရ၏။

လွှတ်ဟူသော ဌာနတွင်။ ဆင်းရဲသားပြည်သူတို့က။ မင်းကေရာဇ်ထံ အခွန်အတုတ်လွှတ်မြဲ။ဆက်သမြဲဖြစ်သည်။ ထိုအခွန်အတုတ်များကို ကသောင်းမြောင်တိုက် တော်မှာ ထားရသည်။[၁]

စော်ဘွားကိုယ်တွက် မဆက်ရဘဲ။ နယ်အတွက်။ တနှစ်တခါ။ နှစ်နှစ်တခါ ဆက်ရသော နယ်အတွက် ရွှေ ငွေ များမှာ။ နိုင်ငံမှုနှင့် ဆိုင်သော အခွန်ငွေတွင် ပါဝင်၍။ကသောင်းမြောင်တိုက် တွင် တင်သွင်းရသည်။ရှင်ဘုရင်နှင့် မဆိုင်။[၂]

အပေါ်ဝန် အကောက်အစား တရားကွမ်းဘိုးမှာ။ ကျွန်တော် ၉ ရွာတဝက်။ တဝက်ကို ကသောင်းမြောင်တိုက်တော်မှာ ဆက်သွင်းပါရသည်။[၃]

ခွန်တုတ် ခွန်ကြေးမှာ မြို့စားကို၊ မြို့စားမရှိလျှင် ကသောင်းမြောင်တိုက်တော်မှာ သွင်းရဆည်။[၄]

မြို့သူကြီးတွင်ရသည့် အခွန်မှာ မင်းရာတဝက် ဆက်သွင်းမြဲ၊ မြို့စားမရှိလျှင် မင်းရာတဝက် ကသောင်းမြောင်တိုက်တော်သို့ ဆက်သွင်းမြဲ။[၅]

မင်းမြေမှာ ထန်းတရင်းတက်လျှင် ခွန်မကြေး ၃၀, အကဲ ၇၅၀ ရေးစား ၂၅၀ အခွန်ကြေး ကသောင်းမြောင်တိုက်မှာ သွင်းရသည်။[၆]

တရားစကားရှိလျှင် သူကြီးတို့ ဆိုင်ရာစီရင်၍ ရသည့် တဝက်ကိုလည်း ကသောင်းမြောက်တိုက်မှာ ဆက်သင်းရိုး။[၇]

ရွှေးအစဉ်ထုံးစံမှာ။ကျွန်သိးတော်များ၏နောက်ထောက်များထံမှကောက်ခံရ ငွေကို အိတ်ဖြူတွင် မထည့်ပဲ။ အိတ်နီနှင့်ထည့်၍။ ကသောင်းမြောင်တိုက်မှာ သိးခြားထားရသည်။ နိုင်ငံမှုနှင့်ဆိုင်သော ရန်ပုံစာရင်း မသွင်းပဲ။ စာရင်း

၁။ မြန်မာမင်း ၃။ ခန်း ၄၁၁
၂။ မြန်မာမင်း( ၃။ ခန်း ၃၄၀
၃။ မသဂ ၃၂
၄။ တောင်ဆင်းမြို့စစ်တန်း ၄၅
၅။ တောင်သာမြို့စစ်တန်း ၄၄ ခု
၆။ မသဂ ၄၄။ ၇၃
၇။ တောင်ဖက်တန်းစစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



သီးခြားထား၍။ ကျောင်းဘုရားနှင့်စပ်သော အလုပ်များတွင်။ မှတ်သားသုံးစွဲရိုးရှိသည်။ သီပေါမင်းလက်ထက်မှာ။ အရေးကြီးသောအလုပ်ပေါ်သည့်အခါ။ ကသောင်းမြောင်တိုက်မှာ။ အိတ်ဖြူ မရှိသည့်အတွက်။ အိတ်နီကိုဆွဲ၍ သုံးစွဲရတော့သည်။[၁]

အထက်ဖော်ပြပါ အထောက်အထားများအရ ကသောင်းမြောင်တိုက်သည် အခွန်အတုတ် အမျိုးမျိုး ထားရာဌာန ဖြစ်သည်မှာ သေချာသဖြင့် ဘုရား ဝတ် မိုး ဝတ် မြေ က ကောက်ခံသော ဝတ္ထုကံ အခွန် အတုတ်များကို။ ကေရာဇ်မင်းမြတ်၏ ဘဏ္ဍာတော်နှင့် မရောမယှက်စေရ။ သီးခြား သိမ်းထားရာဌာနကို ကသောင်းမြောင်တိုက်သမုတ်၍ဟူသော အဆိုကိုလက်မခံနိုင်ပေ။[၄]

ဂ။ မြန်မာပင်း ၂။ ခန်း ၂၉၆ ၉။ ရှေနန်းသုံး ခန်း ၇၆

**ကသောင်းမြောင်တိုက်စာရေး။** ။ကသောင်းမြောင်တိုက်စိုးကို ကူညီရသော စာရေးဖြစ်သည်။

ၛင်းတို့တို ဘုရင့်အမိန့်တော်မပါဘဲ ဝန်ကြီးတို့ သဘောအလျောက် ခန့်ထားနိုင်သည်။ လွှတ်တော်တွင်ပါဝင်မြဲ အရာရှိငယ်တယောက် ဖြစ်သည်။[၁]

၁။ မြန်းမာမင်း ၃။ ခန်း ၄၁ဂ။ ၄၁၉

**ကသောင်းမြောင်တိုက်စိုး။** ။ကသောင်းမြောင်တိုက်ကို အုပ်စိုးသောအရာရှိ။ လွှတ်တော်တွင် ပါဝင်မြဲ အရာရှိဘယောက် ဖြစ်သည်။

ထိုတိုက်ကို အုပ်ချုပ်ထိန်းသိမ်းရသူ အမိန့်တော်ခန့် တိုက်စိုးကို ကသောင်းမြောင်တိုက်စိုး ခေါ်ဝေါ်သည်။[၁]

ကသောင်းမြောင်တိုက်စိုး။ ။ၛင်းတိုက်စာရေး၊ များမှာ။ အမိန့်တော် မခံဘဲ။ ဝန်ကြီးမင်း၄ ဦး သဘောတူချက်နှင့်။ ခန့်ထားထမ်းရွက်စေနိုင်သည်။

၁။ ရှေနန်းသုံး ခန်း ၇၆ ၂။ မြန်မာပင်း ၃။ ခန်း ၄၁၉

**ကသောင်းမြောင်တိုက်စောင့်။** ။ကသောင်းမြောင်တိုက်တွင် စောင့်နေ ထမ်းရွက်ရသော အမှုထမ်းများ။ ၛင်းတို့သည် စုသေးတွင် ပါဝင်ကြသည်။[၁]

၁။ မြန်မာမင်း ၃ ခန်း ၃၃ဂ

www.burmeseclassic.com

www.burmeseclassic.com



ကသည်းစာပြန်။ ။လွှတ်တော်အရာရှိငယ်တမျိုး။ မဏိပူရနိုင်ငံနှင့် ဆက်ခံရာတွင် ပေးစာ ပြန်စာများကိုဘာသာပြန်ဆိုရသည်။ ကသည်းစာပြန် နှစ်ယောက်စီခန့်ထားလေ့ ရှိသည်။[၁]

၁။ မြန်မာမင်း ၃ ခန်း ၄၁၈

ကသည်းမြင်း။ ။အလောင်းမင်းတရားကြီး ကသည်းပြည်မှ သိမ်းယူလာသည့် ကသည်းမြင်းသည်များမှ လူနှစ်ထောင် ရွေးထုတ်၍ ရွှေငွေပုဆိုး မျိုးရိက္ခာ လုပ်မြေ နေမြေ ပေးအပ်ခါ သက္ကရာဇ် ၁၁၂၀ ပြည့်တွင် ဖွဲ့စည်းသော မြင်းတပ် ဖြစ်သည်။

ယင်းသည့် မြင်းအမှုထမ်းများကို မြင်းရပ် ဝမ်းဗိုက်တွင် ထိုး၍ ဆေးတော်မှတ်သည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံမင်း တရားလက်ထက်တော်မှာ ၈၅၂ မျှ ကျန်ရှိသဖြင့်။ တလလျှင် လစာငွေတော် ၁၃၀၉၀ သနားတော်မြတ် ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၉၆

ကာ။ ။စစ်သည်တို့ စွဲကိုင်သော လေးထောင့်သဏ္ဍာန်ရှိ အကွယ်အကာ။

ကိုယ်ရံတော်တို့မှာ စစ်ဝတ်တန်ဆာဆင်၍ ထားခါးချည်လျက် ဒိုင်း ကာ လွှား ကိုင်သည်။[၁]

ဆင်တော်သည်တို့မှာ ခေါင်းထုပ်နီပေါင်း၍ မောက်ရှူမောက်တို ပါးကာ နားကာ ရှေ့ကာနောက်က ဆင်ဝတ်၍ ဝတ်လုံချုပ်ကာနှင့် ထားခါးချည်လျက် ဆင်စီးရသည်။[၂]

ဝေါတော်နောက်လိုက်တပ်မှာ လက်ဝဲဝင်း ကိုယ်ရံတော် ၁၂၅၊ နောက်ဝင်း ကိုယ်ရံတော် ၁၂၅၊ ၂ စု လူ ၂၅၀၊ ဒိုင်းကာလွှားပလုတ်၊ ကြေးနင်း၊ ကြေးစည်း အလံနီ၊ အလံဝါ၊ အလံနက် ကိုင်ယူထမ်းဆောင်၍ လိုက်ရသည်။[၃]

၁။ လကဗဟ ၁၅၀ ၂။ ယင်း ၁၅၁ ၃။ ယင်း ၁၅၆

www.burmeseclassic.com

www.burmeseclassic.com



ကာ-ချပ်စား။ ။ကာစွဲသူရဲများကို ဘုရင်က လုပ်မြေနေမြေ ချပေးသောအခါ ထိုမြေကို ကာတချပ်စား၊ကာနှစ်ချပ်စား စသည်ဖြင့် ပိုင်းခြားသည်။

ပင်တလဲ ရတုံမ် ၅၀ မြင်ထိန် ကာတချပ်စာ လက်ဆောင်နွှာ၂၀ မင်ကြီးဖွဲ့ကြို ပုဂံမိဘုရား ကျောင်း ဝတ္တုစိုင် မင်ကြီ ကာတချပ်စာ မွေ၏ အခြာ စမ္မာမြစ်တိမ် ဝင်လျက် ကျွဲခွဲရွာ ကာ ၂ ချပ်စာ။

၁။ ရန်အောင်မြင် ကျောက်စာ ကျော ၁၁၊ ၁၁၊ ၁၉

ကာလ။ ။ကာလ ၈ ပါးရှိသည်ဟု ပိုင်းခြားသည်။ (၁) ညဉ့်ကာလ (၂) စစ်မက်ဖြစ်သောကာလ (၃) ငတ်မွတ်သောကာလ (၄) ရောဂါကြီးသင့်သောကာလ (၅) တဦးကိုတဦး အစိုးရစေတတ်သော ကာလ (၆) နွေကာလ (၇) ငြိမ်းချမ်းသာယာသောကာလ (၈) မြို့ရွာတည်စကာလ။

၁။ မနုကျယ် ခန်း ၇

ကိဋ္ဌိတသား။ ။ကစားမြူးတူးရာမှ ရသောသား။

ကိဋ္ဌိတာ ကစားမြူးတူးရာနိုက် မြင်သောသားတို့ မိဘတို့၏။ အမွေဥစ္စာကို မခံ ရထိုက် ဟူလိုသတည်း။ အကြင် ယောကျ်ား မိန်းမ ရွှင်မြူး၍ အလိုတူသင့်နေရာ။ အထင်အရှားမနေ။ မွေးသောသားသမီးကို။ ကိဋ္ဌိတ မည်သော သားတပါး။

၁။ အမွေမှု ၃၇၊၃၈

ကုဗ္ဗဒထီး။ ။မင်းခမ်းထီးဖြူတော်တပါး။

မဏိရွှေမြ။ မျက်စုံပသား။ စန္ဒကမ္ဘူ။ ဝိသုကမ္ဘ။ ကုဗ္ဗဒဟု။ ဆတ္တလေးဖြာ။ သာတိသေက။နန်းမဆောင်မြဲ။ လက်ဝဲတော်က။

၁။ ကုသ ပိုဒ် ၁၂

ကုရင်နာ။ ။ရာသီတရက်သေစေတတ်သော အနာရောဂါတမျိုး။ (ဝန်)

သမား အသက်ဘိုးယူရာ၌၊နုနာ၊ရှုနာ၊မီးယပ်၊မြွေကိုက်၊ဘုတ်တမြိုက်၊ ကုရင်နာ တို့ကို ဆိုလိုသည်။

၁။ မနုကျယ် ၄၈

www.burmeseclassic.com

www.burmeseclassic.com



ကုလား။ ။ကုလားမျိုး များစွာရှိသည်ဟု ရှေးမြန်မာတို့ ယူဆ၏။

ယွန်းသုံးဆဲ့ငါး၊ရပ်တပါးတွင်၊ကုလား ဆပညာ၊ မြန်မာသတ္တရှ၊ မွန်သုံးစုဟု။¹

၁။ ပေါင်းချောင် ပိုဒ် ၅၆

ကုလားစကားပြန်။ ။အနောက်တိုင်းသားများနှင့် ဆက်ဆံရာတွင် သုံးသည့် စကားပြန်။

ကုလားစကားပြန် တို့ဆိုသည့်အတိုင်း။ သန်လျင်ရေဝန်က။ အဘိုး ငွေခုနစ်ပိတ်သာငါးဆယ် ပေး၍ဝယ်ယူရသည် အမြောက်။¹

၁။ ကဘဆ ၁။ ၁၁၂

ကုလားစုသေနတ်။ ။အလောင်းမင်းတရားကြီး လက်ထက်က ဖွဲ့စည်းခဲ့သည့် သေနတ်စု။

ရန်ကုန်သို့ ရောက်တော်မူလျှင်။ ရွှေဘဝါးတော်အောက်ပါ ကုလားစု။ သန်လျင် ရန်ကုန်ရှိ ကုလားစု။ပသီ။ဘယင်ဂျီ။ ကပ္ပလီ၊ကလယ်တို့ကို ရွေးစစ်တော်မူ၍၊ ရသမျှ လူငါးရာ့ငါးဆယ်ကို။ နောသစ်။ သောတက်။ ပုတ်ဒူ။ ဒါဝတ်။ ပီယာမာမတ်။ပေါရ်။အံထော်နီ။ငသိုက်တို့ကို သေနတ်ကြီးခန့်၍။သက္ကရာဇ် တထောင့်တရာ့တဆဲ့ရှစ်ခု။ဝါခေါင်လဆန်းသုံးရက်၊အင်္ဂါနေ့၊ကိုယ်ရံ သေနတ်စု ဘွဲ့တော်မူသည်။¹

ရွှေလက်ဝဲလယ်ယာ။ ရွှေလှံကိုင်ရဲစု လေးရာ။ ထိုနောက် လက်ဝဲလယ်ယာ ကုလားစုသေနတ် ငါးရာ။ ထိုနောက် လယ်ဝဲလယ်ယာ ရဲသေနတ် လေးရာ။²

၁။ ကဘဆ ၁။ ၃၈၈-၉ ၂။ ကဘဆ ၁။ ၂၅၀

ကုလားတိုက်။ ။အင်္ဂလိပ် မြန်မာစစ်ကို ခေါ်ဆိုခြင်း ဖြစ်သည်။

နောက်မင်းကြီးနော်ရထာဘွဲ့နှင့် ဂ၆ ခု ကုလားတိုက်မှာ ကျသည်။¹

၁။ မသဂ ၄၅။ ၁၅၂

ကုလားပန်းရံအမှုထမ်း။ ။စေတီဂူကျောင်းတို့မှတပါး ရွှေနန်းတော် အတွင်းပြင် အုတ်အကုတေဖြင့် လုပ်ဆောင်ရန်ရှိသည့်အခါ အုတ်ဝန် ဆင့်ဆိုရာနာခံ၍ ကုလားပန်းရံအမှုထမ်း တို့က လုပ်ဆောင်ထမ်းရွက်ရသည်။ ၎င်း အမှုထမ်း ၂၀ တို့မှာ တလလျှင် လစာငွေတော် ၅၅ဝ သနားတော်မြတ်ခံရသည်။¹

၁။ ရွှေနန်းသုံး ခန်း ၂၅၂

www.burmeseclassic.com

www.burmeseclassic.com



ကုလားပျို့အမှုထမ်း။ ။အိန္ဒိယနိုင်ငံနှင့် တကွ အနောက်ဖက်တလွှား နိုင်ငံခြားသား အမှုထမ်းများကို ကုလားပျို့အမှုထမ်း ခေါ်သည်။ ယင်းတို့ကို အမြောက်စု သေနတ်စုစသည် ဖြင့်ဖွဲ့ထား၍ ဘုရင်မင်းမြတ် ထွက်တော်မူသောအခါ နောက်တော်ကလိုက်ကြရသည်။

သည့်နောက် ကုလားပျို့ သေနတ်စုသား လူ ၁၀၀ တို့ ပေါင်းဗိခံ ပေါင်းထုပ် ကုလားဦးရစ် အင်းကျီ သည်များကို ပန်းဆိုးဆင်ဝတ်၍ သေနတ် မီးစာအစုံနှင့် ထမ်းလိုက်ရသည်။[၁]

အာမခံစုသား ကုလားပျို့ သေနတ်သားတို့ကို မာန်အောင်ရတနာ ဘုရားဒါယကာမင်းတရား ဖွဲ့သည်။[၂]

နန်းစာရေး လွှတ်စာရေး ကွေန်တော။ ထော်ဦး။ ထွေန်း။ ကုလားပျို့ တို့နှင့် အစုစု လူပေါင်း ခြောက်ဆယ်။[၃]

၁။ လကဗဟ ၁၅၃ ၂။ ယင်း ၁၅၃ ၃။ ကဘဆ ၁။ ၂၂၅

ကုလားဝန်။ ။နိုင်ငံခြား ဥရောပတိုက်သား သိုးဆောင်းလူမျိုး။ မင်းနေပြည်တော်မှာ ဆင်းသက်ပေါက်ဘွားသည့် သိုးဆောင်းလူမျိုးတို့မှ တပါး။ ကုရကီပသီလူမျိုး။ ဇေဒပါရီလူမျိုး ကုလားတို့နှိုက် မင်းမှုတော်ရပ်ရှိလျှင် ဆင့်ဆိုရသည် ကုလားဝန် စာရေးဟူ၍မရှိ။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၂၅

ကုလားသေနတ်ကိုင်။ ။ထို့အတူ သေနတ်စွဲကိုင်လျက် ကတ္တီပါခါးရန်းပေါင်းဘိ ဦးထုပ်ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်ကိုင် လက်ယာတော်ကနှစ်ထောင့်ငါးရာ။[၁]

၁။ ကဘဆ ၁။ ၂၂၉

ကုရှတ်။ ။ကုရှတ်လေ့မှာ ရာမညတိုင်းသားတို့ဘာသာ ခေါ်ဝေါ်ခြင်းဖြစ်သည်၊ ပန်းကန်လုံးကို ရာမညတိုင်းသားတို့မှာ ခရှတ်ခေါ်ဝေါ်သည်၊ ပန်းကန်လုံးကဲ့သို့ ဦးကအမိမ်

www.burmeseclassic.com



ပန်းကန်လုံးကဲ့သို့ ပဲ့ကအမြင့် လုပ်သည့်လှေ ဖြစ်သည်၊ ရှည်လျား၍ စကားရွှေ့ လေလျှင် ကူရှတ် ခေါ်ဝေါ်ရေးသားလေသည်။[၁]

ရဲလှေ ကူရှတ် သက္ကဒါန် မုခတူး စသော အထောင်မကသော လှေတော် အပေါင်း။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၆၄ ၂။ ကဘဆ ၁။ ၁၂၂

ကူးတို့ခ။ ။ကူးတို့ခမှာ တနယ်နှင့်တနယ် မတူ၊ ကွဲပြားခြားနား၏။

ခေါသန္တီပြည်နယ်တွင် ကူးတို့မှာ မိုးကာလရောက်မှ ပို့ရ၏။ ထိုအခါ လူ ၁ လျှင် ဆန် ၁ ပဲ၊ နွား ၁ လျှင် ဆန် ၂ ပဲ ကောက်ခံ၍ ရွာစားမှာတဝက် စီရင်သူ ပို့သူတို့မှာတဝက် ဝေခြမ်းစားပါရသည်။[၁]

မြို့မနေသူတို့ ကူးလျှင် လူခမယူရပါ၊ တကျေး တရွာသားတို့ ကူးလျှင် လူ ၁ လျှင် ပိုက်ဆံ ၁ ပဲကျ ကျွဲနွားကူးလျှင်ငွေ ၁ူးကျ မြင်း ၁ လျှင် ၂ ကျ ခံယူ ရပါသည်။[၂]

ပုဂံမြို့ကျေးတွင်ကူးတို့ခသည်လူတကိုယ်လျှင် ဆန် ၁ ပဲ၊ နွား ၁ လျှင် ငွေ ၁၊ မြင်း ၁ လျှင် ငွေ ၁ ဖြစ်၏။[၃]

အကြင်သူတို့သည် ကိုယ်ခစားလို၍ ကူးတို့ပြု၏။ ထိုသို့ပြုသောသူတို့သည်။ ကူးတို့ခကို တန်ရုံသာ ဆင်ခြင်၍ ယူအပ်၏။[၄]

၁။ ခေါသန္တီကိဝမ်း ၂။ တလုပ်မြို့စစ်တန်း ၇၅ ခု

၃။ မသက ၃၂။ ၆၁ ၄။ မနုကျယ် ၄၄

ကူးတို့သည်။ ။ကူးတို့ပို့သူ။

အကြင်သူတို့သည် ကိုယ်ခစားလို၍ ကူးတို့ပို့၏။ ထိုသို့ ပို့သောသူတို့သည်၊ ကူးတို့ခကို တန်ရုံသာ ဆင်ခြင်၍ ယူအပ်၏။ အနိုင်အထက်သန်ကြဲ၍ ဘိတ်စဉ် မူကား ဘိတ်သောသူတို့ကို။ ကူးတို့သည် ဆပ်စေအပ်၏။ အားနည်းသည်ဟု အပြစ် အလဇ္ဇီပြု၍ လှေတက်နစ်၍ ပါသောဥစ္စာ ပျောက်ခဲ့မူကား၊ ကူးတို့သည်အား ဆပ်စေအပ်၏။[၁]

၁။ မနုကျယ် ၄၄

www.burmeseclassic.com

www.burmeseclassic.com



ကေသာ။ ။မိဖုရားငယ်နှင့် ကိုယ်လုပ်တော်တို့၏။ ဘွဲ့အဆင့်တခု။

အမြင့်ဆုံး ဒေဝီအမည်-၁၃။ ၎င်းအောက် ဝတီအမည်ရ-၁၂။ ၎င်းအောက် ရဇာအမည်ရ-၅။ ၎င်းအောက် ပတာအမည်ရ-၁။ ၎င်းအောက် ကေသာအမည်ရ-၁။ ၎င်းအောက် စန္ဒာအမည်ရ-၁။၎င်းအောက် မာလာအမည်ရ-၁။ ၎င်းအောက် မုတ္တာအမည်ရ-၁။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၇

ကော်။ ။အသည်တို့ ပေးဆောင်ရသည့် ဆဲ့နှစ်မှုမင်းတိုင်း အဝင်။

ကော်ဆိုသည်မှာ နန်းတော်အိမ်တော်များတွင် အုတ်အက်တေနှင့် စပ်လျဉ်းသော အလုပ်အဆောင်တော် ရှိသည့်အခါ။ ကျွဲရေ နွားရေတို့ကို ပြုတ်ယူရရှိသည့် ကော်ရည်ကို ဆက်သွင်းရခြင်း ဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

ကော်ဇော်။ ။ကော်ဇောသည် ရှေးအခါက ထီးသုံးနန်းသုံး ဖြစ်၏။

လောကီ လောကုတ္တရာ သုဘာသုတ အခမ်းအနားကြီးများတွင် များစွာသော ကော်ဇော် ကမ္ဗလာစသည်တို့ကို ခင်းကျင်းရန်ရှိသည့် အခါများမှာ။ လွှတ်တော်က ဆင့်ဆိုသည့် စာချွန်အတိုင်း မြေနန်းဝန် နေရာတော်ခင်း သွေးသောက်ကြီးတို့က နေရာတော်ကို ရွှေဘိုက်မှထုတ်ယူ ခင်းကျင်းရွက်ဆောင် ရသည်။[၁]

ကမ္ဗလာ ကော်ဇော များ၏ အောက်ကခံ၍ ခင်းရန် ဖျာများကို သိမ်းဆည်း၍ ထားရသည် ဌာနကို လက်ဆောင်ယူတိုက်သမုတ်၍။[၂]

မင်းသားတို့သည် ထမ်းစင် စီးအားရှိလျှင် ထမ်းစင်ဟင်းသပတားသုတ်ကို ကော်ဇောလေးတောင် မှိုအုံးကို ထမ်းစင်တွင် ခင်း၍စီသည်။[၃]

လမ်းကိုသဲခမ္ဘ ကြဲပြီးလျှင် ကော်ဇောခင်းရသည်။ ခင်းထားသည့် ကော်ဇော ထက် ဆဒ္ဒန်ဆင်ဖြူတော်ကို လျှောက်စေပြီးလျှင်။[၄]

၁။ ရွှေနန်းသုံး ခန်း ၁၃၀ ၂။ ယင်း ခန်း ၇၇

၃။ လကဗတ ၂၃၃ ၄။ ရွှေနန်းသုံး ခန်း ၁၃၇

www.burmeseclassic.com

www.burmeseclassic.com



ကောလီစည်။ ။ကောလီဓါတ် ပထဝီဓါတ်ဆိုင်ရာ တံခါးတွင် ချိပ်ဆွဲထားသည့် စည်။ တီးသည့်စည်လည်း သူရဇ္ဇ ပါပ အမြိတ္တ ကောလီ ဓါတ်လေးရပ် မြို့လေးမျက်နှာ ဓါတ်တံခါးများတွင် ဆွဲထားတီးသည့် ဓါတ်စည်လေးလုံးအနက် သူရဇ္ဇ တေဇော ဓါတ်ဖြစ်သော အရှေ့မျက်နှာ ဓါတ်စည်က နှုတ်ရှိတီးသည်။ အခြားဓါတ်စည်ကို မတီး။၁

မင်းလမ်းမှာလည်း။ ပါပါသူရဇ္ဇ။ မြိတ္တကောလီ။ နောက်မှိုရှေ့မြောက်။ တောင်ရပ်ဆောက်၍။ ဓါတ်လျော်ခွဲဝေ။ ဗိုမနေအောင်။

၁။ ရွှေဘုံနိဒါန်း ခန်း ၆၁ ၂။ ကုသ ပိုဒ် ၁၀

ကိုယ်ခ။ ။လုပ်အားခ။

အခပြတ်၍၊ အခကိုမှုမပေးစေစားရာတွင် သေပျောက်ခဲ့မှုကား။ ကိုယ်ဘိုး ငွေကိုးဆယ်လျော်စေ။ ကိုယ်ခလည်း ပြတ်သည့်အတိုင်း ပေစေ။ ကိုယ်ခခံ၍ စားလေအံ့။ အလုပ်မစေခင် ပြေးသွားမှုကား။ ပေးသောအခသည်။ နှစ်လည် ထံပိုး။ ပေးရာသတည်း။၁

၁။ မနုကျယ် ၄၄

ကိုယ်ခစား။ ။ငှားရမ်းခ။

လယ်လုပ်ငှားသည် ကိုယ်ခစားတရားကား၊ မင်းကြီး၊ အကြင်သူတို့သည် လယ်ပင် အလုပ်ငှား၏။ ငှားသည်ကိုယ်ခ၊ နွားကား၍မျှ၊ ငွေကား၍မျှ၊ ကြေးကား၍မျှ၊ ပုဆိုးကား၍မျှ၊ စပါး၍မျှဟူ၍၊ အခပြတ်အပ်၏။၁

အကြင်သူတို့သည် ကိုယ်ခစား လို၍ ကူးတို့ပြု၏။ ထိုသို့ ပို့သောသူတို့သည်။ ကူးတို့ခကို တန်ရုံသော ဆင်ခြင်၍ ယူအပ်၏။၂

၁။ မနုကျယ် ၄၄ ၂။ ယင်း ၄၄

ကိုယ်တော်မြတ်ဘုရား။ ။မိဖုရားတို့တွင်မြင်သည့်သားတော်များ။

မြောက်နန်းတော်စသော နန်းရမိဘုရား ဆောင်ရမိဘုရားတို့က မြင်သည့် သားတော်များကို ကိုယ်တော်မြတ်ဘုရားဟု ခေါ်ဝေါ်ရမြဲ ဖြစ်သည်။၁

၁။ ရွှေနန်းသုံး ခန်း ၃၉၆

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်ဘိုး။** ။လူတယောက်တန်ဖိုး။ ဆင်းရဲသား သို့မဟုတ် ကျွန်ယောကျ်ားတန်ဖိုး ငွေသုံးဆယ်၊ မိန်းမတန်ဖိုး ငွေနှစ်ဆယ်ငါးကျပ်။

မိန်းမလင်ရင်းမှန်လျက်မနေလိုချေ။ ကိုယ်ဘိုးငွေနှစ်ဆဲ့ငါးကျပ်လျော်စေ။[1]

အခပြတ်၍၊ အခကိုမှုမပေး စေစားရာတွင် သေပျောက်ခဲ့မူကား ကိုယ်ဘိုး သုံးဆယ်လျော်စေ။[2]

တရားသူကြီး မင်းစိုးတို့သည်ကား၊ ရသူ ကိုယ်ဘိုး မစားအံ့။ လျော်သောသူကို ငွေစင်တဆယ် တစုစားအပ်၏။[3]

သမားကိုကုပါ၊ အနာလွတ်သော်၊ ငါ့ကို ကျွန်ပြုပါတော့ဟူ၍၊ တိုင်တမ်း၍ လွတ်ပေမူကား၊ သမားကျွန် မခံဝံ့သော် မမွေသတ်ကိုယ်ဘိုး ငွေသုံးဆယ်၊ သမားစားအပ်၏။[4]

၁။ မနုကျယ် ၁၁ ၂။ မနုကျယ် ၄၃
၃။ မနုကျယ် ၄၄ ၄။ မနုကျယ် ၄၇

**ကိုယ်ရံကြီး။** ။ညောင်ရမ်းနှောင်းခေတ်မှ အတွင်းအမှုထမ်းတမျိုး။

သည်နောက်က ပြဿဒ်တော်တင် ဆင်တစီး၊ သဠာလီတော်တင် ဆင်တစီး၊ ထိုနောက် ကိုယ်ရံကြီးစုသားလူ ၁၀၀၊ ဆင်ချေဘုံး လိုက်ရသည်။[1]

နိုင်ငံအတွင်း ဂါမဝါသီ ရွာသူတို့နှင့် ရောနှောနေသော။ အလဇ္ဇီရှင်ယောင်တို့ကို ကိုယ်ရံကြီးမဟာဇေယသိန်က သိမ်း၍၊ လက်ယာနံ။ လက်ဝဲနံတွင်။ ခြသေ့ရုပ်ထိုး။ သင်း ကိုယ်ရံကြီးမားဖြည့်။[2]

၁။ လကဗဟ ၁၅၆ ၂။ မြန်မာမင်း ၃။ ခန်း ၃၇၃

**ကိုယ်ရံကြီးအမတ်။** ။ရခိုင်မင်းများ ကောင်းစားစဉ်က ပြည်ထဲရေးကို အုပ်ချုပ်စေသည့် အမတ်ကြီး လေးယောက်ရှိသည့်အနက် တယောက်ဖြစ်သည်။

ကိုယ်ရံကြီးအမတ် ဆိုသည်မှာ။ မင်းရောဇ်၏ကိုယ်ကို ခြံရံ စောင့်ရှောက်ရသည်။[1]

၁။ မြန်မာမင်း ၃။ ခန်း ၄၇၁

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံကြီးအမတ်တော် သွားလာလျှင်။ ရွှေဆောင်ရွှေသိုင်း လက်ဝဲလယ်ယာ နှစ်စင်း။ သင်းမှူးရှစ်ယောက်။ ဗောင်းနီနှင့် ရပ်ကိုင်၍ ရှေ့ကလိုက်စေ။ မောင်းခရာ တီးမှုတ်စေ။[၂]

နိုင်ငံအတွင်း ဂါမဝါသီ ရွာသူတို့နှင့် ရောနှောနေသော။ အလဇ္ဇီ ရှင်ယောင်တို့ကိုကိုယ်ရံကြီး မဟာဇေယသိန်ကသိမ်း၍။ လက်ယာနံ။လက်ဝဲနံတွင်။ ခြံသေ့ ရုပ်ထိုး။ သင်း ကိုယ်ရံကြီးမားဖြည့်။[၃]

၂။ မြန်မာမင်း ၃။ ခန်း ၄၁၇ ၃။ မြန်မာမင်း ၃။ ခန်း ၃၇၃

ကိုယ်ရံတော်။ ။မြန်မာမင်းတို့၏ ကိုယ်ရံများဖြစ်သည်။

ညောင်ရမ်းခေတ်တွင် ၎င်းအစုသားတို့သည် မိန်းမစု၊ လှေလှော်စု၊ စည်တီး မိန်းမစုမှ မိန်းမများနှင့်သင့်၍ သားယောကျ်ားရလျှင် ထိုသားသည် အဖပါ ကိုယ်ရံတော်စုမှာ ထမ်းရွက်ရသည်။

ကိုယ်ရံတော်တို့မှာ စစ်ဝတ်တန်ဆာဆင်၍ ထားခါးချည်လျက် ဒိုင်းကာလွှား ကိုင်သည်။[၁]

ထိုနောက် လယ်ယာတော်က ချပ်ဝတ်တန်ဆာ ဝတ်ဆင်သောကိုယ်ရံတော် သေနတ်စွဲသူရဲတထောင်၊ လက်ဝဲတော်က ချပ်တန်ဆာ ဝတ်ဆင်သော ကိုယ်ရံတော် သေနတ်စွဲသူရဲ တထောင်။[၂]

၁။ လကဗဟ ၁၅၀ ၂။ ကဘဆ ၁။ ၁၁၀

ကိုယ်လုပ်တော်။ ။ထိပ်ထားအောက်မယားကိုကိုယ်လုပ်တော်ခေါ်ဝေါ်ရသည်။ကိုယ်လုပ်တော် ဆိုသည်မှာ။ ကိုယ်တော်၏အပါးတွင် အလုပ်အကျွေးဖြင့်နေရသော မယားကို ဆိုလိုသည်။ ၎င်းအောက် မယားကို မောင်းမ ခေါ်ဝေါ်သည်။[၁]

မင်းသမီးနေရာနေ နန်းစည် ကိုယ်လုပ်တော်တို့ ထုံးမြိတ်ဆင်ယင်၍ ပြင်ဝင်း အိမ်က ထမ်းစင်စီး၍နေရာသို့ တက်ရလည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၃၈၆ ၂။ လကဗဟ ၃၂၀

www.burmeseclassic.com

www.burmeseclassic.com



ကိုးခရိုင်။ ။ကျောက်ဆည်ပတ်ဝန်းကျင် ဖြစ်သည်။ ရှေးအခါက ယင်းဒေသကို တောင်ဖက်၊ လယ်တွင်း စသည်ဖြင့်လည်း ခေါ်သည်။ ကိုးခရိုင်မှာ ဆည်ကို အစွဲပြု၍ခေါ်ဝေါ်သည်မဟုတ်၊မြို့ကို အစွဲပြု၍ခေါ်ဝေါ်ခြင်းဖြစ်သည်။ ထို၉မြို့ကား (၁)စောလှမြို့၊ (၂) ပယ်လယ်မြို့၊ (၃) မြစ်သားမြို့၊ (၄)ပျဉ်းမနားမြို့၊ (၅)မြောင်လှမြို့၊ (၆) မြင်းခုံတိုင်မြို့၊ (၇) ပန်မြို့၊ (၈) မက္ခရာမြို့၊ (၉) မြင်စိုင်းမြို့ ဖြစ်ကြ၏။°

၁။ ကိုးခရိုင်သမိုင်း ၅

ကိုးစော်ဘွား။ ။ရှမ်းပြည်ကိုးစော်ဘွားဟူ၍ သက္ကရာဇ် ၁၀၉၅ ခုတွင် သတ်မှတ်ထားသည်ကား (၁) သိန္နီ၊ (၂) သီပေါ၊ (၃) ညောင်ရွှေ၊ (၄) ဗန်းမော်၊ (၅)မိုးနဲ၊ (၆) မိုးမိတ်၊ (၇) မိုးကောင်း၊ (၈) မိုးညှင်းနှင့် (၉)ကလေးနယ်များမှ စော်ဘွားများဖြစ်၏။°

၁။ အလမ ခါကျော

ကိုးသားပေါက်စု။ ။အနောက်ဝန်စု စုသား စုကြမ်း အမှုထမ်းတို့တွင် ကိုးသပေါက်အစု အဝင်အပါဖြစ်သည်။ ထိုအမှုထမ်းစုသည် ညောင်ရမ်းခေတ်က စတင်ပေါ်ပေါက်ခဲ့ဟန်ရှိသည်။

၉ သားပေါက် ဟူသည်လည်း အမှုထမ်း တမျိုးတည်း၏ အမည်မဟုတ်။ သားပေါက် အမှုထမ်း ၉ ရပ်ရှိ၍ ၉ သားပေါက် ခေါ်ဝေါ်ကြောင်း။ ၉ ရပ်ဟူသည်မှာ ပဲခူးသားပေါက်။ ပြည်ကြီးသားပေါက်။ · သားပေါက်စစ်။ သားပေါက်မှန်။ ခွင်သားပေါက်။သားပေါက်ခံ။ရွှေးသားပေါက်။ သားပေါက်တော်။ သားပေါက်ကျော်ဟူ၍ ၉ ရပ်ရှိကြောင်း။ ထို ၉ ရပ်သောအမှုထမ်းတို့၏ ထမ်းရွက်ရပုံမှာ။ ထိုအမှုထမ်းတို့ကို ရွှေနန်းစဉ်ဆက် အနောက်ဝန် အနောက်ဝန်စာရေးဟူသော အနောက်ရုံးအရာရှိတို့က ထိန်းအုပ်ဆင့်ဆို၍ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဘုရားဝန်တော်အိမ်ဝင်းတော်အတွင်း။အဂ္ဂမဟေသီမိဖုရားခေါင်ကြီး၏ အသေးအဖွဲ့ကိစ္စတော် မင်းမှုတော်ရပ်များကို နေ့ညစောင့်၍ အမြဲ ထမ်းရွက်ကြရကြောင်း။°

၁။ ရွှေနန်းသုံး ခန်း ၂၀၃။ မြန်မာမင်း ၃။ ခန်း ၃၃၀

www.burmeseclassic.com

www.burmeseclassic.com



ကက်။ ။စပါးထည့်သည့် ၆၄ တင်းဝင် တောင်ကြီး။

လေးတင်းကို တတို့။ လေးတို့ကို တပုတ်၊ လေးပုတ် တကက်။ လေးကက်ကို တကြ။ ၁

၁။ မြန်မာ့ပင်း ၃။ ခန်း ၃၀၀

ကောက်ခံ။ ။အခွန်အတုတ် ကောက်ယူခြင်း။

မြေဆိမြေခွန်မှာ ဆယ်ခိုင်တခိုင် ကောက်ခံ၍ ဂုင်းဘုရားရှင်မှာ သိတင်းကျွတ်နှစ်စဉ် ဆိမ်းထွန်းမျှော်ရသည်။ ၁

မြေခွန်မှာ တင်း ၁၀၀ လုပ်ရလျှင် တင်း ၁၀ ရေးစား တိုင်စား ၁ စိတ် ထန်းတတက်လျှင် ငွေနှစ်မတ် ရေးစားတမူး ကောက်ခံ၍ ဝတ္တကံသိမ်းတို့ကို ပေးချင်ရီး။ ၂

၁။ ရှာသာမြို့စစ်တန်း ၄၅ ခု ၂။ ဒန့်ကျင်ရွာစစ်တန်း ၄၅ ခု

ကောက်ခံရိုး။ ။ကောက်ခံမြဲထုံးစံ။

ကျွန်ထုတ်ကြေး ၃ ကျွန်သိမ်း ၁ မတ် ကျွဲမြီး ၁မူး နွားမြီး ၁ ပဲကောက်ခံရိုး။ ၁

၁။ တောင်ရွှေရွာစစ်တန်း ၄၅ ခု

ကောက်စာ။ ။အတိတ်နိမိတ်ယူသည့် နည်းတနည်းဖြစ်သော စာကောက်ရာမှရသောအဖြေ။

စာကောက်စေရာလည်း။ အလျှင်လည်းကောင်း။ နောက်လည်းကောင်း။ သောင်းသောင်းကြေညာ။ လူ့ဗိုလ်ပေါ်ဟူသောကောက်စာကိုရသည်။ ၁

၁။ ကဘဆ ၁။ ၁၁၀

ကောက်ရိုး။ ။အခွန်တော်များကို အစဉ်ထုံးစံရှိသည့်အတိုင်း ကောက်ခံသည်ကို ကောက်ရိုးဟုခေါ်သည်။ ကောက်ရိုးကိုပင် ကောက်စား၊ ကောက်စားရိုးကောက်ခံရိုး စသဖြင့်လည်း ခေါ်သေးသည်။

ကျွန်ထုတ်ကြေး ၃ ကျွန်သိမ်း ငွေ ၁ိ ကျွဲမြီး ၁ူ နွားမြီး ၁ ပဲ ကောက်ရိုး။ ၁

၁။ ရှာပိန်းရွာစစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ မြို့သူကြီးက ခန့်ထား၍ တိုက်ကုန်ချိတ်ကုန် ငွေ ၁ဝ ကို ရောင်းဝယ်လျှင် ၁ဂျ ကောက်ရိုး။[2]

ကျွဲနွားသေလျှင် အနံ တင်သား ကောက်စားရပါသည်။[3]

ကျွဲနွားသေလျှင် အနံ တင်သား ကောက်စားရိုး။[4]

၂။ ရွာသာမြို့စစ်တမ်း ၅၅ ၃။ အင်တိုင်းရွာစစ်တမ်း ၄၅ ခု
၄။ ကမ္ဘာနီရွာစစ်တမ်း ၄၅ ခု

ကောက်လှိုင်း။ ။ကောက်လှိုင်းခိုးသူသည် မိလျှင် ငါးဆယ်လျော်ရ၏။

သူတယောက် ကောက်လှိုင်းကို သူတယောက်ခိုးယူသည်။ ခိုးသူကိုခေါ်၍ မေးစစ်သော်၊ ခိုးယူမိသည်မှန်ပေသည်။ ညဉ့်ခိုးသည်ဆိုလျှင် တလှိုင်းကိုငါးလှိုင်း ပေး၍ပြေစေ။

၁။ မနုကျယ် ဂ

ကောက်သစ်ထမင်းစား။ ။မြန်မာမင်းများလက်ထက် စိုက်ပျိုးရေးနှင့်ဆိုင်သည့် မင်းပွဲသဘင် တမျိုး။

ကောက်သစ်ထမင်းစားမှာ တပေါင်းလဆန်း ၁၄ ရက်နေ့ညကို တတိယယံ ၁ဝ နာရီပြည့်တွင် စားစေ။[1]

၁။ ရဟာအမတ ၆၅ ၁၁၆၇ ခု တပို့တွဲလပြည့်ကျော် ၆ ရက်နေ့ထုတ်အမိန့်တော်။

ကင်မွန်းတပ်။ ။ခေါင်းဆေးမင်္ဂလာ။

သူနာကို မလွှတ်နိုင်ပြီဟု၊ လက်ခြေချ၍၊ မိဘ၊ သားမယားဆိုပြီးလျက်၊ သမား အိပ်နေကြိုးစား၍ ကုမတုံ၏။ လွှတ်မူကား၊ အသက်ဘိုး ငွေသုံးဆယ် စားအပ်၏။ မလွှတ်၍ သေခဲ့မူ သော်လည်း၊ ထိုသမား ကင် ပွန်း ရေ စင် တပ် ပေအပ်၏။[1]

ရှေးနေ၊ သမားတို့သည်၊ လျော်ကြောင်း၊ သေကြောင်းမှ ကယ်ဆယ်ပလေသည် ဖြစ်သောကြောင့်၊ ကင်ပွန်းတပ်ရာသည်ကား၊ ရေစင်စာလောင်း၊ အိုးခွက်၊ သက်ငယ် အစရှိသည်တို့ကို။ ကိုင်တတ်သောသူ ငွေသုံးကျပ် ထိုက်သည်။[2]

၁။ မနုကျယ် ၄၇ ၂။ မနုကျယ် ၄ဝ

www.burmeseclassic.com

www.burmeseclassic.com



ကင်း။ ။မြန်မာမင်းများလက်ထက် ကြည်းကင်း၊ ရေကင်း၊ မြို့စောင့်ကင်း၊ နယ်ခြားကင်း စသည်ဖြင့် ကင်းအမျိုးမျိုးရှိ၏။

ကျောက်တလုံးကင်း မင်းကွန်းကင်း စမွါယ်နဂိုရ်ကင်း ဟူသော ရေကင်းများနှင့် သင်ကြန်ကင်း မြောင်းဦးကင်း လေသာကင်း မြင်းထိပ်ကင်းနတ်ထိပ်ကင်း ရှောင်ကဗွေ စသောအရပ်ရပ် ကြည်းကင်းများ။[၁]

ရေခရီး၊ ကုန်းခရီးတို့တွင်၊ စောင့်သော ကင်း တို့သည်လည်း ကင်းခအစဉ်လိုက်၍၊ ကောက်ရိုးကိုသာ ကောက်ရာသတည်း ကင်းကိုလွန်၍ ဥစ္စာရှင်တို့သွားမူကား၊ ရှေးအစဉ်ကောက်ရိုးထက် ရှစ်ဆကောက်အပ်၏။[၂]

ကင်း ဆိုသည်မှာ။ အကောက်ခွန် မှတ်သားစောင့်ရှောက်မှုနှင့်ဆိုင်သည်။[၃]

မြစ်ဝ ရယ်ရေက ကျောက်ဆူးချ၍ သမ္ဗန်ငယ်နှင့် မြစ်မာလိန် ရေးချားရှိသူကို မီးပြကင်း သီလဝါကင်း၊ ဓနုတ်ကင်းများသို့ ဝင်ရပါသည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၉၇ ၂။ မနုကျယ် ၄၅
၃။ မြန်မာမင်း ၃။ ခန်း ၄၂၁ ၄။ မသက ၆။ ၂၂၀

ကင်းခ။ ။ကင်းခွန်။

အကြင်သူကိုသည်၊ ရေခရီးကုန်းခရီးတို့တွင်၊ စောင့်သောကင်းတို့သည်လည်း ကင်းခ အစဉ်လိုက်၍၊ ကောက်ရိုးကိုသာ ကောက်ရာသတည်း။ ရှေးအစဉ်ကို လွန်ဘိမူကား၊ ဥစ္စာကို ကင်းသား ဆပ်စေ။[၁]

၁။ မနုကျယ် ၄၅

ကင်းငယ်လှေ။ ။လက်သင်လှေ။

လက်သင်လှေမှာ ကင်းငယ်သဏ္ဌာန် လုပ်ဆောင်သည်၊ လက်သင် သမုတ်ခေါ်ဝေါ်ကြောင်းမှာ ရွှေထီး ရွှေနန်းအဆက်ဆက် လှော်ကားတော်တွင် လှော်ရသည့် တက်ရေးသုံးဆဲ့ခုနှစ်ချင်းတို့ကို လှော်ကားတော်သို့တက်၍ မလှော်မီအကြား ယင်းသည့်လှော်ချင်းများကို လက်တတ်အောင် သင်ရသည့်လှေဖြစ်၍ ထိုကင်းငယ်၏သဏ္ဌာန် လုပ်သည့်လှေကို လက်သင်လှေ ခေါ်ဝေါ်သမုတ်လေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၉၁

www.burmeseclassic.com

www.burmeseclassic.com



**ကင်းစာရေး**။ ။ကင်းဝန်၏လက်အောက်ရှိ ကင်းများနှင့်ဆိုင်သည့် စာရေးဖြစ်၏။

ကင်းခွန်ကောက်ခံရာဌာန ကင်းများကို အစောင့်အနေ အကောက်အခွန်တော် မှစ၍ မလစ်မလပ်ရအောင် ကင်းစာရေးတို့ ဆင့်ဆိုစိမ်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၉၇

**ကင်းစဉ်**။ ။ကင်းစောင့်များနှင့်ဆိုင်သည့်အရာ။

ကင်းစဉ် ဆိုသည်မှာ။ ကင်းတွင် အခစောင့်ထားသောအမှုထမ်းများ။ လမ်းလျှောက်အမှုထမ်းများနှင့် ဆိုင်သည်။[၁]

၁။ မြန်မာမင်း ၃။ ခန်း ၄၂၁

**ကင်းစဉ်ဝိုင်း**။ ။လွှတ်တော် စာရေးဝိုင်းတခု၊ ကင်းစဉ် အမှုထမ်းနှင့်ဆိုင်သည့် ကိစ္စများကို ဆောင်ရွက်ရသည်။

ဂုဏ်ပြင် အမှုထမ်းနှင့်ဆိုင်သော ဝိုင်းမှာလည်း။ အမြောက်သေနတ်ဝိုင်း။ ကင်းဝိုင်း။ ကင်းစဉ်ဝိုင်း။ မြင်းဝိုင်း စသောအားဖြင့် ခွဲခြားထားသေးသည်။

၁။ မြန်မာမင်း ၃။ ခန်း ၄၂၁

**ကင်းစပ်း**။ ။ရန်သူအင်အားကို ထောက်လှမ်းစေသည့် အဖွဲ့။

ထိုအခါသေနတ်ဝန်တို့ ချီလာရာ သခပြချောင်းဖျား ရေနံ့သာမြို့ရောက်လျှင်။ ကွေ့ကို ကင်းစမ်း လာသည့် မြင်းတရာတွေ့၍ တိုက်ကြသည်တွင်။[၁]

ရဲခေါင်စံကျော်လည်း တလိုင်းတို့နှင့်နီးလျှင် မြင်းဆယ်စီးနှင့် ကင်းစမ်း တလိုင်းတို့စပ်သို့ စေလွှတ်သည်တွင် တလိုင်းတို့လည်း မြန်မာတို့ ချီလာသည်။ စစ်အင်ကြီးမားသည်ကြားသည်။ ငါတို့ သည့်တွင်ခံသော်လည်း မခံနိုင်ရာ အမှတ် ရှိ၍ ဆုတ်လေ၏။[၂]

၁။ ကဘဆ ၁။ ၃၄ ၂။ ကဘဆ ၁။ ၁၅၁

**ကင်းတားကုလားပျို့သေနတ်**။ ။ရှေးမင်းတို့ လက်ထက်က ဘွဲ့ခဲ့သည့် ကင်းတားကုလားပျို့ သေနတ်စွဲး အမှုထမ်းဖြစ်သည်။ ခြသေ့ရုပ် လက်ယာနံဘေးတွင်ထိုး၍ ခေါင်းတော်

www.burmeseclassic.com

www.burmeseclassic.com



မှတ်သည်။ မန္တလေးရတနာပုံဒုတိယနန်းစံမင်းတရားလက်ထက်တော် ကင်းတား ကုလားပျိုသေနတ်စု အမှုထမ်း ၃၃၅ တို့မှာ တလလျှင် လစာငွေတော် ၄၀၀၅ ိ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၃၂

ကင်းဝိုင်း။ ။အမှုထမ်းနှင့်ဆိုင်သော လွှတ်တော်စာရေးဝိုင်းတခု။

ရင်းပြင် အမှုထမ်းနှင့်ဆိုင်သော ဝိုင်းမှာလည်း။ အမြောက်သေနတ်ဝိုင်း။ လေှသင်းဝိုင်း။ ကင်းဝိုင်း။ ကင်းစဉ်ဝိုင်း။ မြင်းဝိုင်း စသောအားဖြင့် ခွဲခြားထားသေးသည်။[၁]

၁။ မြန်မာမင်း ၃။ ခန်း ၄၂၁

ကင်းဝန်။ ။ကင်းဝန်၏တာဝန်များမှာ ကင်းခွန်ကောက်ခံရာ ဌာနကင်းတော်များကို အစောင့်အနေ အကောက်တော် အခွန်တော်မှစ၍ မလစ်မလပ်ရအောင် ကင်းစာရေးသို့ ဆင့်ဆိုစီမံရသည်။[၁]

၁ နှေ့မင်းလက်ထက် သက်ရှည်ကျော်ထင်ဘွဲ့နှင့် ကင်းဝန် နောက် အသည်ဝန်ခန့်သည်။[၂]

ခမည်းတော်လက်ထက် ဝန်ထောက်ကင်းဝန်ဇေယျနော်ရထာလမိုင်းဝန်ထောက်ကျော်ခေါင် နော်ရထာတို့နှင့်ဘက်၍ နေမျိုးနန္ဒကျော်ထင် ဦးဒိန်ဇေယျတို့ကို ဝန်ထောက်ခန့်သည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၉၃ ၂။ မသက ၄၅။ ၁၄၃
၃။ ယင်း- ၁၄၈

ကင်းသား။ ။ကင်းအမှုထမ်း။

ကင်းခ၊ အစဉ်လိုက်၍၊ ကောက်ရိုးကိုသာကောက်ရာသတည်း။ ရှေးအစဉ်ကို လွန်ဘိမူကား။ ဥစ္စာကို ကင်းသားဆပ်စေ။ ကင်းခထက် လွန်စွာသွန်ကြ၍ ဘိတ်စဉ်ခဲ့မူကား။ ဥစ္စာရှင်ကို ကင်းသားဆပ်စေရာသည်။[၁]

၁။ မနုကျယ် ၄၅

www.burmeseclassic.com

www.burmeseclassic.com



**ကောင်ဟန်။** ။လှ ကိုင်ရှမ်းအမှုထမ်း။

ထိုနောက် ရွှေဝင်းတော်မှူး။မိုးနဲ့ရွှေလှ ကိုင် ကောင်ဟန် တရာနှင့် ဝင်းတပ်။[၁]

၎င်းဝင်းတော်လေးမျက်နှာက စောင့်ရသော ဝင်းကောင်ဟန်အဝေးမြို့ရွာသို့ ချီတက်ရာလိုက်ပါရသော တပ်ကောင်ဟန် အစုအမှုထမ်းတို့ကို လုပ်မြေနေမြေ အစားအသောက် ချို့တဲ့ခြင်းမရှိစေရအောင်။[၂]

ရှေးမင်းတို့ လက်ထက်က ဘွဲ့ခံရင်းဖြစ်သော ကောင်ဟန် အမှုထမ်းတို့မှာ ပဥ္စလိတ္တနတ်လက်ယာသန်လျက်ထမ်း လည်ကပ်မှားထို့၍ ဆေးတော်မှတ်သည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံမင်းတရားလက်ထက်တော် ကောင်ဟန် အမှုထမ်း ၉၅ တို့မှာ တလလျှင် လစာတော် ၁၃၂၂ိ-၂ မတ် သနားတော်မြတ်ခံရသည်။[၃]

၁။ ကဘဆ ၁။ ၁၂၀ ၂။ ရွှေနန်းသုံး ခန်း ၁၀၉
၃။ ရွှေနန်းသုံး ခန်း ၃၃၀

**ကောင်ဟန်စာရေး။** ။ကောင်ဟန်ဝန်ကို ကူညီရသော စာရေး။

ကောင်းဟန်အစုအမှုထမ်းတို့ကို လုပ်မြေနေမြေ အစားအသောက် ချို့တဲ့ခြင်း မရှိအောင် စစ်ဆေး မေ မြန်း၍။ရေးခွင့်အလျောက် လွှတ်တော်ကစီမံရာ လိုက်ပါ ထမ်းရွက်စေရန် ကိစ္စအရပ်ရပ် ပြီးပြေအောင် ကောင်ဟန်စာရေးကို ဆင်ဆို ကြီးကြပ် ကြည့်ရှုစီမံစေရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၉

**ကောင်ဟန်တန်း။** ။ရာဇဝတ်သင့်သူတို့ကို ချုပ်နှောင်ထားရာဌာနတခု။

ရာဇဝတ်မှုကြီးနှင့် အကျဉ်း အချုပ် ထားသင့်သူတို့ကို သူရဲးတန်း လက်ရတန်း ကောင်ဟန်တန်း ၃ ရပ်တွင် ချုပ်ထားသင့်ရာ ချုပ်ထားသည်။ လူသူ အဆုံး စိရင်မည်ထုတ်သွားရာ ၃ တန်း ပေးသည်လည်း ၎င်းတန်း ၃ ရပ်က လူတယောက်စီပေးသည်ကို ဆိုခြင်းဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၆၇

**ကောင်ဟန်မှူး။** ။ကောင်ဟန်သားတို့ကို ကွပ်ကဲကြီးကြပ်သော အရာရှိ။ ကောင်ဟန်မှူး ထွေနန်းလှကို သေည်စဲကျော် အမည်သနားတော်မူသည်။[၁]

၁။ ကဘဆ ၁။ ၂၅၉

www.burmeseclassic.com

www.burmeseclassic.com



ကောင်ဟန်ဝန်။ ။ကောင်ဟန်သားများကို အုပ်ချုပ်ရသော ဝန်ဖြစ်သည်။ ၎င်း၏ ဝတ္တရားများမှာ။

ဝင်းတော် လေးမျက်နှာက စောင့်ရသော ဝင်းကော်ဟန် အဝေးမြို့ရွာသို့ ချီတက်ရာလိုက်ပါရသော တပ်ကောင်ဟန် အစုအမှုထမ်းတို့ကို လုပ်မြဲနေမြဲ အစားအသောက် ချို့တဲ့ခြင်းမရှိစေရအောင် စစ်ဆေးမေးမြန်း၍။ ရေးခွင့် အလျောက် လွှတ်တော်ကစီမံရာ လိုက်ပါထမ်းရွက်စေရန် ကိစ္စအရပ်ရပ် ပြီးပြေအောင် ကောင်ဟန်စာရေးကို ဆင့်ဆိုကြီးကြပ် ကြည့်ရှုစီမံစေရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၉

ကိုင်း။ ။မြစ်ရေချောင်းရေများ ကျဆင်းသွားသောအခါ ပေါ်လာသည့် မြေနုတွင်စိုက်ပျိုးသည့်စိုက်ခင်း။

သက္ကရာဇ် ၁၁၆၄ ခုနှစ်က စလေမြို့တွင် ကိုင်း ကျွဲယှဉ်း ၂၀ လုပ်နှင့် ၎င်းစီရင်စု ဥယျာဉ်ရွာတွင် ကိုင်းကျွဲယှဉ်း ၃၀ လုပ်ရှိခဲ့၏။ ကိုင်းလုပ်သူတို့သည် ကိုင်းကျွန်းချလျှင် ကျွဲတရှဉ်းလုပ်ကို ဖျင်တစင်း မြေတိုင်အား လက်ဆောင်ပေးရသည်။[၁]

၁။ စလေမြို့စစ်တန်း ဥယျာဉ်ရွာစစ်တန်း ၆၄ ခု

ကိုင်းခွန်း။ ။ကိုင်းခွန်များသည် မြို့ရွာအလိုက် ကွဲပြားခြားနား၏။

ဟံသာဝတီ ၃၂ မြို့အဝင် အချို့မြို့ရွာများ၌ ကိုင်းထားမတစင်းလုပ်လျှင် ခွန်မငွေ ရွက်နီ ၂မတ်ပေးဆောင်ရသည်။[၁]

အချို့မြို့ရွာများတွင် ကိုင်ခွန်မှာငွေ ၆ိ ဖြစ်၏။[၂]

တလုပ်မြို့တွင် ကိုင်းခွန်မှာ လုပ်ရကင်း ၁၀၀ လျှင် ခွန်မ ၁၀ တင်း၊ ကြီးစား ၂ တင်း၊ ရေးစား ၂ တင်း၊ ကောက်ခံရသည်။[၃]

စဉ့်ကူမြို့မှကိုင်းခွန်သည် ကိုင်းအလံအနံ ၁၀၀ အလျားအလံ ၁၂၀ လုပ်ကို ခွန်မငွေ ၆ိ ၂ံ၊ အပိုအကဲ ၁ံ၊ ရေးစား ၁ံ ဖြစ်၏။[၄]

ရွာသာမြို့ ကိုင်းခွန်မှာ ၁၀၀ လျှင် ၁၀၊ အပို ၂၅ဝိ အကဲ ၁၂၅ိ-၅ ရေးစား ၇၅ိ ဖြစ်သည်။[၅]။

၁။ ကျောက်စရစ်မြို့၊ ကျောက်မော်မြို့၊ ကျောင်ပြာယော်မြို့၊ မင်းရဲလှမြို့စစ်တန်းများ
၂။ ကောလိယမြို့စစ်တန်း ၆၄ ခု တောင်ငူမြို့စစ်တန်း ၄၅ ခု
၃။ တလုပ်မြို့စစ်တန်း ၄၅ ခု ၄။ စဉ့်ကူမြို့စစ်တန်း ၄၅ ခု
၅။ ရွာသာမြို့စစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ကုလ္လ။ ။လင်ငယ်နှင့်ရသောသား။

လင်သည်မသေမီ။ သယောက်လင်ကြောင့်ဖြစ်သောသားသည်။ကုလ္လမည်၏။°

၁။ အမေ့ပုံ ၄၀

ကတ္တုလေ့။ ။လခြမ်းပုံသဏ္ဍာန် ဝန်တင်လှေ။

ကတ္တုလေ့ အကြောင်းမှာ....ခတုလှေဟူ၍ ဆိုသည်။ ရှမ်းပြည်တိုင်းသားတို့ ဘာသာ လက်ခတုခေါ်သည်။ လဆန်းဖြစ်သော လ၏သဏ္ဍာန် ဦးပဲ့လုပ်သည့်လှေ ဆိုသည်။°

၁။ ရွှေဘုံနိဒါန်း ၁၀

ကိတ္တိမသား။ ။လူအများကို အသိပေး၍ မွေးစားသောသား။

မြို့ရွာသူကြီး။ စုံရာလူတို့။ သိမှုထင်ရှား။ သားဟုကြော်ငြာ။ ပြုသည်မှာကို ခေါ်ဆိုတွင်ထ။ ကိတ္တိမတည့်။°

သူတထူးသားကို သားပြု၍ အမွေခံစိမ့်မည်၊ သူသိသူထင်ယူ၍၊ အကျော် အစော ဆိုရသောသားသမီး။²

အရည်အချင်းရှိသော သူသားကို။ ဤသူသည် ငါ့သားဖြစ်စေဟု အများကို သိကြားစေ၍။ သားပြုသော သားကို။ ကိတ္တိမဟုဆိုသည်။³

၁။ အမေ့ပုံ ၁၇ ၂။ ယင်း ၃၂
၃။ ယင်း ၄၄

ကန့်တော်။ ။ကန့်သည်သေနတ်ကျည်စေ့၊ အမြောက်ကျည်စေ့များပြုလုပ်ရာတွင် အသုံးပြုရသဖြင့်လက်နက်တိုက်ဝန်၊ လက်နက်တိုက်စိုးတို့နှင့်ဆိုင်သည်။

လက်နက်တိုက်စိုး တိုက်စာရေးတို့နှင့် အမြဲဆော်ဩကြည့်ရှု၍၊ ခဲယမ်း ကန့် တော်များ ပြည့်စုံအောင် အားထုတ်ခွင့်။°

၁။ ရွှေနန်းသုံး ခန်း ၁၀၀

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ခံ။ ။မြန်မာဘုရင်မင်းမြတ်တို့သည် နှစ်သစ်ကူး၊ ဝါဝင်၊ ဝါကျွတ်၊ တနှစ်ကိုသုံးကြိမ် ကန်တော့ခံလေ့ရှိ၏။ ဝါကျွတ်ကန်တော့ခံတွင် နယ်အရာရှိ ကြီးငယ်တို့ကလည်း ကန်တော့လက်ဆောင်များ ဆက်ကြရသည်။

နှစ်သစ်ကန်တော့ခံမှာ အတာတက်သည့်နောက် ရက်ပေါင်းလေးဆယ်မြောက်၊ သင်္ကြာရာဇ်ဦးခေါင်းပေါ်ပြီးနောက်မှ ကန်တော့ခံတော်မူမြဲဖြစ်၍ ကဆုန်လဖြစ်စေ၊ နယုန်လဖြစ်စေ အမြဲမရှိ။ ဝါဝင်ကန်တော့မှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့။ ဝါကျွတ်ကန်တော့မှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အစပြု၍ ၃ ရက် ကန်တော့ခံတော်မူသည်။[၁]

ကန်တော့ပွဲတက် အခါတော် နီးသည့်ကာလ။ နှစ်သစ် ကန်တော့ ဝါဝင် ကန်တော့ ၂ ရပ်မှာ။ ရွှေဘဝါးတော်အောက်ရှိ နေရာတော်နေ။ မင်းသားကြီး မင်းသားလတ် မြင်းမှူးမင်းသား လွှတ်တော်ရုံးတော်ငါးရပ်အရာရှိ မှူးတော် မတ်တော် ဝန်စုမှူးစု စုရေးစုကိုင် သူဌေးသူကြွယ်တို့နှင့်။ ရွှေမြို့တော်နှင့်ခရီး ဝေးသည့် အဝေးမြို့ဝန်၊ စော်ဘွားမြို့စားတို့အား ဆက်သမြဲ၊ ရှိခိုးကန်တော့ လက်ဆောင်တော်များနှင့် ရွှေမျက်နှာတော်ကို အဖူးအမြော် လာရောက်ရန်။ ကျန်အဝေးမြို့ဝန် စော်ဘွားမြို့စားတို့မှာ သင့်ရာအရာရှိ အမတ်မြို့စာရေးတို့ကို ကိုယ်စား လာရောက်စေရန်။ ဝါကျွတ်ကန်တော့မှာ အဝေးမြို့ဝန် စော်ဘွားမြို့စား တို့အနက် နိုင်ငံတော်အစွန်အဖျား မြို့ဝန် စော်ဘွားမြို့စားတို့ကို ချန်လှပ်၍။ ကျန် အဝေးမြို့ဝန် စော်ဘွားမြို့စားတို့ လာရောက်ရန် လွှတ်တော်က စာရင်းရန်ထား ဆက်သွင်း အမိန့်တော်မြတ်ခံ၍ အသီးအသီး မှာထားဆင့်ဆိုရသည်။[၂]

ဝါဆိုလဆန်း ၅ ရက်နေ့ကစ၍ မင်းသားမင်းမြေး မှူးတော်မတ်တော်တို့ ဝါဆို ကန်တော့ ဆက်ရန်၊ ရွှေဖလား၊ ခါသာ၊သာလူဖျင်၊ ပုဆိုးဖြူများကို အရှေ့ရုံး မဏ္ဍပ်တော်တွင် ပြသ၍။[၃]

ဥကင်တော်ဖွင့် ဝါကျွတ် ကန်တော့ခံတော်မူလျှင် ဖျင်တောင်မှီ ဆက်သွင်း ရပါသည်။[၄]

ကန်တော့ခံ ထွက်တော်မူသည့် နေရက်သို့ရောက်လျှင် နေ့ ၂ ချက်တီး ၂ မောင်း ၃ မောင်းခန့်ကို လွှတ်တော်ရှေ့တွင် ဝင်းတော် ၅ထပ်ခင်း[၅]။

၁။ ရွှေနန်းသုံး ခန်း ၄ ၂။ ရွှေနန်းသုံး ခန် ၄
၃။ လကဗဟ ၃၀၃
၄။ ရွာငယ်ရွာ၊ သေွးနက်ရွာ၊ မြင်းပင်ရွာစစ်တန်းများ၊ ၄၅ ခု
၅။ လကဗဟ ၂၆၄

www.burmeseclassic.com



ကန်တော့လက်ဆောင်တော်။ ။ဘုရင်မင်းမြတ် တနှစ်သုံးကြိမ် ကန်တော့ခံသောအခါ ဆက်သရသည့် လက်ဆောင်များကို ကန်တော့လက်ဆောင် ခေါ်သည်။ ဘုရင်မင်းမြတ် လွှတ်တော်သိမ်းထွက်သည့်အခါတွင်လည်း ကန်တော့လက်ဆောင် ဆက်နိုင်သည်။

တရုပ်ပြည်နယ်စပ် ဟူသည်ကား၊ ကိုင်းမား၊ စန္ဒား၊ မိုးဝန်း၊ မိုးနား၊ ဟိုသာ၊ လသာ၊ မိုင်ခမော၊ စည်ခွင် ဟူသော ရှမ်းရှစ်ပြည်ထောင်အကုန်၊ တရုပ်နယ်စပ်ကို ဆိုလိုသည်။ ရှမ်းပြည် ခဲသနိုဒ်အိမ်ခြေအမှတ်အသားပုရပိုက်တွင်၊ ဟိုသာ၊ လိုသာ၊ မိုနာ၊ စန္ဒာ၊ ကိုင်မား၊ မိုင်းပိုင်၊ မိုင်းတိမ် မိုးတား ဟူ၍လည်း တနည်းတွေ့သည်။ ထိုရှမ်းပြည်ထောင်က တနှစ်တခါ ကတိုးအောင်း၊ ဖယောင်း စသည်များကို ရှိခိုးကန်တော့လက်ဆောင် ဆက်ရသည့်။[၁]

ဥကင်တော် ၃ ရက်တွင် ကန်တော့ဆက်မမှီ ကျန်သမျှကိုလည်း ကန်တော့လက်ဆောင် တော်ကို လာသူတို့ကိုင်စေ၍ ရုံး ၂ ဘက်ကြားတွင် ခင်းရသည်။ လက်ဆောင်စာရေးတို့လည်း စာကိုင်၍ ရှေ့တွင်တုပ်ပျပ်ရသည်။[၂]

စော်ဘွား မြို့စား တပ်ပေါင်းစား။ မင်းညီမင်းသား မှူးတော်မတ်တော်။ နေရာနေ။ နေရာလွှတ် နီးခေါက်နေ အမည်ရ မြင်းကြီး မြင်းခေါင်း။ သင်းမှူး။ ဒိုင်မှူး။သွေးသောက်ကြီး။ကျေးစား။ရွာစား စာရေးစာချီ ကိုကသာ၊အစဉ်ထုံးစံအတိုင်း။ရှိခိုးကန်တော့လက်ဆောင်တော် ဆက်ရသည်။ရှိခိုးကန်တော့လက်ဆောင်တော် တွင် ပါဝင်သော ရွှေပန်းခိုင် ငွေပန်းခိုင်ကစ၍၊အောက်ဆုံး ဖျင်တဘက်ထိ။ ရှင်ဘုရင်အတွက် တိုက်တော်ဝင် ဖြစ်သည်။[၃]

နှစ်သစ် ကန်တော့လက်ဆောင်တော်ဆက် ရှမ်းပြည် ယွန်းပြည် စော်ဘွားက အရောက်ညီပြီလော အင်းဝမင်း အမိန့်တော်ရှိလျှင် နှစ်သစ် ကန်တော့လက်ဆောင်တော်ဆက် ရောက်သမျှကို စာရင်းနှင့် ဆက်ရသည်။ မည်သည့်နေ့ရက်ကို နှစ်သစ်ကန်တော့လက်ဆောင်တော် ခံတော်မူမည်။ ဝန်တို့မှာ နှစ်သစ် ကန်တော့ လက်ဆောင်တော်ဆက်ခံ အစီအရင်ကိုစီရင် အမိန့်တော်ရှိလျှင် ဝင်းတော်ခင်း ကိုယ်ရံတော်တို့ကို ခေါ်စေရသည်။[၄]

သတင်းကျွတ်လဆန်း ၅ ရက်နေ့ကစ၍ ကန်တော့လက်ဆောင်တော် ရွှေဖလား၊ ခါသာ၊သာလူဖျင် ပုဆိုးဖျင်၊သည်များကို အရှေ့ရုံးတော်တွင် လက်ဆောင်ယူမှူး၊ လက်ဆောင်စာရေး၊ရွှေကြည့်၊သူဌေးတို့ ကြည့်ရှုတိုင်းထွာရသည်။[၅]

၁။ မြန်မာမင်း ၂။ ခန်း ၁၀၅ ၂။ လကဗဟ ၁၄၃
၃။ မြန်ပာမင်း ၃။ ခန်း ၃၄၀ ၄။ လကဗဟ ၂၈၃
၅။ ယင်း ၃၁၃

www.burmeseclassic.com

www.burmeseclassic.com



ကန်သာယာစည်။ ။ကန်တော့ပွဲတက်အခမ်းအနားတွင်အသုံးပြုသည့်စည်တမျိုး။ရွှေထားစည်။ ကန်သာယာစည်။ဟန်လင်း စည်တော်စုံ အတွင်းဆိုင်းများကို ဝဲးယာ ခင်းကျင်း ရသည်။ ၁

၁။ ရွှေနန်းသုံး ခန်း ၃

ကန်သင်းရိုး။ ။သင်ရိုးကိုဖျက်သီးလျှင် အစားတည်စေ၊ နွားမတခု လျော်စေ။ မရတတ်လျှင် ငွေငါးကျပ် အပြစ်တပ်။ ၁

၁။ ပနုကျယ် ၁၀

ကန္နားဖျင်း။ ။မဟ္လာပ်ပာမျိုး။ (ဝန်)

မင်းညီမင်းသားတို့ နေရန်။ မှူးတော်မတ်တော်တို့ နေရန်။ လက်ဝဲး လယ်ယာ ပွဲးသဘင်အတီးအကတို့ နေရန်။ စကြောတဲး ကန္နားပြင်ပါ ငါးဆောင်။ အရံ ဆင်တော်စုနေရန် ကန္နားပြင် ကြီးလေးဆောင် ဆောက်လုပ်ပြီးလျှင်။ ၁

ပြာသာဒ်တော်ကြီးဝဲးယာ ကန္နားပြင်များတွင် နတ်ကိန္နာရာ မကာ္ဘိုမ ယိမ်းနွဲ့ ကြသကဲ့သို့ နန်းလေ့မူရာ နန်းပျူပ္ပောတို့ဖြင့်။ တူရိယာငြိမ့်။ လွန်နှစ်သိမ့်ဘွယ်သော နန်းတွင်းသူ အငြိမ့်အပျိုတော်တို့ အတီးအကစုံနှင့်။ ၂

၁။ ရွှေနန်းသုံး ခန်း ၁၀၃ ၂။ ယင်း ခန်း ၀

ကိန္နရာ။ ။ရာဇပလ္လင်ဥကင် လက်ဝဲလက်ျာ ကိန္နရာက ဟန် ထုလုပ်သည့်အကြောင်းမှာ ကိန္နရာ တို့သည် နူးညံ့သောအမူအရာ ပန်းဝတ်ဆံကိုသာ စားလေ့ရှိသည်။ ငါးပါးသော အဆင်းအင်္ဂါနှင့် ပြည့်စုံသည်၊ ဘုရားပွင့်တော်မူသည့် နေ့ ဝမ်းမြောက်ဝမ်းသာ ကခုန်မြူးတူးခြင်း ပြုလေသည်။ အဘိသိတ်ခံရာ ဥကင်မုတ်တံခါးဘွင့်ရာ ဖြစ်၍ ရှေးနိမိတ်ကိုထောက်သဖြင့် ကိန္နရာ ကဟန် ထုလုပ်သည်။ ၁

ဓေဝကိန္နာ။မြူးလာပျော်ပါး။တိုင်တံခါးက။ ၂

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀ ၂။ ကုသပိုဒ် ၁၁

ကိုန္နရာစက်လှော်ကား။ ။ကိုန္နရာစက်လှော်ကား အလျားတဆဲ့ငါးလံ၊ လှော်ဝငါးတော်ဆဲ ရွှေပိန်း။ ၁

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၄

www.burmeseclassic.com

www.burmeseclassic.com



ကိန္နရီလှေ်ကား။ ။ကိန္နရီလှေ်ကား အလျားတဆဲ့ငါးလံ၊ လှေဝငါးတောင်၊ ရွှေပိန်း။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၇

ကုန်စလှယ်။ ။ အကြင်သူကိုအခပြတ်၍ ကုန်စလှယ် သွားရာသို့မူ ငှားပေအံ့။ အခပိုင်၍ သေပျောက်ခဲ့မူကား။ အပြစ်မရှိ။ သေပိုင်လေ၏။ အခထက်ဝက် ကြွင်းမူကား။ မသေပိုင်။ ကိုယ်ဘိုးတဝက်လျှင် ပေးပြန်ရသည်။[၁]

အကြင်ပြည်ရှင် မင်းတို့သည်၊မိမိနိုင်ငံ၌ နေသော သူတို့ကို ကုန်စလှယ် ရောင်းဝယ်စိမ့်သောငှာရင်း အိမ်ဈေးတည်၍၊ထိုအိမ်ဈေးတို့တွင်၊ကောင်းမကောင်းတို့ကို သိစိမ့်သောငှာ အစောင့်အရှောက်ထားသည်။[၂]

၁။ မနုကျယ် ၄၃ ၂။ ယင်း ၄၅

ကုန်သည်တဲကား။ ။ကုန်သည်။

ကြည်းကြောင်း ရေကြောင်း ဘောက်ကား ရောင်းဝယ်သည့် ကုန်သည် တဲကားမှစ၍ ဆိုင်ကန္နား ရောင်းဝယ်သူတို့မှာလည်း။ အလေးတောင်းတင်း စည်း ချိန်ခွင်များကို တံဆိပ်ခပ်မှတ် ပေးအပ်သည့် အတိုင်းသာ ရောင်းဝယ် သုံးဆောင်ကြစေ။[၁]

အကြည်တော် အက်ရိတ်မြို့မဘုရင်နှင့် စပ်ဆိုင်သည် ဘဏ္ဍာသဘော်ာမှ သမျှကို အကောက်အစားလွှတ်စေ၍ ရှေးအစည်ရှိသည်အတိုင်း လက်ဆောင်လက်နက် ကိုသာဆက်စေ။ကုန်သည်တဲကားတို့မှာမူကား အစည်းထုံးစံရှိသည်အတိုင်း။ ပုသိမ် မြို့ဝန်စစ်ကဲ နားခံ စာရေးတို့က ကောက်ဆက်စေ။[၂]

၁။ ရွှေနန်းသုံး ခန်း ၈၁ ၂။ အလမအ ၄၀

ကုန်သွင်းကုန်တုတ်စာရေး။ ။ထိုကုလားသားအဘနှစ်ယောက် အနားတွင်နေသော ကုန်သွင်း ကုန်ထုတ်ကို မှတ်သားသွင်းပေးရသော စာရေးဦးခါ ကိုပုတို့မှာလည်း တခါတည်း ချမ်းသာ သွားသည်။[၁]

၁။ မြန်မာမင်း ၃။ ခန်း ၄၀၃

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်သား။ ။အလောင်းမင်းတရားကြီးကို ဆိုလိုသည်။

ရတနာပူရမြို့အင်းဝ။ အင်းဝဟူသည် တလိုင်းပြည်။ တလိုင်းပြည်ကို။ မြင်းသည်အရှိန နေမျိုးဖျက်၍။ ပျက်လတ္တံ့။ ထိုမြင်းသည်ကား ကုန်းဘောင်သား ဟူသော သိုက်အလိုကိုထောက်လျှင်။ ထိုမြင်းသည်ကား ကုန်းဘောင်သားဆိုသည် မှာလည်း ရတနာသိင်္ခမြို့တော်အရှေ့ကို အလောင်းစည်သူ တည်ထားခဲ့သော ကုန်းဘောင်ရိုး တောင်မြောက်ရှိသည့်ကိုစွဲ၍ ကုန်းဘောင်ပြည်ကြီး ဟူ၍လည်း ကျော်စော ထင်ရှားသည်အတိုင်း နေပြည်တော် ကုန်းဘောင်ပြည်ကြီးကိုပင် ဆိုလိုသည်။[၁]

၁။ ကဘဆ ၁။ ၁၁၈

ကပ်။ ။ဝါးကိုစိတ်ဖျာ၍ ရက်ထားသောအချပ်။ (ဝန်)

အလေးတင်းတောင်း စဉ်းချိန် ပုဆိုး ဖျင် မိုးကာပ် ကာကပ် မမှန်မကန် မရှိစေရ။[၁]

အိမ်ခြံ ကပ်စိပ်ချွန် ရက်ဖောက်လျှို ကြက်ခြေကန့်ကာသည်။[၂]

အိမ်ခြံကို ဝါးစိတ်အဖျားချွန် ရက်ဖောက်လျှို၍ ကြက်ခြေကန့်၍ ရက်သည်။ ကပ်ကိုကာဆည်။[၃]

အဂ္ဂမဟာသေနာပတိဝန်ကြီးခန့်လျှင် အိမ်ခြံ မြင်းခြံ ကပ်ကာသည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၈၁ ၂။ လကဗဟ ၂၉၅
၃။ ယင်း ၂၉၇ ၄။ ယင်း ၂၃၈

ကပ္ပလီ။ ။အသားနက် ဆံကောက် နှုတ်ခန်းထူသော လူမျိုးများကိုသိမ်း၍ ခေါ်သော အမည်။ (ဝန်)

ရန်ကုန်မြို့သို့ ရောက်တော်မူလျှင် ပသီ၊ ဘယင်္ဂါ ကပ္ပလီ ကုလယ်တို့ကို ရွေးစစ်တော်မူ၍ ရသမျှ လူငါးရာငါးဆယ်ကို ကိုယ်ရံသေနတ်စု ဘွဲ့တော်မူသည်။[၁]

၁။ ကဘဆ ၁။ ၁၈၈-၉

www.burmeseclassic.com

www.burmeseclassic.com



**ကပ္ပါး။** ။တခြားမြို့နယ်က ပြောင်းရွှေ့လာရောက်နေထိုင်သော မည်သည့် အစုအမှုထမ်း အဖွဲ့စာရင်း နှိုက်မပါဘဲ လွှတ်လပ်စွာနေရသူကို ကပ္ပါး ဆို၏။[၁]

ကပ္ပါးများမှာ။ အသည်မြေကို။ အသည်များကဲ့သို့။လုပ်ကိုင်စားသောက်ခွင့် မရ။ သို့ရာတွင်။ မြို့ရွာတွင်နေရင်း အသည်ငယ်သားများနှင့်။ ထိုမြို့ရွာမှာ အုပ်ချုပ်ရသော သူကြီး။ မြေတိုင်။ တိုင်ခေါင်း။ ရွာခေါင်း။ တောကဲးများပါ သဘောတူခွင့်ပြုလျှင် (အသည်) မြေများကို။ ကပ္ပါးများလုပ်ခွင့်ရသည်။[၁]

(အသည်)နှင့် ကပ္ပါးဆက်ဆံမွေးတွားသည့်အခါ။ (အလာ)ခေါ်သည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၄၁၀ ၂။ မြန်မာပင်း ၄။ ခန်း ၄၂၄
၃။ ယင်း

**ကုပ်လုပ်လေးတာ။** ။ကုကလေးတာ ဟူ၍လည်း ရေးသည်။ အတိုင်း အရှည် လေးတောင် ရှိသည်။

ကုပ်လုပ်လေးတာကို အသုံးပြုသည်မှာ။ တောရကျောင်းဖြစ်သင့် မဖြစ်သင့် ဆုံးဖြတ်ရာတွင်အသုံးပြုကြသည်။ဘုန်းကြီးကျောင်းနှင့်ရွာသည်။ကုပ်လုပ်လေးတာ ငါးရာကွာလျှင်တောရဖြစ်သင့်သည်ဟု ဆုံးဖြတ်သော နေရာသည်။ကျောင်းနှင့်ရွာ အကွာအဝေးများပွင့် အသုံးပြုသည်။[၁]

၁။ မြန်းမာမင်း ၃။ ခန်း ၃၀၀။

**ကံ့ကော်သား။** ။မှန်နန်းဆောင်တော်ကြီးတွင်ရှိသည့် ပိတုန်းရုပ်ခံ ဘ မ ရာ သ န ပ လ္လင် ကို ကံ့ကော်သားနှင့် ထုလုပ်သည်ဟု အချို့စာများ၌လာသည်။

မှန်နန်းကံ့ကော်။ ပိတုန်းပျော်သည်။[၁]

၁။ ကုသပို်ဒ် ၁၁

**ကံကျွေး။** ။အလုပ်သမား။

ဘုရားရှင်များကို ပန်းရန် အင်းကတော။ အုတ်ဘိုး လက်ခ စရိတ် ကံကျွေး ပေးအပ်တော်မူ၍ ပြင်ဆင် လုပ်ဆောင်ရသည်။[၁]

လုပ်ကြည်ညို၊ ဆောက်ရိုက်သံနှင့်၊ ပန်းရံ ကံကျွေး၊ သစ်ပျဉ်ပေး၏။[၂]

၁။ ကဘဆ ငါ။ ၈၀ ၂။ ပေါင်းချောင် နို့ကုး

www.burmeseclassic.com

www.burmeseclassic.com



ကံကျေးခံ။ ။အသုံးတော်ခံ မြို့ကျေးရွာ။

ကံကျေးခံ ဒိပဲယင်းမြို့နှင့် အဝင်အပါ ကျေးရွာတပြင်၊ ပန်းတိမ်းမပဲ မြို့ရွာသူကြီးတို့မှာ။[၁]

သားတော်ကံကျေးခံ၊ စလင်းမြို့၊ မြေဒူးမြို့၊ ခင်ဦးမြောက်ပြင် ကျေးရွာသူကြီးတို့မှာ။[၂]

ခင်မမင်း သားတော်သမီးတော်တို့ကို သနားတော်မူသည့် ကံကျေးခံ မြို့ရွာများမှာ အခွန်ရေးစစ်ချိန်ကာလရောက်လျှင်လည်း သွေးသောက်စု မြင်းတော်သည် ကျွန်တော်မျိုး ဆိုင်ရာ အမှုထမ်းတို့ အလှည့်လဲမှန်ကန်အောင် အခွန်ရေးရန် စာရင်းနှင့် ဆက်သွင်း၍ ခန့်ထားရသည်။[၃]

၁။ ကဘဆ ၁။ ၂၃၂ ၂။ ယင်း ၂၃၇

၃။ ရွှေနန်းသုံး ခန်း ၉၀

ကံကုန်သည်။ ။အနိစ္စရောက်သည်။

ကေရာဇ်မင်းမြတ်၏ မြေးတော် မြစ်တော် ဆွေတော် မျိုးတော် စော်ဘွားတို့ ဘဝပြောင်းသည်ကို ကံကုန်သည် ဟူသော ဝေါဟာရကို သုံးနှုန်း ရေးသား ပြောဆိုရမြဲ ဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၉၁

ကံတော်ကုန်သည်။ ။အနိစ္စရောက်သည်။

ကေရာဇ်မင်းမြတ်၏ သားတော်သမီးတော် မိဘုရား မင်းသား မင်းသမီးတို့ ဘဝပြောင်းသည်ကို ကံတော်ကုန်သည် ဟူသော ဝေါဟာရကို သုံးနှုန်းရေးသား ပြောဆိုရမြဲ ဖြစ်သည်။[၂]

၂။ ရွှေနန်းသုံး ခန်း ၃၉၀

ကမ္ဗလာ။ ။သားမွေးဖြင့်ပြီးသော ခင်းနှီး။

ကမ္ဗလာ ကော်ဇော်များ၏ အောက်ကခံ၍ခင်းရန် ဖျာများကို သိမ်းဆည်း၍ထား ရသော ဌာနကို လက်ဆောင်ယူတိုက် သမုတ်၍။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၇

ကမ္ဗုထီး။ ။ထီးဖြူတော်တပါး။

ကမ္ဗုထီးကို ကမ္ဗုနတ်သမီးစောင့်သည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၉

www.burmeseclassic.com

www.burmeseclassic.com



မြေနန်းဥကင် သီဟာသနရာဇာပလ္လင်တော် ဝဲယာများတွင်။ ကနက္ကဒါန်။ သူရိယာ။ ပဒုမာ။ သမ္မုတိ။ ကမ္ဗု။ ဟူသော မင်းခမ်းထီးဖြူတော်ကြီး။[၂]

မဏိရွှေမြ။ မျက်စုံပသား။ စန္ဒကမ္ဗု။ ဝိသုကပ္ပ။ ကုမုဒဟု။ ဆတ္တာလေးဖြာ။ သာဘိသေက။ နန်းမဆောင်မြဲ။ လက်ဝဲတော်က။[၃]

၂။ ရွှေနန်းသုံး ခန်း ဂ ၃။ ကုသပိုဒ် ၁၂

ကျိ။ ။ဆန်ဆီဆားငပိစသည်တို့ သိုလှောင်ရာ။

လေးတင်းကို တတို့။ လေးတို့ကို တပုတ်။ လေးပုတ်ကို တကက်။ လေးကက်ကို တကြွ။ လေးကြွကို တကျိ။ ပြဋ္ဌာန်းသည်။[၁]

ငင်းအနောက်ဘက် လည်ခေါ်သုံးဆင့်နှင့် နေလိုက်ဆောက်ထားသည့် စပါးတသိန်းဝင် မစိုးရိမ် ကျိတော်....ငင်းအနောက်ဆား ကျိတော် ၄ လုံး။ ဆီကျိတော်လေးလုံး။ ငါးပိကျိတော်လေးလုံးတို့တွင်။[၂]

ကျိနှင့်ဆိုင်သော အရာရှိများမှာ။ ကျိဝန် ၁။ ကျိဝန်စာရေး ၂။ ကျိစိုး ၄။ ကျိစာရေး ၂....။[၃]

၁။ မြန်မာမင်း ၃ ခန်း ၃၀ဂ ၂ ရွှေနန်းသုံး ခန်း ၁၃၂
၃။ ယင်း

ကျိစာရေး။ ။အရပ်ရပ်ကျိတော်ရှိ စပါး၊ သုံးတော်မူသည့် စပါးများကို စာရင်းပေရင်း သေချာအောင် ကျိစိုး ကျိစာရေးတို့ကို မှတ်သားစေ။[၁]

ကျိစိုး ကျိစာရေး သော့ကိုင် တင်းနှိုး တသုတ်တိုက် ကျိသားတို့ စားရိုးမှာလည်း။ အရိုးအစဉ်ရှိသည်ကိုသာ ပေးစေစားစေ။ သာလွန်၍မစားစေနှင့်။[၂]

ကျိစိုး ၄။ ကျိစာရေး ၂ တို့ကို ဧကရာဇ်မင်းမြတ် အမိန့်တော်နှင့်ခန့်၍။[၃]

၁။ ရွှေနန်းသုံး ခန်း ၁၃၂ ၂။ ယင်း
၃။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



ကျီစိုး။ ။အရပ်ရပ်ကျီတော်ရှိ စပါး၊ သုံးတော်မူသည့် စပါးများကို စာရင်းပေးရင်း သေချာအောင် ကျီစိုး ကျီစာရေးတို့ကို မှတ်သားစေ။[၁]

စပါးတော်များကို မိုးရေမစွတ်မစိုရအောင် အခါခပ်သိမ်း ကျီအမှုထမ်းတို့က စောင့်ရှောက်၍ ကျီစိုးမှာ ၁၅ ရက်လျှင်တကြိမ်။ ကျီဝန်မှာ တလလျှင်တကြိမ်ကျ ကြည့်ရှုရသည်။

ကျီစိုး မောင်ထွန်းကို ၁၂၁၁ ခုနှောင်းတန်ခူးလ။ မောင်သိန်းနှင့်မောင်လောဟု တို့ကို ၁၂၄၃ ခု တပေါင်းလ ခန့်တော်သည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၁၃၂ ၂။ ယင်း

၃။ ယင်း ခန်း ၃၆၀

ကျီစောင့်။ ။ကျီစောင့် အမှုထမ်းတို့က သွင်းထားသည့် စပါးတော်များကို စောင့်ရှောက်ရသည်။ ၎င်းအမှုထမ်းသူ ၂၇ တို့မှာ တလလျှင်စပါး ၂၇၅ တင်း သနားတော်မြတ်ခံရသည်။[၁]

ကျီစောင့်များကို ကျီဝန်ကခန့်ရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၂၀၄ ၂။ ယင်း ခန်း ၁၃၂

ကျီတော်။ ။ရာဇဌာနီ ရွှေပြည်တော်ကြီး အခြံအရံများသော တိုင်းကားနိုင်ငံ သင်းဘော ဆိပ်များက ဘိုးတော်ခွန်တော်အနေ၌ ရတနာရွှေငွေ အုပ်မျိုးထည်မျိုးမှစ၍ များသော စီးပွားတော် ဘဏ္ဍာတော်ကို နေ့စဉ်လစဉ် ရွှေဘဝါးတော်အောက် ကျီတော်များမှာ ဆက်သွင်းရသည်။[၁]

ရွှေတိုက်တော်မှစ၍ အရပ်ရပ်တိုက်တော် ကျီတော်များမှာ သွင်းသည် သုံးသည် ဘဏ္ဍာတော်အချိန်အတွယ် မည်မျှရှိသည်များကို စာရင်းပေးရင်း သေချာအောင် တိုက်စိုး တိုက်စာရေးတို့ကို ပြသဆင့်ဆို၍ မှတ်သားစေ။[၂]

တိုက်တော် ကျီတော် ခတ်ထားသည့် သော့ပနောက်များကို ချထားမြဲ အချိန်တွင် ချတင်စေသည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၆၂ ၂။ ယင်း

၃။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



**ကျီတော်ကြီး။** ။ရွှေမြို့တော်မြောက်မျက်နှာ အလယ်တံခါးအဝင် လက်ဝဲဘက်နိုက် ကျီဝန်ရုံးစိုက်၍၊ ၎င်းအနောက်ဘက် လည်ပေါ်သုံးဆင့်နှင့် နေလိုက်ဆောက်ထားသည့် စပါးတသိန်းဝင် မစိုးရိမ်ကျီတော်။၎င်းအနောက် ၎င်းနည်းတူဆောက်ထားသည် မကြောင့်ကြကျီတော်။ ၎င်းအနောက် ၎င်းနည်းတူဆောက်ထားသည့်မတောင့်တကျီတော်၊ ၎င်းနောက် ၎င်းနည်းတူဆောက်ထားသည့် ခန့်တိုင်းဝင်ကျီတော်။ ၎င်းအနောက် ဆားကျီတော် ၄ လုံး။ ဆီကျီတော် ၄ လုံး။ ငါးပိကျီတော် ၄ လုံးတို့တွင် စပါးဆားဆီ ငါးပိများကို အပြည့်အနှက်သွင်းလှောင်ထားရသည်။ ၎င်းကျီတော်ကြီးများကား မြို့တော်ပန္နက်ချသည်နှင့်တပြိုင်နက်တည်း ပန္နက်ချ၍ ဆောက်လုပ်သော ကျီတော်ကြီးများ ဖြစ်သည်။[၁]

ကျီတော်ကြီးများကိုခတ်သော သော့ပနောက်ကိုလည်း ကျီဝန်က လက်ကိုင်ထားရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၁၃၂ ၂။ ယင်း

**ကျီတော်သွင်း။** ။အရာတော် လယ်လုပ်သားတို့မှာ။ စပါးတရာထွက်လျှင် ကျီတော်သွင်း ၁၀ တင်း။အပိုတတင်း။တင်းနှီးလက်ခုပ် နှစ်စိတ်။ကမင်းနှစ်ပြည်ချက် ပေးဆောင်ရသဖြင့် စုစုစပါး ၁၃ တင်း တစိတ်ကုန်၍။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၃၂

**ကျီဝန်။** ။ကျီနှင့်ဆိုင်သော အရာရှိများမှာ။ ကျီဝန် ၁။ ကျီဝန်စာရေး ၂။[၁]

စပါးတော် ဆန်တော်နှင့် စပ်လျဉ်း၍ ထိန်းသိမ်းရန် ကျီဝန် ခန့်ထားတော်မူသည်။[၂]

စပါးတော်များကို မိုးရေမစွတ်မစိုရအောင် အခါခါပ်သိမ်း ကျီအမှုထမ်းတို့က စောင့်ရှောက်၍ ကျီစိုးမှာ ၁၅ ရက်တကြိမ်။ ကျီဝန်မှာ တလလျှင် တကြိမ်ကျကြည့်ရှုရသည်။[၃]

ကျီတော်စပါးတော်များကိုမယိုမယွင်းစေရ ကြပ်ကြပ်လုံ့လ ဝိရိယပြုရမည်။ အကျိုးအကြောင်းကို ပြသ၍ ကျီဝန်က သိသာနားလည်အောင် ဆိုရမည်။ ကျီတော်အမှုထမ်း ကျီသားတို့ကိုလည်း အမှုတော်ကိုထမ်းကုန်နိုင်အောင် မစ။[၄]

၁။ ရွှေနန်းသုံး ခန်း ၁၃၂ ၂။ ယင်း
၃။ ယင်း ၄။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွဲဝန်စာရေး။ ။ကျွဲနှင့်ဆိုင်သော အရာရှိများမှာ။ ကျွဲဝန် ၁။ ကျွဲဝန်စာရေး ၂။ ကျွဲစိုး ၄။ ကျွဲစာရေး ၄ တို့ကို ကေရာဇ် မင်းမြတ်ကအမိန့်တော်နှင့် ခန့်၍။ ၁

ကျွဲဝန်စာရေး မောင်ကြီးနှင့် မောင်သင်တို့ကို ၁၂၄၄ ခု တပို့တွဲလ ခန့်တော်မူသည်။ ၂

၁။ ရွှေနန်းသုံး ခန်း ၁၇၂ ၂။ ယင်း ခန်း ၃၅၉

ကျွဲဝန်ရုံး။ ။ရွှေမြို့တော်မြောက်မျက်နှာ အလယ်တံခါးအဝင် လက်ဝဲဘက်နှုတ် ကျွဲဝန်ရုံး စိုက်၍။ ၁

၁။ ရွှေနန်းသုံး ခန်း ၁၇၂

ကျွဲဝန်ဝန်စု။ ။ကျွဲဝန်အုပ်ချုပ်ရသော အမှုထမ်းအစုများ။

မန်လည်နယ်တွင်းသို့ ပါဝင်သည့် ကျွဲဝန်ဝန်စု ရွှေခွန်တော်ဆက် တံခွန်ရွာ အင်ပင်ရွာ နံ့သာရွာ တည်ကုန်းရွာများလည်း အရပ်ရပ်မြို့ ရွာနယ်တွင်းရှိ အခွန်တော်ဆက်ကျေးရွာတကာနည်း မင်လည်သူကြီးက စီရင်စေ။ ၁

၁။ ရဟ၊ အပတ ၄၇

ကျွဲသား။ ။ကျွဲစိုး ကျွဲစာရေး သော့ကိုင် တင်နိုး တသုတ်တိုက် ကျွဲသားတို့ စားရိုးမှာလည်း။ အရိုးအစဉ်ရှိသည်ကိုသာ ပေးစေ စားစေ။ သာလွန်၍ မစားစေနှင့်။ ကျွဲစိုး ကျွဲစာရေးကျွဲသားတို့ကိုလည်း ကျွဲတော်များတွင် နေသည့်အမြဲစောင့်နေစေ။ ၁

၁။ ရွှေနန်းသုံး ခန်း ၁၇၂

ကျွဲအစုအမှုထမ်း။ ။ကျွဲအစုအမှုထမ်း ၂၀၀ ကျော်ရှိရာ။ ၎င်းတို့မှာ ကျွဲတော်နှင့် မလွှမ်း မကမ်း ကွက်ရပ်ချထား၍ နေထိုင်ကြရသည်။ ၁

အဝေးကျွဲဝန် ဆိုသည့်အရာသည် ကျွဲစာရေး ကျွဲစိုး ကျွဲအမှုထမ်းတို့ အပေါ် အုပ်ချုပ်ရသည်။ ၂

၁။ ရွှေနန်းသုံး ခန်း ၁၇၂ ၂။ ယင်း ခန်း ၁၇၃

www.burmeseclassic.com

www.burmeseclassic.com



စပါးတော်များကို မိုးရေမစွတ်မစိုရအောင် အခါခပ်သိမ်း ကျီအမှုထမ်းတို့က စောင့်ရှောက်၍။[၃]

၃။ ယင်း ၁၃၂

ကျီးခြေ။ ။ပစ္စည်းတင်စရာ ခုံတမျိုး။ လက်ဝဲမင်းခမ်းတော် ၁၈တွင် အဝင်အပါ။

မေးထောက်တော်ကျီခြေ။[၁]

တုကင်းငယ်ကျီးခြေ။ တက်နေလိုမြူးတော့သည်။[၂]

ကွေးကွေးကျီးခြေ၊ ရေအိုးတင်သစ်။[၃]

၁။ ရွှေနန်းသုံး ခန်း ၈ ၂။ ဂီတ ၃၁
၃။ ပုဒ္ဓါ မိုဒ် ၂၁

ကျီးစာတိုင်။ ။ကျေးစေတိုင်။

တနည်းလည်း ဘုရားအလောင်း ကျီးမင်းမယားသည် ဗာရာဏသီမင်း၏ စားတော်ကို စားချင်၍ အရှင်သာရိပုတြာအလောင်းဖြစ်သော ကျီးသည် ဂိုသွားပြီးလျှင် စားတော်သည်ကို စားတော်ဆက်တင်သည့်ကာလ မျက်နှာကို အတောင်ဖြင့်ခတ်၍ ထိုးဆွတ်ဆိတ်ဆွသည်တွင် ကျီးကိုဘမ်းမိ၍ မင်း အား ဆက်လျှင် ဗာရာဏသီမင်းလည်း မေးမြန်းသော် ကျီးမင်းမယားသည် စားတော်ကိုစားချင်သောကြောင့် စေခိုင်း၍ အရှင့်အမှုကို ရွက် ဆောင် ကြိုးပမ်းပါသည်ဆိုလျှင် မှူးမတ်အလယ်၌ ကျီးကိုကား တိရစ္ဆာန်မျှ အရှင့်အမှုကို စွန့်စားထမ်းရွက်သည်ဟု ချီးမွမ်းလျှင် စားတော်ကိုလည်းပေး၍ လွှတ်လိုက်လေသည်။ တနေ့မပြတ် ယူလာလှည့် မှာထား၍ ကျီးသည်မပြတ်ချိယူလာသည်၊ ကျီးယူရန် စားတော် တင်ထားရာတိုင်လုပ်၍ ကျီးဖာပေးသောကြောင့် ထိုတိုင်ကို ကျီးစာတိုင်ခေါ် ဝေါ်သမုတ်သည်လည်း ဆိုသည်။[၁]

ရွှေဘုံနိဒါန်း ခန်း ၄၆

ကွန်းပြောက်။ ။အပြောက်အမွှမ်းများဖြင့်ချယ်လှယ်ထားသည့်ကွန်း(ဝါ)နန်းတော်။ပုဂံခေတ်တွင် အရေးပါအရာရောက်ဆုံးသော ကွန်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်များက မင်အကြောလသိယ် ငါအတွင်ရှယ်ကိုဝ်မိယ်ပိမ် ကွန်ပြောက်တွင်မိယ်ဇ။[၁]

ကွန်ပြောက်လျှင် သိရိယ်အသိခ်ယာကိုဝ် ရယ်တ်ိ ချလ ရှယ်စိတ်၏။[၂]

အလျှုဝတ်ကာ လျှုလိုဝ်တိုင်လျှင် မိလ္လယ် ကျွန်တိုဝ်ကာ လျှုပိယ်ကုန်ပ ါရှယ် ကွန်ပြောက်ထွကသောလျှင် ရိယ်စင်သွန်မူ၏။[၃]

ကွန်းပြောက် ရွှေနန်း၊ ကြငှာန်းဗိမာန်၊ ပြည်ကြီး ဆန်ရှဲ၊ မကျုန်ကု ံလုံ၊ ပြီးပြည့်စုံသော်။[၄]

၁။ ပုံ ၂၂၀ ခ[၁၀] ၂။ ပုံ ၂၇၄[၁၁]
၃။ ပုံ ၂၇၄[၄၄] ၄။ မဃဒေဝ ပိုဒ် ၄၇

ကျွန်။ ။၁၀ ရာစုလယ်တွင် ကျွန်တယောက်၏တန်ဖိုးသည် ငွေကျပ်သုံးဆယ်ဖြစ်၏။ အနှစ်တရာ ကျော်လွန်မြောက်သည့် မန္တလေးခေတ်တွင်မူ ကျွန်ဖိုးသည် သိသိသာသာ လျော့နည်းသွားပြီဖြစ်၍ ကျွန်တယောက်၏ တန်ဖိုးသည်ငွေကျပ်တဆယ်သာဖြစ်တော့၏။

သမားကိုကုပါ၊ အနာလွတ်သော်၊ ငါ့ကို ကျွန်ပြုပါတော့ဟူ၍၊ တိုင်တမ်း၍ လွတ်ပေမူကား၊ သမားကျွန်မခံဝံ့သော်၊မွေသတ်ကိုယ်ဘိုး ငွေသုံးဆယ် သမားစားအပ်၏။[၁]

ထိုအခါ ကျွန်တယောက်၏တန်ဘိုးငွေမှာ ၁ဝ သာဆုံးဖြတ်သည်[၂]

၁။ မနုကျယ် ၄၇ ၂။ မြန်မာပင်း ၂။ ခန်း ၁၉၆

ကြွမ်း။ ။ရထားရှေ့နောက်၊ ထိုမျှလောက်တွင်၊ ဝမ်းမြောက်ရှုဖွယ်၊ တဆူဝယ်ကား၊ ဝန်းကျယ်မြင်ထင်၊ ကျွမ်း တိုင်ဆင်၍၊ ကျွမ်းရှင်မလ္လ၊ ကျွမ်းရေးပြု၏။[၁]

ထားသန်လျက်မျှ။ ထိုထိုမျတ်လှည့်။လျှိုသည့်ထားကွင်း။သိုင်းနင်းတိုင်ဖျား။ လွှားတန်းခွန်ငြမ်း။ ကျွမ်း အုန်းပင်စိုက်။[၂]

၁။ တံတားဦးတည် ပိုဒ် ၉ ၂။ ကုသ ပိုဒ် ၁၆၀

www.burmeseclassic.com



ကြွမ်းခရာပုံတောင်။ ။ယိုးဒယားပါ ကျွန်တော်မျိုးများ။

၁၁၂၉ခုနှစ် ယိုးဒယားနိုင်ငံက သိမ်းရအမှုထမ်းတို့တွင် ဂျွမ်းခရာပုံတောင် ဓါးကွင်းလျှိုကြိမ်တန်းလျှောက် လှံပုံအိပ် သိုင်းရိုက် ပုံတောင်တီး ပဍ္စရူပ တီးကွဲအက ယိုးဒယားဆိုင်းနဲ့ဟူ၍ သဘောတူရာဘွဲ့စည်းပြီးလျှင်။ ပညာသည်အုပ် ပညာသည် စာရေးတို့ ဆင့်ဆိုရာ နာခံ တီးမှုတ်ကခုန် ထမ်းရွက်ရသည်။ ဂျွမ်းခရာပုံတောင် အမှုထမ်းလူ ၇၄ တို့မှာ လယ် ၇၄ ပယ်စား သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၇၂

[ ခ ]

ခပေါင်းစေ့။ ။ထန်းလျက်တမျိုး။ ဘုရင်မင်းမြတ်အား တူရွင်းတိုင်မြို့မှ နှစ်စဉ်ဆက်သရသော အသန့်ထန်းလျက်များတွင် ခပေါင်းစေ့ ထန်းလျက်လည်း အပါအဝင်ဖြစ်သည်။

အသန့်ထန်းလျက်မှာ ပိုင်ထန်းလျက် အချိန် ၁၀ ဖြူဆုပ်ထန်းလျက် အချိန် ၁၀ ခပေါင်းစေ့ ထန်းလျက် အချိန် ၁၀ နှစ်စဉ်တန်ကူးလ အတာမတက်မီ အနောက်ရုံးတော်မှာ စုရုံး၍ အတွင်းတော်သို့ အနောက်ဝန်တို့က ဆက်ဘွင်းရသည်။[၁]

၁။ မသက ၄၄။ ၇၂

ခမောက်။ ။ဘုရင်မင်းမြတ်က မင်းညီမင်းသား မှူးတော်မတ်တော်များကို ပေးသနားတော်မူသော အဆောင်အရွက်များတွင် ခမောက်လည်း ပါဝင်သည်။ စနည်းဘဝေါမှ စ၍ နေရာနိမ့်မြင့်အလိုက် ခမောက်ရကြသည်။

မိဖုရားတို့တွင် မြင်သည့်မင်းသားများမှာ သွားခင်းလာခင်း ရှိသောအခါ အမည်ရလျှင် ခမောက်တင်များကို ဟင်းသပတားသုတ် ခမောက်နေရောင်အုပ် ဆောင်းစေသည်။[၁]

မြင်းမှူးများမှာ သွားလာလျှင် နေရာသင်ဖြူး အနားမွမ်း ဆောင်သည်။ အမည်ရလျှင် ခမောက်တင်ဟင်းသပတားသုတ် ခမောက် နေရောင်အုပ် နောက်က ဆောင်းသည်။[၂]

၁။ လကဗဟ ၂၃၃ ၂။ ယင်း ၂၃၅

www.burmeseclassic.com

www.burmeseclassic.com



မှုူးတော် မတ်တော်တို့ အစဉ် ဆောင်ရွက်ရိုးကား.... ခမောက်ဆောင်း၍ မြင်းစီးသည်။ သည်နောက် ခမောက်တင် ဆေးတံဆေးကြုတ် ဆောင်သည်။[၃]

မြင်ဘဝေါ စနည်း နေရာသုံးသွယ်နေတို့မှာ ခြေချည်သွားလျှင် ခမောက် ဆောင်၍ သွားသည်။[၄]

ငင်းပြင် လွှတ်တက်ရန်ဖြစ်စေ။ ရှင်ဘုရင် ရွှေတော်သို့ ဝင်ရန်ဖြစ်စေ။ နန်းတော် အတွင်းသို့ လာရောက်သောအခါ။ မင်းသားများမှတပါး အခြားအရာရှိများမှာ။ မည်သူမျှ ထီးဆောင်းခြင်း။ သက်ရှိသက်မဲ့ ယဉ်စီးခြင်းများကို စီးနင်းဝင်ရောက်ခွင့် မရ။ သို့ရာတွင်။ နန်းတော်လှေကားများနှင့် လွှတ်တော်လှေကားများသို့ ထိရောက် အောင် ရာထူးအလျောက် ခမောက် များကို ဆောင်း၍ ဝင်ခွင့်ရသည်။[၅]

၃။ လကဗဟ ၂၃၆ ၄။ လကဗဟ ၂၃၇

၅။ မြန်မာမင်း ၃။ ခန်း ၄၁၇

ခမောက်တင်။ ။အဆောင်အရွက်တခု။

အဝမင်း ထွက်သွားလျှင် ခမောက်နီ အတင်နှင့် မောက်တို အတင်နှင့်။[၁]

မိဖုရားတို့တွင် မြင်သည့် မင်းသားတို့မှာ အမည်ရလျှင် ခမောက်တင်ကို ဟင်းသပတားသုတ် ခမောက်နေရောင်အုပ် ဆောင်းသည်။ မြင်းစီးလျှင် ကွမ်းအုပ် ရေတကောင်းနေရောင်အုပ်ခမောက်နှင့် ခမောက်တင်ဆေးတံဆေးကြုတ်ဆောင်၍ သွားသည်။[၂]

မြင်းမှူးနေရာနေတို့မှာ အမည်ရလျှင် ခမောက်တင် ဟင်း သပ တား သုတ် ခမောက်နေရောင်အုပ် နောက်ကဆောင်သည်။[၃]

မှူးတော်မတ်တော်တို့ အစဉ်ဆောင်ရွက်ရိုးကား၊အမည်ရလျှင် ခမောက်တင်ကို ချိပ်နီတိုက်၍ အစိမ်းအဝါတန့်သည်ကို ဆောင်သည်။[၄]

၁။ လကဗဟ ၂၂၂ ၂။ ယင်း ၂၃၃

၃။ ယင်း ၂၃၅ ၄။ ယင်း ၂၃၆

www.burmeseclassic.com

www.burmeseclassic.com



နေရာ ၃ သွယ် နေရာနေတို့ ခြေချည်းသွားလျှင် ခမောက်ဆောင်၍သွားသည်။ နောက်က ရွှေကျပ် လက်ဘက်အိုး ရေတကောင်း ခမောက်တင် အခြွေအရံ တို့ လိုက်ရသည်။[၅]

တော်နေရာသို့ရောက်လျှင် ခမောက်တင် ဟင်းသပဘားသုတ်ကိုဆောင်သည်။[၆]

။၅ ယင်း ၂၃၇ ၆။ ယင်း ၂၃၈

ခရာ။ ။စည်တော်စုံများတွင် အဝင်အပါ။

သည်နောက် မြောက်စည်တော်ရလုံးနှင့် နှဲခရာအစုံ၊ ချပ်စည်း ၂ ခုနှင့် နှဲခရာအစုံ။စည်ဝန်းရနှင့် နှဲခရာအစုံ။စည်ပြော ၂၅ လုံးနှင့် နှဲခရာ၊တံမြွာ၊တံပိုး၊ခရုသင်း၊ လင်းခွင်းစည်ပုတ်စုံကို။[၁]

အဝမင်း စည်တော်စုံကား ငွေနှဲငယ် ၃၊ အချိန် ၅၀ စိ၊ ငွေခရာ ၂၊အချိန် ၃၅၀ စိ ဝင်စည်တော် ၅၊ရွှေဗိန်း။[၂]

မိဖုရား စည်တော်စုံကား ငွေနှဲကြီး ၂၊ အချိန်ငွေ ၂၀ စိ ခရာ ၂၊အချိန် ၃၅၀ စိ။[၃]

အိမ်ရှေ့မင်း စည်ကား၊စည်နီ ၉ လုံး တံရှည် ၃၊ ခရာ ၁။[၄]

မိဖုရားတို့တွင်မြင်သည် မင်းသား၊ကိုယ်လုပ်တော်တွင်မြင်သည် မင်းသားတို့ကို ပေးသည်စည်ကား ငွေနှဲကြီးငယ် ၂၊ ခရာ ၁ ပေးသည်။[၅]

မင်းသားကြီးတို့သား မင်းသား နေရာနေ၊ မြင်းမှူး နေရာနေ အမည်ရ တော်နေရာနေတို့ကို ပေးသည်စည်ကား နှဲကြီး ၂၊ နှဲငယ် ၂၊ ခရာ ၁ ပေးသည်။[၆]

ရှမ်းပြည်မြို့စုစားတို့ကို စည်ပေးလျှင် စည်ဖြူ ၅ လုံး နှဲကြီး ၂၊ နှဲငယ် ၂၊ ခရာနှစ် ပေးသည်။[၇]

ဒူးနေရာနေ အမတ်တို့တွင် ပေးသင့်သသူတို့ကို ပေးသည်လျှင် မူကား၊ စည်ဖြူ ၅ လုံး နှဲကြီး ၂၊ နှဲငယ် ၂၊ ခရာ ၁ ပေးသည်။[၈]

၁။ လကဗဟ ၁၅၃ ၂။ ယင်း ၂၂၀
၃။ ယင်း ၄။ ယင်း
၅။ ယင်း ၂၂၁ ၆။ ယင်း
၇။ ယင်း ၈။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗူသဒ္ဒြပြင်ကို လေလာ၍ လေ့ခတ်သည့်အသံ၊ အခက်အရွက်ချင်း ထိခိုက်သည့်အသံ၊ ဇမ္ဗူသြပြေသီး ရေသို့ကျသည့်အသံ၊ ရေမှပေါ်သည့်အသံတို့သည် အညီအညွတ်မရှေးမနှောင်းဖြစ်ကြ၍ သာယာနာပျော်ဘွယ်ရှိလေသည်များကို နှုန်းစံနှိုင်းရှည့်၍ တံရှည်၊ တံမြှာ၊ သပြေသာ၊ ခရာ၊ လင်းခွင်းများမှာ လေလာ၍ ပင်စည်အကိုင်းအခက်တို့ကို လေခိုက်သည့်အဟုန်၏ အသံ။[၄]

၄။ ရွှေဘုံနိဒါန်း ခန်း ၅၃

ခရီး။ ။လမ်း။

အကြွင်သူတို့သည်။ ခရီး အပါး၌ လယ်ယာလုပ်အံ့။ သူးစေခင်ရန်း မရ မထား၍။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့သည် ချဉ်းနင်း၍စားမိအံ့၊ အပြစ်မရှိရာသတည်း။[၁]

လှူသဝ်ကျောင်းမြေအဝန်ကာ အရှေ့ကာ ခရီးမ။ တောင်ကာကုန်။[၂]

၁။ မနုကျယ် ၅၀ ၂။ စာရင်း ၆၀ ကျော[၁]

ခရုသင်း။ ။ခရုသင်း၏ အသံသည် ဇမ္ဗူသပြေပင်၏ အကိုင်းအခက်များကို မပြင်းမပြသော လေညှင်းတိုက်ခတ်သံရှိ၍ စည်တော်စုံတွင် ပါဝင်သည်။

လေနှောင့်ရှက်၍။ ကိုင်းခက်သံမြည်၊ တရတည်ဟု။ တံရှည်တံမြှာ။ သပြေသာ ခရုသင်း။[၁]

ရတနာ ခရုသင်း လက်ယာရစ်နှစ်ကို သခင်သိရိသုမမ္ဗရာဇာဆက်သည်။[၂]

ဦးကင်သာဆန်း၊ ပလ္လင်နန်းထက်၊ မြပန်းနေဇာ၊ ရေသီတာကို၊ လကျာလျှံဝင်း၊ ခရုသင်းတွင်၊ သံညင်းတွတ်တွတ်၊ ဖြဟ္မာရွတ်၍။ ဘုန်းထွတ်မှန်ကူ၊ ဘိသိက်ယူက။[၃]

၁။ ကုသ ပို့ဒ် ၁၅ ၂။ ကဘဆ ၁။ ၂၅၄
၃။ ပေါင်းချောင် ပို့ဒ် ၅၀

ခရိုင်။ ။အုပ်ချုပ်ရေးအရ ပိုင်းခြားထားသည့် နယ်မြေ။

ထီးတစင်းဆောင်သော မင်းတို့ နိုင်ငံတွင် ခရိုင် အသီးသီးတို့ကိုကား၊ ဇနပုဒ်ဟူသတည်း။[၁]

၁။ မနုကျယ် ၄၇

www.burmeseclassic.com

www.burmeseclassic.com



ရှေးမင်းတို့ လက်ထက် ရ ခရိုင် ဘွဲ့တော်မူရာ ရွာသာ ရွှေကမ်းဖြူ စဥ်ကူပြည်စိုး တို့ ပါဝင်၍ မစီရင်ရပါ။[၂]

၂။ မသဂ ၄၄။ ၇၃

ခလုပ်။ ။မိမိတပ်သို့ ရန်သူများမချဉ်းကပ်နိုင်အောင် ချထားသည့် အဟန့်အတား အကာ အကွယ်။

အတွင်း ခလုပ်။ သစ်ငုတ်တူးလျှင်၊ ချသိုသွင်းသည်၊ မင်းတုတ်ခေါ်မြောက်။ အစောက်နံလျှား။[၁]

သံလျှင်ကင်း၌၊ စစ်တွင်းသစ်ငုတ်၊ ရေခလုပ်တိ၊ ကြိုးကုတ်ခိုင်ပြီး၊လမ်းခရီးဝယ်၊ တပ်ကြီးမြဲမြဲ၊ ကြံ့ကြံ့ခံ၍။[၂]

ကျုံးပတ်လည်နှိုက် သမင်ချိုမြင်းတား၊ ဆင်ခလုပ်မြင်းခလုပ် ရ ပြီးလျှင်၊ ပျဉ်ကို ကျင်းမကန်းချ၍။ ကျင်းထဲတွင် ဆူးငြောင့်အများ စိုက်သည်။[၃]

ချောင်းနှစ်ဘက်ခတ်အောင်ဘီလာသန်းလျက် တိုင်တိုတိုင်ရှည် ရေခလုပ်အပြည့် စီရင်၍ ခံနှင့်လေ၏။[၄]

၁။ ကုသ ပိုဒ် ၁၀ ၂။ ပေါင်းချောင် ပိုဒ် ၃၃
၃။ ကဘဆ ၁။ ၁၂၈ ၄။ ယင်း

ခါသာ။ ။ပိတ်ကောင်းတမျိုး။ ၁၉ရာစုတွင် ခါသာတအုပ်၏တန်ဘိုးသည် ငွေငါးကျပ်နှင့် ညီမျှ၏။[၁]

ဘုရား ကျွန်တော်တို့က ဆက်သည်။ လက်ဆောင်တော် ခါသာဖျင်ပုဆိုး၊ အုန်းခိုင်၊ ငှက်ပျောခိုင်၊ ကြံစည်းဘုရား။[၂]

ခါသာကောင်းအုပ်ငါး။ရွှေဘလားတဆယ်ခုတ်တစ်။သင်းဘောပါရွှေထည်တစ် ဆက်သည်။[၃]

၁။ မြန်မာမင်း ၂။ ၁၉၄ ၂။ လကဗဟ ၁၆၅
၃။ ကဘဆ ၁။ ၂၃၄

www.burmeseclassic.com

www.burmeseclassic.com



ဘဲလတ်နှစ်။ ပုဆိုးစက်နားနှစ်ဆယ်၊ ခါသာအုပ်နှစ်ဆယ် ဆက်သည်။[၄]

သော့ခတ်သေတ္တာ၊ ခါသာပိတ်ပိုး။ အုတ်မျိုးထည်လိပ်။[၅]

၄။ ယင်း ၅။ ပေါင်းချောင် ပိုဒ် ၄၀

ခါးစည်း။ ။သူရဲတထောင့်လေးရာ့ငါးဆယ်တို့ကို ရွှေဝတ်လုံ။ ရွှေဦးရစ်။ ရွှေခါးစည်းဆင်ယင်စေလျက်။[၁]

ပုးဆိုးဆေးရေးရွှေပါငါးအုပ်။ ခါးစည်းတော်လုပ်ရန် ရွှေဗုဇွန်ဆီအုပ်တစ်။[၂]

၁။ ကဘဆ ၁။ ၂၄၇ ၂။ ကဘဆ ၁။ ၂၄၇

ခါးဆီးပတ်မြီ။ ။ကြွေးဟောင်းမြီဟောင်း။ (ဝန်)

ပြည်ရွာယိုယွင်းလျှင် လျော်ပြစ်လျော်ဒါန် ခဆိပတ် ကြေးငွေနှင့် ဝယ်သည် ကျွန်ဖြစ်လျှင်။[၁]

ချင်းသွာရာ၊ ခစိပတ်မြီမှုလည်း ဖြစ်အံ့။ ကြက်တိုက်၊ အန်ခတ်၊ လောင်းတမ်းရာတွင် ရှုံးအံ့၊ သေစာယစ်ဝ၍မှုလည်း စကားများအံ့။ ထိုသို့ဖြစ်မှုကား၊ ကိုယ်ခစားသော သူရင်းငှား၏ ဝန်လျှင်တည်း။[၂]

၁။ အလမအ ၂၂၁ ၂။ ပနကျယ် ၄၇။

ခါးရန်း။ ။ခါးရန်းကြိုးလည်းခေါ်၊ ခါးတွင်ပတ်ရန်။

လ္ဘပါသေနတ်နှင့် သားရေဆေးအိတ်လွယ်လျက်။ ရွှေဖျင်ခါးရန်း ဗောင်းဘီ ဦးထုပ် ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်ကိုင် သေနတ်စွဲကိုင်လျက် ကတ္တီပါခါးရန်း ဗောင်းဘီ ဦးထုပ် ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်။[၁]

ခါးရန်းကြိုး ကတ္တီပါ ၃ ဆင့်။ အယက်အဝါ။ အယ်အနီအောက်အစိမ်း ရွှေဇာ ၃ဆင့်။ အတွန့် ပိန်းနဲဆူးတပ်။ အောက်ဆင့် ပုဇွန်ဆီ ချင်းစိမ်းတက်ဆက်။[၂]

၁။ ကဘဆ ၁။ ၂၂၉ ၂။ ရွှေနန်းသုံး ခန်း ၁၅

www.burmeseclassic.com

www.burmeseclassic.com



ခိုနန်း။ ။ခိုနန်းမှာ စိတြဂိဝါခိုမင်းနေသည့်နန်းနှင့် တူသည်ကို အကြောင်းပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။[၁]

ဝင်းမှူးထားမှာ ရွှေဝင်းမှူးထား ရွှေဆောက်ပြည့်၊ ခွေးမခွေးငယ်၊ နောက်ပိတ်၊ သံပရာခွ ပတ္တမြားစီ၊အိမ်သံပတ်၅တန့်၊ ပတ္တမြားစီမှန်ကူအပြောက်ထု၊ အနား ပတ္တမြားစီ၊ လက်ျာဝင်းမှူးထား နည်းတူတွင် အိမ်ခိုနန်ပြောက်ထုအနား ပတ်လည် ပတ္တမြားစီ။[၂]

အိမ်ရွှေမင်းမှာ လှော်ကားဦးပဲ့ ရွှေစက်ကွင်းအပြည့်ရေး ခင်တယင်အမိုးခိုနန်း အသယ်စက်ကွင်းရွှေရေး။[၃]

၁။ ရွှေဘုံနိဒါန်း ၆၄ ၂။ လကဗဟ ၂၂၅
၃။ ယင်း ၂၂၉

ခိုနန်းကွမ်းခွက်။ ။ခိုနန်းကွမ်းခွက်၊ထောင့်ချိုးကွမ်းခွက်၊၁၂မြောင့်ကွမ်းခွက်များသည်ကျောက်စီမှန်တပ် ပယင်းတပ်သာ ခြားနားသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၅

ခိုးစား။ ။အကြင်သူတို့သည်၊ တလှေတည်းစီး၊တခရီးတည်းသွားသည် ဖြစ်အံ့၊လူတယောက်သည် ခိုးစားမိ၍ အမှုဖြစ်မူကား။ တယောက်အမှုသာ မဆိုအပ်။ တလှေတည်းစီး၊ တခရီးတည်းသွားဖြစ်၍၊ အားလုံးလျော်စေအပ်၏။[၁]

၁။ မနုကျယ် ၄၅

ခိုးတက်။ ။ခိုးမှုတွင်ခိုးသူကပေးရသော လျော်ကြေး။

အကြင် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ မြင်း၊ ဆင်သည် ကက်စားရာတွင် ခရီးလွန်၍ လေလွင့်ရာ သူတပါးထံရောက်၏။ ထိုတိရစ္ဆာန်တို့ကို သတ်၍စားသော် ခိုးတက်တွင်တာကျဥ်စွာရှင်ပေါ်၍စွဲလျှင် လျော်စေ။ သတ်၍မစား၊ တပါးအရပ်သို့ ပြောင်းလွှဲထားရာ မဖြောင့်ကွယ်၍ ပေါ်သော်၊ ခိုးတက် တိရစ္ဆာန်အလိုက် အပျိုးအတိုင်းလျော်စေ။[၁]

၁။ မနုကျယ် ၅၃၊ ၅၄

www.burmeseclassic.com



ခိုးသေးမိးပွား။ ။ခိုးမှုမိးမှု။

မင်းလှဇေယသူရကို မြို့ဝန်ခန့်တော်မူသည်။ မြို့တွင်းမြို့ပြင် ရပ်စုကွက်စုသားတို့မှာလည်း။ ခိုးသေးမိးပွား မပေါ်မရှိစေရ။[၁]

ခိုးသေးမိးပွားရာဇဝတ်နှင့် စပ်ဆိုင်သည် အမှုများကို ရန်ကုန်မြို့ရုံးသို့ ပို့ဆက်ရသည်။[၂]

ခိုးသေးမိးပွားများကိုလည်း လုလ္လပြုရမည်။ မပြတ်မလပ် နှိုးဆော်။[၃]

၁။ ရွှေနန်းသုံး ခန်း ၇၁ ၂။ မသာ၇ ဖ။ ၂၂၁
၃။ အလမအ ၁၄၂

ခင်ခင်။ ။မှူးမတ်သမီးတို့ကို ဝေါဝေါခြင်း။

မှူးတော်မတ်တော်တို့သမီးများကို ခင်ခင်ဟူ၍ရင်း ခင်မြ။ ခင်စိန်ဟူ၍ရင်း။ အာလုပ်ပုဒ်တွင် ခင်ထည့်၍ခေါ်မြဲ။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၀၃

ခင်ဒုယင်။ ။လှော်ကားနေရာအဆောင်။

အိမ်ရှေ့မင်းမှာ လှော်ကားဦးပဲ့ ရွှေစက်ကွင်းအပြည့်ရေး ခင်တယင်အမိုးခိုနန်းအလယ်စက်တွင် ရွှေရေး အမွမ်းခြင်ပိတ်ရွှေပိန်း၊ အခွက်ရွှေတစု အနီတစု။[၁]

ဒူးနေရာသို့ ရောက်မှ လှော်ကားဦးပဲ့တဖက်ရွှေရေး အမှတ်ပန်းပွင့် ခင်တယင်အမိုးဖြူ အခွက်နီ။[၂]

တော်နေရာသို့ရောက်မှ လှော်ကား ပရိတ်ခြည် ခင်တယင် အမွမ်းခြင်ပိတ်နီအမိုးနီ လှေမှတ်တို့ကိုပေးသည်။[၃]

၁။ လကဗဟ ၂၂၉ ၂။ ယင်း
၃။ လကဗဟ ၂၃၀

www.burmeseclassic.com

www.burmeseclassic.com



ခင်မမင်း။ ။မိဖုရားခေါင်ကြီး။

ငါ့အသျှင်ကေရာဇ်မင်းမြတ်တို့တွင်။ ခင်မမင်းမှစ၍ သားတော် သမီးတော်တို့ကို ကံကျေးခံ သနားတော်မူသည့် မြို့ရွာလည်းရှိသည်။ ခမမင်းသားတော် သမီးတော်က အသုံးတော်အလိုရှိ၍ ခင်မမင်းဝန်တို့မှာ ဆင့်ကဲ တောင်းဆိုလျှင်လည်း။[၁]

။၁ ရှေနန်းသုံး ခန်း ၉၈

ခင်မမင်းဝန်။ ။နန်းမတော်ဝန်။

ခင်မမင်း သားတော်သမီးတော်တို့က အသုံးတော်အလိုရှိ၍ ခင်မမင်းဝန်တို့မှာ ဆင့်ကဲတောင်းဆိုလျှင်လည်း ဆိုင်ရာပြန်ဆို ဆင့်ကဲ၍ ဆက်သွင်းရသည်။[၁]

အမိန့်တော်တွင် ခင်မမင်းဝန်ဟုပါရှိသော်လည်း နန်းမတော်ဝန်ဟူ ခေါ်ဝေါ်ကြသည်။[၂]

နေမျိုးမဟာသိဟသူရကို ခင်မပင်းဝန် ခန့်တော်မူသည်။[၃]

၁။ ရှေနန်းသုံး ခန်း ၉၈ ၂။ ယင်း
၃။ ယင်း

ခေါင်ရည်။ ။သေရည်တမျိုး။

နိုင်ငံတော်ပတ်လည် မြို့ရွာများတွင် လှော်ဇာ၊ခေါင်ရည်၊ ဘိန်း၊ ဘင်းစသော မကောင်းသော အမှုအရာတို့ကိုလည်း မသတ်မညှစ် မသောက်မစား မကိုးမကွယ်စေရ။ ဆိုင်ရာစစ်ကြော၍ ပယ်စေရသည်။[၁]

၁။ ကဘဆ ၁။ ၇၁

ခေါင်း။ ။အကြီးအကဲ။

ပုဂံသရောက်စသော တောင်ဘက်တခွင် မြို့ကျေးရွာသူကြီး ခေါင်းအကြီးတို့ကို သစ္စာတော်ပေးပြီးမှ။[၁]

၁။ ကဘဆ ၁။ ၁၀၄

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲသီဟကျော်နှင့်။ မြို့ရွာသူကြီး ခေါင်းအကြီး အမှုထမ်းတို့ကို အစေ့အနှံ့ သစ္စာတော်ခံစေ၍။[၂]

ခေါင်း အဝန်း တောင်ကဲ သွေးသောက်ကြီးတို့မှာလည်း အပ်တော်မူသည့် ခေါင်း အဝန်း ထောင်ကဲ သွေးသောက်ကြီးထားကို ခါးချည်၍ လှံစွဲရသည်။[၃]

၂။ ကဘဆ ၁။ ၁၀၃ ၃။ လကဗဟ ၁၅၁

ခေါင်းကြီး။ ။ခေါင်းကအုပ်သည်ကို ဆိုလိုသည်။

တောင်ဘက်တန်း ၂၇ ရွာကို ကျွန်တော်ဘိုး ငစံတင် ခေါင်းကြီးသည်။ မရှိလျှင် သားငတုပ်ကျော် ခေါင်းကြီးသည်။ မရှိလျှင် ကျွန်တော် ခေါင်းကြီးသည်။[၁]

ငကျော်တန်း ၁၀ ရွာကို ကျွန်တော်ဘိုး ငရွှေဖြူ ခေါင်းကြီးသည်။ မရှိလျှင် ဘငကျော်သူ ခေါင်းကြီးသည်။ မရှိလျှင် သားငပန်း ခေါင်းကြီးသည်။ မရှိလျှင် ညီကျွန်တော် ၁၁၁၆ ခုကသည် ယခုတိုင် ခေါင်းကြီးပါသည်။[၂]

၁။ တောင်ဘက်တန်း ၂၇ ရွာစစ်တန်း ၄၅ ခု

၂။ ပသဂ ၃၃။ ၂၄၄

ခေါင်းစိး။ ။ကိုးတောင်ဆယ်သစ်ရှိ ကျွန်းသစ်များကို တတိုင်နှင့်တတိုင် လူတကိုယ်ဝင်ထွက်သာရုံ ခွါ၍။ ရောင်ဆွဲး ခေါင်းစိးနှင့်တကွ တတိုင်လျှင် အနိမ့်အမြင့် နောက်ခံတိုင်တို့ သုံးလုံးကျစီပါ ပတ်လည်လေးမျက်နှာ သစ်တပ်တတပ်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၅

ခေါင်းစု။ ။ခေါင်းအုပ်ချုပ်သည့်ရွာစု။

စစ်လက်ကိုင် မင်းမှုမင်းခင်း ခန့်ထားရန်ရှိသည်ကို ရုံးတော်သို့တက်၍ မြို့သူကြီးမင်းက ခန့်ထားရာ ကျွန်တော်ခေါင်းစု ၂၇ ရွာကို ကျွန်တော်ကအသီးသီး ခန့်ထားရသည်။[၁]

၁။ တောင်ဘက်တန်း ၂၇ ရွာစစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆေး။ ။မင်္ဂလာအလို့ငှာ ဦးခေါင်းကို တရော်ကင်ပွန်းတို့နှင့် ဆေးလျှော်သည်။ (ဝန်)

ခေါင်းဆေး၊ ဂြိုဟ်လဲ့ပြုအံ့ဟု၊ သူနာခေါ်ရာ လိုက်လေ၏။ ထိုသမားသည် ကညစ် ထားငယ်ကိုကိုင်၍၊ လက်သုံးလေ့ကားသို့ တက်လျှင်ပင်၊ သူနာသည် ချမ်းသာရနှင့်အံ့ ခေါင်းဆေး၊ ဂြိုဟ်လဲ့ပြုဘူးသလောဟူ၍၊ ခင်ပွန်းမှန်းမသိ နေဘိအံ့။ ငွေငါးကျပ်ပူဇော်ရမည်။[၁]

၁။ မနုကျယ် ၄၆

ခေါင်းထုပ်။ ။ဦးခေါင်း။

သည်နောက် ရွှေဝင်း ရဲတံခွန်စုသားတို့ ခေါင်းထုပ် ပေါင်း၍ ရဲတံခွန်အလံ ၂ကို ပြိုင်၍ကိုင်ရသည်။[၁]

သည်နောက် ရှင်တော်ရွှေးစု၊ ရှင်တော်ပလာစု၊ မြဲရှင်တော်စု၊ လူ ၃၀၀ ကို နေရောင် ခေါင်းထုပ် နေရောင်အင်းကျီနှင့် ရွှေပရိတ်ခြည်ဘင် ရွှေပန်း ၁၀၀ ပွင့်ယန်ကိုစွပ်၍ ထားခါးချည်ထမ်း၍ လိုက်ရသည်။[၂]

ဝင်စည်တော် ၇ လုံး၊ စည်းစုတ် ၃၊ နှဲသုံးကို တလိုင်းပေါင်းထုပ်ပေါင်း ၁၁တို့ ထမ်း၍လိုက်ရသည်။[၃]

၁။ လကဗဟ ၁၅၂ ၂။ ယင်း ၁၅၃

၃။ ယင်း

ခေါင်းထုပ်နီ။ ။ဆင်တော်သည်တို့မှာ ခေါင်းတုပ်နီ ပေါင်း၍ မောက်ရွှ၊ မောက်တို ပါးကာ နားကာ ရွှေကာနောက်ကာ ဆင်ဝတ်၍ ဝတ်လုံချပ်ကာနှင့် ထားခါးချည်လျက် ဆင်စီးရသည်။[၁]

၁။ လကဗဟ ၁၅၁

ခိုင်။ ။အစု။ အဖို့။

ခိုင်ကွမ်းဘိုးတော်ငွေ တောင်းခံရသည်များမှာ၊ ပဥ္စမစွဲလျှောက်ရင်း အလွှာ ပါငွေကို ပဏာမ မပြုရ၊ အမှုဆုံးခန်းရောက်ပြီး စီရင်ချက်ပါငွေကို ပဏာမပြု၍။

www.burmeseclassic.com

www.burmeseclassic.com



ငွေ ၁ဝ ငွေ ၁ ကျ ဥပဒေထုံးစံရှိသည့်အတိုင်းသာ တောင်းခံ၍ ကွင်းဘိုးထိန်းက ဆက်သွင်းရလေသည်။

၁။ ရှေးနန်းသုံး ခန်း ၇၇

ခတ္တာ။ ။ပုဏ္ဏားမနှင့် သူဆင်းရဲသင့်ရာမှမြင်သည့်သား။

အမိပုဏ္ဏေးမ။ အဘသူဆင်းရဲကြောင့်ဖြစ်သောသားသည်။ ခတ္တာ မည်၏။

၁။ အမေ့မှု ၄ဝ

ခတ္တိယဘိသိက်။ ။မင်းမြောက်သောဘိသိက်။

အိမ်ရှေ့စံကာ၊ ဥပရာဘိသေ၊ ယှဉ်တွေ့ထိမ်းမြား၊ စုလျားစနစ်၊ ရစ်ပစ္စုမှာ၊ ဝိဝါတက၊ ပဌမကေရာဇ်၊ မင်းဖြစ်ခတ္တိယ၊ ထိုကတမူ၊ မင်းထီးဟူ၍၊ ဇမ္ဗူကြေညာ၊ ရာဇာဘိသေက။

၁။ ကုသ ပို့ဒ် ၁၉

ခေတ္တဇ။ ။ကျွန်မ၏သား။

ကျွန်၌ဖြစ်သောသားကို။ မိမိခေတ္တဟု ဆိုအပ်သော အခြံရံနိုက်ဖြစ်သော ကြောင့်။ ခေတ္တဇဆိုသတည်း။

မယားမိဘ။ အမွေရကျွန်။ တဘန်လင်က။ အမွေရသား။ ကျွန်မတုံသော်။ နှစ်ပါးစုံမှ။ အပိုင်ရသည်။ ကျွန်မကိုပေး။ သင့်နေမွေးထ။ ခေတ္တဇတည့်။

၁။ အမေ့မှု ၄၄ ၂။ ယင်း ၃၇

ခံဝန်သူ။ ။အာမခံသူ။

တရားလို တရားခံတို့ကို ခံဝန်သူနှင့် နေ့ရက်ချိန်းချက်၍ ထားရလေသည်။ ပြီးပြတ်သောအခါ စီရင်ချက်ပါငွေများကို တခါတည်း အပြေပေးစေရသည်။ မပေးနိုင်လျှင် ခံဝန်သူနှင့် ငွေနည်းများကိုထောက်၍ ရက်လပေးသည်။ ခံဝန်သူ မရှိလျှင် အာဏာစိုးတန်းတွင် ချုပ်ထားတောင်းခံရသည်။

၁။ ရှေးနန်းသုံး ခန်း ၇၇

www.burmeseclassic.com

www.burmeseclassic.com



( ရွှေ ) ချူ။ ။အဆောင်အရွက် အစိးအနင်း အချို့တွင် ရွှေချူဆွဲလေ့ရှိသည်။

ထိုထိးများ၏ အရပ် အဝ အတွင်း ရွှေခြူ ညောင်ရွက် ကြယ် ပုလဲဆိုင်း သန္တာဆိုင်း စိန်ဆိုင်း မြဆိုင်း ပတ္တမြားဆိုင်းမှစ၍ မွှေချိန်ကျောက်ဝင် လုပ်ရိုး ဆောင်ရိုး အထားအနေများမှာ စာစောင်များတွင် အင်းစောက်နှင့် ပြကာရှိပြီး ဖြစ်၍။

နဝဒေးကြွ။ ချုပ်ရာချည်လျှင်။ မျှင်ကိုးပင်နှင့်။ လယ်ချက်မှာကား။ ပတ္တမြား သန္တာ။ ရတနာရိုးရဲ။ ရွှေခြူဆွဲမှ။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၉ ၂။ ကုသ ပိုဒ် ၁၂

ချူး။ ။အနွယ်အခက် အရွက်အဖူး အပွင့်အသီးတို့သဏ္ဌာန် အပြောက်။

ခြူးပေါင်းပုလဲ၊ သန္တာဆွဲလျက်၊ ရဲရဲရောက်တက်၊ ကွမ်းခွက်ရှစ်ထောင့်။

ရာဇပလ္လင်လုပ်ရိုး၌ ခြသေ့် ဆင်ပျို လောကနတ် ဒေါင်းယပ် ဆင်နား တံခါး တိုင် သိကြား ကိန္နရာ သမ္မာဒေဝ ခြူး ကြာ ဦးဆောက်ပန်း တဆဲ့နှစ်နေရာတို့ ဖြင့်လုပ်ဆောင်၍။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၆ ၂။ ရွှေဘုံနိဒါန်း ခန်း ၁၀၅

ချူးကြာ။ ။ကြာပုံလုပ်ထားသောအပြောက်။

မင်းတို့အစဉ်၊ ဆွဲလျဉ်မျက်မြှ၊ ကုဏ္ဍလာဟု၊ ခြူးကြာပြောက်ကွင်း။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၂

ချူးစိပ်။ ။ခွဲညှတ်ထွေးရှုတ်နေသည့် အပြောက်စိပ်တမျိုး။

ခြူးစိပ်စိန်ခက်၊ ဝန်းရှက်ကြာညောင်၊ လရောင်ပြက်ကာ။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၂

www.burmeseclassic.com

www.burmeseclassic.com



ချူးပန်းချူးနွယ်။ ။အပြောက်အမွှမ်းတမျိုး။

ရာဇပလ္လင်ကင် လက်ဝဲလက်ျာ ခြူးပန်းခြူးနွယ် ထုလုပ်သည့်အကြောင်းမှာ ခြူးသူကို ဘီးလူးတို့ ကြောက်ရွံ့ကြသည်၊ ခြူးသူ အဝတ်တန်ဆာလည်း အခွေ အဝိုက် အညွန့်အနွယ်ဖြစ်သည် ယူရန်ရှိသည်၊ တင့်တယ်ဘွယ်ရာသည်ဖြစ်၍ သခ် ပတ္တမင်းသားသည် ခြူးသူတန်ဆာကို ဆင်ဝတ်သည်၊ ဘီလူးတို့ကြောက်ရွံ့သည်ကို နိမိတ်ပြုသဖြင့် သမုဒ္ဒရာပင်လယ်ကိုကူးသွားရသော သင်္ဘောဦး၌ ခြူးသူခြူးရုပ် ထုလုပ်လေသည်၊ ခြူးသူ၏ အဝတ်အဆင်တန်ဆာကိုထောက်၍ ခြူးပန်းခြူး နွယ်ကို သိရသည်၊ ခြူးပန်းခြူးနွယ်ကိုလည်း မင်းတို့သုံးဆောင်ရာ၌ ထုလုပ်ရေး သားသည်။[၁]

ပလ္လင်မတော်ခြောက်ရပ်ကို ခြူးပန်းခြူးနွယ် ဘောင်းကြယ် စိန်တောင်တို့ဖြင့် ဆန်းကြယ်စွာ သွန်းလုပ်၍။[၂]

ဆင်နှားဇာဘောက်။ ကျောက်သည်ဘီလူး။ ခြူးပန်းခြူးနွယ် အလယ်က ဆန်း။ ဦးဆောက်ပန်းက။[၃]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၂ ၂။ ကဘဆ ၁။ ၂၃၉
၃။ ကုသ ပိုဒ် ၁၁

ချူးသေးသွပ်။ ။ကတောင်အနှား သံလေးသစ်ရွှေပိန်း၊ အလယ်တိုးရုပ်ပန်းခက်ကိုက် ခြူးသေး သွပ် တမြုံ့လွတ်။[၁]

ကတောင်အနှား သံလေးသစ် ရွှေပိန်း၊ အလယ်စာမရှိရုပ် ပန်း ခက်ကိုက်၊ ခြူးသေးသွပ် တမြုံ့လွတ်။[၂]

၁။ လကဗဟ ၂၇၂ ၂။ ယင်း

ချင်ဝန်။ ။ချင်တွယ်ရသောကုန်။

ချင်ဝန် ရောင်းဝယ်လျှင် ဝယ်သူ ၁[၄] လျှင် တဆုပ်ဆီကောက်ခံ၍ ၁၂ လခွဲ လျှင် အခွန်ငွေကြေး ၄၅[၀] ဆက်ပါသည်။[၁]

၁။ မသဂ ၃၂ ၆၁

www.burmeseclassic.com

www.burmeseclassic.com



ချင်းနင်း။ ။ဝင်ရောက်သည်။

ကိုင်းခွန်မှာ အခွန်ရေးတို့ ချင်းနင်း၍ အသီးတို့ရှည် အပင်နိမ့်မြင့်ထောက်၍ ဆေးပဲ ၁၀၀ လျှင် ၁၀ ထမ်း အခွန်တော်အပို ၂၅ဝ အကဲ ၁၂၅ ရေးစား ၇၅ ပေးရသည်။

၁။ ရွှာသာမြို့စစ်တန်း ၄၅ ခု

ချောင်းစား။ ။ညေဝတီကောင်းစားစဉ်ကရှိသော အရာထမ်းတမျိုး။ ချောင်းမှ အခွန်ကို စားရသည်။

မြို့စာရေး ချောင်းစားတို့မှာ၊ ကြိမ်ခွေတစင်းနှင့် မောင်းခရာ ရွှေထုံးစံရှိသည့် အတိုင်း မယုတ်မလွန်စေရ။

၁။ မြန်မာမင်း ၃။ ခန်း ၄၁၇

ချိန်ခွင်။ ။အလေးတောင်းတင်းစဉ်းချိန်ခွင်များကို တံဆိပ်ခပ်မှတ် ပေးအပ်သည့်အတိုင်းသာ ရောင်းဝယ်သုံးဆောင်ကြစေ။

၁။ ရွှေနန်းသုံး ခန်း ၈၁

ချပ်ကာ။ ။စစ်ဝတ်အင်္ကျီ။

ဆင်တော်သည်တို့မှာ ခေါင်းထုတ်နီပေါင်း၍ မောက်ရူမောက်တိုပါးကာ နားကာရွှေကာ နောက်ကာဆင်ဝယ်၍ ဝတ်လုံ ချပ်ကာနှင့် ထားခါးချည်လျက် ဆင်စီးရသည်။

လေးနှင့်တောင့်မြား။ ဒိုင်းလွှား ချပ်ကာ။ တန်ဆာမိန်ညို။

၁။ လကဗဟ ၁၅၁ ၂။ ကုသ ပို့ဒ် ၁၄၂

ချပ်တန်ဆာ။ ။စစ်ဝတ်အင်္ကျီတမျိုး။

ထိုနောက် လက်ယာတော်က ချပ်တန်ဆာ ဝတ်ဆင်သော ကိုယ်ရံတော် သေနတ်စွဲသူ ရဲတထောင်။ လက်ဝဲတော်က ချပ်တန်ဆာ ဝတ်ဆင်သော သေနတ်စွဲ

www.burmeseclassic.com

www.burmeseclassic.com



သူရဲတထောင်။ ထိုနောက်ချပ်တန်ဆာ ဝတ်ဆင်သော ကိုယ်ရံတော် သေနတ်အမည်ရတရာ့ငါးဆယ်။[၁]

ရတနာ့မျိုးဖြင့် ပြီးသော ပါလည်ကွေး ကြိုး ချပ်တန်ဆာ စစ်ဝတ် ဒုယင်တော် ပတ္တမြား မောက်ရှုတော် ဆင်ဝတ်တော်မူသည်။[၂]

၁။ ကဘဆ ၁။ ၁၂၀ ၂။ ယင်း

ချပ်မိန်ညို။ ။စစ်ဝတ်အင်္ကျီတမျိုး။

ထိုပြင်ပါလည်ကွေး အောင်းမွေးရစ်မြီး။ မောက်တိုးမောက်ရှု၊ ပါးကာနားကာ၊ ချပ်မိန်ညို တန်ဆာအစုံနှင့် အဲမောင်းလှံ ရှည်စွဲလျက် လက်ဝဲလက်ယာ ခင်းကျင်း၍နေရသည်။[၁]

၁။ ကဘဆ ၁။ ၂၂၀

ချပ်ယက်။ ။ထီးဖြူတော်ကြိုး ယက်လုပ်သူ။ အချုပ်ဝန် ဝန်စုပေါ်။

ရှစ်စင်းသော မင်းခမ်းထီးဖြူတော်ကြီးများ။ အဝေးအလံထွက်စံတော်မူရာ ပါသည့် မင်းဆောင်းထီးဖြူတော်များ။ နေ့စဉ်ရက်စဉ် ဆောင်းမိုးတော်မူသော ထီးဖြူတော်များမှာ ဟောင်းနွမ်းမခိုင်ရှိလျှင် လဲးလှယ်ရန် ချပ်ကြိုးယက်၍ ရွှေတိုက်တော်သို့သွင်းရသည်။အချုပ်ဝန်ဝန်စုပေါ်ချပ်ယက် အမှုထမ်း၃ယောက်ရှိရာ တလလျှင် စပါး တော် ၄၀ တင်း သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၁၁

ချိပ်တိုက်။ ။ချိပ်ရည်ဖြင့် ပွတ်တိုက်ထားခြင်း။

သည်နောက် ဒူးနေရာသို့ ရောက်လျှင် ကျိုင်းကြီးငယ် ဆင်စွယ်ချက်ချိပ်တိုက် အနီ ၄ သစ်ခန့်ကို ပေး၍ ကျိုင်းရိုးနှံ့တွင် တပ်၍ဆောင်သည်။[၁]

၂။ လကဗဟ ၂၂၀

www.burmeseclassic.com

www.burmeseclassic.com



ချိပ်တံဆိပ်။ ။ရာဇသံ မြန်မာစာကို အင်္ဂလိပ်ဘာသာ စက္ကူတွင် မင်စာရေးပြီးလျှင်။ မြန်မာစာ တစောင် အင်္ဂလိပ်စာတစောင်တွင် ချိပ်တံဆိပ် ခတ်၍ မြန်မာစာနှင့်အတူ သစ်ပွတ်ချိပ်နီတိုက် ကျည်ပျ သွတ်ပြီးမှာ ဂုံစရပ်အိတ်နီသွတ်၍ ချိပ်တံဆိပ် ခပ်ပြန်သည်။[၁]

၁။ ကဘဆ ၁။ ၁၇၁

ချိပ်နီတိုက်။ ။ချိပ်နီဖြင့်ပွတ်တိုက်ထားခြင်း။

မဏိပူရသို့စေသူ ဇော်ကိုပြည်တာပွန် ရွှေဘဝါးတော်အောက် ပြန်ရောက်သည်။ စက္ကူရေး ချိပ်နီတိုက် ကြံ့ရုပ်တံဆိပ် ခင်လျက်ပါသည်။[၁]

လှော်ကား လှေမှတ်မှာ ဒူးနေရာသို့ရောက်မှ ခင်တယင် အမိုးဖြူ အခွက်နီ အောင်းနီ ဦး ၃ ပွင့် ပဲ့ ၂ ပွင့် သစ်ပွတ်ကတော့ ချိပ်နီတိုက် ဆံကြိုး ပိုးနီ။[၂]

မှူးတော်မတ်တော်တို့ အစဉ်ဆောင်ရွက်ရိုးကား အမည်ရလျှင် ခမောက်တင်ကို ချိပ်နီတိုက်၍ အစိမ်း အဝါတန့်သည်ကို ဆောင်သည်။[၃]

၁။ ကဘဆ ၁။ ၂၄၇ ၂။ လကဇဟ ၂၃၀
၃။ ယင်း ၂၄၆

ချိပ်အိတ်။ ။အမိန့်တော် ချိပ်အိတ် တံဆိပ်နှင့် မှာတော်မူလိုက်၏။[၁]

၁။ ကဘဆ ၁။ ၁၁၆

ခြေကြောက်ရေးရိုး။ ။မှန်းဆ၍ အခွန်ရေး မှတ်ခြင်း။

စကြိုဘုရားဝတ်မြေမှာ အခွန်ခြေကြောက်ရေးရိုး။ လုပ်စား ၁၀၀တင်းရလျှင် ခွန်မှာ ၁၀ တင်း သူကြီးစား ၁ တင်း တင်းနှီး ၁ စိတ် ၁ တင်းချင်လျှင် အမှတ်တလက်ခုတ်ပေးရိုး။[၁]

၁။ ခွေးချီရွာစစ်တမ်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



မင်း၊မြတွင် ခြေကြောက် လုပ်သူတို့မှာ စပါး ၁၀၀ တင်းလျှင် ခွန်မစပါး ၀၀ တင်း ကြီးစား ၃ တင်း ၂ စိတ်။[၁]

၂။ တလုပ်မြို့စစ်တန်း ၄၅ ခု

ခြေချင်း။ ။ရာဇဝင် အပြစ်အလျောက် ဘမ်းဆီး ချုပ်နှောင်ရန် ရှိလျှင်လည်း လေးပြင် ထောင်မှုးတို့နိုက် အသင့်ရှိသော နှောင်အိမ်အတွင်း ခြေကျဉ်း စွဲရိုက်ချုပ်ထား ရသည်။

ကျောင်းဘုရားအရံ စောင့် ကျွန်းသီးတော်တို့ တရားစကား အယုက်အတင်ရှိ၍ ရာဇဝက်အပြစ်အလျောက် သေပြစ်သေဒဏ်ရှိလျှင် ခြေကျဉ်း စွဲမြဲးတွဲခတ်ပြီးလျှင်။ အာဋ္ဌပိတံခါးကထွက်စေ၍။[၂]

ဟံသာဝတီမင်းသမီး ရွှေခြေချင်း အရန် ၁။ အချိန် ၂၄ ဓါ ကျပ် ၁ ရွေး။[၃]

၁။ ရွှေနန်းသုံး ခန်း ၇၂  ၂။ ပမပ ၇၆

ခြေနင်း။ ။နောက်ပိဟ်ဘိနပ်။ ဘုရင်၏ ဟက်ဝံမင်းခမ်းတော်များတွင် ပါဝင်သည်။ မင်း၊ မင်းသား၊ မှူးမတ်တို့သည် နေရာအနိမ့်အမြင့်အလိုက် ခြေနင်း အမျိုးအစား ခွဲခြားစီးရသည်။

ခြေနင်း ရွှေသွေး၊ ယောင်ပေးထားယင်။[၁]

ကျောက်စီ ခြေနင်း။[၂]

ဘဝရှင်မင်းတရားကြီး ဘုရားလည်း ညောင်ပင်ရိပ်တွင် ရွှေခြေနင်းစီး၍ စီရင် စီးကြပ်တော်မူပြီးလျှင်။[၃]

မင်းသားတို့သည် ရွှေခြည်ပါခြေနင်းစသည်။[၄]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ကုသ | ပိုဒ် | ၁၄ | ၂။ | မဃဒေဝ | ပိုဒ် | ၆၆ |
| ၃။ | ကဘသ | ၁။ | ၉၆ | ၄။ | လကဇဟ | ၂၃၄ ၊ ၂၃၇ | |

www.burmeseclassic.com

www.burmeseclassic.com



တော်နေရာနေတို့ ရွှေခြည်ပါ ခြေနင်းစီးသည်။[၅]

နေရာသုံးသွယ်နေတို့ သက္ကလတ်ခြေနင်းစီးသည်။[၆]

ကတော်မယားတို့ သက္ကလတ်ခြေနင်းဆောင်သည်[၇]။

မှူးမတ်မယား သက္ကလတ်မွမ်းခြေနင်းစီးသည်။[၈]

၅။ ယင်း ၂၃၈ ၆။ ယင်း ၂၃၇
၇။ ယင်း ၂၄၀ ၈။ ယင်း

ခြေနင်းတော်ကြီး။ ။ဇကရာဇ်မင်းမြတ်တို့၏ မင်းခမ်းတော်များတွင် အပါအဝင်ဖြစ်သည်။ ရွှေသားချိန် ၅၅ ိ-၁ မူး ဂုဏ္ဍန်ရွှေချိန် ၁၆ိ-၉ မူး ၁ပဲ-၂ရွေး ကျောက်နီလုံးရေ ၉၀၈။ မြလုံးရေ ၅၄။ နဝရတ် ၂ စုံတပ်ပါရှိသည့် ခြေနင်းတော်ကြီးထားရာ လေသာဆောင်တော်တွင် ဝဲလှည့်ယာလှည့်ခွဲ၍ အိပ်ဘန်အိပ်ကြသည်။ ဘိနပ်တော်ရက ရှိသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၇

ခြေရင်းတော်ပြဲ။ ။ဘုရင်အနီးအပါး၌ စွဲမြဲရသည့်အမှုထမ်းများ။[၁]

ထိုနောက် အရပ်ရပ်တိုက်လှေတော် ခြေရင်းတော်မြဲစော်ဘွားမြို့စား မှူးသားမင်းသားတို့ တိုက်လှေဝန်လှေစု။[၁]

သပြေတိုက်တွင်။ မင်းတို့ရင်နှစ်။ သားချင်းတို့အား။ ဖဝါးစက်တွင်း ခြေရင်းတော်မြဲ။ မကွဲမပြား။[၂]

၁။ ကဘထ ၁။ ၁၂၂ ၂။ ကုသ ပိုဒ် ၁၇၇

ခြေလျှင်ပေါ်။ ။ခြေမြန်တော်အမှုထမ်း။

ခြေလျှင်တော်အမှုထမ်းတို့ကို အလိုတော်ရှိရာ မှူးမတ်တဦးဦးက အုပ်ချုပ်စေ၍။ အနီးအဝေးမြို့ရွာများကို အမိန့်တော်နှင့်ဖြစ်စေ။ လွှတ်တော် အတွင်းတော်များက သင့်ဆို၍ဖြစ်စေ။ စေခိုင်းရာ သွားရောက်သမ်းရွက်ရသည်။ အမှုထမ်းလူ ၁၀၀ တို့ကို တလလျှင် လစာငွေ ၁၀၄ဝိ သနားတော်မူသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ခြေလျှင်တော်အမှုထမ်းများမှာလည်း။ လွှတ်တော်မှာလာရောက် အလှည့်ကျ စောင့်နေရသည်ပြင် ခြေလျှင်တော်တို့ အိမ်များလည်း။ မြို့တွင်းမှာ နေရသည်။²

၂။ မြန်မာမင်း ၃။ ခန်း ၄၂၀

ခြေလျှင်တန်း။ ။ခြေလျှင်တော်တို့ နေထိုင်ရာ။

နန်းတော်မြောက်တွင် ခြေလျှင်တန်းဟူ၍ သီးခြားရှိသည်။¹

၁။ မြန်မာမင်း ၃။ ခန်း ၄၂၀

ခြေသည်သူရဲ။ ။ကြည်းတပ်သား။

ကြည်းတပ်မှာလည်း မြင်းသုံးရာ။ သေနတ်သုံးရာ။ ရွှေလေးသုံးရာ။ တင်ကျည်းစွဲလေးရာ။ သုံးစုခြေသည်သူရဲတထောင်ကို အညာကတင်ပြီးလျှင်။¹

၁။ ကဘဆ ၁။ ၉၅

[ ဂ ]

ဂဇာသနပလ္လင်။ ။ ဆင်ရုပ်ခံသည်ကို အစွဲပြု၍ ဂဇာသနပလ္လင် တွင်၏။ ဂဇာသနပလ္လင်သည် ဗြဲတိုက်ဆောင်တွင် ထားရှိသည့် ပလ္လင်ဖြစ်၍ စကားသားနှင့် ပြုလုပ်ရသည်။ ထိုပလ္လင်မှနေ၍ ဘုရင်သည်ချီးမြှောက်ထိုက်သူတို့ကို ချီးမြှင့်သည်။¹

ဆက်စဉ်မည်ရှေးဗြဲတိုက်မှာ ဂဇာ ငွေသားစကားသစ်မြတ်စွာ။²

အမြင့်ဘက်မှာ ရာဇာပလ္လင်ထားသည်။ စကားသားကို ပလ္လင်လုပ်ပြီးလျှင်။ ဆင်ရုပ်များခံ၍လုပ်သည်။ပါဠိဘာသာမှာ။ဂဇာသနပလ္လင် ခေါ်သည်။ မြန်မာဘာသာမှာ ဆင်ခံပလ္လင်ခေါ်သည်။ရာဇပလ္လင်ထားသော အမြင့်ဘက်ကို၊ အထက်ဗြဲတိုက်ခေါ်သည်။³

စစ်အင်္ဂါကျင်း။ တပ်လုံးရင်းနှင့်။ ဝင်းခင်းစဉ်၌။ နောက်တော်လိုက်ကို။ တိုက်မဖျိမ။ ရှေးကမင်းခင်း။ စာတမ်းညီစေ။ ပြီးပြေအောင်လျှင်။ ခန့်စီရင်ဟု။

၁။ ပဇပ် ၁၀၀ ၂။ ဂီတဝိသောဓနီ

၃။ မြန်မာမင်း ၄။ ခန်း ၄၂၆

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဇာနည်ခံ။ ပလ္လင်ပျံထက်။ မိန့်သံတော်မြွက်။ တွင်းဝန်မတ်တို့။ မှတ်စေသံဆင့်။ အခွင့်မလပ်။ နာခံအပ်၍။[၃]

ခြီးမြှင့်နှိမ့်ရာ။ စကားဝါသာ။ ကြွားကြွားတင့်စံ။ ဆင်ရုပ်ခံလျက်၊ မည်နံ့သညာ၊ ဂဇာသန။ ပလ္လင်လှနှင့်။ နာမသပိုက်။ ပြဲတိုက်ဆောင်တော်။[၅]

၄။ ကုသ ပို့ဒ် ၁၃၈ ၅။ မဃဒေဝ ပို့ဒ် ၄၃

ဂရုဓပွဲစည်လည်။ ။နှစ်စဉ်ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဝါဝင်အမိန့်တော်ဖတ်သည်ကို ကုန်းဘောင်ခေတ်တွင် ဂရုဓမ္မစည်လည်သည်ဟု ခေါ်သည်။ ယင်းသို့ စည်လည်ရာသို့ မြို့ဝန်၊ မြို့စာရေး၊ တရားနာခံ၊ တရားစာရေးနှင့်အမိန့်တော်ရတို့လိုက်ပါကြရသည်။ ယင်းသို့စည်လည်သည်ကို ညောင်ရမ်းခေတ်ကဝါဝင်အမိန့်တော်ဖတ်သည်ဟူ၍သာ ခေါ်သည်။ ယင်းအမိန့်တော်မှာ အောက်ပါအတိုင်းဖြစ်၏။

ပြည်သူပြည်သားတို့ ယခုဝါဆိုလရောက်ပြီး ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်း။ အဒိန္နဒါနာ၊ သူမပေးသော ဥစ္စာကိုခိုးယူခြင်း။ ကာမေသုမိစ္ဆာစာရ၊ သူမယားကိုပြစ်မှားခြင်း။ မုသာဝါဒ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း။ သုရာမေရယ၊ သေရည်သေရက်ကို သောက်ခြင်း၊ သည်များကိုရှောင်ကြဉ်၍ ပဉ္စသီ၊ အဌသီ၊ ဒသသီကိုဆောက်တည်ရမည်။ အလှူပေးခြင်း၊ သီလသတင်းဆောက်တည်ခြင်း၊ ဘာဝနာစီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာစိတ်ရှိသမျှကိုလည်း လှူဒါန်းဆောက်တည်ကြပါကုန်။[၁]

ဝါပဝါတွင်း၊ မယွင်းမပျက်၊ ဆန်း ငါး ရက်တိုင်း၊ ဆက်ဆက်မလွန် ရွှေစာချွန်နှင့်၊ မြို့ဝန်မြို့ကွပ်၊ ကြီးကြပ်သမူ၊ လုံ့လပြု၍၊ ဂရုဓမ္မ၊ စာရိတ္တဖြင့်၊ တလတကြိမ်၊ ဦးနှိမ်လွှကြော်၊ ဆင်ရဲပေါ်က၊ အမိန့်တော်မြွက်၊ ပြန်တုံသတ်၍ မီးခေါ်တစ်စည်တော်၊ ရပ်တိုင်းဆော်လျက်၊ မြို့ပေါ်လေးခွင်၊ ထက်ဝန်းကျင်နှိုက်၊ တွင်းပြင်သီးသီး၊ လှည့်ကာတီးသည်။[၂]

၁။ လက်ာဗဟ ၃၀၃ ၂။ မဃဒေဝ ပို့ဒ် ၄၅

ဂန္ဓုန်ဖြူအလံ။ ။မင်းခမ်းအလံတော်တခု။

ပလ္လင်ရွှေရံ၊ ခုနှစ်လံတွင်။ ရွှေလျှံတခု။ မျောက်ရုပ်တုတည့်။ သုဝဏ္ဏမှု။ လွှဖြူသေတ။ ရက္ခအဝါ။[၁]

၁။ ကုသ ပို့ဒ် ၁၂

www.burmeseclassic.com

www.burmeseclassic.com



ဂါမ။ ဈေးသာရှိ၍ မြို့မရှိ။ မြို့သာရှိ၍ ဈေးမရှိကိုကား ဂါမ ဟူသတည်း။^၁

၁။ မနုကျယ် ၄၀။

ဂါဝုစ်။ ။အတိုင်းအတာတမျိုး။

လေးဩသလျှင် တဂါဝုစ်။ လေးဂါဝုစ်လျှင်တယူဇနာ ဖွဲ့သည်။^၁

၁။ မြန်မာမင်း ၃။ ခန်း ၃၀၀

ဂေါလကသား။ ။မုဆိုးမတွင် အိမ်ထောင်မဲ့ မွေးသည့်သား။

လင်သည်။ သေသည်ရှိသော်။ တယောက်လင်ကြောင့် ဖြစ်သောသားသည် ဂေါလက မည်၏။^၁

၁။ အမွေမှု ၄၀

ဂင်္ဂါရေ။ ။မင်းခမ်းမင်းနားတွင် အသုံးပြုသည့်ရေတမျိုး။

ဂင်္ဂါရေ အနဝတတ်ရေ ဘုတ်သစ်ခွရေ ကျူးဝန်လက်ပံရေတော်များကိုလည်း ရဇ္ဇာဘိသေက သကြန်တော်တွင် ဆောင်ယူသည်နည်း စီရင်ခန့်ထား ကျင်းပ ဆောင်ယူစေ၍ ရေထားတန်ဆောင်းတွင် သွင်းထားရသည်။^၁

ပြီးလျှင် ရွှေမြူတာက ဂင်္ဂါရေကို နဝရတ်စီရွှေဘလားမှာ ထည့်ပြီးလျှင်။ ရွှေဘလားကရေကို မကန်းရုပ်ရွှေကရားမှာလောင်း၍ ရွှေတိုက်စိုး သိရိဇေယျသူ ဆက်လျှင်။^၂

၁။ ရွှေနန်းသုံး ခန်း ၁၀၃ ၂။ ယင်း

ဂင်္ဂေယျ။ ။ဆင်ဆယ်မျိုးအပါအဝင်။

ကာလဝက ဂင်္ဂေယျ ပဏ္ဍရ တမ္ဗ ပိင်္ဂလ ဂန္ဓ မင်္ဂလ ဟေမ ဥပေါသထ ကိုးမျိုး ဆင်ထက် ဆဒ္ဒန်ဆင်မင်းသည် အမြတ်ဖြစ်၍။^၁

၁။ ရွှေဘုံနိဒါန်း ခန်း ၁၁

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်း။ ။ဒုကုဋ်တင်၊ သက္ကိန်းရုံပု နှစ်ဂိုဏ်း နှစ်သွယ်ရှိကြသည်မှာလည်း အကွဲအပြားမရှိစေရ။ အတုလယသမဟာဓမ္မရာဇာဓိရာဇာဂုရုဆရာတော်အား သာ သ နာ ပြု အပ် တော် မူ၍ ဒုကုဋ်တင်နွယ် တဂိုဏ်းတည်းသာဖြစ်စေ၏။'

၁။ ကဘာဆ ၁။ ၇၁

ဂန္တုန်အမှုထမ်း။ ။ရွှေဘိုက်ဝန်ဝန်စုပါ ဂန္တုန်ထိုးရသူများ။

ရွှေတိုက်ဝန်ဂန်စု။ ရွှေဘိုက်ပန်းကိမ်တော်အမှုကမ်းတို့ လုပ်ဆောင်ရသည့် ရွှေထည်မျိုးစုံ။ စိန်မြပတ္တမြားစီချယ်ရာ ဂန္တုန်အိမ်များတွင် ရွှေတော်ထုတ်ပေး၍ ဂန္တုန်ထိုးနှိပ်လုပ်ဆောင်ရသည်။ ဂန္တုန်အပူလမ်း ၁၀ တို့မှာ တလလျှင် စပါးတော် ၂၁၅ တင်း သနားတော်မြတ်ခံရသည်။ ခေါင်း မောင်ရွှေသား။'

၁။ ရွှေနန်းသုံး ခန်း ၁၀၉

ဂြိုဟ်နတ်။ ။ဟုံးနတ် ဂြိုဟ်နတ် သမ္မာဒေဝနတ် ဥဒိန်မင်းစောနတ် ဂဇာနာထနတ်များကို ပူဇော် ပသခင်းကျင်းရန် ပွဲနတ်ရကာအစုံများကိုလည်း နတ်ပူဇော်တန်ဆောင်းများတွင် အသင့်ထားရသည်။'

သမ္မာဒေဝနတ် ဂြိုဟ်နတ် ဟုံးနတ် ဥဒိန်မင်းစောနတ် ဂဇာနာထနတ်မှစ၍ ပူဇော်ပသရန်ရှိသမျှကို ပုဏ္ဏားတို့ ပူဇော်ရသည်။'

၁။ ရွှေနန်းသုံး ခန်း ၁၀၇ ၂။ ယင်း

ဂြိုဟ်လွဲ။ ။ဂြိုဟ်ဆိုးတို့၏ အနှောင့်အရှက်ကို ပျောက်ပျက်အောင် လုပ်ဆောင်သည်။ (ဝန်) ခေါင်းဆေး၊ဂြိုဟ်လွဲပြုအံ့ဟု၊ သူနာခေါ်ရာလိုက်လေ၏။ ထိုသမားသည်။ ကညစ်။ ထားငယ်ကိုင်၍၊လက်သုံးလေ့ကားသို့ တက်လျှင်ပင်၊သူနာသည် ချမ်းသာရနှင့်အံ့။ ခေါင်းဆေး၊ဂြိုဟ်လွဲ ပြုဘူးသလောဟု၍၊ ခင်ပွန်းမှန်းမသိ နေဘိအံ့။ ငွေငါးကျပ် ပူဇော်စေရမည်။'

၁။ မနုကျယ် ၄၆

ဂွမ်းကြိတ်ရုံအမှုထမ်း။ ။ထို (ဂွမ်းကြိတ်) ရုံတော်ကြီးကို စောင့်နေရသည့် အမှုထမ်း ၅ တို့မှာ တလလျှင် စပါးတော် ၅၅ တင်း သနားတော်မြတ်ခံရသည်။'

၁။ ရွှေနန်းသုံး ခန်း ၂၄၀

www.burmeseclassic.com

www.burmeseclassic.com



ဂွမ်းကြိတ်ရုံတော်။ ။ ရွှေမြို့တော်အနောက်မျက်နှာ ဂေါဝိန်တံခါးအဝင်နှိုက် ကြီးကျယ်စွာ ဆောက်လုပ်ထားရှိသည့် ဂွမ်းကြိတ်ရုံတော်ကြီးတွင် ငွေတော်ထုတ်ပေး ဝယ်ယူ ရောက်ရှိသည့် ဝါတော်များနှင့် အရာတော်ယာမြေများမှ ထွက်သည့် ဝါတော် များကို စက်ယန္တရားဖြင့် ဂွမ်းဖြစ်အောင်ကြိတ်လုပ်ရသည်။

၁။ ရွှေနန်းသုံး ခန်း ၂၄၀

ဂွမ်းရုံဈေး။ ။ဤဂွမ်းရုံတော်ကိုအစွဲပြု၍ ဈေးကိုလည်း ဂွမ်းရုံဈေးဟု တွင်ခြင်းဖြစ်သည်။

၁။ ရွှေနန်းသုံး ခန်း ၂၄၀

[ ဃ ]

ဃနမတ္တက။ ။မိဖုရားနှင့် မင်းသမီးတို့၏ အဆင်တန်ဆာ။

အသျှင်နန်းမတော်မိဘုရားခေါင်ကြီးဘုရားမှာ။ဃနမတ္တက အဆင်တန်ဆာနှင့် မြေနန်းဥကင်သို့ ထွက်စံတော်မူ၍။

၁။ ရွှေနန်းသုံး ခန်း ၈

ဃောသ။ ။အတိုင်းအတာတမျိုး။

၁၂ ဥဿဘတလျှင်တဃောသ။လေးဃောသလျှင် တဂါဝုတ်။

၁။ မြန်မာမင်း ၃။ ခန်း ၃၀၈

[ င ]

ငဘုန်းတိုက်လက်စွဲ။ ။ရွှေနန်းတော်အိပ်ဖန်စောင့်တမျိုး။ ငဘုန်းတိုက်လက်စွဲဖြစ်ပေါ်လာပုံမှာ ဗဒုံမင်းနန်းတက်ပြီးနောက် ၈ လခန့်ရှိသော သက္ကရာဇ် ၁၁၄၄ ခု တော်သလင်း လပြည့်ကျော် ၁၃ ရက်နေ့ညဉ့်တွင် ငဘုန်းခေါ် ငရွှန်းငယ် အရေးတော်ပေါ် ပေါက်၏။ထိုအရေးတော်ကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကွပ်ကဲနှိပ်နင်းသည်။ ဤအခါ သူပုန်ငဘုန်းကို ခုခံတိုက်ခိုက်ရာ ပါဝင်သော ဘိကျပ်လက်စွဲများကို ငဘုန်းတိုက်လက်စွဲဟု သမုတ်တော်မူပြီးလျှင်။ ကတ္တာဝိပါရွှေဇာသတ် အင်းကျ

www.burmeseclassic.com

www.burmeseclassic.com



ခဲယမ်းအိတ်ကတ္တီပါနှင့် သေနတ်စွဲးလျက်။ရွှေနန်းတော်ပေါ်တွင် အိတ်ဘန်ဝင်၍ ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်။ ဘုန်းတိုက်လက်စွဲ ၄၅ တို့မှာ။ တလလျှင် လစငွေတော် ၁၁၃၀ သနားတော်မြတ် ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၁

ငါးဆယ်တော်။ ။အတွင်းတော်အမှုထမ်းတမျိုး။

ကွမ်းရေတော်။မင်းဆောင်တော်များကို လေးဆယ်တော် ငါးဆယ် လူပျိုတော် ကွမ်းရေကိုင် အဆောင်မြတ်တို့ ဆိုင်ရာကိုင်၍လိုက်ရသည်။[၁]

ဝင်းမှူးဆိုသည့်အရာသည် ၄၁ တော် ၅၀ တော် စားတော်ကွမ်းရေကိုင်တို့ကို အိပ်လှည့်အိပ်ဘန် မှန်ကန်အောင် ဆိုင်ရာခန့်ထားတော်မူသည့်အတိုင်း။[၂]

လက်ျာက ၅၀တော်သား အပ်တော်မူသည် ၅၀ ထား ရွှေထားဆောက်ပြည့် အိပ်ကတ္တီပါနီပွမ်း သံပတ် ၅ တန် ရွှေကွပ်ကို ထမ်း၍လိုက်ရသည်။[၃]

အမရပူရပဌမမြို့တည် နန်းတည် ဘိုးတော် မင်းတရားကြီးဘုရား လက်ထက်တော်က လေးဆယ်တော်သွေးသောက်ဘွဲ့သည်နှင့် တနေ့တရက် တချိန်တည်း။ ကောဓရတ္တသူတို့ အရည်တူလူပေါင်း ၂၁ ကို ငါးဆယ်တော်။ ကောဓရတ္တသူ သွေးသောက် ဘွဲ့တော်မူသည်။ ယင်းသည့် ငါးဆယ်တော် သွေးသောက်မှာ။ လေးဆယ်တော်သွေးသောက်တို့ ထမ်းရွက်ရသည့်နည်းအတိုင်း ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်း စံမင်းတရားလက်ထက်တော်။ လေးဆယ်တော် ငါးဆယ်တော် ၁၄၂ တို့မှာ။ တလလျှင် လစာငွေတော် ၁၇၈၅၀ သနားတော် မြတ်ခံရသည်။[၄]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ကဘအ | ၁။ | ၁၂၀ | ၂။ | ရွှေနန်းသုံး | ခန်း | ၉၃ |
| ၃။ | လကဗဟ | ၁၅၅ | | ၄။ | ရွှေနန်းသုံး | ခန်း | ၂၇ |

www.burmeseclassic.com



ယော်ကလွန်။ ။ဘုရင့်သားတော် သမီးတို့တွင် လပိုင်း နှစ်ပိုင်းမျှနှင့် အနိစ္စရောက်သူတို့ကို ယော်ကလွန်ဟု ခေါ်သည်။

မိဘုရားခေါင်းကြီးတွင်မြင်သည့် နှမတော် ယော်ကလွန် တပါး၊ မောင်တော် ယော်ကလွန်တပါး။ ညီတော် မောင်ပုတ် ယော်ကလွန် တပါး။[၁]

အလယ်နန်း မိဘုရားတွင်မြင်သည့် နှမတော် ယော်ကလွန် တပါး။ ညီမတော် ယော်ကလွန်တပါး။ မောင်တော် ယော်ကလွန် တပါး။ နှမတော် ယော်ကလွန်တပါး။ မောင်တော် ယော်ကလွန် တပါး။ နှမတော် ယော်ကလွန်တပါး။[၂]

၁။ ကဘဆ ၁။ ၅၂၂ ၂။ ယင်း ၅၂၃

ယော်ကျွန်။ ။ယော်ရှယ်စဉ်ကပင် အမှုထမ်းလာသော ကျွန်။

အရင်း ယော်ကျွန်။ သေနတ်ဝန်ကို၊ အလွန်တရာ၊ မိန့်ဩဇာဖြင့်။ မဟာ သေနာပတိ၊ ဘွဲ့တပ်ဖိမှ။[၁]

၁။ ပေါင်းချောင်ပိုဒ် ၃၆

ဝင်လှေ။ ။မောင်၊ လှော်ကားစသည်တို့ကို ဆွဲရင်ရသောလှေ။

မရေမတွက်နိုင်သော ဆွဲလှေဝင်လှေတော်လှော်ကား။[၁]

၁။ ကဘဆ ၁။ ၁၂၂

ငွေ။ ။သမားကိုကုပါ၊ ငါ့အနာလွတ်သော်၊ ငါ့ကိုကျွန်ပြုပါတော့ဟူ၍၊ တိုင်တမ်း၍ လွတ်ပေမူကား၊ သမားကျွန်မခံဝံ့သော်၊ ဓမ္မသတ်ကိုယ်ဘိုးငွေအကျပ်သုံးဆယ် သမားစား အပ်၏။[၁]

သူနာကို မလွတ်နိုင်ပြီဟု လက်ခြေချ၍ မိဘ၊ သားမယားဆိုပြီ လျက်၊ သမား အိပ်နေကြိုးစား၍ ကုမတုံ၏။ လွတ်မူကား အသက်ဘိုး ငွေ သုံးဆယ်စားအပ်၏။[၂]

၁။ မနုကျယ် ၄၇ ၂။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



အကြင်သူတို့သည် လယ်ပင်အလုပ်ငှားအံ့။ ငှားသည်ကိုယ် နွားကား ဤမျှ ငွေကား ဤမျှ စပါးကား ဤမျှ ဟူ၍အခပြတ်အပ်၏။[၁]

အကြင်သစ်ပင်ကို ခုတ်သောသူတို့သည် ငါပိုင်သောမြေတွင် ရောက်သည် တကားဟု ဘိစီးခုတ်၍ လူသေလျှင် အကျပ်သုံးဆယ် အသက်ဘိုး လျော်စေ။ အမည်ရတို့မှ မင်းမျိုးတိုင်အောင် နှစ်ဆတက်စီလျော်စေ။ သွားကျိုးသော် ငါးကျပ်၊ ၎င်းတဆဲ့ငါးကျပ်လည်း ဟူ၏။ ပေါင်ရိုးကျိုးသော်၊ မောင်းရိုး ကျိုးသော၊ ကိုးဆယ်ဟူ၏။ လက်သန်းပြတ်သော်၊ အကျပ်တဆယ်က တက်၍၊ လက်မတိုင်တခုလပ် အလျော်ဟူပေ၏။ ဤကား ငွေတည်း။[၂]

အကြင်သူနှစ်ယောက်တွင် တယောက်သောသူ ငွေတကျပ်ကို ချေးစားသည်။ ငွေရှင်က အနှစ်နှစ် ငွေစားကိုမတွေ့၍ မတောင်းရသဖြင့် နှစ်ရှည်သည်အတိုင်း အတိုးတက်၍ရကောင်းသည်။ ငွေရှင်ကဆိုသည်။ ငွေစားက ချင့်ငွေတကျပ်ကို အရင်းပြု၍ထံပိုးပေးပါမည်။ အနှစ်နှစ်သည်းမတွေ့ကြသည်မှန်ပေသည်ဆိုသည်။ ချင်းတို့နှစ်ဦး အချင်းများကြသည်။ ငွေဖြစ်သည်။ ကုန်မဟုတ်။ နှစ်များစွာ ကြာသော်လည်း။ ငွေနှင့် စပ်သည်ကို။ ထံပိုးတွင် ပေးယူကြစေ။ ငွေမျိုး။ရွှေမျိုး၊ သလွဲမည်း၊ သလွဲဖြူ၊ ကြေးနီ၊ ကြေးဝါနှင့် စပ်သည့်ကြေးမျိုးကိုလည်း နည်းတူ ဖြစ်စေ။ ဆုံးဖြတ်သည်လည်းတပါး။[၃]

ကြက်တိန်ညင်၊ ခါတိမ်ညင်၊ ကျက်တူရွေးစကားတတ်များမှာလည်း၊ အရင်း တိုင်းရလျှင်ယူစေ။ မရလျှင် ကြက်တိန်ညင်မှာ ငွေသုံးဆယ်၊ ထိမ်ဝှက် ကဲ့ရောင်းသူကပေးစေ။[၄]

သင်းရိုးကိုဖျက်ဆီးလျှင် အစားတည်စေ။ နွားမတခု လျော်စေ။ မရတပ်လျှင် ငွေ ငါးကျပ် အပြစ်တပ်။[၅]

၁။ မနုကျယ် ၄၄ ၄။ မနုကျယ် ၅၃
။၅ မနုကျယ် ၁၂-၁၃ ၆။ ယင်း
၇။ ယင်း ၁၀

ငွေခွန်။ ။ငွေဖြင့် ထမ်းဆောင်ရသော အခွန်။

ရွှေခွန် ငွေခွန် သံခွန် စသောအခွန်နှင့် စပ်သမျှသော မင်းဘဏ္ဍာတော်ကို အခွန်ဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသော။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၅

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်မြို့ရွာရှိ ငွေခွန် ကျီဝန်ဝန်စုပါ ငွေခွန်မှုစ၍ နန်းရိုး ငွေခွန်တော်များကို ဆက်သွင်းရန် လရက်ကျူးလွန်မရှိစေရ။[2]

ထန်သာရွာက ပေးသွင်းရိုး ငွေခွန် တော် ၆-ကျပ် ၂ံ ။[3]

သည်နယ်အတွင်းတွင် စုသီးစုချားမြေမရှိ နန်းရိုး ငွေခွန် တော် ဖြစ်ပါသည်။ အဖိုးအခွန် အချားမရှိပါ အခွန်တော် ၁၂ လလျှင် ၅ိ-၂ံ ဆက်သွင်းရပါသည်။[4]

ငွေခွန်ငွေတော်မှာ ၂ိ-၃ံ ကို ရွှေတိုက်တော်မှာ ဆက်သွင်းပါသည်။[5]

၂။ ယင်း ခန်း ၁၀၀ ၃။ မသက ၃၃။ ၂၅၆
၄။ ယင်း ၂၅၈ ၅။ ယင်း ၂၅၉

ငွေခွန်စာရေး။ ။ငွေခွန်ဝန်ကို ကူညီရသောစာရေး။

ရှမ်းပြည်မြို့ရွာရှိ ငွေခွန်ကျီဝန်ဝန်စုပါ ငွေခွန်မှုစ၍ နန်းရိုးငွေခွန်တော်များကို ဆက်သွင်းရန် လရက်ကျူးလွန်မရှိစေရ ငွေခွန်စာရေးတို့ကို ဆင့်ဆိုနှိုးဆော်တောင်းခံ ဆက်သွင်းစေရသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၁၀၀

ငွေခွန်တော်ထမ်း။ ။ငွေခွန်တော်ပေးဆောင်ရသူများ။

ငွေခွန်တော်ထမ်း မြန်မာဇပိန်တို့မှာ ထမ်းရတကိုယ်လျှင် ၁ိ ကရင်ငွေခွန်တော်ထမ်းတို့မှာ ထမ်းရတကိုယ်လျှင် ငွေ ၁ံ ။[1]

၁။ တောင်ငူမြို့စစ်တမ်း ၄၅ ခု

ငွေခွန်မှူး။ ။ငွေထွက်သည့် ဒေသများတွင် သူကြီးကဲ့သို့အုပ်ချုပ်ရသူ။

အရှေ့ရှမ်းပြည် အညာရှမ်းပြည်များက စော်ဘွားကြီးတို့နှင့်တကွ။ မြို့စားရွှေခွန်မှူး ငွေခွန်မှူးတို့က ဆက်မြဲကန်တော့လက်ဆောင်တော်များကို[1]

၁။ ရွှေနန်းသုံး ခန်း ၆၈

www.burmeseclassic.com

www.burmeseclassic.com



ငွေခွန်ဝန်။ ။ငွေခွန်တော်များကို စီမံဆောင်ရွက်ခံရေးနှင့်ဆိုင်သည့် အဝေးထမ်းအရာရှိတမျိုး။

ရှမ်းပြည်မြို့ရွာရှိ ငွေခွန် ကျိဝန်ဝန်စုပါငွေခွန်မှစ၍ နန်းရိုးငွေခွန်တော်များကို ဆက်သွင်းရန် လရက်ကျူးလွန်မရှိစေရ ငွေခွန်စာရေးတို့ကို ဆင့်ဆိုနှိုးဆော်တောင်းခံ ဆက်သွင်းစေရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၀

ငွေစား။ ။လာဘ်စားသည်။

သံတော်ဆင့် ဥဒိန်ဝေရကို လက်ဝဲသီရိကျော်ထင်တွဲနှင့် ဝန်ထောက်ခန့်သည်။ မင်းကွန်းနန်းတော်မှာ ငွေစား၍ ထောင်မှာသေသည်။[၁]

၁။ မသဂ ၄၅။ ၁၅၂

ငွေစင်။ ။အခြားသတ္တုမရောသောငွေ။

တရားသူကြီး မင်းစိုးတို့သည်ကား၊ ရသူကိုယ်တိုး မစားအပ်။ လျော်သောသူကို ငွေစင်တဆယ်တစု စားအပ်၏။[၁]

မင်းမတ်ကြီး နေမျိုးဝ် မဟာကျော်ထင်သမီးမောင်နှံသည် စကျော် သေူ မိငြိမ်း ပွင်တို ဘဝ်ကိုဝ် ငှ ယ်စင် ၁၀၀ အဖိုဝ်ပေရှယ် သက္ကရာဇ် ၁၁၃၅ ခု ဝါဆိုလ ပြည့်ကျော် ၃ ရက် ၃ နိယ် ဝယ်သည် ထန်ကွို ငဲ ၁၈၀ ကို ထပ်လှူသတေ။[၂]

၁။ မနုကျယ် ၄၄ ၂။ တိလောကကျောက် ကျော ၄၉

ငွေတော်။ ။ဘုရင်မင်းမြတ်၏ငွေ။

ပုခန်းဖျာ ဗန့်ကျိတိုက်ဖျာ ပြည့်စုံအောင် ငွေတော်ထုတ်ပေးဝယ်ယူ၍ အလိုရှိတိုင်း ခင်းနိုင်အောင် သိမ်းဆည်း၍ထားရသည်။[၁]

အနောက်ဝန် ၃။ တလျှင် လစာငွေတော် ၃၀၀ သနားတော်မြတ်ခံရသည်။[၂]

ကတော်စာရေး ၄ ကိုမှာ တလလျှင် လစာငွေတော် ၈၀ သနားတော်မြတ်ခံရသည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၇၇ ၂။ ယင်း ခန်း ၈၅
၃။ ယင်း ခန်း ၈၇

www.burmeseclassic.com

www.burmeseclassic.com



ငွေထည်။ ။ငွေဖြင့်ပြုလုပ်ထားသောပစ္စည်း။

ထိုက်သက်ရာ မြို့ရွာ ဌာန ရာထူးအလျောက် ကန်တော့ကြတည့် ရှိခိုး လက်ဆောင်တော် ရွှေထည်ငွေထည်များနှင့်။ခါသာအုပ် မာသာဘက်အုပ် ရွှေဖျင် မြင်းစသော သက်ရှိသက်မဲ့ လက်ဆောင်တော်များကို။

၁။ ရွှေနန်းသုံး ခန်း ၆၉

ငွေပုံ။ ။ငွေကို အစုလိုက်အပုံလိုက် ပုံထားခြင်း။

ထွန်းဖြိုးကို သူရိန်ဝေရကျော် ဟူသောအမည်နှင့် အမြောက်မှူးခန့်တော်မူသည်။ ငွေပုံကိုလည်း လက်ခုပ်တော်နှင့် တလက်ခုပ်ယူတော်မူ၍ သနားတော်မူသည်။ ငွေချိန်တပိဿာခုနှစ်ဆယ်ရှိသော ဟူ၏။

၁။ ကဘဆ ၁။ ၁၃၆

ငွေဖလား။ ။ဦးကင်ဘွဲ့တော်မူလျှင် မြို့သူကြီးက ငွေဖလား ၂၀ ခုတ် ဖျင် ၁ ဆက်မိုးရှိသည်။

ဗိုလ်မှူး တပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းတို့တွင် ပွဲလမ်းရသသူတို့ကို စိစစ်တော်မူ၍ ငွေ ငွေဘလား ပုဆိုးဝတ်လုံ အထိုက်အလျောက်ဆုပေးတော်မူ၏။

၁။ မသဂ ၄၄။ ဂ၄ ၂။ ကဘဆ ၁။ ၁၃၅

ငွေမှုတ်ဖိုခွန်။ ။ငွေသတ္တုကို အရည်ကျိုသည့်ဖိုမှ ဆောင်ရသောအခွန်။

ငွေမှုတ်ဖိုအခွန်တော် ငွေစင် ၁၀၊ လက်သားဖိုငယ် ၂။

၁။ တောင်ငူမြို့ စစ်တန်း ၄၅ ခု

ငွေရည်သွန်း။ ။ငွေရည်ကျို၍သွန်းခြင်း။

ဇင်းမယ်သို့ ချီစေသည့် ဗိုလ်မှူးစစ်ကဲတို့ကို၊ ။ငွေရည်ကို၍သွန်းရမည်ဟု၊စေခန့်တော်မူသည်၊တပ်မှူးစစ်ကဲတို့လည်း၊အမျက်တော်ရှိကြောင်းကိုကြားသိလေလျှင်။ စေသူတို့ မရောက်ခင် ဆေးစား၍ သေကြလေကုန်၏။

၁။ မှန်နန်း ၃။ ၃၆၇-၈

www.burmeseclassic.com

www.burmeseclassic.com



ငှက်ခတ်တဲ။ ။နန်းတော်ပိုး၌ ငှက်ခတ်တဲ ထားသည်မှာ ကောသမ္ဗီပြည်၌ ကောသမ္ဗီမင်း၏ မိဖုရား ဆောင်းလအခါ ကမ္ဗလာနီကိုခြုံ၍ နေရောင်ခံသည်တွင် သားတစ်အမှတ် ဖြင့် ကောသမ္ဗီမိဖုရားကို ငှက်ကြီးချီ၍ တောအရပ် သစ်ပင်တွင်တင်ထားသည်၊ ပဋိသန္ဓေ အရင့်အမာပါသည်ဖြစ်၍ သားဘွားလေလျှင် ရသေ့ မွေးကျွေးပြုစု သည်၊ထိုမင်းကို ဥတေနမင်း ခေါ်ဝေါ်သမုတ်သည့် ရေးအကြောင်းကိုစွဲ၍ ငှက် စောင့် ငှက်ခတ်တဲထားသည်ဟု ဆိုလေသည်။ တကြောင်းလည်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း၏ နန်းပြဿဒ်ကို ဇမ္ဗုပတိမင်းသည် ခြေနင်းပျံစီး၍ ထိခိုက်သော ရန်ကြောင့် နန်းမိုး၌ အစောင့်ထားသည်လည်း ဆို၏။ ထိုစကားသည် ကျမ်းဂန် မလာမပါမရှိ အခိုင်မယူသာ၊အနုကထာဖြစ်ရုံမျှသာ ရှိသည်။[၁]

နန်းတော်ခေါင်မိုးများတွင်လည်း တဲးယ်ကလေးများလုပ်ထားလျက်ရှိသည်။ ထိုတဲးယ်ကလေးများကို။ ငှက်ခတ်တဲးဟု ခေါ်သည်။ မိန်ကောင်။ ခင်ပုတ်။ လင်းတ စသော ငှက်ဆိုး ငှက်ယုတ်ခေါ်သော ငှက်များ မနားမပြည်စေရန်။ ငှက်တော်စောင့် ငှက်ခတ်သမားများက။ အလှည့်ကျစောင့်နေ ပစ်ခတ်ရသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၄၄ ၂။ မြန်မာမင်း ၄။ ခန်း ၄၄၂

ငှက်ချေးခံ။ ။အလောင်းစင်၏ အမိုး။

ကျွန်တော် တန်းခေါင်း မိဘ မယားတို့ သေလွန်လျှင် ပျဉ်သလွန်ခြေအဖုံး ကမ္ဗတ်ရွှေထည့် ဗိတန်ခြေ ၄ ငှက်ချေးခံ စမြင်တိုင်အထွဋ်ရွှေထီး အဆောင်အရွက် ခင်းကျင်း သင်္ဂြိုဟ်ရသည်။[၁]

၁။ တောင်ဘက်တန်း ၂၇ ရှာစစ်တန်း ၄၅ ခု

ငှက်ချေးခံတန်ဆောင်း။ ။ဘုရင်၊မိဖုရား၊အိမ်ရှေ့မင်းတို့ မသာတော်များတွင် ထားရှိသည်။

ငှက်ချေးခံတန်ဆောင်း ၂ထပ်ကို ရှိုင်မိုးပြီးလျှင် နီပါးထည်မွမ်းသည်၊ အမွမ်း ခြင်ပိတ် ထုပိကာကို နီပါးထည်မွမ်းသည်၊ ထီးကို နီပါးထည်မွမ်းသည်၊ မျက်နှာ ကြက်ကို ခါသာကြာယပ် ၂ ဆင့် ထုလုပ်သည့်၊ ဝါးပိုး ၄ လုံးကို ၄ တိုင်စိုက်ပြီး လျှင် နီပါးထည်မွမ်းကြိုးနှင့် ငှက်ချေးခံတန်ဆောင်းကို ဆွဲတင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ချေးခံတန်ဆောင်း ပတ်လည်ကို ဖျင်ရံ၍ကာသည်၊ သည်လက်ပြင်ကို ရာဇမှတ်ဒေါင့်ခြ ကာသည်၊တံခါး ၄ မျက်နှာ ထားသည်။[1]

ငှက်ချေးခံတိုင်ကို ဝါးပိုး ၄ လုံး စိုက်၍ နီပါးထည်မွှမ်းကြိုနှင့် ငှက်ချေးခံ တန်ဆောင်းကို တင်သည်၊ ပြင်ပတ်လည်ကို ဖျင်ဝန်း၍ကာသည်၊ သည်ပြင်ကို ရာဇမှတ်ကာသည်၊တံခါး ၄ မျက်နှာ ထားသည်။[2]

၁။ လကဗဟ ၂၄၇-၈ ၂။ ယင်း ၂၇၀

**ငှက်တော်စောင့်။** ။အနောက်ဝန်ဝန်စုပါ ငှက်တော်အစုသား။

ရွှေနန်းတော်ကြီး အရှေ့ပိုင်း အနောက်ပိုင်း အဆောင်တော်များ၏ ခေါင်ဘို ပေါ်တွင် နေ့ည ငှက်ဆိုး ငှက်ယုတ်တို့ ပျံကူးနားနေမရှိစေရန် ရှေးအခါ နေ့ည စောင့်နေရသည်။ အနောက်ဝန်-ဝန်စုပါ အမှုထမ်းတည်း။ မန္တလေး ရတနာပုံ ရွှေမြို့တော်တည် ပြီးနောက်။ ငှက်တော်စောင့် ခေါင်သို့တက်၍ မစောင့်ရ။ ငှက်တော်အမှုထမ်း ၄ တို့မှာ တလလျှင် စပါးတော် ၄၃ တင်း သနားတော် မြတ်ခံရသည်။[1]

ငှက်တော်စောင့် အမှုထမ်းများ အမြဲနေရန် တင်းကုတ်တန်းလျားများ ရှိသည်ပြင်။နန်းတော်ခေါင်မိုးများတွင်လည်း တဲငယ်ကလေးများလုပ်ထားလျက် ရှိသည်။ထိုတဲကလေးများကို။ ငှက်ခတ်တဲဟုခေါ်သည်။ မိန်ကောင်။ ခင်ပုတ်။ လင်းတစသော ငှက်ဆိုး ငှက်ယုတ်ခေါ်သော ငှက်များမနားမမြည်စေရန်။ ငှက်တော်စောင့် ငှက်ခတ်သမားများက။ အလှည့်ကျ စောင့်နေပစ်ခတ်ရသည်။ ဟူ၍ရာဇဝင်အတတ်တွင် ထင်ရှားကျော်စောသော။ ရွှေတိုက်စိုးမင်း ဦးလှန်းက ပြောဘူးသည်။[2]

၁။ ရွှေနန်းသုံး ခန်း ၁၀၄ ၂။ မြန်မာမင်း ၄ ခန်း ၄၄၂

**ငှက်ပျော်ပင်။** ။မင်းပွဲသဘင်ရှိသည့်အခါ လမ်းများ၌စိုက်ထားရသည်။

မြို့တွင်း၊မြို့ပြင်၊လမ်းမ၊လမ်းသေးများကိုလည်းခါသုတ်သင်၍ ရာဇမှတ်ဒေါင့်ခြ ကာ၍ ငှက်ပျော်ပင်၊ ကြံပင်၊ ပန်းဆိုင်း၊ ပုဆိုးဆိုင်းဆွဲစိုက်သည်။[1]

၁။ လကဗဟ ၁၄၃

www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်းမြို့ပြင်မှာ လမ်းမလမ်းသေးမှစ၍ ထွက်တော်မူသည့် လမ်းစဉ်အတိုင်းကိုလည်း လှည်းခါသုတ်သင်၍ ရာဇမှတ်ဒေါင့်ခြံကာသည်၊ ရေအိုးစင် ရေပြည့်နှင့် တည်ထား၍၊ ငှက်ပျောပင်၊ ကြံပင်၊ ပန်းဆိုင်း၊ ပုဆိုးဆိုင်းဆွဲစိုက်သည်။[၂]

ဧရာဝတီမြစ်ထိပ် လက်ဝဲလက်ယာ ပွဲသဘင် ရဲဇမတ် ငှက်ပျောပင်ရှင် ကြံပင်ရှင် ပစ္စူ ယမြား ကုက္ကား တမ်းခွန်။[၃]

၂။ ယင်း ၁၅၀ ၃။ ရွှေနန်းသုံး ခန်း ၁၀၃

ငှက်ပြတ်နား။ ။ကြက်လျှာတံခွန်သဏ္ဍာန်ရှိသည်။

ခရိုင်ထီးချက်။ ထီးလက်ကန့်လန့်။ ကောင်းညွှန့်သချာ။ ထွတ်မြူတာကို။ သိင်္ဂါရောင်ဝှန်။ ဗုဒ္ဓန်ခွံမှမ်း။ ရှေးလမ်းမပျက်။ ထီးလျက်ကျယ်စွာ။ အငှာ ဒွေးဇော်။ ပေါင်းလက်သစ်ဖြင့်။ ရာ့မှစ်ညောင်ရွက်။ လယ်ချက်မှာကား။ ပတ္တမြား သန္တာ။ ရတနာရိုးရဲ။ ရွှေခြူဆွဲမှ။ ဘိုကဲကြီးစွာ။ ဟင်္သာတသီး။ လင်းမြီးသုဝ။ ကုက္ကုဋ္ဌနှင့်။ ရှေးကနည်းခိုး။ အဆစ်ကိုတွင်။ အမိုးဆယ်ဆောင်။ လုပ်ဆောင် ချောမော။[၁]

ခြယ်ပြစ် ပန်းဆိုင်း၊ တူမဲ့နိုင်းအောင်၊ ရှုတိုင်းထိန်ရဲ၊ စိန်ပုထဲးထည့်။ မြီးဆွဲးဟင်္သာ၊ ကြေးဝါကြက်ရုပ်၊ ထုလုပ်ထွေပြား၊ ငှက်ပြတ်နားနှင့်၊ ပတ္တမြား အထွတ်။[၂]

၁။ ကုသ ပိုဒ် ၁၂ ၂။ မဃဒေဝ ပိုဒ် ၄၇

ငှက်လှေ။ ။ငှက်ရုပ်ပုံသဏ္ဍာန်လှေ။

မရေမတွက်နိုင်သော ဆွဲလှေငင်လှေ၊ ဘောင်တော်။ လှေပ်ကားသမ္ဗန်။ သားလှေ ငှက်လှေ။ ရွှေလှေ ရွှေလောင်း။[၁]

အထောင်မကသော ဘောင်တော်။ လှော်ကားတော်။ သားလှေငှက်လှေ။ ရွှေလှေ။ ရွှေလောင်း။ တပ်ပေါင်းလေးဆယ်။[၂]

၁။ ကဘဆ ၁။ ၁၂၂ ၂။ ယင်း ၁၆၅

www.burmeseclassic.com



[ စ ]

**စကားပြန်။** ။အောက်မြန်မာပြည်ကို မြန်မာမင်းများ စိုးပိုင်စဉ်က သန်လျင်၊ ရန်ကုန်၊ ပုသိမ်စ၍ နိုင်ငံခြားသားများနှင့် အဆက်အသွယ်များသည့် ဆိပ်ကမ်း မြို့ကြီးများတွင် စကားပြန်များကို မြို့ရုံးများတွင် ခန့်ထားလေ့ရှိသည်။

သန်လျင်မြို့သို့ အာရပ်သင်းဘောတစင်း ဆိုက်လာသည်နှင့်။သန်လျင်ရေဝန်က ပြည်မြို့သို့ ဆောင်ယူရန် အမြောက်ဝယ်မည်။ ရွေးချယ်လျှင်။ သံအမြောက် အဘိုးငွေ ခုနစ်ဗိုဿငါးဆယ် ပေးရမည်။ ကုလား စကားပြန်တို့ ဆိုသည့် အတိုင်း။[၁]

သဘော်၁ တက်ပ ရွက်ကြိုးများကို နှုတ်ချတ်ရပါသည်။ အထက်စောင့် အောက်စောင့်ထား၍။ လုံခြုံအောင် စောင့်နေရပါသည်။ကုန်အထည်အလိပ်များ ကို။ တိုက်တော်သို့သွင်းပြီးလျှင်။ စကားပြန် ရာပြတ် အစစ်အရာရှိတို့ သဘော်မှာ တက်၍။ ရှာရပါသည်။ သဘော်အဖွဲ့ကိုလည်း အစစ်ခံချက်အတိုင်း ပေးရိုး ရှိပါ သည်။ စကားပြန်တို့မှာ။ ဆေးရေးပုဆိုး ၁ နှင့် ၂၄ ပိတ်အုပ် ၁စီ။အဝင်အထွက် လက်ဆောင် တွက်ပေးရပါသည်။[၂]

ဟံသာဝတီမင်းကြီး မြို့ဝန် ရေဝန် တိုက်စိုး ၄ တိုက်စာရေး ၄ စကားပြန် ၄ သဘော်စာရေး ၄ ရာပြတ် ၄ တို့မှာ အမိန့်တော်နှင့် ခန့်ထားရင်း ဟံသာဝတီ မင်းကြီးက တိုက်စိုး ၁ တိုက်စာရေး ၁ စကားပြန် ၁ သဘော်စာရေး ၁ များကို ခန့်ထားပါရသည်။[၃]

၁။ ကဘဘ ၁။ ၁၁၂ ၂။ မသဂ ၆။ ၂၂၀
၃။ ဟံသာဝတီမြို့စစ်တန်း ၆၄ ခု

**စကားသား။** ။ပြဲတိုက်တော်တွင်ထားသော ဆင်ရုပ်ခံ ဂဇာသနရာဇပလ္လင်ကို စကားသားနှင့် ထုလုပ်သည်။

ချီးမြှင့်နိမ့်ရာ၊ စကားဝါသား၊ ကြွားကြွားတင့်စံ၊ ဆင်ရုပ်ခံလျက်၊ မည်နံ သညာ၊ ဂဇာသန၊ ပလ္လင်လှနှင့်၊ နာမသမိုက်၊ ပြဲတိုက်ဆောင်တော်။[၁]

၁။ မသဒေဝ ပို့ဒ် ၄၃

www.burmeseclassic.com

www.burmeseclassic.com



စကြာဝတေးမင်းကျင့်တရား။ ။စကြာဝတေးမင်းကျင့်တရား ၁၂ ပါး ရှိသည်။

တဆဲ့နှစ်ပါးဟူသော်ကား။ အတွင်းတော်သား ပိုလ်ပါတို့နှိုက် ကျင့်ရာသည်လည်း တပါး။ ဘိသိက်ခံသောမင်းတို့နှိုက် ကျင့်ရာသည်လည်း တပါး။ ပုဏ္ဏားတို့နှိုက် ကျင့်ရာသည်လည်း တပါး။ သူကြွယ်တို့နှိုက် ကျင့်ရာသည်လည်း။ နိဂုံးဇနပုဒ်တို့နှိုက် ကျင့်ရာလည်း တပါး။ ပုထုဇဉ် ရဟန်း အရိယာရဟန်းတို့နှိုက် ကျင့်ရာသည်လည်း တပါး။ သားမျိုးတို့နှိုက် ကျင့်ရာသည်လည်း တပါး။ ငှက်မျိုးတို့နှိုက် ကျင့်ရာသည်လည်း တပါး။ မတရားသော အမှုအကျင့်ကို ပယ်သည်လည်း တပါး။ ဥစ္စာနှီးရင်း ပေးသည်လည်း တပါး။ ရဟန်းပုဏ္ဏားတို့ကို ကပ်၍ ပြသနာ မေးသည်လည်း တပါး။ ဤတဆဲ့နှစ်ပါးတည်း။[၁]

၁။ မှန်နန်း ၁၊ ၈၇-၈

စကြာ။ ။ဥတ္တရသီဟပဉ္စရသဒ္ဒိသေဌာနေပါဠိကို ထောက်လျှင် စကြာကို နန်းတော်အရှေ့မြောက်က ထားသည်။[၁]

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော စကြာ ဆင်ဖြူများ သိဘ်ဝရှင် အလောင်းမင်းတရားကြီး။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၇ ၂။ စာရင်း ၁၁၁၇

စကြီး။ ။ယွန်းစုတို့၏ အကြီးအကဲ။

ကျွန်တော်တို့ ယွန်းစုသားတို့ကို။ သာလွန်မင်းတရားကြီးလက်ထက် ဇင်းမယ်ပြိုကျေး။ အနန်းမြို့ပါ။ ဗညားဟန်နိုင်။ ဗညားဟန်ခွဲ။ ပညာသင်ဟန် ဗညားသင်နှဲ့တို့နှင့်။ လူပေါင်း ၁၀၀ ကို ရွေးစစ်တော်မူ၍ စကြီး ၁၀။ ငယ် ၁၀၀။ ယွန်းစုကိုယ်ရံ ဘွဲ့တော်မူသည်။ ထွက်တော်မူလျှင် စကြီး မှာ။ သနားတော်မူသည့်ခေါး ငါးပတ်ခံတွင်း ရင်းဖျားရွှေ။ အလယ်လက်ကိုင်ငွေကွပ်။ ရွှေချည်လိမ် ငါးတန်း။ အရိုး ခွေးမ မိုးကြိုး။ ခွေးငယ် ရွှေ၊ လက်ကိုင် နောက်ပိတ် သမ္ဘာရာခွံ ရွှေ နီပါးထည်အိပ်စွပ်။ ဝတ်လုံသကလပ်နီ မောက်တို ရွှေပိန်း။ ဝေါဘော်ရွှေလက်ဝဲလက်ယာ။ စကြီး တို့ကိုယ် လိုက်ထမ်းရိုး။[၁]

မားစွဲကိုယ်ရံတော် ခေါင်း စကြီး အပွန်း ငယ်သားတို့ကို။[၂]

၁။ မြန်မာမင်း ၄။ ခန်း ၄၄၄ ၂။ ရွှေနန်းသုံး ခန်း ၉၅

www.burmeseclassic.com



**စကြော။** ။လေးဖက်ချသောအမိုး။ အစီးအနင်း အဆောင်အရွက်များတွင် အသုံးပြုလေ့ရှိသည်။

မင်းသားတို့ လှေစီးလျှင် လှေလောင်းကို ဟင်းသပတားသုတ် စကြော အနီသုတ် စီးသည်။[၁]

မြင်းမှူးတို့ လှေစီးလျှင် လှေအနီသုတ်ကို မြွေဝန်းဟင်းသပတားသုတ်၊ စကြော အနက်တင်၍ စီးသည်။[၂]

နေရာ ၃ သွယ်တို့ လှေစီးလျှင် လှေလောင်းအနားသုတ် မြွေဝမ်းအနီသုတ် စကြောအနက်၊ အမွှမ်းခြင်ပိတ်အနီသုတ်ကိုတင်၍ စီးသည်။[၃]

ဒူးနေရာနေတို့ လှေမလောင်းကိုဟင်းသပတားသုတ်၊ စကြော အနီသုတ်၊ အမွှမ်းခြင်ပိတ် ဟင်းသပတားသုတ်ကိုတင်၍ စီးသည်။[၄]

၁။ လကဗဟ ၂၃၄ ၂။ ယင်း ၂၃၅
၃။ ယင်း ၂၃၇ ၄။ ယင်း ၂၃၈

**စကြောတဲ။** ။စကြောအမိုးနှင့်တဲ။

သစ်သီးမျိုးစုံ ပန်းမျိုးစုံထားရန်။ မင်းညီမင်းသားတို့ နေရန်။ မှူးတော် မတ်တော်တို့နေရန်။ လက်ဝဲလက်ယာ ပွဲသဘင်အတီးအကတို့နေရန်။ စကြောတဲ ကန္နားပြင်ပါ ငါးဆောင်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၃

**စခန်းစံ။** ။ဘုရင်မင်းမြတ် စခန်းချခြင်း။

ထိုကမှ မကွေးမြို့ကျွန်းကို ရန်မျိုးနှိမ်သမုတ်၍ စခန်းစံ တော်မူသည်။ ထိုကမှ လွန်ချည်ကျွန်းကို အောင်ဘုံကျွန်း သမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ကာမမြို့ သောင်ကို အောင်နိုင်ကျွန်းသမုတ်၍ စခန်း စံတော်မူသည်။[၁]

၁။ ကဘဆ ၁။ ၁၂၆

www.burmeseclassic.com

www.burmeseclassic.com



စချိ။ ။စာရင်းအင်းနှင့်ဆိုင်သည့် အမှုထမ်းတမျိုး။

သည်နောက် စာရေး စချိ တပ်မှူး၊ သူရဲမှူး၊ အမြောက်မှူး၊ သေနတ်သွေးသောက်ကြီး မြင်းခေါင်းအမည်ရတို့ ဝတ်ကောင်းနားတောင်းနှင့် ယပ်ကိုင်၍ လိုက်ရသည်။[၁]

ဥယျာဉ်ရွာတွင် စချိ ပြည်စိုး၊ တောကဲရိုးမရှိ။[၂]

စချိတရိုးမှာ ယယ်သည်ဖြစ်၍ အရာကို မခံရသေးပါ။[၃]

လက်ယာဝင်းစချိကို လက်ယာရန္တသူ အမည်သနားတော်မူသည်။[၄]

၁။ လကဗဟ ၁၅၃ ၂။ ဥယျာဉ်ရွာစစ်တန်း ၆၄ ခု
၃။ မသဂ ၃၂။ ၅၄ ၄။ ကဘဆ ၁။ ၂၅၉

စချိလုပ်မြေ။ ။စချိများ လုပ်စားရန် အပိုင်စားပေးထားသည့်မြေ။

မြို့ဥပစာနယ်တွင်းတွင် စာချိ ၄ ယောက်ကို သက္ကရာဇ် ၇၉ ခု ပြုစောထီး လက်ထက် ကုန်စည်ကြ (ယ်) အရပ်တွင် လုပ်မြေ ပေးချသနားတော်မူသည်။

၁။ မသဂ ၃၂။ ၅၇

စဆွံ။ ။စရပ်။

ကူကျောင်းပြဿဒ်စေတီစဆွံ သိမ်ပိရကတ်ပြုရှယ်။[၁]

၁။ စာရင်း ၇၀၇ မျက် ၂၁

စနူ။ ။အဆောင်ကြီးနှစ်ခုကိုဆက်၍ထားသော အဆောင်ငယ်။

စနူမှာ စောစနူသံ ဆိုသည်၊ စကားမရှု့သဖြင့် စောနူ ခေါ်ဝေါ်ပြန်သည်။ စောနူကို စနူ ရေးသားခေါ်ဝေါ်လေသည်၊စောမှာထားသည်၊ကနူသံမှာ ခရှသင်း ဆိုသည်၊ ခရှသင်းထားသောအဆောင် ဆိုလိုသည်၊ ရှေးမင်းတို့လက်ထက်လည်း ခရှသင်းကို အုပ်နှင့်ထည့်၍ စနူ ဆောင်တော်တခါးအတွင်း လကျ်ာဘက်က ထားသည်။[၁]

၁။ ရွှေဘုန်းနိဒါန်း ခန်း ၃၀

www.burmeseclassic.com



ညီလာခံ သဘင် ဝင်ထွက်ခစားရကြသည့်အဆောင်တော်များမှာ မှန်နန်းတော်ဦး စနူဆောင်တော်။ဗောင်းတော်ဆောင်ဦး စနူ ဆောင်တော်။[၂]

စာတော်ဘတ်တို့မှာ။ မှန်နန်းတော် အရှေ့ စနူ ဆောင်တွင် အလှည့်ကျဝင်၍ အိပ်ဘန်အိပ်ရသည်။[၃]

လယ်ခေါင်ရွှေနောက်၊ စမုတ်ဆောက်၍၊ သင့်လျောက်မြော်ရှု။ စနူ ချပ်ကာ၊ ပြာသဒ်သာ၌၊ သီဟာသန။[၄]

၂။ ရွှေနန်းသုံး ခန်း ၆ ၃။ ရွှေနန်းသုံး ခန်း ၂၆
၄။ ကုသ ပိုဒ် ၁၂

စနည်း။ ။နိမိတ်တမျိုး။

စံနည်း နာစေသည်မှာလည်း။ နေ့နက်ဖြန်ပင်။ မကြာတင်။ ချီလျှင်ရမည်ဟု စံနည်း တိုက်ရိုက်ထွက်သည်။[၁]

ငါစီရင်တော်မူသည့်အတိုင်း နက်ဖြန်လုပ်ကြံတော်မူမည်မှာ။ အောင်မြင်တော်မူမည်ဖြစ်လျှင် ကောင်းမြတ်သော စံနည်းကို ရစေသောဟု ပန္နက်ခိဋ္ဌာန်တော်မူ၍ လက်ဝဲသုဒ္ဓရကို စံနည်း နာစေသော်၊ လက်သုပ်စားမည်။ပဲသီး၊ဗူးသီး၊ခရမ်းသီးနှင့် ငရုတ် ကြက်သွန်အစုံရှိပြီ ဟူသော စနည်းကိုရ၍။[၂]

ညဉ့်၌ ပြောသံဆိုသံ နာစေ၍ မှတ်သားစေသည်ကို စနည်း ဆိုသည်။[၃]

၁။ ကဘာဆ ၁၊ ၁၁၀ ၂။ ယင်း ၁၂၃
၃။ ရွှေဘုံနိဒါန်း ခန်း ၆၃

စနည်း။ ။တော် ဒူး စနည်း တွင်းပြင်ဘဝေါ နေရာ ၅ သွယ်တွင် တတိယမြောက်နေရာ၊ရတနာပုံ ခေတ်တွင် စနည်းနေရာ ၂၄ ရှိ၏။ညောင်ရမ်းခေတ် စနည်းတို့ အဆောင်အရွက်နှင့် ကုန်းဘောင်ခေတ်နောက်ပိုင်း စနည်း အဆောင်အရွက် ခြားနား၏။

ငါးသွယ်ကိုတော်ဒူး စနည်း ဘဝေါ ခေါ်သည်မှာ ရာမညတိုင်း သား တို့ ဘာသာဖြစ်သည်၊ စနည်း ဆိုသည်မှာ သေဉ်ရံ ဆိုသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၂၀

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဘဝေါ စနည်း သည်နေရာသုံးသွယ်သို့ရောက်လျှင် မြင်းကြိုးမြင်းကနည်းတူဘုင် စီးနှိုးသက္ကဒါနိ် သက္ကလတ်မွမ်း၊မြင်းကြိုးသက္ကလတ်မွမ်း အနားခြည်ပေါက်ပေါက်ထိုး အောင်းရက်ပြား၊နောက်တက်ထည့်၍ စီးသည်၊ဝါဝင် ဝါကျွတ်သဘင်တော်တွင် ထမ်းစင်စီးအားရှိလျှင် ထမ်းစင်ကို အနီသုတ်၍ ကျိုင်းကြီးရိုးနွဲ့အဖြူကို နောက်ကအုပ်၍ စီးသည်။ ဝတ်လုံဇာပယင်း ဝတ်သည်။ သက္ကလတ်ခြေနင်း စီးသည်။ အိမ်ဆင်ဝင်ပေါ် တိုက်နှာယောင် ဗုဒ္ဓုနှစ်ဘက်ကန့် အကာပျဉ်ထောင် ကပတ်ကြီး ကပတ်ငယ် သတ်သည်။ အိမ်ခြံကို ဝါးစိတ်အဖျားချွန်ရက်ဖေါက်လျှို၍ ကြက်ခြေကန့်၍ ရက်သည်။ ကပ်ကို ကာသည်။ ဆေးတံဖျားရွှေချူဆွဲ ချင်စွပ်ကို ဆောင်သည်။ လှေစီးလျှင် လှေလောင်း အနားသုတ်မြေ့ဝမ်းအနီသုတ်၊ စကြောအနက်၊ အမွမ်းခြင်ပိတ်အနီသုတ်ကိုတင်၍ စီးသည်။

ရွှေကျပ် လက်ဘက်အိုးရလျှင် သွားခင်းရှိ၍ မြင်းနှင့်သွားလျှင် မြင်းရှေ့ကလုလင်နှစ်စည် စည်၍ ကျိုင်းရိုးနွဲ့ကို ဆောင်သည်။ သည်နောက် ရွှေကျပ်လက်ဘက်အိုး ရေတကောင်းပုဝါဖုံး၍ သွားသည်။ သည်နောက် စီးမြင်း၊ သည်နောက် ခမောက် ဆေးတံ၊ အချွေအရံတို့ သွားသည်။

ခြေချည်းသွားလျှင် ခမောက်ဆောင်၍ သွားသည်။ နောက်က ရွှေကျပ်လက်ဘက်အိုး ရေတကောင်း ခမောက်တင် အချွေအရံတို့ လိုက်ရသည် ကျပ်လက်ဘက်အိုး ကျိုင်း မဆောင်၊ ခမောက် မဆောင်။

မြင်းစီး၍သွားသည်ဖြစ်စေ၊ ခြေချည်းသွားသည်ဖြစ်စေ ကွမ်းခွက် လက်ဘက်အိုးကို ပဝါဖြူအမြိတ် ၂ ဘက်နှင့်ထုပ်၍ ရေတကောင်းပဝါနီအုပ် နောက်ကဆောင်သည်။

ပေါင်းထုပ်ပေါင်း၍သွားလျှင် ပုဆိုးစက်အနားပါ ဝတ်သည်။

နေရာသုံးသွယ်နေတို့ သဒ္ဒါစေတနာရှိ၍ ကျောင်းဆောက်လျှင် ကျောင်းကိုဆင်ကပ်လည်၍ လှေကား ၂ ဆူနှစ် ထည့်သည်။ စိန်ပူးကို ရွှေပန်းထည့်၍ စိုက်တပ်သည်။ ကျောင်းဦးအရိပ်နေကို ရွှေတစု အနီတစုထည့်၍ ကောင်းမှုပြုသည်။ ၂

၂။ လကဗဟ ၂၄၇

www.burmeseclassic.com



သည်နောက် ကျုပ်ရ၍ အတွင်းဘဝေါ်နေရာ စနည်း နေရာသို့ရောက်လျှင် ရွှေထားဆောက်ပြည့် အိမ်အပြောက်ထုပေး၍ ဆောင်ရသည်။[၃]

မှူးတော်မတ်ငတော်တို့မှာ အတွင်းဘဝေါ် စနည်းနေရာသို့ရောက်လျှင် ရွှေကျုပ် လက်ဘက်အိုးပေး၍ ဆောင်ရသည်။ ကျိုင်းရိုးနှံ့အဖြူကို ဆောင်သည်။ သစွေး အနီ မသုတ်၊ ဝါဝင် ဝါကျွတ်ကန်တော့တက်လျှင် ထမ်းမင်စီးအားရှိလျှင် ထမ်း စင်ဖာနီသုတ်ကို ကျိုင်းရိုးနှံ့ကိုအုပ်၍ စီးသည်။[၄]

စနည်းနေရာ၊ အတွင်းဘဝေါ်နေရာ၊....တို့သေလွန်လျှင်၊ ပျဉ်ကိုခါ်သာမွမ်း၊ ကမွတ်ကိုရွှေထည့်သည်၊ ခုံဖြူချင်ပုရွှေနှင့် သင်္ဂြိုဟ်သည်။[၅]

ပြင်ဘဝေါ် အတွင်းဘဝေါ် စနည်းနေရာ ၃ သွယ်နေအမတ်တို့ မယားမှာ သွားလာလျှင်း သံလျှင်တွင် လေးမျက်နှာတင်းတိမ်ကာ၍ သံလျှင်းရွက်ကို ပုဆိုး စက်အနားပါလွှမ်း၍ စီးသည်။ လက်ကိုင်ကျိုင်း ဆောင်သည်။ ကွမ်းကလပ်ကြီးကို နီပါးထည့်အိတ်သွတ်၍ ပဝါနီအုပ်ရသည်၊ ရေတကောင်း ပဝါနီဖုံးသည်။ ဆေးတံ ရွှေဖျား ၁ ခန့် ချူဆွဲချင်စွပ် ဆောင်သည်။ သက္ကလတ်ခြေနင်း ဆောင်သည်။ သေလွန်လျှင် ပျဉ်ကိုအဖြူမွမ်း၍ ဝါးခုံချင်ပုနှင့် သင်္ဂြိုဟ်သည်။[၆]

မန္တလေးခေတ်တွင် စနည်းတို့ရရှိသော အဆောင်အရွက် အစီးအနင်းများမှာ ဖဲပေါင်း ပန်း ၉ တမာရွက်ထောင် ၉။ ရွှေနားတောင်း ကြက်ရင်အနားဆူး ၂ ထပ်။ ကတ္တီပါဝတ်လုံ ဖဲကွပ်။ ရွှေစလွယ်။ ၆ သွယ်။ ဘွဲ့ဖြူရွှေမှိုတ် ၄ သစ်။ မောက်တို အုံရွှေပိန်း၊ အရပ်အနား သံ ၄ သစ်ရွှေ၊ ရွှေကုံးစိန်တောင် ၆၊ ရွှေထိပ် ရွှေထွတ်၊ ငှက်မြတ်နား စိန်ပွင့်၊ ပါးကာနားကာ ရွှေကာနောက်ကာ မောက်ရူ ပါလည်ကွေး၊ ကတ္တီပါစိမ်း ဖဲကွပ်၊ မျည်းတို ကတ္တီပါပြာ ဖဲကွက် မျည်းရှည် မိုင်းလုံးနီ ဖဲကွပ်။ ရွှေကျုပ် လက်ဖက်အိုးထုပြောက်၊ တကောင်းပိတ်သင်းချော ကျိုင်း ၁ အထွတ်ရွှေ။ မြင်းကကိုင်း ညောင်ရွက် ၅၊ သမ္ဘာရခွံရက် ဖေါက် ကတောင်ဆွဲ ဆက်ပါးကာ ရွှေဇဝါပိန်း နှင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင် ရွှေရေးဇါမရိရုပ် ပန်းခက်ကိုက် အနားသံ ၄ သစ်ရွှေပိန်း၊ ဦးခက် ထိပ်ဆောင်း မြီးဖြန်း ရင်ပတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်။ ထမ်းစင်တလဲ ၃ ဝန်း၊ ဘိနပ်ကြာနု၊ ဘောင်းလယ်ပင့် ဆီးရွက် ကမွတ်မေ့

၃။ လကဗဟ ၂၂၅
၄။ ယင်း ၂၂၈
၅။ ယင်း ၂၈၁
၆။ ယင်း ၂၃၉-၄၀

www.burmeseclassic.com

www.burmeseclassic.com



တမြုံခြူး ကမွတ်နား အတွင်းပြင်ပွတ်ခြမ်း၊ စက်ဇောကွင်း အတွင်း ကြယ်နား ကုလားပန်း ညောင်ရွက် တမြုံခြူး ကြက်ရင်ကုလားပန်း အိမ်ညောင်ရွက် အတွင်း ကုလားပန်း ထောင့်အုပ်ကျေးစေတိုင် အဖြေမြင်းနား လျောက် ၅ ဝန်း၊ ထုပ် ၃ ဝန်း ထုပြောက်အနီသုတ်၊ ခါးပန်းစက်မှာ လက်ဝဲ လကျာတဝန်းစီ၊ နောက်ထုပ် ၁ ဝန်း၊ စက်အတွင်း ဆင်စွယ်ကြယ်၊ စက်နားညောင်ရွက်ဆင်စွယ်၊ ကြက်ရင်ကုလားပန်း အိမ်ဆင်စွယ် ၂ တန့်၊ လည်သီးဆင်စွယ် မှော်သေး ကျေးစေတိုင် အဖြား ဆင်စွယ်။ အိမ်နဘူးစို့ လည်ရပ်တတောင်တမိုက်၊ အိမ်သာ မိုးလွှတ်အမှမ် ခြင်ပိတ်၊ မြင်းနားမှုတ်ရိုးတပ် သင်ပုန်းခေါင်းတပ်၊ ဝင်းခြံ ရက်ဖေါက် ၅ တန့်၊ ဝင်းရပ် ၅ တောင်တမိုက် ကြက်ခြေသန်းအဖြား ၂ ဖက်ချွန်၊ တံခါးပရွတ်ကြောင်း ကမွတ်သတ်အဖြေတပ်၊ တို့ဖြစ်ပါသည်။[၃]

၃။ မြန်မာမင်း ၄။ ခန်း ၄၇၉

စပါး။ ။ညောင်ရမ်းနှောင်းခေတ်တွင် ရတနာပူရရွှေဝမြို့ကြီး၌ စပါးဈေးသည် တင်း ၁၀၀ လျှင် ငွေ ၅ိ ဖြစ်၍ ဒုံမင်းလက်ထက်တွင်မူ စပါးဈေးမှာ တင်း ၁၀၀ လျှင်ငွေ ၂ဝိ ဖြစ်၏။

လမိုင်းအစုသားတို့က စပါးတရာထွက်လျှင်၊ ကျိတော်သွင်းစပါး ၁၀ တင်း။ အပိုတတင်း။ တင်းနှီးလက်ခုတ်နှစ်စိတ်။ ဆောင်ချီရေးစာနှစ်စိတ်။ ဆော်ဝတ်နှစ်စိတ်။ တိုင်စားတစိတ်။ ထမင်းနှစ်ပြည်ချက် ပေးဆောင်ရသဖြင့်။ စုစုစပါး ၁၃ တင်းတစိတ်ကုန်ကျ၍၊ ကျန်စပါး ၈၆ တင်း ၃ စိတ်လျော့လျော့ကို လုပ်သားစားရသည်။[၁]

လမိုင်းဝန်သည် မင်္ဂလာလယ်တော်နှင့်တကွ။ လက်ဝဲလက်ယာတော် လမိုင်းကျေးရွာများက စပါးတော်ဟူသမျှကို အချိန်နေ့ရက် မကျူးမလွန်စေရ ရိတ်သိမ်း၍။[၂]

အကြင်သူတယောက်သည်၊ သူတယောက်ဆောင်သော စပါးကိုလုသည်။ ညဉ့်အခါ၊ နေ့အခါကို စစ်လျှင်၊ နေ့အခါကို အစစ်ရသည်။ နှစ်ဆတက်လျော်စေ။[၃]

၁။ ရွှေနန်းသုံး ခန်း ၁၀၂ ၂။ ယင်း
၃။ မနုကျယ် ၈

www.burmeseclassic.com

www.burmeseclassic.com



စပါး အတင်းတဆယ်ကို လေးဆလေးသီးဖြစ်ချေရကား၊ လေးဆ လေးသီး ပေးဆပ်စေ။ လေးဆလေးသီးပြင် အနှစ်နှစ်ကြာသည်ကို မဆိုသာ။ လေးသီးတွင် ပြေစေ။[၄]

အကြင်သူနှစ်ယောက်တို့သည် စပါးကို ထမ်း၍ လာသည်။ ရေတန်တား အပါသို့ရောက်လျှင် တဦးနှင့်တဦး မလွဲနိုင်၍ တိုက်မိကြသည်။ နှစ်ဦးသား ထမ်းသည့် စပါး ရေ၌ကျ၍ မျောပါးဆုံးကြသည်။ သင်တို့စပါး အကြောင်းကို ပြောကြစစ်လျှင် တဦးက မျိုးဟောင်းဖြစ်သည် ဆိုသည်။ တဦးက မျိုးသစ် ဆိုသည်။ မျိုးဟောင်းမှာမပွားပြီ။ ထောင်းထုစားရုံသာ ဖြစ်သည်။ မျိုးသစ်မှာ ပြန့်ပွားခွန်နက်အများ စီးပွားဖြစ်သည်။ ဝတ္ထုအမြတ် မှန်ပေသည်။ မျိုးသစ်ရှင်ကို မျိုးဟောင်းရှင်က အစားပေးစေ။[၅]

၄။ မနုကျယ် ၁၂ ၅။ မနုကျယ် ၁၆-၁၇

စမောင်။ ။ရှေးသိုင်း နောက်သိုင်း ကိုင်ဆောင်၍ [ သီဟိုဠ်ကျွန်းမှ ] ပါသသူတို့ကိုလည်း တကျွန်းသားဖြစ်သည်။ ရိက္ခာစားနပ် လုံလောက်အောင် ပေးကမ်း၍ စားကာ နေကာသာ စားသောက်နေထိုင်စေ ဆိုသည်။ စားသည်နေသည် မြန်မာ ဘာသာဆိုသည်ကို ရာမညတိုင်းသားတို့မှာ စမောင်ဆိုသည် ရှည်လျားသဖြင့် စကားရွေ့လေလျှင် စမြောင်ခေါ်ဝေါ်ရေးသားလေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၅၄

စမုတ်။ ။အဆောင်ငယ် အဆောင်ကပ်။ မြေနန်းစမုတ်၊ တောင်စမုတ်- မြောင်စမုတ်၊ အနောက် စမုတ်ဟူ၍ စမုတ် ၄ ဆောင်ရှိသည်။

စပုတ်မှာ စောမုတ် ဆိုလိုသည်။ စော-မှာထားသည်။ မုတ်-မှာ မျက်နှာ ဆိုလိုသည်။ မျက်နှာထားဆောင် ဆိုလိုသည်၊ စပုတ် သုံးဆောင်သည် ကော့ဇ မင်း၊ မြတ် ထွက်တော်မူရာ လဆန်း ၁၅ ရက်မြောက် ပုဏ္ဏတိထိပြည့်သည့်လနေ့ကဲ့သို့ ရွှေမျက်နှာကို မှူးတော် မတ်တော်တို့ ဖူးမျှော်ရခြင်း၊ ထိုအဆောင်တို့၏

www.burmeseclassic.com



တောင်မြောက် မျက်နှာတူရှုဆောက်လုပ်သည်များကို အကြောင်းပြု၍ စပုတ်ခေါ်ဝေါ်ပညတ်လေသည်။[၁]

ကြာခံသော ပဒုမာသနရာဇဂလ္လင်ပေါ်ရှိသော အနောက်ဖွဲ့ တက်ဇေတဝန်ဆောင်တော်ကို အနောက် စပုတ်လည်း ခေါ်ဝေါ်သည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၉ ၂။ ရွှေဘုံနိဒါန်း ခန်း ၃၅

စမြင်းတိုင်။ ။လူသေသင်္ဂြိုဟ်ရာ လောင်တိုက်တွင် ထင်းစီရန် စိုက်ရသောတိုင်။

ကျွန်တော်တန်းခေါင်း မိဘ မယားတို့ သေလွန်လျှင် ဗိတန်ခြေ ၄ ပုက်ချေးမံ စမြင်းတိုင် အတွတ် ရွှေထီး အဆောင်အရွက် ခင်းကျင်းသင်္ဂြိုဟ်ရသည်။[၁]

အလောင်းတော်ကို သင်္ဂြိုဟ်မည့်အရပ် လွှတ်တော် အရှေ့မြောက်ထောင့်တွင် နံရံ ၂ ဘက်တွင်းကို အုတ်စီ၍ အပေါ်ကို သံကန့်ရက် ရွှေပိန်းချခံသည်။စမြင်းတိုင် ၆ ကို ပွတ်ပြီးသျှင်စွဲအဖျားကြောင့်ကို ရွှေပိန်းထည့်သည်၊ အုတ်နံရံ ၂ဘက်ကို စမြင်းတိုင် ၆လုံးစိုက်ပြီးလျှင် ထင်း ၅ ထပ်စီသည်။[၂]

၁။ တောင်ဘက်တန်း ၂၃ ရွာစစ်တန်း ၅၅ ခု ၂။ လကဗဟ ၂၄၃

စမြောင်။ ။အမှုထမ်းတမျိုး။ဘုရင်ထွက်တော်မူသောအခါ ရှေ့တော်ကလိုက်ရ၍လွှတ်တော်တွင် အမိန့်တော် ပြန်ရန်ရှိသည့်အခါ ငြိမ်သက်အောင် တားမြစ်ရသည်။

ခရီးအနီးအဝေး ထွက်တော်မူသည့်အခါ။ တပ်ဦးက သိုင်းကိုင် လောက်လေးကိုင်၍ဝဲယာလိုက်ရသည်။ လှေတော်မှာရင်း၊ပွဲတော်မှာရင်း၊ ကဝါတော်မှာရင်း၊ အသန် ဟင်းသီးဟင်းရွက်တော်မှာရင်း၊ စားတော်ကွမ်းခြင်းမှာရင်း၊ အတွင်းဆိုင်းတော်မှာရင်း၊ သိုင်းရွှေချစိုက်၍ ဆောင်ယူရသည်။ လွှတ်တော်မှာ လွှတ်တက်သည့်အခါတွင် အသက်အသံ မရှိစေရ။ ကြိမ်စွဲ၍ တားမြစ်ရသည်။ နားခံတော် အမိန့်တော်ဘတ်ပြန်မည့်အခါတွင်လည်း ဖတိတ်စေဟူ၍ ဆင့်ဆိုရသည်။ အမှုထမ်း ၂၃ တို့မှာ စားပုံလယ် ၂၃ ပယ် သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၆၇

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖျား စမြောင်နှစ်။ ထိုနောက်ခြင်္သေ့ရှစ်စီးခံသော ရတနာခုံပျံတွင် လှံရံ ဆယ်စင်းနှင့်တကွသော အရိန္ဒမာလှံတော်။[၂]

မဟာသုဒဿန၊ နတ်လမ်းမသို့၊ တူလှုယိုးယောင်၊ ဆင်ပြီးနောင်မှ၊ စမြောင် ရွှေဖျား၊ ရွှေသိုင်းသွားလျက်။[၃]

အလျောက်အထား။ စကားသော်လဲ။ အစွဲအချေ။ တိတ်စေတိတ်စေ။ သံခြေလှစ်ဘွင့်။ စမြောင်ဆင့်မှ။[၄]

၂။ ကဘဆ ၁။ ၁၂၀ ၃။ မဃဒေဝ ပိုဒ် ၃၆
၄။ ကုလ ပိုဒ် ၁၇

စမြောင်မှူး။ ။စမြောင်သားတို့ကို ကြီးမှူးရသော အရာရှိ။ ရံဖန်ရံခါ စမြောင်မှူးအရာကို နားခံတော်အရာနှင့် ဖက်တွဲ၍ ထမ်းရွက်စေသည်ကို တွေ့ရ၏။ ထိုအခါ နားခံ စမြောင်မှူးဟု ခေါ်သည်။

ပြေ့ကြီးမှူး စမြောင်မှူး နားခံတို့လည်း လက်ဝဲလက်ျာလိုက်၍ နေရာနေတို့ မရောမယှက်နေရအောင် ကြည့်ရှု၍လိုက်ရသည်။[၁]

၁၀၄၈ ခုနားတော်ခံ အရာနှင့် စမျောင်ကိုမှူးသည်။[၂]

နောက် နားခံ စမျောင်မှူး နောက်ပြေ့ကြီးမှူး။[၃]

၁။ လကဗဟ ၁၅၄ ၂။ မသက ၄၅။ ၁၄၃
၃။ မသက ၄၅။ ၁၄၄

စရိတ်။ ။ကျည်စေ့ယံ။

ရေနန်းစကြာ၊ မြတ်မဟာက၊ သုံးရာ စရိတ်၊ ဂုံနီအိတ်တွင်၊ သွတ်ပိတ်မိုးဖွဲ့၊ အမြောက်ကြဲသော်၊ ကရဲကသီ၊ ဂုမ္ဘာညီနှင့်၊ ရှည်မို့ကုလား၊ တကျွန်းသားတို့၊ အများသေပျောက်၊ ရွှေလက်ရောက်ရှင့်။[၁]

၁။ ပေါင်းချောင်ပိုဒ် ၃၉

www.burmeseclassic.com

www.burmeseclassic.com



စရပ်။ ။လူတို့ စုဝေးရာ နားနေရာ အဆောက်အအုံ။

ရွှေပေါက်ကျန်း ဘုရားဦး စရပ် တွင် ရွှေမှန်ကင်းရစ်ဆူ လှူတော်မူသည်။ ထိုစခန်းတွင် မြတောင်မြို့ ဘောင်ဘော်ဦးစေတီဟောင်းနွမ်း ယိုယွင်းနေသည်ကို ပြင်ဆင်ရန်။ စရပ် ဆောက်ရန် စရိတ်ကြေးငွေ သူကြီးတို့ကို ပေးအပ်တော်မူပြီးမှ။[၁]

၁။ ကဘာဆ ၁။ ၀၃

စလင့်ကြာ။ ။လက်ကြာတော်မင်းခမ်းအဝင်။

စလင့်ကြာမှာ ပဋိက္ကယားမင်းအဆောင်ကို နော်ရထာစောအား ဆက်သည် ဆိုသည်။[၁]

သီဟာသနှ၊ နေရာမထက်၊ စံပယ်လျက်လျှင်၊ လိုဘက်သင့်စွာ၊ စလင့်ကြာ တည့်။[၂]

စိန်မြောင့်မျက်ပါ။ စလင့်ကြာရောင်မောင်း။[၃]

ရတနာ စလင့်ကြာ တော် ရွှေတဗိဿဘင္ဂါးဆယ်။ ထားတော်များကို လက်ဝဲ နော်ရထာ စီရင်၍ ပန်းထိမ်ဝန် သာဂဒေဝတို့ လုပ်ရသည်။[၄]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၅ ၂။ ရွှေဘုံနိဒါန်း ခန်း ၁၅
၃။ ကုသပိုဒ် ၁၄ ၄။ ကဘာဆ ၁။ ၂၇၄

စလင်းမြောင်။ ။လက်ဝဲမင်းခမ်းတော်အဝင်။ သလင်းမြောင် ရှု။[၁]

၁။ ရွှေနန်းသုံး ခန်း ဂ

စလွယ်။ ။မင်း၊ မင်းသား၊ မှူးမတ်တို့တွင် ပခုံးမှ သိုင်း၍ထားသော ရွှေကြိုးကွင်း။ နေရာ ရာထူးအလိုက် ကြိုးသွယ်ရေခြားနားသည်။

အလောင်းမင်းတရားလည်း ရွှေကြိုး နှစ်ဆဲ့ လေးသွယ်ရှိသော ရတနာ ရွှေစလွယ် တော်ကို ဆင်တော်မူလျက်။[၁]

၁။ ကဘာဆ ၁။ ၂၃၀

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီမင်းသည်မြကြီးခုနှစ်လုံးတင် ရွှေနီဖလံစလွယ် ကြိုးနှစ်ဆဲ့လေးသွယ်ကို ဆက်သည်။[၂]

သားတော် မြေတူးမင်းသားအား စလွယ် တဆဲ့ ရှစ်သွယ်။ အထက်ဒက်၊ အလယ်ချက် မြကြီးတစ်၊ အနား ပတ္တမြားနှစ်၊ ပတ္တမြားငယ် တရာ့သုံးဆယ့်နှစ် အောက်ဒက်၊ အလယ်ချက် မြကြီးတစ်။ အနား ပတ္တမြားငယ်တရာ့တဆဲ့နှစ်။ နောက်ဘယက် အလယ်ချက် မြကြီးတစ်။ အနားပတ္တမြားငယ် တရာ့တဆဲ့နှစ်။ မြကြီးပတ္တမြား ကျောက်ပေါင်း လေးရာ့ရှစ်ဆဲ့လေး စီချယ်သော ရွှေစလွယ်ကို ဆုပေးတော်မူသည်။[၃]

ပရိတ်တော်ပန်းဆက် ပုဏ္ဏား ၈ ယောက်တို့လည်း ရွှေစလွယ်နှင့် ယွှတ်တော်လက်ဝဲပုဏ္ဏားတို့နေရာတွင် တက်နေရသည်။[၄]

မဟာဒါန်တိုက်ဝန်နေမျိုးဇေယကျော်ထင်ကိုဗောင်းပန်း ၉တမာရွက်ထောင်၉ ရွှေစလွယ် ၉ သွယ် နားတောင်းရွှေသားကြက်ရင်းဆူး ၂ထပ်။[၅]

ညီတော်အိမ်ရှေ့မင်းကို ရွှေစလွယ် နှစ်ဆဲ့တသွယ်။ ကြိုးဆောက်လုံးထိုး။ ဒက်ဘယက် သရက်ကင်းထုပြောက် ဂုဏ္ဍာန်ထိုး အနားကျောက်စီ။ အလယ်မြစီ။[၆]

တောင်ပိုင်စော်ဘွား သီဟပဗ္ဗတရာဇာကိုလည်း။ အဘိုးအသပြာတသောင်းတန် ဒက်ဘယက် ပတ္တမြားမြစီ တဆဲ့ငါးသွယ်၊ စလွယ်တစ်။[၇]

၂။ ကဘဆ ၁။ ၂၅၂
၃။ ကဘဆ ၁။ ၈၀
၄။ လကဗဟ ၁၄၄
၅။ ရပဟ အမတ ၇၀
၆။ ကဘဆ ၃။ ၁၇၆
၇။ ကဘဆ ၃။ ၁၄၉

**စာကောက်။** ။**အတိတ်ဖတ်ခြင်းတမျိုး။**

စာကောက်စေရာလည်း။ အလျင်လည်းကောင်း။ နောက်လည်းကောင်း။ သောင်းသောင်းကျော်။ လူဗိုလ်ပါဟူသော ကောက်စာကိုရသည်။[၁]

၁။ ကဘဆ ၁။ ၁၁၈

www.burmeseclassic.com

www.burmeseclassic.com



စာချီ။ ။စာရင်းအင်းများ ကောက်ယူမှတ်သားထိမ်းသိမ်းရသော အမှုထမ်းတမျိုး၊ ဆင်စာချီ၊ ထောင်စာချီ၊ ဝင်းစာချီစသဖြင့် စာချီအမျိုးမျိုးရှိသည်။ စာချီကိုလည်း ရှု။

မီးသင့်လောင်သည့်အခါ သတ်ငြိမ်းခြင်းစသော ရွှေမြို့တော်ဝန်၏ ကိစ္စကို လေးပြင်ထောင်မှူး ရုံးတိုင်မြို့စာရေး ထောင် စာချီ အရာရှိတို့ နေ့ညစဉ်မပြတ် အားထုတ်ရွက်ဆောင်ရခြင်း။[၁]

၁။ ရွှေနန်းသုံး ခန်း ၈၁

စာချွန်။ ။ဘုရင်မင်းမြတ်၏ အမိန့်တော်၊ လွှတ်တော်ဝန်များ၏ အမိန့်တော်များကို ထန်ဖူးညွှန့် ရှည်တွင်ရေးသည်ကို တကြောင်းစာချွန် နှစ်ကြောင်းစာချွန်ဟူ၍ ခေါ်သည်။

ထွက်စည်တော်ဝင်စည်တော်မှစ၍စည်တော်စုံကိုလည်း ဆင့်ဆိုလျှင်ရွှမ်းတီးရန် စာချွန်အပ်၍ လက်ဝဲလက်ယာ အသင့်နေကြရသည်။[၁]

တဆဲ့နှစ်ရာသီ မင်းပွဲသဘင်အလျောက် လွှတ်တော် ပြဲတိုက်တော်များက စာချွန် ပေးအပ် ဆင့်ဆိုတောင်းခံသည်များကိုလည်း ပြေကုန်အောင် စီမံထမ်းရွက်ရသည်။[၂]

စလင်းမြို့မှာ မြို့သူကြီး အခြားမရှိစေနှင့်။ ခမည်းတော်ဘုရားလက်ထက် ဟံသာဝတီဆိပ် စာချွန်ပေးအပ်ခန့်ထားသူ ပိုးစားမြေတိုင်ကြီးဇေယဘတ္တရာမဟာခံ ငရွှေဆိုင်သား ငတောင်ကို တဝတည်း တိုင်ဆော်ကြီးစိုးစီရင်စေ။[၃]

အရပ်ရပ်ပေးသမျှ စာချွန်တော်တို့ မှတ်သား၍။ လစဉ်ရှိခိုး သံတော်ဦး တင်ရမည်။ ဘုရားဗျာဒိတ်တော်မြတ်ကို ဦးထိပ်ရွက်ရသည့်အတိုင်း။ သက္ကရာဇ် ၁၁၁၈ ခု ဝါဆိုလဆန်းတရက်နေ့ကသည် ကုိတိုင်စားရေးတော် လက်ဝဲသုန္ဒရက ၂၅၀။ ရွှေတောင်စည်သူက ၁၅၀။ ဝေလုရာဇာက ၇၅၀ ဗလစည်သူက ၆၀။ လက်ယာဝေလုက ၅၅၀။ အစုစု စာချွန်တော်ပေါင်း ၃၀၃၀အနက် အမိန့်တော်

၁။ ကဘာဆ ၁။ ၂၃၀ ၂။ ရွှေနန်းသုံး ခန်း ၆၃
၃။ ရဟ အမတ ၄၃

www.burmeseclassic.com

www.burmeseclassic.com



တကြောင်းရေး စာချွန်တော် ၇၅ အစိရင် မြို့သူကြီး ကင်းစောင့်ကင်းနေ အခန့် အထား စာချွန် ၁၀၀၊ ၂၈ စုံ စာချွန်တော် ၁၇၅။[၁]

ရွှေစာချွန်နှင့်၊ မြို့ဝန်မြို့ကွပ်၊ ကြီးကြပ်သမူ။[၁]

၄။ အလမအာ ၂၃၇ ၅။ မဃဒေဝ ပိုဒ် ၄၅

စာဆိုတော်။ ။အရာထမ်းတမျိုး။

ရှေးမင်းများလက်ထက် စာဆိုတော်ကို မြို့စားရွာစားပေး၍ သီးခြားခန့်ထား တော်မူသည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံမင်းတရားလက်ထက်။ စာဆိုတော် ဦးအစ်ကို နေမျိုးဇေယရန္တမိတ်ဘွဲ့နှင့် လွှတ်တော်စာရေးကြီး ထပ်၍ ခန့်တော် မူသဖြင့်။ စာရေးကြီးစာဆိုတော်ဟု ခေါ်ဝေါ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၁

စာတော်ဘတ်။ ။မင်းမိဖုရားတို့အား ညအခါတွင် စာဖတ်ပြရသူ။

ပုဒ်စပ်ချောမွေ့ သန္ဓေခြားဖြတ် သံလွှတ်ဘွင့်ဆိုရှည်တိုလေးပေါ့ တင်းလျော့ နိဂ္ဂဟိတ် အစိတ်အဖြာ အင်္ဂါဆယ်စု ဘတ်ရွတ်မှုကျွမ်းကျင်သော လေးနက် သာယာ နာပျော်ဘွယ်အသံနှင့် ပြည့်စုံသောသူကို ရွေးချယ်၍ စာတော်ဘတ် ခန့်တော်မူသည်။ ယင်းသည့် စာတော်ဘတ် များမှာ။ မှန်နန်းတော်အရှေ့ စနုဆောင်တွင် အလှည့်ကျဝင်၍ အိပ်ဘန်အိပ်ရသည်။ ညအခါ ကြေရာဇ်မင်းမြတ် စက်တော်ခေါ်ရာသလွန်တော်တို့ စံတော်မူလျှင်။ စက်ခန်းတော်ပြင် ရွှေနားတော် ကြားတော်မူလောက်သည့်နေရာက ဒူးပုဆစ်တုပ်လျက် ဇာတ်ဝတ္ထု ရာဇဝင် စသည် များကို ဘတ်ရသည်။ ညဦးလှည့် အလည်လှည့် အလင်းလှည့် ထားသည့်အတိုင်း စာတော်ဘတ် ၃ ယောက်တို့က ဘတ်လျှောက်ရသည်။ စာတော်ဘတ် ၆ တို့မှာ တလလျှင် လစာငွေတော် ၁၀၀ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၆

စာတိုက်။ ။ပေပုရပိုက်များထည့်သည့် သေတ္တာ။

ဆင်စွယ်ကမ္မဝါစသင် များစွာသဝ်ဓမ္မခန္ဓာတိုင်ကိုဝ် စာတိုက် စာထုပ်နှင့်တကွ ကိုင်ကွယ် တည်ထားသည်။[၁]

၁။ တိလောကကျောက်မျက် ၄၃

www.burmeseclassic.com

www.burmeseclassic.com



စာထိုး။ ။မြစ်မှူးကျူးလွန်သူတို့ကိုယ်၌ စာတန်းထိုးခြင်း။

စေတီပုထိုးရွှေကို သိမ်းယူပြင်ဆင်သန့်ရှင်းရာ၌ အကြီးအကြပ် ခန့်သည့် ရွှေတောင်ဗလကျော် ငယ်သားသုံးတို့ ထိမ်ချန်ဖျက်ဆီးသည် ကြားတော်မူ၍ ရင်စာထိုးရသည်။[၁]

၁။ ကဘဆ ၁။ ၂၅၆

စာပုံနှိပ်စက်။ ။ရှေးကာလ စာပုံနှိပ်စက် မရှိ။ ၁၂၃၅ ခုနှစ်ရောက်မှ မြန်မာအက္ခရာနှင့် စက်တင် ပုံနှိပ်ရန် စက်ကိရိယာအစုံ ရောက်လာသည်ဖြစ်၍။ ရွှေနန်းတော်ကြီးအတွင်း လွှတ်တော်ရှေ့ စာပုံနှိပ်ရုံတော် တည်လုပ်ပြီးလျှင်။ ဝက်မစွတ် မြို့စားဖြစ်လတ်သော သံတော်ဆင့် နေမျိုးမင်းလှကျော်သူကို အကြီးအကြပ် ထားတော်မူ၍ မြောက်ဒဝယ် တောင်ဒဝယ်သေနတ်အမှုထမ်းတို့အနက် လူ ၂၃ ကို ရှေးကောက်ပညာသင်ကြား စေပြီးမှ ထမ်းရွက်စေသည်။ ၎င်းလူ ၂၃ တို့ကို တလလျှင် လစာငွေတော် ၄၇ဝ သနားကော်မြတ်ခံရသည်။[၁]

ဒင်္ဂါးသွန်းလုပ်သော စက်ဘုံးအမြောက်သွန်းလုပ်သော စာပုံနှိပ်စက် များမှ စ၍ အလုပ်စက်ရုံ တည်ထားတိုးတက် များပြားသောကြောင့်။ ဦးစာ ပြင်သစ် ကျွန်တော်မျိုး ဒဗေရာ။ နောက်မဟာဆွေတော်မျိုး မင်းရဲညွန့်တို့ကို စက်ဝန် ခန့်ထားသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၂၀၇ ၂။ ရွှေနန်းသုံး ခန်း ၁၁၂

စာရေး။ ။ဌာနဆိုင်ရာ စာများ ရေးရသောအမှုထမ်း။ မြန်မာမင်းများ ကောင်းစားစဉ်က ကတော်စာရေး၊ကင်းစာရေး၊ကောင်ဟန်စာရေး၊ကျီဝန်စာရေး၊ကွမ်းခန်းစာရေး၊ ငွေခွန်စာရေး၊ တရားစာရေး၊ တပ်ကောင်ဟန်စာရေး၊ ဒိုင်းစာရေး၊ နက်ပလာ ဆင်ဝန်စာရေး၊နန်းစာရေး၊ ပညာသည်စာရေး၊ ပန်းပဲစာရေး၊ ပန်းတည်းစာရေး၊ ဘောင်စာရေး၊ မဟာဒါန်စာရေး၊ မြေတိုင်းစာရေး၊ မြို့စာရေး၊ မြင်းစာရေး၊ ရွှေတိုက်စာရေး၊ရွှေတိုက်ဝန်စာရေး၊ လမိုင်းစာရေး၊ လယ်ဝန်စာရေး၊ လက်ဆောင် စာရေး၊ လက်နက်တိုက်စာရေး၊ လှေစာရေး၊ လှေသင်းစာရေး၊ လွှတ်စာရေး၊ ဝေါစာရေး၊ဝင်းစာရေး၊ သဘော်စာရေး၊ သစ်တောစာရေး၊ အကောက်စာရေး၊ အကြီးစာရေး၊ အချုပ်စာရေး၊ အခွန်စာရေး၊ အမှုစာရေး၊ အမြောက်စာရေး၊ အဝေးရောက်စာရေး၊ အသည်စာရေး၊ အသုံးစာရေး၊ ဥယျာဉ်စာရေး၊ စသည်ဖြင့် စာရေး အမျိုးမျိုးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သမသီသံ သမပါဒ်စသဝ် စာရေး အက္ခရာ ညီ ညွတ် ဖြော အံ တန် ခြင် ကညစ်ကြုံကူ မမ် သစ္စေ ရှေရေ မီးစာ မှောင်စာ ကျေဒ္ဒူဂဏန် သုဝဏ္ဏလိပ်စသော စာရေး၏ အင်္ဂါတိုင်။[၁]

လက်ဝဲရန္တမိတ် ဒေဝဗလကျော်သူတို့ကို ဝန်။ စန္ဒကျော်သူကို စာရေး ခန့်တော်မူ၍။[၂]

သည်နောက် စာရေး၊စာချီ၊တပ်မှူးတို့ ဝတ်ကောင်းနားတောင်းနှင့် ယပ်ကိုင် ၍လိုက်ရသည်။[၃]

၁။ တိလောကကျောက် မျက် ၂၉-၃၀ ၂။ ကဘဆ ၁။ ၂၄၇
၃။ လကဗဟ ၁၅၃

စာရေးကြီး။ ။လွှတ်တော်စာရေးကြီးများပြင် ဆင်မင်းစာရေးကြီး၊ဇင်းမယ်ပါမြင်းစာရေးကြီး၊ မိဖုရားခေါင်ကြီး စာရေးကြီး၊အိမ်ရှေ့စာရေးကြီး၊စသည်ဖြင့် သီးခြားစာရေးကြီး များလည်း ရှိသေးသည်။

ဝန်ကြီးမင်း ဝန်ထောက်မင်းတို့၏ ဆင့်ဆိုသမျှ လက်ကိုင်ဆိုင်ရာ မှုခင်းကိစ္စ များကို နေ့စဉ်ဆင့်ဆိုရာ နာခံ၍ရွက်ဆောင်ရသည်။ စာရေးကြီးနှင့် မဆိုင်သော အမှုကိစ္စဟူ၍ မရှိ။ အဝေးအလံ နိုင်ငံများသို့ အခွင့်ကိစ္စအလျောက် သွားရောက် ရသည့်အခါ။ အဝေးမြို့ဝန်အရာရှိတို့ကို လွှတ်တော်က ဆင့်ဆိုရန် အမိန့်အာဏာအရ စာရေးကြီးက ဆင့်ဆိုလျှင်။ လွှတ်တော်၏ အာဏာရင်းဖြစ်၍ ရိုသေကျိုးနွံစွာ နာခံကြရသည်။ ။ရှေ့လွှတ်တော် စာရေးကြီး အရာနှင့် ခန့်ထားထမ်းရွက်ရသူ လူဦးရေ ၂၀ ခန့်မျှလောက်သာ ရှိသည်။၎င်း စာရေးကြီးကိုသာလျှင်ကြီးဟူသော ဂုဏဝိသေသနပုဒ်ကိုထည့်၍ သုံးစွဲခေါ်ဝေါ်ရသည်။[၁]

စနေမင်းလက်ထက်က ၊စာရေးကြီး တယောက်မှာ အင်ရှုံရွာစားဝန်ကြီးအဖ ဖြစ်သည်။[၂]

ဆင်ဖြူရှင် လက်ထက်တွင် လကျာနန်သူ၊ဇေယနန်သူ၊သခ်ယာ၊လက်ဝဲသူတို့မှာ စာရေးကြီးများဖြစ်၏။[၃]

၁။ ရွှေနန်းသုံး ခန်း ၅၉ ၂။ မသဂ ၄၅။ ၁၄၅။
၃။ မသဂ ၄၅။ ၁၄၇။

www.burmeseclassic.com

www.burmeseclassic.com



စဉ့်ကူမင်းလက်ထက် စာရေးကြီးများမှာ စန္ဒဝေသော်၊ ဗျတ္တာသရေ၊ ကျော်နန်၊ ပွင့်စသည်တို့ ဖြစ်၏။[၄]

ဗဒုံမင်းလက်ထက်တွင် စာရေးကြီးများမှာ နန္ဒမိတ်ကျော်ထင်၊ ရန္တမိတ်၊ ဘယဒေဝါမှိုင်း၊ ဦးမှေး၊ နန္ဒသူရ၊ လက်ဝဲဇေယကျော်၊ လက်ဝဲဇေယသူ၊ စသည်တို့ ဖြစ်၏။[၅]

စကိုင်းမင်းနန်းတက်စတွင် ဦးဝိုင်း၊ ဦးတက်၊ ဦးမှတ်ကျော်၊ နေမျိုးကျော်သူ နော်ရထာ၊ မင်းထင်စည်သူ စသည်တို့မှာ စာရေးကြီးများဖြစ်၏။[၆]

ဦးရွှေမောင်ကို သက္ကရာဇ် ၁၂၀၂ ခု နောက်ပိုင်းတွင် စာရေးကြီး ခန့်တော်မူသည်။[၇]

မည်သည့်မြို့ရွာက အခွန်မည်မျှ ကွမ်းဘိုးတော်မည်မျှ ဆိပ်တည်ပွဲ အကောက်အစား စီးပွါးတော်ဘဏ္ဍာတော်မည်မျှ စာရင်းကျယ် စာရင်းချုပ်နှင့် စာရေးကြီးတို့ကို နေ့လ သက္ကရာဇ် မှတ်သား၍ သေချာအောင်မှတ်သားထားစေ။ ဘိုးတော်ခွန်တော် ကွမ်းဘိုးတော် ဘဏ္ဍာတော်ကိုလည်း စာရေးကြီးတို့တွင် သေချာအောင်မှတ်သားထားစေ။[၈]

အိမ်ရှေ့ စာရေးကြီး ဦးရွှေမင်းကိုလည်း မဟာမင်းကျော်ရာဇာဘွဲ့နှင့် ဝန်ထောက်ခန့်သည်။[၉]

၄။ မသဂ ၄၅။ ၁၄၈
၅။ မသဂ ၄၅။ ၁၄၈၊ ၁၅၂၊ လဖစ ၁၊ ၂၊ ၃၊ ၈၊ ၁၂၊ ၁၉
၆။ မသဂ ၄၅။ ၁၅၆၊ ကဘဆ ၂ ၃၆၉
၇။ မသဂ ၄၅။ ၁၆၀
၈။ ရွှေနန်းသုံး ခန်း ၉၈
၉။ မသဂ ၄၅။ ၁၅၅

စာရေးကြီး စာဆိုတော်။ ။စာဆိုတော် ရှု။

စာရေးတော်ကြီး။ ။လွှတ်တော်စာရေးကြီး

တကြောင်းစာချွန်ကို အမိန့်တော်ရေးက ရေးသားပြီးသည့်အခါ နှစ်ကြောင်းစာချွန်ကို အမှာတော်ရေးက ရေးသားပြီးသည့်အခါ သံဆိပ်ဝန်သို့ ချည်းအပ်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ တံဆိပ်ဝန် တံဆိပ်စာရေးတို့က တံဆိပ်ရိုက်ခတ်ပြီးကာလ။ ဆိုင်ရာသူကိုပေးရန် စာရေးတော်ကြီးထံ အပ်နှံရသည်။'

၁။ ရွှေနန်းသုံး ခန်း ၁၁၇

စာရင်းကျယ်။ ။အသေးစိတ်စာရင်း။

မည်သည့်မြို့ရွာက အခွန်တော်မည်မျှ ကွ'းဘိုးတော်မည်မျှ ဆိပ်တည်ပွဲအကောက်အစား စီးပွါးတော်ဘဏ္ဍာတော်မည်မျှ စာရင်းကျယ် စာရင်းချုပ်နှင့် စာရေးကြီးတို့ကို နေ့လသက္ကရာဇ်မှတ်သား၍ သေချာအောင်မှတ်သားထားစေ။'

၁။ ရွှေနန်းသုံး ခန်း ၉၀

စာရင်းတိုက်။ ။အောက်ရွှေတိုက်။

အောက်ရွှေတိုက်မှာ။ တောင်စမုတ်တော်အရှေ့ဘက် ဒဝယ်တံခါး မြို့ရိုးအတွင်း။ အမှုထမ်း သူကြီး ကလံမျိုးစုံ စာရင်းတိုက်ကို ဆိုသည်။'

၁။ ရွှေနန်းသုံး ခန်း ၉၄

စာရင်းပေရင်း။ ။အမှတ်အသား။

ရွှေတိုက်တော်မှစ၍ အရပ်ရပ်တိုက်တော် ကျီတော်များမှာ သွင်းသည်သုံးသည် ဘဏ္ဍာတော် အချိန်အတွယ် မည်မျှရှိသည်များကို စာရင်းပေရင်းသေချာအောင် တိုက်စိုး တိုက်စာရေးတို့ကို ပြသဆင့်ဆို၍ မှတ်သားစေ။'

၁။ ရွှေနန်းသုံး ခန်း ၉၂

စာရင်းအင်း။ ။ဇယားအင်းစေ့ကာက်နှင့်ရေးမှတ်သောစာရင်း။

ဦးရန်ငူးသား ယေမည်ဦးရွှေမောင်သည် ယေစဉ်ကာလက စာရင်းအင်းသတ်ပုံသတ်ညွန်းကို ယောက္ခမ အသည်ဝန်ထောက်ထံ သင်ကြား၍။'

၁။ မသက ၄၅။ ၁၅၉

www.burmeseclassic.com

www.burmeseclassic.com



စာသင်ဆရာ။ ။စာပေပညာ သင်ကြားပေးရသည့်ဆရာ။

အထိန်းတော် စာသင်ဆရာ ရာဇနန္ဒကို နန္ဒမိတ်ကျော်ထင်အမည်နှင့် အတွင်းဝန်ဘက် ခန့်တော်မူ၏။[၁]

ဦးနဲကို မြေးတော်စစ်ကိုင်းမင်းကို စာသင်ဆရာပြု၍ သင်ကြားရသည်။ နောက်နေမျိုးသီဟသူရဘွဲ့နှင့် အိမ်ရှေ့အတွင်းဝန်၊ နောက်မြင်းဝန်ခန့်သည်။[၂]

၁။ မှန်နန်း ၃။ ၃၇၀ ၂။ မသဂ ၄၅။ ၁၅၃

စာသင်ဝတ်။ ။စာပေသင်ကြားပေးရာ၌ အသုံးပြုရန် စရိတ်အဖြစ်လှူသည့်ဝတ်။

ကျောင်းနေသခင်တို့်အား စာသင်ဝတ် ဆွမ်းပစ္စည်းလေပးကို်လည်ကောင်လှူစေကုန်သတ္တ။[၁]

၁။ တိလောကကျောက် ကျော ၄၂

စား။ ။အကျိုးကျေးဇူးခံခွင့်ရခြင်း။

သူနာကို မလွတ်နိုင်ပြီဟု၊ လက်ခြေချ၍၊ မိဘ၊ သား၊ မယားဆိုပြီးလျက်၊ သမား အိပ်နေကြိုးစား၍ ကုမတုံ၏၊ လွတ်မူကား၊ အသက်ဘိုးငွေ သုံးဆယ် စားအပ်၏။[၁]

သူရှေ့နေ၍၊ အနိုင်ပေးအံ့။ အကောက် စားအပ်၏။ ရှုံးပေအံ့။ တန်အောင်သာ စားအပ်၏။ သေမှုတို့ကိုရှေ့နေ၍၊ မသေမလျော်ရပေမူကား၊ ကိုယ်ဘိုးငွေ သုံးဆယ် စားရ၏။[၂]

၁။ မနုကျယ် ၄၃ ၂။ မနုကျယ် ၄၃

စား။ ။အခွန်အတုတ်ကို ရပိုင်ခြင်း။

၁၁၈၁ ခု သိရိမဟာဇေယ သူရဘွဲ့နှင့် အတွင်းဝန် ခန့်၍ မြဝတီ မြို့ကို စားရသည်။[၁]

၁။ ပသဂ ၄၅။ ၁၅၅

www.burmeseclassic.com

www.burmeseclassic.com



တောင်တွင်းကြီးကို သမီးတော်အိမ်ရှေ့မိဖုရား စားသည်ကာလ။[2]

၂။ မသက ၄၅။ ၁၅၁

**စားကျေးမြို့ရွာ။** ။အဘုဘ်အခွန်ကို ကောက်စားရန် ဘုရင်ကပေးသော ပယ်နယ်။

ဆွေတော်မျိုးတော် ဗိုလ်မှူး တပ်မှူးတို့ကိုလည်း အရည် အလျောက် ရွေးကောက်တော်မူ၍။ စားကျေးမြို့ရွာ၊ အရာအထူး၊ ဘွဲ့အမည်၊ အစီးအနင်း အဆောင်အရွက် ပေးတော်မူသည်။[1]

၁။ ကဘဆ ၁။ ၁၀

**စားတော်ကဲ။** ။ဘုရင့် စားတော်ချက်အမှုထမ်းတို့၏ အကြီးအကဲ။

မြန်မာပွဲးတော်၊ ရွှေသောင်းပွဲးတော်၊ မုံတိုင်းပွဲတော်၊ ကုလားပွဲးတော်၊ တရုပ်ပွဲးတော် အမှုထမ်းတို့အပေါ် အကြီးအကဲ ခန့်ထားသူ စားတော်ကဲ။[1]

၁။ ရွှေနန်းသုံး ခန်း ၉၆

**စားတော်ကွမ်းရေကိုင်။** ။ဘုရင် ပွဲတော်တည်သည့် ကွမ်း၊ ရေများကို ကိုင်ဆောင်ရသော အပါးတော်တွင် မြဲစွဲရသော အမှုထမ်းတမျိုး။

ဇင်းမယ်ပါ မြင်းစားရေးကြီးသားဖြစ်၍ စားတော်ကွမ်းရေကိုင် ရသည်။[1]

ရွှေနန်းရွှေဘုံတွင်လည်း ၄၀ တော် ၅၀တော် စားတော်ကွမ်းရေကိုင် အဆောင်တော်မြဲ။[2]

ဘောင်တော်လိုက်စစ်ကဲ။ နားခံ ဿံခံ တပ်ရေး စားတော်ကွမ်းရေကိုင် လှုပျိုတော် အဆောင်မြဲတို့ကို။[3]

၁။ မသက ၄၅။ ၁၅၁ ၂။ ရွှေနန်းသုံး ခန်း ၉၅

၃။ ကဘဆ ၁။ ၁၂၃

www.burmeseclassic.com

www.burmeseclassic.com



**စားတော်ခွံ့မင်္ဂလာ**။ ။မြင့်မြတ်သော သားတော်သမီးတော်တို့ ဘွားမြင်စအခါ၊ စားတော်ကွမ်းဦးခွံ့။ နောက်၊ စားတော်ထမင်းဦးခွံ့မင်္ဂလာ ပြုမြဲ ၂ ရပ်ကို မှတ်ယူရန် ဖြစ်ချေသည်။[၁]

၁။ သုတဝဍ္ဍနစာတန်းအတွဲ ၁၊ အပိုင်း ၃၊ စာပျက်နှာ ၄၆

**စားတော်ဝန်**။ ။ဘုရင့်စားတော်ကို အုပ်ချုပ်စီရင်ရသောဝန်။

စားတော်ကဲနှင့် နံနက်ည ဆက်ဘွင်းရန် ပွဲတော်များကို သားမျိုးငါးမျိုးမှစ၍ သန့်ရှင်းစင်ကြယ် မပုပ်မရိစေရ အထူးအားထုတ်၍။ ရွှေ နန်း တော် မြောက်စမုတ်၏ သေနအရပ်ရှိ ပွဲတော်ရုံကြီးတွင် ချက်ပြုတ်ပြီးလျှင်။ကေရာဇ်မင်း ပွဲတော်အုပ်လေးဆယ်ကျော်နှင့် အမိန့်တော်မြတ်အရ ပို့သရသောပွဲတော်အုပ်ရေ တရာ ၁၀၀ခန့်တို့ကို ဆက်သွင်းရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၉၆

**စားထန်း**။ ။အကျိုးခံစားခွင့်ရသော ထန်းပင်။

လေးရွာနယ်မြေအတွင်း မြို့သူကြီးစား ထန်းစား မြေရှိပါသည်။[၁]

၁။ လေးရွာစစ်တမ်း ၄၅ ၃

**စားမိုးစားမြေ**။ ။လုပ်ကိုင်စားသောက်ရန် ပေးသောမြေ။

ကျွေ့မိန်းမယောကျ်ား နှစ်ရာကျော်တို့ကို မိုင်းဆည်ကျေး ဆူရုံမြို့မှာ စားမိုး စားမြေ ပေး၍ ချထားနေစေသည်။[၁]

၁။ ကဘာဆ ၁။ ၂၃၈

**စားမြေ**။ ။စားမိုးစားမြေနှင့်အတူတူပင်။

သည်မြင်းစုများကို တစုတယောက်စီ မြင်းမှူးခန့်၍ မြင်းမြေတွင် မြင်းမှူးတို့ကို စားမြေလုပ်ခွန်ကို မြင်းမှူးတို့က သိမ်းခံရသည်။[၁]

၁။ လကဗဟ ၂၃၅

www.burmeseclassic.com

www.burmeseclassic.com



သုံးပန်လှဘုရားရှင်ကို သတိုးဓမ္မရာဇာ ထနောင်ကြီးမြင်းတစီး စားမြေတဝက်ကို လှူတော်မူသည်။[၂]

၂။ တလုပ်မြို့စစ်တန်း ၄၅ ခု

စားရိုး။ ။အစဉ်အလာအားဖြင့် သုံးဆောင်ခွင့်ရသည်များ။

ကျွန်ွားသေလျှင် အနံတင်သားကို သူကြီးစားရိုး။[၁]

လုပ်စားလိုလျှင် ခွန်မကြေး ၁ိ ရေးစား ၂၊၊ ၁ ပဲ ကောက်ခံချထား စားရိုး ရှိပါသည် အစစ်ခံထွက်ဆိုသည်။[၂]

ကျွန်ွားသေလျှင် အနံတင်သား ပြည်စိုး၊ ဆင်ကုန်း သူကြီးငယ် စားရိုး။[၃]

၁။ ဒန့်ကျင်ရွာစစ်တန်း ၄၅ ခု ၂။ ညောင်ပင်ရွာစစ်တန်း ၄၅ ခု
၃။ တောင်ရှည်ရွာစစ်တန်း ၄၅ ခု

စီရင်။ ။ချုပ်ကိုင်ခြင်း၊ အုပ်ချုပ်ခြင်း၊ လုပ်ဆောင်ခြင်း။

ကျွဲဝင်နွားဝင် အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးကို သူကြီး စီရင်ရသည်။[၁]

ကျွန်တော် စီရင်သည့် ရွာနယ်မြေသည်။[၂]

၁။ လှိုင်ရွာစစ်တန်း ၄၅ ခု ၂။ ကစပိရွာစစ်တမ်း ၆၄ ခု

စီရင်စားထမ်းရွက်။ ။စီရင်သည်၊ စီးစားသည်နှင့် အဓိပ္ပါယ်တူ။

မရှိလျှင် ကျွန်တော့်အကို ငဖြိုးမည်း စီရင်စားသည်။ မရှိလျှင် ဘေးဘိုးဘ အရာကို ကျွန်တော် ဆက်ခံစီရင်စားထမ်းရွက်သည်။[၁]

၁။ ရွာသာရွာစစ်တန်း

www.burmeseclassic.com

www.burmeseclassic.com



**စိရင်စု။** ။အရာရှိတယောက် စီရင်ရသော ရွာစု၊ မြို့စု။

ကျွန်တော် စီရင်စု ၂၇ ရွာမြေတွင် အခွန်ချင်ရိုးမှာ။[၁]

နယ်ဂရပ်အတွင်း ရွာမ ၂ ရွာ၊ ရွာ ၇၅ ရွာ သည် ၂ စု ၇၇ ရွာရှိသည်တွင် တောင်ရှည်ပြည်စိုး စီရင်စု ၂၁ ရွာ တောင်နောက်ပြည်စိုး စီရင်စု ရွာ ၂၃ ရွာ ရှိသည်။[၂]

၁။ တောင်ဘက်တန်း ၂၇ ရွာစစ်တမ်း ၅၅ ၃ ၂။ မသဂ ၄၄။ ဂ၁

**စိရင်နက်။** ။အကြီးအကဲတယောက် အုပ်ချုပ်ရသောနယ်မြေ။

ငကျော်တန်းခေါင်းစီရင်နက်မြေနှင့်အစပ်။[၁]

၁။ တောင်ဘက်တန်း ၂၇ ရွာစစ်တန်း ၅၅ ၃

**စိရင်ရိုး။** ။အစဉ်အလာအားဖြင့် အုပ်ချုပ်ခြင်း။

ကျွန်တော်စီရင်သည့် နယ်ဂရပ်အတွင်း အထက် စိရင်ရိုး တောင်နောက် ပြည်စိုး တောင်ဆင်းပြည်စိုး။[၁]

၁။ မသဂ ၄၄။ ဂ၃

**စီးကြီး။** ။မိမိအုပ်ချုပ်သော နယ်မြေကို မြင်းစီးတဦးကကြီးစိုးသည်ကိုစီးကြီးသည်ဟုခေါ်သည်။

မြင်းခွင်ကို စီးကြီး ၍ မင်းမှုတော်ကိုထမ်းဆောင်နိုင်မည့်သူ ရွာနေ မြင်းပေါင်ကြီး၊ ငရွှေမှုံကို ရိုးရာနှင့်တကွ မြင်းခွင်ကို လွှဲအပ်ပါရမည့်အကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

မင်းမှုတော်ပေါ်ထွက်သမျှကို ကျွန်တော်မြင်းစီးအရာနှင့် ပြေကုန်အောင် ဆောင်ရွက် စီးကြီး ထမ်းရွက်ပါမည်။ နောင်မင်းမှုတော် ပြေကုန်အောင်မဆောင်မရွက် မစီးမကြီးနိုင်လျှင် ရာဇဝတ်တော်ကို ခံပါမည်။[၁]

၁။ လဗဝ ၂၃

www.burmeseclassic.com

www.burmeseclassic.com



**စီးစား**။ ။မြင်းစီး တဦးက မြင်းစီးစားပိုင်သည့် မြေကို အုပ်ချုပ်သည်ကို စီးစားသည်ဟု ခေါ်သည်။

ဘုရားကျွန်တော် စီးစားသည် ထနောင်းတိုင်ရွာ မြင်းခွင်ကို ကျွန်တော်တိုး ငစိုး စီးစားသည်။[၁]

စစ်ထမ်းရလျှင် စီးစားသည့်ရွာနေ လူအပေါင်း ငယ်သားတစုတို့က ထား၊ မြင်းကြိုးကအစုံ ကံကျွေးနောက်ပါ အင်ရှိအင်ပဲ့ကို ထောက်၍ ခေါ်သွားရပါသည်။[၂]

၁။ ထနောင်းတိုင်ရွာစစ်တန်း ၆၄ ခု ၂။ စလင်္ကာသူတိုက်စစ်တန်း ၄၅ ခု

**စီးစားထမ်းရွက်**။ ။စီးစားသည်နှင့်အတူတူပင်။

မရှိလျှင် ကျွန်တော့်အကို ဗလငွေတောင် ဆက်ခံ စီးစားထမ်းရွက်သည်။ မရှိလျှင် ကျွန်တော် ဒီပပျံထင် စီးထမ်းသည်။ မရှိလျှင် ကျွန်တော်သမက် ငဝန် စီးစားထမ်းရွက်သည်။[၁]

ပျိုးကန်ရွာ မြင်းခွင်ကို ကျွန်တော်ဘေး ငအောင်စံ စီးစားထမ်းရွက်သည်။ မရှိလျှင်ဘကြီး ငသစ္စာ စီးစားထမ်းရွက်သည်။ မရှိလျှင်ကျွန်တော်အကိုငသက်ရှည် စီးစားထမ်းရွက်သည်။ မရှိလျှင် ကျွန်တော် စီးစားထမ်းရွက်သည်။[၂]

၁။ ထနောင်းတိုင်ရွာစစ်တန်း ၆၄ ခု ၂။ ပျိုးကန်ရွာစစ်တန်း ၆၄ ခု

**စီးစားနက်**။ ။စီးစားသည့်ပိုင်နက် (စီးစားရွ)

ကျွန်တော် စီးစားနက် ထနောင်းတိုင်ရွာမြင်းခွင်ကို ကျွန်တော်တိုး ငခိုင် စီးစားသည်။[၁]

ကျွန်တော် စီးစားနက် ပျိုးကန်ရွာနယ်မြေသည်။[၂]

၁။ ထနောင်းတိုင်ရွာစစ်တန်း ၄၅ ခု ၂။ ပျိုးကန်ရွာစစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



စီးစုဆင်မတော်။ ။ဆင်မပင်ဖြစ်သော်လည်း မင်းတို့စီးထိုက်သော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်သောကြောင့် ၎င်းဆင်မများကို စီးစုဆင်မတော် ခေါ်ဝေါ်၍ စာရင်းသီးခြား ထားရသည်။ မန္တလေး ရတနာပုံ ဒုတိယနန်းစံမင်းတရား လက်ထက်တော်မှာ ၎င်းဆင်မျိုး ၁၈ စီးရှိသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၄၁

စီးတော်။ ။မင်းစီးထိုက်သောဆင်မြင်း။

သည်နောက် စီးတော် ပလာရွှေစွယ်တပ် ပယင်းကြိုးနှင့် ဆင် ၁ စီး၊ နောက်ဝင်း ကိုယ်ရံတော်စုသား ယွန်းစုကောင်ဟန် ၁၀၀၊ ဆင်ခြေဖုံးလိုက်ရသည်။[၁]

၁။ လကဗဟ ၁၅၅

စီးတော်ကြီး။ ။ ကြန်အင်လက္ခဏာများမှာ ထူးဆင်တော်များကဲ့သို့ မပြည့်စုံလှသော်လည်း မင်းစီးထိုက်သည့် ကြန်အင်လက္ခဏာပါသည် ဖြစ်သောကြောင့်။ စီးတော်ကြီးဟု စာရင်းသီးခြား ထားရသည်။ ၎င်းဆင်မျိုး မန္တလေး ရတနာပုံ ဒုတိယနန်းစံမင်းတရားလက်ထက်တော် ၁၇ စီးရှိသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၄၃

စီးတော်ဆင်။ ။မင်းစီးထိုက်သောဆင်။

ထိုနောက် စီးတော်ဆင် ပလာရွှေကြိုးနှင့်နှစ်။

သည်နောက် စီးတော်ဆင် သက္ကဒါနိတ်ဆင် ၁ စီး၊ ရွှေဝင်း၊ ရွှေလုံတောင်စုသား ၁၀၀၊ ဆင်ခြေဘုံးလိုက်ရသည်။[၁]

၁။ လကဗဟ ၁၅၂

စီးတော်မြင်းဝန်။ ။ဘုရင့်မြင်းတော်များကို ကြည့်ရှုရသော အရာရှိ။

၎င်းတာဝန်ဝတ္တရားများမှာ ရွှေစက်တော်တင် အမည်ရ မရ မြင်းတော်အဝေးရှမ်းပြည် ယွန်းပြည်တော်များက လက်ဆောင်တော်ဆက် မြင်းတော်များကို

www.burmeseclassic.com

www.burmeseclassic.com



ရောဂါကင်းလွှတ်ဝလင်အောင် မြက်သင်းမြက်ကိုင်အမှုထမ်းဟိုကို နှိုးဆော်ရန်ကိစ္စ မြင်းဆေး ဘော်ဒွေရန် ကိစ္စများကို။မြင်းစာရေး မြင်းတော်ခံမြင်းတော်မှူးတို့ကို ဆင့်ဆိုစီမံ၍ မပြတ်စောင့်ရှောက်ရသည်။[၁]

စီးတော်မြင်းဝန်မဟာမင်းကျော်မင်းထင်စည်သူကို သက္ကရာဇ် ၁၂၄၄ ခု တပေါင်းလခန့်တော်မူသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၉၉ ၂။ ရွှေနန်းသုံး ခန်း ၃၀၆

စီးထမ်း။ ။မြင်းစီးက မြင်းခွင်ကို စီးစားထမ်းရွက်ခြင်း။

ကျွန်တော်စီးစားနက် ထနောင်းတိုင်မြင်းခွင်ကို ကျွန်တော်ဘိုး ငခိုင် စီးစားသည်။မရှိသျှင် ကျွန်တော် သမန္တသူ ဆက်ခံစီးထမ်းသည်။ မရှိလျှင် ကျွန်တော် ဘထွေး ငမည် ဆက်ခံ စီးထမ်း သည်။ မရှိလျှင် ကျွန်တော်အကို ဗလငွေတောင် ဆက်ခံစီးထမ်းသည်။[၁]

မြင်းသွေးဒသာက် မြင်းပေါင်းတို့ ဆက်ခံစီးထမ်း လျှင် မြင်းစာရေးမှာဖျင် ၂ (စင်း)အုန်း လဖက် ၅၀ိ ကြေး ၂၅ ိ ပေးရပါသည်။[၂]

၁။ ထနောင်းတိုင်ရွာ စစ်တန်း ၄၅ ခု ၂။ စလင်္ဂသူတိုက် စစ်တန်း ၄၅ ခု

စီးနှင်းဆောင်ရွက်လိုက်ထမ်းရိုး။ ။အစဉ်အလာအားဖြင့် သုံးစွဲရသော အစီးအနင်း အဆောင် အရွက်နှင့် အမှုထမ်းရပုံ။

စီးနင်းဆောင်ရွက်လိုက်ထမ်းရိုးမှာ ထား၊ မြင်းနင်းက သံကိုင်းငွေဇာဝါ ၅ ပွင့် အုပ်ခက် ထိပ်ဆောင်း မြီးဖြန်း ရင်ပတ် သက္ကလတ်ကြိုးအပြာကွပ် ကတောင်ရွှေ အနားသံ ၄ သစ် မြင်းမှတ် အလံနီ လကွင်း၊ အင်းချအဲမောင်း အရိုးရတောင် ရာဇမှတ်ခက်တောင်ပြည့်ဆင် ကြေးဝါချင်ပု လှံသွား ၁ မိုက်၊ မောက်တိုအနီ ဟင်းသပတားသုတ် အရပ်နှင့်အထွတ် ၄ သစ်ရွှေချ၊မောက်ရှုပါးကာအနက် ဖဲပြာ၊ ကွပ်၊မျည်းတိုမျည်းရှည် ဖနက်ပိုးစုံသတ် ဝတ်ဆင်စီးနင်း၍ လိုက်ထမ်းရသည်။[၁]

၁။ စလင်္ဂသူတိုက်စစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



စီးမြင်း။ ။မင်းညီမင်းသား မှူးတော်မတ်တော်တို့ စီးရသောမြင်း။

မင်းသားတို့ မြင်းစီး၍သွားလျှင် ရွှေလုလင်တစည်ယပ်နှင့် ကျိုင်းရိုးနှဲ့ အရိုးအတံအယပ် ဟင်းသပတားသုတ်ကို ဆောင်သည်။ သည်နောက်၊ စီးမြင်း၊ သည်နောက် ကွမ်းထုပ်၊ ရေတကောင်း။[၁]

စနည်းဘဝေါတို့ မြင်းနှင့်သွားလျှင် မြင်းရွှေကလုလင်နှစ်စည် စည်၍ ကျိုင်းရိုးနှဲ့ကို ဆောင်သည်။သည်နောက် ရွှေကျပ် လက်ဘက်အိုး ရေတကောင်းပဝါဖုံး၍ သွားသည်။သည်နောက် စီးမြင်း၊ သည်နောက် ခမောက်၊ ဆေးတံ။[၂]

၁။ လကဗဟ ၂၃၅ ၂။ လကဗဟ ၂၃၄

စုကိုင်။ ။အမှုထမ်းအစုတို့ကို ချုပ်ကိုင်ရသော အရာရှိ။

နေ့အခါ ဗိုလ်ရှုညီလာခံမှာ။ အတွင်းဝန် သံတော်ဆင့်တို့နှင့် ဝန်စု မှူးစု ဗိုလ်စု စုရေး စုကိုင်တို့ ဝင်ထွက်ခစားစေ၍။[၁]

၁။ ရွှေနန်းသုံး ခန်း ၆

စုကြီး။ ။စုကြီး ဆိုသည်မှာ စုရင်း စုခြား နှစ်မျိုးတွင် ပါဝင်သော လက်နက်ကိုင်အမှုထမ်း မြင်းစီး အမှုထမ်းများကိုပင် ဆိုလိုသည်။ တနည်းအားဖြင့် အတွင်းခြောက်စု အပြင်ခြောက်စုကို စုကြီး ဟူ၍ ခေါ်ဝေါ်လေသည်။ အမည်ပြောင်းသော်လည်း စုရင်း စုခြား ခေါ်သောသူများနှင့် သဘောသွား ထပ်တူပင်ကျလေသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၅၀

စုကြမ်း။ ။စုကြမ်းဆိုသည်မှာ။ လှေသင်းအစု။ အတီးအစု။ ထောင်သားအစု။ လက်မထောက်အစု။ ပါးကွက် လက်မရှိအစု။ ဝင့်သီးအစု။ ဗိုင်းတာအစု။ ကိုးသားပေါက်အစု စသောအစုများကို ဆိုလိုသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၅၀

www.burmeseclassic.com

www.burmeseclassic.com



စုခြား။ ။စုခြားဆိုသည်မှာ မြန်မာလူမျိုးမဟုတ် အခြားလူမျိုးများကို ဘွဲ့စည်းသော လက်နက်ကိုင် မြင်းစီးအမှုထမ်းများကို ဆိုလိုသည်။

စုခြားသားတို့ လုပ်သမျှ အစွတ်အချောက်မှာ ၁၀ ခိုင်တခိုင်။

၁။ ရွှေနန်းသုံး ခန်း ၃၄၉ ၂။ စလင်္ကာသူတိုက်စစ်တန်း ၄၅ ခု

စုနှ။ ။စုနှဆိုသည်မှာ။ ရွှေမျက်ပါး။ ကြယ်ခတ်။ ရွှေချည်ထိုးခတ်။ ဂုန္နန်ထိုး။ ဂုန္နန်ရွှေလုပ်။ ဘီးတော်လုပ် စသောအသုံးအဆောင် လုပ်ရသောအစုများကို ဆိုလိုသည်။

၁။ ရွှေနန်းသုံး ခန်း ၃၅၂

စုဖုရား။ ။ဘုရင်မင်းမြတ်၏သမီးတော်။

မင်းသမီးကို ရွှေနန်းတင်၍ မြင်တော်မူသည့် သမီးတော်ကို စုဖုရားဟု ခေါ်ဝေါ်ရမြဲဖြစ်သည်။ တကြောင်းလည်း မယ်တော်က မင်းမျိုးမဟုတ်စေကာမူ။ ကေရာဇ်မင်းမြတ်က စုဘုရားခေါ်စေရမည် အမိန့်တော်ရှိသည့် သမီးတော်ကိုလည်း စုဘုရားဟု ခေါ်ဝေါ်ရမြဲဖြစ်သည်။

၁။ ရွှေနန်းသုံး ခန်း ၄၀၀

စုရေး။ ။အမှုထမ်းအစုတို့တွင်ရေးမှတ်ရသောအရာထမ်း။

နေ့အခါ ဗိုလ်ရှုညီလာခံမှာ။ အတွင်းဝန် သံကော်ဆင့်တို့နှင့် ဝန်စု မှူးစု ဗိုလ်စု စုရေး စုကိုင်တို့ ဝင်ထွက်ခစားစေ၍။

၁။ ရွှေနန်းသုံး ခန်း ၆

စုလစ်မွန်ချွန်။ ။စရပ် တန်ဆောင်း ကျောင်း နန်းတော်စသည်တို့၏ အမိုးများတွင် တန်ဆာဆင်အပ်သော ဒုရင် မှန်ကင်း အဆော်စသည်တို့ကို ခြုံ၍ခေါ်သောအမည်(ဝန်)

စေတီရွှေနိုက် စုလစ်မွန်ချွန် ဟိသဝ် ဂူဖြူအာ ဘုရားသခင်ရုပ်ထုတ် ထည်ထားသည်။

၁။ တိလောကကျောက် ကျော



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်သုံမ်ထပ်ကျောင်းကြီးကိုဝ် ဆောက်လုပ်ရယ် ဆန်ကြယ်သဝ် စုလစ်မွန် ချွန်တိုင်အဖြူအာ တင်တယ်စွာသည်။[၂]

၂။ ယင်း ကျော[၃၃]

စုလျား။ ။အဝတ်အစအရှည်၊ ပုဆိုး၊ ပစ္စုု၊ ဘွဲဖြူ။ (ဝန်)

နောက်ကတော်ကြီးတို့စုလျား ကတ္တာပါစိမ်း။ အနားပစဉ်းတောင် ရွှေဇာ ၂ ဆင့်သတ်။ အလယ်ကြယ်ဘောက် အမြိတ် ၂ ဘက် ဗုဇ္ဇန်ဆီ တတောင့်တမိုက် ကြယ်ဘောက်။ ကြက်လည်ဆံတပ်။[၁]

ရွှေသွယ်နေတို့ ရွှေသားစုလျားကြိုး ကတ္တာပါစိမ်း အနားဇာပဇည်းတောင်တပ်။ အမြိတ် ရွှေဗုဇ္ဇန်ဆီတပ်။[၂]

နောက်သွယ်နေတို့ စုလျားကြိုးကတ္တာပါစိမ်း အနားရွှေဇာသတ်။ အမြိတ် ရွှေဗုဇ္ဇန်ဆီ တမိုက်သတ်။[၃]

၁။ ရွှေနန်းသုံး ခန်း ၁၅ ၂။ ရွှေနန်းသုံး ခန်း ၁၆
၃။ ရွှေနန်းသုံး ခန်း ၁၇

စုရင်း။ ။စုရင်းဆိုသည်မှာ မြန်မာလူမျိုးတို့ဘွဲရင်း လက်နက်ကိုင်အမှုထမ်း မြင်းစီးအမှုထမ်း တို့ကို ဆိုလိုသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၄၀

စုသား။ ။အစုဝင်အမှုထမ်း (ဝန်)

သည်ပြင် မြေနန်းတော်ရှေ့ သင်းမှူးမှုစ၍ မြင်း ဝင်း သင်း စုသားတို့ကို အမှူးကြီးခန့်လျှင် ထားမပေး။[၁]

သည်များကို အဆောင်ကိုင် စုသားတို့ ခေါင်းထုပ်ပေါင်း၍ ကိုင်ရသည်။[၂]

သည်နောက် အမြောက် စုသား လူ ၂၀၊ အမြောက် ၁၀ စင်း။[၃]

၁။ လကဗဟ ၂၂၆ ၂။ လကဗဟ ၂၂၂
၃။ လကဗဟ ၁၅၁

www.burmeseclassic.com

www.burmeseclassic.com



စုသေး။ ။စုံသေးဆိုသည်မှာ ရွှေတော်ပြေး။ စမြောင်း။ တုရင်။ ပြေ့ာ။ နေရာချစသောအစု များနှင့်။ ရွှေတိုက် ကသောင်းမြောင်တိုက်စသော တိုက်အစောင့်များပါသော အစုများကိုဆိုလိုသည်။ ^၁

၁။ ရွှေနန်းသုံး ခန်း ၃၅၁

စူဖါ။ ။ပျက်သည်ကိုပြင်ဆင်ခြင်း။

ကျောင်းကန်ပျက်စီးသော် ညီညွတ်ရယ်ဖြာ စူဖါစေသတေည်။ ^၁

၁။ စာရင်း ၅၈၁ ကျော ^၁

စေစား။ ။စေခိုင်း။

စေစားသောသူတို့သည်လည်းကောင်း။ စေစားအပ်သော တမန်တို့သည်ရှင်း ပြည်သူလူတကာတို့ကို အနိုင်အထက် ဖျက်ဆီးလုယက်သည်ကို မင်းကြီးနားကြား သော်၊ မစီမစစ်မူကား၊ ပြည်စိုးအမတ်၊ တရားသူကြီးတို့သည် ငရဲလားရာ၏။ ^၁

၁။ ပနုကျယ် ၄၅

စဲ့။ ။စပါး၊ ပဲစသည်တို့ သိုလှောင်ရာ အဆောက်အဦ။

မျိုးရိက္ခာဆန်စပါးများကို။ ကာမ။ ကျောက်အိုး ပန်းကုန်းရွာများတွင် စဲ့ကျီနှင့်ကားပြီးမှ။ ^၁

ရှေ့ငွေကျောက်သံ၊ တောင်ယံမိုးရှည့်၊ ကျုံးလှည့်မနိုင်၊ သံရိုင်စဲ့ကျီ၊ ကိုယ်စီ တွင်းမြုပ်၊ ဆောက်လုပ်စုပုံ၊ တဲးအုံကန္ဒား။ မအားမလပ်။ ^၂

၁။ ကဘဆ ၁။ ၁၁၆ ၂။ ပေါင်းချောင် ပိုဒ် ၄၆

စော်ဘွား။ ။ရှမ်းအမျိုးသားသို့၏မင်း။ (ဝန်)

ယင်းသို့ ရှမ်းပြည်တလွှား စော်ဘွားမြို့စားအပေါင်း ရွှေလက်တော်သို့ ရောက်လျှင်။ ^၁

၁။ ကဘဆ ၁။ ၁၀၂

www.burmeseclassic.com

www.burmeseclassic.com



မိုးနဲ ညောင်ရွှေ။တိကျစ် စကား ကျိုင်းတောင်း ကျိုင်းခန်း စသော စော်ဘွား မြို့စားအပေါင်းတို့ကိုလည်း။[၂]

ရှမ်းပြည်စော်ဘွားတို့ကို စည်စမျှပေးသည်ကား၊ စည်ဖြူ ၅ လုံး ပေးသည်။ နောက်ထပ်၍ စည်ဖြူ ၇ လုံးပေးသည်။ နောက်ထပ်၍ စည်နီ ၇ လုံးပေးသည်။[၃]

ရှမ်းပြည် သိန်းနီမြို့၊ သီပေါမြို့၊ ညောင်ရွှေမြို့၊ မိုးမိတ်မြို့၊ မိုးနဲမြို့၊ ဗန်းမော်မြို့၊ မိုးကောင်းမြို့၊ သည် ၇ မြို့ စော်ဘွားတို့နှင့် ယွန်းပြည် ကျိုင်းချိုင် စော်ဘွားတို့မှာ ထီးဝါ အမိုးနီ အချက် ရွှေ ၂ စင်းပေးသည်။ ရှမ်းပြည် မိုးညှင်းမြို့မှာစော်ဘွားကို ထီးဝါ အရိုးနီ အချက်ရွှေတစင်းပေးသည်။[၄]

ရှမ်းပြည်ယွန်းပြည် စော်ဘွားတို့မှာ ကွမ်းခွက်အဝန်းပေးသည်။ နောက် ရှစ်ထောင့်ကွမ်းခွက်ကိုပေးသည်။ သည်နောက် တဆဲ့နှစ်ရာသီကွမ်းခွက်ပေးသည်။ နောက် ကျောက်ပတ္တမြားစီကိုပေးသည်။[၅]

အဝေးမြို့ စော်ဘွားတို့တွင် လျှေမှတ်ပေးသည်ကား၊ ပန်မော်စော်ဘွား၊ ညောင်ရွှေစော်ဘွားတို့ကို လှေစက္ကဝတ်ရုပ်၊ လှေဟသာရုပ် ခေါင်းမြီးအတောင် ရွှေတစုအနီတစုကို ပေး၍စီးနိုင်းရသည်။[၆]

၂။ ကဘဆ ၁။ ၁၁၅ ၃။ လကဗဟ ၂၂၁
၄။ လကဗဟ ၂၂၄ ၅။ လကဗဟ ၂၂၈
၆။ လကဗဟ ၂၃၀

**စော်ဘွားကြီးနောက်နေ။** ။ကုန်းဘောင်နှောင်းခေတ်တွင် နေရာငါးသွယ်ထက်မြင့်သော စစ်သူကြီးနေရာနေ၊ နေရာလွတ်နေ၊ စော်ဘွားကြီးနောက်နေ၊ တော်ချွန်နေရာနေ ဟူသောနေရာ ၄ သွယ်ရှိလာ၏။ စော်ဘွားကြီးနောက်နေတို့ ရရှိသော အဆောင် အရွက်အစီးအနင်းမှာ ဗောင်းကတ္တိပါနီ ရွှေသားပန်း ၁၂၊ တမာရွက်ထောင်၁၂။ ရွှေနားတောင်းမီးတွင်း အနားဆူး ၂ တပ်။ ကတ္တီပါဝတ်လုံဖဲရဲ ရွှေဖျင်တမိုက် တဆင့်တပ်။ ရွှေစလွယ် ၁၂ သွယ်၊ ဘွဲ့ဖြူရွှေမြိတ်ဂသစ်။ မောက်တိုရွှေပိန်း၊ ရွှေကုံးစိန်တောင် ၁၂။ ရွှေထိပ်ရွှေထွတ်၊ ငှက်မြတ်နားစိန်ပွန်း ၁၂၊ ပါးကာ နားကာ ရှေကာနောက်ကာ မောက်ရှုပ ါလည်ကွေး ကတ္တီပါနီယက်ပြားသတ်။ မျဉ်းတို ကတ္တီပါစိမ်း ယက်ပြားသတ်၊ မျည်းရှည်ကတ္တီပါနီယက်ပြားသတ်။ ကွမ်းခွက်၊ တကောင်းပိတ် လဖက်အိုး ၈ ထောင့် ပယင်းတပ်၊ ကွမ်းလိပ် ၃ မြွာ

www.burmeseclassic.com

www.burmeseclassic.com



ပယင်းတပ်။ မိုးကြိုးထွေးအင်။ ကတ္တီပါအုံးဝန်း။ ရွှေပေခမောက်။ မိုကြိုး ဆင်ဆောင်ထား၊ ထားခွေးမ၊ ခွေးငယ်၊ နောက်ပိတ်၊ ပတ္တမြားစီ၊ အိမ်မည် သရီမှမ်း၊ သံပတ်ရတန်၊ ပတ္တမြားစီ ရင်းဖျားသက္ကဒါန် ၄ သစ်ခံ ပတ္တမြားစီ၊ ထားသွတ် သက္ကလတ်အိတ်နီ၊ ဆွဲကြိုးပုဒယက် ကတော့လက်ပန်းကွင်း၊ အနား ပတ္တမြား ၁ရစ်စီး၊ ထီးနီညောင်ရွက် ၃ ဆင့်၊ ညောင်ရွက် ၃၆၊ အချက်အထွက်ရွှေ၊ အရိုးရွှေကြုံဆစ်၊ ကျိုင်း ၂ ချက် အထွတ်ရွှေ၊ အအုံအရွက်အရိုးအနီသုတ်။ မြင်းကကိုင်း ညောင်ရွက် ၇၊ သမ္ဗာရာခွံရက်ဘောက် ကတောင်ဆွဲ ဆက်ပါးကာ ရွှေဇာဝါပိန်း၊ နှင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇာဝါ၊ ကတောင်ရွှေရေး ဇာမရီရုပ် ပန်းခက်ကိုက် အနားသံ ၄သစ်ရွှေပိန်း၊ ဦးခက်၊ ထိပ်ဆောင်း၊ မြီးဖြန်း၊ ရင်ဘတ်၊ ကတ္တီပါကြိုး၊ ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ ကတ္တီပါတင်ရမ်း၊ ဆက်ယှန်း ၃ ဆင့်။ ထမ်းစင်ခွက် ခါးပန်းဆက်၊ အနားဇော့ကွင်း အတွင်းကြယ် ကြာနုတဆင့် ကမ္ပတ်သတ်။ ပွင့်တမြုံခြူး၊ ဘိနပ်ကုလားပန်း အိမ်အတွင်း ညောင်ရွက် အနား မန်ကျည်းရွက် ဘဝါးရွဲ၊ ဘောင်းထိပ်သံပွင့် ပန်းလှုကြာ အကွင်း ညောင်ရွက် အနား မန်ကျည်းရွက် ဘဝါးရွဲ၊ ထောင့်ကြက်ရင်ကုလား ပန်း၊ ထောင့်အုပ် ကျေးစေတိုင်၊ အုံးထားဘက်ဝန်း မြင့်မိုရ်ကျေးစေတိုင်၊ အဖြေ မြင်နား ရွှေ ၂ စု အနီ ၁ စု၊ ခါးပန်းအနီသုတ်။ ဆင်ပေါင်းဝန်း အချက်အထွတ် ရွှေ အမိုးရွှေ ၂ စု အနီ ၁ စု၊ ကာတောင်ရွှေပြည့်ရေး၊ ကခွက်ရွှေ ၂ စု အနီ ၁ စု။ ရဲကခွက်ရွှေ ၂ စု အနီ ၁ စု၊ ကာတောင်ရွှေပြည့်ရေး၊ အလံကျည် လှံကျည် ရင်းဖျားရွှေ ၁ မိုက်၊ သက္ကလပ် ဖဲကွပ် ဆင်ကြိုး။ စည်နီ ၉၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်းကွင်း ၁။ လျှော်ကားခိုနန်း ၄က်ပုံချပ် အလယ် ၂ မိုက်လှုပ်၊ ဆံထုံးပရိတ်ခြည် ၃ ဆင့်၊ ဦးပဲ့ တဖက် ပဲ့ ဘိတုရင်အနီ၊ အမ အထွတ် ဝတ်ဆံရွှေ၊ ညောင်ရွက်ရွှေထည့်၊ လုင်တိုင်အနီ အဖြေပန်းဆုပ်၊ ပုံတိုင် လက်ခတ် အနီ၊ အလံဖဲနီ အထွတ်ရွှေ၊ အလံရိုး အလံကျည် အနီသုတ်၊ ခဲကြိုး ငွေကတော့၊ အောင်းနီ ဦးတပွင့်၊ ပဲ့ ၂ ပွင့်၊ တက်မအနီ၊ လျှော်တက်ဖြူ၊ ခင်တုရင် အမိုးအုံနီ၊ မှုတ်ရိုးထောက် အနီသုတ်၊ လက်ယမ်းအဖြေ ပန်းဆုပ်အနီ၊ ပွတ်လုံး အနီသုတ်။ အိမ်လည်ပေါ် ၄ ဆောင်၊ လည်ရပ် ၂ တောင်၊ အိမ်သာမိုးလွတ် အမှမ်းခြင်ပိတ်၊ ခြံယောင်ဆောက်ကြောင်းလွတ်၊ သင်ပုန်းခေါင်းတပ်၊ ဝင်းခြံ ရက်ဘောက် ၅ တန်၊ အဖျား ၂ ဘက်ချွန်၊ ကြက်ခြေသန်း ဝင်းရပ် ၆ တောင် တံခါးပရွက်ကြောင်း ကမ္ပတ်သတ် အဖြေတပ်တို့ဖြစ်ပါသည်။[၁]

၁။ မြန်မာမင်း ၄။ ခန်း ၄၇၉

စက္ကူ။ ။ကုန်းဘောင်ဆက်မင်းတို့သည် စက္ကူကို အတော်အတန် သုံးစွဲလာပြီဖြစ်ကြောင်းတို့ အလောင်းမင်းတရားကြီးလက်ထက်မှစ၍ တွေ့ရှိရ၏။

www.burmeseclassic.com

www.burmeseclassic.com



စာကြောင်းရေ ၁၀ ပြည့် စာခေါင်တွင် တံဆိပ် ရွှေဟင်္သာရုပ်တု ကပ်လုပ်၍ လိပ်ပြီးလျှင်။ စက္ကူ နီရစ်၍၊ ခြည်စည်ပြီးမှ ဆင်စွယ်ကျုပ်တွင်ထည့်၍ ရွှေဖျင် အိတ်သွတ်သည် တံဆိပ်ခပ်ပြီးလျှင် သစ်ပွတ်ချိပ်နီတိုက်။ ရွှေရေးတွင် သွတ်၍ အက်ရိတ်ဘာသာ စက္ကူစာ တံဆိပ်ခပ်နှင့်တကွ ကုံစရပ်အိပ်နီတွင်သွတ်၍ တံဆိပ် ခပ်သည်။ မြို့မဂုံပညီကို စက္ကူနီတွင် မြန်မာစာရေး၍ အနားပတ်လည် ရွှေရည် ချူးပန်ရေသည် စာကြောင်း ၂၅။ တံဆိပ်ခပ်၍၊ သစ်ပွတ်ချိပ်နီတွင် သွတ်ပြီးလျှင် အက်ရိတ်စက္ကူစာတွင် တံဆိပ်ခပ်၍ထည့်ပြီးမှ ကုံစရိပ်အိတ်နီသွတ်၍၊ တံဆိပ်ခပ် ပေးသည်။[1]

တံဆိပ်ကို စက္ကူနီရစ်၍ ပူတွင်သွတ်ပြီးလျှင် အလှူတော်ပူဇော်ပွဲများနှင့် လှူရသည်။[2]

မဏိပူရသို့စေသူ ဇော်ဂီပြည်တာပွန် ရွှေဘဝါးတော်အောက် ပြန်ရောက်သည်။ စက္ကူရေး ချိပ်နီတိုက် ကြံ့ရုပ်တံဆိပ်ခတ်လျက်ပါသည်။[3]

ရှိခိုးလက်ဆောင်တော် ရွှေဖလား ၁။ ပန်းပေါက်ပေါက်ထည့် စက္ကူဖက်ခွက် ၁ များကို ထည့်သွင်းပြင်ဆင်သည်။[4]

၁။ အလမအ ၄၃ ၂။ ကဘသ ၁။ ၂၄၅
၃။ ယင်း ၂၇၄ ၄။ ရွှေနန်းသုံး ခန်း ဂ

စက်ရုံအမျိုးမျိုးအမှုထမ်း။ ။ဤအမှုထမ်းများသည် မင်းတုန်းမင်းလက်ထက် စက်ရုံများ တည်ဆောက်သည်တွင်မှ ခန့်ထားခြင်း ဖြစ်သည်။

စက်ဘက်ဌာန ကျွမ်းကျင်နားလည်သူများ ဖြစ်ကြသော စက်ရုံအမျိုးမျိုး အမှုထမ်း ၅၇ တို့မှာ တလလျှင် စပါးတော် ၁၄၄၂ တင်း သနားတော်မြတ် ခံရသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၂၅၀

စက်ဝန်။ ။အလုပ်ရုံ စက်ရုံများကို အုပ်ချုပ်ရသည့်ဝန်။

ရှေးအခါကာလက စက်ဝန်ဟူ၍ မရှိ။ မန္တလေး ရတနာပုံ ပဌမ မြို့တည် နန်းတည် ပဥ္စမ သင်္ဂါယနာတင် မင်းတရားကြီး ဘုရားလက်ထက်မှ လွှစက် ရက်ကန်းစက် ဒင်္ဂါး သွန်းလုပ်သောစက် ဘုံးအမြောက် သွန်းလုပ်သောစက်

www.burmeseclassic.com

www.burmeseclassic.com



စာပုံနှိပ်စက်များမှစ၍ အလုပ်ရုံစက်ရုံတည်ထားတိုးတက်များပြားသောကြောင့်။ ဦးစွာ ပြင်သစ်ကျွန်တော်မျိုး ဒဗေရာ၊ နောက်မဟာဆွေတော်မျိုး မင်းရဲညွန့်တို့ကို စက်ဝန်ခန့်ထားသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၁၂

စက်ဝန်း။ ။စက်ဝန်းမှာ ဝဇီရိန်လက်နက်လည်း အသွားပတ်လည် စက်ကွင်းအဝန်းပင် ဖြစ်သည်၊ စက္ကသဒ္ဒါလည်း အဝန်းကို ဟောသည်။ အဝန်းလက်နက်ဖြစ်၍ စက်အမည် ခေါ်ဝေါ်သမုတ်ခြင်းဖြစ်သည်။[၁]

ပြည်အင်းမလှော်ကား အလျားတဆဲ့ငါးလံ လှေဝငါးထောင်စက်ဝန်း။[၂]

ဝင်းမှူးထားမှာ နောက်ဝင်းမှူးထားနည်းတူတွင် အိမ်စက်ဝန်းအပြောက်ထု အနားပတ်လည်ပတ္တမြားစီ ပေး၍ဆောင်ရသည်။[၃]

ဝင်းမှူးတို့ လှေမှတ်မှာ နောက်ဝင်းမှူး စက်ဝန်း အလံနက်။[၄]

၁။ ရွှေဘုံနိဒါန်း ခန်း ၆၇ ၂။ ရွှေဘုံနိဒါန်း ခန်း ၁၀၄
၃။ လကဗဟ ၂၂၅။ ရွှေဘုံနိဒါန်း ခန်း ၆၇
၄။ ရွှေဘုံနိဒါန်း ၂၃၀

စောင်မ။ ။မိဘက အရင်းအနှီးအဖြစ် ထောက်ပံ့ပေးကမ်းသော ဥစ္စာ။ ( ဝန် )

အကြင်သူတွင်။ လုပ်ကြံ၍ရသော ဥစ္စာလည်းရှိ၏။ မိဘကပါလေသော စောင်မလည်းရှိ၏။သားသမီးလည်း မရှိအံ့။ယောကျ်ားသေခဲ့မူကား၊ ယောကျ်ား ကပါသည့် စောင်မတွင် မိဘညီအစ်ကို စားပါရ၏။ မိန်းမ သေသော်လည်း မိန်းမကပါသော စောင်မတွင်၊ မိန်းမညီမအစ်မ စားရရာ၏။[၁]

၁။ အမွေမှု ၁၇

စစ်ပင်။ ။ညောင်ရမ်းခေတ်ကုန်ဆုံးသည်အထိ ပုဂ္ဂိုလ်မြို့စီရင်စုတွင်ရှိသော အရာရှိတမျိုး။ မြင်းဒိုး တံငါလုပ်ငန်းနှင့်ဆိုင်သည် ထင်၏။

www.burmeseclassic.com



မြို့တွင်းစီရင်အရိုး မော်ကွန်းထိန်း စစ်ပင် စည်ပင် ထုံး သပြာ ၄ တည်ရိုး၂။[၁]

ထုံးရိုး စစ်ပင်ရိုးများမှာ တိမ်မြုတ်ပါသည်။[၂]

၁။ မသဂ ၃၂။ ၅၃ ၂။ မသဂ ၃၂။ ၅၄

[ ဆ ]

ဆရာဝန်ကြီး။ ။မင်းသားဘဝက စာသင်ဆရာတို ဘုရင်ဖြစ်သောအခါ ချီးမြှင့်၍ဝန်ကြီးခန့်လျှင် ဆရာဝန်ကြီးခေါ်သည်။

ဆရာဝန်ကြီးအကြောင်းကား။ ။မောင်းထောင်ရှာဇာတိ ယော်မည်ဦးနဲ့ကို မြေးတော် စစ်ကိုင်းမင်းကို စာသင်ဆရာပြု၍ သင်ကြားရသည်။ နောက် နေမျိုးသီဟသူရဘွဲ့နှင့် အိမ်ရှေ့အတွင်းဝန် အထွတ်အမြတ်ရောက်လျှင် သက်တော်ရှည်ဘွဲ့ နောက် သတိုးသုဓမ္မမဟာသက်တော်ရှည်ဘွဲ့နှင့် ဝန်ကြီးခန့်ထားပြီးလျှင်။[၁]

၁။ မသဂ ၄၅။ ၁၅၃

ဆာတဘတ္တ။ ။ငတ်မွတ်နေသည်ကို ယူ၍မွေးစားသောသား။ အမွေမခံထိုက်။

ဆာတဘတ္တ။ငတ်မွတ်သောခါထမင်းကျွေး၍သားပြုသောသူလည်းကောင်း။[၁]

ငတ်မွတ်ရာထမင်းကျွေးမွေး၍ သားသမီးဟု ခေါ်ဝေါ်သောဆာတဘတ္တသား မိန်းမယောကျ်ားတပါး။[၂]

မည်ဆာတဘက်။ ပရတ္တသာ။ ရေစာထမင်း၊ ငတ်မွတ်ခြင်းကြောင့်။ မှီတင်းသောအား။ သားနှင့်အတု အမှတ်ပြုသည်။[၃]

၁။ အမွေမှု ၃၇ ၂။ အမွေမှု ၃၀
၃။ အမွေမှု ၄၁

ဆာပါအုပ်။ ။အပြောက်အပွင့်ကြွင်းရစ်အောင်ကြိုးစည်း၍ ဆေးရောင်လွှင်လွှင်ဆိုးထားသော ပိုးပဝါ။ (ဝန်)

အဆောင်အရွက်များအနက် ရှိခိုးလက်ဆောင် ရွှေဖလား ၁။ ဆာပါအုပ် ၁။ ပန်းပေါက်ပေါက်ထည့် စက္ကူဖက်ခွက် ၁။[၁]

၁။ ရွှေနန်းသုံး ခန်း ၈

www.burmeseclassic.com

www.burmeseclassic.com



ဆား။ ။ညောင်ရမ်းနှောင်းခေတ်တွင် ဆားဈေးမှာ အချိန် ၁၀၀လျှင် ၅ မတ်နှုန်းဖြစ်၏။၁

အေဒီ ၁၇၅၉ ခုတွင် မြိတ်မြို့၌ ဆားဈေးအလွန်ကောင်း၏။ ဆန်ဈေးထက် ဆားဈေးမှာ သုံးဆကြီးသည်။၂

၁။ လကဗဟ ၁၄၉ ၂။ အိုအာရ် ၁။ ၁၂၀

ဆားခွန်။ ။ဆားခွန်မှာ ချက်လူ ၁ လျှင် အခွန်တော်ငွေ ရွက်နီ ၁၀။ ဝန်စာရေးစား ဆော်လုပ်ပါငွေ ၇။ လက်ဆောင်ဆား ၁ ၆။ ။တဖိုလျှင် ရေးစား ၂။ အခွန်စာရေးတို့ ကောက်ခံ၍ အခွန်မကို ဆိုင်ရာဆက်သွင်းရိုး။ ။မြို့သူကြီးမှာ ဆားတဖိုလျှင် ၁ ၆။ ။တောခေါင်းမှာ လူတကိုယ်လျှင် ဆား ၁ ၆။ ၎င်းဆားကျင်းမှာ မိန်းမ ချက်လုပ်လျှင် ၎င်းအခွန်စာရေးလက်ဆောင်ကိုတဝက် ကောက်ခံစားရိုး။၁

ဆားတဖိုလျှင် အခွန်တော်ငွေ ၁ ဆက်သရပါသည်။၂

ဆားလင်းရွာမှာ ဆားလုပ်လျှင် တဖျည်းကို တလဆား ၁၀။၃

၁။ ပုသိမ်ရာဇဝင် ၀၄-၅ ၂။ မသဂ ၆။ ၂၂၁
၃။ မြန်ပမင်း ၂။ ခန်း ၂၅၄

ဆီဆုံခွန်။ ။ဆီကြိတ်ရာတွင် ဆီဆုံမှပေးသွင်းရသည့်အခွန်။

ဆီတဆုံပွတ်လျှင် ဆီ ၅ ကျပ်သားပေးရသည်။၁

ဆီတဆုံပွတ်လျှင်။ငါးကျပ်ကောက်ရိုး။၂

၁။ ကျောက်ရင်းတောင်စစ်တန်း ၄၅ ခု၊စလက်သူတိုက်စစ်တန်း ၄၅ ခု၊ ကျောက်ဆောက် စစ်တန်း ၆၄ ခု
၂။ မြန်ပမင်း ၂။ ခန်း ၂၅၄

ဆီမီးတိုင်။ ။ရှေးအခါက အချို့စေတီပုထိုးများတွင် ကျောက်ဆီမီးတိုင်များ လှူဒါန်း၏။

ကျောက်ကိုဝ် ညီညွတ်ချောမြေစွာပွတ်သဝ် အရပ်လေတောင်ဟိသဝ် ပရိုင်ဆီမီတိုင်တိုဝ်အဖြစ်အာ စေတီပတ်လည် ရံရှယ်စိုက်သည်။၁

၁။ တိလောကကျောက်စ ကျ၁၂၀



www.burmeseclassic.com

www.burmeseclassic.com



ဆိမီးထွန်း။ ။ဝါကျွတ်လျှင် ဆောင်ရွက်ရသည်။

ရွှာသာပုထိုးကြီးဝတ်တော်မြေ မြေဆိမြေခွန်မှာ ဆယ်ခိုင်တခိုင် ကောက်ခံ၍ ရှင်းဘုရားရှင်မှာ သီကင်းကျွက် နှစ်စဉ် ဆိမီးထွန်း မျှော်ရသည်။[၁]

လဆန်း ၈ ရက်နေ့ညကစ၍ လပြည့်နေ့ နံနက်တိုင် ညကို တိုက်တော်က ဆိမီးခွက် ဆိမီးစာပေး၍ ဘုရားပူဇော် ဆိမီးထွန်း ရသည်။[၂]

၁။ ရွှာသာမြို့စစ်တန်း ၄၅ ခု ၂။ လကဗဟ ၁၁၃-၁၄။

ဆိမီးထွန်းစု။ ။ညောင်ရမ်းနေ့ခင်းခေတ်တွင်ရှိခဲ့သော အမှုထမ်းစုတစု။ ဘုရင်မင်းမြတ် မြို့သိမ်းထွက်တော်မူသောအခါ ဆိမီးထွန်းစုသားများလည်း လိုက်ပါရ၏။

သည်နောက် ဆိမီးထွန်းမှူးနှင့် မီးအိမ်အရိုးအတံကိုကိုင်လျက် ဆိမီးထွန်းစုသား တစု။[၁]

၁။ လကဗဟ ၁၅၅

ဆိမီးထွန်းပျူး။ ။ဆိမီးထွန်းစုသားတို့ကို အုပ်ချုပ်ရသော အရာရှိ။

သည်နောက် ဆိမီးထွန်းမှူးနှင့် မီးအိမ်အရိုး အတံကိုကိုင်လျက် ဆိမီးထွန်းစုသား တစု။[၁]

အစဉ်အမြဲ ရွှေနန်းတော်အဆောင်များမှာ မှန်စီပေါင်းစိုက်၍ ထွန်းမြဲ။ သဘာသုဘ လောကီလောကုတ္တရာ သဘင်ပွဲလမ်း အခမ်းအနားများတွင် ထွန်းမြဲ ဆိမီးထွန်းအစုအမှုထမ်း ၉ ယောက်တို့ကို မှူးကြီးဆင့်ဆိုရသည်။ အဝေအလံ ညဉ့်အိပ်ထွက်စံတော်မူလျှင်လည်း မီးပေါင်းတော်များနှင့် သင့်ရာအစုအမှုထမ်းတို့ကို လွှတ်တော်မှာလျှောက်၍ ဆင့်ဆိုရာ လိုက်ပါထမ်းရွက်ရသည်။[၂]

၁။ လကဗဟ ၁၅၅ ၂။ ရွှေနန်းသုံး ခန်း ၁၄၈

ဆိမီးထွန်းအမှုထမ်း။ ။ဆိမီးထွန်းအမှုထမ်း လူ ၉ တို့မှာ မီးပေါင်းမီးအိမ်နှင့်တကွ မီးထွန်းလင်းရန်ကိစ္စ ဆိမီးထွန်းမှူး ဆင့်ဆိုရာနာခံ ထမ်းရွက်ရသည်။ တလ စပါးတော် ၁၀၀ တင်း သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၀

www.burmeseclassic.com

www.burmeseclassic.com



ဆိမ်းဝတ်။ ။ဘုရားကျောင်းကန် စေတီပုထိုးတို့တွင် ဆိမ်းမပြတ် ထွန်းညှိပူဇော်နိုင်စိမ့်သောငှာ လှူသော ဝတ်မြေ။

ဤမြေဥပစကိုဝ် ကျောင်ဦနန်းဖုရားအား ဆိမ်းဝတ် သင်ပုတ်ဝတ်၊ သာသနာ တော် ၅၀၀၀ တိုင်ငြြင် လှူတော်၏။[၁]

တိလောကစေတီဘုရားရှင်ကိုဝ် ဆိမိ သင်ပုတ်ဝတ် မြေလှူတ် မူပါမည် အကြောင်ကို ရှေ့ဖြစ်အင်ပြီးသဝ် မင့်ဝတ်ပုဆိုင်အင်္ဂါ မင်မိ ဘုရား ဝတ် ထိုက် သဝ် ထပိတပက်တိုင့်ဖြစ်အင် ဆက်သရှယ် ပန်းကြီးရာတွင် မြောက်ဘက်တိုက် ကြေမှုံမြေကို ဆိမ်းဝတ်သင်ပုတ်ဝတ်အလိုဝ်ငှာ မျှောကရားနှစ်အင် ရေစက်ချ ရှယ် လှူတ်မူသည်။[၂]

ထိုမြေ တွင် အစွတ်အလေါက်လုပ်သမျှ အဖိုဝ်အခွ န် ဆယ်ပို့အာ တပို့အာ နှအင် ပုရားကျောင်ပြိုပျက်သာလည်ကောင် ဆိမိဝတ် သင်ပုတ်ဝတ်လည်ကောင်း မပြတ် လှူစေကုန်သတ္တေ။[၃]

၁။ စာရင်း ၆၉၆ ကျော[၁၇]  ၂။ တိလောကကျောက်ကျော[၁၂-၁၃]
၃။ ယင်း ကျော[၁၂]

ဆုတော်ငွေ။ ။ဘုရင်က ချီးမြှင့်သော ဆုငွေ။

သုံးသွေးသောက်စု ဘွဲ့တော်မူသည်။ တကိုယ်လျှင် ဆုတော်ငွေ တဗိဿာသုံး ဆယ်စီ သနားတော်မူသည်။[၁]

ဆုတော်ငွေတော်လည်း တကိုယ်လျှင် သုံးဆယ်စီ သနားတော်မူသည်။[၂]

၁။ ကဘဆ ၁။ ၃၃  ၂။ ယင်း ၄၃

ဆူးစောင်းရမ်း။ ။ဆူးခက်များကိုလုပ်ထားသော စည်းရိုး။ (ဝန်)

အကြင်သူတို့သည် လယ်ပင်အလုပ်ပွား၏ အပင်ဖြစ်သောအခါ၊ ဆူးစောင်ရန် ရှံစေအပ်၏။[၁]

၁။ မနုကျယ် ၄၄

www.burmeseclassic.com

www.burmeseclassic.com



ဆူးတပ်။ ။ဆူးခက်များကိုလုပ်ထားသော စည်းရိုး။ (ဝန်)

ဟံသာဝတီမြို့ပတ်လည်ကို ဆူးတပ်ကာရံသည်။ မြင်းတား ရက်မလျှို စိုက်သည်။[၁]

ပဲကတိုးသို့ဆုတ်၍ ပဲကတိုးရွာကိုတိုက်ပြန်လေသည်။ ပဲကတိုးမှာလည်း သစ်တပ် မဟုတ်၊ ဆူးတပ်ဖြစ်၍ ကသည်းတို့နှင့် တိုက်လံကြလျှင် မခံနိုင်ပဲ ပဲကတိုးတပ် ပျက်ချေသည်။[၂]

၁။ ကဘဆ ၁။ ၂၄၃ ၂။ အလမ ၃ ကျော

ဆေး။ ။ ရှေးမြန်မာတို့သည် ဆေးကိုသောက်ခြင်း၊ ရှူခြင်း၊ ငုံခြင်း အတော်များများ ပြုလုပ်ကြသည်။ သက္ကရာဇ် ၁၁၂၁ ခု(အေဒီ ၁၇၅၉)တွင် မြိတ်မြို့၌ ဆေးဈေးသည့် အလွန်ကောင်း၏။ အိန္ဒိယအရှေ့တောင်ဖက်ကမ်းရိုးမှ ယူဆောင်လာသည့် ဆေး တထုတ်လျှင် ဆယ်ဆမှသဲ့နှစ်ဆအထိ အမြတ်အစွန်းရနိုင်သည်။[၁]

ဆေးပဲ ၁၀၀ လျှင် ၁ဝိ ထမ်း အခွန်တော်၊အပို ၂၅ဝိ အကဲ ၁၂၅ိ ရေးစား ၇၅ိ ပေးရသည်။[၂]

ဘုရားကျောင်းမြေမှာ လုပ်စား ၁၀၀ရလျှင် ခွန်မ ၁ ၀ ်ထမ်း၊ တိုင်စား ၁ ်၊ ရေးစား ငွေ ၁ ် ဆေး တထုပ်ပေးရိုး။[၃]

၁။ အိုအာရ် ၁။ ၁၂၀ ၂။ ရွာသာမြို့စစ်တန်း ၄၅ ခု
၃။ စလေမြို့စစ်တန်း ၆၄ ခု

ဆေး။ ။ အဆိပ်။

အမျက်တော်ရှိကြောင်း ကြားသိလေလျှင်။ စေသူတို့ မရောက်ခင် ဆေး စား၍ သေကြလေကုန်၏။[၁]

၁။ မှန်နန်း ၃။ ၃၆၇

ဆေးကိုင်း။ ။ဆေးပင်များစိုက်ပျိုးသည့်ကိုင်း။

ဆေးကိုင်း ကျွဲရှဉ်းလုပ်လျှင် ခွန်မကြေး ၁၅ဝိ ပို ၁၅ိ ရေးစား ၁၅ိ ပတ်ဖိုးကြေး ၂ိ ၂ ် လက်ဆောင်ဆေး ၂၅ဝိ။[၁]

၁။ စလေမြို့စစ်တန်း ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြုတ်။ ။ဆေးတံသောက်ဆေးထည့်သည့်ကြုတ်။

မင်းသားတို့ သွားခင်း လာခင်း ရှိလျှင် ရွှေလုလင်တစဉ် ယပ်နှင့် စဉ်၍ ကျိုင်းနောက်တွင် မြင်းစီးသည်၊ သည်နောက် ကွမ်းအုပ် ရေတကောင်း နေရောင်အုပ် ခမောက်နှင့် ခမောက်တင် ဆေးတံ ဆေးကြုတ် ဆောင်၍ သွားသည်။[၁]

မှူးတော်မတ်တော်တို့ အစဉ်ဆောင်ရွက်ရိုးကား သည်နောက် ခမောက် ဆောင်း၍ မြင်းစီးသည်။ သည်နောက် ခမောက်တင် ဆေးတံ ဆေးကြုတ် ဆောင်သည်။[၂]

၁။ လကဗဟ ၂၃၃ ၂။ ယင်း ၂၃၆

ဆေးခါ။ ။သေနတ်တွင်းမှယမ်းကိုထုတ်ပစ်သည်။ ( ဝန် )

ဟံသာဝတီမြို့ကိုဝင်သည့်နန်းတော်အဝင်နှိုက် သေနတ်အမျှားတို့ကို။ ဆေးခါ၍ အသံပေးရသည်။[၁]

၁။ အလမအ ၂၉၃

ဆေးခြယ်။ ။ပန်းချီဆေးရေးသည်။ ဆေးစုံခြယ်ဟူ၍လည်း ရေးသည်။

ရွှေကျောင်းဘုံကျော်၊ ဥမင်တော်ကို၊ ရွှေလှော်သစ္စေး၊ မှုမ်းမံရေး၍၊ ဇာတ် ဆေးခြယ်လှယ်၊ ရှုစဘွယ်တည့်။[၁]

ရုပ်မြတ်ကြာခြူး၊ ပန်းစုံထူးလျက်။ ရှုပူးစဘွယ်။ ဆေးစုံခြယ်၍။[၂]

၁။ ပေါင်းချောင် ပိုဒ် ၆၃ ၂။ ကုသ ပိုဒ် ၁၀

ဆေးတံ။ ။မြန်မာမင်းများကောင်းစားစဉ်က ဆေးတံမှာ အဆောင်အရွက်တခု ဖြစ်သည်။ နေရာ အနိမ့်အမြင့်အလိုက် ဆေးတံအရင်းအဖျား ကွဲပြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆေးတံတစ်။ရွှေဆေးအိုးတစ်။ ရွှေဆေးကံဖျားခြင်စွပ်တစ်။ကိုသေတ္တာကြီး အိတ်နီသွတ်၍။[၁]

မင်းသားတို့ ဆေးတံဖျား ရွှေချူ့ဆွဲချင်စွပ်ကို ဆောင်သည်။ အမည်ရလျှင် ဆေးတံအရင်း ငွေမိုးကြိုး ရွှေပရိတ်ခြည်သွတ်ကို ဆောင်သည်။[၂]

မြင်းမှူးတို့ ဆေးတံဖျား ရွှေချူ့ဆွဲချင်စွပ်ကိုဆောင်သည်။[၃]

မင်းသားတို့မြင်းစီးသွားလျှင် ဆေးတံ ရွှေဖျားချင်စွပ်ကိုဆောင်သည်။[၄]

တော်နေရာသို့ရောက်လျှင် ဆေးတံဖျား ရွှေချူ့ဆွဲချင်စွပ်ကို ဆောင်သည်။ အရင်းမိုးကြိုးကွပ် ရွှေပရိတ်ခြည်ကို ဆောင်သည်။[၅]

ပြင်ဘဝေါစနည်းသည်နေရာသုံးသွယ်သို့ရောက်လျှင် ဆေးတံဖျား ရွှေခြူ့ဆွဲ ချင်စွပ်ကိုဆောင်သည်။[၆]

မှူးတော်မတ်တော်တို့ အစဉ်ဆောင်ရွက်ရိုးကား ဆေးတံရွှေဖျား ၁ိ ခန့် ဆောင်သည်။[၇]

မှူးတော်မတ်တော်တို့မယား ဆေးတံ ရွှေဖျား ၄ သစ်ခန့်ဆောင်သည်။[၈]

ပြင်ဘဝေါ အတွင်းဘဝေါ စနည်း နေရာ ၃ သွယ်နေအမတ်တို့ မယားမှာ သွားသာလျှင် ဆေးတံ ရွှေဖျား ၁ိ ခန့် ချူ့ဆွဲချင်စွပ်ဆောင်သည်။[၉]

၁။ ကဘဆ ၁။ ၂၄၀ ၂။ လကဗဟ ၂၃၃
၃။ ယင်း ၂၃၅ ၄။ ယင်း
၅။ ယင်း ၂၃၈ ၆။ ယင်း ၂၃၇
၇။ ယင်း ၂၃၆ ၈။ ယင်း ၂၃၇
၉။ ယင်း ၂၃၈

ဆေးရေးပန်းချီ။ ။ရွှေနန်းသုံး ပန်းချီဆရာများ။

ရွှေနန်းတော် အနောက်အတွင်းတော်နိုက် မင်းမိဘုရား သမီးတော် သားတော် ကလေးများကို ကြည့်ရှုမှတ်သားစိမ့်သောငှာ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ် နိပါတ်တော်တွက် ဗုဒ္ဓဝင်ကျမ်းထွက်များကို ကောက်နှုတ်စီစဉ်၍ ပုရပိုက်ဖြူပေါ်တွင် ဆေးရောင်အမျိုးမျိုးနှင့် ရေးသားရခြင်း။ တည်ထားတော်မူသည့် ဘုရား စေတီ ဂူလိုဏ်ကြီးများ၏အတွင်းမှာဖြစ်စေ ရေးသားရခြင်း။ ဆင်ဖြူတော်များနှင့်တကွ။ ထူးဆင် စီးတော်ဆင်များ၏ ကြန်အင်လက္ခဏာ ပုံသဏ္ဍာန်တူကြိုးတန်ဆာစုံလင်စွာနှင့် ရုပ်ပုံများမှ၍ ရေးသားရန်ရှိသမျှကို အတွင်းတော်က အမိန့်နှင့်ဖြစ်စေ။ လွှတ်တော်က အမိန့်နှင့်ဖြစ်စေ ရေးသားထမ်းရွက်ရသည်။ ဇာတ်နိပါတ်လာ စာတမ်းများကို အမိန့်တော်ရေးက တိတ်တံကို ကလောင်သွားကဲ့သို့ ချွန်၍ မင်တို့ကာရေးရသည်။ ၎င်းဆေးရေးပန်းချီ ၁၅ ယောက်မှာ တလလျှင် လစာငွေတော် ၄၇ဝိ သနားတော်မြတ်ခံရသည်။

၁။ ရွှေနန်းသုံး ခန်း ၂၂၇

ဆေးဝါး။ ။အနာရောဂါကုရသော ဆေး။ ( ဝန် )

ဆေးဝါး ကုပေအံ့။ ခေါင်းဆေး၊ ဂြိုဟ်လွဲပြုပေအံ့ဟု၊ သူနာခေါ်ရာ လိုက်လေ၏။ ငွေငါးကျပ်ပူဇော်စေရမည်။

၁။ မနုသကျယ် ၄၆

ဆေးဝါး။ ။ပယောဂဆရာများ အသုံးပြုသောဆေး။ ( ဝန် )

၁။ ကဘဆ ၁။ ဂ၉

သားတော် သတိုးမင်းစောမူကား နေမြဲအဝမြို့သို့ဝင်ပြီးလျှင် တရော်ဆေးဝါး မန္တန် ပရိတ်ရည်တို့ဖြင့် ဦးခေါင်းဆေးလျှော်တော်မူ၏။

ဆေးဝါး။ ။ပန်းချီဆေး။ ( ဝန် )

ကျောက်ဖျာငးချပ်တိုအိန္ဒိုက် ဆန်းကြွယ်သပ် ပန်ချီဆေးဝး ရေးသားရှယ်။

၁။ တိလောကကျောက်ကျော ၂

ဆေးသုတ်ကုလားအမှုထမ်း။ ။မန္တလေးခေတ် နန်းတော်တွင် ဆေးသုတ်ရန်ရှိသည်များကို ဆောင်ရွက်ရသော ကုလားအမှုထမ်းများ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ပေါ်တွင် မိရာဘုးကလေးတို့နေရသည့် အဆောင်တန်းလျား ဆောင်များ၏ အတွင်းက အဖြူရောင်ဆေးသုတ်သည်ဖြစ်၍။ ၎င်းဆေးရောင်များ ဟောင်းနွမ်းရှိသည့်အခါ။ နန်းက ကျွေးဝန် ဆင့်ဆိုရာနာခံ၍။ အနောက်ဝန် စာရေးတို့ လိုက်ပါကြပ်မလျက် ဆေးအဖြူရောင်ကိုသုတ်ရသည့် ဆေးသုတ်ကုလား အမှုထမ်းဖြစ်သည်။ ၎င်းအမှုထမ်း ၃ ယောက်တို့မှာ တလလျှင် စပါးတော် ၄၀ တင်း သနားတော်မြတ်ခံရသည်။

၁။ ရွှေနန်းသုံး ခန်း ၂၁၂

ဆေးအိုး။ ။ဆေးကံတွင် ဆေးထည့်ရသောခွက်။ (ဝန်)

ရွှေဆေးတံတစ်။ရွှေဆေးအိုးတစ်ကို သေတ္တာကြီးအိတ်နီသွတ်၍။

၁။ ကဘဆ ၁။ ၂၄၀

ဆေးအိတ်။ ။ ကုသရန်ဆေးဝါးများထည့်သည့်အိတ်။

သည်နောက် အနောက်ဝန်တို့နှင့် အနောက်အတွင်းတော်မြဲတစု။ ဆေးအိတ် ပိုက်လျက် သမားတော်တစု။

၁။ ကလဗဟ ၁၅၅

ဆေးအိတ်။ ။သေနတ်တွင်သုံးသည့်ယမ်းကဲ့သောအိတ်။

လှံပါသေနတ်နှင့် သားရေ ဆေးအိတ်လွယ်လျက်။ ရွှေဖျင်ခါးရန်းပေါင်းဘီ ဦးထုပ် ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်ကိုင်။

၁။ ကဘဆ ၁။ ၂၂၉

ဆဲ့နှစ်မှုမင်းတိုင်း။ ။အသည် အသာ ဝင်နေ ကပ္ပါးတို့ ဆက်သွင်းရသော ပစ္စည်း ၁၂ မျိုးကို ခေါ်ဆိုခြင်းဖြစ်သည်။

ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်း သတိုးသုဓမ္မမဟာ သက်တော်ရှည် ဘွဲ့ဆိုသည့် ဧကပိုဒ်ရတုမှာ။ တမာစေးလျှော်။ ကော်အုံတုံလဲး။ တင်လဲးဥလျစ်။ မရိုးစစ်မီးသွေး။ ရေးရန်ထန်းဖူးစည်း။ မန်ကျည်းမှည့်တကွေ။

www.burmeseclassic.com

www.burmeseclassic.com



ရေနံပွက်လျက်။ ဆဲ့နှစ်ချက်ကို။ သန်လျက်ခုံကမ်း။ ညောင်ရမ်းမင်းတရား ပြဋ္ဌာန်းထား၏။ တခြားထိုမှ။ နောဋ္ဌယုယု။ သုံးခုတွင်ဘက်။ တမြက်လွန်ဆန်။ ဖန်ခါးမွန်ဟု။ ကွဲပြန်သော်လည်း။ ရှေးနည်းသာခိုင်။ အသည်ဆိုင်ရှင့်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

ဆယ်ခိုင့်တခိုင်။ ။ဒသမဘာဂကြေး။ လုပ်စာမှ ဆယ်ဖို့တဖို့ ဆယ်ခိုင့်တခိုင် ပေးရခြင်းကို ဆိုလိုသည်။ ဝတ်မြေများမှလည်း ဤသို့ပင် ကောက်ခံရ၏။ အမှုများတွင်လည်း ယင်းကဲ့သို့ ယူရ၏။

လုပ်လူလုပ်သားတို့ကို ကျွန်တော်မြေဘိုင်က ချထားလုပ်ဆောင်စေ၍ ရသည့်လုပ်စာကို ဆယ်ခိုင်တခိုင် ကောက်ယူပြီးလျှင် မြို့သူကြီးသို့ ပေးအပ်၍ တိုက်တော်ကျတော်မှာ ဆက်သွင်းရိုး။[၁]

မြေသန်တောင်ရွာနယ်တွင် ခေမင်္ဂကျောင်းဝတ် မြေယာ ၄ ခင်း ထန်း ၂၅ ရှိသည်ကို မြို့သူကြီးက လုပ်သားတို့မှာ ဆယ်ခိုင်တခိုင်ကောခံ၍ ဝတ္တုကံထိန်းမှာ ပေးရသည်။[၂]

နောက်ဆုံးပြီးပြတ်သော ဋ္ဌာနရုံးကသာ တကြိမ်တခါတည်း စီရင်ချက်ပါငွေ ဆယ်ခိုင်တခိုင်ကျ တောင်းခံပြီးလျှင် စွဲလျှောက်ရင်းရုံးသို့ ပြေစာပေးအပ်လိုက်ရလေသည်။[၃]

၁။ သွေးနက်ရွာစစ်တန်း ၄၅ ခု ပြင်းပင်ရွာစစ်တန်း ၄၅ ခု
၂။ ရွာသာမြို့စစ်တန်း ၄၅ ခု ၃။ ရွှေနန်းသုံး ခန်း ၈၈

ဆယ်ဖို့တဖို့။ ။ဆယ်ခိုင့်တခိုင်နှင့်အတူတူပင်။

ထိုခေတ်တွင် အစွတ်အလောက်လုပ်သမျှ အဖိုဝ်အခွန် ဆယ်ပို့အာတပို့အာနှင့်အပုရှေးကြောင် ပြိုပျက်သလည်ကောင် ဆိမ်းဝတ် သင်ပုတ်ဝတ်ကိုဝ်လည်ကောင် ကျောင်နေသခင် တိုဝ်အား စာသင်ဝတ် ဆွမ်ပစ္စည်းလေးပးကိုဝ်လည်ကောင် မပြတ်လှူစေကုန်သ္ဘော။[၁]

၁။ တိလောကကျောက် ကျော ၅၁

www.burmeseclassic.com



ဆဲရေး။ ။ယုတ်သောသူအဖြစ် ယုတ်သောစကားတို့ဖြင့် မဟုတ်မတရား တင်စားဆိုပြောသည်။ (ဝန်)

သူရင်းငှားကို နောက်လိုက်ထည့်အံ့။ လေ့လှော်၊ ဝန်ထမ်းမှုလည်း ထည့်အံ့။ ထိုသို့ထည့်ရာတွင်၊ အမှုအကျင့်မသင့်မူ၍၊ တခွန်းတလေဆဲရေးမိအံ့။ တစုံတချက်ပုတ်ခတ်မိအံ့။ အပြစ်မရှိ။[၁]

ပြည်ရှင်မင်းတို့သည်၊ လွှဲပေါက်ခဲ့သော်၊ မဆိုရာသောတရားကား လေးပါးတည်း....ဆဲရေးကြ၍။[၂]

၁။ ပနုကျယ် ၄၄ ၂။ ယင်း ၃၉

[ ဇ ]

ဇနပုဒ်။ ။ထီးတစင်းဆောင်းသောမင်းတို့ နိုင်ငံတွင်၊ ခရိုင်အသီးသီးတို့ကား ဇနပုဒ်ဟူသတည်း။[၁]

၁။ မနုကျယ် ၄၇

ဇလား။ ။တင်း၊ စိတ်၊ ပြည်၊ စလယ်တို့ကို ပျဉ်ကိုစပ်၍လုပ်လျှင် ဇလားခေါ်သည်။သေတ္တာစပ်စပ်သည်ကို ဇလား ခေါ်ဝေါ်ခြင်းဖြစ်သည်။[၁]

၁။ ရွှေဘုံနိဒါန်း ၇၇

ဇလုပ်။ ။တပင်တိုင်သင်္ဘောငယ်။ အင်္ဂလိပ်ဘာသာ sloop

ရေဆိပ်တွင်ရှိသမျှ ဇလုပ် သင်းဘော သမ္ဗန်များလည်း ကျောက်ကြိုးကိုဖြတ်၍ ပင်လယ်ဝသို့ချည်း ထွက်ပြေးကြလေသည်။[၁]

၁။ ကဘဆ ၁။ ၁၄၇

ဇာ။ ။အထည်တမျိုး။

ရွှေဇာ ငွေဇာ ခေါ်ဝေါ်သည်မှာလည်း အထည်အလိပ် အကွက်အကန့်တို့သည် အရောင်အဝါရှိသည်ကိုထောက်၍ ခေါ်ဝေါ်သည်ပင် ဖြစ်သည်၊ ကျည်း

www.burmeseclassic.com

www.burmeseclassic.com



ကုလားတို့ဘာသာ ဇာခေါ်ဝေါ်သည်။ ကျည်းကုလားတို့စကားလည်း မဂဓ စကားပင်ဖြစ်သည်။[1]

သူ့အာကုန်ယဲ၊ တို့တပ်ထဲကို၊ ရွှေဖဲဇာဖျင်ဆက်လှာဝင်၍။[2]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၁ ၂။ ပေါင်းချောင်ပိုဒ် ၆၁

ဇာ။ ။မြို့ရွာကွဲ့သို့လူ့အများစုဝေးနေထိုင်ရာတမျိုး။

ဇာဆိုသည်ကား ရွာကြီးလည်းမက။မြို့ဘွဲ့လည်းမရသောနိဂမနမျိုးပင်တည်း။ ဇာဟူသောဝေါဟာရမှာ။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ခေါ်ဝေါ် သုံးစွဲလေ့ ရှိသည်။[1]

မုတ္တမမြို့မှ၍ အရ ၃၂ မြို့ ၁၂ ဇာကျေးရွာများကိုလည်း ငြိမ်ဝတ်သာယာ စည်ပင်၍ လုပ်စားဆောင်စားဖြစ်အောင်။[2]

၁။ မြန်မာမင်း ၄။ ခန်း ၄၇၆ ၂။ ယင်း ခန်း ၄၇၀

ဇာပယင်း။ ။ဇာတမျိုး။

ပြင်ဘဝေါ စနည်း သည်နေရာသုံးသွယ်သို့ ရောက်လျှင် ဝတ်လုံဇာပယင်း ဝတ်သည်။[1]

၁။ လကဗဟ ၂၄၇

ဇာပေါက်။ ။ထွန်းပသည်။

ရာဇပလ္လင်ဥကင် လက်ဝဲလက်ျာ ဆင်နား ဇာပေါက်ထုလုပ်သည့်အကြောင်းမှာ ဇာပေါက်မှာ ဇာလသည် မာဂခစကားဖြစ်သည်။ မြန်မာပြန်လျှင် ထွန်းပသည် ဆိုသည်ကိုထောက်လျှင်ထိုအပေါက်သည်ထွန်းပခြင်းရှိသည့်အပေါက်ဆိုလိုသည်။[1]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၁

www.burmeseclassic.com

www.burmeseclassic.com



**ဇေတဝန်။** **။အထပ်သုံးထပ်ရှိသောကျောင်း။**

မင်းသားတို့ ကျောင်းဆောက်၍လှူလျှင် ထားဝယ် ၂ ထပ်ဖြစ်စေ ဇေတဝန် သုံးထပ်ဖြစ်စေ၊ ဆောက်၍မုတ်လုပ်သည်။[၁]

မှူးတော်မတ်တော်တို့ ကျောင်းဆောက်လျှင် ထားဝယ် ၂ ထပ်ဖြစ်စေဇေတဝန် သုံးထပ်ဖြစ်စေ၊ ဆင်ကပ် ၃ မျက်နှာ လှေကားတဆူနှင့်ဆောက်၍။[၂]

ဇေတဝန်သုံးမ်ထပ်ကျောင်ကြီးကိုဝ်ဆောက်လုပ်၍။[၃]

အနာတပိဏ်သူဌေး ဆောက်လှူသည့်ကျောင်းကို ဇေတဝန် ကျောင်းတော် သမုတ်ခေါ်ဝေါ်သည်မှာ ဇေတမင်းသား ဉယျာဉ်တောအရပ်ဖြစ်၍ ဇေတဝန် ဆိုလိုသည်။ ဇေတဝန် ကျောင်းတော်ကို အစွဲပြု၍ သုံးထပ်ဆောက်လုပ်သမျှကို ဇေတဝန် ခေါ်ဝေါ်သမုတ်လေသည်။[၄]

၁။ လကဗဟ ၂၃၄ ၂။ ယင်း ၂၃၆
၃။ တိလောကကျောက်မျက်နှာ ၃၇ ၄။ ရွှေဘုံနိဒါန်း ခန်း ၃၅

**ဇေတဝန်ဆောင်။** ။အောင်မြင်ခြင်း နိမိတ်ကိုဆောင်သော နန်းတော်မှ **အဆောင်များ။** သီဟာသနပလ္လင်ထားရာ လွှတ်တော်ဇေတဝန်ဆောင်၊ ဟံသာသနပလ္လင်ထားရာ ဇေတဝန်ဆောင်၊ ပဒုမာသနပလ္လင်ထားရာ အနောက်ပွဲတက်ဇေတဝန်ဆောင်။

နန်းတော် ဇေတဝန်ဆောင် လွှတ်ဇေတဝန်ဆောင်များမှာ အရှေ့ဆောင်ဦး ဖြစ်၍ရင်း လွှတ်တော်ဇေတဝန်ဆောင်မှာလည်း ဉကင်ရာဇပလ္လင် တည်ထားရာ ထီးဆောင်းမင်းအပေါင်းတို့၏ညွှတ်ရာ မှန်မာန်ကို အောင်မြင်ခြင်း နိမိတ်ကို ကောက်ယူ၍ ဇေတဝန် ခေါ်ဝေါ်သမုတ်သည်။[၁]

မင်းရုပ်ထုထားသည့်မှာလည်း တန်ဆောင်းသုံးထပ် ကြာယပ်နှင့် လေးမျက်နှာ သံကွန်ရက်ရွှေချတံခါး သော့ခတ် ဇေတဝန်ဆောင်တော် ကွန်းစင် အတွင်းတွင် အနောက်သို့မျက်နှာပြု၍ စီရင်ခင်းကျင်းထားလေသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၅ ၂။ ယင်း ခန်း ၅၂

www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်မှာ။ ဟသ်ာသက်န်း။[၃]

သမားတော်များ၊ မြွေသမားတော်များ၊ ယောကျ်ား အနှိပ်တော်များ အလှည့်ကျအိပ်ဘန်ထမ်းရွက်ရသည်။[၄]

ထွက်တော်မမူမီ မြေနန်း ထီးဖြူတော်အနောက်တွင်ဆောက်သော ဇေတဝန်ဆောင်တော်တွင် စံနေတော်မူသည်။ ဇေတဝန်ဆောင်တော်ကသည် သံဆယ်ထောင်ရှိသော မြေနန်းပလ္လင်သို့ ကြမ်းဆင့်ကို လက်ယာခြေတော်အလျင်ချီလျက် ထွက်တော်မူသည်။[၅]

ကြာခံသော ပဒုမာသနရာဇပလ္လင်တော်ရှိသော အနောက်ပွဲတက် ဇေတဝန်ဆောင်တော်ကို အနောက်စမုတ်လည်းခေါ်ဝေါ်သည်။[၆]

မှူးတော်မတ်တော် ကတော်မယားတို့လည်း ထုံးမြိတ်၍....ကန်တော့ပွဲနှင့် ဇေတဝန်ဆောင်နေရာသို့ တက်ရသည်။[၇]

၃။ ကုသပိုဒ် ၁၁ ၄။ ရွှေနန်းသုံး ခန်း ၄၀၊၄၁၊၄၂
၅။ ကဘဆ ၁။ ၂၃၀ ၆။ ရွှေနန်းသုံး ခန်း ၃၅
၇။ လကဗဟ ၃၂၀

ဇေယျာဘိသိက်။ ။စစ်အောင်စိမ့်သောငှာ ခံသည့် ဘိသိက်ကို ဇေယျာဘိသိက်ခေါ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

ဇဂ်မကိန်း။ ။ယာယီကိန်း။ ဗေဒင်ဝေါဟာရ။

ထာဝရ။ ဇဂ်မ စသော ကိန်းခန်းကာလ။ သင့်မသင့် ရာမရာ အခါတော်ကိုသာ ပညာရှိတို့က ရွေးချယ်ဆက်သွင်းရမည် အမိန့်တော်ရှိလျှင် ပညာရှိတို့က။ ရာဇဒွာနီ မြို့ကြီးနန်းကြီး တည်သုပ်ရာသော ထာဝရကိန်း မကြိုက်ချေသေးဟု လျှောက်သော်လည်း အရေးပြုဒတာ်မမူပဲ။ ဇဂ်မကိန်းတွင်ပင်၊ ရန်အောင်ရာသော၊ ဇာတာ စဉ်းလက်၊ နေ့ရက်နက္ခတ် စသည်တို့ကိုသာ ရွေးချယ်လျှောက်ထားရမည် အမိန့်တော်ရှိသည့်အတိုင်း။[၁]

၁။ ကဘဆ ၁။ ၆၇-၈

www.burmeseclassic.com

www.burmeseclassic.com



[ ဈ ]

ဈေး။ ။အရောင်းအဝယ်ပြုလုပ်ရာဌာန။

အကြွင်ဈေးနှင့်တကွ၊ ရှိသောမြို့ကား၊ နဂရဟူသတည်း။ ဈေးသာရှိ၍ မြို့မရှိ၊ မြို့သာရှိ၍ ဈေးမရှိသည်ကိုကား၊ ဂါမဟူသတည်း။ ဈေးသည်းမရှိ မြို့လည်း မရှိမူကား၊ နိဂုံးဟုသတည်း။ ၁

အကြွင်ပြည်သူမင်းတို့သည်၊ မိမိနိုင်ငံ၌ နေသောသူတို့ကို ကုန်စလှယ် ရောင်းဝယ်စိမ့်သောငှာရင်း၊ ဗိုလ်များတို့ အစည်းအဝေးဖြစ်စိမ့်သောငှာရင်း-အိမ် ဈေးတည်၍၊ ထိုအိမ်ဈေးတို့တွင် ကောင်းမကောင်း သိစိမ့်သောငှာ အစောင့်အရှောက်ထား၏။ ၂

မင်းဘဏ္ဍာတော်နှင့် စပ်သည့် ဈေးပွဲးကင်းကူးတို့၊

၁။ မနုကျယ် ၄၇ ၂။ ယင်း ၄၆

၃။ ရွှေနန်းသုံး ခန်း ၇၅

[ ည ]

ညီတော်။ ။ဘုရင်မင်းမြတ်၏ ညီ။

ညီတော် သားတော်၊ ဝေါရသသူတို့မှာသည်၊ ကွမ်းခွက်ပုံနန်း ကျောက်ပတ္တမြား ၃ ရစ်စီ။ ၁

ညီတော် သားတော် ဝေါရသသူတို့ကို လျှော်ကားဦးပဲ့တဖက်ရွှေရေး လျှောမှတ်စက်ဝန်း။ ၂

၁။ လကဗဟ ၂၂၇ ၂။ ယင်း ၂၂၉

ညီလာခံ။ ။မြန်မာမင်းတို့သည် တလလျှင်ရှစ်သီတင်း နေ့ရက်များမှတပါး ကျန်နေ့ရက်များမှာ မင်းမှုးမတ် မင်းခစားတို့နှင့် နံနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညတကြိမ်၊

www.burmeseclassic.com

www.burmeseclassic.com



သာသနာရေး တိုင်းရေးပြည်ရေးများကို အစဉ်မပြတ် ဆွေးနွေးဆောင်ရွက်တော်မူခြင်းကို ညီလာခံသည်ဟု ခေါ်၏။[၁]

ညညီလာခံ သဘင် ဝင်ထွက်ခစားကြရသည့် အဆောင်တော်များမှာ မှန်နန်းတော်ဦးစနူးဆောင်တော်။ ဗောင်းတော်မဆောင်ဦးစနူးဆောင်တော်။ ရွှေဆောင်တော်ဦး ရွှေတိုက်ဆောင်တော်။ တောင်နန်းတော်ဦးအဆောင်တော်များသို့ အလှည့်အလည် အလိုတော်ရှိရာ ဝင်ထွက်ခစားကြရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၆ ၂။ ယင်း

ညောင်စောင်း။ ။မင်း မိဖုရား သားတော်သမီးတော်တို့၏ လဲလျောင်းရာ။

ဥပရာဇာကိုရွှေတော်တွင် ညောင်စောင်းကတင်နှင့် နေစေသည်။[၁]

၁။ ကဘဆ ၁။ ၂၃၄

ညောင်ပင်။ ။ရှေးအခါက ညောင်ပင်ကို မြေအပိုင်းအခြား နယ်နိမိတ်သတ်မှတ်ရာတွင် အသုံးပြုသည်ကို ရဲဖန်ရံခါတွေ့ရ၏။

ဒုင်းကတောင်ကို ကတော် ညောင်ပင် ရွှေစာတီကုန်း။[၁]

အနောက်မြောက်ကို ထားချွန်းပြောက် ညောင်ပင်လှည်းကြောင်းထိ ကောင်းတော်စစ်သူကြီးမြေအစပ်။[၂]

အနောက်တောင်ကို ကျောက်စောင်း ညောင်ပင် နတ်ပလ္လင်ဝတောင်ရိုးရေဝေအခြား။[၃]

၁။ ညောင်ပင်ရွာစစ်တန်း ၄၅ ခု ၂။ ဒရာရွာစစ်တန်း ၄၅ ခု
၃။ ရွာမိန်ရွာစစ်တန်း ၆၇ ခု

ညောင်ရေအိုး။ ။လွှတ်တော်သိမ်း၊ဗြဲတိုက်သိမ်း စသော မင်းပွဲသဘင်အခမ်းအနားကြီးများတွင် ရတနာသုံးပါးကို အလေးအမြတ်ပူဇော်သည်နှင့် စစမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညု ရှင် တော် ဘုရား သရီရဓါတ်တော် ရုပ်ပုတော် မည်သည် ဘုရား ၇ ဆူကို ထီးဖြူ ၇ စင်း၊ ကုက္ကား တံခွန် ၇၊ မညိုးပန်းတံခွန် ၇၊ ကြက်လျှာတံခွန် ၇ စည်း၊ ရွှေပန်းခိုင် ၇ ခိုင်၊ ငွေပန်း ခိုင် ၇ ခိုင်၊ ရွှေတန်ဆောင် ၇ တိုင်၊ ငွေတန်ဆောင် ၇ တိုင်၊ ရွှေဆိုင်း ၇ ဆိုင်း၊ ညောင်ရေအိုး ၇၊ ပူဇော်တော်ပွဲ ၇၊ အလှူတော် ပူဇော်ဘုရား။[၁]

၁။ လကဗဟ ၁၄၅။၁၄၇

ညောင်ရွက်။ ။နန္ဒကုမာမင်းသားမင်းဖြစ်လျှင် ညောင်ရွက်များကို အိပ်ရာနေရာတွင် အသုံးပြု တော်မူသည်ကို ဗာမကြောင်းပြု၍ မင်းအဆက်ဆက် အဆင်တန်ဆာများတွင် ညောင်ရွက်ပုံသဏ္ဍာန် ရွှေအစရှိသည်တို့နှင့် ပြုလုပ်သုံးစွဲကြသည်။[၁]

ညောင်ရွက်ကိုလှဲဇရွဲခေါ်သည်မှာ....ရာမညတိုင်းသားတို့သည် အရွက်ကိုလှ ခေါ်သည်။ ညောင်ကိုဇရွဲခေါ်သည်။ ညောင်ရွက် ပင်ဖြစ်သည်။[၂]

ထီးလက်ကျယ်စွာ။အဠာဒွေးစစ်။ ပေါင်းလက်သစ်ဖြင့်။ ရာ့ရှစ် ညောင်ရွက်။ လယ်ချက်မှာကား။ ပတ္တမြားသန္တာ။ ရတနာရိုးရဲ။ ရွှေခြူဆွဲမှ။[၃]

ထီး နီညောင်ရွက် ၃ ဆင့်၊ ညောင်ရွက် ၃၆၊ အချက်အထွတ်ရွှေ။[၄]

ရတနာအတိပြီးသော ရွှေချူ ညောင်ရွက်နှင့် တကွသော စစ်ဝတ် ရတနာ ဒုယင်တော်ကို ဝတ်ဆင်တော်မူပြီးလျှင်။[၅]

၁။ ရွှေဘုန်ဒါန်း ခန်း ၄၉ ၂။ ယင်း
၃။ ကုသ ပိုဒ် ၁၂ ၄။ မြန်မာမင်း ၄။ ခန်း ၄၇၉
၅။ ကဘဆ ၁။ ၂၃၀

[ တ ]

တကောင်း။ ။လက်ျာတော်မင်းခမ်းတော်တခု။ မင်းသားများလည်း တကောင်းကို အဆောင် အရွက်အဖြစ်ရကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေသားရောင်မောင်း။ တကောင်းအိုးပြစ်။[၁]

ရွှေသားတကောင်း၊ ရောင်မောင်းဖုံးပါ။[၂]

မိဖုရားတို့တွင်မြင်သည့် မင်းသား ကိုယ်လုပ်တော်တွင်မြင်သည့် မင်းသားတို့မှာ...တကောင်းပေး၍ ဆောင်ရသည်။[၃]

လက်ဆောင်တော်ကား .... ရွှေဆေးတံဖျား ခြင်စွပ်တစ်။ ရွှေတကောင်းပတ္တမြားစီတစ်ကို သေတ္တာကြီးအိတ်နှီးသွတ်၍။[၄]

ရွှေအိုးမြစ်၊ ရွှေမြူတာ၊ရွှေတကောင်းများမှာ ဗါရာဏသီမင်း၏ အဆောင်ဖြစ်သည်၊ လောကသင်္ကေတဘှင်ပါပြီး။[၅]

၁။ ကုသပျို့ပိုဒ် ၁၃ ၂။ ပုဒ္ဓါဘိသိက်မော်ကွန်း ပိုဒ် ၂၀
၃။ လကဗဟ ၂၂၇ ၄။ ကဘဆ ၁။ ၂၄၀
၅။ ရွှေဘုံနိဒါန်း ခန်း ၁၅

တကောင်းပိတ်။ ။မင်းညီမင်းသား မိဖုရား မှူးတော်မတ်တော် ကတော်မယားတို့ကို သနားတော်မူသည့် အဆောင်အရွက်တမျိုးဖြစ်၏။

ရွှေထီး ရွှေနန်းအဆက်ဆက်၊ အဆောင်အရွက်ပေးတော်မူလျှင် ကွမ်းခွက်လက်ဖက်အိုး တကောင်းပိတ် အတူမဟုတ်၊[၁]

အိမ်ရှေ့မင်းသည် ကြုတ်ခွက် လက်ဘက်အိုး တကောင်းပိတ် အထွတ်ပတ္တမြားအပြည့်စီကို ဆောင်သည်။[၂]

မိဖုရားတို့တွင်မြင်သည့် မင်းသား ကိုယ်လုပ်တော်တို့တွင်မြင်သည့် မင်းသားတို့မှာ...သက္ကလတ်တင်ရှုန်း ညောင်ရွက်သုံးဆင့်၊ သည်နောက် တကောင်းပိတ် လက်ဘက်အိုး အထွတ်ပတ္တမြားစီပေး၍ဆောင်သည်။[၃]

တော်နေရာသို့ရောက်လျှင် ကျိုင်းခံပေးသည်။ တကောင်းပိတ် ပေးသည်။[၄]

၁။ ရွှေဘုံနိဒါန်း ၁၂ ၂။ လကဗဟ ၂၂၇
၃။ ယင်း ၂၂၇ ၄။ ယင်း ၂၂၈



www.burmeseclassic.com

www.burmeseclassic.com



ဗလနန္ဒစည်သူကို ကွမ်းခွက်။ ထားနက်။ လက်ဘက်အိုး တကောင်းပိတ် သနားတော်မူသည်။[၅]

အမေးခံကတော်ကြီးတို့မှာ ကွမ်းခွက်လဘက်အိုး။ တကောင်းပိတ် ရှစ်ထောင့်ပယင်းတပ်။[၆]

၅။ ကဘဆ ၁။ ၂၅၆ ၆။ ရွှေနန်းသုံး ခန်း ၁၄

တကောင်းဖုံး။ ။ရေတကောင်း၏အဖုံး။

တောင်ငူခေတ် တကောင်းဖုံးနှင့် ညောင်ရမ်းခေတ် တကောင်းဖုံးတို့ အလုပ်အဆောင် ကွဲပြားခြားနားဟန်ရှိသည်။

သောက်တော် တကောင်းဘုံး ရှစ်မြှောင့် ပတ္တမြားစီ ရွှေသောက်ရေတင် ရွှေအိုးပြစ်အပြောက်ချည် .... ကွမ်းလောင်း သောက်ရေတင်။ တကောင်းဘုံး ရှစ်မြှောင့်။ ရွှေထွေးခံ....။ ကွမ်းလိပ် ကွမ်းဘူးအစုံ တကောင်းဘုံး လက်ဘက်အိုး မိုးကြိုးထွေးခံ။[၁]

ဒူးနေရာသို့ရောက်လျှင် သွားလာခင်းရှိ၍ ကွမ်းခွက် လက်ဘက်အိုး တကောင်းဖုံး မဆောင်မယူ....။ ကွမ်းလက်ဘက်ကို ပဝါဖြူ ၂ ဖက် မြိတ် နှင့် ထုတ်၍ ရေတကောင်းကိုပဝါမဖုံး ဖက်ကတော့ကြီးကိုအုပ်၍ ဆောင်သည်။[၂]

၁။ မှန်နန်း ၂။ ၂၄၁ ၂။ လကဗဟ ၂၃၀

တကြောင်းစာချွန်။ ။မင်းကေရာဇ်အမိန့်တော်များကိုရေးနည်း။

ကေရာဇ်မင်းမြတ်အမိန့်တော် ဟူသမျှကို။ ထန်းဖူးညွန့်ရှည် တမျက်နှာလျှင် စာတကြောင်းတည်းသာ သတ်စုံနှင့်ရေးရသည်။ ယင်းကြောင့် တကြောင်းစာချွန် ဟူ၍ ခေါ်ဝေါ်သည်။[၁]

ရတနာပူရရွှေဝမြို့ကြီး မာရ်အောင်တံခါးပြင်ကျွန်းကို ဘုန်းတော်ဖြစ်ကျွန်း သမုတ်တော်မူသည်။ ဟူ၍။ ထန်းရွက်တွင် တကြောင်းစာချွန်ရေး၍ ဝါးပန်းတုံးနှင့် ဆွဲရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၆၀ ၂။ ကဘဆ ၁။ ၁၂၅

www.burmeseclassic.com

www.burmeseclassic.com



မိအေးမသေမှီ ကျွန်တော်ကို တံဆိပ် စာချွန်တော်တကြောင်းစာနှင့် ကြီးစိုးစီရသည်။[၄]

တကြောင်းစာချွန်ကို အမိန့်တော်ရေးက ရေးသားပြီးသည့်အခါ။[၅]

၃။ ရှာမိန်းရှာစစ်တန်း ၆၄ ၃ ၄။ ရွှေနန်းသုံး ခန်း ၁၁၇

တကျွန်း။ ။နိုင်ငံခြား။

ဂုမ္ဘညီနှင့်၊ ရှည်မှိုကုလား၊ တကျွန်းသားတို့။[၁]

မဟာပရဘူသည် ဇော်ဂီတပသီလည်းဖြစ်သည်၊တကျွန်း တနိုင်ငံသားဖြစ်လျက်မဏိပူရစော်ဘွားဟုံက။[၂]

တကျွန်းရွှေရေး စက်နှားပါထဘီ။[၃]

၁။ ပေါင်းချောင် ပိုဒ် ၃၉ ၂။ မရက ၃။ ဆားကျော
၃။ မမမ ၁၂၃

တဆဲ့နှစ်ရာသီကွမ်းခွက်။ ။ဘုရင်က အဆောင်အရွက်အဖြစ် ပေးသောကွမ်းခွက်တမျိုး။တဆဲ့နှစ်ရာသီအရုပ်များဖြစ်သော မကာန်း၊ ခြသေ့်၊ ငါး၊ ချိန်ခွင် စသည်များ ပါရှိသောကြောင့် တဆဲ့နှစ်ရာသီကွမ်းခွက် ခေါ်၏။

ရှမ်းပြည် ယွန်းပြည် စော်ဘွားတို့မှာ ကွမ်းခွက်အဝန်းပေးသည်....သည်နောက် တဆဲ့နှစ်ရာသီကွမ်းခွက် ပေးသည်။[၁]

၁။ လကဗဟ ၂၂၀

တဆဲ့နှစ်ရာသီရွှေဖလား။ ။မင်းတို့သုံးဆောင်သော ရာသီခွင်များပါသည့် ရွှေဖလား။

ဆက်ရန် စားတော်ကွမ်းနှင့် တဆဲ့နှစ်ရာသီရွှေဘလား။စားတော်ကွမ်းသီးနှင့် တဆဲ့နှစ်ရာသီဘလား။[၁]

၁။ ကဘဆ ၁။ ၂၂၇

www.burmeseclassic.com

www.burmeseclassic.com



ခြေသည်းတော် လက်သည်းတော်များကိုဆတ္တဝန်က တဆဲ့နှစ်ရာသီရှေဖလား နှင့် ခံယူ၍ နံတော်၏ တေဇအရပ်ရှိ မြစ်ကြီးချောင်းကြီး၏ အလယ်မှာချရသည်။²

၂။ ရွှေနန်းသုံး ခန်း ၂၄

တပသိပိုက်။ ။ငါးဖမ်းသည့်ပိုက်တမျိုး။

တပသိပိုက်တဘောင်လုပ်လျှင် ခွန်မသေကြေး ၂၅၀။ ပို ၂၅ ၊ကဲ ၂၅ ၊ ပတ်ဖိုး ၂ ၅။ လက်ဆောင်ငါးကြင်းတခု။¹

၁။ စလေမြို့စစ်တန်း ၆၄ ခု

တဘောင်။ ။နိမိတ်ဟောနည်းတမျိုး။

ရွှေဝအင်းမှာ၊တနလ်ာနှင့်၊ဇိတာနန်းလောင်း၊ပွင့်မည်ကြောင်းကို၊သိုက်ကောင်း တဘောင်၊နတ်တို့ဆောင်သည်။¹

တံဘောင် နာရလည်း။ ကပ်လှာရွှေနန်း။ အပိုင်မြန်း၍ ရှန်းရှန်းပေါ်မည်။ မြင်တော့သည် ဟူသော တံဘောင်ကို ကြားရသည်။ သာသနာတော်စောင့်နတ်တို့ ချီပင့်ပြသည့် နိမိတ်တံဘောင်၊ အောင်မြင်တော့မည်မှန်ပြီဟု ဘတ် ယူ တော် မူပြီးလျှင်။²

ကျောက်စာလိုထွင်း၊တဘောင်ချင်းနှင့်၊ သိုက်ရင်းရှာတွေ့၊ မှန်သရွေ့ကို။³

၁။ ပေါင်းချောင် ပိုဒ် ၅၁ ၂။ ကဘဆ ၁။ ၁၁၈-၁၉
၃။ ယင်း ၅၃

တမာစေး။ ။ဆဲ့နှစ်မှုမင်းတိုင်းအဝင်။

တမာစေး ဆိုသည်မှာ ကပ်ရန်ကော်အဖြစ် ရွှေနန်းတော်ကအလိုရှိသည့်အခါ ဆက်သရသည်။¹

၁။ ရွှေနန်းသုံး ခန်း ၄၁၀

www.burmeseclassic.com

www.burmeseclassic.com



အသုံးတော်ရှိ၍။ အသည်အလာကပွဲတို့ ပေးဆောင်ရမြဲ။ ၁-တပါစေး ၂-လျှော်။ ၃-ကော်။[၂]

၂။ ယင်း ခန်း ၇၀

တမုတ်ကြိုး။ ။နန်းတွင်း၌ တံခါးများဖွင့်လှစ်ရန်ဆွဲငင်ရသောကြိုး။

ဇေတဝန်တံခါးသို့ရောက်လျှင် တံခါးကို အမျိုးအမည်ကောင်း၍ မိဘစုံသော လုလင်လေးယောက်တို့သည်။လက်ဝဲတော်ကနှစ်၊လက်ယာတော်ကနှစ်၊တမုတ်ကြိုးဆွဲ၍ ဘွင့်ရသည်။[၁]

ထွက်တော်မူသည့်ကာလ ရာဇပလ္လင်ဥကင် ကျည်းရှက်ဘွင့် တမုတ်ကြိုး ဆွဲစေရန် စားတော်ကွ်ားရေ။[၂]

၁။ ကဘဆ ၁။ ၂၃၀ ၂။ ရွှေနန်းသုံး ခန်း ဂ

တမန်။ ။မင်းစေစားသောသူ။

စေစားအပ်သော တမန်တို့သည်ရင်း ပြည်သူလူတကာတို့ကို အနိုင်အထက် ဖျက်ဆီးလုယက်သည်ကို မင်းကြီးကြားသော်လည်း မစိမစစ်မူကား၊ ပြည်စိုးအမတ် တရားသူကြီးတို့သည် ငရဲလားရ၏။[၁]

တမန် အင်္ဂါ ရှစ်ပါးတည်း။ ရှစ်ပါးဟူသော်ကား။ ကြားလွှယ်သည်လည်း တပါး။ သူတပါးကိုကြားလွှယ်အောင်ဆိုတတ်သည်လည်း တပါး။ အားထုတ်၍ မှတ်သည်လည်း တပါး။ အမှတ်မြဲသည်လည်း တပါး။ အရိတ်အခြည် သိတတ်သည်လည်း တပါး။ သူတပါးကို သိစေတတ်သည်လည်း တပါး။ စီးပွားရှိသည် မရှိသည်နိုက်လိမ္မာသည်လည်းတပါး။ငြင်းခုံခိုက်ရန်မပြုတတ်သည်လည်း တပါး။[၂]

၁။ မနုကျယ် ၄၅ ၂။ ပုန်နန်း ၁။ ခန်း ၅၆

တမျည်း။ ။အတိတ်နိမိတ်ကောက်နည်းတမျိုး။

တမျည်းချိုးရာလည်း သူကပိတ်၍တို့ကရှင်းရသော တမျည်းနှင့်ကြိုက်သည်။[၁]

၁။ ကဘဆ ၁။ ၁၁၇

www.burmeseclassic.com

www.burmeseclassic.com



တမ္ဘွတ်။ ။ကြီးမြတ်သည်။

တမ္ဘွတ်မှာ....ရှေးစကားဟောင်းဖြစ်သည်၊ ကြီးသည် မြတ်သည်ကို တမ္ဘွတ်ဆိုသည်။ ရှေးစာများတွင်လည်း တမ္ဘွတ် ရတနာဟူ၍၎င်း၊ လူတို့ တမ္ဘွတ်၊ မင်းများထွတ်လျှင် ဟူ၍၎င်း၊ မယိုင်မညွတ်၊ ခေါင် တမ္ဘွတ်သို့ ဟူ၍၎င်း၊ အာဏာလွှန့်ပတ်၊ ညီတော်လတ်ကို၊ တမ္ဘွတ် ဘုန်းသန့်၊ နှင်း၍ဖြန့်ရှင် ဟူ၍၎င်း၊ ကျော်ရှိန်မပြတ်၊ အနာဂတ်၌၊ တမ္ဘွတ်တော်ထား ဟူ၍၎င်း စပ်ဆိုသည်များကို ထောက်၍ သိရသည်။[၁]

၁။ ရွှေတုံနိဒါန်း ခန်း ၁၉

တရား။ ။မြန်မာမင်းများ ကောင်းစားစဉ်က သာသနာနှင့်ဆိုင်သောတရား၊ မင်းနှင့်ဆိုင်သောတရား၊ ပြည်သူတို့နှင့်ဆိုင်သောတရားဟူ၍ တရားအများရှိသည်။ ပြည်သူတို့နှင့်ဆိုင်သည့် တရားများတွင် ကူးတို့ပို့တရား၊ ကင်းကောက်တရား၊ ကျွဲနွားငှားတရား၊ ကြက်ခွပ်တရား၊ကဝါဖွပ်တရား၊ ငွေချေးတရား၊ စပါးချေးတရား၊ဆေးသမားအခတရား၊ ဈေးကောက်တရား၊ တံခါးစောင့်ကောက်တရား၊ နွားကျောင်းတရား၊ နွားထိန်းတရား၊ နွားမနွားလားတရား၊ ပေးခြင်းတရား၊ မယားလုတရား၊ မျိုးဟောင်းမျိုးသစ်တရား၊ မြေတရား၊ ရွှေနေတရား၊ ရွှေအိုးရတရား၊ လူကိုခိုးရောင်းတရား၊ လက်သမားခတရား၊ လယ်လုပ်သူရင်းငှားတရား၊ လယ်ဖျက်တရား၊ သားလုတရား၊ သူရင်းငှားတရား၊ သစ္စာဖောက်တရား၊ ဥစ္စာနှံ ဥစ္စာခိုးတရား စသည်ဖြင့် ဖြစ်၏။ ထို့ပြင် မင်းပြောင်းမင်းလဲ့တွင် ဆိုရသောတရား၊ မဆိုရသောတရားဟူ၍လည်း ရှိ၏။

ပြည့်ရှင်မင်းတို့သည်၊ လွဲပေါက်ခဲ့သော် မဆိုရသော တရားကား လေးပါးတည်း။ သူ့အသက်သတ်သော်တပါး။ ဆဲရေးကြ၍ ဆေးနှင့်သင့်ဟူ၍ ခေါင်းကွဲနံပေါက်သတ်ကြသည်လည်းတပါး။ သူ့ဥစ္စာရွှေငွေကို ခိုးဝှက်သည်လည်းတပါး။ သူ့အိမ်သူ့ရာ ပြစ်မှားသည်လည်းတပါး။ ဤတရားလေးပါးကား မင်းစိုးလဲက မဆိုရသော တရားတည်း။ ။ဆိုရသောတရားကား မြီလည်းတပါး။ အမွေမှုလည်းတပါး။ ကျောင်းကန် ဝတ္ထု မြေလည်းတပါး။ ကျွန်ရိုးလည်းတပါး။ ဥစ္စာနှံလည်းတပါး။ ဤငါးပါးကား မင်းလဲစိုးပေါက်သော်လည်း ဆိုရသော တရားတို့တည်း။[၁]

ဓမ္မသတ်စာဟောင်း စီရင်ထုံးရှိသည့်အတိုင်း တရားကို နားလည်သည်နှင့် အညီ တော်တည့် ဖြောင့်မတ်စွာ စီရင်။[၂]

၁။ မနုကျယ် ၃၉-၄၀ ။ ၂။ ရွှေနန်းသုံး ခန်း ၈၈

www.burmeseclassic.com

www.burmeseclassic.com



တရားမမှုသတ် ကျွမ်းကျင်တတ်မြောက်သူကို။[၃]

၃။ ယင်း ခန်း ၉၁

**တရားကွမ်းဖိုး။** ။တရားရှုံးသူက ရုံးကို ပေးရသောစရိတ်၊ အမှုတန်ဘိုး၏ ဆယ်စုတစု။

ထရားကွမ်းဘိုးမှာ မြို့သူကြီးနှင့် မြင်းစီးသူကြီးတို့က စီရင်၍ တဝက်ကို စီရင်သူစားယူပါသည် တဝက်ကိုဆိုင်ရာမြို့စားသို့ ဆက်သွင်းရပါသည်။[၁]

တရားစကားရှိလျှင် ကျွန်တော်တို့ ဆုံးမစီရင်၍ ပြီးသည့် တရားကွမ်းဘိုး လဖက်ဘိုးတဝက်ကို မင်းရာ၊ တဝက်ကို မြို့ကိုင်မြို့သူကြီးတို့နှင့် ကျွန်တော်တို့ ဝေ၍ စားရိုး။[၂]

ကျွန်တော် ကြီးစိုးစီရင်သည် နယ်မြေအတွင်း တရားကွမ်းဘိုး ကျွဲဝင် နွားဝင် ရှိသည်များကို ဆိုင်ရာမြို့ရုံးမှာ တဝက်ဆက်ပါရသည်၊ တဝက်ကို ကျွန်တော်သူကြီး စားရပါသည်။[၃]

မြို့စားရွာစား။ အသနားခံရသူတို့မှာ။ မြို့ရွာဈေးကင်း။ အင်းစသော အကောက်အစားများက ရမြဲတရားကွမ်းဘိုးခွန် အကောက်အခွန်များကိုသာ။ မြို့ရွာရှင်တို့နှင့်။ မြို့စားရွာစားတို့ ခွဲခြားဝေ၍ စားသောက်ကြသည်။[၄]

၁။ ကျောက်ဆောက်မြို့ စစ်တန်း ၆၄ ခု ၂။ ကုလားတဲရွာစစ်တန်း ၄၅ ခု
၃။ စကြူးရွာစစ်တန်း ၄၅ ခု
၄။ မြန်မာမင်း ၃။ ခန်း ၄၂၂

**တရားစကား။** ။တရားနှင့်စပ်ဆိုင်၍ပြောဆိုရသောစကား။

သတိုးမင်းကြီး၊ သတိုးမင်းငယ်၊ မင်းကျော်ထင်၊ မဟာနေမျိုးရွှေတောင်၊ သီရိဇေယျကျော်ထင်တို့ ၅ ဦးမှာ ပြည်သူတို့ တရားစကား အရှက်အတင်ကို လက်ပြင်ကနေ၍ အမိန့်တော်နှင့်စီရင်ရသည်။[၁]

၁။ မသဂ ၄၅ ၁၄၄

www.burmeseclassic.com

www.burmeseclassic.com



တရားစကားရှိလျှင် သူကြီးတို့ဆိုင်ရာစီရင်၍ ရသည့် ထ ဝက်ကိုလည်း ကသောင်းမြောင်တိုက်မှာ ဆက်သွင်းရိုး။ နေ့ခင်တော်ဆင်ဖြူရှင်လက်ထက်မှစ၍ မြို့ဝန်ခန့်တော်မူလျှင် မြို့ဝန်မှာ ဆက်ရသည်။[၂]

တရားစကားကျရောက်သည်ကို သူကြီးစီရင်၍ တဝက်ကိုရွာစား မြို့ဝန်ရှိလျှင် ရွာစားမြို့ဝန်။[၃]

အပေါ်ဝန် တရားစကား ကျရောက်လျှင် သူကြီးစီရင်၍ ကွမ်းဘိုးထက်ဝက်ကို ရွာစားမရှိလျှင်မြို့ဝန်တို့ကို ပေးရပါသည်။ ရွာစားမြို့ဝန်မရှိလျှင် ကသောင်းမြောင်တိုက်မှာ ဆက်သွင်းရိုး။[၄]

တရားစကားမှာ မြို့ကိုင်ရှိလျှင် မြို့ကိုင်စီရင်သည်။ မြို့ကိုင်မရှိလျှင် ကျွန်တော်မြို့သူကြီးစီရင်သည်၊ စီရင်၍ရသည်ကို အရာတော်တဝက် ဆက်သွင်းရိုး။[၅]

ကျောင်းဘုရား အရံစောင့်ကျွန်သီးတော်တို့ တရားစကားအယှက်အတင်ရှိ၍ ဝတ်မြေဝန် မဟာဒါန်ဝန်တို့ စစ်ဆေးစီရင်ရှင်းလင်းပြီးကာလ။[၆]

၂။ တောင်ဘက်တန်း ၂၇ ရွာစစ်တန်း ၄၅ ခု ၃။ ညောင်များရွာစစ်တန်း ၄၅ ခု
၄။ တွင်းရွာစစ်တန်း ၆၄ ခု ၅။ စဉ့်ကူမြို့စစ်တန်း ၄၅ ခု
၆။ ရွှေနန်းသုံး ခန်း ၆၂

**တရားစာရေး။** ။တရားရုံးတွင်ရေးမှတ်ထမ်းရွက်ရသောစာရေး။

တရားရုံးတွင် ရေးမှတ်ရန်ရှိသမျှကို ရေးမှတ်ရွက်ဆောင်ရသည်။ဂရုဓမ္မငါးပါး စည်လည်ဘတ်ပြန်ရာကိုလည်း လိုက်ပါရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၉၀

**တရားစစ်။** ။တရားစကားများကို စစ်ဆေးရသောအရာရှိ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်ပထမပိုင်းတွင်သာတွေ့ဘူးသေးသည်။

သတိုးကျော်သူ၊ ဥဒိန်ဇေယျတို့ကိုလည်း လွှတ်တော်တွင် တရားစစ် ခန့်တော်မူသည်။[၁]

၁။ ကဘဆ ၁။ ၃၆၁။ မသဂ ၄၅။ ၁၄၇

www.burmeseclassic.com

www.burmeseclassic.com



တရားစစ်ဝန်ထောက်။ ။တရားစစ်အရာကို ဖက်တွဲထမ်းရွက်ရသောဝန်ထောက်။

တရားစစ်ဝန်ထောက် စည်သူဇေယျကျော်ထင်နှင့်ဘက်၍ အကြီးတော် ဇေယျသိခ်၊ စာရေးကြီး ၊စန္ဒဝေသော်ရင်း ပျတ္တသရေတို့ကို ဝန်ထောက်။[၁]

စည်သူကျော်ထင် တရားစစ်ဝန်ထောက် ဟံလင်းမြို့စား ငယ်မည်ဦးမြတ်သန္ဓေ။[၂]

၁။ မသဂ ၄၅။ ၁၄၇ ၂။ ယင်း ၁၅၁

တရားစည်ကြီး။ ။မင်္ဂလာစည်၊ မင်းကြွားစည်။

တိုင်းသားပြည်သူတို့ မင်းကြွားအောင် တီးရန်ထားသည့်စည်ဖြစ်၍ မင်းကြွားစည် ခေါ်ဝေါ်သမုတ်သည်၊ တရားသဖြင့်ဖြစ်အောင် တီး၍ မင်းသိလျှင် တရားသဖြင့် စီရင်သောကြောင့် တရားစည်ကြီး ခေါ်ဝေါ်သမုတ်သည်လည်းဆိုသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၅ဂ

တရားဌာန။ ။တရားနှင့်ဆိုင်သမျှကို အုပ်ချုပ်သောဌာန။

၁၂၄၅ ခုနှစ်။ ၁၀ ဌာနထားရာ။ တရားနှင့်ရာဇဝတ်ကို ၂ ဌာနခွဲခြား၍။ တရားဌာနတွင်။ အတွင်းဝန် ပင်းမြို့စားမင်း။ ရာဇဝတ်ဌာနတွင် အတွင်းဝန် ကျောက်မြောင်းမြို့စားမင်းတို့ကို။ အသီးသီး ဌာနချုပ်ခန့်ထားသည်။[၁]

၁။ မြန်မာမင်း ၂။ ခန်း ၂၉၆

တရားဌာနချုပ်။ ။တရားစီရင်ရာဌာနတို့တွင် အမြင့်ဆုံးအဆင့်။

တရားသူကြီးတို့ စီရင်သည်ကိုမှ အမှုသည်တို့သဘောမကျ မပြီးမပြတ်ရှိမူ။ တရားဌာနချုပ်ရှိလျှင် ဌာနချုပ်အရာရှိကြီးထံ သွင်းရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ဂဂ



www.burmeseclassic.com

www.burmeseclassic.com



**တရားတင်းကုပ်။** ။တရားစီရင်ရာဌာန။

ခုနှစ်ရက် တရားတင်းကုပ်သို့ ဝင်၍ စီရင်ပါမည်၊ ဟုတ်မှန်တော်တည့် လမ်းဟောင်းကို ဆွေးနွေးပါရစေ၊ တောင်းပန်၍၊ ဆွေးနွေးကြံစည်ရလေသည်၊ နောက် တရားတင်းကုပ်သို့ စီရင်ပါ။ ရောက်သည် အမှုသည် တရားခုနှစ်ရပ်ကိုရှိနှင့် ရင်း သေနာပတိတို့ စီရင်သော်လည်း မပြီး၍၊ သုခမိန် တရားတင်းကုပ်သို့ မင်းအာဏာနှင့်ဝင်ရရာတွင်၊ စီရင်သည်တရားကား ဤသို့တည်း။[၁]

၁။ မန်ုကျယ် ၁၅-၁၆

**တရားနာခံ။** ။တရားရုံးအရာရှိတဦး။

တရားနားခံမှာ။ တရားရုံးတွင် စွဲရင်းတရားမှု။ လွှတ်တော်အမိန့်မှတ်ချက် အရ ဆိုက်ရောက်လာသော အခြားဌာနက ဖြစ်ပွားသည့် တရားစကားမှုများကို တရားကြွင်းကျန်မရှိစေရ။ ဓမ္မသတ် ရာဇသတ် ပညတ်ပိုင်းခြားသည့်အတိုင်း။ အချေအတင်နှင့် စပ်၍ စစ်ဆေးသင့်သည့်အရာ။ သာမက လိင်္ကာ သက်သေတို့ကို စစ်ဆေးသင့်သည့်အရာ။ ကမ္ဘာလေးရပ်လမ်းတွင် သင့်လျော်ရာလမ်းကိုလိုက်စေ၍ စစ်ဆေးသင့်သည် အရာများကို တရားကြီး မိန့်ဆိုရာ နာခံရွက်ဆောင်ရသည်။ ဂရုမမွေ ါးပါးစည်လည်၊ ဘတ်ပြန်ရာလည်းလိုက်ပါရလေသည်။[၁]

အသက်တဆယ့်လေးနှစ်အရှိတွင်။ တရားမရုံးတော် တရားနာခံတော် ဦးမောင်ထံ။ အဘ-သံတော်ဆင့်မင်းက အပ်နှံ၍။[၂]

၁။ ရွှေနန်းသုံး ခန်း ၇၆ ၂။ ဗောဓိကုန်းဂူ ၂၀[၁၄]

**တရားနိုင်။** ။တရားစကားမှုတွင် အောင်နိုင်သူ။

ထိုကဲ့သို့တောင်းခံ၍ မပေးမရ နှေးလကြန့်ကြာကြောင်း တရားနိုင်က လွှတ်တော်မှာ လျှောက်တားရှိလျှင် ချည်နှောင်၍တောင်းခံရလေသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၇

www.burmeseclassic.com

www.burmeseclassic.com



တရားရာဇဝတ်ဌာန။ ။သိပေါမင်း၏ ၉ ဌာနအဝင်။

၁၂၄၂ ခုနှစ်။ ဝါခေါင်လမှာ တဖန်ပြန်လည်၍ ဝေပုံဌာန ၉ ရပ်ခွဲခြား သတ်မှတ် ပြဌာန်းချက်အသစ် ထုတ်ရသည်။ ၉ ဌာနဟူသည်ကား။ (၁) နိုင်ငံ ခြားနှင့်သာသနာပညာဌာန။ (၂) တရားရာဇဝတ်ဌာန။[၁]

၁။ မြန်မာမင်း ၂။ ခန်း ၂၉၆ (ဂ)

တရားရုံး။ ။တရားရုံးတော်ဌာနသည်ကား။ နန်းတော်ရှေ့သစ်တပ်ပြင်ဘက် ရွှေးတော်ပ တံခါးလမ်းမတော် ဝဲဘက်တွင်ရှိသည်။ ၎င်းလမ်းမတော် ယာဘက်က ရာဇဝတ် တော်ရုံးတော်နှင့် ယှဉ်ပြိုင်လျက်ဖြစ်သည်။ ယင်းသည့် တရားရုံးတော်တွင် တရာ သူကြီး ၂ ဦး အလှည့်ကျတက်၍ စီရင်ထမ်းရွက်ရသည်။[၁]

လက်ဆောင်တော်များနှင့် လက်ဆောင်စာရေးတို့ကို အကြပ်အမခန့်၍ အင်း မင်း ပြန်သောအခါ ရွှေရုံးမတော်နှင့် တရားရုံး ၂ ဘက် အကြားတွင်ဆက်ရမ အကြောင်းကို မှတ်စာပေး၍ စောင့်နေစေသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ဂဂ ၂။ လကဗဟ ၁၅၀

တရားသူကြီး။ ။တရားသူကြီးတို့ အင်္ဂါ ၅ ပါး ဂပါး ၁၂ ပါး ပဋိညာဉ် ၄ ပါးစသည်တို့နှ ပြည့်စုံစေသဖြင့်။ မနု မနော မနုသာရ ဓမ္မဝိလာသဝိနိစ္ဆယ ရွှေမျဉ်း မနုဝဏ္ဏန မနုကျယ် အဋ္ဌသံခေပဝဏ္ဏနာ စသောဓမ္မသတ်သုံးဆယ်ကျော်။ ဖြတ်ထုံးဖြတ် အထွက်အရှိများကို နှိုင်းညှိထောက်ထားဆင်ခြင်၍။တံဆိုး ၃ ပါး။ အဂတိ ၄ ပ လွတ်ကင်းစေလျက်။ နိုင်တန်သသူကိုအနိုင်။ ရှုံးတန်သသူကို အရှုံးဆုံးဖြ စီရင်ထမ်းရွက်ရလေသည်။[၁]

တရားသူကြီးဆိုသည့်အရာသည် ငါအသျှင်ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာ ရွှေပြည်တော်ကြီးဖြစ်၍။ ကျွန်တော်မျိုး အပေါင်းတို့သည်။ တယောက် တယောက် မနှိပ်မစက်စေရ။ ဆုံးမကွပ်ညှပ်စီရင်ရသည်။ တရားစကား အယ အတင်ရှိလျှင်လည်း တရားဓမ္မသတ်နှင့်အညီ စစ်ကြောစီရင်စိမ့်မည်။ တရားရုံးတေ တရားသူကြီး ၂ ယောက်။ ကျွန်တော်မျိုး ဆင်းရဲသားတို့ အစီရင်ခံလာလျှင် မနုဓမ္မသတ်တို့ကို ကိုင်၍စီရင်။ မတွေ့လျှင် မနောသာရရွှေမျဉ်း ၄ စောင်တွဲ

၁။ ရွှေနန်းသုံး ခန်း ဂဂ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်၍စီရင်။ မတွေ့လျှင် ဘောလောင်းတော်မင်းတရားလက်ထက်တော်၌ ကိုင်းစား မနုရာဇာတို့ စီရင်ထုံးသို့လိုက်၍ စီရင်ထုံး စီရင်နည်းရှိသည့်အတိုင်း စီရင်။ တရားမဖြစ်တန် မဖြစ်လောက်သည့် အမှုအခင်းကို အမှုသည်တို့ မောဟဂတိသို့လိုက်၍ အစီရင်ခံလာ သော်လည်း။ မစစ်မကြော မှုစီမရင်နှင့် အကျိုးအကြောင်းကို ပြသ ပြောဆိုရမည်။ သို့များကို အမြဲနှလုံးသွင်း၍ တုံဆိုးသုံးပါး အဂတိလေးပါးသို့မလိုက်ဓမ္မသတ်စာဟောင်း စီရင်ထုံးရှိသည့်အတိုင်း တရားကို နားလည်သည်နှင့်အညီတော်တည့်ဖြောင့်မတ်စွာ စီရင်။[၂]

တရားခံတို့ကို ခေါ်ငင်ရာ မလိုက်မပါ သုံးကြိမ်ရှိ၍၊ လုလင်မေးချက်နှင့်တကွ တရားသူကြီးတို့က လွှတ်တော်မှာ လျှောက်ထားရှိလျှင်။ လွှတ်တော်က အတင်းခေါ်၍ ရိုက်ဒဏ်ပေးပြီးလျှင် အပ်ရသည်။[၃]

ပြည်သူလူတကာတို့ကို အနိုင်အထက် ဖျက်ဆီးလုယက်သည်ကို မင်းကြီးနားကြားသော် မစိမစစ်မူကား၊ ပြည်စိုးအမတ်၊ တရားသူကြီးတို့သည် ငရဲလားရာ၏၊ စိစစ်မူကား ဘုန်းကြီးရာ၏။[၄]

တရားသူကြီးတို့သည်လည်း မမှန်သော်၊ ငရဲ။ တိရစ္ဆာန်။ ပြိတ္တာအသုရကာယ် အပါယ်လေးပါးသို့ လားရလိမ့်သတည်း။[၅]

၂။ ယင်း
၃။ ယင်း
၄။ ပနုကျယ် ၄၅
၅။ ယင်း ၄၈

တရော် ၇ မည်။ ။(၁) တရော်ဖြူ၊ (၂) တရော်ညို၊ (၃) ဘက်သက်၊ (၄)လက်ပန်း၊ (၅) ရင်နှောင်း၊ (၆) ပင်ဇာ၊ (၇)အုံတုံ။

တရင်းတက်။ ။ထန်းပင်များနှင့်ဆိုင်သည့် အသုံးအနှုန်း။ ထန်းတရင်းတက်သည် ထန်းပင်ရေ ၃၀ ခန့်ရှိ၏။[၁]

ထန်းတရင်းတက်လျှင် ခွန်မကြေး ဘူး အကဲ ၇၅° ရေးစား ၂၅° တိုင်စား ၂၅° ထန်းခေါင်းတို့က ဆော်ဘန်၍ အနောက်ရုံးတော်မှာ ပေးချိန်ရသည်။[၂]

၁။ သူရိယ ၁၉၃၁ ခု ဩဂုတ်လ ၁၁၃
၂။ မသဂ ၄၄။ ၈၂

www.burmeseclassic.com



မင်းမြေမှာ ထန်းတရင်းထက်လျှင် ခွန်မကြေး ၃ အကဲ ၇၅ ရေးစား၂၅ အခွန်ကြေးကို ကသောင်းမြောင်တိုက်မှာသွင်းရသည်။

ခ။ ယင်း ၇၃

တလား။ ။လူသေကောင်ကိုထည့်သော ခေါင်းတမျိုး။

ဇဝိးကွဲတာပ နန်းကကျ၍။ ငါ့အထံသို့ ရောက်လာသည်ဖြင့် သူကောင်းပြုမည်ကြံသည့်အတွင်း၊ ကံမမှီ၊ သေလွန်သည်ကို၊ တပြည်နှင့်တပြည် ရောက်လာသည့် သူကောင်းအမျိုးအနွယ်ဖြစ်၍ ရွှေတလားနှင့် ထီးဖြူအုပ်၍ ငါကိုယ်တိုင် သင်္ဂြိုဟ်တော်မူသည်။

ဘ။ ကဘဆ ၁။ ၃၀၂

တလိုင်းနဲ။ ။အင်းဝမင်းတို့ စည်တော်စုံတွင်အပါအဝင်။

အင်းဝမင်းစည်တော်စုံကား....ဝင်စည် ၅၊ ရွှေဗိန်း၊ တလိုင်းနှဲ ၃၊ စည်းဆုပ် ၁ ဆောင်သည်။

ပတ္တသာခါ။ လာသည့်လေညင်း။ သွင်းဟန်မလွဲ။ တလိုင်းနှဲတွင်။

၁။ လကဗဟ ၂၂၀ ၂။ ကုသ ပိုဒ် ၁၅

တာလပတ်။ ။ထန်းရွက်ယပ်။

ဂါမဝါသီ။ ဦးထုပ်ရုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား။ တာလပတ်ဖြူနီ၊ ဆောင်ရွက်ကြကုန်သော၊ အယူမညီသော ရဟန်းအပေါင်းတို့ကိုလည်း မိမိတို့အယူဝါဒအသုံးအဆောင်တို့ကို ပယ်စေ၍။

ခ။ ကဘဆ ၁။ ၇၁

www.burmeseclassic.com

www.burmeseclassic.com



တုရင်။ ။ကျောင်းစရပ် ရွှေအိမ်ရွှေနန်း ဝေါ အမိုး ခေါင် အုံ ထောင့်စွန်းမုတ်ထွက်တို့နှင့် မင်းဝတ်အင်္ကျီ၌ တပ်ထားသည့်အဆင်းတန်ဆာ။

မင်းသားတို့ အိမ်ဆောက်လျှင်မူလည်း၊ အမွှမ်းခြင်ပိတ်သင်းချော၊ တုရင်ပြား တပ်သည်။[၁]

မင်းသားတို့ ကျောင်းဆောက်၍လှူလျှင်၊ ထားဝယ် ၂ ထပ်ဖြစ်စေ၊ ဇေတဝန် သုံးထပ်ဖြစ်စေ၊ ဆောက်၍ မုတ်လုပ်သည်။ အမွှမ်းခြင်ပိတ် တုရင်ကို ရွှေပြည့် ထည့်သည်။[၂]

အဂ္ဂမဟာသေနာပတိဝန်ကြီးခန့်လျှင် အိမ်လံဘူးလည်အမွှမ်း တုရင်ဖျား သင်းချောတပ်သည်။[၃]

တော်နေရာတို့ ကျောင်းဆောက်လျှင် မုတ်ထုတ်၍....တုရင် ခေါင်သန်း ကြက်မောက်ကို ရွှေနှစ်စုံအနီတစုသည့်သည်။[၄]

ဝေါဆိုသည်မှာမြင်းမိုရ်တုယင်တပ်သည်။ ထမ်းစင်မှာ မြင်းမိုရ်ကျေးစေတိုင်။ ထောင့်အုံ ကျေးစေတိုင်တပ်ရသည်။ တုရင်မတပ်ရ။[၅]

ရွှေဗုဒ္ဓနံဆီအင်းကျီကြီး။ ဒုယင်တပ် လက်ရင်းလက်ဖျား အနားရွှေဇာသတ် အထည်ကြယ်စီအင်းကျီ ဒုယင်တပ် လက်ရင်းလက်ဖျားအနားချုပ်ရိုးရွှေဇာသတ်။[၆]

၁။ လကဗဟ ၂၃၃ ၂။ ယင်း ၂၃၄
၃။ ယင်း ၂၃၀ ၄။ ယင်း ၂၃၈
၅။ ရွှေနန်းသုံး ခန်း ၅၀ ၆။ မမမ ၉၆

တုရင်။ ။မင်းမိဖုရား မှူးကြီးမတ်ကြီး ကတော်ကြီးတို့သာ ဝတ်ဆင်ရသော အဝတ်တမျိုး။

ရတနာမျိုးဖြင့်ပြီးသော ပါသည်ကွေး၊ ကြိုးချုပ်တန်ဆာ စစ်ဝတ် ဒုယင်တော် ပတ္တမြားမောက်ရှူတော်ဆင်တော်မူသည်။[၁]

တုရင်သင်တိုင်း ကတ္တီပါစိမ်း လက်ရင်းလက်ဖျားခါးအောက် အနားပတ် ရွှေဇာတပူပြား ၂ဆင့် အတွန့်ပိန်းနဲ့ဆူးတပ်။[၂]

၁။ ကဘဆ ၁။ ၁၂၀ ၂။ ရွှေနန်းသုံး ခန်း ၁၅

www.burmeseclassic.com

www.burmeseclassic.com



တုရင်သင်တိုင်း ကတ္တီပါစိမ်း၊ လက်ရင်းလက်ဖျား ခါးအောက် အနားပတ် ရွှေဇာလေးသစ်။ ပစည်းတောင်တပ်။[၃]

မကိုဋ်မှတော်နှင့် ဘက်စပ်၍ ဝတ်ဆင်တော်မူသော ဝတ်လုံတော်ဟူသော ကိုယ်ဝတ်အဆင်းတန်ဆာတော်ကို ဒုရင်ဟူရင်း။[၄]

၃။ ယင်း ခန်း ၁၆ ၄။ သုတဝဓုနစာတမ်း ၁။ ၄၇

တုရင်။ ။မြင်းမှုထမ်းများကို ချီးမြှင့်သည့်ဘွဲ့။

ကျွန်တော်မျိုးအပေါင်းတို့နိုက်။ မုချအားဖြင့် မြင်းစီးသူကြီးတို့အား တုရင်ရာဇာ။ တုရင်ကျော်သူစသည်ဖြင့် ပေးတော်မူသော ဘွဲ့အမည်ကိုလည်း တုရင်ဂသဒ္ဒါ၊ မြင်းကိုဟောသောကြောင့်။[၁]

၁။ သုတဝဓုနစာတမ်း ၁။ ၄၇။

တုရင်။ ။တံခါးမှူး တံခါးစောင့်တို့။

တံခါးတွင်စောင့်နေရသောကြောင့် တုရင်ဆိုသည်။ တုရဂ် ဒွါရသည် မဂဓစကားဖြစ်သည်၊ မြန်မာပြန်လျှင် တံခါးဆိုသည်၊ ဘွဲ့ပုံပျားတွင်လည်း....တံခါးမှူး တံခါးစောင့်တို့ကို တုရင်အမည်၊ ဒွါရအမည် ပေးလေသည်။[၁]

မြေနန်းစမုတ်ဦး အရှေ့မင်းတက်တံခါးလက်ဝဲလက်ျာပြေ့သား တုရင်သားတို့ကို တဘက်လေးယောက်စီ ကြိမ်လုံးစွဲလျက် ပေါင်းထုပ်ရှက်ချွန်ကျော့ကွင်းတပ်ပေါင်း၍ စောင့်နေရသည့်အကြောင်းမှာ....ပြုစောထီးလက်ထက် မယ်တော်နတ်နဂါးကသားတော်အား အစောင့်အရှောက် နဂါးအမတ်ရှစ်ယောက်ထားသည်ကို အစွဲပြု၍ ဂဠုန် အန္တရာယ်ကြောင့် ကျော့ကွင်း၌ စိုက်သည့် သဏ္ဍာန်ပေါင်းထုပ်ရလေသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၂၆ ၂။ ယင်း ခန်း ၂၅

တုရင်ဗိမာန်။ ။ရာဇပလ္လင် ဥကင်မှ အစိပ်အပိုင်းတခု။

ရာဇပလ္လင်ဥကင်းမုတ်ထွက်အထက် တုရင်ဗိမာန်တွင် သိကြားရုပ်နှင့် မှန်စီ၍ ထားသည်မှာ သာသနာတော်ကိုစောင့်ထိန်း၍ မကောင်းသသူကို မကောင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက် ကောင်းသည့်သူကိုကောင်းလျှောက် ချီးမြှောက် နှိမ့်ချခြင်း၌ မှန်ကန်တော်တည့်ဖြောင့်မတ်စွာ အကျွန်ုပ်ကဲ့သို့ပြုတော်မူပါ အမှတ်ပေးခြင်းငှာ....တုရင်ဗိမာန်တွင် သိကြားရုပ်၏ နဖူးနှင့်အမျှ ရှေကမှန်တိုင်စိုက်ထားလေသည်။[၁]

ရာဇပလ္လင် ဉကင်၊ လက်ဝဲလကျ်ာ ပုဒုမာကြာပွင့်ခံ၍ သား မြီး ယပ် စွဲ လျက် လက်ဝဲ ၁၆ ရုပ် လကျ်ာ ၁၆ ရုပ် ပေါင်း သုံး ဆဲ့ နှစ် သိ ကြား ရုပ် ထု လုပ် သည့် အကြောင်းမှာ ကေရာဇ်မင်းမြတ်တို့ တုရင်ဗိမာန် တွင် သိကြားရုပ်တစ်နှင့် သုံးကျိပ်သုံးယောက်သော သိကြားတို့ ပတ်လည်စောင့်ရှောက်ဟန်ဖြစ်သည်။[၂] ၁

၁။ ရွှေဘုံနိဒါန်း ခန်း ၃ ၂။ ယင်း ခန်း ၈

တုရင်ဝမ်း။ ။တုရင်ဗိမာန်၏ ဝမ်းခေါင်း။

တုရင်ဝမ်းတွင် နဝရတ်ကိုးပါးနှံ့ထားသည်မှာ ပုလဲသန္တာနီလာစိန်ကြောင် ဂေါမိတ်ဥဿဖယားပတ္တမြားမြကျောက်ကိုးပါးသည် ဘေးအန္တရာယ်ကို ပယ်စေ တတ်သည်။[၁]
၁

ရာဇပလ္လင်။ဉကင်မုတ်ထွက်။ထက်ဒုရင်ဖျား။မဏ္ဍိုင်ထား၍။သိကြားနေတမ်း။ ဒုရင်ဝမ်းတွင်။ပြိုးပြွမ်းနဝရတ်။စီခတ်နှံ့ပြီး။ကိုယ်စီကပ်ရံ့။ခြသေ့ ခံမှု။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၄ ၂။ ကုသ ပိုဒ် ၁၁

တုရိုင်းတိုင်။ ။မြို့တော်တံခါးအနီး နန်းတော်တံခါးအနီးတွင် စိုက်ထူထွားသည့်တိုင်။

'မဟာနဂရ။ မြို့တွင်းပဌ်၊ ဂေါမုတ္တဝင်။ မှာချင်ကျောက်စစ်။ တိုင်ရှားနှစ်ကို။ စိုက်လစ်ကာသော်။ မြေပေါ်မြေဝင်။ တူပင့်အမျှ။ ရှစ်မြှောင့်ပြ၍။ ထူးစွပန်းပု။ ခြယ်မှုပန်းချီ။စိုက်မှီဝယာ။တောရဏာဟ။ ကျမ်းလာပိုင်ပိုင်။ တုရိုဏ်းတိုင်လည်း။ ခိုင်ခိုင်မို့မို့။[၁]

၁။ ကုသ ပိုဒ် ၁၀

တူရိယာငါးပါး။ ။တူရိယာငါးပါး ဟူသော်ကား။ အိုးစည်။ စည်ပုတ်အစရှိသော တဘက်ပိတ် စည်လည်း တပါး။ မုရိုးစည်အစရှိသော နှစ်ဘက်ပိတ်စည်လည်း တပါး။ ထက်စည် အစရှိသော အလုံးစုံကြက်သော စည်လည်းတပါး။ မောင်းကြေးနှင်းခွက်ခွင်း

www.burmeseclassic.com

www.burmeseclassic.com



အစရှိသော တခဲနက်စည်လည်းတပါး။နဲ့မြွေခရုသင်းအစရှိသော အခေါင်းရှိသော စည်လည်းတပါး။ ဤငါးပါးတည်း။°

၁။ မှန်နန်း ၁။ ခန်း ၄၈

တူရှင်း။ ။အကြွင်သူတို့သည် လယ်ပင်အလုပ်ငှား၏....ချင့်ကိုအပ်သောထား၊ တူရှင်း ပျောက် မူကား အစားဆပ်စေ။°

တူရှင်းထားပုဆိန်နှင့် တပ်ရင်းသို့ချည်း၍ တပ်တိုင်ကို ခုတ်ဖြတ်တူးဖို့စေသည်။²

ရုံးတော်က အမြောက်သံပေး၍ တညီတညွတ်တည်း ရွှေတူရှင်း ငွေတူရှင်းနှင့် မြေစနစ်ပြီးလျှင် ရွှေအုတ်စ၍ စီလုပ်ကြရသည်။³

၁။ မနုကျယ် ၄၄ ၂။ ကဘဆ ၁။ ၁၀၉
၃။ ယင်း ၁။ ၇၀

တဲကား။ ။အရောင်းအဝယ်ပြုလုပ်သူတမျိုး။

ရေကြောင်းကြည်းကြောင်း ဘောက်ကားရောင်းဝယ်သည့် ကုန်သည် တဲကား မူစ၍ ဆိုင်ကန္တားရောင်းဝယ်သူတို့များမှာလည်း။°

ကုန်သည်တဲကား တို့မူကား။ အရိုးအစည်ရသည်အတိုင်း ပုသိန်မြို့ဝန်စစ်ကဲ နားခံ စာရေးတိုဝ်ႉက ကောက်၍ဆက်စေ။²

၁။ ရွှေနန်းသုံး ခန်း ၈၁ ၂။ အလမအ ၃၈

တနန်းတော်။ ။ဘုရင်မင်းမြတ် ခရီးထွက်ရာ၌ လမ်းတွင်စခန်းချ တည်းခိုသော ယာယီနန်းတော်။

စံတော်မူရန် သာယာကြီးကျယ်စွာ တနန်းတော်အသင့် ဆောက်ထားပါသည်။°

အမိန့်တော်ရှိသည် မင်းကြီးနေဘ်ရထာတပ်ကို တနန်းတော်ဆောက်၊ ခန့်တော် မူသည် ခရီးအထောက်အလှန် တော်သင့်ရာ တပ်အချ အရပ်အနေမြက်ရေနီးစင်

၁။ ကဘဆ ၁။ ၁၀၃

www.burmeseclassic.com



ရာအရပ်ကိုထောက်၍ သစ်ဝါးသက်ကဲ ရှားလျှင်ရှားလိုက်၊ ပေါလျှင်ပေါလိုက် လျော်က်ပတ်အောင်ဆောက်လုပ်ရမည် တဲနန်းတော်အနီးအပါးတွင် မသန့်မစင် မရှိစေနှင့် တဲနန်းတော် အဆောက်အလုပ်အမှုနှင့် စပ်သမျှကို မင်းကြီးနေ်ရထာ တပ် စစ်ကဲနန္ဒစည်သူ လူစုနှင့်တကွ မဟာဗိုလ်ကို တလုံးတဝတည်စီရင်ရမည်။[၂]

၂။ အလမအာ ၁၅၆

တော်။ ။နေရာငါးသွယ်တွင် အမြင့်ဆုံးအဆင့်။ ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် တော် နေရာထက် အဆင့်မြင့်သော နေရာလေးသွယ်ရှိလာ၏။

ရာမညတိုင်းသားတို့ဘာသာဖြစ်သည်၊ မြန်မာဘာသာပြန်လျှင် တော်ဆိုသည် မှာ ကွန်းစင် ဆိုသည်။[၁]

တော်ဒူးနှစ်မည်။ စနည်းသဘင်။ တွင်းပြင်ဘဝေါ။ သဘောရည်ရွေး နေရာ ပေး၍။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၂၈ ၂။ ကုသ ပိုဒ် ၉

တော်ချွန်နေရာနေ။ ။ကုန်းဘောင်ခေတ်တွင်မှ ပေါ်ပေါက်လာသော နေရာငါးသွယ်ထက် မြင့်သော အဆင့်တဆင့်။ တော်ချွန်နေရာ ၂။

တော်ချွန်နေရာဟူသည်။ တော်နေရာပိုင်း ရွှေဆုံးထောင့် အချွန်က ခစား ရသည်ကိုဆိုသည်။[၁]

တော်ချွန်နေရာတို့ရသော အဆောင်အရွက် အစီးအနင်းမှာဗောင်းကတ္တီပါနီ ရွှေသားပန်း ၉၊ တမာရွက်ထောင် ၉။ ရွှေနားတောင်း ကြက်ရင်အနားဆူး၂ထပ်။ ကတ္တီပါဝတ်လုံဖဲရံ ရွှေဖျင် ၁ တဆင့်တပ်။ ရွှေစလွယ် ၉ သွယ်။ ဘွဲ့ဖြူ ရွှေမြိတ်ဂံ။ မောက်တို ရွှေပိန်း။ ရွှေကုံးစိန်တောင် ၁၂၊ ရွှေထိပ်ရွှေထွတ်၊ ငှက်မနားစိန်ပွင့် ၁၂။ ပါးကာနားကာ ရွှေကာနောက်ကာ မောက်ရူပါလည်ကေး ကတ္တီပါနီယက်ပြားသတ်။ မျည်းတို ကတ္တီပါစိမ်း ယက်ပြားသတ်။ မျည်းရှည်

၁။ ပယ်နု ၁၈၅

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါနီယက်ပြားသတ်။ ကွမ်းခွက် တကောင်းပိတ် လက်ဖက်အိုး ၈ ထောင့်။ ငွေထွေးအင်။ ထားခွေးမခွေးငယ် နောက်ပိတ်ပတ္တမြားစီ အိမ်မည်သရီမွှမ်းသံပတ် ရတန် ပတ္တမြားစီ၊ ရင်းဖြားသက္ကဒါန် ၄ ခံ ပတ္တမြားစီ။ ထီးနီညောင်ရွက် ၂ဆင့်။ ညောင်ရွက်ရေ ၂၄ အချက်အထွတ်ရွှေ။ ကျိုင်း ၁ အထွတ်ရွှေ။ မြင်းကကိုင်း ညောင်ရွက် ၇။ သမ္ဘာရာခွံရက်ဘောက် ကတောင်ဆွဲ ဆက်ပါးကာ ရွှေဇဝ ါပိန်း နှင်းနှင်းသိပ် အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ ကတောင်ရွှေရေး ဇာမရီရုပ် ပန်းခက်ကိုက် အနားသံ ၄ ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း မြီးဖြန်း ရင်ပတ် သက္ကလပ် ကြိုးရွှေကြယ်တပ် စီးနှီးသက္ကဒါန်သက္ကလတ်တင်ရမ်း၊ ဆက်ယွန်း ၃ဆင့်။ ထမ်းစင် တလဲ ၉ ဝန်း ဘိနပ်ကုလားပန်း အိမ်ညောင်ရွက် အတွင်းကုလားပန်း ဘောင်းထိပ်ဖခယောင်းပွင့်၊ ခါးပန်းကပွတ် ကြာနုတမြုံ့ခြုး။ ကမွတ်နားအတွင်း ပြင်ပွတ်ခြမ်း၊ စက်ဘီလူးခေါင်း အတွင်းကြယ်နား ကုလားပန်း ညောင်ရွက် တမြုံ့ခြုး ကြက်ရင်ကုလားပန်းအိမ်ညောင်ရွက်၊ အတွင်းကုလားပန်း ထောင့်အုပ် ကျေးစေတိုင် အဖြေမြင်းနား။ လျောက် ၅ ဝန်း ထုတ် ၃ ဝန်းထုပြောက်အနီသုတ် ခါးပန်းစက်မှာ လက်ဝဲလကျါ ၂ ဝန်းစီ နောက် ၂ ဝန်း ရွှေတဝန်း၊စက်အတွင်း ဆင်စွယ်ကြယ် စက်နားညောင်ရွက်ဆင်စွယ် ကြက်ရင်ကုလားပန်း အိမ်ဆင်စွယ် ၂ တန်း လည်သည်းဆင်စွယ် မှော်သေးကျေးစေတိုင်ဆင်စွယ်တောင်ထိပ်ဘရောင်း ပွင့်အချက်ဆင်စွယ်။ ဆင်ပေါင်းဝန်း အထွတ်ရွှေ၊ အမိုးအနက် ကတောင် အရပ်ရွှေ အလယ်ကြယ်ပွင့် ကခွက်ရွှေ ၁ စု အနီ ၂ စု၊ ရဲကခွက်အနီ ကပောင် အရပ်ရွှေ အလယ်ကြာပွင့် အလံကျည် လှံကျည် အနီသုတ် သက္ကလတ်ကြိုးလုံး။ စည်နီရ၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်းကွင်း ၁၊ လှော်ကားဦး ငှက်ပျံရုပ် ၄၊ ပဲ့ငှက်ပျံရုပ် ၆၊ ဆံထုံးတဘက် ဘရုံထုံး ပရိတ်ချည် ၃ ဆင့်၊ ခင်တုရင်အမိုးအုံနီ ပဲ့ဘိတုရင် လုင်တိုင်ထောင့်ဖြေပန်းဆုပ် ကြေးကြိုးငွေကတော့၊ အောင်းနီဦး ၁ ပွင့်၊ ပဲ့ ၂ပွင့်၊ တက်မအနီလှော်တက်ဖြူ။ အိမ်လည်ပေါ်ဆောင်၊ လည်ရပ် ၂၊ အိမ်သာမိုးလွတ်၊ အမွှမ်းခြင်ပိတ်၊ ချိယောင် ဆောက်ကြောင်းလွတ် သင်ပုန်းခေါင်းတပ် ဝင်းခြံရက်ဘောက် ၅ တန့် အဖြား ၂ ဘက်ချွန်၊ ကြက်ခြေသန့် ဝင်းရပ် ၆ တံခါးပရွက်ကြောင်း ကမွတ်သတ် အဖြေတပ်။'

၂။ မြန်မာမင်း ၄။ ၄၇၉

တော်နေရာနေ။ ။တော်အဆင့်တွင်နေရသူ အရာထမ်းများ။ ညောင်ရမ်းခေတ် တော်နေရာနေတို့၏ အဆောင်အရွက်သည် ကုန်းဘောင်ခေတ်နှောက်ပိုင်း"တော်နေရာနေတို့၏ အဆောင်အရွက်နှင့် ကွဲပြား၏။ မန္တလေးခေတ်တွင် တော်နေရာ ၄၈ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမည်ရတော်နေရာနေတို့ကို ပေးသည်စည်ကား၊စည်နီ ၇၊ ပုံသာ ၁၊စည်ပုတ် ၁၊ လင်းကွင်း ၁၊ ငွေနှဲကြီ.ငယ် ၂၊ ခရာပေးသည်။[၁]

ဝန်ကြီးတို့မှစ၍ တော်နေရာတို့ကို ထီးနီပေးလျှင် ထီးနီအရိုးနီ၊ အချက်ရွှေ ညောင်ရွက်တဆင့် စ၍ပေးသည်။ သည်နောက် ညောင်ရွက် ၂ ဆင့် ပေးသည်။ သည်နောက် ညောင်ရွက် ၃ ဆင့်ပေးသည်။[၂]

သည်နောက် တော်နေရာသို့ ရောက်လျှင် ထားအိမ်မည်သရီမွမ်း သံပတ် ၅တန် ပေးသည်။ သည်နောက် ထားမည်သရီမွမ်း သံပတ် ၇တန် ဆင့်၍ပေးသည်။[၃]

တော်နေရာသို့ ရောက်လျှင် ကျိုင်း ၁ ပေးသည်။ တကောင်းပိတ်ပေးသည်။ ထမ်းစင်လက်ခတ်ပေးသည်။ မြင်းကရွှေဇဝါ ကတောင်ရွှေရေးအောင်းတင်ရန်း ငွေထွေးအင်ပေးသည်။ သည်နောက် သံလျင်းတလဲ ငါးဝန်း ထီးနီ ညောင်ရွက် တဆင့် သံလျင်းတလဲ ၇ ဝန်း၊ ထီးနီညောင်ရွက် ၂ ဆင့် ၃ ဆင့်၊ ပေးသည်၊ သက္ကလတ်တင်ရန်းပေးသည်။ ရည်ဖြူပေးသည်။[၄]

ဝင်းမှူးတို့ တော်နေရာသို့ ရောက်လျှင် သည်လှေမှတ်တွင် ပရိတ်ခြည်နှင့် ခင်တယင် အမွှမ်းခြင်ပိတ်ကို တိုး၍ပေးသည်။[၅]

တော်နေရာသို့ ရောက်မှ လှော်ကား ပရိတ်ခြည် ခင်တယင်အမွှမ်း ခြင်ပိတ်နီ အမိုးနီ မလှေမှတ်တို့ကို ပေးသည်။[၆]

မြို့ဝန်တော်နေရာသို့ ရောက်လျှင် ပရိတ်ခြည်နှင့် ခင်တယင်အမွှမ်း ခြင်ပိတ်အမိုး နီကိုဆင့်၍ပေးသည်။[၇]

တော်နေရာတို့မှာ မြင်းမှူးတို့နည်း မြင်းကြိုးကကိုစီးသည်။[၈]

၁။ လကဗဟ ၂၂၁
၂။ ယင်း ၂၂၃
၃။ ယင်း ၂၂၅
၄။ ယင်း ၂၂၇
၅။ ယင်း ၂၃၀
၆။ ယင်း
၇။ ယင်း
၈။ ယင်း ၂၃၁

www.burmeseclassic.com

www.burmeseclassic.com



မှူးတော်မတ်တော်တို့မှာ တော်နေရာသို့ရောက်လျှင် သက္ကလတ်တင်ရန်း ပိုးစုံ သတ်ပန်းပွား ပေး၍ စီးရသည်။[၉]

တော်နေရာသို့ရောက်လျှင် မြင်းကြိုးကနည်းတူတွင် ညောင်ရွက်ခုနှစ်ချပ်၊ မြင်းကြိုးသက္ကလတ်မွမ်းသင်းချော စီးသည်။ ခမောက်တင် ဟင်းသပတားသုတ်ကိုဆောင်သည်။ ဆေးတံဖျားရွှေချူဆွဲ ချင်စွပ်ကိုဆောင်သည်။ အရင်းမိုးကြိုးကွပ် ရွှေပရိတ်ခြည်ကိုဆောင်သည်။ ရွှေခြည်ပါခြေနင်းကို စီးသည်။ ကျောင်းဘုရားသွားလာလျှင် ပန်းနှစ်ပုဆိုး သုဂန်ပုဆိုး ဖဲပုဆိုးကို ဝတ်ဆင်သည်။ ဝါဝင်ဝါကျွတ်သဘင်တော်တက် နောက်တော်လိုက် လွှတ်တက် ရုံးတက်မှာမူကား မဝတ်မဆင်ရ၊ စက်အနားပါပုဆိုးကိုသာ ဝတ်ဆင်ရသည်။ မည်သူကို သဘင်တော်တွင် နောက်တော်လိုက်ကို မည်သည်ပုဆိုးကိုဝတ်စေ အမိန့်တော်ရှိမှ ဝတ်ရသည်။ စလွယ်ရလျှင် ဝတ်လုံကတ္တီပါဝတ်ရသည်။

အဂ္ဂမဟာသေနာပတိဝန်ကြီးခန့်လျှင် မှီအုံးရွှေဖရုံကို သက္ကလတ်မွမ်းကို ဆောင်သည်။ အိမ်လံဘူးလည်အမွမ်း တုရင်ဖျားသင်းချောတပ်သည်။ အိမ်ခြံမြင်းခြံကပ်ကာသည်။ ခြံတံခါးရွက်နှစ်ဖက် ရက်ဖေါက်သုံးတန်လျှိုသည်။

တော်နေရာတို့ ကျောင်းဆောက်လျှင် မုတ်ထုတ်၍ အမွမ်းခြင်ပိတ်၊ တုရင်ခေါင်းသန်းကြက်မောက်ကို ရွှေနှစ်စုအနီတစုထည့်သည်။ စိန့်ဖူးတပ်သည်။ အတွင်းအရိပ်နေ ခုံပန်းဘောင်လှပြင် ဆင်ကပ်ပတ်လည် ခုံပန်းဘောင်လှထည့်၍ အုတ်လှေကား ၃ ဆူထည့်သည်။ အတွင်းရိပ်နေ မာရဘင်ကို ရွှေနှစ်စုံ၊ အနီတစုတိုင်ကိုကမွတ်စည်း၍ ရွှေပိန်းထည့်သည်။

တော်နေရာတို့ အဖအမိအစ်ကို ညီမယားသေလွန်လျှင် ပျဉ်အဖုံးကမွတ်ကို ရွှေထည့်၍ ဝါးခုံချင်ပုနှင့် သင်္ဂြိုဟ်သည်။[၁၀]

တော်နေရာတို့မယားဖြစ်လျှင်သွားလာလျှင် သံလျင်းစီး၍ ရွှေလုလင်စည်နှစ်စည် စည်သွားသည်။[၁၁]

ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် တော်နေရာနေတို့ရသည့် အဆောင်အရွက်များမှာ ဗောင်းကတ္တီပါနီ ရွှေသားပန်း ၉ တမာရွက်ထောင် ၉။ ရွှေနားတောင်း

၉။ ယင်း ၂၃၂ ၁၀။ ယင်း ၂၃၀-၉
၁၁။ ယင်း ၂၄၀

www.burmeseclassic.com

www.burmeseclassic.com



ကြက်ရင်း အနားဆူး ၂ ထပ်။ ကတ္တီပါဝတ်လုံ ဖဲရံရွှေဖျင် ဗိတဆင့်တပ်။ ရွှေစလွယ် ၉ သွယ်။ ဘဲ့ဖြူရွှေမြိတ်ဂံ။ မောက်တိုရွှေပိန်း ရွှေကုံးစိန်တောင် ၉။ ရွှေထွတ် ရွှေထိပ် ငှက်မနား စိန်ပွင့် ၁၂။ ပါးကာနားကာ ရွှေကာနောက်ကာ မောက်ရှုပါ လည်ကွေး ကတ္တီပါနီယက်ပြားသတ်။ မျည်းတို ကတ္တီပါစိမ်းယက်ပြားသတ်။ မျည်းရှည် ကတ္တီပါနက်ယက်ပြားသတ်။ ကွမ်းခွက် တကောင်းပိတ် လက်ဖက်အိုး ဂထောင့်။ ငွေထွေးအင်။ ထားအဆောက်ကတ္တီပါအနက်မှုမ်း ရင်းဖြား ခွေးမ ခွေးငယ် သမွတ်ရတန်ရွှေသား ကျောက်အိမ်ပါ အိမ်ကတ္တီပါနက်မှုမ်း ရင်းဖျား ခွေးမ သမွတ်ရတန်ရွှေသား ကျောက်အိမ်ပါ။ ထီးနီညောင်ရွက် ၁ ဆင့် ညောင် ရွက်ရေ ၁၂ အထွတ်ရွှေ။ ကျိုင်း ၁ အထွက်ရွှေ။ မြင်းကကိုင်းညောင်ရွက် သမ္ဘာရာခွံရက်ဖောက် ကတောင်ဆွဲ ဆက်ပါးကာရွှေဇဝါပိန်း နှင်းနှင်းသိပ် အိမ် မြောင်ရင်ပတ်ကွင်း ငွေဇဝါကတောင်ရွှေရေး ဇာမရီရှပ် ပန်းခက်ကိုက် အနား သံ၄ံ ရွှေပိန်း။ ဦးခက် ထိပ်ထောင်း မြီးဖြန်း ရင်ပတ် သက္ကလတ်ကြိုး ရွှေကြယ် တပ် စီးနှီးသက္ကဒါန် သက္ကလတ်တင်ရမ်း ဆက်ယှန်း ၃ ဆင့်။ ထမ်းစင် တလဲ ၉ ဝန်း ဘိနပ်ကုလားပန်းအိမ်ညောင်ရွက် အတွင်းကုလားပန်းဘောင်ထိပ် ဖယောင်းပွင့် ခါးပန်းကမွတ်ကြာနုတမြုံခြူး ကမွတ်အနားတွင်းပြင် ပွတ်ခြမ်းစက်ဘီလူးခေါင်း အတွင်းကြယ်နားကုလားပန်း ညောင်ရွက်တမြုံခြူး ကြက်ရင်ကုလားပန်းအိမ် ညောင်ရွက် အတွင်းကုလားပန်း ထောင့်အုပ်ကျေးစေတိုင် အဖြေမြင်းနား လျောက် ၅ ဝန်း ထုတ် ၃ ဝန်း ထုပြောက်အနီသုတ် ခါးပန်းစက်မှုလက်ဝဲသကျာ ၂ ဝန်းစီ နောက် ၂ ဝန်း ရွှေ ၁ ဝန်း၊ စက်အတွင်း ဆင်စွယ်ကြယ်၊ စက်နားညောင် ရွက်ဆင်စွယ် ကြက်ရင်ကုလားပန်းအိမ်ဆင်စွယ် ၂ တန်း လည်သည်းဆင်စွယ်မှော် သေး၊ ကျေးစေတိုင်ဆင်စွယ် ဘောင်ထိပ်ဖယောင်းပွင့်အချက်ဆင်စွယ်။ ဆင် ပေါင်းဝန်း အထွတ်ရွှေ အမိုးအနက် ကာတောင်အရပ်ရွှေ အလယ်ကြာပွင့်၊ ကခွက်ရွှေ ၁ စု အနီ ၁ စု။ ရဲကခွက်အနီ ကာတောင်အရပ်ရွှေ အလယ်ကြာပွင့်၊ အလံကျည် လှံကျည်အနီသုတ် သက္ကလတ်ကြိုးလုံး စည်နီ ၇၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်ကွင်း ၁၊ လှော်ကားဦးငှက်ပျံရုပ် ၄ ပဲ့ငှက် ပျံရုပ် ၆ ဆံထုံးတဖက် ပရိတ်ခြည် ၂ ဆင့် ခင်တုရင်အမိုးအုံ့ဖြူ လုလင်တိုင်ထောင့် ဖြေ ပန်းဆုတ်ကြိုးနီ ကတော့်သစ်ပွတ်ချိပ်နီ၊ အောင်နီဦးတပွင့်၊ ပဲ့တပွင့်၊ တက်မနီ လှော်တက်ဖြူ။ အိမ်လည်ပေါ် ၃ ဆောင် လည်ရပ် ၂ ဆောင် အိမ်သာ မိုးလွတ် အမှုမ်းခြင်ပိတ် ကြေးကွေးရောင်ဆောက်ကြောင်းလွတ်၊ သင်ပုန်းခေါင်း တပ်၊ ဝင်းခြံရက်ဖေါက် ၅ တန့် ဝင်းရပ် ၁၂ တောင် ၂ မိုက် ကြက်ခြေသန်းအဖြား ၂ ဖက်ချွန်၊ တံခါးပရွက်ကြောင်း ကမွတ်သတ်အဖြေတပ်ဖြစ်၏။[၁၂]

၁၂။ မြန်မာပင်း ၄။ ခန်း ၄၇၉

www.burmeseclassic.com

www.burmeseclassic.com



တော်နေရာဦး။ ။တော်နေရာဆက်မြင့်သောအဆင့်။ ကုန်းဘောင်ခေတ်တော်ချွန်နေရာ (?)

တော်နေရာသို့ရောက်လျှင် ကျိုင်းခံပေးသည်....သည်နောက် တော်နေရာဦး သို့ရောက်လျှင် ကျိုင်းကြီးငယ် ဆင်စွယ်ချက်ပြည့်ပေးသည်။ ဆင်ပေါင်းဝန်းနက် အချက်ရွှေပေး၍ စီးနင်းရသည်။[၁]

၁။ လကဗဟ ၂၂၈

တော်ပြောင်း။ ။မယား ၃ ပါးအဝင်။

မယားကြီး။ တော်ပြောင်း ကြေးပေါင်ဟူသော မယား ၃။ တနည်းအပြောင် ၆ ပါး။[၁]

၁။ ရွှေနန်းသုံး ခန်း ၀၀

တော်လည်း။ ။သစ္စာတော်ရေ မြေသို့ရောက်လျှင် မြေကြီးလျှောင် ပြင်းစွာတုန်လှုပ်၏ တော်လည်း၏ မိုးအုံ့၏ လျှပ်ပြက်၏။[၁]

၁။ အလဘ ၃၆

တောကဲ။ ။ကျေးရွာအရာရှိတမျိုး။

ဥယျာဉ်ရွာတွင် စချီ ပြည်စိုး တောကဲရိုး မရှိ၊ မြေတိုင်တရိုးသာ ရှိသည်။[၁]

ထိုပြို့ရွာမှာ အုပ်ချုပ်ရသော သူကြီး မြေတိုင်။ တိုင်ခေါင်း။ ရွာခေါင်း။ တောကဲးများပါ သဘောတူခွင့်ပြုလျှင် မြေများကို။ ကပ္ပါးများလုပ်ခွင့်ရသည်။[၂]

၁။ ဥယျာဉ်ရွာစစ်တန်း ၆၄ ခု ၂။ မြန်မာမင်း ၄။ ခန်း ၄၂၄

တောတိုးမြက်ခတ်။ ။တောတိုးမြက်ခတ်မှာ လုပ်သားတဦးလျှင် ကြေး ၁၀ စိ ပေးရပါသည်။ တိုင် ၃ တင်းနှင့် တင်းနှီးလက်ခုပ်မှတ်သည်များကို မြေတိုင်စားရပါသည်။[၁]

၁။ အနိမ့်ရွာစစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



တောပုန်း။ ။တောတွင်ပုန်းအောင်းနေသော သူပုန်၊ သူဆိုး။

အင်းဝပျက်တွင် ဇင်းမယ်သို့ရောက်သည် တပါး။ ဇင်းမယ်ကမှ၊ မုဆိုးဘိုသို့ ရောက်၍ ဆင်ဖြူရှင်မင်းတရား ကသည်းပြည်က အပြန်တွင် တောပုန်း လိုက်ရာ ဆုံးလေသည်တပါး။[၁]

၁။ မှန်နန်း ၃။ ၄၀၂

တောရဏ။ ။တုရိုင်တိုင်။

တောရဏ ဟု။ ကျမ်းလာပိုင်ပိုင်။ တုရိုဏ်းတိုင်လည်း။[၁]

၁။ ကုသ ပိုဒ် ၁၀

တက်ခြင်း။ ။ မင်းလှေတော်များ လှော်ခတ်ရာတွင် သီဆိုသောသီခြင်း။ တက်ချင်း ၃၇ ရှိသည်ဆို၏။

ရေတပ်တော်ကလည်း အကုန်ထွက်၍ တက်ရေး တက်ချင်းနှင့် စုန်ဆန်ကစား၍ စစ်ရေးပြစေသည်။[၁]

ရွှေဘောင်ရွှေလောင်း မြစ်ကြောင်းပိတ်မျှ။ တက်ရေး တက်ချင်း ငြင်းငြင်း ခြေးခြေး။ ကြွေးကြော်ကြူးရင့်သော အသံ။[၂]

၁။ ကဘာဆ ၁။ ၁၃၂ ၂။ ယင်း ၁၈၈

တက်တစင်းစား။ ။လှေဘောင်အမှုထမ်းတို့ စားရသောမြေ?

ပုလဲပံပေါက်သူ(ကြီး) ကျွောင် ဝတ္တု တက်တစင်းစား သေင် ၅ ပဲ လဲရှည် ၅ ပဲ လက်ဆောင်ရွှေ ၅ ကျပ်။[၁]

၁။ ရန်အောင်မြင်ကျောက်ငယ်မြောက်မျက် ၁၇

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကုန်ချိတ်ကုန်။ ။အလေးချိန်နှင့် ရောင်းဝယ်သော ကုန်များ။

ပွဲမှာ မြို့သူကြီးကခန့်ထား၍ တိုက်ကုန်ချိတ်ကုန်ငွေ ၁ဝိ ကိုရောင်းဝယ်လျှင် ၁ူ ကောက်ရိုး။[၁]

၁။ ရှာသာမြို့စစ်တန်း ၄၅ ခု

တိုက်စု။ ။ခရိုင်အပ နယ်များကို တိုက်ခေါ်သည်။ထိုတိုက်များ စုထားသည်ကို တိုက်စုခေါ်၏။

တောင်ဘက်တခွင် စလင်္ဂသူရှာမှ စ၍ မြို့စု တိုက်စု မြို့အုပ် တိုက်အုပ် ဗိုလ်မှူး တပ်မှူးတို့နှင့် ကြည်းတပ်ရေတပ် စည်းကြပ်လိုက်ထမ်းကြရသည်။[၁]

၁။ ကဘဆ ၁။ ၁၂၅

တင်လဲ။ ။ဆဲ့နှစ်မှမင်းတိုင်းအဝင်အပါ။

ဆက်တေစပ်ရန် တင်လဲးကို ဆက်သွင်းရခြင်း ဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁ဝ

တောင်စမုတ်။ ။မိဂါသနပလ္လင် ရှိရာအဆောင်၊ ဤအဆောင်တွင် တောင်စမုတ်လက်စွဲတို့ ဝင်ရောက်ထမ်းရွက်ကြရသည်။

ပဥ္စင်းတော် ကထိန်တော် ဝါကျွတ်အလှူတော် ဆင်ဖြူ မြင်းဖြူ လှော်ကား သဘောကို သွင်းသည့်ကာလ တောင်စမုတ် တော်သို့ ထွက်တော်မူ၍ ရွှေကရားနှင့် ရေစက်သွန်းတော်မူခြင်း။[၁]

မြားမြောင်ပြည်ရေး၊ ဆွေးနွေးပြုရာ၊မင်္ဂလာသစ်ဆန်း၊ ရေသဖန်းဖြင့်၊တင့်ရွှန်း ခုံပျံ့၊ သားရဲခံလျက်၊ ဝင်းလျှံ့ထိန်ဝါ၊ မိဂါသန၊ ပလ္လင်လှနှင့်၊ မည်ရမှန်ဟုတ်၊ တောင်စမုတ်တည့်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၉ ၂။ မဃဒေဝ ပိုဒ် ၄၃



www.burmeseclassic.com

www.burmeseclassic.com



**တံပက်။** ။အမျိုးသမီးများ ခြုံသည့်အထည်အဝတ်။

ရွှေဖြအ်ပြီသဝ် မင်ဝတ်ပုဆိုင်အ‌ဂြိုဟ် မင်မိဘုရားဝတ်ထိုက်သဝ် ထပိတပက် တို့အ်ဖြအ် ဆက်သရယ်။[၁]

ရွှေပုဇ္ဇန်ဆိ အစိမ်း အပြာ အဝါ အနီချယ် ကိုက်စပ်ကြယ်စီ ချုပ်ရိုး ရွှေလျက်ပြားသတ် တဘက်။ ကတ္တိပါအစိမ်း အပြာ အဝါ အနီချယ်။ ကိုက်စပ်ချုပ်ရိုး ရွှေဇာသတ်ကြယ်စီ တဘက်။ ဘဲစိမ်း ဘဲပြာ ဘဲဝါ ဘဲနီချယ် ကိုက်စပ်ချုပ်ရိုး ရွှေဇာသတ်ကြယ်စီ တဘက်။ သက္ကလာရွှေဇာသတ် အထည်ကြယ်စီ တဘက်။ ပန်းလက်ချိတ် ရွှေလျက်ပြားသတ်ကြယ်စီတဘက်။ ဇာကွန်ချာရွှေပွင့်ထိုးကြယ်စီ၊ တဘက်။ မာတ ရဘက်သုတ်တဘက်။[၂]

၁။ တိလောကကျောက်ကျော[၁၁] ၂။ မမမ ၉၇

**တွင်းကြီး။** ။ရေနံထွက်သည့်ဒေသများ၌ ရေနံတွင်းများကို မျိုးရိုးအလိုက် ကြီးကြပ်သူများကို တွင်းကြီးခေါ်ဝေါ်သည်။

ရေနံချောင်းမြို့ တွင်းကြီး ငရွှေလုပ် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။.... အမိန့်တော်ကိုဦးထိပ်ရွက်ရသည့် အတိုင်း ငရွှေလုပ်က မပြေကျန် ဒသမဘာဂ ငွေတော်ကို ကျွန်တော် တွင်းကြီး ငရွှေလုပ်က အပြေဆက်သွင်းပါသည်။[၁]

၁။ လဖဖ ၇

[ ထ ]

**ထနောင်းပင်။** ။မြေသတ်ဒေသ အချို့နေရာများတွင် နယ်မြေ အပိုင်းအခြား ပြုလုပ်ရာ၌ ထနောင်းပင်ကို အမှတ်အသားအဖြစ် သုံးစွဲ၏။

တောင်အလား ထနောင်းပင် အခြား တဖက်တုံရွာမြေနှင့် ကြောခိုင်း။[၁]

၁။ ပျရွာစစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖြူသိမ်တော်ဘုရားဝတ် အရှေ့ကိုချောင်းကူး ထနောင်းပင်ထိ တောင်ကို ကြည်ပင်လယ်ချင်း။[၂]

အရှေ့ကို နွင်းခွက်ကန် ထနောင်းပင်စည် အခြား။[၃]

၂။ အနိမ့်ရွာစစ်တန်း ၄၅ ခု ၃။ ရှားမိန်ရွာစစ်တန်း ၆၄ ခု

ထမိ။ ။ကတော်မယားတို့သည် မင်းပွဲသဘင်ကို တက်ရောက်သောအခါ မိမိအဆင့်နှင့် လျော်ညီသော တဘီများကိုသာ ဝတ်ဆင်ကြရ၏။

အမေးတော်ခံကတော်ကြီးတို့သည် တဘီဖဲးစပ်။တဘက်မြိတ်သတ် ရွှေပုဇွန်ဆီ ၁ တောင် ၁ မိုက်။ အနားပိုးစုံသတ်။ လက်လိုက်ပန်းတီး။[၁]

နောက်ကတော်ကြီးတို့သည် ထဘီ ဖဲးစပ်။ အနားပိုးစုံသတ်။ လက်လိုက်ပန်းတီး။[၂]

အနောက်ပွဲတက် နေရာတော်နေရာတို့မှာ ထဘီဖဲးစပ်။ တဘက်မြိတ်ဆက် ရွှေပုဇွန်ဆီတတောင်။ အနားပိုးစုံသတ်။လက်လိုက်ပန်းတီးသနားတော်ခံစေ။[၃]

မင်းသမီးကြီးများဝတ်ဆင်ရသည်မှာ ရွှေပုဇွန်ဆီကိုက်စပ် ကြယ်စီချုပ်ရိုး အနားရွှေဇာသတ် ထဘီ။ဘဲစိမ်း ဘဲဝါ ဘဲပြာ ဘဲနီ။ ရွှေပုဇွန်ဆီ ငွေပုဇွန်ဆီချယ်ကိုက်စပ် အနားချုပ်ရိုး ရွှေဇာသတ် ထဘီ။ ပန်းလက်ချိတ် ရွှေကြိုးလိုက် အနားရွှေချယ်ပါထဘီ။ တကျွန်းရွှေရေးစက်အနားပါထဘီ။ ဘဲဖြူရွှေရေးစက် အနားပါထဘီ။[၄]

မြောက်သာတ် ဝတ်တော်မူသော ပတ္တမြား ပုလဲသန္တာနီလာအတိ အပ္လည်ကို စီသော ရွှေတံဖိ။[၅]

၁။ ရွှေနန်းသုံး ခန်း ၁၄ ၂။ ရွှေနန်းသုံး ခန်း ၁၅
၃။ ရွှေနန်းသုံး ခန်း ၁၀ ၄။ မမမ ၉၇
၅။ စာရင်း ၉၄၃ မျက်[၂၄] သ၊ ၀၀၀

www.burmeseclassic.com



**ထမင်း ၇ မျိုး။** ။မင်းခမ်းပွဲတော်များ၌ချက်ရသောထမင်း ၇ မျိုး။

(၁) ထောပတ်ထမင်း (၂) ဗုဇ္ဇန်ဆီထမင်း (၃) နွားနို့ထမင်း (၄)စိတ်စရိ ထမင်း (၅) အုန်းဆီထမင်း (၆) ရွှေထမင်း (၇) ကောက်ညှင်းထမင်း။[၁]

၁။ မမမ ၁၀၄-၁၀၅

**ထမုန်။** ။သူကြီးကဲ့သို့သော ရှမ်းနယ်အရာရှိတမျိုး။

သမိုင်းရွာ ထမုံပေါ်မိုင်းနှင့် ကချင်နှစ်ရာကျော်။[၁]

အမှူးအမတ် ထမုံပေါ်မိုင်း ရိုင်းပျကြောက်လန့် တိမ်းရှောင်နေသမျှ အသည် အလာတို့ကိုဝ် ခေါ်သိမ်းရှမ်းစု၍။[၂]

သူခိုးထားပြတို့ ခိုးယူတိုက်ခိုက်မရှိအောင် ဘွားစုကျေးရွာ ပေါ်မိုင်း၊ ထမုံ၊ သူကြီးတို့ကို ကြပ်ကြပ် တည်းတည်းဆင့်ဆို နေ့ည မပြတ် ကင်းဝပ်ကင်းပတ် စည်းကြပ်စောင့်ထိန်းစေ၍။[၃]

၁။ ကဘဆ ၁။ ၈၂ ၂။ အလမအ ၁၉

၃။ လွှတ်တော်မှတ်တမ်း ၁၅၈

**ထာဝရကိန်း။** ။ဗေဒင်ဝေါဟာရ။

ထာဝရ၊ ဇာဂ်မစသော ကိန်းခန်းကာလ။ သင့်မသင့် ရာမရာ အခါတော်ကိုသာ ပညာရှိတို့က ရွေးချယ်ဆက်သွင်းရမည် အမိန့်တော်ရှိလျှင် .... ထာဝရကိန်း၊ ဇာဂ်မကိန်း ဆိုသည်မှာ၊ အရေးနှင့် ပြက်ပြက်ဖြစ်၍။[၁]

မြို့ကြီး နန်းကြီး တည်လုပ်ရသော ထာဝရကိန်း မကြိုက်ချေသေးဟု လျှောက် သော်လည်း အရေးပြုတော်မမူပဲ။[၂]

၁။ ကဘဆ ၁။ ၆၇ ၂။ ယင်း ၆၈

www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်ဆောင်။ ။နန်းတော်များတွင်တောင်ထားဝယ်ဆောင် မြောက်ထားဝယ်ဆောင်ဟူ၍ အဆောင်နှစ်ဆောင်ရှိ၏။

ဒဝယ်ဆောင် ခေါ်ဝေါ်သည်မှာ ဟံသာဝတီ ဆင်ဖြူရှင်များ ရှင် လက်ထက် ဒဝယ်မြို့ပါ သူကောင်းသားမြေးတို့ကို ရွေးချယ်ပြီးလျှင် ထိုအဆောင်နှစ်ဆောင်တွင် မြဲစွဲစေသည်ဖြစ်၍ ဒဝယ်ဆောင် ခေါ်ဝေါ်သည်။ နွှေးသည်ကိုလည်း ဒဝယ် ဆိုသည်။ ရေနွှေးတော်တည်ရာအဆောင် ဆိုလိုသည်။ ဒဝယ် ဆောင် လည်း နှစ်ထဝ်လည်ပေါ်ပင်ဖြစ်သည်။[၁]

၎င်း ဟံသာဝတီရွှေနန်းတော်ကြီး မှန်နန်းတော်၏ အရှေ့မြောက်ယွန်းက မြောက် ဒဝယ်ဆောင်။ အရှေ့တောင်ယွန်းက တောင် ဒဝယ်ဆောင်ဟူ၍ တည် ဆောက်တော်မူသဖြင့်။ ထိုပုံစံအတိုင်းယူ၍ မြန်မာမင်းတို့ ထီးနန်းတည်ဆောက် သမျှတိုင်းပင် ၎င်းဒဝယ်ဆောင် ၂ ဆောင်ပါရှိလေသည်ချည်းဖြစ်ခဲ့သည်။ ယခုတိုင် တည်ရှိသည့် မန္တလေး ရတနာပုံမြို့ ရွှေနန်းတော်ကြီးတွင်လည်း ဒဝယ်ဆောင် ထင်ရှားရှိသည်။ သို့ရာတွင် တောင် ဒဝယ်ဆောင်ကိုရွှေတိုက် ဟူ၍ မှားယွင်းစွာ စာရေးကပ်ထားသည်ကို တွေ့ရလေသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၄၀ ၂။ ရွှေနန်းသုံး ခန်း ၃၁၃

ထားဝယ်တံခါး။ ။မြို့တော်တံခါးတခု။

သက္ကရာဇ် ၉၂၀ ခုနတ်တော်လဆန်း ၅ ရက်နေ့။ စတုရန်း အတာ ၃၄၀၀ ရှိသော ဟံသာဝတီ မဟာရာဇဌာနီ ရွှေမြို့တော်ကို တည်တော်မူသည်တွင် တံခါး ၂၀ ထားတော်မူသည်။ ၎င်းအနက် ပေါင်မျက်နှာ အနောက်ဖွန်ပံခါးကို ဒဝယ်မင်းတို့ဆောက်စေ၍ ဒဝယ်တံခါး ဟု မှည့်တော်မူသည်။[၁]

အောက်မြှေတိုက်မှာ တောင်စမုတ်တော်အရှေ့ဘက် ဒဝယ်တံခါး မြို့ရိုးအတွင်း၊ အမှုထမ်း သူကြီး ကလံ မျိုးစုံစာရင်းတိုက်ကိုဆိုသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၃၁၄ ၂။ ယင်း ၉၄

(တောင်) ထားဝယ်အမှုထမ်း။ ။ကိုယ်ရံတော် အမှုထမ်းတမျိုး။ ဗဒုံမင်း လက်ထက်တွင် တောင်ထားဝယ်ဆောင်တွင် အိပ် ဖန် တက် နေ ထမ်း ရွက် သူ များ ကို တောင် ထားဝယ်အမှုထမ်း ဖွဲ့တော်မူသည်။ ဗဒုံမင်းသည် တောင်ထားဝယ် အမှုထမ်း

www.burmeseclassic.com

www.burmeseclassic.com



များကို ဗဒုံမြို့နယ် (၁) ကြေးပုံရွာ၊ (၂) မုံရွေးရွာ၊ (၃) နွားထိန်းရွာ၊ (၄) ရွာပုလဲရွာ၊ (၅) ခင်ပွန်ရွာ၊ (၆) ရဲထွတ်ရွာ၊ (၇) ပုတလင်ရွာ၊ (၈) ဘော်ကာရွာ၊ (၉) ကင်းစင်းရွာ၊ (၁၀) ခုံငြင်းဆိပ်ရွာ၊ (၁၁) အင်တိုင်းရွာ၊ (၁၂) အင်းမရွာ၊ (၁၃) မြေနက်ရွာ၊ (၁၄) ဝက်ခဲရွာ၊ (၁၅) တုံတစ်ရွာ များမှ အရွယ်ကောင်း သန်မာသူတို့ကို ရွေးကောက်၍ တောင်ဒဝယ် အမှုထမ်း များ ဖွဲ့တော်မူသည်။ ဆေးမှတ်မှာ လက်ျာလက်ဖမိုးတွင်ခြင်္သေ့ရုပ် ရေးထိုးသည်။

မြောက်ဒဝယ်အမှုထမ်းများနည်းတူ ရွှေဘဝါးတော်အောက်သို့ အိမ်ထောင်စုံ တက်၍ ထမ်းရွက်ရသည်။ တောင်ဒဝယ်အမှုထမ်း ၆၇၅ တို့မှာ တလလျှင်လစာ ငွေတော် ၇၇၃ဝ သနားတော်မြတ်ခံရသည်။ ။သေနတ်စာရေးမောင်ကျော်ဝ။ မောင်လွန်းတို့ဖြစ်သည်။¹

၁။ ရွှေနန်းသုံး ခန်း ၃၁၅

(မြောက်) **ထားဝယ်အမှုထမ်း**။ ။ကိုယ်ရံတော်အမှုထမ်းတမျိုး။ ဗဒုံမင်း လက်ထက်တွင် မြောက်ဒဝယ်ဆောင်တွင် အိပ်ဖန်တက်နေ ထမ်းရွက်သူများကို မြောက်ဒဝယ် အမှုထမ်း ဖွဲ့တော်မူသည်။ ဗဒုံမင်းသည် မြောက်ဒဝယ်အမှုထမ်းများကို ဗဒုံ မြို့နယ် (၁) သစ်ဆိပ်ရွာ၊ (၂) တောင်မတောရွာ၊ (၃) သာစည်ရွာ၊ (၄) ချင်းတွင်းရွာ၊ (၅) မောက်တက်ရွာ၊ (၆) ဝက်ရဲရွာ၊ (၇) ကပဲ့ရွာ၊ (၈) ဝါးရောင်းရွာ၊ (၉) ကန်ဖြူရွာ၊ (၁၀) ဝါးတောမရွာ၊ (၁၁) ရေတိုးရွာ၊ (၁၂) ဆိပ်ဖြူကြီးရွာ၊ (၁၃) မန်ကျည်းစောက်ရွာ၊ (၁၄) ကျောက်ကာရွာ၊ (၁၅) မရှက်ကန်ရွာ၊ (၁၆) မန်ကျည်းကန်ရွာ၊ (၁၇) မန္တလေးရွာ၊ (၁၈) ရွာတူရွာများမှ အရွယ်ကောင်း၍ သန်စွမ်းသူများကို ရွေးချယ်၍ မြောက် ဒဝယ်အစုအမှုထမ်း ဖွဲ့တော်မူ၏။ ဆေးမှတ်မှာ လက်ျာလက်ဖမိုးတွင် ခြင်္သေ့ရုပ် ရေးထိုးသည်။

ရတနာပုံခေတ်တွင် အိမ်ထောင်စုံတက်၍ ရွှေဘဝါးတော်အောက်တွင် အမြဲ နေထိုင်ထမ်းရွက်ကြရသည်။ ၎င်းမြောက်ဒဝယ်အမှုထမ်း ၆၈၅ တို့မှာ တလလျှင် လစာငွေတော် ၇၈၄ဝ သနားတော်မြတ်ခံရသည်။ ။သေနတ်စာရေးမောင်အိ။ မောင်စိန်တို့ဖြစ်သည်။¹

၁။ ရွှေနန်းသုံး ခန်း ၃၁၄

www.burmeseclassic.com

www.burmeseclassic.com



**ထိသုံးပါး။** ။မနုသီဟလေ့။

မနုသီဟလေ့မှာလူ့မျက်နှာလူ့လက်၊ ခြင်္သေ့ကိုယ်နှစ်မြွာ၊ခြင်္သေ့ခြေနှစ်ဘက်ဖြစ်သည်ဘှင် လက်နှစ်ဘက်ထိသည်၊ ရင်အုပ်နှင့်လက်ထိသည်၊ ပေါင်နှင့်ကိုယ်ထိသည်။ ဖြစ်၍ထိသုံးပါးဆိုသည်။ မနုသီဟရုပ်လေ့ပင်ဖြစ်သည်။

ပညာရှိတို့စပ်ဆိုသည်မှာလည်း....မနုသီဟ၊ရုပထင်ရှား၊ထိသုံးပါးနှင့်၊ကြွားကြွားထင်ပြဲ့၊ ဟောက်သကဲ့သို့။ ဟူ၍စပ်ဆိုလေသည်။ မနုသီဟသည် လူခြင်္သေ့ဆိုလိုသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၇

**ထီး။** ။**စေတီပုထိုးတို့အထွတ်တွင်တင်သောထီး။ ပူဇော်လှူဒါန်းသောထီး။**

ရေကြောင်းတပ်မှာ ပုဂံရွှေစည်းခုံဘုရားတွင် မြန်မာထီးကိုချ၍ တလိုင်းထီးကိုတင်ခဲ့ရမည် ဟူ၍လည်း ရဟန်းသံဃာတော်တို့နှင့်တကွ ဟံသာဝတီ ဘုရင်ကပေးလိုက်၏။[၁]

ရွှေချက်သိုစေတီကို ရွှေထီးအထွတ်တင်တော်မူသည်။[၂]

ဘုရားလှူရန် ထီးတံခွန်များကိုလည်း မြေနန်းတော် လက်ဝဲမာရဘင်တံခါးပြင်က စီစဉ်ခင်းကျင်းရသည်။[၃]

ရွှေထီးရွှေတံခွန်လှူတော်မူပြီးလျှင်။[၄]

၁။ ကဘဆ ၁။ ၇၇

၂။ ကဘဆ ၁။ ၁၀၉

၃။ လကဗဟ ၁၄၇

၄။ ကဘဆ ၁။ ၇၁

**ထီး။** ။မင်းများဆောင်းသောထီး။

ထီးတစင်းဆောင်းသော မင်းတို့နိုင်ငံတွင် ခရိုင်အသီးသီးတို့ကိုကား ဇနပုဒ်ဟူသတည်း။ထီးတစင်းဆောင်းသောမင်းတို့ အာဏာစက်တော်အခြားတည်သရွေ့နိုင်ငံတိုက်လုံးစုံကိုကား ရဋ္ဌဟူသတည်း။[၁]

၁။ မနုကျယ် ၄၇

www.burmeseclassic.com



ထီး။ ။မင်းညီမင်းသား မှူးမတ်ကတော်မယားတို့ကို အဆောင်အရွက်ပေးသောထီး။

နေရာတော်နေ မင်းညီမင်းသား မှူးတော်မတ်တော် စော်ဘွားမြို့စားအရာရှိတို့မှာ....ဆောင်ကြီးရွက်ကြီး ကျိုင်းထီးဆင်မြင်း လုလင်စဉ်....များကို စီစဉ်ခင်းကျင်း၍။[၁]

အမေးတော်ခံကတော်ကြီးတို့ကို....မိုးကြိုးထွေးအင်။ဆောင်းရွှေထီး။ အလယ်သံ ၄ သစ်လပ် သနားတော်မူသည်။[၂]

မြတောင်မြို့စားဝန်ကြီးကတော်။ လောင်းရှည်မြို့စား။ ဝန်ကြီးကတော်....မိုးကြိုးထွေးအင်။ ဆောင်းရွှေထီးသနားတော်မူသည်။[၃]

ကျွင်တော်တန်းခေါင်း မိဘမယားတို့ သေလွန်လျှင်....ငှက်ချေးခံစမြင်းတိုင်အထွတ်ရွှေထီး အဆောင်အရွက် ခင်းကျင်းသင်္ဂြိုဟ်ရသည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၈ ၂။ ရွှေနန်းသုံး ခန်း ၁၄
၃။ ယင်း ၁၅ ၄။ တောင်ဘက်တန်း ၂၇ ရွာစစ်တန်း ၄၅ ခု

ထီးဆောင်းမင်္ဂလာ။ ။မည်သည်နေ့လကိုထီးဆောင်းမင်္ဂလာ ဥကင်တော်ဖွင့်အခါတော်ရသည်။ ဝန်တို့မှာ ရွှေနန်းတော်တက်ဥကင်တော်ဖွင့် အစီရင်ကို စီရင်။[၁]

ထီးဆောင်းမင်္ဂလာမဟာဥကင်တော်ကြီးဘွင့်တော်မူ၍ ရာဇပလ္လင် တက်တော်မူသည်။[၂]

ခမည်တ် ဘုရး နောင်တ် ဘုရး အရိုက်အရာတော် ရွှေထီးရွှေနန်းကိုဝ် သိမ်မြန်စိုဝ်ဆောင်တ် မူရုယ် ရွှေနန်တ် တက်ခြင် ထီးဆောင်းမင်္ဂလာ ဥဂင်တ အခြင်ရာဇဘိသေကခံတမူခြင်အစဟိသဝ်ကြီစွာသဝ် မင်္ဂလာတိုဝ်ကိုဝ်။[၃]

ကောင်းမြတ်သော မင်္ဂလာအခါတွင်။ ပြာသာဒ်တော်သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဘုရားခေါင်းကြီးနှင့်တကွ။ စံပယ်တော်မူလျက်။ ထီးဆောင်းမင်္ဂလာ မဟာဥကသ်ဘွင့်တော်မူသည်။[၄]

၁။ လကဗဟ ၆၇ ၂။ ကဘဆ ၁။ ၁၁၆
၃။ တိလောကကျော်ကျော[၂၆] ၄။ ကဘဆ ၂။ ၂၃၂

www.burmeseclassic.com

www.burmeseclassic.com



ထီးနီ။ ။မှူးကြီးမတ်ကြီးများအား အဆောင်အရွက်အဖြစ်ချီးမြှင့်သောထီး။

မှူးတော်မတ်တော်တို့ကို ဝန်ကြီးတို့မှစ၍ တော်နေရာတို့ကို ထီးနီပေးလျှင် ထီးနီ အရိုးနီ၊ အချက်ရွှေညောင်ရွက်တဆင့်စ၍ပေးသည်။ သည်နောက် ညောင်ရွက် ၂ ဆင့်ပေးသည်။ သည်နောက် ညောင်ရွက် ၃ ဆင့်ပေးသည်။ ပေးသည်ထီးကို အိမ်တွင်မဆောက်မကျင်း ကျောင်းဘုရားသွားလျှင်လည်း မဆောင် ရ။ တနှစ် တကြိမ် ဝါကျွတ်သဘင်တော်တွင်သာ ဆောင်ရသည်။ အဝေးမြို့ပြကာ သံကြီး တမန်ကြီးရောက်၍ တက်သက်ရလျှင်မူကား ဆောင်ရသည်။[၁]

ဆားလင်းကုန်းဗိုလ်မှူး ဗလနန္ဒစည်သူကို .... အဆောင် ထီး နီ ကွမ်း ခွက်။ ထားနက်။....သနားတော်မူသည်။[၂]

ထီးလင်းမြို့ကိုစားသည်။ နောက် မဟာသီဟသူ့ဘွဲ့နှင့် ထီးနီ ကျိုင်းပေးသည်။[၃]

အနောက်ဖက်တိုက်ဝန် နေမျိုးသီဟနော်ရထာကို ထီးနီ ဆင်စွယ်ထွတ် သနား တော်မူသည်။[၄]

ကုန်းဘောင်နှောင်းခေတ်တွင် စစ်သူကြီးနေရာနေ၊ နေ ရာ လွတ် မြနေ နှင့် စော်ဘွားကြီးနောက်နေတို့သည် ထီးနီရွှေညောင်ရွက် ၃ ဆင့် ညောင်ရွက် ၃၆ အချက်အထွတ်ရွှေ အရိုးရွှေကြဲဆစ်ကိုင်း။ တော်ချွန်နေရာနေတို့သည် ထီးနီ ရွှေညောင်ရွက် ၂ ဆင့် ညောင်ရွက်ရေ ၂၄ အချက်ထွတ်ရွှေကိုင်း တော်နေရာ နေတို့သည် ထီးနီညောင်ရွက် ၁ ဆင့် ညောင်ရွက်ရေ ၁၂ အထွတ်ရွှေကိုင်း။ ဒူးနေရာနေတို့သည် ထီးနီရွှေထွတ်ကိုင်း အသီးသီးရကြ၏။[၅]

၁။ လကဗဟ ၂၂၃ ၂။ ကဘဆ ၁။ ၂၅၆
၃။ မသဂ ၄၅။ ၁၄၇ ၄။ ရဟ အမတ ၇၂
၅။ မြန်မာမင်း ၄။ ခန်း ၄၇၉

ထီးဖြူ။ ။အချို့သော မင်းညီမင်းသား စော်ဘွားကြီးများနှင့် အထူး ချီးမြှင့်တော်မူသော မှူးကြီးမတ်ကြီးများသာ ရရှိသည်။

ရတနာပူရအင်းဝမင်းညီတို့ကို ထီးဖြူပေးသည်ကား ပြည်မင်း မဟာပရဝ မဟာဓမ္မရာဇာလောကာဓိပတိ အမည်တော်ရှိသော မင်းတရားလက်ထက် နောင်တော်တောင်ငူမင်းကို ယည်ထီးဖြူ ၂ စင်း၊ အချက်ရွှေ ၁၊ အထွတ်ပတ္တမြား

www.burmeseclassic.com



ကိုးရစ်စီ ရွှေကြယ်ညောင်ရွက်သုံးဆင့်ပေး၍ ကေတုမတီမည်သောတောင်ငူမြို့တွင် ဆောင်ကျင်းရသည်။

မာန်အောင်ရတနာဘုရားဒါယကာ မင်းလက်ထက် ညီတော်ရင်း ပုဂံမင်းကို ယည်ထီးဖြူ ၂ စင်း၊ အရှိုးနီ၊ အချက်ရွှေ၊ အထွတ်ပတ္တမြား အပြည့်စီပေး၍ အရိမဒ္ဒနာမည်သော ပုဂံမြို့တွင် ဆောက်၍ကျင်းရသည်။[၁]

ခေမာရဋ္ဌတိုင်း ခုန်ပြည်၊ ကျိုင်းတုံမြို့၊ ဇောတိနဂရတိုင်းဝယ် ကျိုင်းရုံးမြို့မှာ ရှေးအစဉ်အဆက်ဆက်၌ နန်းအိမ်ဦးတွင် ရာဇပလ္လင်တည်သည်။ ထီးဖြူ ၄ စင်း ဆောက်ကျင်းသည်။ ယပ်မား သံလျက် ကျင်းသည်။[၂]

မဟာသေနာပတိ အလောင်းတော်ကိုလည်း အဂ္ဂမဟာသေနာပတိ ဘွဲ့တံဆိပ် တော်မူပြီးလျှင် ထီးဖြူအုပ်၍ သင်္ဂြိုဟ်တော်မူ၏။[၃]

ဇင်းကွဲ့တာပ နန်းကကျ၍....သေလွန်သည်ကို၊ တပြည်နှင့်တပြည် ရောက်လာ သည့် သူကောင်းအမျိုးအနွယ်ဖြစ်၍ ရွှေတလားနှင့် ထီးဖြူအုပ်၍ ငါကိုယ်တိုင် သင်္ဂြိုဟ်တော်မူသည်။[၄]

သံလျင်မင်းကြီးလွန်ရာ ထီးဖြူနှင့် ဝေါတော် ပြုပြီးလျှင် သင်္ဂြိုဟ်တော် မူသည်။[၅]

၁။ လကဗဟ ၂၂၃ ၂။ ယင်း ၂၂၄
၃။ ကဘဆ ၁။ ၁၀၁ ၄။ ယင်း ၃၀၂
၅။ မသဂ ၄၅။ ၁၅၀

ထီးဖြူတော်။ ။ကေရာဇ်မင်းမြတ် ဆောက်ကျင်းသော ယီးဖြူ ၅ စင်းရှိသည်။ ၈ စင်းရှိသည်။ အများရှိသည်ဟူ၍ အသီးသီးတွေ့ရသည်။

ထီးဖြူငါးပါးကား၊ ကနက္ကဒါန်ထီး၊ တမွတ်ထီး၊ ယည်ထီး၊ ဥရုထီး၊ ကြငှန်း ထီးငါးပါး။[၁]

ထီးဖြူ ငါးပါးဟူသည်ကား။ကြငှန်းထီး။ဥရုထီး။တမွတ်ထီး။ ကနက္ကဒန်ထီး။ သမုတိထီး။ ဤငါးပါးတည်း။[၂]

၁။ လကဗဟ ၂၁၉ ၂။ မှန်နန်း ၁။ ခန်း ၆၃

www.burmeseclassic.com

www.burmeseclassic.com



ရာဇပလ္လင်လက်ဝဲဘက်က ကနက္ကဒါန် ထီးဖြူတစင်း၊ တမွတ်ထီးဖြူတစင်း၊ ယည်ထီးဖြူနှစ်စင်း၊ ထီးဖြူလေးစင်း ဆောက်ကျင်းသည်....ရာဇပလ္လင် လက်ျာဘက်က ကနက္ကဒါန် ထီးဖြူတစင်း၊ တမွတ်ထီးဖြူတစင်း၊ ယည်ထီးဖြူ နှစ်စင်း၊ ထီးဖြူလေးစင်း ဆောက်ကျင်းသည်။[၁]

ပြာသာဒ်သာဌ်။ သီဟာသနေ။ ချက်ဗေ့စွင့်စွင့်။ ပလ္လင့်ယာဘက်။ ကနက္ကဒ။ သူရိယနှင့်။ ပဒုမသမ္ဗုတိ။ လေးစင်းရှိလျက်။ မဏိရွှေမြ။ မျက်စုံပသား။ စန္ဒကမ္ဗု။ ဝိသုကမ္ဗ။ ကုမုဒဟု။ ဆတ္တလေးဖြာ။ သာဘိသေက။ နန်းမဆောင်မြဲ။ လက်ဝဲတော်က။[၂]

မြေနန်းဥကင် သီဟာသနရာဇပလ္လင်တော် ဝဲယာများတွင်။ ကနက္ကဒါန်။ သူရိယ။ ပဒုမ။ သမ္ဗုတိ၊ ကမ္ဗု။ စန္ဒ။ သမုဒ္ဒဇာ။ ဝိသကြုံဟူသော မင်းခမ်း ထီးဖြူတော်ကြီး။[၃]

ထိုမြေမလ္လင်တွင် ထီးရိုး လုံးပတ်လေးထွာ။ ထီးရပ် မြေဝင် အချက်အထွတ်ပါ သံတဆဲ့လေးတောင် စိုက်လုပ်စေပြီးလျှင်။ ရွှေအတိပြီးသော စွန်ကုပ် ခရိုင် ထီးလက်နှင့်တကွ ထီးရပ်သုံးဆင့်။ ကြယ်ချူညောင်ရွက်နှင့်တကွသော အဝန်း နှစ်ဆဲ့ငါးတောင်ရှိသော ရတနာ ထီးဖြူကြီးကို တနေ့ချင်းပြီးအောင် ချုပ်လုပ် စိုက်ထူစေတည်။ ထီးဖြူတော်အောက်တွင်လည်း။[၄]

အင်းဝနရပတိကို အမှတ်မဲ့လုပ်ကြံသည်တွင် ထီးရိုးကိုထားချက်ကျ၍ မင်းနရ ပတိကို ထီးဖြူအုပ်မိသည်၊ သောကြာနှင့်၊ ရေနံ့သာစားတို့ ထွေးလုံးကြသည် ဆိုသည့်စကားကို ထောက်၍လည်း ထီးဖြူအောက်၌ မပြတ်စံပယ်ကြောင်းကို သိရသည်။[၅]

ထီးဖြူဆောင်းဘက်ဖြစ်သော အသျှင်မိဘုရားခေါင်ကြီးနှင့်တကွ ကေရာဇ် မင်းမြတ် ထွက်စံတော်မူသော်လည်း။[၆]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃။ | လကဗဟ | ၂၁၉ | | ၄။ | ကုသ | ပိုဒ် | ၁၂ |
| ၅။ | ရွှေနန်းသုံး | ခန်း | ၈ | ၆။ | ကဘဆ | ၁။ | ၂၂၈ |
| ၇။ | ရွှေဘုံနိဒါန်း | ခန်း | ၂၀ | ၈။ | ရွှေနန်းသုံး | ခန်း | ၁၀ |

www.burmeseclassic.com

www.burmeseclassic.com



အသျှင်ကေရာဇ်မင်းမြတ်နှင့်အသျှင်မိဘုရားခေါင်ကြီးပါဖြစ်စေ။ တပႆတည်းဖြစ်စေ။ ရွှေနန်းတော်ပေါ်တွင် တဆောင်မှတဆောင်သို့ထွက်တော်မူသည့်အခါဖြစ်စေ။ ရွှေနန်းတော်မှ အဝေးအနီး ထွက်စံတော်မူသည့်အခါဖြစ်စေ။ အလစ်အလပ်မရှိစေဘဲ ထီးဖြူတော်မိုးရသည်။[၉]

၉။ ရွှေနန်းသုံး ခန်း ၂၃

ထီးဖြူတော်စောင်။ ။ထီးဖြူတော်များကို ကြည့်ရှုစောင့်ထိန်းရသော အမှုထမ်း။

အခမ်းအနားမရှိသည့်အခါမှာ ယာဉ်ထီးဖြူတော်များ ဟောင်းနွမ်းခြင်းမရှိစေရန် အပေါ်အုပ်တို့ဖြင့် အုပ်ဖုံးပြီးမှအလှည့်ကျစောင့်ရသည့် ထီးဖြူတော်စောင့်အမှုထမ်း ၄ တို့မှာ တလလျှင် စပါးတော် ၆၀ တင်းသနားတော်မြတ်ခံရသည်။

၁။ ရွှေနန်းသုံး ခန်း ၁၉၂

ထီးဖြူတော်မိုး။ ။ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်းကြီးတို့အား ထီးဖြူတော်မိုး ပေးရသည့်အမှုထမ်းများ။

အလစ်အလပ်မရှိစေဘဲ ထီးဖြူတော်မိုးရသည်ဖြစ်သောကြောင့် ထီးဖြူတော်ဝဲလှည့်သွေးသောက် ကြီးမောင်မှိုင်း။ အကြပ်မောင်ခိုင်။ ယာလှည့် သွေးသောက်ကြီးမောင်တာ။ အကြပ်မောင်ရောက်တို့နှင့်တကွ ထီးဖြူတော်မိုး ၂၄ တို့က ထမ်းရွက်ကြရသည်။ ၎င်းထီး ဖြူတော်မိုးတို့မှာ တလလျှင် လစာငွေတော် ၇၂ဝ သနားတော်မြတ်ခံရသည်။[၁]

ရွှေနန်းတွင်းဝယ်။ သင်းပင်းခြွေရွေ။ ကွမ်းရေထီးဖြူ။ ဆောင်ယူလက်စွဲ။ ဆောင်မြဲအိပ်ဖန်၊ ထွက်ရန်ဝင်ခြင်း။[၂]

၁။ ရွှေနန်းသုံး ခန်း ၂၃ ၂။ ကုသ ပိုဒ် ၁၇

ထီးမိုးယဉ်ခံ။ ။အဂ္ဂမဟေသီ အသျှင်မိဖုရား ခေါင်ကြီးဘုရား၏ ယွန်းဘောင်တော်ပါမှစ၍ အသုံးကံကျေးခံမြို့ရွာ။ ထီးမိုးယဉ်ခံမြို့ရွာ အစုအင်းအမှုထမ်းတို့ အပေါ်တွင် အားထုတ်ဆင့်ဆိုရှုံးဆော်ရန်။[၁]

၁။ ရွှေနန်းသုံး ခန်း ၉၀

www.burmeseclassic.com

www.burmeseclassic.com



ထီးဝါ။ ။ညောင်ရမ်းခေတ်တွင် စော်ဘွားအချို့ကို ပေးသည့်ထီး။

ရှမ်းပြည် သိန်းနီမြို့၊ သီပေါမြို့၊ ညောင်ရွှေမြို့၊ မိုးမိတ်မြို့၊ မိုးနဲမြို့၊ ဗန်းမော်မြို့၊ မိုးကောင်းမြို့၊ သည် ၇ မြို့စော်ဘွားတို့နှင့် ယွန်းပြည် ကျိုင်းချိုင်စော်ဘွားကိုမှာ ထီးဝါ အမိုးနီ အချက်ရွှေ ၂ စင်း ပေးသည်။ ရှမ်းပြည် မိုးညှင်းမြို့မှာ စော်ဘွားကို ထီးဝါ အရိုးနီ အချက်ရွှေတစင်းပေးသည်။ ၁

၁။ လကဗဟ ၂၂၄

ထူးဆင်တော်။ ။မင်းတို့စီးထိုက်သော ဆင်ပေါက်။

ရတနာဆဲ့နှစ်မျိုးအဝင်အပါ လက္ခဏာနှင့် ပြည့်စုံသော မြီးဆံနားရွက် ဦးကင်း ကျောက်ကုန်း ခြေနှစ်ဘက် လက်နှစ်ဘက်များတွင် ဖြူသော အမွေးပေါက်ခြင်းဖြင့် လက္ခဏာတစုံတရာချွတ်ယွင်းမရှိ သန့်စင်မ်းကြော့မော့စွာရှိသော မင်းတို့စီးထိုက်သောဆင်ပေါက်ကို ထူးဆင်တော်ဟု ခေါ်၍ စာရင်းသီးခြားထားရသည်။ ၎င်း ထူးဆင်တော်များမှာ။ ရွှေနန်းကြက်သရေဆင်တင်းကုပ်တွင် တလှည့် လျှင် ၁၅ ရက် တက်နေထမ်းရွက်ရသည်။ မန္တလေးရတနာပုံ ဒုတိယနန်းစံမင်းတရား လက်ထက်တော်မှာ ၎င်း ထူးဆင် ၁၅ စီးရှိသည်။ ၁

၁။ ရွှေနန်းသုံး ခန်း ၂၇၀

ထူးဆင်မတော်။ ။မင်းတို့စီးထိုက်သောဆင်မ။

ထူးဆင်ပေါက်တော်များကဲ့သို့ ရတနာ ၁၂ မျိုးအဝင်အပါ လက္ခဏာနှင့် ပြည့်စုံခြင်း ရှိသည် ဆင်မတော်များဖြစ်၍ ထူးဆင်မတော်ဟု စာရင်းသီးခြားထား ရသည်။ မန္တလေး ရတနာပုံ ဒုတိယ နန်းစံမင်းတရား လက်ထက်တော်မှာ ၎င်းဆင်မျိုး ၉ စီးရှိသည်။ ၁

၁။ ရွှေနန်းသုံး ခန်း ၂၇၂

ထောင့်ချိုးကွမ်းခွက်။ ။အဆောင်အရွက်အဖြစ်ပေးသည့်ကွမ်းခွက်တမျိုး။

ခိုနန်းကွမ်းခွက် ထောင့်ချိုးကွမ်းခွက် ၁၂ မြှောင့် ကွမ်းခွက် ရှစ်မြှောင့် ကွမ်းခွက်များသည် ကျောက်စီမှန်တပ်ပယင်းတပ်သာ ခြားနားကြသည်။ ၁

၁။ ရွှေဘုံနိဒါန်း ခန်း ၁၅

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကဲ။ ။စစ်ဖက်ဆိုင်ရာအရာရှိငယ်။

ခေါင်း အဝန်း ထောင်ကဲ သွေးသောက်ကြီးတို့မှာလည်း အပ်တော်မူသည့် ခေါင်း အဝန်း ထောင်ကဲ သွေးသောက်ကြီး ထားကိုခါးချည်၍ လှံစွဲရသည်။[၁]

ရှေ့ဝင်းတော်ကိုယ်ရံတော်စုသား လူ ၁၂၅၊ လက်ျာဝင်းကိုယ်ရံတော်စုသား လူ ၁၂၅၊ ၂စု လူ ၂၅၀ ကို ခေါင်း အဝန်း ထောင်ကဲ တို့ အုပ်၍လိုက်ရသည်။[၂]

မာရဘင်စုတွင် ခေါင်း အဝန်း ထောင်ကဲ ခန့်လျှင် ထားအဆောက်လက်ကိုင်လွတ် ငွေအိမ် ငွေပြည့်သင်းချော၊ အရင်းအဖျားငွေငါးပတ်ခံတွင်း ပေးသည်။ အစုံလည်းပေးသည်။ ထားအဆောက်လက်ကိုင်လွတ် ငွေအိမ်ငွေသင်းချော ပေးသည်။ အစုလည်း ထားနှင့် သက္ကလတ်ကို ဟိုက်ဖော်ကပေးအပ်သည်။ သည်ပြင် ခေါင်း အဝန်း ထောင်ကဲ သွေးသောက်ကြီးများမှာ ထားမိုးကြိုးဆင့် အိမ်ဖြူ တိုက်က ပေးအပ်သည်။[၃]

ဓါးပိုင်ကြီးအမတ်မှာ။လက်ဝဲလက်ယာ သိုင်းနှစ်စင်းဆောင်စေ။ ထောင်ကဲး ရှစ်ယောက်။ အရွက်တတောင်။ အရိုးကတောင်ရှိသည့် ဓါးကိုစွဲကိုင်စေ၍ ရှေ့က လိုက်စေ။[၄]

စစ်ကဲ နားခံ တပ်ရေး ထောင်ကဲ ပဲ့နင်း ဦးနေ ရာကျော်ကိုင်။[၅]

ထောင်ကဲး ဆိုသော စကားမှာ။ မြန်မာလေ့အမှုထမ်းများတွင် ပါဝင်သုံးစွဲ လျက် ရှိသေးသည်။ထောင်ကဲးပဲ့နင်းပဲ့ချိပ် သွေးကြီး အကြပ်ငယ်သားဟု ခွဲခြား ထားသည်။ထောင်ကဲ ခေါ်ရင်းအကြောင်းမှာ။လူပေါင်း တထောင်အပေါ်တွင် မှူးကြီးအုပ်ကွပ်သောသူဟု ဆိုလိုသည်။[၆]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | လကဗဟ | ၁၅၁ | | ၂။ | ယင်း | ၁၅၄ | |
| ၃။ | ယင်း | ၂၂၆-၇ | | ၄။ | မြန်မာမင်း | ၃ ခန်း | ၄၁၇ |
| ၅။ | ကဘဆ | ၁။ | ၁၂၂ | ၆။ | ယင်း | ခန်း | ၄၁၈ |

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူး။ ။လူတစ်ထောင်စီနှင့် မှူးကဲစောင့်နေရသော အရာရှိကို တထောင်မှူး ခေါ်ဝေါ်သည်။ကာလလျှားသော်တထောင်မှူးမှ စကားရွေ့လာ၍ ထောင်မှူးဖြစ်သည်။[၁]

ရာဇဝတ်အပြစ်အလျောက် ဘမ်းဆီးချုပ်နှောင်ရန်ရှိလျှင်လည်း လေးပြင်ထောင်မှူးတို့နိုက် အသင့်ရှိသော နှောင်အိမ်အတွင်း ခြေကျဉ်းစွဲရိုက် ချုပ်ထားရသည်။[၂]

ဒရာရွှါ ထောင်မှူး ရွာသူကြီး ငပိုက် နံ့ဝ အသက် ၅၀ သူကိုမေးသော်။ ဒရာရွာကို ထောင်မှူးသူကြီးအရာနှင့် ဘေးညို ကြီးစိုးသည်။[၃]

ကျောက်ပန်းတောင်းမြို့အဝင် အင်ပျို့ရွာ ထောင်မှူး ငသာထွန်းအောင် နံ့စနေ အသက် ၃၀ ရှိသူကို မေးသော် ဆိုသည်။ အင်ပျို့ရွာကို ကျွန်တော်ဘေး ငစံလှ မှူးကြီးစီရင်သည်။ မရှိလျှင် ကျွန်တော်ဘိုး သမန္တရာဇာ မှူးကြီးစီရင်သည်။ မရှိလျှင် ကျွန်တော်မှူးကြီးစီရင်သည်။ .... အနောက်ကိုအလား ကန်နက်အခြားရွာမဲထောင်မှူး စီရင်သည့်မြေနှင့်စပ်။[၄]

စပါးသင်ရွာနယ်မြေသည်....တောင်ကိုယောထောင်မှူး မြေစပ်။[၅]

ညောင်ပင်ရွာနယ်မြေသည် အရှေ့တည်ခြင်းဖြစ် ယော ထောင်မှူး မြေနှင့်အစပ်။[၆]

မီးသင့်လောင်သည့်အခါ သတ်ငြိမ်းခြင်း စသော ရွှေမြို့တော်ဝန်၏ ကိစ္စကို လေးပြင် ထောင်မှူး ရုံးတိုင် မြို့စာရေး .... တို့နှင့် နေ့ညစဉ်မပြတ် အားထုတ်ရှက်ဆောင်ရခြင်းတို့ဖြင့် အမြန်လုံးသွင်း၍ထမ်းရွက်ရသည်။[၇]

၁။ ရွှေနန်းသုံး ခန်း ၇၂
၂။ ယင်း
၃။ ဒရာရွာစစ်တန်း ၄၅ ခု
၄။ အင်ပျို့ရွာစစ်တန်း ၄၅ ခု
၅။ စပါးသင်ရွာစစ်တန်း ၄၅ ခု
၆။ ညောင်ပင်ရွာစစ်တန်း ၄၅ ခု
၇။ ရွှေနန်းသုံး ခန်း ၇၁

www.burmeseclassic.com

www.burmeseclassic.com



ထောင်းခြင့်။ ။ပွဲတော်ရုံအတွက် စပါးကြိတ်ရသည့် အမှုထမ်းများ။

ကျီတော်ကစပါးကို ခြင့်ယူ၍ ၎င်းရုံတော်အတွင်း ထောင်းဖွတ်ရသည်။ သို့ဖြစ်၍ ထောင်းခြင့် အမှုထမ်းခေါ်သည်။ ၎င်းအမှုထမ်း ၅ တို့ကို တလလျှင် လစာငွေတော် ၆၅ိ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၅၈

ထန်းဖူးစည်း။ ။ဆဲ့နှစ်မှုမင်းတိုင်းအဝင်။

ရေးရန်တန်းဖူးစည်းဆိုသည်မှာ အတွင်းပြဲတိုက်တော်မှစ၍ လွှတ်ရုံးငါးရပ်တွင် နေ့စဉ်ရေးသားသုံးစွဲရန် ထန်းဖူးညှန့်ရှည်ကို အမြဲဆက်သွင်းရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

ထုံးမှုး။ ။ဧကရာဇ်မင်းမြတ်၏ ကောင်းမှုကုသိုလ်တော်၊ အုတ်နှင့်စပ်သည့် အလုပ်တော်များတွင် အင်္ဂတေစပ်နှောရန် ထုံးအများအပြားအလိုရှိသည့်အခါ ဧရာဝတီမြစ်ညာ မင်းကွန်းရွာဝန်းကျင် အထက်အောက်ထုံးတောင် ၂ ရပ်ရှိ ထုံးဘုတ်အမှုထမ်းတို့ကို မှုးကြီးရသူ အရာရှိဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၅၀

ထွေတော်။ ။(ထုယ်တဝ်)ပုဂံခေတ်ဘုရင်များ၏ အမိန့်တော်ကို ထွေတော်ဟုခေါ်ဝေါ်သည်။ မ္လိယ်တင်ကုပ်လျှင် ထုယ်တဝ် ဍ္လိမေင်ကြိမိန်ဧ။[၁]

ဥတိန်နရစ် ထုယ်တဝ် ဍ္လလတ်ဧ။ ထုယ်တဝ်ခံပါသကာအတွင်ရှယ်။[၂]

၁။ ပုံ ၂၂၈ ခ ၁၇ ၂။ ပုံ ၂၂၈ ခ ၂၀၊၂၀

www.burmeseclassic.com

www.burmeseclassic.com



[ ဒ ]

ဒသမဘာဂ။ ။ဘုရင်ကို လုပ်စာ၏ဆယ်ခိုင့်တခိုင် ဆယ်ဖို့ဘဖို့ ပေးဆောင်ရသောအခွန်တော်။

ဓညဝတီမြို့ရှိ ကွမ်းသီးတော်ဆက် ကျွန်တော်မျိုး မိန်းမစိုးတို့နှင့် ဆွေသား မျိုးသား ပေါက်မြိုင်မြို့စားလုတို့ ရခိုင် ၄ မြို့က တအိမ် ၁ိ စိကျ ဒသမဘာဂ ကြေးငွေ ဆက်သွင်းစေ အမိန့်တော်မြတ်ရင်းအတိုင်း အသီးသီးဆက်သွင်း၍ တံဆိပ်တော်ခံကြရသည့်နောက်။[၁]

ဗန့်ကျီတိုက်အဝင် တရားမြို့မှာ မြေဘိုင် ငအောင်ကို ရာဇဝတ်တော်နှင့်စီရင်သည်။ ဒသမ မပြေကျန်ငွေတော်ကို အမိန့်တော်နှင့်အညီ ဆက်သွင်းရမည်နိုးဆော် လျှင် အသည်ကြီးစာရင်းဦးပါသူ ငပါသား ငဆက်က ဆက်သလိုသည်၊ ငအောင်သား ငကြီးကလည်း ဆက်သလိုသည် လျှောက်ထားသည်၊ ဆက်ရငွေကိုမပြ။ ၄၅ ခု တံဆိပ်တော်ရသူကြီး ငမြတ်ရာမြေး ငကျားက ဆက်သကြီးစိုးလိုသည်၊ ဆက်သရန် ကျန်ငွေ ဂဝ ကို အပြေဆက်သပါမည် ငွေကိုပြ၍ အစီရင်ခံပါသည်။ ပြငွေ ဂ၀ိ ကို ဆက်သွင်းပါသည်။.... ဒသမငွေတော်ကို အပြေအမိန့်တော်ရင်းအတိုင်း ဆက်သွင်းသည့်အတိုင်း သူကြီးတံဆိပ်စာအပ်။[၂]

ကန္ဒိမြို့မြေဘိုင်သူကြီး ငသာလူ ဒသမဘာဂ ဆက်ရန်ဆို၍ ဆင်းရဲသားတို့မှာ ခံယူပြီး မဆက်မသွင်းယူသုံးသည်။[၃]

သမတ္တိးဘုရား ဂူကျောင်းရွာမြေလူများတွင်ဖြစ်သော ရေကြည်ရွာနန်းများမှာ အပေါဝန် အကောက်အစား တရားကွမ်းဘိုးနှင့်အကွ။ တမုတ်အရွှေယမည်းသင်းအရွှေ မြေရပ်များမှာ မြေစုနှင့်အကွ မြေဆိမြေခွန်ဖြစ် ၁၁၀ ကပ္ပိယလတ်ဖြင့်။ ထိုမှအပ မြေထန်းကျွန်သီးတော်များမှာ ဒသမဘာဂ ဖြစ်သော အခွန်အတုတ်အမှုကမ္မကို စောင့်ရှောက်ရှက်ဆောင်ခြင်းဖြင့် သာသနာတော်မြတ်အား ကျေးဇူးများလျက်။[၄]

ကျောင်းမြေကျေးရွာ။ ဆိပ်တည်ပွဲများကို လှူတော်မူရင်းတိုင်း။ အပေါ ဝန် အကောက်အစား။ တရားကွ်းဘိုးနှင့်အကွ။ ဒသမဘာဂဖြစ်သော။ မြေဆိ မြေခွန်အမှုကမ္မကိုကို။ စောင့်ရှောက်ရှက်ဆောင်ခြင်းဖြင့်။[၅]

၁။ ရဟာအမတ ၄၅ ၂။ လဖစ ၃

၃။ လဖစ ၅ ၄။ မုနိနေ့ာက် ၂၃ ကျော [၂၃]

၅။ စာရင်း ၁၀၅၂ ကျော [၁၂]



www.burmeseclassic.com

www.burmeseclassic.com



ဒသရုပဖောင်။ ။မင်းစီးဖောင်တမျိုး။

ဒသရုပဖောင်မှာ....ခြသေ့်နှုတ်သီး၊ အဒမာက်၊ လည်ဆံ၊ နောက်ပဲ့မြီး တိုးအမြီး၊ ခြေတဘက်၊ လက်တဘက်၊ နွားလပို့ငါးကြင်းအမြီး တိုးလက်တဘက်၊ မြင်းနွားနှစ်ဘက်၊ ခြေတဘက်၊ ခင်စွယ်နှစ်ချောင်း၊ မကရ်းနှာခေါင်း၊ သမင်ချို နှစ်ဘက်၊ ကျွဲချိုနှစ်ဘက်၊ ကရဝိက်အတောင်နှစ်ဘတ်၊ လှော်ကားပဲ့-ရုပ်ပေါင်း တဆယ်။¹

၁။ ရွှေဘုန်းနိဒါန်း ခန်း ၁၄၂

ဒါဝိုင်။ ။အထည်တမျိုး။

ကိုယ်လုပ်တော်တို့တွင်မြင်သည် မင်းသားတို့ကို သင်္ဂြိုဟ်သည်အစဉ်ကား.... ခုံပေါင်ပန်းလုကို ဒါဝိုင်လွှမ်း၍ တိုင်ထုပ်လျောက်ကို ဖဲနီပွမ်းသည်။¹

မြင်းမှူးနေရာတို့ သေလွန်လျှင် သင်္ဂြိုဟ်သည်ကား....ခုံကို ဒါဝိုင် မွမ်၍ တိုင်ထုတ်လျောက်ကို ဒါဝိုင်မွမ်းပြီးလျှင် ချင်ပုကို ရွှေထည့်သည်။²

ဒူးနေရာတို့ သေလွန်လျှင်....ခုံကို ဒါဝိုင် မွမ်းသည်။³

၁။ လကဗဟ ၂၀၀ ၂။ လကဗဟ ၂၀၀
၃။ လကဗဟ ၂၀၁

ဒုကုဋ်တင်။ ။အတင်ဂိုဏ်း။

ဒုကုဋ်တင်၊ သင်္ကန်းရုံဟု နှစ်ဂိုဏ်းနှစ်သွယ်ရှိကြသည်မှာလည်း အကွဲအပြား မရှိစေရ။အတုလယသမဟာဓမ္မရာဇဂုရုဆရာတော်အား သာသနာပြုအပ်တော်မူ၍ ဒုကုဋ်တင်နွယ် တဂိုဏ်းတည်းသာဖြစ်စေသည်။¹

၁။ ကဘဆ ၁။ ၇၁

ဒူးနေရာ။ ။တော်၊ ဒူး၊ စနည်း၊ အတွင်းဘဝေါ၊ အပြင်ဘဝေါ၊ နေရာ ၄သွယ်တွင် ဒုတိယ အမြင့်ဆုံးအဆင့်။

www.burmeseclassic.com

www.burmeseclassic.com



ဒူးနေရာနေအမတ်တို့တွင် ပေးသင့်သသူတို့ကို ပေးသည်လျှင်မူကား၊ စည်ဖြူ၅၊ ပုံသာ ၁၊ စည်ပုတ် ၁၊ လင်းကွင်း ၁၊ နှဲကြီး ၂၊ နှဲငယ် ၂၊ ခရာ ၁ ပေးသည်။[၁]

ဒူးနေရာသို့ရောက်လျှင်ကွမ်းခွက်အဝန်းရလျှင် ယားခွေးမ ခွေးငယ် နောက်ပိတ် သံပရာခွ ပတ္တမြားစီ အိမ်ကတ္တီပါစိမ်း၊ သံပတ် ၅ တန့်ကျောက်စီ ပေး၍ဆောင်သည်။[၂]

ဒူးနေရာသို့ ရောက်လျှင် ကျိုင်းကြီးငယ်ဆင်စွယ်ချက်ချိတ်တိုက်အနီ၄သစ်ခန့်ကို ပေး၍ ကျိုင်းရိုးနှဲ့တွင်တပ်၍ ဆောင်သည်၊ သည်နောက် ကွမ်းခွက်လက်ဘက်အိုးအဝန်း ပေး၍ဆောင်သည်။ သည်နောက် ကျိုင်းနှစ်သစ်ခန့်။[၃]

လှော်ကားလှေမှတ်မှာ ဒူးနေရာသို့ရောက်မှ လှော်ကားဦးပဲ့တဖက်ရွှေရေး အမှတ်ပန်းပွင့် ခင်တယင်အမိုးဖြူအခွက်နီ၊ အောင်နီဦး ၃ ပွင့် ပဲ့ ၂ပွင့်၊ သစ်ပွတ် ကတော့ချိတ်နီဘိုက် ဆဲ့ကြိုးပိုးနီ၊ လှော်တက်ဖြူပေး၍ စီးနင်းရသည်။[၄]

မှူးတော်မတ်တော်တို့တွင် ဒူးနေရာသို့ရောက်၍ကွမ်းခွက်ပေးပြီးမှ မြင်းကကိုင်း ညောင်ရွက်၊ ကတောင်ဆွဲ၊ ရက်ဖောက်၊ သံပရာခွ အနားသံလေးသစ်ရွှေပိန်း၊ အလယ်စာမရီရုပ်၊ ပန်းခက်ကိုက်၊ ခြူးသေးသွတ်၊ တမြုံလွတ်၊ စီးနှီးသက္ကဒါန် သက္ကလတ်မွမ်း၊ မြင်းကြိုး၊ သက္ကလတ်မွမ်း၊ အောင်းတင်ရန်း နောက်တက်ပေး၍ စီးသည်။[၅]

ဒူးနေရာသို့ရောက်လျှင် မိုင်းလုံးဝတ်လုံကိုဝတ်သည်။ အိမ်နည်းတူတွင် နပူစို ဆောက်၍ နေသည်။ ဆင်အပ်လျှင် အိမ်ရှေက ဆင်တင်းကုပ် ဆောက်သည်။ ကွမ်းခွက်ရလျှင် ကွမ်းခွက်ကို ပဝါနီအုပ်၍ဆောင်းသည်။ ထကောင်းပိတ်ရလျှင် ဆောင်သည်။ သွားလာခင်းရှိ၍ ကွမ်းခွက်လက်ဘက်အိုး တကောင်းဖုံးမဆောင် မယူ၊ မြင်းစီး၍ဖြစ်စေ၊ ခြေချည်းသွားသည်ဖြစ်စေ၊ ကွမ်းလက်ဘက်ကို ပဝါဖြူ ၂ ဖက်မြိတ်နှင့်ထုပ်၍ ရေတကောင်းကို ပဝါမဖုံး ဖက်ကတော့ကြီးကိုအုပ်၍

၁။ လကဗဟ ၂၂၁ ၂။ လကဗဟ ၂၂၅
၃။ လကဗဟ ၂၂၈ ၄။ လကဗဟ ၂၂၉-၃၀
၅။ လကဗဟ ၂၃၂

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည်။ လှေ်ကားလှေမှတ်ရလျှင် လက်သင်သံပန် စီအားရှိလျှင်စီးသည်။ လှေလောင်းကို ဟင်းသပတားသုတ်၊စကြောနီသုတ် အမွမ်းခြင်ပိတ် ဟင်းသပတား သုတ်ကိုတင်၍ စီးသည်။

အဖအမိမယားတို့ အရာအထူးမရှိ သေလွန်လျှင် အဖုံးကံပတ် ရွှေထည့်၍ ဝါးခုံချင်ပုံနှင့် သင်္ဂြိုဟ်သည်။

သဒ္ဒါစေတနာရှိ၍ ကျောင်းဆောက်လျှင် ဆင်ကပ်ပတ်လည် ပြင်ခုံဘိနပ် ထည့်သည်။ အုတ်လှေကား ၂ဆူ ကျောင်းအရိပ်နေ ရွှေနှစ်စုအနီတစု၊ တိုင်ရွှေ ပိန်းထည့်သည်။ ; စိန်ဖူး ရွှေပိန်းထည့်သည်။ စိန်ဖူးရွှေပိန်းထည့်၍ ကောင်းမှု ပြုသည်။[6]

ဒူးနေရာနေတို့ သေလွန်လျှင် ပျဉ်ကိုခါသာမွမ်း၊ ဣမွတ်ကို ရွှေပိန်းထည့်သည်။ ခုံကို ဒါဝိုင်မွမ်းသည်။ ချင်ပုကို ရွှေပိန်းထည့်သည်။ အရိုးတင် ဆင် ၁ စီး၊ အုံး မွေ့ရာတင် ဆင် ၁ စီးကျင်းသည်။ ရသည်အဆောင်ကို ကျင်းသည်။ ပတ်စည်တီး သည်။[7]

ရာမညတိုင်းသားတို့ ဘာသာဖြစ်သည်၊ မြန်မာဘာသာပြန်လျှင်....ဒူး ဆိုသည် မှာ သေဉ်မဆိုသည်။[8]

တောင်ဖက်တိုက်ဝန် လက်ျာပျံချီကို ကွမ်းခွက် လဖက်အိုး တကောင်းပိတ် အဝန်း ထားအဆောက် ကတ္တီပါစိမ်းမွမ်း၊ ရင်းဖျား ခွေးမ ခွေးငယ် ၅ တန့်၊ ရွှေသားကျောက်အိမ်ပါ ထီးနီဆင်ငွယ်ထွတ် ၁။ မြင်းကကိုင်း ညောင်ရွက် ၅၊ သမ္ဗရာခွံ ရက်ဖောက် ကတောင်ဆွဲ ဆက်ပါးကာ ရွှေပိန်း၊ နှင်းနှင်းသိပ် အိမ် မြောင်ရင်ပတ်ကွင်း ငွေဇာဝါကတောင့်ရွှေရေး စာမရီရုပ် ပန်းခက်ကိုက် အနားသံ ၄ သစ် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း မြီးပြမ်းရင်ပတ် သက္ကလတ်ကြိုး ရွှေကြယ် တပ် စီးနှီးသက္ကဒါန် သက္ကလတ်တင်ရမ်း ဆက်ရှန်း ၃ ဆင့်။ ဗောင်း ဝတ်လုံ စလွယ် ဒူးနေရာနေတို့နည်း၊ ဘွဲပြုရွှေမြိတ် ၄ သစ်။ မောက်တို့ အုံရွှေပိန်း အရပ်

၆။ လကဗဟ ၂၃၀ ၇။ လကဗဟ ၂၀၁

၈။ ရွှေဘုံနိဒါန်း ခန်း ၂၀

www.burmeseclassic.com

www.burmeseclassic.com



အနားသံ ၅ သစ် ရွှေကုံး ရွှေထိပ် ရွှေထွတ် စိန်ပွင့် ၇။ ပါးကာနားကာ မောက်ရူ ပါလည်ကွေး ရှေကာနောက်ကာ ကတ္တီပါစိမ်းဖဲကွပ်။ မျည်းတို ကတ္တီပါပြာဖဲကွပ်။ မျည်းရှည် မှိုင်းလုံးနီဖဲကွပ် သနားတော်မူသည်။ စာချွန်ရေးမြဲရေး၍သွင်း။[၉]

မန္တလေးရတနာပုံခေတ်ဟွင် ဒူးနေရာနေ ၄၈ ရှိသည်။[၁၀]

ဧင်းတို့ရရှိသည့်အဆောင်အရွက် အစီးအနင်းများမှာ ဖဲဗောင်းရွှေသား ပန်း ၉၊ တမာရွက်ထောင် ၉။ ရွှေနားတောင်း ကြက်ရင်အနားဆူး ၂ ထပ်။ ကတ္တီပါဝတ်လုံ ဖဲရ ရွှေဖျင်တမိုက်တဆင့်တပ်။ ရွှေစလွယ် ၆ သွယ်။ ဘွဲ့ဖြူရွှေမြိတ် ၈ သစ်။ မောက်တိုရွှေပိန်း၊ ရွှေကုံးစိန်တောင် ၉၊ ရွှေထိပ်ရွှေထွတ်၊ ပုက်မြတ်နားစိန်ပွင့် ၁၂။ ပါးကာနားကာ ရွှေကာနောက်ကာ မောက်ရူ ပါလည်ကွေး ကတ္တီပါနီဖဲကွပ် ပိုးစုံသတ်။ မျည်းတို ကတ္တီပါနက်ဖဲကွပ် ပိုးစုံသတ်။ မျည်းရှည် ကတ္တီပါပြာဖဲကွပ် ပိုးစုံသတ်။ ကွမ်းခွက် လက်ဖက်အိုး တကောင်းပိတ်အဝန်း။ ငွေထွေးအင်၊ ထားအဆောက်ကတ္တီပါစိမ်းမွမ်း ရင်းဖျားခွေးမခွေးငယ် သံပတ် ၅ တန့် ရွှေသားကျောက်အိမ်ပါ။ ထီးနီရွှေထွတ်။ ကျိုင်း ၁ အထွတ်ရွှေ။ မြင်းကကိုင်း ညောင်ရွက် ၅၊ သမ္ဗရာခွ ရက်ဖောက် ကတောင်ဆွဲ ဆက်ပါးကာ ရွှေဇဝါပိန်း နှင်းနှင်းသိပ် အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါကတောင်ရွှေရေး စာမရိရုပ်ပန်းခက်ကိုက် အနားသံ ၄ သစ် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း ပြိုးဖြန်းရင်ပတ် သက္ကလတ်ကြိုးရွှေကြယ်တပ်၊ စီးနှိုးသက္ကဒါန် သက္ကလတ်တင်ရမ်း ဆက်ယှန်း ၃ ဆင့်။ ထမ်းစင်တလဲ ၆ ဝန်း ဘိနပ်ကုလားပန်း အိမ်ညောင်ရွက် အတွင်းကုလားပန်းဘောင်းထိပ်မှော်ခါးပန်း ကမ္ပတ်တမြုံခြူး။ ကမ္ပတ်နား အတွင်းပြင်ပွတ်ခြမ်း၊ စက်ဇော့ကွင်း အတွင်းကြယ်နား ကုလားပန်း၊ တမြုံခြူး၊ ကြက်ရင်ကုလားပန်း အိမ်ညောင်ရွက် အတွင်းကုလားပန်း၊ ထောင့်ကျေးစေတိုင် အဖြေမြင်းနား၊ လျောက် ၅ ဝန်း ထုပ် ၃ ဝန်း ထုပြောက်အနီသုတ်၊ ခါးပန်းစက်မှာ လက်ဝဲလကျာ ၂ ဝန်းစီ၊ နောက်ထုပ် ၂ ဝန်း စက်အတွင်းဆင်စွယ်ကြယ် စက်နားညောင်ရွက်ဆင်စွယ် ကြက်ရင်ကုလားပန်း အိမ်ဆင်စွယ် ၂ တန့် လည်သီးဆင်စွယ် မှော်သေးကျေးစေတိုင်ဆင်စွယ်။

ဆင်ပေါင်းဝန်းအထွတ်ရွှေ၊အမိုးအနက်၊ကတောင်အရပ်ရွှေအလယ်ကြာပွင့်၊ကခွက်ရွှေ ၁ စု အနီ ၂ စု၊ ရဲကခွက်အနီ ကာတောင် အရပ်ရွှေ အလယ်ကြာပွင့်၊ အလံ

[၉]။ ရဟ အမတ ၂၀၆-၂၀၇။ ၁၁၆၈ ခု သတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့။
[၁၀]။ ရွှေနန်းသုံး ခန်း ၉

www.burmeseclassic.com

www.burmeseclassic.com



ကျည် လှံကျည် အနီသုတ် သက္ကလတ်ကြိုးလုံး၊ စည်နီ ၇၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနဲ့ကြီး ၁၊ ငွေနဲ့ငယ် ၂၊ ခရာ ၁၊ လင်းကွင်း ၁။ လှေဘ်ကားဦးငှက်ပျံရုပ် ၄ တဖက်ပရိတ်ခြည် ၂ ဆင့် ခင်တုရင်အမိုးအုံဖြူ လုင်တိုင် ထောင့်ဖြေကျေးစေတိုင် ပိုးကြိုးနီ ကတော့သစ်ပွင့်ချိတ်နီတိုက် အောင်နီဦး ၁ ပွင့် ပဲ ၂ ပွင့် လှေဘ်တက်ဖြူ။ အိမ်လည်ပေါ် ၁ ဆောင်၊ လည်ရပ်တတောင်နှစ်မိုက်၊ အိမ်သာမိုးလွှတ် အမွန်းခြင်ပိတ်၊ မြင်းနားသင်ပုန်းခေါင်းမှုတ်ရိုးတပ် သင်ပုန်းခေါင်း ဝင်းခြံရက်ဖေါက် ၅ တန့်၊ ဝင်းရပ် ၅ တောင် ၁ မိုက် ကြက်ခြေသန်း အဖျား ၂ ဖက်ချွန်၊ တံခါးပရွက် ကြောင်း ကမ္ပတ်သတ်အဖြေတပ်ရကြသည်။''

၁၁။ မြန်မာပင်း ၄။ ခန်း ၇၇၉

ဒူးရင်းဥယျာဉ်တော်စောင့်။ ။ရှေးကမရှိ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ဘုရားလက်ထက် ရတနာမဥ္ဇူဘုရားအနီး၌ တရပ်၊ သုံးဆယ်မြို့ တရပ်။ ဒူးရင်းပင်စိုက်ပျိုးပြုစုတော်မူ၍ ဥယျာဉ်စောင့် ခြံစောင့် အမှုထမ်း ၃၀ ထားပြီးလျှင် တလလျှင် လစာငွေ ၁၇၂ ိ ၅ကျပ် သနားတော်မြတ်ခံရသည်[၁]

၁။ ရှေနန်းသုံး ခန်း ၁၆၄

ဒူးလမ်း။ ။လမ်းမတော်၊ ဒူးလမ်းများတွင် သာယာကောင်းမွန်စွာရှိသည် မရှိသည်များကို မပြတ်ကြည့်ရှု၍ လုပ်ဆောင်ပြင်ဆင်ရန်ရှိလျှင်။ ပြဲတိုက်တော်မှာ အစီရင်ခံရခြင်း။[၁]

၁။ ရှေနန်းသုံး ခန်း ၈၅

ဒေဝိဘွဲ့။ ။မိဖုရားများ သမီးတော်ကြီးများရရှိသည့်ဘွဲ့။

ဒေဝိဘွဲ့နာမံ ရှိသော အသျှင်မိဖုရားလတ်။[၁]

အမြင့်ဆုံးဒေဝီထပ်ဘွဲ့။ သိရိပဝရမဟာရာဇိန္ဒာမင်္ဂလာရတနာဒေဝီ။[၂]

၁။ ရှေဘုံနိဒါန်း ခန်း ၁၀၆ ၁။ ရှေနန်းသုံး ခန်း ၄၈

www.burmeseclassic.com

www.burmeseclassic.com



မဟာမင်္ဂလာရတနာဓိပတိသီရိရာဇာ စန္ဒာဒေဝီ-အရှင်မိဘုရားခေါင်ကြီးတွင် မြင်တော်မူသည့်...သီရိမဟာမင်္ဂလာဒေဝီ၊ ကန္ဒီမြို့ကို စားသည် ဘပါး။[၃]

၃။ ကဘာဆ ၁။ ၃၃၀

ဒေသ ၁၂ ပါး။ ။ဒေသ ၁၂ ပါးကား (၁) နိုင်ငံ၊ (၂) ပြည်၊ (၃) မြို့၊ (၄) တိုင်း၊ (၅) ရွာ၊ (၆) ဇနပုဒ်၊ (၇) နိဂုံး၊ (၈) ဈေး၊ (၉) သဘင်၊ (၁၀) ရေဆိပ်၊ (၁၁) ကူးဆိပ်၊ (၁၂) တည်လဲဖြစ်ကြ၏။[၁]

၁။ ပနကျယ် ၁၀

ဒေါနုပန်းတော်စိုက်။ ။

နှစ်စဉ် တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ တပို့တွဲလများတွင်ဒေါနုမြို့ အရပ်နှိုက် ဒေါနုပန်းတော်များကို စိုက်ပျိုး၍ ဥယျာဉ်အုပ်ကဘဆင့် ဆက်သရသည်။ ၎င်းဒေါနုပန်းတော်စိုက် ၁၇တို့မှာ တလလျှင် စပါးတော် ၁၈၀ တင်း သနားတော်မြတ်ခံရသည်။[၁]

၁။ ငွေနန်းသုံး ခန်း ၂၃၀

ဒေါဗညား။ ။မွန်အမှူးအမတ်။

တလိုင်းမင်းညီမင်းသား ဒေါဗညား မှူးမတ်စု။[၁]

တလိုင်းမှူးကြီးမတ်ကြီး၊ ထိုနောက် တလိုင်း မှူးမတ် ဒေါဗညား။[၂]

ဥပရာဇာနှင့် ဒေါဗညားအမှူးအမတ်တို့ ရောက်သည်။[၃]

အဂ္ဂမဟာသေနာပတိ မှူးကြီးမတ်ကြီး ဒေါဗညား မှူးလတ် မက်လတ် မှူးငယ်မတ်ငယ်တို့သည် အမှုနှင့်ဆိုင်ရာ ကျူးလွန်သည်ကို လျှော်ဖြစ်လျှော်ထုံး

၁။ ကဘာဆ ၁။ ၂၃၁ ၂။ ကဘာဆ ၁။ ၂၃၁
၃။ ကဘာဆ ၁။ ၂၃၄

www.burmeseclassic.com

www.burmeseclassic.com



စိရင်ရသည်ဆိုသည့်အချက်ကိုထောက်၍ ဒေါဇညားတို့သည် ရာမညတိုင်း အမှုး အမတ်ဖြစ်ကြောင်းကို သိရသည်။[၄]

၄။ ဣဘုနိဒါန်း ခန်း ၂၉

[ ဓ ]

ဓနုက်ပလာဆင်ဝန်။ ။ဆင်ရိုင်းများကိုဖမ်း၍ ယဉ်ကျေးအောင်ကျင့်ပြီးနောက် ဆင်ဝန်သို့ အပ်ရသည့် အမှုထမ်းများအားပေါ် ဆင့်ဆိုစီမံအုပ်ချုပ်ရသူ အရာရှိဖြစ်သည်။

ဓနုက်ပလာဆင်ဝန်၏ လက်အောက်တွင် ခွန်အားဗလနှင့်ပြည့်စုံသော ဆင်စွယ်စုံကြီး စီးရေ ၃၀ ကျော်ကို။ ဦးစီး နောက်ပဲ့ လုံကိုင် လွန်ပစ် အမှုထမ်းတို့ စုံလင်စွာနှင့်ရှိစေရသည်။....ဓနုက်ပလာဆင်ဝန်မှာ တလလျှင် လစာငွေတော် ၁၀၀ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၇

ဓနုက်ပလာဆင်ဝန်စာရေး။ ။ဓနုက်ပလာဆင်ဝန်ကို ကူညီရသောစာရေး။

ဓနုက်ပလာဆင်ဝန် ဆင့်ဆိုရာ နာခံရေးမှတ် ထမ်းရွက်ရသည်။ ဓနုက်ပလာ ဆင်ဝန်စာရေး ၁ မှာ တလလျှင် လစာငွေတော် ၁၅၀ သနားတော်မြတ် ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၉၁

ဓနုက်ပလာဆင်အမှုထမ်း။ ။အောက်မားတော်များမှာ စိမ့်စမ်းဂနိုင်တောမြိုင်ကြီးရာ တောဆင်ရိုင်းများ ရှိသည့်နေကို ရှာဖွေသွားရောက် အောက်ငင်ရသဖြင့် ယင်းသည့် အောက်မားတော်များနှင့် တောဆင်ရိုင်းနှင့်ကျ၍ ရခဲ့သော ဆင်ငယ် အရွယ်သို့ ရောက်လျှင် ကျောဘမ်းပြီးကာလ ဆင်ဝန်ထံသို့ အပ်ရခြင်း။ ယိုမှတပါးတောတွင်း ပေါက်ဖွား ကျက်စားလျက်ရှိနေသော ဆင်ရိုင်းများအနက် အပြစ်ကင်းစွာ

www.burmeseclassic.com



ကင်းရှင်း၍ ကြော့မော့လှပသော ဆင်မပေါက်များကို ကျော့ဘမ်းပြီးလျှင် ယဉ်ကျေးအောင် သင်ကြားပြီးမှ ဆင်ဝန်သို့အပ်ရခြင်းကိစ္စများကို ဆောင်ရွက်ရသည့် အမှုထမ်းဖြစ်သည်။ ယင်းသည့်အမှုထမ်း ၃၀ တို့မှာ တလလျှင် လစာငွေတော် ၃၀ဝိ သနားတော်မြတ်ခံရသည်။

၁။ ဒွေ့နှန်းသုံး ခန်း ၂၉၂

ဓား။ ။မြန်မာမင်းများ ကောင်းစားစဉ်က ညီတော် သားတော် မှူးတော်မတ်တော်တို့အား ဓားကို အဆောင်အရွက်တမျိုးအဖြစ် သနားတော်မူခဲ့၏။ နေရာ အနိမ့်အမြင့် အလိုက် ရရှိသည့် ဓားများသည် ခြားနားရုံမက တခေတ်နှင့် တခေတ်လည်း မတူကြပေ။

မင်းသားမင်းမြေး မှူးတော်မတ်တော်တို့ကို အဆောင်ထားပေးသည်ကား၊ အိမ်ရှေ့မင်းမှာ အဆောက်ရွှေ၊ အိမ်ဖြူ မည်သရီအိတ်သွတ်ပေး၍ဆောင်သည်။ အမည်ရတို့ သားမြေး ၁၂ ယောက်တို့ကို ထားလိုက်ခန့်၍ ထားခွေးမ၊ ခွေးငယ်၊ နောက်ပိတ်၊ သံပရာခွံ၊ ရွှေလက်ကိုင်လွတ်၊ အိမ်ဖြူ ၁၂ ကို ရွှေတိုက်တော်က ပေးအပ်၍ အိမ်ရှေ့မင်းမှာ ထားနှင့်လိုက်ရသည်။

ညီတော်သားတော် ဝေါရသသူတို့မှာ ထားမိုးကြိုးဆင့်၊ အိမ်ဖြူ၊ မည်သရီ အိတ်သွတ် ဆောင်သည်။ ထားလိုက် ၁၂ ယောက်လည်း နည်းတူပေး၍ ထား လိုက်ရသည်။ ဝေါပလာရသသူတို့မှာ ထားမိုးကြိုးဆင့် အိမ်ဖြူ ကတ္တီပါနီအိတ် သွတ်၍ ဆောင်ရသည်။

မိဖုရားတို့တွင်မြင်သည် မင်းသား၊ ကိုယ်လုပ်တော်တို့ဘွင်မြင်သည် မင်းသာ တို့ကို ထားပေးလျှင် ထားမိုးကြိုးဆင့် အိမ်ဖြူ သက္ကလတ် အိတ်သွတ် ဆောင်ရသည်။

ဝန်ကြီးအတွင်းဝန်တို့ကို ထား၊ ခွေးမ၊ ခွေးငယ် နောက်ပိတ်၊ သံပရာခွံ၊ ပတ္တမြားစီ၊ အိမ်မည်သရီမွမ်း၊ သံပတ်ခုနှစ်တန့်၊ ပတ္တမြားစီပေး၍ ဆောင်ရသည်။ သည်နောက် ထားအိမ်မည်သရီမွမ်း၊ သံပတ်ခုနှစ်တန့်၊ အရင်းအဖျား၊ သက္ကဒါန် လေးသစ် ပတ္တမြားအပြည့်စီပေး၍ ဆောင်ရသည်။ သည်နောက် ထားလက်ပန်း ကတော့ခံရွှေ၊ မုတရက်သီးရွှေ၊ ပတ္တမြားစီပေးသည်။

ရွှေးဝန်ကြီးတို့တွင် ဗညားကျမ်းထော၊ နန္ဒယော်ထာ၊ သီရိဇေယျကျော်ထင်၊ သီရိဇေယျနော်ရထာ၊ နေမျိုးနော်ရထာ၊ မဟာသတိုးသီဟသူရ၊ နေမျိုးဇေယျ

www.burmeseclassic.com

www.burmeseclassic.com



နော်ရထာတို့ကိုလည်း ထားနည်းတူတွင် သွေးကြောင်းခံ လက်လေးသစ်ခန့် ကွပ်၍ ပတ္တမြားအပြည့်စီထားကို ဆောင်ရသည်။

အတွင်းတော်မြဲ အမှုးအမတ်တို့ကို ထားပေးလျှင် ရွှေထားဆောက်ပြည့် အိမ်ပြည့် သင်းချောပေးသည်။ သည်နောက် ရွှေထားကျောက်အိမ် ပေးသည်။ သည်နောက် ကျပ်ရ၍ အတွင်းဘဝေါနေရာ စနည်းနေရာသို့ရောက်လျှင်ရွှေထား ဆောက်ပြည့် အိမ်အပြောက်ထုပေး၍ ဆောင်ရသည်။ သည်နောက် ဒူးနေရာသို့ ရောက်လျှင် ကွမ်းခွက်အဝန်းရလျှင် ထားခွေးမ၊ ခွေးငယ်၊ နောက်ပိတ်၊ သံပရာခွံ၊ ပတ္တမြားစီ၊ အိမ်ကတ္တီပါစိမ်း သံပတ် ၅ တန့်ကျောက်စီ ပေး၍ဆောင်ရသည်။ သည်နောက် တော်နေရာသို့ရောက်လျှင် ထားအိမ်မည်သရီမွမ်း သံပတ် ၅ တန့် ပေးသည်။ သည်နောက် ထားမည်သရီမွမ်း သံပတ် ၇ တန့်ဆင့်၍ ပေးသည်။

အတွင်းတော်မြဲ ထားရသူတို့ကို မြို့ဝန်ခန့်လျှင် ပေးရင်းထားကို ရွှေတိုက် တော်သွင်း၍ ထားမိုးကြိုးဆင့် အိမ်ဖြူအလျောက်လုပ်၍ ဆောင်ရသည်။ အတွင်း တော်မြဲတို့တွင် ထားရရင်းရှိသူတို့ကို ဝင်းမှူးခန့်လျှင် ဝင်းမှူး ထားကိုအပ်၍ ဆောင်ရသည်။ ပေးရင်းထားတို့ကို တိုက်တော်သို့သွင်းရသည်။

ဝင်းမှူးထားမှာ ရွှေဝင်းမှူးထား ရွှေဆောက်ပြည့် ခွေးမ၊ ခွေးငယ်၊ နောက်ပိတ်၊ သံပရာခွံ ပတ္တမြားစီ၊ အိမ်သံပတ် ၅ တန့်၊ ပတ္တမြားစီ မှန်ကူ အပြောက်ထု၊ အနားပတ္တမြားစီ၊ လက်ျာဝင်းမှူးထား နည်းတူတွင် အိမ်ခိုနန်း ပြောက်ထု အနားပတ်လည်ပတ္တမြားစီ၊ လက်ဝဲဝင်းမှူးထား နည်းတူတွင် အိမ်ပိုနန်းအပြောက်ထု၊ အနားပတ်လည်ပတ္တမြားစီ၊ နောက်ဝင်းမှူးထားနည်းတူတွင် အိမ်စက်ဝန်းအပြောက်ထု အနားပတ်လည် ပတ္တမြားစီ ပေး၍ဆောင်ရသည်။

အတွင်းတော်မြဲတို့တွင် ထားရသူတို့ကို ဝန်ထောက်ခန့်သည်ဖြစ်စေ၊ အနောက် ဝန်ခန့်သည် ဖြစ်စေ၊ ပေးရင်းထားကို ရွှေတိုက်တော်သို့ သွင်းရသည်။ ထား မဆောင်ရ။ လွှတ်တော်ရုံးတော်မြဲမှုစ၍ အိပ်လှည့်အိပ်ဖန်မရှိ မမြဲမစွဲရ။ အမှုး အမတ်တို့တွင် ဝန်ကြီး၊ မြင်းဝန်၊ မြို့ဝန်ကိုသာ ပေးသည်။ ထားကိုဆောင် ရသည်။ ဆောင်မြဲထားကို ဆောင်ရသည်။ မြင်းအမှုထမ်း ပွဲလမ်းရသသူတို့မှာ ထားအဆောက်လက်ကိုင်လွှတ် အိမ်ရွှေငါးပတ်ခန့်ကွပ်ကို သွားလာလျှင် ဆောင် ရသည်။

လေးဆယ်တော်သားခန့်လျှင် ထားခွေးမ ခွေးငယ် နောက်ပိတ်ရွှေ၊ အိမ် ကတ္တီပါနီမွမ်း၊ သံပတ် ၅ တန့်ကွပ်ကို ရွှေတိုက်တော်ကအပ်၍ ဆောင်ရသည်။

ငါးဆယ်တော်သားခန့်လျှင် ထားနည်းတူတွင် သံပတ်ငါးတန့်ကွပ်ကို ရွှေ တိုက်ကအပ်၍ ဆောင်ရသည်။ လေးဆယ်တော်သား ငါးဆယ်တော်သားတို့မှာ ပြာသာဒ်တော်တွင် မြဲရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတို့မှစ၍ အတွင်းတော်မြဲတို့ အမှူးအကြီး၊ အမတ်ကြီးတို့သားကို စားတော်ကွမ်းရေကိုင်ခန့်လျှင် အမည်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ရွှေထားဆောက်ပြည့်၊ အိမ်ပြည့်သင်းချောကို တိုက်တော်ကအပ်၍ ဆောင်ရသည်။

မာရဘင်သင်းမှူးခန့်လျှင် ရွှေထားဆောက်ပြည့် အိမ်ပြည့် အပြောက်ထုထားကို တိုက်တော်ကပေး၍ ဆောင်ရသည်။ ပြာသဒ်တော်တွင် မြဲစွဲရသည်။ သူရဲကြီးသားတို့ တန်းမှာမမြဲရ။ သည်ပြင် မြေနန်းတော်ရှေ့ သင်းမှူးမှစ၍ မြင်း ဝင်း သင်းစုသားတို့ကို အမှူးအကြီးခန့်လျှင် ထားမပေး၊ ထားမိုးကြိုးဆင့် အိမ်ဖူးအလျောက်သုပ်၍ အိပ်လှည့်အိပ်ဖန် ဝင်ထွက်လျှင် ထားကို စွဲ၍ မြဲစွဲရသည်။

မာရဘင်စုတွင် ခေါင်း အဝန်း ထောင်ကဲခန့်လျှင် ထားအဆောက်လက်ကိုင်လွတ် ငွေအိမ်ငွေပြည့်သင်းချော၊ အရင်းအဖျား ငွေငါးပတ်ခံတွင်းပေးသည်။ အစုံလည်း ပေးသည်။ ထားအဆောက်လက်ကိုင်လွတ် ငွေအိမ် ငွေသင်းချော ပေးသည်။ အစုလည်း ထားနှင့် သက္ကလတ်ကို တိုက်တော်ကပေးအပ်သည်။ သည့်ပြင် ခေါင်း အဝန်း ထောင်ကဲ သွေးသောက်ကြီးများမှာ ထားမိုးကြိုးဆင့် အိမ်ဖူး တိုက်တော်က ပေးအပ်သည်။[၁]

ကုလားကိုင် ထားသုံးရာ။ အမြောက်တင်ရထားနှင့်ငါး။[၂]

ပတ္တမြားအတိစီသော လက်သုံးတော် ထား။[၃]

မှန်ကုန်မြို့ဝန် မင်းကျော်စည်သူကို နေမျိုးနော်ရထာအမည်နှင့်....ထားနက်သံပတ်ခုနှစ်တန့်။ ကျောက်စီရင်းဖျား သက္ကဒါန်ဦး....သနားတော်မူသည်။ ထားလုပ်ရန် ကွမ်းခွက် လုပ်ရန်လည်း ရွှေရှစ်ဆယ်သနားတော်မူသည်။ စင်ကဲနှစ်ကို ထားစိမ်းသံပတ်ငါးတန့်။ ရွှေကျပ် လက်ဘက်အိုး သနားတော်မူသည်။ လုပ်ရန် ရွှေလေးဆဲ့ခုနှစ်ကျပ်သနားတော်မူသည်။ နာခံနှစ်ကိုလည်း ရွှေထားဆောက်ပြည့် အိမ်ပြည့် သနားတော်မူသည်။ လုပ်ရန် ရွှေသည်းတဆဲ့နှစ်ကျပ်နှစ်မတ်စီ သနားတော်မူသည်။[၄]

ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် ယေဘူယျအားဖြင့် ဓား ၄ မျိုးပေးသည်။ စစ်သူကြီးနေရာနေ၊ နေရာလွတ်နေနှင့် စော်ဘွားကြီးနောက်နေတို့ကို မိုးကြိုး

၁။ လကဗဟ ၂၂၄-၇   ၂။ ကဘဆ ၁။ ၁၀၉
၃။ ကဘဆ ၁။ ၂၃၀   ၄။ ကဘဆ ၁။ ၂၆၄

www.burmeseclassic.com

www.burmeseclassic.com



ဆင့်ထား ထားခွေးမ ခွေးငယ် နောက်ပိတ် ပတ္တမြားစီ အိမ်မည်သရီမွမ်း သံပတ် ၇ တန့် ပတ္တမြားစီ ရင်းဖျားသက္ကဒါန် ၄ သစ်ခံပတ္တမြားစီ ထားသွတ်သက္ကလက် အိတ်နီ ဆွဲကြိုး ပုဒယက် ကတော့လက်ပန်းကွင်း အနားပတ္တမြားတရစ်စီကို ပေးသည်။ တော်ချွန်နေရာနေတို့ကို ဓားခွေးမ ခွေးငယ် နောက်ပိတ် ပတ္တမြားစီ အိမ်မည်သရီမွမ်း သံပတ် ၇ တန့် ပတ္တမြားစီ ရင်းဖျားသက္ကဒါန် ၄ သစ်ခံပတ္တမြား စီကို ပေးသည်။ တော်နေရာနေတို့ကို ဓားအဆောက် ကတ္တီပါအနက်မွမ်း ရင်းဖျား ခွေးမခွေးငယ် သံပတ် ၇ တန့်ရွှေသားကျောက်အိမ်ပါကို ပေးသည်။ ဒူးနေရာနေတို့ကို ဓားအဆောက်ကတ္တီပါစိမ်းမွမ်း ရင်းဖျား ခွေးမ ခွေးငယ် သံပတ် ၅တန့် ရွှေသားကျောက်အိမ်ပါ အိမ် ကတ္တီပါစိမ်းမွမ်း ရင်းဖျား ခွေးမ သံပတ် ၅ တန့် ရွှေသား ကျောက်အိမ်ပါကိုပေးသည်။ စနည်းနှင့် ဘဝေါနေရာနေတို့ဓားမရချေ။[၁]

၁။ မြန်မာမင်း ၄။ ခန်း ၄၇၉

ဓားစွဲ။ ။ဓားလက်နက်ကို ကိုင်စွဲရသော အမှုထမ်း။

သေနတ်ကိုင်။ လှံကိုင်။ ထားစွဲ။ တင်ကျည်းစွဲ။[၁]

သူရဲသူခက် ဓားစွဲ ကိုယ်ရံတော် လက်နက်ကိရိယာစုံနှင့်။[၂]

၁။ ကဘဆ ၁။ ၅၀ ၂။ ရွှေနန်းသုံး ခန်း ၉၅

ဓားနက်။ ။ဆောင်ဓားတမျိုး။

အဆောင်ထီးနီ။ ကွမ်းခွက်။ ထားနက်။ လက်ဘက်အိုး တကောင်းပိတ် သနားတော်မှုသည်။[၁]

ဝင်းတော်မှူးလေးဦးတို့ပွာ....ညီလာသဘင်မှုစ၍ မည်သည့်အခမ်းအနားမဆို ဓားနက် ကျောက်စီဓားကို ဆောင်ကိုင်ဝင်ထွက်ခစါးရသည်။[၂]

၁။ ကဘဆ ၁။ ၂၅၆ ၂။ ရွှေနန်းသုံး ခန်း ၆

ဓားလိုက်။ ။ဆွေတော်မျိုးတော် မှူးတော်မတ်တော်တို့ သွားလာသည့်အခါ နောက်မှ ဓားထမ်း၍ လိုက်ရသော အမှုထမ်းများ။

www.burmeseclassic.com



အမည်ရတို့သားမြေး ၁၂ ယောက်ကို ထားလိုက်ခန့်၍ ထားခွေးမ ခွေးငယ်၊ နောက်ပိတ်၊ သံပရာခွံ၊ ရွှေလက်ကိုင်လွတ်၊ အိမ်ဖြူ ၁၂ ကို ရွှေတိုက်တော်က ပေးအပ်၍ အိမ်ရှေ့မင်းမှာ ထားနှင့်လိုက်ရသည်။[၁]

အတွင်းဝန်မှစ၍ အတွင်းတော်မြဲတို့တွင် ထားလိုက်ရသသူတို့မှာ သနားတော်မူသည်။ အဆောင်ထားကိုထမ်း၍ ဝေါတော် လက်ဝဲလက်ျာတွင်လိုက်ရသည်။[၂]

ထိုနောက် ထီးဖြူတော်ရှစ်။ ယပ်မားတော်ရှစ်။ ထီးဖြူတော်အကြား ယပ်မားချပ်လျက် လိုက်ရသည်။ ထိုနောက် ထားလိုက်ရှစ်။ထိုနောက် ပတ္တမြားစီ လက်သုံးတော်ထား။[၃]

စောရာဇ်မင်းမြတ် လက်သည်းတော် ခြေသည်းတော် သန့်စင်သည့်အခါ။ လေးဆယ်တော် ဓားလိုက်က ဆတ္တာ ပုဏ္ဏား၏ လည်ကုပ်ပေါ်မှ ဓားလိုက် ဓားနှင့် မိုးထားရသည်။[၄]

၁။ လကဗဟ ၂၂၄ ၂။ လကဗဟ ၁၅၅
၃။ ကဘဆ ၁။ ၁၂၀ ၄။ ရွှေနန်းသုံး ခန်း ၂၄

ဓာတ်စည်။ ။စည်တမျိုး။ ဓာတ်စည် ၄ လုံးရှိသည်။

တီးသည့်စည်လည်း သူရဇ္ဇ၊ ပါပ၊ အမြိတ္တ ကောလီ ဓာတ်လေးပါး မြို့လေ မျက်နှာ ဓာတ်တံခါးများတွင် ဘွဲ့ထားတီးသည့် ဓာတ်စည် လေးလုံးအနက် သူရဇ္ဇ တေဇောဓာတ်ဖြစ်သော အရှေ့မျက်နှာ ဓာတ်စည်က နှတ်၍ တီးသည်၊ အခြား ဓာတ်စည်ကို မတီး၊ မီးဓာတ်ဖြစ်သော ဓာတ်စည်ကို တီးသည်မှာ ဘုန်းတန်ခိုးကြီးသော မင်းတို့ အမိန့်တော်အာဏာသည် အလျှံအပြောင်နေမီ ကဲ့သို့ဖြစ်၍ အကြောင်းနိမိတ်ကို ထောက်သဖြင့် တီးသည်။ ဘုန်းအာဏာ နေမီးနှင့်နှိုင်းခိုင်းသည်ကိုထောက်၍ သိသာသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၆၁

www.burmeseclassic.com

www.burmeseclassic.com



ခတ်လှေတော်စီး။ ။ရေကြောင်းအပို့အယူအမှုထမ်း။

ရေကြောင်းတွင် ဆင့်ဆိုမှာထား ခေါ်ယူရန်ရှိလျှင်။ ခတ်လှေတော်စီး အကြီးအမှူးနှင့် ခါတ်လှေတော် အမှုထမ်းများက အလှည့်ကျ သွားရောက် ခေါ်ယူရသည်။

ခတ်လှေစီး အဆောင်တော်မြေးများနှင့် ခတ်လှေစီး အမှုထမ်းများမှာလည်း။ အလှည့်ကျ စောင့်နေထမ်းရွက်ရသည်။ အဆောင်မြေးတန်း လှေတန်းများလည်း အိမ်တန်းသီးခြားရှိကြသည်။[၁]

၁။ မြန်မာမင်း ၃။ ခန်း ၄၂၀

[ န ]

နဂရ။ ။တံတိုင်းနှင့်ဈေး ၂ ရပ်ရှိသော လူတို့နေရာ။

နာဂရလည်းရှု။

ဈေး–တံတိုင်းနှစ်ပါး မရှိသော အရပ်သည်။ဂါမမည်၏။ ဈေးသာရှိ၍၊ တံတိုင်းမရှိသည်ကား။နိဂမ–မည်၏။ တံတိုင်းဈေးနှစ်ပါးရှိသည်ကား။ နဂရ မည်၏။[၁]

တံတိုင်းဈေးနှာ၊ စုံလင်ရာ၊ သညာ–နဂရ။[၂]

၁။ ရာဇသိင်္ဂ ၁၅ ၂။ ရာဇသိင်္ဂ ၁၆

နဂါးကြေး။ ။သံကျပ်အင်္ကျီ။

နဂါးရေကို အင်္ကျီချုပ်၍ ဝတ်ဆင်ရသည့် သူတို့သည် သူရဲကောင်းမှ ဝတ်ဆင်ကြရသည်၊ ထိုကိုအစွဲပြု၍ နောက်နောက်မင်းတို့ လက်ထက် နဂါးကြေးကဲ့သို့ သံကိုလုပ်၍ ချုပ်လေသည်၊ ယခု သံကျပ်အင်္ကျီ ခေါ်ဝေါ်လေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၅၁

www.burmeseclassic.com

www.burmeseclassic.com



နဂါးခံကွမ်းခွက်။ ။ မင်းခမ်းတော်ကွမ်းခွက်တခု။ နဂါးခံကွမ်းခွက်ကို အချို့စာဆိုများက လက်ဝဲမင်းခမ်းတော်တွင် ထည့်ကြ၍ အချို့သည် လက်ျာ မင်းခမ်း တော်ဟု သတ်မှတ်ကြ၏။

နဂါးကွမ်းခွက်မှာ....တကောင်းသတိုး နဂါးရမင်းထက်ဆောင်သည့်အဆောင် ဖြစ်သည်ဆိုသည်။[၁]

ရောင်ကြွားကြွားတည့်၊ နဂါးခံလျက်၊ ရွှေကွမ်းခွက်လည်း။[၂]

နဂါးခံ မျက်ပျ ရွှေကွမ်းခွက် ကယ်နှင့်ဒလး။[၃]

လက်လက်ဖြိုးလျှံ၊နဂါးခံကွမ်းခွက်။[၄]

နဂါးကွမ်းခွက်။လုပ်ချက်ရှစ်ထောင့်။[၅]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၅
၂။ ဘုတ ပိုဒ် ၂၆
၃။ ဂီတဝိသောဓနီ ၃၀
၄။ မဃဒေဝ ပိုဒ် ၆၆
၅။ ကုသ ပိုဒ် ၁၄

နဂါးရုပ်အလံ။ ။မင်းခမ်းတော်အလံတခု။

နဂါးပျော့။ ဘီလူးဝါ။ ဆင်နှီ။ ဂဠုန်ဖြူ။ ခြင်္သေ့စိမ်း။ မြောက်နွေ။ ဒေါင်းနက် ဟူသော ရတနာအတိပြီးသော မင်းခမ်းအလံတော်စုံများကို ခင်းကျင်း ရသည်။[၁]

ပလ္လင်ရွှေရံ။ ခုနှစ်လံတွင်။ ရွှေလျှံဟန္။ မျောက်ရုပ်တုတည့်။ သုဝဏ္ဏမှု။ လွှဖြူသေတ။ ယက္ခအဝါ။ ညိုစွာမောရ။ စိမ်းသီဟနှင့်။ ရတ္တာဟတ္တိ။ ဖြော့တော့ ဘိသည်။ လံကြီးရွက်ဖျား။ ရုပ် နဂါး နှင့်။ ထားသတ္တဟ။ စီစဉ်လှအောင်။ ကျင်းပမသွေ့။ ဥပဒေသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ဂ
၂။ ကုသ ပိုဒ် ၁၂

နဂါးလေှ

နတ်သန်လျက်ဝါး၊ နဂါးလှေရ သိကြွားကြိမ်တံ။[၁]

၁။ မင်းနန်းစည် ၃။ ပိုဒ် ၁၁

www.burmeseclassic.com

www.burmeseclassic.com



နပူစို

ဒူးနေရာသို့ရောက်လျှင်....အိမ်နည်းတူတွင် နပူစို ဆောက်၍ နေသည်။[၁]

၁။ လကဗဟ ၂၃၈

နရကာ။ ။ရွှေကောင်းတမျိုး (?)

နရကာလင်ပန် (၁) ခွလ်၊ လင်ပန်နှီ ကံပက်တထည်။

၁။ ကျောက်ရစ်ရွှေပေါင်လောင်ကျောက်မျက်[၂၆]၊ သ၊ ၇၅၇

နရဟင်း။ ။မင်းတို့၏ အဆင်တန်ဆာတမျိုး။

လက်ဆောင်တော်ကား။ ပတ္တမြား ဦးပေါင်းတစ်၊ တလိုင်း ဗောင်း ထုပ်။ ရွှေနရတင်း သင်းကျစ်ပါတစ်။[၁]

၁။ ကဘဆ ၁။ ၂၄၀

နရည်းဆရာ။ ။ပတ်သာ၊ ပုံ၊ မောင်း၊ နှဲ၊ ကြေးနင်း၊ လင်းကွင်း။

နှဲခရာတီးမှုတ်သည့် နရည်းဆရာ သည် ဆရာသိ ဆိုလိုသည်။ ဆရာသိဆို ကြောင်းလည်း စာ-မှာ ခြောက်ခု၊ ရာသီ-မှာ အစုဖြစ်သည်၊ ခြောက်ခု ခြောက်ရပ် ခြောက်မည် ခြောက်ပါး စကားသုံးသင့်ရာယူ၍ ခြောက်စုအစုံ ဆိုလိုသည်။ပတ်သာ ပုံ မောင်း နှဲ ကြေးနင်း လင်းခွင်း ခြောက်ရပ်ဖြစ်သည်။ ခြောက် ပါး အစု ကို နရည်းဆရာခေါ်ဝေါ်သည်၊ .... ရှေးစာဟောင်းများတွင်လည်း .... ပျော်မွေ့ဘွယ် ချည်းငြိမ့်ငြိမ့်ကြည်းမျှ၊နရည်းဆရာ၊ငြိမ့်ငြိမ့်သာသာ၊သံဝါစည်ကြီး၊လိုက်ဘက်တီး လျှက်ဟူ၍ရှင်း။[၁]

နရည်းဆရာ ရှစ်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၆၃ ၂။ ကဘဆ ၁။ ၁၂၂

www.burmeseclassic.com

www.burmeseclassic.com



နဝရာလေ့။ ။မင်းစီးလှေတော်တမျိုး။

နဝရာလေ့မှာ....နဝရုပလှေကို နဝရာ ခေါ်သည်ဆိုသည်၊....အချို့လည်း နဝရာလှေသည် နဝရာဇာ—မင်းကိုးပါး ဆိုလိုသည်၊ မင်းကိုးပါး ဆိုကြောင်း လည်း ကမ္ဘာတည်ဦးဗြဟ္မာကိုးဘုံကိုးယောက်ကိုအစွဲပြု၍ ကမ္ဘာ၏ နိမိတ်ထင်စေခြင်းငှာ ထိုဖောင်လှေသည်ဦးကား ဗြဟ္မာရုပ် ၅၊ ပဲ့ကားဗြဟ္မာရုပ် ၄ ထုလုပ်၍ မဟာသမ္မတမင်းကစ၍ သုံးဆောင်သည်ဆိုသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၄၄

BURMESE CLASSIC .com

နဝရုပဖေါင်။ ။မင်းစီးဖောင်တော်တမျိုး။

နဝရုပဖောင်မှာ ကရဝိတ်နှုတ်သီး၊ လည်ဆံ နွားလပ္ပို ငါးကြင်း အမြီး၊ဆင်စွယ်နှစ်ချောင်းမကာရ်းနှာမောင်း သမင်ချိုနှစ်ဘက်၊ ကြက်တူရွေးအတောင်နှစ်ဘက် တိုးလက်တဘက် နောက်ပဲ့မီးတိုးအမြီးခြေတဘက် မြင်းနားနှစ်ဘက် လက်တဘက် လှော်ကားပဲ့ - ရုပ်ပေါင်းကိုး။ (နဝရုပဖောင်)[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၁

နာဂရ။ ။နဂရ ရှု။

အကြင်စျေးနှင့်တကွ၊ ရှိသောမြို့ကား၊ နာဂရဟူသတည်း။[၁]

၁။ မနုကျယ် ၄၀

နာဂရဒေဝလှေ။ ။မင်းစီးလှေတမျိုး။

နာဂဒေဝလှေမှာ....ဦးကနတ်ရုပ်တွင် ထိပ်၌ နဂါးရုပ်တင်၍ လုပ်သည့်လှေဖြစ်သည်ယူရမည်။[၁]

နာဂဒေဝ။ နာဂထိပ်ဖျား။ နတ်ရုပ်ထားမှု။ ပဲ့ကားတိတ်တီး။ သီးခရမ်းပုံ။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၈၈ ၂။ ကုသ ပိုဒ် ၂၄

www.burmeseclassic.com

www.burmeseclassic.com



နာဖျား။ ။

သူတယောက်သည် နာဖျားလျက်ပင်၊ ဥပါယ်တမည်မရှိလုပ်ကြံပေအံ့။ ရိက္ခာလည်းမရှုတ်အပ်သတည်း။ သူတယောက်သည် အနာ စွဲခဲ့၍ မလုပ်နိုင်မူကား၊ ရိက္ခာလည်း မစားအံ့။ အခကိုလည်း ပြီပြီမရအံ့။ ချင်းလုပ်သော နေ့ရက်ကို တွက်၍သာ ပေးရာသတည်း။[၁]

ကိုယ်ခစားသူရင်းငှားတို့သည် နာဖျားလျက် လုပ်ကြံ၍ နေလတ်မူကား၊ ရိက္ခာလည်းမပြတ်ပေးရာသတည်း။.... သူရင်းငှားတို့သည် နာဖျားခဲ့သော်လည်း ရိက္ခာပေးလျက် ပျင်းရိ၍ မလုပ်မူကားပေးပြီးရိက္ခာအတိုင်းတောင်းပြန်အပ်၏။[၂]

၁။ မနုကျယ် ၄၂ ၂။ မနုကျယ် ၄၃

နာမကာရဏ။ ။အမည်မှည့်ခြင်း။

မြောက်နန်းမိဘုရားသို့တော်ကို။နာမကာရဏအမည်မှည့်မည်မှာ။ရာဇမတ္တာကျမ်းထွက်အတိုင်း စီရင်မြဲစီရင်။ မင်းသမီးအမည်မှာ။ ရွှေနန်းမြင့် မှည်တော်မူမည်။[၁]

၁။ ပပမ ၉၀

နာပံတော်။ ။ဘုရင့်ကွဲတော်။

သီရိပဝရမဟာဓမ္မရာဇာဘုသင်တံဆိပ် နာပံတော် ကိုင်ခံတော် မူရှယ်ခမည်တော် အရိုက်အရာ ရွှေထီးရွှေနန်းကိုင်သိမ်းမြန်စိုင်းဆောင်တော်မူပြီ။[၁]

သီရိသုဓမ္မမဟာရာဇာဓိပတိဘုသင်တံဆိပ် နာပံတော် ကိုင်ခံတော် မူသည်။[၂]

၁။ တိလောကကျောက် မျက်[၃၉] ၂။ တိလောကကျောက် ကျော[၂၀]

နာရီ။ ။

စက်နာရီနေ့ ၁၂ နာရီနှင့်မြန်မာပဟိုရ်ခနဲ့ ၂ချက်တီးသည် ညီမျှလေ့ရှိသည်။ အခြားပဟိုရ်များမှာ မြန်မာပဟိုရ်နှင့် စက်နာရီ အတည်အမျှ ညီမျှအောင်

www.burmeseclassic.com

www.burmeseclassic.com



နေ့ ၁၂ နာရီမှတပါး သတ်မှတ်ရန် ကိန်းသေမထားနိုင်။ ကိန်းရှင်ထားရသည်။ သို့ရာတွင် အတည်အကျ မဟုတ်လှသော်လည်း အကြမ်းအားဖြင့် မှန်းထားနိုင်းယှဉ်လျှင် စက်နာရီ နံနက် ၉ နာရီမှာ မြန်မာပဟိုရ် နံနက် ၁ ချက်တီး၊ စက်နာရီ နေ့ ၁၂ နာရီမှာ မြန်မာ ပဟိုရ်နေ့ ၂ ချက်တီး။ စက်နာရီ ညနေ ၃ နာရီမှာ မြန်မာ ပဟိုရ် ညနေ ၃ ချက်တီး။ စက်နာရီ ညနေ ၆ နာရီမှာ မြန်မာပဟိုရ် ည၌ ၄ချက်တီး။ အသီးအသီး ဟူညီမလိုလိုဆိုရတော့သည်။ ည၌မှာလည်း ထိုနည်းတူပင်ဖြစ်သည်။[၁]

မြည်ကြီးတံထွာ။ ဓမ္မတာဟု။ အခါနာရီ။ မှတ်ထုံးမှိလျက်။ ကြေးနီသပြာ။ ဆဲ့ခြောက်သာကို။ မျက်နှာခွက်ဝ။ ပမာဏမူ။ စပ္ပါသဘော။ မုခယာစတု။ ကောဂုံဘည့်။ လုပ်မှုသင့်တင့်။ မြင့်ဥဗ္ဗေဓာ။ အစောက်မှာကား။ သတ္တာအင်္ဂုလ။ မှတ်ပတ္တ၌။ ဒသသံဝစ်။ ဆယ်နှစ်ကလျာ။ မိညက်ပြာ၏။ ကေသာဆံမျှင်။ ဆဲ့ခြောက်ပင်ကို။ ဝင်စလောက်ရုံ။ဘောက်ပြီးတုံမှ။ အမှုံ့ဿဠ။ ရေဝယ်ချသော်။ ကေဝါရာ။ နစ်တခါကို။ တနာရီမှတ်။ တမောင်းခတ်၍။ နေ့မှတ်လေးချက်။ ညလေးချက်ဖြင့်။ မပျက်မစီး။ ပဟိုရ်တီး၍။[၂]

၁။ မြန်မာမင်း ၄။ ခန်း ၄၆၃ ၂။ ကုသ ပိုဒ် ၁၆

နာရီငွေမောင်း။ ။

ဝင်တော်မူချိန်ကာလ နာရီငွေမောင်း တီးစေရန် နာရီတော်မှူးတို့ကို သနားတော်မြတ်ခံရသည့် ဗောင်းနားရွှေခင်းဝတ်လုံ စလွယ်ဆင်ယင်၍ အသင့် ရှိစေရသည်။[၁]

ငွေမောင်းငါးချက်တီးသည်မှာ ဝင်တော်မူတော့တော် အသျှင်မိဖုရားကလျှောက်ဟန်အကွရာငါးလုံးကိုရည်၍ ငါးချက်တီးသည်ဆိုသည်၊ တကြောင်းလည်းညောင်တော်မူတော့မည်၊ အနည်းလည်း....ဝင်တော်မူဘုရား မှူးတော်မတ်တော်တို့က လျှောက်ဟန်တီးသည်ဆိုသည်၊ လောကဝတ်ရာဇဝတ်နှစ်ဖြာသင့်ရာ မှတ်ယူရမည်။[၂]

မင်းကြီးဝင်တော်မူ....ဟူသော အက္ခရာ ပီပြင်လျှောက်သောသွင်သို့ နာရီတော်မှူးက ဒူးထောက်ကာ ငွေမောင်း ငါးချက်တီး လျှောက်သည်ကာလ။ အသျှင်နှစ်ပါး ဝင်တော်မူသည်။[၃]

၁။ ရွှေနန်းသုံး ခန်း ဂ ၂။ ဗျှော့ဘုံနိဒါန်း ခန်း ၅၅
၃။ ရွှေနန်းသုံး ခန်း ဂ

www.burmeseclassic.com

www.burmeseclassic.com



နာရီစောင့်သွေးသောက်ကြီး။ ။နာရီအမှုထမ်းများကို ကြီးကဲသောသွေးသောက်ကြီး။

အင်္ဂလိပ်မင်း အုပ်စိုးစအခါ။ မြန်မာထုံးစံအတိုင်းဝင်ရောက်ထမ်းရွက်ကြရန် စီမံရာ....နာရီစောင့်သွေးသောက်ကြီး အေပ်နှင့် ငယ်သားများကို လစာပေးထား သေးသည်။ စက်နာရီနှင့်မကိုက်မှ စဇလဒင်မင်းကြီးအမိန့်အရ မြန်မာထုံးစံကို ပယ်လိုက်ရသည်။[၁]

၁။ မြန်မာပင်း ၄ ခန်း ၄၆၃

နာရီတော်စောင့်ပုဏ္ဏား။ ။အတွင်းတော်ပြဲ့တိုက်မြောက်နာရီထားရန် တန်ဆောင်းတွင် ရေပြည့်ဘလားကြီးကို ငြိမ်စွာတည်ထား။ ဘလားငယ်မှာ အပ်ဖျားခန့်ဘောက်၍ ရေတွင်ချထားရေဝင်သဖြင့်တကြိမ်ဘလားငယ်နစ်မြုပ်လျှင် တမောင်းတီးရသည်။ နာရီတော်ကို နေ့ညစောင့်နေ၍ နာရီပြည့်လျှင် ပဟိုရ်သို့ထွက်၍ပြောရသည်။ နာရီတော်စောင့်ပုဏ္ဏား ၅ တို့မှာ။ တလလျှင် စပါးတော် ၆၅ တင်းကျ သနား တော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၇၅

နာရီတော်မှုး။ ။နာရီအမှုထမ်းတို့နှင့် ပဟိုရ်အမှုထမ်းတို့ကို အုပ်ချုပ်ရသောအရာရှိ။

နာရီတော်မှုးဟူသည်ကား။ နာရီအမှုထမ်းအစု။ ပဟိုရ်အမှုထမ်း အစုံသား တို့၏ အကြီးအကဲဆိုလိုသည်။ ဗေဒင်တတ်မြန်မာပညာရှိကိုသော်ရင်း။ ပုဏ္ဏား ပညာရှိကိုသော်ရင်း ခန့်ထားလေ့ရှိသည်။

နာရီတော်မှုးဝတ်တရားမှာ။ နှစ်သစ်ကူးဝါဆိုဝါကပ်။ ဝါထပ်သင့်မသင့်နှင့် တကွ။ ပဟိုရ်တီးမှု။ နာရီမောင်းလဲပြောင်းတီးမှုများကို နားလည်ရသည်။ပဟိုရ် နာရီအချိန်နှင့်စေ့စပ်သော လက်အောက်အမှုထမ်းတို့ကိုလည်း ကြီးကြပ်အုပ်ချုပ် ရသည်။[၁]

ဝင်တော်မူချိန်ရောက်ကာလ နာရီငွေမောင်းတီးစေရန် နာရီတော်မှုးတို့ကို သနားတော်မြတ်ခံရသည့် ဗောင်းနားရွှေခြင်းဝတ်လုံစလွယ်ဆင်ယင်၍ အသင့်ရှိစေ ရသည်။[၂]

၁။ မြန်မာပင်း ၄။ ခန်း ၄၆၃ ၂။ ရွှေနန်းသုံး ခန်း ၈

www.burmeseclassic.com



မင်းကြီးဝင်တော်မူ....ဟူသောအက္ခရာ ပိပြင် လျှောက်သောသွင်သို့ နာရီတော်မှူးက ဒူးထောက်ကာ ငွေမောင်းငါးချက်တီး လျှောက်သည်ကာလ။ အသျှင်နှစ်ပါးဝင်တော်မူသည်။[၃]

တနှစ်တခါ။ မောင်းပြောင်းရာကို။ နာရီမှူးက။ လျှောက်တင်ရ၏။[၄]

၃။ မှန်နန်းသုံး ခန်း ၈ ၄။ ကုသ ပိုဒ် ၁၆

နားခံ။ ။စစ်တပ်မှနားခံ၊ မြို့ရုံးတက်ရသောနားခံ၊ တရားရုံးတော်တွင် ထမ်းရွက်ရသောနားခံ စသည်ဖြင့် နားခံအမျိုးမျိုးရှိသည်။

လက်နက်ကိုင်တဆယ်လျှင် တကြပ်။ ဆယ်ကြပ်လျှင် တတပ်မှူး။ ဆယ်တပ်မှူးလျှင် တဗိုလ်။ စစ်ကဲနှစ်။ နားခံနှစ်။ တပ်ရေးနှစ်။ စည်းကြပ်တော်မူသည်။[၁]

စစ်ကဲနားခံအရာရှိ အစုံအညီခန့်ရန် စည်းကြပ်ပေးအပ်၍ ချုပ်အုပ်ချိတက်စေ၏။[၂]

ဒဝယ်နားခံမနော်ရွှေတောင်ကို ခေါ်စေသည်။[၃]

ဓညဝတီမြို့ နားခံ နေမျိုးရဲထင်နော်ရထာသည်။[၄]

အရပ်ရပ်မြို့ဝန် စစ်ကဲ နားခံ ခန့်ကော်မူသမျှ မြို့ရွာများတွင် နားခံ တို့သည် ရာဇဝတ်တော်ကို ကျွမ်းကျင်သိမြင်သူလည်းရှိသည်။ မကျွမ်းမကျင် မသိမြင်သူလည်းရှိလေသည်။ ရာဇဝတ်တော်ကို ကျွမ်းကျင်သသူလည်း ပွါး၍ တတ်မှတ်အောင်။ မကျွမ်းမမြင် မသိမြင်သူကိုလည်း ကျွမ်းကျင်သိမြင်အောင် နားခံတို့ မှတ်သားရန်ကို ရွှေနားခံတော်ကြီး ဓမ္မမင်းရဲက ရေးမှတ်စီရင်၍ စာပေအပ်စေ။ ဓမ္မမင်းရဲကို အရပ်ရပ်နားခံတို့ကို အချုပ်အစီရင်ခန့်တော်မူသည်။[၅]

တရားနားခံမှာ။ တရားရုံးထွင် စွဲရင်းတရားမူ။ လွှတ်တော်အမိန့်မှတ်ချက်အရ ဆိုက်ရောက်လာသော အခြားဌာနက ဖြစ်ပွါးသည့် တရားစကားမှုများကို

၁။ ကဘဆ ၁။ ၅၈ ၂။ ကဘဆ ၂။ ၃၆၉
၃။ ရဟ အမတ ၆၈ ၄။ ကဘဆ ၂။ ၃၇၀
၅။ အလပအ ၂၃၆

www.burmeseclassic.com

www.burmeseclassic.com



တရားကြွင်းကျန်မရှိစေရ။ ဓမ္မသတ်ရာဇသတ် ပညတ် ပိုင်းခြားသည့် အတိုင်း။ အချေအတင်နှင့်စပ်၍ စစ်ဆေးသင့်သည့်အရာ။ သာဓက လိင်္ကာ ဝတ်သက်သေတို့ကို စစ်ဆေးသင့်သည့်အရာ။ ကမ္ဘာလေးရပ်လမ်းတွင် သင့်လျော်ရာလမ်းကို လိုက်စေ၍ စစ်ဆေးသင့်သည့် အရာများကို တရားသူကြီး မိန့်ဆိုရာ နာခံရွက်ဆောင်ရသည်။ ဂရုမွေငါးပါးစည်လည်ဘတ်ပြန်ရာကိုလည်း လိုက်ပါရသည်။[၆]

၆။ ရွှေနန်းသုံး ခန်း ၇၉

နားခံကြားလွှာ။ ။နားခံတော်က ဘုရင်သို့ တင်လျှောက်စာ။

နားခံတော်က နားခံကြားလွှာရေးနည်းမှာ။ နားခံဘုရားကျွန်တော်တင်ပြီး။ အစီရင်အထူးအခြားမရှိ။ အဝေးအလံက စာပေမရောက်ဘုရား....ဟူ၍ အထက်ကြောင်းကရေးသည်။ ၎င်းပြင် ရွှေလွှတ်တော်သို့ ဝန်ကြီးသတိုးမင်းကြီး မဟာစည်သူ။ သတိုးမင်းကြီး သီရိမဟာမင်းခေါင်ဥဇနာ။ ဝန်ထောက်မင်းကြီး မင်းလှမဟာကျော်ထင်။ မင်းကြီးမင်းခေါင် မဟာသီရိသင်္ခယာတို့ဝင်သည် ဘုရားဟူ၍လည်း လွှတ်တက်သမျှဝန်ကြီး ဝန်ထောက်မင်း နားခံတော်များအထိ ဘော်ပြလျက်ရေးရသည်။ ထိုမှတပါး လူကိုအဆုံးစီရင်ရန် သုံးတန်းပေးသည်ဘုရား....ဟူသောအလွှာသီးခြားရေး၍ လွှတ်တော်က ပေးအပ်သည့်စာများနှင့်တကွ။နားခံတော်က ပြဲတိုက်တော်သို့ဝင်ပြီးလျှင်။ သံတော်ဆင့်ကိုအပ်ရသည်။[၁]

နားခံတော်ထံပေးအပ်၍။ လွှတ်တော်ကသွင်းမြဲ စာများမှာ သုံးမျိုးရှိသည်။....တတိယအမျိုးမှာ။ နားခံကြားလွှာခေါ်သည်။ ထိုသုံးမျိုးမှာ။ နားခံတော်မှတပါး။ အခြားအရာရှိများကိုအပ်၍။ သွင်းမြဲမရှိ။[၂]

လူသတ်ရန်ရှိသောအခါ။ နားခံကြားလွှာ ခေါ်သောလျှောက်လွှာကို။ နာခံတော်က။ လွှတ်တော်က ပြဲတိုက်တော်သို့ပို့ရသည်။ ထိုနားခံကြားလွှာကို။ ရှင်ဘုရားကြားသည့်အခါ။ ချမ်းသာပေးလိုသူကို။ ချမ်းသာပေးရန်သော်၎င်း။ ဆိုင်းငံ့ထားရန်သော်၎င်း။ ထိုက်သက်ရာချက်ခြင်းအမိန့်တော်ပြန်ရသည်။[၃]

အဆုံးစီရင်ရသော အမှုများကို နားခံကြားလွှာသွင်းပုံအစီအစဉ်မှာ။ အောက်ပါအတိုင်းဖြစ်သည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၅၆
၂။ မြန်မာပင်း ၄။ ခန်း ၄၂၅
၃။ မြန်မာပင်း ၄။ ခန်း ၄၂၅
၄။ မြန်မာပင်း ၄။ ခန်း ၄၂၅

www.burmeseclassic.com

www.burmeseclassic.com



(သေဒဏ်)ဆိုင်းရန် အမိန့်ချမှတ်သည့်အခါ။ နားခံကြားလွှာ သွင်းရန်မလို။ အဆုံးစီရင်ရန် သုံးတန်းလက်ရပေးစေ။ အပိန့်ချမှတ်သည့်အခါမှသာ။ နားခံကြားလွှာသွင်းရမြဲဖြစ်သည်။[၅]

နာခံကြားလွှာတွင် ပါဝင်ရေးသားမြဲဖြစ်သော အကြောင်းအရာများမှာ။ အောက်ပါအတိုင်းဖြစ်သည်။

မည်သူသည် မည်သည့် အမှုကိုကျူးလွန်သည့်အရာ။ သိသာထင်ရှားသည့်အရ။ မြို့ဝန်မင်းများက။ လွှတ်တော်ဝန်ကြီးမင်းများထံ။ လက်ရသုံးတန်းပေးစေရန်။ လွှတ်တော်မင်းကြီးများက။ အမိန့်ချမှတ်ကြောင်းပါ။ နားခံကြားလွှာမှာ။ စေ့စုံစွာပါရှိစေရမြဲဖြစ်သည်။ ။နားခံကြားလွှာ ဆိုသည်မှာလည်း နှစ်မျိုးရှိသည်။ ရိုးရိုးသွင်းမြဲ နားခံကြားလွှာ။ လူသတ်ရန်အကြောင်းရှိသည့် အခါ။ သွင်းမြဲ နားခံကြားလွှာ အားဖြင့် ကွဲပြားသည်။ ဖေါ်ပြခဲ့သည့် နားခံကြားလွှာမှာ။ လူသတ်ရန်အကြောင်းပါသော နားခံကြားလွှာဖြစ်သည်။ ရိုးရိုး နားခံကြားလွှာမှာ။ အောက်ပါအတိုင်းဖြစ်သည်။[၆]

၅။ မြန်မာမင်း ၄။ ခန်း ၄၂၅ ၆။ မြန်မာမင်း ၄။ ခန်း ၄၂၅

နားခံစမြောင်မှူး။ ။နားခံနှင့်စမြောင်မှူးအရာများကို ဖက်တွဲထမ်းရွက်ရသော အရာရှိ။

ဇေယနော်ရထာကို နားခံစမြောင်မှူး ခန့်တော်မူသည်။[၁]

၁၁၄၅ ခု ပထမဝါဆိုလပြည့်ကျော် ၅-ရက်နေ့ နားခံစမြောင်မှူး သီရိနန္ဒမိတ် ကျော်ထင်တွင်ပြန်။[၂]

၁ နွေမင်းလက်ထက် မြေနန်းသေနတ်သွေးကြီး၊ တပရင်းမြို့ကျေးမဲ့အိုးရွာကိုစားသည်။နောက်နားခံစမြောင်မှူး နောက်ပြောကြီးမှူး။[၃]

နောက် ၁၁၂၆ ခု ရတနာပူရသို့ ပြောင်းစံတော်မူလျှင် .... ဇေယနော်ရထာကို နားခံစမျှောင်မှူး။[၄]

၁။ ကဘဆ ၁။ ၃၆၁ ၂။ ရဟ အမတ ၂၃
၃။ မသ ၄၅။ ၁၄၄ ၄။ ပသဂ ၄၅။ ၁၄၃

www.burmeseclassic.com

www.burmeseclassic.com



ငွေခွန်ဝန် မင်းလှမဟာသီဟသူကို ကျော်ဝန်ခန့်။ သက္ကရာဇ် ၁၂၁၁ ခု နယုန်လဆန်း ၃ ရက်နေ့ နားခံစမြောင်မှူးပြန်။[၅]

နားခံစမြောင်မှူး နေမျိုးမင်းလှသိခ်သူ လွှတ်တော်ကွန်းစဉ်တွင်းမှာပြန်၍ အပ်သည့်ပြန်တမ်းအမိန့်တော်။[၆]

၅။ ရွှေနန်းသုံး ခန်း ၁၃၂ ၆။ ရွှေနန်းသုံး ခန်း ၁၃၂

နားခံစမြောင်မှူးပြောကြီးမှူး။ ။နားခံ၊ စမြောင်မှူး၊ ပြောကြီးမှူး အရာ ၃ ခုကို ပူးတွဲထမ်းရွက်ရသော အရာရှိ။

ပုဂံမင်းအမိန့်။ ဝန်ထောက်မြစ္စန်းဝန်ဆင့်။ နားခံစမြောင်မှူးပြောကြီးမှူး ဘယကျော်ထင်တို့မှတ်။[၁]

၁။ လဖစ ၁၀

နားခံတော်။ ။အမိန့်တော်ကိုနားခံရန် လွှတ်တော်တွင် ဖတ်ပြန်ရသော အမတ်ဖြစ်သဖြင့် နားခံတော်ခေါ်သည်။

....လွှတ်တော်က ကေရာဇ်မင်းမြတ်ရှေ့လက်တော်ရောက်တင်ရန်ရှိသမျှ တင်လွှာများကို နားခံသို့အပ်ရသည်။....နားခံတော်မှာ ညနေသုံးချက်တီးခါနီးတိုင်အောင် ဗြဲတိုက်ကစောင့်နေရသည်။ အမိန့်တော်တစုံတရာထွက်လာလျှင် သံတော်ဆင့်က နားခံတော်သို့အပ်သည်။ နားခံတော်ကလည်း အမိန့်တော်စာကို ရိုသေစွာ ကိုင်ဆောင်၍။ ညနေသုံးချက်တီးသည်နှင့် တပြိုင်နက် ဗြဲတိုက်မှ ထွက်လာပြီးလျှင်။ လွှတ်တော်ရောက်ကာလ။ သီဟာသနရာဇပလ္လင်တော်၏ လက်ဝဲဘက်နှိုက် အိမ်ရှေ့မင်းနေရာတော်ဖြစ်သော ကတ္တီပါကွပ်သင်ဖြူးရှိရာသို့ ဦးသုံးကြိမ်ချပြီးမှပါလာသော အမိန့်တော်ကို ဘတ်ပြန်ရသည်။

....အမိန့်တော်တစုံတရာမပါလာလျှင်။ နားခံတော်က ကတ္တီပါကွပ်သင်ဖြူးရှိရာသို့ ဦးသုံးကြိမ်ချပြီးမှ။ လက်တွင်ကိုင်ဆောင်ပါရှိသော ယပ်ရိုးရှည်ကိုလွှတ်ချလိုက်သည်။ ဤအခါ ယနေ့ အမိန့်တော်ပြန်ရန် မပါလာသည်ကို သိရသည်။ နားခံတော်ဗြဲတိုက်က ထွက်လာ၍ အမိန့်တော်ပြန်ပြီးမှ။ သို့မဟုတ် ယပ်ရိုးရှည်ကို လွှတ်ချပြီးမှ လွှတ်ဆင်းကြရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၅၆

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၂၀၁ ခု၊ နယုန်လဆန်း ၁၂ ရက်နေ့ နားခံတော် မြင်းယင်ကျော် ခေါင်ပြန်။[၂]

နားခံမတ်ကို။ မှတ်တို့ပစေ။ အပ်လိုက်ပေသော်။ ရွှေနားခံတော်။ ထုတ်ဘော် ဆောင်ထိုက်။ ပုရပိုက်ကို။ နောက်လိုက်မကိုင်။ ကိုယ်တိုင်ဆောင်လျက်။ တွင်းက ထွက်သော်။ သူ့မျက်နှာထား။ ခြားနားလှစွာ။ မိန့်တော်ပါပြီဟု။ သည်ပါကိုယ် လက်။ ဆောင်ရွက်ဝင့်ဝင့်။ ပေါင်းစွင့်စွင့်နှင့်။ မဘွင့်ဝတ်လုံ။ ရွှေလွှတ်ဘုံသို့။ တက်တုံ ပြီးမြောက်။ နေရာရောက်က။ အလျောက်အထား။ စကားလော်လဲ။ အစွဲအချေ။ တိတ်စေတိတ်စေ။ သံခြေလှစ်ဘွင့်။ စမြောင်ဆင့်မှ။ ရှင့်မိန့်မြွက်ဘော်။ ဗျာဒိတ် တော်ကို။ ထိပ်ပေါ်လက်မွှန်။ ဘတ်လျှောက်ပြန်သော်။ မှုဝန်များစွာ။ မိန့်တော် ပါတိုင်း။ ဆိုင်ရာဆိုင်သင့်။ တော်ကြောင်းဆင့်၍။[၃]

ယင်းသည့် အမိန့်တော်များကိုလည်း ညီလာခံကွဲသည့်နောက် သံတော်ဆင့်က နားခံတော်သို့အပ်၍ လွှတ်တော်သို့ ထုတ်ပြန်ရသည်။[၄]

ဘိသိက် တော် ပန်း ကိုလည်း ရွှေဖလားနှင့်ခံယူ၍ ရွှေတိုက်အတွင်းဝန်က ရွှေလက်တော်သို့ ဆက်သွင်းရသည်။ ပြီးလျှင် နားခံတော်က ဘုရားခုနှစ်ဆူ အလှူတော်စာကို ရင့်လေးစွာ ဘတ်လျှောက်ပြီးနောက် ရှိခိုးသံတော်ဦးတင်ပြီး ဘုရား....ဟု ထပ်မံလျှောက်ထားရသည်။[၅]

နာခံတော်များသည်။ လွှတ်တော်မှာလည်း နေရာသီးခြားရှိသည်။ ပြဲတိုက်မှာ လည်း နေရာသီးခြားရှိသည် နာခံတော်၏ အလုပ်ဝတ်တရားများမှာ၊ လွှတ်တော် နှင့် ပြဲတိုက်တော်နှစ်ရပ် ဘက်စပ်ဆက်ဆံသော အလုပ်များကို အမြဲအားဖြင့် လုပ်ဆောင်ရသည်။ သို့ရာတွင်။ နာခံတော်များကို။ အခြားရာထူးလည်း ဘက်တွဲ၍ ခန့်ထားသေးသည်။ စမြောင်မှူး။ တုရင်မှူး။ ဝေါကြီးမှူးစသောအရာများကို နာခံတော် အရာများနှင့် ဘက်တွဲ၍ ခန့်ထားလေ့ရှိသည်။ လွှတ်တော်ပေါ်တွင်။ မသင့်မလျော်သောအရာ။ စည်းကမ်းနည်းလမ်း မကျသောအရာများ ရှိမရှိကို ကြည့်၍။ နာခံတော်များက။ စောင့်ရှောက်ဆင့်ဆိုရသည်။ နာခံတော် များ လက်အောက်ခံ စမြောင်။ တုရင်။ နေရာချ။ လွှတ်စောင့်စသော အမှုထမ်း များလည်း သီးခြားရှိသေးသည်။

၂။ ရွှေနန်းသုံး ခန်း ၅၅
၃။ ကုသ ပိုဒ် ၁၇
၄။ ရွှေနန်းသုံး ခန်း ၆
၅။ ရွှေနန်းသုံး ခန်း ၈

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၇၂၉ ခုတွင် နန်းတက်သော။ အဝမင်းကြီးစွာစော်ကဲ၊ အမိန့်တော်ထမ်းတွင်။ နာခံတော်များ အလုပ်ဝတ်တရားကို ခွဲခြား၍ ဖော်ပြသော အကြောင်းအရာများလည်း ပါသေးသည်။[၆]

နာခံတော်၏ အရည်အခြင်းများမှာ။ စာဘတ်ကောင်းရမည်။ အသံကောင်းရမည်။ မင်းပွဲသဘင်တွင် ဝင်ရောက်ဘတ်ရွတ်ခြင်း ရဲရင့်ရမည်။ စာရေးတော် အင်္ဂါခြောက်ပါး။ နာယကဂုဏ်ခြောက်ပါးများနှင့် ပြည့်စုံရမည်။

နာခံတော် အလုပ်ဝတ်တရားမှာ။ အဝေးမြို့ဝန်စော်ဘွား။ မြို့စားများထံက။ နေ့စဉ်လွှတ်တော်သို့ ရောက်သော လျှောက်လွှာများတွင်။ ရှင်ဘုရင် ရွှေတော်သို့ သွင်းရန်သင့်သော အကြောင်းအရာပါသော လျှောက်လွှာများကို။ နာခံတော်သို့အပ်၍။ အတွင်းတော်သို့ သွင်းရသည်။အဝေးရောက်ခေါ် သောအရာရှိများက။ ဝန်ကြီးများထံတိုင်၍။ နာခံတော်သို့ အပ်ရသည်။ ၎င်းပြင်။ အရာခန့်အရာနုတ်စသော သွင်းစာများ။ အလုပ်အဆောင်နှင့်စပ်သော။ လွှတ်တော်ဗြဲတိုက်တော်သို့ သွင်းသောမှာတမ်းများ။ လူသတ်ရန်ကိစ္စနှင့်စပ်သော အကြောင်းများမှစ၍။ ရှင်ဘုရင်သိသင့်သောစာ။ ရှင်ဘုရင်ရွှေတော်သို့သွင်းသောစာများကို။ အချိန်မှတ်၍ နားခံတော်များထံအပ်၍ သွင်းရမြဲဖြစ်သည်။ လက်ကိုင်ဆိုင်ရာ အရာရှိများက ဝန်ကြီးမင်း။ ဝန်ထောက်မင်းများ၏ အမိန့်ကိုနာခံ၍ အလှည့်ကျ နာခံတော်ထံပေးအပ်ရသည်။ နာခံတော်ထံပေးအပ်၍။ လွှတ်တော်က သွင်းမြဲစာများမှာ သုံးမျိုးရှိသည်။ ပဌမအမျိုးမှာ။ သွင်းစာခေါ်သည်။ ဒုတိယအမျိုးမှာ။ လွှတ်တော်သွင်းမှာတမ်းခေါ်သည်။ တတိယအမျိုးမှာ။ နာခံကြားလွှာခေါ်သည်။ ထိုသုံးမျိုးမှာ။ နားခံတော်မှတပါး။ အခြားအရာ (ရှိ) များကိုအပ်၍ သွင်းမြဲမရှိ။ နားခံတော်ကသွင်းသော စာများအတွက်။ ဗြဲတိုက်က ဆောင်ရွက်ရပုံ အကြောင်းများမှာ။ဗြဲတိုက်အကြောင်းအရာတွင် သိသာလောက်အောင်ဖော်ပြလိမ့်မည်။

၎င်းပြင်။ ရှင်ဘုရင်က ချမှတ်သော အမိန့်တော်များ။ အမိန့်တော်မှတ်သားချက်များ။ ရှင်ဘုရင် အမိန့်တော်အရ ဆောင်ရွက်ရန် အလုပ်အဆောင်အတွက် မှာတမ်းစသော ဗြဲတိုက်ဘော်က လွှတ်တော်သို့ ထုတ်ရန်ရှိသောစာများကိုလည်း။ အလှည့်ကျနာခံတော်ထံ။ သံတော်ဆင့် ဗြဲတိုက်သံဆင့်တို့က ပေးအပ်ထုတ်ယူစေရသည်။ နာခံတော်မှတပါး။ အခြားလူကိုအပ်၍။ ထုတ်ပေးမြဲမရှိ။

၆။ မြန်မာမင်း ၄။ ခန်း ၄၂၅

www.burmeseclassic.com

နားခံတော် ထုတ်ယူလာသော အမိန့်တော်များကို နားခံတော်က လွှတ်တော်မှာ။ ရှိသေစွာ အမိန့်တော်ပြန်ရသည်။ သို့ရာတွင်။ အမိန့်တော်ပြန်တမ်းကြီးပြန်ခြင်းတွင်။ ချွင်းချက်များလည်းရှိသေးသည်။ သည်ဝိဘွားခန့်။ စော်ဘွားခန့်သော။ ရှီးစာယွန်းစာ။ မြန်မာစာများနှင့် ရှည်လျားစွာ ဘက်တွဲ ပြန်ဆိုရသော။ ပြန်တမ်းကြီးများမှာ။ နားခံတော်မှတပါး။ အခြားအရာရှိများလည်း။ ဘတ်ရွတ်ပြန်ဆိုရသေးသည်။ ....လွှတ်တော်ပေါ်မှာ။ ဝန်ထောက်ဖြစ်စေ။ ဝန်ထောက်အထက်ကြီးမြင့်သောအရာရှိဖြစ်စေ။ တဦးဦးရှိမှသာ နားခံတော်က အမိန့်တော်ပြန်ရမြဲဖြစ်သည်။[၇]

ပြန်ရန်အမိန့်တော်မှတပါး အမိန့်တော်မှတ်သားချက်နှင့် မှာတမ်းများမှာ။ လက်ကိုင်ဆိုင်ရာ စာရေးတော်ကြီး။ အသုံးစာရေး အဝေးရောက် စသောအရာရှိတို့ထံ။ နားခံတော်ကပေးအပ်၍ ထိုက်သက်ရာ လိုက်နာဆောင်ရွက်ကြရသည်။ ပြန်ရန်။ အမိန့်တော်များကဲ့သို့ အရာရှိကြီးတဦးဦးနှင့် လူအများရှေ့တွင် လွှတ်တော်မှာ နားခံတော်က ဘတ်ပြန်ရန်မလို။

ဋင်းပြင်။လူသတ်ရန်ရှိသည်အခါ။နားခံကြားလွှာမခေါ်သောလျှောက်လွှာကို။ နားခံတော်က။လွှတ်တော်မှဖြဲးတိုက်တော်သို့ပို့ရသည်။[၈]

ဋင်းပြင်။ နေ့ နှစ်ချက်တီးမှာ တခါ။ ဖြဲးတိုက်တက်ကြပြန်သည်။ ဖြဲးတိုက်တက်သည်နှင့်တပြိုင်နက်။လွှတ်တော် နားခံတော်လည်းရောက်လာသည်။[၉]

ထိုကဲ့သို့ တိုင်တန်းသော အချက်များကိုလည်း နေ့ရက်စွဲတပ်၍။မှတ်သားချက်ရေးသားပြီးမှ။လွှတ်တော်သို့ဘတ်ပြန်ရန် နားခံတော်သို့ ပေးအပ်ရသည်။[၁၀]

၇။ မြန်မာမင်း ၄။ ခန်း ၄၂၅ ၈။ မြန်မာမင်း ၄။ ခန်း ၄၂၅
၉။ မြန်မာမင်း ၄။ ခန်း ၄၂၇ ၁၀။ မြန်မာမင်း ၄။ ခန်း ၄၃၂

နားခံတော်စပြောင်မျိုး။ ။နားခံစမြောင်မျိုးရှ။

နားခံတော်စမြောင်မျိုးမှာ။ အရာရှိများနှင့်။ စော်ဘွား မြို့စားခန့်ထားသည့်အခါ သစ္စာတိုက်ရန်စီမံချက်များလည်း ပါသည်။[၁]

၁။ မြန်မာမင်း ၄။ ခန်း ၄၂၅

www.burmeseclassic.com

www.burmeseclassic.com



နံ့ားခံတော်ပြော့ကြီးမှူး။ ။နားခံတော်နှင့် ပြော့ကြီးမှူးအရာများကို ဖက်တွဲထမ်းရွက်ရသော အရာရှိ။

နံ့ာခံတော်ပြော့ကြီးမှူးမှာ အရာရှိများ၏ အနေအထိုင် အဝတ်အစားများကို ကြည့်ရှုရန်....များလည်းပါသည်။[၁]

သိရိနော်ရထာကို နံ့ာခံပြော့ကြီးမှူး....ခန့်တော်မူသည်။[၂]

နားခံတော်ကိုပြော့ကြီးမှူးအရာ ထပ်မံ၍ခန့်လျှင် နာခံတော်ပြော့ကြီးမှူးဟု ခေါ်ဝေါ်သည်။[၃]

နားခံပြော့ကြီးမှူး သေလွန်သည်မှာ ဒူးနေရာတို့ နည်းသင့်ဂိုဟ်စေ။[၄]

၁။ မြန်မာမင်း ၄။ ခန်း ၄၂၅ ၂။ ကဘာဆ ၁။ ၃၆၁
၃။ ရွှေနန်းသုံး ခန်း ၅၇ ၄။ ရဟ အမတ ၇၂

နားတောင်း။ ။မြန်မာမင်းများ ကောင်းစားစဉ်က မင်းစိုးရာဇာမှ စ၍ တိုင်းသူပြည်သားများ ပါ နားတောင်း နားပန် နားကပ်များ ပန်ဆင်လေ့ရှိသည်။ မှူးမတ်ကတော် မယားများကိုနေရာအနိမ့်အမြင့်လိုက်၍ နားတောင်းပေးလေ့ရှိသည်။

နံ့ားထောင်း ၂ မျိုး စာရင်းဘုရား။

(၁) ရွှေနံ့ားထောင်း မီးတွင်းအနားဆူး ၂ ထပ်။

(၂) ရွှေနားထောင်း ကြက်ရင်အနားဆူး ၂ ထပ်။[၁]

မဟာဒါန်တိုက်ဝန်နေမျိုးဇေယကျော်ထင်ကို ဗောင်းပန်း ၉ တမာရွက်တောင် ၉ ရွှေစလွယ် ၉ သွယ် နားတောင်း ရွှေသားကြက်ရင်ဆူး ၂ ထပ်။[၂]

ကျွန်တော်ခံကုလား မ-မဒ္ဒရာဇာလည်း မြနားဋောင်း၊မြလက်ကောက်၊သန္တာ ခက်လက်ဆောင်တော်ဆက်ရောက်သည်။[၃]

၁။ မြန်မာမင်း ၄။ ခန်း ၄၇၉။ ၂။ ရဟအမတ ၇၀
၃။ ကဘာဆ ၁။ ၂၇၄

www.burmeseclassic.com

www.burmeseclassic.com



နိဂါမ။ ။တံတိုင်းမရှိ၊ ဈေးသာရှိသည့်အရပ်။

ဈေးသာရှိ၍၊တံတိုင်းမရှိသည်ကား။နိဂါမ–မည်၏။[၁]

၁။ ရာဇသိပ္ပံ ၁၅

နိဂုံး။ ။ဈေးလည်းမရှိ။မြို့လည်းမရှိမှုကား။နိဂုံးဟူသတည်း။[၁]

၁။ မနုကျယ် ၄၈

နိတုံ - ရွှေကောင်းတမျိုး။

စေတီလုပ်ရှယ် အင်္ကဲတောလုပ်ပြီးသို သစွေးအနီသုတ်လုပ်ရှယ် နိတ္တုန်ရွှေမှုည်အာ အပြည်အာ ထည်အာပြီး။[၁]

၁။ တိလောကကျောက်ကျော[၁]

နိမိတ်။ ။မြေကြီးလျှင်ပဲ့တင်ထပ်မျှ နေ့ရက် အကြိမ်ကြိမ် များစွာတုန်လှုပ်၏။ရေထွက်၏။ ယင်းသို့မဖြစ်ဘူးမြဲ အံ့ဘွယ်သရဲသော တိတ်ကြီး နိမိတ်ကြီးတို့သည်ထင်ကုန်၏။[၁]

နိမိတ်ကြည့်စေရာလည်း။ စာသူငယ်များကို။ သိမ်းငှက်ချီယူ၍ သစ်ခွတွင် ပုံထားသည့် နိမိတ်ကိုရသည်။[၂]

သာသနာတော်စောင့်နတ်တို့ ချီပင့်ပြသည့် နိမိတ် တဘောင် အောင် မြင် တော့မည်မှန်ပြီဟု ဘတ်တော်မူပြီးလျှင်။[၃]

၁။ ကဘဆ ၁။ ၁၈ ၂။ ကဘဆ ၁။ ၁၂၀

၃။ ကဘဆ ၁။ ၁၂၀

မြို့ပြပြည်ရွာ။ မသာစတောင်း။ ပျက်ကြောင်း နိမိတ်။ အတိတ်တို့ကား။ ဘုရားပုထိုး။ တန်ခိုးရောင်ခြည်။ စသည်ကျောင်းကံ။ တော်လည်းသံနှင့်။ မြည်သံလည်းဟိး။ တောင်ကြီးပြိုကွဲ။ တနဲဘုရား။ပြိုငွားပျက်စီး။ မြေကြီးပဲ့တင်။ လျှင်လည်းလှုပ်။ အဟုတ်လူများ။ ပျက်ပြားရွာပြည်။ တောနေယက္ခ။ ဆိုးလှ

www.burmeseclassic.com

www.burmeseclassic.com



ကြေးကျော်။ ခေါ်သည်အသံ့။ တတန်ငိုရယ်။ ကြားဘွယ်တကြောင်း။ အပေါင်း လက်နက်။ တချက်မီးတောက်။ စစ်ကြီးရောက်၏။ တောမျောက်ကြီးဝင်။ သမင်စိုင်ဆပ်။ တောရပ်မြေခွေး။ ရေဝေးမိကျောင်း။ လိပ်ဟောင်းကမ္ဘာ။ ငင်လာတုံမြောက်။ စစ်ကြီးရောက်အံ့။ မှောက်သည်ပြည်မြွာ။ ခြင်းရာတပါး။ စိန်းစားမျှသ္တ။ သစ်ကမကြွင်း။ ဝင်လျှင်းတထွေ။ ပျက်မည်ပေတည်း။ တတန် ဘုရား။ နတ်ရုပ်များနှင့်။ ခြေကားလေးခု။ လူမူစကား။ ပြောပြေးတထွေ။ ရွာပြေပျက်စီး။ နေတည်လကြပ်။ တရပ်ဘုံ။ ကြယ်ကြွေတုံလည်း။ ပျက်မည် မင်းပင်။ နေနှစ်စင်းနှင့်။ လမင်းနှစ်ဆူ။ မြင်လတ်မူကား။ ပျက်ပြားမင်းရိုး။ ညဥ့်ကိုစို့ပေါက်။ ရောက်သည်အလျှံ။ တိမ်တန်ခွန်နှင့်။ ထွက်ရန်စစ်မက်။တချက် သစ်ပင်။ မလင့်အခါ။ ညီညာဖွင့်ခြင်း။ သေရာသစ်ပင်။ ရှင်ပြန်လျှင်နှင့်။ သစ်ပင်လည်းထူ။ တောင်မူပြန်သွား။ ငှက်များမြင်းဆင်။ ခြေလျှင်လေးခု။ လူမူစကား။ ပြောကြားတထွေ။ ပျက်စီးပေတည်း။ ကဲ့ဘိဆိုသာ။ ရေပေါ်လာ တုံ။ မိုးလုံးလေပြင်း။ မယွင်းမတိမ်း။ မငြိမ်းဒန္တ။ ဝါးကြခပ်သီး။ အပြီးပျက် မည်။ နိမိတ်လာသည်။ ။ရှေးကားသူမြတ်စကားတည်း။[၄]

၄။ ရာဇသိမ္မ ၁၉၄၅

နီးပါးထည်။ ။နီးပါးမြစ်နှင့် ဆေးဆိုးထားသောအထည်။ အနီရောင်။

အင်းဝမင်း ထွက်သွားလျှင် အဆောင်နီ ဆောင်သည်ကား၊ သေနတ်ကို နီးပါးအိတ် တစင်းစီသွတ်သည် ၃ အိတ်၊ လှံမတစင်းကို နီးပါးအိတ် သွတ်သည် ၃ အိတ်၊ လှံရှည် ၁၀ကို စည်း၍ နီပါးထည် အိတ်သွတ်သည် ၃ အိတ်။[၁]

အိမ်ရှေ့မင်းအဆောင်နီကား၊ သေနတ်တစင်းကို နီးပါးထည် အိတ်သွတ် ၁ လှံမ ၁ ကို နီးပါးထည်အိတ်သွတ်။[၂]

ဝေါပလာမရ မင်းသားတို့တွင် စစ်မက်ခန့်၍ ထမ်းရွက်ရလျှင် လှံမတစင်ကို နီပါးထည်အိတ်သွတ် ၁၊ လှံရှင် ၁၀ နီပါးထည်အိတ်သွတ်။[၃]

၁။ လကဗဟ ၂၂၂ ၂။ လကဗဟ ၂၂၂
၃။ လကဗဟ ၂၂၂

www.burmeseclassic.com

www.burmeseclassic.com



မြင်းတော်သည်တို့မှာ မြင်းကအနက်သုတ်....မြင်းကြိုးမှာ ရှုန်ရက်ကြိုးစီးနှိုး ဘက်ဝန်း၊ နီပါးထည်မွမ်း၊ တင်ရန်းကစုတ်ရက်ကိုစီးသည်။[၄]

ပြင်ဘဝေါ အတွင်းဘဝေါစနည်းနေရာ ၃ သွယ်နေ အမတ်တို့ မယားမှာ သွားလာလျှင်....ကွမ်းကလပ်ကြီးကို နီပါးထည်အိတ်သွတ်၍ ပဝါနီအုပ်ရသည်။[၅]

၄။ လကဗဟ ၂၃၁ ၅။ လကဗဟ ၂၄၀

နတ်ရှင့်ရန်နိုင်။ ။သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် ဖွဲ့စည်းသည့် ကိုယ်ရံတော်စု။ ၎င်းတို့သည် စစ်သည်ရဲမက်များအနက်မှ အရပ် ၆ပေထက်မြင့်၍ သန်မာထွားကြိုင်းသူများကို ထုတ်နှုတ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ရွေးရလူစုကို နတ်ရှင်ရန်နိုင်ဟူသော အမည်ပေးပြီးလျှင်။ သနားတော်မူသော သက္ကလတ်ပြာတွင် သက္ကလတ်ဝါအနားကွပ်သော အင်းကျီနှင့် ပိုးဝိုက်လက်ချိပ် ပုဆိုးကို အမြဲဝတ်ဆင်၍။ ငွေခြားစွဲးလျက် အပါးတော်တွင် ဝဲယာခွဲးဝေ ထမ်းရွက်စေသည်။ ထွက်တော်မူ ဝင်တော်မူ အခမ်းအနားများမှာလည်း။ မောက်တိုထွင့်တွင် သက္ကလတ်ဝါပန်းပွားတပ်ကို ဆင်ယင်၍ နောက်တော်လိုက်ရသည်။ နတ်ရှင်ရန်နိုင်လူတော် ၁၁၄ တို့မှာ။ တလလျှင် လစာငွေတော် ၃၄၄ဝ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၇

နှစ်ကြောင်းစာချွန်။ ။ဝန်ကြီးတို့ကပေးမှာသည့်စာများ။

လွှတ်တော် ဝန်ကြီးမင်းတို့က နိုင်ငံတော်အတွင်းရှိ တိုင်းရေးပြည်မှုနှင့် ထုတ်ပြန်တော်မူသော အမိန့်တော်မြတ်အရ။ စာပေးခံအရာရှိတို့ဂုဏ်ကိုထောက်၍ ဝန်ကြီးမင်းတို့ ကြားလိုက်သည်။ မှာလိုက်သည်။ နှစ်မျိုး ခွဲးဝေ ရေးသား၍ ဆိုင်သင့်ရာ ပေးအပ်ရသော စာများကို။ ထန်းဘူးတမျက်နှာလျှင်နှစ်ကြောင်းသာ ရေးရသည်။ သို့ဖြစ်၍ စာရေးသားပုံကိုမြင်ကာမျှနှင့်ပင် လွှတ်တော်ကပေးသည့်စာဟု သိနိုင်သည်။ ။၎င်းကို နှစ်ကြောင်းစာချွန်ဟု ခေါ်ဝေါ်သည်။[၁]

နှစ်ကြောင်းစာချွန်ကိုအမှာတော်ရေးက ရေးသားပြီးသည့်အခါ တံဆိပ်ဝန်သို့ ချည်း အပ်ရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၆၁ ၂။ ရွှေနန်းသုံး ခန်း ၁၁၇

www.burmeseclassic.com

www.burmeseclassic.com



နှံ့ပဲပင်။ ။အချို့ဒေသများတွင် နယ်မြေအပိုင်းအခြားပြုရာ၌ နှံ့ပဲပင်ကို အမှတ်အသား ပြုသည်။

အနောက်ကိုလားသော် နှံဘဲပင် အခြား။[၁]

အနောက်ကို နှံဘဲပင်ကြီး ညောင်ပင်သူကြီးမြေထိ။[၂]

အရှေ့အလားတာ ၃၀၀ ကွာနှံဘဲပင်ကြီး အခြားတဖက် ပွန်ရွာမြေနှင့်အစပ်။[၃]

၁။ ပွန်ရွာစစ်တမ်း ၄၅ ခု ၂။ ဒရာရွာစစ်တန်း ၆၄ ခု
၃။ လှိုင်းရွာစစ်တန်း ၄၅ ခု

[ ပ ]

ပကဟိကုန်း။ ။မြင်းတွင်တင်သော ကုန်းနှီးတမျိုး။

ဟံခါးနီတော်အတွင်း မြေနန်းတော်ဦးပတ်လည်ချွးမှာ သူရဲကြီးတပ်နှင့်။ ခြေသည်သူရဲတပ် ....ပကတိကုန်းတင်အမည်ရမြင်းယဉ်တော်။ ရထားတော်ယာဉ်တော်များနှင့်။[၁]

၁။ ရွှေနန်းသုံး ခန်း ၇

ပညာဗလ။ ။အားငါးပါးအပါအဝင်။

အဘိဇစ္စဗလ ဗာဟုဗလ ဗောဂဗလ အမစ္စဗလ ပညာဗလ တည်ဟူသင်
အင်္ဂါငါးပါးနှင့်။[၁]

၁။ တိလောကကျော် မျက် [၂၃]

ပညာရှိ။ ။လောကီအစီအရင်၊ ဗေဒင်၊ ယတြာယာယီစသည်တို့ကို တတ်မြောက်ကျွမ်းကျင်သဖြင့် ပညာရှိခန့်ထားသည့်သူများဖြစ်သည်။

ဟံသာဝတီသို့ချီတော်မူမည်ကိုရဟန်းပညာရှိ။ ပုဏ္ဏားပညာရှိ။ လူပညာရှိတို့နှင့် တိုင်ပင်တော်မူလျှင် ပညာရှိတို့ လျှောက်သည်ကား။[၁]

လူပညာရှိ နန္ဒဗာဟု။ ဒေဝရာဇသီဟ။ ပုဏ္ဏားပညာရှိ စိုင်ညီနောင်။[၂]

၁။ ကဘဆ ၁။ ၁၁၇ ၂။ ကဘဆ ၁။ ၁၂၃

www.burmeseclassic.com

www.burmeseclassic.com



မောင်သိုက်ကို ၁၂၂၀ ခု-ပဥ္စမဝါဆိုလ။ နာရီတော်မှူး မောင်ကြီးကို ၁၂၃၀ နှစ် ဝါခေါင်လ။ မောင်ကောက်ကို ၁၂၃၂-နယုန်လ။ ဘိဒြနှင့် ဇယဒေဝတို့ကို ၁၂၃၀ နှစ် တော်သလင်းလ အသီးသီး ပညာရှိ ခန့်တော်မူသည်။[၃]

အမည်မှည့်တော်မူမည်မှာ....ထန်းရွက်တွင် ရေး၍မှည့် တော် မူ သင့် သည် ကို။ ပ ညာ ရှိ အ မတ် တွင်းသင်းတိုက်ဝန် မဟာစည် သူရှိခိုးသံတော်ဦးတင်သည့် အတိုင်း။[၄]

၃။ ရွှေနန်းသုံး ခန်း ၃၃၆ ၄။ မမပ ဂ၁

**ပညာရှိအုပ်။** ။ပညာရှိများကို အုပ်ချုပ်ရသူဖြစ်တန်ရာသည်။

အထူး သူကောင်းပြုခံရသော အပြင်သေနာပတိ မှူးတော် မတ်တော်ကြီး။ ဖြိတိသျှ အစိုးရမင်းတို့ လက်ထက် ပညာရှိအုပ်။ ဝက်မစွတ်မြို့စား ဝန်ထောက်မင်း မင်းကြီးမင်းထင်မဟာစည်သူ။[၁]

၁။ ဗောဓိကုန်း ၁၅

**ပညာသည်။** ။ယိုးဒယားဇာတ်သဘင်သည်။

ပညာသည်စာရေးဆိုသည်မှာ ယိုးဒယားဇာတ်ကြီးသားတို့အပေါ် အုပ်ချုပ်ဆင့်ဆိုရသည်။[၁]

အလုပ်သည် ပညာသည်ဖြစ်စေ....မင်းမိဘုရားအဆောင်တော်များသို့ဝင်ထွက်ရန်ရှိလျှင်။ အနောက်ဝန် အနောက်ဝန်စာရေးတို့က ကြပ်မလိုက်ပါရခြင်း။[၂]

၁။ ရွှေနန်းသုံး ခန်း ၃၃၃ ၂။ ရွှေနန်းသုံး ခန်း ဂ၅

**ပညာသည်စာရေး။** ။ယိုးဒယားဇာတ်ကြီးသားတို့ကို အုပ်ချုပ်ရသူ။ မင်းတုန်းမင်းလက်ထက်မှ သည် ပါတော်မူသည့်တိုင်အောင် ပညာသည် စာရေးအဖြစ် ထမ်းရွက်ခဲ့ရသူ တဦးမှာ မောင်ဘိုးမြဖြစ်သည်။

ပညာသည်စာရေး ဆိုသည်မှာ ယိုးဒယားဇာတ်ကြီးသားတို့အပေါ် အုပ်ချုပ်ဆင့်ဆိုရသည်။....မောင်တိုးသည် ယိုးဒယားအကပညာနိုက်ကောင်းစွာကျွမ်းကျင်

www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်၍ ရုပ်ကြီးခေါင်းဆောင်ပြီးလျှင် ညီတော်လက္ခဏာလုပ်ရသူဖြစ်သည်။ ၎င်းကို ၁၂၄၅-ခု နယုန်လ ပညာသည် စာရေး ခန့်တော်မူသည်။ ။မောင်ဆင်သည် ယိုးဒယားအကပညာကောင်းသူ တယောက်ဖြစ်၍ ၎င်းကို ၁၂၄၆ ခု - တန်ခူးလ ပညာသည် စာရေး ခန့်တော်မူသည်။[၁]

ဂွမ်းခရာပုံတောင်ဝါးကွင်းလျှိုကြိမ်တန်းလျှောက်လှ ပုံအိပ်သိုင်းရိုက် ပုံတောင်တီး ပဥ္စရုပ တိုးကျွဲ့အက ယိုးဒယားဆိုင်းနှဲ့ ဟူ၍ သဘောတူ ဘွဲ့စည်းပြီးလျှင်။ ပညာသည်အုပ် ပညာသည် စာရေးတို့ ဆင့်ဆိုရာ နာခံတီးမှုတ် ကခုန်ထမ်းရွက်ရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၃၇၃ ၂။ ရွှေနန်းသုံး ခန်း ၁၇၂

ပညာသည်အုပ်။ ။ယိုးဒယားဇာတ်ကြီးသား၊ ဂွမ်းခရာပုံတောင် စသည့် အမှုထမ်းတို့အပေါ် အုပ်ချုပ်ရသည့် အရာရှိ။

ဂွမ်းခရာပုံတောင် ဝါးကွင်းလျှိုကြိမ်တန်းလျှောက်လှ ပုံအိပ် သိုင်းရိုက် ပုံတောင်တီး ပဥ္စရုပ တိုးကျွဲ့အက ယိုးဒယားဆိုင်းနှဲ့ဟူ၍ သဘောတူ ဘွဲ့စည်းပြီးလျှင်။ ပညာသည်အုပ် ပညာသည် စာရေးတို့ ဆင့်ဆိုရာ နာခံတီးမှုတ် ကခုန်ထမ်းရွက်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၇၂

ပဒုမထီး။ ။မင်းခမ်းထီးဖြူတော်တမျိုး။

ပဒုမထီးကို ပဒုမနတ်သမီးစောင့်သည်။[၁]

ပလ္လင်ယာဘက်။ ကန်က္ကဒ။ သူရိယနှင့်။ ပဒုမသမ္ဗုတိ။ လေးစင်းရှိလျက်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၉ ၂။ ကုသပိုဒ် ၁၂

ပဒုမ္မာကြာ။ ။မင်းသုံးမင်းဆောင်အချို့တွင် ပဒုမ္မာကြာချပ်ကြာပွင့်ကြာဖူး ရေးသားထုလုပ်သုံးစွဲသည့် ဓလေ့ထုံးစံရှိသည်။

ရေသဖန်းပျဉ်တွင် ပဒုမကြာချပ်ရေးသည်မှာ....ကမ္ဘာတည်ဦးက ပဒုမကြာပွင့်တွင် သာကီန်းအစုံပါသည့် နိမိတ်ကိုထောက်၍ ဘုရားပွင့်တော်မူကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သိရသည်ဖြစ်သောကြောင့် ဥကင်ဘွင့်ရာ ပလ္လင်ဘွင့်ရာ ဘုန်းတန်ခိုးဘွင့်ရာဖြစ်၍ ရှေးအကြောင်းကို ထောက်သဖြင့် ပဒုမ္မာကြာပွင့် ကြာချပ်သဏ္ဌာန် ရေးသားလေသည်။[၁]

ရာဇပလ္လင်ဥကင်လက်ဝဲလကျာ ပဒုမ္မာကြာပွင့်ခံ၍ သားမြီးယပ်စွဲလျက် လက်ဝဲ ၁၆ရုပ်. လကျာ ၁၆ရုပ် ပေါင်းသုံးဆဲ့နှစ်သိကြားရုပ်ထုလုပ်သည့်အကြောင်းမှာ။[၂]

သတပတ်ကြာ။ ပဒုမ္မာခံပြီး။ သားမြီးယပ်စွဲ။ လက်ဝဲလကျာ။ သက္ကရာတို့။ ဗာတ္တိံသစေ့။ ရွှေအလျှံစီး။ ဒေါင်းမြီးယပ်တိ။ သိရိနဂုံ ဋ္ဌ။[၃]

၁။ ရွှေဘုံနိဒါန်း ခန်း ၂၃ ၂။ ရွှေဘုံနိဒါန်း ခန်း ဂ

၃။ ကုသ ပိုဒ် ၁၁

ပမုတ္တသား။ ။အကြင်အရပ်၌ နေပါ၍ ကျင်လည်သဖြင့် မယားမှတ်စပါ၍ ရသောသားကား ပမုတ္တ မည်၏။[၁]

၁။ အမြွှာ ၂၉

ပယင်း။ ။မြန်မာမင်းတို့သည် ပယင်းတွင်းများ ပိုင်ဆိုင်သည်ကို အယူဂုဏ်ယူသည်။ ပယင်းကို ဘုရားကိုယ်စားတော်များထုလုပ်ရာတွင်၎င်း၊ ကွမ်းခွက်ကွမ်းလိပ်စသောအဆောင်အရွက် အစီးအနင်းများဟွင်၎င်း သုံးစွဲလေ့ရှိသည်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သုနာပရန္တတမ္ဗဒီပ....တိုင်းကြီးများ သခင်ဖြစ်တော်မူသော ပတ္တမြားဋ္ဌနိလာ မသာရကန်ဥဿဘယားကြောင်မျက်ရွဲ ပုလဲ ပယင်း ရွှေ ငွေ ကြေး သံ ခဲမ ရတနာတွင် အပေါင်တိုဝ်.၏ သခင်ဖြစ်တော်သော။[၁]

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သာသနာဒါယကာတော် ဆင်ဖြူများသခင်ဖြစ်တော်မူသော....ရွှေငွေ ကျောက်သံ ပယင်းရတနာတွင်းများ သခင်ဖြစ်တော်မူသော။[၂]

၁။ အလပဏ ၁၂ ၂။ အလပဏ ၁၆

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတပါး။ မိုးကြိုးဆင်းတု။ ပယင်းဆင်းတု။ ဣန္ဒနီလာဆင်းတု။ သန္တာဆင်းဆု....များကိုလည်း ကန်ဆောင်းတွင် ထားတော်မူသည်။[၃]

ရွှေငွေကြေပယင်းရုပ်ထုသွန်လုပ်၍ ဓာပနာသည်။[၄]

ခိုနန်းကွမ်းခွက် တောင့်ချိုးကွမ်းခွက် ၁၂ မြောင့် ကွမ်းခွက်ရှစ်မြောင့်ကွမ်းခွက် များသည် ကျောက်စီမှန်တတ် ပယင်းတတ်သာ ခြားနားကြသည်။[၅]

ကွမ်းလိပ်သုံးမြွာ ပယင်းတပ်၊ ရွှေထွေးအင်။

သည်နောက် စီးတော်ပလာရွှေစွယ်တပ်။ ပယင်းကြိုးနှင့်ဆင်တစီး။[၇]

၃။ ကဘဆ ၁။ ၂၀၀
၄။ တိလောကကျောက်ကျော ၀၇
၅။ ရွှေဘုံနိဒါန်း ခန်း ၁၅
၆။ ကဘဆ ၃။ ၁၉၃
၇။ လကဗဟ ၁၅၅

**ပရဒါရိကမှု။** ။သူတပါးမယားနှင့်ဆိုင်သောအမှု။

ပရဒါရိကမှုနှင့်စပ်၍ ခိုးခြင်းလက္ခဏာအားဖြင့် ၇-ပါး။ ဝံသဘောအားဖြင့် ၄ ပါး ၅ ပါး။ မိသကအားဖြင့် များစွာသော ပရဒါရိကမှုတရားစကား။[၁]

၁။ ရွှေနန်းသုံး ခန်း ၈၈

**ပရဒိန္န။** ။အမွေမခံထိုက်သော သား ၆ ပါးအဝင်အပါ။

မိဘနှစ်ပါး သားသမီးရင်းမှန်လျက်။ သူတပါးကို သားသမီးပြုပါလေ ပေးခြင်းသည် ပရဒိန္န။ ထိုသားသမီးလည်းတပါး။[၁]

မိဘနှစ်ပါးက သူတပါးသို့။ သားသမီးပြုပါလေတော့ဆို၍ ပေးသော။ ပရဒိန္နသားတပါး။[၂]

၁။ အမွေမှု ၄၁
၂။ အမွေမှု ၃၈

www.burmeseclassic.com

www.burmeseclassic.com



**ပရေဝုဋ္ဌသား။** ။အမွေမခံထိုက်သောသားတပါး။

လူ့လက်ဝယ်ကြီးလေ၍ မိဘကို မခင်သော ပရေဝုဋ္ဌ မည်သောသား။[၁]

၁။ အမွေမှု ၄၄

**ပရိတ်ခြည်။** ။အဝတ်အစား အဆင်တန်ဆာတို့တွင် ပြုလုပ်သော တန်ဆာဆင်နည်းတမျိုး။

သည်နောက် ရှင်တော်ရွှေးစု၊ ရှင်တော်ပလာစု၊ ဖြဲရှင်တော်စု ၃စု၊ လူ ၃၀၀တို့ နေရောင်ခေါင်းထုပ်၊ နေရောင်အင်းဂျီနှင့် ရွှေပရိတ်ပြည်တွင် ရွှေပန်း ၁၀၀ ပွင့် ယန်ကို စွပ်၍ထားခေါချည်၍ လိုက်ရသည်။[၁]

တော် နေ ရာ သို့ ရောက် လျှင်....ဆေးတံဖျားရွှေချူဆွဲချင်စွပ်ကိုဆောင်သည်။ အရှင်း မိုးကြိုးကွပ် ရွှေပရိတ်ခြည်ကိုဆောင်သည်။[၂]

ရွှေသား စည်းပုံ စည်းတိုင်။ ဇာဘောက်။ ပရိတ်ချည်ကုံး အထက်အောက် ပတ္တမြား ၂ ရစ်စီ။[၃]

၁။ လကဗဟ ၁၅၃ ၂။ ယင်း ၂၃၀ ၃။ ပမပ ၉၄

ရွှေသားဆံထိုးပတ္တမြားစီ ဆွဲပရိတ်ချည်ကုံး။ ပုလဲဝတ်ဆံတပ်။[၄]

သျှောင်ကြား ပရိတ်ချည်ကုံး။စိန်ခံဆံပြိတ်ရစ်ကျောက်တန်းကတော့ ပတ္တမြား ၂ ရစ်စီ။[၅]

၄။ မပပ ၉၅ ၅။ ပပပ ၁၁၇

**ပရိတ်နာဆက်ဆောင်။** ။နန်းတော်၏ အဆောင်တဆောင်။

ပရိတ်နာဆက်ဆောင်ခေါ်ဝေါ်သမုတ်သည်မှာ....ကေရာဇ် မင်းမြတ်တို့ ထွက် စံသည်ဖြစ်စေ မထွက်စံသည် ဖြစ်စေ ရံဖန်ရံခါ အမှုနှင့် လျော်စွာကြုံကြိုက်သည့် ကာလ ပကတိပေါင်းတော် သရဖူတော် မကိုဋ်တော် အစရှိသော အဆောင် အယောင်တော် မင်းဝတ်တန်ဆာများကို ပရိတ်တော်ခံသည် ပရိတ်တော်နာသည် ပရိတ်တော်ဆက်သည်များကို အကြောင်းပြု၍ ပရိတ်နာဆက်ဆောင် ခေါ်ဝေါ်

www.burmeseclassic.com

www.burmeseclassic.com



သမုတ်သည်။ရာဇမဏိစူဠာဘုရား ဒါယကာ လက်ထက် တောင်ဖီလာဆရာတော် မန်းစက်တော်ရာကပြန်၍ နန်းတော်သို့ပင့်သည့်ကာလ ပရိတ်တော်နာဆက်ဆောင်တွင် အတွေ့ခံတော်မူသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၄

ပလိုင်းလက်စွဲ။ ။နန်းတွင်းအမှုထမ်းတမျိုး။

ရှေးအခါက ဘိုကျပ်လက်စွဲ။နောက် ပလိုင်းလက်စွဲ ဟူ၍ အမည်တွင်လေ၏။ မန္တလေး ရတနာပုံ ဒုတိယ နန်းစံမင်းတရား လက်ထက်တော် ပလိုင်းလက်စွဲ ၇၁ တို့မှာ တလလျှင် လစာငွေတော် ၁၆၄ဝ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၂

ပလုတ်—တူရိယာတမျိုး။

ဝေါတော်နောက်လိုက်တပ်မှာ...ဒိုင်းကာလွှား ပလုတ်၊ကြေးနင်း၊ကြေးစည်၊ အလံနီ၊အလံဝါ၊အလံနက်ကိုင်ယူ ထမ်းဆောင်၍လိုက်ရသည်။[၁]

ရှမ်းပြည်မြို့စုစားတို့ကို စည်ပေးလျှင် စည်ဖြူ ၅ လုံး၊ ပုံသာ ၁၊ ပလုတ် ၁၊ လင်းကွင်း ၁၊ နှဲကြီး ၂၊ နှဲငယ် ၂၊ ခရာ ၂ ပေးသည်။[၂]

၁။ လကဗဟ ၁၅၆ ၂။ လကဗဟ ၂၂၁

ပဝါ။ ။ဝန်ကြီးတို့ကိုအပ်တော်မူသည် မောတ်တို ရွှေထိပ် ရွှေကုံးနှင့် ဒုယင်သင်တိုင်းတို့ကို ပဝါနှင့်ထုပ်၍ နောက် သက္ကဒါန်တင်ဆင်တပ်တွင် ဝန်ကြီးတို့ လူ ပိုက်၍ လိုက်ရသည်။[၁]

မှူးတော်မတ်တော်တို့ အစဉ်ဆောင်ရွက်ရိုးကား .... သည်နောက် ကွမ်းထုပ် ရေတကောင်း ပဝါဖုံး။[၂]

သည်နောက် ရွှေကျပ်လက်ဘက်အိုး ရေတကောင်းပဝါဖုံး၍သွားသည်။[၃]

ဒူးနေရာသို့ရောက်လျှင် .... မြင်းစီး၍သွားသည် ဖြစ်စေ၊ ခြေချည်သွားသည် ဖြစ်စေ၊ ကွမ်းလက်ဘက်ကို ပဝါဖြူ ၂ ဖက်မြိတ်နှင့်ထုပ်၍ ရေတကောင်းကို ပဝါ မဖုံးဖက်ကတော့ကြီးကို အုပ်၍ဆောင်သည်။[၄]

၁။ လကဗဟ ၁၅၂ ၂။ လကဗဟ ၂၃၆
၃။ လကဗဟ ၂၄၇ ၄။ လကဗဟ ၂၃၈

www.burmeseclassic.com

www.burmeseclassic.com



ပသုံလေ့။ ။ရာမညတိုင်းသားတို့၏ လေ့တမျိုး။

ပသုံလေ့မှာ....ဗြသုံဖြစ်သည်၊ ဗြ—ဆိုသည်၊ ကျမ်း—ဆိုသည့် စကားများသည် ရာမညတိုင်း သုံးရပ်သားတို့မှာ ဘုန်းတန်ခိုးကြီးသည် ဆိုသည်၊ ရာမညတိုင်း၌ သုံးဆောင်သည့်ဘွဲ့ပုံများတွင်လည်း မင်းဆွေစိုးမျိုးနှင့် စပ်သသူတို့ကို စောဗြ သမိန်ဘျမ်း အစရှိသဖြင့် ပေးလေသည်၊ ....ကျော်မျိုးဖြစ်သော မုတ္တမမင်းတို့ လက်ထက် မြစ်ကြီးငါးသွယ်မှ စီးဝင်သည့် ရေဖြစ်သည်ကို နိမိတ်အမှတ်ပြု၍ ပွန်စလိုင်မြစ်မှာ သကြံန်ရေသောက်ရေတို့ကို ခပ်ရသည်၊ ရဲဖန်ရခါ မှူးမတ် ဗိုလ်ပါတို့နှင့် ပွန်စလိုင်သို့ ကူး၍ ပွဲသဘင်ခံသည် .... ဗြင်း နတ် ဘုရား တည် ရာ တောင်သည် ဘီလူးတို့နေရာဟောင်းတောင်ဖြစ်၍ ဘီလူးတို့သည် အဿမုခိကို ကြောက်ရွံ့သည်ကို အစွဲပြု၍ပွဲသဘင်ခံမည့် ပွန်စလိုင်ရေကိုသုံးဆောင်မည် ကူးသွားသည်ကာလ အဿမုခိရုပ်လုပ်သည်လေ့ကို မင်းတို့စီးနင်းလေသည်ဆိုသည်၊ ထိုလေ့သည် ဦးကားအဿမုခိရုပ် ပဲ့ကားမင်းစီးလေ့ဖြစ်သောကြောင့် လော်ကားပဲ့ကဲ့သို့ လုပ်ဆောင်သည် ယူရန်ရှိသည်....ထိုရေဖြင့် ကူးသန်းသွားလာသည်ကို အကြောင်းပြု၍ ဗြသုံလေ့ ခေါ်ဝေါ်သမုတ်သည်၊ ဗြ—ဆိုသည်မှာ .... ဘုန်းတန်ခိုးကြီးသည် ဆိုသည်၊ သုံ—ဆိုသည်မှာ သောက်သည် ဆိုသည်၊ ရှည်လျားသဖြင့် စကားရွေ့ လေလျှင် ပသုံ ရေးသားခေါ်ဝေါ်လေသည်။[၁]

ဝသုံလေ့မြန်။တလိုင်းမွန်တို့။ပြည့်ခေါ်ခြား။မြည်သားအကုန်။ရှိမုံတင်ရာ။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀ ၂။ ကုသ ပိုဒ် ၂၇

ပဟိုရ်။ ။မြန်မာနာရီ။

မြန်မာ ပဟိုရ် တီးပုံမှာ။ နေထွက်နေဝင်အလိုက်။ ကိုက်ညီမျှတအောင် နာရီ မောင်းလဲပြောင်းတီးရသည်၊ စက်နာရီနှင့် နှိုင်းယှဉ်လျှင်။ စက်နာရီ တနာရီလျှင် မြန်မာနာရီ ၂ နာရီခွဲနှင့် ညီမျှသည်။ စက်နာရီမှာ တနေ့နှင့်တညကို ၂၄ နာရီ သာထားသည်။ မြန်မာနာရီမှာ တနေ့နှင့်တညကို နာရီ ၆၀ ထားသည်။ ဆောင်း အခါမှာ နေ့နာရီတို့၍ ညနာရီရှည်သည်။ သို့ရာတွင် ဆောင်းခါနွေခါမဆို မှန်းတည့်အချိန်မှာ။ စက်နာရီနှင့် မြန်မာနာရီညီမျှသည်။ နေကိုအစွဲးပြုကြသော ကြောင့် ညီမျှသည်။....

ပဟိုရ် စည်တီးရန်အချိန်ခွဲခြားပုံမှာ၊ တနာရီလျှင် တမောင်းတီး၍။ မောင်းကို အရေးယူကြရသည်။ နေ့တာ။ ညတာရှည်သောအခါဖြစ်လျှင်။ ၈ မောင်းကို

www.burmeseclassic.com

www.burmeseclassic.com



တပဟိုရ်။ နေ့တာ။ ညတာတိုသည့်အခါဖြစ်လျှင် ၇ မောင်းကို တပဟိုရ်။ ပိုင်းခြား မှတ်သား၍ ပဟိုရ်တီးရသည်။ တနေ့မှာ ၄ ခါ။ တညမှာ ၄ ခါ ပဟိုရ်တီးရသည်။

နေ့မှာလည်း ၁ ချက်တီး ၂ ချက်တီး ၃ ချက်တီး ၄ ချက်တီး ညဉ့်မှာလည်း ၁ ချက် တီး ၂ ချက်တီး ၃ ချက်တီး ၄ ချက်တီးစသောအားဖြင့် ခွဲခြားထားသည်။[၃]

ပြက္ခဒိန်၌။ ရဝိန်နေဝါ။ ကိန်းသစ်စွာ၍။ ရာညီသည။ ပန္နာ ရအသ်ာ။ စ၍လာသော်။ ခြောက်နာရီမှ။ ဝိသဋ္ဌနှင့်။ ဘာဂပဋ္ဌိ။ ဆဲ့ငါးထိအောင်။ နေ့ဒိဝါတွင်။ ရှစ်မောင်းဆင်၍။ ညလျှင်တီးဟောင်း။ ခုနှစ်မောင်းတည့်။ ထိုနှောင်းသေသ။ ကြွင်းသမျှကို။ ညနာရီရှစ်၊ နေ့ခုနှစ်နှင့်။[၁]

၁။ မြန်မာမင်း ၄။ ခန်း ၄၆၃ ၂။ ကုသ ပိုဒ် ၁၆

ပဟိုရ်စည်။ ။ပဟိုရ်တီးမှတ်သည့်စည်။

ပဟိုရ်စည်တော်၏ အကြောင်းကား....တကောင်းပြည်တွင် သတိုးတိုင်းရမင်း မင်းပြုသည့်ကာလ ခေါင်းလောင်းကြီး ငါးလုံး စည်ကြီးငါးလုံးရှိ၏ .... စည်ကြီး ငါးလုံးအနက် စကားစည်ကြီးကို ပဟိုရ်စည်ဆိုသည်။[၁]

ရှေးအင်းဝမင်းတို့သည် အထွတ်အမြတ်ရောက်၍ ရွှေနန်းတော်ထက် ဥကင်သ မပွင့်ခင် မြို့တံခါး လေးရပ်ဆွဲစည်ကြီး၊ အိမ်ရှင်စည်၊ ပဟိုရ်စည် မင်္ဂလာစည်.... စည်ငါးရပ်ကို အသစ်လဲ၍ ဆောင်ရသည်။ စည်ဟောင်းကို ရာဇမဏိစူဠာဘုရား စရပ်မှာ တင်ထားသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၅၆ ၂။ လကဗဟ ၂၂၀

ပဟိုရ်တီး။ ။ပဟိုရ်စည်ကိုတီးရသည့်အမှုထမ်း။

နာရီတော်မှုးဆင့်ဆိုရာနာခံ၍ နေ့ယံ ညယံ ပဟိုရ်တီးရန်များကို ပဟိုရ်စင်အနီး အိပ်ဘန်တန်းကနေ့ညစောင့်နေ၍ နာရီတော် တန်ဆောင်းက နာရီတော်စောင့် ပုဏ္ဏား ၂ တို့ ဝတ်ကောင်းဝတ်သန့် ဝတ်ဆင်လျက် လျှင်စွာလာရောက်အခါကြား သည်နှင့် တပြိုင်နက်။ ပုဆိုးခါးပုံထိုး အင်္ကျီရှည် ခေါင်းပေါင်းဖြူ ၂ စထောင်နှင့် ပဟိုရ်တီး လူ ၂ တို့သည် ပဟိုရ်စင်ပေါ်တက်ရောက်ပြီးမှ။ ခေါင်းလောင်းတချက်

www.burmeseclassic.com



စည်တော်တချက်ဖြင့် ၁၁ ချက်။ နေ့မွန်းတည့် နှစ်ချက်တီးလျှင် ၂၂ ချက်။ ညနေ သုံးချက်တီးလျှင် ၃၃ ချက်။ နေဝင်းလေးချက်တီးလျှင် ၄၄ ချက် တီးရသည်။ ည၌ ၄ ပဟိုရ်မှာလည်း ဤနည်းအတိုင်း တချက်တီး နှစ်ချက်တီး သုံးချက်တီး လေးချက်တီ တိုင်အောင် အချက်ပေါင်း ၁၁၀ တီးရသည်။ ပဟိုရ်တီး ၂ ချက်တို့ သည်။ ပဟိုရ်စင်ပေါ်ရောက်သည်နှင့်တပြိုင်နက် နန်းတော်ရှိရာသို့ လှည့်၍ဒူးပဆစ် တုပ်ခါ ဦးသုံးကြိမ်ချပြီးမှ ပဟိုရ်တီးရသည်။ ပြီးလျှင်လည်း ဦးသုံးကြိမ်ချပြီးမှ ဆင်းကြရသည်။ ပဟိုရ်တီးအမှုထမ်း လူ ၅ ဦးတို့မှာ တလလျှင် လစာငွေတော် ၅၅ ိ သနားတော်မြတ်ခံရသည်။ ပုဆိုးခေါင်းပေါင်းပိတ်အုပ်များကိုလည်း တလ တကြိမ် သနားတော်မူသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၅၁

ပဟိုရ်တီးသွေးသောက်ကြီး။ ပဟိုရ်တီးအမှုထမ်းတို့ကို ကြီးကြပ်ရသည့် သွေးသောက်ကြီး။

ပဟိုရ်တီးသွေးသောက်ကြီးနှင့် ငယ်သားများ။ နာရီစောင့်သွေးသောက်ကြီး နှင့် ငယ်သားများ သီးခြားခွဲထားသည်။[၁]

အင်္ဂလိပ်မင်းအုပ်စိုးစအခါ။ မြန်မာထုံးစံအတိုင်း ဝင်ရောက်ထမ်းရွက်ကြရန် စီမံရာ။ ပဟိုရ်တီးသွေးသောက်ကြီး ကျော်နှင့် ငယ်သားများ....ကို လစာပေး ထားသေးသည်။[၂]

၁။ မြန်မာမင်း ၄။ ခန်း ၄၆၃ ၂။ မြန်မာမင်း ၄။ ခန်း ၄၆၃

ပါပစည်။ ။ခါတ်စည် ၄ လုံးအဝင်အပါ။

တီးသည့်စည်လည်း သူရဇ္ဇ ပါပ အမြိတ္တ ကောလိခါတ်လေးရပ် မြို့လေး မျက်နှာ ခါတ်တံခါးများတွင် ဆွဲထားတီးသည့် ခါတ်စည်လေးလုံးအနက် သူရဇ္ဇ ဂေဇောခါတ်ဖြစ်သော အရှေ့မျက်နှာ ခါတ်စည်ကိုနှုတ်၍ တီးသည်၊ အခြားခါတ် စည်ကိုမတီး။[၁]

ထွက်ဝင်သွားလာ။ မင်းလမ်းမှာလည်း။ ပါပါသူရဇ္ဇ။ မြိတ္တကောလိ။ နောက်မှီရှေ့မြောက်။ တောင်ရပ်ဆောက်၍။ ခါတ်လျှောက်ခွဲဝေ။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၆၁ ၂။ ကုသ ပိုဒ် ၁၀

www.burmeseclassic.com

www.burmeseclassic.com



ပါလည်ကွေး။ ။စစ်ဝတ်တန်ဆာတွင် ပခုံးတဝိုက်ကို လုံခြုံစေသည့် အစိတ်အပိုင်း။

ရတနာမျိုးဖြင့်ပြီးသော ပါလည်ကွေး ကြိုးချပ်တန်ဆာစစ်ဝတ်ဒုယင်တော်။[၁]

နီသောနက်သောချပ်ဝတ် မိန်ညို မျည်းကိုမျည်းရှည် ပါလည်ကွေး ပါးကာ နားကာ။[၂]

ထို့ပြင် ပါလည်ကွေး အောင်းမွေးရစ်ခြီး မှောက်တိုမှောက်ရှူ။ ပါးကာ နားကာ။ ချပ်မိန်ညိုတန်ဆာအစုံနှင့် အဲမောင်းလှ ရှည်စွဲလျက်။[၃]

၁။ ကဘဆ ၁။ ၁၂၀ ၂။ ကဘဆ ၁။ ၁၂၃
၃။ ကဘဆ ၁။ ၂၂၀

ပါးကာနားကာ။ ။စစ်ဝတ်တန်ဆာတွင် ပါးနားကို လုံခြုံစေသည့် အစိတ်အပိုင်း။

နီသောနက်သော ချပ်ဝတ်မိန်ညိုမျည်းတို မျည်းရှည်ပါလည်ကွေး ပါးကာ နားကာ ရွှေဘယက်နောက်ဘယက်။[၁]

ပါးကာနားကာ။ ရွှေကာ။ နောက်ကာ။ မောက်ရှူပါလည်ကွေး။ ၆ မျိုး စာရင်းဘုရား။

(၁) ပါးကာနားကာ။ရွှေကာနောက်ကာမောက်ရှူပါလည်ကွေးကတ္တီပါနီ ရွှေယက်ပြားသတ်။ အတွင်းရွှေကြက်သွန်မြိတ်သတ်။ အနားရွှေခြည်ပန်းနွယ် ကြယ်ပွင့်တပ်။

(၂) ပါးကာနားကာ။ ရွှေကာ နောက်ကာ မောက်ရှူ ပါလည်ကွေး ကတ္တီပါနီ။ ယက်ပြားသတ်။

(၃) ပါးကာနားကာ။ ရွှေကာနောက်ကာ။ မောက်ရှူ ပါ။ လည်ကွေး ကတ္တီပါနီဘဲးကွပ်ပိုး။

(၄) ပါးကာနားကာ။ ရွှေကာနောက်ကာ။ မောက်ရှူပါ။ လည်ကွေး ကတ္တီပါစိမ်းဘဲးကွပ်။

(၅) ရင်းမိုင်းလုံပြာဘဲးကွပ်။

(၆) ပါးကာနားကာ။ ရွှေကာနောက်ကာ။ မောက်ရှူပါ။ လည်ကွေး မိုင်းလုံစိန်ဘဲးကွပ်။[၂]

၁။ ကဘဆ ၁။ ၁၂၃ ၂။ မြန်မာမင်း ၄။ ခန်း ၄၇၉

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်ကျွန်။ ။ပိဋကတ်ကို အလုပ်အကျွေးပြုစိမ့်သောငှာလှူသောကျွန်။

သကရစ် ၆၀၅ ခု စိဿနှစ်တဝ်သလင်လဆုတ် ၃ရက် တနင်လာနိယ်အှ် ဖုန့်သည်မ ပိတကတ်နိုက် လှူခသော ကျွန် ၁၀။[၁]

ကျွန်မှုနှင့်စပ်၍။ ပိဋကတ်ကျွန် ၄ ပါး။ စေအပ်ကျွန် ၇ ပါး။[၂]

၁။ ပုံ ၁၇၀ ခ[၁] ၂။ ရွှေနန်းသုံး ခန်း ၇၇

ပိဋကတ်ဟော်ရေး။ ။ပိဋကတ်တော်ကို ကူးရေးရသည့် အမှုထမ်း။

ပိကတ်တော်ရွှေရေးမင်ရေး ကညစ်ရေး ပေလုပ်စာရင်းဝင်တို့ကို အရပ်ရပ် သူကြီး ခေါင်းအကြီးတို့က အဒဲခါအချ ကြေးငွေတောင်းထုတ်၍ ပိဋကတ် တော်မှာ ငြိမ်ဝပ်စွာ မထမ်းမရွက်ရကြောင်းနှင့် မောင်းထောင် ဆရာတော်က စာဆက်သွင်းသည်။ ပိဋကတ်တော် ရွှေရေးမင်းရေးကညစ်ရေးပေလုပ်စာရင်းဝင် လူမှန်သမျှတို့ကို မြို့ရွာသူကြီးအရပ်ရပ်စုရှင်တို့က မနုတ်မယူ မခန့်မထားစေနှင့်။[၁]

ပိဋကတ်တော် ပေလုပ် ပိတကတ်တော်ရေး လူတို့မှာလုပ်ဆောင်ရေးသားသည့် အခိုက် စုရှင်ငန်းရှင် မြို့ရွာသူကြီးတို့က တိုင်စာရင်းမင်းမှုမခန့်မထားစေနှင့်။[၂]

၁။ ရဟာအပတ ၂၆-၇ ၂။ ရဟာအမတ ၂၇

ပိဋကတ်ပေလုပ်။ ။ပေရွက်များကို စာရေးသားနိုင်ရန် ပြုပြင်လုပ်ကိုင်ရသူများ။

ဝမ်းပဲး အင်းစံရတနာပူရ အင်္ဂါမင်းလက်ထက်ကစ၍ ရွှေစာ မင်စာ ပေစာ ၃ ရပ်ရေးရန် မင်စာဟူသော ပိဋကတ်ရေးပေနုကို နူးနပ်အောင် လုပ်ကိုင် ဆောင်ရွက်ရသည်။ ပြီးလျှင်ရွှေမျဉ်းကြံဆစ်ချည်နီ အလိုရှိရာ မျဉ်းကိုင်ရသည်။ ၎င်းလူ ၁၁ ကို တလလျှင် လစာငွေ ၁၁၅ိကို သနားတော်မြတ် ခံရသည်။ ။ ပေနုကိုပိတ်ချောကဲ့သို့ ပြောင့်ပျောင်း နူးညံ့အောင် ပြုလုပ်နိုင်သည့် ပညာတမျိုး ဖြစ်၍ ယခုအခါ အသုံးမပြုကြသောကြောင့် ၎င်းပညာကွယ်ခဲ့လေပြီ။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၆၂

ပုစ္စန်ခွံမွမ်း။ ။ရွှေဖြင့်မွမ်းမံခြင်းတမျိုး။

ကနက္ကဒါန်ထီးများမှာ အရိုးအတံကို ရွှေပုစ္စန်ခွံမွမ်းသည်။ ထီးချက်ကို ရွှေပုစ္စန်ခွံမွမ်းသည်။ ပတ္တမြားအပြည့်စီသည်။[၁]

၁။ လကဗဟ ၁၉၂

www.burmeseclassic.com



ခရိုင်ထီးချက်။ ထီးလက်ကန့်လန့်။ ကောင်းညွှန့်သေချာ။ ထွတ်မြူတာကို။ သိင်္ဂါရောင်ဝှန်။ ဗုဒ္ဓခ်ူမွမ်း။[၂]

မြင်းကရွှေပုစ္ဆန်ခူမွမ်း၊ ကျောက်စီ။[၃]

တလားပျဉ်ကိုယ်နှင့် အပုံးကို ကတ္တီပါနီမွမ်း၍ မှော်ကြဲသည်။ ကမွတ်ကို ရွှေပုစ္ဆန်ခူမွမ်းသည်။[၄]

သံလျင်းရှက်ကို....ကတ္တီပါနီမွမ်းသည်။ အနားပတ်လည်ကို ရွှေပစ္ဆန်ခူလက်မ တင်ကော်ခန့်ကွပ်သည်။[၅]

| | | | | | |
|---|---|---|---|---|---|
| ၂။ | ကုသ ပိုဒ် | ၁၂ | ၃။ | လကဗဟ | ၂၃၂ |
| ၄။ | လကဗဟ | ၂၄၆ | ၅။ | လကဗဟ | ၂၄၇ |

ပုဆိုး။ ။အကြင်သူတို့သည်လယ်ပင်အလုပ်ဌား၏။ ဌားသည်ကိုယ်ခ....ပုဆိုးကား ဤမျှ။ စပါး ကား ဤမျှဟူ၍ အခပြတ်အပ်၏။[၁]

မိဖုရားတို့တွင် မွေးမြင်သည့်မင်းသားတို့မှာ ငယ်ရွယ်၍ အတွင်းတော်မှာ နေစဉ်....ရွှေရက်ငွေရက်ပုဆိုးဖြစ်စေ ပေးလျှင် အတွင်းတော်မှာနေစဉ် ဆောင်ရှက် ဝတ်ဆင်သည်။[၂]

မင်းသားတို့ ကျောင်းဘုရားသွားလျှင် ပန်းနှုန်ပုဆိုး၊ သုဂန်ပုဆိုး၊ ဖဲစပ် ပုဆိုးနှင့် ဝတ်လုံရွှေရက်ပြား။[၃]

ဘဝေါစနည်းတို့ပေါင်းထုပ်ပေါင်း၍သွားလျှင် ပုဆိုးစက်အနားပါဝတ်သည်။[၄]

တော်နေရာသို့ရောက်လျှင်.... ကျောင်းဘုရား သွားလာလျှင် ပန်းနှစ် ပုဆိုး သုဂန် ပုဆိုး ဖဲ ပုဆိုးဝတ်ဆင်သည်။ ဝါဝင်ဝါကျွတ်သဘင်တော်တက်နောက်တော် လိုက် လွှတ်တက်ရုံးတက်မှာမူကား မဝတ်မဆင်ရ၊ စက်အနားပါ ပုဆိုးကိုသာ ဝတ်ရသည်။[၅]

ရွှေဒုရင်တစ်။ ပုဆိုးစက်နားရွှေရေးတစ်။[၆]

| | | | | | |
|---|---|---|---|---|---|
| ၁။ | မနုကျယ် | ၄၄ | ၂။ | လကဗဟ | ၂၃၂ |
| ၃။ | လကဗဟ | ၂၃၄ | ၄။ | လကဗဟ | ၂၃၇ |
| ၅။ | လကဗဟ | ၂၃၀ | ၆။ | ကဘာဆ ၁။ | ၂၃၃ |

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးဆေးရေးရွှေပါဂါးအုပ်။[၇]

ကျွန်တော်ရင်းတို့ဆေးရေး ပုဆိုးဝတ်၍။[၈]

သားတော်ဒီပဲယင်းမင်းကိုဆက်ရန် ပုဆိုးရွှေရေးနှစ်။[၉]

ပုဆိုးကေနံ၊ ရွှေဝတ်လုံ၊ ရွှေခါးစည်း၊ ရွှေဦးရစ်ဝတ်ဆင်စေပြီးလျှင်။[၁၀]

၇။ ကဘဆ ၁။ ၂၃၄ ၈။ ကဘဆ ၁။ ၂၃၂
၉။ ကဘဆ ၁။ ၂၃၃ ၁၀။ ကဘဆ ၁။ ၂၁၇

ပုဆိုးဆိုင်း။ ။မြို့တွင်းမြို့ပြင်၊ လမ်းမလမ်းသေးများကို လှည်းခါသုတ်သင်၍ ရာဇမှတ်ဒေါင့်ခြံကာ၍ ငှက်ပျောပင်၊ ကြံပင်၊ ပန်းဆိုင်း၊ ပုဆိုးဆိုင်းတွဲစိုက်သည်။[၁]

၁။ လကဗဟ ၁၄၃

ပုဆိုးဖြူ။ ။ ရွှေပြည်စိုးမှစ၍ မြို့ပတ်လည် တည်စားတို့နှင့် သင်္ဘေးတို့ကို အုန်း၊ ငှက်ပျောစည်း၊ ကြံခိုင်၊ ခါသာ၊ ဖျင်၊ ပုဆိုးဖြူ လက်ဆောင်တော်များနှင့် လက်ဆောင်စာရေးတို့ကို အကြပ်အမခန့်၍....။[၁]

ရောင်းတန်းယဉ်တစင်းလျှင် ခွန်သေ ပုဆိုးဖြူ တောင်၁၀၀ လက်ဆောင်လက်ဖက်တထုပ်ပေးရိုး။[၂]

၁။ လကဗဟ ၁၅၀ ၂။ စလေမြို့စစ်တမ်း ၆၄ ခု

ပုနာနုဂ္ဂတိသား။ ။အမေ့မခံထိုက်သောသားတပါး။

အကြင်လင်မယားတို့သည်။ ကွာ၍။ မယားသည် လင်သစ်နေစားလေ၏။ ထိုသို့ နေရာတွင်။ သန္ဓေရပြီးမှ။ လင်ဟောင်းသို့ပြန်၍ နေလေ၍မွေးသော။ လင်သစ်ကပါသော သန္ဓေသား။ ပုနာနုဂ္ဂတိမည်သော။ မိန်းမ။ယောကျ်ားလည်း တပါး။[၁]

၁။ အမေ့မှု ၃၈

www.burmeseclassic.com

www.burmeseclassic.com



ပုရပိုက်ဖြူ။ ။အရုပ်ဆေးရေး မြေပုံဆွဲပုံများကို ရေးဆွဲရာတွင် ပုရပိုက်ဖြူကို များသောအားဖြင့် အသုံးပြုလေ့ရှိသည်။

မင်းမိဘုရားသမီးတော် သားတော်ကလေးများကို ကြည့်ရှုမှတ်သားစိမ့်သောငှာ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ထွက် ဗုဒ္ဓဝင်ကျမ်းထွက်များကို ကောက်နုတ်စီရင်၍ ပုရပိုက်ဖြူ ပေါ်တွင် ဆေးရောင်အမျိုးမျိုးနှင့် ရေးသားရခြင်း။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၂၇

ပုရပိုက်ဖြူလုပ်။ ။ကေရာဇ်မင်းမြတ် အသုံးတော်ရှိရာသုံးရန် မပြတ်လုပ်ဆောင်ဆက်သွင်းသည့် ရွှေတိုက်ဝန် ဝန်စုံ ပုရပိုက်ဖြူလုပ် ပသီလူမျိုးအမှုထမ်းတို့ကိုဆိုသည်။ ၎င်းအမှုထမ်း ၃ တို့မှာ တလစပါးတော် ၃၅ တင်း သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၁၅

ပုရိသမေဓ။ ။ဘဂ်ဟတရား ၄ ပါး အဝင်အပါ။

သူရဲ သူခက်တို့အား ခြောက်လတကြိမ် ထမင်းမျိုးရိက္ခာဖြစ်စေခြင်းသည် ပုရိသမေဓမည်၏။ သူရဲ သူခက်တို့အား သင်္ဂြိုဟ်ချီးမြှောက်ခြင်း၌ ပညာနှင့်ယှဉ်ဟူလိုသည်။[၁]

နေ့အခါ ဗိုလ်ရှုညီလာခံမှာ....ပုရိသမေဓမှု....မေးမြန်းတင်လျှောက်ဆွေးနွေးပြောဆိုပြီးလျှင်။[၂]

၁။ ရွှေနန်းသုံး ခန်း ၁ ၂။ ရွှေနန်းသုံး ခန်း ၆

ပုသကာလိသား။ ။သား ၁၂ ပါး အဝင်အပါ။

ပုသကာလိ မည်သောသားသည်။ ပြင်ပသားမည်၏။ ထိုပြင်ပသားတို့ကို သားရင်းများသည်။ မိမိနှင့်တန်သောအလျောက်သာ ဝေစားအပ်၏။[၁]

၁။ အမွေမှု ၄၃

www.burmeseclassic.com

www.burmeseclassic.com



ပုသိန်မြို့ဝန်။ ။၎င်း၏ တာဝန် ဝတ္တရားများကို ဝန်ခန့်မှတ်စာအရ သိရှိရပေသည်။

မဟာမင်းထင် မင်းခေါင်ကို ပုသိန်မြို့ဝန် ခန့်တော်မူသည်။ ကင်းဖျားနိုင်ငံတော်မြို့ကြီး ပြကြီးဖြစ်သည်။ ရာဇဝတ်တော်အရေးအကြောင်း ခိုင်လုံအောင်မြို့စောင့်ရဲမက် လက်နက်ကိုင်ကိရိယာဆေးကျည်စေ့ အစည်းအကြပ်နှင့်ခန့်ထားစောင့်နေရမြဲဖြစ်သည်။....ပုသိန်မြို့မှာ လက်နက်ကိရိယာ ဆေးကျည်စေ့များကိုမီးထင်းမိုးရေလုံခြုံအောင် ရဲမက်လက်နက်ကိုင်တို့ကိုလည်း အရေးရှိလျှင် အရင်ရလွယ်အောင် အကြီးအကြပ်တို့ကို မပြတ်နှိုးဆော်။ ပုသိန်မြို့နှင့်အရ မြို့ကျေးရွာများကို ငြိမ်းချမ်းသာယာစည်ပင်၍ လုပ်စားဆောင်စား စီးပွားဖြစ်အောင်မြို့စားရွာစား ခေါင်းအကြီးအမှူးစာရေးတို့ကိုလည်း အမှုတော်ကို အရှည်ထမ်းဆောင်နိုင်အောင်မစ။ ပုသိန်မြို့သည် လမ်းဦးကင်းဖျား မြို့ရွာဖြစ်သည်။ လမ်းခရီးဆိုင်သင့်ရာ ကင်းအစောင့်အနေသေချာအောင်ထား။ ကင်းတော်စောင့်အနေ သေချာအောင်ထား။ ကင်းတော်အစောင့် အနေတို့ကိုလည်း မပြတ်ကြည့်ရှု စုံစမ်းစေ။ အတူအထွေ ကြားသိထင်မြင်လျှင် ရာဇဝတ်တော် အရေးအကြောင်း မလစ်မလပ်စေရ။ မြို့ဝန်စစ်ကဲတို့နှင့် ကြပ်ကြပ်တည်းတည်းစစ်ကြောစီရင်။ ရွှေဘဝါးတော်အောက် အစီရင်ခံခွင့်ရှိလျှင်လည်း လွှတ်တော်မှာအစီရင်ခံ။ ပုသိန်မြို့မှစ၍ အဝင်အပ မြို့ကျေးရွာသူကြီး မြေဘိုင်ကျွန်တော်မျိုးတို့သည် အကျိုးတော် မရှိသည့်အရာ ရာဇဝတ်နှင့် ဆန့်ကျင်သည့် အကြံအစည်အပြောအဆို အမှုအရာများကို ပြုကျင့်သည်။ ညဉ့်နေ့အသွားအလာ အပေါင်းအဘက်မတော် ပေါက်ပြပေါ်ထွက်သည်။ သေရည်သေရက် ကဇော်လှော်စာစိမ်ဘင်းဘိန်းချက်လုပ်သောက်စား၍ သားကြီးငါးကြီးများကို သတ်ညှစ်ရောင်းစားပြုကျင့်သည်။ ထိုအချက်ချက်မှစ၍ လူဆိုးလူသွမ်းသူခိုးဓားပြလျှပ်စား ပေါက်စားလူစိမ်းလူရှမ်း မပေါ်မရှိစေရ။ ပေါ်ရှိတွေ့မြင်လျှင် မထွက်မလွတ်ရအောင်ဖမ်းဆီး၍ ရာဇဝတ် အပြစ်အလျောက် အင်ကိုထောက်၍ နောင်မဝံ့အောင်ကွပ်ညှပ်စီရင်။ မြို့ရွာတွင် ကျွန်တော်မျိုးဆင်းရဲသားတို့ တရားစကား အရှက်အတင် ရှိလျှင်လည်း မပွားမများစေရ။ ကြီးသည့်စကားကို ငယ်အောင်ငယ်သည့် စကားကို ပပျောက်အောင် ဂတိသို့မလိုက် စီရင်။ ကုန်သည်တဲးကားမှစ၍ မြို့ရွာတွင် ကျွန်တော်မျိုးဆင်းရဲသားတို့ ဆိုင်ကန္နားနှင့် ရောင်းဝယ်သူတို့မှာလည်း။ အလေးတောင်းတင်း စဉ်းချိန်ခွင်များကို တံဆိပ်ခတ်မှတ်ပေးအပ်သည့်အတိုင်း တညီတညွတ်တည်း သုံးဆောင် ရောင်းဝယ်ကြစေ။ ရွှေဘဝါးတော်အောက်ပို့ဆက်မြဲ အရာတော်ဘဏ္ဍာတော်များကို ဆက်သွင်းချိန်ကာလရောက်လျှင်လည်း မြို့ဝန် စစ်ကဲနားခံမြို့စာရေးတို့ အစုံအညီ ပြသကြည့်ရှုပြီးလျှင် စာရင်းကျယ် စာရင်းချုပ်နှင့် အကြီးအကြပ် ခန့်မြဲခန့်၍ ရွှေဘဝါးတော်အောက်ဆိုင်ရာ

www.burmeseclassic.com



ဆက်သွင်းရမည်။ အလုံးစုံ စီရင်ခန့်ထားရန်ရှိသည်ကို အရိုးအစဉ်ရှိသည့် အတိုင်း ပေးအပ်သည့် အမိန့်တော်မှတ်စာအရကိုထောက်၍ ကျေးဇူးသစ္စာတော်နှစ်ပါးကို စောင့်သိရိုသေစွာ။ စစ်ကဲနားခံ မြို့စာရေးတို့နှင့် တညီတညွတ်တည်း ရုံးတော်တွင် ခန့်ထားစီရင်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၃၆

ပူ။ ။အဖုံးပါထည့် စရာတမျိုး။

တံဆိပ်ကို စက္ကူနီရစ်၍ ပူဘူင်သွတ်ပြီးလျှင် အလှူတော် ပူဇော်ပွဲများနှင့် စည်တော်စုံရှမ်း၍ မှူးတော် မတ်တော်တို့ ကြပ်မလျက် လှူရသည်။[၁]

၁။ ကဘဆ ၁။ ၂၄၅

ပူတာ။ ။ပစ္စည်း သိုလှောင်စရာတမျိုး။

အကြင်သူတို့သည် ဥစ္စာနှံသောအခါ .... အိမ့်ရှင်ကိုပြဦ ရာ၏။ ထိုသို့ပြလျှင် ပူတာတံတင်း၌ အထုပ်အထည်တို့ကို မြဲမြံစွာခက်၍၊ တံဆိပ်လက်ရာမှတ်သား၍၊ အိမ့်ရှင်နှင့် တကွ၊ တိုက်တွင်၊ အိမ်တွင်း၌၊ အထက်ထားရာသည်၊ အောက်ထားရာသည်၊ ကိုယ်ဥစ္စာရှင်နှင့်တကွ၊ သွင်း၍ထားရာ၏။[၁]

၁။ မနုကျယ် ၂၄

ပူနီ။ ။ပစ္စည်း သိုလှောင်စရာတမျိုး။

အင်းဝမင်း ထွက်သွားလျှင် အဆောင်နီဆောင်သည်ကား .... ခမောက် နီ အတင်နှင့် မောက်တိုအတင်နှင့် စစ်ဝတ် ပူနီနှင့် ပူနီကြိုး ကွန်ချာရှက်၍ခက်သည်။[၁]

အိမ်ရှေ့မင်း အဆောင်နီကား....ခမောက်တင် ၁၊ စစ်ဝတ် ပူနီနှင့် ၁၊ နေရာ သင်ဖြူးအနားမှမ်းလိပ် ၁။[၂]

၁။ လကဗဟ ၂၂၂ ၂။ လကဗဟ ၂၂၂

www.burmeseclassic.com

www.burmeseclassic.com



ပေးချင်ရိုး။ ။အခွန်အတုဘ်ပေးသွင်းရသည့် အစဉ်အလာ။

ကျွန်တော်စိရင်စု ၂၇ ရွာ မြေဘွင် အခွန်ချင်ရိုးမှာ ၁၁၀ တင်းလုပ်၍ နှမ်းဝါ ရလျှင် ၁၀ တင်း ဝတ္တုကံသိမ်းတို့ကို ပေးချင်ရိုး။[၁]

မြေခွန်မှာ ၁၀၀ တင်းလုပ်ရလျှင် ၁၀ တင်း ရေးစားတိုင်စား တစိတ်၊ ထန်း တတက်လျှင်ငွေ ၂ မတ်ရေးစား ၁ မူး ကောက်ခံ၍ ဝတ္တုကံသိမ်းတို့ကိုပေးချင်ရိုး။[၂]

၁။ တောင်ဖက်တန်း ၂၇ ရွာ စစ်တန်း၊ ၄၅ ခု
၂။ ဒန့်ကျင်ရွာစစ်တန်း၊ ၄၅ ခု

ပေးခြင်း ၆ ပါး။ ။ပေးခြင်းခြောက်ပါး ဟူသည်။ သံသရာကိုရည်၍ ပေးခြင်းလည်း တပါး။ ချစ်၍ပေးခြင်းလည်း တပါး။ ကြောက်၍ပေးခြင်းလည်း တပါး။ မိုက်မဲတွေဝေ၍ ပေးခြင်းလည်း တပါး။အဘတ်ပညာကိုလို၍ ပေးခြင်းလည်း တပါး။ကမ္မာဂုဏ်ကို တတ်မက်မော၍ ပေးခြင်းလည်း တပါး။

ဤပေးခြင်းခြောက်ပါး တို့တွင်၊ သံသရာကိုရည်၍ ပေးသော်ကား၊ ထိုဥစ္စာကို ပြန်၍ မတောင်းအပ်။ အဘယ်ကြောင့်နည်းဟူ မူကား၊ ရေစက်ချ၍၊ သံသရာကို ရည်မှတ်ပြီးသည်ဖြစ်သောကြောင့် ပြန်၍ မတောင်းအပ်သတည်း။ ပြန်တောင်းဘိ မူကား မရရာသတည်း။[၁]

၁။ မနုကျယ် ၄၀

ပေးရိုး။ ။အခွန်ပေးသွင်းရသည့် အစဉ်အလာ။ပေးချင်ရိုးနှင့် အတူထူ။

ပဲပြောင်း ၁၀၀ တင်းရလျှင် ၁၀ တင်း၊ တိုင်စား ၁ တင်း၊ ရေးစား ၁ တင်း၊ ထန်းတက်လျှင် ငွေ ၂ မတ်ရေးစားတမူး၊ တိုင်စားတမူး၊ ဝတ္တုကံသိမ်းတို့ကို ပေးရိုး။[၁]

ထန်းတက်လျှင် ငွေ ၂ မတ်၊ ရေးစားတမူး၊ တိုင်စားတမူး၊ ဝတ္တုကံသိမ်းတို့ကို ပေးရိုး။[၂]

အခွန်မကို ဝတ္တုကံသိမ်းတို့ကို ပေးရိုး။[၃]

၁။ အင်တိုင်းရွာစစ်တန်း၊ ၄၅ ခု ၂။ ကမ္ဗာနီရွာစစ်တန်း၊ ၄၅ ခု
၃။ ညောင်များရွာစစ်တန်း၊ ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ပဲ့နင်း။ ။လှေအမှုထမ်းအပေါ် ကွပ်ကဲရသော အရာရှိငယ်တမျိုး။

စစ်ကဲနားခံတပ်ရေး ထောင်ကဲ ပဲ့နင်း ဦးနေ ရာကျော်ကိုင်။[၁]

မြေနင်းသူကာ....ပဲနင်းကြီး၊ သုတာသုံ၊ ဘုမ္မခြင်သေ။[၂]

၁။ ကဘဆ ၁။ ၁၂၂ ၂။ ရွာသစ်ကြီးပုဂံကျောင်းကျောက်မျက်[၁]

ပဲ။ ။အခြောက်ကျဲ့ယှဉ်း နွားယှဉ်းတယှဉ်းလျှင် နှမ်းပဲ တစိတ်သူကြီးက ကောက်စားရိုး။[၁]

နွားတယှဉ်းလျှင် ပဲ နှစ်စိတ် နှမ်းနှစ်စိတ်သူကြီးအဆက်ဆက် ကောက်စားရိုး။[၂]

ဆေးပဲ ၁၀၀ လျှင် ၁၀ ထမ်း အခွန်တော်အပို ၂၅၀။[၃]

ခုနှစ်ဌာနတွင်။ တဌာနလျှင်....စပါး ခုနှစ်ပါး။ ပဲမျိုး ခုနှစ်မည်။ အုပ်မျိုး ခုနှစ်မည်။[၄]

၁။ ကစည်ရွာစစ်တန်း၊ ၄၅ ခု ၂။ တောင်လှရွာစစ်တန်း၊ ၄၅ ခု
၃။ ရွာသာမြို့စစ်တန်း၊ ၄၅ ခု ၄။ ကဘဆ ၁။ ၇၀

ပဲကူးနိုင်ငံလှေ။ ။မင်းစီးလှေတော်တမျိုး။

လက်ရွေးကြီးပွဲတိုင်းကျော် ပြည်လုံးကျော် ဇင်းမယ်အင်းမ....ပြည်လုံးအုံ့ရန်နိုင် ပဲကူးနိုင်ငံ ပြည်အင်းမ .... သည်လှေများသည် အကြောင်းသင့်ရာ ပေါ်ဝေါ် သမုတ်သည် ယူရန်ရှိသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၄

ပဲကူးနိုင်ငံလှော်ကား။ ။မင်းသုံးလှော်ကားတမျိုး။

ပဲကူးနိုင်ငံလှော်ကား - အလျားတဆဲ့ငါးလံ လှေဝင်းတောင် ရွှေပိန်း။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၄

ပဲပြောင်း။ ။ယာခင်းမှထွက်သည့် ပဲနှင့်ပြောင်း။

ပဲပြောင်း ၁၀၀ တင်းလျှင် ၁၀ တင်း တိုင်စား ၁ တင်း ရေးစား ၁ တင်း။[၁]

၁။ အင်တိုင်းရွာစစ်တန်း၊ ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



မြေခွန်မှာ ပဲပြောင်း ၁၀၀ တင်းရလျှင် ၁၀ တင်း၊ရေးစား ၁ တင်း။[၂]

ဝတ်မြေသန်မှုရင်းမရှိ။တောင်ယာ ပဲ ခင်း လူး ပြောင်း သာလုပ်ပါရသည်။[၃]

၂။ ငလိုင်ရွာစစ်တမ်း၊ ၄၅ ခု ၃။ မသက ၃၃။ ၄၁

ပို့ဆောင်ဝန်ရေး။ ။အခွန်ပေးသွင်းရာ၌ ခွန်မအပြင်ပေးဆောင်ရသော အပို၊ဆောင်ခ၊ဝန်စား၊ ရေးစားများကို တစုတပေါင်းတည်း ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ခွန်မ ၁ဝ ပို ၁ ကဲ ၅။ ဆောင် ၅။ ဝန်စား ၁ ရေးစား ၁ ဆက်မြဲ။[၁]

တအိမ်ကိုဇပိန်ခွန်မ ၁ဝ ပိုဆောင်ဝန်ရေး ၁ ကရင်တအိမ်လျှင် ခွန်မ ၉ ပိုဆောင်ဝန်ရေး ၉။စီ။[၂]

၁။ မသက ၈။ ၅၀ ၂။ မသက ၆။ ၂၂၂

ပေါက်ချိုက်။ ။ခေါင်းဆောင်းတမျိုး။

မင်းသမီးကတော် မယားတို့မှာ....မုတ်လှဦးတွင်သိုရင်းအင်ကျီနှင့် ပေါက်ချိုက် ဆောင်းမိန်းမငယ် ၂ တို့စီးနင်းလိုက်ပါစေ၍။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀

ပဋ္ဋုရုပဖောင်။ ။မင်းစီးဖောင်တော်တမျိုး။

ပဋ္ဋုရုပဖောင်မှာ ဆင်နှာမောင်းအစွယ် နှစ်ချောင်း နွားလပို ငါးကြင်းအမြီး တိုးချိုနှစ်ဘက် လက်တဘက် နောက်ပဲ့မြီး တိုးမြီး ခြေတဘက် မြင်းနားနှစ်ဘက် လက်တဘက် ခြေတဘက် လှော်ကားပဲ့....ရုပ်ပေါင်းငါး။ (ပဋ္ဋုရုပဖောင်)။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၉၉

ပြဒါးသား။ ။အမှုထမ်းတမျိုး။

ရှေတော်ပြေး မိုးကြိုးထား လမိုင်းသား အရှုတ် ပဒါးသား အမှုထမ်းအစုစု များကိုလည်း အသီးသီးနေမြေစားမြေ အဆောင်အရွက် အမှတ်အသား အနားတော်မူရာတွင်။[၁]

၁။ စမွူ ၁၀၂

www.burmeseclassic.com

www.burmeseclassic.com



ပွဲလျက်။ ။ဆဲ့နှစ်မှု မင်းတိုင်းအဝင်။ ဖောင်တော်သမ္ဗန်တော် လှေတော်များကို ရေနံနှင့် ပွဲလျက်ချက်ကျို၍ ထေးဖာရန်အတွက် ဆက်သွင်းရသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

[ ဖ ]

ဖတိုင်။ ။ဘုရင်နှင့် မင်းသားကြီးများ စံမြန်းတော်မူရာ ခြေလေးချောင်းရှိ နေရာတော်တမျိုး။

ထီးဖြူတော်အောက်တွင်လည်း။အလျား ငါးတောင်။အနံလေးတောင်ရှိသော ရေသဖန်းသား ဖတိုင်တော်ကို ခင်းစေသည်။[1]

သားတော်ဒီပဲယင်းမင်းကို လက်ဝဲတော်က အိမ်ရှေ့မင်းနေရာတွင် ဖတိုင်နီနှင့် နေရာချ၍ အဆောင်အရွက်နှင့် နေတော်မူရသည်။ လက်ယာတော်ကလည်း သားတော် အလယ် မြေဒူးမင်းကို ဖတိုင်နီနှင့် နေရာချ၍ အဆောင်အရွက်နှင့် နေတော်မူရသည်။[2]

အခါတော်ပြည့်လျှင်အာဝဘုရင်ထွက်၍ ပြဲဘိုက်းတော်သို့ရောက်လျှင် ပိတင်းကြီး ဘလ္လာင်ပေါ်တွင် နေတော်မူသည်။[3]

မင်းသားမင်းမြေးမှူးတော်တို့ အတက်အတက်ညီလျှင် အိမ်ရှေ့မင်းတွက်တော်မူ၍ ပိတင်းကြီး ဘလ္လင်ထက်သို့ ရောက်တော်မူလျှင် ရွှေဝင်းတံခါးကိုဖွင့်၍။[4]

အလောင်းစင်မှာ ဘလ္လာင်စပ်လုပ်သည်။[5]

၁။ ကဘဆ ၁။ ၂၂၈ ၂။ ကဘဆ ၁။ ၂၂၉
၃။ လကဗဟ ၁၀ ၄။ လကဗဟ ၁၈
၅။ လကဗဟ ၂၄၇

ဖလား။ ။ဖလားသည် မြန်မာမင်းများလက်ထက် မင်းအသုံးအဆောင်တခုဖြစ်သည်။ ကမ္ဘာ ပေါ်စတွင် နေစ၍ပေါ်ပြီး နောက်လပေါ်သည်ကို အစွဲပြုလျက် မဟာသမ္မတ မင်းသည် နေလသဏ္ဍာန်ပြုလုပ်သုံးဆောင်သည့် အရာဖြစ်သည်ဟု ရွှေဘုံနိဒါန်း ခန်း ၁၅ ကဆိုသည်။ ရွှေဖလားသည် လက်ျာမင်းခမ်းတော်တွင်ရှိး လက်ဝဲ

www.burmeseclassic.com



မင်းခမ်းတော်တွင်ရင်း ပါဝင်သည်။ မင်းပွဲသဘင်များ၌လည်း ဖလားကို များစွာ အသုံးပြုသည်။ ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို ဆုလာဘ် ချီးမြှင့်သည့်အခါ ရွှေငွေနှင့် ခတ်လုပ်သည့် ဖလားများလည်း ပါဝင်တတ်သည်။ အရာထမ်း ကြီးငယ်တို့ နှစ်စဉ်ဆက်ရသော ကန်တော့ လက်ဆောင်တော်များတွင်လည်း ဖလားပါဝင်လေ၏။

မျက်မွန်ချယ်သား၊ ငါးရစ်ခြားသည်၊ ဖလားရွှေဝါ။[၁]

မျက်စစ် ဖလား။ ရွေးစဉ်ထားမှ။[၂]

ကိုးမျက်ကယ်ရည်ရှင်လေ၊ ရွှေဘလား။[၃]

ဘိသိက်ပန်းကိုလည်း ရွှေဖလားနှင့် ခံယူ၍ ရွှေတိုက်အတွင်းဝန်က ရွှေလက်တော်သို့ ဆက်ရသည်။[၄]

အားရတော်မူ၍ သတိုးကျော်သူကို ငွေဘလားငါးဆယ်။[၅]

အဆောင် အရွက်များ အနက် ရှိခိုး လက်ဆောင်တော် ရွှေဖလား ၁။ ဆာပါအုပ် ၁။[၆]

ဦးကင်တော်ဘင့်လျှင် မြို့သူကြီးငွေဖလား ၂၀ ခတ် ဖျင်တစင်းဆက်ရိုးရှိပါသည်။[၇]

ဘုရားကျွန်တော်တို့ဆက်သည်၊ဝါကျွတ်ကန်တော့ပူဇော်ခါသော၊ သာလူ၊ ဖျင်ပုဆိုး၊ ရွှေဖလားဘုရား။[၈]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဇနက | ပိုဒ် | ၈၁ | ၂။ | ကုသ | ပိုဒ် | ၁၁ |
| ၃။ | ဂီတဝိသောဓနီ | ၃၀ | | ၄။ | ရွှေနန်းသုံး | ခန်း | ၈ |
| ၅။ | ကဘဆ | ၁။ | ၁၂၉ | ၆။ | ရွှေနန်းသုံး | ခန်း | ၈ |
| ၇။ | မသဂ | ၄၄။ | ၈၂ | ၈။ | လကဗဟ | ၃၇ | |

ဖိနပ်။ ။လက်ဝဲ မင်းခမ်းတော် ၁၃ တွင် အဝင်အပါ။

ရွှေလျှော်စံဝါ၊ မျက်စီမြွာသည်၊ ရတနာဘိနပ်။[၁]

ရာမလောင်းလျာ။ ဆိုသစ္စာကြောင့်။မြို့ရွာမချစ်။ငုံမြိုင်နှစ်သည့်။နှစ်ဒွါသင်။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၆

www.burmeseclassic.com

www.burmeseclassic.com



မစေ့ခင်၌။ ပလ္လင်နန်းနှင်း။ ထုံနှန်းသွင်းသည့်။ ဝင်းဝင်းရောင်ပြွတ်။ ဘိနပ်မြက်စု။ ဥပဟန။[၂]

၂။ ကုသ ပိုဒ် ၁၃

ဖိနပ်တော်။ ။နန်းတွင်းအမှုထမ်းတမျိုး။

အမျိုးအနွယ် စင်ကြယ်သောမှူးရိုး မတ်ရိုးတို့မှ ဆင်းသက်သူ စော်ဘွားမြို့စားအရာခံသား မြေးမှန်သူတို့ကို ဘိနပ်တော် ခန့်တော်မူသည်။ ၎င်းတို့မှာ....ခြေနင်းတော်ကြီးထားရာ လေသာဆောင်တော်တွင် ဝဲလှည့်ယာလှည့်ခွဲ၍ အိပ်ဘန်အိပ်ကြရသည်။ ဘိနပ်တော် ၇၀ ရှိသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၇

ဖဲ။ ။ဖဲထည်သည် မင်းသုံးစိုးသုံး အထည်အလိပ်ဖြစ်သည်။ ဖဲဖြင့် ထမိပုဆိုးစသည်တို့ကို ချုပ်လုပ်သည်။ အထည်အဝတ်၏ အနားများကိုလည်း ဖဲနှင့်ကွပ်လေ့ရှိ၏။

ဘဲပြူရွှေရေး ဗက်အနားပါယပ်ီ။[၁]

ဘဲစိမ်း။ ဘဲဝါ။ ဘဲပြာ။ ဘဲနီချယ်ချုပ်ရိုး ရွှေယက်ပြားကွပ်ကိုက်စပ်ပုဆိုး။[၂]

မျည်းတို ကတ္တီပါနက် ဘဲကွပ်ပိုးစုံသတ်။ မျည်းရှည်ကတ္တီပါပြာ ဘဲကွပ်ပိုးစုံသတ်။[၃]

ဗိုလ်မှူးချုပ်ချာ၊ခန့်လိုက်ကာနှင့်၊ သူ့အာကုန်ယဲ။ တို့တပ်ထဲကို။ ရွှေဖဲဇာဖျင်၊ ဆက်လှာဝင်၍။[၄]

တော်နေရာသို့ရောက်လျှင်....ကျောင်းဘုရားသွားလာလျှင် ပန်းနှစ်ပုဆိုး သုဂန်ပုဆိုး ဖဲပုဆိုး ဝတ်ဆင်သည်။[၅]

၁။ မမမ ၉၇ ၂။ မမမ ၁၁၉
၃။ မြန်မာမင်း ၄။ ခန်း ၄၇၉ ၄။ ပေါင်းချောင် ပိုဒ် ၆၁
၅။ လကဗဟ ၂၃၀

www.burmeseclassic.com

www.burmeseclassic.com



ဖောင်တော်။ ။မြန်မာမင်းများ ရေကြောင်းထွက် စံတော်မူသည့်အခါ ဖောင်တော် အမျိုးမျိုး အသုံးပြုတော်မူသည်။ ယင်းတို့သည် ခြင်္သေ့ဖောင်၊ တိုးဖောင်၊ ကရဝိက်ဖောင်၊ စာမရီဖောင်၊ ဧကရီဖောင်၊ ပဉ္စရူပဖောင်၊ သတ္တရူပဖောင်၊ နဝရူပ ဖောင်၊ ဒသရူပ ဖောင်၊ ဒွါဒသရူပဖောင်၊ ပြည်ကြီးမှန် ဖောင်၊ သက်နက်၊ မဟာပါသာဒစသည်တို့ဖြစ်၏။

အမတ်နန္ဒသူရ စီရင်ကြပ်မ၍လုပ်သည့် ကရဝိက်ဖိုမ ပြာသာဒ်သုံးဆောင်ဘုံကိုး ဆင့် ဖောင်တော်ကြီးကို သိမ်းတော်မူ၍ ရှင်ဖြူရှင်လှဘုရားရှင်သို့ ရှိခိုးပူဇော် ထွက်တော်မူမည် အမိန့်တော်ရှိ၍ .... ရွှေဖောင်တော်ကို ရွှေလှော်ကား လက်ပဲ လကျာ ရှစ်စင်းစီရင်ရသည်။[၁]

ဘောင်တော်ကရဝိတ်၊ မှမ်းမှမ်းညိတ်ထက်။[၂]

ဘောင်တော် အလျားသန်နှစ်ဆဲ့သုံးလံ။ လှေဝသန် တဆဲ့ သုံးတောင်။ အခေါက်သန် ခုနှစ်တောင့်တမိုက်လေးသစ်။ ရေပျဉ် သုံးဆဲ့တတောင်ရှိသော ရတနာ ရွှေဘောင်တော်ကြီးတွင် ထီးဖြူတော် လေးစင်းစိုက်လျက်။[၃]

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း သင်းဘောတော်မှာ သူရဲခုနှစ်ရာ ကျော်နှင့် လယ်ယာပျံ့ချီကို အုပ်ကွပ်စေ၍ ရွှေဘောင်တော် လက်ဝဲက ထား တော်မူ၏။[၄]

၁။ မရက ၃။ ငဝေမ်း ငကျော ၂။ ပေါင်းချောင် ပိုဒ် ၃၅
၄။ ကဘဆ ၁။ ၁၂၂ ၄။ ကဘဆ ၁။ ၂၁၄

ဖောင်တော်အမှုထမ်း။ ။ပြည်ကြီးမှန်ဘောင်တော် ကရဝိက် ဘောင်တော် သက်နက် မဟာပါ သာဒ ပဉ္စရူပစသော ဘောင်တော်ကြီးများမှာ။ မြစ်နား ဆိပ်နားတွင် ဖြစ်၍။ ဦးပဲ့ကြိုးကျား ခိုင်လုံအောင် ဘောင်တော်အမှုထမ်းတို့က တည်ထားပြီးလျှင် အလှည့်ကျစောင့်ရသည်။ ၎င်းဘောင်တော်အမှုထမ်း ၅၄ တို့မှာ တလလျှင် လစာ ငွေတော် ၆၉၀ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၅၇

ဖောင်ဝန်။ ။ဖောင်တော် လှေတော် လှော်ကားတော်များနှင့် ဖောင်တော်သားအမှုထမ်းတို့ကို ကြီးကြပ်ရသည့်ဝန်။

ဘောင်တော် လှေတော် လှော်ကားတော် သမ္ဗန်သင်္ကဒါန်မှစ၍ လှေတော် များကို မဆွေးမမြည့် မကျိုးမပဲ့ မပျက်မစီးရအောင် အထားအနေသင့်ရာ လုံခြုံ

www.burmeseclassic.com

www.burmeseclassic.com



စွာထားရသည်။ ဘောင်စာရေး ဘောင်တော်သားတို့ကိုလည်း စောင့်နေကြည့်ရှုစေရသည်။....ဘောင်ဘော် လှေတော်သားအစု အမှုထမ်း လူခြောက်ဆယ်ကျော်တို့ကို အအုပ်အချုပ်ခန့်ထားသည်။'

၁။ ရွှေနန်းသုံး ခန်း ၁၂၇

ဖလ်။ ။သည်နောက်ထုံရည်သွတ် ပန်းစိုက် ဖလ်တကောင်းကိုင်။ ယင်းကမူ ခါတ်တော်တင် ဝေါဗလာလေးကို ခြံရံရသည်မှာ။'

၁။ ကဘဆ ၁။ ၂၉၃

ဖန်ချက်ဝန်။ ။ဖန်ချက်လုပ်ငန်းကို ကြီးကြပ်ရသည့်ဝန်။

ဖန်ကြည်လုံးကြီးငယ် ဖန်ပြောင်းမှတ်လုပ်ရသော ဖန်ချက်အစုသားတို့ကို။ မင်းမှုတော်ရပ်ရှိသည့်အခါ အတွင်းတော်က ပေးအပ်သည့်စံနစ် ပုံစံအတိုင်း မှတ်လုပ်ပေးအပ်ထမ်းရွက်ရခြင်း။ ကထိန်အလှူတော်မှစ၍ အလိုတော်ရှိသည့်အခါ။ ကျောက်မြောင်းမြို့နယ် ရွှေတိုက် နွယ်ငြိမ်း ရွှေခွန်ရွာ ကျေးရွာများတွင် လုပ်ဆောင်သော စဥ့်အိုး မြေအိုးကြီးငယ်။ စဥ့်အင် မြေအင်ကြီးငယ်များကို ငွေတော်နှင့် သွင်းရသည်။'

၁။ ရွှေနန်းသုံး ခန်း ၁၃၈

ဖျာ။ ။ကမ္ဗလာကော်ဇောများ၏ အောက်ကခံ၍ ခင်းရန် ဖျာ များကို။ ပုခန်း ဖျာ ဗန်ကျိုတိုက် ဖျာ ပြည့်စုံအောင် ငွေတော်ထုပ်ပေးဝယ်ယူ၍ အလိုရှိတိုင်း ခင်းနိုင်အောင် သိမ်းဆည်း၍ ထားရသည့်ဌာနကို လက်ဆောင် ယူတိုက်သမုတ်၍။'

ပြတိုက်တော် ကွန်းစင်တိုင်အလယ်တွင် နှီးခေါက် ဖျာ တချပ်ခင်း၍ နှီးခေါက် ဖျာ ပေါ်တွင် သင်ဖြူးတချပ်ခင်းသည်။'

၁။ ရွှေနန်းသုံး ခန်း ၇၇ ၂။ လကဗဟ ၁၀

ဖျင်။ ။၁၉ ရာစုတွင် ဖျင်တစင်း၏တန်ဖိုးမှာ ငွေငါးမတ်ဖြစ်သည်။'

ရံမပိုဝ် ရံမသူ။ ၆ ယောက်သော ဖျင် မည် ၆ ထည်။သန်မြင်ကာတုယင် ပုစ္ဆိဆိတထည် အနန္တသူရ စစ်ထွေအုမ် ကောင်သင်ဝံသသင် သောကြာသင် ငျံ

၁။ မြန်မာမင်း ၂။ ၁၉၄

www.burmeseclassic.com

www.burmeseclassic.com



ငစမ်ပ ငပုံနိုင် ဂယောက်သောဖျင် ဖ္လု ဂစည် ကံကဲဖျင်တန် ဓည်သာန္တာ ၂ ခု.... ဓေါင်ဖျင်တထည် ထောင်စုလျာတထည်။[1]

ခင်နှိ ၁၀၀ စောင် ၁၀ ဖုန် ၁၀ ဖျင်နှ် ၆ ထည် ပုဆိန်တရင် ၆ ထာမသော ၆၀။[2]

သူကြီးငယ်တို့ အရေးဆက်ခံလျှင် ဖျင် ၁ စုံ မြို့သူကြီးကို တိုင်ရိုးရှိပါသည်။ ဦးကင်ဘွင့်တော်မူလျှင် မြို့သူကြီး ငွေဖလား ၂၀ ခုတ် ဖျင် ၁၆ ဆက်ရိုးရှိပါသည်။[4]

ဘုရားကျွန်တော်တို့ဆက်သည်၊ ဝါကျွတ်ကန်တော့ပူဇော်ခါသာ၊ သားလူ၊ ဖျင်၊ ပုဆိုး၊ ရွှေဖလားဘုရား။[5]

မြို့ပတ်လည်တည်စားတို့နှင့် သဒ္ဒေးတို့ကို အုန်းငှက်ပျောစည်း၊ ကြံခိုင်၊ ခါသာ၊ ဖျင်၊ ပုဆိုးဖြူလက်ဆောင်တော်များနှင့်။[6]

**အလေးတင်းတောင်းစဉ်းချိန်ပုဆိုး ဖျင် မိုးကပ်ကာကပ် မမှန်မကန်မရှိစေရ။**[7]

ဥကင်တော်ကြီး ဖွင့်တော်မူလျှင် ဖျင်တစင်းကန်တော့ဆက်သရပါသည်။[8]

၂။ ကျောင်းတွင်းရွာ - ဓမ္မာရုံကျောက်အရေးမျက် [၁၆၂၁-၂၂၁] သ၊ ၇၂၉
၃။ စာရင်း ၃၈၈ ကျော [၃၁] သ၊ ၆၇၁
၄။ မသဂ ၄၄။ ၈၄
၅။ လကဗဟ ၃၇
၆။ လကဗဟ ၁၅၀
၇။ ရွှေနန်းသုံး ခန်း ၈၁
၈။ ဥယျာဉ်ရွာစစ်တန်း ၆၄ ခု

ဖြူဆုပ်။ ။ထန်းလျက်ကောင်းတမျိုး။

အသန့်ထန်းလျက်မှာ ပိုဝ်ထန်းလျက်အချိန် ၁၀ ဖြူဆုပ်ထန်းလျက် အချိန် ၁၀ ခပေါင်းစေ့ ထန်းလျက်အချိန် ၁၀။[1]

၁။ မသဂ ၄၄။ ၈၂

ဖြတ်ထုံး။ ။တရားစီရင်သူများ၏ ဆုံးဖြတ်ချက်များ။

အဋ္ဌသံခေပဝဏ္ဏနာစသော ဓမ္မသတ်သုံးဆယ်ကျော် ဖြတ်ထုံး ဖြတ်ပုံအထွေထွေ အရှိများကို နှိုင်းညှိထောက်ထားဆင်ခြင်၍။[1]

၁။ ရွှေနန်းသုံး ခန်း ၈၈

www.burmeseclassic.com

www.burmeseclassic.com



ဗညားကျွန်းတော အကြောင်းကို ရာဇဝင်ကျမ်းတွင်ရှိလေပြီ။ ယခုတိုင် ဗညားကျွန်းတော ဖြတ်ထုံး စစ်ကိုင်းမြို့အနောက်မှာ ဗညားကျွန်းတောဟု ထင်ရှားရှိသည်။[၂]

အထက်သား မြေဖြတ်သာနှင့်၊ နှောင်းမယားသားတို့။ ကူးတို့ရိုးရာလှုမှု။ ရေစကြိုမောင်ဖြူ ကောက်စုစီရင်ချက် ဖြတ်ထုံး။[၃]

၂။ မသဂ ၄၅။ ၁၄၁ ၃။ ရာဇသိပ္ပံ ၁၁၇

ဖြတ်လွှ။ ။သစ်ကို ခွဲစိတ်ဖြတ်ပိုင်းရသူများ။

ရွှေတိုက်ဝန်—ဝန်စုပါ ဖြတ်လွှ အမှုထမ်းဖြစ်သည်၊ ရွှေတိုက် လက်သမားတို့ လုပ်ငန်းရှိလျှင် သစ်ကို ခွဲစိတ်ဖြတ်ပိုင်းရန်ရှိသမျှကို လွှဖြင့်အသုံးပြု၍ ပါဝင်ကူညီရသည်။ ၎င်းအမှုထမ်း ၁၉ ကိုမှာ တလလျှင် စပါးတော် ၃၃၀ တင်းသနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၉၈

[ ဗ ]

ဗလိနတ်စာ။ ။နတ်ပသခြင်း။

သာသနာတော်စောင့်နတ်တို့အား ဗာလိနတ်စာ ပေးရာ နတ်ကွန်းတော်ကြီးတဌာန။[၁]

မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ကို ဗာလိနတ်စာပသလျက်။[၂]

လဆန်းတရက်၊ စနေနေ့မှစ၍၊ ဘဝရှင်မင်းတရားကြီးဘုရား၊ အရှင်မိဘုရားခေါင်းကြီးဘုရား၊ မိဘုရား၊ သားတော်၊ မြေးတော်၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်၊ ကတော်မယားတို့ခြံရံလျက်။ တဆဲ့ငါးရက်လုံး နတ်ကြီးတဆဲ့ငါးပါးနိုးသည်ကို အစဉ်အတိုင်း ပွဲသဘင်စုံခံ၍ ဗာလိနတ်စာ ပေးတော်မူသည်။[၃]

၁။ ကဘဆ ၁။ ၆၉ ၂။ ကဘဆ ၁။ ၇၉
၃။ ကဘဆ ၁။ ၅၆၉

www.burmeseclassic.com

www.burmeseclassic.com



ဗလိဗဒ္ဒန္တား။ ။ဗလိဝတ္တန္တားကား။ တင်ပေါကသည်။ အိုကြီးရောက်အောင်တည်း။ ....ဗလိဗဒ္ဒန္တား၏ အဘိုးတခုလျှင် ငါးကျပ်။ ဤကားငွေကိုဆိုသတည်း။ ခိုးတက်မှာ.... ဗလိဗဒ္ဒန္တားတဆယ်လျှင် အဘိုးပေါင်းငါးဆယ်။[၁]

၁။ မနုကျယ် ၂၀

ဗာဟုဗလ။ ။လက်ရုံးလက်နက်စစ်သည်အင်အား။

အဘိဇစ္စဗလ ဗာဟုဗလ ဖောဂဗလ အမစ္စဗလပညာဗလ တည်ဟူသဝ်အားငါးပင်နှအ တကွ။[၁]

၁။ တိလောကကျော်က် မျက် ၂၁

ဗိတာန်။ ။အလောင်းစင်၏ မျက်နှာကျက်

ကျွန်တော် တန်းခေါင်းမိဘသားမယားတို့ သေလွန်လျှင် .... ကမ္ပတ်ရွှေထည့် ဗိတာန်ခြေ ၄ ၄က်ချေးခံ....အဆောင်အရွက်ခင်းကျင်းသင်္ဂြိုဟ်ရသည်။[၁]

အလောင်းတော်ထား ဗိတာန် ကြာယပ်ထုရွှေညောင်ရွက်။ ၄၄-ချပ်ဆွဲသည်။ သရက်ရွက် ၈-ချပ်ဆွဲသည်။ ဗိတာန် တိုင်ကို ကတ္တီပါမွမ်း၍။ ရွှေပြား ၃ တန့်ကွပ်သည်။[၂]

အလောင်းတော်ထားဗိတာန်ငယ် ကြာယပ်ထုတိုင် ၆ ချောင်း၊ ရွှေပြည့်ရမတီမွမ်းသည်။ ရွှေညောင်ရွက်ဆွဲသည်။ .... ဗိတာန်လည်း အလောင်းတော်အပေါ် ဆွဲသည်။[၃]

ဆောင်ဗိတာန်အလျား ၅ တောင်။ အနံ ၃ တောင်။ တိုင် ၃တောင်။ အမိုးပိတ်ဖြူခါသာ သတောင်းလည်ကြာယပ်ထုသည်။[၄]

၁။ တောင်ဖက်တန်း ၂၇ စစ်တန်း ၄၅၁ ၂။ မမ ၁၆၉
၃။ မမမ ၁၇၂ ၄။ မမမ ၁၀၆

ဗောဓိပလ္လင်။ ။မြတ်စွာဘုရားပွင့်တော်မူရာ ညောင်ဗောဓိ။

ဘုရားသခင် နေတော်မူသော အပရာဇိတ ပလ္လင်တော်သည် မာရ်နတ်စစ်ရောက်သည့်ကာလရှေ့နောက်လ ကဲ့ဝဲသကျ၊ာမာရ်စစ်သည်ဘိုတက်မည်ရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံကြောင့် မတက်နိုင်ရှိသည်ကို ထောက်လျှင် ဗောဓိပလ္လင်၌ ကပ်သည့် ပလ္လင်တော်တခြမ်းမဟုတ် ပလ္လင်အလုံးဖြစ်ကြောင်းကို သိသာရသည်။

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၅

ဗိုလ်။ ။စစ်သည် ၁၀၀၀ကို ကွပ်ကဲရသောအရာရှိ။

လက်နက်ကိုင်ငယ်တဆယ်လျှင် တကြပ်။ ဆယ်ကြပ်လျှင်တတပ်မှူး၊ ဆယ်တပ်မှူးလျှင် တဗိုလ်။ စစ်ကဲနှစ်။ နာခံနှစ်။

ခြေသည်များတွင်။ ငယ်သားပေါင်းမြောက်။ ဆယ်ယောက်တကြပ်။ ဆယ်ကြပ်ရှိလျှင်။ သွေးသောက်တင်မှ။ အင်အားတောင်လောက်။ ဆယ်သွေးသောက်ကို။ တယောက်တပ်မှူး။ ရာယူးသီးသန့်။ တဗိုလ်ခန့်၍။ သက်စွန့်ဝံ့ရဲ။ စစ်ကဲဘယ်ညာ။ ဝဲယာနာခံ။ စီမံစုဝေး။ တပ်ရေးနှစ်ယောက်။ ခန့်မြောက်မလပ်။ ဗိုလ်တပ်ဗိုလ်ရံ။ တစံတနည်း။ ဖွဲ့စုစည်း၍။

၁။ ကဘဆ ၁။ ၅၀ ၂။ ကုသ ပိုဒ် ၁၄၂

ဗိုလ်ကြီးတပ်ကြီး။ ။ဗိုလ်မှူးတပ်မှူး။

ဥပရာဇာဆိုသော အရေးကို။ ဗညားဒလ။ စောဖြူ။ ထွာလပန်း။ ဒေါ်စွယ်ယစက်။ ဗညားအေည်။ ဗညားကျော်စသော ဗိုလ်ကြီးတပ်ကြီး တစုတို့ ကြိုက်ညီ၍။

၁။ ကဘဆ ၁။ ၁၀၀

ဗိုလ်ချုပ်။ ။မြန်မာမင်းများ လက်ထက်က ဗိုလ်ချုပ်ဟူ၍ အမြဲတန်း ခန့်ထားခြင်းမရှိချေ။ စစ်ရေးစစ်ရာ ပေါ်ပေါက်သည့်အခါတွင်မှ ခန့်ထားသည်။

လေ့စီးဗိုလ်ချုပ်၊ ဆင်းနတ်ရုပ်မူ၊ လက်ဆုပ်နဲ့ယှိုင်။ ရွှေယပ်ကိုင်လျက်၊ မြိုင်မြိုင်ပုံမောင်း၊ ဘူးကမ်းချောင်း၌။

၁။ ပေါင်းချောင် ပိုဒ် ၂၆

www.burmeseclassic.com

www.burmeseclassic.com



ကိုးသင်းမြင်းဝန် ယိုးဒယားမြို့ကို ဇင်းမယ်ကြောင်း ဗိုလ်ချုပ်အရာနှင့်တိုက်ယူ ဆက်သူဖြစ်၍။[၂]

ဗိုလ်ချုပ်အတွင်း ဝန်မင်းကြီးမဟာသီဟသူရလည်း တပ်ပါ ဗိုလ်ပါ ရဲမက် အပေါင်းတို့နှင့်။[၃]

၂။ မသဂ ၄၅။ ၁၄၇ ၃။ ကဘာဆ ၂။ ၃၆၉

ဗိုလ်စု။ ။ဗိုလ်များအစု။

ဗိုလ်စုမှာ ဗိုလ်တို့ဝတ်ဆင်မြဲအတိုင်းဝတ်ဆင်လျက် ဝင်ထွက်ခစားစေ၍။[၁]

၁။ ရွှေနန်းသုံး ခန်း ၆

ဗိုလ်တပ်မှူး။ ။ဗိုလ်မှူး။

ကျော်ထင်နန္ဒမိတ်ကို နေမျိုးရွှေတောင် ဘွဲ့ပေး၍ ဟံသာဝတီ တလိုင်းတို့ ခြားနားရာ ပြည်ကြောင်းချီ ဗိုလ်တပ်မှူးခန့်၍ ထမ်းရွက်ရသည်။[၁]

၁။ မသဂ ၄၅။ ၁၄၄

ဗိုလ်မှူး။ ။စစ်တပ်များချီတက်ရာတွင် အုပ်ချုပ်ရသောအရာထမ်းကြီး။

မင်းသား စတေးမြင်းမှူးကို မင်းရဲသီဟအမည်နှင့် ဗိုလ်မှူး ခန့်တော်မူ၍ တပ်ပေါင်း ၁၀တပ် မြင်း ၅၀၀ စစ်သည်သူရဲ ၁၀၀၀ နှင့် ဒီပဲယင်းကြောင်းချီ၍။[၁]

ဘထွေးတော်မင်းရဲ ကျော်ခေါင်ကို ဗိုလ်မှူး တပ်ရ ၁၅တပ်....လက်နက်ကိုင် ၁၀၀၀၀နှင့် လက်ဝဲကြောင်း- ဘထွေးတော် မင်းရဲနရာကို ဗိုလ်မှူး တပ်ရ ၁၅ တပ်....လက်နက်ကိုင် ၁၀၀၀၀နှင့် အလယ်ကြောင်း၊ နောင်တော် မင်းရဲနန္ဒသူကို ဗိုလ်မှူး တပ်ရ ၁၀တပ်....လက်နက်ကိုင် ၁၀၀၀၀နှင့်....။[၂]

မင်းကြီးမဟာမင်းခေါင်ကျော်စွာကို မိုးနဲ ဗိုလ်မှူးခန့်တော်မူသည်။[၃]

၁။ အလမ ၃၃၀မ်း ၂။ မရက ၃။ စေကျော

၃။ ရွှေနန်းသုံး ခန်း ၁၄၁

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးဝန်ကြီး။ ။ဗိုလ်မှူးအဖြစ်ထမ်းရွက်ရသောဝန်ကြီး။

ဗိုလ်မှူးဝန်ကြီး သတိုးမင်းကြီး မဟာဇန္ဓုလလည်း။ စလင်းဆင်ဖြူကျွန်း တပ်တော်က။[၁]

အကြောင်းမျိုးအလုံးစုံကို ဗိုလ်မှူးဝန်ကြီးထံ စေလွှတ်လျှောက်ထားသည်တွင်။[၂]

၁၁၈၆ ခု သတိုးသုဓမ္မမဟာဇန္ဓုလဘွဲ့နှင့် ဗိုလ်မှူးဝန်ကြီးပြု၍ ကုလားနှင့် တိုက်ရာ ဓနုဖြူတွင်ကျသည်။ ယေမည် ဦးရစ်။[၃]

၁။ ကဘဆ ၂။ ၃၆၉ ၂။ ကဘဆ ၂။ ၃၇၀

၃။ မသဂ ၄၅။ ၁၅၄

ဗိုလ်ရှုညီလာခံ။ ။နေ့ညီလာခံ။

နေ့အခါ ဗိုလ်ရှုညီလာခံမှာ။ အတွင်းဝန် သံတော်ဆင့်တို့နှင့် ဝန်စု မှူးစု ဗိုလ်စု စုရေးစုကိုင်တို့ ဝင်ထွက်သွားစေ၍။ သဿမေဓမှု ပုရိသမေဓမှု အကောက်အခွန် တော်မှု ကုန်းကြောင်း ရေကြောင်း စစ်မှု အလုပ်ရုံ စက်ရုံမှု စသည်များကို မေးမြန်းတင်လျှောက် ဆွေးနွေးပြီးလျှင်။ အမိန့်တော်မြွက် မှတ်ရန်ရှိလျှင်လည်း သံတော်ဆင့်တို့က မှတ်ပြန်မြဲ မှတ်ပြန်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၆

ဗိုလ်ဝင်ခံ။ ။ဗိုလ်ရှုခံ။

ရိုက်တီးပဉ္စင်၊ တိုးနတ်ရှင်လျှင်၊ ဥကင်သာဆန်း၊ ဟသ်ာနန်းထက်၊ စက်ပန်း ဝင်းလျှံ၊ ဗိုလ်ဝင်ခံသည်။ ကြည့်ရန်တည့်ဖွေးဖွေး ငြိမ့်ဆေးလေး။[၁]

၁။ ပေါင်းချောင် ပို့ဒ် ၄၈

ဗောင်း။ ။မင်းဆွေ မင်းမျိုး မှူးတော် မတ်တော်တို့ကို အဆောင် အရွက် အဖြစ် ပေးသော ခေါင်းဆောင်းတမျိုး။

www.burmeseclassic.com

www.burmeseclassic.com



မဟာဒါန်တိုက်ဝန်နေမျိုးဇေယကျော်ထင်ကိုဖောင်းပန်း ၉ တမာရွက်ထောင် ၉ ရွှေစလွယ် ၉ သွယ် နားတောင်း ရွှေသားကြက်ရင်ဆူး ၂ ထပ်။[၁]

ဟံသာဝတီမြို့ ရေဝန် နော်ရထာကျော်ခေါင်ကို ဖောင်းပန်း ၆ တမာရွက်ထောင် ၆ ရွှေစလွယ် ၉ သွယ် နားတောင်း ရွှေသားကြက်ရင်ဆူး ၂ ထပ်။[၂]

ရွှေစက်တော်အောက်ကပါသည့် ဝေါမှူး ဝေါထမ်း ကျွန်တော်ရင်းတို့ ဆေးရေး ပုဆိုးဝတ်၍ မြန်မာ ဖောင်းနှင့် ထမ်းရသည်။[၃]

ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏားတို့ အမျိုးဘာသာ အင်္ကျီလက်ကျယ် ဖောင်း စလွယ် ဆင်ယင်လျက် သျှန္တိဂါထာများကို တပြိုင်နက်ရွတ်၍ ဘိသိက်တော်ဆက် ရသည်။[၄]

ဖောင်း ၇ မျိုး စာရင်းဘုရား။

(၁) ဖောင်း ကတ္တီပါနီ ရွှေသားပန်း ၁၂။ တမာရွက်ထောင် ၁၂ ဘွဲ့သင်းကျစ်တပ် ၁။

(၂) ဖောင်း ကတ္တီပါနီ ရွှေသားပန်း ၁၂။ တမာရွက်ထောင် ၁၂။

(၃) ဖောင်း ကတ္တီပါနီ ရွှေသားပန်း ၉။ တမာရွက်မထောင် ၉။

(၄) ဘဲဖောင်း ရွှေသားပန်း ၉။ တမာရွက်ထောင် ၉။

(၅) ဘဲဖောင်း ပန်း ၉။ တမာရွက်ထောင် ၉။

(၆) ဘဲဖောင်း ပန်း ၆။ တမာရွက်ထောင် ၆။

(၇) ဘဲဖောင်း ပန်း ၃။[၅]

ညီတော်အိမ်ရှေ့မင်းကို။ ဖောင်းခတ္တီပါနီ။ နဖူးစည်းဇာဘောက်ရောင်ပြားခံ။ ဘောင်းသုံးရစ်။ အလယ်သစ္စာပန်းတဆဲ့ရှစ်ပွင့်။ ဘောင်း အထက် အောက် သရဖီပွင့်။ ရွှေအစိမ်းအဝါရစ်။ အထက်အောက်ကြာတန်း၊ ရွှေအစိမ်းအနီဘော့ ခြယ်။ နောက်ချပ်ကြက်ရင်ဇာဘောက် နှစ်ဆင့်။ တမာရွက်ထောင် တဆဲ့ရှစ်။

၁။ ရဟ အမတ ၇၀
၂။ ရဟ အမတ ၇၂
၃။ ကဘဆ ၁။ ၂၃၂
၄။ ရွှေနန်းသုံး ခန်း ဂ
၅။ မြန်မာမင်း ၄။ ခန်း ၄၇၉

www.burmeseclassic.com

www.burmeseclassic.com



ရွှေအစိမ်းအနီဘော့ခြယ်။ အလုံးအရပ်ပန်းရှက်ဆင်စွယ်ဝန်းရှက်အတွင်းသစ္စာပန်း။ ပုလဲဝတ်ဆံတပ်အပြည့်ကြဲ။ မြင်းနားသရက်ကင်းဇာဘောက်၊ကြက်ရင် ရွှေအစိမ်း အနီဘော့ခြယ်။ ဖောင်းမှာ သင်းကျစ်တပ်။[၆]

ကောလင်းမင်းသား သား - မောင်ဘိုးတို့ကို ဖောင်းခတ္တာပါနီ နှဖူးစည်းဇာ ဘောက်ရောင်ပြွားခံ။ ဘောင်းသုံးရစ်။ အလယ်သစ္စာ ပန်းတဆဲ့ငါးပွင့်။ ဘောင်း အထက်အောက် သရဘီပွင့်။ ရွှေအစိမ်းအဝါဘော့ခြယ်။ အကြား ရောင်လင်းခံ။ နောက်ချပ်ကြက်ရင်ဇာဘောက် သရက်ကင်း။ ရွှေအစိမ်းအဝါဘော့ခြယ်။ ရောင် ပြွားဇာဘောက် တဆင့်။ တမာရွက်ထောင်တဆဲ့ငါး။ ရွှေအစိမ်းအဝါဘော့ခြယ် မြင်းနားသရက်ကင်းဇာဘောက်။ ကြက်ရင်ရွှေအစိမ်းအဝါဘော့ခြယ်။ ဖောင်းမှာ သကျိုးစ်တပ်။[၇]

မင်းကြီးမဟာ မင်းလှစည်သူတို့ကို။ ဖောင်းခတ္တာပါနီ ရွှေသား ပန်းတဆဲ့နှစ်။ တမာရွက်ထောင်တဆဲ့နှစ်။ ဘွဲ့သကျိုးစ်တပ်

၆။ ကဘာဆ ၃။ ၁၇၆ ၇။ ကဘာဆ ၃။ ၁၈၁

၈။ ကဘာဆ ၃။ ၁၈၃

ဖောင်းခြမ်း။ ။ခေါင်းဆောင်းတမျိုး။

မြေနန်းတော်သို့ အခမ်းအနား ပါဝင် သူတို့မှ တပါး အခြားသူတို့ မဝင် မထွက်စေရ တားမြစ်စေရန် ပြော့အမှုထမ်း လူတို့ကို အမျိုးဘာသာသျှောင် ဖောင်းချမ်း မြိတ်ကွင်းတပ်ဆင်စေ၍။ ရွှေနှင်တံ စွဲကိုင်စေလျက် မြေနန်းလှေကား ဝဲယာကစောင့်နေစေရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၈

ပေါင်းတော်ဆောင်။ ။နန်းတော်မှ အဆောင်တဆောင်။

ပေါင်းတော်ဆောင်မှာ.... ပေါင်းတော်ထားသည်၊ အထွတ် အမြတ် အဦး ဖြစ်၍ နန်းမနန်းဦးတည့်တည့် ဆောက်ထုပ်ခြင်း၊ ပေါင်းတော် သရဘူတော်၊ မကိုဋ်တော်၊ ပတ္တမြား ပေါင်းတော် နဝရတ်ပေါင်းတော် ရွှေသားပေါင်းတော် ငွေသားပေါင်းတော် ပကတိ ပေါင်းထုပ်တော်တွင် ရွှေသားရွှေကွန်ပေါင်းတော် စိန်တွယ်ပေါင်းတော်မြတွယ်ပေါင်းတော်များကို ခေါက်တုံ့ပြင်ဆင်ထားရာဖြစ်၍ ပေါင်းတော်ဆောင် ခေါ်ဝေါ်သမုတ်လေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၂

www.burmeseclassic.com



ဗောင်းထုပ်။ ။ခေါင်းဆောင်တမျိုး။

သည်နောက် ကုလားပျိုသေနတ်စုသား လူ ၁၀၀တို့ပေါင်းပိခံ ပေါင်းထုပ် ကုလားဦးရစ်အင်းဂျီသည်များကို ပန်းဆိုးဆင်ဝတ်၍။[၁]

လက်ဆောင်တော်ကား။ ပတ္တမြား ဦးဗောင်းတစ်။ တလိုင်း ဗောင်းထုပ်။ ရွှေနှရတင်၊ သင်းကျစ်ပါတစ်။[၂]

အစီအစဉ်ကား။ ရွှေဖျားသိုင်းနှစ်။ ထိုနောက်တလိုင်း မင်းညီမင်းသား ဒေါ်ဗညာမှူးမတ်စု။ထိုနောက်တလိုင်းအဘိုးအကာ။ထိုနောက်တလိုင်းဗောင်းထုပ် ပေါင်းလုလင်နှစ်စည်။[၃]

၁။ လကဗဟ ၁၅၃ ၂။ ကဘဆ ၁။ ၂၄၀

၃။ ကဘဆ ၁။ ၂၄၁

ဗောင်းဗိ။ ။သည်နောက်ကုလားပျို သေနတ်စုသား လူ ၁၀၀တို့ ပေါင်းပိခံ ပေါင်းထုပ် ကုလားဦးရစ်အင်းဂျီသည်များကို ပန်းဆိုးဆင်ဝတ်၍။[၁]

လှံပါသေနတ်နှင့် သားရေဆေးအိတ်လွယ်လျက်။ ရွှေဖျင်ခါးရန်း ဗောင်းဘိ ဦးထုပ်ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်ကိုင်။[၂]

အလောင်းတော်ကို ရေချိုးပြီးလျှင် ပေါင်းဗိပုဆိုးကို ဆင်ဝတ်သည်။[၃]

၁။ လကဗဟ ၁၅၃ ၂။ ကဘဆ ၁။ ၂၂၈

၃။ လကဗဟ ၂၄၆

ဗိုင်းတာ။ ။အနောက်ဝန် ဝန်စုပါစုကြမ်း အမှုထမ်းတမျိုး။

ရွှေနန်းတော်ထက်တွင် ရေးအခါ ဆီမီးထွန်းစဉ်ကာလ မီးစာဗိုင်းလိပ်များကို လိပ်၍သွင်းရသည့် ဗိုင်းလုပ်သူကို ဗိုင်းတာ အမှုထမ်းခေါ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၀၆

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓါ။ ။အိမ်မှ အစိတ်အပိုင်းတခု။

မြင်းမှူးတို့ အိမ်ဆင်ဝင်တိုက်၊ ဗုဒ္ဓါဘက်ကန့်၊ အိမ်ခြံကပ်စိတ်ချွန်။[၁]

ပြင်ဘဝေါ အတွင်းဘဝေါ စနည်းနေရာ ၃ သွယ်သို့ရောက်လျှင်.... အိမ်ဆင်ဝင်ပေါ်တိုက်နှာယောင် ဗုဒ္ဓါ နှစ်ဘက်ကန့်အကာပျဉ်ထောင်။[၂]

၁။ လကဗဟ ၂၃၅ ၂။ လကဗဟ ၂၃၇

ပြဲတိုက်။ ။လူပျိုတော် အဆောင်။ ပြဲတိုက်အရာရှိများမှာ အတွင်းဝန်၊ သံတော်ဆင့်၊ ပြဲတိုက်သံဆင့် စသည်တို့ဖြစ်ကြ၏။ ပြဲတိုက်တွင် ဆင်ရုပ်ခံသော ဂဇာသနပလ္လင်လည်း ရှိ၏။

ပြဲတိုက်မှာ.... ပတိုက်ပြဲဆိုသည်....ပ-ဆိုသည်မှာ ပျိုသည်ဆိုသည်၊ ပတိုက်-အဆောင်ဆိုသည်၊ လူပျိုမြဲ အဆောင်ဆိုသည်။[၁]

အတွင်းဝန်ထမ်း။ စီရင်လမ်းလည်း။ ရှေးငြမ်းမလွဲ။ မြောက်တိုက်ပြဲက။ ခွဲခွဲဝေဝေ။ စီရင်ပေရှင့်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၆ ၂။ ကုသ ပိုဒ် ၁၇

ပြဲတိုက်သံဆင့်။ ။အတွင်းဝန်နှင့် သံတော်ဆင့်တို့ ဆင့်ဆိုရာ နာခံ၍ ပြဲတိုက်တော်တွင်ရှိသည့် မင်းပူတော်ကိစ္စအဝဝကို အားထုတ်ထမ်းရွက်ကြရသည်။

အမိန့်တော်မှတ်သင့်သည့်အရာကို မှတ်သားတင်လျှောက်၍ လွှတ်တော်သို့ ထုတ်ပြန်ခွင့်များကို ပြဲတိုက်သံဆင့် သို့ ပေးအပ်၍။ ၎င်းက အတွင်းဝန်မင်း စေ့နှံ့အောင် တိုင်တန်းလျှောက်ထားပြီးမှ။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၉

[ ဘ ]

ဘမရာသနပလ္လင်။ ။မှန်နန်းတော်ဆောင်တွင် ထားရှိသော ပတုန်းရုပ်ခံ ရာဇပလ္လင်တော်။ ယင်းပလ္လင်တော်ကို ကံ့ကော်သားဖြင့် ပြုလုပ်သည်ဟူ၍၎င်း၊ ကရဝေးသားဖြင့် ပြုလုပ်သည်ဟူ၍၎င်း အသီးသီးဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်နန်းကံ့ကော်။ ပိတုန်းပျော်သည်။[၁]

မှန်ရဝေငယ်မှာ။ ကြိုင်သင်းပျံ့မွှေး။ ဘမယာသနု၊ တောက်ပဝေဿဝဏ်ငယ်လေ၊ မုနေ့ာတင့်လွန်၊ သစ်မွန်ကရဝေးငယ်နှင့်လေး။[၂]

ဘုန်းခေါင်မင်းကျော်၊ စက်တော်ခေါ်သား၊ သစ်တော်ကရဝေး၊ ကြိုင်မွှေးဝင်းလျှံ၊ ပိတုန်းခံလျက်၊ နှုန်းစံဘက်ကွာ၊ ဘမရာသနု၊ ပလ္လင်လှနှင့်၊ ဆောင်မကြင့်နန်း မှန်နန်းတော်ကြီး။[၃]

၁။ ကုသ ပို့ဒ် ၁၁ ၂။ ဂိတဝိသောဓနီ ၂၆
၃။ မဃဒေဝ ပို့ဒ် ၄၃

ဘယား။ ။လွယ်စရာပစ္စည်းတမျိုး။

တောရှပ်ရိုင်းစိုင်း။ ဝတ်စားတိုင်းနှင့်။ ကျိုက်သိုင်းခါးတောင်း၊ ဗူးတောင်းနံပါး။ ဘယားလွယ်မြောက်။ ခါးကောက်ထမ်းကာ။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၅

ဘယက်။ ။စလွတ်တဆဲ့ရှစ်သွယ်။ အထက်ဒက်၊ အလယ်ချက်မြကြီးတစ်။ အနား ပတ္တမြားကြီး နှစ်။ အရံပတ္တမြားငယ်တရာ့သုံးဆဲ့နှစ်။ အောက်ဒက်အလယ်ချက်မြကြီးတစ်။ အနား ပတ္တမြားငယ်တရာ့နှစ်ဆယ်။ ရွှေဘယက်အလယ်ချက်မြကြီးတစ်။ အနား ပတ္တမြားတရာ့တဆဲ့နှစ်။ နောက် ဘယက် အလယ်ချက်ပြကြီးတစ်။ အနား ပတ္တမြားငယ်တရာ့ဘဆဲ့နှစ်။မြကြီးပတ္တမြား ကျောက်ပေါင်းလေးရာ့ရှစ်ဆဲ့လေး စီချယ်သော ရွှေစလွယ်။[၁]

အရပ်ရပ် ဗိုလ်မှူးသူရဲသူခက် ရဲမက်တော်အပေါင်းတို့မှာလည်း.... နီသောနက်လောချုပ်ဝတ်မိန်ညို၊ မျည်းတိုမျည်းရှည်ပါလည်ကွေး။ ပါးကာနားကာ။ ရွှေဘယက် နောက်ဘယက်။ မောက်ရှူ မောက်တို။ စစ်ဝတ် တန်ဆာဆင် ကုန်လျက်။[၂]

၁။ ကဘဆ ၁။ ၈၀ ၂။ ကဘဆ ၁။ ၁၂၃

ဘဝရှင်။ ။ဘုရင်မင်းမြတ်။

ဘုန်တော်အလွန်ကြီမြတ်တော်မူသော စကြာဆင်ဖြူများ သိဘ်ဝရှင်အလောင်းမင်တရားကြီး။[၁]

၁။ စာရင်း ၁၁၁၇[၂]

www.burmeseclassic.com

www.burmeseclassic.com



ဤကောင်မှုအကျိုးကို လေအသျှင် ဘဝရှင်မင်တရးကြီးဘုရး....တိုအား အမျှဝေ၏။[၂]

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း မိုဃ်းရေစဲလျှင် ဟံသာဝတီသို့ ချီမည်ကို။[၃]

၂။ တိလောကကျောက်ကျော ၁၄ ၃။ ကဘဆ ၁။ ၁၆၃

ဘဝေါ။ ။နေရာ ၅သွယ်တွင် အနိမ့်ဆုံးအဆင့်။ ဘဝေါကို အတွင်းဘဝေါပြင်ဘဝေါဟူ၍ ခွဲခြားသေးသည်။ အတွင်းဘဝေါက ပြင်ဘဝေါထက်အဆင့်မြင့်သည်။

ရာမညတိုင်းသားတို့ ဘာသာဖြစ်သည်.... ဘဝေါ-ဆိုသည်မှာ သေည်ထွေး ဆိုသည်။[၁]

အတွင်းတော်မြဲ အမှုးအမတ်တို့ကို ထားပေးလျှင်.... သည်နောက်ကျပ်ရ၍ အတွင်း ဘဝေါနေရာ စနည်းနေရာသို့ရောက်လျှင် ရွှေထားဆောက်ပြည့်အိမ် အပြောက်ထုပေး၍ ဆောင်ရသည်။[၂]

မှူးတော်မတ်တော်တို့မှာ အတွင်းဘဝေါ စနည်းနေရာသို့ရောက်လျှင် ရွှေကျပ် လက်ဘက်အိုးပေး၍ ဆောင်ရသည်။ ကျိုင်းရိုးနှဲ့အဖြူကိုဆောင်သည်။ သစ္စေး အနီမသုတ်၊ ဝါဝင်ဝါကျွတ် ကန်တော့တက်လျှင် ထမ်းစင်စီးအားရှိလျှင် ထမ်း စင်အနီသုတ်ကို ကျိုင်းရိုးနှဲ့ကိုအုပ်၍စီးသည်။[၃]

လောကသရဘူ ဘုရားဒါယကာ မင်းတရားလက်ထက်တွင် စနည်းနေ အတွင်း ဘဝေါနေ နေရာသို့ရောက်လျှင် လှော်ကား လှေမှတ်ပေးသည်။[၄]

ပြင်ဘဝေါ အတွင်းဘဝေါစနည်းသည် နေရာသုံးသွယ်သို့ရောက်လျှင် မြင်းကြိုး မြင်းကနည်းတူတွင် စီးနှိုးသက္ကဒါန်သက္ကလတ်မွမ်း မြင်းကြိုးသက္ကလတ်မွမ်း အနား ခြည်ပေါက်ပေါက်ထိုး အောင်းရက်ပြား၊ နောက်တက်ထည့်၍စီးသည်။ ဝါဝင် ဝါကျွတ်သဘင်တော်တွင်ထမ်းစင်စီးအားရှိလျှင်ထမ်းစင်ကိုအနီသုတ်၍ ကျိုင်းကြီး ရိုးနှဲ့အဖြူကို နောက်ကအုပ်၍စီးသည်။ ဝတ်လုံဇာပယင်းဝတ်သည်။ သက္ကလတ် ခြေနင်းစီးသည်။ အိမ်ဆင်ဝင်ပါတိုက်နှာယောင် ဗုစ္စုန္နစ်ဘက်ကနှ် အကာ

၁။ ရွှေဘုံနိဒါန်း ခန်း ၂၈ ၂။ လကဗဟ ၂၂၇

၃။ လကဗဟ ၂၂၈ ၄။ လကဗဟ ၂၃၀

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်ထောင်ကပတ်ကြီး ကပတ်ငယ်သတ်သည်။ အိမ်ခြံကို ဝါးစိတ် အဖျားချွန် ရက်ဖောက်လျှို၍ ကြက်ခြေကန့်၍ ရက်သည်။ ကပ်ကိုကာသည်။ ဆေးတံဖျား ရွှေချုူဆွဲချင်စွပ်ကို ဆောင်သည်။ လှေစီးလျှင် လှေလောင်းအနားအနီသုတ် မြွှာဝမ်းအနီသုတ်၊ စကြောအနက်၊ အမွှမ်းခြင်ပိတ်အနီသုတ်ကိုတင်၍စီးသည်။ ရွှေကျပ်လက်ဘက်အိုးရလျှင် သွားခင်းရှိ၍ မြင်းနှင့်သွားလျှင် မြင်းရွှေက လုင်နှစ်စည်စည်၍ ကျိုင်းရိုးနွဲ့ကို ဆောင်သည်။ သည်နောက် ရွှေကျပ်လက်ဘက်အိုး ရေတကောင်း ပဝါဖုံး၍သွားသည်။ သည်နောက်စီးမြင်း၊ သည်နောက်ခမောက် ဆေးတံ၊ အချွေအရံ တို့သွားသည်။

ခြေချည်းသွားလျှင် ခမောက်ဆောင်၍သွားသည်။ နောက်ကရွှေကျပ် လက်ဘက်အိုး ရေတကောင်း ခမောက်တင် အချွေအရံ တို့လိုက်ရသည်။ကျပ်လက် ဘက်အိုး ကျိုင်းမဆောင်၊ ခမောက်မဆောင်။

မြင်းစီး၍သွားသည်ဖြစ်စေ၊ ခြေချည်းသွားသည်ဖြစ်စေ ကွမ်းခွက် လက်ဘက် ကို ပဝါဖြူအမှိတ် ၂ ဘက်နှင့်ထုပ်၍ ရေကကောင်း ပဝါနီအုပ် နောက်က ဆောင်သည်။

ပေါင်းထုပ် ပေါင်း၍သွားလျှင် ပုဆိုးစက်အနားပါဝတ်သည်။ နေရာသုံးသွယ် နေတို့ သဒ္ဒါစေတနာရှိ၍ ကျောင်းဆောက်လျှင် ကျောင်းကို ဆင်ကပ်လည်၍ လှေကား ၂ဆူနှစ်ထည့်သည်။ စိန့်ဖူးကို ရွှေပန်းထည့်၍ စိုက်တပ်သည်။ ကျောင်း ဦးအရိပ်နေကို ရွှေတစု အနီတစုထည့်၍ ကောင်းမှုပြုသည်။[၅]

ပြင်ဘဝေါ အတွင်းဘဝေါ စနည်းနေရာ ၃ သွယ် နေအမတ်တို့ မယားမှာ သွားလာလျှင် သံလျင်းတွင် လေးမျက်နှာတင်းတိမ်ကာ၍ သံလျင်းရွက်ကို ပုဆိုး စက်အနားပါလွှမ်း၍စီးသည်။ လက်ကိုင်ကျိုင်းဆောင်သည်။ ကွမ်းကာလပ်ကြီးကို နီပါးထည့်အိတ်သွတ်၍ ပါဝါနီအုပ်သည်။ ရေတကောင်းပုဝါနီဖုံးသည်။ ဆေးတံ ရွှေဖျား ၁ ခန့် ချုူဆွဲချင်စွပ်ဆောင်သည်။ သက္ကလတ် ခြေနင်းဆောင်သည်၊ သေလွန်လျှင် ပျဉ်ကို အဖြူမွှမ်း၍ ဝါးခုံချင်ပုနှင့် သင်္ဂြိုဟ်သည်။[၆]

အတွင်းဘဝေါနေရာ၊ ပြင်ဘဝေါနေရာ၊ ကွန်းစင် လက်တွင်းနေရာနေတို့နှင့်.... သေလွန်လျှင်၊ ပျဉ်ကို ခါသာမွှမ်း၊ ကမွတ်ကို ရွှေထည့်သည်၊ ခုံဖြူချင်ပုရွှေနှင့် သင်္ဂြိုဟ်သည်။[၇]

၅။ လကဗဟ ၂၃၇
၆။ လကဗဟ ၂၃၉-၄၀
၇။ လကဗဟ ၂၇၀

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် အတွင်းဘဝေါ်နှင့် ပြင်ဘဝေါ်တို့ရကြသည့် အဆောင်အရွက်သည် ရှေးကနှင့်မတူ အနည်းငယ်ကွဲပြားလာ၏။ အဆောင်အရွက်များမှာ ဖဲပေါင်းပန်း ၆ တမာရွက်ထောင် ၆။ ရွှေနားတောင်းကြက်ရင်အနားဆူး ၂ ထပ်။ မိုင်းလုံးဝတ်လုံ ဖဲကွပ်။ ရွှေစလွယ် ၃ သွယ်။ ဘွဲ့ဖြူ ရွှေမြိတ် ၄ သစ်။ မောက်တိုအုံရွှေပိန်း၊ အရပ်သံ ၄ သစ်ရွှေ၊ ရွှေထိပ် ရွှေပွင့် ၅။ ပါးကာနားကာ ရွှေကာ နောက်ကာ မောက်ရှုပ ါလည်ကွေးမိုင်းလုံးပြာ ဖဲကွပ်။ မျည်းတို မိုင်းလုံးစိမ်း ဖဲကွပ်။ မျည်းရှည်ဇာဖျင်ဖဲကွပ်။ ရွှေကျပ် လက်ဖက်အိုး။ ကျိုင်းအထွတ်အနီသုတ်။ မြင်းကကိုင်း ညောင်ရွက် ၅။ သမ္ဗရာခွ ရက်ဖောက် ကတောင်ဆွဲ၊ ဆက်ပါးကာ ရွှေဇဝါပိန်းနှင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင်ရွှေရေးဇာမရီရုပ် ပန်းခက်ကိုက်အနား သံ ၄ သစ် ရွှေပိန်း။ ဦးခက်ထိပ်ဆောင်း၊ မြီးဖြန်းရင်ပတ် သက္ကလပ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်။ ထမ်းစင်လက်ခတ်အနားကြိုး အစာထုပ်၊ အတွင်းကြမ်းဖုံး ကမ္ဗတ်သတ်။ အိမ်နှဖူးကပ်လည်ရပ် ၁ တောင် ၄ သစ် အိမ်သာမိုးလွှတ် အမွှမ်းခြင်ပိတ်၊ မြင်းနားရှိုးမှုတ်တပ်၊ သင်ပုန်းခေါင်းတပ် ခွေးတက်ပွတ်လုံးစီ ဝင်းခြံရက်ဖောက် ၅ တန်၊ အဖျား ၂ ဖက်ချွန် ကြက်ခြေသန်းအရပ် ၅ တောင် ၁ မိုက်၊ တံခါး ပရွက်ကြောင်း ကမ္ဗတ်သတ် အဖြေတပ်တို့ဖြစ်သည်။

ပြင်ဘဝေါ်တို့တွင် အတွင်းဘဝေါ်များနှင့်မတူ ကွဲပြားသည့် အဆောင်အရွက်အစီးအနင်းများမှာ ဖဲပေါင်းပန်း ၃။ ဝတ်လုံ ဇာဖျင်ဖဲကွပ်။ မောက်တိုအုံအနီရွှေကြာချပ် ၇ အရပ်သံ ၃ သစ်ရွှေ၊ ရွှေထိပ် ရွှေထွတ်စိန်ပွင့် ၃။ ပါးကာ နားကာရွှေကာ နောက်ကာ မောက်ရှုပါလည်ကွေး မိုင်းလုံးစိမ်း ဖဲကွပ်။ မျည်းတိုဇာဖျင် ဖဲကွပ်၊ မျည်းရှည် ဖဲနီပြောက်ဖဲကွပ်။ အိမ်လည်သည်းတတောင်၊ အိမ်သာမိုးလွှတ်အမွှမ်းခြင်ပိတ် မြင်းနားသတ်အတွင်းအည့်ခံ ပွတ်လုံးစီ၊ ဝင်းခြံရက်ဖောက် ၅ တန် အဖျား ၂ ဖက်ချွန်၊ ဝင်းရပ် ၅ တောင် ၁ မိုက်၊ တံခါး ကပ်စိတ်ရက်ရွက်ဖုံးသင် ဖုန်းခေါင်းတို့ဖြစ်၏။[၈]

လက်ဝဲတော် အတွင်းဘဝေါ် နေရာနေ ထိုသူနှစ်ဆဲ့သုံးဦးတို့မှာ အဝတ်အဆင်အစီးအနင်း အဆောင်အရွက်များကို လက်ဝဲတော်အတွင်း ဘဝေါ် နေရာဦးနေ ညောင်ရမ်းမင်း စာရေးကြီး သီရိကျော်ခေါင်သူနှင့် နည်းတူပေးတော်မူသည်။[၉]

လက်ဝဲတော် ပြင်ဘဝေါ် နေရာဦးနေ ငါးဆယ်တော် သွေးသောက်ကြီး သူရိဇေယကျော်ကို သူရဇေယကျော်ထင်ဘွဲ့အမည်ကို ပေးတော်မူသည်။ အဝတ်အဆင်



www.burmeseclassic.com

www.burmeseclassic.com



အစီးအနင်း အဆောင်အရွက်များကိုလည်း အတွင်း ဘဝေါ နေရာနေတို့နှင့်အတူ ပေးတော်မူသည်။....လက်ဝဲတော်ပြင်ဘဝေါ နေရာနေ ထိုသူတဆဲ့ငါးဦးတို့မှာ။[၁၀]

၁၀။ ကဘဆ ၂။ ၂၄၇ -၈

ဘာ၁ရ။ ။အလေးချိန်တမျိုး။ ၂၅ ပိဿာနှင့်ညီမျှသည်။

ငါးတုလာလျှင် တဘာ၁ရ ပြဋ္ဌာန်းသည်။ တဘာ၁ရမှာ ပိဿာ ၂၅ နှင့် ညီမျှသည်။[၁]

၁။ မြန်မာပင်း ၃။ ခန်း ၃၀၈

ဘိကျပ်လက်စွဲ။ ။နန်းတွင်းအမှုထမ်းတမျိုး။ ၎င်းတို့ကို ဘေုန်းတိုက်လက်စွဲ၊ ပလိုင်းလက်စွဲ ဟူ၍လည်းခေါ်သည်။ သေနတ်ပစ်ကျွမ်းကျင်သူများဖြစ်ကြသည်။

၁၁၄၄ ခု တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့ ညဥ့်သန်းခေါင်အချိန် ရွှေမြို့တော်မြို့ရိုးသစ်တပ်တံခါးများကို လှေကားနှင့်တက်ဆင်း၍။ ဘေုန်းခေါ် ငရှန်းငယ်ကလူ ၂၀၀ ကျော်နှင့် ရွှေနန်းတော်ပေါ်ရောက်တက်လာပြီးလျှင်။ မှန်နန်းတော်ရှေ့တောင်ဘိကျပ် မြောက်ဘိကျပ်များကို အတင်းဘောက်ဘွင့်တိုက်ခိုက်ရာ။ ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ကွပ်ကဲခုခံ ပစ်ခတ်တိုက်ခိုက်တော်မူသောကြောင့်။ သူပုန်ရန်သူတို့ သေကြေပျက်စီး၍ အရေးတော်ပြီးငြိမ်း အောင်မြင်တော်မူသည်။ ဤအခါ သူပုန်ဘေုန်းကို ခုခံတိုက်ခိုက်ရာ ပါဝင်သော ဘိကျပ်လက်စွဲများကို ဘေုန်းတိုက်လက်စွဲဟု သမုတ်တော်မူပြီးလျှင် ကတ္တိပါရွှေဇာသတ်အင်းကျီဝတ် ခဲယမ်းအိတ် ကတ္တိပါနှင့် သေနတ်စွဲးလျက်။ ရွှေနန်းတော်ပေါ်တွင် အိပ်ဘန်ဝင်၍ထမ်းရွက်ရသည်။[၁]

ရှေးဘေားလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်ကစ၍။ ရွှေနန်းတော်တွင် သေနတ်လက်ကောင်းများကို ကတ္တိပါရွှေဇာသတ် အင်းကျီဝတ် ခဲယမ်းအိတ်ကတ္တိပါနှင့် အိပ်ဘန်ဝင်ရောက်ထမ်းရွက်ရသည့် ရှေးအခါ ဘိကျပ်လက်စွဲးနောက် ပလိုင်းလက်စွဲဟူ၍ အမည်တွင်လေ၏။ မန္တလေးရတနာပုံ ဒုတိယ နန်းစံမင်းတရား လက်ထက်တော် ပလိုင်းလက်စွဲး ၇၁ တို့မှာ တလလျှင် လစာငွေတော် ၁၆၄၀ိ သနားတော်မြတ်ခံရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၃၁ ၂။ ရွှေနန်းသုံး ခန်း ၃၂

www.burmeseclassic.com



**ဘိသိက်။** ။ဘိသိက် ၁၃ ပါးရှိသည်။

၁- ခတ္တိယဘိသိက် - မင်းမြှောက်သော ဘိသိက်။ ၂- ရာဇဘိသိက်-ပွင်း။ ၃- သကလာဘိသိက် - တိုင်းပြည် သာယာစေရန် ခံသောဘိသိက်။ ၄- ဝိဇယာဘိသိက်-စစ်အောင်ရန်ခံသောဘိသိက်။ ၅- ဇေယျာဘိသိက်-ဂုင်း။ ၆- သိရိပဝေသနာဘိသိက် - ကြက်သရေတိုးရန်ခံသောဘိသိက်။ ၇- မဟာဘိသိက်-စီးပွားချမ်းသာ တိုးတက်စေရန်ခံသောဘိသိက်။ ၈- မင်္ဂလာဘိသိက်-ဆင်ရတနာသိမ်းသည့်အခါခံသောဘိသိက်။ ၉- ဝိပါဟာဘိသိက် - ထိမ်းမြား လက်ထပ် သောအခါ ခံသောဘိသိက်။ ၁၀- ဒွါရာဘိသိက်-နန်းသိမ်းသောအခါခံသောဘိသိက်။ ၁၁- အာယုဒီဃဘိသိက်-အသက်ရှည်ရန်ခံသောဘိသိက်။ ၁၂- ဥပရာဇာဘိသိက် အိမ်ရှေ့မင်းဖြစ်သည့်အခါ ခံသောဘိသိက်။ ၁၃- မဟေသီဘိသိက်-မိဘုရားမြှောက်သည့်အခါ ခံသောဘိသိက်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၈

**ဘိသိက်တော်ဆက် ၈ ပါး ပုဏ္ဏား။** ။မင်းခမ်းသဘင်များတွင် ဘိသိက်တော် ဆက်ရသောပုဏ္ဏားများ။

ဘိသိက်တော်ဆက်ရှစ်ပါးပုဏ္ဏားတို့ အမျိုးဘာသာအင်္ဂါလက်ကျယ် ပေါင်းစလွယ်ဆင်ယင်လျက် သျှန္တိ ဂါထာများကို တပြိုင်နက်ရွတ်၍ ဘိသိက်တော်ဆက်ရသည်။[၁]

ငြိမ်သက်လျှင် ဘိသိက်တော်ဆက်ရှစ်ပါးပုဏ္ဏားကြီးက ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းတော်မူသည့် နေ့ကစ၍။ ဒွတ္တိံသကမ္မကရဏဘေးရန် အပေါင်းကင်းစင်လွင့်ပျောက် မရောက်သည် သာဖြစ်၍ တနေ့တပါး ဘုန်းတန်ခိုးအာနုဘော်တော် တိုးတက် ပြန့်ပွား၍ သက်တော် ရာကျော်ရှည်ပါစေ ဘုရား။ .... မင်္ဂလာစကားသုံးကြိမ်လျှောက်၍ ဘိသိက်တော်ဆက်ရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၈ ၂။ ရွှေနန်းသုံး ခန်း ၁၀၃

**ဘိတား။** ။တံခါးတိုင်၏ အစိတ်အပိုင်းတခု။

တံခါးတိုင်လည်း။ ဖြောင့်ခိုင်တန်းတန်း။ လျောက်သန်းရှောင်ဆွဲ။ စွဲတုံဘိလာ။ နံပါးပါလျက်။ လုပ်ရာခြားနား။ ရှောင်နံပါး၌။ ဘိတား နားတပ်။ ကတ်သာ်စီရင်။[၁]

၁။ ကုသ ပို့ဒ် ၁၀

www.burmeseclassic.com



ဘီးတော်လုပ်။ ။မိဖုရားများ မင်းသမီးများ သုံးဆောင်ရန် ဘီးတော်များကို လုပ်ဆောင်ရသည့် အမှုထမ်းများ။

အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးမှ စ၍။နန်းရဆောင်ရအမည်ရ မိဖုရားနှမတော် သမီးတော် တူမတော် မြေးတော်တို့ကိုမပြတ် သနားတော်မူရန် ကောင်းမွန်သန့်ပြန့်စွာ အရပ်တွင် ပေါက်ရောက်သည့် သနပ်ခါးသား အနှစ်များကို ဘီးတော်လုပ်ဆောင်ရသည်။ ၎င်းအမှုထမ်း ၂ တို့မှာ တလလျှင် စပါးတော် ၂၅ တင်း သနားတော်မြတ်ခံရသည်။°

၁။ ရွှေနန်းသုံး ခန်း ၂၁၄

ဘုရင်ခံမင်းသား။ ။ဘုရင်မင်းမြတ်က ယုံမှတ်တော်မူသဖြင့် ကိုယ်စားတော် ဘုရင်ခံ ခန့်အပ်ခြင်း ခံရသော သားတော် ညီတော်များ။

အဝေးတွင် ဘုရင်ခံသားသော မင်းသားများတွင်။ သားတော်ရင်း။ ညီတော်ရင်း မင်းသားကြီးများ ဖြစ်ခြင်း။ သီလသမာဓိဂုဏ်ယုံကြည်ရခြင်း။ မင်းသား ကိုယ်တိုင်ဆိုင်ရာ မြို့ရွာတွင်။ရပ်တံ့လျက်ရှိခြင်း။ အင်္ဂါသုံးပါး ပြည့်စုံလျှင် အဆုံးစီရင်ရန် အမှုများကို အစီရင်ခံစာ မပို့ဘဲ၊ အဝေးတွင် အဆုံးစီရင်ရန် ခွင့်ပြုသော အမိန့်တော်များလည်းတွေ့သည်။°

၁။ မြန်မာမင်း ၄။ ခန်း ၄၂၅

ဘုရားအရံစောင့်။ ။ဘုရားကျွန်။

ရှေးမင်းတို့ ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့သော ဘုရားကျွန်သီးတော်ကျောက်စာပေါ် အရံစောင့်များကိုဆိုသည်။ ဘုရားအရံစောင့်အမှုထမ်း ၅၀ တို့မှာ တလလျှင် လစာငွေတော် ၄၀၇ိ သနားတော်မြတ်ခံရသည်။°

၁။ ရွှေနန်းသုံး ခန်း ၂၁၇

ဘဏ္ဍာတော်လက်သမား။ ။ရွှေတိုက်ဝန် ဝန်စုပေါ်လက်သမားတမျိုး။

ရွှေတိုက်ဝန် ဝန်စုပေါ်အမှုထမ်း လက်သမား ၂၁ ယောက်တို့မှာ ဘဏ္ဍာတော်နှင့် စပ်လျဉ်းသည့် အသုံးအဆောင်တော်များကို လုပ်ဆောင် ထမ်းရွက်ရသည်။ တလလျှင် လစာငွေတော် ၄၉ဝိ သနားတော်မြတ်ခံရသည်။°

၁။ ရွှေနန်းသုံး ခန်း ၁၅၄

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်တိုးသေနတ်စု။ ။သီပေါမင်း ဖွဲ့စည်းသည့် သေနတ်စု။

ခမည်းတော် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး ဘုရားလက်ဆက်တော်က ဘွဲ့ခဲ့သည့် ငွေတော်ဝယ် အမှုထမ်း လူလေးရာကျော်ကို။ သားတော် မန္တလေး ရတနာပုံ ဒုတိယနန်းစံ မင်းတရား လက်ထက်တော် သက္ကရာဇ် ၁၂၄၂ ခုနှစ်အတွင်း ၎င်းငွေတော်ဝယ် အမှုထမ်းတို့ကို၊ ဘုန်းတော်တိုး အမည်လဲပြောင်းပြီးလျှင် ဆေးတော်ထိုးမှတ်စေ၍ သေနတ်အစုမှာ ထမ်းရွက်စေသည်။ စစ်အတတ်ပညာကိုလည်း ကျွန်တော်မျိုးဘာရယေရိက ကြီးကြပ် သင်ကြားပြသစေသည်။ ၎င်းအစု အမှုထမ်း ၄၆၁ တို့မှာ တလလျှင် လစာငွေတော် ၅၄၇၅ ိ သနားတော်မြတ်ခံရသည်။ဘုန်းတော်တိုး သေနတ်စာရေးမောင်ချိန်။ မောင်ချောတို့ ဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၃၄

ဘုန်းတော်ဖြစ်သေနတ်စု။ ။အခလောင်းမင်းတရားကြီး လက်ဆက် ဖွဲ့စည်းခဲ့သည့် သေနတ်စု။

ကျွန်တော်ရင်း ဘုန်းတော်ဖြစ်စုက ညှိုခဲ့နှင့် လူတဆဲ့ခြောက်။[၁]

ဘုန်းတော်ဖြစ် အမှုထမ်းတို့မှာ၊ သာတာဂီရိနတ်ဘီလူး။ လက်ယာသန်လျက် ထမ်းလည်ကုပ်မှာထိုး၍ ဆေးတော်မှတ်သည်။ဘုန်းတော်ဖြစ်သေနတ်စွဲး အမှုထမ်း ၂၉၄ တို့မှာ တလလျှင် လစာငွေတော် ၃၆၁၅ ိ သနားတော်မြတ်ခံရသည်။ ။ ဘုန်းတော်ဖြစ် သေနတ်စာရေး မောင်ကောင်းစံ။ မောင်လင်း။ မောင်ဆိုးတို့ ဖြစ်သည်။[၂]

၁။ ကဘဆ ၁။ ၁၇၅ ၂။ ရွှေနန်းသုံး ခန်း ၃၃၆

[ မ ]

မကိုဋ်တော်။ ။ဘုရင်၏ ဦးခေါင်းတွင် ဆင်ယင်သော တန်ဆာတမျိုး။

လက်ဆောင်တော် မြသက်စွပ်ဂုံ ချင်းခန့်တစ်။ ရွှေဒုယင်တစ်။ ပုဆိုးစက်နား ရွှေရေးတစ်။ ရတနာ မကိုဋ်တော်တစ်။[၁]

ဤသို့ နေရာတော်နေဟိုပြက်၍ စုံညီကာလ။ ကေရာဇ်မင်းမြတ်မှာစိန္တာမဏိ မကိုဋ်တော် ဒုရင်အဆင်တန်ဆာတော်နှင့်.... မြေနန်းဥကင်သီဟာသနရာဇပလ္လင်တော်သို့ ထွက်စံတော်မူ၍။[၂]

၁။ ကဘဆ ၁။ ၂၃၃ ၂။ ရွှေနန်းသုံး ခန်း ၇

www.burmeseclassic.com



စိန္တာမဏိခေါ်သော မကိုဋ္ဌတော်တုရင်တော်များမှာ။ ရာဇာဘိသေက မုဒ္ဒါဘိသိက်စသော ကြီးကျယ်သော အခမ်းများတွင် ဆင်ယင်လေ့ရှိသည်။ ထိုမကိုဋ္ဌတော်တုရင်တော်များမှာ။ ပြဟ္မာ။ သိကြား။ နဂါးဂဠုန်။ နေနတ်။ လနတ်။ ရောဝဏ်ဆင်အရုပ်သဏ္ဌာန်များကို။ အရာဌာနအားလျော်စွာ ဆင်စွယ်ဝန်းယှက်။ မကန်းကွက်။ ခိုနန်းကွက်။ ဥဒေါင်းလယ်စေ့။ စသောသဏ္ဌာန်များနှင့်။ ခြူးပန်းခြူးနွယ်။ တင့်တယ်လှစွာ စီရင်ပြီးလျှင် ပိပြင်ထင်ရှားအောင် လုပ်ဆောင်ရသည်။

မဟာမဏိ အဆင်တန်ဆာတော်ခေါ်သော မကိုဋ္ဌတော်တုရင်တော်များမှာ။ စိန္တာမဏိ အဆင်တန်ဆာတော်ကဲ့သို့။ ပြဟ္မာသိကြားစသောအရုပ်များမပါဘဲ။ ဆင်စွယ်ဝန်းယှက် စသော ခြူးပန်းခြူးနွယ်တင့်တယ်လှပစွာ ချယ်လှယ်၍။ ရွှေခြူညောင်ရွက်ဆွဲကပ် ချုပ်လုပ်ရသည်။ အမြိတ်အနားမှာလည်း ဖားဖားဝေဝေရှိအောင်ချရသည်။ ထိုအဆင်တန်ဆာမှာ ၁၂ ရာသီ မင်းပွဲသဘင် အခမ်းအနားများနှင့် အခြားမင်္ဂလာအခမ်းအနားများတွင် ဆင်ယင်လေ့ရှိသည်။

ဝိသကြုံအဆင်တန်ဆာတော်ခေါ်သောမကိုဋ္ဌတော်တုရင်တော်များမှာ။ မဟာမဏိတုရင်တော်နည်းပင်တည်း။ မဟာမဏိ အဆင်တန်ဆာတော်နှင့် ဝိသကြုံအဆင်တန်ဆာတော်များမှာ အခန့်သင့်ရာ လဲလှယ်ဆင်ယင်လေ့ရှိသည်။

ပြဟ္မာအဆင်တန်ဆာတော်ခေါ်သော မကိုဋ္ဌတုရင်တော်များမှာ။ မကိုဋ္ဌတော်တွင် ရွှေစင်ဖြင့်ပြီးစေ၍။ သင်းကျစ်တော်တွင် ရွှေစင်ကို လုပ်ရသည်။ တုရင်တော်မှာလည်း။ ဖြူသောအရောင်အဆင်းနှင့် စပ်သော အမျက်ရတနာတို့ဖြင့်တင့်တယ်လှပစွာ ခြယ်လှယ်လုပ်ဆောင်ရသည်။ ထိုအဆင်တန်ဆာများမှာ။ ရတနာသုံးပါးနှင့်စပ်၍။ ကျင်းပသော အခမ်းအနားများမှာ ဆင်ယင်တော်မူလေ့ရှိသည်။[၃]

၃။ မြန်မာမင်း ၄။ ခန်း ၄၇၉

မကြောင့်ကြကျီတော်။ ။စပါးတသိန်းဝင်ကျီတော်ကြီးတခု။

ရွှေမြို့တော် မြောက်မျက်နှာမြို့ရိုးအတွင်းရှိ စပါးတသိန်းစီဝင်သော မစိုးရိမ်၊ မကြောင့်ကြ။ မတောင့်တ။ ခန့်တိုင်းရ။ ကျီတော်ကြီးများ။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၂

www.burmeseclassic.com

www.burmeseclassic.com



မကြည်သာတံခါး။ ။မသာတံခါး။

အဆုံးစီရင်ဘို့ရာ။ လက်ရသုံးတန်းအမှုထမ်းပေးရန်။ ဝန်ကြီးများထံက အမိန့်ရလျှင်ရခြင်း။ မြို့ဝန်မင်းများက။ အဆုံးစီရင်ရန် စီမံ၍။ အပြစ်ဒဏ်ခံရသူကို။ ရာဇဝတ်ရုံးက နန်းတော်မြောက်သို့လှည့်ပြီးလျှင်။ မသာချမြဲတံခါး။ ပုဂံမှာ မကြည်သာတံခါး။ အဝမှာ မီးသွေးတိုက်တံခါး။ အမရပူရမှာ အာဠဝီတံခါး။ မန္တလေးမှာ ကြေးမုံတံခါးက ထုတ်၍ လုပ်တိုင်းသင်းချိုင်းသို့ ဆောင်ယူသွားရသည်။°

၁။ မြန်မာမင်း ၄။ ခန်း ၄၂၅

မစိုးရိမ်ကျိုတော်။ ။စပါးတသိန်းဝင်ကျိုတော်ကြီးတခု။

ရွှေမြို့တော် မြောက်မျက်နှာမြို့ရိုးအတွင်းရှိ စပါးတသိန်းစီဝင်သော မစိုးရိမ်။ မကြောင့်ကြ။ တတောင့်တ။ ခန့်ကိုင်းရ ကျီတော်ကြီးများသို့သွင်းရသည်။°

၁။ ရွှေနန်းသုံး ခန်း ၁၀၂

မတိုး။ ။အောက်မားတော်များမှ ပေါက်ဖွားသောဆင်မ။

ယင်းအောက်မားတော်များမှ ပေါက်ဖွားသောဆင်ပေါက်ကို ပေါက်တိုး။ ဆင်မကို မတိုးဟု ခေါ်သည်။°

၁။ ရွှေနန်းသုံး ခန်း ၁၀၅

မတောင့်တကျီတော်။ ။စပါးတသိန်းဝင်သောကျီတော်ကြီးတခု။

ရွှေမြို့တော် မြောက်မျက်နှာမြို့ရိုးအတွင်းရှိ စပါးတသိန်းစီဝင်သော မစိုးရိမ်။ မကြောင့်ကျ။ မတောင့်တ။ ခန့်တိုင်းရ ကျီတော်ကြီးများသို့ သွင်းရသည်။°

၁။ ရွှေနန်းသုံး ခန်း ၁၀၂

မထွင်တောနှမ်း။ ။တောကိုမခုတ်ထွင် မရှင်းလင်းပဲ နှမ်းစိုက်ပျိုးခြင်း။

မင်းမြေအခြောက်တောင်ယာနှမ်း ၁၀၀ တင်းကျဲရှိသည်။ မထွင်တောနှမ်း ၅၀ တင်းကြဲရှိသည်။ လုပ်သားတို့ကို ကျွန်တော်မြေတိုင်က ချထားလုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



စေ၍ရသည်လုပ်စာကို ဆယ်ခိုင်တခိုင် ကောက်ယူပြီးလျှင် မြို့သူကြီးသို့ ပေးအပ်၍ တိုက်တော်ကျတော်မှာဆက်သွင်းရိုး။ မြို့စားရှိလျှင် မြို့စားမှာ ဆက်သွင်းရ ပါသည်။ ၁

သူကြီးလုပ်ရိုးစဲ့ နှမ်း ၁၀ တင်းကြဲ၊ မထွင်တောနှမ်း ၁၉ တင်းကြဲ၊ ထန်းပင်ရေ ၆၀ ရှိသည်။ ၂

၁။ ကြေးနီရွာစစ်တန်း၊ ၄၅ ခု ၂။ ပျူရွာစစ်တန်း၊ ၆၄ ခု

မထွန်တောနှမ်း။ ။မထွန်မယက်ပဲ တောဘတွင်စိုက်ပျိုးသည့်နှမ်း။

မင်းမြေ အခြောက်တောင်ယာနှမ်း အတင်း ၃၀ ကြဲရှိသည်။ မထွန်တောနှမ်း အတင်း ၄၀ ကြဲရှိသည်။ လုပ်သားလုပ်သူတို့ကို ကျွန်တော် သူကြီးက ချထား၍ လုပ်ဆောင်စေရသည်။ လုပ်စာကို ဆယ်ခိုင့်တခိုင်ကောက်ယူပြီးလျှင် မြို့သူကြီးသို့ ပေးအပ်၍ တိုက်တော်ကျတော်မှာ ဆက်သွင်းရိုး။ မြို့စားရှိလျှင် မြို့စားမှာ ဆက် သွင်းရသည် ၁

၁။ ရွာငယ်ရွာစစ်တန်း၊ ၄၅ ခု

မနောပလေ့။ ။လွန်းကြင်လေ့။

အလောင်းစည်သူမင်းသည် ဇမ္ဗူ လှည့်လည်သည့်ကာလ နံ့သာကျွန်းတွင် လွန်းကြင်ငှက်ပိုမကို ရ၍ တိရစ္ဆာန်သတ္တဝါတို့တွင် ထိုငှက်ကဲ့သို့မရှိ လည်ချင်းယှက် လျက်သာနေသည်ကို စုံမက်တော်မူ၍ ထိုငှက်သဏ္ဌာန်လှေလုပ်သည်၊ ထိုလှေကို မနောပလေ့ သမုတ်သည်ဟူ၍ သုတနှင့် ပြည့်စုံသောသူတို့ ပြောဆိုကြကုန်သည်။ ၁

၁။ ရွှေဘုံနိဒါန်း ခန်း ၉၇

မနုသီဟလှေ့။ ။မနုသီဟလှေမှာ လူ့မျက်နှာ လူ့လက်၊ ခြင်္သေ့ကိုယ်နှစ်မြွာ ခြင်္သေ့ခြေနှစ်ဘက် ဖြစ်သည်တွင် လက်နှစ်ဘက်သည် ရင်အုပ်နှင့်လက်ထိသည် ပေါင်နှင့်ကိုယ်ထိသည် ဖြစ်၍ ထိသုံးပါးဆိုသည်၊ မနုသီဟရုပ်လှေပင်ဖြစ်သည်။ ၁

၁။ ရွှေဘုံနိဒါန်း ခန်း ၇၇

www.burmeseclassic.com

www.burmeseclassic.com



မရိုးစစ်မီးသွေး။ ။မရိုးစစ်မီးသွေး ဆိုသည်မှာ လက်နက်တိုက်တော်ရှိ ဘုံးအမြောက်မြတပူ သေနတ်များနှင့်တကွ။ နန်းစဉ်အမြောက် စကြာတင် ဆင်တင်လှေတင်အမြောက် မျောက်ပြီးအမြောက်တော်များအတွက် ယမ်းပြုန် ယမ်းထောင်း အမှုထမ်းတို့က ယမ်းတော် ဘော်စပ်လုပ်ဆောင်ရာတွင် အသုံးပြုရန် လစဉ်မပြတ် မရိုးသားကို မီးသွေးဖြစ်အောင်ဖုတ်၍ ဆက်သွင်းရခြင်းဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

မနောလင်ပန်း။ ။ရွှေလင်ပန်းတမျိုး။

မနောလင်ပန်း ကွ်းခွက်လဘက်အိုး တကောင်းပိတ် ယပ်ရိုးရှည်များကိုသာ နေရာတော်သို့ ဆောင်ယူခြင်းကျင်းထားသည်။[၁]

အလောင်းမင်းတရားကြီး ဘုရားလည်း။ ကောင်းမြတ်သော အခါတော်တွင် အထူးထူးသော အရသာရှိသော စားတော်ကို မနောလင်ပန်း၌ စားတော်ခေါ် ပြီးလျှင်။[၂]

၁။ ရွှေနန်းသုံး ခန်း ၈ ၂။ ကဘဆ ၁။ ၂၃၀

မနောဟရိထီးဖြူ။ ။မင်းခမ်းထီးဖြူတော်တခု။

မနောဟရ။ ထိုပတနည်း။ အရိုး၌မှာ။ ခြောက်မတောင်သာတည့်။[၁]

၁။ ကုသ ပိုဒ် ၁၂

မပစ်ပယ်အပ်သူ။ ။မပစ်ပယ်အပ်သူ ၃ ပါးရှိသည်။

(၁) အရှင်မင်းကေရာဇ်၏ အသက်ကိုကယ်ပေသသူ။ (၂) ဆင်ရဲတော်မူသော အခါ မစပေသသူ (၃) မင်းအဖြစ်ကို ပေးသောသူ။[၁]

၁။ ရာဇသိပ္ပ ၄၀

မယား။ ။အိမ်မှုတရားနှင့်စပ်လျဉ်း၍ ရှေးမြန်မာတို့က မယားအမျိုးမျိုးရှိသည်ဟု ယူဆကြသည်။ မှူးတော်မတ်တော်တို့၏ မယားများသည် အစီးအနင်းအဆောင်အရွက် သီးခြားရကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုနှင့်စပ်၍ မယား အပြား ၇ ပါး။ မိန်းမတို့မာန်တက်ခြင်း ၄ ပါး။ လော်လည်ခြင်း ၅ ပါး။ အပြစ် ၆ ပါး။ စွန့်အပ်သောမယား ၃ ပါး ၅ ပါး။ ပေါင်းအပ်သောမယား ၄ ပါး။ ချစ်အပ်သော မယား တပါး။ ထားအပ်သော မယားတပါး။ မင်းစသော အမျိုးငါးပါးကို စွဲ၍ဖြစ်သောမယား ၃ ပါး ၅ ပါး။ မယားကြီး။ တော်ပြောင်ကြေးပေါင် ဟူသော မယား ၃။ တနည်းအပြောင် ၆ ပါး။[၁]

မှူးတော် မတ်တော်တို့ မယား၊ အနောက်အတွင်းတော်တွင် နေရာမတတ်ရသေးသူတို့ ဆောင်ရွက် စီးနင်းရိုးကား အမည်ရမယားတို့ သွားလာလျှင် လက်ကိုင်ကျိုင်းကြီးကို လူမိန်းမကိုင်၍ လိုက်ရသည်။ ကွမ်း ကလပ် ပ ဝါ နီ ထုပ် ရေတကောင်းဖက်ကတော့အုပ် ဆေးတံရွှေဖျား ၄ သစ်ခန့်ဆောင်၊ သက္ကလတ်မွမ်း ခြေနင်းစီးသည်။

ပြင်ဘဝေါ အတွင်းဘဝေါ စနည်းနေရာ ၃ သွယ်နေ အမတ်တို့ မယားမှာ သွားလာလျှင် သံလျင်းတွင် လေးမျက်နှာ တင်းတိမ်ကာ၍ သံလျင်းရွက်ကို ပုဆိုးစက်အနားပါ လွှမ်း၍စီးသည်။ လက်ကိုင်ကျိုင်းဆောင်သည်။ ကွမ်းကလပ်ကြီးကို နီပါးထည် အိတ်သွတ်၍ ပဝါနီအုပ်ရသည်။ ရေတကောင်း ပဝါနီဖုံးသည်။ ဆေးတံရွှေဖျား ၆ ခန့် ချူဆွဲချင်စွပ်ဆောင်သည်။ သက္ကလတ် ခြေနင်းဆောင်သည်။ သေလွန်လျှင် ဖျင်ကိုအဖြူ မွမ်း၍ ဝါးခုံချင်ပုနှင့် သင်္ဂြိုဟ်သည်။

ဒူးနေရာတို့ မယားဖြစ်လျှင် သည်နည်းတူတွင် သေလွန်လျှင် ပျဥ်ကို အဖြူ မွမ်း၍ အဖုံးကမှတ်ကို ရွှေထည့်၍ ဝါးခုံချင်ပုနှင့် သင်္ဂြိုဟ်သည်။

တော်နေရာတို့ မယားဖြစ်လျှင် သည်နည်းတူ ဆောင်ရွက်ရသည်။ သွားလာလျှင် သံလျင်းစီး၍ ရွှေလုလင်စည်နှစ်စည် စည်သွားသည်။[၂]

နေရာငါးသွယ်နေ အမတ်တို့သည် သဘင်တော်သည်မတို့နှင့် သင့်၍ လက်ဆုံစား မယားဖြင်စေ၊ အသိမ်းဖြစ်စေ၊ မွေးမြင်သည့် သားတို့ကိုမူကား လူပျိုစုမှာ စာရင်းမသွင်းရ၊ မထမ်းရ အမိစု သဘင်သည်စုမှာ ထမ်းရသည်။[၃]

မင်းသားတို့မှာ အိမ်ရှေ့အရာဆောင်လျှင် လက်ဆုံစား မယား မဖြစ်ရ၊ မယား စာရင်းမပေးရ၊ အမွေမခံရ၊ စုံဘက်တော်မူမှ မယား စာရင်းပေးရသည်။[၄]

| | | | |
|---|---|---|---|
| ၁။ ရွှေနန်းသုံး | ခန်း ၈၈ | ၂။ လကဗဟ | ၂၃၉-၂၄၀ |
| ၃။ လကဗဟ | ၂၃၉ | ၄။ လကဗဟ | ၂၃၄ |

www.burmeseclassic.com

www.burmeseclassic.com



ပယုရာသနရာဇပလ္လင်။ ။ဥဒေါင်းရုပ်ခံသော ရာဇပလ္လင်တော်။

ဥဒေါင်းခံသော ပယုရာသနရာဇပလ္လင်တော်ရှိသော မြောက်စမုတ်ဆောင်တော်တွင်။[၁]

ဥဒေါင်းရုပ်ထု၊ မယုရာသန၊ ပလ္လင်လှနှင့်၊ တွင်ထမည်ထုတ်၊ မြောက်စမုတ်ဆောင်။[၂]

မြောက်ခွင်သရက်။ ငှက်ဥဒေါင်းမှုင်။ စမုတ်တွင်၌။[၃]

၁။ ရွှေနန်းသုံး ခန်း ၃၃ ၂။ မယာဒေဝ ပိုဒ် ၄၃
၃။ ကုသ ပိုဒ် ၁၁

မရမ်အမှုထမ်း။ ။ကျောင်းများ၌ သန့်ရှင်းရေး ဆောင်ရွက်ရသော အမှုထမ်းများ။

မရမ်အမှုထမ်းမှာ ကေရာဇ် မင်းမြတ် ကိုးကွယ်တော်မူ၍ အထူးလေးမြတ်သည့် ဆရာတော် သင်္ဃာဘော်တို့ ကျောင်းရှိ ဝစ္စမသာဝ ကုဋိများကို မပြတ်စင်ကြယ်အောင် သန့်ရှင်းသုတ်သင်ရသည်။ ၎င်းအမှုထမ်း ၄ဝ တို့မှာ တလလျှင် လစာငွေတော် ၅၅ဝ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၁၉

မလွယ်တံခါး။ ။တံခါးမကြီးဘေးရှိ တံခါးငယ်။

ညနေ ၄ ချက်တီးက ညဉ့်တချက်တီးတိုင်။ တံခါးမကြီးမှ တပါး။ မလွယ်တံခါးကလေးများကို ဘွင့်ထားရသည်။ မလွယ်တံခါးကလေးများမှာ။ ဆင်မြင်းရထားများကို သွားလာခွင့်မရ။ ညဉ့်တချက်တီးက။ နံနက် ၄ ချက်တီးတိုင်အောင်။ မလွယ်တံခါးများကိုလည်း ပိတ်ထားရသည်။ အခွင့် အမိန့်မရဘဲ။ မည်သူမှ ထွက်ဝင်ခွင့်မရ။[၁]

၁။ မြန်မာမင်း ၄။ ခန်း ၄၃၀

မလွယ်ပေါက်။ ။အဝင်လကျာ် အထွက်လက်ဝဲဘက်က သွားလာခြင်း၌ မလွယ်မကူ လှည့်လည်သွားလာရသော မလွယ်ပေါက်တို့သည်၎င်း။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၆

www.burmeseclassic.com

www.burmeseclassic.com



မဟာဒါန်။ ။မဟာဒါန။ ဘုရား တရား သံဃာ ရတနာ ၃ ပါးကို လှူသော သက်ရှိ သက်မဲ့ ပစ္စည်း လယ်ယာ စသည်တို့။

မင်ကြီးသာ မင်ကြွစ္စာ ရှယ်တောင်တက်ရှယ်။ အကြီယ်အညာနိုက်တေ မဟာဒါန် မ္လိယ်ခပ်သိမ်ယူလတ်တေ။[၁]

ပုရှာတြာသံဃာ ရတနာသုံပါ ပစ္စည်လိယ်ပါအထောက်အပင် ဖ္လစ်စိမ်သောငှာ လှူသော တံမ္လ ၂ င် မြိုလိသ် မဟာဒါန် လယ်ယှစ်ရာ။[၂]

သို္ခင်ဖ္ဝာဇဝ် အစန်လာသော မဟာဒါန်။[၃]

၁။ ပုံ ၉၀[၆]　　　၂။ ပုံ ၂၃၄[၁၁]
၃။ ပုံ ၂၃၄[၁၄]

မဟာဒါန်စာရေး။ ။မဟာဒါန်ဝန်၏ လုပ်ငန်းများကို ကူညီရေးမှတ်ရသော စာရေး။

ဝိနည်းကျမ်းဂန်ရှိသည့်အတိုင်း မကျင့် မဆောင်သော ရဟန်းတို့ကိုလည်း။ မဟာဒါန်ဝန် မဟာဒါန်စာရေး ခန့်တော်မူ၍ မပြတ်မလပ် သုတ်သင်ရှင်းလင်း စစ်ကြောစေရသည်။[၁]

ကျွန်သီးတော်တို့တွင် ရာဇဝတ်အပြစ်အလျောက် သေပြစ်သေဒဏ်ရှိလျှင်။ ဝတ်မြေဝန်မဟာဒါန်ဝန် မဟာဒါန်စာရေးတို့က လွှတ်တော်နှင့် မြို့ဝန်များသံ အစီရင်ခံ၍။[၂]

မင်းနေမြို့တော်နှင့်တကွ အနီးအစပ်မြို့ရွာတိုက်တာကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်မညီ ပြုလုပ်ကျင့်ကြံသည်များကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိဆရာတော်ကြီးများထံ ပို့အပ်ရသည်။[၃]

မဟာဒါန်စာရေး မောင်စိန်ကို ၁၂၃၉-ဝါဆိုလ။ မောင်မှော်။ မောင်အုန်းခိုင်ကြီး။ မောင်သော့။ မောင်ဘိုဦးတို့ကို ၁၂၄၀-ကဆုန်လ။ မောင်ဘိတ်ကို ၁၂၃၅-ခုတန်ဆောင်မုန်းလ။ မောင်ခိုင်ကို ၁၂၄၂-ခု ပြာသိုလ။ မောင်အုန်းခိုင်ကလေးကို ၁၂၄၅-ခု သီတင်းကျွတ်လ ခန့်တော်မူသည်။[၄]

၁။ ကဘဆ ၁။ ၄၂　　　၂။ ရွှေနန်းသုံး ခန်း ၈၂
၃။ ရွှေနန်းသုံး ခန်း ၁၁၅　　　၄။ ရွှေနန်းသုံး ခန်း ၃၄၂

www.burmeseclassic.com

www.burmeseclassic.com



မဟာဒါန်ဝန်။ ။သာသနာရေးရာနှင့် ဆိုင်သည်များကို ဆောင်ရွက်ရသောဝန်။

နိုင်ငံတော်အတွင်း အဝေးမြို့ရွာများမှတပါး၊ မင်းနေမြို့တော်နှင့်တကွ အနီး အစပ်မြို့ရွာတိုက်တာကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်တော် နှင့်မညီ ပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်း ဆီးစေ၍ အဓိပတိဆရာတော်ကြီးများထံ ပို့အပ်ရသည်။ ထိုပြင်သာသနာပြုဆရာ တော်က စာပေးရန်ရှိလျှင် ရေးသားရခြင်း။ အတွင်းတော် ရွှေလွှတ်တော်များက ဆင့်ဆိုလျှင်။ သာသနာပြုဆရာတော်သို့ လျှောက်ရခြင်း။ သာသနာပြုဆရာတော် က အဝေးမြို့ကျေးရွာ ဆင့်ဆိုခေါ်ငင်ရန်ရှိသည်များကို မဟာဒါန်ဝန်က လွှတ် တော်မှာ တိုင်တန်းခေါ်ယူရခြင်းဖြင့် ရွက်ဆောင်ရသည်။ ထိုပြင် ကျွန်သိီးတော် ဝတ္တုကံမြေမှစ၍ ကျောင်းနှင့်စပ်လျဉ်းသည့်အရာများကို ရှုပ်ထွေးရှက်တင်မရှိစေရ အထိန်းအစောင့်အနေခန့်ထားရန်နှင့်တကွလည်း ဆင့်ဆိုထိန်းအုပ်ရသည်။[၁]

ဘယနန္ဒသူကို မဟာဒါန်ဝန် ခန့်တော်မူသည်....မဟာဒါန်ဝန် ဆိုသည့် အရာ သည် ငါအသျှင် ဧကရာဇ် မင်းမြတ်တို့တွင် ရှေးဘေးလောင်းတော် မင်းဧကရာဇ် အဆက်ဆက် သာသနာတော် ငါးထောင် တည်စိမ့်သောငှာ သာသနာတော်ကို ထွန်းပပွင့်လင်းစေကြောင်းနှင့် ဘုရားကျောင်း ဝတ်မိုးဝတ်မြေ နယ်နိမိတ် အပိုင်း အခြား ကျောက်စာထိုး၍ လှူတော်မူသည်။ ဘုရားကျောင်း အရံစောင့်ဖြစ်စိမ့် သောငှာ လူယောကျ်ား လူမိန်းမ လှူတော်မူသည့် အရာများလည်းရှိသည်။ ကျောင်းဘုရား အရံစောင့် လူမြေများနှင့်။မင်းမြေ အမှုထမ်း ကျွန်တော်မျိုးတို့ မြေ မရောမထွေး မစပ်မရှက်ရ ခြားနား ရှင်းလင်းအောင် စစ်ကြောစီရင်ရမည်။ ဘုရားကျောင်းနှင့် စပ်သည့်မြေ အရံစောင့် လူတို့ကိုလည်း။မဟာဒါန်ဝန် စာရေး ကျောင်းစာရေးတို့မှာ။ စာရင်း ပေရင်း သေချာအောင် ရေးထား မှတ်သား ရသည်။ ကျောင်းရှိ လူစာရင်းကိုလည်း ခြား၍မှတ်သားစေရသည်။ ကျောင်း ဘုရားမြေ အရံစောင့် လူတို့ကို မင်းမြေ အမှုထမ်းလူတို့ မစပ်မရှက်စေနှင့် ကြပ်ကြပ် တည်းတည်း စစ်ကြောစီရင်။ ကျောင်းဘုရားကို လှူတော်မူသည့် လူများကို သူကောင်းဖြစ်ချင်၍ အစုကိုင်အစုရေးတို့မှာ စာရင်းပေးရင်းသွတ်သွင်း ကပ်ရပ်၍ မထမ်းမရွက်စေနှင့်။ အရပ်ရပ် ထမ်းရွက်သူတို့ကို ပေါ်ရှိခဲ့တွေ့မြင်လျှင် စစ်ကြော၍ ကုန်စင်အောင်နှုတ်။ ဆိုင်ရာ ကျောင်းဘုရားမှာ ထမ်းရွက်စေ။ သို့များကို အမြဲနှလုံးသွင်း၍ ဂတိသို့မလိုက်တော်တည့်ဖြောင့်မတ်အောင် စီရင်။[၂]

ကျောင်းဘုရား အရံစောင့် ကျွန်သိီးတော်တို့ တရားစကား အယှက်အတင်ရှိ၍ ဝတ်မြေဝန် မဟာဒါန်ဝန်တို့ စစ်ဆေး စီရင် ရှင်းလင်းပြီးကာလ။ ရာဇဝတ်အပြစ်

၁။ ရွှေနန်းသုံး ခန်း ၁၁၅ ၂။ ရွှေနန်းသုံး ခန်း ၁၁၅

www.burmeseclassic.com

www.burmeseclassic.com



အလျောက် သေပြစ်သေဒဏ်ရှိလျှင်။ ဝက်မြေဝန် မဟာဒါန်ဝန် မဟာဒါန်စာရေး တို့က လွှတ်တော်နှင့် မြို့ဝန်များထံ အစီရင်ခံ၍။[၃]

ဝိနည်းကျမ်းဂန်ရှိသည့် အတိုင်း၊ မကျင့်မဆောင်သော ရဟန်းတို့ကိုလည်း မဟာဒါန်ဝန် မဟာဒါန်ဝန် စာရေး ခန့်ထားတော်မူ၍ မပြတ်မလပ် သုတ်သင် ရှင်းလင်း စစ်ကြောစေရသည်။[၄]

၃။ ရွှေနန်းသုံး ခန်း ၇၂ ၄။ ကဘဆ ၁။ ၇၂

မဟာဒါန်ဝန်စာရေး။ ။မဟာဒါန်ဝန်၏လုပ်ငန်းများကို ကူညီလုပ်ဆောင်ပေးရသော စာရေး။

ဘုရားကျောင်းနှင့် စပ်သည် မြေအရ စောင့်လူတို့ကိုလည်း မဟာဒါန်ဝန် စာရေး ကျောင်းစာရေးတို့မှာ စာရင်းပေးရင်း သေချာအောင် ရေးသား မှတ်သားရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၁၅

မဟာပသာဒလှေ။ ။မင်းစီးလှေတမျိုး။ သုံးဆဲ့နှစ်လံလှေလည်း ခေါ်သည်။

သုံးဆဲ့နှစ်လံလှေမှာ....သုံးဆဲ့နှစ်လံ အလျားရှိ၍ သုံးဆဲ့နှစ်လံလှေ ခေါ်ဝေါ် သမုတ်သည်။ ယင်းသည် လှေကိုပင် မဟာပါသာဒလှေ ဆိုသည်၊ ဦးမှာ ရုပ်စုံလို သမျှ ပဲ့မှာ မင်းစီးလှေဖြစ်၍ လှော်ကားပဲ့လုပ်ရသည်။ပါသာဒသာဒ သဒ္ဒါသည် ကြည်ညိုခြင်းကို ဟောသည်။....သုံးဆဲ့နှစ်လံ မဟာပါသာဒလှေသည် ကြီးသော ပြဿဒ်ဆောင်တင်သော လှေဖြစ်သည် ယူရမည်။[၁]

ဝင်းဝင်းလျှံပတ်။ပြဿဒ်ကြီးစွာ။ တင်ထားရာသည်။ ပါသာဒလှေ။ မျက်ရွှေ ဝင်းဝင်း။ရဲလေးအင်းနှင့်။အဆင်းရွှေနှစ်။ သစ်၏ သဏ္ဍာန်။တန်ခွန်ထူပြီး။ နှုတ်သီး ငှက်ပေါက်။ ရောင်တောက်နီလာ။ တိမ်မြင့်မှာလျှင်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၉ ၂။ ကုသ ပိုဒ် ၂၀

မဟာဘိသိက်။ ။ဘိသိက် ၁၃ ပါး အဝင်။ စီးပွါးချမ်းသာ တိုးတက်စေရန် ခံတော်မူသော ဘိသိက်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

www.burmeseclassic.com

www.burmeseclassic.com



**မဟာရံ॥** ॥စေတီပုထိုးကျောင်းကန်တို့၏ အရံတန်တိုင်း॥

စေတီတည်ပါအာမ်အာဟု ပန်လတ်သ် မဟာရမ် မုတ်လေမျက်နှာနှင့်အာတကွစေတီ တည်လေဟု မိန်တ်မူသဖြင်အ်॥[၁]

၁॥ တိလောကကျောက်ပျက်[၁၁]

**မဟေသိ॥** ॥မိဖုရားကြီး॥

သွန်းလောင်းအပ်သော အဘိသိက်ရှိသော မိဖုရားကြီးသည် မဟေသိ မည်၏॥[၁]

များစွာသော မင်းမိန်းမတို့တို စိုးမိုးတတ်သောကြောင့် မဟေသိ မည်၏॥[၂]

၁॥ ရွှေနန်းသုံး ခန်း ၂ ၂॥ ရွှေနန်းသုံး ခန်း ၂

**မဟေသီဘိသိက်॥** ॥မိဖုရားမြှောက်သည့်အခါခံသောဘိသိက်॥

မဟေသီအဘိသိက်ရှိသော မိဘုရားကြီးသည် ပူဇော်အပ်သောကြောင့်တည်း॥[၁]

မဟေသီဘိသိက် မိဘုရားမြှောက်သည့်အခါခံသောဘိသိက်॥[၂]

၁॥ ရွှေနန်းသုံး ခန်း ၂ ၂॥ ရွှေနန်းသုံး ခန်း ၄၁၀

**မဟေသီဘွဲ့॥** ॥ဒေဝီဘွဲ့ထက်အဆင့်နိမ့်သည်॥

မဟေသီဘွဲ့နာမံအမည်ရှိသော အသျှင်မိဖုရားငယ်॥[၁]

စံလွှတ်မဟေသီတွင် သားတော်မင်းရဲရွှေဘုန်း ၁॥[၂]

၁॥ ရွှေဘုံနိဒါန်း ခန်း ၁၀၆ ၂॥ အလမ ငူကျော-ဝေဝမ်း

**မာဂဓသား॥** ॥သား ၁၂ ပါး အဝင်အပါ॥

အမိသူဆင်းရဲ॥ အဘမင်းကြောင့်ဖြစ်သောသားတည်း॥ မာဂဓ မည်၏॥[၁]

၁॥ အမေ့မှု ၄၀

www.burmeseclassic.com

www.burmeseclassic.com



မာရဘင်။ ။နန်းတော်အိမ်တော်နှင့် ကျောင်းများတွင် သုံးစွဲသည့်အဆီးအကန်။

မာရဘင်ခေါ်ဝေါ်ခြင်းအကြောင်းလည်း မာရဘဂ်ဆိုလိုသည်။ မာရဘင်ဆိုကြောင်းလည်း မာရ်ကိုချိုးဖဲ့ဖျက်ဆီးသည်ဆိုသည်။ မာရ်ကို ချိုးဖဲ့ဖျက်ဆီးသည်ဆိုကြောင်းလည်း မာရဘင်အဆီးအကန့် မသန့်လျှင် မြင်သောအသိလွယ်သာသည်၊ မာရဘင်အဆီးအကန့်သန့်လျှင် ရန်မာရ်စသည်မလွယ်ကူ ခက်ခဲခြင်းသို့ရောက်သောကြောင့် ကြံအပ်သော ဒုစိန္တိတ ဒုကြံယ ရန်မာန်တို့ကို ချိုးဖဲ့ဖျက်ဆီးသည်မည်လေသည်။ မာနမဟုတ် မာရဖြစ်၍ မာရ်နတ်ကို ချိုးဖဲ့သည်စကားရောက်သည်မှာ ထိုအဆီးအကန့်သည် ဘုရားသခင် ရုပ်တုတော် ဆင်းတုတော်မှီရာ မာရ်နတ်ကို အောင်မြင်ခြင်း ချိုးဖဲ့ခြင်း အရေးအသားတို့ကို အဆီးအကန့်တို့၌ ရေးသားလေသောကြောင့် မာရဘင်ခေါ်ဝေါ်သမုတ်လေ၏၊ ဤကိုအစွဲပြု၍လည်း ဆီးကန့်သမျှကို မာရဘင် ခေါ်ဝေါ်သမုတ်သည်ယူရန်ရှိသည်။[၁]

မြေနန်းပြာသာဒ်တော်သည် မင်္ဂလာကြီးပွဲသဘင်ကြီးမင်းတို့ ထွက်စံရာ အရပ်ဖြစ်၍ အရှေ့နှာယောင်ခန်းတွင် မာရဘင်ကန့်သည်၊ တကြောင်းလည်းပြာသာဒ်ဆောင်အလယ် မာရဘင် ကန့်၍ ပြာသာဒ်ထီးနှင့် တည့်တည့်မှန်တုပ်ချိန်ပြီးလျှင် ရာဇပလ္လင်ဥကင်တည်ထားသည်လည်းဆိုသည်။[၂]

ထွန်းတောက်ပြောင်ပြောင်။ ပြာသာဒ်ဆောင်၏ လယ်ခေါင်ကန့်ချင်း။[၃] မာရဘင်၌။

မင်းသားတို့ အိမ်ခြံကပ်ကာ၍ မာရဘင် သန်းသည်။ ခြံတံခါးရှက်နှစ်ဖက်နှင့် ရက်ဖောက် ၃ တန့်လျှိုသည်။[၄]

မာရဖင်လို့ဆီးသော၊ပုရန်တိုင်ကိုင်၊ ရိုက္ခာစပးသျှစ်ဆဲ၊ အင်ကတေလုပ်ကို လက်၌ပေတ်မှုသ့်ငွေတဆဲ....။[၅]

တံတိုင်စင်ခါလက္ခငွေတ်၊ သုံမ်ရာသျှစ်ဆဲငးကျပ်၊ မာရဖင်လက္ခ၊ ခွက်လေဆဲ၊ ပိတန်နှင်။ လဉ်ဆီလုပ်သ့်လက္ခ၊ ငွေတ်၊ ငွေတ်နှစ်ဆဲ။[၆]

ကျောင်တော်ဉီ မာရဖင်ကိုဝ်ဆေရေရာဝ်လို့၊ရွှေတော်ခြောက်ကျပ်နှင်ချယ်၍ရေစေ၏။[၇]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၆
၂။ ရွှေဘုံနိဒါန်း ခန်း ၁
၃။ ကုသ ပိုဒ် ၁၁
၄။ လကဗဟ ၂၃၃
၅။ နိဂေါ်ခရာမကျောက်[၅၀]
၆။ နိဂေါ်ခရာမကျောက်[၅၁]
၇။ နိဂေါ်ခရာမကျောက်[၅၆]

www.burmeseclassic.com

www.burmeseclassic.com



မင်းသားတို့ သဒ္ဒါစေတနာရှိ၍ ကျောင်းဆောက်လျှင်....အတွင်းအရိပ်နေနှင့် မာရဘင်ကို ရွှေခြယ်၍ထည့်သည်။[၈]

တော်နေရာတို့ကျောင်းမဆောက်လျှင်....အတွင်းရိပ်နေ မာရဘင်ကို ရွှေနှစ်စု၊ အနီတစု၊ တိုင်ကိုကမ္ဗတ်စည်း၍ ရွှေပိန်းထည့်သည်။[၉]

၈။ လကဗဟ ၂၃၄ ၉။ လကဗဟ ၂၃၉

မာရဘင်စု။ ။နန်းတွင်းသေနတ်အမှုထမ်းတမျိုး။ ကုန်းဘောင်ခေတ်တွင် ၎င်းတို့ကို တောင်မာရဘင်စု မြောက်မာရဘင်စုဟု ၂ စုခွဲခြားထားသည်။

မာရဘင်စုတွင် ခေါင်းအဝန်း ထောင်ကဲခန့်လျှင် ထားအဆောက်လက်ကိုင် လွတ်ငွေအိမ်သင်းချော၊ အရင်းအဖျားငွေ ငါးပတ်ခံတွင်းပေးသည်။ အစုံလည်း ပေးသည်။[၁]

၁- မောင်းထောင်ရွာ။ ၂- ညောင်ကန်ရွာ။ ၃- ပေယင်းရွာ။ ၄- အုပ်ဖိုရွာ။ ၅- လက်ပံရွာ။ ၆- မြို့သစ်ချောင်းရွာ။ ၇- သဘန်းရွာ။ ၈-မြို့ပေါ်ရွာ။ ၉- ကန်သစ်ရွာ။ ၁၀- သင်တလည်ရွာ။ ၁၁- အောင်သာရွာ။ ၁၂- နွားမသင်းရွာ။ ၁၃- မြင်းတွင်းရွာ။ ၁၄- ပေါင်းကျရွာ။ ၁၅- ကျောက်စရစ်ပုံရွာများက အရွယ်ကောင်းခြင်း မြန်မာသန်စွမ်းခြင်း ရှိသူတို့ကို ရွေးကောက်၍ မြောက် မာရဘင်စု အမှုထမ်း ဘွဲ့တော်မူပြီးလျှင် ခြင်္သေ့ရုပ် လက်ယာလက်ဖမိုးတွင် ထိုး၍ ဆေးတော်မှတ်သည်။ မြောက်ဒဝယ်အမှုထမ်းများနည်းဘူရွှေဘဝါးတော်အောက်သို့အိမ်ထောင်စုံတက်၍ ထမ်းရွက်ရသည်။ မြောက်မာရဘင် အမှုထမ်း ၇၉၉တို့မှာ တလလျှင် လစာငွေတော် ၉၂၂၅ိ သနားတော်မြတ် ခံရသည်။ ။သေနတ်စာရေး မောင်ဘဲ။ မောင်စံထွန်း။ မောင်အေးရှ။[၂]

တောင်မာရဘင်အစု သေနတ်မှာ ရှေးကရှိဟောင်းဖြစ်သည်။မန္တလေးရတနာပုံ ဒုတိယ နန်းစံမင်းတရားလက်ထက်တော်။ ၎င်းအစုသေနတ်စွဲ သူရဲ ၃၅၆ တို့မှာ တလလျှင် လစာငွေတော် ၄၁၈၀ိ သနားတော်မြတ်ခံရသည်။ သေနတ်စာရေး မောင်ထွား။ မောင်ကြီးတို့ ဖြစ်သည်။[၃]

၁။ လကဗဟ ၂၂၆ ၂။ ရွှေနန်းသုံး ခန်း ၃၁၈

၃။ ရွှေနန်းသုံး ခန်း ၃၂၆

www.burmeseclassic.com

www.burmeseclassic.com



မာရဘင်တံခါး။ ။နန်းမြို့တွင်းမုခ်တံခါးများ။

ဘုရားလှူရန် ထီးတံခွန်များကိုလည်း။ မြေနန်းတော်လက်ဝဲ မာဘင်တံခါး ပြင်က စီစဉ်ခင်းကျင်းရသည်။ ၁

နာရီမှာ တံခါးနီတော် အတွင်းကျသည့်အပြင်။ မြောက် မာရဘင်တံခါး အတွင်း။ ဘွားဘက်ကျော်တန်းနားမှာထားလေ့ရှိသည်။ .... ညအခါဖြစ်လျှင်။ နာရီရုံကထွက်သွားပြီးနောက် မြောက် မာရဘင်တံခါး ပိတ်ထားသည်ကိုဘွင့်၍ နေရခြင်း။ တံခါးနီ တံခါးကို ရောက်ပြန်သည်အခါလည်း။ ထိုနည်းတူဘွင့်၍ နေရခြင်းများမှာ ကြန့်ကြာရသော အကြောင်းများပင်ဖြစ်သည်။ ၂

၁။ လကဗဟ ၁၄၇ ၂။ မြန်မာပင်း ၄။ ခန်း ၄၆၃

မာရဘင်သင်းမှူး။ ။မာရဘင်စုသားတို့ကို ကွပ်ကဲရသောအမှုးအကြီး။

မရဘင်သင်းမှူးတို့ ဝတ်ကောင်း နားတောင်းယပ်နှင့် အပ်တော်မူသည် သင်းထားကိုစွဲ၍လိုက်ရသည်။ ၁

မာရဘင်သင်းမှူး ခန့်လျှင် ရွှေသားဆောက်ပြည့် အိမ်ပြည့်အပြောက်ထုထား ကို တိုက်တော်ကပေး၍ ဆောင်ရသည်။ ပြာသာဒ်တော်တွင် မြဲစွဲရသည်။ သူရဲကြီး သားတို့တန်းမှာ မမြဲရ။ ၂

၁။ လကဗဟ ၁၅၄ ၂။ လကဗဟ ၂၂၆

မာလိန်။ ။သင်္ဘောသူကြီး၊ ကပ္ပိတန်။

ဆိပ်တော်သို့ ဝင်ရောက်သည့် သင်္ဘောသမ္ဗန်များမှာမြစ်ဝ ၇ လံရေကကျောက် ဆူးချ၍ သမ္ဗန်ငယ်နှင့် မြစ်မာလိန်ရေးချားရှိသူကို မီးပြကင်း၊ သီလဝါကင်း၊ ခနုတ်ကင်းများသို့ ဝင်ရပါသည်။ သမ္ဗန်ရောက်လျှင် ကင်းသားတို့အတူလိုက်၍ မြို့ဝန်၊ အရာရှိတို့ထံ အစီရင်ခံ၍ ရေကြောင်း မြစ်မာလိန်ထည့်၍ ကျောက်ဆူးချ ရပ်မိလျှင် သင်္ဘောစီးကပ္ပိတန်၊ မာလိန်တို့ တက်၍ ရတနာပုံ တိုက်တော်မှာ တက်ပြီးလျှင် ရေဝန်၊ အရာရှိတို့ထံ စာရင်းချရသည်မှာ ကပ္ပိတန်၊ မာလိန် သန်လျင်တန်တစ်၊ ခလာသီ၊ အမြောက်၊ သေနတ်ခဲယမ်းမီးကျောက်၊ အသုံး အဆောင် ရောင်းရန် ကုန်အထည်အလိပ်အမျိုးမျိုးများကို ရတနာပုံ တိုက်တော်

www.burmeseclassic.com

www.burmeseclassic.com



မှာ သွင်းထားပြီးလျှင် သင်္ဘောတက်မ၊ ကြိုးများကိုနုတ်ချွတ်၍ သင်္ဘောမှာ အထက်စောင့် အောက်စောင့်ထား၍ စကားပြန်ရာပြတ်တို့နှင့် သင်္ဘောကိုအစုံအညီ တက်၍ ရှာဖွေစစ်ဆေးပါရသည်။[၁]

မြို့နယ်အတွင်း သင်္ဘောဆိုက်ရောက်လျှင် ပါသမျှကုန်အနက် မာလိန်ကြီးမှာ ကုန်အကည် ၁၅၀၊ မာလိန်ငယ်မှာ ၇၅၊ အကောက်တော်သွတ်၍ ကျန်သည်ကို ၁၀၀ လျှင် အကောက်တော် ၁၀၊ အကောက်တော် ၁၀ လျှင် တိုက်သွင်းစား ၂ ထည်တပိုင်းစားယူကြပါသည်။ ....မြစ်မာလိန်မှာ ၃ ပင်တိုင်လျှင် ငွေ ၃။ သင်္ဘော ၂ ပင်တိုင်လျှင် ငွေ ၂။ စားရိုးတွင်ကောက်၍ ၃ ပင်တိုင်လျှင် ၂ သင်္ဘော ၂ ပင်တိုင်လျှင် ၁၅ ဝိ စားယူပါသည်။[၂]

သန်လျင်မြို့ပျက်နှင့်ကြောင်းကိုကြား၍ မုတ်ရိုင်အရပ်တွင်နေသည်ကို ကုမ္ပဏီတို့က စာပေး၍။ မာလိန်တို့ကို သမ္ဘာန်နှင့်ခေါ်စေသည်။[၃]

၁။ ဟံသာဝတီမြို့ စစ်တန်း၊ ၆၄ ခု ၂။ ပုသိန်ရာဇဝင် ၇၅-၆

၃။ ကဘဆ ၁။ ၁၇၉

မာတရာဘက်။ ။တကျွန်းဖြစ်အထည်ကောင်းတမျိုး။

မာတရာဘက် သိုရင်းအင်းကျီ လက်ရင်းလက်ဖျား အနားချုပ်ရိုး ရွှေဇာသတ်။ အထည်ပိုးရည်တောင် ဇာခြယ်ကြယ်စီ။[၁]

မာတရာဘက် အင်းကျီကြီး လက်ဖျားဒုယင်ပါ။ အထည်ရွှေပွင့်ထိုး ပိုးရည်တောင်ဇာချယ် လက်ရင်းလက်ဖျားအနားချုပ်ရိုး ရွှေဇာကွပ်။[၂]

သင်္ဘောရောက် လက်ဆောင်တော်မှာ စက်အနားပါပုဆိုး ၁၊ မာသရဖက်အုပ် ချော ၂ များကိုဖာနှင့်သွတ်၍ တန်ဆိပ်ခတ်ပြီးလျှင် ဝါးရင်းတုတ် မြင်းအစုသားတို့ကိုအပ်၍ရွှေဘဝါးတော်အောက်ပို့ဆက်ရပါသည်။သင်္ဘောအဝင်လက်ဆောင်မှာသင်္ဘောတစင်းလျှင်....စက်အနားပါပုဆိုး ၁ စီ၊ မာသရဖက်အုပ် ၂။[၃]

၁။ မမမ ၉၆ ၂။ မမမ ၁၁၀

၃။ ဟံသာဝတီမြို့စစ်တန်း၊ ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းလှေ။ ။သံသုမာရလှေ။

သံသုမာရလှေမှာ....မွေ့လျော်ဘွယ်ရှိသော [မိကျောင်းလှေဆိုလိုသည်၊ ပညာရှိတို့ စပ်ဆိုသည်မှာလည်း....ရွှေဒွါရွှေလောင်း၊ မိကျောင်းမြင်းဆင်၊ ရုပ်သွင်ပီသ၊ ရဲလှေစသား၊ တောက်ပဝင်းဝင်းဟူ၍ စပ်ဆိုလေသည်။[၁]

နောက်တော်လိုက် မင်းမိဖုရား မင်းကိုယ်လုပ်တော် အမည်ရတို့မှာလည်း မိကျောင်းရုပ်အဆောင်စကြောမိုးဂု စရပ်ဖောင်းနှင့်လိုက်ရသည်။....မိကျောင်းရုပ် ရဲလှေကြီး နှစ်စင်းမှာ မင်္ဂလာအမြောက်တင်၍ ရှေ့တော်က မနီးမဝေး လက်ဝဲ လက်ျာ လိုက်ရသည်။[၂]

ရွှေလှေဝင်းလဲ့၊ ဟန်မူနွဲ့နှင့်၊ သူကြွယ့်ဝမ်းအောင်း၊ သမီးပေါင်းကား၊ မိကျောင်းလှေတော်။[၃]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၆ ၂။ မရက ၃။ ၆၀မ်း
၃။ မဃဒေဝ ပိုဒ် ၅၁

မိဂါသနပလ္လင်။ ။သမင်ရုပ်ခံသောပလ္လင်တော်။ ပိန္နဲသားဖြင့်ပြုလုပ်သည်ဟူ၍ရင်း၊ ရေသဖန်းသားဖြင့် ပြုလုပ်သည်ဟူ၍ရင်း အသီးသီးဆိုကြကုန်၏။

ဒက္ခိဏာပိန္နဲ။ သားရဲသမင်။[၁]

မြားမြောင်ပြည်ရေး၊ ဆွေးနွေးပြုရာ၊မင်္ဂလာသစ်ဆန်း၊ ရေသဖန်းဖြင့်၊တင့်ရှန်း ခံ့ပျံ၊ သားရဲခံလျက်၊ ဝင်းလျှံထိန်ဝါ၊ မိဂါသန၊ ပလ္လင်လှနှင့်၊ မည်ရမှန်ဟုတ်၊ တောင်စမုတ်တည့်။[၂]

သမင်ခံသော မိဂါသ နပလ္လင်တော်ရှိသော တောင်စမုတ်ဆောင်တော်။[၃]

၁။ ကုသ ပိုဒ် ၁၁ ၂။ မဃဒေဝ ပိုဒ် ၄၃
၃။ ရွှေနန်းသုံး ခန်း ၃၄

မိဖုရား။ ။ဘုရင်တပါးလျှင် မိဖုရားအများရှိသည်။ မိဖုရားတို့တွင်လည်း နေရာ အနိမ့်အမြင့် အလိုက် အဆောင်အရွက်များ ကွဲပြားကြသည်။

မိဖုရားစည်တော်စုံကား၊ မြှောက်စည် ၅ လုံး၊ တံပိုး ၂၊ အချိန် ဂဝိစိ၊ တံရှည် ၂၊ အချိန် ၃၅ ဝိစိ၊ တံမြှာ ၂၊ အချိန် ၃၅ ဝိစိ၊ ခရုသင်း ၁၊ လက်ချပ် ၁၊ တံပိုးကြီး ၁၊

www.burmeseclassic.com

www.burmeseclassic.com



အချိန်ငွေ ၁၊ စည်းဝန်း ၅၊ ငွေနဲ ၂၊ အချိန် ၁၅ ိစီ၊ စည်ပြောကြီး ၁၅၊ ပုံသာ ၁၊ လင်ကွင်း ၁၊ ငွေနဲကြီး ၂၊ အချိန်ငွေ ၂ဝိစီ၊ ခရာ ၂၊ အချိန်ငွေ ၃၅ ိစီ၊ သည်စည်တော်စုံများကို မိန်းမတို့ရှေ့တော်ပြေးစုသမ ဖွဲ့၍ တီးရသည်။[၁]

မိဘုရားလတ်။ မိဘုရားငယ်။ ကိုယ်လုပ်တော်အပေါင်းခြံရံလျက်။ ကွမ်းကိုင်ရေကိုင်ဆိုင်ရာ အခင်းအကျင်းသင်းပင်းကိုယ်ရံနှင့် ကျောက်မြောင်း စံနန်းတော်ရောက်ပို့တော်မူလိုက်သည်။[၂]

မိဘုရားကား။ စဉ်လျှားထုံးတမ်း။ ရှေးလမ်းခုနှစ်မည်။ တီးမြှောက်စည်ဖြင့်။ တံရှည်လည်းပါ။ တံမြွှာသမြေ။ ခွဲဝေညီညီ။ နှစ်စင်းစီတွင်။ တလီသံ့ခါ။မဇ္ဈိမဒ္ဒီ။ သတ္တစည်ဝန်း။ နှစ်ခန်းနှစ်ထပ်။ လက်ချပ်နှစ်စင်း။ ဒုန်မင်းတံပိုး။ ဆော်နှိုးညှင်းညှင်း။ တစ်စီကျင်း၍။ နောက်ခင်းပြောစည်။ ဆဲ့ငါးမည်တွင်။ ကြီးသည်နှဲဝယ်။ နှစ်စင်းဆွယ်မှ။ နှဲငယ်သုံးဝ။ သတ္တခရာ။ စည်ပုတ်ပါသည်။ ပုံသာလင်ကွင်း။ ဒုန်မင်းသံပြီ။တစင်းစီဖြင့်။ချချိညီညွတ်။ သတ်နှင့်ပဉ္စ။သချာရကား။ အဂ္ဂမဟေသီ။ ဒေဝီရတနာ။ တံထွာပေပျက်။ ဝင်ထွက်ခန့်ယင်။ အကျဉ်းဆင်၏။[၃]

မိဘုရားမှတပါး အခြားနန်းရ မိဘုရား အဆောင်ရမိဘုရားများလည်း သီခြားခန့်ထားရသည်။ မဟေသီဘိသိက်မြှောက်သည်ကို ခံရမှုနှင့် နန်းရ။ အဆောင်ရအရာတွင် မပါမဝင်သေး။.... နန်းရခေါ်သော မိဘုရားများလည်း။ အနောက်နန်းထက်အလယ်နန်း။ အလယ်နန်းထက်မြောက်နန်း။ မြောက်နန်းထက် တောင်နန်းမှာသာ၍ အရာမြင့်သည်။.... သာမန်မြို့စား ရွာစား မိဘုရားများထက်။ အဆောင်ရမိဘုရားမှာ အရာမြင့်သည်။ အဆောင်ရ မိဘုရားများမှာလည်း။ မြောက်ရွှေရေးထက်။ တောင်ရွှေရေး။တောင်ရွှေရေးထက် မြောက်ဆောင်တော်။ မြောက်ဆောင်တော်ထက် တောင်ဆောင်တော်ကမြင့်သည်။[၄]

မိဘုရားကလေးဖြစ်သည်နှင့်တပြိုင်တည်း သလွန်တော်ကိုရွှေပိန်းထည့်ရသည်။[၅]

| | | | | | |
|---|---|---|---|---|---|
| ၁။ | လကဗဟ | ၂၂ဝ | ၂။ | ကဘဆ ၁။ | ၁၂ဝ-၁ |
| ၃။ | ကုသ ပိုဒ် ၁၅ | | ၄။ | မြန်မာမင်း ၄။ | ခန်း ၄ဝ၁ |
| ၅။ | ရွှေနန်းသုံး | ခန်း ၄၆ | | | |

မိဖုရားကြီး။ ။မိဖုရားခေါင်ကြီး။ တောင်ညာစံ အဂ္ဂမဟေသီ။

မိဘုရားကြီးဆိုသည်မှာလည်း။ ရာထူး သီးခြားပင်ဖြစ်သည်။ အထူးသီးခြားခန့်ထားတင်မြှောက်မှ မိဘုရားကြီး ဖြစ်ရသည်။ မိဘုရားကြီးကိုပင်။ အသျှင်

www.burmeseclassic.com

www.burmeseclassic.com


နန်းမတော်ဟူ၍ရှင်း။ တောင်နန်းမတော်ဟူ၍ရှင်း။ မိဘုရားခေါင်ကြီး ဟူ၍ရှင်း ခင်မမင်းဟူ၍ရှင်း။ အသီးအသီး ခေါ်ဝေါ်ရေးသားလေ့ရှိသည်။

အိမ်နိမ့်စံစဉ်အခါဝယ်။ ငယ်လင်ငယ်မယားဖြစ်ရုံ။ လက်ထပ်မယားဖြစ်ရုံနှင့် မိဘုရားကြီးမဖြစ်သေး။ ရှင်ဘုရင်မျိုး ရိုးရာ အစစ်ဖြစ်ခြင်း။ အသိအလိမ္မာနှင့် ပြည့်စုံခြင်း။ ဂုဏ်ကို များသောအားဖြင့်လိုက်၍ မိဘုရားကြီး ခန့်ထားလေ့ ရှိသည်။[၁]

ပုဂံကောင်းစားစဉ်အခါက တောင်ပြင်သည်။ မြောက်ပြင်သည်။အလယ်ပြင် သည်ဟူ၍သာ။ မိဘုရားကြီး ၃ပါးထားလေ့ရှိသည်။....မိဘုရားကြီးနှင့်ဆိုင်သော အနောက်ပွဲတက်အခမ်းအနားမှာလည်း နေရာစဉ်အလျောက် ချီးမြှောက်ချထား သော ကတော်မယားများ၏ နေရာတွင် လက်ယာဘက်က နေရာရသူများမှာ အရာမြင့်သည်။ လက်ယာဘက်ဆိုသည်ကား။ မိဘုရားကြီးသည်။ အနောက်ကို မျက်နှာပြု၍ ထိုင်သည့်အခါ လက်ယာဘက်ကျသည်ကို ဆိုလိုသည်။[၂]

သန့်လောင်းအပ်သော အဘိသိက်ရှိသော မိဘုရားကြီးသည် မဟေသီမည်၏။[၃]

ကေရာဇ်မင်းမြတ်မှာ စိန္တာမဏိမကိုဋ်ဒုရင် အဆင်တန်ဆာတော်နှင့်။ အသျှင် နန်းမတော်မိဘုရားခေါင်ကြီးဘုရားမှာ။ ဃနမတ္တက အဆင်တန်ဆာတော်နှင့် မြေနန်းဦးကင် သီဟာသနရာဇပလ္လင်တော်သို့ ထွက်စံတော်မူ၍။[၄]

အနောက်စမုတ်ဆောင်တော် ပဒုမာသနရာဇပလ္လင်တော်သို့ အသျှင် ၂ ပါး ထွက်စံတော်မူပြီးလျှင်။ ကေရာဇ်မင်းမြတ်မှာဝဲဘက်။ အသျှင်နန်းမတော်မိဘုရား ခေါင်ကြီးဘုရားယာဘက်က စံတော်မူ၍ မင်းသွီးကတော်မယားတို့ ကန်တော့ ခံတော်မူသည်။[၅]

အဂ္ဂမဟေသီ မိဘုရားခေါင်ကြီးက သားတော်သမီးတော် ဘွားမြင်သည့် အခါမှာ .... ရွှေပြည်စိုးက ဝတ်ကောင်းဝတ်သန့်နှင့် အိမ့်ရှင်စည်တော်ကြီးကို တီးရသည်။[၆]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | မြန်မာမင်း | ၄။ | ခန်း ၄၇၁ | ၂။ | မြန်မာမင်း | ၄။ | ခန်း ၄၇၁ |
| ၃။ | ရွှေနန်းသုံး | | ခန်း ၂ | ၄။ | ရွှေနန်းသုံး | | ခန်း ၇ |
| ၅။ | ရွှေနန်းသုံး | | ခန်း ၁၀ | ၆။ | ရွှေနန်းသုံး | | ခန်း ၈၄ |

www.burmeseclassic.com

www.burmeseclassic.com



ငါးထပ်ဘုရားဒါယကာမင်းတရားလက်ထက် သက္ကရာဇ် ၁၀၁၄ ခုတွင် မယ်တော် မိဖုရားလွန်သည်ကို ရှင်မိဖုရားကြီးတို့ကို သင်္ဂြိုဟ်သည်နည်း လွှတ်တော်အရှေ့ မြောက်ထောင့်တွင် သင်္ဂြိုဟ်သည်။[၇]

အင်းဝမင်းတို့ မိဖုရားကြီးလွန်သည်ကိုလွှတ်တော် အရှေ့မြောက်ထောင့်တွင် သင်္ဂြိုဟ်သည့်အစဉ်ကား၊ ပိတ်ပုဆိုးကို အတွင်းအပြင် ဖယောင်းဆိုးပြီးလျှင်ရွှေပိန်း ထည့်သည်။[၈]

၇။ လကဗဟ ၂၅၂ ၈။ လကဗဟ ၂၅၃

မိဖုရားဝန်။ ။မိဖုရား၏ အစီးအပွားကို စောင့်ရှောက်ဆောင်ရွက်ရန်ခန့်ထားသည့်ဝန်။

ရှင်းပြင် မိဘုရားများနှင့်စပ်ဆိုင်သော ခန်။ စာရေးကြီး။ ဘဏ္ဍာစိုး....စသော အကြီးအကဲများမှာ။ ရှင်ဘုရင် သဘောအလျောက်ဖြစ်စေ။ သက်ဆိုင်ရာမိန်းမ များနှင့်ဖြစ်စေ။ ဆွေးနွေးမေ မြန်းပြီးလျှင်။ အသီးအသီး ဆိုင်ရာဆိုင်ရာ အရာရှိ အကြီးအကဲများကို ခန့်ထားခြင်း။[၁]

မင်းလှရာဇာဘွဲ့နှင့် မိဖုရားဝန်၊ နောက်မင်းကြီးကျော်ထင်ဘွဲ့နှင့် ဝန်ကြီး၊ ရေနံ မြို့စား။[၂]

၁။ မြန်မာမင်း ၄။ ခန်း ၄၈၁ ၂။ မသဂ ၄၅။ ၁၅၅

မီးကျင်း။ ။ထမင်းဟင်းချက်ပြုတ်သည့် မီးကိုထည့်ဖိုသည့် မြေကျင်း။

ထမင်းချက်ပြုတ်သည်မှာလည်း ကျင်း ၃ ပြည့်တူး၍ ချက်ချိန်ကိုသာ ချက်စေ။ နံနက်လေးချက်တီးကျော် ၃ မောင်းချက်ပြုတ်၍ မီးသေငြိမ်းစေ။ ည ၃ ချက်တီး ကျော် ၂ မောင်းတွင် မြို့ဝန်တို့ မောင်းခတ်လျှင် ထမင်းချက်စေ။ ၎င်း ၃ ချက် တီးကျော် ၇ မောင်းကို မီးသေငြိမ်းစေ။ ချက်ပြုတ်ချိန် မောင်းခတ်သည့်အချိန် တွင် ဂ လွှတ်သည့်အချိန်တွင် တအိမ်မျှ မီးပွါးမီးပေါက် မပွင့်မရှိစေနှင့် မီးကျင်း တွင် မီးဆော်ကို အမှိုက်ကြက်မွေးနှင့် ထိုးစမ်းသတ်စေ။[၁]

၁။ အလမအ ၂၄၇

မီးစာ။ ။ သေနတ်မီးစာ။ မြန်မာနိုင်ငံတွင် ၁၈ ရာစု အသယ်အထိ အသုံးပြုခဲ့သော သော သေနတ်များသည် ယမ်းကို မီးကူးပြီးမှပစ်ခတ်ရသော သေနတ်များဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် မီးကူးစေရန် မီးစာများ လိုအပ်ကြသည်။ မီးစာဟူရာ၌ ထိုသေနတ်မျိုးတွင် အသုံးပြုသော မီးစာပင်ဖြစ်သည်။

သည်နောက် ကုလားပျိုသေနတ်စုသား လူ ၁၀၀ တို့ ပေါင်းပိခံ ပေါင်းထုပ် ကုလားဦးရစ် အင်းကျီသည်များကို ပန်းဆိုးဆင်ဝတ်၍ သေနတ် မီးစာစုံနှင့်ထမ်း၍ လိုက်ရသည်။[၁]

၁။ လကဗဟ ၁၅၃

မီးစာ။ ။စာရေးနည်းတမျိုး။ ထိုရေးနည်းမျိုးနှင့် ရေးထားသည့်စာသည် ပကတိမျက်စိဖြင့် ကြည့်၍မမြင်နိုင်ပေ။မီးအပူဓါတ်ရသောအခါတွင်မှ ရေးသားထားသည့် အက္ခရာတို့သည် ထင်ရှားစွာ ပေါ်ထွက်လာသည်။

ကညစ် ဏ္ဍကူ မမ်သစ္စေရှေ ရေမီးစာ မှောင်စာကျေ ဒူဂဏန်းသုံဝဏ္ဏလိပ်စာသပ် စာရေ၏ အင်္ဂါတိုဝ်နှိုက်လည်ကောင်း။[၁]

၁။ တိလောကကျောက် မျက် ၂၉

မီးစာခွေ။ ။အခွေလိုက်ထားသည့်သေနတ်မီးစာ။

အင်းဝမင်းထွက်သွားလျှင် အဆောင်နီဆောင်သည်ကား.... သေနတ်ဆေးဘူးနှင့် ၁၊ မီးစာခွေ ၁၊ နေရာသင်ဖြူး အနားမွမ်းလိပ်၍ ၁၊ သည်များကို အဆောင်နီစုသား ခေါင်းထုပ်ပေါင်းကိုင်၍ လိုက်ရသည်။[၁]

ဝေါပလာမရ မင်းသားတို့တွင် စစ်မက်ခန့်၍ ထမ်းရွက်ရလျှင်၊ လုံမတစ်ကို နီပါးထည်အိတ်သွတ် ၁ .... သေနတ်ဆေးဘူးနှင့် ၁၊ မီးစာခွေ၊ နေရာသင်ဖြူး လိပ်ဆောင်သည်။[၂]

၁။ လကဗဟ ၂၂၂ ၂။ လကဗဟ ၂၂၂

မီးစက်ကိုင်အမှုထမ်း။ ။လျှပ်စစ် မီးစက်နှင့် စပ်ဆိုင်သည့် အမှုထမ်း။

မီးစက်ကိုင်အမှုထမ်း ၅ တို့မှာ တလလျှင် စပါးတော် ၅၅ တင်း သနားတော် မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၄၉

www.burmeseclassic.com

www.burmeseclassic.com



မီးဆော်။ ။ရပ်ကွက်တွင် မီးရေး ထင်းရေးကို နှိုးဆော်ကြည့်ရှုသော ပုဂ္ဂိုလ်။

ချက်ပြုတ်ချိန် မောင်းခတ်သည် အချိန်တွင်က လွတ်သည် အချိန်တွင် တအိမ်မျှ မီးပွား မီးပေါက် မပွင့်မရှိစေနှင့် မီးကျင်းတွင် မီးဆော်ကို အမှိုက် ကြက်မွေးနှင့် ထိုးစမ်းသတ်စေ။ သေငြိမ်းသည်ကာလဖြစ်လျက် မသေမငြိမ်း စစ်သည်အညီအမှိုက် ကြက်ပွေးကို စွဲလောင်လျှင် မီးရှိသည် အိမ်ရှင်ကိုခေါ်၍ မြို့ဝန်ရုံးမှာ ပို့အပ်ရမည်။ လမ်းခရီးကိုလည်း ဆေးအိုး ဆေးတန်သောက်၍ မသွားမလာစေနှင့်။ သွားလာလျှင် ဆေးအိုး ဆေးတံကို လိုယူသိမ်းထားရမည်။ မီးဆော်တို့ တနေ့ ငါးကြိမ် လှည့်ပတ်စစ်ကြောစေ။[၁]

၁။ အလမဘ ၂၅၇

မီးပေါက် - လက်နက်တမျိုး။

လေမြှာလှ မီးပေါက် ရန်ဖေရောက်သော ပစ်ခြောက်စရာဆောက်အုံပါလျက် လေသာလင်ယည် ကြောလဲချည်ရအာခည်ခည်။[၁]

သေနတ် မီးပေါက် အမြောက် စိန်ပြောင်း ထောင်းထောင်းပစ်လွှတ်ကာ....။[၂]

တပ်ထိပ်က သေနတ် မီးပေါက် အမြောက် စိန်ပြောင်း သူရဲသူခက် လက်နက် ကိရိယာ ကြာချပ်ကဲ့သို့ အထပ်ထပ်တင်၍။[၃]

ဆင်မြင်းများက၊လေးမြား မီးပေါက်၊အမြောက် သေနတ်၊မှူးမတ်နန်းလျှာ၊[၄]

၁။ စကုကန်ကျောင်းကျောက်သ၊ ၇၉၆ ၂။ ကဘဆ ၁။ ၁၀၁
၃။ ကဘဆ ၁။ ၁၂၉ ၄။ ပေါင်းချောင် ပို့ဒ် ၅၉

မီးဖောင်။ ။ရေကြောင်း တိုက်ပွဲများတွင် ရန်သူလှေတပ်ကို မီးသင့်စေရန် လွှတ်မျှောသည့် မီးဖောင်များဖြစ်သည်။

တလိုင်းတို့က မီးဘောင် အများလုပ်၍ ဒီရေတက်ကို မျှောသည်။ သင်းဘော စီးသင်းဘောစောင့် ဗိုလ်မှူး တပ်မှူးတို့လည်း တလိုင်းတို့မျှောသော မီးဘောင် ကို လှေထက်က ဝါးနှင့် တွန်းဘယ်လျှင် မီးဘောင်ငယ်များဖြစ်၍ လွတ်ရှေမျော လေသည်။ နောက်တဖန် တလိုင်းတို့ ဟံသာဝတီမြစ်နှင့်အမျှ မီးဘောင်ကြီးကို

www.burmeseclassic.com



မိးရှို့၍ မျှောရာတွင်။ ရဲမက်တော်တို့ ကိုယ်ကို ရွှံ့ညွှန်လူးပြီးလျှင် ရေထဲကနေ၍ ရေစွတ်ပုဆိုးနှင့် ပုတ်ခတ်၍ မိးကိုသတ်သည်။ မီးချိတ်မီးကပ်နှင့် ချိတ်ငင်၍ မီးကို သတ်သည်။ မီးဘောင်တွင်လည်း လူမပါဖြစ်၍ မီးဘောင်နစ်မွန်း ပျောက်ပျက် လေ၏။[၁]

ခြသေ့်မင်းကျော်၊ ဘကြီးတော်လျှင်၊ ထွန်းပေါ်ရွှေညာဏ်၊ မီးဘောင်ဖန်၍၊ လျှင်မြန်တဆော၊ ယွန်းလိုက်မျှောက၊ သဘော်ထိန်ဝင်း၊ ခုနှစ်စင်းကို၊ ရှိန်ပြင်း တောက်လောင်၊ ဘူးဘူးပြောင်၏။[၂]

၁။ ကဘဆ ၁။ ၂၁၁ ၂။ ပေါင်းချောင် ပိုဒ် ၃၉

မီးဖုန်းပွဲ။ ။တပို့တွဲလတွင် ကျင်းပသည့်ပွဲတော်။

တပို့တွဲလဆန်း ၈ ရက်နေ့မီးဖုန်းထင်းယူရာမှာ ရှေ့ဖျားစမြောင်သဘင်တော်စုံ ခံသည်။ နောက်ရှေ့ဝင်းက ထင်းခုတ်လူ ၂၅၀၊ လကျာ်ဝင်းက ထင်းခုတ်လူ ၂၅၀၊ လက်ဝဲဝင်းကထင်းခုတ်လူ ၂၅၀၊ နောက်ဝင်းက ထင်းခုတ်လူ ၂၅၀၊ ၄ စု ကိုယ်ရံတော် ၁၀၀၀တို့ လိုက်ရသည်။ သည်နောက် မြင်းနှင့် မြင်းတော်သည် ခမောက်ဆောင်း ၁၀၀၊ သည်နောက် အကြီးအမတ် ၂ယောက် ခမောက်အဆောင် အရွက်နှင့် မြင်းစီး၍ လိုက်ရသည်။ မဟာမြတ်မုနိသို့ရောက်လျှင် သဘင်ခံ၍ နေရသည်။ ကိုယ်ရံတော်တို့ ထင်းခုတ်သွားရသည်။ ပြည့်စုံလျှင် အစဉ်အတိုင်း ပြန်လှာ၍ အရှေ့ရုံးတော်သို့ရောက်လျှင် ထင်းကိုထင်းစင်တွင် ထား၍ကိုယ်ရံတော် တို့ စည်းရသည်။

တပို့တွဲလဆန်း ၁၄ ရက်နေ့ကို ဝင်းစချီတို့က ထင်းစည်း ၁၀၀၀ ရုံးတော်တွင် တင်လှာသည်။

ညနေ ၄ ချက်တီးကို မင်းသားမင်းမြေး မှူးတော်မတ်တော်တို့ ဝတ်ကောင်း နားတောင်းနှင့် သနားတော်မူသည့် အဆောင်အရွက်ကို စီးနင်းဆောင်ရွက်၍ ရုံးတော်နေရာသို့ သဘင်တော်တက်ရသည်။ ညနေ ၄ ချက်တီးက ည ၁ချက်တီးမှ သက်သွားရသည်။

ကျီဝန်ကရာဂုအိုး ၁၀၀၀နှင့်ထမ်းစင် ၁၀၀၀၊မယ်ဖျူး ၁၀၀၀ကို သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန်တို့ကြပ်မ၍ လှူမြဲကျောင်းဘုရားမှာ တင်လှူရသည်။

တပို့တွဲလဆန်း တဆဲ့ငါးရက်နေ့၊မီးဖုံးယာဂု ပူဇော်လှူဒါန်းတော်မူသည်။[၁]

၁။ လကဗဟ ၃၅၅-၆ ၂။ ကဘဆ ၁။ ၂၃

www.burmeseclassic.com

www.burmeseclassic.com



ပိုးမယ်ဖျူး॥ ॥မီးထည့်သည့်မြေအင်

ဆီးသားယောက်မ ၁॥ ရွှေရုံး॥ ဆီးသားထင်းစည်း ၁ ရင်း॥ သံခုံလောက် ၁ ပန်းဘဲဝန် ပန်းဘဲစာရေး॥ မီးပယ်ဖြူ ၁ ရွှေတိုက်॥ မျက်နှာကြက်ကြာယပ် ၁-အချုပ်တိုက်॥[၁]

ဝင်းစချီတို့က ထင်းစည်း ၁၀၀၀ ရုံးတော်တွင် ပင်လှာသည်။ ရွှေတိုက်ဝန်က မယ်ဖျူး ၁၀၀၀ တင်လှာသည်။[၂]

၁॥ မပမ ၁၀၁ ၂॥ လကဗဟ ၃၂၆

ပိုးမောင်း॥ ॥ရတ်ပ်တွင်းကသာ မီးမောင်း စသော အမြောက် စိန်ပြောင်း သေနတ် လက်နက် စီစဉ် ခင်းကျင်း၍....ရဲမက်တော် အပေါင်းတို့ မီးမောင်းထွန်း၍ မီးရောင်တွင် မြင်သမျှကို ရှယ်ကာရှယ်ကာ ပစ်လွှတ်လျှင် အထိအပါး အသေအဆုံးများသည်နှင့်။[၁]

၁॥ ကဘဆ ၁॥ ၂၁၀

ပိုးရှုးမြင်ခြင်း॥ ॥မိဖုရားခေါင်ကြီးသားတော် သမီးတော်ဖွားမြင်သည်ကို ခေါ်ဝေါ်ခြင်း॥ အခြား မိဖုရားများနှင့် စပ်လျဉ်း၍ ဤသို့ မခေါ်ဝေါ်ရပေ။

တောင်နန်းညာနေ အဂ္ဂမဟေသီ မိဘုရားခေါင်ကြီးက သားတော်ဖြစ်စေ သမီးတော်ဖြစ်စေ ဘွားမြင်တော်မူသည့်အခါ။ မိုးရှုးမြင်တော်မူသည် ဟူ၍ ခေါ်ဝေါ် ပြောဆိုမြဲဖြစ်သည်။ရင်း မိုးရှုးမြင်သည် ဟူသော ဝေါဟာရကို မြောက်နန်းတော် မိဘုရား။ထိုနောက် အလယ်နန်းတော် မိဘုရား॥ ထိုအောက် အနောက်နန်းတော်မိဘုရား....ထိုအောက် မိဘုရားကလေးများအထိ သားတော် သမီးတော်မြင်လျှင် မိုးရှုးမြင်သည် ဟူသော ဝေါဟာရကို မသုံးစွဲရ။[၁]

၁॥ ရွှေနန်းသုံး ခန်း ၃၃၇

မီးလောင်တိုက်॥ ॥အလောင်းကို မီးသင်္ဂြိုဟ်သည့် လောင်တိုက်။

အလောင်းတော်ကို ရွှေနန်းတော်ကသည် မြေနန်းတော်မြောက် လက်ဝဲမာရဘင် တံခါးကထွက်၍ လွှတ်တော်မြောက် တံခါးနီထွက်၍ အစဉ်အတိုင်းလာ၍ မီးလောင်တိုက်သို့ ရောက်လျှင် မီးအိုး၊ မီးသတ်အိုး၊ ကွမ်းဗူး၊ နံ့သာဗူး၊ ကူမြှီးပွဲ သည်များကို ရာဇမှတ်တွင်းတွင်ထားရသည်။[၁]

၁॥ လကဗဟ ၂၅၀

www.burmeseclassic.com

www.burmeseclassic.com



ပြော့ကြီးမှူး အမိန့်တော်ကိုခံ၍ မီးလောင်တိုက်တွင် သင်္ဂြိုဟ်သူအကြီးရှိရာသို့ ပြော့ကြီးမှူး အမိန့်တော်ကိုခံ၍ ပြန်ပြီးမှ အလောင်းတော်ကို ဖို ၆ လုံးထိုးပြီးမှ မီးထ၍ မီးခိုးမြင်မှ....'

ကျွန်တော် ခေါင်းသူကြီးသေလွန်လျှင် တလားပိတန် နီပါးထည်ကပတ် ကန်အောင်ရွှေပြည့်ငှက်ချည်ကန် မီးလောင်တိုက် ပျတ်ချည်သွားစဏ္ဍားယမားငှက် ပြောပလွင်....မီးယပ်ပေါင်နှင့် သင်္ဂြိုဟ်ပါသည်။[၃]

၂။ လကဗဟ ၂၅၂ ၃။ မသဂ ၃၃။ ၄၀

**မီးလောင်တိုက်။** ။မီးပုံ၍တိုက်အပြစ်ဒဏ်ပေးရာတွင် အသုံးပြုသည့် မီးလောင်တိုက်။

မီးပုံ၍တိုက်အမိန့်တော်အရ လွှတ်တော်ကဆင့်ဆိုလျှင် မီးလောင်တိုက်ဆောက်လုပ်ရန်မှာ နောက်မျက်နှာထောင်မှူး ထောင်စချီတို့ကို ရုံးတော်က ဆင့်ဆို၍ ထောင်မှူး ထောင်စချီတို့က သစ်ဝါးကြိမ်များကို ကောက်ယူ၍ သုဿာန်သို့ ရောက်လျှင် စဏ္ဍာလသားတို့က မီးလောင်တိုက်ကို ဆောက်လုပ်ရသည်။ ရှို့ရန် ယမ်းမှာ လူအင်ကိုထောက်၍ လွှတ်တော်မှာ ၅ဝ တန်သည် တပိဿာတန်သည် နှစ်ပိဿာတန်သည်ကို အစီရင်ခံ၍ တောင်းယူရသည်။ ယမ်းမှာအနောက်ထောင်မှူး ထောင်စချီတို့ကို ရုံးတော်ကအပ်သည်။ ထောင်မှူး ထောင်စချီတို့က ဆိုင်ရာ ငယ်သားတို့ကိုဆင့်ဆို၍ စဏ္ဍာလသားသို့ အပ်ရသည်။ ယမ်းကို မီးလောင်တိုက် တိုက်ခဲ့အောက်က လောင်စာမိုက်ပုံတွင် ယမ်းကိုထုတ်၍ ထားရသည်။ မီးလောင်တိုက် သွင်းမည့်သူတို့ကို တောင်းမြဲသုံးတန်းနှင့် ဝန်းရံမြဲဝန်းရံ၍ ယူသွားသည်။ သုဿာန်သို့ရောက်လျှင် ငင်းလူတို့ကို လက်မရှိသားတို့က ထုတ်စည်းမြဲထုတ်စည်း၍ လောင်တိုက်အတွင်း သွင်းရသည်။[၁]

၁။ ရွှေရုံးစာတမ်း ၏ကျော

**မီးသွေးဖုတ်အမှုထမ်း။** ။နန်းတွင်း၌ သုံးဆောင်ရန် လိုအပ်သော မီးသွေးကို ဖုတ်လုပ်ရသည့် အမှုထမ်း။

ဆောင်းလအခါ လှူံတော်မူသော လက်တော်ကင်မီးသွေးမှစ၍ အခမ်းအနား အလျောက် မီးသွေးအလိုရှိသည့်အခါ မီးသွေးဘုတ်အမှုထမ်းတို့ကို တိုက်စိုးတိုက် စာရေးတို့က စာပေးအပ် ဆင့်ဆိုသွင်းပေးရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၉၇

www.burmeseclassic.com

www.burmeseclassic.com



မီးအိုး။ ။မီးထည့်ရန်အိုး။

အင်းဝမင်းထွက်သွားလျှင် အဆောင်နီဆောင်သည်ကား....နှံကဝိုင် မီးအိုးနှင့် ၁၊ မီးအိမ်အရိုးအတံနှင့် ၁။[၁]

အလောင်းတော်ကို ရွှေနန်းတော်ကသည် .... အစဉ်အတိုင်းလာ၍ မီးလောင်တိုက်သို့ရောက်လျှင် မီးအိုး၊ မီးသတ်အိုး၊ ကွမ်းဗူး၊ နံ့သာဗူး၊ ကုဗ္ဗီးပွဲ၊ သည်များကိုရာဇမှတ်တွင်းတွင် ထားရသည်။[၂]

၁။ လကဗဟ ၂၂၂ ၂။ လကဗဟ ၂၅၀

မီးအိမ်။ ။သည်နောက် ဆီမီးထွန်းမှုနှင့် မီးအိမ်အရိုးအတံကိုကိုင်လျက် ဆီမီးထွန်းစုသားတစု။[၁]

အင်းဝမင်းထွက်သွားလျှင် အဆောင်နီဆောင်သည်ကား....နံကဝိုင်မီးအိုးနှင့် ၁၊ မီးအိမ်အရိုးအတံနှင့် ၁၊ သောက်ရေတော်မှူတာ ပဝါနီအုပ် ၂။[၂]

သင်းဘောတန်ဆာအစုံနှင့်။ ဖန်လုံး မှန်လုံး ဆီမီးအိမ်။ လေးထောင့် ခြောက်ထောင့် ရှစ်ထောင့် မီးအိမ်။ ရွှေအိမ်ငွေအိမ်နှင့် သုံးတောင်ပြည့်မှန်ကြီး။[၃]

ညဥ့်မှုညဥ့်ခင်းမှာလည်း အမှုအခင်းမရှိသည်ကို ညဥ့်တချက်တီး ကျော်လျှင် မသွားလာစေနှင့် မြစ်တားရမည်။ အမှုအခမ်းရှိ၍သွားလျှင် မီးအိမ်နှင့်သွားလာကြစေ။ လူဆော်တို့မပြတ်လှည့်ပတ်စစ်ကြောစေ။[၄]

၁။ လကဗဟ ၁၅၅ ၂။ လကဗအ ၂၂၂
၃။ ကဘဆ ၁။ ၁၈၈ ၄။ အလမအ ၂၄၇

မုခတူး။ ။လှေတမျိုး။

ရဲလှေကုရွှတ် သက္ကဒါန် မုခတူး စသောအထောင်မလသော လှေတော်အပေါင်း။[၁]

အသင့်ရှိနှင့်သည့် တိုက်လှေမုက္ကတူးများနှင့် ဗိုလ်မှူး တပ်မှူး တပ်ပါရဲမက်စစ်သည်အပေါင်းတို့။[၂]

၁။ ကဘဆ ၁။ ၁၂၂ ၂။ ကဘဆ ၂။ ၃၃၈

www.burmeseclassic.com

www.burmeseclassic.com



မုရိုးစည်။ ။မင်းသုံးစည်တော်တမျိုး။

နတ်တို့က ပို့ဆက်လှာသည့် မုရိုးစည်ကြီး နှစ်လုံးမှာ....ကနကဒဏ် ထိးဖြူအပေါ် တွင် တဘက်တလုံးစီထားသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၅၆

မုရင်း။ ။ရေမသွင်းပဲ စိုက်ပျိုးသောစပါး။

မင်လှည်ခြောက်သန်လယ် ၂၀။ မုရျင်လယ် ၇၀။ အပေါင်သုတ် ၂၀။ လယ် ၉၀။[၁]

နှံဖဲခူရွာ သုကြိလက်မုရျင်စေယ်ဝ ၁ ပယ် နွေ့ဖိုဝ်ကာငွေ ၃၀၊ ဤသည်ကာတြ၂ ၁၀တ်။[၂]

ညောင်နှစ်ပင်နောက် မုရင် ၅ ပယ်။ ဤမျှသောလဲကာကလန်သံပျင်....။[၃]

တနှစ်ကောက်ကြီးသုံးရပ်၊ မရင်းနှစ်ရပ်၊ နှစ်လီနွေမိုးဃ်းဖြစ်ချေသည်။[၄]

သံမရင်းမရှိပါ တောင်ယာပဲခင်းသာလုပ်ပါသည်။[၅]

၁။ ပုံ ၂၃၃ မြောက်မျက်[၉] ၂။ စာရင်း ၃၈၈ မျက်[၁၀]
၃။ ကျောင်းတွင်းဓမ္မာရုံကျောက်၊ ရွှေပျက်[၁၁] ၄။ မနုကျယ် ၁၂
၅။ မသဂ ၃၃။ ၂၃၄

မေးထောက်။ ။လက်ဝဲမင်းခမ်းတော်တခု။

မေးထောက်တတွေ၊ ကျိုးခြေတပုံ။[၁]

သရစ်မောက်မောက်၊ မေးထောက်ဟန်လှ။[၂]

၁။ ဇနကပျို ပိုဒ် ၈၁ ၂။ အဘိရူက ပိုဒ် ၁၅၇

မဲအိုး။ ။မဲနယ်ရည် ကျိုချက်ရာတွင် အသုံးပြုသည့်အိုး။

မဲအိုးမှာ အိမ်ခြေ ၁၅၀၊ ၄ လုံး။ မဲအိုး ၁ လုံးလျှင် မဲချည်ချိန် ၅၀ အပိုအလွဲ ရင်းနည်း။[၁]

၁။ တလုပ်မြို့စစ်တန်း၊ ၇၅ ခု

www.burmeseclassic.com

www.burmeseclassic.com



**မော်ကွန်း။** ။မော်ကွန်တင်ပေသည့် ကာတပ်ကြီးသူကြီးတည်။[၁]

လျှ ညီးမျက်စုံ၊ ရွှေဝတ်လုံနှင့်၊ ရွှေပုံကျုံးယူ၊ ပေးတော်မူ၍၊ ဇမ္ဗူတရိုး၊ မော်ကွန်းထိုးလျက်။[၂]

မ် ကွန်ကိုကား ဘုရဒါယာ ကာ အတွင်ဝန်နေမ္မိ သြိဇေ၂ ကျ် ထင်စီရင်ရှယ်ကျ် ထင်နန္ဒမိတ်ရေသည်။[၃]

၁။ စာရင်း ၉၄၉ ကျော[၁]
၂။ ပေါင်းချောင် ပိုဒ် ၂၂
၃။ တိလောကကျောက် ကျော[၁၂]

**မော်ကွန်းတိုင်။** ။မြို့တံခါးအဝင်အထွက်တွင် စိုက်ထူထားသည့်တိုင်။

မြို့တံခါးပြင် အဝင်လက်ယာ အထွက်လက်ဝဲက မော်ကွန်းတိုင် ဆောက်၍ မော်ကွန်းရွက်တွင် ခြောက်ကြောင်းအက္ခရာတကြောင်းစီကူး၍ ရေးသားသည်။

ရွှေပြည်မြို့ဝယ်၊ လူတို့ထွက်ဝင်၊ တံခါးပြင်၌၊ ထင်ထင်ကြံ့ခိုင်၊ မော်ကွန်းတိုင်တွင်၊ မှိုင်မှိုင်သိသာ၊ အက္ခရာဆန်းထူး၊ တလုံးကူးစီ၊ ဖြောင့်စူးမစောင်း၊ ခြောက်ကြောင်းယှဉ်ယှဉ်၊ ထက်တစဉ်မှာ၊ စီလျှဉ်ကွက်ကွက်- ထင်ပြက်ပြက်လျှင်၊ ရေးလျက်သိသာ။[၁]

ရွှေမြို့တော်တံခါးဆယ်ရပ်ကို။ ရတနာသိင်္ဃ မြို့တော်ကြီး။ တံခါးအမည် မော်ကွန်းတိုင် စိုက်တော်မူသည်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၆၂
၂။ ကဘဆ ၁။ ၁၁၆

**မော်ကွန်းထိန်း။** ။ပုဂံမြို့နယ်မှ ရိုးရာအလိုက် ထမ်းရွက်ရသော အရာရှိတမျိုး။ ကျောက်စာများ ထိန်းသိမ်းရသည်။

မော်ကွန်းထိန်းဥတ္တမရာဇာနံ ၅တေးအသက် ၆၅နှစ်သူမှာ ဘေးငချစ်ထွန်းထိန်းပါသည်။ မရှိလျှင် ဘိုးငပြေထိန်းပါသည်။ မရှိလျှင် ဘငလှထိန်းသိမ်းပါသည်။ မရှိလျှင် ကျွန်တော်ညီဥတ္တမရာဇာအမည်နှင့် ၁၁၂၄ ခုနှစ်ကသည် ယခုတိုင် ထိန်းပါသည်။[၁]

၁။ မသက ၃၂။ ၅၅

www.burmeseclassic.com

www.burmeseclassic.com



မော်ကွန်းထိန်းဥတ္တနရာဇာမှာ မော်ကွန်းစာရင်းကျောက်စာကို ထိန်းသိမ်း၍ မြေမှုရိုးရာမှု အခြင်းများ စကားရှက်တင်ရှိလျှင် မော်ကွန်းကျောက်စာ စာရင်း ထုတ်၍ထုတ်ခအင်တန်စားပါရသည်။ မြို့မဥပစာနယ်တွင်းတွင် စားရိုးမြေအရှေ့ကို ထနောင်းကန်ရွာမြေစပ် ဘုရားကုန်းထိ တောင်ကို မကျည်းခလှ အခြားအနောက် ကို ကျောက်ကြူနှဖူးထိမြောက်ကို မင်းလမ်းစာချီမြေစပ် သည်နယ်လေးရပ် အရှေ့ အနောက်တတိုင် တောင်မြောက်တတိုင်ခန့်ရှိပါသည်။[၂]

၂။ မသဂ ၃၂။ ၆၀

မော်ယော်။ ။ဖဲညံ့တမျိုးဟူ၍ရင်း ပိုးထည်တမျိုးဟူ၍ရင်း ဆိုကြသည်။

လက်ဆောင်တော်မှာ၊ ဖဲမော်ယော်သည်။ ။တပ်တော်သို့ ဆက်သွင်း တည့်လေး။[၁]

၁။ ပေါင်းချောင် ပိုဒ် ၃၅

မိုးကြိုး။ ။ကြေးနှင့်ရွှေရောထားသည့်သတ္တု။ ဆင်းတု၊ ရုပ်တု၊ အဆောင်အရွက် စသည်များ ပြုလုပ်ရာ၌သုံးစွဲသည်။

ထိုမှတပါး။ မိုးကြိုးဆင်းတု။ ပယင်းဆင်းတု။ ဇူနွှနီလာဆင်းတု။ သန္တာဆင်းတု။ ဖလ်ဆင်းတု။[၁]

မင်းသားတို့မှာ ရွှေကျပ်မြင်းမိုရ်လက်ဘက်အိုးကိုစ၍ ပေးသည်။....သည်နောက် တကောင်းပိတ်ပေးသည်။ သည်နောက်ထား မိုးကြိုးဆင့် ဒိမ်ဖြူသက္ကလတ်အိတ် သွတ်၍ ဆောင်ရသည်။[၂]

ဇူနွှဂီရိ ဘုမ္မဂိရိသည် ၂ မြို့ကို အဆောင်ပေးလျှင် ငွေကျပ် ငွေလက်ဘက်အိုး စ၍ ပေးသည်။ သည်နောက် မိုးကြိုး ကျပ် မိုးကြိုး လက်ဘက်အိုးပေးသည်။[၃]

သငွေးတို့ကို အဆောင်ပေးသည်ကား ငွေကွမ်းအင် မိုးကြိုး ကြုတ်ခွက် မိုးကြိုး ကရားကိုပေး၍ ငွေကွမ်းအင်ကို ပိုးကွန်ချာအိတ်နှင့်သွတ်၍ ဆောင်သည်။ သည်နောက် မိုးကြိုးကွမ်းအင်ကြုတ်ခွက် ရွှေမိုးကြိုးကရားအထွတ် ရွှေကိုပေး၍ ဆောင်ရသည်။[၄]

ရွှေတော်ပြေး မိုးကြိုးထားလမိုင်းသား....အမှုထမ်းအစုစုများကိုလည်း။[၅]

၁။ ကဘဆ ၁။ ၂၀၀
၂။ လကဗဟ ၂၂၇
၃။ လကဗဟ ၂၂၀
၄။ လကဗဟ ၂၂၀-၉
၅။ ဇမ္ဗူ ၁၀၂

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးထားစုသား။ ။အစုအမှုထမ်းတမျိုး။

သည်နောက်ရှေ့ဝင်း မိုးကြိုးထားစုသားတို့ ဝတ်ကောင်းနားတောင်းထားသွား ချည်းထမ်း၍လိုက်ရသည်။[၁]

၁။ လကဗဟ ၁၅၃

မိုးကြိုးသွား။ ။ဂါမဝါသီ၊ ဦးထုပ်လုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား၊ တလပတ်နီဖြူ၊ ဆောင်ရွက်ကြကုန်သော၊အယူမညီသော ရဟန်းတို့ကိုလည်းမိမိအယူဝါဒ အသုံးအဆောင်တို့ကို ပယ်စေ၍။[၁]

၁။ ကဘဆ ၁။ ၇၁

မိုးနဲ့ရွှေလှံကိုင်။ ။မိုးနဲ့ရွှေလှံခေါ် လှံရှည်များကို ကိုင်ဆောင်ရသောလှံစွဲသူရဲ။

ထိုနောက် ရှေ့ဝင်းတော်မှူး၊ မိုးနဲ့ရွှေလှံကိုင် ကောင်ဟန်တရာနှင့် ဝင်းတပ်။ လက်ယာဝင်းတော်မှူး မိုးနဲ့ရွှေလှံကိုင်ကောင်ဟန်တရာနှင့် ဝင်းတပ်။ ထိုနောက် လက်ဝဲဝင်းတော်မှူး မိုးနဲ့ရွှေလှံကိုင်ကောင်ဟန်တရာနှင့်ဝင်းတပ်။ နောက်ဝင်းတော်မှူးမိုးနဲ့ရွှေလှံကိုင်ကောင်ဟန်တရာနှင့်ဝင်းတပ်။[၁]

ဆင်တော်ပါသည့်တပ် အခင်းအကျင်းများမှာ။ ဆင်ခြေဆုံး မိုးနဲ့ ရွှေလှံကိုကိုင်စွဲ စေ၍ ဆင်၏အပါးတွင် ကပ်မှီဝန်းရံလိုက်ပါ ထမ်းရွက်ရသူတို့ကို ဆင့်ဆိုစီရင်ရသည်။[၂]

၁။ ကဘဆ ၁။ ၁၂၀ ၂။ ရွှေနန်းသုံး ခန်း ၁၁၃

မောက်တို။ ။စစ်ဝတ်တန်ဆာနှင့် ဝတ်ဆင်ရသော ခေါင်းဆောင်း။

ဆင်တော်သည်တို့မှာ ခေါင်းထုပ်နီပေါင်း၍ မောက်ရှူ မောက်တို ပါးကာနားကာ ရှေကာ နောက်ကာဆင်ဝတ်၍ ဝတ်လုံချုပ်ကာနှင့် ထားခါးချည်လျက်ဆင်စီးရသည်။[၁]

နောက်ဝင်းမှူးကိုအပ်သည့် မောက်တို ရွှေထိပ် ရွှေကုံးကိုဝင်းမှူးလူ စစ်ဝတ်နှင့်မောက်တိုကို ဆောင်း၍ သည်ဆင်တပ်တွင်လိုက်ရသည်။[၂]

၁။ လကဗဟ ၁၅၁ ၂။ လကဗဟ ၁၅၆

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတို့ကို အပ်တော်မူသည် မောက်တို ရွှေထိပ် ရွှေကုံးနှင့် ဒုယင်သင်တိုင်းတို့ကို ပဝါနှင့် ထုပ်၍ နောက်သက္ကဒါန်တင်ဆင်တပ်တွင် ဝန်ကြီးတို့လူ ပိုက်၍ လိုက်ရသည်။[၃]

အင်းဝမင်းထွက်သွားလျှင် အဆောင်နီဆောင်သည်ကား... ခမောက်နီ အတင်နှင့် မောက်တို အတင်နှင့် စတ်ဝတ်ပုနီနှင့် ပုနိကြိုး ကွန်ချာရက်၍ ခက်သည်။[၄]

အရပ်ရပ်ဗိုလ်မှူး သူရဲ သူခက် ရဲမက်တော် အပေါင်းတို့မှာလည်း... ချပ်ဝတ် မိန်ညို၊ မျဉ်းတို မျဉ်းရှည်။ ပါလည်ကွေး ပါးကာ နားကာ။ ရွှေဘယက် နောက်ဘယက်။ မောက်ရူ မောက်တို စစ်ဝတ်တန်ဆာဆင်ကုန်လျက်။[၅]

စစ်နှင့်ဆိုင်သော အဆင်းတန်ဆာ ဟူသည်ကား။ ခေါင်းတွင် ပေါက်တို မောက်ရူ။ ကိုယ်တွင် မြည်းတို မျဉ်းရှည်တုရင် ဆင်ယင်သည်များကို ဆိုလိုသည်။ လုပ်ဆောင်ပုံမှာ ဘုရင်ခံ မင်းသားကြီး မြို့စား မင်းသားကြီး။ မင်းသားလတ်။ မြင်းမှူး မင်းသားခေါ်သော မင်းသားငယ်အားဖြင့် ၄-မျိုး ၄- စား ခွဲခြားထားသည်။မောက်တို မောက်ရူတွင် ဆင်ယင်ရသော စိန်ပွင့်များမှာ။ အိမ်ရှေ့ မင်းနှင့် ဘုရင်ခံ မင်းသားကြီးများမှာ ၂၁ ပွင့်စီ။မြို့စား မင်းသားကြီးများမှာ ၁၈ ပွင့်စီ။ မင်းသားလတ်များမှာ ၁၅ ပွင့်စီ။ မြင်းမှူး မင်းသားငယ်များမှာ ၁၂ ပွင့်စီ အဆင့်ဆင့်ခြားနားသည်။[၆]

ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် စစ်သူကြီးနေရာနှင့် နေရာလွှတ်နေတို့သည် မောက်တို ရွှေပိန်း။ ရွှေကုံး စိန်တောင် ၁၂။ ရွှေထိပ် ရွှေထွတ် ၄ှက်မနား စိန်ပွင့် ၁၂။ မှန်ကင်းစိုက်။ ကိုရင်း။ စော်ဘွားကြီး နောက်နေ တို့သည် မောက်တို ရွှေပိန်း။ ရွှေကုံး စိန်တောင် ၁၂။ ရွှေထိပ် ရွှေထွတ်၊ ၄ှက်မနား စိန်ပွင့် ၁၂။ ကိုရင်း၊ တော်ချွန်နေရာနေ၊ တော်နေရာနေနှင့် ဒူးနေရာနေတို့သည်။ မောက်တို ရွှေပိန်း။ရွှေကုံး စိန်တောင် ၉။ ရွှေထိပ် ရွှေထွတ်။၄ှက်မနားစိန်ပွင့် ၁၂။ ကိုရင်း။ စနည်းနေရာနေတို့သည်။ မောက်တို အုံ ရွှေပိန်း၊ အရပ်အနား သံ - ၄ ရွှေ။ ရွှေကုံး စိန်တောင် ၆။ရွှေထိပ်ရွှေထွတ်။ ၄ှက်မနား စိန်ပွင့်။ ကိုရင်း၊ အတွင်းဘဝေါ်နေရာနေတို့သည် မောက်တိုအုံရွှေပိန်း။အရပ်သံ ၄ ရွှေ၊ရွှေထိပ်ရွှေထွတ်၅။ ကိုရင်း၊ပြင်ဘဝေါ်နေရာနေတို့သည်။

၃။ လကဗဟ ၁၅၂

၄။ လကဗဟ ၂၂၂

၅။ ကဘဆ ၁။ ၁၂၃

၆။ မြန်မာမင်း ၄။ ၄၇၉

www.burmeseclassic.com

www.burmeseclassic.com



မောက်တို အုံ အနီ။ ရွှေကြာချပ် ၇။ အရပ်သံ ၃ ရွှေ။ ရွှေထိပ် ရွှေထွတ် စိန်ပွင့် ၃။ ကိုရင်း အသီးသီး ရကြသည်။[၇]

ကျွန်းလှရွာ ရွှေမှူး သုဝဏ္ဏကျော်ခေါင်နော်ရထာကို မောက်တို ရွှေပိန်း အလယ်သံ ၅ သစ် ရွှေကုံး စိန်တောင် ရွှေထိပ် ရွှေထွတ် ငှက်မနား စိန်ပွင့် ၇။[၈]

အရပ်လေးတောင် အထက်ကြီ မြင့်သန်မာသူတို့ကို အစုစုက ရွေးကောက်တော်မူ၍။ ရွေးရလူစုကို နတ်ရွေးရန်နိုင် ဟူသော အမည်ပေးပြီးလျှင်။ သနားတော်မူသည်ကား....ထွက်တော်မူ ဝင်တော်မူ အခမ်းအနားများမှာလည်း။ မောက်တို ထွတ်တွင် သက္ကလတ်ဝါ ပန်းပွါးတပ်ကို ဆင်ယင်၍ နောက်တော်လိုက်ရသည်။[၉]

၇။ မြန်မာမင်း ၄။ ခန်း ၄၇၉ ၈။ ဦးသောင်းစာစု
၉။ ရွှေနန်းသုံး ခန်း ၃၇

မန်ကျည်းကွေးထန်းလျက်။ ။သန်းလျက်ကောင်းတမျိုး။

မကျည်းကွေ့ထန်းလျက် အချိန် ၁၀.... နှစ်စည် အနောက်ရုံးတော်မှာ စု၍ အနောက်ဝန်တို့က ဆက်သွင်းရသည်။[၁]

၁။ မသက ၄၄။ ဂ၃

မန်ကျည်းမှည့်။ ။ဆဲ့နှစ်မှုမင်းတိုင်းအဝင်။

မြင်းဆေးသမားဆင်ဆေးသမားတို့ကအခါခါပ်သိမ်းကြည့်ရှုကြပ်မ၍သင့်လျော်သော ဆေးဝါးကို ဘော်နှောကျွေးရသဖြင့် ပင်းဆင်ဆေး မြင်းဆေး ဘော်နေရာ နှိုက်အသုံးပြုရန်အတွက် ဆက်သွင်းရခြင်းဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

မြေတင်းကုပ်။ ။ပုဂံမင်းတို့စံမြန်တော်မူသည့် အဆောက်အဦတမျိုး။

ဥတ္တမဖရစ်မင်မိယာအိုန်ညယ်စွန်ကိုဝ်ခဝ်ရှယ် မ္လယ်တင်ကုပ်လျှင် ထုယ်တဝ် ခ္လဧ မင်ကြီမိန်ဧ။[၁]

၁။ ပုံ ၂၂ဂ ခ[၁၁]

www.burmeseclassic.com

www.burmeseclassic.com



မြေတိုင်စာ။ ။မြေတိုင်ရာထူးခန့်ထားသည့် ခန့်စာ။

အသည်ဝန်ကြီးပေးသည့်စာ၊ မြေဘိုင်ကြီးတို့က ပေးသည် မြေတိုင်စာများကို လည်း တင်၍ရှိသည်။ မြေဘိုင်ရှိရိုးမှန်သည်။ မြေတိုင်ကြီး ငရွှန်းလျှောက်ချက် အတိုင်း သဖန်းပင်ရွာမှာ ငချင်းသား ငမြတ်ကျော်ကို တိုင်ဆောင်စေ။ မြေတိုင်စာ အပ်။[၁]

၁။ လဖစ ၂၂

မြေနန်းစပုတ်။ ။အရှေ့နန်းဦးစမုတ်ကြီး။

မြေနန်းစမုတ်တော်လည်း ရာဇပလ္လင်ဥကင်မုတ်တူရူတည့်တည့် အရှေ့အနောက် တူရူပင်ဖြစ်သည်။ မြေနန်းစမုတ်သည် အရှေ့ နန်းဦးစမုတ်ကြီးဖြစ်သည်။[၁]

လယ်ခေါင်ရှေ့နောက်။ စမုတ်ဆောက်၍၊ သင့်လျော်မြော်ရှု၊ စနုချပ်ကာ၊ ပြာသာဒ်သာဥ္။ သီဟာသနေ။[၂]

မြေနန်းစမုတ်ဦး အရှေ့မင်းတက်လေ့ကား၏။ အဆင်းမြေပြင်တွင် ကာရံ ထားသည့် ရွှေရာဇမတ်တံခါး လက်ဝဲလက်ယာက ပြောသား တုရင်သားတို့ကို တဘက်စီကြိမ်စွဲလျက်။[၃]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၉ ၂။ ကုသ ပိုဒ် ၁၂
၃။ ရွှေနန်းသုံး ခန်း ၅၃

မြောက်စမုတ်ဆောင်။ ။မယုရာသနပလ္လင်တော်ရှိရာ အဆောင်။ ယင်းအဆောင်တွင်ပင် မြောက်စမုတ်လက်စွဲများစောင့်နေထမ်းရွက်ကြရသည်။

ဆင်တော်မြင်းတော်သိမ်းမည့်အမှုများကို မြောက်စမုတ် တော်သို့ ထွက်တော်မူ၍ သိမ်းမြန်းကြည့်ရှုတော်မူခြင်း၊ ရွှေနန်း၏ အခြင်းအရာ အခါကာလ အမှုနှင့် လျော်စွာ ထွက်တော်မူသည်။ ဒမြောက်စမုတ်တော် တွင်လည်း ဆင်ယဉ်တော် ထားသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၉

မြင်းခွင်။ ။မြင်းစီးတဦးစီး ကြီးရသည့်နယ်။

မြင်းခွင်ကိုစီးကြီး၍မင်းမှုတော်ကို ထမ်းဆောင်နိုင်မည့်သူ ရွာနေမြင်းပေါင်ကြီး ငရွှေရွှဲကို ရိုးရာနှင့်တကွ မြင်းခွင်ကို လွှဲအပ်ပါရမည့်အကြောင်း လျှောက်ထား

www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဘုရား....ညောင်စောက်ရွာမြင်းစီးသူက မြင်းခွင်ကို လွှဲအပ်သည့်အတိုင်း မင်းမှုတော် ပေါ်ထွက်သမျှကို ကျွန်တော်မြင်းစီးအရာနှင့် ပြေကုန်အောင် ဆောင်ရွက်စီးကြီးထမ်းရွက်ပါမည်။[၁]

၁။ လဖစ ၂၃

မြင်းစီးစာ။ ။မြင်းစီးအရာတွင် ခန့်ထားသည့်ပန့်စာ။

နှစ်ဦးအစစ်ခံချက်အတိုင်း လွှဲအပ်စေ။ စစ်တန်းစာရင်းကိုလဲ၍ သွင်းစေ။ မြင်းစီးစာအပ်။ သူတွင်ရှိသည့် မြင်းစီးစာကိုသွင်း။[၁]

၁။ လဖစ ၂၃

[ ယ ]

ယကင်။ ။မင်းမိဖုရားမင်းသမီးတို့ ထုံးမြိတ်သော ဆံထုံးပုံတမျိုး။

ရတ္တနာအတိ ပြည်ထလျက်သော ရွှေယကင် ၁ ရွှေခရုချောင် ၁ ရွှေဆံထိုမ် မြိရစ် စသအထူ ၂သ အဝတ်တန်ဆာ တိုဝ်လိင့်အလှန် ဆန်ကြဲစွာ တမူလည်လိစ် ထသော။[၁]

ရွှေဘူးယကင်၊ ကွမ်းလျှင်မြိတ်လွှတ်၊သွယ်ညှတ်ကြက်တောင်၊သုံးမြောင်ရံရွှေ။[၂]

၎င်းနောက် ယကင်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်–လျှောက်သူက။ ။ ဆံထုံးတော် ယကင် နတ်သွင်စံမည့်သူဘုရားလျှောက်ရသည်။[၃]

၁။ စာရင်း ၉၄၉ မျက်[၁၆] ၂။ ပေါင်းချောင် ပိုဒ် ၄၂

၃။ မမမ ၄၇

ယမြား။ ။ရာဇမတ်ငှက်ပျောပင်ရှင် ကြံပင်ရှင် ပစ္စူယမြား ကုက္ကားတမ်းခွန်မြူတာ ရေပြည့် ပန်းစုံစိုက်။[၁]

သည်နောက်ပျဉ်ကြီးကို အမတ်ပျိုတို့မ၍ လိုက်ရသည်။ သည်နောက်မြင်းမှူး ၈ ယောက် ရံမြားကြိုးကိုင်၍လိုက်ရသည်။ သည်နောက်သံလျှင်းတော်ကို အမတ်တို့ ထမ်း၍လိုက်ရသည်။[၂]

၁။ ရွှေနန်းသုံး ့ ခန်း ၁၀၃ ၂။ လကဗဟ ၂၅၃

www.burmeseclassic.com

www.burmeseclassic.com



ယရည်း။ ။ကျုံးမှူး ယယည်းမှူးတို့ အမိန့်ကိုလိုက်နာ၍ ဆင်ကျုံးသို့ရောက်လာသည့် ဆင်ရိုင်းကို။လူစီးခံခြင်း အဆုတ်အတက်အနှိမ် အမြောက်မှစ၍ တတ်ကျွမ်းယဉ်ကျေးခြင်း ဖြစ်အောင် သင်ကြားပေးရသော အမှုထမ်းဖြစ်သည်။[၁]

သစ်တပ်နှစ်ရပ်အကြား အကျယ်သုံးတာခန့် နတ်ကွန်း ပတ်လည်မြေကိုလည်း တောဆင်ရိုင်းကို ကျုံးရရည်း အမှုထမ်းတို့ လှည့်ပတ် ပြေးသွားကစား ပြုလုပ်စေရန် ညီညွတ် ကောင်းမွန်စွာ ပြင်ဆင်ထားရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၂၆၃ ၂။ ရွှေနန်းသုံး ခန်း ၁၀၅

ယာ။ ။ခြောက်သွေ့သော ဒေသများ၌ များသောအားဖြင့် ယာလုပ်ကိုင်လေ့ရှိသည်။ ယာများမှပေးဆောင်ရသည့် အခွန်မှာ တနယ်နှင့် တနယ်မတူကြပေ။

ယာတခင်းလျှင် ကြေး ၂(ပိဿာ)အပို ၅ဝိ အကဲ ၂၅ိ အခွန်ရေး လုလင်တို့မှာ ဝါ ၁ (ပိဿာ)။[၁]

နွားယာတရှည်းလုပ်လျှင် ခွန်မငွေ ၁ မြေတိုင်ကကောက်ခံ၍ ပုဂံရွှေကျောင်း ဝတ်သိမ်းတို့မှာ ချိန်ပေးရသည်။[၂]

ယာနွားတရှည်းလုပ်လျှင် ခွန်မကြေး ၁၅ဝ အကဲ ၃၇ိ၊၂ ရေးစား ၁၂ိ၊၂ တိုင်စားဆော် စား ၁၂ိ၊ ၂ ပေးရိုး။[၃]

ပုဂံရွှေကျောင်းဝတ်မြေယာ ၉ ခင်း မိမေတ္တာ ၄ စံအောင်တို့ လုပ်ရိုး ရွဲလုပ်၍ ရသည်ကို ဆယ်ခိုင်တခိုင် ဝတ္တုကံထိန်းတို့မှာ ပေးရသည်။[၄]

အခွန်မှာ နွားယာတယှဉ်းလျှင် ခွန်မကြေး ၂၅ိ ရေးစား ၅ိ။[၅]

မင်းမြေမှာ....ယာတခင်းလျှင် ငွေ ၁ံ။[၆]

၁။ ရှာသာမြို့စစ်တန်း၊ ၆၄ ခု ၂။ မသဂ ၄၄။ ဂ၁
၃။ မသဂ ၄၄။ ဂ၂ ၄။ ရှာသာမြို့စစ်တန်း၊ ၄၅ ခု
၅။ တောင်ရွှေရှာစစ်တန်း၊ ၄၅ ခု ၆။ တောင်ရွှေရှာစစ်တန်း၊ ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



မင်းမြေမှာယာတခင်းလျှင် ငွေ ၂ဝ ဆက်သွင်းရိုး။[၇]

အခြောက်ယာလုပ်သူတို့မှာ ဝတ်မြေနည်းမင်းမြေမှာ မင်းမြေနည်း။[၈]

ယာခွန်မှာ ယာတခင်းလျှင် ၂ အပို ၅ဝ အကဲ ၂၅ဝ ဈေး လုလင်တို့မှာ ဝါ ၁ တန်ပေးရပါသည်။[၉]

ထန်းအောက်လုပ်ယာမြေမှာ။ နွားတယှဉ်းလျှင် အခွန်မရှိ။ သူကြီးက နှမ်းပဲ ပိစပ်တစိတ်စားရိုး။[၁၀]

၇။ ပုဂံမြို့စစ်တန်း၊ ၄၅ ခု ၈။ အနိမ့်ရွာစစ်တန်း၊ ၄၅ ခု
၉။ လက်စောက်ရွာစစ်တန်း၊ ၆၄ ခု ၁၀။ မြေစွန်းရွာစစ်တန်း၊ ၆၄ ခု

**ယာဂုပွဲ။** ။ဆဲ့နှစ်လပွဲတော်များတွင် တပို့တွဲလ၌ ကျင်းပသည့် ရာသီပွဲဖြစ်သည်။

ကျီဝန်က ရာဂုအိုး ၁ဝဝဝ နှင့် ထမ်းစင် ၁ဝဝဝ၊ မယ်ဖျုံး ၁ဝဝဝ ကို သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန်တို့ကြပ်မ၍ လှူမြဲကျောင်း ဘုရားမှာ တင်လှူရသည်။[၁]

မီးဖုံးယာဂု ပူဇော် လှူဒါန်းတော်မူသည်။[၂]

၁။ လကဗဟ ၃၂၆ ၂။ ကဘဆ ၁။ ၂၇၅

**ယောပုဆိုး။** ။ယောနယ်မှ ရက်လုပ်သော ပုဆိုး။

ချည်မပါ၍။ ပိုးသာကုန်စင်။ ဂုဏ်မထင်သား။ အမြင်တင့်နိုး။ ယောပုဆိုး သို့။ မကိုးစားမြောက်၊ မအံ့လောက်ဟု။[၁]

၁။ ကုသ ပိုဒ် ၉၉

**ယိုးဒယားဇာတ်တော်ကြီးအမှုထမ်း။**

သက္ကရာဇ် ၁၁၂၉ ခုနှစ် ကုန်းဘောင်ဆင်ဖြူရှင် မင်းတရားကြီးဘုရားလက်ထက်တော် ယိုးဒယားမင်းနှင့်တကွ နိုင်ငံအလုံးကိုရတော်မူသည်ဖြစ်၍ ယိုးဒယားလူမျိုး သိမ်းစုပါအိမ်ထောင်စုံ တသိန်းခြောက်ထောင့်တရာ ၁ဝ၆ ၁ဝဝ ကို ရတနာပူရ အဝ မြို့ရောက်ခေါ်ယူခဲ့ပြီးလျှင် သင့်ရာအမှုတော်ကို ထမ်းရွက်ကြစေရန် စီမံ၍

www.burmeseclassic.com



နေရာကွက်ရပ်ချထားတော်မူသဖြင့် ယိုးဒယား ဇာတ်တော်ကြီး အမှုထမ်း တို့မှာ။ ရွှေဘဝါးတော်အောက်တွင် နေထိုင်၍ ထမ်းရွက်ရသည်။ မန္တလေး ရတနာပုံ ဒုတိယ နန်းစံ မင်းတရားကြီး ဘုရားလက်ထက် ယိုးဒယားဇာတ်တော်ကြီးအမှုထမ်း လူ ၉၁ တို့မှာ လယ် ၉၁ ပယ်အစား သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၇၄

ယက်ပြား။ ။အပြားခတ်ထားသည့် ရွှေ ငွေတို့ကို ဆိုလိုသည်။ မင်းဆွေစိုးမျိုးတို့ အဆောင် အယောင်များနှင့် ရွှေနန်းတော်အဆောင်အယောင်ပြုလုပ်ရာတွင် ရွှေ ငွေယက်ပြား

များကို အသုံးပြုလေ့ရှိသည်။

ရွှေဗုဇွန်ဆီ။ အစိမ်း။ အပြာ။ အဝါ။ အနီ။ ကိုက်စပ်ချုပ်ရိုး ရွှေယက်ပြား ကွပ်ပုဆိုး....ဘဲစိမ်း။ ဘဲဝါ။ ဘဲပြာ။ ဘဲနီချယ်ချုပ်ရိုး ရွှေယက်ပြားကွပ်ကိုက်စပ် ပုဆိုး။[၁]

ပါးကာနားကာ။ ရွှေကာနောက်ကာ မောက်ရှုပါ။ လည်ကွေးကတ္တီပါနီ။ ရွှေယက်ပြားသတ်။ အတွင်းရွှေကြက်သွန်မြိတ်၊ အနားရွှေခြည်ပန်းနွယ် ကြယ်ပွင့် တပ်။[၂]

မျည်းတိုကတ္တီပါစိမ်း။ရွှေယက်ပြားသတ်။ အတွင်းရွှေကြက်သွန်မြိတ်သတ်။ အနားသံ ၃။ ရွှေခြည်ပန်းနွယ်ကြယ်ပွင့်တပ်။မျည်းရှည်ကတ္တီပါနီ။ရွှေယက်ပြား သတ်။အတွင်းရွှေကြက်သွန်မြိတ်သတ်။ အနား ၃ ရွှေခြည်ပန်းနွယ်ကြယ်ပွင့်တပ်။[၃]

၁။ ပမပ ၁၁၉ ၂။ မြန်မာ့ပင်း ၄။ ခန်း ၄၇၉
၃။ မြန်မာ့ပင်း ၄။ ခန်း ၄၇၉

ယစ်ဝ။ ။သေစာမူးယစ်ခြင်း။

ကျောင်းပတ်လည် ၅၀၀ တာ အတွင်တွင် ထန်ရည်အရက်ကဇော်လော်ဆာ.... သောက်စားယစ်ဝခြင်းအမှုကို....မှွာနေတို့ကြဉ်ရှောင်ကြအိန်တော်။[၁]

၁။ စာရင်း ၁၁၁၇၂

ယာဉ်။ ။ခါသာကောင်းငါး။ ရွှေဘလားတဆယ်ခုတ်တစ်။ သင်းဘောပါ ရွှေယည် ထည်ဆက်သည်။[၁]

၁။ ကဘာဆ ၁။ ၂၃၄

www.burmeseclassic.com

www.burmeseclassic.com



ဆင်ယာဉ် ရထားယာဉ် လှေယာဉ် သုံးပါး၌ ထီးဆောက်သည်ဖြစ်၍ ယာဉ်တွင် ဆောက်သည့်ထီးကို ယာဉ်ထီးခေါ်ဝေါ်ခြင်းဖြစ်သည်။[၂]

ထိုနောက် ဟံသာဝတီမင်း မိဘုရား မင်းကိုယ်လုပ်တို့ ရွှေယာဉ် ကိုးဆူနှင့်။ ထိုနောက်ကျိုင်းရွှေချက်လေး။[၃]

အရှင်မိဘုရား ငါးပါးတို့လည်း ရွှေယာဉ်နှင့်ချည်း ရှေနောက်စဉ်၍ လိုက်ကြရသည်။[၄]

မင်းသမီး ကတော်မယားတို့မှာလည်း သနားတော်မြတ်ခံရသည် ယာဉ်ရထား အဆောင်အရွက်များကို ခင်ကျင်း ကျင်းပလျက်။[၅]

၂။ ရွှေဘုံနိဒါန်း ခန်း ၁၉ ၃။ ကဘဆ ၁။ ၂၃၁
၄။ ကဘဆ ၁။ ၂၅၀ ၅။ ရွှေနန်းသုံး ခန်း ၁၀

ယာဉ်ထီးဖြူ။ ။မင်းခမ်းထီးဖြူတော်တမျိုး။

ထီးဖြူငါးပါးကား၊ ကနက္ကဒါန်ထီး၊ တမွတ်ထီး၊ ယည်ထီး၊ ဥရှထီး၊ကြင့်နှန်းထီး ငါးပါး။[၁]

ဟံသာဝတီရောက်မင်းတရားတိုင် မင်းမြောက်တန်ဆာခင်းကျင်းသည်ကား၊ ရာဇပလ္လင်လက်ဝဲဘက်က ကနက္ကဒါန် ထီးဖြူတစင်း၊ တမွတ် ထီးဖြူတစင်း၊ ယည်ထီးဖြူနှစ်စင်း၊ ထီးဖြူနှစ်စင်း၊ ထီးဖြူလေးစင်း ဆောက်ကျင်းသည်။[၁]

ရတနာပူရအင်းဝမင်းညီတို့ကို ထီးဖြူ ပေးသည်ကား၊ပြည်မင်းမဟာပရဝမဟာဓမ္မရာဇာ လောကဓိပတိ အမည်တော်ရှိသော မင်းတရားလက်ထက် နောင်တော် တောင်ငူမင်းကို ယည်ထီးဖြူ ၂ စင်း၊ အချက်ရွှေ ၁၊ အထွတ် ပတ္တမြားကိုးရစ်စီ ရွှေကြယ်ညောင်ရွက် သုံးဆင့်ပေး၍ ကေတုမတီမည်သော တောင်ငူမြို့တွင် ဆောင်ကျင်းရသည်။

မာရ်အောင် ရတနာဘုရား ဒါယကာမင်းတရားလက်ထက် ညီတော်ရင်း ပုဂံမင်းကို ယည်ထီးဖြူ ၂ စင်း၊ အရိုးနီ၊ အချက်ရွှေ၊ အထွတ်ပတ္တမြား အပြည့်စီပေး၍ အရိမဒ္ဒနာမည်သော ပုဂံမြို့တွင် ဆောက်၍ကျင်းရသည်။

၁။ လကဗဟ ၂၁၉ ၂။ လကဗဟ ၂၁၉

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းမှစ၍ မင်းသားတို့ကို ယည်ထီးဖြူ ထီးနီမပေးမဆောင်ရ။[၃]

ယာဉ်ထီးမှာ....ကေရာဇ် မင်းမြတ်တို့ဝယ် ဆင်ယာဉ်ရထားယာဉ် လှေယာဉ် သုံးပါး၌ ထီးဆောက်သည်ဖြစ်၍ ယာဉ်တွင်ဆောက်သည်ထီးကို ယာဉ်ထီးခေါ်ဝေါ်ခြင်းဖြစ်သည်။[၄]

ယည်ထီးဖြူရှစ်စင်းတွင် ကျောင်းဘုရားထွက်သွား၍ ထီးဖြူ ဆောင်းမည်ဖြင်လျှင် တမွတ်ထီးဖြူနှစ်စင်း၊ ယည်ထီးဖြူလေးစင်း၊ လက်ဝဲလကျ်ာဆောက်၍ ဆောင်သည်။[၅]

၃။ လကဗဟ ၂၂၃ ၄။ ရွှေဘုန်နိဒါန်း ခန်း ၁၉
၅။ လကဗဟ ၂၁၉

ယာဉ်လည်ပေါ်။ ။ယာဉ်တမျိုး။

ယာဉ်လည်ပေါ်ရွှေ ၂ စု။ အစိမ်းတစု။ အကာ ကတ္တီပါ ရွှေယက်ပြား တဆင့်သတ်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၄

ယပ်။ ။မင်းပေးအဆောင်အရွက်တခု။

သည်နောက် ရွှေပန်းပန်မြင်းတော်သည် သွေးသောက်စုတို့ ဝတ်ကောင်းနားတောင်းနှင့် ယပ်ကိုင်၍လိုက်ရသည်။

သည်နောက် ကုလားပျိုစုသားတို့ ဝတ်ကောင်းနားတောင်းနှင့် ယပ် ကိုင်၍ လိုက်ရသည်။

သည်နောက်စာရေး၊ စာချီ၊ တပ်မှူး၊ သူရဲမှူး၊ အမြောက်မှူး၊ သေနတ်သွေးသောက်ကြီး မြင်းခေါင်းအမည်ရတို့ ဝတ်ကောင်းနားတောင်းနှင့် ယပ်ကိုင်၍လိုက်ရသည်။

သည်နောက် နှိုးနောက်နေ၊ ကွန်းစင်လက်ပြင်နေရာလွတ်နေ၊ ကွန်းစင်လက်တွင်းနေရာလွတ်နေ၊ ပြင်ဘဝေါနေ၊ စနည်းနေ၊ ဒူးနေတို့ဝတ်ကောင်းနားတောင်းနှင့် ယပ်ကိုင်၍လိုက်ရသည်။[၁]

၁။ လကဗဟ ၁၅၃

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီး၍သွားလျှင် ရွှေလုလင်တစည်ယပ်နှင့် ကျိုင်းရိုးနှံ့ အရိုးအတံအယပ် ဟင်းသပတားသုတ်ကို ဆောင်သည်။[၂]

လေ့စီးဗိုလ်ချုပ်၊ ဆင်းနတ်ရုပ်မူ၊ လက်ဆုပ်နှံ့ယိုင်၊ ရွှေယပ်ကိုင်လျက်၊ မြိုင်မြိုင်ပုံမောင်း၊ ဘူးကမ်းချောင်း၌။[၃]

၂။ လကဗဟ ၂၃၅ ၃။ ပေါင်းချောင် ပိုဒ် ၂၉

[ ၇ ]

ရတနာကတင်။ ။စီးတော်ဆင်မြင်းတို့တွင် တင်သည့်ကတမျိုး။

သက္ကဒါန်ကင် ပေါင်းဝန်တင် နန်းပေါင်းတင် ရွှေကွန်ခြာအုပ် ရတနာမျိုးကြိုးလုံးတင် အမည်ရဆင်ယဉ်တော်။ စာမရီဆင်သက်ဝန်းတင် ရတနာကတင် ပကတိကုန်းတင်အမည်ရမြင်းယဉ်တော်။ ရထားတော်ယဉ်တော်များနှင့်။[၁]

၁။ ရွှေနန်းသုံး ခန်း ၇

ရတနာသုံးပါး။ ။ဘုရား၊ တရား၊ သံဃာ။

ဖုန်မလိတ်ကြီ မဟာကဿပအရပ်နှိုက် ကြွံသိုင်ကျောင်းတွင်။ သိုင် ၂ ပါ ကျောာတယောက် တဆောင်လိပ္ပရှယ်။ ရတနာသုံးပါး အစမူသော ကျောင် ၂ ဆောင်နှိုက် ငိုရှယ်လှူကြ၏။[၁]

သက္ကရဇ် ၆၃၇ ခု။ အာသိန်နှစ်ကုဆုန်လဆန်း ၇ ရက် ကြာသပတိယ်နိယ်သဒ္ဒါ ပြည်ာနှင် ဟျန်သောမင်မျာ စခီပိုရ် ပုရှာတြ၂ာသဃာ ရတနာသုံးပါး သော ကိုဝ်သဒ္ဒါယ်ကြည်စွာ လိပ်စ်ရှယ်။ ရတနာသုံးပါးထးအာံသောငှါ ဥတ်အတိသော အရံတန်တိုင် လေလိပ္ပဒေအ်။[၂]

အသရိယ်ဟိယ်သော ပုရှာတြ၂ာသဃာရတနာသုံးပါးနှိုက်။ ရိုဝ်သိယ်မလိတ်ထ သောသူတဝ်တကာအေဝ်ကိုဝ်ကွယ်ရာလိပ်စ်ထသော။[၃]

တိုမြေနယ်တွင် ဝယ်ရှိယ်သူဟောင်တိုဝ်သည်လှူသဝ် ရတနာသုံးပါး ဝတ်လေမရှိ လျှင် ထိုမိလိယ်တိုသည်လှူရင်တိုင်တည်စေသတ္တော။[၄]

၁။ ပုံ ၂၂၄[၁၁] ၂။ ပုံ ၂၃၂ [၂၂]
၃။ ပုံ ၂၃၄[၁] ၄။ တိလောကကျောက် ကျော[၁၁]

www.burmeseclassic.com

www.burmeseclassic.com



ရတနာခုနှစ်ပါး။ ။ရတနာခုနှစ်ပါးတွင် ဆင်သည်း ရတနာတပါးအဝင်ဖြစ်၍၊ နန်းတော်ဆောင်မအာခန်းရှေ့မြောက်အရပ်၌ ဆင်တော်တင်းကုပ်ထားလေသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၇

ရတနာခုံပျံ။ ။အတင်တော်တမျိုး။

ထိုနောက် ခြသေ့်ရုပ်စီးခံသော ရတနာခုံပျံတွင် လှရဆယ်စင်းနှင့် တကွသော အရိန္ဒမာလှတော်[၁]

၁။ ကဘဆ ၁။ ၁၂၀

ရတနာဆယ်ပါး။ ။ရှေးမင်းတို့သက်ထက်လည်း ခရုသင်းကိုအုပ်နှင့်ထည့်၍ စနုဆောင်တော်တံခါးအတွင်း လက်ျာဘက်ကထားသည်။

ရတနာဆယ်ပါးတွင် ခရုသင်းလည်း ရတနာတပါးပင်ဖြစ်သည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၈

ရတနာထမ်းစင်မျှူး။ ။ကောရဇ်မင်းမြတ်တို့ ကုန်းကြောင်းခရီး ရတနာထမ်းစင်တော်နှင့် ထွက်စံတော်မူသောအခါ ရတနာထမ်းစင်တော် နံပါးကကြိုးကြပ်အုပ်ကွပ်၍ လိုက်ရသူအရာရှိဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၄၉

ရတနာပန်းတောင်း။ ။လက်ျာမင်းခမ်း ၁၃ တွင်ရင်း လက်ဝဲမင်းခမ်း ၁၇ တွင်ရင်းပါဝင်သည်။

နောက်ကား ရတနာ။ ပန်တောင်းပါ၍။ နာဂါကွမ်ခွက်။[၁]

ရှုသော်မျက်ရောင်၊ တပြောင်ပြောင်နှင့်၊ ပန်းတောင်းရွှေသား။[၂]

ရတနာပန်းတောင်း၊ ရောင်ကောင်းရှစ်မြှောင့်။[၃]

မင်းခမ်းတော် ရတနာပန်းတောင်း ရွှေငါးပိဿာ....ကိုလက်ဝဲနော်ရထာစီရင်၍ ပန်းထိမ်ဝန်သာဂဒေဝတို့လုပ်ရသည်။[၄]

၁။ ကုသ ပိုဒ် ၁၄ ၂။ သုတသောမ ပိုဒ် ၂၆
၃။ မဟာဇနက ပိုဒ် ဂ၁ ၄။ ကဘဆ ၁။ ၂၃၄

www.burmeseclassic.com

www.burmeseclassic.com



ရတနာမျိုးကြိုးလုံးတင်။ ။စီးတော်ဆင်ကတမျိုး။

သက္ကဒါန်တင်ပေါင်းဝန်းတင် နန်းပေါင်းတင် ရွှေကွန်ခြာအုပ် ရတနာမျိုးကြိုးလုံးတင် အမည်ရဆင်ယဉ်တော်။

၁။ ရွှေနန်းသုံး ခန်း ၇

ရတနာလှေကားတော်မှူး။ ။ကေရာဇ်မင်းမြတ်တို့ အနီးအဝေးထွက် စံတော်မူသည့် အခါ။ ဝေါတော်ဖြစ်စေ။ ရတနာထမ်းစင်တော်ဖြစ်စေ။ စီးတော်ဆင်ဖြစ်စေ၊ စီးနင်းထွက်စံတော်မူသည့်အခါ တက်တော်မူရန် ယှဉ်ပြိုင်၍ ခင်းထားအပ်သော ရတနာလှေကားတော်ကို အသင့်သည်ပိုး၍ လိုက်ရသည့် အမှုထမ်းတို့အား ကြီးမှူးရသူအရာရှိဖြစ်သည်။

၁။ ရွှေနန်းသုံး ခန်း ၁၄၈

ရတုပြန်။ ။ရတုလျှောက်ဆိုသူများ။

ဗြဲတိုက်တော်ရှေ့ မြေပြင်လက်ဝဲလက်ျာတွင် ရတုပြန်တို့နှင့် အငြိမ့်တယန်စိမင်္ဂလာရှိသော ရတုကို ပြန်ဆိုတီးမှုတ်ရသည်။

၁။ လကဗဟ ၁၄၇

ရထည်း။ ။တကျွန်းဖြစ်ပိတ်ပါးတမျိုး။

ပါးသည်ကို ရထည်းဆိုသည်၊ ရှေးစာဟောင်းများတွင်လည်း....ဆေမယ်နည်းနှင့်၊ ရထည်းပိတ်လုပ်၊ ရင်ချင်းအပ်၍-ဟူ၍ရှင်း၊ လုပ်လုပ်ရထည်း၊ သိုရင်းချည်းနှင့်၊ သည်းတုန်အူတုန် - ဟူ၍ရှင်း၊ နရည်းထိတ်ကြဲ၊ စနည်းမြိတ်သံ၊ ရထည်းပိတ်ရ၊ ဟု စပ်ဆိုသည်များကိုရှင်း ထောက်၍ နရည်းခေါ်ဝေါ်ခြင်း၊ စနည်း-ခေါ်ဝေါ်ခြင်း၊ ရထည်းခေါ်ဝေါ်ခြင်းများသည်။ ပညတ်အမည်ဖြစ်သည်ဟု သိသာသည်။

၁။ ရွှေဘုံနိဒါန်း ခန်း ၆၁

ရမတီအုပ်။ ။ပိတ်ထူအုပ်တမျိုး။

သည်နောက် သင်္ကန်းလျာပိတ် ရမတီအုပ် စသောအလှူတော်ပွဲ ဒေါင်းပေါင်နှင့် သုံးဆဲ့ငါး။ ပိန္နဲ၊ တောက်ရပ်၊ သင်ဗုန်း၊ အပ်၊ ကပ်ကျေး၊ ချည်လုံးထည့်သောအလှူတော်ပွဲ သုံးဆဲ့ငါး။

၁။ ကဘဆ ၁။ ၂၆၃

www.burmeseclassic.com

www.burmeseclassic.com



ရမနေသား။ ။မြေနန်းတော်တွင်ရှိသည့် သီဟာသနပလ္လင်ကိုရင်း၊ လွှတ်တော်ဇေတဝန်ဆောင်၌ သီဟာသနပလ္လင်ကိုရင်း ရမနေသားဖြင့် ပြုလုပ်ဆောင်ရသည်။

နန်းပါသာဒ။ သီဟယမနေ။[၁]

တင့်ဆန်းကျယ်ဝင်း၊ နေပြိုင်ကျင်းသို့၊ ရာစင်းထီးဆောင်း၊ မင်းအပေါင်းတို့၊ ဦးကွောင်းမကိုဋ်၊ ဦးတိုက်ခံရာ၊ မင်္ဂလာရွှန်းဝေ၊ ယမနေသစ်၊ ဆီနှစ်ပြည့်လျှံ၊ ခြသေ့်ခံလျက်၊ ခံ့ပျံ့ရတနာ၊ သီဟာသန၊ ပလ္လင်လှနှင့်၊ သိကြားဝေယန်၊ သဏ္ဍာန်နှုန်းနှုန်း၊ ရှုမခန်းသည့်၊ မြေနန်းတော်မြတ်။[၂]

၁။ ကုသ ပိုဒ် ၁၁ ၂။ မဃဒေဝ ပိုဒ် ၄၃

ရဟန်း။ ။မြို့တော်မှစ၍ အရပ်ရပ်မြို့ရွာများတွင် သိတင်းသုံးနေတော်မူကုန်သော အထူးထူးသောဝါဒအလျောက် အသီးအသီး ပြုကျင့်သုံးဆောင်ကြကုန်သော။ ဂါမဝါသီ။ ဦးထုပ်လုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား၊ တလပတ်နီဖြူ၊ ဆောင်ရွက်ကြကုန်သော၊ အယူမညီသော ရဟန်း အပေါင်းတို့ကိုလည်း မိမိတို့အယူဝါဒ အသုံးအဆောင်တို့ကိုပစ်စေ၍။ ဂုဏာဘိလင်္ကာရအမည်ရှိသော ထုံ့ရွာရှင်ပင်ဘုရားကြီး၏ အယူဝါဒ အသုံးအဆောင်တို့ကို တချက်တည်းသုံးဆောင် ဆောက်တည်ကြရသည်။[၁]

ဝိနည်းကျမ်းဂန်ရှိသည့် အတိုင်း မကျင့်မဆောင်သော ရဟန်း တို့ကိုလည်း။ မဟာဒါန်ဝန် မဟာဒါန်စာရေး ခန့်တော်မူ၍ မပြတ်မလပ် သုတ်သင်ရှင်းလင်းစင်ကြောစေရသည်။[၂]

ကုတ့်ပို့သောတရားကား....ကိုယ်ဝန်ရှိသော မိန်းမ၊ သိတင်းရှိသော ရဟန်း ပဏ္ဍုက်၊ သူနာ၊ သူဖျားတို့ကိုမူကား အခမပါလျှင်မူလည်း ပို့အပ်၏။ အနိုင်အထက် မပြုအပ်သတည်း[၃]။

နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ရွာများတွင်ရှိနေသည့် ရဟန်း ဆိုသူတို့မှာ ရဟန်းအနေအထိုင်နှင့် နေထိုင်မြဲ နေဆိုင်သင့်အောင် ကျမ်းဂန်ရှိရာပြောဆိုနိုင်သည့် အစွမ်းအရည်ရှိသူတို့ကို မြို့ဝန်စစ်ကဲမြို့ထိန်းရွာအုပ်တို့က ရွှေဘဝါးတော်အောက် ပို့လာစေ။ ရွှေဘဝါးတော်အောက်လာ၍ မပြောမဆိုနိုင်သူတို့မှာ ရဟန်း အနေအထိုင်နှင့် မရှိမနေစေနှင့်။ လူဝတ်လဲစေ။ အမိန့်တော်အတိုင်း မပို့မသ မစီမရင်လျှင် မြို့ဝန်စစ်ကဲမြို့ထိန်းရွာအုပ်တို့ကို ရာဇဝတ်စီရင်။[၄]

၁။ ကဘဆ ၁။ ၇၁ ၂။ ကဘဆ ၁။ ၇၂
၃။ မနုကျယ် ၄၄ ၄။ ရဟ အမတ ၁၀၄၈-၉

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသံဃာတို့မှာ မိုးထိမှန်စီတို့နည်း ကျင့်လိုသူတို့ကျင့်စေ။ မြောနွယ်တံနွယ်သို့လိုက်၍ မြောဆရာတံဆရာတို့နည်း ကျင့်လိုသူတို့လည်း ကျင့်ဆောင်စေ။ ပွဲကျောင်းတို့နည်း ကျင့်လိုသူလည်းကျင့်စေ။ သက္ကရာဇ် ၁၁၆၉ ခုတန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ နားခံ ဇေယနော်ရထာတွင်ပြန်။[၅]

မင်းနေမြို့တော်နှင့်တကွ အနီးအစပ်မြို့ရွာတိုက်တာ ကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်တော်နှင့် မညီပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိ ဆရာတော်ကြီးများထံပို့အပ်ရသည်။[၆]

၅။ ရဟာ အမတ ၄၂၃ ၆။ ရွှေနန်းသုံး ခန်း ၁၁၅

ရာကျော်ကိုင်။ ။လှေဖောင်နှင့်စပ်ကိုင်သော အရာရှိငယ်တမျိုး။

စစ်ကဲ၊ နာခံ၊ တပ်ရေး၊ ထောင်ကဲ၊ ပဲ့နင်း၊ ဦးနေရာကျော်ကိုင် ဘောင်ခတ်လူအစုစုတရာ့ခြောက်ဆယ်။ နရည်းဆရာရှစ်။[၁]

၁။ ကဘဆ ၁။ ၁၂၂

ရာကြီးထူးကြီး။ ။ကြီးကျယ်မြင့်မြတ်သောရာထူး။

အဝေးမြို့ စော်ဘွားမြို့စားတို့က ရှိခိုးလက်ဆောင်တော် အထူးဆက်သည့်အရာ။ ရာကြီးထူးကြီးခန့်ထားရန်ရှိသည့်အရာ။ မင်းခမ်းမင်းနားအကြီးအကျယ်ပြုလုပ်ရန်ရှိသည့် အရာ။ ခမ်းနားကြီးကျယ်စွာ အထူးအမိန့်တော်မှတ်ရန်ရှိသည့်အရာများမှာ နံနက် ညီလာခံကြီးတွင်မှသာ ဆက်သ ခန့်ထား ဘတ်လျှောက်မှတ်ပြန်ရလေသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၆

ရာဇဂုဏ် ဂပါး။ ။ဘုရင်တို့တွင်ရှိအပ်သည့် ဂုဏ်ဂပါး။

ရာဇဂုဏ်ရှစ်ပါးအကြောင်း အဋ္ဌကထာ၌ ရာဇဂုဏ်သည် ရှစ်ပါး အပြားရှိ၏။ ရှစ်ပါးဟူသော်ကား။ သိကြားမင်းကဲ့သို့ကျင့်ခြင်း။ နေကဲ့သို့ကျင့်ခြင်း။ လကဲ့သို့ကျင့်ခြင်း။ လေကဲ့သို့ကျင့်ခြင်း။ယမမင်းကဲ့သို့ကျင့်ခြင်း။သမုဒ္ဒရာကဲ့သို့ကျင့်ခြင်း။ မြေကြီးကဲ့သို့ကျင့်ခြင်း။ မိုးသည်းကဲ့သို့ကျင့်ခြင်း။ ဤရှစ်ပါတည်း။

ထိုရှစ်ပါးတို့တွင်။ သိကြားမင်းကဲ့သို့ ကျင့်ခြင်းဟူသည်ကား။ သိကြားမင်းသည် နတ်အပေါင်းတို့အား နှိပ်နင်းတန်သည်ကို နှိပ်နင်း၍ ချီးမြှောက်တန်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှောက်သကဲ့သို့။ ထိုအတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း။ သူမတော်တို့အား နှိပ်နင်း၍ သူတော်တို့အား ချီးမြှောက်ကုန်ရာသည်။ ။နေကဲ့သို့ကျင့်ခြင်းဟူသော်ကား။ နေမင်းသည် ရောင်ခြည်တထောင်ဖြင့် ဖြည်းညှင်းသာယာစွာ မိုဃ်းရေကို ခန်းစေသကဲ့သို့။ ထိုအတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း အခွန်အတုတ်ကို ဖြည့်ညှင်းသာယာစွာခံယူကုန်ရာသည်။ ။လကဲ့သို့ကျင့်ခြင်းဟူသည်ကား။လပြည့်ဝန်းသည် မြင်မြင်သမျှကုန်သောသူတို့၏ဝမ်းမြောက်ခြင်းကို ဖြစ်စေသကဲ့သို့။ ထိုအတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း ရွှင်လန်းသာယာစွာ ပြောဆိုသဖြင့် မှူးမတ်ပြည်သူ ရှင်လူအပေါင်းတို့အား ဝမ်းမြောက်ခြင်းကို ဖြစ်စေကုန်ရာသည်။ ။လေကဲ့သို့ ကျင့်ခြင်းဟူသည်ကား။ လေသည် သတ္တဝါအပေါင်းတို့၏ ကိုယ်တွင်းသို့ဝင်၍ သွားသကဲ့သို့ ထိုအတူရေမြေသေဌ်နင်းမင်းတို့သည်လည်း ခပ်သိမ်းကုန်သော တိုင်းသား ပြည်သူလူရှင် အပေါင်းတို့၏ အမှုအရာ ချမ်းသာဆင်းရဲကိုငင်း။ မိမိတို့၏ အကျိုးအပြစ်ကိုငင်း။ ကိုယ်တိုင်လှည့်လည်၍ငင်း။ အမတ်သူလျှိုထား၍ငင်း။ သိသာအောင်ပြုကုန်ရာသည်။ ။ယမမင်းကဲ့သို့ကျင့်ခြင်းဟူသည်ကား။ ယမမင်းသည် ချစ်သောသူ မုန်းသောသူဟူ၍မရှိ။ ကံနှင့်လျော်စွာရောက်လာလျှင်စီရင်သကဲ့သို့။ ထိုအတူရေမြေသေဌ်နင်းမင်းတို့သည်လည်း။ ချစ်သောသူဟူ၍ငင်း။ မုန်းသောသူဟူ၍ငင်း။မရွေးချယ်ဘဲ မျက်နှာကြီးငယ် မရှုယ်မထောက်အမှုနှင့်လျော်ညီစွာ စီရင်ကုန်ရာသည်။သမုဒ္ဒရာကဲ့သို့ကျင့်ခြင်းဟူသည်ကား။ သမုဒ္ဒရာသည် ရေကိုမတောင့်တသကဲ့သို့။ ထိုအတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း ဥစ္စာကိုမတောင့်တဘဲထုံးစံရှိရာ ရထိုက်သမျှကိုသာ ခံယူကြကုန်ရာသည်။ ။မြေကဲ့သို့ကျင့်ခြင်းဟူသည်ကား။ မြေကြီးသည် သတ္တဝါအပေါင်းတို့၏ မှီခိုရာ ကိုးကွယ်ရာဖြစ်သကဲ့သို့။ ထိုအတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း။ သင်္ဂဟတရားလေးပါးဖြင့် ပြည်သူ လူအပေါင်းတို့၏ မှီခိုကိုးကွယ်ရာဖြစ်အောင် ကျင့်ဆောင်ကုန်ရသည်။ ။မိုဃ်းကဲ့သို့ ကျင့်ခြင်းဟူသည်ကား။ မိုဃ်းသည် သတ္တဝါအပေါင်းတို့အား မိုဃ်းရေဖြင့်ရောင့်ရဲစေဘိသကဲ့သို့။ ထိုအတူ ရေမြေသေဌ်နင်းမင်းတို့သည်လည်း။ မှုထမ်းရာထမ်းတို့အား မျိုးရိက္ခာအဝတ်အစားဖြင့် ရောင့်ရဲစေကုန်ရာသည်။

၁။ ရွှေနန်းသုံး ခန်း ၁

ရာဇဌာနီ။ ။ဘုရင်မင်းမြတ်စိုးစံတော်မူသည့်မြို့တော်။

မင်းနေရာဇဌာနီရွှေမြို့တော်နှိုက် အရိုးအမျိုးအလိုက် မြို့သူကြီးခန့်ထားသည်။ ရံဖန်ရံခါ ဇေတရာဇ်ဟူသောအမည်။ ရာဇဝတ်ရေးကိစ္စမှာ။ ရွှေရုံးအရာရှိတို့က စောင့်ရှောက်ထိန်းသိမ်းသည်ဖြစ်၍။ ရွှေပြည်စိုးမှာ အထူးထိန်းသိမ်းရန်မရှိ။

၁။ ရွှေနန်းသုံး ခန်း ၇၄

www.burmeseclassic.com



ဝန်ကြီးဆိုသည့်အရာသည်။ ငါအသျှင် ကေရာဇ်မင်းမြတ်ကိုတွင်။ ရာဇဌာနီ ရွှေပြည်တော်ကြီးမှစ၍။ အခြံအရံများသော တိုင်းနိုင်ငံအနီးအဝေး ပြည်ရေး ရွာမှု ခပ်သိမ်းသောစီရင်ခင်း အလုံးစုံကိုမြှော်ထောက်၍။[၂]

တရားသူကြီးဆိုသည့်အရာသည် ငါအသျှင် ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာနီ ရွှေပြည်တော်ကြီး ဖြစ်၍။ ကျွန်တော်မျိုး အပေါင်းတို့သည်။ တယောက်ကို တယောက် မနှိပ်စက်စေရ။ ဆုံးမကွပ်ညှပ်စီရင်ရသည်။[၃]

ရွှေတိုက်ဝန်ဆိုသည့်အရာသည်။ ငါအသျှင်ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာနီ ရွှေပြည်တော်ကြီး အခြံအရံများသောတိုင်းကား နိုင်ငံ သင်းဘောဆိပ်များက ဘိုးတော်ခွန်တော်အနဂ္ဃရတနာ ရွှေငွေအုပ်မျိုးထည်မျိုးမှစ၍ များသော စီးပွား တော် ဘဏ္ဍာတော်ကို နေ့စဉ်လစဉ်ရွှေဘဝါးတော်အောက်မပြတ် ဆိုင်ရာကို တိုက်တော် ကျီတော်များမှာ သွင်းရသည်။[၄]

၂။ ရွှေနန်းသုံး ခန်း ၅၃ ၃။ ရွှေနန်းသုံး ခန်း ၁၀
၄။ ရွှေနန်းသုံး ခန်း ၆၂

ရာဇပရိက္ခရာ။ ။မင်းသုံးမင်းဆောင်၊ မင်းခမ်းမင်းနား။

ယှစ်ထောင်လက်တင်၊ လက်တင်ကြာ၊ ကြာ (ရွှေ) ကွန့်ချပ်နိမ်၊ ကွန့်ချပ်နိမ် ကွန့်ချပ်မျင်၊ ကွန့်လောင်သောက်ရေတင်စသော မင်တကာတို့ခံနာဖျည်ကရာတိုဝ် လှိုင်အလွန်ဆန်ကြဲစွာသရာဇပရိက္ခရာဇ်ပြည်စုံစွာသည် တမူလည် လှိဝ်ထသော။[၁]

၁။ စာရင်း ၆၄၉ မျက် ၁၀

ရာဇပလ္လင်။ ။ဟံသာဝတီရောက် မင်းတရားတိုင် မင်းမြှောက်တန်ဆာ ခင်းကျင်းသည်ကား၊ ရာဇပလ္လင်လက်ဝဲဘက်က ကနက္ကဒါန်ထီးဖြူတစင်း၊ တမွတ်ထီးဖြူတစင်း၊ ယည် ထီးဖြူနှစ်စင်း၊ ထီးဖြူလေးစင်းဆောက်ကျင်းသည်။ ရာဇပလ္လင် လကျာ်ဘက်က ကနက္ကဒါန် ထီးဖြူတစင်း၊ တမွတ်ထီးဖြူတစင်း ယည်ထီးဖြူနှစ်စင်း၊ ထီးဖြူ လေးစင်းဆောက်ကျင်းသည်။ ထီးဖြူလေးစင်းအကြား ယမားတစင်းစီ၊ ယမား သုံးစင်းကျင်းသည်။[၁]

လွှတ်တော်ရာဇပလ္လင် လက်ဝဲလကျာ်တွင် ထီးဖြူတော် မင်းခမ်းတော်များကို ထုတ်၍ကျင်းသည်။[၂]

၁။ လကဗဟ ၂၁၉ ၂။ လကဗဟ ၁၄၄

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်သို့ရောက်လျှင် ရာဇပလ္လင်ယက်သို့ တက်တော်မူ၍။[၃]

မင်းဘုန်းရှိန်တောက်။ သိကြားပေါက်နှင့်။ ထွန်းတောက် ပြောင်ပြောင်။ ပြဿဒ်ဆောင်၏။ လယ်ခေါင်ကန့်ချင်။ မာရဘင်၌။ အမြင့်မအောင့်။ လေးထောင့်ညီမျှ။ ရာဇပလ္လင်။ ဥကင်ပုတ်ထွက်။ ထက်ဒုရင်ဖျား။ မဏ္ဍိုင်ထား၍။ သိကြားနေတမ်း။ ဒုရင်ဝမ်းတွင်။ ပြိုးပြွမ်းနဝရတ်။ စီခတ်နှံ့ပြီ။ ကိုယ်စီကပ်ရံ။ ခြသေ့ ခံမှ။ ခုံပျံ့မြတ်မှာ။ ဝဲယာရွှေနေ။ ခြေတွင်မငြိး။ စည်းစုတ်တီး၍။ ရန်မီးငြိမ်းရွှေ့။ ဆင်ခြသေ့ကို။ ချမ်းမြေ့စေတတ်။ လောကနတ်နှင့်။[၄]

၃။ လကဗဟ ၁၄၄ ၄။ ကုသ ပိုဒ် ၁၁

ရာဇပလ္လင်တက်။ ။အခမ်းအနားနှင့် ရာဇပလ္လင်တော်၌ ဘုရင်မင်းမြတ် ထွက်စံတော်မူခြင်း။

နတ်တော်လဆန်း တဆယ့်ငါးရက် သောကြာနေ့ နံနက်တချက်တီးကျော်တွင် ထီးဆောင်မင်္ဂလာ မဟာဥကင်တော်ကြီး ဘွင့်တော်မူ၍ ရာဇပလ္လင် တက်တော်မူသည်။[၁]

၁။ ကဘဆ ၁။ ၁၁၆

ရာဇပုတ္တ။ ။အဘိသိက်ခံသောမင်း။ အဘိသိက်ခံသော မိဘုရားတို့၏သားသည် ရာဇပုတ္တမည်၏။[၁]

၁။ ရှေးနန်းသုံး ခန်း ၁

ရာဇမတ်၊ ။အခမ်းအနား ပွဲလမ်းသဘင်တို့တွင် လမ်းမကျပ် စသည်တို့ကို ရာဇမတ်ကာရံသည်။

မြို့တွင်း၊ မြို့ပြင်၊ လမ်းမ၊ လမ်းသေးများကို လည်းခါသုတ်သင်၍ ရာဇမှတ် ဒေါင့်ခြံကာ၍ ငှက်ပျောပင်၊ ကြံပင်၊ ပန်းဆိုင်း၊ ပုဆိုးဆိုင်း ဆွဲစိုက်သည်။[၁]

ငှက်ချေးခံ တန်ဆောင်းပတ်လည်ကို ဖျင်ရံ၍ကာသည်၊ သည့်လက်ပြင်ကို ရာဇမှတ်ဒေါင့်ခြံကာသည်၊ တံခါး ၄ မျက်နှာထားသည်။

ရာဇမှတ် ပြင်ထောင့်တွင် ရွှေလှံ ၁ စီ ၄ ထောင့်ခင်းသည်။[၂]

ရောဝတီမြစ်ထိပ် လက်ဝဲ လယ်ယာ ပွဲသဘင်ရာဇမှတ် ငှက်ပျောပင်ရှင်ကြံပင်ရှင် ပစ္စုံ ယမြား ကုက္ကား တံခွန်မြူတာ ရေပြည့် ပန်းစုံစိုက်။[၃]

၁။ လကဗဟ ၁၄၃ ၂။ လကဗဟ ၂၄၈
၄။ ရှေးနန်းသုံး ခန်း ၁၀၃

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်။ ။စေတီပုထိုး ရွှေငွေကို သိမ်းယူ ပြင်ဆင် သန့်ရှင်းရာ၌ အကြီးအကြပ်ခန့်သည့် ရွှေတောင် ဗလကျော်....ကမန်ကျော်တို့ ထိမ်ချန်ဖျက်ဆီးသည်ကြားတော်မူ၍ ရင်စာ ထိုးရသည်။ လယ်ယာလက်ဝါဖက်ကို ဖြတ်ရသည်။ ရာဇဝတ် ပေးတော်မူသည်။

လူဆိုး လူသွမ်းတို့ကို တွေ့မိပို့အပ်လာလျှင်။ စင်ကြယ်အောင် စစ်ကြော၍။ ရာဇဝတ် အလျောက် သတ်တန်ဖြတ်တန်လျှင် မည်သသူမည်သို့ ပြုကျင့်၍ စစ်ကြောရာတွင် မည်သို့ ထွက်ဆိုရှိ၍။[၁]

ရာဇဝတ်နှင့် စပ်ရှက်သည့် အမှုစကား ရေမြေမှုဖြစ်လျှင် ရုံးသို့တင်၍ ကျွန်တော် မြို့သူကြီးက စီရင်ရပါသည်။[၂]

ရာဇဝတ်မှုနှင့် စပ်ဟပ်သည်ကို မြို့ကိုင် မြို့သူကြီးတို့ စီရင်ရိုး။[၃]

ရာဇဝတ် အပြစ်အလျောက် ဘမ်းဆီးချုပ်နှောင်ရန် ရှိလျှင်လည်း လေးပြင်ထောင်မှူးတို့နိုက် အသင့်ရှိသော နှောင်အိမ်အတွင်း ခြေကျဉ်းစွဲရိုက်ချုပ်ထားရသည်။....ရာဇဝတ် အပြစ်အလျောက် သေပြစ် သေဒဏ်ရှိလျှင်။ ဝတ်မြေဝန် မဟာဒါန်ဝန် မဟာဒါန်စာရေးတို့က လွှတ်တော်နှင့် မြို့ဝန်များ အစီရင်ခံ၍။[၄]

မြို့စာရေးသည် ရာဇဝတ်ပြစ်မှုရှိသူတို့ကို ဘမ်းဆီးခြင်းနှင့် တကွ။မြို့ရွာနေလူတို့ ချမ်းသာယာစွာရှိအောင် အမြဲစောင့်ရှောက် ထမ်းရွက်ရသည်။[၅]

မြို့ဝန်သည် ရာဇဝတ်နှင့် လျော်စွာ စီရင်ရသူဖြစ်၍။ ဓမ္မဝတ် ရာဇဝတ် လောကဝတ်အကြောင်းသုံးပါးကို ကျွမ်းသိနားလည်သသူ....တို့ကို ရွေးချယ်ခန့်ထားတော်မူပြီး ဖြစ်သည်။[၆]

၁။ ရွှေနန်းသုံး ခန်း ၈၁
၂။ တလုပ်မြို့စစ်တမ်း ၄၅ ခု
၃။ တောပျားရွာစစ်တမ်း၊ ၄၅ ခု
၄။ ရွှေနန်းသုံး ခန်း ၈၂
၅။ ရွှေနန်းသုံး ခန်း ၈၃
၆။ ရွှေနန်းသုံး ခန်း ၈၁

ရာဇဝတ်ခိုးသေးပိုးပွါး။ ။အမှုအသေးအဖွဲ။

ရာဇဝတ်ခိုးသေးမီးပွါး ပေါ်ပေါက်ရှိလျှင် ကျောက်ဆောက်မြို့ရုံးသို့ ပို့အပ်ပါရသည်။[၁]

ရွှေမြို့တော်ကြီးနှင့် တကွ ဆင်ခြေဘုံး ရာဇဝတ်ရုံး ဆင့်စုပါမြို့ရွာ နယ်မြေအတွင်းရာဇဝတ်ရေးခိုးသေးပိုးပွါးထွက်ပေါ်ဘမ်းဆီးရမိလျှင် အပြစ်စီရင်ရခြင်း။[၂]

၁။ ကျောက်ဆောက်မြို့စစ်တမ်း၊ ၆၄ ခု
၂။ ရွှေနန်းသုံး ခန်း ၈၁

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်တော်။ ။ကေရာဇ် မင်းမြတ်ကို ပြစ်မှားခြင်း။

စန္ဒပဒါအကို အဲမှန်တယာခံ ထော်နာ ယိုးဒယားမြို့မှာ ရှိသူနှင့် ရာဇဝတ်တော် မလွတ်မကင်းသည့် စကားကို ကူးသန်းပြုကျင့်သူ ဖြစ်၍ စန္ဒပါကို အဆုံးစီရင်ကွပ်မျက်တော်မူသည်။¹

ဇန်ကျီတိုက်အဝင် တရားမြို့မှာ မြေဘိုင် အောင်ကို ရာဇဝတ်တော်နှင့် စီရင်သည်။²

၁။ လဗစ ၂ ၂။ လဗစ ၃

ရာဇဝတ်တော်ရုံးတော်။ ။ရာဇဝတ်ရုံး။

တရားရုံးတော်ဌာနကား။ ။နန်းတော် ရွှေသစ်တပ်ပြင်ဘက် ရွှေးတော်ယူတံခါး လမ်းမတော် ဝဲဘက်တွင်ရှိသည်။ ၎င်း လမ်းမတော်၏ ယာဘက်က ရာဇဝတ်တော်ရုံးတော်နှင့် ယှဉ်ပြိုင်လျက်ရှိသည်။¹

၁။ ရွှေနန်းသုံး ခန်း ၈၈

ရေနံ။ ။ဆဲ့နှစ်မှုမင်းတိုင်းအဝင်အပါ။

ရေနံ ဆိုသည်မှာ ဘောင်တော်သမ္ဘန်တော် လှေတော်များကို ပွက်လျက်နှင့် ချက်ကျို၍ ထေးပါရန်အတွက် ဆက်သွင်းရခြင်း ဖြစ်သည်။¹

၁။ ရွှေနန်းသုံး ခန်း ၄၁၀

ရေသဖန်းပျဉ်။ ။မင်းတို့ အဘိသိက်ခံရာတွင် အသုံးပြုသည်။

အရိမဒ္ဒနာပြည်နှိုက်လိစ်သော မင်တိုဝ်လွန်ကနန်ပွင့် အစီအရှ ၂ င် စသ ရေသဖန်ပျည်၊ခရုသင်လက်ယာရစ်တိုဝ်သည် အစည်ပြတ်သောကြောင့်။ ဤအမ်ပွယ်စသရွှေအတိပြောင် ၂ တောက်သရွှေနန်တလိုရုယ်ပေတင်တတ်သော ပြည်ညာဟိတိုဝ်သည်မျာစွာသအစီအရင်လိုင် အစီရှ ၂ င်လျက်၊ဟင်သာဝတီပြည်မှ ၇၆း သော ခရုသင်လက်ယာရစ်၊ ဝိ(ဇ္ဇာ) နဂရ'ပြည်မှရသော ခရုသင်လက်ယာရစ်၊ သုရတန်ပြည်မှရသော ခရုသင်လက်ယာရစ်၊ ဤခရုသင်လက်ယာရစ်သုံမ်လုံမ်တိုဝ်ဖွင့်၊ မျာစွာ

www.burmeseclassic.com

www.burmeseclassic.com



သရက္ခာနာအတိခက်သလျက်သော ရေသဖန်ပျည်ထက် အဘိုသိက်သွန်ရှယ်ပူနေ၁ရသော မင်တမူလည်လိစ်ထသော။၁

၁။ စာရင်း ၉၄၉ မျက်၊၁၁။ သ၊ ၀၁၀

ရက်ကန်းစက်ရုံ။ ။ရတနာပုံ ရွှေမြို့တော် မြောက်ပြင်အမရစံခါင်ရပ် ရွှေတန်ချောင်း အရှေ့ဘက်ကမ်းနိုက် ယက်ကန်းစက်ရုံကြီး တည်လုပ်၍ ဝါများကို ကြိတ်သည့် ကြိတ်စက်။ ကြိတ်ပြီးဝါကိုဘတ်သည့် ဂွမ်းဘတ်စက်။ ဘတ်ပြီးဂွမ်းကိုညှို့ဆိုင်ရှိ ဗိုင်းတောင့်ကြီးကို တစတစသေးစေ၍ အလိုရှိရာ ချည်ချောကြမ်းဖြစ်အောင် စက်အဆင့်ဆင့်များနှင့် လုပ်ဆောင်သည်။ ၎င်း ချည်ကိုဝင့်သည့်စက် ချည်ချစက် ချည်ခင်ကိုခေါက်သည့်စက် ချည်စာယူသည့် တိုက်ခန်း အထည်ယက်ရန် ယက်ကန်းရှယ်သည့် တိုက်ခန်း နှပ်ကောက်သည့် တိုက်ခန်းအထည်ယက်သည့်ယက်ကန်းယက်တိုက်ခန်း အထည်ခေါက်သည့် စက်ခန်းများနှင့် ပြည့်စုံစွာ ရှိသည်ဖြစ်၍ အလိုတော်ရှိသမျှ ချည်ထည်များကို ယက်လုပ်ထမ်းရွက်ကြရသည်။ ။မြန်မာပြည်ကထွက်သည့်ဝါမှာ။ အမေရိကံ နိုင်ငံက ထွက်သည့်ဝါကဲ့သို့ မကောင်းသဖြင့် ပိတ်ချောယက်လုပ်နိုင်လောက်အောင်ချည်ကို သေးမျှင်အောင်လုပ်၍ မရဖြစ်သည်။ ၎င်းစက်ရုံတော်စောင့် အမှုထမ်း ၈ တို့မှာ စပါးတော် ၂၁၅ တင်း သနားတော်မြတ်ခံရသည်။ ။၎င်း ယက်ကန်းစက်ရုံကို အင်္ဂလိပ်မင်း လက်ထက်မှာ ဗြစ်စက်ရုံပြုလုပ်ထားသဖြင့် ယခုတိုင် တည်ရှိသည်။၁

၁။ ရွှေနန်းသုံး ခန်း ၂၄၂

ရွာစောင့်။ ။ရွာသူကြီးသည် ကိစ္စရပ် တခုခုကြောင့် နေ့ရက် ရှည်ကြာစွာ ကျေးရွာမှ ထွက်ခွါသွားရသည့်အခါ ရွာကိုသူကြီးကိုယ်စား စောင့်ထိန်း အုပ်ချုပ်နေရသူကို ရွာစောင့်ခေါ်သည်။၎င်းတို့သည် များသောအားဖြင့် သူကြီးတို့၏ အရာခံ ညီသားစသည်တို့ ဖြစ်ကြသည်။

သံချောင်းရွာသူကြီး တံဆိပ်ရ။ အိုမစွမ်း။ မယားမိပဲရောင် ၃။ ၆၉။ သားငပြည့်ဝ ၂။ ၂၇။ အရာခံ မယားမိတုတ် ၃။ ၂၂။ မတ်ငနေထွန်း ၈။ ၂၅။ ရွာစောင့်ငစင်ဖြူသား ငပြည့်ဝ အမှုတော်ကို လိုက်ထမ်းကြောင်း။ ငပြည့်ဝ ညီငနေထွန်းရွာစောင့် အမှုဆောင်ဖြစ်ကြောင်းကို အမှုဆောင်တို့က အစစ်ခံသည်။၁

ပဲနေ၁ရွာနယ်မြေကို ကျွန်တော် မြေဘ်ပေးဘိုးဘရိုးရာမှန်သည်နှင့် အညီတိုင်ဆော်ကြီးစိုး၍ မိုးနဲကြောင်းတပ်တော်မှာ မြေတိုင်သူကြီးတကာနည်း အမှုတော်ကို လိုက်ထမ်းရာ သေဆုံးရှိပါသည်။သား ငရွှေယောက်ကို ရွာစောင့် စာရင်း

၁။ လဖစ ၁၁

www.burmeseclassic.com



လွှတ်တော်မှာ ပေးဆက်ရှိပါသည်။....ကျွန်မလင် ငမြတ်ပေး အမှုတော်ထမ်း ရှက်ရာ သေဆုံးလျှင် သားငရွှေယောက်ဆက်ခံတိုင်ဆော် ကြီးစိုးပါရအောင်။[၂]

၂။ လဗဓ ဂ

ရွှေ။ ။၁၉ ရာစုတွင် ရွှေတကျပ်သား၏ တန်ဖိုးသည် ငွေဆယ်ကျပ်နှင့် ညီမျှသည်။[၁]

၁။ မြန်မာမင်း ၂။ ခန်း ၁၉၄

[ လ ]

လစာငွေတော်။ ။လခ။

မြန်မာမင်း သူကောင်းပြုတော်မူသည့် မင်းညီ မင်းသား မှူးတော် မတ်တော် နန်းတော်သား ဗိုလ်စု ဝန်စု မှူးစု သေနတ်စု သေနတ် အမြောက်ဆင်မြင်း စသည့် အရာထမ်း အမှုထမ်းတို့ကို လစာငွေတော်များမှာ။ ယခု ခေတ်အခါနှင့် နှိုင်းစာလျှင် အလွန်နည်းပါးသည်ဟု ဆိုကြပေလိမ့်မည်။ သို့ရာတွင် ထိုခေတ် ထိုအခါက။ အစားအစာ အဝတ်အထည်မှ စ၍ အဘိုးနှုန်းထားသက်သာခြင်း။ ကေရာဇ်မင်းမြတ်ကလည်း။ အဝတ်ပုဆိုး ခေါင်းပေါင်းအုပ် ပိတ်အုပ်တို့ဖြင့် ၃ လ တကြိမ် ၆ လတကြိမ် သနားတော်မူခြင်း။ နေထိုင်ရန် ဝင်းအိမ်တိုက် စသည်တို့ကို သနားတော်မူခြင်း။ သဒ္ဓါတော်မူသည့်အခါ အခွင့်အလိုက်။ စိန်မြ ပတ္တမြား ရွှေထည် ငွေထည်များကို ရက်ရောစွာ သနားတော်မူသည့် အခါလည်း သနားတော်မြတ်ခံရခြင်းရှိသည်။[၁]

ကတော်စာရေး ၄ တို့မှာ တလလျှင် လစာငွေတော်ဂဝိ သနားတော်မြတ်ခံရသည်။[၂]

ရင်းကွ ်းခန်းကျွန်တော်မျိုး ၉ တို့မှာ။ တလလျှင် လစာငွေတော် ၂၇ဝိ သနားတော်မြတ်ခံရသည်။[၃]

ရင်းကွ ်းခန်းစာရေး ၃ တို့မှာ တလလျှင် လစာငွေတော် ၉ဝိ သနားတော် မြတ်ခံရသည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၄၅ ၂။ ရွှေနန်းသုံး ခန်း ၇၃
၃။ ရွှေနန်းသုံး ခန်း ၄၃ ၄။ ရွှေနန်းသုံး ခန်း ၄၄

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတိုက်လက်စွဲ ၄၅ တို့မှာ။ တလလျှင် လစာငွေတော် ၁၁၃၀ သနားတော်မြတ်ခံရသည်။[၅]

စာတော်ဘတ် ၆ တို့မှာ တလလျှင် လစာငွေတော် ၁၈၀ သနားတော်မြတ်ခံရသည်။[၆]

မန္တလေးရတနာပုံဒုတိယနန်းစံမင်းတရားလက်ထက်တော် တောင်စမုတ်လက်စွဲ ၁၉ တို့မှာ တလလျှင် လစာငွေတော် ၄၀၀ သနားတော်မြတ်ခံရသည်။[၇]

အကြပ်မောင်ရောက်တို့နှင့်တကွ ထီးဖြူတော်မိုး ၂၄ တို့က ထမ်းရွက်ကြသည်။ ၎င်းထီးဖြူတော်မိုးတို့မှာ။ တလလျှင် လစာငွေတော် ၇၂၀ သနားတော်မြတ်ခံရသည်။[၈]

နတ်ရှင်ရန်နိုင်လူတော် ၁၁၄တို့မှာ။ တလလျှင် လစာငွေတော် ၃၄၄၀ သနားတော်မြတ်ခံရသည်။[၉]

မန္တလေးရတနာပုံဒုတိယနန်းစံမင်းတရားလက်ထက်တော် ပလိုင်းလက်စွဲ ၇၁ တို့မှာ တလလျှင် လစာငွေတော် ၁၆၄၀ သနားတော်မြတ်ခံရသည်။[၁၀]

မင်္ဂလာလက်စွဲ ၄၁ တို့မှာ။ တလလျှင် လစာငွေတော် ၈၃၀ သနားတော်မြတ်ခံရသည်။[၁၁]

မြောက်စမုတ်လက်စွဲ ၁၉ တို့မှာ တလလျှင် လစာငွေတော် ၄၀၀သနားတော်မြတ် ခံရသည်။[၁၂]

မြွေသမားတော် ၁၂ မှာ တလလျှင် လစာငွေတော် ၁၃၀ သနားတော်မြတ်ခံရသည်။[၁၃]

ရဲညွှန့်လူတော် ၂၀ တို့မှာ။ တလလျှင် လစာငွေဘော် ၈၄၀ သနားတော်မြတ်ခံရသည်။[၁၄]

၅။ ရွှေနန်းသုံး ခန်း ၃၁
၆။ ရွှေနန်းသုံး ခန်း ၂၆
၇။ ရွှေနန်းသုံး ခန်း ၃၄
၈။ ရွှေနန်းသုံး ခန်း ၂၃
၉။ ရွှေနန်းသုံး ခန်း ၃၇
၁၀။ ရွှေနန်းသုံး ခန်း ၃၂
၁၁။ ရွှေနန်းသုံး ခန်း ၃၆
၁၂။ ရွှေနန်းသုံး ခန်း ၃၃
၁၃။ ရွှေနန်းသုံး ခန်း ၄၂
၁၄။ ရွှေနန်းသုံး ခန်း ၃၉

www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်တော် ငါးဆယ်တော် ၁၄၂ တို့မှာ။ တလလျှင် လစာငွေတော် ၁၇၈၅ိ သနားတော်မြတ် ခံရသည်။[၁၅]

လက်စွဲကလေး ၃၄ တို့မှာ တလလျှင် လစာငွေတော် ၇၁၀ိ သနားတော်မြတ် ခံရသည်။[၁၆]

လက်စွဲကြီး ၂၁ တို့မှာ တလလျှင် လစာငွေတော် ၁၁၁၀ိ သနားတော်မြတ် ခံရသည်။[၁၇]

ယင်းသည့်သမားတော် ၁၀ တို့မှာ တလလျှင် လစာငွေတော် ၅၃၀ိ သနား တော်မြတ်ခံရသည်။[၁၈]

ကုသိုလ်ကံ အခွင့်ပေးလျှင် ပေးသည့်အလိုက် ဥစ္စာစီးပွားဖြစ်ထွန်းခြင်းရှိသဖြင့် တလလျှင် လစာငွေတော် ၅ဝိမျှ သနားတော်မြတ်ခံရသည့် အခွန်စာရေးအလုပ်နှင့် ငွေတသိန်း နှစ်သိန်းစုမိကြသည်။[၁၉]

အနောက်စမုတ်လက်စွဲ ၁၁ တို့မှာ။ တလလျှင် လစာငွေတော် ၂၇ဝိ သနား တော်မြတ်ခံရသည်။[၂၀]

အနောက်ဝန် ၃ စု။ တလလျှင်လစာငွေတော် ၃၀ဝိသနားတော်မြတ်ခံရသည်။[၂၁]

အနှိပ်တော် ၁၇ တို့မှာ တလလျှင် လစာငွေတော် ၄၆ဝိ သနားတော်မြတ် ခံရသည်။[၂၂]

၁၅။ ရွှေနန်းသုံး ခန်း ၂၅
၁၆။ ရွှေနန်းသုံး ခန်း ၃၀
၁၇။ ရွှေနန်းသုံး ခန်း ၂၆
၁၈။ ရွှေနန်းသုံး ခန်း ၄၀
၁၉။ ရွှေနန်းသုံး ခန်း ၄၅
၂၀။ ရွှေနန်းသုံး ခန်း ၃၅
၂၁။ ရွှေနန်းသုံး ခန်း ၈၅
၂၂။ ရွှေနန်းသုံး ခန်း ၄၁

**လမိုင်း။ ။အရာတော်လယ်တမျိုး။**

ပုဂံပြည်တွင် ထီးနန်းကနက်စိုက်စဉ်ကာလ။ ဝမ်းတော်ပြည့် လယ်လုပ်သား တွင်၍။ ရတနာပူရအမြို့မှာ ထီးနန်းကနက်စိုက်သောအခါ။ အောင်ပင်လယ်ရွာ ထွန်းတုံးရွာ လက်သစ်ရွာ သမဲကုန်းရွာ မြို့တင်းရွာများကိုလက်ယာတော်လမိုင်း။ နန္ဒာတောင်ရွာ မြောက်ရွာများကို လက်ဝဲတော် လမိုင်းဟူသော အမည် ဖြစ်လာသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၀၂

www.burmeseclassic.com

www.burmeseclassic.com



လမိုင်းမြင်း။ ။မြင်းမှုထမ်းတမျိုး။

လမိုင်းမြင်းအမှုထမ်း ၁၁၁ တို့မှာ လစာငွေတော် ၄၉၀ိ သနားတော်မြတ် ခံရသည်။ မြင်းရှပ်လက်ယာနံ့တွင် ထိုး၍ ဆေးတော်မှတ်သည်။ လမိုင်းမြင်းဝန် မင်းကျော်ရာဇာက အုပ်ချုပ်ထမ်းရွက်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၃၀၅

လမိုင်းဝန်။ ။လမိုင်းလယ်တော်များကို အုပ်ချုပ်ရသောဝန်။

လမိုင်းဝန်သည် မင်္ဂလာလယ်တော်နှင့်တကွ။ လက်ဝဲတော် လက်ယာတော် လမိုင်းကျေးရွာများက စပါးတော်ဟူသမျှကို အချိန်နေ့ရက် မကျူးမလွန်စေရ ရိတ်သိမ်း၍။ ရွှေမြို့တော် မြောက်မျက်နှာ မြို့ရိုးအတွင်းရှိ စပါးတသိန်းစီဝင်သော မစိုးရိမ်။မကြောင့်ကြ။မတောင့်တ။ခန့်တိုင်းရကျီတော်ကြီးများသို့ သွင်းရသည်။[၁]

ခမည်းတော် ( ဆင်ဖြူရှင် )လက်ထက်ဝန်ထောက်ကင်းဝန် ဇေယနော်ရထာ လမိုင်းဝန် ဝန်ထောက်ကျော် ခေါင်နော်ရထာတို့နှင့်ဘက်၍....။[၂]

ကျွန်တော်ရင်းငယ်မည်ဦးမြတ်ထင် ပဉ္စမသီဟမင်းရဲဘွဲ့နှင့် လမိုင်းဝန်၊ နောက် မဟာမင်းလှနော်ရထာဘွဲ့။[၃]

ဦးရဲညိုညို လမိုင်းဝန် ဦးညိုရောင်။[၄]

လမိုင်းဝန်ဦးဘဲကိုလည်း နေမျိုးနော်ရထာဘွဲ့နှင့် မြို့ဝန်ခန့်သည်။[၅]

နောက်ရွှေတောင်ကျော်စွာဘွဲ့နှင့် လမိုင်းဝန်။[၆]

နေမျိုးဇေယကျော်ထင် မြို့ဝန်ဦးစိုး လမိုင်းဝန်။[၇]

| | | | |
|---|---|---|---|
| ၁။ | ရွှေနန်းသုံး | ခန်း | ၁၀၂ |
| ၂။ | မသက | ၄၅။ | ၁၄၇ |
| ၃။ | မသက | ၄၅။ | ၁၄၉ |
| ၄။ | မသက | ၄၅။ | ၁၄၉ |
| ၅။ | မသက | ၄၅။ | ၁၅၂ |
| ၆။ | မသက | ၄၅။ | ၁၅၀ |
| ၇။ | မသက | ၄၅။ | ၁၆၀ |

www.burmeseclassic.com

www.burmeseclassic.com



ပုဂံမင်းလက်ထက်ရမည်းသင်းဗိုလ်ခန့်သည်နှင့်အရေးတော်တွင် တပ်တော်ပါ၍ မြို့ဝန် လမိုင်းဝန် နောက်မြစ်စဉ်ဝန်ပုဂံဝန် အဝဝန် အတွင်းဝန်၊ နောက်ဝန်ကြီး မိုးနဲဗိုလ်မှူးမြင်းဝန်ကြီးခန့်သည်။ ၁

၁။ မသက ၄၅။ ၁၅၉

လမိုင်းဝန်ကြီး။ ။လမိုင်းဝန်ကို ဝန်ကြီးခန့်သည့်အခါ လမိုင်းဝန်ကြီးခေါ်ဝေါ်သည်။

နောက် ၄၀ပြည့်လမိုင်းဝန်ကြီး မရှိလျှင်ဝန်ထောက်ကင်းဝန်ဇေယနော်ရထာကို ဝန်ကြီးခန့်ပြန်သည်။ ၁

၁။ မသက ၄၅။ ၁၄၈

လမိုင်းသား။ ။လမိုင်းလယ်လုပ်သားများ။

မိုးကြိုးထား လမိုင်းသားအရှတ် .... အမှုထမ်း အစုစုများကိုလည်း အသီးသီး နေမြေစားမြေ အဆောင်အရွက် အမှတ်အသား သနားတော်မူသည်တွင်။ ၁

မည်သည့်အစု အမှုထမ်းက ယောကျ်ား မိန်းမနှင့်မဆို လမိုင်းသူ လမိုင်းသား နှင့် အိမ်ထောင်ကျလျှင် လမိုင်း အမှုထမ်းသို့ ဖြည့်ရသည်။ ၂

၁။ စမ္ဘူ၊ ၁၀၂ ၂။ ရွှေနန်းသုံး ခန်း ၁၀၂

လမိုင်းသူ။ ။လမိုင်းအစုဝင် မိန်းမများ။

မင်းညီမင်းသား အိမ်ရှေ့မင်းကစ၍ လမိုင်းသူကိုယူလျှင် ကျွဲခေါင်းဆောင်း၍ ရှေ့တော်မှာကရသည်။ ၁

၁။ ရွှေနန်းသုံး ခန်း ၁၀၂

လမိုင်းအစု။ ။လမိုင်းလယ်လုပ်သားတို့ကို ဖွဲ့ထားသည့်အစု။

လမိုင်းအစုသားများကား မြန်မာလူမျိုးချည်းဖြစ်သည်။ သက္ကရာဇ် ၁၁၂၀ ခုနှစ် အလောင်းမင်းတရားကြီးဘုရား ကသည်းပြည် မဏိပူရကို တိုက်ခိုက်အောင်မြင်၍ အပြန်တွင်ပါလာခဲ့သော သုံးပန်းလက်ရ ကသည်းလူမျိုးများကို။ လက်ဝဲတော် လက်ယာတော် လမိုင်းအစုတွင်ဖြည့်၍လယ်တော်ယာတော်များကို လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



စေရသည်။ လမိုင်းအစုသားတိုက စပါးတရာထွက်လျှင်။ ကျိုတော်သွင်း စပါး ၁၀ တင်း။ အပိုတတင်း။ တင်းနှီးလက်ခုတ်နှစ်စိတ်။ ဆောင်ချီရေးစားနှစ်စိတ်။ ဆော်ဝတ်နှစ်စိတ်။ တိုင်စာ တစိတ်။ ထမင်းနှစ်ပြည်ချက် ပေးဆောင်ရသဖြင့်။ စုစုစပါး ၁၃ တင်း တစိတ်ကုန်ကျ၍။ ကျန်စပါး ၈၆ တင်း ၃ စိတ်လျော့ကို လုပ်သားကစားရသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၁၀၂

လာဇာလှေ။ ။လင်းဇင်းလှေ။

လာဇာလှေဆိုသည်မှာ မာဂဓဘာသာ၌ ပေါက်ပေါက် ဆိုသည်။ ပေါက်ပေါက်ပွင့်ကဲ့သို့ အတွန့်အလိမ်ဦးနှိမ်ပဲ့မြင့် လုပ်သည့်လှေဆိုလိုသည်။ ထိုလှေကို လဝရဋ္ဌတိုင်း လင်းဇင်းမင်းတို့ အသုံးအဆောင်ပြုသောကြောင့် လင်းဇင်းလှေ ခေါ်ဝေါ်သည်။[1]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၉

လား။ ။ကမ်းနီနောက်ပြင်၊ တပ်ဝန်းကျင်နှင့်၊ ကြည်လင်ပေါင်းလောင်း၊ မြစ်ခပေါင်းတို့၊ လမ်းကြောင်းတံတား၊ ခင်းစေငြားလျက်။ မြည်းလားဆင်မြင်း၊ ဖတ်ဖတ်ကျင်းမျှ။[1]

၁။ ပေါင်းချောင် ပိုဒ် ၅၃

လုလင်စဉ်။ ။မင်းသားမှူးမတ် ကတော်မယားတို့ သွားခင်းလာခင်းရှိ၍ သွားလာသည့်အခါ ခေါ်ဆောင်သွားရသည့် အမှုထမ်းများ။

မင်းသားတို့ ကျိုင်းဆောင်အားရှိလျှင် ကျိုင်းရိုးနှံ့ အရိုးအယပ်ကို ဟင်းသပတားသုတ်ကိုဆောင်၍ ရွှေလုလင်တစဉ် ယပ်နှင့်စဉ်၍ ကျိုင်းနောက်တွင် မြင်းစီးသည်။[1]

မှူးတော်မတ်တော်တို့ အစဉ်ဆောင်ရွက်ရိုးကား .... ကျိုင်းဆောင်အားရှိလျှင် ရွှေ့လုလင်နှစ်စဉ်သည်နောက် ကျိုင်းရိုးနှံ့အဖြူကို ဆောင်သည်။[2]

တော်နေရာတို့မယားဖြစ်လျှင် သည်နည်းတူ ဆောင်ရွက်သည်။ သွားလာလျှင် သံလျင်းစီး၍ ရွှေ့လုလင်စည်နှစ်စဉ်သွားသည်။[3]

၁။ လကမဟ ၂၃၃ ၂။ လကမဟ ၂၃၆
၃။ လကမဟ ၂၄၀

www.burmeseclassic.com

www.burmeseclassic.com



လူပျို။ ။နန်းတွင်းအမှုထမ်းတမျိုး။

ဝင်းမှူးဆိုသည်အရာသည် .... အမတ် ကျေးစား လူပျို မြေနန်းဝန်းကျင် သေနတ်....တို့ကို အိပ်လှည့်အိပ်ဘန် မှန်ကန်အောင်ဆိုင်ရာ ခန့်ထားတော်မူသည့်အတိုင်း မပြတ်စစ်ကြောစီရင်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၉၅

လူပျိုစု။ ။လူပျိုအမှုထမ်းတို့ကို ဖွဲ့ထားသည့်အစု။

သည်နောက် အရှေ့အတွင်းတော်မြဲ လူပျိုစုနှင့် နေရာတော်နေတို့လိုက်ရသည်။[၂]

၁။ လကဗဟ ၁၅၅

လူပျိုတော်။ ။လူပျိုအမှုထမ်း။

ကွမ်းရေတော်။ မင်းဆောင်တော်များကို လေးဆယ်ငါးဆယ် လူပျိုတော် ကွမ်းရေကိုင် အဆောင်မြဲတို့ဆိုင်ရာ ကိုင်၍လိုက်ရသည်။[၁]

စားတော်ကွမ်းရေကိုင် လူပျိုတော် အဆောင်မြဲတို့ကို ရွှေလက်ကောက် ရွှေအုပ်ထုပ်။ ရွှေဝတ်လုံသနားတော်မူ၍ ဝတ်နီနှင့်လိုက်ကြရသည်။[၂]

လူပျိုတော် ရွှေတောင်ရာဇာကို မင်းထင်ရွှေတောင် .... အမည် သနားတော်မူသည်။[၃]

၁။ ကဘဆ ၁။ ၁၂၀ ၂။ ကဘဆ ၁။ ၁၂၃
၃။ ကဘဆ ၁။ ၂၅၆

လူဆင်းရဲ။ ။လူဆင်းရဲးဆိုသည်မှာ။ ကြွယ်ဝသူလူသုခ။ လူသူကောင်းခေါ်ရသူများလည်းမဟုတ်။ မင်းမှုထမ်းခေါ်ရသူများလည်းမဟုတ်။ ကျွန်ရိုးလည်းမဟုတ်။ ကျွန်မျိုးလည်းမဟုတ်သူကိုဆိုလိုသည်။[၁]

၁။ မြန်မာမင်း ၂။ ခန်း ၁၉၅

www.burmeseclassic.com

www.burmeseclassic.com



လောကဗိမာန်လှေ။ ။လောကဗိမာန်လှေမှာ....လူမင်းဗိမာန်ဆိုလိုသည်၊လူမင်းဗိမာန်ဆိုသည်ကို ထောက်လျှင် ဦးကလည်း ဗိမာန်ပဲ့ကလည်း ဗိမာန်လုပ်ဆောင်သည့်လှေဖြစ်သည် ယူရန်ရှိသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၆

လူး။ ။မြေလတ်ဒေသစိုက်ပင်တမျိုး။

တောင်ရာပဲခင်း လူး ပြောင်းသာလုပ်ပါသည်။အခွန်မှာ ၁၀၀လျှင်၁၀ရေးစား ၁[၄] တိုင်စား ၁[၅] အပိုအကဲမရှိဆိုင်ရာဝတ်သိမ်းတို့ကို ပေးချင်ပါရသည်။[၁]

ဝတ်မြေမှာ သံမရင်းမရှိပါ။ တောင်ယာပဲခင်း လူးပြောင်းသာ လုပ်ပါရသည်။ အခွန်မှာ တရာလျှင် ၁၀ ရေစား ၁[၄]တိုင်စား ၁[၅]အပိုအကဲမရှိ။[၂]

၁။ ပသက ၉၉။ ၄၁ ၂။ မသက ၉၉။ ၄၃

လေး—စင်းပြု။ ။ဘုရင်ကလေးသမားများကို လုပ်မြေနေမြေ စားမြေပေးသည့် မြေကို လေးတစင်းပြု လေးနှစ်စင်းပြုစသဖြင့် ခေါ်သည်။

ခမက်တော်ဖုရာရှင် နရပတိပဝရမဟာ ဓမ္မရာဇာဓိရာဇာဓိ ရာဇာဓိပတိ တြ၂၁ မင်ကြီးအလွန်တရာ ဝံသာတော်မူစွာသည်ဖြစ်သော ကြောင်ရကာ၊ ရဲဆူပေတော်မူသည်ကာ....ကုခန်မည်သော တိုက်နိုက်မျိုင်ဟူသော ကျေ၊ လေဆယ်စင်ပြုတရွာ၊ ဤမျှလောက်သော ဆုသည်လျှင် ပေတော်မူဇအ်တေည်၊ မိမိဖုန်လက်ရုံမ်ဖြင် ဥကတ်ထစင်စွာရသည်ဖြစ်ရှယ်မျိုင်ဟူသကျေ၊ လေဆယ်စင်ပြုကိုဝ်ကာ.... ကျောင်ကိုဝ်လှျုတော်မူလျှင်ဇအ်။[၁]

မောင်ချင်တောင်ရွာလေ်ာက်ရွာသော မြင် ၃စီး လေ၇စင်းစား လက်ဆောင်တဝ်ရွေကွ ခွက် ၁၀၀ခုတ်။[၂]

၁။ စာရင်း ၉၃၄ မျက်[၂၁,၂၂] ၂ ရန်အောင်မြင်ကျောက် ကျော[၄]

လဲ။ ။ဆဲ့နှစ်မူမင်းတိုင်း အဝင်အပါ။

လဲးဆိုသည်မှာ ကေရာဇ်မင်းမြတ်နှင့်တကွ မင်းမိဖုရားတို့ အသုံးအဆောင်တော်ဖြစ်သောနေရာပါးတော် မွေ့ရာတော် လက်ထောက်တော် အုံးတော်များ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်လုပ်ရန် အလိုတော်ရှိသည့်အခါ။ လက်ပံသီးမှထွက်သော လဲမှို့ကို ဆက်သွင်းရခြင်းဖြစ်သည်။

၁။ ရွှေနန်းသုံး ခန်း ၄၁၀

လက်ကောက်။ ။ရတ္တနာကိုဝ်ပါတင်သော ပုလဲလက်ကောက် တခြည်။ ပတ္တမြား အတိစီသော လက်ကောက်တော်တခြည်။[၁]

ရွှေလက်ကောက်နှစ်ခြည်သော ၄၅ ကျပ်၊ ရွှေဖလားနှစ်လုံးသော ၃၅ ကျပ်။[၂]

အသျှင်မိဘုရား ၃ ပါးက။ ရွှေလက်ကောက်အရန် ၃။ အချိန် ၂၉ ဖြူ ၁ ရွေး။.... တရုပ်မော်မြို့စား။ ရွှေဘလား ၁။ အချိန် ၇၀ ၃။ ၁ ပဲ ၁ ရွေး။ ရွှေလက်ကောက် အရန် ၁။ အချိန် ၉၀ ဂ မူး ဂ ပဲ။[၃]

၁။ စာရင်း ၉၃၄ မျက် [၃၁]  ၂။ စာရင်း ၉၄၉ ကျော [၁]
၃။ မမမ ဂဖ

လက်စွပ်။ ။ဝတ်တော်မူသော ပတ္တမြားလက်စွပ် လည်နှစ်ခြည်။[၁]

မြတင်လက်စွပ် ၁။ ပုလဲသွယ် ၂။[၂]

၁။ စာရင်း ၉၄၃ မျက် [၂၃]  ၂။ မမမ ဂ၅

လက်ဆောင်တော်။ ။အဝခေတ်တွင် ဝတ်မြေလျှုဒါန်းလိုသူတို့သည် ဘုရင်ကို လက်ဆောင်တော်များ ဆက်သ၍ မြေလျှုပါရန် ပန်ကြားကြရသည်။

ဤလယ်ကာ သတိုးကြီးအနိမ်နေတော်မူရှယ်၊လက်ဆောင်တော် ဆက်သဝ်စပ်ရှယ် သျှင်အသင်ခယာစောက်မတော်ချင်ပါရှယ်လျှုတော်မူ၏။[၁]

ကုခန်မည်သောအရပ်နိုက် တေရေဘ်ဟူသရွှာကိုဝ်ပန်တုံမ်အော်၊ပန်သောခါဆက်သ လက်ဆောင်တော်ကာ၊ ရွှေမောမင်ကြီးသိုဝ်ငံဖွာကိုဝ် ဆက်သော် ပေတော်မူသ ဆုဆင်ပေါက် ချစ်နောင်ရင်တစီ၊ ဆင်တော်ပြည်လုလင်တစီ၊ ရတ္တနာကိုဝ်ပါ တင်သော ပုလဲလက်ကောက်တော်တခြည်နှင် သောက်ရေတော် တေည်သော ငွေဖလာအပျေည် ခနှစ်ဆယ်ခုတ်ကိုဝ်ကာ စစ်ကဲလဝသူကြီးကိုင်အော်၊ နကာသဲ့တင် သော ရွှေဖုပိတ်နှင် ဦမြမ်ဖူနှင် အစုံမ်ကိုဝ်ကာကုခန်သင်သည်သူကြီကိုင်အော်၊ ပုဆစ် တုတ်ကြသည်တမူကာ။[၂]

၁။ စာရင်း ၆၃၆ မျက် [၁၃]  ၂။ စာရင်း ၉၃၄ မျက် [၃၃]

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၈၀၈ ခု ဇေတနှစ် နတ်တောလဆန်း ၆ ရျက် ၁ နေ့နေအာသာတော် ဥပရာဇာအိမ်ရှေမင်ကြိသို့မျှောက်သာစိတ်တော်မူသော ဆင်ပေါက် ရွှေကနုင်တစိ၊ သင်တဲ့ပြည်ကလိဖ်စ်သောသံမ်တောင်တမိုက်နှင့် လက်လေသစ်ဟိသော မြင်ကြိအလှံ စကြဝလာလေည် ရွှေကနုင်အစုံမ်ဝတ်တော်မူသော ပတမြာလက်စွပ်လည်နှစ်ခြည်၊ မျှောက်သာတော် ဝတ်တော်မူသော ပတ္တမြာသန်တာနီလာ အတိအလိဖ်ည်စိသော ရွှေထံဖိ၊ ဤသိုဝ်သောလက်ဆောင်တော် ကို ဆက်ရှယ်၍မြင်ဇေအ်တိုက်နှိုက်၊ နွှာထိန် တရွာ၊ မြင်ပြုတရွာ၊ ကျွေရျက်မြက် ကွဲလူချိုက်၊ ဤသုံမ်ရွာကိုဝ်ပန်တော်မူအော်။[၃]

ရွှေအိမ်တက်တြျ ၁ခုတ်။ ရွှေလက်ကောက်နှစ်ခြည်သော ၄၅ ကျပ်၊ ရွှေဖလာ နှစ်လုံမ်သော ၃၅ ကျပ်၊ ငွေလင်ပန်နှစ်ချပ်သော ၃၀၀ ခုတ်၊ လက်ဆောင်တော် ဆက်ရှယ်ပန်သောမြေကာ။[၄]

၃။ စာရင်း ၉၄၃ မျက်၊ ၂၄ ၄။ စာရင်း ၉၄၉ ကျော ၂

**လက်ဆောင်ယူမှူး**။ ။ကျွန်တော်မျိုးတို့က ဘုရင်အားကန်တော့ လက်ဆောင်တော် ဆက်သမျှကို ကောက်သိမ်းရသည့်အရာရှိ။

လက်ဆောင်ယူမှူး စာရေးတို့က ကောက်သိမ်း၍ လက်ဆောင်တော်စင်တွင် တင်ထားသည်။[၁]

လက်ဆောင်တော်များကို ဝဲယာသိမ်းစေရန်လက်ဆောင်ယူမှူး။[၂]

သတင်းကျွတ်လဆန်း ၅ ရက်နေ့ကစ၍ ကန်တော့လက်ဆောင်တော် ရွှေဖလား ခါသာ၊ သာလူ၊ ဖျင်၊ ပုဆိုးဖျင်၊ သည်များကိုအရှေ့ရုံးတော်တွင် လက်ဆောင်ယူမှူး လက်ဆောင်စာရေး၊ ရွှေကြည့်၊ သဋ္ဌေးတို့ကြည့်ရှုတိုင်းထွာရသည်။[၃]

၁။ လကဗဟ ၁၄၅ ၂။ ရွှေနန်းသုံး ခန်း ၈
၃။ လကဗဟ ၃၁၃

**လက်တင်ကြာ**။ ။မင်းခမ်းတော်တခု။

ယှစ်ထောင်လက်တင်၊ လက်တင်ကြာ၊ ကြာ (ရွှေ) ကွံ့ချပ်နိမ်၊ ကွံ့ချပ်မျှင် ကွံ့လောင်သောက်ရေတင်စသော မင်တကာတိုစ်ခံရဖျည်ကရာတိုဝ် လိဖ်င်အသွန် ဆန်ကြဲစွာသ ရာဇပရိက္ခရာပြည်စုံစွာသည် တမူလည်လိဖ်စ်သသော။[၁]

လက်တင်ကြာမှာ....ယိုးဒယားမင်းတို့အဆောင်။[၂]

၁။ စာရင်း ၉၄၉ မျက် ၁၃ ၂။ ရွှေဘုံနိဒါန်း ခန်း ၁၅

www.burmeseclassic.com

www.burmeseclassic.com



ရတနာဘုံနပ်၊ သပ်သပ်တောင်ဝှေး၊ ရောင်ပြေးဝိုးဝါး၊ လက်တင်ကြွားနှင့်၊ နဂါးကွမ်းခွက်။[၃]

သင့်စွာစီရင်။ နောက်စင်မှာကား၊ လက်တင်ကြွားနှင့်။[၄]

၃။ ရွှေဘုံနိဒါန်း ခန်း ၁၆ ၄။ ကုသ ပို့ဒ် ၁၄

**လက်ဖက်။** ။မင်းခမ်းတော်တွင် ကွမ်းလက်ဘက်တို့ကိုလည်း အတွင်းတော်က အကြီးအကြပ်ခန့်၍ ကျောင်းဘုရားမှာ တင်လှူသည်။[၁]

ဒူးနေရာသို့ရောက်လျှင်....မြင်းစီး၍ဖြစ်စေ၊ ခြေချည်းသွားသည်ဖြစ်စေ၊ ကွမ်းလက်ဘက်ကို ပဝါဖြူ ၂ ဖက်မြိတ်နှင့်ထုပ်၍ ရေတခကောင်းကို ပါဝါ မဖုံး ဖက်ကတော့ကြီးကိုအုပ်၍ ဆောင်သည်။[၂]

၁။ လကဗဟ ၁၄၆ ၂။ လကဗဟ ၂၃၈

**လက်ဖက်ချောင်း။** ။ပေါင်ဖျင် ပုဆိုဝ်စပ်၊ လေဆဲခုနှစ်ထည်၊ လက်ဖက်တဆဲသျှစ် ချောင်၊ ကုလားကျောင်တော်ကိုဝ်မှတည်မီကာ၊ ဥတဖိုဝ်ပေတော်မူသှ်နှင်။[၁]

ပုဆိုဝ်တရာကိုဝ်ဆဲခုနှစ်ထည်။ လက်ဖက်ချောင် တရာသုံ့ဆဲ၊ စားနှစ်ထောင် ခုနှစ်ရာသျှစ်ဆဲလေတင်။[၂]

ရွှေတကျပ်တန်ဘိုးမှာ ငွေ ၁ဝိ။ ဖျင်တစင်းတန်ဘိုးမှာ ငွေငါးမတ်။ ခါသာ တအုပ်တန်ဘိုးမှာ ငွေငါးကျပ်။ လက်ဘက်ချောင်းတစ်တန်ဘိုးမှာ ငွေငါးမူး။ အုန်းတွဲတန်ဘိုးမှာ ငွေငါးမူး အသီးသီးထားရသည်။[၃]

၁။ နိဂျောဓကျောင်း ကျောက် [၂၉] ၂။ နိဂျောဓကျောင်း ကျောက် [၃၆]
၃။ မြန်မာမင်း ၂။ ခန်း ၁၉၄

**လက်ဖက်ငှလျှင်။** ။အကြီးအကဲက ငယ်သားတို့ကို လက်ဖက်ပေးသည့်ထုံးစံ။

ဘိုးနောင်လက်ထက် မနောသာရစားသည်တွင် မြို့စားတို့က လက်ဖက်ငှလျှင် အိမ်ကြီးကို ကြေး ၇ဝိ အိမ်ငယ်ကြေး ၂၅ိ ကို တွက်၍ပေးပါရသည်။[၁]

ရွာစားပေး၍ လဘက်ငှလျှင်အိမ်ကို ငွေ ၁ိ ၂ိ စီ ကောက်ခံ၍ ပေးပါရသည်။[၂]

၁။ ခေါ်သန္တာမြို့စစ်တမ်း ၂၇ ခု ၂။ မသာဂ ၃၁။ ၂၃၂

www.burmeseclassic.com

www.burmeseclassic.com



လဘက် ရွှာစား ငှလျှင် ရွှာတက်ငွေ ၁ိ ၂ိ စိ တအိမ်ကို ကောက်ခံ ပေးပါရသည်။[၃]

လက်ဘက်ငှလျှင် ရွှာလက်ဝင် ပျင်အိမ်ကုပ်တအိမ် ငွေ ၁ိ-၂ိ စိ ကောက်ပေးပါသည်။[၄]

၃။ မသက ၃၃။ ၂၃၃ ၄။ မသက ၃၃။ ၂၃၆

လဖက်ရည်။ ။လဖက်ရည်တော် အမှုထမ်း။

ဦးအောင်ကလေးသည် ဘကြီးတော်ရွှေနန်းတက်လျှင် အပါးတော်တွင် လက်သုံးတော်မားနှင့် လဘက်ရည်မှ ခစားရသည်။ နောက် အစည်ခံတောင် လုံးလေ့၊ ရွှေပန်းဒိန်လေ့အုပ်၊ သံလျှင်မြို့စားခန့်သည်။[၁]

မကွေးဝန်ကြီး ဦးကြာဥကို ဘကြီးတော်ဘုရား ယော်ကျွန် လဘက်ရည် ပဌမထန်းတပင်မြို့ အနောက်မြောက် ထားဝယ်ဗိုလ်၊ နောက်ငွေခွန်ဝန်။[၂]

၁။ မသက ၄၅။။ ၁၅၉ ၂။ မသက ၄၅။ ၁၆၀

လက်ဖက်ရည်တော်။ ။ဘုရင်သုံးဆောင်တော်မူရန်လဖက်ရည်တော် ဆက်ရသည့်အမှုထမ်းများ။

ရှေးအခါက မရှိ။ အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီး လက်ထက်တော်က စ၍။ ကွမ်းရေကော်ကဲ့သို့ ရွေးချယ်စစ်ဆေးပြီး ရုံဘန်သုံးတော်မူသည့် လဘက်ရည်တော်များကို ဆက်သမြဲစွဲရသည်။ နောက်မင်းများ လက်ထက်တော်မှာလည်း လဘက်ရည်တော်ခန့်ထားမြဲ ဆက်လက် ခန့်ထားသည်ဖြစ်၍။ မန္တလေးရတနာပုံ ဒုတိယ နန်းစံမင်းတရားလက်ထက်တော်တွင် လဘက်ရည်တော် ၄၄ ရှိသည်။[၁]

ဘကြီးတော်ဘုရားယော်ကျွန် လဘက်ရေတော် မြကုံးလေ့အုပ်၊ ရွှေခဲလေ့အုပ်၊ လက်ဝှေ့သတ်အုတ်၊ အမြောက်ဝန်၊ ဇလွန်မြို့စားပေးသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၂၂ ၂။ မသက ၄၅။ ၁၅၉

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်အိုး။ ။အဆောင်အရွက်တမျိုး။

အိမ်ရှေ့မင်းမှာ....ကြုတ်ခွက် လက်ဘက်အိုး တကောင်းပိတ်အထွတ် ပတ္တမြား အပြည့်စီကို ဆောင်သည်။[၁]

မိဖုရားတို့ထွင် မြင်သည့်မင်းသား၊ ကိုယ်လုပ်တော်တို့တွင်မြင်သည့် မင်းသားတို့မှာ ရွှေကျုပ်မြင့်မိုရ်လက်ဘက်အိုးကို စ၍ ပေးသည်။.... သည်နောက်တကောင်းပိတ်၊ လဘက်အိုး အထွတ် ပတ္တမြားစီပေး၍ ဆောင်သည်။[၂]

မှူးတော်မတ်တော်တို့မှာ အတွင်းဘဝေါစနည်းနေရာသို့ရောက်လျှင် ရွှေကျုပ် လက်ဘက်အိုး ပေး၍ဆောင်ရသည်။ ....သည်နောက် ဒူးနေရာသို့ရောက်လျှင်.... ကွမ်းခွက် လဘက်အိုး အဝန်းပေး၍ ဆောင်သည်။[၃]

သုံးဆယ်စားလဲချားစားတို့မှစ၍ မြို့စုစားတို့မှာ ရွှေကျုပ်လက်ဘက်အိုးအဝန်း စ၍ ပေးသည်။....ဣန္ဒာဂိရိဘုမ္မိဂိရိသည် ၂ မြို့ကို အဆောင်ပေးလျှင် ငွေကျုပ် ငွေ လက်ဘက်အိုးစ၍ ပေးသည်။ သည်နောက် မိုးကြိုးကျုပ် မိုးကြိုး လဘက်အိုး ပေးသည်။ သည်နောက် ရွှေကျုပ် ရွှေလက်ဘက်အိုး ပေး၍ ဆောင်ရသည်။[၄]

နေရာသုံးသွယ်တို့ ရွှေကျုပ် လက်ဘက်အိုး ရလျှင်သွားခင်းလာခင်းရှိ၍ သွားလျှင် မြင်းရှေ့ကလုလင်နှစ်စည်စည်၍ ကျိုင်းရိုးနွဲ့ကို ဆောင်သည်။ သည်နောက် ရွှေကျုပ် လက်ဘက်အိုး ရေတကောင်း ပဝါဖုံး၍ သွားသည်။.... ခြေချည်းသွားလျှင် ခမောက်ဆောင်၍သွားသည်။နောက်ကရွှေကျုပ်လက်ဘက်အိုးရေတကောင်း ခမောက်တင် အခြွေအရံတို့ လိုက်ရသည်။ ကျုပ် လက်ဘက်အိုး ကျိုင်းမဆောင်။

ဒူးနေရာသို့ရောက်လျှင်....သွားလာခင်းရှိ၍ ကွမ်းခွက်လဘက်အိုးတကောင်းဖုံး မဆောင်မယူ။[၅]

အမေးခံကတော်ကြီးတို့နှင့် နောက်ကတော်ကြီးတို့ အဆောင်တွင် ကွမ်းခွက်း လဘက်အိုး။ တကောင်းပိတ်ရှစ်ထောင့်ပယင်းတပ်။[၆]

| | | | | | |
|---|---|---|---|---|---|
| ၁။ | လကဗဟ | ၂၂၇ | ၂။ | လကဗဟ | ၂၂၇ |
| ၃။ | လကပဟ | ၂၂၈ | ၄။ | လကဗဟ | ၂၂၈ |
| ၅။ | လကဗဟ | ၂၄၈ | ၆။ | ရွှေနန်းသုံး ခန်း | ၁၄၊၁၅ |

www.burmeseclassic.com

www.burmeseclassic.com



**လင်ပန်း။** ။ရွှေဖလားနှုတ်လုံမ်သော ၃၅ ကျပ်၊ ငွေလင်ပန်း နှစ်ချပ်သော ၃၀၀ ခုတ်၊ လက်ဆောင်တော် ဆက်ရှယ်ပန်းသမြေကာ။[၁]

ဖျင် လိုကြောင် ၅၊ ငါကိုစ် လင်ပန် ၁ လိပ် ဥပေါဖျင်၊ နှာတခု၊ ငတောင် ဖုဝ် ကိုဝ်လင်ပန် ၁ လိပ်၊ ဥပေါင်ဖျင်လေပေ၏။[၂]

ငွေကြွာလင်ပန် ၃၀၀ ခုတ် ရွှေဖလာ ၃၀ ခုတ်နှင်ပန်ရှယ်။[၃]

၁။ စာရင်း ၉၄၉ ကျော ၁ ၂။ စာရင်း ၆၇၇ မျက် ၁၁
၃။ ရန်အောင်မြင်ကျောက် ကျော ၂၁

**လည်မာ။** ။လည်တွင်ဆွဲသော အဆင်တန်ဆာ။

ရွှေထံဖီလည် တသိန်ထိုက်အော် ရွှေလည်မာ လည် တသိန်ထိုက်အော်။[၁]

၁။ စာရင်း ၉၄၉ မျက် ၂၂

**လျှော်။** ။ဆဲ့နှစ်မှုမင်းတိုင်းအဝင်။

လျှော်ဆိုသည်မှာ လှေတော်ဘောင်တော်ငင်ရန် ကြိုးနှင့် တကွ ကေရာဇ် မင်းမြတ် အသုံးတော်ရှိရာ ကြိုးအမျိုးမျိုး ကျစ်ရန် အုန်းဆံချဉ်ပေါင် ဖလံ့စသည် များကို ဆက်သရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

[ ဝ ]

**ဝသုန္ဒရေ။** ။မြေစောင့်နတ်။

ဝသုန္တရေမည်သဝ် ဤလိယ်စောအ်နတ်သည်လည် သက်သေခံသည် ဖြစ်စေ သတေ။[၁]

၁။ တိလောကကျောက် ကျော ၁၆

**ဝါ။** ။ယာတခင်းလျှင် အခွန်တော်ကြေး ၅၀ အပို ၅ဝ အကဲ ၂၅၀ ရေးလုင်တို့မှာ ဝါတပိဿာ။[၁]

၁။ ရှာသာမြို့စစ်တမ်း၊ ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



ဝါကျွတ်သဘင်။ ။သတင်းကျွတ်လတွင် ကျင်းပသည့် မင်းခမ်းသဘင်။

ပေးသည့် ထီးကို အိမ်တွင် မဆောက်မကျင်း ကျောင်းဘုရားသွားလျှင်လည်း မဆောင်ရ။ တနှစ်တကြိမ် ဝါကျွတ်သဘင် တော်တွင်သာ ဆောင်ရသည်။[1]

ဝါဝင် ဝါကျွတ်သဘင်တော်တက်တွင် ထမ်းစင်စီးအားရှိလျှင် ထမ်းစင် ဟင်သပထားသုတ်ကို ကျိုင်းကြီးရိုးနှွဲ အရိုးအယပ် ဟင်သပတားသုတ်ကို နောက်က အုပ်၍ ကော်စောလေးတောင် မှိုအုံးကို ထမ်းစင်တွင်ခင်း၍ စီးသည်။[2]

ဝါဝင် ဝါကျွတ်သဘင် တော်ဖြစ်စေ၊ ကျောင်းဘုရားသွားလာသည် ဖြစ်စေ၊ ကွမ်းထုတ် ရေတကောင်း၊ ကတော့အုပ်နောက်ကဆောင်သည်။[3]

၁။ လကဗဟ ၂၂၃ ၂။ လကဗဟ ၂၃၃
၃။ လကဗဟ ၂၃၅

ဝါစာပေယျ။ ။မင်းတို့၏ သင်္ဂဟ ၄ ပါး အပါအဝင်။

မှူးမတ် ကလန် သံပျင် အစရှိကုန်သော သူတို့ကို အမောင် ဦးရိုး စသည်ဖြင့် သာယာချေင်စွာ ခေါ်ဝေါ် ပြောဆိုခြင်းသည် ဝါစာပေယျ မည်၏။ ချစ်ကြည် မြတ်နိုးဘွယ်သော စကားဖြင့် သင်္ဂြိုဟ်မစသည် ဟူလိုသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၁

ဝါဆိုစဉ်။ ။ဂေါတမသျှင်တော်ဘုရားသည် ၄၅ ဝါပတ်လုံး တခါလျှင် တနေရာ ဝါဆိုခဲ့သည့် နေရာစဉ်။[1]

ပဌမဝါဆိုတော်၌ ဝါဆိုတော်မူသည် ကစ၍ လေးဆဲ့ငါးဝါ၊ ဝါဆိုစဉ် ကိုလည်း၊ ကျမ်းဂန်လာသည့်အတိုင်း အစေ့အစုံ ရှေကိုသွန်းလုပ်ရသည်။[1]

၁။ ကဘဆ ၁။ ၂၀၀

ဝါးစိတ်။ ။ပြင်ဘဝေါ စနည်းသည် နေရာသုံးသွယ်သို့ ရောက်လျှင်....အိမ်ခြံကို ဝါးစိတ် အဖျားချွန်ရက်ဖောက်လျှို၍ ကြက်ခြေကန့်၍ ရက်သည်။[1]

၁။ လကဗဟ ၂၃၇

www.burmeseclassic.com



ဝါးပန်းတုံး။ ။အသျှင်ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား၊ ရတနာပူရ ရွှေဝမြို့ကြီး မာန်အောင် တံခါးပြင်ကျွန်းကို ဘုန်းတော်ဖြစ် ကျွန်းသမုတ်တော်မသည်။ ။ ဟူ၍ ထံန်းရွက်တွင် တကြောင်းစာချွန်တော်ရေး၍ ဝါးပန်းသုန်းနှင့် ဆွဲရသည်။[၁]

၁။ ကဘဆ ၁။ ၁၂၅

ဝါးဘိုးနန်းတော်။ ။ဝါးဘိုးဝါးဖြင့် ဆောက်လုပ်သော နန်း။

ငှင်း လဆန်း ၁၀ ရက်နေ့ ဒဂုံ ရန်ကို သမုတ်တော်မူသည်။ ဝါဘိုးနန်းတော် ဆောက်သည်။မုရန်းပင်တို့ကို သစ်တပ်စိုက်သည်။[၁]

၁။ အလမအ ၂၉၁

ဝိဇယာဘိသိက်။ ။ဝိဇယာဘိသိက် စစ်အောင်ရန်ခံသော ဘိသိက်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၈

ဝိနည်း။ ။ကျောင်းတော်နှိုက် လာလစ်အံ့သအမျိုဝ်သာတိုဝ်ကိုဝ် သင်စိမ်သောငှာ ပေဘင်နှင့် တကွ ပိတ္တကတ်သုံမ်ပုံ ရေဘောဝ်မူ၏။ .... ပတ်မဟာဝါ ဝိနေယ်၊ ပတ် စူလ ဝိနေယ်၊ ပတ်ပရိဝါဝိနယ်၊....ဝိနေည် သင်ဂြိုင်ကြိ၊ ဝိနေည်သင်ဂြိုဟ်ငယ်၊ .... ဝိနေည်ဂြန်ဓိယ် ပိုတ်၊ ခုဒ္ဒသိက္ခာတိကါသစ်၊ ဝိနေည်သိန်စေည် ဥကြာသိန်စေည်၊ ဝိနေည်သိန်စေည် တိကါသစ်၊ ဝိနေည် ခန္ဓာနိ....သ၊ ဝိနေည် အပေါင်စာ ၁၉ ကျံသော ငွေ အပေါင်ကာ ၄၀၀ ကျပ်။[၁]

ဝိနည်းကျမ်းဂန်ရှိသည့်အတိုင်း မကျင့်မဆောင်သော ရဟန်းတို့ကိုလည်း။မဟာဒါန်ဝန်စာရေးခန့်တော်မူ၍မပြတ်မလပ် သုတ်သင် ရှင်းလင်းစစ်ကြောစေရသည်။[၂]

မင်းနေမြို့တော်နှင့်တကွ အနီးအစပ်မြို့ရွာ တိုက်တာကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်မညီ ပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိ ဆရာတော်ကြီးများထံ ပို့အပ်ရသည်။[၃]

၁။ စာရင်း ၉၃၄ ကျော ၇၇/၉ ၂။ ကဘဆ ၁။ ၃၉
၃။ ရွှေနန်းသုံး ခန်း ၁၁၅

www.burmeseclassic.com

www.burmeseclassic.com



ဝိဝါဟဘိသိက်။ ။ဝိဝါဟဘိသိက်-ထိမ်းမြားလက်ထပ်သောအခါခံသောဘိသိက်။ ၁

၁။ ရှေးနန်းသုံး ခန်း ၄၁၈

ဝိသုကြုံထီး။ ။မင်းခမ်းထီးဖြူတော်တစင်း။

ဝိသုကြုံထီးကို ဝိသုကမ္မနတ်သွီးစောင့်သည်၊ ပဒုမထီးကို ပဒုမနတ်သမီးစောင့်သည်။ ၁

မဏိရွှေမြ၊ မျက်စုံပသား၊ စန္ဒကမ္ဗု။ ဝိသုကမ္မ။ ကုမုဒဟု။ ဆတ္တာလေးဖြာ။ သာဘိသေက။ နန်းမဆောင်မြဲ။ လက်ဝဲတော်က။ ၂

၁။ ရှေးဘုံနိဒါန်း ခန်း ၁၉ ၂။ ကုသ ပိုဒ် ၁၂

ဝိသေသိက။ ။အင္ဂုရသ ၁၈ ရပ်တွင် အပါအဝင်။ ကဏ္ဍဒရသေ့တည်ထွင်ခဲ့သည်။

သုတိသမုတိသချ်ာစသော ဂါနိုတိဝိသေသကာဂန္ဓဗ္ဗစသဝ်တဆယ့်သျှစ်ပးသဝ် အတတ်တိုဝ်နှိုက်။ ၁

၁။ တိလောကကျောက် မျက် ၂၆

ဝယ်သူ။ ။ဥစ္စာကိုယူ၍ အရှုပ်အဆင်းဖျက်ဘိအံ့၊ မရောင်းစားမီ လက်တွင် တွေ့လတ်သော် အတက်အတိုင်းလျော်စေ။ ရောင်းစား၍၊ ဝယ်သူလက်တွင်တွေ့လတ်သော်၊ ဝယ်သူတို့က အတက်အတိုင်း လျော်စေ။ သူ့ဥစ္စာကိုယူ၍ ရောင်းဘိအံ့၊ ဝယ်သောသူသည်လည်း အဘိုးနည်းစွာပေးအံ့။ သက်သေလည်းမရှိအံ့။ အရုပ်အဆင်းကိုလည်း ဖျက်ဆီးအံ့။ ရောင်းသူကား ခိုးတက်တဝက်လျော်စေ။ ဝယ်သောသူကားအတက်လျော်စေ၊ အဘယ့်ကြောင့် ရောင်းသူသည် အတက်တွင် တဝက်သာ လျော်သည်။ ဝယ်သူကား အတက်အတိုင်း လျော်ရလေသနည်းဟူမူကား။ ရောင်းသူ ခိုးမှန်းသိ၏။ အရုပ်အဆင်းမဖျက်၊ အဘိုးနည်းနှင့် ဝယ်သူအရုပ်အဆင်းမဖျက်၊ အဘိုးနည်းနှင့် ဝယ်သူအရုပ်အဆင်း ဖျက်ချေသောကြောင့်တည်း။ ။

အဘိုးထိုက်တန်အောင်ဝယ်အံ့။ ဝယ်သောအခါ၊ သူသိ၊ သူမြင်မရှိအံ့။ အရုပ်အဆင်းကိုလည်းမဖျက်မူကား၊ ရောင်းသူလည်းတဝက်၊ ဝတ်သောသူလည်း တဝက်၊ ခိုးတက်တွင် လျော်စေ။

www.burmeseclassic.com

www.burmeseclassic.com



အကြွင့်သူသည် သူ့ဥစ္စာကို ခိုး၍ ရောင်းစားအံ့။ ဝယ်သောသူလည်း ယုံရာသောသူတို့မျက်မှောက် အဘိုးထိုက်တန်အောင် ဝယ်ပေအံ့။ ဥစ္စာသခင်လည်း ဝယ်သောသူ လက်တွင် တွေ့လေမူကား ရောင်းသူကိုလည်း ညွှန်ပေရာ၏။ ရောင်းသူ မရမတွေ့နိုင်သည်ဟု ဝယ်သူ၌ ခိုးပြစ်မရှိရာ။ အဘယ့်ကြောင့်နည်း ဟူမူကား။ သူထင်သူသိ၊ အဘိုးတန်ရာဝယ်သောကြောင့်တည်း။ ရောင်းရင်းသူကို တွေ့မူ၊ ဝယ်သောသူ ဥစ္စာမဆုံးရာ။ အဘိုးကို တောင်းပြန်ရာ၏။

အကြွင်သူသည်၊ ယုံရာသောသူတို့ မျက်မှောက်မဝယ်၊ အဘိုးလည်းမတန်၊ အနည်းအပါးဖြင့် ဝယ်ချေမူကား၊ သိရောင်းသိဝယ်သို့ ရောက်ချေသောကြောင့်၊ ခိုးတက်တွင် တဝက်လျော်စေ။ ဝယ်သော သူ့ဥစ္စာလည်း ဆုံးစေ။ ဤကား ရောင်းသူကို မတွေ့၊ ဝယ်သူ့လက်တွင် သခင်တွေ့သောစကား သူသိသူထင် မယူချေသောကြောင့်တည်း။[၁]

၁။ မနုကျယ် ၃၇

ဝေါ။ ။ဝေါဆိုသည်မှာ မြင်းမိုရ်တုယင်တပ်သည်။ အမချီးငါးဆင့်။ ဦးချီးသုံးဆင့်တပ်သည်။ ထမ်းစင်မှာ မြင်းမိုရ်ကျေးစေတိုင်။ ထောင့်အုံကျေးစေတိုင်တပ်ရသည်။ တုရင်မတပ်ရ။ သို့ဖြစ်၍ မင်းဗကရာဇ် အိမ်ရှေ့မင်း။ ထို့ပြင် သဒ္ဒါတော်မူသည့် မင်းသားကြီးများသာလျှင် ဝေါကို စီးရသည်။ ယခုအခါ မန္တလေးမြို့တွင် ဝေါ တစ်ုံတရာမျှ မရှိချေ။[၁]

ဝေါတော်၊ ကျိုင်းတော်များကို ဝေါမှူး ဝေါသားတို့နှင့် ပြဲတိုက်တော် ဝေါတော်ယှဉ်တွင်ယှဉ်ရသည်။[၂]

အခါတော်ပြည့်စုံလျှင် အင်းဝမင်းသည် ပကတိဝတ်ဆင်မြဲဝတ်ဆင်၍ ပြဲတိုက်တော်သို့ ထွက်၍ ဝေါတော်နှင့် လွှတ်တော်သို့ ထွက်လှူ၍ ဝေါတော်ကိုဝေါတော် ယှဉ်တွင်ယှဉ်ပြီးလျှင် လွှတ်တော်သို့ ထွက်တော်မူသည်။[၃]

ငွေမောင်းကို ၅ ချက်တီးလျှင် ဝင်စည်တော်ဆော်၍ ဝေါတော်ကို ဝေါတော် ယှဉ်တွင်တင်၍ အင်းဝမင်းရာဇာပလ္လင်က သက်၍လာပြီးလျှင် ဝေါစီး၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၅၈
၂။ လကဗဟ ၁၄၄
၃။ လကဗဟ ၁၄၄
၄။ လကဗဟ ၁၄၅

www.burmeseclassic.com



ညီတော်သားတော်၊ ဝေါ်ရသူတို့မှာလည်း၊ ကွမ်းခွက်ပုံနန်းအနား ကျောက်ပတ္တမြား ၃ ရစ်စီ။[၁]

ဝေါ်တော်မှာ ရွှေမြို့တော်သား ကျွန်တော်ရင်းတို့ ထမ်းရသည်။ ဝေါ်တော်ရှေ့တွင် ဝေါ်တော်ပေါင်ကိုကိုင်၍ လက်ဝဲတော်က လက်ဝဲနေ်ရထား၊ လက်ယာတော်က မင်းကြီးနေ်ရထားတို့လိုက်ရသည်။[၆]

မြင်းဆင်ပုဖြိုး၊ အစီးစီးနှင့်၊ သမီးကညာ၊ ရာဇနာကို၊ သခင်မေ၊ စံရွှေဝေါ်ထက်၊ သောသောချိမ့်မျှ၊ ဆက်လှာရ၏။[၇]

၅။ လကဗဟ ၂၂၇ ၆။ ကဘဆ ၁။ ၂၇၀
၇။ ပေါင်းချောင် ပိုဒ် ၅၉

ဝေါ်ကြီးမှူး။ ။ဝေါ်သားတို့ကို ကြီးမှူးရသောအရာရှိ။

မင်းကေရာဇ် စီးတော်မူသည့် ဝေါ်ပလာ ဝေါ်ကြီးရိပ်ဝဲးလင်းဇင်းဝေါ်စသည်တို့ကို အပေါင်းအထုပ်နှင့် ဝေါ်တော်မှာ လူ ၁၂၀ ခန့် ထမ်းရွက်ရသောဝေါ်သားတို့ ရှေးအခါက ရှိသည်။ နောက်အခါမှာ ဝေါ်ကြီးရန်လွှင့် ဝေါ်ပလာရန်လွှင့်။ ဝေါ်ကြီးရွှေတိမ်ညင်းဟူသော လှေတော် အမှုထမ်းတို့ ဝေါ်တော် ထမ်းစေသည်။ ဤအခါ ဝေါ်ကြီးမှူးကြပ်မလိုက်ရသည်။[၁]

ငယ်မည် ဦးကျော် ခေါင်ကိုအထွဋ်အမြတ်သို့ ရောက်လျှင် ပဌမဝေါ်ကြီးမှူး နောက်ကောင်ဟန်ဝန်။[၂]

၁။ ရွှေနန်းသုံး ခန်း ၅၀ ၂။ မသက ၄၅။ ၁၅၀

ဝေါ်ကြပ်။ ။ဝေါ်သားတို့ကို ကြပ်မရသောအရာရှိငယ်။

ဝေါ်ဗလာလေးမှာ ဝေါ်ကြပ်လက်ဝဲလက်ယာအတွင်းတော်မြဲ လေးယောက်။ အထမ်းအဆောင်လူနှစ်ဆယ်စီ။[၁]

၁။ ကဘဆ ၁။ ၂၉၃

ဝေါ်တော်နောက်လိုက်။ ။ဘုရင့်ဝေါ်တော်နောက်တွင် လိုက်ရသော အမှုထမ်းများ။

ကျိုင်းတော်ရှေ့လိုက်၊ ဝေါ်တော်နောက်လိုက် နောက် ရင်း တော် လိုက် တို့နှင့် အတွင်းတော်မြဲနေရာမရထားလိုက်ရသသူတို့လည်းထား နှင့် စောင့်နေရသည်။[၁]

၁။ လကဗဟ ၁၄၄

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ဝေါတော်နောက်လိုက် ကိုယ်ရံတော်တို့တပ်လိုက်ရသည်။ ဝေါတော်နောက်လိုက် တပ်မှာ လက်ဝဲဝင်း ကိုယ်ရံတော် ၁၂၅၊ နောက်ဝင်း ကိုယ်ရံတော် ၁၂၅၊ ၂၈စု လူ ၂၅၀၊ ဒိုင်းကာလွှားပလုတ်၊ ကြေးနင်း ကြေးစည်၊ အလံနီ၊ အလံဝါ၊ အလံနက်ကိုင်ယူ ထမ်းဆောင်၍ လိုက်ရသည်။ ခေါင်းအဝန်း ထောင်ကဲတို့လည်း နောက်ကအုပ်၍ လိုက်ရသည်။[၂]

၂။ လကဗဟ ၁၅၆

ဝေါတော်ယှဉ်။ ။ဝေါတော်တင်ရန်စင်။

ဝေါတော်၊ ကျိုင်းတော်များကို ဝေါမှူး ဝေါသားတို့နှင့် ပြဲတိုက်တော် ဝေါတော်ယှဉ်တွင် ယှဉ်ရသည်။[၁]

အင်းဝမင်းသည် ပကတိဆင်မြဲဝတ်ဆင်၍ ပြဲတိုက်တော်သို့ထွက်၍ဝေါတော်နှင့် လွှတ်တော်သို့ထွက်လှာ၍ ဝေါကို ဝေါတော်ယှဉ်တွင် ယှဉ်ပြီးလျှင် လွှတ်တော်သို့ ထွက်တော်မူသည်။[၂]

မြစ်နားသို့ရောက်တော်မူလျှင်။ ရတနာ ရွှေဘောင်တော်ဦးတွင် ဆောက်ထားရှိ နှင့်သော ဝေါတော်ယှဉ်ကသည် ရွှေဘောင်တော်သို့ တက်တော်မူ၍။[၃]

၁။ လကဗဟ ၁၄၄ ၂။ လကဗဟ ၁၄၄
၃။ ကဘဆ ၁။ ၂၃၂

ဝေါတော်ဦးစီး။ ။ဝေါတော်တွင် ဘုရင်နှင့်အတူ လိုက်ရသူများ။

မင်းညီမင်းသား မှူးဘော် မတ်တော် အပေါင်းခြံရံလျက် ရွှေဝေါစီး၍ မြို့တွင်း ရွှေနန်းတော်က ထွက်တော်မူသည်။ နှမတော် ၂ ပါး နန်းမတော် မိဖုရား ဝေါတော်တွင် စီးလျက်ပါသည်။[၁]

ရွှေတော်က ဝေါတော်ဦးစီး။ လက်ဝဲတော်ကထွတ်ချာဒေဝီအရှင် မိဖုရား။ လက်ယာတော်က ဟံသာဝတီတပင်တိုင်အရှင်မိဘုရား။ ၎င်းနောက်၊ လက်ဝဲတော် က သမိန်ထောအမည်ခံ၍ မင်းမူသော ဆင်ကျားရှင်မင်းသမီး နှင့်ကေသရာ။ ၎င်းလက်ယာတော်က ဗန်းမော်စော်ဘွားသမီး ရွှေယပ်တော် ခပ်၍လိုက်ရသည်။[၂]

၁။ မရက ၃။ ဝေဝမ်း ၂။ ကဘဆ ၁။ ၂၃၂

www.burmeseclassic.com

www.burmeseclassic.com



ဝေါပလာ။ ။ဘုရင်နှင့် မင်းသားများသာ စီးခွင့်ရသော ဝေါတမျိုး။

မင်းကျောစွာ စီးတော်မူသည့် ဝေါပလာ ဝေါ-ကြီးရိပ်ဝှဲး။ လင်းဇင်းဝေါ စသည်တို့ကို အပေါင်းအသုပ်နှင့် ဝေါတော်မှာ လူ ၁၂၀ ခန့် ထမ်းရွက်ရသော ဝေါသားတို့ ရှေးအခါက ရှိသည်။[၁]

ညီတော်သားတော်တို့တွင် ဝေါရသည် ဖြစ်စေ၊ ဝေါပလာရသည် ဖြစ်စေ၊ ဝေါပလာရ၍ စီး၍ သွားလာသည် ဖြစ်လျှင်၊အဆောင်နီနည်းတူ ဆောင်သည်။[၂]

ညီတော်သားတော်တို့မှာ....ဝေါပလာရသသူတို့မှာ ထားမိုးကြိုးဆင့် အိမ်ဖြူ ကတ္တီပါနီ အိတ်သွတ်၍ ဆောင်ရသည်။[၃]

ညီတော်သားတော် .... ဝေါပလာ ရသသူတို့မှာ ကွမ်းခွက် ဂ ထောင့် အနား ပတ္တမြား ၃ ရစ်စီကို ဆောင်ရသည်။[၄]

၁။ ရွှေနန်းသုံး ခန်း ၅၈ ၂။ လကဗဟ ၂၂၂
၃။ လကဗဟ ၂၂၂ ၄။ လကဗဟ ၂၂၇

ဝန်စာ။ ။ဝန်မင်းများက ပေးသည့်စာ။

သူကြီးတကာနည်း တံဆိပ်ချွန် ကယ်မသနားတော်မူပါမည့် အကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။ ။

ပေးအပ်သည့် စာချွန် ဝန်စာများကို တင်စေဦး။

အမိန့်တော်နှ● ဝန်စာ စာချွန်အတိုင်း၊ ငစံရာကိုသူကြီး တံဆိပ်စာအပ်။[၁]

ကျေးရွာ လွတ်လပ်သောကြောင့် ကျွန်တော်ကို အထက် သူကြီး ဟောင်း ဖြစ်သည်။ ဆိုင်ရာတိုက်ဝန်က ဝန်စာ ပေးအပ်၍ သူကြီး ၁ လျှင် ၅ ယောက်ကျ ခန့်တော်မူသည့် လက်နက်ကိုင် ၅ ယောက်ကို ဆောင်ရွက် ပြေငြိမ်းရှိပါသည်။[၂]

၁။ လဗစ ၁၄ ၂။ လဗစ ၃၃

## [ သ ]

သကလာဘိသိက်။ ။ဘိသိက် ၁၃ ပါး အဝင်အပါ။

သကလာဘိသိက် တိုင်းပြည် သာယာစေရန်ခံသော ဘိသိက်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၈

www.burmeseclassic.com

www.burmeseclassic.com



သကြားစက်ရုံ။ ။မင်းတုန်းမင်း လက်ထက် တည်ထောင်သည့် စက်ရုံတခု။

ရွှေမြို့တော် အနောက်မျက်နှာ မြို့ကြီးပြင် ပိုက်ကျုံးကံခါးအထွက် လက်ဝဲဘက်က ယခုသစ်တောရုံးနေရာတွင် သကြားစက်ရုံတော်ကြီး တည်ရှိသည်။ ၎င်းစက်ရုံတော်မှာ သကြားအများ ချက်လုပ်ရသည်။ ၎င်း စက်ရုံတော်စောင့် အမှုထမ်း ၅ တို့မှာ တလလျှင်စပါးတော် ၅၅ တင်း သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၃၈

သတင်းစာ။ ။သတင်းများကြားရောက်သည့်စာ။

မော်တင် ဂရစ်ဟိုင်းကြီးကျွန်း သင်းဘောသူကြီးတို့ကို သတင်းစာနှင့် လက်ယာထိမ်းမတ်ကို စေတော်မူသည်။[၁]

သတင်းစာ ။ ။အရပ်ရပ်သတင်းများကို စက်တင်ပုံနှိပ်သည့် စာစောင်။

ကျွန်ုပ်တို့ ပြည်ကိုလည်း အခွန်ဝန် ဇေယကျော်ထင်ကို စေလွှတ်၍ သတ္တဒိဂြမဏ္ဍိမတိုင်းသို့ သက္ကရာဇ် ၁၁၇၄ ခုတွင် ရောက်ကြောင်းများကို အတိုင်း အတိုင်းအပြည်ပြည်သို့ဆင့်၍ ဘုန်းတော်ပြန့်လွှင့်အောင် သတင်းစာတွင် ထည့်သွင်းပေးပါမည် အမိန့်တော်ရှိ၏။[၂]

၁။ ကဘဆ ၁။ ၁၆၆ ၂။ မဏ္ဍိပဝေဒသအရေးပုံ ဋီဝမ်း

သတောင်းလည်။ ။ကျောင်းဘုရားသွားလျှင် ပန်းနှစ်ပုဆိုး၊ သုဂန်ပုဆိုးဖဲစပ်ပုဆိုးနှင့် ဝတ်လုံရှေ့ရက်ပြား သတောင်းလည်ဝတ်ဆင်သည်။[၁]

ယက်ပြားရွှေချည် သတောင်းလည်ကဲ့သို့ လေ့စုဖောင်စုတို့ကို ဆိုပေဖွဲ့....[၂]

၁။ လကဗဟ ၂၃၄ ၂။ ရွှေဘုံနိဒါန်း ခန်း ၇၂

သပေါက်တော်။ ။အနောက်ဝန် ဝန်စုပါအမှုထမ်းတမျိုး။

အနောက်ရုံးတော်တွင်လည်း။ သွေးသောက်စု မြင်းစုရုံးစေမှစ၍။ သူငယ်တော် သပေါက်တော် ကြေးဘဏ္ဍာ နွားဘဏ္ဍာ....ဆိုင်ရာ အမှုတော်ကို နေ့ညလစဉ်မပြတ် ထမ်းရွက်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၈၅

www.burmeseclassic.com

www.burmeseclassic.com



အနောက်အတွင်းတော်တွင် အိပ်လည့် အိပ်ဘန်အစောင့်အနေနှင့် ထမ်းရွက်ရသည့် သူငယ်တော်သပေါက်တော်တို့နှင့် အရပ်ရပ်အမှုထမ်းတို့ကို....'

၂။ ရွှေနန်းသုံး ' ခန်း ၇၅

သပေါက်မျုး။ ။အနောက်ဝန် ဝန်စုပါသပေါက်တို့ကို ကြီးမှူးရသည့်အရာရှိငယ်များ။ ဘုရင့်မသာတော်တွင် သပေါက်မှူးတယောက်က အရိုးတော်ကောက်ရသည်။

အရိုးတော်ကို ကောက်လှယ်မည့်သူမှာ အနောက်အတွင်း အမှုထမ်းသပေါက်မှူးတို့တွင် သင့်သသူတယောက်ကို အရိုးကောက်ခန့်သည်။¹

၁။ လကဗဟ ၂၄၇

သပြာရိုး။ ။ပုဂံမြို့စီရင်စု၌ ရိုးရာအလိုက် စီရင်ရသည့် မြစ်ရိုးတိုင်တခု။ တံငါလုပ်ငန်းနှင့်ဆိုင်ဟန်ရှိသည်။

မြို့တွင်းစီရင်အရိုးမင်းသားလေး ပြည်စိုး ၄ စချိ ၄စိုး ခဲ ၄ မော်ကွန်းထိန်း စစ်ပင်စည်ပင်ကုံး သပြာ ၄ တည်ရိုး ၂ ပွဲ ရိုး ၁ ကုတို့ ၄ ရှိပါသည်။¹

သပြာရိုး စေံညွှန့် နံအင်္ဂါ အသက် ၄၅ နှစ်သူမှာ ပေါက်ဖော်တော်စပ်သူ စေံညွှန့်ကို သပြာ ××× ၁၁၂၅ ခုနှစ် ခန့်အပ်တော်မူ၍ အရာခံပါသည်။²

မြစ်ရိုးတိုင် ၄ ရိုးမှာ စစ်ပင်စည်ပင်ထုံးသပြာ ၄ ရိုး။ စည်ပင်ထုံး ၂ ရိုးမှာ ပြတ်သည်။³

မြစ်ရိုးတိုင် ၄ မှာ အညာကို ကျောက်တော် နတ်သမီးအောက်ကို ရွှေမြင်တင်ဘုရားသည်အတွင်း လုပ်သားတံငါတို့မှာ ကောက်ခံ၍ တနှစ်လျှင် ၆၅° ဆက်ရိုး။⁴

၁။ မသဂ ၃၂။ ၅၃ ၂။ မသဂ ၃၂။ ၅၄
၃။ ပုဂံမြို့စစ်တန်း ၄၅ ခု ၄။ ပုဂံမြို့စစ်တန်း ၄၅ ခု

သဘင်။ ။နံကိုင်ဘုရာသိခင်၏ မြစ်ဩကြယ်ယံနိုက် မဟာဝိဟာရသုမ္မဓာမည်သော ဝတ်သဘင်လျှင် မြေတွင်ကျသိုဝ်အလွန်ဆန်ကြယ်တင်စွာသော ရွှေကျောင်ကြီကိုဝ်ပြုတော်၏။¹

များစွာသော သဖင် အလဲနိုက် မြေလိစ်ကနှက်ကန္ဒာ အပြာအနည်လိင်သူတိုင်၏ နှလုံမ်ကိုဝ်မွေလျော့စေတတ်သော ကျည်စူတမူလည် ဟိယသော။²

၁။ ပုံ ၄၅၄ ခ°¹ ၂။ စာရင်း ၉၄၉ မျက် ¹⁴

www.burmeseclassic.com

www.burmeseclassic.com



သဘင်တော်သည်မ။ ။နေရာငါးသွယ်နေအမတ်တို့သည် သဘင်တော်သည်မတို့နှင့်သင့်၍ လက်ဆုံစားမယားဖြစ်စေ၊ အသိမ်းဖြစ်စေ၊ မွေးမြင်သည်သားတို့ကိုမူကား လူပျိုစုမှာ စာရင်းမသွင်းရ၊ မထမ်းရ အမိစုသဘင်သည်စုမှာ ထမ်းရသည်။[၁]

၁။ လကဗဟ ၂၃၉

သဘင်နန်း။ ။ရွှေမြို့တော် အရှေ့မြောက်ထောင့် စေတီတော်တည်ရပ် သဘင်နန်းတော်သို့ မြင်းရထားနှင့်ထွက်တော်မူသည်။[၁]

သဘင်နန်းခေါ်ဝေါ်သည်မှာ .... အနောက်အတွင်းတော်မှာ ပွဲသဘင်ခံလျှင် သဘင်ရှုတော်မူသည်၊ မြင်းခင်ကာလ ဆင်မြင်းကိုသွင်း၍ ကြည့်တော်မူလေသည်။ စက်တိုင်စက်ရှုက်ထား၍ မင်းညီမင်းသား နှမ်းတော်မတ်တော်တို့ စက်ထိုးရသည်။ ရံဘန်ရံခါ ကျောက်မင်းမြတ်ကိုယ်တော်တိုင် စက်ခင်းမြင်းရေးရှင်တော်မူသည်၊ ဆင်ကြည့်နန်းလည်းခေါ်သည်။[၂]

၁။ ကဘဆ ၁။ ၂၃၄ ၂။ ရွှေဘုံနိဒါန်း ပိုဒ် ၄၂

သမား။ ။ဆေးဆရာ ။

သူနာကို ဆေးကုစားအံ့ဟူ၊ သမားကိုခေါ်၏ ခေါ်သောသမားတို့သည်။ သမားခကိုလိုသောကြောင့်၊ သူနာကို လွတ်စိမ့်သောငှာ၊ ဆေးဝါးကုပေအံ့။ ခေါင်းဆေး၊ ဂြိုဟ်လွဲပြုအံ့ဟူ၊ သူနာခေါ်ရာလိုက်လေ၏။ ထိုသမားသည်၊ ကညစ်၊ ထားယော်ကိုင်၍၊ လက်သုံးလှေကားသို့တက်လျှင်ပင်၊ သူနာသည် ချမ်းသာရအံ့။ ထိုသူနာ လွတ်ပျောက်လျှင် မန္တရားမန်းဘူးသလော ဆေးတလုံးပေးဘူးသလော၊ ခေါင်းဆေး၊ ဂြိုဟ်လွဲပြုဘူးသလောဟူ၍၊ ခင်ပွန်းမှန်းမသိနေဘိအံ့၊ ချစ်ကလွတ်၏။ မချစ်သော်၊ မလွတ်ရာ။ ငွေငါးကျပ်ပူဇော်စေရမည်။ ငါးကျပ်ကသည် လွတ်လိုသော်၊ သုံးကျပ်ပူဇော်စေရမည်။ သမား ကောင်းကား၊ လက်ကသုံး လှေကား၊ တံခါး။ ရှေ့နေကောင်းတို့ကား သင်ဒိုင်း၊ အကျီ၊ လက်ပင့်ကာ ဟူသတည်း၊ လွတ်ကနိုင်က၊ ရလေရာ၏။[၁]

သူနာကိုမလွတ်နိုင်ပြီဟူ၊ သက်ခြေချ၍၊ မိဘ၊ သားမယားဆိုပြီးလျက်၊ သမား အိမ်နေကြိုးစား၍ ကုမတုံ၏။ လွတ်မူကား၊ အသက်ဘိုး ငွေသုံးဆယ်စားအပ်၏။ မလွတ်၍ သေခဲ့သော်လည်း၊ ထိုသမားကို ကင်ပွန်းရေစင်တပ်ပေအပ်၏။[၂]

၁။မနုကျယ်၄၇ ၂။ မနုကျယ် ၄၇

www.burmeseclassic.com

www.burmeseclassic.com



အကြောင်သူတို့သည်၊ **သမားကိုကုပါ**။ ငါ့အနာလွှတ်သော်၊ ငါ့ကိုကျွန်ပြုပါတော့ဟူ၍။ တိုင်တမ်း၍ လွှတ်ပေမူကား၊ **သမားကျွန်မခံဝံ့**သော်၊ မွေသတ်ကိုယ်ဘိုး ငွေအကျပ်သုံးဆယ်၊ **သမားစားအပ်**၏။[၁]

၁။ မနုကျယ် ၄၇

**သမားတော်**။ ။ဘုရင်ကိုကုမသော ဆေးသမား။

ဝံဆေးအိတ်ပိုက်လျက် **သမားတော်**တစု၊ ကြေးနီအိုးနှင့် ရေနွေးတော် ၂ယောက်ထမ်း မန္တန်သမားတစု။[၁]

ဘေသဇ္ဇပါရဂူထူးချွန်သူများစွာ ဘိသက္ကဆရာတို့အနက်။ လက်ရွေးကောက်နုတ် စမုတ်ထိးနန်းဆောင်ခန်းမရွေ၊ အရေးရှိလျှင် ဝင်ရောက်ကုသထမ်းရွက်ရသော **သမားတော်** လိပ်ဂုဏ်တိတ်ညွှန့်ဖြာဘွဲ့ယဉ်စွာနှင့် ပညာ စွယ်စုံလောက်လိုသော ဆရာကြီးဦးစံဝင်း။ ဦးနှောင်း။ ဦးမှိုင်း။ ဦးဘဲ။ ဦးစာ။ ဦးနက်။ ဦးမိတ်။ ဦးတူ။ ဦးခဲ။ ဦးပေါ်တို့ဖြစ်သည်။ ၎င်း**သမားတော်**တို့သာလျှင် အဝန်းသုံးထွာခွဲလေးထွာခန့်ရှိသော ယွန်းထိုးဆေးအစ်ကြီးကို ကတ္တီပါအိပ်စွပ်ပြီးလျှင်။ထိပ်မှစ၍ကတ္တီပါကွပ်ကြိုးဖြင့် ချည်ရသည်။ ၎င်းဆေးအစ်ကို နောက်လိုက်က ကောင်းစွာပိုက်၍ လိုက်ရသည်။ **သမားတော်ကြီး**မှာ သျှောင်ထုံးနှင့်ခေါင်းပေါင်းဖြူ ဖေါ်လုံးပေါင်း။ အင်းကျီလက်ရှည်။ ပုဆိုးခါးပုံထိုးဝတ်သဖြင့်။ မြင်ရုံနှင့်ပင် **သမားတော်ကြီး**ဖြစ်ကြောင်းကို သိရပေသည်။ ယင်းသည့် **သမားတော်** ၁၀ တို့မှာ တလလျှင် လစာငွေတော် ၅၃ဝ သနားတော်မြတ်ခံရသည်။ ၎င်းတို့မှာ ဝဲလှည့်ယာလှည့်ခွဲ၍ ဇေတဝန်ဆောင်တော်တွင် အိပ်ဘန်ထမ်းရွက်ကြရသည်။[၂]

၁။ လကဗဟ ၁၅၅ ၂။ ရွှေနန်းသုံး ခန်း ၄၀

**သမင်ချို**။ ။ခလုတ်ဆူးကြောင့်တမျိုး။

တပ်ကို သုံးလုံးပြူးအခိုင်စိုက်၍ ကျုံးပတ်လည်တွင် **သမင်ချို**မြင်းတားဆင်ခလုတ် မြင်းခလုတ်ရ ပြီးလျှင်....[၁]

၁။ ကဘဆ ၁။ ၁၂၄

**သမုဒ္ဒထီး**။ ။ထီးဖြူတော်တမျိုး။

ကျင်းပညီးညီး၊ ထီးဘိသောကာ။ မပါအရိုး။ မိုးသလွန်တော်။ ခေါ်**သမုဒ္ဒ**။ ထိုမှတခန်း။ ကြင့်နှံးဥရှု။[၁]

၁။ ကုသ ပိုဒ် ၁၂

www.burmeseclassic.com

www.burmeseclassic.com



**သမိန်ထောလွှတ်တရ။** ။ဝင်ရည်တော်တီးသည့်အသံ။

သမိန်ထောမှာ မင်းတရားဆိုသည်။ လွှတ်တရမှာ ဝင်တော့သည်၊ မင်းတရားဝင်တော်မူတော့ဆိုသည့် စကားပင်ဖြစ်သည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၅၄

**သမုံးပင်။** ။အနောက်ကိုလားသော် ကစကောင်းနတ်ကွင်း မို့လုံးတောင်ချားကန် သမုံးပင် အခြား တဘက်ရွာသာ မြေနှင့်ကျော့ခိုင်း။[၁]

၁။ မသက ၄၄။ ၇၃

**သရပတ်။** ။ပွဲလျက်ရေနံ ငါးဆီအစရှိသည်တို့ကို ရောနှော၍ ချက်သည်ကို သရပတ်ဟု ခေါ်ဝေါ်သည်၊ သည်ကိုအစွဲပြု၍ လှေထေးစုကို သရပတ်အစုသားဆိုသည်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၇၅

**သရပတ်အမှုထမ်း။** ။လှေထေးအမှုထမ်း။

ဘောင်တော်လှေလော်များကို ရေမယိုရအောင် အုန်းဆံရေနံပွဲလျက်တို့ဖြင့် လုံခြုံအောင် ဖါသေးရသော အမှုထမ်းဖြစ်သည်။ ၎င်းသရပတ်အမှုထမ်း ၂၀ တို့မှာ တလလျှင် လစာငွေတော် ၂၁ဝိ သနဒ္ဒးတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၅၆

**သရဖူ။** ။မင်းတို့ဦးခေါင်းတော်၌ ဆင်ယင်သော အဆောင်တမျိုး။

ပေါင်းတော်ဆောင်မှာ....ပေါင်းတော်၊ သရဖူတော်၊ မကိုဋ်တော်။[၁]

ပရိတ်သတ်ပုံ၊ ရွှေစည်းခုံဝယ်၊ ထီးအုံထီးချက်၊ မြေသို့သက်လည်း၊ စိက်ထက်ကြည်စွာ၊ စေတနာနှင့်၊ စကြာနိတုံ၊ ဆဲ့တဖုံတိ၊ ကိုးစုံသရဘူ၊ ဘမင်းလှူရှင့်။[၂]

၁။ ရွှေဘုံနိဒါန်း ခန်း ၃၂ ၂။ ပေါင်းချောင် ပိုဒ် ၅၉

**သလွန်။** ။မင်းမိဖုရား သားတော် သမီးတော်တို့ စံတော်မူသော နေရာတော်။ ဒါန သီလ ဂုဏ ကိတ္တိတိုင်လိုင်ပြည့်စုံမ်စွာသ တုလသိရိမဟာဓမ္မဒေဝီအတောင်မိဖုရား နှင့်

www.burmeseclassic.com

www.burmeseclassic.com



အကူ ရွှေနန်းတော်နိုက်ကလုန်လေးထောင်စောင် သရွှေသလွန်ထက် နေတော်မူသော အခါလျှင်။[၁]

၁။ စာရင်း ၉၄၉ မျက် ၂၇

သုဂန်ပုဆိုး။ ။ကျောင်းဘုရားသွားလျှင် ပန်းနှစ်ပုဆိုး၊ သုဂန်ပုဆိုး ဖဲစပ်ပုဆိုးနှင့် ခတ်လုံရွှေရက်ပြား သတောင်းလည်ဝတ်ဆင်သည်။[၁]

၁။ လကဗဟ ၂၃၄

သေဖိုးသားဖိုး။ ။ပုဂံခေတ်နောက်ပိုင်းမှစ၍ အဝခေတ်တိုင်အောင် မြေအရောင်း အဝယ်ပြုလုပ်ရာ၌ ပါဝင်ဆောင်ရွက်သူများကို ကျေးမွေးကုန်ကျစရိတ်။

သိယ်ဖိုသာဖိုဝ် ၅ ပိသာ။[၁]

၁။ ပုံ ၂၂၄ ၁၁

သက္ကလတ်။ ။ငုင်းအထည်ကို ဘုရင်ကခွင့်ပြုမှ သုံးစွဲရသည်။

မိဖုရားတို့တွင်မြင်သည့် မင်းသား၊ ကိုယ်လုပ်တော်တို့တွင်မြင်သည့် မင်းသားတို့ကို ထားပေးလျှင် ထားမိုးကြိုး ဆင့်အိမ်ဖြူ သက္ကလတ် အိတ်သွတ်ဆောင်ရသည်။[၁]

အစုလည်းထားနှင့် သက္ကလတ်ကို တိုက်တော်ကပေးအပ်သည်။[၂]

မိဖုရားတို့တွင် မြင်သည့်မင်းသား၊ ကိုယ်လုပ်တော်တွင်မြင်သည့် မင်းသားတို့မှာ....သည်နေ:က် သက္ကလတ် တင်ရန်းညောင်ရှက် ၃ ဆင့်၊ သည်နောက် တကောင်းပိတ်။[၃]

မြင်းမှုုးနေရာတို့မှာ....မြင်းကြိုးသက္ကလတ်မွှမ်း၊ စီးနှီ သက္ကဒါန် သက္ကလတ်မွှန်းအောင်းတင်ရန်း။[၄]

၁။ လကဗဟ ၂၂၄ ၂။ လကဗဟ ၂၂၆
၃။ လကဗဟ ၂၂၇ ၄။ လကဗဟ ၂၂၈

www.burmeseclassic.com

www.burmeseclassic.com



နေရာ ၄ သွယ်နေတို့မှာ....မြင်းကြိုး သက္ကလတ်အစိမ်း အနီတန်း၊ စီးနှိုး ဘက်ဝန်း၊ သက္ကလတ်မွမ်း၊ ဖောင်တင်ရန်း၊ နောက်တက်မထည့်ရ။[၅]

ပြင်ဘဝေါ စနည်းသည်နေရာသုံးသွယ်သို့ ရောက်လျှင်....မြင်းကြိုးသက္ကလတ်မွမ်း အနားခြည်ပေါက် ပေါက်ထိုး၊အောင်းရက်ပြား၊သက္ကလတ်ခြေနင်းစီးသည်။[၆]

၅။ လကဗဟ ၂၃၁ ၆။ လကဗဟ ၂၃၇

သောက်စားပေး။ ။ကောင်းမှု ကုသိုလ်ပြုလုပ်ရာ၌ အကျွေးအမွေးပေးခြင်း။

ကီလိတိုင်ရွာနောက်ပေါက်တံနိုင်းတံ စိမ်ကိုဝ် လိ(ရွှေ)လှူတံ မူသော သကရစ်ကာ ၇၃၀ တော၊ အသည်တိုဝ်ကိုဝ်ဖျင်မည်ဖျင်လိ လွှံ (ရွှေ) သောက်စာပေ၏၊ လေိဖိုဝ်လေမြင်တစီပေ၏ တောင်လိစ် အလိင်ကာ ၂၀၀ တော။[၁]

တလုပ်တောင်အနိမ်လေိနိုက် လေ ၆ ပေါ(က်)သင်ကန် ၀ တိတ် စိမ် လေိကိုဝ် ကန်ကြိလိ ရွှေယ် အသည်တိုဝ်ကိုဝ် သောက်စာပေ ရွှေဖျင်မည်ဖျင်လိ လေလွှံ၏၊ လေိဖိုဝ်လေမြင်တစီပေ၏။[၂]

၁။ မြင်းခြံခရိုင်တလုပ်မြို့သမ္ဗူလဘုရားကျောက်စာ မျက် [၁၇] သက္ကရာဇ် ၇၁၅
၂။ သမ္ဗူလဘုရားကျောက်စာ မျက် [၁၇]

သောက်ရေတင်။ ။မင်းသုံးမင်းခမ်းတော်တခု။

သောက်ရေတင်ငွေလင်ပန်း ၁၀။[၁]

ယှစ်ထောင်လက်တင်၊ လက်တင်ကြာ၊ ကြာ (ရွှေ) ကွံချပ်နိမ်၊ ကွံချပ်မျင်၊ ကွံလောင် သောက်ရေတင်စသော မင်တကာတိုခံနှုဖျည်ကရာတိုဝ်လိင့် အလှန်ဆန်ကြဲစွာသ ရာဇပရိက္ခရာ ပြည့်စုံစွာသည် တမ်မူလည်လိစ်ထသော။[၂]

ရွှေသောက်ရေတင်။ စီဆင်သင့်မြို့။ ပြတို့ဘကောင်း။[၃]

၁။ ရန်အောင်မြင်ကျောက်စာကြီး မျက် [၆၂]
၂။ စာရင်း ၉၄၉ မျက် [၁၇] ၃။ ကုသ ပိုဒ် ၁၄

www.burmeseclassic.com

www.burmeseclassic.com



သင်းကျစ်။ ။ဦးခေါင်း၌ ဆင်သောတန်ဆာတမျိုး။

မျောက်သာတိ ဖုရာရှင်သာလည်းရတနာအတိ ပြည်ထလျက်သော ရွှေသင်ကျစ် ရွှေဥသျှောင်ဟူသော ဥခေါင်တိ၏ (တ)န်ဆာ။[၁]

ရှေးမင်းကောရာဇ်ဝယ် မင်းမြှောက်တန်ဆာ ငါးပါးကား၊ ထီးဖြူ၊ သံလျက်၊ ယမာ၊ သားမြီးယပ်၊ သင်းကျစ်။[၂]

တလိုင်းဖောင်းထုပ်၊ ရွှေနရတင်း၊ သင်းကျစ်ပါတစ်။[၃]

၁။ စာရင်း ၉၄၉ မျက်[၁၉] ၂။ လကဗဟ ၂၁၉
၃။ ကဘဆ ၁။ ၂၄၀

သန္တာ။ ။ရတနာအတိပြီသရွှေအင်ကျီ ၁ ပုလဲ သန်တာ အတိပြီသောအင်ကျီစသော အဝတ်တန်ဆာတိုင်လိုင်စီရင်တတ်သပြည်ညာတိတမူလည်းပိထသော၊ စမ်ပုရစ်ရွှေစင်မှန်အတိ (ပြီ)သပန်ကုံမ် ၁ ပုလဲအတိပြီသပန်ကုံမ ၁ သန်တာ အတိပြီသပန်ကုမ် ၁ ရတနာ ၇ ပါ ပြည်ထလျက်သော အလွန်ဆန်ကြဲစွာ အပန်ခက် ၁ ပတ္တမြာ ၁ ပုလဲ သမ်တာ စသောရတနာ စုပါအတိ ပြည်ထလျက်သော၊ ရွှေထံဖိလည် တသိန်ထိုက်၏။[၁]

၁။ စာရင်း ၉၄၉ မျက်[၁၀၊၂၀၊၂၂]

သတ္တရူပဖောင်။ ။မင်းသုံးဖောင်တော်တမျိုး။

သတ္တရူပဖောင်မှာ....ကရဝိက်ငှက်နှုတ်သီးလည်ဆံဆင်စွယ်နှစ်ချောင်းနှာမောင်းနှားလပ္ပိုငါးကြင်းအမြီး ကြက်တူရွေး အတောင်တိုးချိုနှစ်ဘက် လက်တဘက် နောက်ပဲ့ခြေတဘက် လှော်ကားပဲ့ ရုပ်ပေါင်း ခုနှစ်။[၁]

၁။ ရွှေဘုံနိဒါန်း ခန်း ၁၀၀

## [ ဟ ]

ဟူးရားဂဏန်း။ ။အတိတ်နိမိတ်ကောက်ယူနည်းတမျိုး။

ဟူးရားဂဏန်း တွက်ချက်စေရာလည်း ပျက်သည်မရှိ။ ကောင်းသည်တိသာ။ အလုံးစုံညီညွတ်ကြောင်းနှင့် ပညာရှိတို့က လျှောက်သောစကားကို ကြားတော်မူလျှင်။[၁]

၁။ ကဘဆ ၁။ ၁၁၉

www.burmeseclassic.com

www.burmeseclassic.com



**ဟောင်္ဂမသား။** ။အမွေခံထိုက်သည့်မယားငယ်တွင် မြင်သည့်သား။

ထိုမှတသီး။ မယားကြီးအောက်။ ရောက်ပေါက်သင့်တုံ။ လက်ဆုံမစား။ မယားငယ်ရှိ။ မွေးမြင်ဘိသည်။ ဟောင်္ဂမသား။[1]

အပြောင်တွင်မြင်သော ဟောင်္ဂမမည်သောသား။[2]

၁။ အမွေမှု ၃၇ ၂။ အမွေမှု ၄၄

**ဟော်။** ။စော်ဘွားဏ်နေအိမ်။

စော်ဘွားတို့နေသည့်အိမ်ကို ဟော်ဟူ၍ ခေါ်ဝေါ် ရေးသားမြဲဖြစ်သည်။ မန္တလေးမြို့တောင်ပြင်စော်ဘွားများနေထိုင်သည့်အရပ်ကို ဟော်ကုန်းဟူ၍ယခုဘိုင်တွင်လေသည်။[1]

၁။ ရှေးနန်းသုံး ခန်း ၃၉၃

**ဟင်းသပတား။** ။အဆောင်အရွက်အချို့တွင် အသုံးပြုသည်။

ကျိုင်းဆောင်အားရှိလျှင် ကျိုင်းရိုးနှဲ့အရိုးအယပ်ကို ဟင်းသပတား သုတ်ကို ဆောင်၍ ရွှေလုလင်တစ၌ယပ်နှင့်စည်၍ ကျိုင်းနောက်တွင် မြင်းစီးသည်။[1]

ဒူးနေရာသို့ ရောက်လျှင် မိုင်းလုံးဝတ်လုံကိုဝတ်သည်။.... လှေလောင်းကို ဟင်းသပတားသုတ်၊ စကြောအနီသုတ်၊ အမွှမ်းခြင်ပိတ် ဟင်းပသတားသုတ်ကို တင်၍ စီးသည်။[2]

၁။ လကဗဟ ၂၃၃ ၂။ လကဗဟ ၂၃၀

**ဟသ်ာတံဆိပ်။** ။မင်းသုံးတံဆိပ်တမျိုး။

စာပုရပိုက်ရေး ရွှေဖျင်အိတ်သွတ်သည်။ ရွှေဖျင်အိတ်ကို ရမတီအိတ်ဖြူသွတ်ပြီးလျှင်။ ဟသ်ာရုပ်တံဆိပ်ခတ်၍ ဆင်စွယ်ကြုတ်တွင်သွတ်သည်။[1]

စလင်းမြို့မှာ မြို့သူကြီးအခြားမရှိစေနှင့် ခမည်းတော်ဘုရားလက်ထက်တော် ဟသ်ာတံဆိပ်စာချွန်ပေးအပ်ခန့်ထားသူ ပိုစားမြေတိုင်ကြီး ဇေယဘတ္တရာမဟာခံ ငရွှေဆိုင်သား ငတော။[2]

၁။ ကဘဆ ၁။ ၂၂၃ ၂။ ရဟအမတ ၄၄

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်း။ ။ဆင်တမျိုး။

ဟိုင်းကားအစွယ်မထွက်။

၁။ ရွှေနန်းသုံး ခန်း ၁၀၇

ဟုန်စော်ဘွား။ ။မဏိပူရကသည်းမင်း။

ကသည်းစော်ဘွားဟုန်က မြေတူးကျေးစွန်ရွာလက်များကို ထိပါး ဖျက်ဆီးလာသောကြောင့်။

နောက်ပြန်နဂါး၊ ဟုန်စော်ဘွားက၊ သည်းကြားစက်အောက်၊ မဆက်ရောက်ပဲ။

မြည်ထဲမြို့သား၊ ဟုန်စော်ဘွားလျှင်၊ ဘုရားကိုမာရ်၊ ထောင်ထားဟန်သို့ ခိုက်ရန်စန၊ ဘုန်းတူပက။

၁။ မုံရွေး ၃။ ဝံကျော ၂။ မင်းရွှေနန်း ပိုဒ် ၁၃
၃။ ပေါင်းချောင် ပိုဒ် ၅၁

ဟံ။ ။ဆင်တမျိုး။ ဟံကားအစွယ် ၂ ချောင်း သစ်ခွန်ထိုးထွက်ဆင်တမျိုး။

၁။ ရွှေနန်းသုံး ခန်း ၁၀၇

ဟံသာသနပလ္လ။ ။ဇေတဝန်ဆောင်တော်ရှိ သက်န်းသားဖြင့် ပြုလုပ်သော ဟင်္သာရုပ်ခံရတနာ ၃ ပါး ပူဇော်ရာ ရာဇပလ္လင်။

ဇေတဝန်မှာ။ ဟင်္သာသက်န်း။

ဇေတဝန်ဆောင်တော်ထား ဟံသာသနပလ္လင်တော် ဟင်္သာနေကူပါဘိနပ် အလျား ၄ င် ၁၅ ၄ မုယောဗင်းအထက်ခနရာတော်ကြာခံ အလျား ၁ င် ၂ ၂ ၄ မုယော ပလ္လင်အမြင့် ၂ င် ၄ ၃ မုယော ပလ္လင်ခံ သူငယ်သဏ္ဍာန် သူငယ်ရုပ် ၇ ဟင်္သာရုပ် ၁၆ ထောင့် စာမရီရုပ် ၄။

၁။ ကုသ ပိုဒ် ၁၁ ၂။ ပလ္လင် ဧရပ် စာတမ်း ကုကျော

www.burmeseclassic.com

www.burmeseclassic.com



ဟုံးနတ်။ ဟုံးနတ်။ဂြိုဟ်နတ်သမ္မာဒေဝနတ် ဥဒိန်မင်းစောနတ် ဂဇနာထ နတ်များကို ပူဇော်ပသခင်းကျင်းရန် ပွဲနတ်ရကာအစုံများကိုလည်း နတ်ပူဇော်တန်ဆောင်းများတွင် အသင့်ထားရသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၁၀၃

[ အ ]

အကဲ။ ။အခွန်ပေးဆောင်ရာ၌ ခွန်မထက်ပို၍ ပေးရသည့်အရာ။ရံဖန်ရံခါ အပိုအကဲဟူ၍လည်း ရေးသည်။

ကိုင်းခွန်မှာ အခွန်ရေးတို့ ချင်းနင်း၍ အသီးတိုရှည် အပင်နိမ့်မြင့်ထောက်၍ ဆေးပဲ ၁၀၀ လျှင် ၁ဝိ ထမ်း အခွန်တော်အဖို့ ၂၅ဝိ အကဲ ၁၂၅ိ ရေးစား ၇၅ိ ပေးရသည်။[1]

ယာတခင်းလျှင် အခွန်တော်ကြေး ၅ ပိဿာ အပို ၅ဝိ အကဲ ၂၅ိ ရေး လုလင်တို့မှာ ဝါ ၁ ပိဿာ။[2]

မင်းမြေမှာ ထန်းတတက်လျှင် ခွန်မကြေး ၃ ပိဿာ အကဲ ရေးစား ၇၅ိ၊ ထန်းလျက် တပိုလျှင် ခွန်မကြေး ၂၅ိ အကဲ ရေးစား ၁၂ိ၂ံ။[3]

ကျွန်မြေမှာ ယာနွားတယှဉ်းလုပ်လျှင် ခွန်မကြေး ၁၅၀ အကဲ ၃၇ိ၂ံ ရေးစား ၁၂ိ၂ံ တိုင်စား ၁၂ိ၂ံ ပေးရိုး။[4]

ခွန်မ ၁ဝိ၊ အပို ငွေ ၁ိ၊ ရေးစား ၃ျူ၊ ကဲ ၁ျူ။[5]

၁။ ရှာသာမြို့စစ်တန်း၊ ၄၅ ခု
၂။ ရှာသာမြို့စစ်တန်း ၄၅ ခု
၃။ တောင်ရွှေရှာစစ်တန်း၊ ၄၅ ခု
၄။ မသက ၄၄။ ဂ၂
၅။ အနိမ့်ရှာစစ်တန်း၊ ၄၅ ခု

အကောက်စာရေး။ ။အကောက်ဝန်၏ စာရေး။

မင်းဘဏ္ဍာတော်နှင့် စပ်သည့် ဈေးပွဲကင်းကူးတို့များတွင် အကောက်ဝန် ဆင့်ဆိုရာနာခံ၍ ထမ်းရွက်ရသော အကောက်စာရေး။[1]

ဒေးဝန်း အကောက်စာရေး မောင်ရှမ်းကို ၁၂၄၁ ခုနှစ် တော်သလင်းလဆန်း မောင်ဘိုးမင်းကို ၁၂၄၄ ခု နှောင်းတန်ခူးလ ခန့်တော်မူသည်။[2]

၁။ ရွှေနန်းသုံး ခန်း ၇၅
၂။ ရွှေနန်းသုံး ခန်း ၃၆၆

www.burmeseclassic.com

www.burmeseclassic.com



**အကောက်ဝန်။** ။ဆိပ်တည်ပွဲ ကင်းကူးတို့မှ စ၍ အကောက်တော်များကို နှိုးဆော်သိမ်းခံရသော ဝန်။ဟံသာဝတီ ဓညဝတီ ရမ္မာဝတီ စသော ဆိပ်ကမ်းမြို့ကြီးများမှာ အကောက်ဝန်သီးခြား ရှိကြသည်။

မြို့ဝန်အခွန်ဝန် ရေဝန် အကောက်ဝန် စစ်ကဲနားခံ စာရေးကြီး အခွန်စာရေးတို့က အခွန်ရေး စစ်သိမ်းခံလျှင်။[၁]

ဟံသာဝတီမြို့မှာ ရွှေတောင်သီရိနေ်ရထာ၊မုက္ကတစ်တို့မှာ အကောက်ဝန်....။[၂]

မြို့ရွာက အကောက်ဝန် စစ်ကဲတို့ကိုလည်း ရွှေဘဝါးတော်အောက်ခေါ်၍။[၃]

သင်းတို့ တည်သုပ်သည့် တပ်စုကို ဓညဝတီမြို့ဝန် အခွန်ဝန် အကောက်ဝန် အရာရှိတို့က ကုန်စင်အောင်ဖျက်သိမ်းစေ။[၄]

၁။ မသက ဂ။ ၅၁ ၂။ ရဟ အမတ ဂ၆
၃။ ရဟ အမတ ၁၆၅ ၄။ ကဘဆ ၂။ ၃၆ဂ

**အကောက်အခွန်။** ။ကင်းမည်။ပွဲမည်များမှာ။ ပုရပိုက်များ ပုံနှိပ်ပြီး အကောက်အခွန်။ နှစ်စဉ်နှုန်းများ ထင်ရှားရှိသေး၍။ အကျယ်မဖေါ်ပြဘဲ ချန်ထားလိုက်သည်။[၁]

၁။ မြန်မာမင်း ၅။ ခန်း ၅၃၀

**အကောက်အခွန်ဌာန။** ။သီပေါမင်း နန်းတက်စ ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လတွင် တောင်ဥယျာဉ် အစည်းအဝေး၌ အုပ်ချုပ်ရေးကို ၁၄ ဌာနခွဲဝေသည်။ ယင်းတွင် အကောက်အခွန်ဌာနလည်း ပါဝင်သည်။ထိုနှစ် တပေါင်းလမှာ ဝေပုံဌာန ၁၄ နှင့် အစည်းအဝေး ပျက်သွားဘည်။ ၁၂၄၂ ခု ဝါခေါင်လတွင် တဖန်ပြန်၍ ဝေပုံဌာန ၉ ရပ်ခွဲခြား သတ်မှတ်ပြန်သည်။ ယင်းတွင်လည်း အကောက်အခွန်ဌာနပါသည်။ ထိုဌာန ပြဋ္ဌာန်းချက်လည်း နှောင်းတန်ခူးလက စ၍ ပျက်စပြုသည်။ ၁၂၄၅ ခုနှစ်မှာ ဝေပုံဌာန ၁၀ မျိုး ပိုင်းခြားပြန်သည်။ ၁၂၄၂ ခု ၉ ဌာန ဖွဲ့စဉ်က အကောက်အခွန်ဌာနချုပ်မှာ အတွင်းဝန် ပင်းမြို့စားဖြစ်သည်။

သည်ကဲ့သို့ ၉ ဌာနခွဲဝေသော်လည်း။ သာသနာ။ ပညာဌာန။ တရားဌာန။ ဥပဒေပြုဌာနများလောက်သာ။ငြိမ်ဝပ်စွာရှိ၍။အခြားဌာနများမှာ။ရှင်ဘုရင်နှင့် အကျွမ်းဝင်၍။ တင်လျှောက် ပေါက်ရောက်သူ အရာရှိကြီး သုံးလေးဦးနှင့် အပျိုတော် လက်သုံးတော် မိန်းမစိုးများ ရောစွက်နှောင့်ရှက်လျက်ပင် ရှိသေးသည်။ ဥပမာ ဆိုသော်။အကောက်အခွန်ဌာနချုပ်။အတွင်းဝန် ပင်းမြို့စားမင်းက။ ရသင့်ရပြီး။ ရရန်ကျန်ငွေ စာရင်းများ ရေးသားသည့်အခါ အောက်ပါအတိုင်း ရေးရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်ကဲ့သို့ ရေးရသည်မှာ အကောက်အခွန်ဌာနတွင် ပါဝင်သူ မဟုတ်သော အခြားအရာရှိများက ဝင်ရောက်ကောက်ခံ သုံးစားသည့်အတွက် ဖြစ်သည်။[၁]

အကောက်အခွန်ဌာန။ ။လက်ကိုင်ဆိုင်ရာ။ အရာရှိ ရန်ပုံစာရင်းတွင် ကွ်းဘိုးငွေတနှစ်လျှင်။ နှစ်သောင်း ခန့်မှန်းထားသော်လည်း။ တိုင်တာမင်းကမြင်းတော်များကို။ လစဉ် ကျွေးမွေးစရိတ်နှင့် အခြား စရိတ်များပါ။ အကြိမ်ကြိမ်ခန့်မိလေ့ရှိသောကြောင့် ကွ်းဘိုးတော်ငွေဆို၍ ကျန်တန်သမျှသာ ကျန်တော့သည်။[၂]

သီပေါမင်းလက်ထက်များမှာ။အိမ်တော်ပါ သံတော်ဆင့် ယောမြို့စား ဦးဘူးက ကန့်ကူဆန်များကို။ အလိုရှိရာ ဆက်သွင်းရသည်ဟု။ စာရင်းချသည့်အတွက်။ လက်ကိုင်ဆိုင်ရာ အကောက်အခွန်ဌာနက။ ဘာမျှ မစစ်မဆေးနိုင်။ စာရင်းချသမျှသာ။ အရစ်ကျ စာရင်းများမှာ။ မှတ်သဘောပြု၍။ ရွှေတော်သို့ ဆက်သွင်းလိုက်ရတော့သည်။[၃]

၁။ မြန်မာမင်း ၂။ (၁၉၆၅) ၂၄၅ ၂။ မြန်မာမင်း ၅။ ခန်း ၅၃၁
၃။ မြန်မာမင်း ၅။ ခန်း ၅၃၁

**အကောက်အစား။** ။သူကြီးမြေဘိုင်စသည့် မြို့ရွာ အကြီးအကဲတို့ကောက်ခံ စားသောက်ရသော အခွန်တမျိုး။

အကောက်အစား တရားကို သူကြီးစီရင်၍ ရသည့် တဝက်ကို ရွာစားမြို့ဝန်ရှိလျှင် ရွာစာ မြို့ဝန်၊ ရွာစားမြို့ဝန် မရှိလျှင် မြို့လပ်ဝန်မှာ ဆက်ရိုး။[၁]

အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးများကို မြို့စားရှိလျှင် မြို့ကိုင်ထား၍ စီရင်ကောက်စားရပါသည်။[၂]

အပေါ်ဝန် အကောက်အစားမှာ ကျွန်တော်မြို့သူကြီးတို့က စီရင်ရပါသည်။[၃]

ဆိပ်တည်ပွဲ အကောက်အစား စီးပွါးတော် မည်မျှ စာရင်းကျယ် စာရင်းချုပ်နှင့် စာရေးကြီးတို့ကို နေလသက္ကရာဇ် မှတ်သား၍ သေချာအောင် ဆက်သွင်းမြဲ ဆက်သွင်းစေ။[၄]

၁။ ဒန့်ကျင်ရွာစစ်တန်း၊ ၄၅ ခု ၂။ ဇရာမြို့စစ်တန်း၊ ၄၄ ခု
၃။ စည်ပုတ္တရာစစ်တန်း၊ ၂၇ ခု ၄။ ရွှေနန်းသုံး ခန်း ၉၀

www.burmeseclassic.com

www.burmeseclassic.com



အကြီး။ ။လူတစုတွင် အုပ်ချုပ်ရသူ။

မြို့ရွာသူကြီး ခေါင်းအကြီး အမှုထမ်းတို့ကို အစေ့အန္တ သစ္စာတော်ခံစေ၍။[၁]

သက္ကရာဇ် ၁၁၁၆ ခုနှစ် အောက်သို့ ရွှေစက်တော်ဖြန့်တော်မူရာတွင် အရပ်ရပ်သူကြီး ခေါင်းအကြီးတို့ကို ပေးပြန်သည် အမိန့်တော်။[၂]

အရပ်မင်းမှု မင်းခင်း အုတ်သယ် မြေသယ် အုတ်တိုက် ကျောက်တိုက် အမှုအသေးအဖွဲ ဘုရားတည်ကျောင်းဆောက် မသာမှုသာမှုရှိလျှင် ရှိသူတို့က ခေါင်းအကြီးတို့မှာ တိုင်၍ နှိုးဆော်သည်ကို မလာမရောက် မညီမညွတ် ပြုကျင့်လျှင်။[၃]

၁။ ကဘဆ ၁။ ၁၀၃ ၂။ အလမအ ၁၀
၃။ အလမအ ၂၄၇

အကြီးစာရေး။ ။မိဖုရား၊ မင်းသား၊ မင်းသမီးများ အိမ်တော်မှာ ထမ်းရွက်ရသည့် အကြီးတော်တို့၏လက်ထောက်။ ၎င်းတို့သည် အရှင်သခင်ဘုရင်ဖြစ်လျှင် ရာထူးကြီးများ ရတတ်ကြသည်။ ဥပမာ မင်းတုန်းမင်းသား ဘုရင်ဖြစ်သောအခါ အကြီးစာရေး ဦးဘိုးသည် ဗန်မော်မြို့စား အတွင်းဝန်ဖြစ်လာသည်။

အကြီးတော် ဆင့်ဆိုရာနာခံ၍ အိမ်တော်မှာ ပေါ်ထွက်လာသမျှ ကိစ္စအရပ်ရပ်ကို စာရင်းအင်းနှင့်တကွ ရေးမှတ်ထမ်းရွက်ရသည်။[၁]

လွှတ်တော်က အကြောင်းကိစ္စရှိ၍ ဆင့်ဆိုလျှင် မင်းသားတို့ကို တိုက်ရိုက်မဆင့်ဆိုရ။ မင်းသားအကြီးတော် အကြီးစာရေးတို့ကို ထန်းဘူးညှန့်ရှည်တွင် နှစ်ကြောင်း စာချွန်ရေး၍ ဆင့်ဆိုရသည်။[၂]

ဘုရားကျွန်တော် မဂ္ဂရာမင်းသားဝန် အကြီးစာရေးတို့ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။ ဗန့်ကျိဘိုက်အဝင် တရားမြို့မှာ မြေကိုင် ငအောင်ကို ရာဇဝတ်တော်နှင့် စီရင်သည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၄၁၂ ၂ ရွှေနန်းသုံး ခန်း ၅
၃။ လဗစ ၃

အကြီးတော်။ ။မိဖုရားမင်းသား မင်းသမီးများအိမ်တော်ကို ကြီးကြပ်ရသော အရာထမ်း။

အကြီးတော် ထမ်းရွက်ရသည့်ဝတ္တရားမှာ။ ယင်းသည့် အိမ်တော် ရှိသမျှ အကြီး စာရေး ဘဏ္ဍာ စာရေး အဆောင်ကိုင် ထီးမိုး ယာဉ်ခံ ပွဲတော်ချက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းထောင်း ဆန်ဖွပ်မှု၍ ကျေးတော်မျိုး ကျွန်တော်မျိုးတို့အပေါ် အကြီးအကဲ ပြုလုပ် ချုပ်ချယ်စီမံရသည်။ ထို့ပြင်လွှတ်တော်အတွင်းတော်တို့ကဆင့်ဆိုရန် တောင်းခံရန်ရှိသမျှကို အကြီးတော်ကိုသာလျှင် ဆင့်ဆို တောင်းခံမြဲရှိသည်။ ထိုသို့ ဆင့်ဆို တောင်းခံသည့်အခါတိုင်း အကြီးတော်က အမှုတော် ပြေကုန်အောင် ထမ်းရွက်ရသည်။[၁]

ကုန်းဘောင်ဆင်ဖြူရှင်ဘုရားလက်ထက်တော်တွင် မှန်နန်းအပျိုတော်မရွှေမိတ်နှင့် အမြင့်မင်း အနောက်အိမ်တော်၏ လူပျိုတော် မောင်အောင်တင်တို့သည်။ နန်းတော်သစ်တပ်အတွင်းဝန်းကျင်တွင် စကားပြောဆိုနေသည်ကို တွေ့သဖြင့် အနောက်ဝန်က ဘမ်းဆီးသည့်အခါ မောင်အောင်တင် လက်လွှတ် ထွက်ပြေးသောကြောင့်။ ၎င်းမောင်အောင်တင်ပေးရန် အကြီးတော် လက်ဝဲသုန္ဒရအား လွှတ်တော်က တောင်းခံရာ မပေးမအပ်နိုင်ခြင်းကြောင့် မဲဇာသို့အပို့ခံရသည်။[၂]

အကြီးတော်ဇေယျသိခ်၊ စာရေးကြီးစန္ဒဝေသော်၊ ၎င်းဗျတ္တသရေတို့ကို ဝန်ထောက်။[၃]

သီဘောမင်းသား အကြီးတော် ဦးဘိုကိုလည်း နေမျိုးကျော်သူဘွဲ့နှင့် မြို့ဝန်ခန့်သည်။[၄]

မြောက်ဘက်ကိုးသင်းမြင်း၊ မကျည်းတုံရွာဇာတိယော်မည် ဦးရန်အောင်ကို ကာမမိဖုရား အကြီးတော်ခန့်သည်။[၅]

ပုဂံရွှေနန်းရှင် ဘုရားလက်ထက်တော်မှာ မြောက်ရွှေရေးဆောင်တော်မိဖုရားကို အစဉ်စောင့်ရှောက်စေရန် ရည်သန်တော်မူလျက် ဦးမှူကို နေမျိုး မင်းလှစည်သူဘွဲ့နှင့်တကွ အကြီးတော်....ခန့်တော်မူသည်။[၆]

မင်းတုန်းမင်းသား အထွတ်အမြတ်ရောက်၍ ဘုရင်မင်းမြတ် ဖြစ်သည့်အခါ အကြီးတော် ဦးရန်ဝေးမှာ ပုခန်းကြီးမြို့စား ဝန်ကြီးဖြစ်၍....။[၇]

ပုခန်းကြီးမြို့ကျေးရွာငယ် မုံညင်းရွာဇာတိ ပတ္တူဆရာကော်တူ ငယ်မည် ဦးရန်ဝေးကို အိမ်တော်စံစဉ်က အကြီးတော်။[၈]

၁။ ရွှေနန်းသုံး ခန်း ၄၁၁
၂။ ရွှေနန်းသုံး ခန်း ၄၁၁
၃။ မသက ၄၅။ ၁၄၅
၄။ မသက ၄၅။ ၁၅၂
၅။ မသက ၄၅။ ၁၅၃
၆။ ရွှေနန်းသုံး ခန်း ၄၁၁
၇။ ရွှေနန်းသုံး ခန်း ၄၁၁
၈။ မသက ၄၅။ ၁၅၉

www.burmeseclassic.com

www.burmeseclassic.com



ဦ.စိုကို ရွှေတောင်ကျော်စွာဘွဲ့နှင့် လဘက်ရေမှာ အကြီးတော် ထားသည်။ နောက်ရွှေလှ ဗိုလ်ခန့်သည်။[၉]

၉။ မသက ၄၅။ ၁၅၇

အကြီးအကြပ်။ အမှုကိစ္စတခုခုတွင် ကြီးကြပ်ရသူ။

စေတီပုထိုး ရွှေငွေကို သိမ်းယူပြင်ဆင် သန့်ရှင်းရာ၌ အကြီးအကြပ် ခန့်သည့် ရွှေတောင်ဗလကျော်။[၁]

ရွှေလှုတ်တော်ရွှေ သာယာလှစွာသော တန်ဆောင်းသုံးထပ် အဆောင်မှာ အစောင့်အနေ အကြီးအကြပ် ခန့်ထား၍။[၂]

၁။ ကဘဆ ၁။ ၂၅၆ ၂။ ကဘဆ ၁။ ၂၀၀

အကြီးအအုပ်။ ။ကြီးကြပ်အုပ်ချုပ်ရသူ။

သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း ထီးလင်းမြို့ကို သိမ်းယူပြီးလျှင် အကြီးအအုပ် ထား၍ ပြန်ခဲ့၏။[၁]

မြစ်စဉ်တခွင်မြန်မာအားကြီးသည့် မြို့ရွာများတွင် တလိုင်းတို့ အကြီးအအုပ်ကို အသီးအသီး လုပ်ကြံဖျောက်ဖျက်ကြပြီးလျှင်။[၂]

၁။ ကဘဆ ၁။ ၇၆ ၂။ ကဘဆ ၁။ ၁၀၆

အကြပ်။ ။အဖွဲ့အစည်းတခုတွင် ကြပ်မရသူ။

လက်နက်ကိုင်တဆယ်လျှင် တကြပ်။ဆယ်ကြပ်လျှင် တတပ်မှူး။ဆယ်တပ်မှူးလျှင် တဗိုလ်။[၁]

သေနတ်သေွးသောက်ကြီး အကြပ်တို့မှာ ငွေတဆယ်၊ ကတ္တီပါ သက္ကလတ် ဝတ်လုံ။ မောက်လူကြွတ်တပ်တစ်စီ။[၂]

ငှင်းသေနတ်လုံင်တော်ရင်း။ လက်ဝဲကြောင်းက။ အကြပ်နတ်စက်မှန်ကင်းနှင့် သေနတ်ခုနှစ်ဆဲ့သုံး။.... ငှင်းသေနတ်လုင်တော်ရင်း လက်ကြွာအကြပ် စက်ထွတ် ဝေရနှင့် သေနတ်တဆဲ့ရှစ်[၃]

၁။ ကဘဆ ၁။ ၅၀ ၂။ ကဘဆ ၁။ ၂၇၇
၃။ ကဘဆ ၁။ ၂၇၆

www.burmeseclassic.com

www.burmeseclassic.com



**အခ။** ။လုပ်အားအတွက် ရရှိသည့်တန်ဖိုး။

ကိုယ်ခစားလုပ်၍ အသက်မွေးသော သူရင်းငှားတို့ကား၊ အလုပ်ကို လုပ်အံ့ဟူ၍ နေ့၊ ရက်၊ လတို့ကို ပိုင်းခြား၍၊ ဤမျှဟု အခကိုပြတ်၍၊ လုပ်ကြံအပ်၏။[၁]

အကြွင်သူသည်၊ အခကိုလို၍ ခေါ်ဖွပ်မည် ယူသောအခါ၊ အထည်ကိုရေ၍၊ မှတ်မှတ်သားသား သိထား၍၊ ကောင်းမွန်စွာ လက်ပံပျဉ်၌ ဖွပ်ပေးအပ်၏။[၂]

ကိုယ်ဝန်ဆောင်သော မိန်းမ၊ သီတင်းရှိသော ရဟန်း၊ ပုဏ္ဏား၊ သူနာ၊ သူဖျားတို့ကား၊ အခ မပေါလျှင် မူလည်းပို့အပ်၏။[၃]

၁။ မနုကျယ် ၄၃ ၂ မနုကျယ် ၄၆
၃။ မနုကျယ် ၄၄

**အခပြတ်။** ။လုပ်အားအတွက် မည်မျှပေးမည် ယူမည်ဟု ညီညွတ်ကြသည်ကို အခ ပြတ်သည်ဟု ခေါ်သည်။

အကြွင်သူ အခပြတ်၍၊ စစ်မက်ကိုမူလည်း ငှားပေအံ့။ ကုန်စလယ် သွားရာမူလည်း ငှားပေအံ့။ အခပိုင်၍ သေပျောက်ခဲ့မူကား အပြစ်မရှိ။ သေပိုင်လေ၏။[၁]

အကြွင်သူတို့သည် လယ်ပင်အလုပ်ငှား၏။ ငှားသည်ကိုယ်ခ၊ နွားကားဤမျှ၊ ငွေကားဤမျှ၊ ကြေးကားဤမျှ၊ ပုဆိုးကား ဤမျှ၊ စပါးကားဤမျှဟူ၍ အခပြတ်အပ်၏။[၂]

အခပြတ်၍၊ အခကိုမူ မပေးစေစား၍ သေပျောက်ခဲ့မူကား၊ ကိုယ်ဘိုးကား သုံးဆယ်လျော်စေ။ ကိုယ်ခလည်း ပြတ်သည့်အတိုင်းပေးစေ။[၃]

၁။ မနုကျယ် ၄၃ ၂။ မနုကျယ် ၄၄
၃။ မနုကျယ် ၄၃

**အခါတော်။** ။ရှေးမြန်မာတို့သည် မည်သည့်ကိစ္စမျိုးမဆို ဆောင်ရွက်ရန်သင့်တော်မည့်အချိန်၊ မင်္ဂလာရှိမည့်အခါကို ဗေဒင်တတ်သူတို့ကို တွက်ချက်စေလျက် ရွေးချယ်လေ့ရှိသည်။ ဗေဒင်အရ သင့်တော်မည့်အခါတွင် ထိုကိစ္စကို ဆောင်ရွက်ကြသည်။ ဘုရင်မင်းမြတ်၊ မိဖုရား၊ သားတော်သမီးတော် မှူးတော်မတ်တော်တို့သည်လည်း

www.burmeseclassic.com



ထိုနည်းတူပင် ကောင်းမြတ်သော မင်္ဂလာအခါကို ရွေးချယ်တတ်ကြသည်။ ယင်းမင်္ဂလာအခါကိုပင် အခါတော်ခေါ်သည်။

အခါတော်ရောက်လျှင် ရှုံးတော်က အမြောက်သံပေး၍ တညီတညာတည်း ရွှေတူရှင်းငွေတူရှင်းနှင့် မြေစနစ်ပြီးလျှင် ရွှေအုတ်စ၍ စီလုပ်ကြရသည်။[၁]

သက္ကရာဇ်တထောင်တရာတဆဲ့ခြောက်ခု။နယုန်လဆန်းသုံးရက်နေ့အခါတော် ရောက်လျှင် ရွှေမြူတာ ရေပြည့်ပန်းစိုက်ကိုကိုင်တော်မူ၍။ ငါတည်း သာသနာ တော်ကို ပြုထိုက်မူကား ငါက အောင်စေသော။....ဟု အဓိဋ္ဌာန်တော်မူ၍။[၂]

....ငါအောင်တော်မူမည်ဟု အမိန့်တော်ရှိ၍။ အခါတော်ကို စောင့်နေကုန် သော ဗိုလ်မှူးတပ်မှူးတို့ကို လက်သုံးတော်ထားပြတော်မူလျှင်။[၃]

ယင်းကမှ တပ်မတော်နှင့်သော် တဆဲ့သုံးတပ် စည်းကြပ်၍ အခါတော် ရောက်လျှင်။ ရတနာသိဃ်မြို့တော် တောင်မျက်နှာ အိန္ဒာတံခါးက သိကြားထွက် စံသကဲ့သို့။[၄]

ကောင်းမြတ်သောမင်္ဂလာအခါတော်တွင်။ ကောင်းကင်သို့မျက်နှာရည်တော် မူလျက် ထွက်စံတော်မူရာသည်ဟု ပညာရှိတို့ ဆက်သွင်းသည့် အခါတော် အတိုင်း ဟံသာဝတီသို့ ချီတော်မူသည့်နေ့ရက်အခါတော်မရောက်မီ ဝင်းခင်းနောက်တော် လိုက်....စည်းကြပ်ရန်ရှိသမျှကို။[၅]

လူမြန်ရွေးကောက်၊ ခါတော်ရောက်မှ၊ အမြောက်သံကျော်၊ ပေးတည့်သော် လျှင်၊ တပ်ပေါ်ခုန်တက်၊ အကုန်ပျက်သည်။[၆]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ကဘဆ | ၁။ | ၂၇၀ | ၂။ | ကဘဆ | ၁။ | ၉၆ |
| ၃။ | ကဘဆ | ၁။ | ၉၇ | ၄။ | ကဘဆ | ၁။ | ၁၂၀ |
| ၅။ | ကဘဆ | ၁။ | ၁၁၉ | ၆။ | ပေါင်းချောင် | ပိုဒ် | ၄၅ |

**အခါတော်စောင့်ပုဏ္ဏား။** ။အခါတော်ရောက်မည့်အချိန်ကို ငံ့လင့်၍ရောက်ကြောင်းကို ညွှန်ပြရသော ပုဏ္ဏား။ အခါတော်ပေးပုဏ္ဏားလည်းခေါ်သည်။

ခုနှစ်ဌာနတွင် အခါတော်စောင့်ပုဏ္ဏားတို့ စောင့်နေရသည်။ အခါတော် ရောက်လျှင် ရှုံးတော်က အမြောက်သံပေး၍။[၁]

၁။ ကဘဆ ၁။ ၇၀

www.burmeseclassic.com

www.burmeseclassic.com



အခါတော်ပြည့်လျှင် ဆိပ်ကမ်းနားတွင် အခါတော်ပေးပဏ္ဏာတို့သည် တဲက ထွက်၍ လှေ ၃ စင်းနှင့် ဆီတည့်တွင် ရပ်နေ၍ ကောင်းမြတ်သော မင်္ဂလာအခါ တော်သည် အောင်မြင်ပြည့်စုံပြီ ဘုရားဟု ခေါ်ဆိုလျှင်....။²

၂။ လကဗဟ ၇၀

အချီတော်။ ။မင်းသား မင်းသမီးငယ်များကို ချီပွေ့ထမ်းရွက်ရသူ။

ကေရာဇ်မင်းမြတ်၏ သားတော် သမီးတော်ဟူသမျှမှာ ခြေလျှင်သွားလာခြင်း အလွန်နည်းပါးသည်။ နန်းတော်ပေါ်၌ တဆောင်မှတဆောင်သို့ ကူးသည့်အခါ ဖြစ်စေ၊ ဥယျာဉ်တော်သို့ဆင်းသည့် အခါဖြစ်စေ။မင်းသား မင်းသမီးကလေးတို့ကို ချီပွေ့၍ငင်း။ ပခုံးထက်တွင် ထမ်း၍သော်ငင်း အလိုရှိရာ အရပ်သို့ရောက်အောင် သွားရသည်။ထို့ကြောင့်—ဤသူကို အချီတော် ခေါ်သည်။¹

အချီတော် ငယ်မည် ဦးဘိုင်ကို နန်းတက်လျှင် မင်းကြီးဥဇနာတွဲနှင့် ပဥ္စလ မြို့ကို မြို့စား၊ကျောက်စီတောင်ဝှေးပေးသည်။နောက် သည်းထန်စွာနာမှ ဝန်ကြီး ခန့်သည်။ မစီရင်ရ။²

၁။ ရွှေနန်းသုံး ခန်း ၃၀၂ ၂။ မသဂ ၄၅။ ၁၅၃

အချိန်—အလေးချိန်။

အလေးတောင်းတင်းစဉ်း ချိန် ပုဆိုးဖျင် မိုးကပ် ကာကပ်မမှန် မကန်မရှိစေရ။¹

ရွှေတိုက်တော်မှ ၍ အရပ်ရပ် တိုက်တော် ကျီတော်များမှာ သွင်းသည့် ဘဏ္ဍာတော် အချိန်အတွက် မည်မျှရှိသည်များကို စာရင်းပေးရင်း သေချာအောင် တိုက်စိုး တိုက်စာရေးတို့ကို ပြသဆင့်ဆို၍ မှတ်သားစေ။²

အချိန်နှင့် စပ်သမျှကိုဆွဲ။အချင်နှင့် စပ်သမျှတည်၊ အတိုင်းအရှည်နှင့် စပ်သမျှ ကို တာဟူ၍ ခေါ်သည်။

ဆွဲနှင့် စပ်သမျှ ချိန်တိုက်ရန်များမှာ။ မုန်ညှင်း ခုနှစ်လုံးလျှင် နှမ်းတလုံး။ နှမ်းလေးလုံးလျှင်။ဆန်တလုံး။ဆန်လေးလုံးလျှင်။ ရွေးတလုံး။ရွေးလေးလုံးလျှင်။ တပဲ။ နှစ်ပဲလျှင် တမူး။ နှစ်မူးလျှင် တမတ်၊ နှစ်မတ်လျှင် ငါးမူး။ ငါးမူးနှစ်ခုလျှင်

၁။ ရွှေနန်းသုံး ခန်း ၈၁ ၂။ ရွှေနန်းသုံး ခန်း ၈၂

www.burmeseclassic.com

www.burmeseclassic.com



တကျပ်။ ငါးကျပ်လျှင် တပိုလ်။ ပိုလ် ၂၀ လျှင် တပိဿာ။ ငါးပိဿာလျှင် တတုလာလျှင်။ ငါးတုလာ တဘာရပြည့်သည်။ တဘာရမှာ ပိဿာ ၂၅ နှင့် ညီမျှသည်။ ယခုအခါ ၂၅ ပိဿာကိုတဆွဲ။ ၁၂ ပိဿာခွဲကို။ ဆွဲဝက်ခေါ်ကြ၍ မက။ ဘာရ။ တုလ။ ပိုလ် စသော စကားများကိုလည်း ခေါ်ဝေါ်သုံးစွဲခြင်းလည်း ရှိကြသည်။

၃။ မြန်မာမင်း ၃။ ခန်း ၃၀၈

အချုပ်ကြီးအကိုင်ကြီး။ ။ပြည်ကြီးဝန်အမြောက်အမြားကို ချုပ်ကိုင်ရသော အရာထမ်းကြီး၊ ဝန်ကြီးဖြစ်သည်။

အထူးသဖြင့် ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုး ဖြစ်သောကြောင့်။ မင်းညီမင်းသား မှူးတော်မတ်တော် ကျွန်တော်မျိုးအပေါင်းတို့တွင် အကြောင်းအရည်ကို ရွေးချယ်စိစစ်တော်မူ၍။ အဂ္ဂမဟာသေနာပတိ အချုပ်ကြီးအကိုင်ကြီး အရာနှင့် ဝန်ကြီးခန့်တော်မူသည်။

၁။ ရွှေနန်းသုံး ခန်း ၅၃

အချုပ်စာရေး။ ။အချုပ်ဝန်ကို ကူညီရသောစာရေး။ အချုပ်သည်တို့ စာရင်းကိုလည်း ကိုင်ရသည်။

မြန်မာ အချုပ်စာရေးမောင်ရွှေယုံ။ ကုလား အချုပ်စာရေးမောင်မှော။ ရှမ်း အချုပ်စာရေး မောင်ကလေးတို့ကို ၁၂၃၂ ခု၊ တပို့တွဲလခန့်တော်မူသည်။

၁။ ရွှေနန်းသုံး ခန်း ၃၇၁

အချုပ်ဝန်။ ။မင်းမိဖုရားသားတော် သမီးတော်တို့၏ ဝတ်လဲတော်များကို ချုပ်လုပ်ရသည့်အချုပ်သည်တို့ကို အုပ်ချုပ်ရသော အရာရှိ။

စာရင်းတိုက်နှင့်ကပ်လျက်ရှိသည့် ရွှေချည်ထိုးပြီး အဆင်တန်ဆာတော်များကို တွယ်ကပ်ချုပ်လုပ်ခွင့်။ ဆောင်းနွေမိုးရာသီနှင့်လျော်သော မင်းမိဘုရားတို့ ပိတ် ဝတ်လဲတော်အင်္ကျီများကို အမြဲချုပ်လုပ်ရန် မြန်မာ ရှမ်း ကုလား အချုပ် ၃ မျိုးတို့ အချုပ်ဝန်ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်။

၁။ ရွှေနန်းသုံး ခန်း ၁၉၄

www.burmeseclassic.com

www.burmeseclassic.com



အခြား။ ။နယ်မြေအပိုင်းအခြားကို ပြဆိုခြင်း။

အရှေ့တောင်ထောင့်က ငါ်မြိန်အင်လျှင် အခြားတည်၊ တောင်က ယင်မြင်အင်လျှင် အခြားတည်၊ အနောက်တောင်ထောင့်က ငရဲပိုဝ်အင်လျှင်အခြားတည်၊ အနောက်ကာရာ ပေါက်ချောင်နားကသည်ငခါလယ်လျှင် အခြားတည်၊ အနောက်မြောက်ထောင့်က ကံတောဝ်အင်နာဖက်စစ်ပင်ကြီ အခြားတည်၊ မြောက်က လုံမ်တပေါက်တောင်၊ တောင်ရှေ့ မြေလျှင် အခြားတည်။[၁]

၁။ စာရင်း ၉၄၉ ကျော[၄၊၅၊၂၊၅၊၆၊၆]

အခြင်။ ။ခြင်တွယ်ရန်များ။

အချိန်နှင့်စပ်သမျှကိုဆွဲး။ အချင်နှင့် စပ်သမျှတည်။ အပိုင်းအရှည်နှင့် စပ်သမျှကိုတာဟူ၍ ခေါ်သည်။....

အခြင်နှင့် စပ်၍။ ခြင်တွယ်ရန်များမှာ။ စပါးစေ့ ၂၀၀ ကို တလက်စွန်း။ နှစ်လက်စွန်းကို တလက်ဆုပ်။ နှစ်လက်ဆုပ်ကိုတလက်ပက်။ နှစ်လက်ပက်ကို တလက်ခုပ်။ နှစ်လက်ခုပ်ကို တစလယ်။ နှစ်စလယ်ကို တခွက်။ နှစ်ခွက်ကိုတပြည်။ နှစ်ပြည်ကိုတစရွတ်။ နှစ်စရွတ်ကိုတစိတ်။ နှစ်စိတ်ကိုတခွဲး။ နှစ်ခွဲးကိုတတင်း။ လေးတင်းကိုတတို။ လေးတိုကိုတပုတ်။ လေးပုတ်ကိုတကက်။ လေးကက်ကိုတကြ။ လေးကြကို တကျိ။ ပြဋ္ဌာန်းသည်။ ယခု စလယ်အောက် အသုံးပြုနည်းများမှာ ကွဲပြားခြားနားကုန်သည်။ လက်ခုပ်။ လက်ပက်။ လက်ဆုပ်။ လက်စွန်း။ စသည်များကို။ ရေးသားသုံးစွဲခြင်းမပြုကြ။ တစလယ်ကို နှစ်လမယ်။ တလမယ်ကို နှစ်လမျက်။ တလမျက်ကို နှစ်လမြူ။ ဟူ၍သုံးစွဲကြသည်။[၁]

၁။ မြန်မာမင်း ၃။ ခန်း ၃၀၈

အခွန်။ ။ထိုမြေတွင် အစွတ်အလေးက်လုပ်သမျှ အဖိုဝ် အခွန်ဆယ်ဖိုဝ်အဲတဖိုဝ်အဲနှင်အဲ ပုရာကလောင် ပြာပျက်သလည်ကောင်ဆိမိတ်....လည်ကောင်မပြတ်လျှသစေကုန်တေ။[၁]

ခင်မမင်းသားတော်သမီးတော်တို့ကို သနားသော်မူသည့်ကံကျေးခံမြို့ရွာများမှ အခွန်ရေး စစ်ချိန်ကာလရောက်လျှဝ်လည်း သွေးသောက်ငြမြင်းစု ကျွန်တော်မျိုးဆိုင်ရာ အမှုထမ်းတို့အလှည့်လဲမှန်ကန်အောင် အခွန် ရေးရန် စာရင်းနှင့် ဆက်သွင်း၍ ခန့်ထားရသည်။[၂]

၁။ တိလောကကျောက်ကျော[၄၀] ၂။ ရွှေနန်းသုံး ခန်း ၉၈

www.burmeseclassic.com

www.burmeseclassic.com



**အခွန်စာရေး။** ။အခွန်ဝန်၏စာရေး။ ရာဇဌာနီနှင့် မြို့ကြီးများ၌ရှိသည်။

ရွှေခွန် ငွေခွန် သံခွန် စသော အခွန်နှင့် စပ်သမျှသော မင်းဘဏ္ဍာတော်ကို အခွန်ဝန်ဆင့်ဆိုရာ နာခံထမ်းရွက်ရသော အခွန်စာရေး။[၁]

အခွန်စာရေးမောင်နှစ်နှင့် မောင်ဘကလေးတို့ကို ၁၂၄၀ နှစ် ပြာသိုလ ခန့်တော်မူသည်။ မောင်ခေါင်နှင့် မောင်ဦးတို့ကို ၁၂၄၂ ခုဝါခေါင်လ ခန့်တော်မူသည်။[၂]

တလလျှင် လစာငွေတော် ၅၀ ကျပ် သနားတော်မြတ်ခံရသည့် အခွန်စာရေး အလုပ်နှင့်ပင် ငွေတသိန်း နှစ်သိန်း စုမိကြသည်။[၃]

အစွတ်လုပ်ကျွဲတရှဉ်းလျှင် အခွန်မရွက်နီ ၂ ရေး ၁ အဆော် ၁ ရန်ကုန်မြို့ အခွန်ဝန် အခွန်စာရေးတို့ကို ပေးရိုးရှိသည်။[၄]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ရွှေနန်းသုံး | ခန်း | ၇၅ | ၂။ | ရွှေနန်းသုံး | ခန်း | ၃၅၈ |
| ၃။ | ရွှေနန်းသုံး | ခန်း | ၄၅ | ၄။ | မသဂ | ၆။ | ၂၂၁ |

**အခွန်တော်။** ။ဘုရင်ကိုပေးဆောင်ရသော အခွန်။

နေ့အခါ ဗိုလ်ရှုညီလာခံမှာ အတွင်းဝန် သံတော်ဆင့်တို့နှင့် ဝန်စု မှူးစု ဗိုလ်စု စုရေး စုကိုင်တို့ဝင်ထွက် ခစားစေ၍။ သဿမေဓမှု၊ ပုရိသမေဓမှုအကောက် အခွန်တော်မှု....စသည်များကို မေးမြန်းတင်လျှောက် ဆွေးနွေး ပြောဆိုပြီးလျှင်။ အမိန့်တော်မြတ် မှတ်ရန်ရှိလျှင်လည်း သံတော်ဆင့်တို့က မှတ်ပြန်မြဲ မှတ်ပြန်ရသည်။[၁]

ရာဇဌာနီ ရွှေပြည်တော်ကြီး အခြံအရံများသောတိုင်းကား နိုင်ငံသင်းတော ဆိပ်များက ဘိုးတော် ခွန်တော် အနဂ္ဃရတနာ ရွှေ ငွေ အုပ်မျိုး ထည်မျိုးမှစ၍ များသော စီးပွားတော် ဘဏ္ဍာတော်ကို နေ့စဉ်လစဉ် ရွှေဘဝါးတော်အောက် မပြတ်ဆိုင်ရာကို တိုက်တော် ကျီတော်များမှာ ဆက်သွင်းရသည်။....ဘိုးတော် ခွန်တော်သွင်းလျှင်လည်း။ ရှေးထုံးစံရှိသည့်အတိုင်း။ ရွှေတိုက်ဝန် ရွှေတိုက်ကြပ် ရွှေတိုက်စိုး တိုက်စာရေး သူဌေးတို့မှာ ဆိုင်ရာပေးယူကြစေ။[၂]

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ရွှေနန်းသုံး | ခန်း | ၆ | ၂။ | ရွှေနန်းသုံး | ခန်း | ၉၂ |

www.burmeseclassic.com

www.burmeseclassic.com



ကင်းခွန်ကောက်ခံရာ၌သာ ကင်းပေါ်များကို အစောင့်အနေ အကောက်တော် အခွန်တော်မှစ၍ မလစ်မလပ်ရအောင် ကင်းစာရေးတို့ ဆင့်ဆိုစီမံရသည်။[၁]

ဘိုးတော် ခွန်တော်မှာ နေမြေလူတို့ကို မင်းမှုမင်းခင်း ပေါ်ရှိသည်များကို ဆော်ဘန်ကောက်ခံ၍ တူရှင်းတိုင်မြို့သူကြီးထံ သူကြီးငယ်တကာနည်းဆောင်ရွက်ရသည်။[၂]

အခွန်တော် ကြေးကို ကသောင်းမြောင်တိုက်တော်မှာ ပေးသွင်းရသည်။[၃]

ဆေးပဲ ၁၀၀ လျှင် ၁၀ ထမ်း အခွန်တော် အပို ၂၅ဝ အကဲ ၁၂၅° ရေးစား ၇၅° ပေးရသည်။[၄]

မန္တလေး ပထမမြို့တည် မင်းတရားလက်ထက်မှာ အခွန်တော် တမျိုးလျှင် စာရင်း လေးမျိုးထားလေ့ရှိသည်။[၅]

၃။ ရွှေနန်းသုံး ခန်း ၉၇ ၄။ လေးရွာစစ်တမ်း၊ ၄၅ ခု
၅။ မသဂ ၄၄။ ၇၂ ၆။ ရွာသာမြို့စစ်တမ်း၊ ၄၅ ခု
၇။ မြန်မာပင်း ၅။ ခန်း ၅၃၁

အခွန်တော်ဆက်ကျေးရွာ။ ။မန်လည်မြို့နယ်အတွင်းသို့ ပါဝင်သည့် ကျီဝန် ဝန်စု ရွှေခွန်တော် ဆက်ထ ခွန်ရွာ အင်ပင်ရွာ နန့်သာရွာ တည်ကုန်းရွာများလည်း အရပ်ရပ်မြို့ရွာ နယ်တွင်းရှိ အခွန်တော်ဆက်ကျေးရွာတကာနည်း မန်လည်သူကြီးက စီရင်စေ။[၁]

၁။ ရဟာအမတ ၄၃

အခွန်ရေး။ ။အခွန်တော်ကို ရေးစစ်သိမ်းခံရသူ။

ကိုင်းခွန်မှာ အခွန်ရေးတို့ ခြင်းနင်း၍ အသီးတို့ရှည် အပင်နိမ့်မြင့် ထောက်၍ ဆေးပဲ ၁၀၀လျှင် ၁၀ ထမ်း အခွန်တော် အပို ၂၅ဝ အကဲ ၁၂၅° ရေးစား ၇၅° ပေးရသည်။[၁]

ယာတခင်းလျှင် ကြေး ၂။ အပို ၅ဝ အကဲ ၅ဝ အခွန်ရေး လုင်တို့မှာ ဝါ ၁၂[၂]

၁။ ရွာသာမြို့စစ်တမ်း၊ ၄၅ ခု ၂။ ရွာသာမြို့စစ်တမ်း၊ ၆၄ ခု

www.burmeseclassic.com

www.burmeseclassic.com



**အခွန်လွတ်ရိုး**။ ။အခွန်လွတ်ငြိမ်းခွင့်။

ထန်းမှာ မြို့သူကြီး ပြည်စိုးတို့ တက်ထန်း အခွန်လွတ်ရိုး။[၁]

၁။ မသဂ ၄၄။ ဂ၂

**အခွန်ဝန်**။ ။ရွှေခွန် ငွေခွန် သံခွန်စသည့် အခွန်တော်နှင့် စပ်သမျှသော မင်းဘဏ္ဍာတော်ကို စီရင်ရသောဝန်။ မြို့ကြီးပြကြီးများ၌ အခွန်ဝန် သီးခြားရှိကြသည်။

အစုတ်လုပ်လယ်ကွဲတရှည်းလျှင် အခွန်မရွက်နီ ၂ိ ရေး ၁ံ အဆော် ၁ိ ရန်ကုန်မြို့ အခွန်ဝန် အခွန်စာရေးတို့ကို ပေးရိုးရှိပါသည်။[၁]

နယ် ၄ ရပ် ၈ ရပ် အတွင်း လုပ်ဆောင်သည့် ကွဲရှည်း ၅။ တရှည်းလျှင် မျိုး ၁၅ ကျ လုပ်ဆောင်ပါသည်။ မြို့ဝန် အခွန်ဝန် ရေဝန်အကောက်ဝန် စစ်ကဲ နားခံစာရေးကြီး အခွန်စာရေးတို့က အခွန်ငွေ စစ်သိမ်းခံလျှင် ကွဲတရှည်းလျှင် အခွန်စပါး ၅၀ ကျ ဟံသာဝတီမြို့ ကျီတော်မှာ ဆက်သွင်းပါရသည်။[၂]

ဓညဝတီမြို့မှာ ခန့်တော်မူသည့် အခွန်ဝန် အကောက်ဝန် စစ်ကဲနားခံတို့က မြို့ဝန်ကို မလျှောက်မထား ကုလားဒေါနကသာ လျှောက်ထားသည့်အမှုကို မစစ်မကြောစေနှင့်။[၃]

သင်းတို့တည်လုပ်သည့် တပ်စုကို ဓညဝတီမြို့ဝန် အခွန်ဝန် အကောက်ဝန်အရာရှိတို့က ကုန်စင်အောင် ဖျက်သိမ်းစေ။[၄]

၁။ မသဂ ၆။ ၂၂၁ ၂။ မသဂ ဂ။ ၅၁
၃။ ရဟ အမတ ၂၉၂ ၄။ ကဘဆ ၂။ ၃၆ဂ

**အခွန်သေ**။ ။တနှစ်လျှင် မည်မျှပေးဆောင်ရမည်ဟူ၍ ပုံသေသတ်မှတ်ထားသော အခွန်ကို အခွန်သေခေါ်သည်။ ခွန်သေဟူ၍လည်း ရေးသားသည်။

နယ်တွင်းမြစ်ရိုးတိုင်တံငါအတတ်နှင့် လုပ်သားတို့မှာခုံတိုင်ဦးက ပိုက်တဖောင်နှင့်တပိုင်း အခွန်သေပြု၍ တနှစ်လျှင် အခွန်တော်ငွေ ၃ိ ၁ံ ၄ံ ဆက်သွင်းပါသည်။[၁]

တပသိပိုက်တဖောင်လုပ်လျှင် ခွန်မသေကြေး ၂၅ဝိပို ၂၅ိ ကဲ ၂၅ိ ပတ်ဖိုးကြေး ၂ိ ၅ျ လက်ဆောင် ငါးကြင်း ၁ ခု။[၂]

၁။ ရွာသာမြို့စစ်တန်း၊ ၄၅ ခု ၂။ စလေမြို့စစ်တန်း၊ ၆၄ ခု

www.burmeseclassic.com



အခွန်အတုတ်။ ။အခွန်တော်။

အခွန်အတုတ်များကိုစား၍ (ကုန်ဘဏီ) ထားသောကြောင့် မြေးတော် အိမ်ရှေ့မင်း မကြည်၍ ဝန်ကြီးအရာကိုနှုတ်သည်။[၁]

၁။ မသဂ ၄၅။ ၁၅၁

အငန်း။ ။အမှုထမ်းအဖွဲ့။

နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ရွာရှိအစုကြီး အငန်းကြီး စုသေးငန်းသေးတို့မှ တပါး။[၁]

၁။ ရွှေနန်းသုံး ခန်း ၅၅

အငြိမ့်။ ။ပြဲတိုက်တော်ရှေ့ မြေပြင်လက်ဝဲလက်ျာတွင် ရတုပြန်တို့နှင့် အငြိမ့်တယန်စီ မင်္ဂလာ ရှိသော ရတုကို ပြန်ဆိုတီးမှုတ်ရသည်။[၁]

ထိုနောက် တလိုင်းမှူးကြီး မတ်ကြီး။ ထိုနောက် တလိုင်းမှူးမတ် ဒေါဗညား ထိုနောက် ကတော်မယားတို့ရသည့် အဆောင်အရွက်နှင့်။ ထိုနောက် တလိုင်း အတီးအက အငြိမ့် တီးမှုတ်၍ ပါသည်။[၂]

၁။ လကဗဟ ၁၇၂ ၂။ ကဘဆ ၁။ ၂၃၁

အငြိမ့်တီး ၆ မျိုး။ ။အငြိမ့်တီးမျိုးခြောက်ပါးဟူသည့်ကား။ စောင်း။ ညှင်း။ မိကျောင်း။ အောင်းကလေး။ ပတ္တလား။ တယော။ ဤခြောက်ပါတည်း။[၁]

၁။ မှန်နန်း ၁။ ခန်း ၆၃။ ရာဇသိပ္ပံ ၃၆

အငြိမ့်အပျိုတော်။ ။အတီးအကနှင့် ထမ်းရွက်ရသော အပျိုတော်။

အငြိမ့်အပျိုတော် ဆိုသည်မှာ။ အတီးအကနှင့် ထမ်းရွက်ရသော အပျိုတော် များဖြစ်သည်။ နေ့စဉ်မပြတ် အတီးအမှုတ် အဆိုအကကို လေ့လာသင်ကြားကာ နေကြရသည်။ ပတ်ဝန်းတီး ကြေးဝန်းတီး စောင်းတီး ပတ္တလားတီး စည်တီး လင်းကွင်းတီး ညှင်းမှုတ် နှဲမှုတ် ပြွေမှုတ် မင်းကြီးလုပ် ဝန်လုပ် လူပြက်လူကြမ်း လုပ် မင်းသမီး မင်းသားလုပ်မှ စ၍ မိန်းမချည်းဖြစ်ကြသည်။ တနှစ်လျှင် ၁ ကြိမ် ၅ ရက် အရှေ့ပွဲတက် ကန်တော့ခံတော်မူသည့်အခါ။ မြေနန်းပြသာဒ်တော်ကြီး

www.burmeseclassic.com



ဝဲယာကန္နားပြင်များတွင်ရင်း။ထူးမြတ်သော ဆင်ဖြူတော်ရောက်၍ မြောက်စမုတ်သို့ပင်း။ မြေနန်းတော် ရှေ့ဆောက်ထားသည့် စံနန်းတော်သို့ရင်း ထွက်တော်မူပြီး လျှင်ဆင်ဖြူတော်ကို ကြီးကျယ်ခမ်းနားစွာသိမ်းတော်မူသည့်အခါများတွင်ရင်း။ ဘုန်းပေါင်းမင်္ဂလာ ဩဘာကောင်းတင်း ကျူးလျောက်ခြင်းတို့ဖြင့်။ အတိုင်အဘောက် သံပြိုင်ကောက်၍ လက်ရှက်ညွတ်ပျောင်းကာ ဝဲယာယိမ်းနွဲ့ကြရသည်။ အလိုတော်ရှိသည့်အခါတိုင်း ဇာတ်အိမ်ဇာတ်ကွက်နှင့် ခင်းကျင်း တီးမှုတ်ကခုန်ကြရသည်။အငြိမ့်အပျိုတော်များအနက် ခေါင်းအကြီးလုပ်သူတို့ ၂ ယောက်သာလျှင် ဝဲတလှည့် ယာတလှည့် မှန်းနန်းတော်သို့ဝင်၍ ခစားရသည်။ ရွှေနန်းတော်ကြီး အနောက်ဉယျာဉ်တွင် တောင်မြောက်စီးနေသောရေမြောင်းတော်ကြီး၏ အနောက်လမ်းထိပ်ရှိ တိုက်တန်းလျားကြီးမှာ။အရှင်နန်းမတော် ဘုရားအပျိုတော်။....ယင်းသည့် အနောက်ဘက်သမ်းမြောင်ခြားလျက်ရှိသည့် အိမ်တန်းလျားကြီးတွင်။အငြိမ့်အပျိုတော် သုံးဆယ်ကျော်ကို နေရာချထားသည်။[၁]

၁၂၇၀ ပြည့်နှစ် တန်ဆောင်မုန်းလ အနောက်အတွင်းတော်တွင်....အငြိမ့်အပျိုတော် ၃၁ ယောက်။[၂]

လွှတ်တော်ကပေးအပ်သည်စာများနှင့် တကွ။ နားခံတော်က ဖြဲတိုက်တော်သို့ဝင်ပြီးလျှင်။သံတော်ဆင့်ကို အပ်ရသည်။ သံတော်ဆင့်က အတွင်းဝန်များကိုတိုင်ကြား ပြသပြီးနောက်။ အနောက်အတွင်းတော်သို့ ဝင်ခွင့်ရသည်။ မိန်းမစိုးကိုခေါ်၍ အပ်ရသည်။ရင်း မိန်းမစိုးက အနောက်ပိုင်းသို့ဝင်၍ အငြိမ့်အပျိုတော် သို့အပ်ရသည်။ရင်းကမှ ရှေ့တော်ဝင်၍ ရှေ့လက်တော်ရောက်ဆက်သသည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၄၇ ၂။ ရွှေနန်းသုံး ခန်း ၄၆
၃။ ရွှေနန်းသုံး ခန်း ၅၆

**အစား။** ။သက်ရှိသက်မဲ့ ဥစ္စာပစ္စည်း ပျက်စီးသည့်အတွက် ပေးလျော်ရခြင်း။

အကြွင်းသစ်ပင်ကို ခုတ်သောသူတို့သည်....စိုက်ပျိုးရာ ပျက်စီးသမျှကို အစားတည်စေ။ ကျွဲ၊ နွား၊ မြင်း၊ ဆင်၊ ဆိတ်၊ ဝက်၊ ကြက်လည်း အစားတည်စေ။[၁]

ထိုင်းသော ကျွဲ၊ နွား၊ မြင်းတို့ကိုတောင်ပို့၊ ကန်သင်း၊ တွင်းကျင်း မညီမညွတ်ရာ၌လည်း မချည်မထားရာ။ ချည်ထား၍ မြွေခဲ၊ တွင်းကျသောကြောင့် သေခဲ့သော်၊ အစားပြတ်ရင်းတိုင်းပေးလျော်စေ။[၂]

၁။ မနုကျယ် ၅၃ ၂။ မနုကျယ် ၅၄

www.burmeseclassic.com

www.burmeseclassic.com



အစိုးရင်။ ။မြို့ရွာအုပ်ချုပ်ရေးတွင် ပါဝင်ရသည့်အရာရှိငယ်တမျိုး။

ပုဂံညောင်ဦးမှစ၍ အရပ်ရပ်မြို့နေ ရွာနေကျေးနေ အစိုးရင်သြို့ တန်ခေါင်ရွာ ဆော်ရွာနေတို့ကြည်ရှောင်ကြအိန်တော်။[၁]

ဘင်ရွှဲကို မြို့သူကြီးက မြို့အစိုးရင်အရာနှင့်ခန့်ထား၍ မြို့ကိုစိုးရင်လျှင်။[၂]

၁။ စာရင်း ၁၁၁၇[၄] ၂။ ပြေစွန်းရွာစစ်တန်း၊ ၆၄ ခု

အစိုးအနင်း။ ။ဘုရင်က ချီးမြှင့်သနားတော်မူသည့် အသုံးအဆောင်များ။

မင်းညီမင်းသား မိဖုရားမှစ၍ အမှုတော်အမှုထမ်းတို့ကို ဘွဲ့အမည်အရည် အဆောင်အရွက် အစိုးအနင်း ပေးတော်မူသည်။[၁]

ဆွေတော်မျိုးတော်ဗိုလ်မှူးတပ်မှူးတို့ကိုလည်းအရည်အလျောက်ရွေးကောက် တော်မူ၍၊ စာကျေးမြို့ရွာ၊ အရာအထူး၊ ဘွဲ့အမည်၊အစိုးအနင်းအဆောင်အရွက် ပေးတော်မူသည်။[၂]

ရာဇဝတ်တော်နှင့် စပ်ဆိုင်သမျှ အပေါင်းအထုပ် အဝတ်အစား အဆောင် အရွက် အစိုးအနင်း အနေအထိုင် ရွှေနန်းတော်မြို့တွင်းတွင် လုပ်ဆောင်သည် တို့မှာ။[၃]

၁။ စမ္ဗူ ၁၀၂ ၂။ ကဘဆ ၁။ ၀၀
၃။ အလမအ ၂၃၀

အစု။ ။အမှုထမ်းများကို အုပ်စုလိုက် ဖွဲ့စည်းထားသည်ကို ခေါ်သည်။ ဥပမာ အနောက် ရှုံးစေအစု၊ အနောက်ဝန်အစု၊ အမြောက်အစု၊ ကိုးသဘောက်အစု၊ ကောင်ဟန် အစု၊ ကျိုင်းတော်အစု၊ ငှက်တော်အစု၊ ထောင့်ချင့်အစု၊ ထမ်းစင်တော်အစု စသည်ဖြင့်ဖြစ်သည်။

မည်သည့် အစုအမှုထမ်းက ယောကျ်ားမိန်းမနှင့်မဆို လမိုင်းသူ လမိုင်းသား နှင့် အိမ်ထောင်ကျလျှင် လမိုင်းအမှုထမ်းသို့ ဖြည့်ရသည်။[၁]

အစုတွင် သင်းမှူးခန့်ရိုးမရှိ။[၂]

၁။ ရွှေနန်းသုံး ခန်း ၁၀၂ ၂။ မြန်မာမင်း ၄။ ခန်း ၄၅၅

www.burmeseclassic.com

www.burmeseclassic.com



အစုကိုင်။ ။အစုကိုချုပ်ကိုင်သူ။

ကျောင်းဘုရားကိုလှူတော်မူသည့်လူများကို သူကောင်းဖြစ်ချင်၍ အစုကိုင် အစုရေးတို့မှာ စာရင်းပေရင်းသွတ်သွင်းကပ်ရပ်၍ မထမ်းမရွက်စေနှင့်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၁၅

အစုရေး။ ။အမှုထမ်းအစုတစု၏စာရေး။

သောင်တင်းရွာ ရဲတော်မြင်းမှုထမ်းကို အလောင်းမင်းတရားကြီး လက်ထက် အစုရေးခန့်သည်။[၁]

ကျောင်းဘုရားကိုလှူတော်မူသည့်လူများကို သူကောင်းဖြစ်ချင်၍ အစုကိုင် အစုရေးတို့မှာ စာရင်းပေရင်းသွတ်သွင်းကပ်ရပ်၍ မထမ်းမရွက်စေနှင့်။[၂]

၁။ မသဂ ၁၄၈ ၂။ ရွှေနန်းသုံး ခန်း ၁၁၅

အစုအင်န်း။ ။အစုနှင့်အတူတူပင်။

အစုစုအမှုထမ်းတို့ကို ခမည်းတော်လက်ထက်က သီးခြား ကန့်ကွက်၍ ဖွဲ့တော်မူသည့် လူစုတို့ကို ငါ့လက်ထက်တော်တွင် ထပ်မံ၍အသစ် အစုအင်န်းလုပ်မြေ နေမြေနှင့်။[၁]

အနောက်ရုံးတော်တွင်လည်း။ သွေးသောက်စုမြင်းစုံရုံးစေမှုစ၍ သူငယ်တော် သပေါက်တော်ကြေးဘဏ္ဍာ နွားဘဏ္ဍာ အရပ်ရပ် အစုအင်န်းနှင့် ဆိုင်ရာ အမှုတော်ကို။ နေ့စဉ်လစဉ်မပြတ် ထမ်းရွက်ရသည်။[၂]

အဂ္ဂမဟောသီအသျှင်မိဘုရားခေါင်ကြီး ဘုရား၏ယွန်းဘောင်တော်ပါအသုံးကံ ကျေးခံမြို့ရွာ။ ထီးမိုးယာည်ခံမြို့ရွာ အစုအင်န်း အမှုထမ်းတို့အပေါ်တွင်အားထုတ် နှိုးဆော်ရန်ရှိသည်များကို။....[၃]

၁။ စမ္ဘူ ၁၀၂ ၂။ ရွှေနန်းသုံး ခန်း ၇၅
၃။ ရွှေနန်းသုံး ခန်း ၉၈

အစုအမှုထမ်း။ ။အစုတခုတွင် ထမ်းရွက်ရသည့်အမှုထမ်း။

ကြီးစိုးဆော်ဘာန်မြဲအုပ်ဆော်နက်အရပ်တွင်မည်သည့်အစုအမှုထမ်းမဆိုဘစည်း တရုံးတည်းရှိအောင် ကြပ်ကြပ်တည်းတည်း နှိုးဆော်၍။[၁]

၁။ အလမအ ၂၄၄

www.burmeseclassic.com

www.burmeseclassic.com



မင်းမှုမင်းခင်း မသာမှု သာမှုရှိ၍ နိုးဆော်သည်ကို မတိုင်မဆို မသာမရောက် မည်သည့် အစုအမှုထမ်း ဖြစ်သည်အတင်းအမာဆိုလျှင်။[၂]

မင်းမှုတော်နှင့် စပ်၍လည်း....အစုအမှုထမ်းဖြစ်စေ၊ မင်းမိဘုရားတို့ အဆောင်တော်များသို့ ဝင်ထွက်ရန်ရှိလျှင်၊ အနောက်ဝန် အနောက်ဝန်စာရေးတို့ကကြပ်မလိုက်ပါရခြင်း။[၃]

မြင်း အစုအမှုထမ်းတို့တွင်။ မြင်းစီးမြင်းပေါင်းပေးအပ် ခန့်ထားမြဲအတိုင်း။ ညီညွတ်စွာ ထမ်းရွက်ကြစေ.... မြင်းအစုအမှုထမ်းတို့ကို အမှုတော်ကိုထမ်းကုံနိုင်အောင်မစ။[၄]

၂။ အလမအ ၂၄၇ ၃။ ရွှေနန်းသုံး ခန်း ၇၅
၄။ မြန်မာမင်း ၄။ ခန်း ၄၅၇

အစေခံ။ ။ဘွဲ့အမည်၊ အစုအမည်။

ဝေ့တ်ကို ဇေယသမန္တကျော်၊ အစေခံကို သိခံတမန်။ သိချင်းသည် ငအောင်စည်ကို မင်္ဂလာညွန့်လူ....အမည်သနားတော်မူသည်။[၁]

မြင်းစုဗိုင်းစု အစေခံ ၅စု သေနတ်သမား အမြောက်သမား တံခါး ၉ ရပ် အတွင်း ၅ ရပ်တောင် ၄ ရပ် လှေသင်းရွှေပန်းပန်။[၂]

၁။ ကဘဆ ၁။ ၂၅၉ ၂။ စမ္မု ၁၀၂

အစောင့်အနေ။ ။စောင့်ရှောက်ရန် တာဝန်ကျသူ။

ကျွန်သီးတော် ဝတ္ထုကံပြေပုစ၍ ကျောင်းနှင့် စပ်လျဉ်းသည့်အရာများကို ရှုပ်ထွေးရှက်တင် မရှိစေရ အထိန်းအအုပ် အစောင့်အနေ ခန့်ထားရန်နှင့်တကွတည်း ဆင့်ဆိုထိန်းအုပ်ရသည်။[၁]

သည်နှစ်တပ်ကို စစ်သည်သူရဲတထောင်ကျော်နှင့် ကမာပီတပ်တွင် အစောင့်အနေခန့်တော်မူခဲ့၍။[၂]

ရွှေလွှတ်တော်ရှေ့သာယာလှစွာသောတန်ဆောင်းသုံးတပ်အဆောင်ဆောင်မှာ အစောင့်အနေအကြီးအကြပ် ခန့်ထား၍။[၃]

၁။ ရွှေနန်းသုံး ခန်း ၁၁၅ ၂။ ကဘဆ ၁။ ၁၉၉
၃။ ကဘဆ ၁။ ၂၀၀

www.burmeseclassic.com

www.burmeseclassic.com



**အစစ်ခံ။** ။အစစ်အဆေးကိုခံခြင်း။ အစစ်တော်ခံသည်ဟူ၍လည်းရေးသည်။

တောင်နောက်ရွာ နယ်မြေသည် အရှေ့ကို စချီရွာမြေထိ၊ တောင်ကိုကမြဲရွာမြေထိ၊အနောက်ကို ရှားပုတ်ရွာမြေထိ၊မြောက်ကိုရေနံ့သာရွာမြေထိ၊နယ်၄ရပ်နှင့် ရှိပါသည် အစစ်ခံသည်။[၁]

သူကြီးတောအစစ်ခံ၍ တင်ဆက်သည့် စစ်တန်းစာရင်းဘုရား။[၂]

ကျောက်ဆောက်မြို့သူကြီးငယ် အစစ်တော်ခံ၍ တင်ဆက်သည့် ၆၄ ခုစစ်တန်း စာရင်းပါဘုရား။[၃]

ကျွန်တော်တို့က ဒသမဘာဂဒင္ဂတော် မင်းမှုကို ထပ်၍ အမှုအပြစ်နှင့် လျှောက်ထားပြန်လျှင်အစစ်ခံစေ အမိန့်တော်မှတ်ချက်နှင့်ရှိသည်။ အစစ်အကြောမခံ တိမ်းရှောင်နေ၍ အစစ်အကြောမခံရ။[၄]

၁။ အနောက်အုံရွာ စစ်တန်း၊ ၄၅ ခု
၂။ ကမ်းဖြူရွာစစ်တန်း၊ ၄၅ ခု
၃။ ကျောက်ဆောက်မြို့စစ်တန်း၊ ၆၄ ခု
၄။ လဖစ ၅

**အစည်ခံတောင်လုံးလှေ့အုပ်။** ။အစည်ခံတောင်လုံးလှေသားတို့ကို အုပ်ကွပ်ရသောအရာရှိ။

ဘကြီးတော် ရွှေနန်းတက်လျှင် အပါးတော်တွင် လက်သုံးတော်ဓားနှင့် သောက်ရည်မှာ ခစားရသည်။ နောက် အစည်ခံတောင်လုံးလှေ၊ ရွှေပန်းဒိန်လှေအုပ်၊ သံလျင်မြို့စားခန့်သည်။[၁]

၁။ မသဂ ၄၅။ ၁၅၉

**အစပ်။** ။နယ်မြေအပိုင်းအခြားကို သတ်မှတ်ရာ၌ နယ်ချင်းစပ်သည်ကို ဖော်ပြခြင်း။

အရှေ့အလား လှည်းတွင်းခရိုးထိ ခံတောရွာမြေနှင့် အစပ်၊ အရှေ့တောင်အလား ပင်ဆေးအိုင်ကြီးထိခံတောရွာမြေနှင့် အစပ်၊ တောင်အလား ကျော်ရိုးချောင်းထိ ဝေဠုဝန် ကျောင်းမြေနှင့်အစပ်၊ အနောက်တောင်အလား ကျော်ရိုးချောင်းဦးကျိုးရွာနယ်မြေနှင့်အစပ်၊အနောက်အလားရောဝတီမြစ်တဖက်ထုံးကြိုင်ရွာနယ်မြေနှင့် အစပ်၊ အနောက်မြောက်အလား ရောဝတီမြစ်တဖက် ထုံးကြိုင်ရွာနယ်မြေနှင့် အစပ်၊ မြောက်အလား ရေလဲပေါက်ချောင်း အခြား တဖက်ပေါက်အိုရွာမြေနှင့်အစပ်၊အရှေ့မြောက်အလား လှိုင်းတက်ရွာအနောက် ကျောက်ဆည်ထိ ကုလားရွာ နယ်မြေနှင့်အစပ်။[၁]

၁။ စကြူးရွာစစ်တန်း ၄၅ ခု

www.burmeseclassic.com

www.burmeseclassic.com



အစွတ်လယ်။ ။ရေသွင်း၍ စိုက်သောလယ်။ အစွတ်လုပ်မြေ၊ အစွတ်မြေလယ်လည်းရေးသည်။

နယ် ၄ ရပ်အတွင်း အစွတ်လယ် မရှိ။[၁]

အစွတ်မြေမရှိ အချောက်လုပ်စားသည်။[၂]

အစွတ်မြေလယ်မှာ ကျွဲတရှင်းလျှင် ဆန်တတင်း ငွေတမတ်။[၃]

အစွတ်လယ်လုပ်ကျွဲတရှင်းလျှင် အခွန်မငွေရွက်နီ ၂ ° ရေးစား ၁ °။[၄]

၁။ မသက ၄၄။ ဂ၁ ၂။ တောင်ဆင်းမြို့စစ်တန်း ၄၅ ခု
၃။ ပြင်စည်မြို့စစ်တန်း၊ ၄၅ ခု ၄။ ကောလိယမြို့စစ်တန်း၊ ၄၅ ခု

အစွတ်အခြောက်။ ။ရေသွင်း၍စိုက်သောလယ်နှင့် ရေမသွင်းဘဲစိုက်သောလယ်။

ထိုလေ့တွင် အစွတ်အလောက်လုပ်သမျှ အဖိုဝ်အခွန်ဆယ်ဖိုဝ်တဖိုဝ်နှုဝ်ပုရး ကျွောင်ပြိုပျက်သလည်ကောင်ဆိမ်ဝတ်သင်ပုတ်ဝတ်ကိုဝ်လည်ကောင်။[၁]

ကူတို့ဆိပ်ခေါင်းကဲ့တွင်။သီရိကေရပ်ကျော်လယ် အစွတ်အချောက်ကို ဂုဏ္ဏရဲစက္က ကျော်ထင်တို့ကို သနားတော်မူသည် လုပ်စား၍ အမှုတော်ကို ထမ်းရွက်စေ။[၂]

လုပ်စားရ အစွတ်အချောက် ၁၀၀ လျှင် ခွန်မ ၁၀ ပိုကဲ ၂ ၂° ရေးစား၁ တိုင်စား၁ °။[၃]

၁။ တိလောကကျောက်ကျော ၂။ အလမအ ၂၂၇
၃။ တောင်အာမြို့စစ်တန်း၊ ၄၄ ခု

အဆော်။ ။အခွန်ပေးဆောင်ရန် နှိုးဆော်ရသူ၏ဒဝစု။

အစွတ်လယ်လုပ်ကျွဲတရှည်းလျှင် အခွန်မငွေရွက်နီ ၂ ° ရေး ၁ ° အဆော် ၁ ° ရန်ကုန်မြို့ အခွန်စာရေးတို့ကို ပေးရိုးရှိပါသည်။[၁]

၁။ ကောလိယမြို့စစ်တန်း၊ ၄၅ ခု

အဆောက်အလုပ်။ ။ရွှေနန်းတော် ရွှေအိမ် အဆောက်အလုပ်နှင့်တကွ ဘုရားစေတီစသော အလုပ်တော်။ တဆဲ့နှစ်ရာသီ မင်းပွဲသဘင်နှင့်စပ်သော လောကုတ် လောကီနှစ်သွယ်သော အလုပ်အဆောင်တော်များကိုတည်ထားဆောက်လုပ်ရသူဖြစ်၍။[၁]

၁။ ရွှေနန်းသုံး ခန်း ၆၄

www.burmeseclassic.com



အဆောင်ကိုင်။ ။အဆောင်အရွက်များကို သယ်ဆောင်ရသူ။

၁၁၆၄ ခု တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့ ဝန်ထောက်မင်း ၂ ပါးမိန့်ချက်။ မင်းနေမျိုးကျော်ထင် အဆောင်ကိုင် ပကဲချ။ ရာဇနန္ဒမိတ်မှာကူး။ ၁

၁၁၆၄ ခု တန်ခူးလပြည့်ကျော် ၄ ရက်နေ့ ဘုန်းတော်ကြီးလှသော ဘုရားအမိန့်တော်။ မြောင်လှမင်း အဆောင်ကိုင် တေရှုတ်ချ။ ရာဇနန္ဒမိတ်မှာကူး။ ၂

မင်းကြီး ၂ ပါးမိန့်။ ဝန်ထောက်မင်းကြီး နော်ရထာဆင့်။ မှတ်ချက်ကို အဆောင်ကိုင် ငရွှေလူချ။ ၃

သည်နောက် အဆောင်နီသွေးသောက်ကြီးနှင့် အဆောင်ကိုင် တစု။ ၄

| | | | | | |
|---|---|---|---|---|---|
| ၁။ | လဖစ | ၁၆ | ၂။ | လဖစ | ၂၀ |
| ၃။ | လဖစ | ၅၂ | ၄။ | လကပဟ | ၁၅၅ |

အဆောင်တော်မြဲ။ ။ဘုရင့်အနီးအပါးတွင် အမှုထမ်းရသူ၊ အဆောင်မြဲဟူ၍လည်းရေးသည်။

ကွမ်းရေတော်။ မင်းဆောင်တော်များကို လေးဆယ်ငါးဆယ် လူပျိုတော် ကွမ်းရေတော်ကိုင် အဆောင်တော်မြဲတို့ ဆိုင်ရာကိုင်၍လိုက်ရသည်။ ၁

စားတော်ကွမ်းရေကိုင် အဆောင်တော်မြဲ....တို့ကို အိပ်လှည့်အိပ်ဘန်မှန်ကန်အောင် ဆိုင်ရာခန့်ထားတော်မူသည့်အတိုင်း။ ၂

လူပျိုတော် အဆောင်တော်မြဲတို့ကို ရွှေလက်ကောက်။ ရွှေအုပ်ထုပ်။ ရွှေဝတ်လုံသနားတော်မူ၍.... ၃

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ကဘဆ | ၁ | ၁၂၀ | ၂။ | ရွှေနန်းသုံး | ခန်း ၉၅ |
| ၃။ | ကဘဆ | ၁။ | ၁၂၃ | | | |

အဆောင်အရွက်။ ။ဘုရင်ကချီးမြှင့်သော အသုံးအဆောင်များ။

ဘွဲ့အမည် အဆောင်အရွက်အဝတ်အစား ကျေးရွာအထိုက်အလျောက်ဆုပေးတော်မူ၏။ ၁

ငကျန်ကို ထီးလင်းစား အရာသနားတော်မူသည်။ ကွမ်းခွက်၊ ကျပ်၊ ထား၊ အဆောင်အရွက် သနားတော်မူသည်။ ၂

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကဘဆ | ၁။ ၁၁၀ | ၂။ | ကဘဆ | ၁။ ၂၅၅ |

www.burmeseclassic.com

www.burmeseclassic.com



မှူးတော်မတ်တော် ကတော်မယားတို့လည်း....သနားတော်ခံသမျှ အဆောင်အရွက်များကို အိမ်ကစီးနင်းဆောင်ရွက်၍ ကန်တော့ပွဲနှင့် ဇေတဝန်ဆောင်နေရာသို့တက်ရသည်။[၃]

ကျွန်တော် တန်းခေါင်းမိဘမယားတို့ သေလွန်လျှင်....ရွှေထီးအဆောင်အရွက် ခင်းကျင်းသင်္ဂြိုဟ်ရသည်။[၄]

၃။ လကဗဟ ၃၉၂ ၄။ တောင်ဖက်တန်းစစ်တန်း၊ ၄၅ ခု

အဆောင်နီ။ ။ဘုရင်နှင့် မင်းသားကြီးများသာ ဆောင်ခွင့်ရှိသည်။

အင်းဝမင်းထွက်သွားလျှင် အဆောင်နီဆောင်သည်ကား၊ သေနတ်ကိုနီးပါးထည်အိတ်တစင်းစီသွတ်သည် ၃ အိတ်၊ လှံမတစင်းကို အိတ်နီသွတ်သည် ၃ အိတ်၊ လှံရှည် ၁၀ စင်းကိုစည်း၍ နီပါးထည်အိတ်သွတ်သည် ၃ အိတ်၊ ခမောက်နီအတင်နှင့် မောက်တိုအတင်နှင့်စစ်ဝတ်ပူနီနှင့် ပူနီကြိုးကွန်ချာရက်၍ခက်သည်။ နှံကဝိုင်း မီးအိုးနှင့် ၁၊ မီးအိမ်အရိုးအတံနှင့် ၁၊ သောက်ရေတင်စောင်မြူတာ ပုဝါနီအုပ် ၂၊ သေနတ်ဆေးဘူးနှင့် ၁၊ မီးစာခွေ ၁၊ နေရာသင်ဖြူးအနားမွှမ်းလိပ်၍ ၁၊ သည်များကို အဆောင်နီစုသားခေါင်းထုပ် ပေါင်းကိုင်၍လိုက်ရသည်။ အတင်တော်မှာ ကလပ်ခြေမြင်းကဲ့သို့ ရွှေကိုလုပ်၍ အတင်တော်ခေါ်သည်။ အတင်တော် ၂ ခုကို အတင်တော်စုသား ၂ ခေါင်းထုပ် ပေါင်းကိုင်ရသည်။ ရွှေတော်တွင် ကွမ်းခွက်တည်သောအခါ အတင်တော်တော်တွင် ကွမ်းခွက်ဆင့်၍ တည်သည်။ သောက်တော်ရေအုပ်လည်း အတင်တော်တွင် ဆင့်၍တည်သည်။[၁]

အိမ်ရှေ့မင်း အဆောင်နီကား၊ သေနတ်တစင်းကို နီပါးထည်အိတ်သွတ် ၁၊ လှံမ ၁ ကို နီပါးထည်အိတ်သွတ်၊ နှံးကဝိုင်း မီးအိုးနှင့် ၁၊ သောက်ရေစောင်မြူတာနှင့်ပဝါနီအုပ်၍ ၂၊ သေနတ် ဆေးဘူးနှင့် ၁၊ မီးစာခွေ ၁၊ ခမောက်တင် ၁၊ စစ်ဝတ်ပူနီနှင့် ၁၊ နေရာသင်ဖြူးအနား မွှမ်းလိပ် ၁၊ သည်များကိုအဆောင်ကိုင်စုသားတို့ ခေါင်းထုပ်ပေါင်း၍ ကိုင်ရသည်။[၂]

ညီတော် သားတော်တို့တွင် ဝေါရသည်ဖြစ်စေ၊ ဝေါပလာရသည်ဖြစ်စေ၊ ဝေါပလာရ၍ စီး၍သွားလာသည်ဖြစ်လျှင်၊ အဆောင်နီနည်းတူဆောင်သည်။ ဝေါပလာမရမင်းသားတို့တွင် စစ်မက်ခန့်၍ ထမ်းရွက်ရလျှင် လှံမတစ်ကို နီပါးထည်

၁။ လကဗဟ ၂၂၂ ၂။ လကဗဟ ၂၂၂

www.burmeseclassic.com

www.burmeseclassic.com



အိတ်သွတ် ၁၊ လှံရှင် ၁၀ နီပါးထည်အိတ်သွတ်၊ သောက်ရေစောင်မြူတာ ပဝါနီအုပ် ၂၊ သေနတ်ဆေးဘူးနှင့် ၁၊ မီးစာခွေ ၁၊ နေရာသင်ဖြူးလိပ်ဆောင်သည်။[3]

၃။ လကဗဟ ၂၂၂

**အဆောင်နီစု။** ။အဆောင်နီများကို သယ်ဆောင်ထမ်းရွက်ရသောအမှုထမ်းများအစု။ ၎င်းတို့အကြီးအကဲကို အဆောင်နီမှူးခေါ်သည်။

နှံးကဝိုင်းမီးအိုးနှင့် ၁၊ မီးအိမ်အရိုးအတန်နှင့် ၁၊ သောက်ရေစောင်မြူတာ ပုဝါနီအုပ် ၂၊ သေနတ်ဆေးဘူးနှင့် ၁၊မီးစာခွေ ၁၊နေရာသင်ဖြူးအနားမွမ်းလိပ် ၁၊ သည်များကို အဆောင်နီစုသားခေါင်းထုပ်ပေါင်းကိုင်၍လိုက်ရသည်။[1]

သည်နောက် အဆောင်နီကိုင်သေ့းသောက်ကြီးနှင့် အဆောင်နီကိုင်တစု။[2]

၁။ လဘဗဟ ၂၂၂ ၂။ လကဗဟ ၇၇

**အဆောင်နီမှူး။** ။အဆောင်နီကိုင်အစုသားတို့ကို ကြီးမှူးရသော အရာရှိ။

ဇကရာဇ်မင်းမြတ်တို့ဝယ် ရှေးဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် အလေးအမြတ်ပြု၍ ထွက်တော်မူသောအခါ စီးတော်မူသော ဝေါတော်ရ ထားတော်ရှေ့မှ လိုက်ပါရသော အဆောင်နီတော်ကိုင် အမှုထမ်းတို့ကို မှူးကြီးရသော အရာရှိဖြစ်လေသည်။ ။၎င်းအစုဘွဲ့ရာပါလူတို့အနက် လူ ၆ ယောက်သာလျှင် ရွှေဘဝါးတော်အောက်သို့ အမြဲတက်နေ ထမ်းရွက်ရသည်။[1]

၁။ ရွှေနန်းသုံး ခန်း ၁၄၇

**အဆောင်နီသေ့းသောက်ကြီး။** ။အဆောင်နီစုသားတို့၏ အကြီးအကဲ။

သည်နောက် အရှေ့အတွင်းတော်မြဲလူပျိုစုနှင့်နေရာတော်ထမ်းတို့လိုက်ရသည်။ သည်နောက် အဆောင်နီသေ့းသောက်ကြီးနှင့် အဆောင်ကိုင်တစု။ သည်နောက် အနောက်ပန်ပွဲနှင့် အနောက်အတွင်းတော်မြဲတစု။[1]

သည်နောက် အဆောင်နီကိုင်သေ့းသောက်ကြီးနှင့် အဆောင်နီကိုင်တစု။[2]

၁။ လကဗဟ ၁၅၅ ၂။ လကဗဟ ၇၇



www.burmeseclassic.com

www.burmeseclassic.com



အဆောင်မြဲ။ ။အဆောင်တော်မြဲနှင့်အတူတူပင်။

ထီးဓားလက်စွဲအဆောင်မြဲ ကျွန်တော်မျိုးအပေါင်းတို့ကိုနေ့မှညမှ မလစ်မလပ် စေရ။[၁]

ဟံသာဝတီရောက်မင်း နန်းတက်လျှင် စစ်ကိုင်းဘုရင်ခံ ဦးပျို ဦးယောက်ဖ အဆောင်မြဲ ကျော်ထင် နန္ဒမိတ်ကို ဝန်ကြီးဘက်ခန့်ပြန်၍ မင်း ၄ ဦးစီရင်ရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၇၈ ၂။ မသဂ ၄၅။ ၁၄၄

အဇပါလညောင်ပင်။ ။မြတ်စွာဘုရား ၇ ရက်ပတ်လုံး စမွယ်တော်မူသော ဆိတ်ကျောင်း ညောင်ပင်။

အဇပါလညောင်ပင်ရင်ဝယ်ခုနှစ်ရက် နေတမူဟန်။[၁]

၁။ တိလောက ကျော ၅

အဇလုံလှေ။ မင်းသုံးလှေတော်တမျိုး။

အဇ လုံလှေမှာ အဇလုမ္ပနီဆိုလိုသည်။ အဇမှာ ဆိပ်၊ လုမ္ပနီမှာ ခရမ်းသီး ဆိုသည်ကို ထောက်လျှင် ဦးကဆိတ်ရုပ် ခရမ်းသီးပုံဟန် လက်နှစ်ဘက်ပဲ့ကားအမြီး ခြေထောက်နှစ်ဘက်လုပ်သည့်လှေဖြစ်သည် ယူရမည်။[၁]

၁။ ရွှေဘုံနိဒါန်း ပိုဒ် ၈၀

အညပုတ္တသား။ ။လင်ရင်းသားမဟုတ်။ လင်စောင်သားကိုသားရင်းမှတ်၍ မွေးစားသောအညပုတ္တ မည်သောသား။[၁]

၁။ အငမှူ ၄၄

အတီးအက။ ။ထိုနောက်တလိုင်းမင်းညီမင်းသား ဒေါ်ပညားမှူးမတ်စု။ ထို့နောက် တလိုင်း အတီးအက....တီးမှုတ်လိုက်ရသည်။[၁]

ထိုနောက်ကတော်မယားတို့ရသည့် အဆောင်အရွက်နှင့်။ ထိုနောက်တလိုင် အတီးအက အငြိမ့်တီးမှုတ်၍ပါသည်။[၂]

၁။ ကဘဆ ၁။ ၂၃၁ ၂။ ကကဆ ၁။ ၂၃၁

www.burmeseclassic.com

www.burmeseclassic.com



ထိုတဲနန်းတော်တွင်၊ မြန်မာ အတီးအကု၊ မွန် အတီးအက အစုံနှင့် ပွဲသဘင်စုံ ရက်လည်အောင် ခံတော်မူသည်။[၃]

အငြိမ့်အပျိုတော်ဆိုသည်မှာ။ အတီးအကနှင့် ထမ်းရွက်ရသော အပျိုတော်များဖြစ်သည်။ နေ့စဉ်မပြတ် အတီးအမှုတ်အဆိုအကကို လေ့လာသင်ကြားကာ နေကြရသည်။[၄]

၃။ ကဘဆ ၁။ ၂၃၃ ၄။ ရွှေနန်းသုံး ခန်း ၄၇

အတင်။ ။အသုံးအဆောင်များတင်ရန် အရာဝတ္ထု။

ခမောက်နီ အတင်နှင့် မောက်တို အတင်နှင့်။[၁]

၁။ လကဗဟ ၂၂၂

အတင်တော်။ ။ဘုရင်သုံးသောအဘင်။

အတင်တော်မှာ ကလပ်ခြေမြင်းကဲ့သို့ ရွှေကိုလုပ်၍ အတင်တော် ခေါ်သည်။ အတင်တော် ၂ ခုကို အတင်တော်စုသား ၂ ခေါင်းထုတ်ပေါင်း ကိုင်ရသည်။ ရွှေတော်တွင် ကွမ်းခွက် တည်သောအခါ အတင်တော်တွင် ကွမ်းခွက် ဆင့်၍ တည်သည်။ သောက်တော်ရေအုပ်လည်း အတင်တော်တွင် ဆင့်၍တည်သည်။[၁]

၁။ လကဗဟ ၂၂၂

အတင်တော်စု။ ။အတင်တော်များကို သယ်ဆောင်ရသော အမှုထမ်းအစု။

အတင်တော် ၂ ခုကို အတင်တော်စုသား ၂ ခေါင်းထုပ်ပေါင်းကိုင်ရသည်။[၁]

၁။ လကဗဟ ၂၂၂

အတောင်ရွှေ။ ။ပုဂံခေတ်က အရာရှိဘမျိုး။

သာကရစ် ၆၃၄ ခု ကြဉ္ဇိုက်နှစ်တင့်ဆောင်မှုန်လဆုတ် ၃ ရ၂ က် ၂ နိယ်အညအ စွအသူကြီ အတောင်ရယ် မန်တလဖစည်သမုတ္တာ၁လီကိုဝ်။[၁]

၁။ ပုံ ၄၂၄[၂]

www.burmeseclassic.com

www.burmeseclassic.com



**အတတ် ၁၈ ပါး။** ။(၁) သုတိ (၂) သမုတိ (၃) သင်္ချာ (၄) ယောဂ (၅) နီတိ (၆) ဝိသေသိကာ (၇) ဂန္ဓဗ္ဗာ (၈) ဂဏိတ (၉) ဓနု (၁၀) ပုရာဏ (၁၁) တိကိစ္ဆာ သတ္တ (၁၂) ဣတိဟာသ (၁၃) တိကိစ္ဆာ (၁၄) မာယာ (၁၅) ဆန္ဒတိ (၁၆) ကေတုသ (၁၇) သဒ္ဒါ (၁၈) မန္တာ။

သုတိသမုတိသင်္ချာ စယောဂနီတိဝိသေသကာ ဂန္ဓဗ္ဗစသတ်တဆယ်အားသျှစ်ပါး သင်အတတ် တို့ဝ်နိုက်....[၁]

၁။ တိလောကမျက် ၁၆

**အတွင်းခိုင်းပန်းထိမ်တော်။** ။ရွှေနန်းတော်ကြီးတွင် သုံးစွဲသည့် ရွှေထည်ပစ္စည်းများကို လုပ်ဆောင်ရသော ပန်းတိမ်များ။

ရွှေတိုက်ဝန် ဝန်စုပါအတွင်းခိုင်းပန်းထိမ်တော်တို့က ရွှေထည်နှင့် စပ်လျဉ်း သမျှ ရွှေဇွန်း ရွှေပန်းကန် ရွှေလင်ပန်း ရွှေခေါင်းပေါင်း ရွှေကလပ် ရွှေကရား ရွှေထွေးအင် ရွှေကတော့မှစ၍ အရပ်ရပ်အလုပ်အဆောင်တော်များကို။ ရွှေတိုက်ဝန် ရွှေတိုက်စိုးတို့ ဆင့်ဆိုရာ နာခံထမ်းရွက်ရသည်။ ရွှေပန်းတိမ် ခေါင်းမောင် ရွှေလူဖြစ်သည်။ ရွှေကို နန်းဆွဲရန် အလုပ်အဆောင်ရှိသမျှကို။ နန်းမကိုင်၌ ရွှေပန်း ထိမ်ခေါင်းမောင် ခွါညိုနှင့် လက်သားလူတစုတို့ကပြီးပြေအောင် လုပ်ဆောင် ထမ်းရွက်ကြရသည်။ ၎င်းပန်းထိမ်တော်အမှုထမ်း ၁၁၄ တို့မှာ တလလျှင် လစာငွေ တော် ၂၆၃၅ ိ သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၂၂၄

**အတွင်းဆိုင်း။** ။နန်းတော်တွင် ထမ်းရွက်ရသည့် ဆိုင်း ၃ ရပ်။

မှန်ဖြူ မှန်နီ မှန်စိမ်း စီချယ်သည့် ဆိုင်း ၃ ရပ်ကို။ စိန်ဆိုင်းမြဆိုင်း ပတ္တမြား ဆိုင်းသမုတ်၍။ သိုင်းစိုက်သင့်သည့် ဆိုင်းကို သိုင်းစိုက်ထူတီးမှုတ် ထမ်းရွက်ရသည့် ဆိုင်းတော်ဖြစ်၍ အတွင်းဆိုင်းသမုတ်သည်။[၁]

တံခါးနီတော်အတွင်း မြေနန်းတော်ဦးပတ်လည်များမှာ....ရထားတော်ယာဉ် ကော်များနှင့်။ အတွင်းစိန်ဆိုင်း မြဆိုင်း အကစုံများကို ခင်းကျင်းရသည်။.... မြေနန်းဝဲယာဆောင်တော်တွင်....ရွှေထားစည်။ ကန်သာယာစည်။ ဟန်လင်းစည် တော်စုံအတွင်းဆိုင်းများကို ဝဲယာခင်းကျင်းရသည်။[၂]

၁။ ရွှေနန်းသုံး ခန်း ၁၇၃ ၂။ ရွှေနန်းသုံး ခန်း ၇

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဆိုင်းတော်အမှုထမ်း။ ။အတွင်းဆိုင်းတွင် တီးမှုတ်ထမ်းရွက်ရသည့်အမှုထမ်းများ။

အတွင်းဆိုင်းတော်အမှုထမ်း လူ ၁၄၄ တို့မှာ လယ် ၂၄၄ ပယ်အစား သနားတော်မြတ်ခံရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၁၇၃

အတွင်းတော်။ ။ရွှေနန်းတော်တွင်းကို ဆိုလိုသည်။

မိဘုရား ကိုယ်လုပ်တော် စသည့် မိန်းမများနေသည့်ဖက်ကို အနောက်အတွင်းတော်ဟုခေါ်သည်။

ငါ့အသျှင် ကေရာဇ်မင်းမြတ်တို့တွင်။ အတွင်းတော် စီရင်ဘွယ်စီရင်ခင်းမှစ၍ ပြည်ရေးရွာမှုအလုံးစုံကို....။[၁]

အတွင်းတော် ရွှေလွှတ်တော်များက ဆင့်ဆိုလျှင် သာသနာပြု ဆရာတော်သို့ လျှောက်ထားရခြင်း။[၂]

ဝန်ကြီးများသောကြောင့် သတိုးမဟာကိုအတွင်းတော်မှာ အတွင်းဝန်တို့နှင့် စီရင်စေသည်။[၃]

ကျော်ထင်နန္ဒမိတ်၊ ကျော်ထင်ဇေယျသူ၊ ကျော်ထင်ရန္တသူတို့ကို သံတော်ဆင့်ခန့်၍ အတွင်းတော်မှာပြဲတိုက်က အမှုရှိသမျှကို စီရင်ရမည်ခန့်သည်။[၄]

အသန်းထန်းလျက်မှာ....နှစ်စဉ် တန်ခူးလအတာ မတက်မီအနောက်ရုံးတော်မှာ စု၍ အတွင်းတော် သို့ အနောက်ဝန်တို့က ဆက်သွင်းရသည်။[၅]

၁။ ရွှေနန်းသုံး ခန်း ၇၈
၂။ ရွှေနန်းသုံး ခန်း ၁၁၅
၃။ မသက ၄၅။ ၁၄၄
၄။ မသက ၄၅။ ၁၄၆
၅။ မသက ၄၄။ ၈၂

အတွင်းတော်ပြဲတိုက်။ ။အတွင်းပြဲတိုက်တော်ဟုလည်းရေးသည်ကို တွေ့ရသည်။

အတွင်းဝန်။ လောင်ရှည်မြို့စားမင်း၏ လက်ထောက်ကြီးအဖြစ်နှင့်။ အတွင်းတော်ပြဲတိုက်ဘွင်။ ရာ်နေဆင့်ဆိုစိမံရသော အခွင့်ဩဇာရှိသည့်အလျောက်။[၁]

၁။ မောဓိကုန်းဂူ ၂၀၀

www.burmeseclassic.com



ညီတော် ပဥ္စမသင်္ဃယနာတင် မင်းတရားကြီးဘုရား လက်ထက်တိုင် ရောက်သောအခါ သံတော်ဆင့်ရာထူးနှင့် နိမ့်ကျသော်လည်း။ အတွင်းမြဲတိုက်တော်တွင်။ လစာရိက္ခာတော်နှင့်။ မင်းမှုတော်ရှိရာ၊ ခစားထမ်းရွက်နေထိုင်ရသည့်အတွင်း။[၂]

၂။ ဗေဒမိကုန်းဂူ ၂၀[၁]

အတွင်းတော်မြဲ။ ။အတွင်းတော်တွင် မြဲစွဲထမ်းရွက်ရသော အမှုထမ်းများ။

တိုက်တော် ကျီတော်ခတ်ထားသည့် သော့ပနေ့ာက်များကိုလည်း ချထားမြဲအချိန်တွင်ချထားစေ။ အချိန်ကူးလျှင် အတွင်းဝန်တို့ကို အစီရင်ခံ၍။ အတွင်းတော်မြဲတို့နှင့် ဘွင့်ပိတ်သုံးဆောင်စေ။[၁]

မရှိပြန်လျှင် အတွင်းတော်မြဲက မင်းလှကျော်ထင်၊ မင်းထင်မင်းလှ၊ ဝန်ထောက် မင်းလှ ရွှေတောင်တို့ ၃ ဦးကို ဝန်ကြီးခန့်သည်။[၂]

အတွင်းဝန်မှစ၍ အတွင်းတော်မြဲတို့တွင် ထားလိုက်ရသသူတို့မှာ သနားတော်မူသည့် အဆောင်ထားကိုထမ်း၍ လက်ဝဲလက်ျာလိုက်ရသည်။....သည်နောက်အရှေ့ အတွင်းတော်မြဲ လူပျိုစုနှင့် နေရာတော်ထမ်းတို့ လိုက်ရသည်။[၃]

၁။ ရွှေနန်းသုံး ခန်း ၉၂ ၂။ မသဂ ၄၅။ ၁၄၄

၃။ လကဗဟ ၁၅၅

အတွင်းဖိနပ်တော်။ ။အတွင်းတော်အမှုထမ်းတမျိုး။

ဆွေတော်မျိုးတော် မှူးတော် မတ်တော် စော်ဘွားမြို့စားတို့၏သားမြေးငယ်များကို ခန့်ထားလေ့ရှိသည်။

မှူးတော် မတ်တော်ကြီးတို့ အနွယ်အဆက်မှဆင်းသက်သူ။ ထိုထက်မြင့်မြတ်သော ဆွေတော်မျိုးတော် အနွယ်အဆက်မှဆင်းသက်သူ။ စော်ဘွားမြို့စားအရာခံတို့၏ သားမြေးမှန်သူ။ အသက်အရွယ် ၁၂ နှစ်က ကျော်လွန်ခြင်းမရှိသေးသူတို့ကို အတွင်းဘိနပ်တော် ခန့်တော်မူသည်။ အတွင်းဘိနပ်တော် ၂၀ တို့မှာ ဝဲလှည့်ယာလှည့်ခွဲ၍ အပါးဆော်နိုက် နေ့ည အမြဲခယမ်းထမ်းရွက်ရသည်။ ရွှေနန်းတော်ပေါ်တွင် တဆောင်မှ တဆောင်ထွက်တော်မူလျှင် ဘိနပ်တော်ခင်းရသည်။ အသျှင်

www.burmeseclassic.com

www.burmeseclassic.com


နှစ်ပါး စံနေတော်မူရာ ပွဲတော်တည်ရာ စက်တော်ခေါ်ရာများတွင် ဒေါင်းတောင် ဆက်ရသည်။°

၁။ ရွှေနန်းသုံး ခန်း ၂၈

အတွင်းရွှေ။ ။ပုဂံကောင်းစားစဉ်က အရာထမ်းတမျိုး။

မင်းမျာက မင်းအကြွာလသိယ်ငါအတွင်းရှယ် ကိုဝ် မိယ်ပိမ် ကွန်ပြောက်တွင် မိယ်ဇ...ကျောက် စစ်နန့်နှိယ် ဥဒိန်ရစ်ထုယ် တဝ်ညှိလတ်ဇ။ ထုယ်တဝ်ခံပါသကာ အတွင်းရှယ်....။°

၁။ ပုံ ၂၂၈ ခ°°၊၂°

အတွင်းဝန်။ ။အတွင်းတော်ကို ချုပ်ကိုင်ရသော အရာသမ်းကြီး ရှေးအခါက အတွင်းသင်းမှူး ခေါ်သည်၊ အတွင်းဝန်တို့တွင်ရှိရမည့် အင်္ဂါ ၈ ပါးမှာ (၁) ဣန္ဒြိယသံဝရ (၂) မနုည (၃) ဘာသန္တရ (၄) ဓမ္မစာရီ (၅) နာနာသိပ္ပ°(၆)ကုလဓမ္မိက (၇) ဂရုဏ (၈) ဝိညာတတို့ဖြစ်သည်။ အိမ်ရှေ့အတွင်းဝန်၊ ကျီအတွင်းဝန်၊ စကိုင်းမင်းအတွင်းဝန်၊ ဆေးအတွင်းဝန်၊ ပုခန်းကြီးမြို့စားအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်စသဖြင့်လည်း ရှိသေးသည်။

အတွင်းဝန်ခန့် အမိန့်တော်ပြန်တမ်း။ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ရာဇနန္ဒကျော်ကို အတွင်းဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း ရာဇနန္ဒကျော်သည် ကျေးဇူးသစ္စာတော် ၂ ပါးကို စောင့်သိရိုသေသစ္စာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်ထမ်းရွက်သောကြောင့်။ အဆောင်အရွက်အထိုက်အလိုက် သနားပြုစုတော်မူ၍၊ သံတော်ဆင့်အရာနှင့် အတွင်းတော်မှာ ဆင့်ကဲနေရသည်။ အတွင်းမှုပြင်မှုမှစ၍ အလုံးစုံကိုလည်း သိကျွမ်းနားလည်သသူ အထူးသဖြင့် ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုး ဖြစ်သောကြောင့် အတွင်းဝန် ခန့်တော်မူသည်။ အတွင်းဝန် ဆိုသည့် အရာသည်၊ ငါကေရာဇ် မင်းမြတ်တို့တွင်။ အတွင်းတော်စီရင်ဘွယ် စီရင်ခင်းမှ စ၍ ပြည်ရေးရွာမှု အလုံးစုံကို ကုန်တွင်ပြေလည်အောင် လျှောက်ထားပြန်ဆို စီရင်ရသူဖြစ်သည်။ဓမ္မဝတ်ရာဇဝတ် လောကဝတ်အကြောင်းသုံးပါးကို သိနားလည်သည်နှင့် အညီ။ ရှေးအတွင်းဝန်တို့ စီရင် ခန့်ထားသည့်ရှေနန်းရိုး တုံးစံကိုထောက်၍ ခန့်ထားစီရင်။သက္ကရာဇ် ၁၁၆၉ ခု နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့ လွှတ်တော် ကွန်းစင်တွင်းမှာ—နားခံတော် ဇေယသိခ်သူပြန်ရှိ အပ်သည့် ပြန်တမ်း။°

၁။ ရွှေနန်းသုံး ခန်း ၇၈ မြန်မာမင်း ၄။ ခန်း ၄၂၉ လည်း၊

www.burmeseclassic.com



ရွှေတိုက်စာရင်းထုတ်ဘွင့် ကူးယူရန်ဖြစ်လျှင်။ မည်သည့် စစ်တမ်းစာရင်းကို ထုတ်ဘွင့်ကူးယူစေသည်။ အမိန့်တော်မြတ်ကိုခံ၍ ထုတ် ဘွင့် ကူး ယူ စေ ရမည်။ အတွင်းဝန်မင်းတို့ ဟူ၍ လွှတ်တော်သွင်းမှာတမ်း ပါရှိစေရသည်။[၂]

ရွှေတိုက်စာရင်းသွင်းထားရန်ဖြစ်လျှင်၊ မည်သည့် အကြီးအကဲ မယား သား သမီး ဆွေစဉ်မျိုးဆက် အသက်နေ့နံစာရင်းကို ဆက်သွင်းသည်။ အမိန့်တော်မြတ်ကို ခံ၍ ရွှေတိုက်မှာ သွင်းထားရမည်။ အတွင်းဝန်မင်းတို့။ ဟူသော လွှတ်တော်သွင်း စာမှာတမ်းပါရှိစေရသည်။[၃]

အတွင်းဝန် တို့မှာလည်း။ အတွင်းအမှုထမ်းသားများနှင့် စပ်လျဉ်းသည်ကို အတွင်းဝန်က စီရင်စေ။ စစ်ရေးမင်းမှုဖြစ်လျှင်။ လွှတ်ကစီရင်စေ။ အတွင်းဝန်တို့မှာ အတွင်းက အမှုမသင့်သည်များကို အတွင်းက စီရင်စေ။[၄]

အတွင်းဝန်မင်းများ သွားလာသည့်အခါ။ ရွှေလိုက်ခေါ်သော အမှုထမ်း နှစ်ယောက်သည်။ အရာရှိများရှေ့။ အတောင်သုံးဆယ်ကွာလောက်က။ ဝဲယာ ကြိမ်ကိုထောင်လျက်။ ကိုင်ဆောင်လိုက်ပါရသည်။ .... အတွင်းဝန် မင်းများ၏ ရွှေလိုက်များမှာ။ မောက်တိုမဆောင်းရ။ ခေါင်း ပေါင်း ဖြူ ဖေါ့ လုံး ပေါင်း ရသည်။ အင်္ကျီဖြူထိုင်မသိမ်းဝတ်ရသည်။ ထိုကဲ့သို့လိုက်ရသော အမှုထမ်းများမှာ၊ ဒိုင်းတော် အမှုထမ်းထဲကလိုက်ရသည်။[၅]

ငင်းပြင်။ နေ့ရှစ်(နှစ်) ချက်တီးမှာတခါ။ ဗြဲတိုက်တက်ကြပြန်သည်။ ဗြဲ တိုက် တက်သည်နှင့် တပြိုင်နက်။ လွှတ်တော်နားခံတော်လည်း ရောက်လာသည်။ ဗြဲးတိုက် တက်သည့်အခါ။ ဗြဲးတိုက်နှင့် စပ်၍ ဆုံးဖြတ်ရန် အမှုများကို။ အတွင်းဝန်များ အစုံအညီ ဆုံးဖြတ်ကြသည်။[၆]

ညနေသုံးချက်တီးသည့်အခါ။ ဗြဲးတိုက်ဆင်းသည် ခေါ်သည်။ အစုအဝေးကွဲ သည်။ သို့ရာတွင်။ အတွင်းဝန်များမှာ။ အမြဲးပင်ဗြဲးတိုက်တွင် နေထိုင်ကြရသည်။[၇]

တံခါးနီတော် အတွင်းသို့။ အရပ်သားများ အလို အလျောက် မဝင်ရ။ အကြောင်းရှိလျှင် ဝင်ခွင့်ရအောင်။ အတွင်းဝန်မင်းများ၏ အမိန့်ရှိမှ ဝင်ရသည်။

၂။ မြန်မာမင်း ၄။ ခန်း ၄၂၄
၃။ မြန်မာမင်း ၄။ ခန်း ၄၂၄
၄။ မြန်မာမင်း ၄။ ခန်း ၄၂၅
၅။ မြန်မာမင်း ၄။ ခန်း ၄၂၆
၆။ မြန်မာမင်း ၄။ ခန်း ၄၂၇
၇။ မြန်မာမင်း ၄။ ခန်း ၄၂၇

www.burmeseclassic.com

www.burmeseclassic.com



ပြဲးတိုက်အရာရှိ အမှုထမ်းတို့နှင့် သက်ဆိုင်သောအဆင် တန်ဆာအဝတ်အစား။ အိပ်ရာလိပ် ထမင်းအုပ်များမှ တပါး အခြားပစ္စည်းများလည်း။ အတွင်းဝန်မင်းများ အမိန့်မရဘဲ။ တံခါးနိုက မထုတ်ရ။[၈]

ပြဲးတိုက်ကွန်းစင် အခန်းကြီးများ အတွင်း။ အတွင်းဝန်မင်းများမှ တပါး အခြား မည်သူမျှ ဝင်ခွင့်မရ။[၉]

ပြဲးတိုက်တွင် ပါဝင်ရမြဲဖြစ်သော အရာရှိများမှာ။ အောက်ပါအတိုင်း ဖြစ်သည်။ အတွင်းဝန် ၄။ သံတော်ဆင့် ၄။....ညောင်ရမ်း ဆယ်ဆက်မင်းတို့ လက်ထက် အတွင်းဝန် ၄။ အတွင်းဝန်ထောက် ၄။....ဟူ၍လည်း ခန့်ထားသေးသည်။....ကုန်းဘောင်တဆဲ့တဆက်မင်းတို့ လက်ထက်တွင်။ အတွင်းဝန်မင်းများသာ ပြန်တမ်းကြီးခံခွင့်ရသည်။[၁၀]

သီပေါဘုရင် မင်းမြတ် လက်ထက်မှာ။ အတွင်းဝန် ၆။ သံတော်ဆင့် ၃၀။ ပြဲးတိုက်သံဆင့် ၂၅ ခန့်ထားလျက်ရှိသည်။[၁၁]

လွှတ်တော်က သွင်းသော စာများ လွှတ်တော်သို့ ထုတ်ရန်စာများကို။ အတွင်းဝန် မင်းများထံ သံတော်ဆင့်မင်းများ။ ပြဲးတိုက်သံဆင့်များက လျှောက်ထားရသည်။ အရေးကြီးသော စာဖြစ်လျှင်။ ရှင်ဘုရင် ရွှေတော်သို့ အမြန်ပို့ရန်။ လွှတ်တော်သို့ အမြန်ထုတ်ရန် မိမံဆင့်ဆိုရသည်။ ရှင်ဘုရင်က ထုတ်သော အမိန့်တော်များမှာလည်း။ အမိန့်တော် မှာတမ်းထုတ်သင့်သည်။ အမိန့်တော် မှတ်သားချက်ထားသင့်သည်။ လွှတ်တော်သို့ထုတ်၍။ အမိန့်တော်ပြန်သင့်သည်များကို။ ခွဲးခြားတော်ဘန်ရသည်။ အမိန့်တော်ထပ်မံ၍ ခံယူသင့်သော ရှုပ်ထွေးသော အရာပါလျှင်။ သို့မဟုတ် ပိုသောအရာ။ ယုတ်သော အရာများပါလျှင်။ ပိုရာကိုထွက်၍။ ယုတ်ရာကို ထည့်သွင်းရန်။ သံတော်ဆင့်မင်းများသို့။ အတွင်းဝန်များက။ ဆင့်ဆိုရသည်။[၁၂]

မှာတမ်းဆိုသည်ကား။ အမိန့်တော် ထုတ်ပြန်ရန်မဟုတ်ဘဲ။ လုပ်ဆောင်ရန်။ လိုက်နာရန်များအတွက်။ ဝန်ကြီးမင်းများက။ အတွင်းဝန်မင်းများထံ။ ပေးသော စာကိုဆိုလိုသည်။ မှာတမ်းသဘောမှာ အောက်ပါအတိုင်းဖြစ်သည်။ (မည်သည့် အကြောင်းကို မည်ကဲ့သို့ စီမံပြီးဖြစ်သည်။ အမိန့်တော်ကို ခံ၍ လိုက်နာ ဆောင်ရွက်ရမည်။ အတွင်းဝန်မင်းတို့) ဟူ၍ ရေးထားလေ့ရှိသည်။[၁၃]

အမိန့်တော်ထုတ်ပြန်ပုံမှာလည်း၊ သုံးမျိုးရှိသည်။....တတိယအမျိုးမှာ။ ဒုတိယ အမျိုးကဲ့သို့မဟုတ်ဘဲ။ ရှင်ဘုရင်စံတော်မူရာ။ ဌာနက သင့်ရာလူကို စေလွှတ်၍

၈။ မြန်မာမင်း ၄။ ခန်း ၄၂၈
၉။ မြန်မာမင်း ၄။ ခန်း ၄၂၈
၁၀။ မြန်မာမင်း ၄။ ခန်း ၄၂၉
၁၁။ မြန်မာမင်း ၄။ ခန်း ၄၂၉
၁၂။ မြန်မာမင်း ၄။ ခန်း ၄၃၂
၁၃။ မြန်မာမင်း ၄။ ခန်း ၄၃၂

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်မင်းများထံ အမိန့်တော် ပြန်လာသော အမိန့်တော်များကို မှတ်သား ပြန်ဆိုရခြင်းဖြစ်သည်။”[၁၄]

မည်သည့်အမိန့်တော်။ အမိန့်တော်မှတ်သားချက်။ အမိန့်တော်မှာတမ်းမဆို။ အတွင်းဝန်မင်းများအားလုံး ကြားသိပြီးလျှင် လွှတ်တော်သို့ ထုတ်ပြန်ရသည်။ အတွင်းဝန်မင်းများအားလုံးကြားသိရန် စီမံပုံမှာ။ ပုံပြန်ဌာနတွင်ပါဝင်သော ဖြဲးတိုက်သံဆင့်သည်၊ အတွင်းဝန်မင်းများထံ တပါးစီတပါးစီ လှည့်လည် ဘတ် လျှောက်ရသည်။ နံနက်ညီလာခံအစုနှင့် နေ့လည် ဖြဲးတိုက်တက်ချိန်မှာ အခြား အလုပ်များပြားသည့်အတွက်။ အရေးကြီးသော အမိန့်တော်များမှတပါး၊ အခြား ထုတ်ပြန်ရန် အမိန့်တော်။ အမိန့်တော် မှတ်သားချက်။ အမိန့်တော် မှာတမ်း များကို။ အတွင်းဝန်မင်းရှိရာ နေရာသို့ သွားရောက်၍။ ဘတ်လျှောက် တိုင်တန်း ရသည်။ ထိုကဲ့သို့ တိုင်ဘန်းသောအချက်များကိုလည်း။ နေ့ရက်စွဲတပ်၍။ မှတ်သား ချက် ရေးထားပြီးမှ လွှတ်တော်သို့ ထုတ်ပြန်ရန် နာခံတော်သို့ ပေးအပ်ရသည်။ အမိန့်တော် မှာတမ်းဆိုသည်မှာ။ အမိန့်တော်ထုတ်ပြန်ရန် မဟုတ်သောရှင်ဘုရင် အမိန့်အရ။ လွှတ်တော်က ဆောင်ရွက်ရန်အကြောင်းကို။ အတွင်းဝန်မင်းများက။ လွှတ်တော်ဝန်ထောက်မင်းများထံပေးသောစာကို ဆိုလိုသည်။.... ရွှေတော်သွင်း ရန်။ လွှတ်တော်ထုတ်ရန်များကို။ လှည့်လည်တိုင်လျှောက်သည့်အခါ။ အမြန် ထုတ်ရန်ဖြစ်စေ။ ဆွေးနွေး ဘို့ရာ ဆိုင်းထားရန်ဖြစ်စေ။ ပြုပြင်ရန်ဖြစ်စေ။ အတွင်းဝန်မင်းများမှာ အခွင့်အာဏာ အပြည့်အစုံရှိကြသည်။ ရှင်ဘုရင်ရွှေတော် သို့သွင်းရန်။ လွှတ်တော်ကသွင်းသောသွင်းစာများမှာတမ်းများကိုလည်း။ ဆိုခဲ့ သောနည်းပင်။ ပုံပြန်ဌာနမှာပါသော။ ဖြဲးတိုက်သံဆင့်က။ အတွင်းဝန်မင်းများ စေ့ငအောင် တိုင်တန်းပြီးမှ။ အလှည့်ကျသံတော်ဆင့်သို့အပ်၍။ ရွှေတော်သို့ သွင်းရသည်။ .... သီပေါ ဘုရင်မင်းမြတ် လက်ထက်မှာ။ ပြုပြင်ရှိသာ ပြုပြင် ဝံ့သော အတွင်းဝန်မင်းများရှိကြသေးသည်။ အမိန့်တော်ကိုပယ်ဖျက်ရန်။ စီမံ ဝံ့သောအတွင်းဝန်မင်းများနည်းပါးသေးသည်။ သီပေါဘုရင်မင်းမြတ်နန်းတက်စ အခါက။ အတွင်းဝန် ‘အဖြစ်နှင့်ထမ်းရွက်ရှိသော။ အတွင်းဝန်။ ရွှေပြည်ဝန်။ ဝက်မစွတ်မြို့စားမင်း။ အတွင်းဝန်။ ယောမြို့စားနှစ်ပါးသာ။ ထုတ်ပြန်ရင်းအမိန့် တော်များကို ပယ်ဖျက်စီမံဝံ့ကြသည်။ အတွင်းဝန် နှစ်ပါးမှာ။ မကြာမီ ဝန်ကြီးဖြစ် ပြီးနောက်။ ပျက်စီးကြသည်။ အတွင်းဝန် ရွှေပြည်ဝန်။ ဝက်မစွတ် မြို့စားမင်းမှာ။ မကွေးမြို့စား ဝန်ကြီးမင်း ဖြစ်ပြီးနောက်။ အရာမှချထားသည်ကို ခံရသည်။ အတွင်းဝန်ယောမြို့စားမင်းမှာ။ ဝန်ကြီးဖြစ်ပြီးနောက်။ ရှမ်းပြည်သို့ဒိုတက်ရာတွင်။ ရှမ်းပြည်မှာ အဖျားရောဂါနှင့် သေဆုံးသည်။”[၁၅]

၁၄။ မြန်မာမင်း ၄။ ခန်း ၄၃၂ ၁၅။ မြန်မာမင်း ၄။ ခန်း ၄၃၂

www.burmeseclassic.com

www.burmeseclassic.com



ငှင်းပြင်။ နန်းတော်ရှိ အဆောင်များနှင့် တံခါးနီတော်တွင်းရှိ။ ရထားရုံ။ ယဉ်တော်ရုံ။ ပွဲတော်ရုံ။ ရေကြည်တော်ရုံ။ ဝေါတိုက်။ စာရင်းတိုက်။ အချုပ်တိုက်။ ပုဆိုးတိုက်။ အတွင်းလက်နက်တိုက်။ ဆင်တင်းကုတ်။ မြင်းတင်းကုတ်။ နန်းတော်အတွင်းမှာ သေနတ်အမြောက်စသော အမှုထမ်းများ စောင့်နေထမ်းရွက်ရသော တိုက်တန်းတင်းကုပ် တောင်ဥယျာဉ်တော်။ မြောက်ဥယျာဉ်တော်၊ စံနန်းတော်။ ဘုရားကျောင်းစသော အဆောက်အဦများကို အတွင်းဝန်မင်းများ အလှည့်ကျ လှည့်လည်ကြည့်ရှုရသည်။သည်ကဲ့သို့ အလှည့်ကျကြည့်ရသည်ကို မီးစစ်လှည့်လည်သည်ဟု ခေါ်သည်။ မင်းမိဘုရားများနေသော။ အဆောင်တော်များကိုလည်း အနောက်ဝန်၊ အနောက်ဝန်စာရေး။ ကတော်စာရေးတို့နှင့်။ အတွင်းဝန်များကိုယ်တိုင် အစုံအညီသွားရောက်၍သော်ငှင်း။ အနောက်ရုံး အရာရှိတို့ကို ဆင့်ဆိုစေလွှတ်၍သော်ငှင်း။ မပြတ်မလပ်ကြည့်ရှုစောင့်ရှောက်ရသည်။[၁၆]

ရှေ့တိုက်မှာလည်း။ သော့ဘွင့်ချိန်မဟုတ်ဘဲ။ ဘွင့်လိုသည့်အခါ။ အတွင်းဝန်မင်းများထံ အစီရင်ခံပြီးမှဘွင့်ရသည်။ ရှေ့ဘိုက်ဝန်အရာနှင့်ကိုအတွင်းဝန်အရာနှင့် ဘက်တွဲခန့်ထားသည့်အခါ။ အခြားအတွင်းဝန်မင်းများထံ သော့ဘွင့်ရန် အစီရင်မခံရ။ ရှေ့ဘိုက်သော့ကိုင်သူမှာလည်း။ အတွင်းဝန်မင်းများအားလုံးသဘောတူသည်ပြင်။ ရှင်ဘုရင်လည်း သဘောတူရသည်။[၁၇]

သီရိဇေယ နော်ရထာ မရှိလျှင် အတွင်းဝန် ယက်မှုည်ကျော်ယင်ကို နေမျိုးနော်ရထာဘွဲ့နှင့် ဝန်ကြီးခန့်ပြန်သည်။[၁၈]

၁ နေ့မင်းလက်ထက် စစ်လျှင်တောင်လှေကိုမှူး၍ ရာဇကျော်သူဘွဲ့။ ငှင်းနောက် နန္ဒဇေယျကျော်ထင်ဘွဲ့နှင့် ရှေ့တိုက်ဝန်ခန့်သည်။ နောက် နန္ဒသူဘွဲ့နှင့် အတွင်းဝန်၊ တလုပ်မော်မြို့ကို စားသည်။[၁၉]

တှောင်းသင်းမင်းကြီး မရှိလျှင်အတွင်းဝန် ဇေယျသင်္ကြံကို သီရိဇေယျသင်္ခယာ၊ လက်ငဲဋ္ဌသူတို့နှင့်ဘက်၍ ဝန်ကြီး ခန့်သည်။[၂၀]

၁၆။ မြန်မာမင်း ၄။ ခန်း ၄၃၂ ၁၇။ မြန်မာမင်း ၄။ ခန်း ၄၃၂

၁၈။ မသက ၄၅။ ၁၄၂။ သ၊ ၁၀၃၈+ ၁၉။ မသက ၄၅။ ၁၄၅

၂၀။ မသက ၄၅။ ၁၄၃။ သ၊ ၁၀၉၃+

www.burmeseclassic.com

www.burmeseclassic.com



ပဒေသရာဇာအကြောင်းကား....၅-တေးမင်းလက်ထက် အတွင်းဝန်ခန့်၍ ဘယကျော်သူဘွဲ့ကိုခံသည်။[၂၁]

မြို့လပ်ဝန် စည်သူကျော်ထင်း အတွင်းဝန်မင်း ကျော်တင်တို့ ၂ ယောက် မင်းထင်မင်းလှနှင့်ဘက်၍ ဝန်ကြီးခန့်သည်။[၂၂]

ဝန်ကြီးနေမျိုးရွှေတောင်အကြောင်းကား....၅-ဓတေးမင်းလက်ထက် မြင်းခေါင်း အရာ၊ ပုခန်းကြီးမြို့ကျေး ညောင်းတွင်းရွာကိုစားသည်။ နန္ဒမိတ်ဘွဲ့ခံ၍ အတွင်း ဝန်ခန့်သည်။[၂၃]

မင်းရဲနတ်လှ ရာဇာ ငယ်မည် မောင်ဦးကာ စံကိုလည်း အတွင်းဝန် ရွှေတိုက်ဝန် ခန့်သည်ဟူ၍ စာတမ်းတစောင်တွင် ထွက်ရှိသည်။[၂၄]

ထိုနောက် ဝန်ကြီးသတိုးမင်းကြီး၊ သတိုးမင်းငယ်၊ နေမျိုးရွှေတောင်တို့ ပြည်ကပြန်ရောက်၍ ဝန်ကြီးများသောကြောင့် သတိုးမဟာကို အတွင်းတော်မှာ အတွင်းဝန်တို့နှင့် စီရင်စေသည်။[၂၅]

မြို့ကြီးမင်းသမီး မင်းပြိုင်ခံသော နောင်တော်ကြီး အတွင်းဝန် နော်ရထာ ကျော်ထင်တို့နှင့် မှူးမတ်တထောင်ကျော်ကို....[၂၆]

နောက် ၁၁၂၆ ခု ရတနာပူရကို ပြောင်းစံတော်မူလျှင် နေမျိုးသိရိဇေယျ ကျော်ထင်၊ နေမျိုးနန္ဒမိတ်ကျော်ထင်တို့ကို အတွင်းဝန်။[၂၇]

စည်သူကျော်ထင် ဟူသဝ်အမက်ကိုဝ်လည် နေမျိုဝ်သိရိဇေယကျော်ထင်ဟူသဝ် အမည်ကိုဝ် ပေးတမူရှယ်အတွင်ဝန် ခန့်တော်မူသည်း ထိုသိုအိဆိုအပ်ပြီသဝ်ဂုဏ် ကျေဇူနှအ်ပြည်စုံမ်သဝ် အတွင်ဝန်နေမျိုဝ်သိရိဇေယျကျော်ထင်သည် ဘုရားသိခင် လက်ထက် ဗိပ္ပသာရမင်သည် ပိလိန္ဒဝစ္ဆအားအရုံစောအ်မြေကိုဝ် လှူသကဲသိုအ်သည် ကောင်း။[၂၈]

၂၁။ မသက ၄၅။ ၁၄၅
၂၂။ မသက ၄၅။ ၁၄၄ သ၊ ၁၀၉၅+
၂၃။ မသက ၄၅။ ၁၄၅
၂၄။ မသက ၄၅။ ၁၄၆။ သ၊ ၁၀၉၅+
၂၅။ မသက ၄၅။ ၁၄၄။ သ၊ ၁၁၁၀+
၂၆။ ကဘဆ ၁။ ၁၀၅
၂၇။ မသက ၄၅။ ၁၄၆
၂၈။ တိလောကကျောက်ကျော[၂၉]

www.burmeseclassic.com



ငယ်မည်ဦးကျော်ခေါင်ကို....နောက်တောင်ငူမြို့ဝန်၊ ဘနောက်ပုသိမ်ဝန်၊ နောက် အတွင်းဝန်ခန့်သည်။[၂၉]

သံတော်ဆင့် ဦးစံလှကို နေမျိုးသိရိကျော်စွာဘွဲ့နှင့် ဝန်ထောက်ခန့်သည်။ နောက် အတွင်းဝန်ခန့်သည်။ နောက်အသည်ဝန်ခန့်သည်။[၃၀]

ဘေးတော်ဘုရား [ ဗဒုံမင်း ] အတွင်းဝန် ခန့်သည် ကား မြောက်ဘက်တိုက် ဝန်ကို မဟာသက်တော်ရှည်ဘွဲ့နှင့် အတွင်းဝန်ခန့်သည်။ မဟာသီဟသူရမကွေး အတွင်းဝန်ခန့်သည်။ ဝန်ပသီစန္ဒဝေသော်ကိုလည်း အတွင်းဝန်ခန့်သည်။ ချောင်း ကောက်ရွာ ဘုန်းကြီး လူထွက် သဒ္ဓမ္မနန္ဒိကိုလည်း ရာဇဗလဘွဲ့နှင့် သက်ပန်းရွာစား အတွင်းဝန်ခန့်သည်။ မင်းကြီးနန္ဒကျော်ထင်ကိုလည်း အတွင်းဝန် ခန့်သည်။ ဦးသြကိုလည်း ငရန်မြို့စား နေမျိုးသိရိကျော်သူဘွဲ့နှင့် အတွင်းဝန် ခန့်သည်။ ကျွန်တော်ရင်းဆင်ဝန်မင်း နေမျိုးစည်သူကိုလည်း အတွင်းဝန် ခန့်သည်။ မြောက် ဆောင်တော် မိဘုရားဝန် ဦးအိုကိုလည်း နေမျိုးမင်းလှရာဇာဘွဲ့နှင့်ရှေ့တိုက်အတွင်း ဝန်ခန့်သည်။ မြေတိုင်းအမတ် နေမျိုးမင်းလှမဟာနော်ရထာကိုလည်း အတွင်းဝန် ခန့်သည်။ ရွှေနန်းရိုး လမိုင်းဝန် ဦးမှိုကို မဟာသိရိဥဇနာဘွဲ့နှင့် အတွင်းဝန် ခန့်သည်။ သံတော်ဆင့် ဦးရာကိုလည်း ရာဇနန္ဒကျော်ဘွဲ့နှင့် အတွင်းဝန်ခန့်သည်။ ဝန်ထောက် ဦးဇံလှကိုလည်း နေမျိုးသိရိရာဇာဘွဲ့နှင့်အတွင်းဝန်ခန့်သည်။ သံလျင် မင်းကြီး နေမျိုးဇေယျနော်ရထာကိုလည်း အတွင်းဝန်ခန့်သည်။ ကျွန်တော်ရင်း သူရဲဝန် ဦးကူးကိုလည်း မင်းလှကျော်စွာဘွဲ့နှင့် အတွင်းဝန်ခန့်သည်။[၃၁]

အတွင်းဝန်ခန့်သည်ကား။ ။မင်းကြီးမဟာ မင်းလှရာဇာရှေ့တိုက် အတွင်း ဝန် ဦးအို ၁။ မင်းကြီးမင်းလှမဟာနော်ရထာ အတွင်းဝန် ဦးပေါ်ဦး။ ၁။ မင်းရာဇာကောလင်းမြို့စား ဦးအုပ်။၁။ မင်းကြီးမဟာဇေယျသူရမြောက်မြို့စား ၁။ မဟာမင်းလှရာဇာ ဦးခိုင်။ ၁။ မင်းကြီးကျော်ထင်နော်ရထာ ကွပ်ရွာစား ဦးချမ်းငြိမ်းရာ။ ၁။ မင်းကြီးမဟာ သက်တော်ရှည် ရှေ့ဘိုက်ဝန် ရွှေဟောင်နန္ဒမိတ် ကျော်စွာဘွဲ့ခံ ဦးသာပေါ် ၁။ မင်းကြီးသိရိနန္ဒသင်္ကြံ ဆောမြို့စား ဦးရစ်။ ၁။

မင်းကြီး ဥဇနာ ဦးရန် (ငူး)၊ ငရန်မြို့စား အတွင်းဝန် ဦးသြသား ဦးပါရောက်၊ နောက်တော်ပါမြင်းကို ဘန်စ (ဉ်) ရာဇရွှေတောင်ဘွဲ့၊ နောက် တောင်ဘက် တိုက်ဝန်စ (ဉ်) နေမျိုးမင်းလှဘွဲ့။ နောက်မင်းကြီးမဟာသီဟသူ ကျိအတွင်းဝန်။ ၁။

၂၉။ မသက ၄၅။ ၁၅၀ ၃၀။ မသက ၄၅။ ၁၅၁
၃၁။ မသက ၄၅။ ၁၅၂

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်တိုက်ဝန် နေမျိုးသီရိ (သီဟ) သူကို ပဥ္စမမြောက်နန်းဝန်၊ ထိုနောက်မြေးတော် (ပန်းတောင်း) မင်းသမီးဝန်၊ နောက်မင်းကြီးမဟာသီရိသီဟသူဘွဲ့နှင့် အတွင်းဝန်။ ငယ်မည် ဦးရွှေအိုး။ မင်းကြီးမဟာအတုလ သီဟသူ ဦးဧ။ ၁။ မဟာမင်းလှကျော်စွာ ဦးသာ။ ၁။ ပေါင်း ၁၃။[၃၂]

နောက်ရွှေတောင်ဇေယျသူဘွဲ့နှင့်၊ နောက်ဝန်းကျင်ဝန်၊ နောက်အတွင်းဝန်၊ လယ်ကိုင်းမြို့စား။[၃၃]

၁၁၈၁ ခု ရွှေနန်းတက်လျှင် မဟာမင်းလှရာဇာ ဘွဲ့နှင့် အတွင်းဝန်ခန့်သည်။[၃၄]

အတွင်းဝန် အောင်ပင်လယ်လမိုင်းဝန် ဦးအို ဦးခန့်ကို ခါးယပ်ဇွဲ၍ ရှောင်းမှာ စောင့်နေရသည်။[၃၅]

မြဝတီမင်းကြီးမရှိလျှင် ညောင်အုပ်မြို့စား အတွင်းဝန်ကို ဝန်ကြီးခန့်သည်။[၃၆]

နောက်အထွတ်အမြတ်သို့ရောက်လျှင် မင်းလှသခ်ယာဘွဲ့နှင့် ဝန်ထောက်ခန့်သည်။ နောက်မင်းကြီး ဥဇာနာဘွဲ့နှင့် အတွင်းဝန်ခန့်သူဦးရန်ငူးသား ငယ်မည် ဦးရွှေမောင်။[၃၇]

ညောဝတီစ ကားတောင်အောင်တပ်က ချွေချီလက်ဝဲစစ်ကဲအတွင်းဝန် မင်းကြီးမဟာသီဟသူရ တပ်ပါဗိုလ်ပါရဲမက်တို့ ဘောင်လှေအများနှင့် ရေကြောင်းချီရသည်။[၃၈]

ဆဒ္ဒန်ဆင်မင်းသခင် နန်းတက်လျှင် ရာထူးကို နုတ်ထားသည်။ ခမည်းတော်ဘုရားလက်ထက်မှ အတွင်းဝန် ဝန်ကြီးခန့်ပြန်သည်။[၃၉]

ခမည်းတော်ဘုရား မင်းကြီးမဟာမင်းလှကျော်ခေါင်ဘွဲ့နှင့် မိုးနဲ ဗိုလ်မှူးခန့်သည်။ နောက်ညောင်အုပ်မြို့စား အတွင်းဝန်ခန့်သည်။[၄၀]

၃၂။ မသက ၄၅။ ၁၅၆-၇

၃၃။ မသက ၄၅။ ၁၅၄။ သ၊ ၁၁၀၁+

၃၄။ မသက ၄၅။ ၁၅၅

၃၅။ မသက ၄၅။ ၁၅၇

၃၆။ မသက ၄၅။ ၁၅၇

၃၇။ မသက ၄၅။ ၁၅၈

၃၈။ ကဘဆ ၂။ ၃၇၀

၃၉။ မသက ၄၅။ ၁၅၀။ သ၊ ၁၂၀၀+

၄၀။ မသက ၄၅။ ၁၅၇

www.burmeseclassic.com

www.burmeseclassic.com



သရက်မြို့သူကြီးသားဦးကာကို အိမ်တော်စံစဉ် အတွင်းဝန်၊ နောက် ( စာ ) တော် အတွင်းဝန်ကြီး ခေတ္တခန့်သည်။[၄၁]

ဘုရားရှေ့သက်ထက်တော် အတွင်းဝန် ဝက်မစွတ်မြို့စားပေးသည်။[၄၂]

စလေဝန်ကြီးသား ပုဂမင်းထံ ထမ်းရွက်၍ ဆိတ်ဖြူကို ကြီးစိုးရသည်။ နောက် ပုဂံမင်း အတွင်းဝန်။[၄၃]

ဒီပယင် မြို့ ကျေးသလုံရွာဇာတိ....နောက်ခမည်းတော် အရေးတော် အတွင်း ဒီပယင်းဝန်၊ အတွင်းဝန် ခန့်သည်။[၄၄]

ခမည်းတော် လက်ဆက် အက္ကပတ်မြင်းဝန်၊ နောက်ပန်းဘဲဝန်၊ ပုဏ္ဏားဝန်၊ ကသည်းမြင်းဝန်၊ ကွမ်းရေခေါင်း၊ နောက်အတွင်းဝန် ခန့်သည်။[၄၅]

ခမည်းတော်ဘုရား တူဝန်၊နောက်ငွေခွန်ဝန်၊နောက်ကျီဝန်၊နောက် အတွင်းဝန်၊ နောက်ဝန်ကြီးခန့်၍။[၄၆]

အတွင်းဝန်ခန့် သူတို့ကား။ ။နေမျိုးဇေယသူ အတွင်းဝန် ဦးရှင်။ သတိုးမင်းရဲ ရာဇာ ဦးရွှေသာကောင်းတုံမြို့စား ၁။ မဟာမင်းလှ နော်ရထာ အတွင်းဝန် ဦးပုံ။ ၁။ မဟာမင်းလှ ကျော်ထင်ဦးသူ မိုးထားမြို့စား။ ၁။ မင်းကြီး သီရိမဟာနန္ဒသင်္ကြံဆော အတွင်းဝန် ဦးရစ်။ ၁။မဟာမင်းကလေး ဦးအံ့ယ်ပု။ ၁။ မင်းကြီးမဟာ မင်းလှနော်ရထာ ( ယင်းပဲ )မြို့စားဦးကောက်။ ၁ ။ ပျံကျော် ရွှေတောင် အတွင်းဝန်ဦးစွာ။ ၁။ မင်းလှမဟာ သီဟသူ ကျီအတွင်းဝန် ဦးကြာဥ။ ၁။ မဟာမင်းခေါင်ကျော်စွာ ဦးစို ညောင်အုပ်မြို့စား။၁။ မဟာ မင်းလှကျော်စွာ ဦးမှို ပန်းပဲ အတွင်းဝန်။ ၁။ မဟာရာဇကျော်ထင် ဦး(မှူ)ပေါက်မြိုင်မြို့စား။ ၁။ မင်းရဲ(စက္က)ကျော် ဦးကွန်ရွှေခဲ အတွင်းဝန်။ ၁။ ပေါင်း ၁၃။[၄၇]

ဦးဘွားကို ရေနံချောင်းမြို့စား အတွင်းဝန် ခန့်သည်။[၄၈]

၄၁။ မသက ၄၅။ ၁၅၈။ သ၊ ၁၂၀၀+

၄၂။ မသက ၄၅။ ၁၅၈။ သ၊ ၁၂၁၂+

၄၃။ မသက ၄၅။ ၁၅၈။ သ၊ ၁၂၀၀+

၄၄။ မသက ၄၅။ ၁၅၉ ၄၅။ မသက ၄၅။ သ၊ ၁၂၀၀+

၄၅။ မသက ၄၅။ ၁၆၀

၄၆။ မသက ၄၅။ ၁၆၁။ သ၊ ၁၂၀၀+

၄၇။ မသက ၄၅။ ၁၅၈။ သ၊ ၁၂၀၇+

www.burmeseclassic.com

www.burmeseclassic.com



မြဲတောင်မင်းကြီး ပုဂံမင်းလက်ထက် အတွင်းဝန်။[၄၉]

အတွင်းပန်ခန့်သည်ကား၊ သတိုးမင်းကြီး မင်းလှနော်ရထာဦး အုံ။ ၁။ သတိုး မင်းကြီး မဟာမင်းလှကျော်ထင် ပေါက်မြိုင်ဦးမှုံ။ ၁။ သတိုး မင်းကြီး မဟာ မင်းလှကျော်သူ ပန်းဘဲ အတွင်းဝန် ဦးမှို။ ၁။[၅၀]

ပုခန်းမြို့စား မင်းကြီးတို့နှင့် ဘက်၍ လောင်ရှည်မြို့စား အတွင်းဝန် မင်းကြီး မဟာစည်သူကို ဝန်ကြီးခန့်သည်။[၅၁]

ဦးအောင်ကလေးကို ရွှေလက်ထက်တော် အတွင်းဝန် လောင်ရှည်မြို့စား။[၅၂]
ဦးရွှေမောင်ကို ရွှေလက်ထက်တော် လွှတ်မှုရုံးမှုကို နားလယ်သူ မယ်တော် အနွယ်ဖြစ်၍ စို့ ၄၀ ဗိုင်းဝန်၊ ဝန်ထောက်၊ နောက်ခန်းပတ်မြို့စား၊ နောက်အတွင်း ဝန်၊ နောက်ဝန်ကြီးခန့်သည်။[၅၃]

....အရေးတော်တွင် တပ်တော်ပါ၍ မြို့ဝန် လမိုင်းဝန် နောက်မြစ်စဉ်ဝန် ပုဂံဝန် အဝဝန် အတွင်းဝန်၊နောက်ဝန်ကြီး မိုးနဲ ဗိုလ်မှူး မြင်းဝန်ကြီးခန့်သည်။[၅၄]

နောက်ကာလရှည်သည့်အခါ ဦးရန်သည်။ အတွင်းဝန် အရာ။ စစ်ကိုင်းခရိုင်ဝန် အရာများ ထိအောင်ဆောင်ရွက်ခွင့်ရသည်။[၅၅]

အကောက်အခွန်ဌာနချုပ် အတွင်းဝန် ပင်းမြို့စားမင်း....။[၅၆]

၄၉။ မသက ၄၅။ ၁၅၉
၅၀။ မသက ၄၅။ ၁၆၂
၅၁။ မသက ၄၅။ ၁၅၉။ သ၊ ၁၂၁၂+
၅၂။ မသက ၄၅။ ၁၅၉။ သ၊ ၁၂၁၂+
၅၃။ မသက ၄၅။ ၁၆၀
၅၄။ မသက ၄၅။ ၁၅၉
၅၅။ မြန်မာမင်း ၂။ ခန်း ၂၉၆
၅၆။ မြန်မာမင်း ၂။ ခန်း ၂၉၆

အတွင်းဝန်ထောက်။ ။အတွင်းဝန်၏ လက်ထောက်။

ညောင်ရမ်းဆယ်ဆက် မင်းတို့လက်ထက် အတွင်းဝန် ၄။ အတွင်းဝန်ထောက်၄။ သံတော်ဦးတင်စစ် ၄ ဟူ၍လည်း ခန့်ထားသေးသည်။ ကုန်းဘောင်တဆဲ့တဆက် မင်းတို့လက်ထက်မှာ။ အတွင်းဝန်ထောက်နှင့် သံတော်ဦးတင်စစ် ခန့်သည့်အရာ ရှာ၍ မတွေ့မပေ။ သို့ရာတွင် သံတော်ဆင့်အရာသည်။ အတွင်းဝန်ထောက်အရာ။ သံတော်ဦးတင်စစ်အရာများနှင့်သဘောသွားတူသည်။ညောင်ရမ်းဆယ်ဆက်တွင်။ ယိုအရာရှိ သုံးမျိုးသည်။ ပြန်တမ်းကြီးခံကြရသည်။[၁]

၁။ မြန်မာမင်း ၄။ ခန်း ၄၂၉

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ချီမြဲ။ လ ။ အတွင်းဝန်ထောက်ဆိုသည့်အရာသည်။ ငါအသျှင်မင်းမြတ်တို့တွင်။ ရှေးနန်းရိုး ထုံးစံရှိသည်နှင့်အညီ အတွင်းတော်မှာ စီရင်ပြန်ဆိုခင်းရှိသမျှအလုံးစုံကို။ ကုန်တွင် ပြေလည်အောင်။ အတွင်းဝန်တို့နှင့်ခန့်ထား စီရင်ပြန်ဆိုဆင့်ကဲရသည်။ ဝန်တို့ကနားခံကိုတွင် သွင်းဆက်သည့် ပြည်ရေးရွာမှု အရပ်ရပ်စာများကိုလည်း မည်သို့သွင်းဆက်သည့်စကားအရ။ မည်သို့ဖြစ်သည်။ အထက်တကြိမ်စကားသာ နည်းတူဆက်သွင်းရာတွင်။အမိန့်တော်ပြန်ဆိုပြီးအတွင်းဝန်တို့ကို ပြသ၍ စီရင်ခံသင့်သည့်အရာ။ မေးမြန်းတော်မူလျှင်။ သံတော်ဦးတင်ရမည်အကြောင်းများနှင့်။ သတိဝိရိယ ပြု၍။ ထောက်မလှူ့တော်ရမည်။ ရှေ့နန်းရှေ့ဘုံတွင်အိပ်လှည့်အိပ်ဖန်နှင့် မြဲစွဲထမ်းရွက်ရသည်။ ၄၀။ ၅၀။ စားတော်ကွမ်းရည်ကိုင် အဆောင်မြဲအမတ်လူပျို၊ မြေနန်းဝန်းကျင်။ သေနပ်သွေးသောက်ကြီးမှူး၍။ တိုက်စိုးစာရေး အတွင်းတော်တွင် ထမ်းရွက်သမျှ။ အမှုတော်ထမ်းတို့ကိုလည်း။ မှန်ကန်အောင်ထမ်း မှန်ကန်အောင် ထမ်းရွက်သည် မထမ်းရွက်သည်များကို။ ဆိုင်ရာဆင့်ဆို၍ မှန်ကန်အောင် ဝင်ထွက်ထမ်းရွက်ကြစေ။ အမှုတော် အရှည်ထမ်း၍။ ဆိုသင့်သည့်အလျောက်။ သနားတော်မခံရသူတို့ကိုလည်း မှတ်သား၍ အတွင်းဝန်တို့ကို အစီရင်ခံရမည်။ သို့များကို နှလုံးသွင်း၍၊ အတွင်းဝန်တို့ကို ထောက်မလှူ့တော်ဆင့်စီရင်ရမည်။ ။သည်အမိန့်တော်မှာ။ ပြဲတိုက်တွင်ပြန်ရသည်။[၂]

၂။ မြန်မာမင်း ၄။ ခန်း ၄၂၉

အတွင်းတော်သား။ ။အတွင်းတော်အမှုထမ်းများ။

ထီးဓားလက်စွဲ အဆောင်မြဲ ကျွန်တော်မျိုးအပေါင်းတို့ကို နေ့မှုညမှုမလပ်စေရ။ စောင့်နေ့မြဲစုံးမှု မြဲမြံစွာ ဖြစ်စေရန် လှည့်လည်နှိုးဆော် မေးမြန်းစစ်ဆေး၍။ အတွင်းတော်သားတို့၌ အမိန့်တော်မြတ်ခံခွင့်ရှိသည်များကို အမြဲဆော်ဘန်စီရင်ရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၇၈

အထိန်းတော်။ ။ဤ ( သိုဝ် ) အသျှင်ဖုရာရှင်နရပတိပဝရ မဟာဓမ္မရာဇာဓိ ရာဇာဓိပတိတြ၂ ာမင်ကြီး၏ အထိန်းတော်သာ။[၁]

အမတ်ကြီး ( အနန္တသူရိယ ) နှင့် အတုလသိရိမဟာဓမ္မဒေဝီတောင် မိဖုရားစော်၏ အထိန်းတော်သို့။[၂]

၁။ စာချင်း ၉၄၉ မျက် ၂၀ ၂။ စာချင်း ၉၄၉ မျက် ၃၀

www.burmeseclassic.com

www.burmeseclassic.com



အနောက်စမုတ်။ ။ကြာခံသော ပဒုမာသနရာဇပလ္လင်တော်ရှိသော အနောက်ပွဲတက်ဇေတဝန်ဆောင်တော်ကို အနောက်စမုတ်လည်း ခေါ်ဝေါ်သည်။[၁]

လပြည့်ကျော် ၆ ရက်နေ့ အနောက်စမုတ် ဆောင်တော်ပဒုမာသနရာဇပလ္လင်တော်သို့ အသျှင် ၂ ပါးထွက်တော်မူပြီးလျှင်။[၂]

၁။ ရွှေနန်းသုံး ခန်း ၃၅ ၂။ ရွှေနန်းသုံး ခန်း ၁၀

အမှုထမ်း။ ။အမှုထမ်းများမှာ၊ စစ်မက်မရှိသည့်အခါ၊ အလှည့်ကျမြို့စောင့် ရာဇဌာနီသို့တက်ရောက်နေထိုင်ရသူ၊ အဝေးမြို့ရွာသို့ လိုက်ပါရသူများမှတပါး အခြားလူများမှာ ချမ်းသာစွာ နေထိုင်ခွင့်ရကြသည်။[၁]

၁။ မြန်မာမင်း ၂။ ခန်း ၂၃၉

အလာ။ ။ကပ္ပါးနှင့် အသည်မတို့ အိမ်ထောင်ကျ၍ ပေါက်ဖွားသူကို အလာဆို၏။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

အဝတ်တန်ဆာ။ ။ရတ္တနာအတိပြည်ထလျက်သော ရွှေယကင် ၁ ရွှေခရုချောင် ၁ ရွှေဆံထုံးမြိ (ရစ်)စသအထူ ၂ သအဝတ်တန်ဆာတိုဝ်လိုင်။[၁]

ရတနာ အတိပြိုသရွှေအင်ကိ ၁ ပုလဲ သန်တာအတိပြိုသော အင်ကိစသော အဝတ်တန်ဆာတိုဝ်လိုင် စိရင်ကတ်သပြည်ညာတမူလည်ဟိုထသော။[၂]

၁။ စာရင်း ၉၄၉ မျက်[၁၆] ၂။ စာရင်း ၉၄၉ မျက်[၂၀]

အသည်။ ။မြို့နယ်မြေအတွင်း အမြဲထာဝရ နေထိုင်သူဖြစ်လျက်။ မည်သည့် အစုအမှုထမ်းအဘွဲ့ စာရင်းနှိုက် မပါဘဲ လွတ်လပ်စွာ နေရသူကိုအသည်ဆို၏။[၁]

ထိုဝ်ရကာ ဘုမ္မသင်ကြံကစသော ကြာပုအသည်တိုဝ်လည် ထမင်ဟင်မျာစွာ ရွာသည်တကာနှင် သွင်အာရျ ာတိုဝ်အာ အလှူပိယ်ရှယ်အနုံမောတနာခဝ်ကုန်။[၂]

အသည်ကာငပေ၊ ဖုမ္မကြံ၊ ဖုမ္မပိုဝ်၊ ငစွေ၊ ငမွန်သင်ငဲ၊ ရန်ဖေါင်ခွဲ၊ ငသြင်ထင်၊ ဤအသည် ၇ ယောက်နှင်အကူလှူတဝ်မူ၏။[၃]

၁။ ရွှေနန်းသုံး ခန်း ၄၁၀ ၂။ ပို ၂၇၀ ကျော[၁၁]
၃။ ပို ၂၇၅ [၁၃၊၁၈]

www.burmeseclassic.com

www.burmeseclassic.com



ဤအလှူကို ရေစင်သွန်းပါသအသည်ကာ ရောက်ပုံသင်သာအောင်ကဲ။[၅]

၄။ မြင်းခြံရှိင်၊ တလုပ်မြို့သမ္မူလဘုရားကျောက် [၁၀]

ဥသျှောင်။ ။ဦးခေါင်းတန်ဆာတမျိုး။

ရတနာအတိပြည်ထလျက်သော ရွှေသင်ကျစ် ရွှေဥသျှောင်ဟူသော ဦးခေါင်တ်၏(တ)န်ဆာ။[၁]

၁။ စာရင်း ၉၄၉ မျက် [၁၉]

ဥသျှစ်။ ။ဆံ့နှစ်မှုမင်းတိုင်းဝင်။

အကင်တေစပ်ရန်ဥသျှစ်သီးမှည့်များကို ဆက်သွင်းရခြင်းဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

အင်္ကျီ။ ။ရတနာအတိပြီသ ရွှေအင်ကီ ၁ ပုလဲသန်တာအတိပြီသောအင်ကီစသော အဝတ်တန်ဆာတိုဝ်လိင်။[၁]

၁။ စာရင်း ၉၄၉ မျက် [၂၀]

အင်တေ။ ။အကင်တေစပ်သည့်အခါ....အုံတုံရည်ငါးပိဿာ။ ကျွဲကော်ရည် ခြောက်ပိဿာ။ ဥသျှစ်သီးတပိဿာ။ တင်းလဲးနှစ်ပိဿာများ၏ အရည်ချားနှင့် ထုံးသဲတို့ကိုစပ်နှော၍ ကျည်ပွေ့နှစ်ချောင်းတပ်သော မောင်းနှင့် အစေးပေါက်အောင်ထောင်းပြီးမှ ၎င်းအကင်တေကို သုံးရသည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

အုံတုံ။ ။ဆံ့နှစ်မှုမင်းတိုင်းအဝင်အပါ။

အကင်တေစပ်ရန် အုံတုံခေါက်ကိုဆက်သွင်းရခြင်းဖြစ်သည်။[၁]

၁။ ရွှေနန်းသုံး ခန်း ၄၁၀

www.burmeseclassic.com

www.burmeseclassic.com

# အမှားပြင်ဆင်ချက်

စာမျက်နှာတခုတွင် ထိပ်ဆုံး၌၊ စာမျက်နှာပြဂဏန်းနှင့် ကျမ်းပြုသူအမည်၊ သို့မဟုတ်၊ စာအုပ်အမည်ကို စတင်တွေ့ရမည်။ ယင်းအောက်ရှိ စာကြောင်းများအားလုံးကို စာကြောင်းအဖြစ် သတ်မှတ်ရေတွက်ထားသည်။

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅ | ၇ | Government Printing. | Government Printing, |
| ၈ | ၄ | အဖမှာ | အမမှာ |
| ၈ | ၇ | လပစ | လဖစ |
| ၈ | ၁၆ | ရွှေကျောင် | ရွှေကျောင်း |
| ၈ | ၁၇ | သောကြာသာ | သောကြာသား |
| ၈ | ၂၁ | လုပ်အားခ | လုပ်သား ၁ |
| ၈ | ၂၆ | မြို့တော်စစ်တန်း | မြို့စစ်တန်း |
| ၉ | ၁၀ | လက်သည်းကွင်းပါ | လက်သည်းကွင်းမပါ |
| ၁၀ | ၁ | ကျောက် | ကျောက် |
| ၁၀ | ၁၀ | အမှုထမ်း | အမှုထမ်း။ |
| ၁၁ | ၁၄ | မင်းမင်းလှ | မင်းလှမင်း |
| ၁၂ | ၁၈ | ဖွဲ့စည်းရာရှဲ | ဖွဲ့စည်းရာ၌ |
| ၁၃ | ၂၃ | ကျွန်တော် | ကျွန်တော် |
| ၁၄ | ၆ | ရာဇ္ဇတိုင်း | ကိုခိရာဇ္ဇတိုင်း |
| ၁၉ | ၂၃ | သက္ကဇ် | သက္ကရာဇ် |
| ၂၀ | ၇ | သဿမေစ | သဿမေဓ |
| ၂၁ | ၁၈ | ဘုံဦးရ | ဘုံဦး၇ |
| ၂၁ | ၂၄ | ၁၄၇ မြန်မာမင်း | ၁၄၇။ မြန်မာမင်း |
| ၂၃ | ၇ | ယောက္ခမတော် | ယောက္ခမတော်။ |
| ၂၃ | ၉ | ၂၇၀ ၁ | ၂၇၀-၁ |
| ၂၃ | ၂၃ | ရတ အမက | ရဟ အမတ |
| ၂၆ | ၉ | ဝိရှင် | စိရင် |
| ၂၆ | ၂၅ | ဝိန္နိ | ဝိနိ္ဒ |

F. 63

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၇ | ၆ | ကျောက်ဆောင်မြင်း | ကျောက်ဆောက်မြင်း |
| ၂၇ | ၁၉ | ၂၅ | ၄၅ |
| ၂၉ | ၇ | နေသည် | နေသည်ကို |
| ၂၉ | ၁၉ | ကျွန်းရောင်း | ကျွန်ရောင်း |
| ၃၀ | ၅ | ရွာလက်နုင့် | ရွာလက်နှင့် |
| ၃၀ | ၆ | လက်သည်းကွင်းပါ | လက်သည်းကွင်းမပါ |
| ၃၁ | ၄ | ၂၆၇-၂၇၄ | ၂၆၇၊ ၂၇၄ |
| ၃၁ | ၁၆ | မြန်မာမင်း | ၁။ မြန်မာမင်း |
| ၃၂ | ၁၆ | ကျောက်မော်မြို့စစ်တန်း | ၁။ ကျောက်မော်မြို့စစ်တန်း |
| ၃၂ | ၁၈ | မြန်မာမင်း | ၁။ မြန်မာမင်း |
| ၃၂ | ၂၁ | ရှာမိန်ရွာစစ်တန်း | ၁။ ရှာမိန်ရွာစစ်တန်း |
| ၃၂ | ၂၄ | မြန်မာမင်း | ၁။ မြန်မာမင်း |
| ၃၃ | ၈ | ထားခဲ့သည် | ထားခဲ့သည်။ |
| ၃၇ | ၄ | ၃၄၈ ခ ၆၆ | ၃၄၈-၆၆ |
| ၃၈ | ၂ | ဟုဆိုသည်။ | ဟုဆိုသည်။ |
| ၃၈ | ၄ | ပရိသတ္တိ | ပရိယတ္တိ |
| ၃၈ | ၁၁ | အရပ်ရှိ | အရပ်၌ |
| ၃၈ | ၁၈ | မုန့်ရွှေ | မုန့်ရှေ |
| ၃၈ | ၂၄ | ဖြစ်၏။ | ဖြစ်၏။ |
| ၃၉ | ၁၇ | ဖြစ်သည်။ | ဖြစ်သည်။ |
| ၃၉ | ၁၉ | စည်ဘသင် | စည်သဘင် |
| ၄၀ | ၈ | အမည်ရှိ၏။ | အမည်ရှိ၏။ |
| ၄၀ | ၂၃ | သူကြွတ် | သူကြွယ် |
| ၄၁ | ၄ | ( ကူခန်း ) | (ကူခန်း) |
| ၄၁ | ၉ | စေသည်။ | စေသည်။ |
| ၄၂ | ၂၁ | လှူ၏ထိုမြေ | လှူ၏။ ထိုမြေ |
| ၄၃ | ၆ | စချိဗိုလ် | စချိဗိုလ် |
| ၄၅ | ၇ | လှူ၏။ | လှူ၏။ |
| ၄၉ | ၁၃ | တကောင်းမြို့ | တကောင်းမြို့။ |
| ၅၀ | ၂၇ | ၃၂ မသက | ၃၂။ မသက |
| ၅၁ | ၁၅ | ဝတ်အဖြစ် | ဝတ်မြေအဖြစ် |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅၂ | ၂၂ | ဇေယျဒတ္တနှာ | ဇေယျဝတ္တနှာ |
| ၅၃ | ၁၄ | ဗန္ဓကျီ | ဗန္ဓကျီ |
| ၅၄ | ၁၂ | ၁။ ၂၂၆°၊ | ၁။ ပုံ ၂၂၆°၊ |
| ၅၈ | ၂၃ | စဥ္စကိုင်ရွာရှု။ | စဥ္စကိုင်ရွာရှု။ |
| ၆၀ | ၇ | တိပေအသျှင် (သည်) | ထိပေသည်အသျှင် |
| ၆၀ | ၂၄ | မသဂ ၁၃။ ၂၄၈ | လဖစ ၁၀ |
| ၆၁ | ၅ | ရွှေလေမှူး | ရွှေလေးမှူး |
| ၆၁ | ၁၉ | တောင်ဆောင်မိဖုရား | တောင်ဆောင်တော်မိဖုရား |
| ၆၂ | ၁ | ခမနု | မနု |
| ၆၂ | ၇ | ဂဇပ် | ပဇပ် |
| ၆၃ | ၁၅ | နရဖခတေ | နရပတေ |
| ၆၃ | ၁၈ | စချိ | စချိ |
| ၆၃ | ၂၅ | ၃၁ ၉၅ ၁၁၇ | ၃၁၊ ၉၅၊ ၁၁၉ |
| ၆၄ | ၉ | ကြေ့ကြီးမှူး | ပြေ့ကြီးမှူး |
| ၆၅ | ၄ | ကဖစ | လဖစ |
| ၆၆ | ၅ | ဒရာရွာမ | ဒရာရွာမ။ |
| ၆၆ | ၉ | စည်သခင်ဦ | စည်သဘင်ဦ |
| ၆၆ | ၁၉ | သည်အား | အား |
| ၆၇ | ၇ | သက်သေမျာ | သက်သေများ |
| ၆၉ | ၁၆ | ပန်ခင်းထက် | ပန်စင်းထက် |
| ၇၂ | ၄ | ယေဇဝတ္တနှာ | ဇေယဝတ္တနှာ |
| ၇၄ | ၂၅ | ငတပါး | ငတပါး |
| ၇၅ | ၂၂ | မရ | ဝရ |
| ၇၇ | ၁ | မိဂံတိ | မိပတိ |
| ၇၇ | ၁၉ | မြောက်ဇာ | ပြောက်ဇာ |
| ၈၀ | ၅ | တောင်ရွာ | တောင်ရွာ၊ |
| ၈၀ | ၉ | မေရညှယမြို့ | မေရည္ဟယမြို့ |
| ၈၀ | ၁၄ | မေရညှမြို့ | မေရည္ဟယမြို့ |
| ၈၀ | ၂၂ | မရညှယမြို့ | မေရည္ဟယမြို့ |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈၀ | ၂၃ | အင်းလုပ်အား | အင်းလုပ်သား |
| ၈၀ | ၂၇ | မေရှည်သွယ်မြို့ | မေရှည်သွယ်မြို့ |
| ၈၃ | ၅ | ၁၁၂၈-ခု | ၁၁၆၈ ခု |
| ၈၃ | ၂၁ | ခန့်သည်။ | ခန့်သည်။ |
| ၈၃ | ၂၄ | ငေတိ | ဝတိ |
| ၈၃ | ၂၅ | ချီ-မြှင့်၏။ | ချီးမြှင့်၏။ |
| ၈၄ | ၂၁ | စ်စ်တန်း | စစ်တန်း |
| ၈၅ | ၁၁ | ၁တန်ခူး | ငတန်ခူ |
| ၈၅ | ၂၁ | လိုင် | လိုဝ် |
| ၈၆ | ၁၇ | ၂၂၈ | ပုံ ၂၂၈ |
| ၈၇ | ၃ | မြေတိုင်း | မြေတိုင် |
| ၈၇ | ၃ | တိုင်ဆော်သည်။ | တိုင်ဆော်သည်။ |
| ၈၉ | ၁၁ | အကိုမှာ | အကိုများမှာ |
| ၉၄ | ၆ | ၂၂၅ | ပုံ ၂၂၅ |
| ၉၄ | ၉ | ၂၂၄ | ပုံ ၂၂၄ |
| ၉၆ | ၁၅ | တဖက် | တဖန် |
| ၉၆ | ၁၈ | မုန်ရှေ | မုန်ရှေ |
| ၉၇ | ၇ | မြေဘိုင်သူကြီး | မြေတိုင်သူကြီး။ |
| ၉၇ | ၂၁ | ကိုယ်အပ်တော် | ကိုယ်လုပ်တော် |
| ၉၈ | ၂ | ပဂ'ခင်း | ပဂ'မင်း |
| ၁၀၀ | ၂ | ဖြစ်သည်။ | ဖြစ်သည်။ |
| ၁၀၁ | ၅ | သတ္တရာဇ် | သက္ကရာဇ် |
| ၁၀၁ | ၂၂ | မိုးကောင်း | မိုးနဲ |
| ၁၀၂ | ၁၃ | ၆၂၀ | ၆၂၁ |
| ၁၀၂ | ၂၂ | ရှိသည်။ | ရှိသည်။ |
| ၁၀၂ | ၂၃ | အမတ | ရဟာအမတ |
| ၁၀၃ | ၁ | ၆၂၁ ၃ | ၆၂၁ ခု |
| ၁၀၃ | ၁၅ | ဖြစ်ထည် | ဖြစ်သည် |
| ၁၀၃ | ၂၃ | သမထိ | သမထိး |
| ၁၀၅ | ၁၇ | မူသည်။ | မူသည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀၅ | ၂၂ | ဝင်ပြိုမြို့ | ဝင်ပို့မြို့ |
| ၁၀၇ | ၇ | မုနိရွှေ | မုနိဂရ္ဘ |
| ၁၀၇ | ၁၀ | ၅၅ ၁၅၁ | ၅၅။ ၁၅၁ |
| ၁၀၉ | ၂၂ | အဝေးကျိုဝန် | အမဝေးကျိုဝန် |
| ၁၁၀ | ၇ | ရဟာ။အမတ | ရဟာအမတ |
| ၁၁၃ | ၂၄ | တောင်ကိုချောင်း | တောင်ကိုချောင်း။ |
| ၁၁၇ | ၁၈ | ၂ ၁ ၄ | ၂။ ၁။ ၄။ |
| ၁၂၀ | ၂ | ၁၀၉၁ | ၁၈၉၁ |
| ၁၂၁ | ၇ | ရွှေတောင် | ရွှေခေတောင် |
| ၁၂၁ | ၂၄ | ၂။ လဖစ ၁၇ ၁။ လဖစ ၁၇ | ၁။ ပုတ္တမမြို့စစ်တန်း ၄၆ ခု<br>၂။ လဖစ ၁၇ |
| ၁၂၁ | ၂၅ | လက်ဝဲကျော်ထင်ဘ | လက်ဝဲကျော်ထင်။ |
| ၁၂၄ | ၁၇ | ၃၅ ခု | ၄၅ ခု |
| ၁၂၅ | ၁၁ | မုနိရွှေ | မုနိဂရ္ဘ |
| ၁၂၅ | ၁၆ | ၆၃၁ နှစ် | ၆၃၁ ခုနှစ် |
| ၁၂၇ | ၄ | ၂၃၂ ^၀၂ | ပုံ ၂၃၂ ^၀၂ |
| ၁၂၇ | ၂၂ | စစ်တန်းများ | စစ်တန်းစာရင်းများ |
| ၁၂၉ | ၁၂ | လှျူလိုက် | လှူလိုက်၏ |
| ၁၃၁ | ၁၃ | ပိုးစု | ပိုးစုံ |
| ၁၃၁ | ၁၅ | ကကိုင် | ကကိုင်း |
| ၁၃၁ | ၂၄ | ၁။ စာရင်း ၁၁၁၇ ^၀၀ | ၁။ ရွှေနန်းသုံး ခန်း ဂ၁ |
| ၁၃၂ | ၈ | ၁။ ရွှေနန်းသုံး ခန်း ဂ၁ | ၁။ စာရင်း ၁၁၁၇ ^၀၀ |
| ၁၃၂ | ၁၆ | စသပ် | စသဝ် |
| ၁၃၂ | ၁၇ | တိုပ်နိုက် | တိုဝ်နိုက် |
| ၁၃၃ | ၂၁ | အုံနိုး | အုံနို |
| ၁၃၄ | ၂၂ | ကတော်စရေး | ကတော်စာရေး |
| ၁၃၅ | ၆ | မျတ်ခံရသည် | မြတ်ခံရသည် |
| ၁၃၅ | ၁၈ | ကွန်းခံခွက် | ကွန်းခွက် |
| ၁၃၅ | ၂၀ | ကျပေ | ကျင်းပ |
| ၁၃၆ | ၆ | ကတိုးကရက် | ကတိုးကရတ် |
| ၁၃၆ | ၉ | ကဘဆ ၂၅၅ | ကဘဆ ၁။ ၂၅၅ |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃၇ | ၁၇ | ကဗ္ဘီ | ကမ္ဘာ |
| ၁၃၇ | ၁၇ | မျိုးသူ | ဆိုလို |
| ၁၃၈ | ၁၀ | ကရဝိတ်ဖောင်မြတ်။ ။ | ကရဝိတ်ပေါင်မြတ် |
| ၁၃၈ | ၁၂ | ရွှေဗိမာန်ဆီ။[¹] | ရွှေဗိမာန်ဆီ။[²] |
| ၁၃၉ | ၂၄ | မှန်းရွှေး | မှန်ရွှေး |
| ၁၄၀ | ၁၂ | နှိုးတော် | နှိုးဆော် |
| ၁၄၃ | ၁ | ကသောင်းမြောက် | ကသောင်းမြောင် |
| ၁၄၃ | ၁၁ | ရသည်။[¹] | ရသည်။[³] |
| ၁၄၃ | ၁၃ | ရဆည် | ရသည် |
| ၁၄၃ | ၁၉ | ကသောင်းမြောက် | ကသောင်းမြောင် |
| ၁၄၃ | ၂၄ | မသဂ ၃၂ | မသဂ ၃၃။ ၂၅၅ |
| ၁၄၄ | ၂ | အလုပ်ပေါ် | အလုပ်ပေါ် |
| ၁၄၄ | ၂၀ | စေနိုင်သည်။ | စေနိုင်သည်။[²] |
| ၁၄၆ | ၄ | ဝတ္ထုစိုင် | ဝတ္ထုစိုင် |
| ၁၄၇ | ၃ | ပေါင်းချေဝန် | ပေါင်းချောင် |
| ၁၅၁ | ၇ | ခါတ်လျှော်ခွဲဝေ | ခါတ်လျှောက်ခွဲဝေ |
| ၁၅၁ | ၁၀ | မှုကား | မူကား |
| ၁၅၁ | ၁၁ | ပေစေ | ပေးစေ |
| ၁၅၂ | ၉ | ကိုယတိုး | ကိုယ်တိုး |
| ၁၅၂ | ၂၂ | ရောဇ် | ကေရာဇ် |
| ၁၅၃ | ၁၄ | လယ်ယာ | လက်ယာ |
| ၁၅၄ | ၄ | ပယ်လယ် | ပင်လယ် |
| ၁၅၅ | ၂၂ | ကျွဲမြီး | ကျွဲမြီး |
| ၁၅၆ | ၁၆ | အမိန့်တော် | အမိန်တော် |
| ၁၆၀ | ၇ | လည်ကပ်မှား | လည်ကပ်မှာ |
| ၁၆၀ | ၁၃ | ကောင်းဟန် | ကောင်ဟန် |
| ၁၆၁ | ၅ | အသောတ် | အသောက် |
| ၁၆၁ | ၁၅ | ကိုင်းခွန်း | ကိုင်းခွန် |
| ၁၆၁ | ၂၄ | ဖြစ်သည်။ ။ | ဖြစ်သည်။[³] |
| ၁၆၁ | ၂၅ | ကျောင်းပြော | ကျောင်းပြော |
| ၁၆၄ | ၁၄ | နှီးခေါက်နေ | နှီးခေါက်နေ |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၆၄ | ၁၅ | ကိုကသာ | တို့ကသာ |
| ၁၆၅ | ၅ | သင်ရိုး | သင်းရိုး |
| ၁၆၅ | ၁၆ | လက်ကျြာ | လကျြာ |
| ၁၆၅ | ၁၉ | အဘိသိတ် | အဘိသိက် |
| ၁၆၅ | ၂၁ | ဒေဝကိန္နာ | ဒေဝကိန္နရာ |
| ၁၆၈ | ၂၅ | ကဘဆ င | ကဘဆ ၁ |
| ၁၇၃ | ၁၃ | မင်လည် | မန်လည် |
| ၁၇၃ | ၁၇ | နေသည့် | နေ့ညည့် |
| ၁၇၅ | ၃ | ရယ်တ် | ဓုယ်တ် |
| ၁၇၅ | ၁၉ | ရေးပြု၏ | ရေးပြု၏ |
| ၁၇၆ | ၁၃ | ဆက်ဘွင်း | ဆက်သွင်း |
| ၁၇၉ | ၁၇ | ပလ္လာင် | ပလ္လင် |
| ၁၇၉ | ၂၂ | ဆောင်သော | ဆောင်းသော |
| ၁၈၀ | ၁ | ရ ခရိုင် | ၇ ခရိုင် |
| ၁၈၀ | ၆ | တူးလျှင် | တူးလျှင်း |
| ၁၈၁ | ၁၁ | မြို့မူ | မြို့မူ |
| ၁၈၁ | ၁၉ | သေနတ်။ | သေနတ်ကိုင်.... |
| ၁၈၁ | ၂၀ | အယ်အနီ | အလယ်အနီ |
| ၁၈၂ | ၁၉ | ကက်စားရာ | ကျက်စားရာ |
| ၁၈၆ | ၇ | ဦးခေါင်း | ဦးပေါင်း |
| ၁၈၇ | ၁ | ကွင်းဘိုး | ကွမ်းဘိုး |
| ၁၈၈ | ၆ | ။လယ်ချက် | ။....လယ်ချက် |
| ၁၈၈ | ၁၃ | ဆောင်၍။ ̊ | ဆောင်၍။ ၂ |
| ၁၈၉ | ၆ | ခြူးရှုပ် | ခြူးရှုပ် |
| ၁၉၀ | ၂၂ | သေနတ်စွဲသူ ရဲတခထောင် | သေနတ်စွဲ သူရဲတထောင် |
| ၁၉၂ | ၂၀ | ခွန်မာ | ခွန်မ |
| ၁၉၃ | ၂ | ငဝ တင်း | ၁ဝ တင်း |
| ၁၉၄ | ၁ဝ | ဘိနပ်တော်ရဂ | ဘိနပ်တော် ၇ဂ |
| ၁၉၄ | ၁၅ | မင်းသား | မတ်သား |
| ၁၉၅ | ၁၇ | ပါဠိ ̊ | ပါဠိ |
| ၁၉၅ | ၂၁ | မင်းခင်း | မင်းခမ်း |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၉၅ | ၂၂ | ဂိတဝိသောဒနီ | ဂိတဝိသောဓနီ ၂၉ |
| ၁၉၆ | ၃ | စကားဝါသာ | စကားဝါသား |
| ၁၉၆ | ၁၁ | ရောက်ပြီး | ရောက်ပြီ၊ |

၁၉၇ စာမျက်နှာ ဂဏန်းနေရာမှ ၁၂၉ သည် ၁၉၇ ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁၉၈ | ၁၈ | ငြိုဟ် | ငြိုဟ် |
| ၁၉၈ | ၂၀ | ငြိုဟ် | ငြိုဟ် |
| ၂၀၀ | ၁ | အိတ်ဘန် | အိပ်ဘန် |
| ၂၀၀ | ၁၀ | ခန့်ထား | ခန့်ထား |
| ၂၀၅ | ၂ | ကြတည့် | ကြသည့် |
| ၂၀၈ | ၉ | အငှာ | အဋ္ဌာ |
| ၂၀၈ | ၁၄ | စိန့်ပုထဲးထည့် | စိန့်ပုလဲတည့် |
| ၂၀၈ | ၁၉ | လှေပ်ကား | လှော်ကား |
| ၂၀၉ | ၁၃ | ၂၄ပိတ်အုပ် | ၂၄ ိ ပိတ်အုပ် |
| ၂၁၀ | ၁၈ | ပညား | ဗညား |
| ၂၁၂ | ၅ | စချိ | စချိ |
| ၂၁၂ | ၁၅ | ပြူရှယ် | ပြူရှအယ် |
| ၂၁၃ | ၂၂ | ဘခဝါ | ဘဝေါ |
| ၂၁၅ | ၁၀ | သံလျင် | သံလျင်း |
| ၂၁၆ | ၈ | အမှမ် | အမှမ်း |
| ၂၁၇ | ၃ | ဂလွင် | ပလွင် |
| ၂၁၈ | ၃ | အနေ့ာက်ဖွဲ့း | အနေ့ာက်ပွဲ |
| ၂၁၈ | ၁၁ | စွဲအဖျား | အဖျား |
| ၂၁၈ | ၂၁ | ဖတိတ်စေ | တိတ်စေ |
| ၂၁၉ | ၆ | ကုလ | ကုသ |
| ၂၂၀ | ၁၀ | လိုဘက် | လိုက်ဘက် |
| ၂၂၂ | ၂ | စာချိ | စချိ |
| ၂၂၂ | ၁၁ | အလျှောက် | အလျှောက် |
| ၂၂၂ | ၁၇ | စာချွန်တော်တို | စာချွန်တော်ကို |
| ၂၂၃ | ၂၄ | စသင် | စသဝ် |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၂၄ | ၉ | ထးတော်မူ | ထားတော်မူ |
| ၂၂၄ | ၁၂ | ကော်မြတ် | တော်မြတ် |
| ၂၂၄ | ၁၃ | စက်ဘုံးအမြောက် | စက်ဘုံးအမြောက် |
| | | သွန်၊လုပ်သော | သွန်းလုပ်သောစက် |
| ၂၂၅ | ၂၆ | သံဆိပ်ဝန် | တံဆိပ်ဝန် |
| ၂၂၈ | ၁၆ | သေမှုတို့ | သေမှုလျှော်မှုတို့ |
| ၂၃၀ | ၆ | ဆက်ဘွင်းရန် | ဆက်သွင်းရန် |
| ၂၃၀ | ၁၃ | မြို့သူကြီးစားထန်းစားမြေ | မြို့သူကြီးစားထန်း၊ စားမြေ |
| ၂၃၅ | ၁၉ | အရှိးရတောင် | အရှိး ၇ တောင် |
| ၂၃၃ | ၂၀ | ထည် | တည် |
| ၂၃၇ | ၂ | တိုဖြင် | တိုဝ်အ |
| ၂၃၉ | ၆ | ရယ်အ | ရှယ်အ |
| ၂၄၀ | ၄ | နောက်ထပ်၍စည်နိ | သည်နောက်ထပ်၍စည်နီ |
| ၂၄၁ | ၄ | အိတ်နိ | အိတ်နီ |
| ၂၄၃ | ၅ | ပြစ်သည် | ဖြစ်သည် |
| ၂၄၃ | ၈ | ငါးထောင် | ငါးတောင် |
| ၂၄၅ | ၅ | ဆော်လုပ် | ဆော်လုင် |
| ၂၄၇ | ၆ | ပုဆိုင် | ပုဆိုဝ် |
| ၂၄၇ | ၈ | သင်ပုတ်ဝတ် အလိုဝ်၌ာ | သင်ပုတ်ဝတ်.... အလိုဝ်ငှါ |
| ၂၅၁ | ၇ | တိတ်တံ | ဘိတ်တံ |

၂၅၁ ကြောင်းရေ ၁၆ ရှိ စာကြောင်းကို ၁၈ အောက်သို့ ရွှေ့ဖတ်ပါ။

| | | | |
|---|---|---|---|
| ၂၅၃ | ၁၂ | ကောခံ၍ | ကောက်ခံ၍ |
| ၂၅၈ | ၅ | ဟုသဘည်း | ဟူသတည်း |
| ၂၆၃ | ၂ | စီရသည်။ | စေရသည် |
| ၂၆၄ | ၁၃ | ချိပင့် | ချိပင့် |
| ၂၇၀ | ၁၂ | လိကွက | လိကွ°က |
| ၂၇၀ | ၁၄ | တရားကြီး | တရားသူကြီး |
| ၂၇၀ | ၂၀ | တားရှိ | တားရှိ |
| ၂၇၀ | ၂၀ | အသျှင် | အသျှင် |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၇၃ | ၅ | ဇဝ်းကွဲ | ဇင်းကွဲ |
| ၂၇၆ | ၁၉ | တောရဏာဟ | တောရဏာဟု |
| ၂၇၇ | ၁၄ | ရသည် | ရှိသည် |
| ၂၇၈ | ၁၀ | သဘောရည်ရွေး | သဘောရည်မွေး။ |
| ၂၇၈ | ၁၇ | နေရာတို့ | နေရာနေတို့ |
| ၂၇၉ | ၁၆ | ဆင်နွယ်တောင် | ဆင်စွယ်ဘောင် |
| ၂၈၂ | ၈ | ရတန့် | ၇ တန့် |
| ၂၈၂ | ၁၂ | ထိပ်ထောင်း | ထိပ်ဆောင်း |
| ၂၈၂ | ၁၈ | စက်မှုလက်ဝဲသကျာ | ဧက်မှာလက်ဝဲလကျာ |
| ၂၈၇ | ၁၉ | ရွှေတံဖိ | ရွှေထံဖိ |
| ၂၉၁ | ၁၁ | သံဃ်ာ | သံဃာ |
| ၂၉၂ | ၁၉ | ခံတာမှု | ခံတော်မှု |
| ၂၉၃ | ၁၀ | သည့် | သည် |
| ၂၉၄ | ၁၉ | ယီးဖြူ | ထီးဖြူ |
| ၂၉၅ | ၁၆ | စေတည် | စေသည် |
| ၂၉၆ | ၁ | တာပးတည်း | တာပါးတည်း |
| ၂၉၆ | ၆ | ထီးဖြူဘော်စောင် | ထီးဖြူတော်စောင့် |
| ၂၉၆ | ၉ | ခံ့ရသည်။ | ခံရသည်။ |
| ၂၉၇ | ၁ | ခေတိ | ခေတ် |
| ၂၉၇ | ၇ | ထူဆင်တော် | ထူးဆင်တော် |
| ၃၀၀ | ၂ | ထောင်းဖွတ်ရသည်။ သို့ဖြစ်၍ | ထောင်းဖွတ်ရသည်။ ဆန်ဖြစ်သည့် အခါ ရွှေနန်းတော် အတွင်း ပွဲတော်ရုံသို့ ခြင့်၍ သွင်းရသည်။ သို့ဖြစ်၍ |
| ၃၀၀ | ၇ | တန်းဖူး | ထန်းဖူး |
| ၃၀၁ | ၁၉ | ဖြစ် ၁၁၀ | ဖြစ်သဝ် |
| ၃၀၁ | ၂၅ | ကမ္ဘကိုကို | ကမ္ဘကို |
| ၃၀၂ | ၄ | နှာခေါင်း | နှာမောင်း |
| ၀၃၂ | ၁၁ | နေရာတို့ | နေရာနေတို့ |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၀၂ | ၁၁ | မှမ်၍ | မှမ်း၍ |
| ၃၀၂ | ၁၃ | ဒူးနေရာတို့ | ဒူးနေရာနေတို့ |
| ၃၀၃ | ၁၀ | အောင် | အောင်း |
| ၃၀၃ | ၁၉ | ဆောင်းသည် | ဆောင်သည် |
| ၃၀၄ | ၂၀ | ကတောင့် | ကတောင် |
| ၃၀၆ | ၄ | အောင် | အောင်း |
| ၃၀၆ | ၂၀ | အသျှင် | အသျှင် |
| ၃၀၆ | ၂၁ | ထပ်ဘွဲ့ | တပ်ဘွဲ့ |
| ၃၀၇ | ၆ | တည်လဲ | တည့်တို့ |
| ၃၀၈ | ၁၈ | နေကို | နေရာကို |
| ၃၀၉ | ၂၁ | ထားဒေးလျှင် | ထားပေးလျှင် |
| ၃၁၀ | ၂၁ | ထားရသူ | ထားရသသူ |
| ၃၁၂ | ၁၄ | ထားစွဲ။တင်ကျည့်.စွဲ။ | ထားစွဲ။လေးစွဲ။တင်ကုည်းစွဲ။ |
| ၃၁၅ | ၄ | သတိုးနဂါးရမင်းထက် | သတိုး ၁၇ ဆက်သတိုး<br>နဂါရ မင်း လက်ထက် |
| ၃၁၇ | ၁၇ | နာဂရဒေဝလှေ | နာဂဒေဝလှေ |
| ၃၁၈ | ၁၆ | တံဆိဝ် | တံဆိပ် |
| ၃၁၈ | ၂၂ | အမျ | အကျ |
| ၃၁၉ | ၂၁ | အသျှင် | အသျှင် |
| ၃၁၉ | ၂၂ | ညောင် | ညောင်း |
| ၃၁၉ | ၂၂ | အနည်း | တနည်း |
| ၃၁၉ | ၂၇ | အသျှင် | အသျှင် |
| ၃၂၁ | ၁၃ | နော်ရထာသည် | နော်ရထာ |
| ၃၂၁ | ၂၁ | ရုံးထွင် | ရုံးတွင် |
| ၃၂၇ | ၁၇ | လွှတ်ထော် | လွှတ်တော် |

၃၂၉ စာကြောင်းရေ ၁၆၊ ၁၇ သည်၊ ယင်းစာမျက်နှာရှိ စာသားအားလုံး၏အောက်ဆုံးတွင် ရှိနေရမည်ဖြစ်ပြီး၊ စာကြောင်းရေ ၂၀၊ ၂၁ ဖြစ်ရမည်။

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၃၀ | ၁၅ | ရာဇသိပ္ပံ | ရာဇသိပ္ပ |
| ၃၃၈ | ၁၅ | ၀။ လကဗဟ | ၁။ လကဗဟ |
| ၃၃၈ | ၁၆ | မောတ်တို | မောက်တို |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၃၈ | ၂၂ | ခြေချည် | ခြေချည်း |
| ၃၃၉ | ၂ | ကျမ်း | ဘျမ်း |
| ၃၃၉ | ၁၁ | လုပ်သည်လေ့ | လုပ်သည့်လေ့ |
| ၃၄၀ | ၅ | ရာညီသုညပန္နာရ | ရာသီသုည၊ပန္နရ |
| ၃၄၁ | ၁ | ဓနွမ္မန်း | ဓနုမ္မန်း |
| ၃၄၁ | ၂ | နေဝင်း | နေဝင် |
| ၃၄၁ | ၄ | လေးချက်တီ | လေးချက်တီး |
| ၃၄၁ | ၁၅ | သွေးသာက် | မသွေးသောက် |
| ၃၄၁ | ၂၃ | ကွက်ဝင် | ဝင်ထွက် |
| ၃၄၂ | ၃ | မျည်းကို | မုည်းတို |
| ၃၄၂ | ၁၂ | မောက်ရှု | မောက်ရှု |
| ၃၄၃ | ၇ | ပိကာတ် | ပိဋ္ဌကတ် |
| ၃၄၃ | ၁၂ | ပိတကက် | ပိဋ္ဌကတ် |
| ၃၄၃ | ၂၆ | ၁၉၂ | ၂၁၉ |
| ၃၄၇ | ၁၁ | သချာအောင်ထား | သချာအောင်ထား။ |
| | ၁၂ | ။ကင်းတော်စောင့်အနေ သချာအောင်ထား။ကင်းတော်အစောင့်အမနေတို့ကိုလည်း | ကင်းတော်အစောင့်အနေတို့ကိုလည်း |
| ၃၄၇ | ၁၃ | အတူးအထွေ | အထူးအထွေ |
| ၃၄၇ | ၁၄ | စစ်ကဲးတို့နှင် | စစ်ကဲးတို့နှင့် |
| ၃၄၇ | ၁၅ | စီရဝ် | စီရင် |
| ၃၄၈ | ၁၁ | ပြဦ | ပြဦး |
| ၃၄၉ | ၁၀ | ကမာဂုဏ် | ကာမဂုဏ် |
| ၃၄၉ | ၁၉ | ထန်းတက် | ထန်းတတက် |
| ၃၄၉ | ၂၁ | ထန်းတက် | ထန်းတတက် |
| ၃၅၀ | ၈ | စပါးခုနှစ်ပါး | စပါးမျိုးခုနှစ်ပါး |
| ၃၅၁ | ၁၄ | ပဋ္ဌရုပဖောင် | ပဋ္ဌရူပဖောင် |
| ၃၅၁ | ၁၅ | ပဋ္ဌရုပ | ပဋ္ဌရူပ |
| ၃၅၁ | ၁၅ | ငါးကြင်၊ | ငါးကြင်း |
| ၃၅၁ | ၁၆ | တိုးမြိုး | တိုးအမြိုး |
| ၃၅၁ | ၁၇ | ရုပ | ရူပ |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၅၂ | ၇ | စေသည်။ | စေသည်။ |
| ၃၅၃ | ၅ | ဖလားပါဝင် | ဖလားသည်ပါဝင် |
| ၃၅၅ | ၄ | ဒွါဒသရုပ | ဒွါဒသရုပ |
| ၃၅၅ | ၅ | ဖြစ်၏။ | ဖြစ်၏။ |
| ၃၅၅ | ၉ | ငင်ရသည်။ | ငင်ရသည်။ |
| ၃၅၅ | ၁၀ | ကရဝိတ်၊မှမ်းမှမ်းညှိတ်ထက်။ | ကရဝိက်၊ မှမ်းမှမ်းညှိတ်ထက်။ |
| ၃၅၅ | ၁၃ | စိုက်လျက်။ | စိုက်လျက်။ |
| ၃၅၅ | ၁၄ | တော်မူ၏။ | တော်မူ၏။ |

၃၅၅ စာကြောင်းရေ ၁၇။ ၁၈ များကို
၁။ ရွှေဘုံနိဒါန်း ခန်း ၉၉—၁၀၃
၂။ မရက ၃။ ငေဝမ်း ငကျော
၃။ ပေါင်းချောင် ပိုဒ် ၃၅
၄။ ကဘဆ ၁။ ၁၂၂
၅။ ကဘဆ ၁။ ၂၁၄ ဟူ၍ဖတ်ပါရန်။

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၅၆ | ၁၉ | ခင်၍ | ခင်း၍ |
| ၃၅၈ | ၁၉ | ဆွေးတော် | ဆွေတော် |
| ၃၅၈ | ၂၄ | ၅၆၉ | ၅၆၇ |
| ၃၆၀ | ၃ | တပ်ပါဗိုလ်ပါ | တပ်ပါဗိုလ် |
| ၃၆၄ | ၂၃ | ဆောက်ထုပ် | ဆောက်လုပ် |
| ၃၆၅ | ၁ | ခေါင်းဆောင် | ခေါင်းဆောင်း |
| ၃၆၅ | ၆ | ရွှေဖျားသိုင်း | ရွှေဖျားရွှေသိုင်း |
| ၃၆၅ | ၇ | ဗညာ | ဗညား |
| ၃၆၅ | ၈ | နှစ်စည် | နှစ်စဉ် |
| ၃၆၅ | ၁၀ | ၂၄၁ | ၂၃၁ |
| ၃၆၇ | ၂၁ | နက်လော | နက်သော |
| ၃၇၀ | ၁၈ | ဗဲဗေါင်း | ဖဲဗေါင်း |
| ၃၇၂ | ၆ | မင်္ဂသာ | မင်္ဂလာ |
| ၃၇၂ | ၁၂ | ဂပါပုဏ္ဏား | ဂ ပါးပုဏ္ဏား |
| ၃၈၅ | ၄ | မြင်သော | မြင်သော |

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၈၅ | ၁၆ | ကန့်ချင်။ | ကန့်ချင်။ |
| ၃၈၅ | ၁၇ | မာရဘင်ဠ်။ | မာရဘင်ဠ်။ |
| ၃၈၉ | ၆ | ဖောင်းနှင့် | ဖေါင်နှင့် |
| ၃၉၀ | ၁ | ခေါ်ကြီး | ခေါင်ကြီး |
| ၃၉၃ | ၁၀ | က<br>အ ကူ | ကံ<br>အကူ |
| ၃၉၃ | ၁၀ | စသပ် | စသဝ် |
| ၃၉၄ | ၁၁ | လေမြာလှံ | လေမြာလှံခ |
| ၄၀၀ | ၄ | ဇေ ၂ | ဇေ၂ |
| ၄၀၃ | ၅ | စတ်ဝတ် | စစ်ဝတ် |
| ၄၀၄ | ၆ | နတ်ရွေးရန်နိုင် | နတ်ရှင့်ရန်နိုင် |
| ၄၀၈ | ၂ | ဝတ်မြေနည်း | ဝတ်မြေမှာ ဝတ်မြေနည်း |
| ၄၀၉ | ၁၅ | အတွင်းရွှေ | အတွင်းရွှေ |
| ၄၀၉ | ၂၂ | အဖွိန်တော် | အမိန့်တော် |
| ၄၁၁ | ၁၃ | စန်း ၁၄ | ခန်း ၁၄ |
| ၄၁၂ | ၁ | မြင်းစိ | မြင်းစီး |
| ၄၁၂ | ၁၄ | ကျွေ့ာ | ကျွောင် |
| ၄၁၂ | ၁၅ | ငိုရှယ် | ငိရှယ် |
| ၄၁၂ | ၁၆ | ၇ ရက် | ရျက် |
| ၄၁၅ | ၁၃ | ထုံရှာ | တုံရှာ |

၄၁၈ စာမျက်နှာ ဂဏန်းနေရာမှ ၄၁၈ သည် ၄၀၈ ဖြစ်နေသည်။

| | | | |
|---|---|---|---|
| ၄၁၈ | ၁၇ | ရာဇပရိက္ခရေဇိ | ရာဇပရိက္ခရာ |
| ၄၂၁ | ၂၁ | ၇ဖြး | ရဖြး |
| ၄၂၂ | ၁၄ | မရ ဖြစ်သည် | မရေဖြစ်သည် |
| ၄၃၀ | ၁၃ | ဓမ္မရာဇာဓိရာဇာဓိ | ဓမ္မရာဇာဓိ |
| ၄၃၀ | ၁၄ | ရဲဆူ | ရဲဆု |
| ၄၃၂ | ၁၂ | ကျွန်တော်မျို | ကျွန်တော်မျိုး |
| ၄၃၃ | ၁၃ | စားနှစ်ထောင် | စပးနှစ်ထောင် |
| ၄၃၃ | ၁၇ | အုန်းတွဲးတန်ဘိုး | အုန်းတွဲးတတွဲဘန်ဘိုး |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၃၄ | ၆ | လဖက်ရည် | လက်ဖက်ရည် |
| ၄၃၄ | ၉ | ရွှေပန်းဒိန် | ရွှေပန်းဒန် |
| ၄၃၄ | ၁၄ | အမရပူရ မြို့တည် နန်းတည် ပင်းတရားကြီးလက်ထက်တော်ကစ၍ | အမရပူရ မြို့တည် နန်းတည် မင်းတရားကြီးဘုရား၏မြေးတော်။ ရတနာပူရ စတုတ္ထ မြို့တည် နန်းတည် မင်းတရားကြီးဘုရား လက်ထက်တော်ကစ၍။ |
| ၄၃၅ | ၂၅ | လကဗဟ ၂၄၈ | လကဗဟ ၂၄၈ |
| ၄၃၆ | ၃ | ငဝဲကိုစ် | ငဝဲကိုဝ် |
| ၄၃၈ | ၆ | ဝါဘိုး | ဝါးဘိုး |
| ၄၃၈ | ၁၂ | တက္က | အက္က |
| ၄၃၈ | ၁၃ | သင်္ဂြိုင်ကြီ | သင်္ဂြိုဝ်ကြီ |
| ၄၃၈ | ၁၃ | သင်္ဂြိုဟ်ငယ် | သင်္ဂြိုဝ်ငယ် |
| ၄၃၈ | ၁၇ | မဟာဒါန်ဝန်စာရေး | မဟာဒါန်မဟာဒါန်ဝန်စာရေး |
| ၄၃၉ | ၁၀ | စနေသာဂါနိုတိ | စနေယာဂါနိုတိ |
| ၄၃၉ | ၁၄ | ရောင်းစား၍ | ရောင်းစားခင်၍ |
| ၄၃၉ | ၂၀ | အဘိုးနည်းနှင့်ဝယ် သူအရပ်အဆင်းမဖျက်၊အဘိုးနည်းနှင့်ဝယ်သူ အရပ်အဆင်းဖျက်ချေသောကြောင့်တည်း | အဘိုးနည်းနှင့်ဝယ်သူ အရပ် အဆင်း ဖျက် ချေ သော ကြောင့်တည်း။ ။ |
| ၄၄၀ | ၁ | ဒအကြင့်သူ | အကြင်သူ |
| ၄၄၀ | ၁၀ | မယူ | မဟူ |
| ၄၄၂ | ၂၃ | နှင့်ကေသရာ | နှင်းကေသရာ |
| ၄၄၄ | ၁၅ | ဂွိဝမ်း | ဂိဝမ်း |
| ၄၄၅ | ၂၂ | တင်ရွှာသော | တင်တယ်ရွှာသော |
| ၄၄၅ | ၂၃ | များစွာသော | များစွာသာ |
| ၄၄၅ | ၂၄ | ကျည်စူတမူ | ကျည်စူတ်တမူ |
| ၄၄၆ | ၈ | မြင်းခင် | မြင်းခင်း |
| ၄၄၆ | ၂၇ | မနုကျယ် ၄၇ | မနုကျယ် ၄၆ |
| ၄၄၈ | ၂၂ | ဒေဝိအဇတာင်မိဖုရာ | ဒေဝီတောင်မိဖုရား |

BURMESE CLASSIC .com

www.burmeseclassic.com